
ſcoſ



ꯑꯣꯏꯅꯥ ꯑꯃꯁꯨꯡ ꯑꯩꯈꯣꯌꯒꯤ ꯀꯧꯔꯀ꯭ꯔꯤ

မြန်မာ

စွယ်စုံကျမ်းနှစ်ချုပ်

(၂၀၁၂)

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၁၂ ခုနှစ်၊ အုပ်ရေ ၃၅၀၀



အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်.အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့

၀	ဒေါက်တာသော်ကောင်း	အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ
၂	ဒေါက်တာကျော်စိန်	ပညာရေးဝန်ကြီး (ငြိမ်း)၊ ပညာရေးဝန်ကြီးဌာန အဖွဲ့ဝင်
၃	ဒေါက်တာမျိုးသန့်တင်	ဥက္ကဋ္ဌ၊ ခတ္တိယနည်းပညာ မြန်မာ့ရေးလုပ်ငန်း အဖွဲ့ဝင်
၄	ဒေါက်တာခင်အေး(မောင်ခင်မင်-ဧရုဖြူ)	အဖွဲ့.ဝင်၊ မြန်မာစာအဖွဲ့. အဖွဲ့ဝင်
၅	ဒေါ်တင်ဘုန်းနွယ်	စာကြည့်တိုက်မှူးကြီး (ငြိမ်း)၊ တတ္တသိုလ်များဗဟိုစာကြည့်တိုက် အဖွဲ့ဝင်
၆	ဦးမြင့်ကြိုင်	ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမိုင်းသုတေသနဦးစီးဌာန အဖွဲ့ဝင်
၇	ဒေါက်တာတိုးလှ	ဒုတိယဥက္ကဋ္ဌ (၂) မြန်မာသမိုင်းအဖွဲ့. အဖွဲ့ဝင်
၈	ဒေါက်တာခင်မောင်ညွန့်	အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင်
၉	ဦးထွန်းအောင်ချိုန်	ပါမောက္ခ (ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် အဖွဲ့ဝင်
၁၀	ဦးတင်ခ (တတ္တသိုလ်တင်ခ)	ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အဖွဲ့ဝင်
၁၁	ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ မြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဖွဲ့ဝင်
၁၂	ဦးဘသန်း (မဟာဝိဇ္ဇာ)	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဝန်ထမ်းရေးရာဦးစီးဌာန အဖွဲ့ဝင်
၁၃	ဒေါ်ကြွန် (မကြွန်)	အဖွဲ့.ဝင်၊ မြန်မာစာအဖွဲ့. အဖွဲ့ဝင်
၁၄	ဒေါက်တာထွန်းတင့်	အဖွဲ့.ဝင်၊ မြန်မာစာအဖွဲ့. အဖွဲ့ဝင်
၁၅	ဦးမော့လှိုင် (မောင်ဆွေဝယ်)	စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန် အဖွဲ့ဝင်
၁၆	ဦးခင်စိုး (စိုးစိုး-ပန်းတောင်း)	စာတည်းမှူး (ငြိမ်း)၊ စာပေဗိမာန် အဖွဲ့ဝင်
၁၇	ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)	စာတည်းမှူးချုပ်၊ စာပေဗိမာန် အတွင်းရေးမှူး
၁၈	ဦးစိုးမြင့်သန်း (နွေသင်္ဘောငှက်)	စာတည်း(တာဝန်ခံ) တွဲဖက်အတွင်းရေးမှူး

စာပေဗိမာန်၊ စာတည်းဌာန

စာတည်းမှူးချုပ် ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ စာတည်းအဖွဲ့.

စာတည်း (တာဝန်ခံ)	ဦးစိုးမြင့်သန်း (နွေသင်္ဘောငှက်)
စာတည်း	ဒေါ်မျိုးမျိုးကြည်
စာပေလက်ထောက်	ဒေါ်သန်းသန်းစီ၊ ဒေါ်သင်းသွဲ့ဦး၊ ဦးကျော်သူဝိုး

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ကွန်ပျူတာဌာန

ပုံနှိပ်ကျမ်းကျင်-၁	ဦးစန်းဌေး
ပုံနှိပ်ကျမ်းကျင်-၃	ဒေါ်သွဲ့.သွဲ့.စန်း၊ ဒေါ်ဝင်းပပသုဇာ
ပုံနှိပ်ကျမ်းကျင်-၄	ဒေါ်စန်းစန်းဌေး

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂)

မာတိကာ

ဤကျမ်းကို မရွှစားဖီ

အပိုင်း (၁)

၂၀၁၁ ခုနှစ် ဖြစ်ရပ်များ ၁

လွတ်တော်အစည်းအဝေးများနှင့် နိုင်ငံတော်သစ်ဖွဲ့စည်းခြင်း ၄၉

အပိုင်း (၂)

၁ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဒေါက်တာအေးမြင့် ၁၂၁

၂ စာဆိုရာဘင်ဖြာနတ်တဂိုး၊
မြန်မာနိုင်ငံနှင့်မြန်မာစာပေ ဒေါက်တာသော်ကောင်း ၁၃၃

၃ မြန်မာနိုင်ငံ သန်းခေါင်စာရင်းသမိုင်း ဦးအောင်မြင့်သိန်း ၁၄၇

၄ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး
ကော်မရှင် ဦးညွန့်ဆွေ ၁၅၇

၅ ရွှေရတုအကြိုဆေးသုတေသန ဒေါက်တာမျိုးခင် (ဆေးသု) ၁၆၉

၆ သမိုင်းထဲက ကယန်း ဦးကျော်သန်း (ဖယ်ခုံ) ၁၇၇

၇ အထူးစီးပွားရေးဇုန် အောင်ချိန်ဘွား ၁၈၇

၈ အာဆီယံပဋိညာဉ်စာတမ်း ဒေါက်တာခင်မောင်ညွန့် ၁၉၇

အပိုင်း (၃)

၂၀၁၁ ခုနှစ်အကြောင်းရပ်များ (အကွဲရာစဉ်) ၂၀၇

အကွဲရာစဉ်အညွှန်း ၄၅၆

ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီးမြန်မာ့စွယ်စုံကျမ်းအတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၁) ပါ အကြောင်းအရာများနှင့်ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း ပါဝင်ပါသည်။

ဤကျမ်းသည် ၂၀၁၁ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၂၀၁၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၃) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်တော်ပြမည်ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးသုံးပိုင်းခွဲခြားရှင်း တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၁၁ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်းရှင်း နှံ့စဉ်မှတ်တမ်းအဖြစ် တော်ပြထားပါသည်။ ထို့အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများနှင့်ပတ်သက်၍ ဇယားများ၊ ရက်စဉ်အကြောင်းရပ်များဖြင့် တော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ စာဆိုရာဘင်ဖြာနတ်တကိုး၊ မြန်မာနိုင်ငံနှင့် မြန်မာစာပေ၊ အထူးစီးပွားရေးဇုန်၊ အာဆီယံပဋိညာဉ်စာတမ်း အပါအဝင်နှစ်ချုပ်အထူးဆောင်းပါး စုစုပေါင်း ရှစ်ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်းတွင် တော်ပြထားသောဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ တတိယပိုင်းတွင် တော်ပြထားသော အကြောင်းရပ်များသည် ၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာ အကြောင်းများဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း တော်ပြထားပါသည်။ နှစ်ချုပ်ပါ အကြောင်းရပ်များကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းတော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို တော်ပြခြင်းနှင့် စပ်လျဉ်း၍ ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ပါဝင်ရေးသားပေးသော စာရေးဆရာပညာရှင်များ အကြောင်းကိုလည်းကောင်း နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာတစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းတော်ပြထားပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင် ၂၀၁၁ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်းတော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၁၀) နှင့် စာမျက်နှာအမှတ်ကို တော်ပြ၍ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၁၁ ခုနှစ်ပါအကြောင်းရပ်များ၊ ဆောင်းပါးများကိုညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို တော်ပြ၍ညွှန်းထားပါသည်။



ဖြည်စထာင်စုစည်သူသဂီဟာတွဲ.ဗျား

အဂ္ဂမဟာသရေစည်သူတွဲ.၏ အဆောင်အယောင်တံဆိပ်နှင့်
ဖက်ြုးနှုန်းပုံ



အဂ္ဂမဟာသီရိသုဓမ္မတွဲ.တံဆိပ်



သတိုးမဟာသရေစည်သူတွဲ.တံဆိပ်



မဟာသရေစည်သူတွဲ.တံဆိပ်



သတိုးသီရိသုဓမ္မတွဲ.တံဆိပ်



သရေစည်သူတွဲ.တံဆိပ်



စည်သူတွဲ.တံဆိပ်



မဟာသီရိသုဓမ္မတွဲ.တံဆိပ်



စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

ဩဇာဆန်းတံဆိပ်



သီဟဓလတံဆိပ်



သူရဲကောင်းမွတ်တမ်းဝင်တံဆိပ်



မြန်မာနိုင်ငံစစ်မှုထမ်းသင်္ကာတံဆိပ်



စစ်မှုထမ်းကောင်းတံဆိပ်



ပြည်သူ့သားကောင်းတံဆိပ်



နိုင်ငံတော်စစ်မှုထမ်းတံဆိပ်



ပြည်ပရန်နိမ့်တံဆိပ်



ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်



စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

ရဲသီဟတံဆိပ်



ရဲသူရတံဆိပ်



ရဲစလတံဆိပ်



ရဲသူရိန်တံဆိပ်



ရဲကျော်စွာတံဆိပ်



ရဲကျော်သူတံဆိပ်



ရဲမွေထမ်းကောင်းတံဆိပ်



နိုင်ငံတော်ရဲမွေထမ်းတံဆိပ်



မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ်



ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်



ပြည်သူ့ဝန်ထမ်းတံဆိပ်



ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်



နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်



နေပြည်တော်၊ တောင်ညို၊ မြို့သစ်၊ ကန်ပြား (မကွေး) ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်း ပင်မတာမံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်





သီပေါတံတား



မမြစ်ချောင်းတံတား




ကချင်ပြည်နယ်ရှိ
မြစ်ဆုံဒေသ

အပိုင်း

(၁)

၂၀၁၀ သည် ကမ္ဘာ့သမိုင်းစာမျက်နှာများစွာကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အသစ်ရေးထိုးရာနှစ်ဟု ဆိုရပေမည်။ မြန်မာနိုင်ငံ၌ ၁၉၇၉ ခုနှစ်မှစ၍ အုပ်ချုပ်ခဲ့သော တပ်မတော်အစိုးရက ရွေးကောက်ပွဲနှင့်တက်လာသောအရပ်သားအစိုးရထံသို့ နိုင်ငံရေးအာဏာလက်ဆင့်ကမ်းကာအထည်ဖော်ရမည့်ကတ္တရာအဝတ်ကို တာဝန်လွှဲပြောင်းပေးအပ်ခဲ့သည်။ အကျဉ်းသား အချို့အား လွတ်ငြိမ်းချမ်းသာခွင့်များပေးခဲ့သည်။ နိုင်ငံတော်အတွက် ရည်ရွယ်ချက်တူသော်လည်း သဘောထားမတူသူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံနိုင်ရေးအတွက် အခွင့်အလမ်းများကို ဖွင့်လှစ်ပေးခဲ့သည်။ ထိုသို့သော ပွင့်လင်းမြင်သာသည့် အကောင်အထည်ဖော်ဆောင်မှုများကြောင့် ယခင်ကစီးပွားရေးပိတ်ဆို့ အရေးယူမှုပြုခဲ့ကြသည့် အင်အားကြီးနိုင်ငံကြီးများက မြန်မာနိုင်ငံအတွင်း ပြန်လည် ဝင်ရောက်ကမ်းလှမ်းမှုများပြုလာကြသည်။ လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေး အတွက် သဘောတူညီချက်များရရှိရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ နိုင်ငံတကာရေးရာများ တွင် အယ်လ်ခိုင်ဒါခေါင်းဆောင်ဟု သတ်မှတ်ထားသည့် အိုစမာဘင်လာဒင်မှာ ကာလများစွာ ရှောင်ပုန်းနေနိုင်ခဲ့ရာမှ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ဖမ်းဆီးမှုကြောင့် သေဆုံးခဲ့ရ သည်။ ဆယ်စုနှစ်များစွာ နိုင်ငံ၏အချုပ်အခြာအာဏာကို ရယူပိုင်ဆိုင်ထားသည့် လစ်ဗျာ ခေါင်းဆောင် ကဒါဖီ၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီကဲ့သို့သော ပုဂ္ဂိုလ်တချို့ ကွယ်လွန်သူထင်ရှား စာမျက်နှာပေါ်ရောက်ရှိခဲ့ကြသည်။ အာရပ်ကမ္ဘာတွင်လည်း ပုန်ကန် ထကြွမှုများကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသကဲ့သို့ အာဏာရှင် နိုင်ငံရေးစနစ်များ ပျက်စီးခဲ့ရသည်။ မကြုံစဖူးထူးကဲလှစွာသော သဘာဝဘေးအွန္တရာယ်များသည်လည်း ၂၀၁၀ ခုနှစ်၏ ဖြစ်ရပ်များတွင် ဝင်ရောက်နေရာယူခဲ့ကြသည်။ ထိုသို့သော အကြောင်းအရာတို့သည် အနာဂတ်အတွက် နမူနာ၊ သင်ခန်းစာရယူနိုင်မည့် ခေတ်သမိုင်းများဖြစ်ရာ ရည်ညွှန်း ကိုးကားမှုပြုရာတွင် အထောက်အပံ့ပြုနိုင်ရေးအတွက် ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် အပိုင်း (၁) တွင် လစဉ်ဖြစ်ရပ်များအဖြစ် ရက်စွဲအလိုက် မှတ်တမ်းပြု ဖော်ပြအပ်ပါသည်။














မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များ (၂၀၁၁)





ဇန်နဝါရီလ

၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး (၁) မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်ဇေယျာသီရိမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို နေပြည်တော်ရှိမြို့တော်ခန်းမ၌ကျင်းပသည်။

၅ အမေရိကန်အထက်လွှတ်တော်အမျိုးသမီးအမတ်တစ်ဦးဖြစ်သူ ဂါဘရီလီဂစ်ဖို့ဒ်သည် အရှိန်းနားပြည်နယ် တူဆန်မြို့၌ ပြည်သူများနှင့် တွေ့ဆုံပွဲတစ်ရပ် ပြုလုပ်စဉ် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားကြောင်း အရှိန်းနားပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

၁၁ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧရာဝတီတိုင်း ဒေသကြီးရှိ အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်) ဖွင့်ပွဲအခမ်းအနားနှင့် ပုသိမ်- မုံရွာ ကတ္တရာလမ်းမကြီး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) အက်စ်အက်စ်အေ-အက်စ် (ဝမ်သိန်း) အဖွဲ့မှ လက်နက်နှင့်ငြိမ်းချမ်းရေးလေ့လာဖယ်ဝင်ရောက်ခြင်း အခမ်းအနားကို လွိုင်လင်မြို့အားကစားကွင်း၌ ကျင်းပသည်။

အာဖဂန်နစ္စတန်ပြန်လည်တည်ဆောက်ရေးဆိုင်ရာ အမေရိကန်အထူးစစ်ဆေးရေးမှူးချုပ် အာနိုးဖီးစ်သည် ရာထူးမှနုတ်ထွက်သွားကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်က ကြေညာသည်။

၁၂ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အာဆီယံအင်ဂျင်နီယာဆိုင်ရာဘွဲ့တံဆိပ်များပေးအပ်ပွဲ၊ နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Function Hall ၌ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

၁၄ ဆိုမာလီဝန်ကြီးချုပ် မိုဟာမက်အဗ္ဒဒူလာမိုဟာမက်က ဆိုမာလီနိုင်ငံ၌ မိုးခေါင်ရေရှားမှုကြောင့် ရိက္ခာပြတ်လတ်မှုနှင့် ကြုံနေရသော ပြည်သူ ၂ ဒသမ ၅ သန်းနီးပါး အတွက် နိုင်ငံတကာမှ အရေးပေါ်အကူအညီများပေးရန် မေတ္တာရပ်ခံသည်။

၁၇ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်တို့က B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်နှင့်သဘာဝစွမ်းအင်လိုင်းကုမ္ပဏီလီမိတက်နှင့် B.O.T စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ အမှတ် (၁) လျှပ်စစ်ဝန်ကြီးဌာနရဲရွာခန်းမ၌ ကျင်းပသည်။

၁၈ တရုတ်သမ္မတဟူကျင်ထောင်းသည်နိုင်ငံတော်ခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ရောက်ရှိပြီး ထိုနေ့ညတွင် အိမ်ဖြူတော်သို့သွားရောက်၍ သမ္မတဘားရက်အိုဘားမားနှင့်အတူ ညစာသုံးဆောင်သည်။

၁၉ ကိုလံဘီယာနိုင်ငံ ဘူကာရာမန်ဂါမြို့တွင် ဆေးခြောက်နှင့်ကိုကင်းများကို ကျောဘက်တွင် သိုဝှက်ချည်နှောင်၍ အကျဉ်းထောင်အတွင်းသို့ သယ်ဆောင်လာသောခိုင္ပက်တစ်ကောင်ကို ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။



တရုတ်သမ္မတဟူကျင်ထောင်းနှင့် အမေရိကန်သမ္မတအိုဘားမားတို့ အိမ်ဖြူတော်၌ တွေ့ဆုံစဉ်

၂၁ အမေရိကန်နိုင်ငံက သတင်းဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သည့် အကြီးဆုံးဒုံးပျံ ဒဲလ်တာ-၄ ဟဲဗီးကို ကယ်လီဖိုးနီးယားပြည်နယ် ဗန်ဒင်ဘတ်လေတပ်စခန်းမှ လွှတ်တင်သည်။

၂၂ မြန်မာနိုင်ငံက ဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့်အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

၂၃ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ဘည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။


၂၄ အီရန်နိုင်ငံက နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးပမ်းနေသည်ဟု အမေရိကန်ဦးဆောင်ပြီး စွပ်စွဲနေခြင်းမှာ အခြေအမြစ်မရှိကြောင်း ရုရှားသမ္မတဒီမီထရီ မက်ဗီဒက်က ဆွစ်ဇာလန်နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တွေ့ဆုံစဉ်

၂၅ ရုရှားကုန်တင် အာကာသယာဉ် ပရိဂရက် အမ်-၀၃ အမ်ကို နိုင်ငံတကာအာကာသယာဉ် (ISS) သို့ ချိတ်ဆက်ရန်လွှတ်တင်လိုက်ကြောင်း ရုရှားအာကာသ ထိန်းချုပ်ရေးစခန်းက ကြေညာသည်။

တောင်ပေါ်အပန်းဖြေစခန်း ဒေဗို့စ်၌ ကျင်းပသည့် (၄၁) ကြိမ်မြောက် ကမ္ဘာ့ စီးပွားရေးဖိုရမ် အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ex IM Bank of China တို့အကြား ချေးငွေစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်မြတ် တော်ဝင်ဟု တယ်၌ ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ် (၈/၂၀၁၁)ဖြင့် မြန်မာအထူးစီးပွားရေး ဇုန်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းသည်။



တာပိန် (၁) ရေအားလျှပ်စစ်စက်ရုံ

အီရန်နိုင်ငံ၏ ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို ဧပြီလဆန်းတွင် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ (AEOI) အကြီးအကဲ အလီအဂ္ဂဘာက ထုတ်ဖော်ပြောဆိုသည်။

၃၁ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအသီးသီးတွင် စတင်ကျင်းပသည်။

ပေဖော်ဝါရီလ

၄ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်မှုသည် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့်မြန်မာနိုင်ငံအတွက် အရေးပါသော အခွင့်အလမ်းတစ်ရပ်ကို ရရှိလိုက်ခြင်းဖြစ်သည်ဟု ကြိုဆိုဂုဏ်ပြုပြောကြားခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဖာဟန်ဟတ်က သတင်းထုတ်ပြန်သည်။

၅ ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်ရှိ ဒေါင်းနေချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက် ဖွင့်လှစ်သည်။

၁၀ ဆန္ဒပြကန့်ကွက်ပွဲများ (၁၇) ရက်မြောက်ဆက်လက်ဖြစ်ပွားနေသော အီဂျစ်နိုင်ငံတွင် သမ္မတမူဘာရက်က မိန့်ခွန်းပြောကြားရာ၌ ၎င်းသည် သမ္မတသက်တမ်းကုန်ဆုံးမည့်စက်တင်ဘာလအထိ နုတ်ထွက်မည်မဟုတ်ကြောင်း ထည့်သွင်းပြောကြားသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၁၁ ခုနှစ် (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ ကို နေပြည်တော်ရှိ မြို့တော်ခန်းမရင်ပြင်၌ကျင်းပသည်။

၁၄ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် SIPC Myanmar Petroleum Co.,Ltd. ၏ ကုန်းတွင်းပိုင်းလုပ်ကွက် အမှတ် Block-D (မဟူတောင်ဒေသ) ၌ ရှာဖွေတွေ့ရှိပြီးဖြစ်သော မုံရွာခရိုင် ပုလဲမြို့နယ် ကျောကျေးရွာ၏ အရှေ့ဘက် ၁၀ မိုင်အကွာရှိ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၂ ဒသမ ၁ သန်း ထုတ်လုပ်နိုင်သည့် သင်ဂဲ့း အစမ်းတွင်း အမှတ် (၁) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးခင်အောင်မြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် နေပြည်တော် ခုတင်(၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော လွတ်တော်ကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှုအားပေးသည်။



ရာထူးမှ နုတ်ထွက်ပေးရန် ပြည်သူကတောင်းဆိုခြင်းခံရသော အီဂျစ်သမ္မတ ဟူစနီမူဘာရက်

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် ရွှေဘိုခရိုင် ကန့်ဘလူမြို့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး အေးမြစိုးဖောင်ဒေးရှင်းမှ လှူဒါန်းသော လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆေးရုံအတွင်းရှိ မျက်စိခွဲစိတ်ခန်းအတွင်း ပါမောက္ခများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၏ အဖွဲ့အလိုက်ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

၁၉ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း



ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် စနီးတို့က မဟာရွှေစည်ကြီးစေတီတော်ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်

နှင့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စာချုပ်အရ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-1 နှင့် A-3 တို့ တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဒေါ်အင်တာနေရှင်နယ်ကော်ပိုရေးရှင်းသည် ၂၀၁၃ ခုနှစ်တွင် ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေများ စတင်ထုတ်လုပ်သွားမည်ဖြစ်ရာ စီမံကိန်း၏ပထမအဆင့် ဖွံ့ဖြိုးရေးတွင်းဖြစ်သည့် မြ(မြောက်) ဖွံ့ဖြိုးရေးတွင်းအမှတ်(ဘီ) စတင်တူးဖော်ခြင်းအခမ်းအနားကျင်းပသည့် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-3 ရှိ တွင်းတူးစက် Hakuryu-5 သို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသိန့်နှင့် ဒေါ်ဥးကုမွဏီမှ တာဝန်ရှိသူများတက်ရောက်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ဧကာဒသမ အကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပသည့် မဟာရွှေစည်ကြီး စေတီတော်သို့ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့တက်ရောက်ကြည်ညိုကြပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၂၂ နယူးဇီလန်နိုင်ငံ၊ ခရိုင်စ်ချတ်ချ်မြို့၏ အရှေ့တောင်ဘက် ၆ဒသမ ၂မိုင်အကွာ၊ မြေအောက် အနက် ၂ မိုင်ခွဲခန့်ကို ဇဟိုပြု၍ဒေသစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ်တွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိအင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ရာ ငလျင်လှုပ်ပြီးချိန်တွင် သေဆုံးသူ ၆၅ ဦးကျော်ရှိသည်။

၂၃ နယူးဇီလန်နိုင်ငံ ခရိုင်စ်ချတ်ချ်မြို့တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်သေဆုံးသူ ၁၁၃ ဦး၊ ပျောက်ဆုံးနေသူ ၂၂၈ ဦးနှင့်ဒဏ်ရာရသူ ၂၅၀၀ ရှိကြောင်း ဆင်ဟွာသတင်းဌာနမှကြေညာသည်။

၂၆ အယ်လ်ခိုင်ဒါအဖွဲ့၏ စစ်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ အယ်နာဆာလီဒင်အလာအဘူဆလေမန်သည် အီရတ်လုံခြုံရေးတပ်ဖွဲ့ကတိုက်ခိုက်သဖြင့် သေဆုံးသွားကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့ကကြေညာသည်။

မတ်လ

၃ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်–ကွမ်ကျိုးခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

၄ ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းရှိ ကာလိုတိုမြို့ ဘဏ်ကို ရဟတ်ယာဉ်တစ်စင်းဖြင့် စီးနင်းတိုက်ခိုက်မှုဖြစ်ပွားရာ ဘဏ်လုံခြုံရေးရဲအရာရှိ လေးဦးနှင့် အရပ်သားနှစ်ဦးသေဆုံးခဲ့ပြီး နိုင်ငံ၏အကြီးဆုံးအကြမ်းဖက် သမားအုပ်စုဖြစ်သည့်

(FARCS) ၏ လက်ချက်ဟုယူဆရကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ အော်စကာ နာရန်ဂျိုကပြောကြားသည်။

၅ ၂၀၀၉ ခုနှစ်အတွက် ပုဂ္ဂလိက 'ထွန်းဖောင်ဒေးရှင်းစာပေဆု' ဆုရရှိသူများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာသည်။

ပါကစ္စတန်နိုင်ငံ ကရာချီမြို့တောင်ပိုင်း ရဲတပ်ဖွဲ့လေ့ကျင့်ရေးဌာနသို့ ဆိုင်ကယ်စီးသေနတ်သမားများ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်ငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း၊ မည်သည့်အဖွဲ့အစည်း၏ တိုက်ခိုက်မှုဖြစ်သည်ကို မသိရသေးကြောင်း သတင်းထုတ်ပြန်သည်။

၆ နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆဲ့ ပြည်သူ့ဆေးရုံဖွင့်ပွဲအခမ်းအနားကို ဆေးရုံဥပစာဌ်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ သီပေါတံတား သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ချီးမြှင့်အမှာစကား ပြောကြားပြီး ကမ္ဘည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် သီပေါမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သီပေါမြို့ခုတင် (၁၀၀) ဆဲ့ ပြည်သူ့ဆေးရုံသို့လည်း ကောင်း၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့မတစ်ဆင့် ဘော်ကြိုကျေးရွာရှိ သမိုင်းဝင်ဘော်ကြိုမုဋ္ဌောစေတီတော်သို့ရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်ဖူးမြော်ကြည်ညိုပြီး စေတီ တော်ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံ ထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အတွင်းရေးမှူး (၁) နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း ခွဲသို့ ရောက်ရှိ စစ်ဆေးကာ ကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

၈ Junction Centre Nay Pyi Taw တိုးချဲ့ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနားကို တိုးချဲ့ဆောင်မျက်နှာစာတွင် ကျင်းပသည်။

၉ နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ဆေးရုံ အမှတ်(၂) ဖွင့်ပွဲအခမ်းအနားကို ဆေးရုံဥပစာဌ်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး တက်ရောက်ကာ ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တာလီဘန်တို့အား နှစ်ချီ၍ ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဒက်ဒီဇိုင်ဒေသရှိ ရွာငယ်တစ်ရွာ၏ နာရေးတစ်ခုဌအသေခံဗုံး ပေါက်ကွဲမှုဖြစ်ပွားရာ ၃၆ ဦး သေဆုံးပြီး ၄၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲအရာရှိများ



သီပေါတံတား

က ပြောကြား၊သည်။

၁၀ (၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် မဏိရတနာကျောက်စိမ်းခန်းမ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အနီးမဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်သည်။

၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာအိုတိုခန်ထံသို့ ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့ တိုဟိုခုဒေသနှင့် ဂျပန်အရှေ့မြောက်ပိုင်းတို့၌ ငလျင်နှင့် ဆူနာမီလှိုင်းတို့ကြောင့် အသက် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။


ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူလူပြည်နယ် ဂျိုလိုမြို့ စာသင်ကျောင်းတစ်ကျောင်း၏ အပြင်ဘက်တွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ လူငါးဦး သေဆုံးခဲ့ပြီး အဆိုပါတိုက်ခိုက်မှုမှာ အစွန်းရောက်အဖွဲ့အစည်းတစ်ခု၏ လက်ချက်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့၏ အကြမ်းဖက်သမားများကို စစ်ဆင်ရေးဆင်နွှဲနေမှုအား ဦးတည်ချက်ပြောင်းလဲသွားစေရန် ရည်ရွယ်ခြင်း ဖြစ်ကြောင်း အစိုးရတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြား၊သည်။

၁၂-၁၅ အင်အားပြင်း ငလျင်နှင့် ဆူနာမီဒဏ်ခံခဲ့ရသည့် ဂျပန်နိုင်ငံဖုကူရှီးမားဒိုင်အိုချီ၏ကလီးယားစက်ရုံရှိ အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃) နှင့်အမှတ် (၄) ဓာတ်ပေါင်းဖိုတို့ ပေါက်ကွဲမှုဖြစ်ပွားရာမှ ထွက်ပေါ်လာသော ဓာတ်ငွေ့ယိုစိမ့်မှုများ ဟန့်တားရန်နှင့် ဓာတ်ရောင်ခြည်ဖြာထွက်မှုထိန်းချုပ်ရန် ဂျပန်စစ်ဘက်မှရဟတ်ယာဉ်များကို အသုံးပြုပြီး ဝေဟင်မှရေဖျန်းချမှုဆောင်ရွက်လျက်ရှိကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။


၁၃-၁၅ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးကို ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပခဲ့ပြီး တတိယနေ့တွင် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသည်။

၁၃ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် နေပြည်တော်-တောင်ညိုလမ်းပိုင်း၏ ပန်းတင်လမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်ချီးမြှင့်၍ ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် General Political Department မှ Deputy Director, Lieutenant General Jia Tingan ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ်ဗိုလ်ချုပ်ခင်ဇော်ဦး နှင့် တပ်မတော် အရာရှိကြီးများအား နေပြည်တော်ရှိ ဘုရင့်နောင်



ဆူနာမီငလျင်ဒဏ်ခံဂျပန်နိုင်ငံတစ်နေရာ



နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး) ကတ္ထရာလမ်းသစ်ဖွင့်ပွဲ

ရိပ်သာ ဧည့်ခန်းမ၌လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ကာကွယ်ရေးဝန်ကြီးဌာန ဒေယျာသီရိဗိမာန် ဧည့်ခန်းမ၌လည်းကောင်း သီးခြားစီလာရောက် တွေ့ဆုံသည်။

၁၄ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် KNU(ဢောလားဘွယ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အဖွဲ့ဝင်အချို့သည် လက်နက်ခဲယမ်း မီးကျောက်များနှင့်အတူလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြကြောင်း ပြည်တွင်းမီဒီယာများက ရေးသားဖော်ပြသည်။

၁၆ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန်သည် ကမ္ဘာ့ဘောလုံးအဖွဲချုပ်ဥက္ကဋ္ဌ Mr.Joseph S. Blatter နှင့် အဖွဲဝင်များအား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၉ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နေပြည်တော် ဥပုသ်တသန္တိစေတီတော် ဝတ္ထုကနယ်မြေရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာနိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော် မူကြမည့် ဆရာတော်ကြီးများ၊ သာသနာနယ်ဝင်သီလရှင် ဆရာကြီးများကြရောက်တော်မူ ကြသည်။

၂၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်ကျည်တောင်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင်ကျင်းပသည့် အောင်သီရိဖောင်ဒေးရှင်း၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ဝန်ကြီးဌာနများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးအဖွင့်အမှာ စကားပြောကြားသည်။

၂၄ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွယ်မွေမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချီတာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းထန်သောငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဓလေဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဂြိုဟ်မှ အလင်းနှစ် ၇၅ နှစ်အကွာအဝေးတွင် အညိုရောင်ရှိပြီး အရွယ်အစားသေးငယ်သောကြယ်တာရာအသစ်နှစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီး ကြယ်တာရာတစ်လုံးမှာ အနေးဓာတ်လွန်ကဲလျက်ရှိကာ အလှမ်းပိုဝေးသည့်ကြယ်တာရာတွင် အပူချိန် ၁၀၀ ဒီဂရီ ဆဲလ်စီးယပ်စ် အထိရှိနေပြီးရေဆူမှတ် ရောက်ရှိနေကြောင်း ဥရောပအာကာသသိပ္ပံပညာရှင်များအဖွဲ့က ပြောကြားသည်။

၂၁ တာချီလိတ်၊ တာလေဒေသ၌ မြေငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် ဝမ်းနည်းကြောင်း အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

၂၆ ကမ္ဘောဒီးယားနိုင်ငံတွင် တီဘီရောဂါကြောင့် နေ့စဉ်သေဆုံးသူ ၃၀ ခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းပြောကြားချက်ကို ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဒဗလျူအိတ်ချ်အို ဌာနေ



နိုင်ငံတော်သမ္မတသစ် ဦးသိန်းစိန် မိန့်ခွန်းမြွက်ကြားစဉ်

ကိုယ်စားလှယ် ဒေါက်တာပီတာဝန်မာရင်က ကမ္ဘာတီဘီရောဂါနှုန်းပတ်လည်အခမ်းအနားတွင် ပြောကြားသည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

J7 ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံ သည့် (၆၆) နှစ်မြောက် တပ်မတော် နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲကို နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) ရှိ ဒူဘိုင်း ဆိပ်ကမ်းတွင် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ဖိုးရှိ ပစ္စည်းတိုသေနတ်ပေါင်း ၁၆၀၀၀ ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါလက်နက်များမှာ တူရကီနိုင်ငံမှ ယီမင်နိုင်ငံသို့ တရားမဝင် တင်ပို့ခြင်းဖြစ်ကြောင်း ဒူဘိုင်းရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးချုပ်ခါလိဖန်တာမင်က ပြောကြားသည်။

၃၀ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်သည် ပြည်ထောင်စုလွှတ်တော်နာယကရှေ့မှောက်၌ နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားသည်။

ပြီလ

J-၃ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ တာချီလိတ်မြို့နယ်နှင့် တာလေမြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ရှမ်းပြည်နယ် ကျိုင်းတုံမြို့၊ ဟဲဟိုးမြို့များသို့ ဆက်လက်သွားရောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် နာအိုတိုခန်သည် အိဝတဲဒေသ၊

ရိုစုဇင်းတကတာ မြို့ရှိ ဆူနာမီ ကြောင့်ပျက်စီးသွားသောနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆူနာမီဒဏ်ခံ ဒေသများသို့ လှည့်လည်ကြည့်ရှုနေသော ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစွတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ဧပြီလ ၅ ရက်နေ့တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိပုဂ္ဂိုလ်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

၃ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Chen Jian ခေါင်းဆောင်သည့် အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၄ ရုရှားနိုင်ငံ ကာဇက်စတန်မြို့ရှိ ဘိုင်ကိုရော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဆိုယုဇ်တိ အမ်အေ – ၂၁ အာကာသယာဉ်ကို မော်စကိုစံတော်ချိန် နံနက် ၂ နာရီ ၁၈ မိနစ်၌ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း၎င်းအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ သတင်းထုတ်ပြန်သည်။

၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတဦးသိန်းစိန်သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးခန်းမဆောင်ကြီး၌တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဂျပန်နိုင်ငံတွင် မတ်လ ၁၁ ရက်က လှုပ်ခဲ့သော ငလျင်နှင့် ဆူနာမီဖြစ်ပေါ်မှုကြောင့် သေဆုံးသူဦးရေမှာ ၁၂၄၆၈ ဦးရှိပြီဖြစ်ကြောင်း၊ ပျောက်ဆုံးနေဆဲဦးရေမှာ ၁၅၀၉၂ ဦးခန့် ရှိနေဆဲဖြစ်ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

၇ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘဏ္ဍာရေးကော်မရှင် (၁/၂၀၁၁)ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

ဒုတိယသမ္မတများ ဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် နေပြည်တော်၌ တည်ထားကိုးကွယ်လျက်ရှိသော ဥပွါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပွါတသန္တိစေတီတော်မြတ်ကြီးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပနားမားနိုင်ငံရှိ ပနားမားတူးမြောင်းပေါ်တွင် တတိယမြောက် တံတားတစ်စင်းကို အမေရိကန်ဒေါ်လာသန်း ၃၀၀ အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ပနားမားနိုင်ငံခြားရေးဝန်ကြီး ဂျွန်ကာလို့စ်မာရီယာက ပြောကြားသည်။

၈ ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း

စစ်ရေးပြကွင်း၌ကျင်းပသော တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် ညနေပိုင်းတွင် ကျင်းပသော သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်သည်။

အီရန်နိုင်ငံ ကာဇက်ဘင် တက္ကသိုလ်၏ သုတေသနဌာနမှ ကျောင်းသားများက အရှည် ၅ မီတာနှင့် အကျယ် ၂ မီတာရှိပြီး တစ်နာရီလျှင် မိုင် ၈၀ နှုန်းမောင်းနှင်နိုင်သော ဟာဗင်အမည်ရှိ နေစွမ်းအင်သုံးမော်တော်ယာဉ်ကို ထုတ်လုပ်နိုင်ခဲ့ကြောင်း ဖရက်တီဗီသတင်းဌာနက သတင်းထုတ်ပြန်သည်။

၁၀ ဖြူးမြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ဖွင့်ပွဲ၊ အ.ထ.က (၁) ကျောင်းဝင်းအတွင်း၌ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲများ ကျင်းပရာ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့တက်ရောက်အားပေးချီးမြှင့်ကြသည်။

၁၁ လူပေါင်း ၂၅၀၀၀ ကျော် သေဆုံးခဲ့ရပြီး ၁၉၈၆ ခုနှစ်နောက်ပိုင်းကမ္ဘာ့အဆိုးရွားဆုံး ချူကလီးယားကပ်ဘေးကို ဖြစ်ပေါ်စေခဲ့သော ဆူနာမီရေလှိုင်းရိုက်ခတ်မှု တစ်လပြည့်အထိမ်းအမှတ်ကို ဂျပန်နိုင်ငံကမ်းရိုးတန်းဒေသတစ်ဝန်း၌ ပြုလုပ်ခဲ့ကြသည်။

၁၂ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ဥရောပသမဂ္ဂ (အီးယူ)က လျှော့ချပေးဖွယ်ရှိကြောင်း အီးယူတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၁၃ ၂၀၁၁ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသကြိန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွှန့်က Tracer Ball ကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။


ဂျပန်နိုင်ငံ၌ ဆူနာမီရေလှိုင်းဒဏ်ကို အပြင်းအထန်ခံစားခဲ့ရသော ဆန်ဒိုင်းမြို့ရှိလေဆိပ်ကို ပြန်လည် ဖွင့်လှစ်သည်။

၁၅ အာရှနိုင်ငံများသည် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကြရန် တရုတ်သမ္မတ ဟူကျင်ထောင်းက တိုက်တွန်းလိုက်သည်။

၁၇ နှစ်သစ်ကူးမင်္ဂလာအန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီး၏ လိုဏ်တော်အတွင်း၌ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့နယ် ငွေတောင်တောရစာသင်တိုက်ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ပညာသိရိထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွှန့်နှင့် ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ကမ္ဘာ့အမြန်ဆုံး စူပါဘတ်စကားတစ်စီးကို အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)တွင် ကျင်းပလျက်ရှိသော ပြည်သူ့သယ်ယူပို့ဆောင်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့၏ ကမ္ဘာ့ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသရန် နယ်သာလန်မှ သယ်ဆောင်လာပြီး ဒုဘိုင်းမြို့တွင် ပြသထားပြီဖြစ်ကြောင်း ကုန်စည်ပြပွဲတာဝန်ရှိသူများက ပြောကြားသည်။

၂၁ နေပြည်တော်ခရိုင် ဇမ္မူသိရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားပြတိုက်တည်ဆောက်ရေးလုပ်ငန်းစိမ်းကိန်းရှင်းလင်းဆောင်၌ကျင်းပသော တည်ဆောက်ဆဲ အမျိုးသားပြတိုက် (နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တို့၌ ခင်းကျင်းပြသရေးဆိုင်ရာ အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆွေးနွေးမှာကြားသည်။



သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် Mr.Li Chang Jin တို့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်

ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည်များ ထွက်ပေါ်နေသည့် ဖုကူရိုးမား နျူကလီးယားဓာတ်အားပေးစက်ရုံ၏ ၁၂ မိုင်ပတ်လည် ဒေသကို မဖြတ်သန်းရဖုန်အဖြစ် ဂျပန်အစိုးရက ကြေညာသည်။

JJ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညီနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသရှိ ယာကူတီရာမြို့ရှိ သတ္တုကုမ္ပဏီတစ်ခုက အဝါရောင်သမ်းနေပြီး အလွန်ရှားပါးသည့် စိန်အမျိုးအစားဖြစ်သော ၁၃၆ ကရက်ရှိသည့်စိန်ပွင့်ကြီးတစ်ပွင့်ကို တူးဖော်ရရှိခဲ့ကြောင်း ရုရှားနိုင်ငံအာအိုင်အေနီဒိုဗိုစတီသတင်းဌာနက သတင်းထုတ်ပြန်သည်။

JK နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁) ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

အီတလီနိုင်ငံ ပူဂလီယာတောင်ပိုင်းရှိ အသက် ၃၈ နှစ် အရွယ်ရှိ မာဖီးယားဂိုဏ်းခေါင်းဆောင် ဖရန်ဆက်ကို ကစ်ပါးနားအား ဖမ်းဆီးရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

JG-JJ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧရာဝတီတိုင်း ဒေသကြီးသို့သွားရောက်ကာ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

JJ ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မတ်လ ၁၁ ရက်က မြေငလျင်လှုပ်ခတ်မှုနှင့်အတူ ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့ပြီးနောက် တိုကျို-ဆန်ဒိုင်းကျည်ဆန်ရထားခရီးစဉ်များကို ပြန်လည်စတင်လိုက်ကြောင်း ဂျပန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

JK ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr.Li Chang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ညပိုင်းတွင် ဒုတိယသမ္မတသည် မူဆယ်-ကျောက်ဖြူရထားလမ်း ပို့ဆောင်ရေးစနစ် စီမံကိန်းဆိုင်ရာ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့တက်ရောက် ချီးမြှင့်သည်။

၂၈ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားအထူးအဖွဲ့ (၁) မှ တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ဧရာဝတီ တိုင်းဒေသကြီး ဟသံာတခရိုင်၊ အင်္ဂပူမြို့နယ် ဟသံာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်ပထမဦးဆုံးဖွင့်လှစ်သော တံတားအမှတ်စဉ် (၁) မမြခြောင်း တံတားဖွင့်ပွဲအခမ်းအနားကို အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

၂၉ ဗြိတိန်ဘုရင်မကြီး အယ်လီဇာဘက်-၂ ၏မြေးတော်ဝီလျံမင်းသား နှင့် ၎င်း၏လက်တွဲဖော် ကိတ်မစ်ဒယ်လ်တန်တို့၏ မင်္ဂလာပွဲကို လန်ဒန်မြို့တော်ဝက်မင်စတာဘုရားကျောင်း၌ ခမ်းနားသိုက်မြိုက်စွာကျင်းပသည်။

မေလ

၁ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြိမ် (၂၀)မြောက်နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ရန်ကုန်မြို့၌ ကျင်းပသည့် ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲနှင့် ဆဋ္ဌမအကြိမ်သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲအခမ်းအနားများကို တက်ရောက်၍ အမှာစကားပြောကြားသည်။

၂ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ဖွင့်လှစ်သည့် ရန်ကုန်မြို့ရှိ မီဒီယာကော်နာဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ကမ္ဘာပေါ်တွင် အယ်လ်ခိုင်ဒါခေါင်းဆောင်ဟု နာမည်ဆိုးနှင့်ထင်ရှားသော အိုစမာဘင်လာဒင်အား ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့အနီးရှိ ဒေါ်လာတစ်သန်းတန် ၎င်း၏စံအိမ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးရာ၌ အသေဖမ်းဆီးရမိခဲ့သည်။

၃ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းကို အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Lt. General Syafrie Syamsoeddin ခေါင်းဆောင်သော အဖွဲ့သည် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၏ စည်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

လူမှောင်ခိုတင်သွင်းမှုနှင့် တရားမဝင်ငါးဖမ်းခြင်းများကို တားဆီးဟန့်တားနိုင်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံက ဦးဆောင်ကာ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ပါပူဝါနယူးဂီနီ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တီမောလက်စ်တေနိုင်ငံတို့ စုပေါင်းပြီး လေးရက်မြောက် ပင်လယ်ပြင်ပူးတွဲလှေကျင့်မှုတစ်ရပ်ပြုလုပ်သည်။



မိဒီယာကော်နာ ဖွင့်ပွဲတစ်ရုတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့.ကို တွေ့.ရစဉ်

၄ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းဦး ဆောင် သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ ရှိ National Convention Centre (NCC) ၌ ကျင်းပသော (၁၄) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး (14th ASEAN+3 Finance Ministers' Meeting) နှင့် မေလ ၅ ရက်မှ ၆ ရက်အထိ ကျင်းပသော (၄၄) ကြိမ်မြောက် အာရှ ဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည် အစည်းအဝေး (44th Asian Development Bank Annual Meeting) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ် အဖွဲဝင်နိုင်ငံများ၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုအရှိန် အဟုန်ပိုမိုမြင့်မားစေရန် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးကဏ္ဍမှ ကူညီပံ့ပိုးပေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

ပထမကမ္ဘာစစ်တွင် တပ်မတော်သား တစ်ယောက်အနေဖြင့် ပါဝင်တိုက်ခိုက်ခဲ့သူ၊ တစ်ဦးတည်းသောနောက်ဆုံးလက်ကျန်ဖြစ်သူဟု သတ်မှတ်ထားသည့် စစ်သားဟောင်းကြီးကောလီသည် အသက် ၁၁၀ တွင် သြစတြေးလျနိုင်ငံ ပါသ်မြို့၌ ကွယ်လွန်သည်။

၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် ဂျကာတာမြို့တွင် ကျင်းပမည့် (၁၈) ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော် မှဂျကာတာမြို့သို့ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Jepara အခန်း၌ တွေ့ဆုံနှုတ်ဆက်သည်။

မြန်မာနိုင်ငံကမ်းလွန်ရေနံလုပ်ကွက်အမှတ် M-3 တွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEPI ကုမ္ပဏီသည် အဆိုပါလုပ်ကွက်အတွင်း ရှာဖွေရေးတွင်းအမှတ်အောင်သစ်-၂ ကို တွင်းတူးစက် West Juno ဖြင့် ၂၀၁၁ ခုနှစ် မတ်လ ၂၆ ရက်မှ စတင်တူးဖော်ခဲ့ရာရည်မှန်းချက်သို့ ရောက်ရှိပြီး အနက်ပေ ၉၀၀၀ ကျော်ရှိ ထုံးကျောက်လွှာများကို သေနတ်ဖောက်စမ်းသပ်သည်။



.အိုစမာဘင်လာဒင်အား ဝင်ရောက်စီးနင်းတိုက်ခိုက်ပုံကို အိုင်တီနည်းပညာဖြင့် တိုက်ရိုက်ကြည့်ရှုနေသော အမေရိကန်သမ္မတအိုဘားမားနှင့် အစိုးရအဖွဲ့ဝင်များ

၆ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် ဂျကာတာမြို့တွင် ကျင်းပမည့် (၁၈) ကြိမ်မြောက်အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော် မှဂျကာတာမြို့သို့ ထွက်ခွာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Jepara အခန်း၌ တွေ့ဆုံနှုတ်ဆက်သည်။

၇ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နံနက် ၇ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Center (JCC) Cendrawasih ခန်းမ၌ ကျင်းပသည့်အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ (၁၈) ကြိမ်မြောက်

အာဆီယံမျက်နှာစုံညီ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်သည်။ ထို့နောက်မွန်းလွဲပိုင်းတွင် Merak Room(1) ၌ ကျင်းပသည့်အာဆီယံ နိုင်ငံများမှနိုင်ငံအကြီးအကဲ၊ အစိုးရ အဖွဲ့အကြီးအကဲများနှင့် အာဆီယံ ပါလီမန် အဖွဲ့.အစည်း (AIPA) ကိုယ်စားလှယ်များဆွေးနွေးပွဲ၊ အာဆီယံခေါင်းဆောင်များနှင့် လူငယ်ကိုယ်စားလှယ်များ အလွတ်သဘောဆွေးနွေးပွဲနှင့် အာဆီယံခေါင်းဆောင်များနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်း (Civil Society Orgonization-CSO) ကိုယ်စားလှယ်များအလွတ်သဘော ဆွေးနွေးပွဲသို့တက်ရောက်သည်။

၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သည် ဂျကာတာမြို့ရှိ Jakarta Convention Center (JCC) Cendrawasih ခန်းမ၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံထိပ်သီးသန့်.အစည်းအဝေးသို့ တက်ရောက်သည်။ ထို့နောက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် Jakarta Convention Center(JCC) Assembly Hall ၌ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗိယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဒွန်း သည် ဂျကာတာမြို့ရှိ (JCC) ခန်းမ ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နှစ်ဖက်အစိုးရဌာနများကို တာဝန်ပေးအပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်းသည့် နည်းပညာပူးပေါင်းဖလှယ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

၉ တောင်ကိုရီးယားရေတပ်တွင် ပထမဆုံးသောအမျိုးသမီးစစ်ဘက်လေယာဉ်မှူးအဖြစ် အသက် ၂၆ နှစ်ရှိ လီကျိုယွန်းသည် ရေတပ်ကင်းလှည့်လေယာဉ် P-3C ၌ စတင်တာဝန်ထမ်းဆောင်သည်။

၁၀ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအား ကစားပြိုင်ပွဲကျင်းပရေးကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီပထမအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) ၌ ကျင်းပရာ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းတက်ရောက်အမှာစကား ပြောကြားသည်။

၁၁ ကုလသမဂ္ဂအဆွေဆွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် (ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဇီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အား နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့.ဆုံကာ မြန်မာနိုင်ငံဖွံ့ဖြိုးမှုအခြေအနေနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းသည်။

၁၂ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တရုတ်ပြည်သူ.သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Caihou အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို နေပြည်တော်ရှိဧရာသီရိဗိမာန်ရှေ.၌ ကျင်းပသည်။

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် General Xu Caihou ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဧရာသီရိဗိမာန်၌ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများဆွေးနွေးကြပြီး တရုတ်-မြန်မာ တပ်မတော် နှစ်ရပ်အကြား သဘောတူညီမှုစာချုပ်တွင် လက်မှတ်ရေးထိုးကြသည်။

တူရကီနိုင်ငံအစွတန်ဘူလ်မြို့အနီးတွင် မြို့သစ်နှစ်မြို့တည်ဆောက်ရန်စီစဉ်နေပြီး ၎င်းမြို့သစ်တစ်မြို့တွင် ကမ္ဘာပေါ်၌ အကြီးဆုံးလေဆိပ်တစ်ခုပါဝင်ကာ လာမည့်တစ်နှစ်အတွင်း စတင်တည်ဆောက်

မည်ဖြစ်ကြောင်း တူရကီအစိုးရက သတင်းထုတ်ပြန်သည်။

ကျပန်နိုင်ငံ တိုက်ပြိုမြို့ အနောက်တောင်ပိုင်းရှိ လက်ဖက်စိုက်ပျိုးမြေတွင်ရေဒီယိုသတ္တိကြွမှုများ စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် လက်ဖက်ခြောက်များကို ဈေးကွက်မှ ပြန်သိမ်းခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၁၃ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဗဟို စစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မက္ကဆီကို အနောက်ပိုင်းနယ်မြေမှ မူးယစ်ဆေးဝါးတန်ပေါင်းများစွာကို အမေရိကန်နိုင်ငံသို့ တင်ပို့ရာတွင် အဓိကတာဝန်ရှိသည့် ပစိဖိတ်ဒေသ၏ မူးယစ်ဆေးဝါးခေါင်းဆောင်မာတင်ဘီလ်တရန်အား မက္ကဆီကိုတပ်ဖွဲ့ဝင်များက ဖမ်းဆီးမိကြောင်း မက္ကဆီကို စစ်ဘက်က သတင်းထုတ်ပြန်သည်။

နေစွမ်းအင်သုံး လေယာဉ်၏ ပထမဆုံးနိုင်ငံတကာခရီးစဉ် စတင်ပျံသန်းမှုအဖြစ် ခရီးမိုင် ၃၇၀ ကွာဝေးသည့် ဆွစ်ဇာလန်နိုင်ငံမှ ဘယ်လ်ဂျီယံ နိုင်ငံသို့ ၁၂ နာရီကြာ ပျံသန်းခဲ့သည်။

မြောက်အာဖရိကဒေသမှ လူ ၅၅၀ ကျော်ခန့်တို့သည် လေသုံးစင်းဖြင့် အီတလီတောင်ပိုင်းရှိ ကျွန်းငယ်လမ်ပီဒူဆာသို့ ပြောင်းရွှေ့ဝင်ရောက်လာကြကြောင်း အန်ဆာသတင်းဌာနက ဖော်ပြသည်။

တောင်အာရှဒေသရှိ ပိုအိုမာရီချန်နှင့် ဗီလန်ဂျာလီကျွန်းနှစ်ကျွန်းသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် သန္တာကျောက်တန်းများပေါ်တွင် မိုင်းခွဲ၍ သတ္တုများတူးဖော်နေမှုကြောင့် ပင်လယ်ရေအောက်သို့ နစ်မြုပ်သွားပြီ ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။

၁၆ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ)အရ နိုင်ငံတော်သမ္မတက ၁၃၂၃ ခုနှစ် ကဆုန်လပြည့်နေ့ (ခရစ်နှစ် ၂၀၁၁ ခုနှစ် မေလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို (က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ (ခ) ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ်သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁)နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့ရရှိစေရန် လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည် ဟူသောအမိန့်ကို အမိန့်အမှတ် (၂၈/၂၀၁၁) မေလ ၁၆ ရက် ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းသည် ပခုက္ကူမြို့ပြည်သာယာခန်းမ၌ ကျင်းပသည့် ၂၀၁၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို တက်ရောက်သည်။

ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ညီမမစွစ်ရင်လပ်ရှင်နာဝပ်သည် အဓိကအတိုက်အခံပါတီဖြစ်သည့် ပူရာထိုင်းပါတီမှ ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းများက ဖော်ပြသည်။

၁၈ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr.Joseph Yuosang Yun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီရေးရာဆောင် အမှတ် (၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ထုတ်ပြန်ခဲ့သောအမိန့်အမှတ် (၂၈/၂၀၁၁) လွှတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အကျဉ်းဦးစီးဌာန အကျဉ်းထောင်အလုပ်စခန်းများမှ ၁၇-၅-၂၀၁၁

ရက်တွင် လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူအရေအတွက် စုစုပေါင်းမှာ ၁၄၇၅ ဦးရှိပြီး လက်ရှိအခြေအနေတွင် လွတ်မြောက်ခြင်းမရှိသေးသူ အကျဉ်းသား/သူများ အားလုံးအနေဖြင့်လည်း ယင်းတို့အပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် (၁) နှစ် (တစ်နှစ်) ထပ်မံလျှော့ပေါ့သည့် အခွင့်အရေးကို၎င်းနေ့က လွတ်မြောက်သွားကြသူများနည်းတူခံစားခွင့် ရရှိကြမည်ဖြစ်ကြောင်းသတင်း ထုတ်ပြန်သည်။

ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ရပ်မြင်သံကြားဌာန ဥက္ကဋ္ဌ Mr.Zhao Shuqing ဦးဆောင်သောအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်းမသို့လာရောက်တွေ့ဆုံ၍ မြန်မာ့အသံနှင့် ရပ်မြင်သံကြားနှင့် ယူနန်ပြည်နယ် ရပ်မြင်သံကြားဌာနတို့အကြား ရပ်မြင်သံကြားဆိုင်ရာ ပရိဂရမ်များ အပြန်အလှန်ဖလှယ်ရေး၊ သတင်းနှင့်မိဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးကိစ္စများကို ဆွေးနွေးကြသည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ခရိုင် ဓမ္မသီရိမြို့ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

၂၁ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ကျရေးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့ အစီအစဉ်များ) သို့ တက်ရောက်သည်။

၂၂ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် နျူကလီးယားဆိုင်ရာစောစီးစွာ ကြိုတင်သတင်းပေးရေးအရေးပေါ်ဌာနများ ထူထောင်ပြီး အပြန်အလှန်သတိပေးနိုင်းဆော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း အင်တာနက်သတင်း၌ ရေးသားဖော်ပြသည်။

၂၄ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည့် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည့် ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၅ အီဂျစ်နိုင်ငံတွင် မြေအောက်၌မြုပ်ကွယ်ပျောက်ဆုံးနေသည့် ပိရမစ် ၁၇ ခုကို အနီအောက်ရောင်ခြည်သုံးဂြိုဟ်တုပုံရိပ်မှတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

၂၆ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

အီတလီနိုင်ငံ၏ မာဖီးယားကိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဝရမ်းပြေးဂျာစီပေဒဲလ်အကီကာသည် ကိုးနှစ်ကြာတိမ်းရှောင်ပြေးလွှားနေရာမှ ဖမ်းဆီးခံလိုက်ရပြီဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

၂၇ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်ထောင်းတို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံတာဝန်ရှိသူများက နှစ်နိုင်ငံသမ္မတနှစ်ဦးရှေ့မှောက်တွင် သဘောတူစာချုပ်နှင့်နားလည်မှုစာချွန်လွှာ ၉ ခုကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲ

၂၀၁၁ ခုနှစ် ဖြစ်ရပ်များ

တမ်းကော်မတီဝင်နှင့်တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏(၁၁)ကြိမ်မြောက်အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့် ပေကျင်းမြို့ရှိပြည်သူ့ခန်းမဆောင်၌ တွေ့ဆုံသည်။

ထို့နောက် ညနေ ၄ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် ပေကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး ကျုံးနန်းဟိုင်စည်ခန်းမ၌ တွေ့ဆုံသည်။

၂၈ တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပေကျင်းမြို့ Ba Da Chu ဥယျာဉ်ရှိ ဗုဒ္ဓစွယ်တော်မြတ်ကိန်းဝပ်စံပယ်တော်မူသည့် Ling Guang Si Buddhist Temple သို့ ရောက်ရှိဖူးမြော်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၃) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်အရှင်မြတ် ၈၄ ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပရာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ တက်ရောက်ကြည်ညိုသည်။


၂၉ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုပြီး စေတီတော်ကြီး ရေရှည်တည်တံ့ရေးအတွက် ဘက်စုံပြုပြင်ဆောင်ရွက်ရေးကိစ္စများ မှာကြားသည်။

ဇွန်လ

၁ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့ကို နေပြည်တော်ရှိနိုင်ငံတော်သမ္မတရုံးဧည့်ခန်းမဆောင်၌လက်ခံ တွေ့ဆုံသည်။

ဆွစ်ဇာလန်နိုင်ငံ ဂူးရစ်မြို့တွင် ကျင်းပသည့် (၆၁) ကြိမ်မြောက် ဖီဖာကွန်ဂရက်၌ လက်ရှိဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကို နောက်ထပ်လေးနှစ်သက်တမ်းအတွက် ပြန်လည်ရွေးချယ်လိုက်သည်။

၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Commercial Aircraft Corporation of China နှင့် AVIC International Holding Corporation တို့အကြားနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင် မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူ



သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် မစ္စတာဂျွန်မက်ကိန်း

နစ်ပါတီ ဗဟိုကော်မတီပေါ်လစ်ဗျူရိုအဖွဲ့ဝင် မစ္စတာလီယွန်ချောင်တို့တက်ရောက် ချီးမြှင့်ကြသည်။

ပါရာလွေးနိုင်ငံ အဆန်စီရွန်မြို့ဆိပ်ကမ်း၌ ဆန်အိတ်များအတွင်း ထည့်သွင်းထားသည့် အလေးချိန် ၈၇၅ ကီလိုဂရမ်ရှိ မူးယစ်ဆေးဝါးများကို ကွန်တိန်နာအတွင်းမှ ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း ပါရာလွေးလုံခြုံရေးအရာရှိများက ပြောကြားသည်။

၃ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာ

စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းရန် စီစဉ်ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၄ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ဖောက်လုပ်လျက်ရှိသည့် ထားဝယ်–မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်–သရက်ချောင်းရထားလမ်းပိုင်းဖွင့်ပွဲကို တနသာရီတိုင်းဒေသကြီး ထားဝယ်မြို့ထားဝယ်ဘူတာ၌ ကျင်းပသည်။

ချီလီနိုင်ငံတောင်ပိုင်းရှိ ပူလီဟွီမီးတောင်သည် နှစ်ပေါင်း ၅၀ ခန့်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ဝေဟင်အမြင့် ၆ မိုင်အထိ မီးခိုးနှင့်ပြာမှုန့်များ လွှင့်ပျံခဲ့ပြီး အနီးဝန်းကျင်တွင် နေထိုင်သူဒေသခံ ၃၅၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ချီလီအရာရှိများက သတင်းထုတ်ပြန်သည်။

၅ ၂၀၁၁ ခုနှစ် ကမ္ဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

၆ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်သည် ဂျာမန်လူအခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ H.E.Mr.Markus Loning ကို နေပြည်တော်လွှတ်တော်အဆောက်အအုံရှိ ဧမွူသီရိအစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယိမင်သမ္မတ ဆာလက်အား ပြည်တွင်းစစ်ကိုရှောင်လွှဲနိုင်ရေးအတွက် အာဏာပြန်လွှဲပေးရန် အမေရိကန်အစိုးရကတိုက်တွန်းသည်ဟု စိအန်န်အန်န် သတင်းဌာနက ကြေညာသည်။

၇ ဘရာဇီးနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်လျက်ရှိရာ ၁၉၇၆ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးရေဘေးဒုက္ခနှင့်ပြည်သူများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးစည်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၉ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ဆောင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးစည်းခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၁၀ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် မြန်မာ–ဗီယက်နမ်စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖိလစ်ပိုင်နိုင်ငံမှ အသက် ၁၈ နှစ်အရွယ် ဂျန်ရေးဘာလောရင်းအမည်ရှိလူငယ်သည် အရပ်အမြင့် ၅၉ ဒသမ ၉၃ စင်တီမီတာ (၃၂ ဒသမ ၆ လက်မ) ရှိရာ ကမ္ဘာပေါ်တွင် အရပ်အပုဆုံးအမျိုးသား အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရသည်။

၁၂ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်တောင်ပိုင်းခရိုင်ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်ရှိ အခြေခံပညာကျောင်းဆောင်သစ်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများကို တွေ့ဆုံအမှာစကား ပြောကြားသည်။

၁၅ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ခြင်းနှင့်ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ (၃၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။

၁၆ ၂၁ ရာစု၏ (၅) ကြိမ်မြောက် အချိန်အကြာဆုံး လကြတ်ခြင်းကို နံနက်စောစောပိုင်းက ကမ္ဘာ့နိုင်ငံအများအပြားမှ ပြည်သူများမြင်တွေ့ခဲ့ကြရကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

၁၇ သီတဂူကမ္ဘာဗုဒ္ဓတက္ကသိုလ် (ရန်ကုန်) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင့်တို့တက်ရောက်ကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွင်းရှိ မြတ်စွာဘုရားကျောင်းတော်၏ ရွှေကန့်လန့်ကာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နေရာတွင် ဒုတိယသက်တမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် လက်ရှိအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံက ထောက်ခံကြောင်း ကြေညာသည်။

၁၇-၁၉ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့သို့ သွားရောက်ပြီး ဘိုကလေးမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် မောရစ်တောင်းမြို့လေဆိပ်မှ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိလီဘောဂျေလေဆိပ်သို့ ဇီဝလောင်စာဆီသုံး လေယာဉ်တစ်စင်း ပထမဆုံးအကြိမ်အဖြစ် ခရီးဝေးပျံသန်းမှုကို အောင်မြင်စွာ ပျံသန်းမောင်းနှင်နိုင်ခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

၂၀ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျော့ကျရေးဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပသည့် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းအရ တည်ဆောက်ခဲ့သည့် တန် (၅၀၀) ဆံ့ Food Security Shelter ဆိုင်ရာ စာရွက်စာတမ်းလွှဲပြောင်းပေးအပ်ခြင်း၊ တာချီလိတ် တာလေမြေငလျင်ဘေးအတွက် ငွေလှူဒါန်းခြင်းနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှားနိုင်ငံအနောက်မြောက်ပိုင်းတွင် ခရီးသည် ၄၃ ဦးနှင့် လေယာဉ်အမှုထမ်းကိုးဦးအား တင်ဆောင်လာသော ရှားအဲလေကြောင်းလိုင်းပိုင်ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၄၄ ဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရှားအရာရှိများက ပြောကြားသည်။

၂၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ

ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံပြည်ပရေးရာဝန်ကြီး H.E. Mr.S.M Krishna ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လွတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများအား

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ်ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနခန်ဆောင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယ-မြန်မာစက်မှုသင်တန်းကျောင်း (မြင်းခြံ)ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချုပ်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်စဉ်

၂၄-၂၆ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စု ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ရှမ်းပြည်နယ်သို့ သွားရောက်၍ ငလျင်ဒဏ်သင့် တာလေမြို့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် စဝ်စံထွန်းဆေးရုံကြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

၂၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ရန်ကုန်မြို့ပြည်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌တွေ့ဆုံသည်။

ရုရှားအာကာသ ကုန်တင်ယာဉ် ပရိဂရက် အမ်-၁၁ အမ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်မိခဲ့ကြောင်း ရုရှားအာကာသယာဉ်ခရီးစဉ် ကွပ်ကဲရေးအရာရှိများက ပြောကြားသည်။

၂၇ အမျိုးသားဆန်စပါးမူဝါဒများတိုးတက်ကောင်းမွန်ပြီး ဒေသတွင်းစားနပ်ရိက္ခာလုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှု

သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

၂၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲ အထူးရောင်းချပွဲအကြို ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တရားဥပဒေများနှင့် ညီညွတ်စွာနိုင်ငံရေးပါတီအဖြစ် ပယ်ဖျက်ပြီးဖြစ်သော်လည်း ၎င်းသည် လိုက်နာမှုမရှိဘဲ ဌာနချုပ်ရုံး၊ တိုင်း

၂၀၁၁ ခုနှစ် ဖြစ်ရပ်များ

ရုံး၊ နယ်ရုံးများ ဆက်လက်ဖွင့်လှစ်ခြင်း၊ ဆိုင်းဘုတ်စိုက်ထူခြင်း၊ ပါတီအလံလွှင့်ထူခြင်း၊ ပါတီကြေညာချက်များထုတ်ပြန်ခြင်း၊ စာအုပ်စာစောင်များနှင့် ဗီဒီယိုခွေများထုတ်ပြန်ခြင်း၊ နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အစည်းအဝေးများနှင့် အခမ်းအနားများ ပြုလုပ်ခြင်းများ လုပ်ဆောင်နေသည်ဖြစ်သဖြင့် ၎င်းတို့သည် ဥပဒေကို တမင်ဖောက်ဖျက်ခြင်းများဖြစ်နေပါသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်ရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနက အကြောင်းကြားစာပေးပို့သည်။

အီရတ်နိုင်ငံပြည်နယ်အချို့ရှိ အမေရိကန်တပ်စခန်းများကို ဦးတည်လျက်မက်ဒီတပ်ဖွဲ့ဝင်များက စိန်ပြောင်းများ၊ ကက်ယူရှာခဲ့းကျည်များဖြင့် ၁၀ ကြိမ်မက တိုက်ခိုက်ခဲ့ကြောင်း ကြေညာသည်။

၂၉ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပြီးစီးသွားသော ပန်းမြိုင်လယ်ဥယျာဉ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဥယျာဉ်မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။

၃၀ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ ရှေ့၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးတက်ရောက်အားပေးချီးမြှင့်သည်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးမှ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၁၀၆/ ၂၀၁၁) ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးမှ နိုင်ငံရေးပင်စင်လစာများကို တိုးမြှင့်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာအမှတ် (၁၀၇/ ၂၀၁၁) ထုတ်ပြန်ကြေညာသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်ကျောက်ကျို့ပင်လယ်အော်တွင် ၃၆ ဒသမ ၄၈ ကီလိုမီတာရှည်ပြီး ကျင်းတောင်မြို့နှင့် ဟွမ်တောင်ခရိုင်တို့အကြား ဆက်သွယ်ထားသောကမ္ဘာ့အရှည်ဆုံး ပင်လယ်ဖြတ်ကူးတံတားကြီးကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇူလိုင်လ

၁ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် သြစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂ ထိုင်းနိုင်ငံတစ်ဝန်းလုံး၌ ကျင်းပပြုလုပ်သော အထွေထွေ ရွေးကောက်ပွဲ၌ မစွစ်ရင်လပ်ရှင်နာဝပ်က အနိုင်ရရှိကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

၄ တရုတ်နိုင်ငံ ကွမ်စီဒေသမှ မိုင်းတွင်းတစ်တွင်းနှင့် ကွိကျို့ပြည်နယ်မှ မိုင်းတွင်းတစ်တွင်း၌ ရေလွှမ်းမှုကြောင့် မိုင်းလုပ်သား ၄၀ ကျော် ပိတ်မိလျက်ရှိကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

၆ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများအား နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ ဆွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဘရာဇီးနိုင်ငံ၏ အမျိုးသားလက်နက်ဖျက်သိမ်းရေးလှုပ်ရှားမှုတွင် လက်နက်မျိုးစုံ ၉၁၆၀ နှင့် ကျည်ဆန်၊ ခဲယမ်း ၃၀၉၀၀ ကို နှစ်လအတွင်း သိမ်းဆည်းနိုင်ခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

၇ တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်တွင် ကျောက်မီးသွေးတွင်းတစ်တွင်း မီးလောင်မှုဖြစ်ပွားရာ မိုင်းလုပ်သား ၃၆ ဦး မြေအောက်၌ ပိတ်မိနေကြောင်း တရုတ်နိုင်ငံအလုပ်သမားများ လုံခြုံမှုစီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်သည်။


၈ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ နာယက ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်၍ အမှာစကားပြောကြား သည်။

နယူးဇီလန် တော်ဝင်လေတပ်မှ ဘိုးရင်း-၅၇၅ လေယာဉ်တစ်စင်းသည် ပျံသန်းနေစဉ် မိုးကြိုးထိမှန်သဖြင့် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း နယူးဇီလန်အသံလွှင့်ဌာနမှ သတင်းထုတ်ပြန်သည်။

၉ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ်နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အမှတ် (၁) နေပြည်တော်အားကစားကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက် အားပေးချီးမြှင့်သည်။

၁၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ သွန်ဆင်းသမာဇောင်နှင့် တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အဆောက်အအုံဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

၁၂ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ သွန်ဆင်းသမာဇောင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ပုဗ္ဗသီရိမြို့နယ်ရှိ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ထားသော အထူးအထွက်တိုးစပါးမျိုး သုတေသနစိုက်ခင်းသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် လာအိုဝန်ကြီးချုပ် မစွတာသွန်ဆင်းသမာဇောင်တို့ တွေ့ဆုံဆွေးနွေးစဉ်

၁၃ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ သွန်ဆင်းသမာဇောင်နှင့် ဇနီးသည်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုကြသည်။

၁၃ ဆိုမာလီနိုင်ငံ၌ မိုးခေါင်မှုနှစ်နှစ်ဆက်တိုက် ကြုံနေရပြီး ပြည်သူတို့စားနပ်ရိက္ခာပြတ်လပ်မှု ကြုံနေရသဖြင့် ထောင်ပေါင်းများစွာသော ပြည်သူများ မြို့တော်မိုဂါဒစ်ရှုံးမှ ဒုက္ခသည်စခန်းများဆီသို့ ထွက်ခွာနေကြပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၁၄ တောင်ဆူဒန်နိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၃ နိုင်ငံမြောက်အဖွဲ့ဝင်

နိုင်ငံဖြစ်လာပြီးနောက် ကုလသမဂ္ဂ၌ တောင်ဆူဒန်နိုင်ငံအလံလွှင့်တင်ပွဲအခမ်းအနားကို ကျင်းပသည်။

၁၅ အိန္ဒိယအာကာသ သုတေသနအဖွဲ့က ဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်လုံးကို အိန္ဒိယနိုင်ငံတောင်ပိုင်း ဆရီဟာရီကိုတာ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

၁၆ တရုတ်ကမ်းရိုးတန်းတစ်လျှောက် အကြီးမားဆုံး ရေနံယိုဖိတ်မှုကြီးဖြစ်ပွားလျက်ရှိရာ စင်ကာပူနိုင်ငံ၏ အရွယ်အစားခြောက်ဆမျှ ကျယ်ဝန်းကြောင်းနိုင်ငံပိုင် မိဒီယာများက ကြေညာသည်။ အဆိုပါ ရေနံယိုဖိတ်မှုမှာ အမေရိကန်ကုမ္ပဏီနှင့် တရုတ်နိုင်ငံပိုင် ရေနံကုမ္ပဏီတို့၏ ရေနံတူးစင်များမှ ယိုဖိတ်ခြင်းဖြစ်ပြီး ရေနံယိုဖိတ်သည့် ရေပြင်ကြီးမှာ စတုရန်းမိုင်ပေါင်း ၁၆၅၀ ကျယ်ဝန်းကြောင်း အစိုးရသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၁၈ ရောဂါကြီးသုံးမျိုးတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် M-CCM အစည်းအဝေး (11th Myanmar Country Coordination Mechanism Meeting) ဖွင့်ပွဲအခမ်းအနား၌ M-CCM ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဖေသက်ခင်တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

နယူးဇီလန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ခရစ်ချတ်ချ်မြို့တွင် လွန်ခဲ့သည့် စက်တင်ဘာလ ကတည်းက ယနေ့အထိ ငလျင်အကြိမ်ပေါင်း ၇၅၀၀ လှုပ်ခဲ့ရာ တစ်နေ့ပျမ်းမျှအကြိမ် ၂၀ ခန့်လှုပ်ခဲ့ကြောင်း နယူးဇီလန်ငလျင်ပညာရှင်များက ပြောကြားသည်။

၁၉ သီရိလင်္ကာနိုင်ငံရှိ သစ်တောများအတွင်း တောဆင်ရိုင်းကောင်ရေမည်မျှနေထိုင်ကျက်စားသည်ကို သိရှိနိုင်ရန် ပထမဆုံး အကြိမ်စစ်တမ်းကောက်ယူမည်ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနအကြီးအကဲက ပြောကြားသည်။

၂၀ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

နှစ် ၅၀ ကျော်ကာလအတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှား ကပ်ဘေးနှင့်ရင်ဆိုင်နေရသည့် ဆိုမာလီယာတောင်ပိုင်းရှိ ဒေသနှစ်ခုကို အငတ်ဘေးကျရောက်ရာဒေသများအဖြစ် ကုလသမဂ္ဂက ကြေညာလိုက်ကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၁ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေ ကိုယ်စားလှယ် Dr.Ramesh M.Shrestha ကိုနေပြည်တော်ရှိ လွှတ်တော်ရုံး နာယက၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အတွေ့လွှစ်လွန်းပြန်ယာဉ်၏ နောက်ဆုံးအာကာသခရီးစဉ် အဆုံးသတ်ပြီးနောက် နိုင်ငံတကာ အာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ အာကာသယာဉ်မှူးများကို ရုရှား အာကာသယာဉ်များက ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ရာ ယနေ့ကာလသည် "ဆိုယုဇ်အာကာသယာဉ်ခေတ်" (The Era of the Soyuz) ရောက်ပြီဖြစ်ကြောင်း ရုရှားနိုင်ငံက ကြေညာလိုက်သည်။

၂၂ ပလူတိုကြိုဟ်ကို လှည့်ပတ်နေသော စတုတ္ထမြောက်ဂြိုဟ်ရံလတစ်စင်းအား နက္ခတ္တဗေဒပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းဂြိုဟ်ရံလကို အမည်ပေးရာတွင် စီးဘားရပ်စ် (Ceberus) ဟူသော အမည်ကို လူကြိုက်များလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၃ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ ၂၀၁၁ ၌ ခင်းကျင်းပြသထားသော မြန်မာ့စက်မှုထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

စကြဝဠာအတွင်း တွေ့ရှိဖူးသမျှ အကြီးမားဆုံးနှင့် သက်တမ်းအရင့်ဆုံးဖြစ်သော ရေခိုးရေငွေ့များ စုဝေးနေသည့်မဟာတိမ်တိုက်ထုကြီး တစ်ခုကို နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် မန္တလေးမြို့အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးဌ ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုး၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်၊ မြန်မာ့ဘောလုံးအကယ်ဒမီ (မန္တလေး) နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အနာဂတ်ကာလတွင် ဂျပန်နိုင်ငံအား နျူကလီးယားကင်းရှင်းသောနိုင်ငံအဖြစ် တည်ဆောက်လိုသော ဝန်ကြီးချုပ်နာအိုတိုခန်၏ မူဝါဒကို ပြည်သူ ၇၀ ရာခိုင်နှုန်းက ထောက်ခံကြကြောင်း လူထုသဘောထား စစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။

၂၅ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်သည် ရန်ကုန်မြို့စိမ်းလဲ့ကန်သာ အစိုးရဇည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပြီး နှစ်ဦးသဘောတူသတင်းထုတ်ပြန်သည်။

အာဖရိက ဦးချို့ဒေသ အငတ်ဘေးဆိုက်ရောက်မှုပြဿနာကို ဖြေရှင်းရေးအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နှင့် အလှူရှင်များ အရေးပေါ်ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီးနောက် အငတ်ဘေးဆိုက်ဒုက္ခသည်များအား ကူညီနိုင်ရေးအမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ပေးအပ်သွားရန် ကမ္ဘာ့ဘဏ်က ကတိပြုခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

၂၆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့် အတူ ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန် အရေးပေါ် ရောဘေးယာယီကယ်ဆယ်ရေးစခန်းအတွင်း ယာယီခိုလှုံလျက်ရှိကြသော ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ရေကြီးမှုဖြစ်စဉ်နှင့် လိုအပ်ချက်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၏ သမ္မတသစ်အဖြစ် အသက် ၆၂ နှစ်အရွယ်ရှိ ထရန်တန်ဆန်းအား အမျိုးသားလွတ်တော်က ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၇ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဌာန ဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဒေသကြီး ဟသ်ာတမြို့သို့ရောက်ရှိပြီး ဟသ်ာတမြို့၊ မြို့တော်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။

၂၇-၂၈ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (မန္တလေး) နှင့် အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ်များသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးများသည် မြို့တော်နယူးဒေလီ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ပြန်လည်ကျင်းပနိုင်ရန် အခန်းကဏ္ဍာသစ် ဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း အိန္ဒိယသတင်းဌာနများက သတင်းထုတ်ပြန်သည်။

၂၈ ၂၀၁၁ ခုနှစ်၌ ကမ္ဘာလူဦးရေ စုစုပေါင်းသည် ခုနှစ်ဘီလီယံအထိ ရောက်ရှိမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ် အရောက်တွင် ၂ ဒသမ ၃ ဘီလီယံ ထပ်တိုးလာမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

၂၉ နာဆာအာကာသသိပ္ပံပညာရှင်အဖွဲ့က ကမ္ဘာဂြိုဟ်နှင့် မဝေးလှသည့် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ကမ္ဘာဂြိုဟ်နှင့်အတူ နေကိုလှည့်ပတ်နေသော ဂြိုဟ်သိမ်တစ်ခုကို တွေ့ရှိခဲ့ကြောင်း အင်တာနက်သိပ္ပံသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

၃၀ ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ရေခဲထုကြီးများ အရည်ပျော်လာလျက်ရှိရာ ပြီးခဲ့သည့် ရာစုနှစ်အတွင်းတွင် ဂရင်းလန်ကျွန်းနှင့် အန္တာတိကနှစ်နေရာရှိ ကမ္ဘာ့တောင်ပေါ်ရေခဲမြစ်များနှင့် ရေခဲပြင်အများစုမှာ အရည်ပျော်လျက်ရှိသည့်အပြင် အာဖရိကတိုက်ရှိ ကီလီမန်ဂျာရိတောင်ပေါ်မှ ရေခဲမြစ်အရည်ပျော်မှုမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဤနှုန်းအတိုင်းသာဆိုလျှင် လာမည့် ဆယ်စုနှစ်အတွင်း ရေခဲမြစ်များ ပျောက်ကွယ်ပြီး ကမ္ဘာဆိပ်ကမ်းမြို့ကြီးများ ရေလွှမ်းခံရမည့် အလားအလာရှိနေကြောင်း အမေရိကန် သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

၃၁ မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာဟွာပြည်နယ်တွင် ဒေသခံ ၁၅၀၀ အား သတ်ဖြတ်ရန် အမိန့်ပေးစေခိုင်းခဲ့သူဟု သံသယရှိသည့် မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဂျိုအင်နိုတိုနီရိအေကော်စတာ ဟာနန်ဒက်ဇ်ကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းသည် အသက် ၃၃ နှစ်အရွယ်ရှိပြီး ချူဒက်ဂျူရာရက်ဇ်မြို့ရှိ မူးယစ်ဂိုဏ်းများ၌ အဓိကအကျဆုံး ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည်။

သြဂုတ်လ

၂ တောင်ကိုရီးယားနိုင်ငံသည် ကြိုတင်သတိပေးမှုနှင့် ကင်းလှည့်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘိုးအင်းကုမ္ပဏီမှ စာချုပ်ဝယ်ယူထားသော ငြိမ်းချမ်းရေး မျက်လုံးဟု အမည်ရသည့် ပထမဆုံး ဘိုးအင်း-၇၃၇ လေယာဉ်တစ်စင်းကို လက်ခံရရှိကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ကုလသမဂ္ဂက ထုတ်ပြန်ထားသော အစီရင်ခံစာသစ်တွင် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာလူဦးရေသည် သန်းခုနစ်ထောင်အထိရှိလာနိုင်ပြီး ၂၁၀၀ ခုနှစ်အရောက်တွင် သန်းတစ်သောင်းအထိ ရောက်ရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။

၄ နဝမအကြိမ်မြောက် အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးကို နေပြည်တော်၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်တက်ရောက် အမှာစကားပြောကြားသည်။

တာပိန်ရေအားလျှပ်စစ်မာတ်အားပေးစက်ရုံမှ မိုးမောက်သို့ ထွက်ခွာလာသည့်ကားတစ်စီးအား KIA အဖွဲ့က လက်နက်ဖြင့်ပစ်ခတ်သဖြင့် လူခုနစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်။

၅ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် အလုပ်သမားဝန်ကြီးဌာန၏ e-Government အသုံးချကွန်ပျူတာသင်တန်းဆင်းပွဲသို့ အမှာစကားပြောကြားသည်။

၇ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူ ရဦးတင်အောင်မြင့် ဦးသည် ဘားအံမြို့နယ်အတွင်းရှိ အမှတ် (၁) ဘိလပ်မြေစက်ရုံ (တန် ၉၀၀) နှင့် အမှတ် (၂) ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀) တို့၏ တိုးမြှင့်ထုတ်လုပ်နိုင်

ရေးအတွက် စက်တပ်ဆင်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၈ (၄၄) နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် အာဆီယံအလံ စတင်လွှင့်ထူခြင်းအခမ်းအနားများကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဌ ကျင်းပသည်။

၉ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

၁၂ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်သည် ရန်ကုန်မြို့စိမ်းလဲ့ကန်သာ အစိုးရဇည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၅၀ အထိ တွေ့ဆုံဆွေးနွေးသည်။

၁၅ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်၏ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို အားပေးသည့်အနေဖြင့် ပြည်ပပို့ကုန်အမျိုးအစားများဖြစ်သည့်ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို၊ ရေငန်ထွက် ရေ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်

ထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ (ကန့်သတ်ကုန်ပစ္စည်းများမှအပ) ပြည်ပပို့ကုန်ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့်ကုန်သွယ် လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) အရ ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁) ကို ၂၀၁၁ ခုနှစ် သြဂုတ်လ ၁၁ ရက် ရက်စွဲဖြင့် ထုတ် ပြန်ကြေညာသည်။

ကမ္ဘာ့အကြီးဆုံးနေစွမ်းအင်သုံး ရေယာဉ်သည် တရုတ်နိုင်ငံ တောင်ပိုင်းဟောင်ကောင်သို့ ဆိုက်ရောက်လာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မီးဖိုခန်းအတွင်း ချွေးကလီးယား ဓာတ်ပေါင်းဖိုတစ်လုံးပြုလုပ်ရန် ကြိုးစားခဲ့သည့်ဆွီဒင်နိုင်ငံသားတစ်ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဆွီဒင်အာဏာပိုင်များက ပြောကြားသည်။

၁၇ နေပြည်တော် ဇမ္ဗူသီရိမြို့ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့်စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်းအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

၁၈ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ခြင်း ကြေညာချက်အမှတ် (၁/၂၀၁၁) ကို ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံးက (၅-၆-၂၀၀၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၂၀၀၆) ၏ အပိုဒ် ၄ တွင် ထုတ်ပြန် ပြဋ္ဌာန်းချက်အရ ပုဂ္ဂလိက လက်ခစားလုပ်ငန်း (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်

သော လုပ်ငန်းမှ နိုင်ငံခြားငွေရရှိမှု အပေါ် ရရှိသည့်နိုင်ငံခြားငွေအမျိုး အစားဖြင့် ပေးဆောင်စေသည့် ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းအစား ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့သတ်မှတ် ကြောင်းအမိန့်ကြော်ငြာစာ ထုတ်ပြန် သည်။ ၎င်းအမိန့်ကြော်ငြာစာသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်အထိ (၆) လ အကျိုးသက် ရောက်စေမည်ဖြစ်သည်။

၁၉ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲ မှုဆိုင်ရာအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

နေပြည်တော် ဥဒယရံသီ ကုန်းတော်ပြင်၌ တည်ထားကိုး ကွယ်မည့် သတ္တာသတ္တဟစေတီ တော် ရတနာပန္နက်တော်တင် တွင်း တော်ဝန်းမဟာမင်္ဂလာနှင့် မဟာ ဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း မင်္ဂလာ အခမ်းအနားကို အဆိုပါကုန်းတော် ပြင်၌ ကျင်းပရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်သည်။

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ညနေ ၄ နာရီတွင် သမ္မတအိမ်တော်ရှိ နိုင်ငံတော် သမ္မတ၏ရုံးခန်း၌ ဒေါ်အောင်ဆန်း စုကြည်အား လက်ခံတွေ့ဆုံသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ဖေသက်ခင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Kim Hae-Yong သည် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက် မြန်မာပြည်) ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံ၍ မြန်မာ–ကိုရီးယားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် အရ ICT နည်းပညာ အသုံးပြု၍ အဆင့်မြင့်မော်လီကျူးနှင့် နိုင်ငံ တကာဆက်သွယ်ရေးနည်းပညာဆိုင် ရာ သင်တန်းခေါ်ယူခြင်းကိစ္စရပ်များ၊ ကျွမ်းကျင်ပညာရှင်များ လာရောက် သင်တန်းပို့ချရန်ကိစ္စရပ်များနှင့် သင်တန်းသားများ ပညာသင်စေလွှတ် ရန် ကိစ္စရပ်များကိုဆွေးနွေးခဲ့သည်။

၂၀ SSA (ရွှက်ဆစ်) အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်မှု ကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့နယ်ခွဲ၌ အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးသွား သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ချင်းရွှေဟော်မြို့နယ်ခွဲရှိ နမ့်တိန် ချောင်းကူးညီနောင်တံတားသည် သောင်းကျန်းသူများ၏ မိုင်းဖောက် ခွဲမှုကြောင့် ချို့ယွင်းပျက်စီးသွားခဲ့ သည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲ ရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက် လက်ကျင်းပရာ စာတမ်းရှင်များက စာတမ်း ၁၆ စောင် ဖတ်ကြား တင်သွင်းကြသည်။

၂၁ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲ ရေးဆိုင်ရာအမျိုးသားအဆင့် အလုပ် ရုံဆွေးနွေးပွဲ တတိယနေ့ကို ကျင်းပ သည်။

၂၂ လူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်း သူ မစ္စတာသောမတ်အိုဟေးကွင် တားနားနှင့် အဖွဲ့သည် နံနက်ပိုင်း တွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်အားလည်းကောင်း၊ အလုပ် သမားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကြည်အားလည်း ကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ် လှမင်းအားလည်းကောင်းတွေ့ဆုံ သည်။ မစ္စတာသောမတ်အိုဟေး ကွင်တားနားနှင့်အဖွဲ့သည် ညနေ ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များဖြစ်သည့် ဦးကိုကိုလိုင်၊ ဦးစစ်အေး၊ ဦးဆက် အောင်နှင့် ဦးနေဇင်လတ်တို့အား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပကတိဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ လူ့အခွင့်အရေးဆိုင် ရာတိုးတက်မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

၂၃ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ တင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။ မစ္စတာသောမတ်အို ဟေးကွင်တားနားနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံ သွားရောက်တွေ့ဆုံသည်။

လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့သည် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်း (၂၀၁၁) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့် ရုရှားသမ္မတ မက်ဗီဒက် အင်းစိန် အကျဉ်းထောင်၌ အကျဉ်းသားနှင့် အချုပ်သားခြောက်ဦးနှင့် အကျဉ်းသူတစ်ဦးကို တွေ့ဆုံ၍ အင်းစိန်အကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုသည်။ ညနေ ၃ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့အား ၎င်း၏နေအိမ်၌တွေ့ဆုံသည်။

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရောက်ရှိနေသောရုရှားနိုင်ငံမှ ပရိုဂရက်စ် M-1M အာကာသယာဉ်သည် ဩဂုတ်လ ၂၃ ရက်က နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်ထားမှုကို ဖြုတ်လိုက်ပြီး ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ ပြန်လည်ထွက်ခွာလာပြီဖြစ်ကြောင်း မော်စကိုမြို့အပြင်ဘက် အာကာသယာဉ်ခရီးစဉ် ထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်သည်။

ရုရှားသမ္မတမက်ဗီဒက်နှင့် တွေ့ဆုံခဲ့သော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီက ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည်စတင်ပါက မြောက်ကိုရီးယားသည် နျူးကလီးယားစမ်းသပ်မှုများကို ဓွန့်လွှတ်ရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်ဟု ရုရှားမီဒီယာများက ဖော်ပြသည်။

၂၅ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဧရာဝတီဧည့်ရိပ်မာန်၌ လက်ခံတွေ့ဆုံသည်။

၂၆ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များ ကော်မတီဥက္ကဋ္ဌ ရေတပ်ဦးစီးချုပ် Chairman, Chiefs of Staff Committee and Chief of Naval Staff Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပဲခူးတိုင်း

ဒေသကြီး တောင်ငူမြို့၏ အရှေ့ဘက် ၁၄ မိုင်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးသည်။

စက်တင်ဘာလ

၁ ကေအိုင်အေအဖွဲ့ ဗဟိုဌာနချုပ် လိုင်ဇာဌ် အစည်းအဝေးတစ်ရပ်ပြုလုပ်ရာမှ ငြိမ်းချမ်းရေးကို လိုလားသည့်ကေအိုင်အေ(ကချင်)စစ်မှုထမ်းဟောင်းအဖွဲ့နှင့် စစ်လိုလားသူ ကေအိုင်အေခေါင်းဆောင်များအကြား ပဋိပက္ခဖြစ်ပွားပြီး အချင်းချင်း အပြန်အလှန်ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး ကေအိုင်အေခေါင်းဆောင်တစ်ဦး ဒဏ်ရာရရှိသည်။

၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံသာသနာရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ်မစ္စတာ ရှူယွင်ကျယ် ဦးဆောင်သည့် ရှေ့ပြေးလေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်ထံသို့ လာရောက်တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်နိုင်ရန်အတွက် လိုအပ်သည့်အစီအမံများနှင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ကတ္တာအလိုက် ဆွေးနွေးညှိနှိုင်းသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော် ဒကွိဏသီရိမြို့နယ် ချိုင်းကျေးရွာ ဘိုနီကြီးကွင်းဟက်တာ ၂၀ စက်မှုလယ်ယာစနစ် မြေယာဖော်ထုတ်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

၄ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် ကယားပြည်နယ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၅ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် ကယားပြည်နယ် ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၆ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၁၁) ဖြင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Forestry) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry) အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နည်းပညာတက္ကသိုလ် (တောင်ကြီး) သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

၇ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပင်းတယမြို့ ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

၈ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်

ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ (MICC) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထိုင်းနိုင်ငံအခြေခံဥပဒေဆိုင်ရာ အထက်လွှတ်တော်အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Jittipot Viriyaroj နှင့်အဖွဲ့သည် ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်ထံသို့ နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံအချင်းချင်း ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

၉ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၁) သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့သည် နံနက် ၁၁ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ လာရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံအထက်လွှတ်တော်စွမ်းအင် ကော်မတီဥက္ကဋ္ဌ Mr. Suradet Jiratiticharoen နှင့် အဖွဲ့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ ညနေ ၃ နာရီတွင် လာရောက်တွေ့ဆုံ၍ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။


ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်အား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့သည် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

၁၀ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် နေပြည်တော်ရှိ ၎င်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည့် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအသိအမြင် တိုးမြှင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (AML/CFT Awareness Enhancing Workshop) သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၂ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့ဝင်များသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များထံသို့ လာရောက်တွေ့ဆုံသည်။

၁၃ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဘဏ္ဍာငွေရှာဖွေရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုချီးမြှင့်ပွဲကျင်းပရေးဆပ်ကော်မတီသို့ ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားကာ အလှူငွေများကို လက်ခံသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) မှ အရှေ့တောင်အာရှဒေသဆိုင်ရာညှိနှိုင်းရေးမှူး Mr.Jean Noel Wetterwald နှင့် မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Bhairaja Panday တို့သည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာထံသို့ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်



ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်

အမှတ်(၁) စည်ခန်းမ၌ လာရောက်တွေ့ဆုံသည်။


၁၄ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-o-Cha ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဓေယျာသီရိဗိမာန်စည်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံတပ်မတော်များ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်ကြားသဘောထားများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

၁၅ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ ၂၀၁၁ အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟို ကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဦးဆောင်သော ပါတီပေါင်းစုံမှ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းစာနယ်ဇင်းများမှ သတင်းထောက်များနှင့် ပြည်ပအခြေစိုက်သတင်းဌာနအချို့မှ သတင်းထောက်များအား လွှတ်တော်အဆောက်အအုံဧမွှေသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

၁၆ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation (CREC) ဥက္ကဋ္ဌ Mr. Zhao Deyi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံ မီးရထားလုပ်ငန်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းကို ဂျပန်နိုင်ငံ ဂျပန်စီးပွားရေးကော်မတီ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာ စီမံကိန်းဌာန ဥက္ကဋ္ဌ Mr.Takashi






မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနား၌ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အမှာစကားပြောကြားစဉ်

Fujino ဦးဆောင်သည့် ဂျပန်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင် ၁၈ ဦးက လာရောက်တွေ့ဆုံပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံမှ စက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် ချည်မျှင်နှင့်အထည်၊ ကြွေထည်မြေထည်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် မော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၁၇ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန "ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများကြောင့် ဧရာဝတီမြစ်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာ" ခေါင်းစဉ်ပါ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၃/၂၀၁၁)ကို ၎င်းဝန်ကြီးဌာန ရဲရွာခန်းမ၌ ကျင်းပသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ၂၀၁၅ ခုနှစ် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ (အမ်ဒီဂျီ) အောင်မြင်ရေးအတွက် ငွေကြေးပိုမိုထည့်ဝင်ပေးသွင်းကြရန် ကုလအဖွဲ့ဝင်နိုင်ငံများအား တိုက်တွန်းနှိုးဆော်လိုက်သည်။

၁၈ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်၌ ကလပ်စတာဗုံးများဆိုင်ရာ ညီလာခံကို လေးရက်ကြာ ကျင်းပ



ရေအားလျှပ်စစ်စီမံကိန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဦးစော်မင်းဆွေးနွေးစဉ်

လျက်ရှိရာ နိုင်ငံပေါင်း ၁၃၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ညီလာခံတက်ရောက်သူများက အစ္စရေးမှ ၂၀၀၆ ခုနှစ်တွင် လက်ဘနွန်နိုင်ငံအပေါ် ကလပ်စတာဗုံးများကြဲချမှုအပါအဝင် ကမ္ဘာတစ်ဝန်း ကလပ်စတာဗုံးများအသုံးချမှုကို ပြစ်တင်ရှုတ်ချကြသည်။ ၎င်းညီလာခံသည် ကလပ်စတာဗုံးများဆိုင်ရာ ကွန်ဗင်းရှင်း၏ ဒုတိယအကြိမ်ညီလာခံဖြစ်သည်။

ဤကွန်ဗင်းရှင်းက ကလပ်စတာဗုံးများသုံးစွဲမှု၊ ထုတ်လုပ်မှု၊ စုဆောင်းသိုလှောင်မှုနှင့် လွှဲပြောင်းပေးအပ်မှုတို့ကို တားမြစ်ထားသည်။

၁၉ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဘဏ် (ICBC) ဥက္ကဋ္ဌ Mr. Yang Kaisheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အီဂျစ်နိုင်ငံတွင် စစ်တပ်အနေနှင့် ရွေးကောက်ပွဲကျင်းပပေးမည့်နေ့ရက်ကို သေချာမကြေညာနိုင်သေးခြင်းနှင့် အရေးပေါ်အခြေအနေထုတ်ပြန်ခြင်း ဥပဒေသစ်ထုတ်ပြန်



အရေးပေါ်အခြေအနေထုတ်ပြန်ခြင်း ဥပဒေသစ်ကြောင့် ဆန္ဒပြနေကြသော အီဂျစ်ပြည်သူများ

ခြင်းတို့ကြောင့် အီဂျစ်ပြည် သူများက ဆန္ဒပြကြကြောင်း အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

၂၀ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဝင်များနှင့် မြန်မာနိုင်ငံအားကစား အဖွဲ့ချုပ်များမှ တာဝန်ရှိသူများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနဒ္ဒ တွေ့ဆုံအမှာစကား ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် နာယကာ ဦးခင်အောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ Peace Palace တတိယထပ် Nuon Srei အစည်းအဝေးခန်းမဒ္ဒ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ASEAN INTER-PARLIAMENTARY ASSEMBLY (AIPA) တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို လက်ခံခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားသည်။

၂၁ ပြည်ထောင်စုလွှတ်တော် နာယကာ ဦးခင်အောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဆမ်ဒက်ဟွန်ဆင်ကို ဖနွမ်းပင်မြို့ရှိ Peace Palace ဧည့်ခန်းမဒ္ဒ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေဒ္ဒ KNU/KNLA ဗြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ စောနန်းဦး ဦးစီးအင်အား ခြောက်ဦးတို့သည် အမ်-၁၆သုံးလက်၊ အေကေ-၄၇ တစ်လက်၊ အမ်-၂၂ တစ်လက်၊ ပိုင့်-၃၀ ကာဘိုင်တစ် လက်၊ ၉ မမ ပစ္စတိုတ်စ်လက် ကျည်မျိုးစုံ ၂၄၀ တောင့်နှင့် ကျည်အိမ်မျိုးစုံ ၁၀ ခုတို့ဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကြသည်။

၂၂ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)တို့အရ ချင်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ချင်းပြည်နယ်တွင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနကို ဖြည့်စွက်သတ်မှတ်ခြင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဂ)နှင့်(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့အရ ချင်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျင့်လျန်းပေါင်ကို လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(ဂ)နှင့်(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မ ခွဲ(ခ)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ချင်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြလာသည့် ဦးဌေးဆန်းအောင်ကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးခြင်းတို့ကို အမိန့်အမှတ် (၄၈/၂၀၁၁) ဖြင့် ထုတ်ပြန်ကြေညာသည်။

၂၃ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Hon. Mr. Zheng Silin ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ကို လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမဒ္ဒ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံလွှတ်တော်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကာ ဦးခင်အောင်မြင့်သည် ဖနွမ်းပင်မြို့ရှိ Peace Palace Nuon Srei Hall ဒ္ဒ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာအထွေထွေညီလာခံ ဒုတိယ

အောက်တိုဘာလ

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ခေတ်မီစံပြစက်မှုလယ်ယာ ဇကာ (၅၀၀) စိုက်ကွင်း ရှင်းလင်းဆောင်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် 'ဝ' အထူးဒေသ (၂) မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် လားရှိုးမြို့၌ နှစ်ဖက်တွေ့ဆုံ၍ ငြိမ်းချမ်းရေးကိစ္စများကို ပထမအကြိမ် ဆွေးနွေးကြသည်။

၂ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့်ပွဲတော် ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ဂေါပကအဖွဲ့နှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

၃ ကျပန်နိုင်ငံ အောက်လွတ်တော်အမတ် မစ္စတာ ရောတတခဲဒခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ပြင်ဆင်သည့်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေများကို ပြဋ္ဌာန်းသည်။

၂၀ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများသို့ တက်ရောက်နေကြသည့်လွှတ်တော် ဥက္ကဋ္ဌများထံ ကချင်ပြည်နယ်ရှိ မေခ၊ မလိခ မြစ်ညာမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဆုံစီမံကိန်း ၈ ခုကို မိမိတို့အစိုးရလက်ထက်တွင် တည်ဆောက်ခြင်းမပြုလုပ်စေဘဲ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာအစိုးရ ဧည့်ဂေဟာ၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ကို လာရောက် တွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ German Academic Exchange Service (GAES) ၏ပံ့ပိုးကူညီမှုဖြင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံကိုလုံးတက္ကသိုလ်နှင့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် Seminar of Forum Expert Network for Southeast Asia, Sustainable Urban Future ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ သင်္ဘောဟိုတယ်၌ ကျင်းပသည်။

အကြိမ် စုံညီအစည်းအဝေးသို့ တက်ရောက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၉/၂၀၁၁) ဖြင့် ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

၂၅ စစ်တောင်းတူးမြောင်း တံတားဖွင့်ပွဲအခမ်းအနားကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဆီးရီးယားသမ္မတ ဘာရှာအာဆတ်သည် ပြည်သူတို့၏လက်ချက်ဖြင့် မကြာမီဖြုတ်ချခံရတော့မည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် တာယစ်အာရိဒန်က စီအန်န်အန်န်နှင့် အင်တာဗျူးတွင် ထည့်သွင်းပြောကြားသည်။

၂၇ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် (၆၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အထွေထွေမူဝါဒရေးရာမိန့်ခွန်းပြောကြားသည်။

၂၉ ပြည်ထောင်စုလွှတ်တော်က အမြတ်ခွန်ဥပဒေကို ရပ်သိမ်းသည့်ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို

ရွက်သွားရေး၊ မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

၄ ဂျပန်နိုင်ငံ အောက်လွတ်တော် အမတ် မစ္စတာ ရောတတခဲဒခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဦးခင်အောင်မြင့်ထံသို့ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော သမိုင်းအစဉ်အလာရှိသည့် ဆက်ဆံရေးကို အခြေခံကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပြည်သူများအကြား ခင်မင်ရင်းနှီးမှုနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို ထိန်းသိမ်းရေး၊ နှစ်နိုင်ငံအကြား တည်ရှိခဲ့သည့် ထူးခြားပြီးနွေးထွေးသည့် ဆက်ဆံရေးကို ဆက်လက်ဖော်ဆောင်ရေး၊ လွှတ်တော်အချင်းချင်း ပိုမိုကူးလူးယှက်သွယ်၍ စီးပွားရေးနှင့်ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဒုတိယအကြိမ် မြောက် မြန်မာ-လာအို နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အမျိုးသားဒီမိုကရေစီ ပါတီသစ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ကြေညာချက်အမှတ် (၅၀/၂၀၁၁) ဖြင့် ထုတ်ပြန်ကြေညာသည်။

၅ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတရုံး ဆွေးနွေးပွဲခန်းမ၌လက်ခံ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရလျှင် ကြိုဆိုပါကြောင်း ထည့်သွင်းပြောကြားသည်။

၆ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့အစည်း (World Intellectual Property Organization-WIPO) တို့ပူးပေါင်းကျင်းပသည့် အနုပညာမူပိုင်ခွင့်၊ မူပိုင်ခွင့်ဆိုင်ရာ ဆက်နွယ်သော အခွင့်အရေးများကို အကာအကွယ်ပေးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် အထောက်အကူပြုမှုဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို ဝံသာနုဒီမိုကရက်တစ်ပါတီအမည်သို့ ပြောင်းလဲခွင့်ပြုကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၂/ ၂၀၁၁) ဖြင့် ထုတ်ပြန်ကြေညာသည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency-JICA) မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Masahiko TANAKA နှင့် စိုက်ပျိုးရေးဆိုင်ရာစီမံကိန်းအကြံပေးအရာရှိ Dr.Minoru Yoshida တို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လိုင်ထံသို့ လာရောက်တွေ့ဆုံပြီး လယ်ယာသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်များ၊ လယ်မြေများ နှစ်စဉ်ရေကြီးရေနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ရေးလုပ်ငန်းများတွင် JICA မှ ပူးပေါင်းပါဝင် အကူအညီပေးနိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံး နေစွမ်းအင်ထုတ်လုပ်မည့် တံတားကြီးကို လန်ဒန်မြို့အလယ်တွင် စတင်တည်ဆောက်နေပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

၇ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်းဟွာကို နေပြည်တော်ရှိလွတ်တော်အဆောက်အအုံပြည်သူ့လွတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးဖွင့်ပွဲကို သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမကြီး၌ ကျင်းပသည်။

၈ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကျောက်ဆည်ခရိုင်အတွင်း ရေဝင်ရောက်ခဲ့သော မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၉ ငြိမ်းချမ်းရေးအတွက် လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စောအယ်ထူးနှင့် စောအဲ့စေ့တို့ဦးဆောင်သည့်အဖွဲ့ဝင် ၁၅ ဦးအား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့နှင့် အထူးဒေသ (၄) ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့တို့သည် ကျိုင်းတုံမြို့၌ နှစ်ဖက်တွေ့ဆုံ၍ ငြိမ်းချမ်းရေးကိစ္စများကို ပထမအကြိမ် ဆွေးနွေးကြသည်။

၁၀ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ကျင်းပသည့် အာဆီယံ-တရုတ် (၁၀+၁) ယဉ်ကျေးမှုဝန်ကြီးများအစည်းအဆေးသို့ တက်ရောက်သည်။

၁၁ နိုင်ငံတော်အစိုးရက အမိန့်အမှတ် (၄၉/၂၀၁၁) ဖြင့် အကျဉ်းသား ၆၃၅၉ ဦးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄ (ခ) အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် ၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (ခရစ်သက္ကရာဇ် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်) မှစ၍ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို လွှတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်က အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြဋ္ဌာန်းသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ (၁၂) ကြိမ်မြောက် အာရှအနုပညာပွဲတော်ကျင်းပရေးကော်မတီမှ ဒါရိုက်တာချုပ် (၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားစီမံခန့်ခွဲမှု ဒါရိုက်တာချုပ်) မစ္စတာ ဟူကြွေ့ယင်ဦးဆောင်သည့် ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

၁၁-၁၂ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ Liyuan Resource Hotel ၌ ကျင်းပသည့် တရုတ်-အာဆီယံဒေသတွင်း လူဦးရေနှင့် မိသားစုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။

၁၂-၁၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

၁၃ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

မြန်မာနိုင်ငံတွင် နိဝင်ဘာလ၌ကျင်းပမည့် (၃၇) ကြိမ်မြောက်

အာဆီယံ- ဂျပန်စီးပွားရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို မြရိပ်ညိုဟိုတယ်၌ ကျင်းပသည်။

၁၄ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တက်ရောက်လာကြသည့် အကဲဖြတ်ပညာ ရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများကို ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဒီမိုကရက်တစ်မဟာမိတ်ပါတီနှင့် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီတို့ကို နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်းပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၄/ ၂၀၁၁) ဖြင့် ထုတ်ပြန်သည်။

၁၅ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

၁၇ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းမိသားစုတို့သည် ရေဆင်းတက္ကသိုလ်များနယ်မြေ၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း ဇာတ်တော်ကြီး



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း

ပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်မှုကိုကြည့်ရှုအားပေးကြသည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေးလုပ်ငန်းကော်မတီ၏ (၁/ ၂၀၁၁) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

၁၈ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် ၈၊ ၉၊ ၁၀ တို့ဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ပြဋ္ဌာန်းသည်။

၁၈-၂၀ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်း ဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံအစိုးရနိုင်ငံဝန်ထမ်းဆိုင်ရာဌာန၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံမလက္ကာမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်းများ၏ ပင်မအစည်းအဝေးနှင့် နည်းပညာအစည်းအဝေးသို့ အာဆီယံနိုင်ငံဝန်ထမ်းဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်သည်။

၁၉-၂၀ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်သော မုန်တိုင်းငယ်သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဘင်္ဂလားဒေ့ရှ်

နိုင်ငံကော့ဇာမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီး အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့သောကြောင့် အိန္ဒိယ-မြန်မာ (ချင်းပြည်နယ်) နယ်စပ်အနီးတွင် လေဖိအားနဲ့ရပ်ဝန်းအဖြစ် ဆက်လက်တည်ရှိခဲ့သည်။ ယင်းမုန်တိုင်းငယ်၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ထီးလင်း၊ ဆောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တို့တွင် လမ်းတံတားနှင့်အဆောက်အအုံအချို့ပျက်စီးခဲ့သည်။

ထို့ပြင် ပခုက္ကူခရိုင်အတွင်း မိုးရေချိန် ၄ ဒသမ ၇၆ လက်မ အထိရွာသွန်းခဲ့မှုကြောင့် မြိုင်မြို့နယ်ရှိ မန်ကျီးစုဆည် ပျက်စီး၍ ရွှေချောင်း တံတားအပါအဝင် တံတား ၆ စင်း ပျက်စီးပြီး ရွှေချောင်း ချောင်းရေစီး ရေလျှံမှုကြောင့် ပခုက္ကူ၊ ပေါက်၊ မြိုင်နှင့် ဆိပ်ဖြူမြို့နယ် အပါအဝင် ပခုက္ကူခရိုင်တွင် ချောင်းရေဖြင့် မျောပါပြီး သေဆုံးသူ စုစုပေါင်း ၁၆ ဦးရှိပြီး ရေဘေးသင့် အိမ်ခြေပေါင်း ၂၄၃၈ ရှိကြောင်း နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

လစ်ဗျားနိုင်ငံသမ္မတ မွမ်မာ ကဒါဖီသည် လစ်ဗျားအသွင်ကူးပြောင်းရေးကောင်စီဝင်များ၏ လက်ချက်ဖြင့် ကဒါဖီ၏ ဇာတိမြို့တွင် ကွယ်လွန်သည်။


၂၂ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၄) တည်ဆောက်ရေးမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ၆ မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

၂၃ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ တိလောကရာမကျောင်းတိုက်တွင် ကျင်းပသည့် ပခုက္ကူခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

၂၅ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့ တိလောကရာမကျောင်းတိုက်တွင် ကျင်းပသည့် ပခုက္ကူခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ရေဘေးသင့်ပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာဟင်းကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးပြည်တွင်းထုတ် နေစွမ်းအင်သုံးမော်တော်ယာဉ်တစ်စီးကို ဟိုချီမင်းမြို့တောင်ပိုင်း၌ ထုတ်ဖော်ပြသခဲ့ကြောင်း ဗီယက်နမ်သတင်းဌာနကသတင်းထုတ်ပြန်သည်။



ရေစီးအရှိန်ကြောင့် နှစ်ပိုင်းကျိုးပြတ်သွားသော ရွှေချောင်းတံတား

နိဒါန်း

၁ ဒုတိယသမ္မတ သီဟသူရဉီးတင်အောင်မြင့်ဉီးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစွတာ ဗီဂျေနမ်ဘီးယားဉီးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာန၌ကျင်းပသော တရုတ်မဿန်စွမ်းအနုပညာရှင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက်ကြည့်ရှုအား ပေးသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျင့်၌ အင်အား ရစ်ချိတာစကေး ၆ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ရာ လူပေါင်း ၂၅၅၀၀၀ ခန့် ငလျင်ဒဏ်ကြုံတွေ့ရမှုယ်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လစ်ဗျာအာဏာကူးပြောင်းရေးအစိုးရသစ်သည် နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ်နှင့် နိုင်ငံကိုဉီးဆောင်ရန် အမေရိကန်ပြန်ပညာတတ် အင်ဂျင်နီယာတစ်ဉီးဖြစ်သူ အဗ္ဗဒူဝါရာဟင် အယ်လ်ကိတ်အား ရွေးချယ်လိုက်သည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

၁၂-၂၇ ဒုတိယသမ္မတ သီဟသူရဉီးတင်အောင်မြင့်ဉီးသည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၈) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

၂၉ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဉီးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E.Dr.R.M.Marty M. Natalegawa ဉီးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်လေဆိပ်နှင့် ဥပဓါတသန္တိစေတီတော်တို့၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အားပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်၍ သတင်းထောက်များ၏ မေးခွန်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

၃၀ ပြည်ထောင်စုဝန်ကြီး ဉီးကျော်ဆန်းသည် ရန်ကုန်မြို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့အစည်းအဆေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆဋ္ဌမအကြိမ် အခြေခံပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ပညာရည်ချွန်ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်သည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ အထွေထွေညီလာခံသည် ပါလက်စတိုင်းဒေသအား တင်းပြည့် အဖွဲ့ဝင်နေရာပေးသင့် မပေးသင့်ကို မဲခွဲဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပါရီမှလာသော သတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယား၏ နန်းစွန့်ဘုရင် သီဟာနုပြည်နှင်ဒဏ်ခံရပြီးနောက် ဌာနေနိုင်ငံတော်သို့ ပြန်လည်ရောက်ရှိသည့် နှစ်(၂၀) ပြည့်အထိမ်းအမှတ်နှင့် ၎င်း၏ ၈၉ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို တော်ဝင်ဘုရင့် နန်းတော်ရှေ့တွင် ကျင်းပရာ သီဟာနု၏ သားတော် လက်ရှိကမ္ဘောဒီးယားနိုင်ငံဘုရင် နိရိဒမ်သီဟာမိုနီ တက်ရောက်သည်။

၂ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစား အဖွဲ့.များအား အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဒွီတွေ့.ဆုံ၍အမှာစကားပြောကြားပြီး နိုင်ငံတော်အလံကို အပ်နှင်းသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့.ဝင်များအနေဖြင့် ကိုယ့်နိုင်ငံကို ကာကွယ်နိုင်စွမ်းရှိကြောင်းပြသရန်အတွက် အီရတ်အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့.ဝင်များကို အားပေးထောက်ခံပွဲကျင်းပရန် ပြည်သူအများ ဘဂ္ဂဒက်မြို့.တော်တွင် စုရုံးလိုက်ကြောင်း ပရက်စ်တီဗီသတင်းတွင် ဖော်ပြသည်။

၂-၃ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂဝမ်မြို့.၌ ကျင်းပသော (၇) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသ ဖွံ့.ဖြိုးရေးနှင့် ဆင်းရဲမွဲလျော့ချရေးဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။

၃ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အဖွဲ့.ဝင်များလိုက်ပါလျက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာဝတီဘေလုံး အကယ်ဒမီဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ယင်းနောက် ပုသိမ်မြို့.မြန်မာနိုင်ငံ ဆရာဝန်အသင်း(ပုသိမ်)ခန်းမ၌ကျင်းပသော အဋ္ဌမအကြိမ် ဆရာဝန်ညီလာခံနှင့် ဆေး၊ ဆေးပစ္စည်းပြပွဲ၊ ပုသိမ်အထွေထွေရောဂါကုသရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမဟာပါသာဏလိုဏ်ဂူတော်သို့ သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံမြို့.သစ်ဆိပ်ကမ်းမြို့.နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့.ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့် ဒဂုံတက္ကသိုလ်တို့.သို့ သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

၄ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် လမ်းမတော်မြို့.နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)အဆောက်အအုံကို ခုတင် (၅၀၀)ဆံ့ ဆေးရုံကြီးအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှု၊ လသာမြို့.နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး



သတင်းစာရှင်းလင်းပွဲတစ်ခုတွင်တွေ့.ရသော ထိုင်းဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ်

ဆေးရုံကြီးသို့ လူနာတင်ယာဉ်နှင့် SKY NET ရုပ်သံပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်အား ပေးချီးမြှင့်သည်။

ကရင်ပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကလို့ထူးဘောတပ်ဖွဲ့ (ယခင်DKBA)တို့သည် ဘားအံမြို့.၌ နှစ်ဦးနှစ်ဖက်တွေ့.ဆုံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကြပြီး ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ပဏာမငြိမ်းချမ်းရေးသဘောတူညီချက် ၅ ချက်ကို လက်မှတ်ရေးထိုးကြသည်။

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်၌ ရေကြီးမှုကြုံတွေ့.လျက် ရှိရာ ဒွန်မောင်းလေဆိပ်အပါအဝင် မြို့၏ ငါးပုံတစ်ပုံမှာ ရေအောက်သို့ရောက်ရှိနေပြီး နိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် သေဆုံးသူ ၄၃၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများ၏ ပြောကြားချက်ကို အင်တာနက်က ကိုးကားဖော်ပြသည်။

၆ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ကြိုဆိုပင့်ဆောင်ခြင်း မဟာဗျူဟာ အခမ်းအနားကို နေပြည်တော်လေဆိပ်၌ ကျင်းပရာ ဒုတိယသမ္မတ ဆေက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့ ဖူးမြော်ကြည်ညိုကြသည်။

ယင်း ည ၇ နာရီခွဲတွင် ဒုတိယသမ္မတ ဆေက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဉ်သနာရေးဗျူရိုဝန်ကြီး H.E.Mr. Wang Zuo An ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဥပဓါတသန့်စင်စေတီတော်အရှေ့ဘက် လိဏ်အတွင်းသို့ ပင့်ဆောင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မွန်းလွဲပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက် ဖူးမြော်ကြည်ညိုကြသည်။

၈ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ၏ ပဋ္ဌမမြောက်ရင်ချင်းဆက်အမြွာ မအင်ကြင်းခိုင်နှင့် မအင်ကြင်းလိုင်တို့အား ရန်ကုန်ကလေးဆေးရုံကြီး၌ အောင်မြင်စွာခွဲစိတ်ကုသနိုင်သည်။

၉ တရုတ်နိုင်ငံ၏ အင်္ဂါကြိုဟ်လေ့လာရေး ယင်ဂူး-၁ အာကာသယာဉ်ကို ကာဇက်စတန်ရှိ ဘိုင်တိုနောရှာ အာကာသစခန်းမှ လွှတ်တင်လိုက်ပြီး အင်္ဂါကြိုဟ်၏ အရံကြိုဟ် (လနှစ်စင်း) အနက် မိုးဘို့စ်ကိုလေ့လာမည်ဖြစ်ကြောင်း တရုတ်အာဏာပိုင်တို့က ထုတ်ပြန်ကြေညာသည်။

၁၀ တန်ဆောင်မုန်းလပြည့် (သာမည ဖလအခါတော်နေ့) သည် ဗုဒ္ဓသာသနာသမိုင်း၌ ထူးကဲစွာပေါ်ပေါက်ခဲ့သော သာမညဖလ သုတ်တော်ကြီးကို ဗုဒ္ဓဘုရားရှင်က ဟောကြားတော်မူခဲ့သည့်နေ့ဖြစ်သဖြင့် မြန်မာနိုင်ငံတစ်ဝန်း သာမညဖလအခါတော်ပွဲ၊ မီးထွန်းပွဲ၊ စုပေါင်းဘုံကထိန်အလှူပွဲများ ကျင်းပသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ရေလွှမ်းသဖြင့် ပြည်သူ ၃၀၀၀၀ ခန့် နေအိမ်များကို စွန့်ခွာပြောင်းရွှေ့နေထိုင်ကြရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

၁၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မ တနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်းမြူနီစီပယ်ကော်မတီအတွင်းရေးမှူး H.E.Mr.Liu Q ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသလျက်ရှိ သည့် Enterprise India Show 2011 ပြပွဲကို သွားရောက်ကြည့်ရှုအားပေးသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပမည့် ၁၈ နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်အပေါ် အမေရိကန်၊ ဂျပန်တို့နှင့် ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် ကျင်းပသည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ရွှေတံဆိပ်ဆုကို မြားပစ်အားကစားမယ် အောင်ဌိမ်းက စတင်ဆွတ်ခူးပေးလိုက်သည်။

၁၂ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အကျဉ်းကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ထပ်မံလွတ်ပေးနိုင်ပါရန်နှင့် လွတ်ငြိမ်းချမ်းသာခွင့်တွင် ထည့်သွင်းမပေးနိုင်သေးသူများကိုလည်း မိသားစုနှင့်တွေ့ဆုံရန် လွယ်ကူသည့် အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးရန် မေတ္တာရပ်ခံတင်ပြသည့် အိတ်ဖွင့်စာကိုပေးပို့သည်။

အီဂျစ်သမ္မတ မူဘာရက်အား ဖမ်းဆီးပြီးနောက် အီဂျစ်နိုင်ငံမှ အစ္စရေးနှင့်ဂျော်ဒန်နိုင်ငံများသို့ ဓာတ်ငွေ့ပို့သည့် ပိုက်လိုင်းတစ်လိုင်းမှာ ခြောက်ကြိမ်မြောက်ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရပြီး ဓာတ်ငွေ့ရောင်းချမှုကို မလိုလားသည့်အုပ်စု၏လက်ချက်ဖြစ်နိုင်ကြောင်း လုံခြုံရေးအသိုင်းအဝိုင်းက ပြောကြားသည်။

၁၄ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် Mr.Nguyen Tan Dung အား ဟနွိုင်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့သွားရောက်တွေ့ဆုံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

၁၄ ကွန်ဂိုနိုင်ငံရှိ ညာမူလာဂျိရာမီးတောင်သည် နှစ်ပေါင်း တစ်ရာအတွင်း အကြီးမားဆုံး ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်ခဲ့သော်လည်း မီးတောင်အနီးရှိ ဂိုဟာမြို့ အတွက် စိုးရိမ်ဖွယ်မရှိသေးကြောင်း အကဲဖြတ်ပညာရှင်များက ပြောကြားသည်။

၁၅ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန ဝန်ကြီး H.E.Mr. Andrew John Bower Mitchell အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ



အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိဘန်ဘန်းယူဒိုရိုနိုကနိုင်ငံတော်သမ္မတဦးသိန်းစိန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

၁၆ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသည်။

၁၇–၂၀ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), NUsa Dua 5 ခန်းမ၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အခြားသောအစည်းအဝေးများသို့ တက်ရောက်သည်။

၁၉ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအစည်းအဝေးများသို့ သတင်းရယူလျက်ရှိသည့် ပြည်တွင်းပြည်ပမှ မြန်မာသတင်းထောက်များအား Nikko Baliဟိုတယ်တွင် လက်ခံတွေ့ဆုံပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

၂၁ ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ၂၀၁၁ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂ ဖြင့် ရပ်သိမ်းသည့် ဥပဒေကို နိုင်ငံတော်သမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လက်မှတ်ရေးထိုးပြဋ္ဌာန်းသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (ညောင်တုန်း)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အား ပေးချီးမြှင့်ပြီး အမှာစကားပြောကြားကာ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

၂၃ အီရတ်နိုင်ငံအတွင်း ကျူးလွန်သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရနှင့် အမေရိကန်တပ်ဖွဲ့ဝင်များအား အရပ်သား ၃၀၀၀ ကျော်တို့က တရားစွဲဆိုထားကြောင်း ရာဇက်အယ်အဘာဒီဂေါ အီရတ်ရှေ့နေများအဖွဲ့က ကြေညာသည်။

၂၄–၂၉ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာဝင်တို့၏ အစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အသောကဟိုတယ်တွင် ၃ ရက်တိုင် ကျင်းပရာ နိုင်ငံပေါင်း ၄၇ နိုင်ငံမှ ကိုယ်စားလှယ်တော်များနှင့် လေ့လာသူပေါင်း ၅၀၀ ခန့် တက်ရောက်ကြသည်။

၂၇ ဒုတိယသမ္မတ သိဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အမှတ် (၂၀) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား အောင်သီရိဖောင်ဒေးရှင်းက ပညာရေးအထောက်အပံ့များ၊ ပညာသင် ဆုများပေးအပ်ချီးမြှင့်ခြင်း အခမ်းအနား၌ ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ဆက်လက်၍ နေပြည်တော်တပ်ကုန်းမြို့နယ်ရွှေမြို့အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ကျင်းပ သည့် Original Group Co.,Ltd.က ပြုပြင်မွမ်းမံ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်များလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့လည်းကောင်း တက်ရောက်ချီးမြှင့်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နေပြည်တော်တပ်ကုန်းမြို့နယ်ရှိ ခုတင် (၁၀၀)ဆံ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ဆေးရုံသစ်ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွေးနုံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဒီဇင်ဘာလ



နိုင်ငံတော်သမ္မတဦးသိန်းစိန်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်ကို လက်ခံတွေ့ဆုံစဉ်

၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စစ်ဟီလာရီကလင်တန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်အစိုးရ၏ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားဌာနမှ သတင်းထောက်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ (၈၄) နှစ်မြောက် ရက်မြတ်မွေးနေ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံလျက်ရှိသော ထိုင်းနိုင်ငံသား ရှစ်ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

၂ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မိခေးလ်ဗွီမိယာစည်ကို ဗစ်ချ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သမ္မတအိမ်တော်သံတမန်ဆောင် ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်အစိုးရက ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လှည်ခွင့်ဆိုင်ရာ ဥပဒေကို ထုတ်ပြန်ကြေညာသည်။ ပြည်ထောင်စုလွှတ်တော်က ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကို ပြဋ္ဌာန်းသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် RCSS /SSA ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် ရှမ်းပြည်နယ်တောင်ကြီးဟိုတယ်၌ ပဏာမသဘောတူညီချက်လက်မှတ်ရေးထိုးသည်။

၃ ပထမအကြိမ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ စီးပွားရေးဖိုရမ်ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ဒုတိယသမ္မတသီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဘယ်လာရုစ်ဝန်ကြီးချုပ် ဒေါက်တာမီခေးလ်ဗွီမီယာစည်တို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

၄ ဗြိတိန်ဘုရင့်လေတပ်မတော်၏ တိုက်ပွန်းအမျိုးအစား ဂျက်တိုက်လေယာဉ် စင်းရေထက်ဝက်မျှသည့် စစ်ဘက်ကအပိုပစ္စည်းထောက်ပံ့ပေးနိုင်ခြင်းမရှိသောကြောင့် ပျံသန်းမှုများရပ်ထားရကြောင်းသတင်းများက ဖော်ပြသည်။

၅ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အတွက် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိသည်။

၆ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်

ရှိတ်ဟာဆီနာအား နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နေပြည်တော်ရှိ သမ္မတအိမ်တော်ဥပစာ မြက်ခင်းပြင်၌ ကျင်းပသည်။

ရုရှားနိုင်ငံ၌ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ဗလာဒီမာပူတင်၏ အာဏာရပါတီသည် အမတ်နေရာအများစုကို ရယူနိုင်စွမ်းမရှိသဖြင့် သမ္မတရွေးကောက်ပွဲ၌ပါဝင်ယှဉ်ပြိုင်မည့်ဂုဏ်အနေဖြင့် နိုင်ငံရေးအရ ထိုးနှက်ခံရမှုတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ရေးသားဖော်ပြသည်။

၇ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန၌ကျင်းပသော (၁၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံဖွင့်ပွဲသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်မိန့်ခွန်းပြောကြားသည်။

ပုလဲဆိပ်ကမ်းဗုံးကြဲတိုက်ခိုက်ခံရမှု နှစ် (၇၀) ပြည့်အခမ်းအနားကို အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့နှင့် ပုလဲဆိပ်ကမ်းတို့၌ကျင်းပသည်။

၈ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပသော (၁၁) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

၉ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်စစ် ရေးပြကွင်း၌ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

တရုတ်နှင့်အမေရိကန် ကာကွယ်ရေးတာဝန်ရှိသူများ၏ စစ်ဘက်ဆိုင်ရာဆွေးနွေးပွဲကို မြို့တော်ပေကျင်း၌ ကျင်းပကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၀ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က နိုင်ငံတကာ လူ့အခွင့်အရေးနေ့တွင် အပိုဒ် ၈ ပိုဒ်ပါသော သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ရှိ နေတိုးနှင့်အမေရိကန်တပ်ဖွဲ့များ၏ ထောက်ပံ့ရေးလမ်းကြောင်းများကို ပါကစ္စတန်အစိုးရက ပိတ်ထားသဖြင့် ထရပ်ကားမောင်းသူများစွာသည် ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်၌ သောင်တင်လျက်ရှိနေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ပါလက်စတိုင်းပြည်သူများဟူသည် အမည်အားဖြင့် ဖန်တီးထားခြင်းမျှသာဖြစ်ကြောင်း ပြောကြားခဲ့သည့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း နယူးဂျင်ရိုက်ချ်ကို ပါလက်စတိုင်းဝန်ကြီးချုပ်က ဝေဖန်ရှုတ်ချလိုက်ပြီး အထက်ပါမှတ်ချက်စကားအတွက် ပြန်လည်တောင်းပန်ရန် တောင်းဆိုလိုက်သည်။

၁၁ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော အဂတိလိုက်စားမှုပြဿနာသည် ပြည်ပနိုင်ငံသားများကြောင့် ပိုမိုဆိုးရွားနေကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းကပြောကြားသည်။

၁၂ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် ကာကွယ်ရေးဦးစီး ချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းနှင့် ဇနီးဦးဆောင်သော မြန်မာတပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

၂၀၁၂ ခုနှစ် မတ်လ ရုရှားသမ္မတရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီသစ်တစ်ခုဖွဲ့စည်း၍ သမ္မတ

ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ရုရှားကုန်ကြွေကြွယ်သူဌေး မီခေးလ်ပရိုခိုရော့ဗ်က ထုတ်ဖော်ပြောကြားသည်။

တောင်ပိုင်းဆူဒန်နိုင်ငံနှင့် ပင်မဆူဒန်နိုင်ငံတို့သည် နယ်စပ်မျဉ်းတစ်လျှောက် တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ထိုအတိုင်းဆက်သွားပါက နှစ်နိုင်ငံသည် တစ်ကျော့ပြန်စစ်ပွဲကိုပင် ထပ်မံဆင်နွှဲရဖွယ်ရှိကြောင်း တောင်ပိုင်းဆူဒန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး နီယယ်ဒန်ကပြောကြားသည်ဟု အေပီသတင်းကဖော်ပြသည်။

၁၃ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. K.Shanmugam ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်သည်။

ကနေဒါနိုင်ငံသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုစာချုပ်မှ တရားဝင်နုတ်ထွက်သည့် ပထမဆုံးသောနိုင်ငံဖြစ်လာကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး

၁၄ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့်လုံခြုံရေးရာအကြီးအကဲ မစ္စစ်ကက်သရင်း အက်ရ်တန်၏အကြံပေး ပုဂ္ဂိုလ် Mr.Robert Cooper အား သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


အာဖဂန်နစ္စတန်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များ ပိုမိုအင်အား ခိုင်မာတောင့်တင်းလာစေရေးအတွက် အီရန်နိုင်ငံက အကူအညီပေးရန်လိုလားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက်ဗာဟီဒီက ပြောကြားသည်။

၁၅ အီရတ်နိုင်ငံ၌ အမေရိကန်၏စစ်ရေးမစ်ရှင်လုပ်ငန်းပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနားကို မြို့တော်ဘဂ္ဂဒတ်၌ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ထုတ်ပြန်သည်။

၁၆ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် China Power Investment ကုမ္ပဏီဥက္ကဋ္ဌ Mr.Lu Qizhou အား သမ္မတအိမ်တော် သံတမန်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်တွင်းဂျာနယ်သတင်းထောက်များအား ရွေးကောက်ပွဲကော်မရှင်ရုံးခုံရုံးခန်းမ၌ လက်ခံတွေ့ဆုံရာ ၂၀၁၂ ခုနှစ်တွင်ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲကို တရားမျှတစွာကျင်းပပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အိန္ဒိယနိုင်ငံမှ ကျောင်းသူလေးတစ်ဦးသည် အရပ်အမြင့် နှစ်ပေသီသီကျော်ရုံကလေးဖြင့် ကမ္ဘာ့အရပ်အပုဆုံးသက်ရှိ အမျိုးသမီးအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းတွင် အတည်ပြုသည်။



ကုလသမဂ္ဂဌာနချုပ်တွင် လွှင့်တင်ထားသော တောင်ပိုင်းဆူဒန်နိုင်ငံ၏အလံ

၁၇ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အိန္ဒိယကို တွေ့ရှိခြင်း စာအုပ်ဖြင့် အမျိုးသားစာပေဆုရ ဘိုးလှိုင်အား ဆုချီးမြှင့်စဉ်

ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်ဆောင်းသင်တန်း အမှတ်စဉ် (၁၄) သင်တန်းဆင်းဂုဏ် ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၁၈ အီရတ်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအစီအစဉ်အရ နောက်ဆုံးအသုတ် အမေရိကန်တပ်ဖွဲ့ဝင်များအား တင်ဆောင်ထားသည့် ယာဉ်တန်းသည် အီရတ်နိုင်ငံအတွင်းမှ ထွက်ခွာသွားမည်ဖြစ်ရာ ကိုးနှစ်နီးပါးမျှ ကြာညောင်းခဲ့သော အီရတ်စစ်ပွဲအဆုံးသတ်ခဲ့ပြီဖြစ်ကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၉ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေကြသည့် GMS နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဦး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

၂၀ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဦး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

၂၁ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီးတို့အား ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

တောင်အမေရိကနိုင်ငံများကုန်သွယ်ရေးအဖွဲ့က ၎င်းတို့၏ ဆိပ်ကမ်းများ၌ ဖောက်ကလန်ကျွန်းအလံလွှင့်တင်ထားသောသင်္ဘောများကို ဆိုက်ကပ်ရပ်နားခွင့် မပြုရန် ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

၂၂ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၁)ဖြင့် ပြည်ပနေနိုင်ငံသားများ နိုင်ငံခြားငွေဖြင့်ရသည့်လစာဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာသည်။

၂၃ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် နေပြည်တော်ရှိ သက်ဆိုင်ရာ လွှတ်တော် အဆောက်အအုံများ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် သီးခြားစီတွေ့ဆုံသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်သည် အာဖဂန်နစ္စတန်

နိုင်ငံမှ ရပ်သိမ်းထွက်ခွာသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦးအထိ သေဆုံးခဲ့ရသော အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့် နေတိုးတို့၏ စုံစမ်းစစ်ဆေးမှုရလဒ်များကို ပါကစ္စတန်စစ်ဘက်က လက်မခံဘဲ ပယ်ချလိုက်သည်။

၂၆ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာခိုအိချိရုဂင်းဘဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သမ္မတအိမ်တော် သံတမန်ဆောင်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဂျပန်ဝန်ကြီးချုပ် ယိုရှိဟီကိုနိုဒါသည် မြို့တော်ပေကျင်း၌ တရုတ်နိုင်ငံအစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဘရာဇီးနိုင်ငံသည် စီးပွားရေးအရ ကမ္ဘာဆဋ္ဌမအင်အားအကြီးဆုံးနိုင်ငံအဖြစ် ဗြိတိန်နိုင်ငံ၏နေရာကို ရယူလိုက်ပြီဖြစ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ပြောကြားသည်။

၂၈ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် 'ဝ'အထူးဒေသ (၂) ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့သည် ရုမ်းပြည်နယ်ပန်ဆိုင်းမြို့၌ ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲပြုလုပ်ပြီး သဘောတူညီချက်များပြုလုပ်သည်။

ကွယ်လွန်အနီစွမ်ရောက်ခဲ့သော မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ၏ ဈာပနအခမ်းအနားကို မြို့တော်ပြုယမ်း၌ကျင်းပသည်။

၂၉ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခန်းမဆောင်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဆုများကိုချီးမြှင့်သည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ၏ ဈာပနအခမ်းအနား

၂၉ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်း မေတ္တာမွန် ဂိုဒေါင်အုပ်စုရှိ ဂိုဒေါင်နှစ်လုံးမှ စတင်လောင်ကျွမ်းသောမီးကြောင့် မီးသတ်သမား ငါးဦးအပါအဝင် ၁၇ ဦးသေဆုံးပြီး၊ ၆၅ ဦး ဒဏ်ရာရကာ မီးသတ်ယာဉ် လေးစီးအပါအဝင် ဂိုဒေါင်များ၊ လူနေအိမ်ခြေများ ပျက်စီးဆုံးရှုံးသွားသည်။

၃၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၁၃၇၃ ခုနှစ် တန်ခူးလဆန်း ၁၀ ရက် (၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်၊ တနင်္ဂနွေနေ့) တွင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပခုက္ကူမြို့ပြည်သာယာခန်းမ၌ တာဝန်ရှိပုဂ္ဂိုလ်များ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဆွေးနွေးသည်။ ထို့ပြင် ပျက်စီးသွားသော ရွှေချောင်းတံတားနှင့် ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၃၁ မြန်မာနိုင်ငံ၏ လက်ရှိတံတားများအနက် အရှည်ဆုံးဖြစ်သည့် ဧရာဝတီတံတား (ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားကို လက်ပံခြေပေါ်ဘက်ကမ်းနှင့် ပခုက္ကူဘက်ကမ်းနေရာများ၌ကျင်းပရာ ဒုတိယ သမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးတက်ရောက်၍ ဖွင့်လှစ်ပေးသည်။



ပထမအကြိမ်
ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်
ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေးများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကခေါ်ယူသော ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ဧန်နဝါရီလ ၃၁ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိတင်မြှောက်ကြရာ သဘာပတိလောင်းအမည်စာရင်းတင်သွင်းသည့် အရေအတွက် နှစ်စောင်ဖြစ်သော်လည်း တင်သွင်းသူနှစ်ဦးစလုံးက ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးတစ်ဦးတည်းဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးအား ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ဦးဌေးဦးက သဘာပတိအဖြစ်နေရာယူပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ သဘာပတိက ပြည်သူ့လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းဆောင်ရွက်ရာတွင် ဇေယျာသီရိ မဲဆန္ဒနယ်မှ သူရဦးရွှေမန်းကို ဇမ္မူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်က အမည်စာရင်းတင်သွင်းပြီး တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းက ထောက်ခံ၍လည်းကောင်း၊ ပန်းတနော် မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဘဏ်ကို မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းက အမည်စာရင်းတင်သွင်းပြီး ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦးကထောက်ခံ၍လည်းကောင်း တင်သွင်းကြသည်။

ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲ ပေးရာတွင် သူရဦးရွှေမန်းက (၃၅၆) မဲနှင့် ဦးမန်းမောင်မောင်ဘဏ်က (၃၀) မဲ ဖြစ်သည်။

အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရာ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာကို ပုလဲမဲဆန္ဒနယ်မှ ဦးကျော်ဆန်းက အမည်စာရင်းတင်သွင်းပြီး ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းကထောက်ခံ၍လည်းကောင်း၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီကို နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက အမည်စာရင်းတင်သွင်းပြီး လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်ကထောက်ခံ၍ လည်းကောင်း၊ ကျောက်မဲ

ထို့နောက် ဦးခက်ထိန်နန်းက သဘာပတိအဖြစ် နေရာယူပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ သဘာပတိက ပထမအကြိမ် အမျိုးသားလွှတ်တော်၏ ရှေ့မောက်တွင် သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကို ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈) မှ ဦးခင်အောင်မြင့်ကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက အမည်စာရင်းတင်သွင်းပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးခင်မောင်ရီကထောက်ခံ၍ တင်သွင်းသည်။

အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းမှာ ဦးခင်အောင်မြင့် တစ်ဦးတည်းဖြစ်သည်။ ထို့ကြောင့် သဘာပတိက ဦးခင်အောင်မြင့်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်းကြေညာသည်။

အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် ရာ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးမင်းမျိုးတင့်လွင်က အမည်စာရင်းတင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ ဦးကျော်သိန်းက ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးခင်မောင်က အမည်စာရင်းတင်သွင်းပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၄) မှ ဦးမောင်စောဖြူက ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၂) မှ ဦးစိုင်းကျော်ဇောသန်းက အမည်စာရင်းတင်သွင်းပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၄) မှ ဦးစိုင်းသန့်ဇင် ကထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးခင်မောင်က အမည်စာရင်းတင်သွင်းပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၄) မှ ဦးမောင်စောဖြူက ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၂) မှ ဦးစိုင်းကျော်ဇောသန်းက အမည်စာရင်းတင်သွင်းပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၄) မှ ဦးစိုင်းသန့်ဇင် ကထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၀) မှ ဦးမင်းမျိုးတင့်လွင်က အမည်စာရင်းတင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ ဦးကျော်သိန်းက ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးခင်မောင်က အမည်စာရင်းတင်သွင်းပြီး ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၄) မှ ဦးမောင်စောဖြူက ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဦးဇာနည်အောင်မိုးကို ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၂) မှ ဦးစိုင်းကျော်ဇောသန်းက အမည်စာရင်းတင်သွင်းပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၄) မှ ဦးစိုင်းသန့်ဇင် ကထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်

မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီကို ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က အမည်စာရင်းတင်သွင်းပြီး ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ထောက်ခံ၍လည်းကောင်း၊ ပန်းတနော် မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဘဏ်ကို မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့် (ခ) ဦးဖိုးတုတ်က အမည်စာရင်းတင်သွင်းပြီး နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်ကထောက်ခံ၍လည်းကောင်း အသီးသီးတင်သွင်းကြရာ အမည်စာရင်းတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းမှာ စုစုပေါင်း ၃ ဦးဖြစ်သည်။ သို့ဖြစ်သောကြောင့် ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ဦးနန္ဒကျော်စွာက ၃၆၈ မဲ၊ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီက၄၅မဲ၊ဦးမန်းမောင်မောင်ဘဏ်က ၁၅ မဲ ရရှိသဖြင့် သဘာပတိက ဦးနန္ဒကျော်စွာအား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်သည်။

ဌင်းနောက်ရွေးကောက်ခံ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် သဘာပတိရှေ့မောက်တွင် ကတိသစ္စာပြုကြပြီး လွှတ်တော်ရှေ့မောက်၌ လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိ ဦးဌေးဦးက ဥက္ကဋ္ဌ သူရဦးရွှေမန်းအား တာဝန်လွှဲအပ်သည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကခေါ်ယူသော ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ဧနန်ဝါရီလ ၃၁ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သဘာပတိတင်မြှောက်ကြရာ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁) မှ ဦးခက်ထိန်နန်းကို အမည်စာရင်းတင်သွင်းသဖြင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်းအား အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်နာယကဖြစ်သူ၏ ဖိတ်ကြားချက်အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးကို ဧန်နဝါရီလ ၃၁ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယကအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက နှုတ်ခွန်းဆက် စကားပြောကြားသည်။ ဆက်လက်၍ နာယကက နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့တွင်ပါဝင်သော တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့တို့က အစုအဖွဲ့အလိုက် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရန်အတွက် အစုအဖွဲ့အစည်းအဝေးများကို ဖေဖော်ဝါရီလ ၁ ရက်တွင် ကျင်းပရန် သတ်မှတ်ကြေညာသည်။ အစုအဖွဲ့အလိုက် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပြီးပါက ရွေးချယ်တင်မြှောက်ခံရသည့် ဒုတိယသမ္မတလောင်းတစ်ဦးစီ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတ (၇) မှ ဦးဗညားအောင်မိုးကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဒေါက်တာ မြတ်ဉာဏ်စိုးက အမည်စာရင်းတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) မှ ဦးဖုန်းမြင့်အောင်က ထောက်ခံ၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဦးမြညိမ်းကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) မှ ဦးစောမော်ထွန်းက အမည်စာရင်း တင်သွင်းပြီး ရှမ်းပြည်နယ် မဲဆန္ဒ နယ်အမှတ် (၁) မှ ဦးဉာဏ်လင်းက ထောက်ခံ၍လည်းကောင်း အသီးသီးတင်သွင်းကြရာ အမည်စာရင်းတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းမှာ နှစ်ဦးဖြစ်သည်။ သို့ဖြစ်သောကြောင့် ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ဦးဗညားအောင်မိုးက ၃၂ မဲ၊ ဦးမြညိမ်းက ၁၉၁ မဲ ရရှိသဖြင့် သဘာပတိက ဦးမြညိမ်းကို ဒုတိယ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်သည်။

ၚင်းနောက်ရွေးကောက်ခံ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး လွှတ်တော်ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိ ဦးခက်ထိန်နန်က ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ထံ တာဝန်လွှဲအပ်သည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အရည်အချင်းစိစစ်ရေးအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စု လွှတ်တော် နာယကထံတင်ပြရန်နှင့် ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ရပ်နားထားမည်ဖြစ်ကြောင်း ကြေညာသည်။

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ ဒုတိယနေ့အဖြစ် သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် အဆိုပြုလွှာကို အခမ်းအနားမျှုးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကို တင်ပြခြင်းများ ဆက်လက် ဆောင်ရွက်ကြသည်။

ယင်းနောက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိမရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ကြသည်။ ထိုသို့ရွေးချယ်ရာတွင် ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းကို ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးက အဆိုတင်သွင်းပြီး တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်မင်းက ထောက်ခံ၍လည်းကောင်း၊ ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီကို အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်က အဆိုတင်သွင်းပြီး ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါနန်းဝါနက ထောက်ခံ၍ လည်းကောင်း တင်ပြကြသည်။

အမည်စာရင်း တင်သွင်းခံရသူနှစ်ဦးရှိသည့်အတွက် မဲခွဲဆုံးဖြတ်ရာ ဦးသောင်းက ထောက်ခံမဲ ၂၈၀ မဲ၊ ဦးနယ်လ်ဆင် (ခ) ဦးဆောင်ဆီက ၄၄ မဲရရှိကြသဖြင့် ဦးသောင်းကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှုရှိမရှိစိစစ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်းကြေညာသည်။

ထိုအဖွဲ့၌ ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်ပေးသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်မည်ဖြစ်သည်။

ယင်းနောက် အဆိုပြုလွှာများကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများအမည်စာရင်းကို ပြုစုနိုင်ရန် အစည်းအဝေးကို တစ်ရက်ရပ်နားမည်ဖြစ်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ ဒုတိယနေ့အဖြစ် သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ထို့နောက် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဒုတိယသမ္မတလောင်း အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့်အဆိုပြုလွှာကို အခမ်း အနားမျှုးမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကို တင်ပြခြင်းများ ဆက်လက် ဆောင်ရွက်ကြသည်။

ယင်းနောက် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိမရှိ စိစစ်နိုင်ရန် စိစစ်ရေးအဖွဲ့တွင်ပါဝင်မည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြသည်။

ထိုသို့ရွေးချယ်ရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) မှ ဦးမျိုးမြင့်ကို ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က သဘောတူသည့်အတွက် ဦးမျိုးမြင့်ကို နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှု ရှိမရှိ စိစစ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ရွေးချယ်ကြောင်း ကြေညာသည်။

ယင်းနောက် အဆိုပြုလွှာများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့က စိစစ်နိုင်ရန်နှင့် ဒုတိယသမ္မတလောင်းများအမည်စာရင်းကို ပြုစုနိုင်ရန် အစည်းအဝေးကို တစ်ရက်ရပ်နားမည်ဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ်လွှတ်တော်ပုံမှန်အစည်းအဝေးများကျင်းပလျက်ရှိရာ ဒုတိယနေ့အဖြစ် သမ္မတရွေးချယ်



နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း

တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော တပ်မတော် သားလွတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို ဖေဖော်ဝါရီလ ၁ ရက်တွင် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ ဆက်လက်ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းအား ဆောင်ရွက်သည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို ဖေဖော်ဝါရီလ ၃ ရက် ပြည်သူ့လွတ် တော်ခန်းမ၌ကျင်းပရာ လွတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူလွတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် လွတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ ၁-၂-၂၀၁၁ ၌ ကိုယ်စားလှယ်များ အဆို တင်သွင်းထားသည့် ဒုတိယသမ္မတ လောင်းနှစ်ဦး၏ အမည်စာရင်းကို ကြေညာသည်။ ဆက်လက်၍ လွတ်တော်ဥက္ကဋ္ဌက အဆိုပါ ဒုတိယသမ္မတလောင်းနှစ်ဦးအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ် မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာတွင် ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ယင်းနောက် ရွေးကောက်ခံပြည်သူ့လွတ်တော် ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက် တစ်ဦးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုတွင် လွတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများလည်း ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို ကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်လှစ်ပြီး သက်ဆိုင်ရာနည်း ဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ထို့နောက် ဒုတိယသမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို လွတ်တော်ဥက္ကဋ္ဌထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွတ်တော်ဥက္ကဋ္ဌက ဦးသိန်းစိန်ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ကြောင်း ကြေညာကာ ဦးသိန်းစိန်၏ အမည်စာရင်းကို ပြည်ထောင်စုလွတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဒုတိယနေ့အစည်းအဝေးကို ဖေဖော်ဝါရီလ ၃ ရက် အမျိုးသားလွှတ်တော်ခန်းမဦးကျင်ဘ ဦးခင်အောင်မြင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ပထမနေ့ (၁-၂-၂၀၁၁)၌ ကိုယ်စားလှယ်များ အဆိုတင်သွင်းထားသည့် ဒုတိယသမ္မတလောင်းနှစ်ဦး၏ အမည်စာရင်းကို ကြေညာသည်။ ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဒုတိယသမ္မတလောင်းနှစ်ဦးကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းရှိ/မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာတွင် ပြည့်စုံမှုရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ယင်းနောက် ရွေးကောက်ခံအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဒုတိယသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ နှစ်ဦးအနက် တစ်ဦးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုတွင် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများလည်း ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို ရွေးကောက်ခံအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်တွင် တာဝန်ရှိ လွှတ်တော်ရုံး ဝန်ထမ်းကဖွင့်လှစ်ပြီး သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်သည်။

ထို့နောက် ဒုတိယသမ္မတလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌထံတင်ပြ အတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒေါက်တာ စိုင်းမောက်ခမ်း(ခ) မောင်အုန်းကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ကြောင်းကြေညာကာ ဒေါက်တာ စိုင်းမောက်ခမ်း(ခ) မောင်အုန်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြသွားမည်ဖြစ်ကြောင်း ကြေညာသည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့သည် နေပြည်တော်ရှိ အနော်ရထာခန်းမ၌ ဖေဖော်ဝါရီလ ၃ ရက်တွင် အစည်းအဝေးကျင်းပ၍ ဒုတိယသမ္မတရွေးချယ်တင်မြှောက်ခြင်းကို ဆောင်ရွက်ခဲ့ရာ ဒုတိယသမ္မတအဖြစ် သီဟသူရဦးတင်အောင်မြင့်ဦးအား ကိုယ်စားလှယ်အားလုံးက ရွေးချယ်တင်မြှောက်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး ပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေးကို ဖေဖော်ဝါရီလ ၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အစုအဖွဲ့အသီးသီးက ရွေးချယ်တင်မြှောက်ပေးခဲ့သည့် ဒုတိယသမ္မတများအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရာပြည့်စုံမှု ရှိသည်ကို တွေ့ရှိရကြောင်း ကြေညာသည်။

ဌာနေးနောက် သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတလောင်းများဖြစ်ကြသော ဒုတိယသမ္မတ ၃ ဦးအနက် တစ်ဦးအား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်နာယကအပါအဝင် သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေးကြသည်။ ထိုသို့ ဆန္ဒမဲပေးရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတို့သည်လည်း သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များနှင့်အတူ ဆန္ဒမဲပေးကြသည်။

ဆန္ဒမဲပေးပြီးနောက် ဆန္ဒမဲပုံးများကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ ဖွင့်လှစ်ပြီး သက်ဆိုင်ရာနည်းဥပဒေများနှင့် အညီ စိစစ်ရေတွက်သည်။

ထို့နောက် ဒုတိယသမ္မတများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို စိစစ်ရေးအဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုးမှတ်တမ်းတင်ပြီး



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း

ပြည်ထောင်စုလွှတ်တော်နာယကက အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် လွှတ်တော်နာယကက သမ္မတလောင်းတစ်ဦးချင်းရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းကို ကြေညာသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။ ဆက်လက်၍ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်းတို့အား ဒုတိယသမ္မတများဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီလ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမဦးကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုအစိုးရဝန်ကြီး ဌာနအရေအတွက်ကို ၃၄ ဌာနဖြင့် သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးဦးရေကို ၃၀ သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။ ၎င်းနှင့်ပတ်သက်၍ ဆွေးနွေးရန်ရှိပါက ဖေဖော်ဝါရီ လ ၉ ရက် အစည်းအဝေးတွင် ဆွေးနွေးနိုင်ကြောင်း နာယကက သတ်မှတ်ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတတိယနေ့ကို ဖေဖော်ဝါရီလ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမဦးကျင်းပသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့သည့် ပြည်ထောင်စု အစိုးရဝန်ကြီးဌာနအရေအတွက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြရန် လွှတ်တော်နာယကက ဖိတ်ခေါ်သည်။

ထို့နောက် ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးသိန်းစိန်တို့က ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၃၄ ဌာနသတ်မှတ်ခြင်းကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည့် ပြည်ထောင်စုဝန်ကြီးဦးရေ ၃၀ သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြရန် ပြည်ထောင်စုလွှတ်တော်နာယကက ဖိတ်ခေါ်သည်။ဆွေးနွေးရန်အမည် စာရင်းတင်သွင်းထားသည့် ချင်းပြည်နယ် ဖလမ်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခွန်လိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) မှ ဒေါက်တာ မြတ်ဉာဏစိုးတို့က ဆွေးနွေးကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် ခန်းမဆောင်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရန် ရွေးချယ်ထားသည့်အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းနှင့် ယင်းတို့အနက် ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။ ထိုအစည်းအဝေးမှနေ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရန် ရွေးချယ်ထားသည့် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းနှင့် ယင်းတို့အနက် ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေသတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သောကြာနေ့ကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေ သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးရေသတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးသတ္တမနေ့ကို ဖေဖော်ဝါရီလ ၁၆ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူသည်။ ဆက်လက်၍ ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အင်္ဂမနေ့ကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး သောကြာနေ့ကို ဖေဖော်ဝါရီလ ၂၁ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး စနေနေ့ကို ဖေဖော်ဝါရီလ ၂၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမဆောင်ကျင်းပသည်။

လွတ်တော်အစည်းအဝေးများနှင့် နိုင်ငံတော်သမ္မတစည်းခြင်း



ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ဖေဖော်ဝါရီလ ၂၂ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဖေဖော်ဝါရီလ ၂၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို မတ်လ ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အလိုက် ကော်မတီများဖွဲ့စည်းရန်နှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးများကို ၂၀၁၁ ခုနှစ် မတ်လ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်ဆော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ်လ ၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ခန်းမ၌ ကျင်းပသည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ်လ ၁ ရက်တွင် အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကို မတ်လ ၃ ရက်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်း ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဥပဒေ ကြမ်းကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကို မတ်လ ၃ ရက်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစီအစဉ်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်း ကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီ၌ ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို မတ်လ ၄ ရက်တွင် အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါ်ချိုနွယ်ဦးသည် မွေးဖွားစဉ်က ဖခင်ဖြစ်သူမှာ နိုင်ငံသားမဟုတ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းကြားလာသဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ (စ) အရ ဒေါ်ချိုနွယ်ဦးသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ပါသဖြင့် ပြည်သူ့ဌေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်ထားသော ဒေါ်ချိုနွယ်ဦးအစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဦးခင်မောင်လေးအား အစားထိုးရွေးချယ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။ အမျိုးသားလွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ဌေစာရင်းကော်မတီတွင် ဦးခင်မောင်လေးအား အဖွဲ့ဝင်အဖြစ် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီ၌ ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော် ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို မတ်လ ၄ ရက်တွင် အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ဌေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသော ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါ်ချိုနွယ်ဦးသည် မွေးဖွားစဉ်က ဖခင်ဖြစ်သူမှာ နိုင်ငံသားမဟုတ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းကြားလာသဖြင့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁ (စ) အရ ဒေါ်ချိုနွယ်ဦးသည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ပါသဖြင့် ပြည်သူ့ဌေစာရင်းကော်မတီတွင် အဖွဲ့ဝင်အဖြစ်တာဝန်ပေးအပ်ထားသော ဒေါ်ချိုနွယ်ဦးအစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဦးခင်မောင်လေးအား အစားထိုးရွေးချယ်တာဝန်ပေးအပ်မည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။ အမျိုးသားလွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့ဌေစာရင်းကော်မတီတွင် ဦးခင်မောင်လေးအား အဖွဲ့ဝင်အဖြစ် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အခွင့်အရေးကော်မတီ၌ ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့်

အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။ ၎င်းနှင့်ပတ်သက်၍ လွှတ်တော်က အတည်ပြုသဖြင့် လွှတ်တော်အခွင့်အရေးကော်မတီကို ဖွဲ့စည်းသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးပဋ္ဌမနေ့ကို မတ်လ ၇ ရက်တွင် ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်း ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်သည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို မတ်လ ၇ ရက်တွင် အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုသည့်အတွက် အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများ၏ ပဋ္ဌမနေ့တွင် ကော်မတီအသီးသီးကို ဖွဲ့စည်းနိုင်ခဲ့သည်။ အစည်းအဝေး၏ ဆဋ္ဌမနေ့တွင် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့်ကို ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းလုပ်ငန်းများအား ပြည်သူ့လွှတ်တော်ပုံစံတစ်ရပ်အနေဖြင့် စတင်လုပ်ဆောင်ခဲ့သည်။

ထိုကဲ့သို့ပင် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးများ၏ ပဋ္ဌမနေ့တွင် ကော်မတီအသီးသီးကို ဖွဲ့စည်းနိုင်ခဲ့သည်။ အစည်းအဝေး၏ ဆဋ္ဌမနေ့တွင် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့်ကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းလုပ်ငန်းများအား အမျိုးသားလွှတ်တော်ပုံစံတစ်ရပ်အနေဖြင့် စတင်လုပ်ဆောင်လာခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ်လ ၉ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြိုယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသစ်၏ မေးမြန်းချက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးခင်အောင်မြင့်ကလည်းကောင်း၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်နှင့် သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်းတို့၏ မေးမြန်းချက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးကလည်းကောင်း ဖြေကြားသည်။

အဆိုတင်သွင်းခြင်းများနှင့်ပတ်သက်၍ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏အဆိုကို အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆေက ထောက်ခံ၍လည်းကောင်း၊ နမ့်ခမ်းမဲဆန္ဒနယ်မ ဒေါက်တာစိုင်းကျော်အုန်း၏အဆိုကို ဖလမ်း မဲဆန္ဒနယ်မှ ဦးခွန်လိန်းကထောက်ခံ၍လည်းကောင်း ဘန်းယင်းမဲဆန္ဒ

နယ်မှ ဦးထွန်းဆာ (ခ) စိုင်းထွန်းဝင်း၏ အဆိုကို သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း (ခ) ဦးမင်းထွန်းက ထောက်ခံ၍ လည်းကောင်း၊ ဟားခါးမဲဆန္ဒနယ်မှ ဦးငွေမောင်း၏ အဆိုကို သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်က ထောက်ခံ၍လည်းကောင်း အဆိုတင်သွင်းကြသည်။ ယင်းအဆိုများကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်ကြောင်းတင်ပြသဖြင့် လက်ခံဆွေးနွေးရန်နေ့ရက်များကို ချိန်းဆိုသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မတ်လ ၉ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

ထို့နောက် အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ ဦးစတီဗင်သာဘိတ်၏ အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးဖုန်းမြင့်အောင်က ထောက်ခံ၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါလျှံလွင်၏အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှဦးပေါလ်ထန်ထိုင်းက ထောက်ခံ၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးစတီဗင်သာဘိတ်၏အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဂမ်ဆိုင်းက ထောက်ခံ၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါလျှံလွင်၏အဆိုကို မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဒေါက်တာ ဗညားအောင်မိုးက ထောက်ခံ၍လည်းကောင်း အဆိုများတင်သွင်းကြသည်။ ယင်းအဆိုများကို



အစိုးရအဖွဲ့ အဖွဲ့ဝင်များ ကျမ်းကျိန်စဉ်

လွှတ်တော်က လက်ခံဆွေးနွေးတင်သွင်းရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်ဆန္ဒကိုရယူရန် လွှတ်ဆော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် နေ့ရက်များကိုချိန်းဆိုသည်။

မတ်လ ၁၀ ရက်က နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ သတ္တမနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သောမေးခွန်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့်သက်ဆိုင်သောမေးခွန်းများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းက လည်းကောင်း ပြန်လည်ဖြေကြားပေးသည်။

အစီအစဉ်အရ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့်မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်ကဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၄) မှ ဒေါက်တာမြတ်ဉာဏ်စိုး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးစံထွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၃) မှ ဦးပေါလ်ထန်ထိုင်းတို့၏ မေးမြန်းချက်များကို ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က ဖြေကြားသည်။

အဆိုတင်သွင်းခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကိုယ်စားလှယ်များ၏ အဆိုနှင့်မေးမြန်းချက်များကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ထိုနေ့တွင်ပင် အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပ သည့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်း အဝေးသတ္တမနေ့၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအား လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပတ်သက်သော မေးခွန်းများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကလည်းကောင်း ပြန်လည်ဖြေကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသည့်အဆိုများကို အမျိုးသားလွှတ်ဆော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။


မတ်လ ၁၁ ရက်က ပြည်သူ့လွှတ်တော်ခန်းမတွင် ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်း အဝေးအဋ္ဌမနေ့တွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပတ်သက် သောမေးခွန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်ကလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် သက်ဆိုင်သောမေးခွန်းများ အတွက် ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်ကလည်းကောင်း၊ ဥပဒေရေးရာနှင့် ပတ်သက်၍ ရှေ့နေချုပ် ဦးအေးမောင်ကလည်းကောင်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့်ပတ်သက်သည့်မေးခွန်း များအား အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင် သောင်းကလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းကလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးကလည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းအတွက် ဆောက် လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်ကလည်း ကောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထိုနေ့တွင်ပင် အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပ သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်း အဝေးအဋ္ဌမနေ့၌ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများပြုလုပ်ရာ၌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားကာ အမျိုးသားလွှတ် တော်ကိုယ်စားလှယ်များကလည်း ဝင်ရောက်ဆွေးနွေး ကြသည်။ ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များက အဆိုများတင်သွင်းခြင်း၊ အဆိုအား ထောက်ခံ ခြင်း အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း၊ အမျိုးသား လွှတ်တော်မှ အတည်ပြုသောအခါ လက်ခံဆွေးနွေးရန် နေ့ရက်ကို ချိန်းဆိုခြင်းများကို ဆောင်ရွက်သည်။

မတ်လ ၁၄ ရက်က ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေး နဝမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ မြို့ကြီးဆည်မှထွက်ရှိသော လျှပ်စစ် မာတ်အားအချို့ကို ဓနဒေသသို့ ဖြန့်ဝေပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ကင်းတားရေလှောင် တမံမှ ရွာငံမြို့ပေါ်သို့ ဖြန့်ဝေပေးထားသည့် လျှပ်စစ်မာတ် အားလိုင်းကို တိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ ရခိုင်ပြည်နယ်မှပြည်သူများ ခံစားနေရသော လျှပ်စစ်မာတ် အား သုံးစွဲခန့်မှန်းထားနှင့် စပ်လျဉ်းသည့် မေးခွန်း၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆိ၏ ကြားဖြတ် ရွေးချယ်တင်မြှောက်ပွဲများကို မည်သို့ပြင်ဆင်ထားသည်နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ ချင်းပြည်နယ် ပလက်ဝမြို့မှ မြောက်ဘက် ၂၉ မိုင်အကွာရှိ ကုလားတန်မြစ်၏တစ်နေရာတွင် တောင်ပြိုပြိုး ရေလမ်း ပိတ်ဆို့မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ် (၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရွှေ ကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပို့ဆောင်ရေး

ထို့နောက် အဆိုတင်သွင်းခြင်းနှင့်ပတ်သက်၍ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄) မှ ဦးစတီဗင်သာဘိတ်၏ အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) မှ ဦးဖုန်းမြင့်အောင်က ထောက်ခံ၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါ်လျှံလွင်၏အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှဦးပေါလ်ထန်ထိုင်းက ထောက်ခံ၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ ဦးစတီဗင်သာဘိတ်၏အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဂမ်ဆိုင်းက ထောက်ခံ၍လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါ်လျှံလွင်၏အဆိုကို မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇) မှ ဒေါက်တာ ဗညားအောင်မိုးက ထောက်ခံ၍လည်းကောင်း အဆိုများတင်သွင်းကြသည်။ ယင်းအဆိုများကို လွတ်တော်က လက်ခံဆွေးနွေးတင်သွင်းရန် သင့်၊ မသင့် အမျိုးသားလွတ်တော်ဆန္ဒကိုရယူရန် လွတ်တော်ကသဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် နေ့ရက်များကိုချိန်းဆိုသည်။

မတ်လ ၁၀ ရက်က နေပြည်တော်ရှိ လွတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ သတ္တမနေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော မေးခွန်းများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့်သက်ဆိုင်သောမေးခွန်းများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းက လည်းကောင်း ပြန်လည်ဖြေကြားပေးသည်။



အစိုးရအဖွဲ့. အဖွဲ့ဝင်များ ကျမ်းကျိန်စဉ်

အစီအစဉ်အရ လွတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့်မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ် (၄) မှ ဒေါက်တာမြတ်ဉာဏာဝိုး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဦးစံထွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၃) မှ ဦးပေါလ်ထန်ထိုင်းတို့၏ မေးမြန်းချက်များကို ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်က ဖြေကြားသည်။

အဆိုတင်သွင်းခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကိုယ်စားလှယ်များ၏ အဆိုနှင့်မေးမြန်းချက်များကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ထိုနေ့တွင်ပင် အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးသတ္တမနေ့၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးကလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်ကလည်းကောင်း ပြန်လည်ဖြေကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသည့်အဆိုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မတ်လ ၁၁ ရက်က ပြည်သူ့လွှတ်တော်ခန်းမတွင် ကျင်းပသော ပထမအကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးအဋ္ဌမနေ့တွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မြင့်ကလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် သက်ဆိုင်သောမေးခွန်းများအတွက် ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်ကလည်းကောင်း၊ ဥပဒေရေးရာနှင့် ပတ်သက်၍ ရှေ့နေချုပ် ဦးအေးမောင်ကလည်းကောင်း၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနနှင့်ပတ်သက်သည့်မေးခွန်းများအား အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းကလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းကလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းများအား ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးကလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်သောမေးခွန်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်ကလည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထိုနေ့တွင်ပင် အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့၌ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများပြုလုပ်ရာ၌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကလည်း ဝင်ရောက်ဆွေးနွေးကြသည်။ ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အဆိုများတင်သွင်းခြင်း၊ အဆိုအား ထောက်ခံခြင်း အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း၊ အမျိုးသားလွှတ်တော်မှ အတည်ပြုသောအခါ လက်ခံဆွေးနွေးရန် နေ့ရက်ကို ချိန်းဆိုခြင်းများကို ဆောင်ရွက်သည်။

မတ်လ ၁၄ ရက်က ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ မြို့ကြီးဆည်မှထွက်ရှိသော လျှပ်စစ်မာတ်အား အချို့ကို ဓနဒေသသို့ ဖြန့်ဝေပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ကင်းတားရေလှောင်တမံမှ ရွာငံမြို့ပေါ်သို့ ဖြန့်ဝေပေးထားသည့် လျှပ်စစ်မာတ်အား လိုင်းကို တိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊ သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ ရခိုင်ပြည်နယ်မှပြည်သူများ ခံစားနေရသော လျှပ်စစ်မာတ်အား သုံးစွဲခနှုန်းထားနှင့် စပ်လျဉ်းသည့် မေးခွန်း၊ ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် (ခ) စိုင်းဆောင်ဆိ၏ ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲများကို မည်သို့ပြင်ဆင်ထားသည်နှင့် စပ်လျဉ်းသည့် မေးခွန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်း၏ ချင်းပြည်နယ် ပလက်ဝမြို့မှ မြောက်ဘက် ၂၉ မိုင်အကွာရှိ ကုလားတန်မြစ်၏တစ်နေရာတွင် တောင်ပြိုပြီး ရေလမ်းပိတ်ဆို့မှုနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ် (၂) လျှပ်စစ်ဓာတ်အား သုံးစွဲခနှုန်းထားနှင့် စပ်လျဉ်းသည့် မေးခွန်း၊ ရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပို့ဆောင်ရေး

ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေတို့က ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် အဆိုများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ အဆိုနှင့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ အဆိုများကို တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်ကလက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်းများကို ဆောင်ရွက်သည်။

မတ်လ ၁၄ ရက်က အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉) မှ ဦးမောင်အေးထွန်း၏ စက္ကူပျော့ဖတ်စက်ရုံနှင့် စပ်လျဉ်းသည့်မေးခွန်း၊ ဘိလပ်မြေထုတ်လုပ်ခြင်းနှင့်ဆိုင်သည့်မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးပေါလ်ထန်ထိုင်း၏ ကမ္ဘာလှည့်ခရီးသည်များဆိုင်ရာမေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄) မှ ဒေါက်တာမြတ်ဉာဏစိုး၏ မြို့ပတ်ရထားဆိုင်ရာမေးခွန်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁) မှ ဦးခက်ထိန်နန်၏ မီးရထားလမ်းကြောင်းဆိုင်ရာမေးခွန်းများကို ပြည်ထောင်စုအဖွဲ့အစည်းဝင်များဖြစ်ကြသော အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဦးစိုးနိုင်နှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်းတို့က ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးပေါ်လျံလွင်၏အဆိုနှင့် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၁) မှ ဦးကျွန်ခဲန်း၏ အဆိုများနှင့်စပ်လျဉ်း ၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ပြန်လည် ဖြေကြားသည်။

မတ်လ ၁၅ ရက်က နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့်မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ စက်မှုလုပ်ငန်းသင်တန်းကျောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း၊ မိုးမောက် မဲဆန္ဒနယ်မှ ဦးဇော်ထွန်း၏ တိုင်းရင်းသားစာပေ သင်ကြားရေးဥပဒေနှင့်စပ်လျဉ်းသည့် မေးခွန်း၊ မြောက်ဦး မဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ၏ အခြေခံပညာအလယ်တန်းကျောင်းဖွင့်လှစ်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း၊ မာန်အောင် မဲဆန္ဒနယ်မှ ဦးအောင်စိန်၏ အခြေခံပညာကျောင်းထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် တက္ကသိုလ် (သို့မဟုတ်) ကောလိပ်တစ်ခုဖွင့် လှစ်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့်မိုင်းပန် မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး၏ သန်းခေါင်စာရင်း ကောက်ယူရန် အဆိုနှင့် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည် (ခ) ခိုင်မောင်ရည်၏ စာတတ်မြောက်ရေး သင်ရိုးညွှန်းတမ်းဆိုင်ရာအဆိုများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ ပင်စင်လစာနှင့် စပ်လျဉ်းသည့်အဆို၊ ပုဇွန်တောင် မဲဆန္ဒနယ်

မှ ဦးအောင်ဇင်၏ တောင်သူလယ်သမားဆိုင်ရာအဆိုများ တင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်းများအား ဆောင်ရွက်ကြသည်။

မတ်လ ၁၅ ရက်က နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပသည့် ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ဒသမ နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့်မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈) မှ ဦးမောင်သာခင်၏ ရခိုင်ပြည်နယ် မော်တော်ကားလမ်းများဆိုင်ရာမေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဇုန်လှယ်ထန်၏ ချင်းပြည်နယ်၏ နယ်စပ်ကုန်သွယ်လမ်းမကြီးများဆိုင်ရာနှင့် စပ်လျဉ်းသည့်မေးခွန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၃)မှဦးပေါလ်ထန်ထိုင်း၏ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုဆိုင်ရာ မေးခွန်း များကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ဝင်းတို့က ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ ဦးကျွန်ခဲန်း၏ လစာငွေတိုးမြှင့်ပေးရန် အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးစိုင်းဝင်းမောင်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ဆောင်ရွက်သည်။

မတ်လ ၁၆ ရက်က နေပြည်ဆော်ရှိ ပြည်သူ့လွှတ်တော် ခန်းမ၌ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း၏ လမ်းအဆင့်မြှင့်ပြင်ဆင်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း၊ မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး၏ ပြည်ထောင်စုကားလမ်းမကြီး အဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊ မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ မော်တော်ကားလမ်း ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း၊ ပူတာအိုမဲဆန္ဒနယ်မှ ဦးယောဒီဇွေ့၏ မော်တော်ကားလမ်း ဆိုင်ရာမေးခွန်းနှင့် သိန္နီမဲဆန္ဒနယ်မှ စိုင်းဝင်းခိုင်၏ သီးနှံများစိုက်ပျိုးထုတ်လုပ်ရောင်းချခွင့်နှင့် စပ်လျဉ်းသည့်မေးခွန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးတို့က ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူထားပြီးဖြစ်သည့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ ပင်စင်လစာငွေ အဆိုနှင့် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ ထွက်ကုန်သီးနှံဆိုင်ရာအဆိုများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းများဆောင်ရွက်ကြသည်။

ထို့နောက် စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုး၏ လျှပ်စစ်ဓာတ်အား လိုင်း၊ လျှပ်စစ်မီတာခဆိုင်ရာအဆိုနှင့် မရမ်းကုန်းမဲဆန္ဒနယ်မှ ဦးပွင့်ဆန်း၏ လူမှုဖူလုံရေးဥပဒေဆိုင်ရာအဆိုများကိုတင်သွင်းခြင်းနှင့် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်မသင့်အဆုံးအဖြတ်ရယူခြင်းများကို ဆောင်ရွက်သည်။

မတ်လ ၁၆ ရက်က နေပြည်တော်ရှိအမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပသော ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့်မေးခွန်းများအနက် ကြယ်ပွင့် ပြ မေးခွန်းများဖြစ်သော ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ဦးဇုန်လှယ်ထန်း နယ်စပ်ဂိတ်များမှ နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှုနှင့်

သယ်ယူပို့ဆောင်ရေးကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ ၂၀၀၀ စီစီအောက် အိမ်သုံးမော်တော်ယာဉ်ငယ်များ တင်သွင်းခွင့်နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး၏ ပင်လယ်ကမ်းခြေတွင် ငါးဖမ်းကြသောဒေသခံများ ကြီးလေးသည့် အကောက်အခွန်များပေးဆောင်နေရခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့် အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ ဦးပေါလျှံလွင်၏ ဘုံတလာရေတံခွန်တွင် အကြီးစားလျှပ်စစ်မာတ်အားထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ပေးရန်အဆိုနှင့်စပ် လျဉ်း၍ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၃)မှ ဦးပေါလ်ထန်ထိုင်းက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ပြန်လည်ရှင်း လင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများကို ဆောင်ရွက် သည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး၏ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်နေသည့် ကောက်ပဲသီးနှံများသင့်တင့်သည့် တန်ဖိုးရရှိရေးအတွက် နိုင်ငံတော်ကကူညီဆောင်ရွက်ပေးရန်အဆို ကို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်သည်။

မတ်လ ၂၃ ရက်က နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမဆောင်ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ စစ်တွေမြို့ သောက်သုံးရေ ပေးရေးစီမံကိန်းနှင့်စပ်လျဉ်းသည့်မေးခွန်း၊ မချမ်းသာမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း (ခ)ဦးအင်ထုဖုန်ဆန်း၏ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများနှင့်စပ်လျဉ်း သည့်မေးခွန်းနှင့် ထာခချောင်းရေတံခွန်မှ ရေအားလျှပ်စစ်မာတ်အား ထုတ်လုပ်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်း၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ အမျိုးသားပညာရည် မြင့်မားရေးနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်၏ ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ အသေးစား၊ အလတ်စား၊စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ရေးအဆိုနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို သိရှိမှတ်တမ်းတင်နိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူညီသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံရေးတို့အပြင်

အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လွှတ်တော်ကော်မတီများ၊ ပူးပေါင်းကော်မတီများဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးပြီး လွှတ်တော်၏ သဘောတူညီချက်များကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

အဆိုပါ အမည်စာရင်းကို ပြည်သူ့လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သော ရွေးချယ်တင်မြှောက်ခြင်း၊ ဖွဲ့စည်းအတည်ပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်းတို့နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အထူးခွင့်ပြုချက်ဖြင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ မြန်မာနိုင်ငံ၏ အခွန်ရငွေနှင့် GDP အချိုးနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

မတ်လ ၂၃ ရက်က နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့်မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၉)မှ ဦးပေါ်လျံလွင်၏ ချင်းပြည်နယ်ရှိ ရေနွေးမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂)မှ ဦးလှဆွေ၏ ဂန့်ဂေါခရိုင်မှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ ဆက်သွယ်သောမော်တော်ကားလမ်းပြုပြင်တည်ဆောက်ပေးရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့် ဆောက်လုပ် ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့က ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည်ပလွှတ်တော်အကြီးအကဲများထံမှပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို သိရှိမှတ်တမ်းတင်နိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် ကော်မတီများ ပူးပေါင်းကော်မတီများဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

အဆိုပါ အမည်စာရင်းကို အမျိုးသားလွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူထားပြီးဖြစ်သည့် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၇)မှ ဒေါက်တာ ဗညားအောင်မိုး၏ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့်တန်ဖိုးရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် ၄ ဦးကဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော စီးပွားရေးနှင့်

ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းဆောင်ရွက်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသား လွှတ်တော်ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်းကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန် အစည်းအဝေး ၁၄ ရက် မြောက်နေ့ကို မတ်လ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း၏ နွေစပါးစိုက်ပျိုးခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာများ အရည်အသွေးပြည့်မီရေး ကြပ်မတ်ဆောင်ရွက်မည့်အစီအစဉ်နှင့် စပ်လျဉ်းသည့်မေးခွန်း၊ ချင်းပြည်နယ်အမှတ် (၂) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ရိဒ်မှဖလမ်းသို့ ကားလမ်းဖောက်လုပ်ခြင်းအား ရုပ်နားထားခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဗညားအောင်မိုး၏ ပါတီစုံဒီမိုကရေစီစနစ်နှင့်စပ်လျဉ်းသည့်မေးခွန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရိုး၏ လျှပ်စစ်မာတ်အားထုတ်လုပ်မှုနှင့် လျှပ်စစ်စီမံကိန်းများ အခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၏ ပညာရေးကဏ္ဍ၌ စကောလာရှစ်စနစ်ကျင့်သုံးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ဟင်္သာတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများကို ဤလွှတ်တော်က ကန့်ကွက်ကြောင်းအဆို၊ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်း(ခ)ဦးမင်းထွန်း၏ ယခုနိုင်ငံတော်ကပုံဖော်မည့် စနစ်သစ်နှင့်လိုက်လျောညီထွေဖြစ်မည့် ဈေးကွက်စီးပွားရေးကို ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ပြင်ပပညာရှင်များပါဝင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းများ၊ အကြံပြုချက်များ၊ စာတမ်းများပြုစုကာ အစိုးရကို အထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆို၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏ်စိုး၏ နိုင်ငံ၏စီးပွားရေးစီမံခန့်ခွဲမှုအတွက် အထူးအရေးပါသော မက်ခရိုစီးပွားရေးညွှန်းကိန်းများကို မှန်ကန်တိကျသောသတင်းအချက်အလက်များဖြင့် စုစည်းနိုင်စေရန်နှင့် တစ်မျိုးသားလုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု (GDP) တန်ဖိုးများတိကျစွာတွက်ချက်နိုင်စေရန် စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် အထူးစီးပွားရေးဇုန်များတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုများကို တင်သွင်းခြင်းနှင့် ပြည်ထောင်စုလွှတ်တော်က လက်ခံရန်သင့်မသင့် အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို မတ်လ ၂၅ ရက်တွင်

ပြည်ထောင်စုလွတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွတ်တော်ကိုယ်စားလှယ်များကမေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ထန်းတပင်မြို့နယ် တက်သစ်ကျွန်းနှင့် ဘောလယ်ကျွန်းဆက်သွယ်မည့် မြစ်ကူးတံတားတည်ဆောက်မည့်အစီအစဉ် နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် ထန်းတပင်မြို့နယ် လမုတန်းလေးကျေးရွာနှင့် ကျူတောကျေးရွာအုပ်စု မြေသားလမ်းအား ကျောက်ချောခင်းရန်နှင့် စပ်လျဉ်းသည့်မေးခွန်း၊ အောင်မြေသာဇံမြို့နယ်မှ ဦးကိုကြီး၏ ဈေးကစားခြယ်လှယ်မှုနှင့် စီးပွားရေးလက်ဝါးကြီးအုပ်မှုအခြေအနေတို့ကို လက်ရှိဥပဒေဖြင့်လည်းကောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းအသစ် ပြဋ္ဌာန်းခြင်းဖြင့်လည်းကောင်း ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့်စပ်လျဉ်းသည့်မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးဌေးမောင်၏ အမျိုးသားပညာရေး အကြားအလပ်မရှိဖွံ့ဖြိုးတိုးတက်မှုရှိအောင် နိုင်ငံတော်က မည်သို့စီမံထားကြောင်း၊ အခမဲ့ပညာသင်ကြားရေး၊ နောင်လာမည့်ပညာရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပေါင်းစပ်နိုင်မှု ရှိ/မရှိ မည်သည့်အဆင့်ထိ ခွင့်ပြုမည်နှင့်စပ်လျဉ်းသည့်မေးခွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင်၏ အင်္ဂလိပ်စာ Reading, Writing, Listening and Speaking စသော 4 Skills ကျွမ်းကျင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၏ ကုန်ဈေးနှုန်းများတည်ငြိမ်မှုရှိအောင်နှင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦး၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရပိတ်ဆို့မှုများကို ဤလွတ်တော်က ကန့်ကွက်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မတ်လ ၂၄ ရက် ည ၈ နာရီခွဲခန့်က မြန်မာနိုင်ငံအရှေ့ပိုင်း တာချီလိတ်၊ တာလေဒေသကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ အဆင့်ထိ မြေငလျင်လှုပ်ခတ်သွားမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် လွတ်တော်မှ



လွတ်တော်ကိုယ်စားလှယ်များ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်တို့က ပြန်လည်ဖြေကြားကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးညွန့်လှိုင်၏ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ပေးသော စိုက်ပျိုးစရိတ်နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရန်ဖြစ်သော်လည်း ကာယကံရှင်ကိုယ်တိုင်က အဆိုပါမေးခွန်းသည် မတ်လ ၂၂ ရက်က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်မေးမြန်းခဲ့သည့် မေးခွန်းနှင့်တစ်သဘောတည်းဖြစ်ပြီး အကြောင်းအရာများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြည့်စုံစွာပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်သဖြင့် မေးခွန်းကို ပြန်လည် ရုပ်သိမ်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများထံသို့ နိုင်ငံတကာမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်နိုင်ရေးအတွက် ဆန္ဒရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုပါသဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်သို့ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်နိုင်ရေးအတွက် ဆန္ဒရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုပါဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာ မြတ်ဉာဏစိုးက လွှတ်တော်ကြီးသုံးရပ်ပေါ်ထွန်းလာသည်နှင့်အတူ ဒီမိုကရေစီနည်းလမ်းတကျရွေးချယ်တင်မြှောက်ခံရသည့် ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က ဥပဒေပြုရေးလုပ်ငန်းရပ်အတွက် ဦးဆောင်လမ်းညွှန်ကာ တာဝန်ထမ်းဆောင်နေကြသည်ကို အထူးပင်ဝမ်းမြောက်ကြောင်းအဆို၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတကို တညီတညွတ်တည်း ဆန္ဒပြုရွေးချယ်တင်မြှောက်ခဲ့ပြီး နိုင်ငံတော်၏အုပ်ချုပ်ရေး လုပ်ငန်းများအတွက် ပြည်သူပြည်သားအပေါင်းအား စောင့်ရှောက်သွားမည်ကို အထူးဝမ်းမြောက်ကြောင်းအဆိုနှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကို အထူးပင်ဝမ်းသာကြောင်းအဆိုများကို တင်သွင်းရာ မှတ်တမ်းတင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။ ဒေါက်တာမြတ်ဉာဏစိုးတင်သွင်းသည့် အဆိုသုံးရပ်အပေါ် လွှတ်တော်က သဘောတူသည့်အတွက် အဆိုများအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးတင် ရှိကြောင်းနှင့် နိုင်ငံတော်သမ္မတကြီးနှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၏ စွမ်းဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်သွားနိုင်သည်ဟု ယုံကြည်ပါကြောင်း အဆိုကို တင်သွင်းရာ မှတ်တမ်းတင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။ ဦးဌေးဦးတင်သွင်းသည့်အဆိုအပေါ် လွှတ်တော်ကသဘောတူသည့်အတွက် အဆိုအား ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဥပဒေကြမ်းပူးပေါင်းကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။ လွှတ်တော်ကသဘောတူသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဖွဲ့စည်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သဘောတူညီချက်ကို ရယူသည်။ လွှတ်တော်ကသဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။



ပထမအကြိမ်
ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်
ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများ

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပထမနေ့ကို သြဂုတ်လ ၂၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌စတင်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်၍ ပထမပုံမှန်အစည်းအဝေး၌ ဖွဲ့စည်းခဲ့သော လွှတ်တော်ကော်မတီများအပြင် ကော်မတီနှင့် ကော်မရှင်များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကော်မတီနှင့် ကော်မရှင်ဥက္ကဋ္ဌများကိုပါ တစ်ပါတည်း လျာထားသတ်မှတ်တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို သြဂုတ်လ ၂၂ ရက်တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ခြင်းသတ်မှတ်ချက်နှင့်အညီ ကော်မတီများကို တိုးချဲ့ဖွဲ့စည်းသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ခိုင်က အမျိုးသားလွှတ်တော်သို့တင်သွင်းပြီး လွှတ်တော်၏သဘောတူညီချက်ကို ရယူသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို သြဂုတ်လ ၂၂ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ကျင်းပသည်။ ရွေးဦးစွာပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက

အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဝင်ငွေ ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရုံးခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံကြသဖြင့် လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဒုတိယနေ့ကို သြဂုတ်လ ၂၃ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့၏ ပညာကဏ္ဍဆိုင်ရာ မေးခွန်းလေးခု၊ ကိုယ်စားလှယ်လေးဦးတို့၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းငါးခုတို့ကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြအေးနှင့် ဦးခင်အောင်မြင့်တို့ကို ပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးမောင်တိုးကလည်းကောင်း၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က လည်းကောင်း တင်ပြသည်။

ဆက်လက်၍ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က အဆိုနှစ်ခုနှင့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်က အဆိုနှစ်ခုတို့ကို တင်သွင်းကြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းက မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့တင်သွင်းရာ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားရှင်းလင်းသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို သြဂုတ်လ ၂၃ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့၏ မေးခွန်းနှစ်ခုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေသက်ခင်နှင့် ဦးဝင်းထွန်းတို့က ဖြေကြားကြသည်။



လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်စဉ်

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးထွန်းမြင့်က အဆိုတစ်ခုတင်သွင်းရာ လွှတ်တော်က အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးတင်ယုက လွှတ်တော်ရုံး ဥပဒေကြမ်းကိုလည်းကောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စားပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းကို

လည်းကောင်း ဆွေးနွေးစည်းဝေးရန် အဆိုတင်သွင်းကြပြီး ဥပဒေကြမ်းများကို ဖတ်ကြားကြသည်။ အဆိုပါ ဥပဒေကြမ်းများကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတတိယနေ့ကို သြဂုတ်လ ၂၄ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးအောင်မင်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်မြင့်၊ ဦးလှထွန်းနှင့် ဒေါက်တာမြအေး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က ဖြေကြားကြသည်။

ထို့နောက် သြဂုတ်လ ၂၃ ရက်က တင်ပြခဲ့သော ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးကြပြီး အဆိုပါ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ သြဂုတ်လ ၂၃ ရက်က တင်သွင်းခဲ့သည့် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၏ အဆိုနှစ်ခုကို လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးကြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုရှင် ဦးကြည်မြင့်က အဆိုများကို ပြန်လည်ရုပ်သိမ်းလိုကြောင်းတင်ပြရာ လွှတ်တော်က သဘောတူကြောင်း အတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ သြဂုတ်လ ၂၃ ရက်က တင်သွင်းခဲ့သည့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်၏ အဆိုနှစ်ခုကို လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုရှင် ဒေါက်တာမောင်မောင်ဝင့်၏ အဆိုများကို လွှတ်တော်က သဘောတူကြောင်းအတည်ပြုဆုံးဖြတ်သည်။

ဆက်လက်၍ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းနှင့် သဃ်ိန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တို့က အဆိုတစ်ခုစီတင်သွင်းကြ သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတတိယနေ့ကို သြဂုတ်လ ၂၄ ရက်တွင် ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယပုံမှန်အစည်းအဝေးပထမနေ့က နိုင်ငံတော်သမ္မတပြောကြားခဲ့သည့်မိန့်ခွန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုပါက အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်လေးဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်စိုးနှင့် ဦးဝင်းထွန်းတို့က ဖြေကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ ဒေါက်တာမြင့်ကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂)မှ ဦးဝင်းမောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဒေါက်တာမြဦးတို့က အဆိုလေးခုကို တင်သွင်းကြသည်။ အဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို သြဂုတ်လ ၂၅ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးတို့၏ မေးခွန်းခုနစ်ခုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ဖြေကြားကြသည်။

ထို့နောက် သြဂုတ်လ ၂၄ ရက်က တင်သွင်းခဲ့သည့် သဃ်ိန်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးကြပြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဦးသိန်းညွန့်၏အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေက များသည့်အတွက် လွှတ်တော်က အတည်မပြုကြောင်းဆုံးဖြတ်သည်။

ထို့နောက် ဦးသိန်းညွန့်က အဆိုနှစ်ခုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို သြဂုတ်လ ၂၅ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏

မေးခွန်းသုံးခုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆန်းနှင့် ဦးဉာဏ်ထွန်းအောင်တို့က ဖြေကြားကြသည်။

ထို့နောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယအကြိမ် ပုံမှန်အစည်းအဝေးပထမနေ့က နိုင်ငံတော်သမ္မတပြောကြားခဲ့သည့်မိန့်ခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ဩဂုတ်လ ၂၄ ရက်က လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်တင်သွင်းထားသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဆွေးနွေး ကြပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် ဩဂုတ်လ ၂၄ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်တင်သွင်းထားသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဆွေးနွေးကြပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဩဂုတ်လ ၂၄ ရက်က လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးတင်သွင်းထားသည့် အဆိုနှစ်ခုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဆွေးနွေးကြပြီး လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှမောင်၊ မွန် ပြည်နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ရီရီမြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခက်ထိန်နန်တို့က အဆိုတစ်ခုစီတင်သွင်းကြရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက ထောက်ခံသည့်အတွက် အဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်က အဆိုတစ်ခုတင်သွင်းရာ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ရှင်းလင်းဆွေးနွေးပြီးအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ခိုင်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို တင်သွင်းရာ အဆိုပါ ဥပဒေကြမ်းများအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဩဂုတ်လ ၂၆ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏မေးခွန်းခုနစ်ခုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးသန်းဌေး၊ ဦးအောင်ကြည်၊ ဦးဝင်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာဖေသက်ခင်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့က ဖြေကြားကြ သည်။

ထို့နောက် ဩဂုတ်လ ၂၃ ရက်က တင်ပြခဲ့သော ပြည်သူ့ငွေစာရင်း ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးကြပြီး အဆိုပါအစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ခွင့်ပြုပေးရန် တင်ပြကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဩဂုတ်လ ၂၆ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးတို့၏မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းထွန်း၊ ဦးဉာဏ်ထွန်းအောင်နှင့် ဒေါက်တာမြအေးတို့က ဖြေကြားကြသည်။

ထို့နောက် ဩဂုတ်လ ၂၅ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးရှမောင်တင်သွင်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးကြပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဩဂုတ်လ ၂၅ ရက်က လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်တင်သွင်းသည့် ပထမအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ရှင်းလင်းဆွေးနွေးပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဒေါ်ရီရီမြင့်တင်သွင်းသည့် ဒုတိယအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ရှင်းလင်းဆွေးနွေးပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဩဂုတ်လ ၂၅ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်တင်သွင်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးကြသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထိုက်က ရှင်းလင်းဆွေးနွေးပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှမောင်က အဆိုတစ်ခုတင်သွင်းရာအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဦးခင်မောင်ရီက အဆိုတစ်ခုတင်သွင်းရာ အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရှင်းလင်းဆွေးနွေးပြီး အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းက အဆိုတစ်ခုတင်သွင်းရာ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဒေါက်တာခင်ရွှေက အဆိုတစ်ခုတင်သွင်းရာ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းကိုတင်သွင်းရာ အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ်လ ၂၉ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး၏မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေသက်ခင်၊ ဦးလှထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးတင့်ဆန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ခိုင်တို့က ဖြေကြားကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးက စုပေါင်းလက်မှတ်ရေးထိုး၍ ဩဂုတ်လ ၈ ရက်ဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်း



အမျိုးသားလွှတ်တော် အစည်းအဝေးကျင်းပစဉ်

သားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်ဦးစတီမန်က လွှတ်တော်သို့တင်ပြရာ လွှတ်တော်ကသဘောတူသည့်အတွက် မှတ်တမ်းတင်ခြင်းဆောင်ရွက်သည်။

ဆက်လက်၍ ဩဂုတ်လ ၂၅ ရက်က တင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏အဆိုသည် ဆက်လက်ဆောင်ရွက်ရန် မလိုတော့သောအဆိုဖြစ်ကြောင်း လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

ဆက်လက်၍ ဩဂုတ်လ ၂၃ ရက်က တင်သွင်းခဲ့သော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၏အဆိုကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးကြပြီး လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် သဃ်နိုးကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုတစ်ခု တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရာ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရေးဆွဲတင်ပြရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ကို ဩဂုတ်လ ၂၉ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ် ခြောက်ဦး၏မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းမြင့်၊ ဦးတင်နိုင်သိန်း၊ ဦးခင်ရီနှင့် ပြည်ထောင်စုတရားသူကြီး ချုပ် ဦးထွန်းထွန်းဦးတို့က ဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးမြသိမ်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက် အစီရင်ခံစာအား တင်ပြပြီး ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် လက်ရှိပြဋ္ဌာန်းချက်၊ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်အကြံပြုချက်တို့ကို ဖတ်ကြားသည်။

ဆက်လက်၍ အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်များအတိုင်း ဥပဒေကြမ်းကို အတည်ပြုကြောင်း လွှတ်တော်က ဆုံးဖြတ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်းက အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဆိုပါ ဥပဒေကြမ်းကိုအတည်ပြုရန် အဆိုတင်သွင်းရာအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ထို့နောက် ဩဂုတ်လ ၂၆ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးရှမောင်တင်သွင်းထားသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ဆွေးနွေးကြသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ဩဂုတ်လ ၃၀ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးအောင်မင်း၊ ဦးခင်မောင်မြင့်၊ ဒေါက်တာမြအေးတို့က ဖြေကြားကြသည်။

ထို့နောက် ဩဂုတ်လ ၂၉ ရက်က တင်သွင်းခဲ့သော ဦးသိန်းညွန့်၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် လေးဦးက ဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဦးသိန်းညွန့်၏အဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရ ယူရာ ကန့်ကွက်သည့်ကိုယ်စားလှယ်ဦးရေများသည့်အတွက် လွှတ်တော်က အတည်မပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာနှင့် ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းတို့က အဆိုတစ်ခုစီ တင်သွင်းကြသည်။

ဆက်လက်၍ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး၏ မေးခွန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ဖြေကြားသည်။

ထို့နောက် ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးက ၂၀၁၁ ခုနှစ် လယ်ယာမြေဥပဒေကြမ်းကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးသတ္တမနေ့ကို သြဂုတ်လ ၃၀ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ်ခြောက်ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြ သော ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ဖြေကြားကြသည်။

ထို့နောက် သြဂုတ်လ ၂၉ ရက်ကတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ၏အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သြဂုတ်လ ၂၉ ရက်က တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း၏အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းဆွေးနွေးပြီး အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉) မှ ဦးသိန်းဝင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၉) မှ ဦးထွန်းလွင်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်းတို့က အဆိုတစ်ခုစီ တင်သွင်းကြရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီက ထောက်ခံဆွေးနွေးကြပြီး အဆိုများကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသိန်းဝင်းက အဆိုတစ်ခုတင်သွင်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရှင်းလင်းဆွေးနွေးပြီး အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို သြဂုတ်လ ၃၁ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ်ကိုးဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြ သော ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဦးတင်နိုင်သိန်းတို့က ဖြေကြားကြသည်။ ထို့နောက် သြဂုတ်လ ၃၀ ရက်က တင်သွင်းထားသည့် တွံတေး မဲဆန္ဒနယ်မှ ဦးစိုးသာ၏ အဆိုကို လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦးတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဦးစိုးသာ၏အဆိုကို လွှတ်တော်က သဘောတူမှတ်တမ်း တင် အတည်ပြုသည်။

ဆက်လက်၍ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးနှင့် ချီဖွေမဲဆန္ဒနယ်မှ ဦးဇံးတိန့်တို့က အဆိုတစ်ခုစီ တင်သွင်းကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ရွှေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်ခိုင်က လွှတ်တော်သို့တင်သွင်းရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားရှင်းလင်းသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို သြဂုတ်လ ၃၁ ရက်တွင် ဆက်



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်

လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာဖေသက်ခင်နှင့် ဒေါက်တာမြအေးတို့က ဖြေကြားကြသည်။

ထို့နောက် ဩဂုတ်လ ၃၀ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်းတင်သွင်းထားသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးကြသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဩဂုတ်လ ၃၀ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင်တင်သွင်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးကြသည်။

ဆက်လက်၍ ဦးထွန်းလွင်၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးတင်မောင်ဝင်းက အဆိုတစ်ခုတင်သွင်းရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဦးတင်မောင်ဝင်း၏အဆိုကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြီးဖြစ်သဖြင့် အဆိုကို မေးခွန်းအဖြစ်ပြောင်းလဲပြီးအဖြေကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဦးသိန်းဝင်းက အဆိုတစ်ခုတင်သွင်းရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဆိုကို သဘောတူထောက်ခံကြောင်း ရှင်းလင်းဆွေးနွေးပြီး အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်းက အဆိုတစ်ခုတင်သွင်းရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရင်က ပြန်လည် ဆွေးနွေးပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးနဝမနေ့ကို စက်တင်ဘာလ ၁ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လွိုင်၊ ဒေါက်တာမြအေး၊ ဦးခင်ရီတို့က ပြန်လည် ဖြေကြားကြသည်။

ထို့နောက် ဩဂုတ်လ ၃၁ ရက်က ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် တင်သွင်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးကြသည်။

ဆက်လက်၍ ဦးဇုံးတိန့်၏အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လွိုင်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဦးဇုံးတိန့်၏အဆိုကို လွှတ်တော်က သဘောတူမှတ်တမ်းတင် အတည်ပြုသည်။

ဆက်လက်၍ လဟယ်မဲဆန္ဒနယ်မှ ဦးသားမူနှင့် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦးတို့က အဆိုတစ်ခုစီ တင်သွင်းကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်

အစည်းအဝေး နဝမနေ့ကို စက်တင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ဦးခင်မောင်မြင့်တို့က ဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာမြတ်ဉာဏစိုးက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ခိုင်က အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဉာဏ်လင်းက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပြင်ဆင်သည့်ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းရာ ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူသည်။

ထို့နောက် သြဂုတ်လ ၃၁ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်းတင်သွင်းသည့်အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ သြဂုတ်လ ၃၁ ရက်က လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းတင်သွင်းသည့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်လေးဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြန်လည်ရှင်းလင်းပြီး ဦးမြင့်ထွန်း၏အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးနေဝင်းထွန်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းတို့က အဆိုတစ်ခုစီ တင်သွင်းကြရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို စက်တင်ဘာလ ၂ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးလှထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းမြင့်တို့က ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်က အဆိုတစ်ခုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆက်လက်၍ လွှတ်တော်ကော်မတီအဖွဲ့ဝင် ဖြည့်တင်းခြင်း၊ ကော် မတီတိုးချဲ့ဖွဲ့စည်းခြင်း၊ ကော်မတီအမည်ဖြည့်စွက်ပြင်ဆင်ခြင်း၊ ကော်မတီ ၁၉ ခုတွင်ပါဝင်သည့်အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ အတွင်းရေးမှူး၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို စက်တင်ဘာလ ၂ ရက်တွင် ဆက်လက်ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်ခုနစ်ဦး၏ မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးကျော်ဆန်း၊ ဦးမြင့်လိုင်၊ ဦးတင်နိုင်သိန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်မြင့်ဖေက ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာ လွှတ်တော်ကိုယ်စားလှယ်လေးဦးက ထောက်ခံဆွေးနွေးကြပြီး ဥပဒေကြမ်းကော်မတီက ထပ်မံကြားနာရန် ဆုံးဖြတ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါနန်းနီနီအေးက အမျိုးသားလွှတ်တော်ရုံး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အတည်ပြုရန် အဆိုတင်သွင်း၍ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသဖြင့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ ထိုအစည်းအဝေးတွင် ပြည်ထောင်စု

လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတင်သွင်းခဲ့သော ဥပဒေကြမ်း ၅ ခုအား အတည်ပြုပြီး သစ်တောရေးရာဝန်ကြီးဌာနအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟု ပြောင်းလဲသတ်မှတ်သည်။

ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို စက်တင်ဘာလ ၁၂ ရက်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပသည်။ ထိုအစည်းအဝေး၌ မေးခွန်း ၁၀ ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်၊ အဆိုနှစ်ခုဆွေးနွေးခြင်းနှင့် အဆို အသစ် ၃ ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ ထိုအစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ၄ ဦး တို့က ဆောက်လုပ်ရေးဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့်က ပြန်လည်ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ ထိုအစည်းအဝေး၌ မေးခွန်း (၉)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်း၊ အဆိုနှစ်ခုဆွေးနွေးခြင်းနှင့် အဆိုသစ်တစ်ခုအား မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေဆိုခြင်းများကို ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို စက်တင်ဘာလ ၈ ရက်နေ့တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း ၇ ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆိုအသစ်နှစ်ခုတင်သွင်းခြင်း၊ အဆို ၁ ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၉)ခုမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတစ်ခုဆွေးနွေးခြင်းနှင့် အဆိုအသစ် ၂ ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြ သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၉)ခုမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုတစ်ခုဆွေးနွေးခြင်းနှင့် အဆိုအသစ် ၂ ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြ သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို နေပြည်တော်ရှိ



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ

အမျိုးသားလွတ်တော်ခန်းမ၌ ကျင်းပရာ လွတ်တော်ကိုယ်စားလှယ် ၄ ဦးတို့က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးတို့က ဖြေကြားခြင်းများကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ အဆိုတစ်ခုကို ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ မေးခွန်း (၉)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို ၂ ခုမေးမြန်းခြင်းနှင့် အဆိုသစ်နှစ်ခု ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။ အဆို ၁ ခု ဂုဏ်ပြုမှတ်တမ်းတင်ခြင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် 'ဝ' အထူးဒေသ ၂ မှ အဖွဲ့များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းလားအထူးဒေသ ၄ မှ အဖွဲ့များ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များရရှိ၍ သက်ဆိုင်ရာနယ်မြေဒေသများနှင့် ဆက်စပ်နယ်မြေများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ပဏာမသဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာလ ၁၁ ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပသည်။ အစည်းအဝေးတွင် လွှတ်တော် ကိုယ်စားလှယ် ၄ ဦးတို့က ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို စက်တင်ဘာလ ၁၄ ရက်နေ့တွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အဦ ပြည်သူ့လွှတ်တော် ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၇) ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးတို့က သိပ္ပံနှင့် နည်းပညာဆိုင်ရာမေးခွန်းများကိုမေးမြန်းကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးအေးမြင့်က ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၅၅ ဦး တက်ရောက်သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လွိုင်က ပြန်လည်ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်းခြောက်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့က လျှပ်စစ်ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြန်လည် ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၁) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက် ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်းခြောက်ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ်နှစ်ခုတင်သွင်းခြင်းနှင့် ယမန်နေ့က ဆွေးနွေးအတည်ပြုခဲ့သောဥပဒေကြမ်းကို ဆက်လက်

အတည်ပြုခြင်းများအား ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် ကိုယ်စားလှယ်များက မေးမြန်းခြင်းများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၆) ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုတင်သွင်းခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁) တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၆) ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုတင်သွင်းခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁) တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၆)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုတင်သွင်းခြင်း၊ အဆို (၂)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၇)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၆)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခုတင်သွင်းခြင်း၊ အဆို (၂)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ် (၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၇)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ပြုလုပ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးဌ မေးခွန်း (၅)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးဌ မေးခွန်း (၅)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းနှင့် ယမန်နေ့က ဆွေးနွေး

အတည်ပြုခဲ့သော ဥပဒေကြမ်းကို ဆက်လက်အတည်ပြုခြင်းများအား ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၇)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁) ခု ဆွေးနွေးခြင်း၊ လွှတ်တော်ဆိုင်ရာ ကော်မတီ (၂)ခု၏ အမည်ဖြည့်စွက်ပြင်ဆင်ခြင်း၊ အဆို အသစ် (၂)ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ပြုလုပ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၉) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအား မှတ်တမ်းတင်အတည်ပြုခြင်း၊ မေးခွန်း (၉)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုအသစ် (၁)ခု တင်သွင်းခြင်း၊ အရေးကြီးအဆိုတစ်ခု အတည်ပြု ထောက်ခံမှတ်တမ်းတင်ခြင်းနှင့် အဆို (၂)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက် ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၇) ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ထံသို့ စက်တင်ဘာလ (၂၉) ရက်စွဲဖြင့်ပေးပို့သော သဝဏ်လွှာကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကဖတ်ကြားကာ မေးမြန်းခြင်းနှင့်ဖြေဆိုခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၆)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက် ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၉)ခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်းနှင့် အဆိုအသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက် ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၀) ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများကို ဆက်လက်ဆောင်ရွက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၁၂)ခု မေးမြန်းခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် အဆိုအသစ် (၁) ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၁) ရက်မြောက်နေ့ကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ကျန်းမာရေးဆိုင်ရာကဏ္ဍများကို မေးမြန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည် ဖြေကြားကြသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် မေးခွန်း (၁၂)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ

(၂၈)ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသားလွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် အမျိုးသားလွတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမြင့်ထွန်းက ပြည်သူ့လွတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသော ပြည်သူ့လွတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်သူ့လွတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့ကို အမျိုးသားလွတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများနှင့်အတူ အဆိုတင်သွင်းသည်။ ဆက်လက်၍ အဆိုတင်သွင်းမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ပြည်သူ့လွတ်တော်အစည်းအဝေး (၄၃)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၁၁)ရက်နေ့က နေပြည်တော်ရှိ ပြည်သူ့လွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ မေးခွန်း (၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၃)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွတ်တော်အစည်းအဝေး (၄၄)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၁)ရက်နေ့တွင် နေပြည်တော်ရှိ ပြည်သူ့လွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် အရေးကြီးအဆို (၁)ခု တင်သွင်းဆွေးနွေးခြင်းနှင့်မေးခွန်း (၉)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွတ်တော်အစည်းအဝေး (၄၃)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၁)ရက်နေ့တွင် နေပြည်တော်ရှိ အမျိုးသားလွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေးတွင် အဆို (၁)ခု ဆက်လက်ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွတ်တော်အစည်းအဝေး (၄၄)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၂)ရက်နေ့က နေပြည်တော်ရှိ အမျိုးသားလွတ်တော်ခန်းမ၌ ဆက် လက်ဆောင်ရွက်သည်။ အစည်းအဝေး၌ လွတ်တော်၏ အတည်ပြုချက်ဖြင့် အဆို (၁)ခု တင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်း (၂)ခု အတည်ပြုခြင်း၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ ဖြန့်ဝေထားခြင်းနှင့်စပ်လျဉ်း၍ လွတ်တော်သို့အတည်ပေးခြင်း၊ ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်မေးခွန်းများအဆိုများ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွတ်တော်၏ ဆောင်ရွက်ချက်များအား ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွတ်တော်အစည်းအဝေး (၄၅)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၃)ရက်က နေပြည်တော်ရှိ ပြည်သူ့လွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ အဆိုအသစ် (၁)ခု တင်သွင်း ဆွေးနွေးခြင်း နှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွတ်တော်အစည်းအဝေး (၄၆)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၄)ရက်နေ့က နေပြည်တော်ရှိ ပြည်သူ့လွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွတ်တော်အစည်းအဝေး (၄၇)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၄)ရက်နေ့က နေပြည်တော်ရှိ အမျိုးသားလွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ အဆို (၁)ခု ဆွေးနွေးခြင်း၊ အမည်စာရင်း တင်သွင်းနိုင်ကြောင်း တင်သွင်းခြင်း၊ ကော်မရှင်ပြင်ဆင်ဖွဲ့စည်းမှုနှင့်စပ်လျဉ်းသည့် တင်ပြခြင်းနှင့် ဥပဒေကြမ်း (၁)ခုနှင့်စပ်လျဉ်း၍ လွတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွတ်တော်အစည်းအဝေး (၄၈)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၅)ရက်နေ့က နေပြည်တော်ရှိ ပြည်သူ့လွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ အဆို (၁)ခု ဆွေးနွေးခြင်း၊ အမည်စာရင်း တင်သွင်းနိုင်ကြောင်း တင်သွင်းခြင်း၊ ကော်မရှင်ပြင်ဆင်ဖွဲ့စည်းမှုနှင့်စပ်လျဉ်းသည့် တင်ပြခြင်းနှင့် ဥပဒေကြမ်း (၁)ခုနှင့်စပ်လျဉ်း၍ လွတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွတ်တော်အစည်းအဝေး (၄၉)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၆)ရက်နေ့က နေပြည်တော်ရှိ ပြည်သူ့လွတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ အဆို (၁)ခု ဆွေးနွေးခြင်း၊ အမည်စာရင်း တင်သွင်းနိုင်ကြောင်း တင်သွင်းခြင်း၊ ကော်မရှင်ပြင်ဆင်ဖွဲ့စည်းမှုနှင့်စပ်လျဉ်းသည့် တင်ပြခြင်းနှင့် ဥပဒေကြမ်း (၁)ခုနှင့်စပ်လျဉ်း၍ လွတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အမျိုးသားလွတ်တော်အစည်းအဝေး (၅၀)ရက်

မြောက်နေ့ကို နိုဝင်ဘာလ (၁၆)ရက်နေ့က နေပြည်တော်ရှိ အမျိုးလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ ဥပဒေကြမ်း (၁)ခု အဆုံးအဖြတ် ရယူခြင်းနှင့် အဆို (၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာလ (၁၈)ရက်နေ့က နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက် လက်ကျင်းပသည်။ အစည်းအဝေး၌ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်း၊ ပူးပေါင်းကော်မတီဝင် အစားထိုးတာဝန်ပေးအပ်ခြင်းနှင့် ဥပဒေကြမ်း (၁)ခုအား မှတ်တမ်းတင်ခြင်း တို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၄၉)ရက် မြောက်နေ့ကို နိုဝင်ဘာလ (၂၁)ရက်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အစည်းအဝေး၌ ဥပဒေကြမ်း (၁)ခု နှင့် စပ်လျဉ်း၍ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခုအား ဆက်လက်ဆွေးနွေး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို နိုဝင်ဘာလ (၂၂)ရက်နေ့က နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေး၌ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ပူးပေါင်းဆောင်ရွက်လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်ပတ်သက်၍ အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး ရက် (၅၀) မြောက်နေ့ကို နိုဝင်ဘာလ (၂၃) ရက်တွင် ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့် ပေးပို့သော မြေလွတ် မြေလတ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းများကို ဆောင်ရွက်သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၅၁) ရက် မြောက်နေ့ကို နိုဝင်ဘာ (၂၄) ရက်နေ့တွင် ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ဥပဒေကြမ်းနှစ်ခု ဆွေးနွေးဆုံးဖြတ်ခြင်း၊ လွှတ်တော်ရေးရာများ ရှင်းလင်းခြင်း တို့ကို ဆောင်ရွက်သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာလ (၂၅)ရက်နေ့က နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာများအား ဖတ်ကြားတင်ပြခြင်း၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်း၊ ပူးပေါင်းကော်မတီဝင် အစားထိုးခန့်အပ်ခြင်းနှင့် အစည်းအဝေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

နိုင်ငံတော်သမ္မတ အရည်အချင်းနှင့်ပြည့်စုံမှုရှိ၊ မရှိ စိစစ်ရေးအဖွဲ့

စဉ်	အမည်	တာဝန်	လွှတ်တော်/မဲဆန္ဒနယ်
၁	သူရဦးရွှေမန်း	ဥက္ကဋ္ဌ	ပြည်သူ့လွှတ်တော်
၂	ဦးခင်အောင်မြင့်	ဥက္ကဋ္ဌ	အမျိုးသားလွှတ်တော်
၃	ဦးနန္ဒကျော်စွာ	ဒုတိယဥက္ကဋ္ဌ	ပြည်သူ့လွှတ်တော်
၄	ဦးမြညိမ်း	ဒုတိယဥက္ကဋ္ဌ	အမျိုးသားလွှတ်တော်
၅	ဦးသောင်း	ကိုယ်စားလှယ်	ကျောက်ဆည်မဲဆန္ဒနယ်
၆	ဦးမျိုးမြင့်	ကိုယ်စားလှယ်	မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၆)
၇	တပ်မတော်သားကိုယ်စားလှယ် တစ်ဦး	ကိုယ်စားလှယ်	တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ခံပြည်သူ့လွတ်တော်ကိုယ်စားလှယ်များ၏ ဒုတိယသမ္မတမဲပေးရွေးချယ်မှု

စဉ်	အမည်	ရရှိမဲ	မဲဆန္ဒနယ်	မှတ်ချက်
၁	ဦးသိန်းစိန်	၂၇၆	ဧမ္မူသီရိမဲဆန္ဒနယ်	
၂	ဦးစောသိန်းအောင်	၃၈	လှိုင်းဘွဲ့မဲဆန္ဒနယ်	
၃		၁၁		ပယ်မဲ

ရွေးကောက်ခံအမျိုးသားလွတ်တော်ကိုယ်စားလှယ်များ၏ ဒုတိယသမ္မတမဲပေးရွေးချယ်မှု

စဉ်	အမည်	ရရှိမဲ	မဲဆန္ဒနယ်	မှတ်ချက်
၁	ဒေါက်တာစိုင်းမောက်ခမ်း(ခ) မောင်အုန်း	၁၄၀	ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)	
၂	ဒေါက်တာအေးမောင်	၂၇	ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)	
၃		၁		ပယ်မဲ

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း

စဉ်	အမည်	ရရှိမဲ	အစုအဖွဲ့	မှတ်ချက်
၁	ဦးသိန်းစိန်	၄၀၈	ရွေးကောက်ခံပြည်သူ့လွတ်တော်ကိုယ်စားလှယ်များ	
၂	သီဟသူရဦးတင်အောင်မြင့်ဦး	၁၅၁	တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များ	
၃	ဒေါက်တာစိုင်းမောက်ခမ်း (ခ) မောင်အုန်း	၅၅	ရွေးကောက်ခံအမျိုးသားလွတ်တော်ကိုယ်စားလှယ်	
၄		၁		ပယ်မဲ

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုဝန်ကြီးဌာနများ

စဉ်	ဝန်ကြီးဌာနအမည်
၁	ကာကွယ်ရေးဝန်ကြီးဌာန
၂	ပြည်ထဲရေးဝန်ကြီးဌာန
၃	နယ်စပ်ရေးရာဝန်ကြီးဌာန
၄	နိုင်ငံခြားရေးဝန်ကြီးဌာန
၅	ပြန်ကြားရေးဝန်ကြီးဌာန
၆	လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
၇	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

စဉ်	ဝန်ကြီးဌာနအမည်
၈	ဆောက်လုပ်ရေးဝန်ကြီးဌာန
၉	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန
၁၀	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန
၁၁	ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန
၁၂	လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
၁၃	သစ်တောရေးရာဝန်ကြီးဌာန

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုဝန်ကြီးဌာနများ

စဉ်	ဝန်ကြီးဌာနအမည်
၁၄	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
၁၅	သတ္တုတွင်းဝန်ကြီးဌာန
၁၆	သမဝါယမဝန်ကြီးဌာန
၁၇	အလုပ်သမားဝန်ကြီးဌာန
၁၈	ပို့ဆောင်ရေးဝန်ကြီးဌာန
၁၉	ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန
၂၀	အမှတ်(၁) စက်မှုဝန်ကြီးဌာန
၂၁	အမှတ်(၂) စက်မှုဝန်ကြီးဌာန
၂၂	ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၂၃	စွမ်းအင်ဝန်ကြီးဌာန
၂၄	အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စဉ်	ဝန်ကြီးဌာနအမည်
၂၅	အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၂၆	ပညာရေးဝန်ကြီးဌာန
၂၇	ကျန်းမာရေးဝန်ကြီးဌာန
၂၈	ယဉ်ကျေးမှုဝန်ကြီးဌာန
၂၉	သာသနာရေးဝန်ကြီးဌာန
၃၀	သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၃၁	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန
၃၂	အားကစားဝန်ကြီးဌာန
၃၃	သမ္မတရုံးဝန်ကြီးဌာန
၃၄	မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့တာဝန်	မှတ်ချက်
၁	ဦးသိန်းစိုး	ဥက္ကဋ္ဌ	နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး
၂	ဦးထွန်းထွန်းဦး	ပြည်ထောင်စုတရားသူကြီးချုပ်	ပြည်ထောင်စုတရားသူကြီးချုပ်
၃	ဦးတင်အေး	ဥက္ကဋ္ဌ	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
၄	ဒေါက်တာထွန်းရင်	ပြည်ထောင်စုရှေ့နေချုပ်	ပြည်ထောင်စုရှေ့နေချုပ်
၅	ဦးလွန်းမောင်	ပြည်ထောင်စုစာရင်းစစ်ချုပ်	ပြည်ထောင်စုစာရင်းစစ်ချုပ်
၆	ဦးကျော်သူ	ဥက္ကဋ္ဌ	ပြည်ထောင်စုရာထူးဝန်အဖွဲ့
၇	ဦးသိန်းညွန့်	ဥက္ကဋ္ဌ	နေပြည်တော်ကောင်စီ

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဒေါနန်းဝါနု	ကွန်ဟိန်း	အဖွဲ့ဝင်
၂	ဦးသောင်း	မော်လိုက်	အဖွဲ့ဝင်
၃	ဦးဘရှိန်	ကျောက်ဖြူ	အဖွဲ့ဝင်
၄	ဦးငွန်မောင်း	ဟားခါး	အဖွဲ့ဝင်
၅	ဒေါဒွဲဘူ	အင်ဂျန်းယန်	အဖွဲ့ဝင်
၆	ဦးနန္ဒကျော်စွာ	ဒဂုံ	ဥက္ကဋ္ဌ
၇	ဦးတိခွန်မြတ်	ကွတ်ခိုင်	အတွင်းရေးမှူး

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၈	ဦးစောလှထွန်း	ချောင်းဦး	အဖွဲ့ဝင်
၉	ဦးခင်မောင်မြင့်	ဇီးကုန်း	အဖွဲ့ဝင်
၁၀	ဦးခင်မောင်ညို	ပေါက်မဲ	အဖွဲ့ဝင်
၁၁	ဦးခင်မောင်ရွှေ	တမူး	အဖွဲ့ဝင်
၁၂	ဦးစိုးရယ်	ဒီမောဆို	အဖွဲ့ဝင်
၁၃	ဦးစတီဖန်	ကျိုင်းတုံ	အဖွဲ့ဝင်
၁၄	ဦးသိန်းထွန်းဦး	အမရပူရ	အဖွဲ့ဝင်
၁၅	ဒေါက်တာစိုးမိုးအောင်	ဘီးလင်း	အဖွဲ့ဝင်

အမျိုးသားလွတ်တော် ဥပဒေကြမ်းကော်မတီ

စဉ်	အမည်	မဲဆန္ဒနယ် (တိုင်းဒေသကြီး/ပြည်နယ်)	ကော်မတီတာဝန်	မဲဆန္ဒနယ်အမှတ်
၁	ဦးမြညိမ်း	ရန်ကုန်	ဥက္ကဋ္ဌ	၇
၂	ဦးခက်ထိန်နုန်	ကချင်	အဖွဲ့ဝင်	၁
၃	ဒေါ်နုန်းနီနီအေး	ကရင်	အဖွဲ့ဝင်	၆
၄	ဦးမန်းအောင်တင်မြင့်	ကရင်	အဖွဲ့ဝင်	၂
၅	ဦးဆွန်ဒုတ်ကျင့်	ချင်း	အဖွဲ့ဝင်	၆
၆	ဒေါက်တာလှသိန်း	မွန်	အဖွဲ့ဝင်	၆
၇	ဦးသန်းမြင့်	တနင်္သာရီ	အဖွဲ့ဝင်	၁၀
၈	ဦးမြင့်ထွန်း	ပဲခူး	အဖွဲ့ဝင်	၁၀
၉	ဦးစိုးမြင့်	မကွေး	အဖွဲ့ဝင်	၆
၁၀	ဦးဇော်မြင့်ဖေ	မန္တလေး	အဖွဲ့ဝင်	၅
၁၁	ဒေါက်တာမြတ်ဉာဏ်စိုး	ရန်ကုန်	အဖွဲ့ဝင်	၄
၁၂	ဦးတင်ယု	ရန်ကုန်	အဖွဲ့ဝင်	၁၁
၁၃	ဦးကျော်ထွန်းအောင်	ရခိုင်	အဖွဲ့ဝင်	၅
၁၄	ဦးစံထွန်း	ကချင်	အတွင်းရေးမှူး	၁၁
၁၅	ဦးဆိုင်ပေါင်းနပ်	ရှမ်း	အဖွဲ့ဝင်	၁၂

ပြည်သူ့ဌေစာရင်းကော်မတီ (ပြည်သူ့လွှတ်တော်)

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးစိုင်းသီဟကျော်	မိုင်းရယ်	အဖွဲ့ဝင်
၂	ဦးမန်းမောင်မောင်ဉာဏ်	ပန်းတနော်	အဖွဲ့ဝင်
၃	ဒေါ်တင်နွယ်ဦး	ဒဂုံမြို့သစ်(မြောက်ပိုင်း)	အဖွဲ့ဝင်
၄	ဦးခွန်မောင်သောင်း	ပင်လောင်း	အဖွဲ့ဝင်
၅	ဦးခွန်လိန်း	ဖလမ်း	အဖွဲ့ဝင်
၆	ဦးသူရိန်ဇော်	ကော့ကရိတ်	ဥက္ကဋ္ဌ
၇	ဦးမောင်တိုး	မင်းလှ	အတွင်းရေးမှူး
၈	ဦးစိုးမြင့်	ညောင်လေးပင်	အဖွဲ့ဝင်
၉	ဦးကြည်သာ	၀	အဖွဲ့ဝင်
၁၀	ဦးမောင်မြသန်း	ညောင်တုန်း	အဖွဲ့ဝင်
၁၁	ဦးဟောက်ခန့်မန်	တွန်းဇံ	အဖွဲ့ဝင်
၁၂	ဦးအောင်လင်းလှိုင်	ဘုတ်ပြင်း	အဖွဲ့ဝင်
၁၃	ဒေါက်တာဝင်းမြင့်	လှိုင်	အဖွဲ့ဝင်
၁၄	ဒေါ်မိယဉ်ချမ်း	ကျိုက်မရော	အဖွဲ့ဝင်
၁၅	ဦးမိုးဇော်ဟိန်း	ကသာ	အဖွဲ့ဝင်

ပြည်သူ့ဌေးရင်းကော်မတီ (အမျိုးသားလွှတ်တော်)

စဉ်	အမည်	မဲဆန္ဒနယ် (တိုင်းဒေသကြီး/ပြည်နယ်)	ကော်မတီတာဝန်	မဲဆန္ဒနယ်အမှတ်
၁	ဦးဘရန်ရောင်	ကချင်	အဖွဲ့ဝင်	၃
၂	ဦးဆားရယ်	ကယား	အဖွဲ့ဝင်	၆
၃	ဦးစောထွန်းမြအောင်	ကရင်	အဖွဲ့ဝင်	၅
၄	ဦးဇုန်လှယ်ထန်း	ချင်း	အဖွဲ့ဝင်	၂
၅	ဦးစတီဗင်သာဘိတ်	ချင်း	အဖွဲ့ဝင်	၄
၆	ဒေါ်ရီရီမြင့်	မွန်	အဖွဲ့ဝင်	၁
၇	ဦးခင်မောင်အေး	စစ်ကိုင်း	အတွင်းရေးမှူး	၇
၈	ဦးသိန်းဝင်း	စစ်ကိုင်း	အဖွဲ့ဝင်	၉
၉	ဦးမိုးမြင့်	တနင်္သာရီ	အဖွဲ့ဝင်	၇
၁၀	ဒေါ်ချိုနွယ်ဦး	ပဲခူး	အဖွဲ့ဝင်	၇
၁၁	ဦးအောင်ထွန်း	မကွေး	ဥက္ကဋ္ဌ	၁၁
၁၂	ဒေါ်ခင်ဝိုင်းကြည်	ရန်ကုန်	အဖွဲ့ဝင်	၁
၁၃	ဦးခင်မောင်ရီ	ဧရာဝတီ	အဖွဲ့ဝင်	၆
၁၄	ဦးခင်မောင်	ရခိုင်	အဖွဲ့ဝင်	၃
၁၅	ဦးရွှမောင်	ရှမ်း	အဖွဲ့ဝင်	၈

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စီစစ်ရေးကော်မတီ (ပြည်သူ့လွှတ်တော်)

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးစိုင်းစောတင်	မိုင်းယောင်း	အဖွဲ့ဝင်
၂	ဦးရှိန်ကျော်ဝင်း	ဆိပ်ဖြူ	အဖွဲ့ဝင်
၃	ဒေါ်ခင်စောဝေ	ရသေ့တောင်	အဖွဲ့ဝင်
၄	ဦးစောနေကော်ကြီး	သံတောင်ကြီး	အဖွဲ့ဝင်
၅	ဦးဝင်းစိန်	ကဝ	ဥက္ကဋ္ဌ
၆	ဦးသန်းမြင့်	ဆားလင်းကြီး	အတွင်းရေးမှူး
၇	ဒေါ်စုစုလျိုင်	ဒဂုံမြို့သစ်(ဧောင်ဝိုင်း)	အဖွဲ့ဝင်
၈	ဒေါက်တာမောင်မောင်ဝင့်	ဗဟန်း	အဖွဲ့ဝင်
၉	ဦးကိုကိုလွင်	မော်လမြိုင်ကျွန်း	အဖွဲ့ဝင်
၁၀	ဦးမြင့်ထွန်း	ကော့သောင်း	အဖွဲ့ဝင်
၁၁	ဦးသန်းထွန်း	ဒီပဲယင်း	အဖွဲ့ဝင်
၁၂	ဦးအောင်စိန်	မာန်အောင်	အဖွဲ့ဝင်
၁၃	ဦးဌေးဝင်း	လယ်ဝေး	အဖွဲ့ဝင်
၁၄	ဦးဝင်းသန်း	သာပေါင်း	အဖွဲ့ဝင်
၁၅	ဦးအေးမောက်	မလှိုင်	အဖွဲ့ဝင်

လွတ်တော်အစည်းအဝေးများနှင့် နိုင်ငံတော်သမ္မတစည်းခြင်း

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စီစစ်ရေးကော်မတီ (အမျိုးသားလွှတ်တော်)

စဉ်	အမည်	မဲဆန္ဒနယ် (တိုင်းဒေသကြီး/ပြည်နယ်)	ကော်မတီတာဝန်	မဲဆန္ဒနယ် အမှတ်
၁	ဦးဂမ်ဆိုင်း	ကချင်	အဖွဲ့ဝင်	၂
၂	ဦးစခုန်တိန့်ယိန်း	ကချင်	အဖွဲ့ဝင်	၄
၃	ဦးလှမောင်	ကယား	အဖွဲ့ဝင်	၁၁
၄	ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့	ကရင်	အဖွဲ့ဝင်	၁
၅	ဒေါက်တာဗညားအောင်မိုး	မွန်	အဖွဲ့ဝင်	၇
၆	ဦးကံညွန့်	စစ်ကိုင်း	အဖွဲ့ဝင်	၅
၇	ဦးသန်းဆွေ	တနင်္သာရီ	အဖွဲ့ဝင်	၂
၈	ဒေါက်တာစိုးထွန်း	မန္တလေး	အဖွဲ့ဝင်	၁
၉	ဦးမှတ်ကြီး	မန္တလေး	အဖွဲ့ဝင်	၉
၁၀	ဦးဝင်းနောင်	ရန်ကုန်	အတွင်းရေးမှူး	၅
၁၁	ဦးဉာဏ်လင်း	ဧရာဝတီ	အဖွဲ့ဝင်	၃
၁၂	ဒေါက်တာဌေးဝင်း	ဧရာဝတီ	အဖွဲ့ဝင်	၅
၁၃	ဒေါက်တာအေးမောင်	ရခိုင်	ဥက္ကဋ္ဌ	၁
၁၄	ဦးစိုင်းကျော်ဇောသန်း	ရှမ်း	အဖွဲ့ဝင်	၂
၁၅	ဦးထွန်းကျော်(ခ)ဦးအိုက်ကျော်	ရှမ်း	အဖွဲ့ဝင်	၂

လွှတ်တော်အဆွင့်အရေးကော်မတီ

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးနန္ဒကျော်စွာ	ဒဂုံ	ဥက္ကဋ္ဌ
၂	ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ	ကျောက်မဲ	အဖွဲ့ဝင်
၃	ဒေါ်မိမြင့်သန်း	ရေး	အဖွဲ့ဝင်
၄	ဒေါက်တာသန်းဝင်း	မြောက်ဥက္ကလာပ	အဖွဲ့ဝင်
၅	ဦးစောသိန်းအောင်	လှိုင်းဘွဲ့	အဖွဲ့ဝင်
၆	ဦးအေးဖေ	ကိုကိုးကျွန်း	အဖွဲ့ဝင်
၇	ဒေါက်တာစိုးရင်	ကမာရွတ်	အဖွဲ့ဝင်
၈	ဦးလှမြင့်ဦး	ပျဉ်းမနား	အတွင်းရေးမှူး
၉	ဦးမင်းဆွေ	ဒိုက်ဦး	အဖွဲ့ဝင်
၁၀	ဦးသိန်းလွင်	ချောက်	အဖွဲ့ဝင်
၁၁	ဒေါက်တာစံလှိုင်	တောင်ကုတ်	အဖွဲ့ဝင်
၁၂	ဦးပိုက်ထွေး	ကဲမ	အဖွဲ့ဝင်
၁၃	ဦးတင်မောင်ဦး	ရွှေပြည်သာ	အဖွဲ့ဝင်
၁၄	ဦးမြင့်စိုး	ပျော်ဘွယ်	အဖွဲ့ဝင်
၁၅	ဒေါနန်းနွဲ	ရှားတော	အဖွဲ့ဝင်

လွတ်တော်အဖွင့်အရေးကော်မတီ (အမျိုးသားလွတ်တော်)

စဉ်	အမည်	မဲဆန္ဒနယ် (တိုင်းဒေသကြီး/ပြည်နယ်)	ကော်မတီတာဝန်	မဲဆန္ဒနယ်အမှတ်
၁	ဦးမြညီမိုး	ရန်ကုန်	ဥက္ကဋ္ဌ	၇
၂	ဦးလျေယောဝူ	ကချင်	အဖွဲ့ဝင်	၁၂
၃	ဦးဘိုးရယ်	ကယား	အဖွဲ့ဝင်	၃
၄	ဦးစောတော်ပလဲ	ကရင်	အဖွဲ့ဝင်	၇
၅	ဦးဝေ့ယိန်း	ချင်း	အဖွဲ့ဝင်	၁၁
၆	ဦးနိုင်ထွန်းအုံ	မွန်	အဖွဲ့ဝင်	၅
၇	ဦးမြတ်ကို	စစ်ကိုင်း	အဖွဲ့ဝင်	၁၂
၈	ဦးတင်မောင်မြင့်	တနင်္သာရီ	အဖွဲ့ဝင်	၃
၉	ဦးရဲမြင့်	ပဲခူး	အဖွဲ့ဝင်	၄
၁၀	ဦးအောင်ငြိမ်း	မကွေး	အတွင်းရေးမှူး	၂
၁၁	ဦးဝင်းမောင်	မန္တလေး	အဖွဲ့ဝင်	၂
၁၂	ဦးညွန့်တင်	ရန်ကုန်	အဖွဲ့ဝင်	၂
၁၃	ဦးနု	ရန်ကုန်	အဖွဲ့ဝင်	၁၀
၁၄	ဦးကျော်ကျော်	ရခိုင်	အဖွဲ့ဝင်	၂
၁၅	ဦးနေဝင်းထွန်း	ရှမ်း	အဖွဲ့ဝင်	၉

ပြည်ထောင်စုလွတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးမောင်ဦး	တပ်ကုန်းမဲဆန္ဒနယ်	ဥက္ကဋ္ဌ
၂	ဦးစံပြည့်	ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)	အတွင်းရေးမှူး
၃	ဒေါ်သန်းနွယ်	ဘုတလင်မဲဆန္ဒနယ်	အဖွဲ့ဝင်
၄	ဒေါက်တာစိုးသူရ	ကျုံပျော်မဲဆန္ဒနယ်	အဖွဲ့ဝင်
၅	ဦးကြင်သိန်း	ပဲခူးမဲဆန္ဒနယ်	အဖွဲ့ဝင်
၆	ဦးကိုကိုထွန်း	အောင်လံမဲဆန္ဒနယ်	အဖွဲ့ဝင်
၇	ဦးထွန်းမြင့်ဦး	မိုင်းပန်မဲဆန္ဒနယ်	အဖွဲ့ဝင်
၈	ဦးအောင်ကျော်ဇံ	ပေါက်တောမဲဆန္ဒနယ်	အဖွဲ့ဝင်
၉	ဦးမောင်လှ (ခ)ဦးလှမြင့်	ပုလောမဲဆန္ဒနယ်	အဖွဲ့ဝင်
၁၀	ဦးအေးမြင့်	အင်းစိန်မဲဆန္ဒနယ်	အဖွဲ့ဝင်
၁၁	ဦးပီမောင်စိုး	ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)	အဖွဲ့ဝင်
၁၂	ဦးစောတော်ပလဲ	ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)	အဖွဲ့ဝင်
၁၃	ဦးပေါလ်ထန်ထိုင်း	ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)	အဖွဲ့ဝင်
၁၄	ဦးအောင်ထွန်း	မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)	အဖွဲ့ဝင်
၁၅	ဒေါက်တာစိုးဝင်း	မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)	အဖွဲ့ဝင်
၁၆	ဦးကျော်ထွန်းအောင်	ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)	အဖွဲ့ဝင်
၁၇	ဦးစိုင်းကျော်ဇောသန်း	ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)	အဖွဲ့ဝင်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ

စဉ်	အမည်	မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးမောင်ဦး	တပ်ကုန်း	ဥက္ကဋ္ဌ
၂	ဦးလှမြင့်(ခ)ဦးမောင်လှ	ပုလော	အဖွဲ့ဝင်
၃	ဦးသန်းနွယ်	ဘုတလင်	အဖွဲ့ဝင်
၄	ဒေါက်တာစိုးသူရ	ကျုံပျော်	အဖွဲ့ဝင်
၅	ဦးကြင်သိန်း	ပဲခူး	အဖွဲ့ဝင်
၆	ဦးကိုကိုထွန်း	အောင်လံ	အဖွဲ့ဝင်
၇	ဦးထွန်းမြင့်ဦး	မိုးပန်	အဖွဲ့ဝင်
၈	ဦးအောင်ကျော်ဇံ	ပေါက်တော	အဖွဲ့ဝင်
၉	ဦးကျော်စိုးလေး	မိုးညှင်း	အဖွဲ့ဝင်
၁၀	ဦးသန်းဦး	မြဝတီ	အဖွဲ့ဝင်
၁၁	ဦးရဲထွဋ်တင်	ဖားဆောင်း	အဖွဲ့ဝင်
၁၂	ဦးပုမ်ခန့်အင်	တီးတိန်	အဖွဲ့ဝင်
၁၃	ဦးမြသိန်း	မုဒုံ	အဖွဲ့ဝင်
၁၄	ဦးအေးမြင့်	အင်းစိန်	အဖွဲ့ဝင်

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ

စဉ်	အမည်	တာဝန်/မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးမြညိမ်း	ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက	ဥက္ကဋ္ဌ
၂	ဦးတီခွန်မြတ်	ကွတ်ခိုင်မဲဆန္ဒနယ်	အတွင်းရေးမှူး
၃	ဒေါနန်းဝါနု	ကွန်ဟိန်းမဲဆန္ဒနယ်	အဖွဲ့ဝင်
၄	ဦးသောင်း	မော်လိုက်မဲဆန္ဒနယ်	အဖွဲ့ဝင်
၅	ဒေါခွဲဘူ	အင်ဂျန်းယန်မဲဆန္ဒနယ်	အဖွဲ့ဝင်
၆	ဦးစောလှထွန်း	ချောင်းဦးမဲဆန္ဒနယ်	အဖွဲ့ဝင်
၇	ဦးစတီဖန်	ကျိုင်းတုံမဲဆန္ဒနယ်	အဖွဲ့ဝင်
၈	ဦးသိန်းထွန်းဦး	အမရပူရမဲဆန္ဒနယ်	အဖွဲ့ဝင်
၉	ဒေါနန်းနီနီအေး	ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)	အဖွဲ့ဝင်
၁၀	ဦးဆွန်ဒုတ်ကျင့်	ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)	အဖွဲ့ဝင်
၁၁	ဦးသန်းမြင့်	တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၀)	အဖွဲ့ဝင်
၁၂	ဦးဇော်မြင့်ဖေ	မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)	အဖွဲ့ဝင်
၁၃	ဒေါက်တာမြတ်ဉာဏာစိုး	ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)	အဖွဲ့ဝင်
၁၄	ဦးတင်ယု	ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)	အဖွဲ့ဝင်
၁၅	ဦးကျော်ထွန်းအောင်	ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)	အဖွဲ့ဝင်

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီ

စဉ်	အမည်	တာဝန်/မဲဆန္ဒနယ်	ကော်မတီတာဝန်
၁	ဦးမြညိမ်း	ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက	ဥက္ကဋ္ဌ
၂	ဦးအောင်ထွန်း	မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)	အတွင်းရေးမှူး
၃	ဦးသူရိန်ဇော်	ကော့ကရိတ်မဲဆန္ဒနယ်	အဖွဲ့ဝင်
၄	ဦးမောင်တိုး	မင်းလှမဲဆန္ဒနယ်	အဖွဲ့ဝင်
၅	ဦးစိုင်းသီဟကျော်	မင်းလှမဲဆန္ဒနယ်	အဖွဲ့ဝင်
၆	ဦးမန်းမောင်မောင်ဉာဏ်	ပန်းတနော်မဲဆန္ဒနယ်	အဖွဲ့ဝင်
၇	ဦးကြည်သာ	၀ွမဲဆန္ဒနယ်	အဖွဲ့ဝင်
၈	ဒေါ်မိုယဉ်ချမ်း	ကျိုက်မရောမဲဆန္ဒနယ်	အဖွဲ့ဝင်
၉	ဦးမိုးဇော်ဟိန်း	ကသာမဲဆန္ဒနယ်	အဖွဲ့ဝင်
၁၀	ဦးခင်မောင်ဟိန်း	စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)	အဖွဲ့ဝင်
၁၁	ဦးဘရန်ရောင်	ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၃)	အဖွဲ့ဝင်
၁၂	ဦးဆားရယ်	ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)	အဖွဲ့ဝင်
၁၃	ဒေါ်ရီရီမြင့်	မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)	အဖွဲ့ဝင်
၁၄	ဦးသိန်းဝင်း	စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)	အဖွဲ့ဝင်
၁၅	ဦးရွှမောင်	ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၉)	အဖွဲ့ဝင်

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စီစစ်ရေးကော်မတီ

စဉ်	အမည်	မဲဆန္ဒနယ် (တိုင်းဒေသကြီး/ပြည်နယ်)	ကော်မတီတာဝန်	မဲဆန္ဒနယ်အမှတ်
၁	ဦးအောင်ထွန်း	မကွေး	ဥက္ကဋ္ဌ	၁၁
၂	ဦးစံပြည့်	ကချင်	အတွင်းရေးမှူး	၇
၃	ဦးပီမောင်စိုး	ကယား	ကော်မတီဝင်	၁
၄	ဦးစောတော်ကလဲ	ကရင်	ကော်မတီဝင်	၇
၅	ဦးပေါလ်ထန်ထိုင်း	ချင်း	ကော်မတီဝင်	၃
၆	ဒေါက်တာစိုးဝင်း	မွန်	ကော်မတီဝင်	၂
၇	ဦးကျော်ထွန်းအောင်	ရခိုင်	ကော်မတီဝင်	၅
၈	ဦးစိုင်းကျော်ဇောသန်း	ရှမ်း	ကော်မတီဝင်	၂

၂၂-စ-၂၀၁၁ နေ့တွင် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ ဖွဲ့စည်းလိုက်သောကော်မတီများ

စဉ်	ကော်မတီ	ဥက္ကဋ္ဌ
၁	နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ	ဦးဌေးဦး
၂	တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ	ဦးသိန်းဇော်
၃	ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွဲ့ဖြိုးတိုးတက်ရေးကော်မတီ	ဦးအောင်သောင်း
၄	စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွဲ့ဖြိုးတိုးတက်မှုကော်မတီ	ဦးစိုးသာ
၅	တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ	ဦးတင်ထွတ်
၆	နိုင်ငံတကာဆက်ဆံရေးကော်မတီ	ဦးလှမြင့်ဦး
၇	စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွဲ့ဖြိုးတိုးတက်ရေးကော်မတီ	ဦးမောင်မောင်သိမ်း
၈	ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ	ဦးသိန်းဆွေ
၉	ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွဲ့ဖြိုးတိုးတက်မှုကော်မတီ	သူရဦးအေးမြင့်
၁၀	စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွဲ့ဖြိုးတိုးတက်မှုကော်မတီ	ဦးစိုးနိုင်
၁၁	ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွဲ့ဖြိုးတိုးတက်ရေးကော်မတီ	ဦးဌေးမြင့်
၁၂	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ	ဦးလွန်းသီ
၁၃	ကျန်းမာရေးမြှင့်တင်မှုကော်မတီ	ဒေါက်တာကျော်မြင့်
၁၄	ပညာရေးမြှင့်တင်မှုကော်မတီ	ဒေါက်တာချမ်းငြိမ်း
၁၅	တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ	သူရဦးအောင်ကို
၁၆	ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ	ဦးမောင်ဦး
၁၇	အမျိုးသမီးများနှင့် ကလေးလူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ	ဦးမောင်မောင်ဆွေ
၁၈	ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွဲ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီ	ဦးအောင်သိန်းလင်း

၂၂-စ-၂၀၁၁ နေ့တွင် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှ ဖွဲ့စည်းလိုက်သောကော်မတီများ

စဉ်	ကော်မတီ	ဥက္ကဋ္ဌ
၁	တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ	ဦးစံထွန်း
၂	နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ	ဦးဇော်မြင့်ဖေ
၃	အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီ	ဦးစံပြည့်
၄	ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ	ဦးခင်ရွှေ
၅	အမျိုးသမီးများနှင့် ကလေးလူငယ်ဆိုင်ရာကော်မတီ	ဒေါက်တာမြဦး
၆	ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီ	ဦးအောင်ငြိမ်း
၇	ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံ၊ AIPA နှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကော်မတီ	ဗိုလ်မှူးကြီးမောင်မောင်ထူး
၈	တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီ	ဒေါက်တာမြင့်ကြည်



မြန်မာနိုင်ငံသည် ရှေးဘုရင်မင်းများလက်ထက်ကတည်းက ကိုယ့်ထီးကိုယ့်နန်းနှင့် နေထိုင်လာခဲ့သည်။ ကုန်းဘောင်ခေတ်၏ နောက်ဆုံးမင်းဆက် သီပေါမင်းလက်ထက်တွင် မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှများ၏ ကျူးကျော်စိုးမိုးမှုကြောင့် ၁၈၈၅ ခုနှစ်၊ နိဝင်ဘာလ ၂၉ ရက်မှစ၍ သူ့ကျွန်ဘဝရောက်ခဲ့သည်။

မြန်မာတိုင်းရင်းသားများသည် ကျူးကျော်သူနယ်ချဲ့ကို တော်လှန်ခဲ့ကြသည်။ မြန်မာ့မြေပေါ်သို့ ဖက်ဆစ်များ ဝင်ရောက်လာကြသောအခါ၌လည်း တော်လှန်တိုက်ထုတ်ခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့သည်။ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး အစိုးရအနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်တည်ထောင်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်တွင် မြန်မာနိုင်ငံ၏ ယိုယွင်းလျက်ရှိသော အခြေအနေများကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို တာဝန်ယူခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရအနေဖြင့် မြန်မာနိုင်ငံကို ပြန်လည်တည်ထောင်ခဲ့ရပြန်သည်။

တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်သည်။ ၁၉၇၂ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်းသည်။

၁၉၈၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် နိုင်ငံတော်၌ အဘက်ဘက်မှယိုယွင်းနေသော အခြေအနေကိုထိန်းသိမ်းနိုင်ရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်အာဏာအရပ်ရပ်ကို တပ်မတော်က ထိန်းသိမ်းခဲ့သည်။

၁၉၉၇ ခုနှစ်၊ နိဝင်ဘာလ ၁၅ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟု အမည်ပြောင်းခဲ့သည်။ စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ရောက်ရှိရန်အတွက် မူဝါဒလမ်းစဉ် ၇ ရပ်ကို ချမှတ်ကာ ဆောင်ရွက်ခဲ့သည်။

၂၀၀၈ ခုနှစ်၊ မေလ ၁၀ ရက်နှင့် ၂၄ ရက်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းကြောင်း ကြေညာသည်။

ဖွဲ့စည်းပုံနှင့်အညီ ပေါပေါက်လာခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်၊ နိဝင်ဘာလ ၇ ရက်တွင် ကျင်းပခဲ့သည်။ ရွေးကောက်ပွဲမှ အနိုင်ရလာသောပါတီများ၊ ကိုယ်စားလှယ်များအား ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များသို့ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်မှစ၍ စတင်ခေါ်ယူခဲ့သည်။



နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ပြည်ထောင်စုလွှတ်တော်နာယကရှေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုကြစဉ်

လွှတ်တော်အစည်းအဝေးများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးညှိနှိုင်းမှုဖြင့် နိုင်ငံတော်အစိုးရသစ်ကြီးကို ဖော်ဆောင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်ရက်စွဲပါ ကြေညာချက်အမှတ် ၅/၂၀၁၁ အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်းကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏လက်မှတ်ဖြင့် ထုတ်ပြန်ကြေညာသည်။ တစ်ဆက်တည်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပြီးဖြစ်သည်နှင့်အညီ ပေါ်ပေါက်လာသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာများကို လွှဲပြောင်းလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် ၆/၂၀၁၁ အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများကို ဖျက်သိမ်းလိုက်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏လက်မှတ်ဖြင့် ထုတ်ပြန်ကြေညာသည်။ တစ်ဆက်တည်းတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များမှ ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးအဆင့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပြီးဖြစ်သည်နှင့်အညီ ပေါ်ပေါက်လာသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာများကို လွှဲပြောင်းလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် ၇/၂၀၁၁ အရ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများကို ဖျက်သိမ်းကြောင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လက်မှတ်ဖြင့် ထုတ်ပြန်ကြေညာသည်။ တစ်ဆက်တည်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်းများကို ဆောင်ရွက်ပြီး ဖြစ်သည်နှင့်အညီ ပေါ်ပေါက်လာသော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာများကို လွှဲပြောင်းလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် ၈/ ၂၀၁၁ အရ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ ဖျက်သိမ်းကြောင်း နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေ၏ လက်မှတ်ဖြင့် ထုတ်ပြန်ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ၁၈ ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့လည်း တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၂ ဦးအနက် ၆၄၉ ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအား ဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များဖြစ်သည့် ရွေးချယ်တင်မြှောက်ခြင်းများ၊ ခန့်အပ်တာဝန်ပေးရန် သဘောတူညီခြင်းများ၊ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဖွဲ့စည်းခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားပြီးနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်ဖြင့် ထုတ်ပြန်သည့် ကြေညာချက် အမှတ် ၅/ ၂၀၁၁၊ ကြေညာချက်အမှတ် ၆/ ၂၀၁၁၊ ကြေညာချက်အမှတ် ၇/ ၂၀၁၁၊ ကြေညာချက်အမှတ် ၈/ ၂၀၁၁တို့ကို ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားကြေညာသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၅ နှင့် ပုဒ်မ ၃၇ တို့နှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသည့်ဦးသိန်းစိန်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့သည် ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ "ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။

ကျွန်ုပ်သည် ဤနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်သိလိုက်နာရိုသေပြီး နိုင်ငံတော်၏ဥပဒေများကို လိုက်နာကျင့်သုံး ဆောင်ရွက်

ပါမည်။ မိမိ၏တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဖြင့် အစွမ်းကုန်ဆောင်ရွက်ပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် ဆောင်ရွက်ပါမည်။ ကျွန်ုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးငှာ နိုင်ငံတော်အား မိမိအသက်နှင့် ကိုယ်ကိုအပ်နှင်းသည်ဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုသည်" ဟူ၍ ကတိသစ္စာပြုကြသည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ပုဂ္ဂိုလ်များသည်လည်း ပြည်ထောင်စုလွှတ်တော် နာယကဏ္ဍ ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။ ယင်းသို့ကတိသစ္စာပြုရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ်ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရန် သဘောတူညီထားသော ဦးတင်အေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးလွန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဒေါက်တာထွန်းရင်၊ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးဝင်းထွန်း၊ ဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဦးသိန်းထိုက်၊ ဦးလှထွန်း၊ ဦးသိန်းထွန်း၊ ဦးခင်မောင်မြင့်၊ ဦးတင့်ဆန်း၊ ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်၊ ဦးကျော်ဆန်း၊ ဦးမြင့်လှိုင်၊ ဦးဝဏ္ဏမောင်လွင်၊ ဗိုလ်ချုပ်သိန်းဌေး၊ ဗိုလ်ချုပ်လှမင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်စိုး၊ ဦးဇော်မင်း၊ ဦးခင်ရီ၊ သူရဦးမြင့်မောင်၊ ဦးအေးမြင့်၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာမြအေး၊ ဦးအောင်မင်း၊ ဦးသန်းဌေး၊ ဦးစိုးသိန်း၊ ဦးကျော်စွာခိုင်၊ ဦးအုန်းမြင့်၊ ဦးအောင်ကြည်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြင့်ဟန်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဒေါက်တာတင်အောင်အေး၊ ဒေါ်ခင်လှမြင့်၊ ဦးထွန်းကြည်၊ ဦးစိုးသိမ်း၊ ဦးခင်ထွန်း၊ ဦးဆန်းမြင့်၊ ဦးမြင့်ကြိုင်၊ ဒေါ်မိမိရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးသာဦး၊ ဦးဝင်းကြည်၊ ဦးညွန့်တင်တို့သည် သတ်မှတ်နေရာများ၌နေရာယူကာ ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ကပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၏ နောက်ဆုံးနေ့ဖြစ်သည့် (၁၈) ရက်မြောက်အစည်းအဝေးကျင်းပပြီးစီးကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာသည်။

အစီအစဉ်အရ ကတိသစ္စာပြုပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် မိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယခုအခါတွင် မြန်မာနိုင်ငံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟူသော အမည်သစ်ဖြင့် နိုင်ငံတော်သစ်အား ဒီမိုကရေစီစနစ်ဖြင့် တည်ဆောက်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီစနစ်လျော်ညီသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အစိုးရအဖွဲ့နှင့် လွှတ်တော်တို့မှ အပြန်အလှန် ထိန်းကျောင်းလျက် မိမိနိုင်ငံ၏ ပထဝီအနေအထား ရိုးရာယဉ်ကျေးမှုများအား ထိန်းသိမ်းကာ ကမ္ဘာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ စာမျက်နှာသစ်ကို စတင်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

အပိုင်း (၂)

ဟာတိကာ

၁	ကမ္ဘာရာသီဥတုပြောင်းလဲမှု	**ဒေါက်တာအေးမြင့်**	၁၂၁ - ၁၃၂
၂	စာဆိုရာဘင်ဒြာနတ်တဂိုး၊		
	မြန်မာနိုင်ငံနှင့်မြန်မာစာပေ	**ဒေါက်တာသော်ကောင်း**	၁၃၃ - ၁၄၆
၃	မြန်မာနိုင်ငံ သန်းခေါင်စာရင်းသမိုင်း	**ဦးအောင်မြင့်သိန်း**	၁၄၇ - ၁၅၆
၄	မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး		
	ကော်မရှင်	**ဦးညွန့်ဆွေ**	၁၅၇ - ၁၆၈
၅	ရွှေရတုအကြိုဆေးသုတေသန	**ဒေါက်တာမျိုးခင် (ဆေးသု)**	၁၆၉ - ၁၇၆
၆	သမိုင်းထဲက ကယန်း	**ဦးကျော်သန်း (ဗယ်ခုံ)**	၁၇၇ - ၁၈၆
၇	အထူးစီးပွားရေးဇုန်	**အောင်ချိန်ဘွား**	၁၈၇ - ၁၉၆
၈	အာဆီယံပဋိညာဉ်စာတမ်း	**ဒေါက်တာခင်မောင်ညွန့်**	၁၉၇ - ၂၀၄

အပိုင်း

(၂)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၏ အပိုင်း (၂) ကဏ္ဍသည် အဆုံးဆောင်းပါးကြီးများကိုစုစည်း၍ ဖော်ပြထားခြင်းဖြစ်သည်။ ထိုသို့ဖော်ပြရာ၌ ဆောင်းပါးခေါင်းစဉ်အရ အက္ခရာစဉ်နှစ်ပြုစီကာစဉ်ထားခြင်းဖြစ်သည်။ ပါဝင်သည့်ဆောင်းပါးများ၏ အကြောင်းအရာများသည် စွယ်စုံနှစ်ချုပ်၏သဘောသဘာဝအတိုင်း ကုန်လွန်ခဲ့သည့်နှစ် (၂၀၀၀ ခုနှစ်) အတွင်းမှ တစ်နှစ်တာကာလအတွင်း ထင်ရှားစွာပေါ်ပေါက်လာသော အကြောင်းအရာများကိုမူတည်ကာ စာရေးသူပညာရှင်တို့ကိုယ်တိုင် ရွာပွေလေ့လာသုတေသနပြုရေးသားထားခြင်းဖြစ်သည်။ ယခုနှစ်တွင် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် အထူးဆောင်းပါးကြီးရှစ်ပုဒ်ပါဝင်၍ ပညာရေး၊ လေကြောင်းစစ်ရေး၊ ယဉ်ကျေးမှု၊ ပထဝီဝင်၊ သဘာဝဘေးအန္တရာယ်၊ သိပ္ပံနှင့်နည်းပညာဟူသော ခေါင်းစဉ်ကြီးများအောက်၌ တည်ရှိနေသည့်အကြောင်းအရာများဖြင့် ဖွဲ့စည်းထားပါသည်။ ထို အကြောင်းအရာများပင်လျှင် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ၂၀၁၁ ခုနှစ်ကို ကိုယ်စားပြုနေသည်ဟု ဆိုနိုင်ပါသည်။ ပါဝင်ရေးသားကြသူများမှာ စာကြည့်တိုက်ပညာရှင်၊ ယဉ်ကျေးမှုအနုပညာရှင်၊ သမိုင်းပါမောက္ခ (အငြိမ်းစား)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) နှင့် လက်ရှိမြန်မာစာပါမောက္ခ၊ ညွှန်ကြားရေးမှူး၊ အမျိုးသားစာပေတစ်သက်တာဆုရ ကန်တော့ဆုသက်ကြီးစာရေးဆရာ နိုင်ငံရေးဘာသာရပ်ကို ရွေးချယ်လေ့လာ ဘာသာပြန်ဆိုရေးသားသူဟူ၍ ပိဓိစရိယာရပ်နယ်ပယ်၌ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်သူများဖြစ်ကြပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု


ဒေါက်တာအေးမြင့်




မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး













ဒေါက်တာအေးမြင့်


ဦးသိန်းစိန်၊ ဒေါ်ကျင်ပျော့တို့က ၁၉၄၈ ခုနှစ်တွင် ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းရွာ၌ မွေးဖွားသည်။ ငယ်စဉ်က အမက(၁၀)၊ အထက (၁) မင်္ဂလာတောင်ညွန့်တွင် ပညာသင်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ Ph.D (Geography) ဘွဲ့ကို ရရှိသည်။

ရန်ကုန်တက္ကသိုလ်၊ စစ်တွေကောလိပ်၊ ဆေးတက္ကသိုလ် (၂)၊ ထားဝယ်ကောလိပ်၊ မော်လမြိုင်တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်မြို့တော်မဂ္ဂဇင်းတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ သုတစာပေများ စတင်ရေးသားခဲ့သည်။ မြို့ပြပထဝီဝင်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘာသာရေးပညာပေးဆောင်းပါးများ ရေးသားခဲ့ပြီး စာတမ်း၊ ဆောင်းပါးများနှင့် ပထဝီဝင်ဆိုင်ရာ စာတမ်း ၁၀ ခုခန့် ရေးသားခဲ့သည်။

ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနတွင် ပါမောက္ခအဖြစ်တာဝန်ထမ်းရွက်ကာ အငြိမ်းစားယူပြီးနောက်ပိုင်းတွင် သုတေသနဆောင်းပါးများရေးသားလျက် ဘာသာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရင်း အမှတ် ၄၇၊ ၁၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

စာဆိုရာဘင်ဒြာနတ်တဂိုး၊ မြန်မာနိုင်ငံနှင့် မြန်မာစာပေ

ဒေါက်တာသော်ကောင်း



SHANTINIKETAN INDIAN SCHOOL



မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး



ဒေါက်တာသော်ကောင်း



စည်သူဦးကောင်း၊ ဒေါ်သိန်းတို့က ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တက်ရောက်ခဲ့ပြီး ဝိဇ္ဇာ (ဂုဏ်ထူး)၊ အင်္ဂလိပ်စာ ပထမအဆင့်ဖြင့်အောင်မြင်သည်။ ၁၉၆၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက် ဘွဲ့လွန်ဒီပလိုမာရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် AALIA (Associate of the Australian Library and Information Association) ဘွဲ့၊ ၁၉၈၄ ခုနှစ်တွင် FLA(Fellow of the Library Association) (UK) ဘွဲ့၊ ၁၉၉၉ ခုနှစ်တွင် University of Western Sydney မှ D.Litt (Honorary Doctor of Letters Award) ဘွဲ့နှင့် ၂၀၀၅ ခုနှစ်တွင် Fukuoka Asian Cultural Prize ဆုကိုချီးမြှင့်ခြင်းခံရသည်။ ၁၉၅၇ ခုနှစ်မှစ၍ အချိန်ပိုင်းစာကြည့်တိုက်လက်ထောက်၊ ရန်ကုန်တက္ကသိုလ်လူမှုရေးသိပ္ပံစာကြည့်တိုက်မှူးနှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်လက်ထောက်စာကြည့်တိုက်မှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်မှ အငြိမ်းစားယူသည့် ၁၉၉၇ ခုနှစ်အထိ တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာနကို စတင်တည်ထောင်ပြီး ပါမောက္ခနှင့် ဌာနမှူးအဖြစ်ပူးတွဲတာဝန်ယူခဲ့သည်။ တက္ကသိုလ်ပညာပဒေသာစာစောင်၌ စာတည်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာစာကော်မရှင် အတွင်းရေးမှူးနှင့် မြန်မာ-အင်္ဂလိပ်အဘိဓာန်ထုတ်ဝေရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ ထိုင်း၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် ဘာသာရပ်ဆိုင်ရာစာတမ်းများဖတ်ကြားခဲ့သည်။ အိန္ဒိယနိုင်ငံ နလန္ဒာတက္ကသိုလ် အကြံပေးကောင်စီ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ စာတမ်း ၃၅ စောင်၊ ဆောင်းပါး ၉၀ ကျော်၊ စာအုပ် ၁၀ အုပ်၊ ဘာသာပြန်များအပါအဝင် စုစုပေါင်း ၂၀၀ ခန့် ရေးသားပြုစုခဲ့သည်။ ၂၀၀၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုချီးမြှင့်ခြင်းခံရသည်။ ၂၀၀၈ ခုနှစ်တွင် "From the Librarian's Window" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ခြင်းခံရသည်။ မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပခုက္ကူစာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်နှင့် မြန်မာသမိုင်းကော်မရှင် အချိန်ပိုင်းအဖွဲ့ဝင်အဖြစ် ဆောင်ရွက်လျက်ရှိပြီး အမှတ် ၅၂ (ဘီ) သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။

ရွှေရတုအကြို၊ ဆေးသုတေသန

ဒေါက်တာမျိုးခင် (ဆေးသု)







မြန်မာ့စွယ်စုကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး



ဒေါက်တာမျိုးခင် (ဆေးသု)



ဦးကြည်ခင် (သက်ကြီးကန်တော့ခံ စာပေပညာရှင်-ကြည်ခင် (လျှပ်စစ်ဓာတ်အား)၊ ဒေါ်ညွန့်ညွန့်တင်တို့က ၁၉၅၃ ခုနှစ်၊ မတ်လ ၁၂ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးမျိုးခင်ဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် ရန်ကုန်မြို့ ဆေးတက္ကသိုလ် (၂) မှ ဆေးပညာဘွဲ့၊ ၁၉၈၆ ခုနှစ်တွင် ရန်ကုန်မြို့ ဆေးတက္ကသိုလ် (၁) မှ ကလေးကျန်းမာရေးဒီပလိုမာဘွဲ့ ၁၉၉၈ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေး(လ်)ဆေးတက္ကသိုလ်မှ ဆေးပညာပါရဂူဘွဲ့နှင့် ၂၀၀၀ ပြည့်နှစ်တွင် အင်္ဂလန်နိုင်ငံ၊ အီဒင်ဘာရာတက္ကသိုလ်မှ တော်ဝင်ဆေးပညာဘွဲ့တို့ကိုရရှိခဲ့သည်။ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) တွင် သုတေသနအရာရှိအဖြစ် ၁၉၈၁ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်ပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ခြင်းခံရသည်။ ၂၀၁၀ ပြည့်နှစ်မှစတင်၍ ခေတ္တညွှန်ကြားရေးမှူးချုပ်တာဝန်ကို ယခုအချိန်အထိ ထမ်းဆောင်လျက်ရှိသည်။ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့၌ ပညာသင်ကြားခဲ့ပြီး ပီရူးနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ပြင်သစ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်္ဂလန်နိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည်။ ပြည်တွင်းပြည်ပဆေးပညာဂျာနယ်များတွင် အဓိကစာတမ်းရှင်၊ တွဲဖက်စာတမ်းရှင်အဖြစ် စာတမ်းပေါင်း ၁၂၀ ကျော် ပြုစုရေးသားခဲ့၍ ပြည်တွင်းပြည်ပ စာတမ်းဖတ်ပွဲများတွင် စာတမ်းပေါင်း ၁၆၀ ကျော် ဖတ်ကြားတင်သွင်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ သုတေသနစီမံချက် ၁၉ခု ယှဉ်ပြိုင်ရေးသားရယူခဲ့သည်။ ဆေးပညာဆိုင်ရာ ပါရဂူကျမ်းကြီး ၅ ခု၊ မဟာသိပ္ပံကျမ်း ၂၃ ခုကို ကြီးကြပ်ခဲ့သည်။ အမှတ် ၆၅၈၊ စံပယ်ရုံလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သည်။




သမိုင်းထဲက ကယန်း


ဦးကျော်သန်း (ပယ်ခို)

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး



ဦးအောင်၊ ဒေါ်မူခိုင်တို့က ၁၉၄၁ ခုနှစ်တွင် မိုးဗြဲနယ် (ယခု-ဖယ်ခုံမြို့နယ်) ဆိုင်ခွန်ရွာ၌ မွေးဖွားသည်။ ငယ်စဉ်က ပခုက္ကူမြို့ ပုဂ္ဂလိကကျောင်းနှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ပညာသင်ကြားနေဆဲ ကျောင်းသားအချို့နှင့်အတူ တပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး အမှတ် (၁၀၃) ခြေမြန်တပ်ရင်းတွင် ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၃ ခုနှစ်အထိ၊ အမှတ် (၂) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် ၁၉၇၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် တပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် မင်္ဂလာဒုံဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် အခြေခံနိုင်ငံရေးသင်တန်းအမှတ်စဉ် (၄၃)၊ စည်းရုံးရေးမွမ်းမံသင်တန်း အမှတ်စဉ် (၂၇) သို့တက်ရောက်ခဲ့သည်။


ဦးကျော်သန်း (ဖယ်ခုံ)

၁၉၇၉ ခုနှစ်မှစ၍ ဖယ်ခုံမြို့နယ် သမဝါယမအတွင်းရေးမှူး၊ ပါတီယူနစ်ကော်မတီဝင်နှင့် ပါတီယူနစ် အတွင်းရေးမှူး တာဝန်များ စွမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် 'ကယန်းလူမျိုး၊ ကယန်းဓလေ့' စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အမျိုးသားစာပေဆုရရှိခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဒေသသမိုင်းနှင့် နိုင်ငံရေးဖြစ်စဉ်များကို အခြေခံ၍ 'နေရစ်တော့ ပဒေသရာဇ်မိုးဗြဲနယ်' ဟူသောအမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။





မြန်မာနိုင်ငံ သန်းခေါင်စာရင်းသမိုင်း

ဦးအောင်မြင့်သိန်း

ကောက်ယူရမည့် လူဦးရေကိုကောက်ယူပါ

ကောက်ယူသူ အားလုံးအတွက် စာရင်းမထပ်ပါစေရန်

မထပ် မကျန် အာမခံပြစ်ပါစေ ။



မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး



ဦးအောင်မြင့်သိန်း

ဦးတင်၊ ဒေါ်ထွန်းမေတို့က ၁၉၃၉ ခုနှစ်၊ မတ်လ ၂၆ ရက်တွင် ပခုက္ကူမြို့၌ မွေးဖွားသည်။ ၁၉၅၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ပခုက္ကူမြို့ အထက (၁) မှ အောင်မြင်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ စာရင်းအင်းပညာ၊ စိတ်ပညာ၊ သချိုင်းဘာသာတွဲဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သာကေတမြို့နယ် အထက (၁) တွင် အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဗဟိုစာရင်းအဖွဲ့တွင် ဖွားသေစာရင်းအင်းလုပ်ငန်းမှူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးအထိ ထမ်းဆောင်ခဲ့သည်။ သာကေတကျောင်းမဂ္ဂဇင်း၊ အမျိုးသမီးရေးရာမဂ္ဂဇင်း၊ ကျန်းမာရေးမဂ္ဂဇင်းများ၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်း၊ ကာကွယ်ရေးနှင့် လူမှုရေးဆောင်းပညာစာစောင်၊ မြန်မာ့စက်မှုဒိုင်ယက်တို့တွင် လူဦးရေစာရင်းအင်း၊ ဖွားသေစာရင်းအင်းနှင့်ပတ်သက်သော ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ စာရင်းအင်းပညာဒီပလိုမာကိုလည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် လန်ဒန်မြို့ စီးပွားရေးနှင့်နိုင်ငံရေးသိပ္ပံကျောင်းမှ မဟာသိပ္ပံ (လူဦးရေစာရင်းအင်း) ဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့ အသုံးချစာရင်းအင်းပညာကျောင်းမှ လူဦးရေဘာသာရပ်ဆိုင်ရာ သင်တန်းလက်မှတ်ကို ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပသော "လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ" သို့ ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့သည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ကျင်းပသော ဖွားသေစာရင်းအင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ စာရင်းအင်း ညီလာခံများသို့ တက်ရောက်ခဲ့သည်။ ပခုက္ကူအသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ဆေးတက္ကသိုလ် (၁) နှင့် (၂)၊ မန္တလေးဆေးတက္ကသိုလ်တို့တွင် ဖွင့်လှစ်ခဲ့သည့် ဆေးပညာမဟာသိပ္ပံ၊ (ပြည်သူ့ကျန်းမာရေး) ဘွဲ့သင်တန်းများတွင် အချိန်ပိုင်းကထိကအဖြစ် လူဦးရေ/ဖွားသေစာရင်းအင်း ဘာသာရပ်များကိုပို့ချခဲ့သည်။ ယခုအခါ မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်တွင်ဖွင့်လှစ်သော ဆေးပညာမဟာသိပ္ပံတွဲ့ (ပြည်သူ့ကျန်းမာရေး) သင်တန်းတွင် လူဦးရေ/ဖွားသေစာရင်းအင်းဘာသာရပ်ကို သင်ကြားပို့ချလျက်ရှိသည်။







မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ဦးညွှန့်ဆွေ



နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အိတ်ဖွင့်စာ မေတ္တာရပ်ခံတင်ပြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က မေတ္တာရပ်ခံတင်ပြသည့် အိတ်ဖွင့်စာတစ်စောင်ကို ယနေ့ရက်စွဲဖြင့် ပေးပို့ခဲ့သည်။

အဆိုပါအိတ်ဖွင့်စာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်သမ္မတခင်ဗျား

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် အကျဉ်းထောင်အတွင်း၌ ရှိနေသူများအား လွတ်ပေးရေးကိစ္စနှင့် ပတ်သက်ပြီး တည်ဆဲဥပဒေကို ချိုးဖောက်လာသဖြင့် အကျဉ်းကျခံနေသူများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့် အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို လွတ်ပေးခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ၎င်းတို့အား ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ လွတ်မြောက်မှုခံယူခွင့်ပေးဖြင့် အကျဉ်းထောင်မှ လွတ်ပေးရေးကို အလေးထား စဉ်းစားပေးရန် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၀ ရက်စွဲပါ အိတ်ဖွင့်စာဖြင့် မေတ္တာရပ်ခံတင်ပြခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် အကျဉ်းကျနေသူ ၆၃၅၉ ဦးအား လွတ်မြောက်မှုခံယူခွင့် ပေးခဲ့ပါသဖြင့် များစွာအားရကျေနပ်မိပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကျဉ်းသားများအား လွတ်မြောက်မှုခံယူခွင့်ပေးရေးအတွက် အထက်ပါကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်မြောက်မှုခံယူခွင့်ပေးခဲ့ခြင်းကိုလည်းကောင်း၊ ပြည်တွင်းပြည်ပမှ ထောက်ခံကြိုဆိုကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍကိုလည်း ပိုမိုစိတ်ဝင်စားကာ အသိအမှတ်ပြုလာကြသည်ဟု ယူဆရပါသည်။

၄။ မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းကျသူများအနက် အချို့မှာ နိုင်ငံရေးလှုပ်ရှားမှု ပြုလုပ်ခဲ့သူများ ပါဝင်သော်လည်း ၎င်းတို့အကျဉ်းကျနေခြင်းသည် တည်ဆဲဥပဒေကိုချိုးဖောက်သဖြင့် ပြစ်ဒဏ်ကျခံနေရသူများဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်အနေဖြင့် လက်ခံသဘောပေါက်ပါသည်။ တစ်ဖက်တွင်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အချို့သောနိုင်ငံတို့က မြန်မာနိုင်ငံတွင် "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ" ("Prisoners of Conscience") ဟု ဖော်ညွှန်းသော အကျဉ်းကျနေသူ ၂၀၀၀ နီးပါးရှိသည်ဟု ပြောကြားမှုများ ရှိပါသည်။ လွတ်မြောက်ခွင့်ပြုလွှတ်ပေးခဲ့သည့် အကျဉ်းသား ၆၃၅၉ ဦးအနက် အဆိုပါစာရင်းဝင် အကျဉ်းသား ၂၀၀ ကျော်ခန့်ရှိသည်ဟုလည်း ပြောဆိုလွှတ်ရှိပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများသို့ မေးမြန်းစုံစမ်းခဲ့ရာတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသည် အနောက်နိုင်ငံအချို့နှင့် အခြားသတင်းအရင်းအမြစ်ဌာနများမှ ၂၀၀၀ နီးပါးရှိသည်ဟုဆိုသော စာရင်းကို တောင်းယူပြီး အကျဉ်းကျနေသူများ စာရင်းနှင့်တိုက်ဆိုင် စစ်ဆေးရာတွင် ထိုစာရင်းအနက် အကျဉ်းထောင်များတွင် ၅၀၀ ခန့်သာရှိနေကြောင်း သိရှိရပါသည်။ အဆိုပါ ၅၀၀ ခန့်အနက် လွတ်မြောက်မှုခံယူခွင့်ပြု ၂၀၀ ကျော် လွတ်ပေးခဲ့သည်ကို သိရှိရပါသဖြင့်လည်း များစွာကျေနပ်ဝမ်းမြောက်မိပါသည်။

၆။ အဆိုပါ ကျန်ရှိသည့်အကျဉ်းကျနေသူများအပြင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိပါးမည့်၊ တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့် အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို ထပ်မံလွှတ်ပေးခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ၎င်းတို့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည့်အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေလိမ့်မည်ဟု ယူဆပါသည်။

၇။ သို့ပါ၍ နိုင်ငံတော်သမ္မတ၏ စေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် နောက်တစ်ကြိမ် လွတ်မြောက်ခွင့်ပြုသည့်အခါ အထက်ဖော်ပြပါ အကျဉ်းသားများကို အပြစ်ဒဏ်အသီးသီးမှ လွတ်မြောက်ခွင့်ပေးပြီး အကျဉ်းထောင်မှ လွတ်ပေးရေးကို အလေးထား စဉ်းစားပေးပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ထပ်မံမေတ္တာရပ်ခံတင်ပြအပ်ပါသည်။

၈။ အကျဉ်းကျခံနေရသူများအနက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းရန် လိုအပ်ချက်အရ လွတ်မြောက်ခွင့်ပေးသင့်သည်ဟု ယူဆရသူများ ရှိပါကလည်း ထိုသူများသည် မိသားစုနှင့် ဝေးလံသည့်ဒေသရှိ အကျဉ်းထောင်များတွင် ကျခံနေသူများဖြစ်ပါက မိသားစုတွေ့ဆုံခွင့်ရန် သွားလာ၍ လွယ်ကူသည့် အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်လည်း စဉ်းစားပေးပါရန် တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ပုံ) ဝင်းမြ

၂၀၁၁ ခုနှစ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ(ကိုယ်စား)

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊

နေရာ၊ ရန်ကုန်မြို့။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး



ဦးညွန့်ဆွေ

ဦးအောင်ဘ၊ ဒေါ်သန်းတို့က ၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ကျောက်ဆည်မြို့နယ် ပင်တလည်ရွာ၌ မွေးဖွားသည်။ ၁၉၇၂ ခုနှစ်တွင် မော်လမြိုင်ကောလိပ်မှ အဏ္ဏဝါဓိဝေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရရှိသည်။ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားဘာသာသိပ္ပံမှ ပြင်သစ်ဘာသာဒီပလိုမာ (အဆင့်မြင့်) အောင်မြင်သည်။ ၁၉၇၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်၊ ပါတီသုတေသနဌာနကြီးတွင် သုတေသနလက်ထောက် (လုပ်အားပေး) ဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ကာ ၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလ အထိ သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ထောက်အရာရှိ၊ သံအရာရှိအဖြစ် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ရွေးချယ်ခြင်းခံရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြည်တွင်းပြည်ပ၌ ရာထူးအဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်မှ အငြိမ်းစားယူပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၌ပင် ကျွမ်းကျင်သူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်အဖြစ် နိုင်ငံခြားသံရုံး/အဖွဲ့ရုံးများ၌ ၁၅ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ရာ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးတို့၌ လူအခွင့်အရေးဘာသာရပ်ကို အဓိကတာဝန်ယူဆောင်ရွက်ခဲ့သည်။ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံး၌ ဒုတိယအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်တာဝန်ကိုလည်း ပူးတွဲတာဝန်ယူခဲ့သည်။ လူအခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာကော်မရှင် ဖွဲ့စည်းတည်ထောင်ရန်အတွက် တာဝန်နှင့်လုပ်ပိုင်ခွင့်ဆိုင်ရာ သတ်မှတ်ချက်များ ရေးဆွဲပြုစုရေးလုပ်ငန်းကို အစမှအဆုံး ပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် အာဆီယံအဖွဲ့၏ အာဆီယံလူအခွင့်အရေးကြေညာစာတမ်း ရေးဆွဲပြုစုရေးလုပ်ငန်းစဉ်တွင် မြန်မာကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံအမျိုးသား လူအခွင့်အရေးကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။



အာထူးစီးပွားရေးဇုန်




ဒေါင်ချိန်ဘွား









မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး



အောင်ချိန်ဘွား

ဦးတက်စိန်၊ ဒေါ်ဆိုင်းတို့က ၁၉၃၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် မုံရွာမြို့, ပွဲစားတန်းလမ်း၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှမောင်ဖြစ်သည်။ မုံရွာမြို့, ဝက်စလီယန် အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ၁၉၆၅ ခုနှစ်တွင် သိပ္ပံဘွဲ့.ရရှိခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန သံဖြူဇရပ်မြို့နယ် ကုန်သွယ်ရေးဦးစီးမန်နေဂျာအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့်လည်းကောင်း နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနတွင်ဒုတိယဝန်ကြီး၏ကိုယ်ရေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ငယ်စဉ်မှစ၍ ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်း၊ ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းများတွင် သလွာ-မောင်ကိုဦး ကလောင်အမည်ဖြင့် ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၊ သြဂုတ်လထုတ် သွေးသောက်မဂ္ဂဇင်းမှစ၍ လစဉ်ထုတ် မဂ္ဂဇင်းကြီးများတွင် ဝတ္ထု၊ ဆောင်းပါးများရေးသားခဲ့သည်။ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် လှမောင်၊ လှမောင်မောင်၊ လေးမြတ်၊ အောင်ချိန်ဘွားစသော ကလောင်အမည်များဖြင့် စာမူမျိုးစုံ ပုဒ်ရေ ၁၅၀၀ ခန့်ရေးသားခဲ့သည်။ အောင်ချိန်ဘွားကလောင်အမည်ဖြင့် မြန်မာ့စားသုံးမှုခလေ့နှင့်စားသုံးဆီ' စာအုပ်ကို ထုတ်ဝေခဲ့ရာ ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆုရရှိခဲ့သည်။ မြန်မာ့အားကစားကမ္ဘာလွှမ်းအောင်နိမိတ်ဆောင်သူ ဒေါ်မိမိခင်' စာအုပ်ဖြင့် ၂၀၀၄ ခုနှစ် အမေရွာပျိုးခင်း စာပေဆုရရှိခဲ့သည်။ ဒဂုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။







အာဆီယံ ပဋိညာဉ်စာတမ်း

ပဟာသဒ္ဒမူကေတိကစေ ဒါကိ်တာင်မောင်ညွန့်.



THE MAKING OF THE
ASEAN CHARTER





မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂) အထူးဆောင်းပါး









မဟာသဒ္ဓမ္မဇောတိကဓဇ
ဒေါက်တာခင်ဟော်ညွန့်

ဦးသိန်း၊ ဒေါ်ကြည်တို့က ၁၉၂၉ ခုနှစ်၊ မေလ ၁၃ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။ ၁၉၅၂ ခုနှစ်တွင် ဘီအေ(ဝိဇ္ဇာဘွဲ့)၊ ၁၉၅၄ ခုနှစ်တွင် ဘီအေဂုဏ်ထူး၊ ၁၉၅၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့၊ ၁၉၆၀ ပြည့်နှစ်တွင် လန်ဒန်တက္ကသိုလ် စီးပွားရေးပညာကျောင်း (L.S.E) မှ ပါရဂူဘွဲ့ရရှိသည်။ မန္တလေးတက္ကသိုလ်သမိုင်းဌာနနှင့် နိုင်ငံတကာဆက်ဆံရေးဌာနတို့၌ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အနုပညာဦးစီးဌာနနှင့်သမိုင်းသုတေသနဦးစီးဌာနတို့တွင် ညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၇ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန၌ ညွှန်ကြားရေးမှူးချုပ်၊၁၉၈၉ ခုနှစ်တွင် မြန်မာသမိုင်းဖြစ်ရပ်အမှန် ပြုစုရေးကော်မရှင်၊ ၁၉၉၃ ခုနှစ်တွင် မြန်မာ့သမိုင်းကော်မရှင်အဖွဲ့တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစ၍ ဗုဒ္ဓဘာသာသမိုင်းနှင့် ယဉ်ကျေးမှုဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာပြုတက္ကသိုလ် ရန်ကုန်တွင် ပါမောက္ခ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ သမိုင်းဌာန၊ နိုင်ငံတကာဆက်ဆံရေးပညာဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ဆွစ်ဇာလန်၊ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းဒါရုဆလမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံများသို့ ဌာနဆိုင်ရာတာဝန်၊ စာပေတာဝန်များဖြင့် သွားရောက်ခဲ့သည်။ ဆောင်းပါးပေါင်း ၁,၀၀၀ ကျော်နှင့် လုံးချင်းစာအုပ် ၃၆ အုပ် ရေးသားခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် လူမှုထူးချွန် (ဒုတိယဆင့်)၊ ၂၀၀၁ ခုနှစ်တွင် စီမံထူးချွန် (ပထမဆင့်)၊ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန် (ဒုတိယဆင့်)၊ ၂၀၀၆ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၀၅ ခုနှစ်တွင် ဆရာဝန်တင်ရွှေစာပေဆု၊ ၂၀၀၉ ခုနှစ်တွင် သုတစွယ်စုံတစ်သက်တာစာပေဆုများရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် အမျိုးသား စာပေတစ်သက်တာဆုနှင့် နိုင်ငံတော်ကချီးမြှင့်သည့် စည်သူဘွဲ့ကိုရရှိခဲ့သည်။ အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးအမျိုးသား ကော်မတီဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် ထမ်းဆောင်လျက်ရှိသည်။ အမှတ် ၄၄၉/အိပ်ခ်စ်၊ မိုးမခလမ်း၊ ဗိုလ်ချို (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် နေထိုင်သည်။



ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု

ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် အမျိုးမျိုးသောရာသီဥတု ပြောင်းလဲဖောက်ပြန်မှုများကို အခိုိန်မရွေး၊ ရာသီမရွေး တွေ့ရှိနေရသည်။ နွေ၊ မိုး၊ ဆောင်း အစရှိသည့် ပုံမှန်ဖြစ်ပေါ်နေသော ရာသီဥတုများသည် အခြေခံသဘောတရားအားဖြင့် ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်တွင် ၂၃ ½ ဒီဂရီ တိမ်းစောင်းကာ ၂၄ နာရီလျှင် တစ်ပတ်ကျလည်ပတ်ရင်း နေကိုဗဟိုပြုကာ ၃၆၅ ¼ ရက်(တစ်နှစ်) အတွင်း တစ်ပတ်ကျ လှည့်လည် နေသောကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အပူပိုင်းဒေသ၊ သမပိုင်းဒေသနှင့် အအေးပိုင်းဒေသများသည် သဘာဝအတိုင်း ပုံမှန်ရှိနေခြင်းဖြစ်သည်။ သို့သော် စက်မှုခေတ်ပြောင်းတော်လှန်ရေးဖြစ်ပေါ်ပြီးနောက်ပိုင်းတွင် အရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားလာသော စက်မှုလုပ်ငန်းများကြောင့် ကမ္ဘာ့လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ အဆပေါင်းများစွာ ဝင်ရောက်လာခဲ့သည်။ ထိုမှတစ်ဆင့် ဖန်လုံအိမ် အာနိသင်ဖြစ်ပေါ်ကာ ကမ္ဘာမျက်နှာပြင်လေထု အပူချိန်သည် တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။ ဤကဲ့သို့ ကမ္ဘာကြီးပို၍ ပူနွေးလာမှု၏ အကျိုးဆက်များကြောင့် ကမ္ဘာ့ရာသီဥတုများသည် ဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ မိုးသည်းထန်၍ ရေကြီးခြင်း၊ မိုးခေါင်၍ အငတ်ဘေးဆိုက်ရောက်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်းနှင့် ရေခဲပြင်၊ ရေခဲမြစ်များ အရည်ပျော်ခြင်း စသည်တို့ကို ခံစားလာကြရသည်။ ဤကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများ လျော့နည်းသက်သာစေရန်မှာ ကမ္ဘာ့လူသားများ၏ စားဝတ်နေရေးအတွက် ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဆင်ခြင်တုံတရား လက်ကိုင်ထားကြရန် လိုအပ်လှသည်။ တစ်ဦးကောင်းဆောင်ရွက်၍မရနိုင်ဘဲ ဖွံ့ဖြိုးပြီးစက်မှုနိုင်ငံကြီးများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ အပြန်အလှန် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ ဆောင်ရွက်လျက်ရှိသော ကမ္ဘာကြီးပူနွေးလာမှု လျော့ချရေး လုပ်ငန်းရပ်များကိုလည်း နိုင်ငံပေါင်းစုံက ရေရှည်ဖွံ့ဖြိုး တိုးတက်မှုရရှိစေရန် ညီညွတ်စွာဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ ရာသီဥတုများသည် မူလသတ်မှတ်ချက်များအတိုင်း တည်ငြိမ်မှုမရှိဘဲ တဖြည်းဖြည်း ပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိသည်။ ပုံမှန်အားဖြင့် မိုးရွာရမည့်ရက်ပိုင်းတွင် မိုးလျော့နည်းသွားခြင်း (သို့) မိုးသည်းထန်စွာရွာသွန်းခြင်း၊ အပူချိန်မြင့်မားလာခြင်း၊ အအေးလှိုင်းကျရောက်ခြင်းစသည့် ပြောင်းလဲမှုများကို ယနေ့မျက်မှောက်ခေတ်တွင် ထင်ရှားစွာ တွေ့ရှိလာရသည်။ ရာသီဥတုပြောင်းလဲရခြင်းတွင် အကြောင်းရင်းအမျိုးမျိုးရှိသော်လည်း အထင်ရှားဆုံးအကြောင်းရင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်း (Global Warming) ပင်ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုအခြေအနေများ ပြောင်းလဲလာခြင်းကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀-၃၀၀ ခန့်မှစတင်သိရှိခဲ့ကြသော်လည်း ၁၉၉၀ ပြည့်နှစ်များတွင် လေ့လာ

ဒေသတစ်ခုတွင် နေ့စဉ်ဖြစ်ပေါ်နေသော အပူချိန်၊ မိုးရေချိန်နှင့် လေထု၏ အခြင်းအရာများဖြစ်သော စိုထိုင်းဆ၊ တိုက်ခတ်သည့်နှုန်းနှင့် အရပ်မျက်နှာ စသည်တို့ကို မိုးလေဝသဟုခေါ်သည်။ ယင်းမိုးလေဝသ အခြေအနေများ လအလိုက်၊ နှစ်အလိုက်ဖြစ်ပေါ်မှုများကို စုစည်းလိုက်ပါက ရာသီဥတုဟု သတ်မှတ်သည်။ ဒေသတစ်ခု၏ လတ္တီတွဒ်တည်နေရာ (သို့) အီကွေတာမှ ဝင်ရိုးစွန်းဘက်သို့ ဒီဂရီအကွာအဝေး၊ ပင်လယ်နှင့်အနီးအဝေး၊ မြေမျက်နှာပြင်အနိမ့်အမြင့်စသည့် အချက်များအပေါ်အခြေခံလျက် ရာသီဥတုအမျိုးမျိုးကွဲပြားစွာ တွေ့ရှိရသည်။ ယေဘုယျအားဖြင့် အပူပိုင်းဒေသ၊ သမပိုင်းဒေသ၊ အအေးပိုင်းဒေသစသည်တို့တွင် မိုးများခြင်း၊ မိုးနည်းခြင်းစသည်တို့ကို အခြေခံလျက်ရာသီဥတုအမျိုးမျိုးဖြစ်ပေါ်လာသည်။

စူးစမ်းရေးကိရိယာများအကူအညီဖြင့် အထောက်အထားများခိုင်လုံစွာ ရရှိလာခဲ့သည်။ အတိတ်ကာလတွင် သဘာဝအထောက်အထားများအဖြစ် သစ်ပင်များ၊ တိရစ္ဆာန်များ ပျံ့နှံ့တည်ရှိခဲ့မှုများကို လေ့လာသိရှိခဲ့သည်။ ထို့အပြင်သမုဒ္ဒရာများ၊ ရေအိုင်များရှိ အနည်အနှစ်များကို လေ့လာခြင်း၊ မြေပြင်အောက်ရှိကျောက်သားများကို လွန်မှုများဖြင့် တူးဖော်နမူနာယူ၍ လေ့လာခြင်းများလည်းပါဝင်သည်။ သစ်ပင်တို့၏ ပင်စည်အနှစ်ပိုင်းနှင့် သစ်ကွင်းများ၊ သက်ရှိသက်မဲ့ ကျောက်ဖြစ်ရပ်ကြွင်းများ၊ အန္တာတိကရေခဲပြင်၊ တိဘက်ကုန်းမြင့်နှင့် တောင်ထိပ်ပိုင်းရှိ ရေခဲမြစ်များ စသည်တို့ကို လေ့လာစူးစမ်းခြင်းဖြင့် အတိတ်ကာလ ရာသီဥတုပြောင်းလဲမှုများကို သိရှိခဲ့ရသည်။

ရာသီဥတုပြောင်းလဲရခြင်းအကြောင်းရင်းများ

ရာသီဥတုအမျိုးမျိုးဖြစ်ပေါ်လာမှုနှင့် အတိတ်ကာလမှစ၍ ရာသီဥတုများပြောင်းလဲလာမှုများကို လေ့လာရခြင်းသည် ရာသီဥတု၏ အစိတ်အပိုင်းများနှင့် ယန္တရားဖြစ်စဉ်ကို လေ့လာရခြင်းထက်ပို၍ လွယ်ကူသည်ဟု ဆိုနိုင်သည်။ ရာသီဥတုပြောင်းလဲရခြင်း၏ အကြောင်းရင်းအများစုသည် ကမ္ဘာမြေမျဲ့စည်းမှု၏ ပြင်ပတွင် ရှိသည်။ အထူးသဖြင့် ကမ္ဘာ့လေထု၏ ပြင်ပတွင်ရှိသည်။ တစ်နည်းအားဖြင့် ကမ္ဘာလေထုနှင့် ကမ္ဘာမျဲ့စည်းမှုတို့အပြန်အလှန်ဆက်စပ်မှုများ ပါဝင်သည်။ ဤအချက်များသည် ကမ္ဘာရာသီဥတုပြောင်းလဲမှုများကို လေ့လာရာတွင် အခြေခံအချက်များအဖြစ် အောက်ပါအတိုင်းတွေ့ရှိရသည်။

နေစွမ်းအင်အပြောင်းအလဲဖြစ်ခြင်း

ကမ္ဘာနှင့်မိုင်ပေါင်း ၉၃ သန်းကျော်ကွာဝေးသောနေပေါ်တွင် မုန်တိုင်းများကျရောက်ခြင်းနှင့် အခြားအနောင့်အယှက်များဖြစ်ပေါ်လျက်ရှိသောကြောင့် ကမ္ဘာသို့ရောက်ရှိလာသော နေ၏စွမ်းအင်များသည် အပြောင်းအလဲများဖြစ်စေသည်။ ကမ္ဘာလေထုလည်ပတ်မှုနှင့် မျဲ့စည်းမှုတို့တွင် နေစွမ်းအင်အတိုးအလျော့များဖြစ်စေပြီး ရာသီဥတုကို ပြောင်းလဲစေသည်။

မီးတောင်လှုပ်ရှားမှု

ကမ္ဘာပေါ်ရှိ မီးတောင်များလှုပ်ရှား ပေါက်ကွဲမှုဖြစ်သောအခါ ချော်ရည်ပူ၊ ပြာ၊ မီးခိုးများထွက်ပေါ်လာပြီး ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်များ ကမ္ဘာလေထုအတွင်းဝင်ရောက်လာစေသည်။ ယင်းဒေသအပေါ်ရှိလေထုတွင် ဓာတ်ပြောင်းလဲမှုများကြောင့် နေရောင်ခြည်နှင့် နေစွမ်းအင်များ ဝင်ရောက်လာမှုကို အဟန့်အတားဖြစ်စေသည်။ လေထုညစ်ညမ်းမှုများနှင့် နောက်ဆက်တွဲဆိုးကျိုးများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာမြေလွှာလှုပ်ရှားမှု

ကမ္ဘာအပေါ်ယံအခွံပိုင်းရှိ ကျောက်ဖျပ်လွှာကြီးများသည် ဖြည်းညင်းစွာရွေ့လျားလျက်ရှိသောကြောင့် တွန့်ခေါက်တောင်တန်းများပေါ်ပေါက်လာခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ သမုဒ္ဒရာကြမ်းပြင်များရွေ့လျားခြင်းစသည်တို့နှင့် ဆူနာမီရေလှိုင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။

နေပတ်လမ်းကြောင်းပြောင်းလဲခြင်း

နေစကြဝဠာအတွင်း နေကိုဗဟိုပြုလျက် ကမ္ဘာကြီးသည် ၃၆၅$\frac{1}{4}$ ရက်လျှင် တစ်ပတ်ကျလှည့်လည်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာရာသီဥတုအမျိုးမျိုးပေါ်ပေါက်လာရခြင်းဖြစ်သည်။ ယင်းသို့ လှည့်လည်မှုတွင် အဓိကပြောင်းလဲမှု ၃ မျိုးပါဝင်သည်။ (၁) ကမ္ဘာ၏ နေပတ်လမ်းပုံစံသည် စက်ဝိုင်းနီးပါးပုံစံမှ ဘဲဥပုံစံသို့ နှစ်ပေါင်းတစ်သိန်းမှလေးသိန်းအတွင်း တဖြည်းဖြည်းအပြန်အလှန်ပြောင်းလဲသည်။ (၂) ကမ္ဘာကြီး၏ တောင်နှင့်မြောက်ဝင်ရိုးသည် ၂၂ ဒသမ ၁ ဒီဂရီနှင့် ၂၄ ဒသမ ၅ ဒီဂရီအတွင်းတွင် နှစ်ပေါင်းလေးသောင်းကာလအတွင်း တဖြည်းဖြည်းအပြန်အလှန် ပြောင်းလဲသည်။ (၃) အထက်အကြောင်းအရာနှစ်ရပ်ကြောင့် ကမ္ဘာကြီး၏ တောင်နှင့်မြောက်ယဉ်စွန်းတန်းများသည် နှစ်ပေါင်း ၂၆၀၀ လျှင်တစ်ကြိမ်ပြောင်းလဲသည်။ ဤပြောင်းလဲမှု များကြောင့် လတ္တီကျူအလိုက် နေရောင်ရရှိမှုများကို ကွာခြားစေပြီး ရာသီဥတုများပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။

ဖန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များ

ကမ္ဘာလေထုအတွင်းတွင် အောက်ဆီဂျင်နှင့် ပုံမှန်ပါဝင်နေကျဖြစ်သောဓာတ်ငွေ့များအပြင် ကမ္ဘာမျက်နှာပြင်မှ ပြန်လည်ထုတ်လွှတ်သော အပူစွမ်းအင် ပါဓာတ်ငွေ့များနှင့် လေထုအတွင်းရောင်ပြန်ဟပ်မှုကြောင့်ရောက်ရှိလာသောဓာတ်ငွေ့များသည် ဖန်လုံအိမ်အာနိသင်ရှိသောဓာတ်ငွေ့များဖြစ်သည်။ ယင်းဓာတ်ငွေ့များတွင် အဓိကအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်နှင့်ရေငွေ့များပါဝင်သည်။

ယင်းတို့၏ စုစည်းမှုသည် နွေရာသီတွင် ပို၍များပြီး ဆောင်းရာသီတွင် နည်းကြောင်းသိရသည်။ ဤဓာတ်ငွေ့များသည် သဘာဝအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာနိုင်သော်လည်း လူသားတို့၏ လုပ်ရပ်များ (အထူးသဖြင့် စက်မှုတော်လှန်ရေးနောက်ပိုင်းကာလမှစ၍) ကြောင့်လည်း ပိုမိုများပြားလာကြောင်း တွေ့ရသည်။ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ အိုဇုန်းနှင့်ကလိုရိုဖလူရိုကာဗွန် ဓာတ်ငွေ့များလေထုအတွင်း ပိုမိုများပြားလာခြင်းကြောင့် ကမ္ဘာကြီးသည် ပိုမိုပူနွေးလာကြောင်း သိရှိရသည်။

အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှု သမဂ္ဂအဖွဲ့ (IPCC) ၏ လေ့လာမှုအရ ကမ္ဘာကြီးပူနွေးလာရခြင်းအကြောင်းရင်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် လူသားများ၏ မဆင်မခြင်ပြုမူမှုများကြောင့်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ကမ္ဘာရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကြောင့် ထိခိုက်ဆုံးရှုံးမှုများသည် အချိန်နှင့်အမျှ ပေါ်ပေါက်လျက်ရှိသည်။

အပူချိန်မြင့်မားပြီးတောမီးလောင်မှု၊ ကောက်ပဲသီးနှံများပျက်စီးမှု၊ မိုးရေချိန် အမြောက်အမြားရွာသွန်းမှုကြောင့် ရေကြီးမှု၊ မြေပြိုမှုများ တွေ့ရှိရသည့် နည်းတူ ဆီးနှင်းများကျပြီး အအေးလွန်ကဲမှု၊ မိုးခေါင်သဖြင့် သောက်သုံးရေနှင့်စားနပ်ရိက္ခာပြတ်လပ်မှုများစသည်တို့ကိုလည်း တွေ့ရှိရသည်။

၂၀၁၁ ခုနှစ်အတွင်း လအလိုက် ရာသီအလိုက် ဖောက်ပြန်မှုများကို အောက်ပါအတိုင်း တွေ့ရှိ နိုင်သည်။

ဇန်နဝါရီလ

မိုးခေါင်ရေရှားမှု

အာဖရိကတိုက်အရှေ့ပိုင်းရှိ ဆိုမာလီယာနိုင်ငံတွင် ပုံမှန်ရွာသွန်းမြဲမိုးရေချိန်၏ လေးပုံသုံးပုံခန့်သာ ရရှိသဖြင့် ကောက်ပဲသီးနှံများ ပျက်စီးခဲ့ရာ အစာအာဟာရပြတ်လပ်မှုဒဏ်ကို ခံခဲ့ရသည်။

အအေးလှိုင်းဖြတ်မှု

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများတွင် အပူချိန် အနုတ် ၁၀ ဒသမ ၅ ဒီဂရီဖာရင်ဟိုက် အထိနိမ့်ကျခဲ့သည်။ ကက်ရှ်မီးယားပြည်နယ် Rohtang နှင့် Kunzam တောင်ကြားဒေသတွင် ဆီးနှင်းများ ၉ ဒသမ ၈ ပေအထိ ဖုံးလွှမ်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုတိယနှင့် တတိယပတ်၌ မြောက်ဘက်မှလေအေးများတိုက်ခတ်မှုကြောင့် အပူချိန် ၉ ဒီဂရီဖာရင်ဟိုက် မှ ၁၉ ဒီဂရီဖာရင်ဟိုက် အထိကျဆင်းခဲ့ပြီး ကလေးငယ်နှင့် သက်ကြီးရွယ်အိုများ အအေးမိခြင်းဆိုင်ရာ ရောဂါများ ခံစားခဲ့ရသည်။

မိုးသည်းထန်မှု

ဩစတြေးလျနိုင်ငံတွင် လာနီညာရာသီအကျိုးဆက်ကြောင့် ပထမပတ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ကွင်းစလန်ပြည်နယ်တွင်ထောင်ပေါင်းများစွာသော အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများ ပျက်စီးခဲ့ရသည်။ တတိယအကြိုးဆုံးမြို့ဖြစ်သော ဘရစ်စဘိန်းမြို့တွင် နာရီဝက်အတွင်းမိုးရေချိန် ၆ လက်မရွာခဲ့သဖြင့် ဘရစ်စဘိန်းမြစ်ရေသည် ၁၇ ပေမြင့်တက်ခဲ့ပြီး မြွေနှင့်မိခြောင်းများ မြို့တွင်းသို့ မျောပါလာခဲ့သည်။ ဩစတြေးလျဒေါ်လာ ဘီလီယံ ၃၀ ဖိုးအထိ ဆုံးရှုံးခဲ့သည်။

သီရိလင်္ကာနိုင်ငံ ဘက်တီကာလိုမြို့တွင် ဒီဇင်ဘာ မှစ၍ ဇန်နဝါရီအစောပိုင်းအထိ မိုးရေချိန် ၆၃ လက်မရွာသွန်းခဲ့ပြီး ရေကြီးမှုကြောင့် လူတစ်သန်းကျော်ရွှေ့ပြောင်းခဲ့ကြရသည်။ ၂၀၀၄ ခုနှစ် ဆူနာမီထက်ပင်

ထိခိုက်မှုဝိုမျာ်းသည်ဟု ဆိုသည်။ နိုင်ငံ၏ အရှေ့ပိုင်းဒေသတွင် အများဆုံးဖြစ်ခဲ့ပြီး နောက်ဆက်တွဲအဖြစ် ခြင်နှင့်ပတ်သက်သောရောဂါများဖြစ်ပွားခြင်း၊ တစ်နိုင်ငံလုံးစပါးစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တစ်နိုင်ငံလုံးတွင် မြို့ပေါင်း ၁၄၄ မြို့မှ လူပေါင်း တစ်သန်းခွဲကျော်ထိခိုက်ပျက်စီးခဲ့ရသည်။ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၉ သန်းပိုး ပျက်စီးဆုံးရှုံးခဲ့သည်။

မလေးရှားနိုင်ငံတွင် ဇန်နဝါရီလ ၂၄ ရက်မှ ၃၀ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဘော်နီယိုကျွန်း မြောက်ပိုင်းတွင် မိုးရေချိန် ၃၁ လက်မရွာခဲ့သဖြင့် လူ ၄၆,၀၀၀ ကျော် ရေလွှမ်းခြင်းမှ လွတ်ကင်းအောင်ရွှေ့ပြောင်းပေးခဲ့ရသည်။

တရုတ်နိုင်ငံတောင်ပိုင်းတွင် ဆောင်းဥတုမိုးရွာမှုကြောင့် လူပေါင်း ၆၀,၀၀၀ ကျော်ကို ကယ်ဆယ်ခဲ့ရသည်။ လူသန်းပေါင်း ၂၃၀ ခန့်နှစ်ကူးခရီးသွားလာချိန်ဖြစ်၍ ထောင်ပေါင်းများစွာသော လူတို့၏ မော်တော်ကားများကို နှင်းပုံးနေသောလမ်းများပေါ်တွင် ရပ်ထားခဲ့ရသည်။ အအေးလွန်ကဲမှုကြောင့် သီးနှံများလည်း ပျက်စီးခဲ့ရာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ဧရာဝတီရိုလ

ရေလွှမ်းမိုးမှု

သီရိလင်္ကာနိုင်ငံတွင် ရေလွှမ်းမိုးမှုဆက်လက်ဖြစ်ပွားမှုကြောင့် လူ ၁၁ ဦးသေဆုံးပြီး ၂ ဦးပျောက်ဆုံးသည်။ ရေလွှမ်းမိုးမှုဒဏ်ကို လူ ၁ ဒသမ ၂၅ သန်းခံခဲ့ရပြီး လူ ၃၂၀,၀၀၀ ကျော်ကို ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အရှေ့မြောက်ဘက်ပိုင်းဒေသမှာ အဆိုးရွားဆုံးဖြစ်သည်။

ဆီးနှင်းများအရည်ပျော်မှု

အာဖဂန်နစ္စတန်နိုင်ငံ တောင်တန်းဒေသတွင် ပထမလဝက်ပိုင်းကာလ ဆီးနှင်းများအရည်ပျော်ကျခဲ့ပြီး နိုင်ငံ၏အနောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့သည်။ ဟတ်နှင့်ရှင်းဒန်းဒေသများတွင် လူ ၆ ဦးသေဆုံးပြီး အိမ်ထောင်စု ၂၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။

မိုးသည်းထန်မှု

ဘိုလီးဗီးယားနိုင်ငံတစ်ဝန်း နောက်ဆုံးရက် သတ္တပတ်တွင် မိုးသည်းထန်စွာရွာမှုကြောင့် ရေကြီးမှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။ မတ်စောက်သောတောင်စောင်းများတွင်ရှိသော မြို့တော်လာပတ်ဇုံတွင် အနည်းဆုံးလူ ၄၅ ဦးသေဆုံးပြီး လူတစ်သောင်းခန့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ နိုင်ငံမြောက်ပိုင်း အမေဇုံမြေနိမ့်ဒေသတွင် ရေလွှမ်းမှုဒဏ်ကြောင့် မြစ်ကမ်းပါးများပြိုကျကာ အဆက်အသွယ်များပြတ်တောက်ခဲ့ရသည်။ ဤဖြစ်စဉ်သည် လာနီညာဖြစ်စဉ်ကြောင့်ဖြစ်သည်ဟု သက်ဆိုင်ရာကကြေညာခဲ့ရသည်။

အပူပိုင်းဆိုင်ကလုန်း

လဆန်းပိုင်းတွင် ဩစတြေးလျနိုင်ငံမြောက်ပိုင်းကွင်းစလန်၊ မစ်ရှင်ကမ်းခြေသို့ အင်အားပြင်းထန်သော အပူပိုင်းဆိုင်ကလုန်း ယာစီ (Yasi) သည် တစ်နာရီလျှင် ၁၇၇ မိုင် နှုန်းဖြင့် ဝင်ရောက်ခဲ့သည်။ မုန်တိုင်းဒဏ်ရာများဝင်ရောက်လွှမ်းမိုးခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖိုး ဆုံးရှုံးပျက်စီးခဲ့ရသည်။

မာဒက်ဂတ်စကားကျွန်းနိုင်ငံ၏ အရှေ့မြောက်ပိုင်းသို့ ယခုလ ၁၄ ရက်နေ့က အပူပိုင်းဆိုင်ကလုန်း ဘင်ဂိဇာ (Bingiza) သည် တစ်နာရီလျှင် ၁၁၅ မိုင်နှုန်းဖြင့် ဝင်ရောက်ခဲ့သဖြင့် လူပေါင်း ၁၅,၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဘဝသို့ရောက်ခဲ့ရသည်။

နှင်းမုန်တိုင်းကျရောက်မှု

တောင်ကိုရီးယားနိုင်ငံတွင် ၁၁ရက်မှ ၁၄ ရက်အတွင်း ပြင်းထန်သော နှင်းမုန်တိုင်းကျရောက်မှုကြောင့် ဆမ်ချုတ် (Samcheok) တွင် ဆီးနှင်းများ ၃၉ လက်မအထိ ဖုံးလွှမ်းခဲ့သည်။ ၁၉၁၁ ခုနှစ်မှစ၍ အပြင်းထန်ဆုံးစံချိန်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်းပိုးဆုံးရှုံးခဲ့သည်။

မတ်လ

တောမီးလောင်မှု

မတ်လမတိုင်မီ ၆ လမှစတင်၍ ရွာသွန်းမြဲမိုးရေချိန်၏ တစ်ဝက်မျှပင်မရွာသွန်းခဲ့ခြင်း၊ လေပြင်းတိုက်မှုနှင့်ခြောက်သွေ့မှုတို့ ပေါင်းစပ်ကာ အမေရိကန်နိုင်ငံ ဖလော်ရီဒါကျွန်းဆွယ်အရှေ့ဘက်ကမ်းရိုးတန်းတွင် တောမီးများ လောင်ကျွမ်းခဲ့ရာ ဧက ၁၈,၀၀၀ ကျော်အထိ ပျံ့နှံ့ခဲ့သည်။ သို့သော် လူနေရပ်ကွက်များမရောက်မီ ငြိမ်းသတ်နိုင်ခဲ့သည်။

မိုးသည်းထန်မှု

အာဖရိကတိုက် အနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အင်ဂိုလာနှင့်နမီးဘီးယားနိုင်ငံ နှစ်ခုအကြားရှိ အိုကာဆန်ဂါမြစ်ရေကြီးပြီး လူ ၂၅ ဦး သေဆုံးကာ လူ ၄၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ဩစတြေးလျှတိုက် အရှေ့မြောက်ပိုင်းတွင် ရာစီဆိုင်ကလုန်းတိုက်ခတ်မှုကြောင့် မိုးရေချိန် ၃၀ လက်မအထိရွာသွန်းခဲ့သည်။ ရေကြီးမှု၊ မြေပြိုမှုများဆက်လက်ဖြစ်ပွားကာပြည်နယ် ၆ ခုတွင် လူ ၄၀ သေဆုံးခဲ့သည်။ ကမ္ဘာလှည့်ခရီးသည် ၁၅,၀၀၀ ကျော်ခန့်ပိတ်မိခဲ့ရသည်။


ဆီးနှင်းထူထပ်စွာကျခြင်း

မတ်လ ၅ ရက်မှ ၇ ရက်အတွင်း ကနေဒါအရှေ့တောင်ပိုင်း အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း ဒေသနှင့်ဆက်စပ်နေသောဒေသများ၊ အထူးသဖြင့် ဗားမောင့်ဒေသတွင် ဆီးနှင်းများ ၃၀ လက်မအထိ ကျဆင်းခဲ့သည်။ ၎င်းဒေသ၏ အရှေ့ဘက်ပိုင်း ကွန်နက်တီကတ်ဒေသတွင် မိုးသည်းထန်မှုကြောင့် ရေကြီးမှု၊ မြေပြိုမှု၊ ရေခဲများမြစ်အတွင်း ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့်အတွက် အိမ်များမြစ်ထဲသို့ မျောပါခဲ့ရသည်။

●ပြီလ

ပူပြင်းခြောက်သွေ့မှု

ဂျာမနီနိုင်ငံမြောက်ပိုင်း ရှော့စတော့မြို့အနီးတွင် အလွန်ခြောက်သွေ့သော ရာသီဥတုကို အခြေပြုကာ ဧပြီလ ၈ ရက်နေ့တွင် သဲမုန်တိုင်းတိုက်ခတ်ခဲ့သည်။ လောင်စာဆီသယ်သော ကားတစ်စီး မီးလောင်ရာမှစ၍



ထိုင်းနိုင်ငံ၏ နေရာအချို့၌ ရေလွှမ်းနေပုံ

ကားအစီး ၂၀ မီးလောင်ခဲ့ပြီး လူ ၈ ဦးသေဆုံးကာ ၄၁ ဦးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

ဧပြီ ၁ ရက်မှ ၁၂ ရက်အတွင်း အာဖရိကတိုက် အရှေ့ပိုင်းတွင် ပြင်းထန်သောခြောက်သွေ့မှုဒဏ်ကို ခံစားခဲ့ရသည်။ ကုလသမဂ္ဂခန့်မှန်းချက်အရ ကင်ညာနှင့်ဆိုမာလီယာနိုင်ငံတွင် လူ ၈ သန်းခန့်အစားအစာနှင့် သောက်သုံးရေအခက်အခဲဖြစ်ခဲ့သည်။

ကင်ညာမှလူတစ် သောင်းခန့်ယူဂန်ဒါနိုင်ငံသို့လည်းကောင်း၊ ဆိုမာလီမှ လူတစ်သောင်းခန့်ကင်ညာသို့လည်းကောင်း၊ ကျေးရွာများမှ လူငါးသောင်းကျော်သည် မြို့ပြများသို့လည်းကောင်း ထွက်ပြေးခဲ့ကြရသည်။ ဤသို့ပြောင်းရွှေ့မှုကြောင့် ဒေသတွင်းစားနပ်ရိက္ခာများ ပိုမိုခက်ခဲကြရကြောင်း သိရသည်။

ကျူးဘားနိုင်ငံတွင် ယခုနှစ်ဧပြီလသည် နှစ်ပေါင်း ၅၀ အတွင်း အပြင်းထန်ဆုံးခြောက်သွေ့မှုဖြစ်ခဲ့သည်။ ရေလှောင်ကန်များတွင် ရေ ၅ ပုံ ၁ ပုံမျှသာ ရှိပြီး မြို့တော် ဟာဗနာရှိလူတစ်သန်းခန့်အတွက် လိုအပ်သော သောက်သုံးရေကို အစိုးရက စီစဉ်ပေးခဲ့ရသည်။

တောမီးလောင်မှု

မက္ကဆီကိုနိုင်ငံတွင် မိုးကြိုးပစ်ရာမှ စတင်လောင်ကျွမ်းခဲ့သော တောမီးသည် ဧပြီလ ၁၈ ရက်နေ့တွင် ဧက ၂၄၅,၀၀၀ ကျော်အထိ ကျယ်ဝန်းခဲ့သည်။ မြက်ခင်းနှင့်ကျေးလက်ပိုင်းဒေသဖြစ်၍ လူအသေအပျောက်မရှိသော်လည်း အမေရိကန်နိုင်ငံမှ မီးသတ်ယာဉ်များ ကူညီမှုဖြင့် လကုန်ပိုင်းအထိ ဆက်လက်ငြိမ်းသတ်ရမည်ဟု ခန့်မှန်းထားသည်။

မိုးသည်းထန်မှု

ဧပြီလ ၄ ရက်မှ ၅ ရက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နော်ဝက်စတာအမည်ရှိ ဆိုင်ကလုန်းတိုက်ခတ်မှုကြောင့် လူ ၁၃ ဦးသေဆုံးပြီး ၁၂၁ ဦးဒဏ်ရာရခဲ့သည်။ မြောက်ပိုင်းခရိုင် ၈ ခုတွင် ရေကြီးမှု၊ မြေပြိုမှုများကြောင့် လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ဩစတြေးလျှနိုင်ငံမြောက်ပိုင်းတွင် အချိန်ကြာမြင့်စွာ မိုးဆက်တိုက်သည်းထန်မှုကြောင့် ယင်းဒေသမှ ကြွက်များ တိုက်၏အတွင်းပိုင်း သဲကန္တာရဒေသသို့ အုပ်စုလိုက်ပြောင်းရွှေ့ခြင်း ဖြစ်ပေါ်ခဲ့သည်။ ယင်း အဖြစ်အပျက်သည် လွန်ခဲ့သော ၂၅ နှစ်အတွင်း ပထမဆုံးဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများကဆိုသည်။

မေလ

တောမီးလောင်မှု

မက္ကဆီကိုနိုင်ငံတွင် လောင်ကျွမ်းခဲ့သော တောမီးများပုံမှန်ရပ်တန့်ရမည့်အချိန်တိုင်အောင် မရပ်ဘဲ ဆက်လက်လောင်ကျွမ်းခဲ့ရာ မေ ၁၉ ရက်တွင် ဧက ၁ ဒသမ ၃ သန်းအထိ ကျယ်ပြန့်ခဲ့သည်။ ၁၃ နှစ်ကာလအတွင်း အကြီးမားဆုံးဖြစ်ပြီး လယ်သမားများ စိုက်ပျိုးရေးအတွက် မီးရှို့ခြင်းမှ စတင်လောင်ကျွမ်းမှုများဖြစ်သည်ဟု ဒေသတာဝန်ရှိသူများကဆိုသည်။

မိုးသည်းထန်မှု

ကိုလံဘီယာပြည်နယ်မြောက်ပိုင်းတွင် ဆောင်းကူးရာသီမိုးသည်ပုံမှန်ထက် ၅ ဆခန့်ပို၍ ရွာခဲ့သောကြောင့် လူ ၄၂၅ ဦးသေဆုံးပြီး ၄၈၂ ဦးပျောက်ဆုံးလျက်ရှိသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာဘီလီယံများစွာရှိမည်ဟု ခန့်မှန်းလျက်ရှိသည်။

အာဖရိကတိုက်အရှေ့တောင်ပိုင်းရှိ အင်ဂိုလာနှင့် နမိးဘီးယားနိုင်ငံတို့တွင် မိုးဆက်တိုက်ရွာသွန်းပြီး အလွန်ခြောက်သွေ့သောဒေသတွင် မေလ ၅ ရက်တစ်ရက်အတွင်း မိုးရေချိန် ၂ ဒသမ ၈ လက်မ ရွာသွန်းခဲ့သဖြင့် မြစ်များရေကြီးမှုစံချိန်တင်ဖြစ်ပေါ်ခဲ့သည်။ နမိးဘီးယားတွင် ရေကြီးမှုကြောင့် လူတစ်သိန်းကျော် ရွှေ့ပြောင်းခဲ့ရသည်။ ၆၂ ဦးသေဆုံးပြီး ခြင်နှင့်ပတ်သက်သောရောဂါများ ဆက်လက်ဖြစ်ပွားခဲ့သည်။

အပူပိုင်းမုန်တိုင်း

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းသို့ အပူပိုင်း ဆိုင်ကလုန်းအေရိသည် မေလ ၇ ရက်မှ ၉ ရက်အတွင်း တိုက်ခတ်ခဲ့သဖြင့် လူ ၃၁ ဦးသေဆုံးပြီး လူတစ်သိန်းကျော် ပြောင်းရွှေ့ခဲ့ရသည်။ ကာတာမင်မြို့

တွင် တစ်နေ့တည်း မိုးရေချိန် ၁၄ ဒသမ ၉ လက်မ ရွာသွန်းခဲ့ပြီး ရုတ်တရက် ရေကြီးခဲ့ရာ သီးနှံစိုက်ခင်းများပါ ပျက်စီး၍ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄ သန်းဖိုးပျက်စီးဆုံးရှုံးခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် မေလ ၁၉ ရက်မှ ၂၉ ရက် အတွင်း အရှေ့ပစိဖိတ်သမုဒ္ဒရာမှ ပြင်းထန်သော ဆောင်ဒါ တိုင်ဖွန်းသည် တစ်နာရီလျှင် မိုင် ၁၅၀ နှုန်းတိုက်ခတ်ခဲ့သဖြင့် အရှေ့ဘက် ကမ်းရိုးတန်းဒေသမှ လူ နှစ်သိန်းခွဲကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်။ ယင်းမုန်တိုင်းသည် မြောက်ဘက်သို့ ရွေ့လျားပြီး ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းများအထိ ထိခိုက်ပျက်စီးစေခဲ့သည်။

ဇွန်လ

လေဆင်နှာမောင်း

အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက် ပြည်နယ်အနောက်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် ဇွန်လ ၁ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ၃ ဦးသေဆုံးပြီး ၇၂ ဦး ဒဏ်ရာရရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ၁၉၅၀ ပြည့်နှစ်မှစ၍ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သေဆုံးသူစုစုပေါင်း ၅၃၇ ဦးရှိခဲ့ပြီး ယခုနှစ်သည်သေဆုံးမှုအများဆုံးနှစ်ဖြစ်ကြောင်းသိရသည်။

ရွံ့စီးကြောင်း

အမေရိကတိုက်အလယ်ပိုင်း ဟောတီနိုင်ငံတွင် ဇွန်လ ၇ ရက်က ၆ နာရီအတွင်း မိုးရေချိန် ၆ လက်မ ရွာသွန်းခဲ့သည့်အတွက် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့သည်။ မြို့တော် "ပို့အော်ပရင့်စ်" ၏ ဆင်းရဲသားရပ်ကွက်များတွင် ရွံ့စီးကြောင်းများဝင်ရောက်မှုကြောင့် လူ ၂၅ ဦးသေဆုံးကာ ခြောက်ဦးပျောက်ဆုံးခဲ့သည်။ ဟောတီနှင့်အတူ ဒိုမီနီကန်၊ ဂျမေကာ၊ ပွာတိုရီကိုစသည့် နိုင်ငံများတွင်လည်း ရွံ့စီးကြောင်းများ ဖြစ်ပေါ်ခဲ့သည်။

အပူပိုင်းမုန်တိုင်း

ဖိလစ်ပိုင်နိုင်ငံတွင် ဇွန်လ ၁၀ ရက်က အပူပိုင်းမုန်တိုင်း ဆရိကာ (Sarika) တိုက်ခတ်သဖြင့် လူ ၆ ဦးသေဆုံးပြီး ၁၁ ဦးပျောက်ဆုံးခဲ့သည်။

ယင်းမုန်တိုင်းသည် တရုတ်နိုင်ငံ အနောက်မြောက်ဘက် ဂွမ်ဒေါင်းပြည်နယ်သို့ ဇွန်လ ၁၁ ရက်တွင်ဝင်ရောက်ခဲ့ပြီး ဟူဘေးပြည်နယ်အလယ်ပိုင်းတွင် ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ကာ လူ ၂၃ ဦးသေဆုံးခဲ့သည်။ ယခုနှစ်အတွက် တရုတ်နိုင်ငံသို့ ပထမဦးဆုံး ဝင်ရောက်သော မုန်တိုင်းဖြစ်သည်။

တောမီးလောင်ခြင်း

အမေရိကန်ပြည်ထောင်စု အရှိုးနားပြည်နယ်တွင် မေလမှ စတင်ဖြစ်ပေါ်ခဲ့သော တောမီးသည် သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးတောမီးအဖြစ် ဇွန်လ ၁၃ ရက်က လောင်ကျွမ်းခဲ့သည်။

အရှိုးနား နှင့်နီးစပ်ရာ ပြည်နယ်များသို့ ကူးစက်သွားပြီး သစ်တောဧက ၂ သိန်းကျော် ပျက်စီးခဲ့သော ကြောင့် ဒေသခံများအတွက် များစွာထိခိုက်ဆုံးရှုံးခဲ့ရသည်။

ရေကြီးခြင်း

တရုတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေကြီးမှုကြောင့် ဇွန်လ ပထမသုံးပတ်အတွင်း အနည်းဆုံးလူ ၂၆၁ ဦးသေဆုံးခဲ့သည်။

ဟူဘေး၊ ဟူနန်၊ ဇီကျီယန်ပြည်နယ်များတွင် အများဆုံးပျက်စီးဆုံးရှုံးခဲ့သည်။ ဇီကျီယန်ပြည်နယ် တစ်ခုတည်းတွင် ဆုံးရှုံးမှုတန်ဖိုးဒေါ်လာ ၁ ဒသမ ၁၉ ဘီလီယံရှိပြီး လူပေါင်းသန်းချီ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ကြရသည်။

အပူပိုင်းမုန်တိုင်း

ဖိလစ်ပိုင်နိုင်ငံအရှေ့ဘက်တွင်ဖြစ်ပေါ်နေသော ဖယ်လ်ကွန် (Falcon) မုန်တိုင်းသည် ဇွန်လ ၂၀ ရက်က တစ်နာရီလျှင် မိုင် ၇၀ နှုန်းဖြင့် ဆက်လက်တိုက်ခတ်သွားခဲ့ရာ ဖိလစ်ပိုင်တွင် ၈ ဦး၊ တောင်

ကိုရီးယားတွင် ၉ ဦး၊ မြောက်ဗီယက်နမ်တွင် ၁၇ ဦးသေဆုံးစေခဲ့သည်။

ဂူလိုင်လ

ရေကြီးခြင်း၊ မြေပြိုခြင်း

တရုတ်နိုင်ငံတောင်ပိုင်းရှိ ပြည်နယ် ၇ ခုနှင့် တိဝမ်ဒေသတွင် ဂူလိုင်လ ၅ ရက်က မုတ်သုန်မိုးပြင်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရာ အိမ်ခြေ ၇ သောင်းခန့်နှင့် သီးနှံစိုက်ခင်း ၁၅,၀၀၀ ခန့်ပျက်စီးခဲ့ပြီး တန်ဖိုးဒေါ်လာ ၁ ဒသမ ၅၇ သန်းခန့်ဆုံးရှုံးခဲ့ရသည်။ ဇွီဇူးပြည်နယ်တွင် မြေပြို၍ သတ္တုတွင်းလုပ်သား ၄၀ ကျော်မြေအောက်တွင် ပိတ်မိခဲ့ရသည်။

ဖုန်မုန်တိုင်း

အမေရိကန်ပြည်ထောင်စု အရှိဖိုးနားပြည်နယ် ပွန်းနစ်ဒေသတွင် ဇွန်လ ၅ ရက်က ဖုန်မုန်တိုင်းကြီး တစ်ခုပေါ်ပေါက်ခဲ့ရာ အမြင့်ပေ ၅၀၀၀ ကျော်နှင့် အကျယ်အဝန်းမိုင် ၅၀ ကျော်အထိ ကြီးမားခဲ့သည်။ တစ်နာရီလျှင်မိုင် ၅၀ နှုန်းဖြင့် မိုင်ပေါင်း ၁၅၀ ကျော်အထိ တိုက်ခတ်ခဲ့ရာ မြင်ကွင်းများပျောက်ကွယ်သွားပြီး လေယာဉ်ခရီးစဉ်များကို ရွှေ့ဆိုင်းခဲ့ရသည်။ ပွန်းနစ်ဒေသတွင် ပူပြင်းခြောက်သွေ့သောကာလများ၌ ဖုန်မုန်တိုင်းများ နှစ်စဉ်ပေါ်ပေါက်လေ့ရှိသည်။

နှင်းမုန်တိုင်း

တောင်အမေရိကတိုက် ချီလီနိုင်ငံမြောက်ပိုင်း အတာကမာသဲကန္တာရဒေသတွင် ဂူလိုင်လ ၇ ရက်က 'အေးနိုင်လေဆိုင်ဆုံ' ဖြစ်ပေါ်ပြီး ဆီးနှင်းများ ၃၂ လက်မအထိ ထူထပ်စွာကျဆင်းခဲ့သည်။ ပိတ်ဆို့နေသော လမ်းပေါ်ရှိကားများအတွင်းမှ လူများကို ကယ်ဆယ်ခဲ့ကြရသည်။ ဤသို့ဖြစ်ရခြင်းမှာ ချီလီကမ်းရိုးတန်းရှိ ဟမ်းဘော့-ရေအေးစီးကြောင်းကြောင့် မြေပြင်အပူချိန်ပြောင်းပြန်ဖြစ်ပြီး ဆီးနှင်းမုန်တိုင်းများ ပေါ်ပေါက်လေ့ရှိခြင်းကြောင့်ဖြစ်သည်။

အပူဝိုင်းမုန်တိုင်း

ဇူလိုင်လ ၁၈ ရက်က ဖိလစ်ပိုင်နိုင်ငံ လူဇုံကျွန်း အရှေ့တောင်ပိုင်းတောင်တန်းဒေသသို့ အပူဝိုင်းမုန်တိုင်း 'နော့တင်း' ဝင်ရောက်တိုက်ခတ်မှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့သည်။ ယင်းသဘာဝဘေးဒဏ်များကြောင့် အနည်းဆုံးလူ ၆၆ ဦးသေဆုံးခဲ့ပြီး ၁၇ ဦး ထက်မနည်း ပျောက်ဆုံးခဲ့သည်။ လူပေါင်း ခြောက်သိန်းခွဲကျော် ထိခိုက်ခဲ့ပြီး ဒေါ်လာ ၂၄ သန်းဖိုးခန့် ဆုံးရှုံးပျက်စီးခဲ့သည်။

အပူလှိုင်းဖြတ်ခြင်း

အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်း ပြည်နယ်များတွင် ဂူလိုင်လ ၁၉ ရက်က အပူချိန်သည် ၁၂၀ ဒီဂရီဖာရင်ဟိုက် (၄၉ ဒီဂရီ စင်တီဂရိတ်) အထိမြင့်တက်ခဲ့ကြောင်း မိုးလေဝသဌာနက ကြေညာခဲ့သည်။ ယင်းအပူလှိုင်းကျရောက်မှုကြောင့် လူ ၆၄ ဦးသေဆုံးခဲ့သည်။ ထို့အပြင် အပူဒဏ်ကြောင့် ဖျားနာမှုများ အများအပြားခံစားခဲ့ရကြောင်း သိရသည်။

ရေကြီးခြင်း

အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းနှင့် နီပေါနိုင်ငံဒေသအချို့တွင် ဂူလိုင် ၂၅ ရက်က မုတ်သုန်မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားကာ လူ ၈၀ ဦးခန့်သေဆုံးခဲ့ပြီး လူ ၂ သိန်းကျော်ကို ဘေးလွတ်ရာသို့ ကယ်ဆယ်ပေးခဲ့ရကြောင်း သိရှိရသည်။

ဩဂုတ်လ

အပူဝိုင်းဆိုင်ကလုန်း

ဩဂုတ်လ ၈ ရက်က တောင်ကိုရီးယားနိုင်ငံ တွင် အပူပိုင်းဆိုင်ကလုန်း မူဖား (Muifa) တိုက်ခတ်မှုကြောင့် မိုးကြိုး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ လူပေါင်းနှစ်သိန်းကျော်ထိခိုက်ခဲ့သည်။ ယင်းမုန်တိုင်းသည် မြောက်ကိုရီးယားသို့ဆက်လက်ဝင်ရောက်ခဲ့ရာ လူ ၁၀ ဦးသေဆုံးပြီး အိမ်ထောင်စု ၁၀၀ ကျော်ပျက်စီးခဲ့သည်။ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းသို့ ဆက်လက်တိုက်ခတ်မှုကြောင့်

လူ သုံးသန်းကျော်ထိခိုက်ပြီး စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုသည် ဒေါ်လာ ၄၆၉ ဒသမ ၅ သန်းအထိ ရှိခဲ့သည်။

ဆီးနှင်းထူထပ်စွာကျခြင်း

နယူးဇီလန်နိုင်ငံတွင် ဩဂုတ်လ ၁၄ ရက်မှ ၁၆ ရက်အတွင်း ဝင်ရိုးစွန်းလေအေးများပြင်းထန်စွာတိုက်ခတ်မှုကို ခံစားခဲ့ရသည်။ မြောက်ကျွန်း၏ မြို့တော်အုက်ကလန့်တွင် အပူချိန် ၄၇ ဒသမ ၈ ဒီဂရီဖာရင်ဟိုက် (၈ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) အထိ စံချိန်တင်ကျဆင်းခဲ့သည်။ ဝယ်လင်တန်မြို့တွင် ၄၃ ဒသမ ၇ ဒီဂရီဖာရင်ဟိုက် (၆ ဒသမ ၅ စင်တီဂရိတ်) အထိကျဆင်းခဲ့သည်။ မြောက်ကျွန်းနှင့်တောင်ကျွန်းကြားရှိ ရေလက်ကြားတွင် ဆီးနှင်းများ ၁၆ ပေအထိ မြင့်တက်လာသဖြင့် ကူးတို့သင်္ဘောများ ခရီးစဉ်ရပ်နားခဲ့ရသည်။ နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်ဟု ခန့်မှန်းထားသည်။

လေဆင်နှာမောင်း

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ် ဂျဲဒရစ်မြို့တွင် ဩဂုတ်လ ၂၁ ရက်က တစ်နာရီလျှင် ၁၇၄ မိုင်နှုန်းရှိသော လေဆင်နှာမောင်းတိုက်ခတ်ခဲ့သည်။ လူတစ်ဦးသေဆုံးပြီး ၃၇ ဦးဒဏ်ရာရရှိခဲ့သည်။

ရေကြီးခြင်း

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် ဩဂုတ်လ ၂၄ ရက်က မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးခြင်းဖြစ်ပေါ်ခဲ့ရာ အနည်းဆုံးလူ ၄၂ ဦးသေဆုံးပြီး ၂၀ ဦးပျောက်ဆုံးခဲ့သည်။ ခိုင်ဘာပက်ထန်ဝါပြည်နယ်ကန်ဒီယန်တောင်ကြားဒေသတွင် အဆိုးဝါးဆုံးဖြစ်ပေါ်ခဲ့သည်။

အပူလှိုင်းဖြတ်ခြင်း

ဥရောပတိုက်ဒေသအများစုတွင် ဩဂုတ်လကုန်ပိုင်းက အပူလှိုင်းဖြတ်ခြင်းဒဏ်ကို ခံစားခဲ့ကြရသည်။ လူ ၁၀ ဦးသေဆုံးပြီး အပူဒဏ်ကြောင့်ဖျားနာခြင်းများခံစားခဲ့ကြရသည်။ အီတလီ၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်နှင့် ဘော်လကန်ကျွန်းဆွယ်နိုင်ငံများတွင် ဒေသခံပြည်သူများအား အဆောက်အအုံအတွင်း၌သာ နေထိုင်ကြရန်နှင့် ရေများများသောက်ကြရန် သတိပေးန်းဆော်မှုများ ပြုလုပ်ခဲ့ရသည်။ တောမီးလောင်ကျွမ်းမှုများလည်း နေရာအတော်များများတွင် ဖြစ်ပေါ်ခဲ့သည်။

ပူပြင်းခြောက်သွေ့ခြင်း

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် တစ်ခုလုံးနီးပါးတွင် ဩဂုတ်လ ၃၀ ရက်က ပူပြင်းခြောက်သွေ့မှုဒဏ်ကို ခံစားခဲ့ရသည်။ သီးနှံစိုက်ခင်းနှင့်



အိန္ဒိယတွင် မိုးခေါင်ခြင်းကြောင့် မြေလွှာပပ်ကြွားအက်များဖြစ်ပေါ်နေပုံ

မွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု စုစုပေါင်းသည် ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံဖိုးခန့်ရှိသဖြင့် ပျက်စီးမှုသည် စံချိန်တင်ကာ မြင့်မားခဲ့သည်။

စက်တင်ဘာလ


ဝင်ရိုးစွန်းရေခဲပြင်များ အရည်ပျော်ခြင်း

အမေရိကန်ပြည်ထောင်စု အာလာစကာပြည်နယ် အနောက်မြောက်ပိုင်းရှိ ပွိုင့်လေး (Point Lay) ကမ်းရိုးတန်းရှိရေခဲပြင်များသည် စက်တင်ဘာလ ၉ ရက်ကမ္ဘာ့စွာလျော့နည်းသွားခဲ့သည်။ ဤဒေသတွင် အစွယ်ရှည်ပင်လယ်ဖျံကြီးများ (Walruses) ကောင်ရေ ၂၀,၀၀၀ ခန့်နေထိုင်ကာ ကမ်းဦးရေတိမ်ပိုင်းတွင် အစာရှာဖွေ စား

သောက်ကြလေ့ရှိရာမှ ရေခဲများပျော်ကျမှုကြောင့် ကမ်းစပ်ဒေသသို့ ပြောင်းရွှေ့လာသည်ကို တွေ့ရသည်။ ထို့ကြောင့် တိရစ္ဆာန်ငယ်လေးများအတွက် အန္တရာယ်ကျရောက်မှု ပြဿနာဖြစ်ပေါ်လာရသည်။ ထိုပင်လယ်ဖျံကြီးတစ်ကောင်သည် တစ်နေ့လျှင် ပေါင် ၁၀၀ ခန့်ရှိသောအစားအစာများကို ရှာဖွေစားသောက်လေ့ရှိသောကြောင့် ပတ်ဝန်းကျင်သက်ရှိလောကအတွက် အန္တရာယ်ကြီးမားလာခြင်းဖြစ်သည်။

အိမ်ခြေ ၃၀၀,၀၀၀ ကျော်ပျက်စီးကာ စိုက်ခင်းစက ၃ သန်းကျော်ဆုံးရှုံးခဲ့ရသည်။

တရုတ်နိုင်ငံတွင် စက်တင်ဘာလအလယ်ပိုင်းမိုးသည်းထန်မှုကြောင့် လူ ၅၇ ဦးသေဆုံးကာ ဒေသတွင်းနေထိုင်သူ ၁၂ ဒသမ ၃ သန်းကျော် (စီရွှမ်၊ ဟူနန်နှင့် ရှန်စီပြည်နယ်များ) ထိခိုက်ခဲ့သည်။ စီရွှမ်ပြည်နယ်အတွက် ၁၈၄၇ ခုနှစ်မှစ၍ ယနေ့အထိ အဆိုးဝါးဆုံးရေကြီးမှုဖြစ်သည်ဟု ဆိုသည်။



ငလျင်လှုပ်စတ်မှုကြောင့် ဆုန်နာမီရေလှိုင်းဖြစ်ပေါ်လာစဉ်

မုတ်သုန်မိုးသည်းထန်ခြင်း

ပါကစ္စတန်နိုင်ငံတောင်ပိုင်း၊ ဆင်းပြည်နယ်တွင် စက်တင်ဘာလအလယ်ပိုင်းက မုတ်သုန်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးခြင်းဖြစ်ပေါ်ခဲ့သည်။ တစ်လနီးပါးရေကြီးမှုကြောင့် လူ ၃၄၇ ဦးခန့်သေဆုံးခဲ့ပြီး လူ ၇ ဒသမ ၅ သန်းခန့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩရိသပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၆၀၀ ထိခိုက်ပျက်စီးခဲ့သည်။ နီးစပ်သော ပြည်နယ် ၅ ခုအတွင်းတွင် လူပေါင်း ၃၃၅ ဦးသေဆုံးသည်အထိ ဖြစ်ပေါ်ခဲ့သည်။

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် မုတ်သုန်မိုးသည်းထန်မှုကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်ခဲ့သည်။ အပူပိုင်းမုန်တိုင်း နော့တင်း (Nock-Ten) ဝင်ရောက်မှုကြောင့် လူပေါင်း ၂၂၄ ဦးသေဆုံးခဲ့ပြီး

တိုက်ဖွန်းမုန်တိုင်း

ဂျပန်နိုင်ငံတိုကျိုမြို့အရှေ့မြောက်ဘက် ဟာမတ်စုမြို့အနီးတွင် စက်တင်ဘာ ၂၁ ရက်၌ တိုက်ဖွန်းမုန်တိုင်း (Roke) ဝင်ရောက်ခဲ့သည်။ မိုးသည်းထန်မှုမှ ရေကြီးခြင်း၊ မြေပြိုခြင်းများဖြစ်ခဲ့ရာ အနည်းဆုံးလူ ၁၆ ဦးသေဆုံးခဲ့သည်။ မတ်လအတွင်းက ပျက်စီးခဲ့ရသော ဖုကူးရိုးမားအကျအမြုစာတိုပေါင်းဖိုရှိရာဒေသကို ဝင်ရောက်နိုင်သော်လည်း ထိခိုက်မှုမရှိခဲ့ပေ။

အောက်တိုဘာလ

မိုးသည်းထန်စွာရွာသွန်းမှု

ကမ္ဘောဒီးယားနိုင်ငံရှိ မဲခေါင်မြစ်ဖြတ်သန်းရာဒေသတွင် အောက်တိုဘာလ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေလျှံမှုဖြစ်ပေါ်ခဲ့သည်။ ပြည်နယ်အချို့ရှိ မြို့ပေါင်း ၁၅ မြို့တွင် ရေလွှမ်းမိုးမှုကြောင့်

လူပေါင်း ၁၄၁ ဦး သေဆုံးခဲ့သည်။ ရေဘေးဒုက္ခသည် ၁၇၃,၀၆၃ ဦးရှိခဲ့ပြီး ဒေသခံ ၁၇,၂၇၃ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး စပါးနှင့် အခြားသီးနှံစိုက်ပျိုးသော မြေဟက်တာ ၈၈,၃၀၀ ကျော် ပျက်စီးခဲ့သည်။

လေမုန်တိုင်း

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် အောက်တိုဘာလ ၂ ရက်က 'နာလ်ဂီမုန်တိုင်း'တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ လူတစ်ဦး သာသေဆုံးပြီး ဒေသခံလူ ထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝှမ်းတွင် အောက်တိုဘာလ ၈ ရက်က လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်ခြင်းနှင့် ရေလွှမ်းမိုးခြင်းများဖြစ်ခဲ့ရာ လူပေါင်း ၁၈ ဦးသေဆုံးခဲ့ပြီး ဒေသခံအိမ်ထောင်စု ၅၀,၀၀၀ ခန့် ရေဘေးဒုက္ခခံစားခဲ့ရသည်။ ကားလမ်းအဆက်အသွယ်များ ပြတ်တောက်ခဲ့သည်။



ဂျပန်နိုင်ငံတွင် ဆူနာမီလှိုင်းများ ဝင်ရောက်လာပုံ

မိုးခေါင်ရေရှားမှု

ဆိုမာလီနိုင်ငံတွင် မိုးခေါင်ရေရှားမှုဒဏ်ကြောင့် အောက်တိုဘာလ ၁၀ ရက်က တစ်နေ့တာအတွင်း ကလေးငယ် ၆၀ အပါအဝင် လူပေါင်း ၉၀ ကျော် ငတ်မွတ်သေဆုံးခဲ့သည်။ နိုင်ငံတောင်ပိုင်းဒေသတွင်လည်း လူပေါင်း ၄၀၀ ကျော် ငတ်မွတ်ပြီး သေဆုံးမည့် အန္တရာယ်နှင့် ရင်ဆိုင်ခဲ့သည်။ ယင်းဘေးဆိုးကြီးသည် ဆိုမာလီ၊ ကင်ညာနှင့် အီသီယိုးပီးယားနိုင်ငံများမှ ပြည်သူပေါင်း ၁၁ ဒသမ ၈ သန်းကျော်ကို ခြိမ်းခြောက်လျက်ရှိခဲ့သည်။ နှစ်ပေါင်း ၆၀ အတွင်း အဆိုးရွားဆုံး အခြေအနေပင် ဖြစ်သည်။

နှင်းမုန်တိုင်း

အမေရိကန်ပြည်ထောင်စုအရှေ့မြောက်ပိုင်း ဒေသအချို့တွင် အောက်တိုဘာလကုန်ပိုင်းက နှင်းမုန်တိုင်းကြောင့် နှင်းများထူထပ်စွာကျရောက်ခဲ့ရာ ပင်ဆယ်ဗေးနီးယား၊ မေရီလင်းနှင့် အနောက်ဗာဂျီးနီးယားပြည်နယ်တို့တွင် လျှပ်စစ်ဓာတ်အားများပြတ်တောက်ခြင်း၊ လေယာဉ်ခရီးစဉ်များ နောင့်နှေးခြင်း၊ ယာဉ်အသွားအလာ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

နိုဝင်ဘာလ

ရေကြီးခြင်း

အာဖရိကတိုက်ရှိ ဂါနာနိုင်ငံ၏မြို့တော်အက်ကာရာတွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ နိုဝင်ဘာလ ၂ ရက်က သေဆုံးသူ ၁၄ ဦးရှိခဲ့ပြီး ပြည်သူ ၄၃,၀၀၀ ကျော် ရေဘေးဒုက္ခကျရောက်ခဲ့သည်။

အီတလီနိုင်ငံမြောက်ပိုင်း ဂျီနိုအာမြို့တွင် နိုဝင်ဘာလ ၄ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကာတာများ ပြိုကျခဲ့သည်။ ယင်းရေလွှမ်းမိုးမှုကြောင့် လူ ၆ ဦး သေဆုံးပြီး လူအချို့ပျောက်ဆုံးခဲ့သည်။ နေအိမ်ရာပေါင်းများစွာနှင့် စီးပွားရေးလုပ်ငန်းများ ရေနစ်မြုပ်ခဲ့ကာ ကားလမ်း၊ ရထားလမ်းများ ပိတ်ထားခဲ့သည်။

ထိုင်းနိုင်ငံ ဗဒန်ကောက်မြို့တော်အပါအဝင် နိုင်ငံအလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ ပြည်နယ် ၂၅ ခုတွင် ရေလွှမ်းမိုးမှုများသည် နိုဝင်ဘာလ ၇ ရက်အထိ ဆက်လက်ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူပေါင်း ၅၀၀ ခန့်ရှိပြီး ရေဘေးဒုက္ခရောက်ရသူပေါင်း ၃ ဒသမ ၂ သန်းခန့် ရှိသည်။ စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံအထိရှိသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗောင်းဒယ်နော့ပြည်နယ်တွင် နိုဝင်ဘာလ ၈ ရက်က မိုးသည်း

ထန်စွာရွာသွန်းပြီး လာဆာမြစ်ရေလျှံကာ သီးနှံစိုက်ခင်းများ ရေနစ်မြုပ်ခဲ့သည်။ ကျေးရွာ ၁၆ ရွာတွင် ရေအနက် ၉ ပေဆထိ နစ်မြုပ်ခဲ့သဖြင့် မိသားစုပေါင်း ၅,၉၈၀ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

လေဆင်နာမောင်း

ကျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာကိုရိုးမား ခရိုင် တိုကူနိုရိုးမားမြို့တွင် နိုဝင်ဘာလ ၁၈ ရက်က လေဆင်နာမောင်းတိုက်ခတ်မှုကြောင့် အိမ်တစ်လုံး ပျက်စီးသွားပြီး လူသုံးဦးသည် မိုတာ ၁၀၀ အကွာ အဝေးသို့ လွင့်ပါသွားပြီး သေဆုံးခဲ့သည်။

လေမုန်တိုင်း

သီရိလင်္ကာနိုင်ငံတောင်ပိုင်း ကမ်းခြေဒေသတွင် လေမုန်တိုင်းတိုက်ခတ်သဖြင့် နိုဝင်ဘာလ ၂၅ ရက်က သေဆုံးသူ ၁၄ ဦးရှိခဲ့ပြီး ပင်လယ်ပြင်ရေလုပ်သား ၃၀ ကျော် ပျောက်ဆုံးခဲ့သည်။ ဒေသခံလူဆယ်ပေါင်း ၆၀၀၀ ကျော် ထိခိုက်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့သည်။

မိုးသည်းထန်ခြင်း

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ခဲ့ရာ နိုဝင်ဘာလ ၂၈ ရက်က လူသုံးဦးသေဆုံးခဲ့ပြီး အိမ်ခြေတစ်သောင်းနီးပါး ရေလွှမ်းခံရသည်။ သီးနှံစိုက်ခင်း ဟက်တာ ၇၀၀ ကျော်ပျက်စီးပြီး အဝေးပြေးလမ်းမကြီးများလည်း ပိတ်ထားခဲ့ရသည်။

ဒီဇင်ဘာလ

ဆီးနှင်းများထူထပ်စွာကျဆင်းခြင်း

တရုတ်နိုင်ငံ နေရာအနှံ့အပြားတွင် ဒီဇင်ဘာလ ၅ ရက်နေ့က ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့မှုကြောင့် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၁၀၀ ခန့်ဖျက်သိမ်းခဲ့သည်။ ယန်စီမြစ်တွင်လည်း ဆီးနှင်းများကျဆင်းနေမှုကြောင့် ရေယာဉ်များ သွားလာရန် အခက်အခဲဖြစ်ခဲ့သည်။ ဟောဘေး၊ ရှန်တုန်၊ အန်ဟွေး၊ ကျီကျင်း၊ ကျန်စီ၊ ပူကျန်နှင့် ဟူနန်ပြည်နယ်များတွင်လည်း ဆီးနှင်းများဆိုးရွားစွာ ကျဆင်းခဲ့သည်။

ပြင်သစ်နိုင်ငံ အဲလ်ပ်စ်တောင်တန်းရှိ ရေခဲလွှာများ၏ လေးပုံတစ်ပုံသည် နှစ် ၄၀ အတွင်း ပျက်စီးပျောက်ကွယ်ခဲ့ကြောင်း သုတေသနပြုချက်များအရ သိရသည်။ ယင်းဖြစ်ရပ်ကို ဆွစ်ဇာလန်၊ ဩစတြီးယား၊ ဆလိုဗေးနီးယား၊ ဂျာမနီ၊ ပြင်သစ်နှင့် အီတလီနိုင်ငံတို့နှင့် ထိစပ်ရာ ဧရိယာများတွင် အများဆုံးတွေ့ရှိသည်။

ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ဒီဇင်ဘာလ ၁၂ ရက်က အပူချိန် ၁၀ ဒီဂရီ ဆဲလ်ဆီးယပ်အောက်အထိ အအေးလှိုင်းများကျရောက်ခဲ့ပြီး ချင်းမိုင်၊ ချင်းရိုင်း၊ ဖီဆန်လော့စ်၊ စီဆာကတ်နှင့် အခြားပြည်နယ်များတွင် ဒေသခံများ အအေးဒဏ်ခံနိုင်ရန် အလှူရှင်များက ခြုံစောင်များပေးလှူခဲ့ကြသည်။

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့မှုကြောင့် ဒီဇင်ဘာလ ၁၃ ရက်က လေဆိပ်ကို ပိတ်ထားခဲ့ရသည်။ ပြန်လည်ဖွင့်လှစ်သည့်တိုင် ခရီးစဉ်ပေါင်း ၂၀ ခန့် စောင့်ဆိုင်းခဲ့ရသည်။

ရေလွှမ်းမိုးမှုများ

ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ်တောင်ပိုင်း ရိုမာမြို့တွင် ဒီဇင်ဘာလ ၈ ရက်က မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ ရေအနက် ၆ မီတာအထိရှိခဲ့သဖြင့် ယင်းပြည်နယ်မြောက်ပိုင်းရှိ ရစ်မွန်မြို့တွင်လည်း ဒေသခံလူ ၃၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဒီဇင်ဘာလ ၂၄ ရက်က အပူပိုင်းမုန်တိုင်း ဝါရှိတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ လူ ၁၀၀၀ ကျော်သေဆုံးခဲ့ပြီး လူ ၁၀၀၀ ခန့်လည်း ပျောက်ဆုံးခဲ့သည်။ ကာဂါယန်ရိုကိုမြို့ ခရစ်ယာန်ဘာသာဝင်များသည် ခိုလှုံရေးစခန်းများတွင် ရောက်ရှိနေပြီး ခရစ္စမတ်ပွဲတော်ကို ခွဲပျော်နိုင်ခြင်းမရှိခဲ့ပေ။

ဒေါက်တာအေးမြင့်

စာဆိုရာဘင်ဒြာနတ်တဂိုး၊ မြန်မာနိုင်ငံနှင့် မြန်မာစာပေ

ရာဘင်ဒြာနတ်တဂိုး၏အမည်ကို ၎င်း၏ နိုဗယ်ဆုရ ဂီတဥလိစာအုပ်နှင့် တွဲစပ်၍ သိမြင်ခဲ့ကြသည်။ ပုံနှိပ်နိုကေတန်ကျောင်းကို နောက်ခံထား၍ ပုံရိပ်ဖော်ဆောင်ကြသည်။ မိမိတိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးသော၊ ပီပီအမျိုးသားစာပေကို မမှိန်ဝါး မကွယ်ပျောက်စေလိုသော နူးညံ့သိမ်မွေ့သည့် နှလုံးသားရှိသော ကဝိစာဆိုတစ်ဦးအဖြစ် ပေါ်လွင်ထင်ရှားခဲ့သူဖြစ်သည်။

တဂိုး၏စာပေဩဇာသည် ကမ္ဘာ့အရှေ့ အနောက်သို့တိုင်အောင် ပျံ့နှံ့ရောက်ရှိခဲ့သည်။ တဂိုး၏ ဂျုန်တိနိကေတန်ကျောင်းကို နည်းပိုး၍ ပညာသင်ကြား ရေးစနစ်ကို ပြုပြင်ရန်အားထုတ်ကြိုးပမ်းမှုများလည်း ရှိခဲ့ကြသည်။ တဂိုး၏ကဗျာများကိုမှီး၍ စာဖတ်သူ၊ ခံစားသူ၏ရင်တွင်းသို့ သာယာချိုအေးသော ရသတို့ ထုံမွမ်းစေရေး အားထုတ်ကြိုးပမ်းရေးဖွဲ့ခဲ့ကြသည်။ တချို့က တဂိုး၏ကဗျာကို ဘာသာပြန်ဆိုရန် အားထုတ်ခဲ့ကြသည်။ မူလရသနှင့် နီးစပ်နိုင်သမျှ နီးကပ်အောင် ချဉ်းကပ်ကြသည်။ ယဉ်ကျေးမှုချင်း ပေါင်းကူးနိုင်အောင် လုံ့လပြုခဲ့ကြသည်။ ထိုအထဲတွင် တဂိုးရှင်သန်ရာ အိန္ဒိယနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။ တဂိုး၏စာပေကြောင့် သူ၏နှလုံးသားကို မြတ်နိုးကြသည်။ စွမ်းဆောင်ချက်များကြောင့် သူ၏ကိုယ်ကျင့်တရားကို တန်ဖိုးထားကြသည်။ နိဘယ်လ်ဆုရှင် ရာဘင်ဒြာနတ်တဂိုး မြန်မာ့မြေပေါ်ခြေချခဲ့စဉ်ကလည်း ဝမ်းမြောက်လှိုက်လှဲစွာ ကြိုဆိုခဲ့သည့် အတိတ်ကာလများသည်ပင် ရှိခဲ့သည်။

စာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုး (၁၈၆၁–၁၉၄၁)သည် ၁၉၁၃ ခုနှစ်တွင် အာရှတိုက်သား စာရေးဆရာများအနက် စာပေဆိုင်ရာနိုဘယ်လ်ဆု (Nobel Prize for Literature) ကို ပထမဆုံးရရှိခဲ့သူဖြစ်သည်။

၁၈၆၁ ခုနှစ် မေလ ၇ ရက်နေ့တွင် ရာဘင်ဒြာနတ်တဂိုးကို ကြွယ်ဝချမ်းသာသော ပညာတတ်အထက်တန်းလွှာမိဘများက ကလကတ္တား(ကိုးလ်ကတ္တား)မြို့ ဂျိုရာဆန်ကို (Jorasanko) အရပ်တွင် မွေးဖွားသည်။

တဂိုးသည် ၁၉၁၆ ခုနှစ်တွင်မှ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ခြေချဖူးသော်လည်း ဘင်္ဂါလီ၊ အင်္ဂလိပ် ဘာသာများဖြင့် ၎င်းရေးသားသည့် စာများကား နှစ် (၂၀) ခန့်စောလျက် မြန်မာစာဖတ်ပရိသတ်အချို့ထံ ရောက်ရှိနှင့်ပြီး ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ် ဝန်းကျင်များမှစ၍ တဂိုး၏စာများကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားထုတ်ဝေခဲ့သည်။ ၁၉၄၁ ခုနှစ် သြဂုတ်လ ၇ ရက်နေ့တွင် တဂိုးကွယ်လွန်ခဲ့သည်။ ယခုအခါ တဂိုးကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၇၁ နှစ် ကျော်ရှိလာပြီဖြစ်သော်လည်း မျက်မှောက်ကာလထိတိုင် တဂိုး၏စာပေလက်ရာများကို မြန်မာစာဖတ် ပရိသတ်က နှစ်ခြိုက်စွာဖတ်ရှုနေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၁၂ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ နေထိုင်ခဲ့ပြီး အိုင်စီအက်(စ်) (အိန္ဒိယပဋိညာဉ်ခံအရာရှိ) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ၊ နောက်ပိုင်းတွင် ရန်ကုန်ဒီစတြိတ်ရာဇဝတ်တရားသူကြီး (Deputy Commissioner and District Magistrate for Rangoon) အဖြစ်လုပ်ကိုင်ခဲ့ပြီး ခရိုင်တရားရုံး၏ ဒုတိယကော်မရှင်နာမင်းကြီးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်းခံရသည့် ဗြိတိသျှစာရေးဆရာ မောရစ်ကောလစ် (၁၈၈၉–၁၉၇၃) ၏ အောက်ပါရေးသားချက်အရ ရန်ကုန်မြို့သည် ထိုအချိန်က နိုင်ငံခြားကုလားမြို့တစ်မြို့အသွင်ဆောင်လျက်ရှိကြောင်း သိရှိနိုင်သည်။

"ရန်ကုန်တွင် ကျွန်တော်နေထိုင်ရစဉ် ဗမာတချို့နှင့် ဆုံတွေ့ရပြီး သူတို့နေထိုင်ရာ ရန်ကုန်မြို့တော်တွင် ကြုံတွေ့ခံစားနေရသည့် မနှစ်မြို့ဖွယ်အခြေအနေကို နားလည်လာသည်။ ဤကား ရန်ကုန်သည် မြန်မာမြို့မဟုတ်ဘဲ ကုလားမြို့ဖြစ်နေ၏။ ရန်ကုန်တွင် အလုပ်

သမားများမှာ ကုလားများ ဖြစ်နေသကဲ့သို့ လူလတ်တန်းစားများလည်း ကုလားများပင် ဖြစ်နေကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးပြီးနောက် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် ကျရောက်သည်မှစ၍ မြန်မာနိုင်ငံရောက် အိန္ဒိယလူမျိုးများကို ဥပဒေရှုထောင့်အရ မြန်မာနိုင်ငံရှိ နိုင်ငံခြားသားများဟု မဆိုနိုင်တော့ပေ။ သို့သော် မြန်မာတို့ ရှုထောင့်အရမူ အိန္ဒိယလူမျိုးများ အလုံးအရင်းနှင့် ရောက်လာခြင်းနှင့် နေရာတကာအိန္ဒိယလူမျိုးများ လွှမ်းမိုးနေခြင်းက မြန်မာတို့အား ခြောက်လှန့်နေသည့် ကိစ္စတစ်ရပ်ဖြစ်နေပေသည်။ ထိုသို့ပညာသင်ကြားနိုင်ခဲ့ခြင်း ဖြစ်သည်။ ၁၈ နှစ်သားအရွယ် ရာဘင်ခြာနတ်တဂိုးအား ချမ်းသာကြွယ်ဝသော ဖခင်ဖြစ်သူက လန်ဒန်သို့စေလွှတ်ပြီး ပညာသင်ကြားစေခဲ့၏။ တဂိုးက လန်ဒန်တွင် တစ်နှစ်မျှ နေထိုင်ခဲ့စဉ် သူငယ်ချင်းမိတ်ဆွေများစွာ ရရှိခဲ့သော်လည်း ကျောင်းသင်ပညာရေးစနစ်ကို ကျဉ်းကျပ်သည်ဟု ခံယူထားသူဖြစ်၍ မည်သည့်ဘွဲ့ကိုမျှ မရရှိခဲ့ပေ။ ထို့နောက် အင်္ဂလန်သို့ နောက်တစ်ဖန် ပြန်လာပြီး ဥရောပနိုင်ငံများသို့ အကြိမ်ကြိမ်သွားရောက်လည်ပတ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အသက် ၂၀ အရွယ် ခန့်ကစ၍ တဂိုးသည်



စာဆိုရာဘင်ခြာနတ်တဂိုးနှင့် မဟတ္တမဂန္ဒီ

အိန္ဒိယလူမျိုးများပြားစွာ မြန်မာပြည်သို့ဝင်ရောက်လာခြင်းကို မြန်မာတို့က အထိတ်တလန့်စောင့်ကြည့်လျက်ရှိပြီး တစ်ချိန်ချိန်တွင် မြန်မာတို့လက်တွင်းပြန်လည်အာဏာရလာပါက အိန္ဒိယသားတို့ကို ထိန်းသိမ်းချုပ်ကိုင်ရန်လည်း ဆန္ဒရှိနေကြသည်။"

အဆိုးထဲမှအကောင်းရှာရလျှင် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံစလုံး အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီဘဝရောက်ရှိခဲ့စဉ်က ထူးချွန်ထက်မြက်သည့် မြန်မာနှင့် အိန္ဒိယနိုင်ငံသားအချို့သည် အင်္ဂလန်သို့သွားရောက် စာစတင်ရေးသားလာကာ မေးမှိန်ပျောက်ကွယ်စပြုနေသည့် ဘင်္ဂါလီစာပေကို မြှင့်တင်ပေးပြီး စာဖတ်ပရိသတ်ရှေ့မှောက်သို့ ပြန်ရောက်လာစေရန် ဦးဆောင်ဦးရွက်ပြုခဲ့သည်။


တဂိုး၏ ပထမအကြိမ် မြန်မာနိုင်ငံခရီးစဉ်(၁၈၁၆)

စာရေးဆရာတစ်ယောက်အဖြစ် အသက် ၂၀ ကျော်ကပင် ကျော်ကြားလာပြီး အင်္ဂလိပ်ဘာသာဖြင့် ကွီတန်ဂင် ကို ရေးသားထုတ်ဝေပြီးသောအခါ ကမ္ဘာကျော်

စာပေဆိုင်ရာနိဘယ်လ်ဆုကို အသက် ၅၂ နှစ်အရွယ် ၁၉၁၃ ခုနှစ်၌ ဆွတ်ခူးရရှိခဲ့သည်။ အသက် ၅၅ နှစ်တွင် ဒေသန္တရ ဗဟုသုတလေ့လာရှာမှီးရန်နှင့် အမျိုးသားရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ ပုဂ္ဂလိက လွတ်လပ်ခွင့်ဆိုင်ရာ အတွေးအမြင်များကို အရှေ့အာရှတိုက်သို့ ဖြန့်ဖြူးရန် ရည်ရွယ်လျက် ဂျပန်နိုင်ငံကိုအသွား အရှေ့တိုင်းနိုင်ငံ အချို့သို့ ခြေဆန့်ရန် တဂိုးဆုံးဖြတ်ခဲ့သည်။

ထိုအချိန်က နိုင်ငံရပ်ခြားများသို့ ခရီးရှည်သွားရာတွင် ပင်လယ်ကို ဖြတ်လျက် ရေကြောင်းခရီးဖြင့် သွားကြရသောကြောင့် ရန်ကုန်တွင် ခရီးတစ်ထောက် နားရသည်။ ရန်ကုန်ကား တဂိုး၏ ဇာတိမြို့တော်ကလကတ္တားမှ အရှေ့တောင်ဘက်သို့ ထွက်ခွာလာသည့် သဘော်များ ပထမဦးဆုံးဆိုက်ကပ်ရမည့် ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ ၁၉၁၆ ခုနှစ် မေလ ၃ ရက်နေ့တွင် တဂိုးနှင့် သူငယ်ချင်းသုံးယောက် ပင်လယ်ကူးသဘော်စီးလျက် အတူတကွ ခရီးထွက်ခဲ့ကြသည်။ တဂိုးနှင့်အတူ ပါလာသူများမှာ ဝီလျံဒဗလျူ ပီယာဆင် (William. W. Pearson)၊ စီ အက်(ဖ်) အင်ဒရူး(စ်) (C.F.Andrews) နှင့် ဖူးပွင့်စ ပန်းချီဆရာ မုကုလ်ဒီ (Mukul Dey) တို့ဖြစ်ကြသည်။ တဂိုးနှင့် သူငယ်ချင်းများ၏ ဦးတည်ရာခရီးမှာ ဂျပန်နိုင်ငံဖြစ်သည့်အတွက် ဂျပန်သဘော်အက်(စ်) အက်(စ်) တိုဆာမာရူ (S.S.Tosa Maru) ပေါ်တွင် စီးနင်းလိုက်ပါလာကြသည်။ သဘော် ထွက်ခွာလာပြီး ၂ ရက်ခန့်အကြာ ဘင်္ဂလားပင်လယ်အော်ကို ဖြတ်လာပြီးနောက် ပထမဆုံး တွေ့ရသည့်မြေသည် မြန်မာနိုင်ငံဖြစ်သည်။ တဂိုး၏ စိတ်ကူးအာရုံတွင် ပုံဖော်တွေးမြင်မှုမှ ပထမဆုံး ပေါ်လာသည်မှာ ပြန့်ပြူးပြေလွင်ပြီး မြေဆီသြဇာကောင်းသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ထိုနေရာတွင် လုပ်ကိုင်နေကြသည့် အိန္ဒိယသားအလုပ်သမားများဖြစ်ကြသည်။ အလုပ်သမားအများစုမှာ ဘင်္ဂါလီလူမျိုးများ ဖြစ်ကြသည်။ ၁၉၁၆ ခုနှစ် မေလ ၅ ရက်နေ့တွင် ရန်ကုန်မြစ် တစ်လျှောက် မိုင် ၂၀ ခန့် မြောက်ဘက်သို့ ခုတ်မောင်းလာပြီး ညနေဘက်၌ တဂိုးတို့အဖွဲ့ ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ကြသည်။ တဂိုးဦးစွာတွေ့လိုက်ရသည့် မြင်ကွင်းများမှာ လူသူဆူညံ ပျားပန်းခပ်သွားလာနေကြသည့် ရန်ကုန်ဆိပ်ကမ်း၊ ခုံညားထည်ဝါသည့် ကိုလိုနီခေတ်အဆောက်အအုံကြီးများဖြစ်သည့် အကောက်ခွန်ရုံး၊ ဆိပ်ကမ်းကော်မရှင်နာရုံး၊ ကြီးမားလှသည့် ရန်ကုန်စာတိုက်ကြီးတို့အပြင် စထရင်းလမ်းမကြီး (ယခု ကမ်းနားလမ်း)၊ ဆိပ်ခံဘောတံတားများနှင့် ဆာကီအာမီနီယန်ညီနောင် (Sarkies Armenian Brothers) တို့ ဆောက်လုပ်ခဲ့သော တင့်တယ်ခမ်းနားပြီး အဖြူရောင်တောက်နေသည့် စထရင်းဟိုတယ်တို့ ဖြစ်ကြသည်။ ဗြိတိသျှကိုလိုနီ ဆိပ်ကမ်းမြို့၏ နှစ်ထပ်၊ သုံးထပ်မြင့်သည့် ကုန်သွယ်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံများနှင့် တင့်တယ်သော ရန်ကုန်ဆိပ်ကမ်းသို့ သဘော်ဆိုက်ကပ်ပြီးနောက် ရွှေတိုဂုံစေတီတော်ကြီးကို ဖူးတွေ့လိုက်ရသည်။ နောက်တစ်နေ့တွင် တဂိုးသည် ရွှေတိုဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုသည်။ ကာလကြာမြင့်စွာ တောင့်တခဲ့သည့် ရွှေတိုဂုံစေတီတော်ကြီးကို ဖူးမြော်ခွင့်ရချိန်တွင် စိတ်အေးချမ်းငြိမ်သက်မှုကို ခံစားခဲ့ရကြောင်း တဂိုးရေးသားခဲ့သည်။ မြန်မာပြည် အလှနှင့်အေးချမ်းမှုကို ရွှေတိုဂုံဘုရားပေါ်ရောက်ရှိ ဖူးမြော်ရမှသာ တဂိုးအမှန်တကယ်သိရသည်ဟု ရေးသားခဲ့သည်။

ထိုအချိန်အခါက ရန်ကုန်မြို့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်မှု ဗဟိုဌာနအဖြစ် တွေ့ရသဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများကို သိရှိစူးစမ်းလိုသည့် တဂိုးအဖို့ ရန်ကုန်မြို့ကို ဘဝင်မကျနိုင်ပေ။ သီပေါဘုရင်နန်းကျပြီး မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသော်လည်း တဂိုးလာရောက်သည့် ၁၉၁၆ ခုနှစ်တိုင် တစ်ချိန်က မင်းနေပြည်တော် ဖြစ်ခဲ့သည့် မန္တလေးမြို့သည် ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ထွန်းကားသည့်မြို့၊ ရှေးမြန်မာ့လက်မှုပညာအရပ်ရပ်၊ အနုပညာ၊ သဘင်ပညာ၊ ရွှေ၊ ငွေ၊ ကြေး၊ သစ်၊ ကျောက်တို့အား အမျိုးမျိုးအဖုံဖုံ ထွင်းထုနိုင်သည့် လက်မှုပညာ၊ ရက်ကန်းပညာစသဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပေါင်းစုံရှင်သန်နေဆဲမြို့ ဖြစ်သည်။ စင်စစ် မန္တလေးမြို့သို့ တဂိုးသွားရောက်လေ့လာသင့်သော်လည်း ဖွံ့ဖြိုးတိုးတက်နေသည့် ဂျပန်နိုင်ငံကဲ့သို့ အာရှနိုင်ငံခရီးကို ဦးတည်လာခြင်းဖြစ်သောကြောင့် မန္တလေးမြို့သို့ သွားရောက်ရန် အချိန်မရှိခဲ့ပေ။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများအား မြင်တွေ့



၁၉၂၄ ခုနှစ် ရန်ကုန်မြို့ ကုန်သည်လမ်း GUARDIAN HOUSE တွင် တကိုးတည်းခိုသွားသည့် အမှတ်တရကျောက်စာ

နိုင်သည့် မန္တလေး၊ ပုဂံ၊ အင်းဝ စသည့် ရှေးဟောင်းမြို့တော်များသို့ တကိုးမသွားရောက်နိုင်ခဲ့ပေ။ တကိုး၏ အမြင်တွင် ရန်ကုန်မြို့၏ ရေမြေသဘာဝအလှသည် ပင်ကို သဘာဝအရ လှစ်ဟခွင့်မရဘဲ ဗြိတိသျှနယ်ချဲ့တို့၏ ဖန်တီးဖော်ဆောင်မှုများက ရန်ကုန်မြို့၏ အလှကို စက်ရုံမီးခိုးငွေ့များအောက်တွင် ပိတ်ဆို့ဖျက်ဆီးနေကြသည်ဟု ရေးသားမှတ်ချက်ချခဲ့သည်။

မြင့်မြတ်သည့် သိဂုတ္တရကုန်းမြေမြင့်ပေါ်ရှိ ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်သပ္ပာယ်လှသော ရွှေတိဂုံစေတီတော်မြတ်ကြီးကိုမူ တကိုးသွားရောက်ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။ ရွှေတိဂုံသည် ဗုဒ္ဓဘာသာဝင် မြန်မာတို့၏ ယုံကြည်မှုနှင့်ယဉ်ကျေးမှုပြယုဂ် သင်္ကေတလည်း ဖြစ်သည်။ ၁၉၁၆ ခုနှစ် မေလ ၈ ရက် တနလ်ာနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ကို တကိုးဖူးမြော်ရပြီး နှစ်ထောင်းအား၇ လွန်စွာဖြစ်ရသည်ဟု ဆိုသည်။ မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် ရက်ရှည်လာရောက်လိုသည့်ဆန္ဒ၊ အေးချမ်းငြိမ်သက်သည့် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများကို သွားရောက်လေ့လာလိုသည်နှင့်အမျှ မြန်မာတို့၏ယဉ်ကျေးမှုကိုးကွယ်ယုံကြည်မှုနှင့် နေ့စဉ်လူမှုဘဝများအား လေ့လာလိုသည့်ဆန္ဒ တကိုးတွင်ရှိသည်။ မြန်မာတို့ သက်ဝင်ယုံကြည်နေသည့် ဗုဒ္ဓဘာသာသည် အိန္ဒိယယဉ်ကျေးမှုကိုအခြေခံလျက် အိန္ဒိယနိုင်ငံတွင် စတင်ထွန်းကားခဲ့သည့် သာသနာဝင်ဖြစ်သဖြင့် အိန္ဒိယအမိမြေပေါ်တွင် ဗုဒ္ဓယဉ်ကျေးမှုအား တဖန်ပြန်လည်ဖြစ်ထွန်းစေလိုသည့်ဆန္ဒတကိုးတွင်ရှိသည်။

စာပေများရေးသားခြင်း၊ ဟောပြောဝို့ချခြင်း၊ ပညာသင်ကြားပေးခြင်း စသည့်အလုပ်များဖြင့် အလုပ်များလှသည့် တကိုးသည် မိမိ၏အရှေ့တိုင်းခရီးစဉ်များအတွင်း ရန်ကုန်မြို့သို့ ခေတ္တခဏခရီးတစ်ထောက် ဝင်ရောက် နားခွင့်မှအပ မိမိမျှော်လင့်ခဲ့သလို ကာလရက်ရှည် ထပ်မံလာရောက်လည်ပတ်လေ့လာနိုင်ခြင်း မရှိခဲ့ပေ။

တကိုးအတွက် ပထမအကြိမ်မြန်မာပြည် ခရီးစဉ်၌ အမှတ်ထင်ထင်ဖြစ်ရသည်မှာ ဗြိတိသျှကိုလိုနီလက်အောက်ခံဖြစ်နေသည့် ရန်ကုန်မြို့ရှိ ဂျူဗလီခန်းမကြီး၌ သူ့အား ဂုဏ်ပြုစည်းခံပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပပေးခြင်းပင် ဖြစ်သည်။ စည်းခံပွဲ ကျင်းပပေးသည့်နေ့သည် အသက် ၅၅ နှစ်မြောက် မွေးနေ့နှင့် တိုက်ဆိုင်နေသည်။ တကိုးအတွက် စည်းခံပွဲကို မွေးနေ့ပြီးနောက် တစ်ရက် ၁၉၁၆ ခုနှစ် မေလ ၈ ရက် တနလ်ာနေ့ညဦးပိုင်းတွင် ကျင်းပပေးခဲ့သည်။

တကိုးဂုဏ်ပြုကြိုဆိုရေးအတွက် ဦးစီးဦးဆောင်ပြုပေးခဲ့သူမှာ ဆာအဗ္ဒုရမ်ကာဂျာမားလ် (Sir Abdul Karim Jamal) ဖြစ်ပြီး မြန်မာနိုင်ငံရှိ အိန္ဒိယနိုင်ငံသားများအသင်း၏ ခေါင်းဆောင်လည်းဖြစ်သည်။ ဘင်္ဂါလီအသင်း၏ ကြိုဆိုနှုတ်ခွန်းဆက်စကားကို ရှေ့နေကြီး နီမာလ်ချန်ဒရီဆန် (Nirmal Chandro Sen) က ဖတ်ကြားခဲ့ပြီး မြန်မာများကိုယ်စား နှုတ်ခွန်းဆက်စကားကို ရှေ့နေဦးဘသိန်းက ပြောကြားခဲ့သည်။ ဘင်္ဂါလီဘာသာဖြင့် နှုတ်ခွန်းဆက်စကားကို ရှရတ်ချန်ဒရာ ချတ်တာဂျီက ရေးသားပေးခဲ့ခြင်း ဖြစ်သည်။ ရှရတ်သည် ဘင်္ဂါလီဘာသာဖြင့်ရေးသော နာမည်ကြီး

စာရေးဆရာကြီးမဖြစ်မီက ရန်ကုန်မြို့ရှိ အော်ဂျီ(Auditor General) စာရင်းစစ်မင်းကြီးရုံးတွင် စာရေးတစ်ဦးအဖြစ် ငယ်စဉ်က အသက်မွေးဝမ်းကျောင်းခဲ့သူဖြစ်သည်။ ထို့နောက် မိမိမွေးရပ်မြေ ဘင်္ဂေါသို့ပြန်ပြီး နာမည်ကျော် ဘင်္ဂါလီစာရေးဆရာကြီး ဖြစ်လာသည်။ ရန်ကုန်မြို့တွင် အလုပ်လုပ်စဉ် စာစရေးခဲ့ခြင်း ဖြစ်သည်။

ထိုစည်းခံပွဲတွင် တကိုးကသူ၏ သူငယ်ချင်း အင်္ဂလိပ်လူမျိုး ဝိလီယံဒဗလျူ ပီရာဆင်အား ရည်စူး၍ လောလောလတ်လတ် ရေးသားပြီးစီးသည့် ဘာလာကာ (*Balaka*) ပြဇာတ်စာမူကို ဆက်သခဲ့သည်။ ပီရာဆင်သည် တစ်ချိန်က တကိုး၏အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့ဖူးပြီး ထိုပထမအကြိမ် ရန်ကုန်မြို့သို့ လာရောက်စဉ် အတူပါလာသည်။ ထိုကာလက အင်္ဂလန်တွင်ထုတ်ဝေခဲ့သည့် မန်ချက်စတာဂါဒီးယန်း သတင်းစာ (*The Manchester Guardian*)၌ မစွတာပီရာဆင်အား အိန္ဒိယလူမျိုးများ၏ အချစ်ခင်ဆုံးခံရသော အင်္ဂလိပ်တစ်ယောက်အဖြစ်ဖော်ပြရေးသားခဲ့ဖူးသည်။

မြန်မာနိုင်ငံသို့ တကိုး နှစ်ကြိမ်အလည်အပတ် လာရောက်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်တွင်းထုတ် မြန်မာမဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်များ၌ မှားယွင်းစွာ ဖော်ပြမှုများ၊ အချက်အလက် ကွဲလွဲမှုများ တွေ့ရှိရသည်။ ၁၉၂၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တတိယအကြိမ်မြောက် တကိုးလာရောက်ခဲ့ခြင်းအား မြန်မာစာရေးဆရာများ သိရှိပုံမပေါ်ပေ။ မြန်မာနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂါဒီးယန်းမဂ္ဂဇင်း (*The Guardian Magazine*)၌ မြန်မာနိုင်ငံတကိုးအသင်း၏ ဥက္ကဋ္ဌ ဦးခန့်က တကိုး ပထမဆုံးအကြိမ် ရန်ကုန်မြို့သို့ လာရောက်စဉ်က တကိုးအား ကြိုဆိုစည်းခံပွဲကို ဆူးလေဘုရားလမ်းရှိ ဝိတိုရိယခန်းမ (Victoria Hall) ၌ ကျင်းပသည်ဟု မှားယွင်းစွာ ဖော်ပြခဲ့သည်။

ပထမအကြိမ် တကိုးလာရောက်မှုကို သိရှိသည့် မြန်မာနည်းပါးလှပြီး မြန်မာတစ်ယောက်စ နှစ်ယောက်စ သည်သာ ပုဂ္ဂိုလ်ရေးအရ တကိုးနှင့်တွေ့ဆုံခဲ့ကြရသည်။ ထိုစဉ်က လူဖတ်များသော နာမည်ကြီးသည့် သူရိယ သတင်းစာသည်ပင် ၁၉၁၆ ခုနှစ် မေလ ၈ ရက်နေ့က ကျင်းပသည့် တကိုးဂုဏ်ပြုပွဲကို နောက်နေ့တွင် ဖော်ပြနိုင်ခြင်းမရှိဘဲ မေလ ၁၁ ရက်နေ့ထုတ် သတင်းစာအတွင်းစာမျက်နှာ ၁၄ ၌ ကော်လံနှစ်လက်မခန့်သာ ရေးသားဖော်ပြခဲ့သည်ကို တွေ့ရသည်။

တကိုး၏ပထမအကြိမ် ခရီးစဉ်တွင် မြန်မာတစ်ယောက်နှင့်မျှ တွေ့ဆုံခွင့်မရခြင်း၊ မြန်မာလက်ဆောင်လေးတစ်ခုမျှ လက်ခံရခြင်းမရှိသည့်အတွက် စိတ်ပျက်မိကြောင်း သမိုးချွေးမထံသို့ သဘော်ပေါ်မှနေ၍ တကိုးစာရေးသားခဲ့စေကာမူ မြန်မာတို့အပေါ် လေ့လာကြားသိခဲ့ရမှုများက ကာလကြာရှည် စွဲမြဲနေသည်။ မြန်မာတို့နှင့်ပတ်သက်၍ ချီးမွမ်းဖွယ် အရည်အသွေးသုံးရပ်ကို တွေ့မြင်ခဲ့ကြောင်း တကိုးကဖော်ထုတ်ရေးသားခဲ့သည်။ ယင်းတို့မှာ


(၁) ထေရဝါဒဗုဒ္ဓဘာသာအား သက်ဝင်ယုံကြည်သူများပီပီ သည်းခံနိုင်စွမ်းရှိပြီး ငြိမ်သက်အေးချမ်းစွာ နေထိုင်ကြသူများ ဖြစ်ကြသည်။

(၂) ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများသည် တစ်ဦးချင်း၏ ကိုယ်ပိုင်လွတ်လပ်မှုရှိကြသဖြင့် အလုပ်အကိုင်မျိုးစုံ၌ ပါဝင်လုပ်ကိုင်နေကြသည်။ တောက်ပသည့်ပိုးထည် ထဘီများ ဝတ်ဆင်လျက် ခိုင်မာစွာရပ်တည်လုပ်ကိုင်နေကြသည့် မြန်မာအမျိုးသမီးများသည် ဂုဏ်ကျက်သရေရှိပြီး ရောင်စုံပန်းပွင့်လေးများသဖွယ် ခင်မင်စရာ တွေ့မြင်ခဲ့ရသည်။

(၃) ဗုဒ္ဓဘာသာတွင် အစွန်းရောက်ပြဋ္ဌာန်းချက်များ မရှိခြင်းကြောင့် အသားစားမှုကို အတင်းအကျပ် ရောင်ကြဉ်ခိုင်းခြင်းမျိုးမရှိပေ။ ဗုဒ္ဓဘာသာ၏တရားကိုယ်မှာ လွတ်လပ်စွာ တွေးတောလက်ခံခွင့်ပြုထားခြင်းကြောင့် မြန်မာတို့သည် သည်းခံနိုင်စွမ်းရှိကြသည်။ ထို့ပြင် အတင်းအကျပ် လိုက်နာစေခြင်းကြောင့် ကောင်းကျိုးရလဒ်တစ်စုံတစ်ရာ မဖြစ်ထွန်းစေနိုင်ကြောင်း ဗုဒ္ဓဟောကြားခဲ့သည့် ကာလာမသုတ်အား လက်ခံယုံကြည်ထားကြသူများ ဖြစ်ကြသည်ကို တကိုးစိတ်တွင် စွဲလမ်းနေသည်။

မြန်မာများကလည်း တဂိုး၏ ပထမဆုံးအကြိမ် မြန်မာနိုင်ငံခရီးစဉ်ကို သိရှိသူ၊ တဂိုးနှင့် တွေ့ဆုံခွင့်ရှိသူတစ်ယောက်စ၊ နှစ်ယောက်စ မျှသာရှိသော်လည်း နောက်ပိုင်းတွင် တဂိုး၏စာများကို ဖတ်ရှုလေ့လာကြသဖြင့် တဂိုးအား သူ၏စာများမှတစ်ဆင့် မြန်မာတို့က ရင်းနှီးကျွမ်းဝင်နေခဲ့သည်။ တဂိုးမြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ချိန်ကား ကမ္ဘာတွင် ပထမကမ္ဘာစစ်မီးတောက်လောင်နေချိန်ဖြစ်သည်။ ဥရောပတိုက်ကို ပထမကမ္ဘာစစ်မီးက ဝိုင်းပတ်ထားခြင်း ခံနေရချိန် အရှေ့

တဂိုးသည် ရွှေတိဂုံစေတီတော်ကြီးအား သွားရောက်ဖူးမြော်စဉ် လိုက်ပါရှင်းပြသူမှာ ထိုခေတ်က နာမည်ကြီးရှေ့နေ ကင်းဘရစ်တက္ကသိုလ်ကျောင်းထွက် ခေတ်ပညာတတ် ရခိုင်အမျိုးသား ဦးမေအောင် ဖြစ်သည်ဟု မြန်မာစာရေးဆရာများက ရေးသားထားသည်။ ဗုဒ္ဓဘာသာအရေးကိစ္စများတွင် ဦးမေအောင်သည် ပိုင်ပိုင်နိုင်နိုင်ရှင်းပြနိုင်သူ ဖြစ်သည်။ နောက်ပိုင်းတွင် ကင်းဘရစ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဥပဒေဘွဲ့ကို ရရှိခဲ့ပြီးနောက် ပြည်ထဲရေးဌာနမှ၌ မြန်မာနိုင်ငံ ဥပဒေပြုရေးကောင်စီတွင် အမှဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည်။ ဦးမေအောင်၏ ဗုဒ္ဓဘာသာတရားအကြောင်း ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြချက်များကို တဂိုးသည်လွန်စွာလေးစား နှစ်သက်ခဲ့သည်။ ဦးမေအောင်က ဗုဒ္ဓဘာသာ၏ တရားကိုယ်မှာ လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့် ပေးထားခြင်းဖြစ်သောကြောင့် မြန်မာတို့သည် ဘာသာရေးဌာသာမက အခြားအရေးကိစ္စမျိုးစုံကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြကြောင်း၊ အစားအသောက်ကိုလည်း မိမိကြိုက်နှစ်သက်ရာ စားသောက်နိုင်ခွင့်ရှိကြောင်း၊ ဗုဒ္ဓက ကောင်းမှု၊ မကောင်းမှုတို့ကိုသာ ခွဲခြားယှဉ်ပြပေါကြား လမ်းညွှန်ပေးသော်လည်း လိုက်နာကျင့်သုံးမည်၊ မကျင့်သုံးမည်မှာ ဗုဒ္ဓဘာသာဝင်တို့က မိမိဆန္ဒအရ ဆုံးဖြတ်လိုက်နာနိုင်ကြကြောင်း ရှင်းလင်းပြောပြခဲ့သည်ဟု ဆရာပါရဂူ၏ဆောင်းပါးတွင် ရေးသားထားသည်။



၁၉၁၆ ဇနီဝရီ တဂိုး မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ရောက်စဉ်က မိတ်ဆွေများနှင့်အမှတ်တရ

တိုင်းမှကျပန်ကဲ့သို့ပင် ဥရောပမှ ကျာမနီနိုင်ငံက အစွန်းရောက် အမျိုးသားရေးဝါဒကို ရှေ့တန်းတင်နေချိန်လည်း ဖြစ်သည်။ ထိုအချိန်ကပင် တဂိုးသည် စစ်ဝါဒီများနှင့် အစွန်းရောက်အမျိုးသားရေးဝါဒများမှာ အဆုံးတစ်နေ့၌ အုံကြွပေါက်ကွဲမှုနှင့် သေကြေပျက်စီးမှုဖြင့်သာ အဆုံးသတ်ရစမြဲဟု ကြိုတင်မြော်မြင်ခဲ့သူ ဖြစ်သည်။

ပထမအကြိမ် ခရီးစဉ်အတွင်း တဂိုးသည် ရန်ကုန်မြို့၌ မည်မျှကြာကြာ နေထိုင်သွားကြောင်း မေးခွန်းထုတ်စရာဖြစ်သည်။ ခရစ်ရှနာကရိပါလာနီ (Krishna Kripalani) ရေးသားသည့် ရာတင်ဒြာနတ်တဂိုး၏ အတ္ထုပ္ပတ္တိ (*Rabindranath Tagore - A Biography*) စာအုပ်၌ တဂိုးနှင့်အဖွဲ့သည် ရန်ကုန်မြို့တွင် နှစ်ရက်မျှသာ နေထိုင်ခဲ့သည်ဟု ရေးသားထားသည်။ သို့သော် မြန်မာစာရေးဆရာတချို့၏ ရေးသားချက်များတွင် သုံးရက်နေ

ထိုင်သွားသည်ဟု ဖော်ပြကြပြန်သည်။ တဂိုးရေးသားခဲ့သည့် *ဂျပန်ခရီးသွားမှတ်တမ်း* (*Jatri*) အမည်ရှိ စာအုပ်မှ အခန်းတစ်ခန်းဖြစ်သည့် "ဂျပန်သို့သွားရောက်ရာလမ်းခရီးဝယ်" (On the Way to Japan) ခေါင်းစဉ်ခွဲအောက်တွင် မြန်မာပြည်၌ ခရီးတစ်ထောက်နားခဲ့သည့် မှတ်တမ်းပါရှိသည်။ တဂိုးနှင့် သူ၏ သူငယ်ချင်းများ ၁၉၁၆ ခုနှစ် မေလ ၅ ရက်နေ့ ညနေတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြောင်းဖော်ပြထားသည့်နည်းတူ၊ "တစ်ရက်သော တနလင်္ဘာနေ့နံနက်တွင် ကျွန်တော်နှင့် သူငယ်ချင်းများ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ခဲ့ကြပါသည်" ဟု ရေးသားထားပြန်သည်။

စာရေးဆရာအချို့က တဂိုးသည် ရွှေတိဂုံဘုရားသို့ ညနေစောင်းတက်ရောက်ဖူးမြော်သည်ဟူသော ရေးသားချက်များသည် တဂိုးကိုယ်တိုင်ရေးသားချက်နှင့် မကိုက်ညီဘဲ ကွဲလွဲနေသည်။ ဤ ရေးသားချက်ကို မေ ၁၁ ရက်နေ့ထုတ် သူရိယသတင်းစာတွင် ဖော်ပြခဲ့သည့် "တဂိုးအားလွန်ခဲ့သည့် အပတ် တနလင်္ဘာနေ့ညနေ ဘက်တွင် ဂျူဗလီဟောဘ်၌ ဂုဏ်ပြုဧည့်ခံကြိုဆိုခဲ့သည်"ဟူသော ရေးသားချက်နှင့် ချိန်ထိုးစဉ်းစားနိုင်သည်။ နှစ် ၁၀၀ ပြက္ခဒိန်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရာ တဂိုးအတွက် ဂုဏ်ပြုဧည့်ခံပွဲ ကျင်းပခဲ့သည့် နေ့ရက်မှာ မေလ ၈ ရက်၊ တနလင်္ဘာနေ့ ဖြစ်နေသည်။

ထို့ကြောင့် တဂိုးနှင့်အဖွဲ့သည် ရန်ကုန်မြို့၌ မေလ ၅ ရက် သောကြာနေ့မှ မေလ ၈ ရက် တနလင်္ဘာနေ့အထိ စုစုပေါင်း ၃ ရက်ကြာ အမှန်တကယ် နေထိုင်သွားခဲ့ခြင်းဖြစ်သည်။ တဂိုးတို့ စီးနင်းလိုက်ပါလာသည့် ဂျပန်မီးသင်္ဘောသည် ရန်ကုန်မြို့မှ မေလ ၉ ရက်နေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့သည်။ ဂျပန်တွင် သုံးလကြာမျှ တဂိုးနေထိုင်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်လျက် အမေရိကန်နိုင်ငံဆီတယ်(လ်) (Seattle) မြို့သို့ ထပ်မံသွားရောက်ခဲ့သည်။

တဂိုး၏ ဒုတိယအကြိမ်မြန်မာနိုင်ငံ ခရီးစဉ် (၁၉၂၄)

ရန်ကုန်မြို့သို့ တဂိုးပထမအကြိမ် လာရောက်ခဲ့ပြီး ရှစ်နှစ်ကြာကာလတွင် အက်စ်အက်စ်အီသိုပီးယားသင်္ဘောကို စီးနင်းလျက် တရုတ်နိုင်ငံသို့အသွား ရန်ကုန်မြို့တွင် ခရီးတစ်ထောက် ရပ်နားခဲ့သည်။ တဂိုးသည် ကုန်သည်လမ်းရှိ တိုက်အမှတ် (၃၉၂-၃၉၆)တွင် ဘင်္ဂါလီ သူငယ်ချင်းတစ်ဦးနှင့်အတူ တည်းခိုခဲ့သည်။ ထိုတိုက်ခန်းကို ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်အတွင်း အင်္ဂလိပ်ဘာသာဖြင့် The Guardian Magazine ကို လစဉ်ထုတ်ဝေခဲ့သည့် ဂါဒီးယန်းပုံနှိပ်ထုတ်ဝေရေးတိုက် (The Guardian Publishing House) အဖြစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အသုံးပြုခဲ့သည်။

ယနေ့ထိတိုင် တဂိုးအား အမှတ်တရ ဂုဏ်ပြု၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးသားကမ္ဘည်းထိုးထားသည့် ကျောက်စာကို ဂါဒီးယန်းတိုက်တွင် တွေ့မြင်နိုင်သည်။ ထိုကျောက်စာတွင် "၁၉၂၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်သို့ ရောက်စဉ်က ဤတွင် တည်းခိုသည့်စာဆိုကျော်မဟာကဝိရဗင်ဒြာနတ်တဂိုး၏ အထိမ်းအမှတ်" ဟုဦးစွာရေးထိုးပြီးနောက် အဆိုပါစာပိုဒ်အောက်တွင် တဂိုး၏ ထင်ရှားကျော်ကြားလှသော ဂီတဥာလီ ကဗျာစုထဲမှ ကဗျာစာပိုဒ်လေးကြောင်းအား ထုတ်နုတ်ရေးထိုးထားသည်။

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံသို့ တဂိုးရောက်ရှိလာခြင်း ရေးသားဖော်ပြသည့် ရက်စွဲများကို မြန်မာစာရေးဆရာများ ပြန်ရေးသားရာတွင် ကွဲပြားနေသည်ကို တွေ့ရှိရသည်။ တချို့ရေးသားဖော်ပြချက်များအရ တဂိုးရောက်ရှိလာသည့်နေ့ရက်မှာ ၁၉၂၃ ခုနှစ် မတ်လ ဖြစ်နေ၏။ ဤအချက်ကို ဂါးဒီးယန်တိုက်တွင် ၁၉၂၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် တဂိုးရောက်ရှိသည်ဟု တိတိကျကျ ရေးထိုးစိုက်ထူထားသည့် ကျောက်စာနှင့် လွယ်ကူစွာ တိုက်ဆိုင်စစ်ဆေးလျှင် ရက်စွဲအတိအကျအမှန်ကို ရနိုင်သည်။

ဒုတိယမြောက် မြန်မာနိုင်ငံခရီးတွင် ၂၄ ရက်နေ့မှ ၂၇ ရက်အထိ ၄ ရက်ကြာ ရန်ကုန်မြို့တွင် တဂိုးနေထိုင်သွားသည်။ တဂိုးကြိုဆိုဂုဏ်ပြုရေးအဖွဲ့ကို အလုပ်အကိုင် ရာထူးကြီးမားပြီး ဂုဏ်သတင်း ကျော်စောသည့် မြန်မာပညာရှင်တချို့ ပါဝင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် နာမည်ကြီးဝတ်လုံတော်ရရှေ့နေ ဦးကျော်မြင့်ကဲ့သို့ လူကြီးများလည်းပါဝင်သည်။

ထိုစဉ်က မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် ဗြိတိသျှကိုလိုနီအစိုးရသည် ဒုတိယအကြိမ် တကိုး၏ မြန်မာနိုင်ငံခရီးစဉ်အပေါ် ၁၉၁၆ ခုနှစ် ပထမခရီးစဉ်ကို မသိကျိုးနွံကျွန်ပြုခဲ့သည်နည်းတူ လျစ်လျူရှု၍ မရတော့ပေ။ ၁၉၁၆ ခုနှစ်တွင် တကိုးလာရောက်စဉ်က အင်္ဂလိပ်အစိုးရပိုင်းက တရားဝင်ကြိုဆို မှု မပြုသော်လည်း ယခုဒုတိယအကြိမ်မြောက် ခရီးစဉ်၌မူ မြန်မာနိုင်ငံ၏ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ (Sir Harcourt Butler) က အစိုးရအိမ်တော်သို့ တကိုးနှင့် အဆင့်မြင့်အရာရှိကြီးများအား ဖိတ်ခေါ်လျက် နေ့လယ်စာဖြင့် ဂုဏ်ပြုဧည့်ခံခဲ့သည်။

၁၉၂၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့သို့ တကိုးရောက်လာသည့်အချိန်နှင့် ကိုက်ညီစွာ ဘင်္ဂလီစာပေညီလာခံကို ကျင်းပခဲ့ခြင်းမှာလည်း တကိုး၏ ဒုတိယခရီးစဉ်၌ ထူးခြားမှုတစ်ရပ်ဖြစ်သည်။

တကိုးပထမအကြိမ် လာရောက်စဉ်ကကဲ့သို့ပင် ကျူဇလီဟော်၌ တကိုးအား ကြီးကျယ်ခမ်းနားစွာ ကြိုဆိုပွဲ ကျင်းပစဉ်အတွင်း ဘင်္ဂလီဘာသာ၊ မြန်မာဘာသာနှစ်မျိုးဖြင့် တကိုးအား ဩဘာစာများဖြင့် နှုတ်ခွန်းဆက်သခဲ့ကြသည်။ ဤသို့ မြန်မာ၊ ဘင်္ဂလီနှစ်ဘာသာဖြင့် တကိုးအားကြိုဆိုခဲ့ကြောင်း ရေးသားထားသည့် မှတ်တမ်းမှတ်ရာများ မတွေ့ရှိရသေးသော်လည်း ထိုစဉ်က ရန်ကုန်မြို့သို့ရောက်ကာစ စာရေးဆရာကြီးဇေယျဖြစ်လာမည့် ဦးယောက ကိုယ်တိုင်မြင်တွေ့ရပုံကို မှတ်တမ်းတင်ထားသည်။ ဆရာဇေယျ (ဦးယော) က ကျူဇလီဟောထဲသို့ မိမိနှင့် သူငယ်ချင်းများ ရောက်ရှိခဲ့ရာတွင် အိန္ဒိယလူမျိုးများဖြင့် ပြည့်ကျပ်နေသည်ကို တွေ့ရပြီး ထိုလူအုပ်ထဲ၌ တရုတ်နှင့် အင်္ဂလိပ်လူမျိုး ၂၀ မှ ၃၀ ခန့်သာ ပါဝင်ကြောင်း တွေ့ရှိရသည်ဟု ဖော်ပြသည်။ ကျူဇလီခန်းမ အောက်ထပ်တွင် မြန်မာအနည်းအကျဉ်းရှိနေကြပြီး ဆရာဇေယျနှင့် သူငယ်ချင်းနှစ်ယောက်သည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ၁၅ ပါးခန့်နှင့်အတူအပေါ်ထပ်သို့ တက်ရောက် ကြည့်ရှုကြသည်။

တကိုး၏ ဒုတိယခရီးစဉ်တွင် ပါမောက္ခ ကရှတိမိုဟန်ဆင်း (Prof. Kshiti Mohan Sen)၊ ပါမောက္ခလည်းဖြစ် ပန်းချီဆရာလည်းဖြစ်သူ နန္ဒလာဘို့(စ်) (Nandalal Bose)၊ လီယိုနတ်အမ်းဟာ့(စ်) (Leonard Elmherst)၊ မစ္စဂရင်း (Miss Green)နှင့် ကာလီဒတ်(စ်)နာ့ (Kalidas Nag) တို့ လိုက်ပါလာကြသည်။ တကိုး၏ မြန်မာနိုင်ငံ၊ တရုတ်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်သည့် ခရီးစဉ်အတွက် ရှရီဂျူဂါလ်ကီရှာဘီလာ (Sri Jugal Kishor Birla) က ငွေကြေး ကုန်ကျခံခဲ့သည်။

တကိုး၏ ဒုတိယခရီးစဉ်တွင် အိမ်ရှင်အဖြစ် ဧည့်ခံခဲ့သူ ဒေါက်တာဘတ္တာချာရိရာ (Dr. Bhatta Charya) ကလည်း တကိုးနှင့်ပတ်သက်သည့် အချက်အလက်များကို ကျွန်တော်တို့အား အတည်ပြုပေးခဲ့သည်။ သူသည် အင်စီဘင်နာဂျီ (N.C. Banerji) ပြီးလျှင် အိန္ဒိယအမျိုးသားကွန်ဂရက် (Indian National Congress) ကို ထောက်ပံ့မှုအပေးဆုံး ပြုနေသူဖြစ်ပြီး အိန္ဒိယသားများက မြန်မာနိုင်ငံတွင် လာရောက်တည်ထောင် ထုတ်ဝေနေသည့် ရန်ကုန်မေးလ် (*The Rangoon Mail*) နေ့စဉ်သတင်းစာ၏ အယ်ဒီတာအဖြစ် ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ်အတွင်း တာဝန်ပေးအပ်ခံထားရသူလည်းဖြစ်သည်။

ဒုတိယခရီးစဉ်တွင် တကိုးနှင့်အတူလိုက်ပါလာသူ ကာလီဒတ်(စ်)နာ့ကလည်း ထိုပွဲကိုတက်ရောက်ခဲ့ပြီး တကိုးအား ဂုဏ်ပြုဧည့်ခံပွဲတွင် အိမ်နီးချင်းမြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံမှ စာပေပညာရှင်များ၊ အတွေးအခေါ်ပညာရှင်များ အတူတကွ ဆုံဆည်းခွင့်ရခဲ့ကြသည်ဟု ရေးသားခဲ့သည်။ "မြန်မာ-အိန္ဒိယဆက်ဆံရေး၊ ဘင်္ဂလီပြည်နယ်နှင့် မြန်မာနိုင်ငံဆက်စပ်မှု၊ ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်နှင့် ယုံကြည်မှုများအကြောင်း ဆွေးနွေးခဲ့ကြသည်" ဟု ဆက်လက်ရေးသားထားသည်။

တကိုးတည်းခိုနေသည့် အိမ်ရှင်အင်နစ်စီဘာနာဂျီ (N. C. Banerji) က ဦးဆောင်လျက် ဘင်္ဂလီအသင်းက တကိုးအား ဂုဏ်ပြုဧည့်ခံပွဲကို ဒုတိယအကြိမ်အဖြစ် ရန်ကုန်မြို့ရှိ ဆွန်နီယန်ခန်းမ (Sooneran Hall)၌ ထပ်မံကျင်းပခဲ့သည်။ ထိုဒုတိယမြောက်ဧည့်ခံပွဲကို ဘင်္ဂလီတက္ကသိုလ်၏ အကြီးအကဲများ ဖြစ်ကြသည့် နာမည်ကြီး အိန္ဒိယစာပေပညာရှင် စုဒရီချန်ဒရာကိုဒူရီ (Sudhir Chandra Choudhury) နှင့် မိုဟစ် ကူမီ မူခိုပါဒရေး (Mohit Kume Mukhopadhyay) တို့က စီစဉ်ညွှန်ကြားပေးခဲ့ကြသည်။

၁၉၂၄ ခုနှစ် မတ်လ တဂိုး၏ ခရီးစဉ်တွင် တရုတ်အသင်းက တဂိုးအတွက် တတိယမြောက် ဂုဏ်ပြုဧည့်ခံပွဲကို ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်ရှိ တရုတ်စာသင်ကျောင်းကြီးတွင် ကျင်းပပေးခဲ့သည်။ ထိုဧည့်ခံပွဲကို လင်း(မ်)ဒိုဂျန်း (Lim Ngo Chiong) က ဦးဆောင်ခဲ့သည်။ ဤကျောင်းကို ရန်ကုန်မြို့ရှိ တရုတ်သူဌေးကြီးတစ်ဦးဖြစ်သော ချန်မာဖီ (Chan Mah Phee) က စာချုပ်စာတမ်းဖြင့် အမွေရထားခြင်းဖြစ်သည်။ တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံသည် အာရှတိုက်၌ အကျယ်ဝန်းဆုံးနှင့် အစောဆုံးယဉ်ကျေးမှုထွန်းကားခဲ့သည့် အိမ်နီးချင်းမိတ်ဆွေ နိုင်ငံများဖြစ်သဖြင့် တဂိုးသည် အာရှတိုက်သားများ သွေးစည်းညီညွတ်ရေးအတွက် ဟောပြောပို့ချခြင်း၊ စာပေများ ရေးသားခြင်းတို့ ပြုလုပ်ခဲ့သည်။ ဇာတိမွေးရပ်မြေ အိန္ဒိယနိုင်ငံတွင် ရရှိထားသည့်အောင်မြင်မှုနီးပါးပင် တရုတ်နိုင်ငံတွင်လည်း တဂိုးသည် လူသိများအောင်မြင်ကျော်ကြားသူဖြစ်သည်။ စင်စစ် တဂိုး၏စာများကား တစ်ကမ္ဘာလုံးရှိ လူသားများအတွက်ပင် ဖြစ်သည်။ ထို့ကြောင့် ၁၉၂၄ ခုနှစ် မတ်လ ၂၆ ရက်နေ့က ရန်ကုန်မြို့တွင် တရုတ်အသင်းက ကျင်းပခဲ့သည့် တဂိုး ဂုဏ်ပြုကြိုဆိုပွဲကား မမေ့နိုင်စရာပွဲတစ်ပွဲဖြစ်သည်။ တဂိုးဧည့်ခံပွဲတွင် ဦးစီးဦးဆောင်သူများအနက် ပါဝင်ခဲ့သူ မစ္စတာလင်းဒူချန် (Lin Du Chin) သည် နောက်ပိုင်းတွင် တဂိုး၏ ရှန်တိနိကေတန်ကျောင်း (Shantiniketan)၌ တရုတ်စာပေဆိုင်ရာ ပါမောက္ခအဖြစ် သွားရောက်နေထိုင် သင်ကြားပို့ချပေးခဲ့သည်။ ရှန်တိနိကေတန်၏ အဓိကရည်ရွယ်ချက်များအနက် တစ်ခုမှာ အာရှနိုင်ငံအသီးသီးမှ ပညာလာရောက် သင်ကြားသူများအား ဗုဒ္ဓအယူဝါဒ၊ ဟိန္ဒူ ဘာသာနှင့် အခြားကိုးကွယ်ယုံကြည်သူများပြားသည့် ဘာသာ အယူဝါဒများကို သင့်မြတ်မှုရှိစေရန် သင်ကြားပေးနိုင်သည့် တက္ကသိုလ်အဖြစ် ရပ်တည်လိုခြင်းဖြစ်သည်။

မြန်မာလူမျိုးထဲမှ ယစ်မျိုးမင်းကြီးအဖြစ် ပထမဆုံးခန့်အပ်ခံရသော ရခိုင်အမျိုးသား ဗုဒ္ဓဘာသာ ကျွမ်းကျင်ပညာရှင်ဦးရွှေဇံအောင်သည် တဂိုးကြိုဆိုဧည့်ခံရေးကော်မတီအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

တဂိုး၏ တတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်(၁၉၂၇)

၁၉၂၇ ခုနှစ် အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်နေ့ထိ ရန်ကုန်မြို့တွင် တဂိုးခရီးတစ်ထောက် ရပ်နားခဲ့ကြောင်း မြန်မာပညာရှင်များ၊ မြန်မာစာရေးဆရာများ သိခဲ့ဟန်မတူပေ။ ၁၉၂၇ ခုနှစ် တဂိုး၏ခရီးစဉ် ဆိုင်ရာ အချက်အလက်များကို ပါမောက္ခဆွာပနာ ဘတ္တာချာရာ (ချာကရာဘော်တီ) [Prof. Swapna Bhattacharya (Chakraborti) ထံမှရရှိခဲ့သည်။

၁၉၂၇ ခုနှစ် ဇူလိုင် ၁၄ ရက်နေ့မှစ၍ တဂိုးသည် အရှေ့တောင်အာရှ ကိုးနိုင်ငံသို့ ခရီးလှည့်လည်ခဲ့ပြီး မြန်မာနိုင်ငံသို့ နောက်ဆုံးဝင်ရောက်ခဲ့သည်။ သူ၏ အရှေ့တောင်အာရှ ကိုးနိုင်ငံခရီးစဉ်အတွင်း စင်ကာပူ၊ ကွာလာလမ်ပူ၊ ပီနန်နှင့် မာလက္ကားအစရှိသည့် မြို့များတွင် ခေတ္တရပ်နားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့သို့ ရောက်ရှိနေစဉ် ဂျာဗားနှင့် ဘာလီကျွန်းများသို့ သွားရောက်လည်ပတ်ခဲ့သည်။

အပြန်ခရီးတွင် ဘန်ကောက်သို့ ဝင်ရောက်ရပ်နားပြီး မလေးရှားမှ ရန်ကုန်သို့ ခရီးဆက်ခဲ့သည်။ သုံးလကြာခရီးစဉ်၌ တဂိုးနှင့်အတူ နာမည်ကျော် ဘာသာဗေဒပညာရှင် စုနီတီကူမာ ချတ္တာဂျီ (Suniti Kumar Chatterji)၊ ပန်းချီပညာရှင် ဒီရင်းကရစ်ရှနာဒေ့(ဗ်) ဘာမင် (Dhiren Krishna Dev Barman)၊ အာနိုးဘလိတ် (Arnold Blake) နှင့် အာရန်ရာခမ် (Aryanyakam) တို့အတူလိုက်ပါလာကြသည်။ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူ အယူဝါဒနှင့် ဗုဒ္ဓဘာသာအယူဝါဒနှစ်မျိုး စတင်ထွန်းကားခဲ့ပြီး ထိုဝါဒနှစ်မျိုး ရောထွေးပါဝင်နေသည့် အယူဝါဒမူကွဲကို ရွေးခေတ်အိန္ဒိယဒေသခံတိုင်းရင်းသားများက ကိုးကွယ်ယုံကြည်ခဲ့မှုအပေါ် တဂိုးအစဉ်တစိုက် စိတ်ဝင်စားခဲ့သည်။ ဘတ္တာချာရီရာက "ဂျာဗားကျွန်းကဆေးလန်း ဒြား ဘုရင်မင်းဆက် (Sailendra Dynasty) နှင့် ဗုဒ္ဓဘာသာထွန်းကားရာ အချက်အချာနလန္ဒာတို့သည် ရှေးကာလက ဆက်နွယ်ပတ်သက်ခဲ့မှုရှိခဲ့သည်ဟူသည့် အတွေးကားတဂိုးစိတ်တွင် စိုးမိုးနေမည်ဖြစ်ကြောင်း" အခိုင်အမာပြောဆိုရေးသားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ဦးစွာပထမ တဂိုးတွေ့ရသည်မှာ မိမိ၏မွေးရပ်မြေ အိန္ဒိယကဲ့သို့ပင်

ဤနိုင်ငံများရှိ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများတွင် ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဘာသာအယူဝါဒများ ရောနှောနေကြောင်းပင် ဖြစ်သည်။

ယခင်ခရိုးစဉ်နှစ်ရပ် သွားရောက်စဉ်ကကဲ့သို့ပင် ရန်ကုန်မြို့တွင် ခရိုးတစ်ထောက်နားနေခိုက် တဂိုးနှင့် မြန်မာတချို့ တွေ့ဆုံခဲ့သည်။ တဂိုးသည် ဘင်္ဂလီမိတ်ဆွေတချို့နှင့် အတူနေထိုင်ပြီး ပြင်ပသို့ သွားရောက်မှုနည်းပါးသဖြင့် တွေ့ဆုံလိုသည့်အိန္ဒိယနိုင်ငံသားများက တဂိုးထံလာရောက်ကြရာတွင် ဂူဂျာရာတစ်(စ်) (Gujaratis)၊ ပန်ဂျာဘစ်(စ်) (Punjabis)နှင့် တယ်လဂတ်(စ်)လူမျိုးများ ပါဝင်တွေ့ဆုံကြသည်။ ၎င်းတို့ထဲတွင် ရာမာနဒါချတ္တာပက်ရေး (Ramanada Chattapadhyay) ၏ သားမက်နှင့် ဇနီး သီတာဒေဝီ (Sita Devi)တို့လည်း ပါဝင်ကြသည်။

၁၉၂၇ ခုနှစ် အောက်တိုဘာ၂၃ရက်နေ့တွင် အိန္ဒိယ-မြန်မာအနုပညာအသင်း (Indo-Burma Federation of Fine Arts) က ဦးစီး၍ တဂိုးဂုဏ်ပြုဖျော်ခံပွဲကျင်းပခဲ့သည်။ ထင်ရှားကျော်ကြားသည့် ကဗျာဆရာကြီးတဂိုးကို ကြည်ညိုသော ဂူဂျာရာတီလူမျိုး ဒေါက်တာ အမ်အေရပ် (Dr.M.A.Rauf) က နှုတ်ခွန်းဆက်စကား မြွက်ကြားသည်။ ကက်(စ်)ဟတ် ချနဒ္ဒာရာဆင်း (Keshah Chaidra Sen) ၏ သမီးလည်းဖြစ် ပီစီဆင်း၏ သမီးချွေးမလည်းဖြစ်သူ သုဇာတာ ဒေဝီ (Sujata Devi) လည်း ဖျော်ခံပွဲသို့တက်ရောက်ခဲ့သည်။ ပထမအကြိမ် တဂိုးလာရောက်စဉ်က ပီစီဆင်းထံ၌တည်းခိုခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့သည် တဂိုး၏ တတိယခရိုးစဉ်၌ ခရိုးဆုံးရပ်နားရာအရပ်ဖြစ်သည်။ အရှေ့ထောင်အာရှတစ်ခွင်သို့ သုံးလကြာ လှည့်လည်သွားရောက်ခဲ့သည့်အတွက် ရန်ကုန်မြို့၌ ဝင်ရောက်နားနေသည့်အခိုက်တဂိုးပင်ပန်းနွမ်းနယ်နေ၏။ အေးချမ်းငြိမ်သက်သည့် ရှန်တိနိကေတန်ကျောင်းနှင့် ကာလကတ္တားသို့ ပြန်လိုစိတ်များ တဂိုးတွင် ဖြစ်ပေါ်နေဟန်တူသည်။ အောက်တိုဘာလ ၂၄ ရက်သည် ဟိန္ဒူဓလေ့ထုံးစံမီးထွန်းပွဲတော် ဒေပါဝလီနေ့လည်းဖြစ်နေလေရာ ထိုနေ့မှာပင် မွေးရပ်မြေသို့ တဂိုးပြန်လည် ထွက်ခွာသည်။ ဤကား မြန်မာ့ရေမြေကိုတဂိုးနောက်ဆုံးနှုတ်ဆက်ခဲ့ခြင်းဖြစ်သည်။

မြန်မာဘာသာပြန် တဂိုးစာပေများ

နိဘယ်လ်ဆုရ တဂိုး၏ကဗျာများ၊ ဝတ္ထုတိုများကို ဆရာဇော်ဂျီ (၁၉၀၇-၁၉၉၀)၊ ဆရာမင်းသုဝဏ် (၁၉၀၉-၂၀၀၄) တို့က မြန်မာဘာသာသို့ စတင်ပြန်ဆိုခဲ့ခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံး၌ စာဖတ်ပရိသတ်များက ကဲကောင်းထောက်မစွာ တဂိုးစာများကို မြန်မာဘာသာဖြင့် လေ့လာဖတ်ရှုခွင့် ရရှိခဲ့ကြသည်။

၂၀ရာစု၏ ပထမဆယ်စုနှစ်များအတွင်း စာတတ်ပညာတတ်မြန်မာများက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် တဂိုး၏စာများကို တစ်ခုတ်တရ နှစ်သက်ဖတ်ရှုလာကြသော်လည်း ၁၉၃၀ပြည့်နှစ်ဝန်းကျင် ရောက်မှသာ တဂိုး၏ ကဗျာ၊ ဝတ္ထု၊ မြန်မာဘာသာပြန်များကို ရန်ကုန်တွင် အခြေစိုက်ထုတ်ဝေနေသည့် မဂ္ဂဇင်းများ၌ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြလာကြသည်။

တဂိုးအကြောင်း မြန်မာစာဖတ်ပရိသတ်နှင့် စတင်ရေးသားမိတ်ဆက်ပေးသူများအနက် ဆရာဇော်ဂျီက ဦးဆောင်သူအဖြစ် ပါဝင်ခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ၁၈ရာစု မြန်မာစာပေအကြောင်း ဆရာဇော်ဂျီ ဟောပြောရာ၌ တဂိုးအကြောင်း ထည့်သွင်းဟောပြောခဲ့သည်။ ၁၉၃၅ ခုနှစ်ဝန်းကျင်၌ တဂိုး၏စာပေများအား မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြောင်း သက်သေအထောက်အထားဖြင့် ဦးသန်းထွတ် (ကလောင်အမည် တိုက်စိုး) က ဆရာဇော်ဂျီရေးသားခဲ့သည့် တဂိုးအကြောင်းနှင့် အစောဆုံး ဘာသာပြန်ခဲ့သည့် ဂီတဥလိ (*Gitanjali*) ကဗျာစုနှင့် ဆန်းစသော်တာကဗျာစု (*The Crescent Moon*)မှ ကဗျာအချို့ကို ထောက်ပြခဲ့သည်။ ဆရာ ဦးသန်းထွတ်သည် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၌ ဆရာဇော်ဂျီ၏ ဒုတိယစာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ မြန်မာစာပေလောကတွင် ၂၁ရာစု၏ ပထမဆယ်စုနှစ်ထိတိုင် တဂိုး၏စာများကို မြန်မာဘာသာသို့ ပြန်ဆိုနေကြဆဲဖြစ်ပါသည်။ မြန်မာဘာသာသို့ အစောဆုံးပြန်ဆိုခဲ့သည့် တဂိုးကဗျာ ၃ ပုဒ်ကို ဦးလှ အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေခဲ့သည့် *ကြီးပွားရေးမဂ္ဂဇင်း* ၁၉၃၅ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလထုတ်တွင် ဖော်ပြခဲ့သည်။ ဖော်ပြပါ *ကြီးပွားရေးမဂ္ဂဇင်း*များ၌ ဆရာဇော်ဂျီ ရေးသားသည့် "အိန္ဒိယနိုင်ငံ လူငယ်များနှင့်

ခေတ်သစ် အိန္ဒိယစာပေ အရေးတော်ပုံ" (The Revolutionary Movement in Modern Indian Literature and Indian Youth) ဆောင်းပါးလည်း ပါဝင်သည်။ ထိုဆောင်းပါးကို အဓိကအားဖြင့် တဂိုး၏ စာများအပေါ် အခြေခံလျက် ရေးသားခဲ့သော်လည်း မွတ်ဆလင်စာရေးဆရာ မိုဟာ မက်အီဘာ (Mahammet Iqbal) နှင့် ဘင်ကစ်ချန္ဒရာ ချတ္တရာဂျီရီးတို့၏ စာပေလက်ရာများကိုလည်း မှီငြမ်းပြုခဲ့သည်။

ထိုစဉ်က ခေတ်ပညာတတ်လူငယ်အများစုကို အင်္ဂလိပ် ကဗျာ၊ ပြဇာတ်၊ ဝတ္ထုနှင့် ဝတ္ထုတိုများက ညြောလွှမ်းမိုး သက်ရောက်သည်။ ကိတ်စ်(Keats)၊ ရှယ်လီ(Shelley) နှင့် ဝပ်(စ်)ဝါသ် (Wordsworth)တို့ ရေးသားသည့် အချစ်ဘွဲ့၊ သဘာဝဘွဲ့များကို လိုလားနှစ်သက် ဖတ်ရှုကြသည်။ ၁၉၂၀ ပြည့်နှစ်လွန်ကာလ မြန်မာနိုင်ငံသို့ တဂိုးတတိယအကြိမ်ရောက်လာပြီး နောက်ပိုင်းတွင်မှ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် တဂိုး၏ စာပေများကို စတင်ဖတ်ရှုလာကြသည်။

တဂိုး၏ စာများကား စာဖတ်သူအား ခံစားမှုရသအပြည့်အဝ ပေးစွမ်းနိုင်သဖြင့် တဂိုး၏စာများက မြန်မာစာဖတ် ပရိသတ်ကြားတွင် နက်ရှိုင်းထိရောက်စွာ နေရာယူနိုင်ခဲ့သည်။ ဗုဒ္ဓဘာသာဝင် မြန်မာစာဖတ် ပရိသတ်က တဂိုးစာများကိုဖတ်ရှုပြီး တဂိုး၏စာများတွင် ထိတွေ့ရသည့် တဂိုး၏ မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်၊ ကြီးမားကျယ်ပြန့်သည့် လူသားဝါဒများသည် သည်းခံနိုင်စွမ်းနှင့် အလယ်အလတ်လမ်းစဉ်ကို သင်ကြားဟောပြသဖြင့် ဗုဒ္ဓတရားနှင့် နီးစပ်သည်ဟု ခံစားကြရသည်။

ထိုအချိန်ကာလသည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုများ အစပျိုးလာရာမှ နိုးကြားတက်ကြွသည့် အဆင့်သို့ ကူးပြောင်းနေချိန်လည်း ဖြစ်ပေသည်။ တဂိုး၏ နာမည်ကျော် ဂီတဥလိကဗျာစုမှ "ဒို့အိန္ဒိယ"အမည်ရှိကဗျာကို ဆရာဇော်ဂျီက မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။

ဆရာမင်းသုဝဏ်သည်လည်း ဆရာဇော်ဂျီနှင့်အတူ ၁၉၂၉ ခုနှစ် ဝန်းကျင်မှစ၍ တဂိုးကဗျာများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြသည်။ ထိုဘာသာပြန်ကဗျာများကို ဦးခန့် အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေသည့် စာဆိုတော်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ ထိုမဂ္ဂဇင်းတွင် ဆရာမင်းသုဝဏ်ဘာသာပြန်သည့် တဂိုး၏ ကဗျာနှစ်ပုဒ်ကို ဆရာဇော်ဂျီက မိတ်ဆက်အမှာစာရေးသားပေးခဲ့သည်။ ထိုကဗျာနှစ်ပုဒ်စလုံးကို မူလဆန်းစသော်တာကဗျာစုမှ ရွေးထုတ်ထားခြင်းဖြစ်သည်။ မိတ်ဆက်အမှာစာတွင် ဆရာဇော်ဂျီက တဂိုး ဘဝအကျဉ်းချုပ်နှင့် မူရင်းတဂိုး၏ ကဗျာစုအမည် (The Crescent Moon) ကို " ဆန်းစသော်တာ" ဟု ကဗျာဆန်ဆန်လှပစွာ ပြန်ဆိုပေးခဲ့သည်။ ဆရာဇော်ဂျီ၏ ရှင်းလင်းရေးသားချက်က တဂိုးနှင့် သူ၏ကဗျာများအပေါ် မြန်မာစာဖတ်ပရိသတ်က ပိုမိုနားလည်ခံစားနိုင်မှုကို ပေးစွမ်းကြသည်။

တဂိုး၏ ဆန်းစသော်တာကဗျာစုမှ ကဗျာများကို ဆရာမင်းသုဝဏ်က ဆက်လက်ဘာသာပြန်ဆိုကာ စာဆိုတော် မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ၁၉၃၅ ခုနှစ်ဝန်းကျင်တွင် ထိုကဗျာ စုစုပေါင်း ၁၄ ပုဒ် ရှိပြီး မြန်မာစာဖတ်ပရိသတ်က ကြိုက်နှစ်သက်စွာ ဖတ်ရှုခဲ့ကြသည်။

ထို့နောက် ဆရာမင်းသုဝဏ်သည် တဂိုး၏ "အယ်ဒီတာ "အမည်ရှိ ဝတ္ထုတိုကို မြန်မာဘာသာပြန်ပြီး ၁၉၃၅ ခုနှစ် နိဝင်ဘာလထုတ် ကြိုးပွားရေးမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည်။ ထိုနှစ်မှာပင် ဆရာမင်းသုဝဏ်အောက်စဖို့ဒ်သို့ ပညာတော်သင် သွားရသဖြင့်တဂိုး၏ ကဗျာနှင့် စာများအား ဘာသာပြန်ဆိုမှု ရပ်ဆိုင်းသွားသည်။

ဆန်းစသော်တာကဗျာစုမှ အခြားကဗျာများကို တရုတ်-မြန်မာ ကပြားစာရေးဆရာ မောင်ဖြူးက ဆက်လက် ဘာသာပြန်ခဲ့သည်။ ကလောင်အမည် မောင်ဖြူး (၁၉၀၅-၁၉၇၀) ၏ အမည်ရင်းမှာ မစ္စတာ တန်ဂွမ်လျောင် (ဦးဂွမ်လျောင်) ဖြစ်သည်။ ဆရာ မောင်ဖြူးနှင့် ဇနီးသည် ရှန်တိနီကေတန်ကျောင်းသို့ပင် စစ်ကြိုခေတ်က သွားရောက်လေ့လာခဲ့ကြသည်။ လန်ဒန်တက္ကသိုလ်မှ ပညာသင်ကြားရေးဆိုင်ရာ ဒီပလိုမာဘွဲ့ရခဲ့သူ မောင်ဖြူးကတဂိုး၏ကျောင်းတွင် ကျောင်း သား၊ ကျောင်းသူများအား စနစ်သစ်နည်းဖြင့် သင်ကြား ပို့ချပေးနေသည်ကို တွေ့မြင်ခဲ့ကြရသည်။

ဆရာမောင်ဖြူးသည် တဂိုးနှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံရသည့် ရွားရွားပါးပါး မြန်မာစာရေးဆရာတစ်ယောက်ဖြစ်သည်။ မောင်ဖြူးက ၎င်းတို့၏ စိတ်ဝင်စားပွယ် တွေ့ဆုံမှုအကြောင်းကို ဆောင်းပါးအဖြစ် ပြန်လည်ရေးသားခဲ့သည်။

၁၉၄၂ ခုနှစ် မြန်မာနိုင်ငံသို့ ဂျပန်များဝင်ရောက်လာပြီးနောက် ဂျပန်ခေတ်တစ်လျှောက် တဂိုး၏ စာများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းရပ်ဆိုင်းသွားသည်။ ၁၉၄၆ ခုနှစ် ဝန်းကျင်မှစ၍ ၁၉၄၈ ခုနှစ် ဧနှစ်ဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ဘာသာပြန်စာပေများ များပြားစွာ ပြန်လည်ပေါ်ထွက်လာခဲ့သည်။ ကလောင်အမည် ပါရဂူ (အမည်ရင်း ဦးလှကြိုင် (၁၉၂၁-၂၀၁၁)) သည် စစ်ပြီးခေတ်အတွင်း တဂိုး၏ စာများကို ဘာသာပြန်သူများအနက် အကောင်းဆုံး ပြန်ဆိုနိုင်ခဲ့သူဖြစ်သည်။ ဆရာပါရဂူသည် အိန္ဒိယနိုင်ငံတွင် ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ငါးနှစ်တိုင်တိုင် ဟင်ဒီစာပေနှင့်ယဉ်ကျေးမှုကို လေ့လာသင်ယူခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရှန်တိနိကေတန်သို့ သွားရောက်ခဲ့သည်။ ဆရာပါရဂူက တဂိုး၏ နာမည်ကျော် ကဗျာများ ကိုသာမက ဝတ္ထုတို ၃၉ ပုဒ်၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်နှင့် ပြဇာတ်တချို့ကိုပါ ဘာသာပြန်ဆိုခဲ့သည်။ တဂိုး၏ စာပေလက်ရာများ၊ အတွေးအခေါ်များနှင့် တဂိုး အကြောင်းကိုလည်း ဆရာပါရဂူက ဆောင်းပါးများ ရေးသားခဲ့သည်။ ဆရာပါရဂူသည် ပါဠိ၊ သက္ကတနှင့် ဟင်ဒီဘာသာများကို တတ်ကျွမ်းသောကြောင့် တဂိုး၏တချို့စာများကို ဟင်ဒီဘာသာမှ တိုက်ရိုက်ပြန်ဆိုခဲ့သည်။

တဂိုးရေးသားသည့်စာများကို ဟင်ဒီဘာသာနှင့် ဘင်္ဂလီဘာသာများဖြင့် တိုက်ဆိုင်စစ်ဆေး၍ မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့သူ မြန်မာစာရေးဆရာတစ်ဦးမှာ ဦးသော်ဇင်(၁၉၁၃-၁၉၉၀) ဖြစ်သည်။ ဆရာကြီးဦးသော်ဇင်က ဂီတာဇလီ ကဗျာစုကို ဟင်ဒီမှနှင့် သာမက ဘင်္ဂလီမှနှင့်ပါ တိုက်ဆိုင်စစ်ဆေးလျက် ၁၉၇၂ ခုနှစ်တွင် မြန်မာဘာသာပြန်ဆိုခဲ့သည်။ ဤတွင် ဆရာဦးသော်ဇင်က မြန်မာဟန်နှင့်နီးစပ်မှုထက် မူလဘင်္ဂလီမှ ဃါလွင် စေရေးကို ဦးစားပေး ရေးသားခဲ့သည်။ ရည်ရွယ်ချက်ကား မြန်မာတို့အတွက် ဘင်္ဂါလီယဉ်ကျေးမှုနှင့်အတွေးအခေါ်များကို ကျွမ်းဝင်နိုင်စေရန်ဖြစ်သည်။

ကလောင်အမည် ဒဂုန်တာရာ (အမည်ရင်း ဦးဌေးမြိုင်) သည် ၁၉၄၆ ခုနှစ် ဝန်းကျင်တွင် နာမည်ထင်ရှားကျော်ကြားခဲ့သည့် လူငယ်စာရေးဆရာဖြစ်ပြီး တဂိုး၏ ကဗျာတချို့ကိုလည်း ဘာသာပြန်ဆိုခဲ့သည်။

ထိုနည်းတူပင် စာရေးဆရာဇနီးမောင်နှံဖြစ်ကြသည့် မင်းယုဝေ (ဦးဝင်းမောင်) နှင့် ဒွေတာရီ [ဒေါခင်ရီ (၁၉၂၅-၁၉၅၈)] တို့သည် လည်းကောင်း၊ နောက်ပိုင်းတွင် မြန်မာစာပေ မျိုးဆက်သစ် မိုးမိုး (အင်းလျား) (၁၉၄၅-၁၉၉၀) တို့ကလည်းကောင်း တဂိုး၏ ကဗျာအများအပြားကို မြန်မာဘာသာပြန်ဆိုခဲ့ကြသည်။

တဂိုး၏ ဝတ္ထုတိုအားလုံးနီးပါးကို ဆရာပါရဂူနှင့် ဆရာမြသန်းတင့် (၁၉၂၉-၁၉၉၈)တို့က ဘာသာပြန်ခဲ့ကြပြီး ထိုဝတ္ထုများမှာ အကြိမ်ကြိမ် ထပ်မံပုံနှိပ်ခဲ့ရသည်။ စာရေးဆရာမင်းကျော်က ကျော်လှိုင်ဦး ကလောင်အမည်ကွဲဖြင့် တဂိုး၏ကဗျာအချို့ကို ဘာသာပြန်ခဲ့သည်။ ထို့အတူ ဆရာတိုက်စိုး (၁၉၂၀-၂၀၀၃)နှင့် တက္ကသိုလ်ဝင်းမွန်ကလည်း တဂိုးစာအချို့ကို ရွေးချယ်၍ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြသည်။

ဆရာမြသန်းတင့်နှင့် အခြားစာရေးဆရာများသည် မြန်မာစာဖတ်ပရိသတ်အတွက် တဂိုးကဗျာများနှင့် ဝတ္ထုတိုများအား အင်္ဂလိပ်ဘာသာပြန်များမှတစ်ဆင့် မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြခြင်း ဖြစ်သည်။

တဂိုး၏စာပေဩဇာသက်ရောက်မှု

တဂိုး၏ စာပေဩဇာသက်ရောက်မှုကြောင့် ခေတ်စမ်း စာရေးဆရာများက ခေတ်သစ် မြန်မာစာပေပုံသဏ္ဌာန် တစ်ရပ်အား အတွေးသစ်အရေးသစ်များဖြင့် ဖန်တီးရေးသားသည့်ပုံစံ တီထွင်ရေးသားခဲ့ကြသည်။ အထူးသဖြင့် ခေတ်စမ်းစာပေအဖြစ် ကဗျာများ၊ ဝတ္ထုတိုများ စတင်ပေါ်ထွက်လာသည်။ အဓိကအားဖြင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် တဂိုး၏စာပေများကို လေ့လာဖတ်ရှုခြင်းမှတစ်ဆင့် မြန်မာစာရေးဆရာများနှင့် စာဖတ်ပရိသတ်အပေါ် တဂိုး၏စာပေဩဇာသက်ရောက်လွှမ်းမိုးလာခြင်း ဖြစ်သည်။ မြန်မာလူငယ် စာရေးဆရာ

များနှင့် ဆန်းသစ်ပြောင်းလဲမှုကို နှစ်သက်ကြသည့် ခေတ်ပညာတတ်များစုဖွဲ့လျက် တဂိုး၏ စာပေလက်ရာများအပေါ် ဆွေးနွေးငြင်းခုံမှုများကိုလည်း ပြုလုပ်ကြသည်။

၁၉၃၅ ခုနှစ်ဝန်းကျင်တွင် အိန္ဒိယနိုင်ငံ လွတ်မြောက်ရေး အမျိုးသားရေးလှုပ်ရှားကြိုးပမ်းမှု အရှိန်အမြင့်မားဆုံးသို့ ရောက်ရှိလာသည်။ မြန်မာစာရေးဆရာများ ကြိုက်နှစ်သက်ကြသည့် တဂိုး၏ ဂီတဥလီ ကဗျာစုလာ "ဒို့အိန္ဒိယ" ကဗျာမှ "အကြင်အရပ်၌ စိတ်ဓာတ်တို့သည် ကြောက်ခြင်းကင်း၍..." ဟူသည့် စာသားများက မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှု နိုးကြားစကာလ မြန်မာများ၏ စိတ်ဓာတ်ကို ပိုမိုခိုင်မာတက်ကြွစေခဲ့သည်။ တဂိုး၏ အမိမြေကို ချစ်မြတ်နိုးစိတ်လူသားဝါဒနှင့် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ကြိုးပမ်းမှု၊ အမှန်တရားနှင့် စည်းလုံးညီညွတ်မှုကို ချစ်မြတ်နိုးတန်ဖိုးထားမှုများ ထင်ဟပ်နေသည့် စာများနှင့် တရားမျှတမှုနှင့် ငြိမ်းချမ်းမှုများ လမ်းပွင့်လာစေရန် အတွေးနှင့် အရေးနှစ်မျိုးစလုံးဖြင့် တဂိုး၏ ကြိုးပမ်းမှုများက မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် မြန်မာလူငယ်များနှင့် ခေတ်ပညာတတ် စာရေးဆရာများအတွက် စိတ်ဓာတ်ခွန်အားများမြင့်မားလာစေခဲ့သည်။

အခြားတစ်ဖက်မှကြည့်လျှင် တဂိုးသည် အာရှနိုင်ငံကြီးများသို့ ခရီးသွားရာ၌ အသွားခရီး၌ဖြစ်စေ၊ အပြန်ခရီး၌ဖြစ်စေ မြန်မာနိုင်ငံသို့ဝင်ရောက်ပြီး ခရီးတစ်ထောက် သုံးကြိမ်တိုင် ရပ်နားခဲ့ဖူးသည်။ ထိုရပ်နားခဲ့သည့် သုံးကြိမ်စလုံး၌ ရက်အနည်းငယ်မျှသာ ရန်ကုန်တွင် နေထိုင်သွားခဲ့သဖြင့် တဂိုး၏ခရီးစဉ်များကို မြန်မာအများစုက အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့ဟန်တူသည်။ တဂိုးအားမြင်တွေ့လိုက်ရသည့် မြန်မာအနည်းစုကလည်း တဂိုးကို မုတ်ဆိတ်ကျင်စွယ်နှင့် ထည်ဝါခန့်ညားသည့် ရှေးဖြစ်နောက်ဖြစ် မြင်နိုင်စွမ်းရှိသည့် သူတော်စင်တစ်ဦး၊ အသံအောင်အောင်ဖြင့် ဘင်္ဂါလီဘာသာဖြင့် ကဗျာရွတ်ကောင်းသူတစ်ဦးဟုသာ ရှုမြင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဘင်္ဂါလီများက တဂိုးအား ပညာရှင်တန်ခိုးကြီး ကဝိတစ်ပါးသဖွယ် ရိုသေကိုင်းရှိုင်းစွာ ဆက်ဆံ၍ မွေးကြိုင်သည့် စံပယ်ပန်းကုံးများ ဆက်သကြလျက် တဂိုး၏ ခြေရင်းတွင် ဒူးထောက်ထိုင်ကာ တဂိုး၏ခြေများအား ပွေ့ဖက်ဦးတိုက်ထားကြသည်ကို မြင်ရခြင်းကြောင့်ပင် ဖြစ်သည်။

ပညာရေးနယ်ပယ်၌လည်း တချို့ကိုယ်ပိုင်ကျောင်းများက တဂိုး၏ ရှန်တိနိကေတန်ကျောင်းကို အတုယူလျက် သမားရိုးကျ စည်းကမ်းတင်းကျပ်မှုများကို လျှော့လျက် ကျောင်းသားကျောင်းသူများအား လွတ်လပ်စွာ ပညာသင်ကြားပေးရန် ကြိုးပမ်းအားထုတ်လာကြသည်။ ဒေါက်တာမောင်ဖြူး (ဦးဝွမ်လျောင်) သည်လန်ဒန်တက္ကသိုလ်မှ ပညာရေးဒီပလိုမာဘွဲ့ ယူခဲ့ပြီး ပညာရေးဝန်ထမ်းအဖြစ် ဝါးခယ်မ၊ မြင်းခြံ၊ မော်လမြိုင် စသည့်မြို့များတွင် အမှုထမ်းခဲ့သည်။ ဒေါက်တာမောင်ဖြူးသည် တဂိုး၏ ပညာရေးလုပ်ငန်းများကို စိတ်ဝင်စားသဖြင့် ရှန်တိနိကေတန်ကျောင်းသို့ သွားရောက်လေ့လာခဲ့ဖူးသည်။ တဂိုးကျောင်းတွင် အရှေ့တိုင်းရိုးရာဓလေ့အတိုင်းပညာပို့ချသောစနစ်ကို လေ့လာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်တွင် ဒေါက်တာမောင်ဖြူး အငြိမ်းစားယူပြီးနောက် ရှန်တိနိကေတန်ကိုအတုယူလျက် ကိုယ်ပိုင်ကျောင်းလေးတစ်ကျောင်းကို ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်ဓမ္မာရုံ၏တောင်ဘက်နား၌ ဖွင့်လှစ်ခဲ့ဖူးသည်။ သို့သော်ထိုကျောင်းသည် အောင်မြင်မှုနည်းပါးခြင်းနှင့် အခြားအခက်အခဲများကြောင့် ကာလကြာရှည်မဖွင့်နိုင်ဘဲ ပိတ်ခဲ့ရသည်။

နာမည်ကြီး စာရေးဆရာကြီးပါရဂူ အပေါ်၌လည်း တဂိုး၏ဩဇာ လွှမ်းမိုးသက်ရောက်ခဲ့သည်။ ဆရာပါရဂူ အသက်အရွယ်ကြီးရင့်လာချိန် အသက် ၈၄ နှစ်ကျော်အရွယ်တွင် တစ်သက်လုံး စာပေရေးသားစုဆောင်းခဲ့သည့်ငွေကြေးများကို မူတည်ပြီး စိတ်အားထက်သန်စွာ စာကြည့်တိုက်တစ်တိုက်ထူထောင်ဆောက်တည်ခဲ့သည်။ ဆရာပါရဂူက ၎င်း၏ စာကြည့်တိုက်ကို "ရှန်တိနိကေတန်စာကြည့်တိုက်" ဟု အမည်ပေးခဲ့သည်။ ထိုစာကြည့်တိုက်သည် ရန်ကုန်မြို့၏ မြောက်ဘက်ဆင်ခြေဖုံးမြို့တစ်မြို့ဖြစ်သည့် ရွှေပေါက်ကံ၌ ဖွင့်လှစ်ထားသည်။ ဆရာပါရဂူသည် တဂိုးကွယ်လွန်ပြီးနှစ်ပေါင်းများစွာကြာမြင့်မှရှန်တိနိကေတန်သို့ သွားရောက်လည် ပတ်ခဲ့ဖူးသူဖြစ်သည်။ တဂိုးမရှိတော့သည့် ရှန်တိနိ ကေတန်သည်ပင် ဆရာပါရဂူအား များစွာဆွဲဆောင် ဖမ်းစားနိုင်ခဲ့ကြောင်း စာကြည့်တိုက်အမည်က

သက်သေပင်ဖြစ်တော့သည်။ ရှန်တိုနီကောတန် စာကြည့်တိုက်ကို ၂၀၀၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်မြို့ရှိ တဂိုးအသင်းကို ၁၉၅၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ တဂိုးအသင်း၏ ဥက္ကဋ္ဌအဖြစ် နာမည်ကျော်မြန်မာစာရေးဆရာများ၊ တက္ကသိုလ်ပါမောက္ခများ၊ အရာရှိကြီးများ အစရှိသူတို့က တာဝန်ယူခဲ့ကြသည်။ ထိုသို့ တာဝန်ယူခဲ့ကြသူများမှာ ပါဠိပါမောက္ခ ဦးအောင်သန်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထင်အောင်၊ ဒေါက်တာ ထင်အောင်၏ အစ်ကို တရားသူကြီးချုပ်ဦးမြင့်သိန်း၊ ကျောင်းဆရာလည်းဖြစ်၊ နာမည်ကျော်စာရေးဆရာလည်းဖြစ်သည့် ဒေါက်တာမောင်ဖြူး၊ ဦးခန့်တို့ ဖြစ်ကြသည်။ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင်မူ အိန္ဒိယစာပေကျွမ်းကျင် ပညာရှင် စာရေးဆရာပါရဂူက အသင်း၏ဥက္ကဋ္ဌ တာဝန်ကိုထမ်းဆောင်ခဲ့သည်။ ဆရာပါရဂူသည် တဂိုးအား လေးစားကြည်ညိုသူဖြစ်ပြီး တဂိုး၏လူသားဝါဒဆိုင်ရာ အတွေးအခေါ်များနှင့် ဗုဒ္ဓဘာသာအယူဝါဒအပေါ် အလေးအနက်တန်ဖိုးထားသူဖြစ်သည်။

၁၉၅၀ ပြည့်နှစ်ဝန်းကျင်တွင် မြန်မာနိုင်ငံ တဂိုးအသင်း စတင်တည်ထောင်စက လစဉ်အစည်းအဝေးကျင်းပပြီး အိန္ဒိယလူမျိုးများရော မြန်မာများပါ တဂိုး၏ကဗျာရွတ်ဆိုပွဲများ ကျင်းပခဲ့သည်။ တဂိုး၏ဂီတ၊ သီချင်းနှင့် အကများကိုလည်း တီးခတ်သီဆိုကြသည့်နည်းတူ ပြဇာတ်များကိုလည်း ခင်းကျင်းကပြခဲ့ကြသည်။ နောက်ပိုင်းတွင်မူ အစည်းအဝေးကို တဂိုးမွေးနေ့ ကျရောက်သည့် နေ့ရက်တွင်သာ တစ်နှစ်တ့စ်ကြိမ်ကျင်းပနိုင်ခဲ့သည်။ မျက်မှောက်ကာလ၌ တဂိုးအသင်း၏ လှုပ်ရှားမှုများ တဖြည်းဖြည်းလျော့ပါးလာကာ တဂိုးနှင့်ပတ်သက်သည့်ပွဲလမ်းများ ကျင်းပခြင်းမရှိသလောက် ဖြစ်လာသည်။ တဂိုးအသင်း ပြန်လည်ရှင်သန်လာစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်။

၁၉၆၁ ခုနှစ် မေလ ၁၂ရက်နေ့တွင် တဂိုးရာပြည့်အခမ်းအနားများကို ရန်ကုန်မြို့တော်ခန်းမ၌ ခြိမ့်ခြိမ့်သဲကျင်းပခဲ့သည်။ ထိုစဉ်က ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတကြီး မန်းဝင်းမောင် ကိုယ်တိုင် တက်ရောက်ဂုဏ်ပြုခဲ့သည်။ ထို့ပြင် တရားသူကြီးချုပ် ဦးမြင့်သိန်း၊ မြန်မာနိုင်ငံတကိုးအသင်း ဥက္ကဋ္ဌ အစိုးရအဆင့်မြင့်အရာရှိကြီးများနှင့် စာပေပညာရှင်အမြောက်အမြားလည်း တက်ရောက်ခဲ့ကြသည်။ တဂိုးရာပြည့်ပွဲတက်ရောက်လာသူများအား သမ္မတကြီးမန်းဝင်းမောင်က ကြိုးမြတ်သည့်အတွေးအခေါ်ပညာရှင်၊ ကဗျာစာဆိုကြီးတဂိုး၏ လေးနက်ကောင်းမွန်လှသည့် အတွေးအခေါ် အယူအဆများ လူအများအကြား၌ ပျံ့နှံ့စေရန်နှင့် တည်တံ့ခိုင်မြဲစေရန် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။ တဂိုးရာပြည့်အထိမ်းအမှတ် စာအုပ်စာတမ်းများကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့ပြီး မေရိုးမရင်းကလပ် (Mayo Marine Club) တွင် တဂိုးပြဇာတ်တစ်ခုကိုလည်း စင်တင်ကပြခဲ့သည်။

တဂိုး၏စာများကို မြန်မာဘာသာသို့ ယနေ့ထိတိုင် ဆက်လက်ပြန်ဆိုရေးသား ထုတ်ဝေကြဆဲဖြစ်သည်။ သို့သော် တဂိုး၏ဂီတ၊ သီချင်း၊ အကနှင့် ပြဇာတ်များကိုမူ သီဆိုတီးမှုတ်ခြင်း၊ တင်ဆက်ကပြခြင်း မရှိသလောက် နည်းပါးသွားသည်။

မြန်မာ့အနုပညာလောကတွင် ဗကျိုအောင်စိုး (၁၉၂၃-၁၉၉၀) သည် သူ၏ပန်းချီဖြင့် မြန်မာပန်းချီခေတ်သစ် တစ်ခေတ်ကို စိုက်ထူနိုင်ခဲ့သူ ဖြစ်သည်။ ဗကျိုအောင်စိုး၏ ပန်းချီလက်ရာများတွင် တဂိုး၏အငွေ့အသက်များ လွှမ်းမိုးနေကြောင်း တွေ့ရှိနိုင်သည်။ ဆရာဇော်ဂျီ၏ အားပေးတိုက်တွန်းမှုကြောင့် ဗကျိုအောင်စိုးသည် ၁၉၅၁ ခုနှစ်တွင် ရှန်တိုနီကေတန်သို့ သွားရောက်ပြီး ပန်းချီပညာသင်ယူ လေ့လာခဲ့သည်။ ဆရာဇော်ဂျီသည် ဗကျိုအောင်စိုးအား ရှန်တိုနီကေတန်သို့ သွားရောက်၍ ပန်းချီပညာလေ့လာရန် တိုက်တွန်းခဲ့ရုံသာမက အိန္ဒိယသံရုံးသို့ ဗကျိုအောင်စိုးအတွက် ပညာသင်ဆုရရှိစေရန် တောင်းခံပေးခဲ့သည်။

တဂိုး၏စာများကို မြန်မာစာဖတ်ပရိသတ်က စဉ်ဆက်မပြတ် နှစ်သက်စွာဖတ်ရှုခဲ့ကြ၊ ဖတ်ရှုနေကြဆဲဖြစ်သည်။ မြန်မာစာဖတ်ပရိသတ်အပေါ် ထိရောက်စွာ လွှမ်းမိုးနိုင်သည့် နိုင်ငံခြားစာရေး ဆရာများ၏ စာပေအနည်းအကျဉ်းသာရှိပြီး ထိုထဲတွင် တဂိုး၏စာများ ရေ့တန်းမှ ပါဝင်နေကြောင်း တွေ့ရှိရသည်။

ဒေါက်တာသော်ကောင်း

မြန်မာနိုင်ငံ သန်းခေါင်စာရင်းသမိုင်း

လူဦးရေ သန်းခေါင်စာရင်းကောက်ယူမှုသည် ရှေးယခင်ကတည်းက ကောက်ယူမှုရှိခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိနိုင်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၀ နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူခဲ့ခြင်းဖြစ်ပေသည်။ မြန်မာနိုင်ငံတွင်လည်း သာလွန်မင်းတရားကြီး လက်ထက်နှင့် ဘိုးတော်ဘုရား လက်ထက်တို့တွင် လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြကြောင်း သမိုင်းအထောက် အထားများ၌ တွေ့ရှိနိုင်သည်။

သန်းခေါင်စာရင်းကောက်ယူမှုတွင် ရည်ရွယ်ချက်များထားရှိသည်။ ယင်းတို့အနက် စီးပွားရေးစီမံကိန်းလမ်းညွှန်မှုများကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် လူ့စွမ်းအားစာရင်းရရှိရေးသည် လွန်စွာမှအရေးကြီးလှပေသည်။ လွတ်လပ်ရေးမရမီ ကောက်ယူခဲ့သော သန်းခေါင်စာရင်းထက် လွတ်လပ်ရေးရပြီးနောက် ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှာ ပို၍တိကျပြည့်စုံကြောင်း စာရင်းဇယားများတွင် တွေ့ရှိနိုင်ပေသည်။

လူဦးရေကို ဘေဘီလိုနီးယား (Babylonia) နိုင်ငံတွင် ဘီစီ ၃၈၀၀ ခန့်ကလည်းကောင်း၊ တရုတ်နိုင်ငံတွင် ဘီစီ ၃၀၀၀ ခန့်ကလည်းကောင်း၊ အီဂျစ်နိုင်ငံတွင် ဘီစီ ၂၅၀၀ ခန့်ကလည်းကောင်း ရေတွက်ကြည့်ခဲ့ကြသော သမိုင်း အထောက်အထားများရှိသည်။

လူဦးရေသန်းခေါင်စာရင်းကို ကနေဒါနိုင်ငံကျဲဘတ်ပြည်နယ်၌ ၁၆၆၆ ခုနှစ်တွင် ပထမဦးဆုံး ကောက်ဖြစ်ခဲ့သည်။

ခေတ်သစ်လူဦးရေသန်းခေါင်စာရင်းကို အမေရိကန်ပြည်ထောင်စု၌ ၁၇၉၇ ခုနှစ် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကောက်ယူခဲ့ပြီး ၁၀ နှစ်တစ်ကြိမ်ကောက်ယူရန် လိုအပ်လာခဲ့သည်။

စူးစမ်းချိန် (Time of Observation) ၌ နယ်နိမိတ်အတိအကျသတ်မှတ်ထားသော အရပ်တစ်ရပ်အတွင်း တွေ့ရှိသမျှသောလူတို့အား "တွေ့ရှိလူဦးရေ" (The True or actual Population) ဟု ခေါ်သည်။ တွေ့ရှိလူဦးရေထဲတွင် အဆိုပါအရပ်မှ အိုးအိမ်ဖြင့် အတည်တကျနေထိုင်သူများ၊ ဧည့်သည်များနှင့် အခြေအနေမဲ့များပါဝင်နေကြောင်းတွေ့ရသည်။

စူးစမ်းချိန်၌ အရပ်တစ်ရပ်အတွင်း၌ အိုးအိမ်ဖြင့် အတည်တကျနေထိုင်သူများအား "နေမြဲလူဦးရေ" (De-jure or normal Population) ဟု ခေါ်သည်။

ရွေးချယ်ထားသောနေ့ရက်၏ သန်းခေါင်ယံ၌ နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းရှိ (က) နေမြဲလူဦးရေ သို့မဟုတ် (ခ) တွေ့ရှိ လူဦးရေ၏ အရေအတွက်နှင့် အတူ အရည်အသွေးဆိုင်ရာ အချက်အလက်များကို တရားဝင် ရေတွက်စုဆောင်းထားသည့်မှတ်တမ်းကို လူဦးရေ သန်းခေါင်စာရင်း (Population Census) ဟုခေါ်သည်။

မြန်မာနိုင်ငံတွင် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်၊ သာလွန်မင်းတရားလက်ထက်နှင့် ၁၁၄၅ ခုနှစ် ဘိုးတော်ဘုရားလက်ထက်တို့တွင် လူဦးရေဆိုင်ရာ အချက်အလက်များကို စုဆောင်းခဲ့ကြောင်းသမိုင်း အထောက်အထားများတွေ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဓရိယာအကျယ် အဝန်းမှာ ၂၆၁၂၇ ဒသမ ၈ စတုရန်းမိုင် ဖြစ်၅၇၇ ဒသမ ၅ စတုရန်း ကီလိုမီတာဖြစ်ပြီး လူဦးရေသန်းခေါင်စာရင်း ကိုမူ ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ ခုနှစ်တို့တွင် အောက် မြန်မာနိုင်ငံမှ စတင်၍ကောက်ယူခဲ့သည်။ ၁၈၉၁ ခုနှစ်မှ စတင်ပြီး ၁၀ နှစ်ခန့်ခြားပြီးနောက် လူဦးရေသန်းခေါင် စာရင်းကိုကောက်ယူခဲ့သည်။

၁၉၄၁ ခုနှစ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံသော လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့သော်လည်း ခရိုင်အလိုက် လူဦးရေစာရင်းဇယားတစ်ခုသာကျန်ရှိခဲ့

၁၉၅၃ ခုနှစ်၌ ကောက်ယူခဲ့သော သန်းခေါင်စာရင်းတွင် သမားရိုးကျ မေးလေ့ရှိသော မေးခွန်းများအပြင် နိုင်ငံသားနှင့် မှတ်တမ်းတင်ချိန်တွင် တွေ့ရသော အရပ်၌ နေခဲ့သည့်ကာလကို မေးခဲ့သည်။ အသက် ၆ နှစ်နှင့်အထက်ရှိသူတို့ကို ပညာရေးဆိုင်ရာ အကြောင်းမေးသည်။ အသက် ၁၁ နှစ်နှင့် အထက်ရှိသူတို့ကို သန်းခေါင်စာရင်းနှစ် (Census Year) တွင် အလုပ်လုပ်ခဲ့သော ကာလ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ လုပ်သား၊ လုပ်ငန်းရှင်၊ ကိုယ်ပိုင်လုပ်ငန်းအစရှိသော အလုပ်အကိုင်အခြေအနေ၊ အလုပ်လက်မဲ့များအား အလုပ်လက်မဲ့ဖြစ်နေရခြင်း၏ အကြောင်းရင်းနှင့် ဝင်ငွေတို့ကို မေးမြန်းခဲ့သည်။

အိမ်ထောင်သည်များအား ပထမအိမ်ထောင်ပြုချိန်အသက်အိမ်ထောင်သက်၊ မွေးဖွားခဲ့သော ကလေးအရေအတွက်၊ အသက်ရှင်နေသော ကလေးအရေအတွက်၊ သားဦးမွေးချိန်အသက်၊ သန်းခေါင်စာရင်းနှစ်အတွင်း၌ သေဆုံးခဲ့သော ၅ နှစ်အောက်ကလေးအရေအတွက်တို့ကို မေးမြန်းခဲ့သည်။

၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်အထိ ကောက်ယူခဲ့သော လူဦးရေသန်းခေါင်စာရင်းအတွက် "၁၉၇၂ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံသန်းခေါင်စာရင်း ဥပဒေ"ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လွှတ်တော်ကောင်စဉ်က ပြဋ္ဌာန်းလိုက်သည်။

၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်းစာရင်းတွင် အမည်၊ကျား/မ၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ၊ လူမျိုး၊ နိုင်ငံသား၊ ကိုးကွယ်သည့်ဘာသာ၊ အမြင့်ဆုံးအောင်မြင်သည့်အတန်း၊ အလုပ်အကိုင်၊ လုပ်ငန်း၊ လုပ်သားအမျိုးအစား၊ အလုပ်လက်မဲ့ဖြစ်ရသည့် အကြောင်းရင်း၊ မိခင်၊ ဖခင်အကြောင်းတို့ကို မေးမြန်းထားသည်။

၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်း ၂ ခုကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ လက်ထက်တွင် ကောက်ယူခဲ့သည်။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်းနှင့် မဲဆန္ဒရှင် လုပ်ငန်းရပ်များကို ကြိုးကြပ်ကွပ်ကဲရန်အတွက်၊ ဗဟိုကော်မရှင်နှင့် ကော်မတီ၊ ပြည်နယ်/တိုင်းကော်မရှင်နှင့်ကော်မတီ၊ ပြီး ဒုတိယကမ္ဘာစစ်ကြောင့် အခြားစာရင်းဇယားများမှာ ပျက်စီးခဲ့ရသည်။ ၁၉၄၁ ခုနှစ် လူဦးရေ သန်းခေါင်စာရင်းအရမူ မြန်မာနိုင်ငံလူဦးရေမှာ ၁၆ ဒသမ ၈၂၄ သန်းရှိပြီး ကောက်ယူခဲ့သော ဧရိယာမှာ ၂၆၁၇၅၂ စတုရန်းမိုင် ဖြစ်သဖြင့် လူဦးရေသိပ်သည်းမှု (Population Density) မှာ တစ်စတုရန်းမိုင်လျှင် ၆၄ ဒသမ ၂၉ ဖြစ်သည်။

၁၈၇၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ လူဦးရေသန်းခေါင်စာရင်းကောက်ယူမှု၊ ကောက်ယူသည့်ရက်စွဲနှင့် လူဦးရေနှင့် လူဦးရေသိပ်သည်းမှု (Population Density) တို့ကို ဇယားအမှတ် (၁)တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာပြည်မတွင် ၂၄၈ မြို့၊ ကချင်ပြည်နယ်တွင် ၄ မြို့ စုစုပေါင်း ၂၅၂ မြို့တွင် လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည်မရှိကျေးရွာအုပ်စု ၂၁၄၃ နှင့် ကချင်ပြည်နယ်တွင် မြို့ဧရိယာနှင့် ထိစပ်လျက်ရှိသော ကျေးရွာအုပ်စု ၁၀၁၆ ခု စုစုပေါင်း ၃၁၅၉ တို့တွင်လည်းကောင်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ကျေးရွာအုပ်စုများမှာ ကောက်ယူခဲ့သော ကျေးရွာအုပ်စုဧရိယာမှာ စုစုပေါင်း ကျေးရွာဧရိယာ၏ ၁၅ ရာခိုင်နှုန်းဖြစ်သည်။

၁၉၅၃ ခုနှစ်တွင် ၂၅၂ မြို့၌ ကောက်ယူခဲ့သော်လည်း မြန်မာတစ်ပြည်လုံး၏ လူဦးရေမှာ ၁၉.၇၀၇ သန်းရှိခဲ့ပြီး ယင်းတို့အနက် အမျိုးသားဦးရေ ၉၆၈၈ သန်းနှင့် အမျိုးသမီးဦးရေ ၁၀၀၁၉ သန်းရှိ သဖြင့် ကျားမအချိုးမှာ အမျိုးသမီးဦးရေ ၁၀၀ လျှင် အမျိုးသားဦးရေ ၉၆ ဒသမ ၇၀ ရှိခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ကောက်ယူခဲ့သော သန်းခေါင်စာရင်းတွင် ဗြိတိသျှလက်ထက်မှ သန်းခေါင်စာရင်းများထက် အချက်အလက်ပိုမိုပြည့်စုံစွာ စုဆောင်းထားကြောင်းကို တွေ့ရသည်။

စစ်ပြီးခေတ်သန်းခေါင်စာရင်းကို လူဦးရေသန်းခေါင်စာရင်း၊ နမူနာလူဦးရေသန်းခေါင်စာရင်း၊ နမူနာအိုးအိမ်သန်းခေါင်စာရင်း၊ စက်မှုသန်းခေါင်စာရင်း၊ အိမ်တွင်းစက်မှုလက်မှုသန်းခေါင်စာရင်း၊ စိုက်ပျိုးရေးသန်းခေါင်စာရင်းဟူ၍ သတ်မှတ်နိုင်သည်။

မြို့နယ်ကော်မရှင်နှင့်ကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်နှင့် ကော်မတီများကို ဖွဲ့စည်းခဲ့ကြသည်။

၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၅ ရက်နေ့တွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူရန်အတွက် ၁၉၇၃ ခုနှစ်တွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူခဲ့စဉ်ကကဲ့သို့ပင် အထက်ပါအတိုင်း ကော်မတီ ၄ ဆင့်ကို ဖွဲ့စည်းခဲ့သည်။

၁၉၇၃ ခုနှစ် မတ်လ ၃၁ ရက်နေ့ ညဉ့်သန်းခေါင်ယံ၌ မြန်မာတစ်နိုင်ငံလုံးတွင် ရှိသည့်လူဦးရေကို ရည်ညွှန်းလျက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်၏ အကူအညီဖြင့် ၁၉၇၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ နေရပ်တွင်နေမြဲလူဦးရေကိုလည်းကောင်း၊ ၁၉၇၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် လေ၊ သမ္မန်၊ သဘော်ဘ စသည့်ရေယာဉ်အမျိုးမျိုးပေါ်ရှိ နေထိုင်သူနှင့် ဘူတာရုံရှိ ရထားတွဲအချို့တို့တွင် နေထိုင်သောသူတို့နှင့် အခြေအနေအတည်တကျမရှိသူတို့ကို တွေ့ရှိရာအရပ်၌ တွေ့ရှိလူဦးရေအဖြစ်လည်းကောင်း၊ မှတ်တမ်းတင်ခြင်းဖြင့် မြန်မာတစ်နိုင်ငံလုံးအတွက်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ကြသည်။

ထို့အတူ ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၄ ရက် အထိနေမြဲလူဦးရေနှင့် ၁၉၈၃ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် တွေ့ရှိလူဦးရေကို ၁၉၇၃ ခုနှစ် ကကဲ့သို့ပင် ကောက်ယူခဲ့ပြီး တစ်နိုင်ငံလုံးအတွက် လူဦးရေကို ကောက်ယူခဲ့သည်။

၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ရည်ရွယ်ချက်ထားရှိရာ ရည်ရွယ်ချက်များမှာ ဆိုရှယ်လစ်အုပ်ချုပ်ရေးယန္တရားကို တည်ဆောက်ရန် ပြည်သူ့လွှတ်တော်အဆင့်ဆင့်အတွက်၊ ကိုယ်စားလှယ်များအား ရွေးချယ်နိုင်ရေးအတွက်၊ မဲဆန္ဒရှင်စာရင်းနှင့် စီးပွားရေးစီမံကိန်းလမ်းညွှန်မှုများကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် အရေးကြီးသော လူအင်အားစာရင်းရရှိရန်တို့ဖြစ်သည်။

၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စီးပွားရေးနှင့်လူမှုရေးစီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းရပ်များအတွက် ခိုင်လုံသော အခြေခံလူဦးရေစာရင်းအင်းရရှိရန်၊ အစိုးရဌာနများအတွက် ယင်းတို့၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော လူမှုရေး၊ စီးပွားရေးနှင့်လူဦးရေအချက်အလက်များကို ရရှိစေရန်၊ အနာဂတ်အတွက် လူဦးရေခန့်မှန်းခြင်း၊ လုပ်သားအင်အားခန့်မှန်းခြင်း၊ လူဦးရေပြောင်းလဲမှုအခြေအနေများခန့်မှန်းခြင်းနှင့် လူဦးရေ သုတေသနပြုလုပ်ငန်းများအတွက် အခြေခံစာရင်းအင်းများရရှိစေရန်၊ သန်းခေါင်စာရင်းကြားကာလများတွင် လူမှုရေး၊ စီးပွားရေးနမူနာစစ်တမ်းများအတွက် လိုအပ်သော အခြေခံစာရင်းအင်းများရရှိစေရန်တို့ဖြစ်ကြသည်။

၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်ကွက်များသတ်မှတ်ရာအကျယ်အဝန်းမှာ အိမ်ထောင်စု ၅၀ ခန့် ပါရှိရမည်ဖြစ်သည်။

စာရင်းကောက်ကွက်တစ်ခုအတွင်း စာရင်းကောက်ကွက်တည်ရှိပုံနှင့် စာရင်းကောက်ကွက်နယ်နိမိတ်၊ အဆောက်အဦများတည်ရှိပုံလမ်း၊ ရေတွင်းရေကန်အစရှိသည့်ထင်ရှားသော မြေပြင်အမှတ်အသားများတည်ရှိပုံကိုဖော်ပြသော စာရင်းကောက်ကွက်မြေပုံတစ်ခုရေးဆွဲထားရသည်။

အဆောက်အဦစာရင်းကို လူဦးရေ သန်းခေါင်စာရင်းနှင့် တစ်ပြိုင်တည်း ဧပြီလ ၁ ရက်မှ ၄ ရက်အတွင်း ကောက်ယူခဲ့ကြသည်။

အိုးအိမ်မရှိ ရွှေ့ပြောင်းသွားလာနိုင်သော လေ၊ သမ္မန်၊ သဘော်ပေါ်တွင် အတည်တကျမရှိ နေထိုင်သူများကို ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် ဧပြီလ ၅ ရက်နေ့နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း စာရင်းကောက်ယူခဲ့ကြသည်။

၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တွင် ကောက်ယူရရှိခဲ့သော ပြည်နယ်/တိုင်းအလိုက် လူဦးရေနှင့် နှစ်စဉ်လူဦးရေတိုးနှုန်းကို ဇယား (၂) တွင် လည်းကောင်း၊ ပြည်နယ်/တိုင်းအလိုက် လူဦးရေပြန့်ချက်ကို ဇယား (၃) တွင်လည်းကောင်းဖော်ပြထားသည်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း မေးခွန်းလွာ အတို နှင့် အရှည် ၂ ခုကို နောက်ဆက်တွဲ ၁ နှင့် ၂ တွင် ဖော်ပြထားသည်။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် စာရင်းကောက်နှင့် စာရင်းစစ်တို့သည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မိမိတို့အား စာရင်းကောက်နှင့် စာရင်းစစ်အဖြစ် တာဝန်ပေးအပ်ကြောင်းသက်သေခံကတ်ပြားများကို မိမိတို့နှင့် တစ်ပါတည်း ယူဆောင်သွားကြရသည်။ စာရင်း ကောက်ကွက်တစ်ခုလျှင် အဖွဲ့ဝင် ၃ ဦးပါသော စာရင်းကောက်သူများက သတ်မှတ်ထားသောနေ့ရက်များတွင် စာရင်းကောက်ရန်ဖြစ်ပြီး စာရင်းကောက်အဖွဲ့ ၅ ဖွဲ့.ခန့်လျှင် စာရင်းစစ်တစ်ဦး၊ စာရင်းကောက်များနှင့် ဆက်သွယ်ညှိနှိုင်းပြီး စာရင်းအဖြေရေးသွင်းကြရသည်။

စာရင်းကောက်ယူသူများမှာ သက်ဆိုင်ရာစာရင်း ကောက်ကွက်တွင် နေထိုင်လျက်ရှိသော အိမ်ထောင်စုသားများ၊ သက်ဆိုင်ရာစာရင်းကောက်ကွက်ရှိ အဖွဲ့.အစည်းတွင် နေထိုင်သူလူဦးရေ၊ အိမ်ထောင်စုသားများမှ ၆ လထက် မကျော်လွန်သော ခေတ္တခရီးလွန်နေသူများ၊ သက်ဆိုင်ရာစာရင်းကောက်ကွက်အတွင်းသို့ နေထိုင်ရန် မတ်လ ၃၁ ရက်နေ့ည သန်းခေါင်မကျော်မီ ရွှေ့ပြောင်းလာသူများ၊ မတ်လ ၃၁ ရက် သန်းခေါင်ကျော်လွန်ပြီး သေဆုံးသူများရှိလျှင် သက်ဆိုင်ရာ အိမ်ထောင်စုတွင် ထည့်သွင်းကောက်ယူရန်ဖြစ်သည်။ သက်ဆိုင်ရာစာရင်းကောက်ကွက်တွင် အိုးအိမ်အတည်တကျမရှိဘဲ တွေ့ရသူများ၊ ကျောင်းဘော်ဒါဆောင်တွင် ရောက်ရှိနေသူ ကျောင်းသူကျောင်းသားများဖြစ်ကြသည်။

စာရင်းမကောက်ယူရမည့်သူများမှာ အိမ်ထောင်စုမှ ၆ လထက်မနည်းထွက်ခွာသွားခဲ့သူများ၊ နိုင်ငံခြားသို့ပညာသင်သွားရောက်သူများ၊ ဆေးရုံသို့ ၆ လထက်မနည်း တက်ရောက်ဆေးကုသ နေသူများ၊ မတ်လ ၃၁ ရက်ကျော်လွန်ပြီးမှ ပြောင်းရွှေ့လာသူများ၊ မတ်လ ၃၁ ရက် သန်းခေါင်နောက်ပိုင်းတွင် မွေးဖွားသောကလေးများ၊ နိုင်ငံခြားသံအဖွဲနှင့်မိသားစုများဖြစ်ကြသည်။

၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုခဲ့သော မြို့.နယ်လက်စွဲစာအုပ်မှ အဓိပ္ပာယ်ဖွင့် ဆိုချက်အချို့.ကို ဖော်ပြရပေမည်။

အဆောက်အအုံ

အမိုးအကာရှိ၍ လူနေထိုင်နိုင်သော၊ စီးပွားရေးတည်ခင်းထားရှိနိုင်သော အတည်တကျအဆောက်အအုံအား‌လုံး‌ကို ဆိုလိုသည်။ နေ့.ချင်းတည်၍ နေ့.ချင်းဖျက်သိမ်းသော အဆောက်အအုံများ မပါဝင်ပေ။

အိမ်ခန်း

အဆောက်အအုံအတွင်း သာမန်အားဖြင့် အိမ်ထောင်စုတစ်ခု သို့.မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုတည်ထောင်နိုင်ရန် သီးခြားဝင်ပေါက် ထွက်ပေါက်ဖြင့် ဖွဲ့စည်းကာရံထားသော အစိတ်အပိုင်းအခန်းသို့.မဟုတ် အခန်းတွဲများကို ဆိုလိုသည်။

အိမ်ထောင်စု

သာမန်အားဖြင့် အတူနေ အတူစားသော မိသားစုများနှင့် မိသားစုများတွင် ဆွေမျိုးမတော်စပ်သည်ဖြစ်စေ၊ လက်ခံထားရှိသူများပါဝင်သည်။ တစ်ဦးတည်းသာပါဝင်သော အိမ်ထောင်စုလည်းရှိနိုင်သည်။

အိမ်ထောင်ဦးစီး

အိမ်ထောင်စုသား‌များ‌၏ စား‌ဝတ်‌နေ‌ရေး‌အတွက် ဦး‌စီး‌အုပ်‌ထိန်း‌သူ‌ကို‌ဆိုလိုသည်။အိမ်ထောင်စုသားထဲမှ ဝင်ငွေအများဆုံးရရှိသူဖြစ်ရမည်ဟု သေချာပေါက်ဆိုလိုသည်မဟုတ်ချေ။

အဖွဲ့.အစည်း

အိမ်ထောင်ဖွဲ့၍ နေထိုင်ခြင်းမျိုးမဟုတ်ဘဲ သတ်မှတ်ထားသော စည်းမျဉ်းများအရ အုပ်ချုပ်သူအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် နေထိုင်လျက်ရှိသော အုပ်စုကို ဆိုလိုသည်။ ဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဂေဟာ၊ ဆေးရုံ၊ အကျဉ်းထောင် စသည်တို့ပါဝင်သည်။ (ဟိုတယ်၊ တည်းခိုခန်းများမပါဝင်ပါ။)

ဘာသာရေးအဖွဲ့.အစည်း

ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် တွေ့ရှိရသော ဘုန်းတော်ကြီး၊ ဦးပဉ္စင်း၊ ကိုရင်၊ သီလရှင်၊ ဘိုးသူတော်တို့ကိုအဖွဲ့.အစည်းနေ လူဦးရေအဖြစ် သတ်မှတ်ကောက်ယူရန် ဖြစ်သည်။ ဆွေမျိုးတော်စပ်မှုကိုဖော်ပြရန်မလိုပေ (ခေတ္တသာသနာ့ဘောင်ကိုရောက်ရှိနေသူ ဒုလ္လဘရဟန်း၊ သာမဏေစသည်များကို အိမ်ထောင်စုတွင် ကောက်ယူရန်ဖြစ်သည်။)

စစ်တန်းလျား

စစ်တန်းလျားများတွင် နေထိုင်သူများကိုလည်း အဖွဲ့အစည်းနေသူများအဖြစ် ကောက်ယူရန်ဖြစ်သည်။

သူနာပြုဆရာမ

ဘော်ဒါဆောင်တွင် စုပေါင်းနေထိုင်သူများကိုလည်း အဖွဲ့အစည်းနေသူများအဖြစ် ကောက်ယူရန်ဖြစ်သည်။

ဆေးရုံ(စိတ်ကျန်းမာရေးဆေးရုံအပါအဝင်)

ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသနေသူများကို ၆ လ ကျော်လွန်ပါက အဖွဲ့အစည်းနေ လူဦးရေအဖြစ် ကောက်ယူရန်ဖြစ်သည်။ ၆ လထက်မ ကျော်လွန်သူများကို မိမိတို့အိမ်တွင် ကောက်ယူရန်ဖြစ်သည်။

ဘိုးဘွားရိပ်သာ

ဘိုးဘွားရိပ်သာတွင် နေသူများကို အဖွဲ့အစည်းနေ လူဦးရေအဖြစ် ကောက်ယူရန်ဖြစ်သည်။ (ရိပ်သာကြီးကြပ်သူ၊ ကွပ်ကဲသူများ မပါဝင်ပါ။)

အကျဉ်းထောင်

အကျဉ်းထောင်တွင် အပြစ်ဒဏ်ခံနေရသူများကို အဖွဲ့အစည်းနေလူဦးရေအဖြစ် ကောက်ယူရန်ဖြစ်သည်။

စောင့်ရှောက်ရေးဂေဟာများတွင် နေထိုင်သူများကိုလည်းအဖွဲ့အစည်းနေလူဦးရေအဖြစ် သတ်မှတ်ကောက်ယူရန်ဖြစ်သည်။

ရွှေ့ပြောင်းသွားလာလူဦးရေ

အိမ်ခြေမရှိ အတည်တကျမရှိ ရွှေ့ပြောင်းသွားလာနိုင်သော သမ္မန်ပေါ်တွင် နေထိုင်သူများကို ဆိုလိုသည်။ လမ်းဘေးတွင် လေလွင့်နေသူ၊ တောင်းရမ်းစားသောက်သူများကို ရွှေ့ပြောင်းလူဦးရေဟု သတ်မှတ်ရပေမည်။

၁၉၈၃ ခု ဧပြီလ ၁ ရက်မှ ၅ ရက်အထိ လူဦးရေသန်းခေါင်စာရင်းကောက်ယူရန်အတွက် ၁၉၈၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၉ ရက်အထိ စမ်းချောင်းမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ် ၂ ခုတွင် စမ်းသပ်သန်းခေါင်စာရင်းကို ကောက်ယူခဲ့သည်။

အဆိုပါစမ်းသပ် သန်းခေါင်စာရင်းကောက်ယူရာတွင် မေတ္တာရပ်ခံချက်မှာ "ယခုကောက်ယူမည့် လူဦးရေ သန်းခေါင်စာရင်းသည် ဒေသအလိုက် အမှန်တကယ်ရှိသော လူဦးရေကို အဓိကသိရှိလို၍ ကောက်ယူခြင်း ဖြစ်သည်။ သို့ဖြစ်ပါ၍ လူများမကြွင်းမကျန် အမှန်ရအောင် ဝိုင်းဝန်းကူညီကြပါ" ဟူ၍ ဖြစ်သည်။

၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင်မြို့နယ်ပေါင်း ၂၈၈ မြို့နယ်ရှိသော်လည်း အကြောင်းကြောင်းကြောင့် မြို့နယ် ၆ ခုတွင် လူဦးရေ သန်းခေါင်စာရင်းမကောက်ယူခဲ့ဘဲ အဆိုပါ ၆ မြို့နယ်အတွက် ခန့်မှန်းလူဦးရေ (Estimated Population) ကို တွက်ချက်၍ စုစုပေါင်းလူဦးရေတွင် ထည့်သွင်းဖော်ပြခဲ့သည်။

သန်းခေါင်စာရင်းကောက်ယူချိန်တွင် လူတစ်ဦးတစ်ယောက်သည် နေမြဲလူဦးရေအဖြစ် လိပ်စာတစ်နေရာတည်းတွင်သာရှိရမည်ဖြစ်သည်။

ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ပြည့်နှစ်

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးက ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်ကို ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ပြည့်သည့်နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အသက် (၁၅-၄၉) နှစ်အရွယ်အတွင်းရှိ မိခင်များသည် ၁၉၇၀ ပြည့်နှစ်များကထက် ကလေးရရှိမှု လျော့နည်းလာသည်ကို တွေ့ရသည်။ ၁၉၇၀ ပြည့်နှစ်တွင် မွေးနှုန်းကြမ်းသည် ၃၃ ဦးရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် ၂၆ ဦး၊ ၂၀၀၉ ခုနှစ်တွင် လူဦးရေ ၁၀၀၀ လျှင် ၂၀ ဦးအထိကျဆင်းလာသည်။

ကမ္ဘာပေါ်ရှိ အသက် (၁၅-၄၉) နှစ်အရွယ်ရှိ အမျိုးသမီး ၁ ဦးလျှင် စုစုပေါင်း မွေးဖွားနှုန်းမှာ ၁၉၉၈ ခုနှစ်တွင် ၂ ဒသမ ၇ ယောက်မှ ၂၀၀၉ ခုနှစ်တွင် ၂ ဒသမ ၅ ယောက်သို့ တစ်ပြိုင်နက်တည်းကျဆင်းလာသည်။

လူဦးရေတိုးတက်မှုမှာ မွေးဖွားမှုသာမက သေဆုံးမှုနှင့်ပတ်သက်သည့် သေနှုန်းကြမ်း၊ တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းများကျဆင်းလာမှုအပေါ်တွင်လည်း မူတည်သည်။

ကမ္ဘာပေါ်တွင် သေနှုန်းကြမ်းမှာ ၁၉၇၀ ပြည့်နှစ်တွင် လူဦးရေ ၁၀၀၀လျှင် ၁၂ ယောက်မှ ၂၀၀၉ ခုနှစ်တွင် ၈ ယောက်အထိ ကျဆင်းလာသည်။

တစ်နှစ်အောက်ကလေးသေနှုန်းမှာ ၁၉၆၀ ပြည့်နှစ်တွင် အရှင်မွေးကလေး ၁၀၀၀ လျှင် ၁၂၄ ယောက်မှ ၂၀၀၉ ခုနှစ်တွင် ၄၂ ယောက်သို့လည်း ကောင်း၊ ငါးနှစ်အောက်ကလေးသေနှုန်းမှာ ၁၉၆၀ ပြည့်နှစ်တွင် ၁၉၃ ယောက်မှ ၂၀၀၉ ခုနှစ်တွင် ၆၀ ယောက်သို့လည်းကောင်း ကျဆင်းလာသည်။

ကမ္ဘာပေါ်တွင် လူတို့၏နှစ်စဉ်မွေးစ ပျမ်းမျှမျော်မှန်းသက်တမ်းမှာ ၁၉၇၀ ပြည့်နှစ်တွင် ၅၆ နှစ်ရှိရာမှ ၁၉၉၀ ပြည့်နှစ်တွင် ၆၅ နှစ်၊ ၂၀၀၉ ခုနှစ်တွင် ၆၉ နှစ်သို့ တိုးတက်လာခဲ့ရာ လူဦးရေတိုးတက်မှုတွင် အဓိကအကြောင်းရပ်တစ်ခုဖြစ်သည်။

သို့သော် နှစ်စဉ်လူဦးရေတိုးတက်မှုနှုန်းမှာ (၁၉၇၀-၁၉၉၀) တွင် ၁ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ရာမှ (၁၉၉၀-၂၀၀၀) တွင် ၁ ဒသမ ၄ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။

ကမ္ဘာ့လူဦးရေတိုးတက်မှုအခြေအနေသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ နှင့်မတူ ကွဲပြားလာသည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း တစ်နှစ်အောက်ကလေးသေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းနှင့် သေနှုန်းကြမ်းများမှာ ကျဆင်းလာသကဲ့သို့ မွေးနှုန်းကြမ်း (Rude Birth Rate) နှင့် (၁၅-၄၉) နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးလျှင် စုစုပေါင်းမွေးဖွားနှုန်း (Total Fertility Rate) မှာ ကျဆင်းနှစ် ဆယ်နှစ်အတွင်း ကျဆင်းလာသည်။ မွေးနှုန်းကြမ်းမှာမူ နှစ်ပေါင်း ၃၀ ခန့်အတွင်း ကျဆင်းလာသည်။ ဤသို့ဖြစ်ရခြင်းမှာ စီးပွား ဖွံ့ဖြိုးတိုးတက်လာမှု၊ အမျိုးသမီးများ ပညာတတ်မြောက်မှုမြင့်မားလာမှု၊ ဝင်ငွေရရှိနှုန်းအခွင့်အလမ်းများများလာမှု၊ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုခံယူလာမှုနှင့် ခေတ်မီသားဆက်ခြားနည်းလမ်းများသုံးစွဲမှုတို့ ပါဝင်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေတိုးတက်လာမှုသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီခြင်းတို့ကြောင့်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအစီအစဉ်များတွင် အမျိုးသမီး၊ အမျိုးသား နှင့်လူငယ်လူရွယ်များအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ကမ္ဘာသန်း ၇၀၀၀ မြောက်လူသားကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် မွေးဖွားမည် ဟုကုလသမဂ္ဂက ခန့်မှန်းထားကြောင်း၊ အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ အဆိုပါကလေးငယ်မွေးဖွားမည်ဟု ယူဆရကြောင်း တိုင်းမ်အော့ဖ်အင်ဒီးယားသတင်းစာက ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လူဦးရေသန်းထောင်ပေါင်းတိုးတက်သည့်နှစ်များ

လူဦးရေ (သန်းပေါင်း)		နှစ်
သန်းပေါင်း	၁၀၀၀	၁၈၀၄
သန်းပေါင်း	၂၀၀၀	၁၉၂၇
သန်းပေါင်း	၃၀၀၀	၁၉၅၉
သန်းပေါင်း	၄၀၀၀	၁၉၇၄
သန်းပေါင်း	၅၀၀၀	၁၉၈၇
သန်းပေါင်း	၆၀၀၀	၁၉၉၉
သန်းပေါင်း	၇၀၀၀	၂၀၁၁

အိန္ဒိယနိုင်ငံ ဥတာပရာဒေ့ရှ်ပြည်နယ်၏ လူဦးရေသည်ဖြိုတိန်၊ ပြင်သစ်နှင့်ဂျာမနီနိုင်ငံ ၃ နိုင်ငံ၏ လူဦးရေ စုစုပေါင်းနှင့်တူညီသည်။ အိန္ဒိယနိုင်ငံရှိ ပြည်နယ်များသည် လူဦးရေ အဆမတန်များပြားသော ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း အဆိုပါသတင်းစာက ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၌ တစ်မိနစ်လျှင် ၅၁ ဦးနှုန်း ဖြင့် မွေးဖွားမှုရှိနေသည်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် ကလေးမွေးဖွားမည်ဟု ဆရာဝန်များက ခန့်မှန်းထားသော အမျိုးသမီးမှာ ဥတာပရာဒေ့ရှ်ပြည်နယ်နေ အသက် ၂၅ နှစ်အရွယ်ရှိ ပင်ကိုပါဝါအမည်ရှိ အမျိုးသမီး ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၇၀၀၀ ပြည့် အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနနှင့် လူဦးရေ ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ အခွင့်အရေးများပိုမိုသိရှိရန် ရည်ရွယ်လျက် နေပြည်တော်ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံ၌ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် ကျင်းပခဲ့သည်။ နေပြည်တော်လယ်ဝေးမြို့နေ ကိုအောင်ပြည့်ဟိန်း၊ မသီတာထွေးတို့က နေပြည်တော်ရှိ မေတ္တာစမ်းရေ သားဖွားခန်း၌ နံနက် ၂ နာရီခွဲတွင် မွေးဖွားသော ကိုယ် အလေးချိန် ၃ ဒသမ ၁ ကီလိုဂရမ်ရှိ သားယောကျ်ားလေးအား သဘာဝအတိုင်း ပထမဦးဆုံး မွေးဖွားသော ကလေးအဖြစ်ဆုချီးမြှင့်သည့် အခမ်းအနားကို ကျင်းပခဲ့ပြီး မွေးဖွားပေးသော ကျန်းမာရေးဝန်ထမ်းများကိုလည်း ဆုချီးမြှင့်ခဲ့သည်။ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အက်ဘ်ဒီ အေဟတ် (Mr.Mohamed Abdel Ahad) တို့က မိန့်ခွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု သန်း (၇၀၀၀) မြောက်ဖြစ်မည်ဟု ခန့်မှန်းရသော ကလေးငယ်အား ကြိုဆိုသည့် သီချင်း ကို သူငယ်တန်းကျောင်းသူလေးများက သီဆိုပြီး လက်ဆောင်များပေးခဲ့သည်။ ဆက်လက်၍ (A World at 7 Billion) ဗီဒီယိုမှတ်တမ်းကိုပြသခဲ့သည်။

ဇယားအမှတ် (၁) လူဦးရေသန်းခေါင်စာရင်းကောက်ယူသည့်ရက်စွဲနှင့် လ၊ ရက်စွဲနှင့် ကောက်ယူခဲ့သည့် လူဦးရေနှင့် လူဦးရေသိပ်သည်းမှု

စဉ်	သန်းခေါင်စာရင်းကောက်ယူသည့်			ဧရိယာ (စတုရန်းမိုင်)	လူဦးရေ (သန်းခေါင်)	တစ်စတုရန်းမိုင်ရှိ လူဦးရေသိပ်သည်းမှု
	နှစ်	လ	ရက်			
၁	၁၈၇၂	ဩဂုတ်	၁၅	၈၈၅၅၆	၂.၇၄၇	၃၁.၀၂
၂	၁၈၈၁	ဖေဖော်ဝါရီ	၁၇	၈၇၂၂၀	၃.၇၃၇	၄၂.၈၄
၃	၁၈၉၁	ဖေဖော်ဝါရီ	၂၆	၁၇၁၄၃၀	၇.၇၂၂	၄၅.၀၄
၄	၁၉၀၁	မတ်	၁	၂၂၆၂၀၉	၁၀.၄၉၁	၄၆.၃၇
၅	၁၉၁၁	မတ်	၁၀	၂၃၀၈၃၉	၁၂.၁၁၅	၅၂.၄၈
၆	၁၉၂၁	မတ်	၁၈	၂၃၇၀၇	၁၃.၂၁၂	၅၆.၅၃
၇	၁၉၃၁	ဖေဖော်ဝါရီ	၁၄	၂၃၄၉၂	၁၄.၆၆၇	၆၂.၈၂
၈	၁၉၄၁	မတ်	၅	၂၆၁၇၅၂	၁၆.၈၂၄	၆၄.၂၆
၉	၁၉၅၁	ဖေဖော်ဝါရီ	–	၂၅၂ မြို.	၁၉.၅၀၇	–
၁၀	၁၉၅၄	ဖေဖော်ဝါရီ	–	၃၁၅၉ ကျေးရွာအုပ်စု	၂၂.၅၄၁	–
၁၁	၁၉၇၃	မတ်	၃၁	၂၆၁၂၈	၂၈.၉၂၁	၁၁၀.၇၁
၁၂	၁၉၈၃	မတ်	၃၁	၂၆၁၂၈	၃၅.၃၀၈	၁၃၅.၁၆

ဇယားဆက်တဲ့ (၂) ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းများအရ ပြည်နယ်/တိုင်းအလိုက် လူဦးရေတိုးနှုန်းကို ဖော်ပြသောစာရင်း

စဉ်	ပြည်နယ်/တိုင်း	၁၉၇၃ခုနှစ်သန်းခေါင်စာရင်း လူဦးရေ	၁၉၈၃ခုနှစ်သန်းခေါင်စာရင်း လူဦးရေ	နှစ်စဉ်ပျမ်းမျှလူဦးရေ တိုးနှုန်း
	ပြည်ထောင်စု	၂၀၉၂၁၂၆၅	၃၅၃၃၉၀၅	၂.၀၂
၁	ကချင်ပြည်နယ်	၇၃၅၃၃	၉၀၃၉၀၂	၂.၀၅
၂	ကယားပြည်နယ်	၁၂၆၅၇၄	၁၆၀၃၅၅	၂.၀၉
၃	ကရင်ပြည်နယ်	၈၅၄၂၉	၁၀၅၇၅၀၅	၂.၁၁
၄	ချင်းပြည်နယ်	၃၂၃၅၅	၄၆၀၉၀၅	၁.၃၃
၅	စစ်ကိုင်းတိုင်း	၃၁၀၀၄၄	၄၅၅၅၄၃	၂.၀၄
၆	တနင်္သာရီတိုင်း	၁၂၉၄၄၁	၁၆၀၆၀၂	၂.၄၆
၇	ပဲခူးတိုင်း	၃၁၅၆၀၄	၄၁၀၀၂၀	၁.၈၀
၈	မကွေးတိုင်း	၂၅၄၁၅၇	၃၂၄၁၀၃	၂.၀၉
၉	မန္တလေးတိုင်း	၃၆၈၅၅၃	၄၅၀၀၉၂	၂.၂၅
၁၀	မွန်ပြည်နယ်	၁၉၁၄၂၄	၁၆၈၂၀၄	၂.၅၀
၁၁	ရခိုင်ပြည်နယ်	၁၅၂၂၈၃	၂၀၆၅၈၉	၁.၅၉
၁၂	ရန်ကုန်တိုင်း	၃၁၈၅၃၃	၂၅၇၃၅၂	၂.၂၂
၁၃	ရှမ်းပြည်နယ်	၃၅၆၈၄၃	၅၀၀၇၅၃	၂.၅၈
၁၄	ဧရာဝတီတိုင်း	၃၂၅၅၅၃	၄၁၅၁၀၅	၁.၈၅
၁၅	ပြည်ပရောက် မြန်မာနိုင်ငံသား	၁၅၅၆	၇၇၁၆	-

ဇယားဆက်တဲ့ (၃) ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းများအရ ပြည်နယ်/တိုင်းအလိုက် လူဦးရေပြန့်ကျက် ကိန်းဂဏန်း

စဉ်	ပြည်နယ်/တိုင်း	လူဦးရေပြန့်ကျက်	
		၁၉၇၃ ခုနှစ်	၁၉၈၃ ခုနှစ်
	ပြည်ထောင်စု	၁၀၀.၀၀	၁၀၀.၀၀
၁	ကချင်ပြည်နယ်	၂.၅၅	၂.၅၆
၂	ကယားပြည်နယ်	၀.၄၄	၀.၄၈
၃	ကရင်ပြည်နယ်	၂.၉၇	၃.၀၁
၄	ချင်းပြည်နယ်	၁.၁၂	၁.၀၅
၅	စစ်ကိုင်းတိုင်း	၁၀.၇၉	၁၂.၄၂
၆	တနင်္သာရီတိုင်း	၂.၄၉	၂.၆၀
၇	ပဲခူးတိုင်း	၁၀.၉၉	၁၂.၇၆
၈	မကွေးတိုင်း	၉.၁၁	၉.၁၈
၉	မန္တလေးတိုင်း	၁၂.၆၉	၁၂.၉၇
၁၀	မွန်ပြည်နယ်	၄.၅၄	၄.၇၆
၁၁	ရခိုင်ပြည်နယ်	၅.၉၂	၅.၇၉
၁၂	ရန်ကုန်တိုင်း	၁၀.၀၃	၁၂.၂၆
၁၃	ရှမ်းပြည်နယ်	၁၃.၀၉	၁၀.၅၃
၁၄	ဧရာဝတီတိုင်း	၁၄.၃၇	၁၄.၁၄

မြန်မာနိုင်ငံသန်းခေါင်စာရင်းသမိုင်း

အမှတ်စဉ်	အမည်	အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ	ကျား/မ	အသက်	အိမ်ထောင်ရေး	လူမျိုး	ကိုးကွယ်သည့်ဘာသာ
		၁ ဦးစီး ၂ စုံး/ခင်ပွန်း ၃ သား/သမီး ၄ သားမက်/ချွေးမ ၅ မြေး ၆ အခြားဆွေမျိုး ၇ ဆွေမျိုးမတော်သူ	၁ ကျား ၂ မ		၁ မိုး ၂ ရှိ ၃ မုဆိုးဖို/မ ၄ ကွာ ၅ သာသနာဝင်		၁ ဗုဒ္ဓ ၂ နတ် ၃ ခရစ်ယာန် (နှစ်ခြင်း) ၄ ခရစ်ယာန် (ကာတိုလစ်) ၅ ခရစ်ယာန် (အင်္ဂလီကန်) ၆ အခြားခရစ်ယာန် ၇ ဟိန္ဒူ ၈ အစ္စလာမ် (ဆွန်နီ) ၉ အစ္စလာမ် (ရှိုယိုက်) ၁၀ အခြားဘာသာ
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)
၁		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၂		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၃		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၄		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၅		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၆		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၇		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၈		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၉		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀
၁၀		၁ ၂ ၃ ၄ ၅ ၆ ၇	၁ ၂		၁ ၂ ၃ ၄ ၅		၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၀

ဇယား ၆.၁၀ ကျေးရွာအုပ်စုအလိုက် ကျေးရွာအဆင့် ဆင်းရဲမှုအခြေအနေ

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | ကျေးရွာအဆင့် ဆင်းရဲမှုအခြေအနေ | | |

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

လူဆိုသည် သက်ရှိသတ္တဝါတို့အနက် အဆိုဉာဏ် အမြင့်မားဆုံးဟု သတ်မှတ်ခံထားရသည်။ အသိဉာဏ်၊ ချင့်ချိန်နှိုင်းဆပ္ပာ၊ ဇဝဖန်သုံးသပ်မှုအရာတွင် လူဆိုးတို့က အခြားသက်ရှိတို့ထက် စွမ်းရည်သာလွန်မြင့်မြတ်သူမျာဟု လက်ခံထားကြသည်။ ထိုဉာဏ်စွမ်းအားဖြင့် ကြီးမားသောကြံစည်အားထုတ်မှု၊ လွှမ်းမိုးမှု၊ တီထွင်မှုစသည့် လိုအင်ဆန္ဒနှင့်လိုအပ်ချက်ကို ဖြိုဖိုကိုယ်ပိုင် အခွင့်အရေးဖြင့် လူသားတို့က မြှင့်တင်ဖော်ဆောင်ခဲ့ကြသည်။ မြင့်မြတ်သော သဘောတရားအခြေခံဖြင့် လူ့စွမ်းရည်ကို မြှင့်တင်နိုင်သည်လည်းရှိသည်။ ကာလဒေသ၊ ပယောဂကြောင့် အခွင့်အရေးကို ဖိနှိပ်ချိုးဖောက်ခံရသည်လည်း ရှိခဲ့သည်။

လူတစ်ဦးချင်းစီ စောင့်ထိန်းလိုက်နာအပ်သည့် လူ့ကျင့်ဝတ်၊ ကိုယ်ကျင့်တရားကိုမူ ကျင်လည်ရာဝန်းကျင်၏စည်းကမ်းအရ အလေးအပြတ်ပြုရမည်သာဖြစ်သည်။ ထိုမှကင်းသည့် ဖိနှိပ်မှု၊ မျက်ကွယ်ပြုမှုမျာကို တားဆီးနိုင်ရန်၊ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက လူ့အခွင့်အရေး ကြေညာစာတမ်းကို ချမှတ်ကြေညာခဲ့သည်။ မြန်မာနိုင်ငံသည်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရာ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒမျာ၊ စည်းမျဉ်းဥပဒေမျာအတိုင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်း၍ ကော်မရှင်ရုံးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပြည်လမ်းအမှတ် (၂၇)တွင် ဖွင့်လှစ်ထားရှိသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကုလသမဂ္ဂက သတ်မှတ်ပြဋ္ဌာန်းထားသော အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း ဖွဲ့စည်းရန် အခြေခံမူများ (ပါရီအခြေခံမူများ) နှင့် တတ်နိုင်သမျှ ကိုက်ညီမှုရှိပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့်လည်း လိုက်လျောညီထွေမှုရှိအောင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းဖြစ်သည်။

လူ့အခွင့်အရေး၏အဓိပ္ပာယ်

လူ့အခွင့်အရေးဆိုသည်မှာ သဘာဝလောကကြီးတွင် သဘာဝအလျောက်ရှိနေသော လူသားတို့၏ အခွင့်အရေးများဖြစ်ပြီး ၎င်းအခွင့်အရေးများမရှိလျှင် လူသားအဖြစ် အသက်ရှင်ရပ်တည်နိုင်စွမ်းမရှိဟု ကုလသမဂ္ဂလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များသည် လူသားတို့၏ လူသားစွမ်းရည်၊ အသိပညာထက်မြက်မှု၊ ကျွမ်းကျင်မှုနှင့် အမှားအမှန်ဝေဖန် ပိုင်းခြားနိုင်မှုတို့ကို ဖွံ့ဖြိုးစေနိုင်စွမ်းရှိသကဲ့သို့ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ရရှိခံစားရပါက လူသားတို့သည် အဆိုပါအရည်အသွေးများကို ပြည့်ဝစွာ အသုံးချနိုင်စွမ်းရှိစေနိုင်မည်ဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာနှင့် အခြားသော လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ နောက်ခံအကျဉ်း

ကုလသမဂ္ဂစနစ်တွင် ကုလသမဂ္ဂပဋိညာဉ်သည် ပထမဆုံးလူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစာချုပ်ဟုဆိုရမည်ဖြစ်သော်လည်း လူ့အခွင့်အရေးဟူသော အယူအဆကို ကုလသမဂ္ဂ မတည်ထောင်ခင်ကဖျက်သိမ်းခဲ့သည့် ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး၏ စာချုပ်တွင်ဖော်ပြပါရှိခဲ့ဖူးသည်။ ယင်းဖော်ပြချက်အရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကြီး ပေါ်

လွှန်းလာခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်တွင် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ လေးစားလိုက်နာမှုမြှင့်တင်ရန်နှင့် အားပေးတိုက်တွန်းရန်ဟု ပြဋ္ဌာန်းထားရာ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂစနစ်တွင် ပထမဆုံး ပြုစုထုတ်ပြန်ခဲ့သော ကြေညာစာတမ်းမှာ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ကြေညာခဲ့သည့် "ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း"ဖြစ်သည်။ အဆိုပါကြေညာစာတမ်း ချမှတ်ကြေညာခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်ကို နိုင်ငံတကာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်အရလည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအရလည်းကောင်း ကမ္ဘာ့လူသားများ၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကို ဖြည့်ဆည်းရန် ကျယ်ကျယ်ပြန့်ပြန့် လုပ်ရှားဆောင်ရွက်လျက်ရှိသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုတိုင်းကို စောင့်ကြည့်လေ့လာရန် မဖြစ်နိုင်သကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်ခံရသူတိုင်းကို အကာအကွယ်ပေးရန်လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအကြား၌ လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် သက်ဆိုင်ရာ နိုင်ငံအစိုးရအကြား၌ လည်းကောင်း လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက်မှာ တစ်နိုင်ငံချင်းစီ၏ မူလတာဝန်ဖြစ်သည်ဟု ကုလသမဂ္ဂကခံယူသည်။ ယင်းအယူအဆသည် နိုင်ငံအသီးသီး၌ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ရန် တိုက်တွန်းသည့် အခြေခံအကြောင်းတရားဟု ဆိုရပေမည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၌ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အမျိုးသားအဖွဲ့အစည်းများတည်ထောင်ရန် ဧကန်ဝင်စားလာကြသည်မှာ ကာလကြာရှည်မှုမရှိသေးဟု ဆိုနိုင်သော်လည်း နိုင်ငံအသီးသီးအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ၁၉၄၆ ခုနှစ်တွင် ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက တောင်းဆိုခဲ့သည်။ ထို့နောက် လူ့အခွင့်အရေး "စံ"သတ်မှတ်ရေးကိစ္စရပ်များကို ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီက ၁၉၆၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဆွေးနွေးခဲ့ကြသည်။ နိုင်ငံအသီးသီး၌ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ရေးကိစ္စကိုလည်း ဦးစားပေးဆွေးနွေးလာကြသည်။ ယင်းသို့ဖြင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်ခြင်းကိစ္စကို ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း၌ ကုလသမဂ္ဂအထွေထွေညီလာခံ အဆက်ဆက်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တို့တွင် အရှိန်အဟုန်မြှင့်၍ ဆွေးနွေးလာကြပြီး ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပသော ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းကိစ္စ၊ ယင်းအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စတို့ကို စဉ်းစားဆွေးနွေးကြပြီး အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ သဘောသဘာဝ၊ လုပ်ငန်းတာဝန်စသည်တို့နှင့်စပ်လျဉ်းသည့် အခြေခံမူများကို ချမှတ်နိုင်ခဲ့သည်။ အဆိုပါ အခြေခံမူများကို ပါရီအခြေခံမူများဟုလည်း ခေါ်ဆိုကြသည်။

၁၉၉၄ ခုနှစ်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း ဖွဲ့စည်းရန် အခြေခံမူများနှင့်အညီ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ တည်ထောင်ကြရန် တိုက်တွန်းကြောင်း၊ ယင်းသို့ ဖွဲ့စည်းတည်ထောင်ရာတွင် အဆိုပါ အခြေခံမူများကို အလေးထားရမည်ဖြစ်သော်လည်း မိမိတို့နိုင်ငံ၏လိုအပ်ချက်များနှင့် ကိုက်ညီမည့်အဖွဲ့အစည်းမျိုး ဖွဲ့စည်းရန် ရွေးချယ်ပိုင်ခွင့်ရှိကြောင်း စသည့်စာသားများပါရှိသည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၄၈/၁၃၄ ကို ချမှတ်ခဲ့သည်။ ထို့နောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများတည်ထောင်ကြရန် ကုလသမဂ္ဂက တိုက်တွန်းအားပေးသည့်ဆုံးဖြတ်ချက်များကို ကုလသမဂ္ဂအထွေထွေညီလာခံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအဆက်ဆက်တွင် ချမှတ်လျက်ရှိသည်။

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း ဖွဲ့စည်းရန် အခြေခံမူများ (ပါရီအခြေခံမူများ)

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် အခြေခံမူများ (ပါရီအခြေခံမူများ)တွင် အဆိုပါ အဖွဲ့အစည်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အောက်ပါတို့ ဖော်ပြပါရှိသည်။

- အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆောင်ရွက်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်း အဖြစ် နိုင်ငံတော်က သတ်မှတ်ပေးရမည်၊
- အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း၏ ဖွဲ့စည်းတည်ထောင်မှုနှင့် လုပ်ပိုင်ခွင့်နယ်ပယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ် ထုတ်ပြန်၍သော်လည်းကောင်း ရှင်းလင်းစွာ သတ်မှတ်၍ လုပ်ပိုင်ခွင့်ကို ကျယ်ပြန့်စွာ ပေးရမည်၊
- အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း၏ တာဝန်များတွင် အောက်ပါတို့ ပါရှိရမည်၊

(က) လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို အစိုးရ (သို့မဟုတ်) လွှတ်တော် (သို့မဟုတ်) အခြားသင့်လျော်သည့် အဖွဲ့အစည်းသို့ အကြံပြုသည့် သဘောအခြေခံဖြင့် တင်သွင်းရမည်။ ယင်းသို့တင်သွင်းရာတွင် အောက်ပါကိစ္စရပ်များ အကျုံးဝင်စေရမည်–

(ကက) ဥပဒေတစ်ရပ် (သို့မဟုတ်) အုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ် (သို့မဟုတ်) တရားစီရင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ်သည် လူ့အခွင့်အရေး လေးစားလိုက်နာရေးနှင့် ကာကွယ်ရေးတို့အတွက် ဆီလျော်ကိုက်ညီမှု ရှိ၊ မရှိ လေ့လာ၍ အကြံပြုခြင်း

(ခခ) ကိုင်တွယ်ဆောင်ရွက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများကို တင်ပြခြင်း

(ဂဂ) နိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ ယေဘုယျနှင့် သီးခြားကိစ္စရပ်များကို အစီရင်ခံစာပြုစုတင်ပြခြင်း

(ဃဃ) နိုင်ငံအတွင်း၌ လူ့အခွင့်အရေး ချိုးဖောက်မှုရှိသည့် အခြေအနေများကို နိုင်ငံတော်အစိုးရ သိရှိစေရန် တင်ပြခြင်း

(ခ) အမျိုးသားဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော် ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာဥပဒေများနှင့် ကိုက်ညီစေရေးအတွက် ဆောင်ရွက်ခြင်း

(ဂ) နိုင်ငံတကာဥပဒေများတွင် ပါဝင်ချုပ်ဆိုရန် တိုက်တွန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်စေခြင်း

(ဃ) နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂသို့ အစီရင်ခံစာများတင်သွင်းရာတွင် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက လွတ်လပ်မှု အခြေခံဖြင့် သဘောထားအယူအဆများ တင်ပြခြင်း

(င) ကုလသမဂ္ဂနှင့် ၎င်း၏လက်အောက်ခံအေဂျင်စီများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားနိုင်ငံများမှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(စ) လူ့အခွင့်အရေး ဘာသာရပ်သင်ကြားပို့ချမှုနှင့် သုတေသနပြုမှုလုပ်ငန်းများအတွက် နိုင်ငံတော်က လုပ်ငန်းစီစဉ်ရေးဆွဲရာတွင် ကူညီဆောင်ရွက်ပေး



မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး

ခြင်း၊ ကျောင်းများ၊ တက္ကသိုလ်များနှင့် လုပ်ငန်းခွင် အသိုက်အဝန်းများတွင် လူ့အခွင့်အရေးဘာသာရပ်နှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်ခြင်း

(ဆ) ပြည်သူလူထုအတွင်း လူ့အခွင့်အရေးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။

အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းသဘောန်များ

နိုင်ငံတော်အနေဖြင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ကြရာတွင် အသွင်သဘောန်အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ထောင်ကြသည်။ ၎င်းတို့အနက် ယေဘုယျအားဖြင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင် (National Human Rights Commission)၊ လူ့အခွင့်အရေးရုံး (Ombudsman)၊ အထူးပြုအဖွဲ့အစည်း (Specialized Institution) ဟူ၍ ခွဲခြားနိုင်သည်။

အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်များတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များကိုလက်ခံ၍ စုံစမ်းစစ်ဆေးခြင်း ပါဝင်သည်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့် ဆုံးဖြတ်ချက်မျိုး ချမှတ်ရန် အခွင့်အရေးအာဏာမရှိသော်လည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ချမှတ်သည့် အကြံပြုတိုက်တွန်းချက်များ (သို့မဟုတ်) နစ်နာမှုကို သက်သာစေသည့် ဆောင်ရွက်ချက်များကို မသိကျိုးနွံပြုရန် မဟုတ်ဟုဆိုသည်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခြားတာဝန်များမှာ လူ့အခွင့်အရေးမြှင့်တင် ကာကွယ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရကို အကြံပြုတိုက်တွန်းရန်နှင့် ပြည်သူများအတွက် လူ့အခွင့်အရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

လူ့အခွင့်အရေးရုံးကို နိုင်ငံအချို့က ဖွဲ့စည်းတည်ထောင်ကြသည်။ လူ့အခွင့်အရေးရုံးဟု ဆိုရာတွင် တစ်ဦးတစ်ယောက်အနေဖြင့်လည်းကောင်း၊ အစုအဖွဲ့အနေဖြင့်လည်းကောင်း ဥပဒေတစ်ရပ်သတ်မှတ်၍ ဖွဲ့စည်းပေးခြင်းဖြစ်သည်။ ၎င်းအဖွဲ့အစည်း၏ အဓိက တာဝန်မှာ တစ်စုံတစ်ရာသော အုပ်ချုပ်ရေးအာဏာကြောင့် ပြည်သူတစ်ဦးတစ်ယောက်နစ်နာမှုမဖြစ်စေရန် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဆုံးဖြတ်ချက်သည်လည်း လူ့အခွင့်အရေးကော်မရှင်ကဲ့သို့ပင် ဥပဒေကြောင်းအရ စည်းနှောင်မှုမရှိသော ဆုံးဖြတ်ချက်မျိုးဖြစ်သည်။

အထူးပြုအဖွဲ့အစည်းဆိုသည်မှာ အားနည်းချက်ရှိသည့်အုပ်စုများ ခွဲခြားဆက်ဆံမှုမခံရလေအောင်

ကာကွယ်စောင့်ရှောက်ပေးသည့်အဖွဲ့အစည်းဖြစ်သည်။ အားနည်းချက်ရှိသည့် အုပ်စုဟုဆိုရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားမှုရှိသည်။ နိုင်ငံများ၌ အားနည်းချက်ရှိသည့်အုပ်စုဟု သတ်မှတ်လေ့ရှိသည့် အုပ်စုများမှာ တိုင်းရင်းမျိုးနွယ် (သို့မဟုတ်) ဘာသာစကား (သို့မဟုတ်) ဘာသာရေးကို အခြေခံသည့် လူနည်းစုများ၊ ဒေသခံများ၊ အခြားနိုင်ငံသားများ၊ ရွှေ့ပြောင်းရောက်ရှိလာသူများ၊ ရွှေ့ပြောင်းရောက်ရှိပြီး အခြေချနေထိုင်သူများ၊ ဒုက္ခသည်များ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများနှင့် မသန်စွမ်းသူများဖြစ်ကြသည်။

အဆိုပါအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်း သက္ကာန် ၃ ရပ် အနက် ကမ္ဘာတစ်ဝန်း၌ လက်ရှိဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည့်အဖွဲ့အစည်းများအနက် လက်ရှိအနေအထားအရ ၅၈ ရာခိုင်နှုန်းသော အဖွဲ့အစည်းသက္ကာန်မှာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖြစ်ကြောင်းတွေ့ရှိရသည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်တွင်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၌ (၅၈) နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သည် ၁၉၄၆ ခုနှစ်မှစတင်၍ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းမူကြမ်းကို ရေးဆွဲလျက်ရှိခဲ့ရာ မြန်မာနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သည့် အချိန်တွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းမူကြမ်းကို ညှိနှိုင်းရေးဆွဲပြုစုဆဲ အချိန်ကာလဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ၁၉၄၈ ခုနှစ်၊



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ

ဒီဇင်ဘာလ ၁၀ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသော တတိယအကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အတည်ပြုချမှတ်ကြေညာရန် မဲခွဲဆုံးဖြတ်ချိန်တွင် ကုလသမဂ္ဂအဖွဲ့ဝင်မြန်မာနိုင်ငံသည် လူ့အခွင့်အ ရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးကို အလေးထားသည့်အနေဖြင့် ထောက်ခံမဲပေးခဲ့သည်။ ဤဖြစ်စဉ်သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုချမှတ်ကြေညာစဉ်ကပင် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်၌ မြန်မာနိုင်ငံပူးပေါင်းပံ့ပိုး ဆောင်ရွက်ခဲ့သည့် သာဓကတစ်ရပ်ဟုဆိုရပေမည်။

ထို့နောက် ကုလသမဂ္ဂလူ့အခွင့်အရေးစနစ်ကို အဓိက ကိုင်တွယ်ဆောင်ရွက်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်

စီနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်တို့တွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဆူပူအုံကြွမှုများဖြစ်ပေါ်ကာ နိုင်ငံတော်ပြိုကွဲပျက်စီးတော့မည့်အခြေအနေဖြစ်ပေါ်လာသဖြင့် တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကို ယူခဲ့သည်။ ယင်းကာလနောက်ပိုင်းတွင် အဆိုပါ ၁၉၈၈ ခုနှစ် အရေးအခင်းကို အခြေပြု၍ မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိသည်ဟူသော စွပ်စွဲချက်များရှိခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဂျီနီဗာမြို့၌ကျင်းပသော ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ (၄၅) ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင်လည်း ၎င်းဆုံးဖြတ်ချက်ကို အခြေပြု၍ နှစ်စဉ်ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

အလားတူပင် နယူးယောက်မြို့၌ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် လူ့အခွင့်အရေးဘာသာရပ်ကို ဆွေးနွေးသည့် တတိယကော်မတီ၌လည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို ဆွေးနွေးပြီး ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို အထွေထွေညီလာခံက ချမှတ်ခဲ့သည်။ နောက်ပိုင်းတွင်လည်း ၎င်းဆုံးဖြတ်ချက်ကို အခြေခံ၍ နှစ်စဉ်ပင် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

အဆိုပါ ကုလသမဂ္ဂအဖွဲ့အစည်းနှစ်ရပ်၏ဆုံးဖြတ်ချက်များသည် နိုင်ငံရေးပယောဂနွယ်သည့် ဖိအားပေးမှုများသာဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ၎င်းဆုံးဖြတ်ချက်များကို လက်မခံဘဲ ပယ်ချသော်လည်း ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု မြန်မာနိုင်ငံအစိုးရက ခံယူသည်။ ကုလသမဂ္ဂကစေလွှတ်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ်ကိုလည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူကိုလည်းကောင်း မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပေးကာ ၎င်းတို့သွားရောက်လို သော နေရာများနှင့် ၎င်းတို့တွေ့ဆုံလိုသည့်ပုဂ္ဂိုလ်များကို အတတ်နိုင်ဆုံး လိုက်လျောခွင့်ပြုပေးခဲ့သည်။

မြန်မာနိုင်ငံ၌ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းတည်ထောင်မှု နောက်ခံအကျဉ်း

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်၌ ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများအနေဖြင့် မိမိတို့ထမ်းဆောင်ရမ ည့်တာဝန်များရှိသကဲ့သို့ ရရှိခံစားပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများလည်း ရှိသည်။ သို့ဖြစ်ရာ အဆိုပါမူလ အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်း တည်ထောင်နိုင်မည်ဆိုပါက နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးရာတွင် များစွာအထောက်အကူဖြစ်ပေမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကျင်းပသော ကတိသစ္စာပြုအခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဘက်ကလည်း အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာမှာဖြစ်စေ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရာမှာဖြစ်စေ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဟန့်တား ပိတ်ပင်သကဲ့သို့ မဖြစ်စေဘဲ ၎င်းအခွင့်အရေးများကို နည်းမှန်လမ်းမှန်ဖြင့် ပြည်ထောင်စု၏ အကျိုးစီးပွား၊ လူမှုအဖွဲ့အစည်း၏ အကျိုးစီးပွားများကို မထိခိုက်စေဘဲ ကျင့်သုံးနိုင်အောင် ကူညီထိန်းကျောင်းပေးဖို့အတွက်သာ ရည်ရွယ်လုပ်ဆောင်ဖို့လိုအပ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။


မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်သောမြန်မာနိုင်ငံ

လူ့အခွင့်အရေးကော်မတီကို ၂၀၀၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

အဆိုပါ လူ့အခွင့်အ ရေးကော်မတီကိုပင် နိုင်ငံတော်ဝန်ကြီးချုပ် နာယက အဖြစ်ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် မြန်မာနိုင်ငံလူ့အခွင့်အ ရေးအဖြစ် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ပြည်ထောင်စုသမ္မတ ထောင်ရန် အခြေခံကျသော အကြောင်းတရားများ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတည်ထောင်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်



မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့၏ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိ

ပထမဆုံးအကြိမ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည်

မြန်မာနိုင်ငံ၌ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် တည်ထောင်ရေးအတွက် အပြုသဘောဆောင်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ကြေညာချက်တစ်ရပ်

မြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စုစုပေါင်းအဖွဲ့ဝင် ၁၆ ဦးပါ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးအနေဖြင့် လွတ်လပ်သော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများကို မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေစွာ ဖွဲ့စည်းတည်ထောင်ရန် ကုလသမဂ္ဂက ၎င်း၏ဆုံးဖြတ်ချက်များဖြင့် အကြံပြုတိုက်တွန်းချက်များလည်း ရှိခဲ့သည်။

အထက်ဖော်ပြပါအချက်များသည် မြန်မာနိုင်ငံ၌ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ် တည်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁)ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်-

(က) ဦးဝင်းမြ ဥက္ကဋ္ဌ
သံအမတ်ကြီး (အငြိမ်းစား)

(ခ) ဦးကျော်တင့်ဆွေ ဒုတိယဥက္ကဋ္ဌ
သံအမတ်ကြီး (အငြိမ်းစား)

(ဂ) ဦးထွန်းအောင်ချိန် အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား)
သမိုင်းဌာန

(ဃ) ဦးလှမြင့် အဖွဲ့ဝင်
သံအာမတ်ကြီး (အငြိမ်းစား)

(င) ဦးသန်းဆွေ အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
သစ်တောဦးစီးဌာန

(စ) ဒေါက်တာညကော်ဇော် အဖွဲ့ဝင်
ပြည်နယ်ဆရာဝန်ကြီး (အငြိမ်းစား)

(ဆ) ဒေါက်တာဒေါသန်းနွဲ့ အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား)
ဥပဒေပညာဌာန

(ဇ) ဒေါစောခင်ကြီး အဖွဲ့ဝင်
ပါမောက္ခ (အငြိမ်းစား)
နိုင်ငံတကာဆက်ဆံရေးပညာဌာန

(ဈ) ဦးတင်ညို အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
အခြေခံပညာဦးစီးဌာန

(ည) ဦးခွထီးယိုး အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ (အငြိမ်းစား)

(ဋ) ဦးခင်မောင်လေး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဌ) ဦးလဖိုင်ဇော်ဝွန်း အဖွဲ့ဝင်
သံမှူးကြီး (အငြိမ်းစား)

(ဍ) ဦးညွှန့်ဆွေ အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေး မှူးချုပ် (အငြိမ်းစား)
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဎ) ဒေါစန်းစန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဏ) ဦးစစ်မြိုင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကုလသမဂ္ဂ အထွေထွေညီလာခံက ချမှတ်ထားသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့.အစည်း ဖွဲ့.စည်းရန် အခြေခံမူများ (ပါရီအခြေခံမူများ)နှင့် တတ်နိုင်သမျှ ကိုက်ညီမှုရှိပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လည်း လိုက်လျောညီထွေရှိအောင် ဖွဲ့.စည်းတည်ထောင်ထားသည့် အဖွဲ့.အစည်းဖြစ်သည့်အား လျော်စွာ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည်လည်း ပါရီအခြေခံမူများနှင့် တတ်နိုင်သမျှ ကိုက်ညီမှုရှိအောင် ရေးဆွဲပြုစုထားခြင်းဖြစ်ပေသည်။

ပါရီအခြေခံမူများအနက် အဓိကကျသော တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်မှာ သက်ဆိုင်ရာ နိုင်ငံအစိုးရသည် အမျိုးသားလူ့အခွင့်အရေးအဖွဲ့.အစည်းကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့.ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည့် အဖွဲ့.အစည်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တာဝန်သတ်မှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ဖွဲ့.စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးကို ဆောင်ရွက်နိုင်ရန် အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်သတ်မှတ်မှတ် လုပ်ပိုင်ခွင့်ပေးအပ်ထားသည်။

ထို့အပြင် ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် တစ်ရပ်ဖြစ်သော နိုင်ငံတော်ဖွဲ့.စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ပါရီအခြေခံမူများတွင် ဖော်ပြပါရှိချက်များနှင့် အလားတူစွာပင် မြန်မာနိုင်ငံက အဖွဲ့.ဝင်အဖြစ် ပါဝင်ထားသော လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများပါ အခွင့်အရေးများကို အပြည့်အဝခံစားနိုင်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့.အစည်းများသို့

တင်သွင်းမည့် အစီရင်ခံစာများအပေါ် အကြံဉာဏ်ပေးခြင်း၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမပြုရသေးသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်စာတမ်းများတွင် မြန်မာနိုင်ငံကပါဝင်ရန် သင့်၊ မသင့် စိစစ်၍ အကြံပြုချက်နှင့်အတူ တင်ပြခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ရေး၊ ကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ ပြည်သူတို့၏ အသိပညာအဆင့်အတန်းကို မြှင့်တင်ပေးသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးဆောင်ခြင်း၊ အကူအညီပေးခြင်း စသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များပါရှိသည်။

နိုင်ငံသားများ၏ မူလအခွင့်အရေးများ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရပါက သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ တိုင်တန်းနိုင်သည်။ ကော်မရှင်က တိုင်တန်းချက်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်ကန်မှုရှိ၊ မရှိ စုံစမ်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များကို ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ရန် တာဝန်နှင့်လုပ်ပိုင်ခွင့် သတ်မှတ်ပေးထားသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် နေ့စွဲဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပြီးနောက် ကော်မရှင်သည် ၎င်း၏လုပ်ငန်းတာဝန်များကို အပြည့်အဝဆောင်ရွက်လျက်ရှိသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ပုံမှန်လုပ်ငန်းများရှိသကဲ့သို့ အခြေအနေ၊ အချိန်အခါအပေါ်မူတည်၍ ဆောင်ရွက်ရသည့် အထူးလုပ်ငန်းများလည်း ပါဝင်သည်။ ကော်မရှင်အနေဖြင့် ဖွဲ့စည်းတည်ထောင်သည်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ သုံးလကျော်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များအနက် အောက်ပါတို့ပါဝင်သည်။

(က) နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ဖောက်ဖျက်ခံရပါက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ရန် အတွက် တိုင်တန်းရမည့်နည်းလမ်း အချက်အလက်များပါရှိသည့် ကြေညာချက်ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်ထုတ် သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့သည်။ နိုင်ငံသားများသည် ကော်မရှင်သို့တိုင်တန်းချက်များပေးပို့ကြရာ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ သုံးလကျော်ကာလအတွင်း တိုင်တန်းချက်ပေါင်း ၉၀၀ ကျော်လက်ခံရရှိခဲ့သည်။ ကော်မရှင်သည် တိုင်တန်းချက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေးခဲ့သည်။ လိုအပ်ပါက တိုင်တန်းသူထံမှ အသေးစိတ်အချက်အလက်များ ထပ်မံတောင်းခံခြင်းနှင့် လူကိုယ်တိုင်ခေါ်ယူတွေ့ဆုံမေးမြန်းခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းသို့လည်း တိုင်တန်းမှုကို အသိပေးကာ သဘောထားမှတ်ချက်ရယူခဲ့သည်။

(ခ) မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေကို ချိုးဖောက်သဖြင့် အကျဉ်းကျနေသူများရှိရာ ၎င်းတို့အနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိပါးမည့်အန္တရာယ်မရှိနိုင်သော အကျဉ်းသားများနှင့် တိုင်းရင်းသား

အကျိုးစီးပွားကို ထိပါးမည့်အန္တရာယ် မရှိနိုင်သော အကျဉ်းသားများကို လွှတ်ပေးခြင်းဖြင့် ၎င်းတို့သည် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ သို့ဖြစ်ရာ နိုင်ငံတော်သမ္မတအနေဖြင့် ၎င်းတို့အား ကျခံနေသော ပြစ်ဒဏ်အသီးသီးမှ လွှတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွှတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံသို့ ကော်မရှင်၏ မေတ္တာရပ်ခံတင်ပြသည့်အိတ်ဖွင့်စာ တစ်စောင်ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်စွဲဖြင့် ပေးပို့ခဲ့သည်။

(ဂ) နိုင်ငံတော်သမ္မတအနေဖြင့် အကျဉ်းကျနေသူ ၆၃၅၉ ဦးအား ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်တွင် လွှတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ ၎င်းတို့အနက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် နိုင်ငံအချို့တို့က "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ"ဟု ဖော်ညွှန်းသည့် အကျဉ်းသား ၂၀၀ ကျော် ပါဝင်ကြောင်းနှင့် အဆိုပါ အကျဉ်းသားများ ကျန်ရှိသေးကြောင်း ပြောဆိုကြရာ ယင်းကဲ့သို့ ကျန်ရှိသည့် အဆိုပါ အကျဉ်းသားများအနက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို ထိပါးမည့်အန္တရာယ်မရှိနိုင်သော အကျဉ်းသားများနှင့် တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့် အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို ထပ်မံလွှတ်ပေးခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ၎င်းတို့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည့်အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဟု ကော်မရှင်က ယူဆပါသဖြင့် နောက်တစ်ကြိမ် လွှတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အခါ ဖော်ပြပါ ကျန်ရှိသည့် အကျဉ်းသားများကို ပြစ်ဒဏ်အသီးသီးမှ လွှတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှ လွှတ်ပေးရေးကို အလေးထားစဉ်းစားပေးပါရန် နိုင်ငံတော်သမ္မတထံ ကော်မရှင်က ထပ်မံမေတ္တာရပ်ခံတင်ပြသည့် အိတ်ဖွင့်စာကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲဖြင့် ပေးပို့ခဲ့သည်။

(ဃ) မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ဆောင်ရွက်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက ဆုံးဖြတ်ခဲ့ခြင်းအပေါ် လိုက်လဲစွာကြိုဆိုကြောင်းနှင့် နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံသို့စေလွှတ်ရန် အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ခဲ့ခြင်းအပေါ် ကော်မရှင်က အားရကျေနပ်မိကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ကော်မရှင်က ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

(င) မြန်မာနိုင်ငံတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကို ဆောင်ရွက်နိုင်

ရန်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်နေကြောင်းနှင့် ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတာဝန်ကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၌ ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့တွင် ကော်မရှင်က သတင်းထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်ခဲ့သည်။

(စ) မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် ၂၀၁၁ ခုနှစ်၊ ဇွန်လဆန်းမှစတင်၍ ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခကြောင့် ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူများကို ကချင်ပြည်နယ်အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လူမှုရေးထောက်ပံ့မှုပေးသော စခန်းများဖွင့်လှစ်ကာ စောင့်ရှောက်ထားသည်။


မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးဆောင်ပြီး အဖွဲ့ဝင် စုစုပေါင်း ၄ ဦးပါဝင်သည့် အဖွဲ့သည် အဆိုပါစခန်းများ၏အခြေအနေနှင့် နယ်မြေအခြေအနေကို သိရှိရန်အတွက် ကချင်ပြည်နယ်သို့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ သွားရောက်ခဲ့သည်။ ယင်းကဲ့သို့သွား ရောက်ပြီးနောက် ကော်မရှင်၏ တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြုချက်များကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်တွင် သတင်းထုတ်ပြန်ချက် တစ်ရပ်အဖြစ် ထုတ်ပြန်ခဲ့သည်။

(ဆ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌခေါင်းဆောင်ပြီး အဖွဲ့ဝင် စုစုပေါင်း ၈ ဦးပါဝင်သည့် အဖွဲ့သည် အကျဉ်းထောင်များ၏ အခြေအနေနှင့် အကျဉ်းသားများ၏ နေထိုင်စားသောက်မှုအခြေအနေတို့ကို လေ့လာသိရှိနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ အင်းစိန်အကျဉ်းထောင်သို့ လည်းကောင်း၊ ရဲဘက်များ၏ နေထိုင်စားသောက်မှုအခြေအနေကို သိရှိနိုင်ရန်အတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ် လှေလှော်အင်းရဲဘက်စခန်းသို့ လည်းကောင်း သွားရောက်လေ့လာပြီး ကော်မရှင်၏လေ့လာတွေ့ရှိချက်နှင့် သုံးသပ် အကြံပြုချက်တို့ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် သတင်းထုတ်ပြန် ချက်တစ်ရပ်အဖြစ် ထုတ်ပြန်ခဲ့သည်။

(ဇ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အစိုးရအရာထမ်းများသည် တက်ကြွစွာပါဝင်ဆွေးနွေးကြပြီး အောင်မြင်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်းကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးက

ငင်း၏သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

(ဈ) ကော်မရှင်ဥက္ကဋ္ဌဓေါင်းဆောင်ပြီး အဖွဲ့ဝင် ၄ ဦးပါဝင်သည့် အမျိုးသားလူ့အခွင့်အရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ယူနီဆက်(ဖ်) ရုံး၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်မှ ၂၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့သို့ သွားရောက်၍ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံများကို လေ့လာခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
တိုင်တန်းချက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်း

မေ့စဉ်ထုတ်သတင်းစာများတွင်ဖော်ပြခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တိုင်တန်းချက်များ လက်ခံကြောင်း ကြေညာချက်

(ည) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတကာ ဆက်ဆံရေးကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိရာ ကော်မရှင်ဖွဲ့စည်းတည်ထောင်သည်မှ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ အထိ သုံးလကျော် ကာလအတွင်း၌ နိုင်ငံခြားကိုယ်စားလှယ်အဖွဲ့များကို လက်ခံတွေ့ဆုံ၍ ကော်မရှင်နှင့်သက်ဆိုင်ရာ နိုင်ငံ/အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ လာရောက်တွေ့ဆုံကြသူများအနက် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဒုတိယအတွင်းရေးမှူးချုပ်၊ အမေရိကန်ပြည်ထောင်စုမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၊ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး ဥရောပသမဂ္ဂဌာနချုပ်မှ ကိုယ်စားလှယ်အဖွဲ့၊ ဆွီဒင်နိုင်ငံ Raoul Wallenberg Institute (RWI)မှ ကိုယ်စားလှယ်အဖွဲ့၊ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့၊ ဂျာမနီနိုင်ငံ Friedrich Ebert Stiftungမှ ကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်မြို့ရှိ ဗြိတိသျှသံအမတ်ကြီး၊ ပြင်သစ်နိုင်ငံ သံအမတ်ကြီး၊ သြစတြေးလျနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဘရာဇီးနိုင်ငံ သံအမတ်ကြီး၊ ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး၊ ရန်ကုန်မြို့ရှိ ယူနီဆက်(ဖ်) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ်တို့ ပါဝင်သည်။

အချုပ်အားဖြင့်ဆိုရပါလျှင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ မူလအခွင့်အရေးများကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်ဟု ယုံကြည်ရသည်။

ဦးညွန့်ဆွေ

ရွှေရတုအကြိုဆေးသုတေသန

မြန်မာနိုင်ငံသားတိုင်းအတွက် ကျန်းမာရေးကတ္တာသည် အဓိကဖြစ်သည်။ သို့ဖြစ်၍ ကျန်းမာရေးကတ္တာနှင့် ဆေးပညာနယ်ပယ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထုကျန်းမာရေးအသိအမြင်ကျယ်ပြန့်လာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံဆေးသုတေသနဦးစီးဌာနကို တော်လှန်ရေးကောင်စီလက်ထက်ကပင် စတင်ဖွဲ့စည်းခဲ့သည်။ ၎င်းဌာနကြီးသည် ပြည်တွင်းပြည်ပသုတေသနဌာနကြီးများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ဆက်သွယ်၍ ကျန်းမာရေးနှင့်သုတေသနဆိုင်ရာသတင်းအချက်အလက် နည်းပညာများ၊ အပြန်အလှန်ပူးပေါင်းဖလှယ်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကျွမ်းကျင်သူများ၊ သုတေသီကောင်းများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ ယခုအခါ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသည့်ကာလဖြစ်သည့် အလျောက် သုတေသနလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနှင့်တကွ သုတေသီအားလုံးမှ စည်းလုံးညီညွတ်စွာ ကိုယ်အားဉာဏ်အား စွမ်းပကားများဖြင့် ရှေ့ဆက်၍ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

မြန်မာတစ်မျိုးသားလုံး၏ ကျန်းမာရေးကတ္တာနှင့် ဆေးပညာနယ်ပယ်ကို သုတေသနဆောင်ရွက်ခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်လျက် BMRI (Burma Medical Research Institute) ကို ၁၉၆၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှ စတင်ကာအခြေပြုတည်ထောင်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် ဆေးသုတေသနဦးစီးဌာနဟု အမည်တွင်ခဲ့သည့်ဌာနကြီးသည် ယနေ့သက်တမ်း (၄၈) နှစ်သို့ ရောက်ရှိခဲ့ပေပြီ။ ယခုအခါ မြန်မာနိုင်ငံ၌ (အထက်၊ အလယ်၊ အောက်) ဟု ဆေးသုတေသနဦးစီးဌာနသုံးခု ရှိလာပြီဖြစ်သော်လည်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ် (၅) တွင် တည်ရှိသည့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) သည် မြန်မာနိုင်ငံကျန်းမာရေးကတ္တာတိုးတက်စေရန်အတွက် ဦးစွာအခြေပြုတည်ထောင်ခဲ့သည့် ဌာနကြီးပင်ဖြစ်ပေသည်။

တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနသည် သုတေသီပညာရှင်တို့၏ ကြိုးစားမှုစွမ်းပကားကြောင့် စတင်ဖွင့်လှစ်ပြီး နှစ်နှစ်အကြာတွင် သုတေသနညီလာခံကို စတင်ကျင်းပနိုင်ခဲ့သည်။

သုတေသီများ၏ အစဉ်တစိုက် ကြိုးစားအားထုတ်မှု၊ စွမ်းစမ်းလေ့လာမှုများကြောင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်၌ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်း၍ ဇီဝဆေးပညာသုတေသနအဆောက်အအုံ၊ အစည်းအဝေးခန်းမပါဝင်သော ဗဟိုဇီဝဆေးပညာ စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အသည်းရောင်အသားဝါ (ဘီ) ပိုးရောဂါ ရှာဖွေရေးလုပ်ငန်းတွင် အသုံးပြုရန် Particle Agglutination Test Kit နှင့် ELISA Test Kit တို့ကို ပြည်တွင်း၌ စရိတ်သက်သာစွာ ထုတ်လုပ်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် အသည်းရောင်အသားဝါ(ဘီ)ပိုးရောဂါကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် New York Blood Center တို့၏ အသိအမှတ်ပြုချက်နှင့်အညီ အရည်အသွေးစံချိန်မီစွာ ထုတ်လုပ်နိုင်ခဲ့သည်။ ထို့နောက် ၂၀၀၂ ခုနှစ်တွင် တဆေး (Yeast) မှ ထုတ်လုပ်သော ကာကွယ်ဆေးစက်ရုံကို တည်ဆောက်နိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ထုတ်လုပ်ပြီးကာကွယ်ဆေးများနှင့်

ကျွမ်းကျင်သူ ၇၇ ဦးကို အမှတ် (၁) စက်မှုဝန်ကြီးဌာန သို့ လွှဲပြောင်းပေးနိုင်ခဲ့သည်။

အလားတူ တိုင်းရင်းဆေးပညာသုတေသနမှ လည်း ရောဂါကြီးခြောက်မျိုးဖြစ်သည့် သွေးတိုးရောဂါ၊ တီဘီရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် ၄က်ဖျားရောဂါများ ကုသမှုအတွက် တိုင်းရင်းဆေးများ ဖော်ထုတ်နိုင်ခဲ့သည်။ ထိုဆေးများအနက် ဆေး ၆ မျိုး၏ ဆေးဝါးထုတ်လုပ်နည်းပညာနှင့် ဆေးညွှန်းများကို နိုင်ငံတော်အစိုးအမံဖြင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့ လွှဲအပ်ခဲ့သည်။ နိုင်ငံတော်က အမျိုးသားအဆင့် စီမံချက်များ ချမှတ်ဆောင်ရွက်ထိုပြင် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ကပင် ရွှေထောင့်အမျိုးမျိုးမှ သုတေသနပြုလုပ်ခဲ့သည့် မြွေကိုက်ရောဂါသုတေသနအတွက် ယနေ့ဆိုလျှင် ကြက်ဥအနှစ်မှ ထုတ်လုပ်သည့် မြွေပွေးဆီပ်ဖြေဆေးကို မြွေပွေးကိုက်လူနာများ၌ လူပုဂ္ဂိုလ်များအပေါ် စမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်လမ်းညွှန်ချက် (Ethical guideline for clinical trials) နှင့်အညီ စမ်းသပ်လျက်ရှိရာ အောင်မြင်မှုရရှိနေပြီဖြစ်သည်။ ဤဦးစီးဌာနသည် ပြည်တွင်းပြည်ပ သုတေသနဌာနကြီးများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် ဆက်သွယ်၍ ကျန်းမာရေးနှင့် သုတေသနဖွံ့ဖြိုးတိုးတက်မှုသတင်းအချက်အလက်များ၊ နည်းပညာများဖလှယ်



အမှတ် (၁) စက်မှုဝန်ကြီးဌာနသို့ တိုင်းရင်းဆေးထုတ်လုပ်မှုနည်းပညာလွှဲအပ်စဉ်

လျက်ရှိသည့် အိပ်(ချ်)အိုင်ဗီ၊ အေအိုင်ဒီအက်(စ်)၊ အဆုတ်ရောဂါနှင့် ၄က်ဖျားစသည့်ရောဂါများ ရှာဖွေမှုများနှင့် အတူ ကျန်းမာရေးပညာပေးမှုများ၊ ကာကွယ်ပေးမှုများ၊ ကုသမှုများပြုလုပ်ရာတွင် အသုံးချနိုင်မည့် နည်းလမ်းကောင်းများကိုလည်း ဆေးသုတေသီတို့က သုတေသနပြုဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။ ဆက်လက်၍လည်း ကြိုးစားကာ သုတေသနပြု ဆောင်ရွက်နေကြသည်။

ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ကူညီပံ့ပိုးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၅ ရက်မှစ၍ ယနေ့တိုင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၄က်ဖျားရောဂါဆိုင်ရာ သုတေသနနှင့် သင်တန်းပူးပေါင်းဆောင်ရွက်မှုဌာနကြီးအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

နိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ

အာဏာတည်တံ့ခိုင်မြဲရေးဟူသည့် တာဝန်ကြီးသုံးရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော် ကာကွယ်ရေးအင်အားစသည့် အင်အားသုံးရပ် တောင့်တင်းရန် လိုအပ်သည်။ ထိုအင်အားများတောင့်တင်းရန် နိုင်ငံသူနိုင်ငံသား အားလုံးအတွက် သေဘ့ချက်တစ်ခု ဖြစ်သည့် ကျန်းမာရေးကဏ္ဍတွင်ပါဝင်သည့် ဆေးသုတေသီတို့၏ စွမ်းဆောင်ချက်များသည် အဓိကဖြစ်သည်။ ထို့ကြောင့် သုတေသီကောင်းများကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ၌ တိုးတက်လာသည့်ခေတ်နှင့်အညီ သုတေသန



Symposium ခေါ် သုတေသနနှီးနှောပွဲကျင်းပစဉ်

ညီလာခံများတွင် သုတေသီတို့ စူးစမ်းလေ့လာမှုမှ တွေ့ရှိလာသည့် ရလဒ်များကို စာတမ်းတင်သွင်းဖတ်ကြားရုံမျှသာမက လူအများစိတ်ဝင်စားမှုနှင့် အာရုံစူးစိုက်မှုပိုမိုလာစေရန် သုတေသနပိုစတာပြပွဲများကို ၁၉၉၁ ခုနှစ်မှစ၍ ယနေ့တိုင်အောင်ပြသလျက်ရှိသည်။ Symposium ခေါ် သုတေသနနှီးနှောပွဲများကိုလည်း ၂၀၀၂ ခုနှစ်မှ စ၍ ယခုအချိန်အထိ ကျင်းပလျက်ရှိသည်။

သုတေသီတို့ သုတေသနလုပ်ငန်းများကို အားကြိုးမာန်တက် စိတ်ဝင်တစားလုပ်နိုင်ရန်နှင့် ထိုသို့ ကြိုးစားလုပ်ဆောင်မှုကို ဂုဏ်ပြုအားပေးသည့်အနေဖြင့် ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသို့ တင်သွင်းဖတ်ကြားသည့် စာတမ်းများနှင့် ပိုစတာများအနက် ဆုရွေးချယ်ရေးအဖွဲ့မှ ပညာရှင်ကြီးများက စိစစ်ရွေးချယ်ကာ ၁၉၉၃ ခုနှစ်မှစ၍ ယခုအချိန်အထိ ဆုများပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထိုသို့ဖြင့် နိုင်ငံတော်က အားပေးကူညီမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ လမ်းညွှန်ပံ့ပိုးမှုများနှင့်အတူ ဆေးသုတေသနဦးစီးဌာန ခေတ်အဆက်ဆက် ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ စီစဉ်ညွှန်ကြားဦးဆောင်မှုများနှင့်အတူ ဆေးသုတေသီတို့၏ စွမ်းဆောင်ရည်မြင့်မားစေရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လူမှုရေးဦးတည်ချက် ၄.ရပ်တွင် တစ်ချက်အပါအဝင်ဖြစ်သည့် "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့်အချက်အရ 'ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများတွင် တာဝန်ရှိသည့်အလျောက် ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် "လူတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး" ဆိုသည့် ရည်မှန်းချက်များနှင့်အညီ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသည့် နည်းနာ (၃) ရပ်ဖြင့် မြန်မာပြည်သူလူထုကျန်းမာရေး ကောင်းမွန်တိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူတို့အတွက် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဌာနတွင်း၌လည်း ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများကို ဖွဲ့စည်း၍ စနစ်တကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ထိုပညာရပ်ဆိုင်ရာအဖွဲ့များမှာ ဌက်ဖျားရောဂါ သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ တိုင်းရင်းဆေး သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ မြွေကိုက် သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ ခုခံအားကျဆင်းမှုရောဂါနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ အသည်းနှင့်အစာအိမ်လမ်းကြောင်း သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ ကြိုးထွားကြံ့ခိုင်မှုနှင့် အာဟာရ သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ ရောဂါပိုးသယ်ဆောင်သော ပိုးမွှား

မှတစ်ဆင့် ကူးစက်တတ်သောဗိုင်းရပ်(စ်)ရောဂါများ သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ အဏုမြူ သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ လူမှုကျန်းမာရေးဆေးသုတေသန ပညာရပ်ဆိုင်ရာအဖွဲ့၊ တိဘီရောဂါနှင့် အသက်ရှူလမ်းကြောင်းရောဂါ သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ အဆိပ်သုတေသနပညာရပ်ဆိုင်ရာအဖွဲ့၊ သွေးသုတေသန ပညာရပ်ဆိုင်ရာအဖွဲ့၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာအဖွဲ့. စသည်တို့ဖြစ်သည်။



မြန်မာပြည်မြောက်ဗျာဝိုင်းဒေသရှိ ပစ်ဂမီမျိုးစုထရန်လူမျိုးများအား တွေ့.ရစဉ်

ထို့ပြင် သုတေသီပညာရှင်များသည် တိုးတက်နေသည့် ဆေးပညာလောက အမြဲရှင်သန်နေမှုကို မျက်ခြည်မပြတ် သိရှိစေနိုင်ရန်နှင့် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အသီးသီးတို့တွင် အကျွမ်းတဝင် ထဲထဲဝင်ဝင် ရှိနိုင်ရန်အတွက် သုတေသနပညာရပ်ဆိုင်ရာဟောပြောပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ပြည်သူများ၏ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ရန် ဆေးခန်းများဖွင့်လှစ်ထားရာ "ကာကွယ်ဆေးနှင့်ရောဂါရှာဖွေရေးဆေးခန်း" တွင် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထိုးနှံပေးခြင်း၊ လိုအပ်သော စစ်ဆေးမှုများနှင့် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးခြင်း၊ အသည်းရောင် အသားဝါ (ဘီ) ဝိုး/(စီ) ဝိုး သယ်ဆောင်သောလူနာများအား ဆွေးနွေး၊ အကြံပြု၊ လမ်းညွှန်၊ ကုသပေးခြင်းများကို ဆောင်ရွက်လျက်သည်။

ထို့ပြင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ သုတေသနပညာရှင်များနှင့် ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သော "သားအိမ်ခေါင်းကင်ဆာ" စမ်းသပ်ဖော်ထုတ်သည့် ဆေးခန်းကို ဖွင့်လှစ်ထားရှိသည်။

ဆေးအဆိပ်အတောက်ဖြစ်ခြင်း (Poisoning) နှင့်ပတ်သက်သည့် သတင်းအချက်အလက်များ သိရှိလိုပါလျှင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ရှိ အမျိုးသားအဆိပ်ထိန်းချုပ်ရေးဌာနသို့ ဆက်သွယ်ဆွေးနွေးနိုင်သကဲ့သို့ မျိုးပွားကျန်းမာရေးနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းလိုပါက "မျိုးပွားကျန်းမာရေးအမေးအဖြေ" သီးသန့်တယ်လီဖုန်းလိုင်း ဖွင့်လှစ်ထားရှိသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ သုတေသနဌာနခွဲများရှိ ဓာတ်ခွဲခန်းများတွင်လည်း တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ ဝမ်းပျက်ရောဂါ အစရှိသော ရောဂါများနှင့်ပတ်သက်၍ ရောဂါပိုးများရှာဖွေမှုနှင့် ကုသမှုများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သုတေသနနည်းပညာရပ်၏ အခြေခံသဘောတရားများကို အကျွမ်းဝင်စေရန်၊ ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် လိုအပ်သည့် သုတေသနအဆိုပြုလွှာများ ရေးသားသည့် ကျွမ်းကျင်မှုနှင့်ပတ်သက်၍ အသိပညာများကို ပိုမိုတိုးတက်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျန်းမာရေးသုတေသနနည်းပညာသင်တန်းများကို နှစ်စဉ် ဖွင့်လှစ်လျက်ရှိပေသည်။

ဆေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်များ၏ သုတေသနဆိုင်ရာ တွေ့ရှိချက်များကို ပြည်သူများအတွင်း လက်တွေ့အသုံးချနိုင်စေရေးအတွက် Union of Burma Journal of Life Sciences ကို ၁၉၆၈ ခုနှစ်မှ စတင်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ Myanmar Health Sciences Research Journal ကို ၁၉၈၉ ခုနှစ်မှ ယနေ့တိုင် ထုတ်ဝေလျက်ရှိသကဲ့သို့ Bulletin စာစောင်

များ၊ အီလက်ထရွန်နစ်သတင်းလွှာတို့ကိုလည်း ထုတ်ဝေလျက်ရှိသည်။ အထက်ပါ သုတေသနကျောနယ်၊ စာစောင်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများသို့ ပေးပို့ဖြန့်ဝေလျက်ရှိသည်။

ဆေးသုတေသီပညာရှင်များသည် ပြည်တွင်းကျောနယ်များတွင်သာမက ပြည်ပဆေးကျောနယ်များတွင်ပါ ရေးသားလျက် လူသားများ၏ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဆေးပညာရပ်ပုံပိုးရေးတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်လျက်ရှိကြပေသည်။

ဤသို့ဖြင့် မြန်မာ့ဆေးသုတေသနနယ်ပယ်တွင် ကိုယ်အား၊ ဉာဏ်အား စွမ်းပကားပြည့်စုံစွာ ယနေ့တိုင်အောင် ဆောင်ရွက်လျက်ရှိကြသည့် ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင် (Emeritus Medical Researches) များအဖြစ် ပေါ်ထွက်ခဲ့သည့် ဂုဏ်ပြုခံပုဂ္ဂိုလ်များမှာ အောက်ပါဇယားအတိုင်း ဖြစ်သည်။

စဉ်	အမည်	ထမ်းဆောင်ခဲ့သည့် ရာထူးတာဝန်များ
၁	ဒေါက်တာဦးမြတူ	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ကျန်းမာရေးလူအင်အားပွဲ.ဖြိုးမှု၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့.
၂	ဒေါက်တာဦးအောင်သန်းဘတူ	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သုတေသနနှင့်လူသားအရင်းအမြစ်၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့.
၃	ဒေါက်တာဦးကိုကို	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ (ရောဂါကာကွယ်ရေး)၊ ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့. ဂုဏ်ထူးဆောင် ညွှန်ကြားရေးမှူး၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့. ဥက္ကဋ္ဌ (ငြိမ်း)၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့.
၄	ဒေါက်တာဒေါ်မြင့်မြင့်ဝင်း	ပါမောက္ခ/ဌာနမှူး (ဆေးပညာ) (ငြိမ်း)၊ ဆေးသိပ္ပံပညာဦးစီးဌာန အရှိန်တိုအတိုင်ပင်ခံ (ငြိမ်း)၊ လူသားအရင်းအမြစ်ပွဲ.ဖြိုးတိုးတက်မှုရုံး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့.
၅	ဒေါက်တာဦးထွန်းပေ	ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

ဆေးသုတေသနဦးစီးဌာနသည် လုပ်ငန်းတာဝန်များအဖြစ်

- အမျိုးသားကျန်းမာရေးကို ထိခိုက်နိုင်သော ကူးစက်ရောဂါအသစ်များနှင့် ပြန်လည် ဦးမော့လာသော ကူးစက်ရောဂါများကို ဖော်ထုတ်သုတေသနပြုရန်၊
- အမျိုးသားကျန်းမာရေးကို ထိခိုက်စေသော မကူးစက်နိုင်သည့်ရောဂါများကို ဖော်ထုတ်သုတေသနပြုရန်၊
- အမျိုးသားကျန်းမာရေးကို ထိခိုက်စေသော အာဟာရဓာတ်ဆိုင်ရာပြဿနာများ၊ ပြောင်းလဲလျက်ရှိသော လူနေမှုပုံစံများကို လေ့လာဆန်းစစ်ရန်၊
- သုတေသနဆောင်ရွက်မှု အရည်အသွေးမြှင့်တင်နိုင်ရန်ရည်ရွယ်၍ လူ့အရင်းအမြစ်၊ စက်ပစ္စည်းကိရိယာများနှင့် အဆောက်အအုံများတိုးတက်ရေးအတွက်ဆောင်ရွက်ရန်၊
- ပိုမိုအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစနစ် ပေါ်ပေါက်စေရန်ရည်ရွယ်၍ ကျန်းမာရေးစနစ် သုတေသနများ ဆောင်ရွက်ရန်၊
- မတော်တဆဖြစ်မှုများ၊ လုပ်ငန်းခွင်ထိခိုက်မှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုများကြောင့်ဖြစ်သော ကျန်းမာရေးထိခိုက်မှုများကို သုတေသနပြုရန်၊
- ကျန်းမာရေးစောင့်ရှောက်မှုအတွက် ထိရောက်စိတ်ချရသည့် တိုင်းရင်းဆေးဝါးများ ဖော်ထုတ်သုတေသနပြုရန်၊
- ဆေးသိပ္ပံဆိုင်ရာ တက္ကသိုလ်များတွင် သုတေသနအလေ့အကျင့် ပိုမိုတိုးတက်စေရေးအတွက် ကူညီရန်နှင့် ဘွဲ့လွန်သင်တန်းများကို ပညာရပ်ဆိုင်ရာနှင့် နည်းပညာဆိုင်ရာ သင်ကြားမှုများ ပြုလုပ်ရန်၊
- အဖြစ်များသောရောဂါများ ရှာဖွေခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ နည်းပညာဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန်စသည်တို့ကို သတ်မှတ်ခံယူ၍ ဆောင်ရွက်လျက်ရှိပေသည်။

ဆေးတက္ကသိုလ်များ၊ ဆေးရုံကြီးများမှ ပါမောက္ခများဦးစီး၍ ငှက်ဖျား၊ မြွေကိုက်ရောဂါ၊ တိုင်းရင်းဆေး၊ HIV/AIDS၊ ကင်ဆာရောဂါ၊ သွေးရောဂါ

ဆိုင်ရာအစရှိသော လက်တွေ့ဆေးသုတေသနယူနစ်များ ဖွဲ့စည်းကာ ဆေးသုတေသနလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာနသည် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ တို့နှင့် ပူးပေါင်း၍ ဆေးသုတေသနလုပ်ငန်းရပ်များစွာ ကို ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ကြာမြင့် ခဲ့ပြီဖြစ်ပေသည်။ ထို့ပြင် အမေရိကန်၊ ဂျပန်၊ အင်္ဂလန် တို့မှ တက္ကသိုလ်များနှင့်လည်း သုတေသနလုပ်ငန်းရပ် များပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။

မြန်မာနိုင်ငံအတွင်း ဆေးတက္ကသိုလ်များမှ ဆေးကျောင်းသားများ၊ ဘွဲ့လွန်ကျောင်းသားများ၊ ပါရဂူ ဘွဲ့ကျမ်းကြီးပြုစုသူကျောင်းသားများအတွက် ဆေးသု တေသနဦးစီးဌာနမှ သုတေသီပညာရှင်များသည် ပညာ ရပ်ဆိုင်ရာ သင်ကြားပေးခြင်း၊ စာမေးပွဲများစစ်ဆေးပေး ခြင်း၊ ကျမ်းပြုစုသူများအတွက် ကြီးကြပ်သူများအဖြစ် ဆောင်ရွက်ပေးခြင်းတို့ကို သုတေသနလုပ်ငန်းရပ်များ နှင့်အတူ ပူးတွဲလုပ်ဆောင်လျက်ရှိကြပေသည်။

ဆေးသုတေသနဦးစီးဌာနသို့ နိုင်ငံခြားတက္ကသိုလ်များမှ ကျောင်းသားများ၊ ဘွဲ့လွန်ပါရဂူဘွဲ့ကျမ်း ကြီးပြုစုသူပညာတော်သင်များ ရှိခဲ့သည်။ ဩစတြေး လျနိုင်ငံမှ ပညာသင် ၆ ဦးရှိခဲ့ရာ ဆစ်ဒနီမြို့ နယူး ဆောက်ဝေး(လ်) တက္ကသိုလ်တွင် ဆေးပညာဘွဲ့အတွက် လက်တွေ့ဆေးကြိုနှစ်အောင်မြင်ပြီး သက်ဆိုင်ရာ B.Med.Sc. ဘွဲ့ရယူရန် ခွင့်ပြုချက်ရကြ၍ ၎င်းဘွဲ့အတွက် ကျမ်းပြုစုတင်သွင်းရန်အလို့ငှာ ကွင်းဆင်းနည်းပညာ များ၊ ဓာတ်ခွဲခန်းပညာများ လေ့လာသင်ကြားရန်လာ ရောက်ကြခြင်းဖြစ်သည်။ ဆေးသုတေသနဦးစီးဌာနသို့ ပညာ တော်သင်လာရောက်စဉ် လေ့လာဆောင်ရွက်ထား သော သုတေသနလုပ်ငန်းများအပေါ်အခြေခံ၍ ပြုစုထား သော ကျမ်းများတင်သွင်းရာ နယူးဆောက်ဝေး(လ်) တက္ကသိုလ် (University of New South Wales) မှ B.Med.Sc ဘွဲ့များကို ရယူနိုင်ကြသည်။ ထို့ပြင် ဂျပန် နိုင်ငံ အိုကာယာမတက္ကသိုလ်မှ တတိယနှစ်ဆေး



ပဒေါင်လူမျိုးများ၏ အာဟာရဆိုင်ရာ လေ့လာကွင်းဆင်းမှုသုံတေသန



ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှင့် ကိုရီးယားနိုင်ငံတကာ ကော်ပိုရေးရှင်းအေဂျင်စီ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးစဉ်

ကျောင်းသားတစ်ဦးသည်လည်း ဆေးသုတေသနဦးစီးဌာနရှိ ကမ္ဘာကျန်းမာရေးအဖွဲ့ကြီး၏ ငှက်ဖျားရောဂါသုတေသနနှင့် လေ့ကျင့်ရေးဌာနကြီးတွင် အပူပိုင်းဆိုင်ရာ ရောဂါတစ်ခုဖြစ်သော ငှက်ဖျားရောဂါကုသရေးနှင့် သုတေသနလုပ်ငန်းများကို ၆ လတာမျှ ဆည်းပူးလေ့လာခဲ့သည်။ ယခုအခါ ၎င်းတို့သည် ကမ္ဘာနိုင်ငံကြီးများတွင် အတိုင်ပင်ခံဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုတက္ကသိုလ်မှ ပါရဂူကျောင်းသားတစ်ဦးသည်လည်း ၎င်း၏ ပါရဂူဘွဲ့အတွက် ငှက်ဖျားရောဂါဆိုင်ရာကျမ်းပြုစုရန် ဆေးသုတေသနဦးစီးဌာနသို့ ပညာတော်သင်အဖြစ် လာရောက်ခဲ့ပေသည်။ ယခုအခါ ကိုလံဘိုမြို့၏ နိုင်ငံတကာတက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းဆေးတက္ကသိုလ်များမှလည်း ဆေးသုတေသနဦးစီးဌာနသို့ သုတေသနပညာတော်သင်များအဖြစ် လာရောက်ကြသူအများအပြားရှိပေသည်။ ဆေးပညာဘာသာရပ်များသာမက သတ္တဗေဒ၊ ဓာတုဗေဒ၊ စာကြည့်တိုက်ပညာ အစရှိသည့် ဘာသာရပ်မျိုးစုံကို ကျမ်းလတ်မှ ပါရဂူကျမ်းကြီးအထိ ပြုစုသူများ လာရောက်ရာဌာနတစ်ခုလည်းဖြစ်သည်။ ဆေးသုတေသနဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်များကို ရာနှုန်းပြည့်မီအောင် အစွမ်းကုန်ဆောင်ရွက်လျက်ရှိသည်သာမက ပညာတော်သင်များအား သုတေသနပညာရပ်နည်းနိဿယများ သင်ကြားပေးလျက်ရှိပေသည်။


ဆေးသုတေသနဦးစီးဌာနသည် သုတေသနလုပ်ငန်းများသာမက ဆေးကုသမှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းကဏ္ဍ၌လည်း ပါဝင်ခဲ့ရာ ၂၀၀၈ ခုနှစ် မေလအတွင်း ဖြစ်ပွားခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသများဖြစ်သည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများအတွင်းရှိ လေဘေးသင့်ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကြိမ် ၂၀ ကွင်းဆင်းဆောင်ရွက်၍ ကျေးရွာလူထု ၅၄၃၉ ဦးအား ကျန်းမာရေးကုသမှုများ ပေးခဲ့သည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သိန်း ၁၀၀ တန်ဖိုးခန့် ဆေးနှင့်ပစ္စည်းများပေးအပ်ခဲ့သည်။

ဆေးသုတေသနဦးစီးဌာနသို့ ဧည့်သည်တော်ပညာရှင်များအဖြစ် နှစ်စဉ် ၂၅ ဦးခန့်လာရောက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် နိုင်ငံတကာ တက္ကသိုလ်အချို့မှ သုတေသနပညာရှင်ပါမောက္ခများ ပါဝင်ခဲ့ပေသည်။

၂၀၁၁ ခုနှစ်တွင် Korea International Cooperation Agency (KOICA) အစီအစဉ်ဖြင့် အဓိက

ကျန်းမာရေး ပြဿနာရောဂါများဖြစ်သည့် တီဘီ၊ ငှက်ဖျား၊ အသည်းရောင်အသား၀ါ၊ ဝမ်းပျက်ရောဂါများနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများ ပိုမိုသုတေသနပြုနိုင်ပြီး ရောဂါပိုးများရှာဖွေမှုနှင့် ကုသမှုများကို အဆင့်တိုးမြှင့်ရှာဖွေ သုတေသနပြုနိုင်မည်ဖြစ်သည့် အမေရိကန်ဒေါ်လာသုံးသန်း အထောက်အပံ့ဖြင့် သုတေသနဓာတ်ခွဲခန်းမ "Establishment of Laboratory for Research on Communicable Diseases Project" ကိုဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှင့် Korea International Cooperation Agency (KOICA) တို့နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အဆိုပါသုတေသနဓာတ်ခွဲခန်းမသည် နိုင်ငံတကာသုတေသန ဌာနများနှင့်လည်း ICT နည်းပညာဖြင့် ဆက်သွယ်၍ အသုံးချကာ သတင်းအချက်အလက်နည်းပညာများ ဖလှယ်နိုင်မည်ဖြစ်ပေသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ ဆေးသုတေသနတွေ့ရှိချက်များ အသုံးချခြင်းဖြင့် မြန်မာနိုင်ငံသားများ ပိုမိုကျန်းမာလာစေရန် ရည်ရွယ်၍ အမျိုးသားကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးပြဿနာများ ဖြေရှင်းနိုင်ရန် သုတေသနဆောင်ရွက်ရာတွင် ဓေတ်မိသိပ္ပံနှင့် နည်းပညာသစ်များကို အသုံးချခြင်း၊ ဆေးဘက်ဆိုင်ရာ သိပ္ပံပညာမြှင့်တင်နိုင်ရန် သုတေသနဆိုင်ရာ လူ့အရင်းအမြစ်၊ နည်းပညာလေ့ကျင့်ရေးနှင့် အလေ့အကျင့်တို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ တိုင်းပြည်၏ လူမှုစီးပွားရေးကို အထောက်အကူပြုစေမည့် ဆေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းစသည့် ရည်မှန်းချက်များထား၍ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ၏ လုပ်ငန်း



ကြက်ဥဆန်စမ္ပာ ထုတ်လုပ်သည့်မြေပွေးဆီပင်ဖြေဆေး

များဖြစ်သော ဆေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတွင်ဆေးသုတေသနလုပ်ငန်းများ ပိုမိုဖြစ်ထွန်းစေရန် အားပေးခြင်း၊ ကူညီခြင်းနှင့် ထောက်ပံ့မှုများပေးခြင်း၊ ဆေးသုတေသနဆိုင်ရာ နည်းပညာနှင့် လေ့ကျင့်မှုများပေးခြင်း၊ ဆေးသုတေသန စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဒေါက်တာမျိုးစိုး (ဆေးသု)

သမိုင်းထဲက 'ကယန်း'

အဓိပ္ပြန်ဖာနိုင်ငံတော်ကြီးတွင် လွန်ခဲ့သောနှစ်ပေါင်းရာစုများစွာကတည်းက တိုင်းရင်းသားလူမျိုးပေါင်းစုံရာကျော် နေထိုင်ခဲ့ကြသည်။ ယင်းလူမျိုးများထဲတွင် တိုင်းရင်းသားကယန်းလူမျိုးသည်လည်း ပင်စည်မှ ဖြာထွက်လာသည့် အကိုင်းအခက်အလက်တစ်ခုသဖွယ် ပါဝင်နေသည်။

သင့်တော်သည့် ရေမြေတောတောင်တွင် ကိုယ့်လူမျိုး၊ ကိုယ့်အုပ်စုနှင့် ကိုယ်အစုအဖွဲ့နေထိုင်ကြခြင်းကြောင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ ကွဲပြားခြားနားကြသော်လည်း အမှန်စင်စစ်ပင်စည်တစ်ပင်တည်းမှပင် ဖြာထွက်လာခြင်းဖြစ်ပေသည်။

ရှေးယခင်ကတည်းက နေထိုင်ဆင်းသက် ပေါက်ဖွားလာသည့် တိုင်းရင်းသား ကယန်းလူမျိုးမျာ၏ အပြောအဆို၊ အနေအထိုင်၊ ဟန်အပမာအရာ၊ စတိစားဆင်ယင်မှု၊ ချစ်ပြတ်နိုးဖွယ်ယဉ်ကျေးမှုဓလေ့ထုံးစံများကို မတိမ်ကော၊ မပယ်ပျောက်သွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရပေမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် စုပေါင်းနေထိုင်ကြသည့် နိုင်ငံဖြစ်သည်။ မွန်ဂိုကုန်းမြင့်မှ ဆင်းသက်လာကြပြီး ဤပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လွန်ခဲ့သောနှစ်ပေါင်း ရာစုများစွာက အတူတကွ နေထိုင်လာကြသည့် သွေးရင်းသားရင်းညီအစ်ကိုများဖြစ်ကြသည်။ ရောက်ရှိနေထိုင်ရာအရပ်ဒေသ ရေမြေချောင်းခြားခြင်း၊ မြေပြန့်တောင်ပေါ်ကွာခြားခြင်း၊ ပထဝီအနေအထား၊ ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် တစ်ဦးနှင့်တစ်ဦး အဆက်ပြတ်ကာ ရောက်ရာအရပ်၌ကိုယ့်အစုနှင့်ကိုယ် နေထိုင်ခြင်းတို့ကြောင့် အပြောအဆို၊ အနေအထိုင်၊ အဝတ်အစား၊ အမူအယာ၊ ဓလေ့ထုံးစံများ အနည်းငယ်ကွဲပြားကြသော်လည်း "အရင်းစစ်၊ အမြစ်မြေက" ဟူသည့် စကားအတိုင်းပင် ပင်စည်တစ်ပင်တည်း မှဖြာထွက်လာသော အကိုင်းအခက်များဖြစ်သည်။ လူသိနည်းသည့် တိုင်းရင်းသားကယန်းလူမျိုးသည်လည်း ထိုပင်စည်မှ ဖြာထွက်လာသည့်အကိုင်းအခက်တစ်ခုဖြစ်သည်။

တိုင်းရင်းသားကယန်းလူမျိုးသည် မိမိကိုယ်ကိုယ် ကမ်းယံလူမျိုးကြီးအုပ်စုမှ ဆင်းသက်လာသည့် လူမျိုးဖြစ်သည်ဟု ခံယူကြသည်။ "ကယန်း" ဟူသောအမည်သည် သက်ကြီးစကား သက်ငယ်ကြား နှုတ်တိုက် မှတ်သားလာကြသည့် ပါးစပ်ရာဇဝင်အရ "ခို" နှင့် "ယန်း" အမည်ရှိ ညီအစ်ကိုနှစ်ဦး၏ မိသားစုမှ ဆင်းသက်ပေါက်ဖွားလာသောကြောင့် မိသားစု၏ အမျိုးအနွယ်အမည် ခိနှင့် ယန်းတို့ပေါင်းစပ်ပြီး ခိယန်းဟူသောအမည်ကို ခံယူကြသည်။ ကာလကြာသောအခါ ခိယန်းဟုခေါ်ဆိုရာမှ ကယန်းဟူသောအမည်သို့ ပြောင်းလဲခေါ်ဆိုလာခြင်းဖြစ်သည်ဟုဆိုသည်။

နေထိုင်ရာအရပ်ဒေသ

တိုင်းရင်းသားကယန်းလူမျိုးသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်မြောက်ပိုင်းနှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် အရှေ့ဘက် ပေါင်းလောင်းဒေသတွင် ပျံ့နှံ့စွာ နေထိုင်ကြသည်။ အခြားတိုင်းရင်းသားလူမျိုးများနှင့် ရောထွေးနေထိုင်မှု အလွန်နည်းသည်။ စုစုပေါင်းလူဦးရေသုံးသိန်းခန့်ရှိသည်။

ဖော်ပြပါဒေသအတွင်းသို့ဝင်ရောက်လာသည့် အခါ မြောက်ဘက်အရပ်သို့ ဦးစွာရောက်ရှိသည့် အုပ်စု

က မိမိကိုယ်ကိုယ် မြောက်ပိုင်းကယန်း (ကယန်းလထာ) ဟူသောအမည်သစ်ကို ခံယူကြသည်။ တောင်ဘက် အရပ်သို့ရောက်သွားသည့်အုပ်စုက မိမိကိုယ်ကိုယ် တောင်ပိုင်း ကယန်း (ကယန်းလဟို) ဟု အမည်ပြောင်း လဲခံယူကြသည်။

မြောက်ပိုင်းကယန်း (ကယန်းလထာ) ၏ ကိုယ်ပေါ်ပါလူမျိုးအမှတ်အသားသည် မေးရိုးအောက် လည်ပင်းနေရာကို ဦးချိုနှစ်ဖက်အောက်သို့ကွေးဆင်း သည့်ကျဲခေါင်းပုံသဏ္ဌာန်နှင့် အနီးစပ်ဆုံးတူညီသည့် ရုပ်ပုံကို ဆေးမင်ကြောင်ဖြင့် ထိုးထားသည်။ လွယ်လုံ ဒေသနှင့် အင်လာရွာတွင် နေထိုင်ကြသည့် ကယန်း လထာသက်ကြီးရွယ်အိုများ၏ လည်ပင်းတွင် ယနေ့တိုင် တွေ့မြင်နိုင်သည်။ တောင်ပိုင်းကယန်း (ကယန်းလဟို) အမျိုးသားများ၏ ကျောကုန်းအထက်ပုခုံးနှစ်ဖက်ကြား တွင် အောက်မှအထက်သို့ ဒေါင်လိုက်ဆေးမင်ကြောင် ခြောက်ကြောင်းကို နေထွက်စ ရောင်ခြည်ပုံသဏ္ဌာန်ဖြင့် ထိုးထားသည်။ သက်သေအထောက်အထား ပြနိုင်သည့် သက်ကြီးရွယ်အိုများ မရှိတော့ချေ။

မြောက်ဘက်အရပ်သို့ ဝင်ရောက်လာသည့် ကယန်းလထာတို့သည် ပထမဦးဆုံး လွယ်လုံနယ် (ယခု-ပင်လောင်းမြို့နယ်) ဆောင်းထန့်အရပ်ဒေသ



ကယန်းလထာအမျိုးသမီး ဝတ်စားဆင်ယင်မှုဝတ္ထု

(ယခု-ဘန်းဖရာကျေးရွာအုပ်စု) ဘန်းဖရာရွာတွင် စတင် အခြေချနေထိုင်ပြီး မြောက်ဘက်တွင် နောင်ဘရား မြို့နယ်အနောက်ဘက် တောင်ပေါ်ဒေသမှ တောင်ဘက် မိုးဗြဲ နယ် (ယခု-ဖယ်ခုံမြို့နယ်) အနောက်မြောက်ဘက် လွယ်လုံနယ်နှင့် ထိစပ်နေသော တောင်ထုံ၊ တောင်ဂု၊ တန်ဆဲ၊ ဟန်ခ တောင်ပေါ်ဒေသတွင်လည်းကောင်း၊ မိုးဗြဲနယ်အနောက်ဘက် လန်းကော၊ နန်းတဲ၊ ဒုံလန်း အရပ်ဒေသမှ ပေါင်းလောင်းမြစ်အရှေ့ဘက်အထိတွင် လည်းကောင်း ဝင်ရောက်အခြေချနေထိုင်ကြသည်။

ပြောဆိုသည့်စကားနှင့်ယဉ်ကျေးမှု ဓလေ့ထုံးစံများတူညီကြသော်လည်း နေထိုင်ရာအရပ်ဒေသ ပထဝီအနေအထားကြောင့် ဝတ်စားဆင်ယင်မှုတွင် အဆက်အစပ်မရှိလုံးဝကွဲပြားကြသည်။ လွယ်လုံနယ်တွင် နေထိုင်သည့် ကယန်းလထာအမျိုးသားများ ဝတ်ဆင်မှုတွင် ထူးခြားမှုမရှိသော်လည်း အမျိုးသမီးများ ဝတ်ဆင်မှုတွင် ကိုယ်တိုင်ယက်လုပ်သည့် သင်တိုင်းအဖြူရောင်ဝတ်ဆင် ကြသည်။ တိုင်းရင်းသားရှမ်းလူမျိုးတို့က ထိုလွယ်လုံ ဒေသရှိ ကယန်းလထာကို (လန်) ကရင်လူမျိုးဟု ခေါ်ဆို ကြသည်။ ပအိုဝ်းလူမျိုးတို့က ကယန်းလူမျိုးဟု ခေါ်သည်။

မိုးဗြဲနယ်အနောက်မြောက်ဘက် တောင်ထုံ၊ တောင်ဂု၊ ဟန်ဆီးဟန်ခတောင်ပေါ်ဒေသတွင် နေထိုင် ကြသည့် ကယန်းလထာမျိုးနွယ်တို့သည် ထူးခြားသော ဝတ်စားဆင်ယင်မှုရှိသည်။ အမျိုးသားများအားလုံး အရွယ်ရောက်လာလျှင် ခေါင်းပေါ်ရှိ ဆံပင်များကို အရှည်မထားဘဲ သင်တုန်းစားဖြင့် ခေါင်းတုံးရိတ်ရသည်။ ဆံပင်လက် တစ်ဆစ်ခန့်ရှည်လာလျှင် သင်တုန်းစားဖြင့် ပြန်ရိတ်ရ သည်။ ထို့ကြောင့် တိုင်းရင်းသားရှမ်းလူမျိုးက ထိုဒေသတွင် နေထိုင်ကြသည့် ကယန်းလထာမျိုးနွယ်ကို ယန်ဟိုထာ (ဆံပင်တို-ခေါင်းတိုကယန်း) လူမျိုးဟု အမည်ပေး ခေါ်ဆိုကြသည်။ အခြားအမည်ဖြစ်သည့် ဧယိမ်၊ ဆံတို၊ ဟိုထာ ဟူ၍လည်း ခေါ်ဆိုကြသည်။

မိုးဗြဲနယ်အနောက်ဘက် လန်းတော၊ နန်းတဲ၊ ဒုံလန်းအရပ်ဒေသတွင် နေထိုင်ကြသည့် ကယန်းလထာ တို့သည် တောင်ပိုင်းကယန်းခေါ် (ကယန်း ပဒေါင်) နှင့် အနေနီးသောကြောင့် ဝတ်စားဆင်ယင်မှုသည် ကယန်း ပဒေါင်နှင့်ပို၍ နီးစပ်သည်။

တောင်ဘက်အရပ်သို့ ဝင်ရောက်လာကြသည့် ကယန်းလဟို (တောင်ပိုင်းကယန်း) တို့သည် ပထမဦးဆုံး မိုးတြိနယ်အလယ်ပိုင်း ရိုနဲကျေးရွာအုပ်စု၊ "တဗလား" (ယခု–ဆိုင်ခွန်ရွာ) တွင် စတင်အခြေချနေထိုင်ကြပြီး မိုးတြိနယ်အနောက်ပိုင်း၊ အရှေ့ပိုင်းနှင့် တောင်ပိုင်းကရင်နီ (ယခု–ကယား) နယ်စပ်အထိနေထိုင်ကြသည်။ မိမိကိုယ်ကိုယ် ကယန်းလတို့ (တောင်ပိုင်းကယန်း) ဟု အမည်ခံယူသည်။ ကယန်းလဟို အမျိုးသမီးဝတ်ဆင်မှုတွင် လည်ပင်းနှင့် ဒူးခေါင်းအောက် ခြေသလုံးများတွင် ကြေးကွင်းပတ်ဝတ်ဆင်မှုကြောင့် တိုင်းရင်းသားရှမ်းလူမျိုးက ကြေးဝတ် (ပတ်တောင်း) လူမျိုးဟု ခေါ်ဆိုကြသည်။ နောင်တွင် ပတ်တောင်းမှ ပဒေါင်ဟူသော အသုံးအနှုန်းသည် ၁၉ ရာစုခေတ်ဦးပိုင်းမှစ၍ ရေးသားလာသည်ကို တွေ့ရသည်။ ယခုအခါ မူရင်းအမည်ဖြင့် ကယန်း (ပဒေါင်) ဟူ၍ ရေးသားခေါ်ဆိုကြသည်။

ကရင်နီ (ယခု–ကယား) ပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုးမြို့နယ် မြေပြန့်ဒေသတွင် ဝင်ရောက်နေထိုင်ကြသည့် တောင်ပိုင်းကယန်း (ကယန်းလတို့) တို့သည် မိမိကိုယ်ကိုယ် မြေပြန့်ကယန်း (ကယန်းကမ်းငံ) ဟု အမည်ခံယူကြသည်။ အမျိုးသမီးများဝတ်ဆင်မှုတွင် ရင်ညွန့်အထက်ပိုင်းကို ငွေဒင်္ဂါးကော်ပြားများ သီကုံးပြီး ဝတ်ဆင်မှုကြောင့် တိုင်းရင်းသားရှမ်းလူမျိုး ကယန်းဘော် (ဘော်ပြားဝတ်ဆင်သည့်ကယန်း) လူမျိုးဟုခေါ်ဆိုကြသည်။ နောင်တွင် ယင်းဘော်လူမျိုးဟူ၍ ရေးသားဖော်ပြကြပြီး ယခုအခါ ကယန်းကမ်းငံ (ယင်းဘော်) ဟုရေးသားခေါ်ဆိုကြသည်။

ကရင်ပြည်နယ်မြောက်ပိုင်း သံတောင်ဒေသနှင့် နေပြည်တော်တိုင်းဒေသကြီး အရှေ့ဘက်တောင်ပေါ်ဒေသ ပေါင်းလောင်းမြစ်ရိုးတစ်လျှောက်တွင် ဝင်ရောက်နေထိုင်ကြသည့် တောင်ပိုင်းကယန်း (ကယန်းလတို့) တို့သည် မိမိကိုယ်ကိုယ်တောင်ပေါ်ကယန်းဟု အဓိပ္ပာယ်ရသည့် (ကယန်းဂေခို) ဟူသောအမည်ကို ခံယူကြသည်။ ထိုဒေသတွင် နေထိုင်ကြသည့်တောင်ပိုင်း ကယန်းမျိုးနွယ်သည် ကရင်လူမျိုးနှင့် အနေနီးသောကြောင့် ဝတ်စားဆင်ယင်မှုတွင် ကရင်နှင့်ပို၍ နီးစပ်သည့်သင်တိုင်းများဝတ်ဆင်ကြသည်။ မြေပြန့်တွင် နေထိုင်ကြသည့် အခြားတိုင်းရင်းသားများက တောင်ပေါ်ကရင်ဟု အမည်ပေးခေါ်ဆိုကြသည်။

ဝတ်စားဆင်ယင်မှု

မြောက်ပိုင်းကယန်းခေါ် (ကယန်းလထာ) နှင့် တောင်ပိုင်းကယန်းခေါ် (ကယန်းလဟို) မျိုးနွယ်တို့သည် ပြောဆိုသည့်စကားအသံအနိမ့်အမြင့်ရှိသော်လည်း နားလည်ကြသည်။ အခြားယဉ်ကျေးမှုဓလေ့ထုံးစံများလည်း အများအားဖြင့် တူညီကြသည်။ သို့ရာတွင် ဝတ်စားဆင်ယင်မှုတွင် လုံးဝမတူညီကြပေ။

မြောက်ပိုင်းကယန်းမျိုးနွယ် တောင်ထုံ၊ တောင်ဂု၊ ဟန်ဆီ၊ ဟန်ခဒေသတွင် နေထိုင်ကြသည့် ကယန်းလထာနှင့်တောင်ပိုင်းကယန်းမျိုးနွယ် ကယန်းပဒေါင်တို့၏ ဝတ်စားဆင်ယင်မှုသည် မည်သည့်လူမျိုး၏ ဝတ်စားဆင်ယင်မှုနှင့်မတူဘဲ ထူးထူးခြားခြားဖြစ်နေသည်ကို တွေ့ရသည်။

မြောက်ပိုင်းကယန်း (ကယန်းလထာ) ဝတ်စားဆင်ယင်မှု

လွယ်လုံနယ် (ပင်လောင်းမြို့နယ်) တွင် နေထိုင်ကြသည့် ကယန်းလထာအမျိုးသားများ၏ ဝတ်စားဆင်ယင်မှုသည် ထိုအရပ်ဒေသတွင် နေထိုင်ကြသည့် အခြားတိုင်းရင်းသားများနှင့် ကွာခြားမှုမရှိပေ။ အမျိုးသမီးများဝတ်ဆင်မှုတွင် ဦးခေါင်းကိုဆံပင်အရှည်ထားပြီး ထူထဲသည့်ပုဝါဖြင့် ခေါင်းပေါင်းထားသည်။ အတွင်းအင်္ကျီကို အဖြူရောင်ချည်နှင့် ရင်ခွဲကြောင်းကို အနက်ရောင်၊ အနီရောင်၊ အဝါရောင်ဖြင့် စပ်ထားသည်။ အောက်အနားတွင် အနီရောင်ချည်ဖြင့် ရက်လုပ်ထားသည်။ ခေါင်းစွပ်အင်္ကျီဖြစ်ပြီး ဝတ်ဆင်သည့်အခါ ဒူးခေါင်းအောက်အထိဖုံးထားသည်။ အပေါ်အင်္ကျီသည် အဖြူရောင်ခါးတိုအင်္ကျီဖြစ်သည်။ လက်မောင်းနှစ်ဖက်တွင် အနက်ရောင်ဖြင့်ချုပ်လုပ်သည်။ အမျိုးသမီးဝတ်လုံချည်တွင် အဖြူရောင်ချည်ဖြင့် ရက်လုပ်ပြီး အောက်အနားတွင် အနီရောင်၊ အနက်ရောင်ချည်ဖြင့် အနားသတ်ရက်လုပ်ဝတ်ဆင်ကြသည်။


မိုးတြိနယ်တောင်ထုံ၊ တောင်ဂု၊ ဟန်ဆီ၊ ဟန်ခဒေသတွင် နေထိုင်ကြသည့် ကယန်းလထာအမျိုးသား

ဝတ်ဆင်မှုတွင် ဦးခေါင်းကို ဆံပင်အရှည်မထားဘဲ ခေါင်းတုံး တုံးထားသည်။ ဆံပင်အနည်းငယ်ရှည်လာလျှင် ပြန်တိုသွားအောင်ဓားဖြင့်ရိတ်ရသည်။ နားနှစ်ဖက်တွင် နားပေါက်ဖောက်ထားပြီး အပေါက်ကျယ်အောင်ချဲ့ထားရသည်။ ငွေသားနားဆွဲကို ဖားစည်ပုံသဏ္ဌာန် အခေါင်းပွပြွလုပ်ပြီး နားတွင်ပန်၍ ဆင်မြန်းထားရသည်။

မေးရိုးအောက်လည်တိုင်အပေါ်ဆုံးနေရာတွင် အဖြူတစ်လုံး၊ အနီတစ်လုံးစီတွဲ၍ သီထားသည့်ရောင်စုံပျဉ်ပုတီးလုံးကိုလည်ပင်းတွင်ပတ်၍ ဝတ်ဆင်သည်။ ပယင်းရောင်စုံပျဉ်ပုတီးကုံးအောက်တွင် အနက်ရောင်ကျောက်ပုတီးတစ်ကုံး၊ အနီရောင်ကဲသည့် ကျောက်ပုတီးတစ်ကုံးနှင့် အဖြူရောင်၊ အဝါရောင်ကဲသည့် ပုလဲပုတီးကုံးများဖြင့် ဆင်မြန်းထားသည်။ လည်ပင်းအောက်ခြေတွင် တောဝက်စွယ်နှစ်ချောင်းဆက်ပြီး ကြိုးဖြင့်ဆွဲထားသည်။

လက်နှစ်ဖက်တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိကြေးကွင်းပတ်ထားသည်။ ကိုယ်၏ အထက်ပိုင်းကို ဂျပ်ခုတ်လက်ရက်ထည် အဖြူရောင်ဝတ်ဆင်ထားသည်။ ကိုယ်၏ အောက်ပိုင်းတွင် ဂျပ်ခုတ်လက်ယက်ထည်အဖြူရောင်ဘောင်းဘီကိုဝတ်ဆင်သည်။ ဒူးခေါင်းအောက်တွင် အဖြူရောင် ပုတီးတစ်ကုံးပတ်ထားပြီး ပုတီးကုံးအောက်ခြေသလုံး အထက်တွင် သစ်စေးသုတ်ထားသည့် ချည်ကြိုးများဖြင့် ပတ်၍ ဆင်မြန်းကြသည်။ ခြေကျင်းဝတ်တွင် (ဘုတ်သ) ခေါ် အဖြူရောင်အသီးတစ်မျိုးကို ပုတီးကုံးသဖွယ် သီ၍ ဝတ်ဆင်သည်။ ခြေကျင်းဝတ်တစ်ဖက်လျှင် ခြူသီး ငါးလုံးဝတ်ဆင်သည်။

အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် တစ်မူထူးခြားသည်။ အမျိုးသမီး၏ ဦးခေါင်းတွင် ဆံပင်အရှည်ထားသည်။ သုံးလက်မခန့်ကျယ်သည့် ဘီးဖြင့် ဆံပင်ကိုပြီးရသည်။ ဆံပင်များကို ရိုးရိုးဆံထုံးဖြင့် မထုံးဘဲ တစ်ပတ်လျှိုဆံထုံးထုံးနည်းဖြင့် ထုံးကြသည်။ နားထင်နှစ်ဖက်တွင် ဆံပင်များခွဲ၍ ဆံမြိတ်ချထားသည်။ အပေါက်ဖောက်ထားသည့် နားနှစ်ဖက်တွင် ငွေသားနားဆွဲများ၊ ငွေသားနားဆွဲများ ဝတ်ဆင်ကြသည်။ လည်ပင်းအပေါ်ဆုံးနေရာတွင် အဖြူနှင့် အနီရောင်သီထားသည့် ပုတီးတစ်ကုံးကို ဝတ်ထားသည်။ ယင်းပုတီးအောက်တွင် အနီရောင်၊ အဖြူရောင်၊ အနက်ရောင်ပုတီးကုံးများ အစဉ်လိုက် လည်တိုင်မှရင်ညွန့်အထိ ပုလဲပုတီးကုံးများ ဆွဲထားသည်။ လက်ယာပခုံးအထက်မှ ဘယ်ခါးအထိ အနီ၊ အဝါ၊ အနက်ပါသည့် ပျဉ်ပုတီးလုံးကြိုးတစ်ကုံးစီကို စလွယ်သိုင်း၍ ဝတ်ဆင်သည်။ လက်နှစ်ဖက် တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိ အရွယ်အစားအနည်းငယ်သေးသည့်ကြေးကွင်းများ ပတ်ထားသည်။ လက်နှစ်ဖက်ရှိ လက်ချောင်းများအားလုံးတွင် ကြေးကွင်းလက်စွပ်များ စွပ်ထားသည်။ ကိုယ်၏ အထက်ပိုင်းတွင် အမည်းရောင်ဖြင့် အနားဖောက်ထားသည့် လက်ရက်ဂျပ်ခုတ်ထည် အဖြူကို ဝတ်ဆင်ထားသည်။



လွယ်လုံနယ်မှ ကယန်းလထာအမျိုးသမီးနှစ်ဦး

ခါးတွင် (ဘုတ်သ) ခေါ်ရောင်စုံအသီးတစ်မျိုး သီထားသည့် ကြိုးကွင်းများကို ပတ်၍ ဝတ်ဆင်သည်။ ကိုယ်၏အောက်ပိုင်းကို ချည်ဖြူ၊ ချည်နီ၊ ချည်မည်းဖြင့် ကန့်လန့်အစင်းဂျပ်ခုတ်လက်ရက်ထည်စောင်ကို ဒူးခေါင်းအထိပတ်၍ ဝတ်ဆင်သည်။ ဒူးခေါင်းအောက်တွင် ကြေးကွင်းသုံးကွင်းပတ်ထားပြီး ခြူသီးများဆွဲထားသည်။ ကြေးကွင်းအောက်တွင် သစ်စေးဖြင့် သုတ်ထားသည့် ချည်ကြိုးများကို ခြေကျင်းဝတ်အထိဝတ်ဆင်

သည်။ ခြေကျင်းဝတ်နေရာတွင် အဖြူရောင်ပုတီးလုံးနှစ်ကွင်းစီပတ်ထားသည်။ လူပ်ရှားသွားလာသည့်အခါတွင် ခြူသံများကြားရသည်။

တောင်ပိုင်းကယန်း (ကယန်းပဒေါင်) မျိုးနွယ်ဝတ်ဆင်မှု

အမျိုးသားများဝတ်ဆင်မှုတွင် သာမန်ဘောင်းဘီ၊ အင်္ကျီနှင့်ခေါင်းပေါင်းများ ဝတ်ဆင်သည်။ အခမ်းအနားရှိသည့်အခါ ပိုးပဝါခေါင်းပေါင်းနှင့်ခါးတွင် ငွေမားပတ်၍ ဝတ်ဆင်ကြသည်။

အမျိုးသမီးများဝတ်စားဆင်ယင်မှုမှာ ဦးခေါင်းထိပ်တွင်ဆံထုံးထုံးထားသည်။ ဆံထုံးပေါ်တွင် (ကရုပ်) ခေါ်ငွေသားဆံထိုး တစ်ခုစိုက်ထားသည်။ (ကခိုက် ခေါ်ငွေဆံထိုးတစ်ချောင်းကို ဆံထုံးညာဘက်မှ ဘယ်ဘက်သို့ကန့်လန့်ဖြတ်ထိုးထားသည်။) (ကသေ့) ခေါ်ငွေသားဖြင့် အနားကပ်ထားသည့် ဘီးခုံးတစ်ချောင်းကို ဆံထုံးအရင်းပိုင်းတွင် စိုက်ထားသည်။ နဖူးအထက်တွင် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်ပါသည့် သိုးမွေးနှင့် ပိတ်စဖြင့်စည်းပတ်၍ ဆင်မြန်းထားသည်။ နားနှစ်ဖက်တွင် ဖောက်ထားသည့်အပေါက်ထဲသို့ ငွေနားဝှောင်း၊ ငွေနားဆွဲများ ဆွဲထားသည်။

လည်ပင်းတွင် ကြေးခွေများပတ်ထားသည်။ လည်ဆွဲတန်ဆာအဖြစ် ကွင်းဆက်ငွေကြိုးနှစ်ကုံး၊ ငွေပြားကြီး ခုနစ်ချပ်၊ ငွေပြားငယ် ၁၀ ချပ်ကို သီးခြားငွေကြိုးတစ်ချောင်းဖြင့် သီကုံးရသည်။ ဝတ်ဆင်သည့်အခါတွင် ငွေပြားကြီးကို ရင်ဘတ်အထက် လည်တိုင်တွင်ထားရှိပြီး ငွေပြားအငယ်များကို လည်ပင်းအနောက်ဘက်တွင်ထားရှိ၍ ဆင်မြန်းရသည်။ မေးရိုးအောက် လည်ပင်းနှင့် ကြေးကွင်းအကြားတွင် ကြေးကွင်းပွတ်တိုက်မှုဒဏ်ခံနိုင်ရန် ပိတ်စအနက်ရောင်တစ်စဖြင့် ခုထားသည်။

ပိတ်စအနားများကို ရောင်စုံသိုးမွေးချည်နှင့် ပုလဲပုတီးဖြင့် ကွပ်ထားသည်။ အနားနှစ်ဖက်ကို ပုတီးလုံးနှင့် ရောင်စုံသိုးမွေးဖြင့် အမြီတ်ဆွဲထားသည်။ မိုင် ခေါ်တစ်ပေခွဲခန့်ရှည်လျားသည့် ကွမ်းသီးလုံးအငယ်စားအရွယ် ခေါင်းပွငွေပုတီးလုံးတစ်ကုံးကို အဖျားဘက်တွင် ငွေပြားကြီးပါးပါးဖြင့် တပ်ဆင်ထားပြီး အခြားတစ်ဖက်တွင် ချိတ်ဆွဲရန် ချိတ်တစ်ခုပြုလုပ်ထားသည်။ ဝတ်ဆင်သည့်အခါတွင် လည်တိုင်အောက်ငွေကြိုးနှင့် ချိတ်ဆက်ပြီး အခြားတစ်ဖက်ရှိ ငွေပြားကြီးသည် ညာဘက်နားရွက်အောက်ရှိ ကြေးကွင်းကြားညှပ်ထားရသည်။ ငွေပုတီးလုံးများသည် လည်တိုင်ညာဘက်နှင့် ရင်ဘတ်ပေါ်တွင် အိကျသည့်အနေအထားဖြင့် ချိတ်ဆွဲဆင်မြန်းထားသည်။

လက်ကောက်ဝတ်တစ်ဖက်စီတွင် အခေါင်းပွငွေလက်ကောက်လေးကွင်းနှင့်တစ်မတ်လုံးရှိ အခေါင်းဝိတ်ငွေသားလက်ကောက်သုံးကွင်းစီကို ပတ်၍ ဝတ်ဆင်ကြသည်။ ကိုယ်၏အပေါ်ပိုင်းတွင် ဦးခေါင်းနှင့်လက်များလျှိုရန်အပေါက်များ ပါရှိသည့် ဂျပ်ခုတ်ထည်အင်္ကျီအဖြူကို ဝတ်ဆင်ကြသည်။ ကိုယ်၏အောက်ပိုင်းတွင် ချည်အနက်ရောင်ဖြင့် ရက်လုပ်သည့် ဂျပ်ခုတ်ထဘီကို ဒူးခေါင်းအဆစ်ဖုံးသည့်အထိ ဝတ်ဆင်ကြသည်။ ဒူးခေါင်းအောက်ခြေသလုံးအရင်းမှ ခြေကျင်းဝတ်အထိ ကြေးကွင်းများပတ်ပြီး တစ်ဖက်လျှင်ခြူသီးနှစ်လုံး ချိတ်ဆွဲထားသည်။ ခြေကျင်းဝတ်နေရာတွင် (ဘုတ်သ) ခေါ် အသီးအဖြူတစ်မျိုးကို ပုလဲလုံးသီကုံးသကဲ့သို့ သီကုံးပြီး ခြေတစ်ဖက်လျှင် သုံးကွင်းစီပတ်၍ ဝတ်ဆင်ကြသည်။

ကြေးခွေပတ်ခြင်း

တောင်ပိုင်းကယန်း (ကယန်းလဟို) မျိုးနွယ်ကယန်းပဒေါင်လူမျိုးများကြေးခွေပတ်ခြင်း ဓလေ့သည် မည်သည့်အချိန်ကစတင်ခဲ့သည်ကို တိတိကျကျ မသိရချေ။ မည်သည့်အကြောင်းကြောင့် ကြေးခွေပတ်ရသည်ကိုလည်း ခိုင်မာသည့်အထောက်အထားများ မတွေ့ရချေ။ မိုးဗြဲနယ်တွင် နေထိုင်သည့် ရှမ်းလူမျိုးများ၏ (ပတ်တောင်း) ကြေးခွေပတ်ခြင်းဟူသော ရှမ်းစကားအထောက်အထားသာရှိသည်။ ကယန်းလူမျိုးများ မိုးဗြဲနယ်သို့ရောက်ရှိလာပြီးမှ အကြောင်းတစ်ခုခုကြောင့် ကြေးခွေပတ်ရသည့် ဓလေ့ရှိလာဟန်တူသည်။

အချို့က လူမျိုးအမှတ်အသားလက္ခဏာအဖြစ် သတ်မှတ်၍ ကြေးခွေပတ်ခြင်းဖြစ်နိုင်သည်ဟု ယူဆကြသည်။ အစမူလတွင် အမှတ်အသားအဖြစ် ကြေးခွေအနည်းငယ်ကိုသာ ဝတ်ကြသည်။ နောက်ပိုင်းတွင် အလှဆင်အဖြစ်ပတ်ကြသည်။ အခွေများများပတ်နိုင်

အသက် ၁၇ နှစ်ပြည့်ပြီး ကယန်းပဒေါင်အမျိုးသမီးတစ်ဦးပတ်ရသည့်ကြေးခွေအလေးချိန် စုစုပေါင်းသည် ၄ ပိသာ၊ ၅ ပိသာခန့်ရှိသည်။ ယခုခေတ်တွင် ကြေးခွေပတ်သည့်ဓလေ့သည် ပျောက်လုဆဲဆဲ အနေအထားတွင်ရှိနေသည်။

ကြေးခွေပတ်ခြင်းသည် ကယန်းပဒေါင်အမျိုးသမီးများကလည်ပင်၊ ဒူးခေါင်းအောက်နှင့် ခြေသလုံးများတွင်ပတ်၍ ဝတ်ဆင်သော်လည်း ကယန်းလထာအမျိုးသမီးများသည် လက်တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိ အပြည့်ပတ်ထားသည်။

ကယော(ဗဂုံ) အမျိုးသမီးများတွင် လက်မောင်းနှင့်ဒူးအောက်ခြေသလုံးသားကို ကြေးခွေပတ်၍ ဝတ်ဆင်ကြသည်။ ထို့အပြင်ကြေးခွေပတ်ခြင်းသည် အာဖရိကတိုက် လူမည်းအမျိုးသမီးများတွင်လည်း တစ်ချိန်က ရှိခဲ့ကြောင်းသိရသည်။

တောင်ပိုင်းကယန်း၊ ကယန်းကမ်းငံ(ယင်းဘော်) ဝတ်စားဆင်ယင်မှု

အမျိုးသားများဝတ်စားဆင်ယင်မှုတွင် ဆံပင်ရှည်ထားပြီး သွျှောင်ထုံးကိုညာဘက်စောင်း၍ ထုံးထားသည်။ ခေါင်းပေါင်းကို ဂျပ်ခုတ်ထည်ဖြင့် ရစ်ပတ်ပေါင်းထားသည်။ ရိုးရာပွဲတော်များအတွက် သီးခြားခေါင်းပေါင်းပြုလုပ်ထားသည်။ ခေါင်းပေါင်း၏ အနားပတ်လည်တွင် လှပသောပုတီးစေ့များ၊ ရောင်စုံသိုးမွေးများဖြင့်အလှဆင်ပြုလုပ်ထားသည်။ အချို့က ရောင်စုံပိုးပဝါခေါင်းပေါင်းဖြင့်လည်း အသုံးပြုကြသည်။ လည်ပင်းတွင် ကျောက်ပုတီးလုံးနှင့် ရောင်စုံသိုးမွေးများဖြင့်အလှဆင်သိဆွဲထားသည်။

ကိုယ်၏အပေါ်ပိုင်းဝတ်စုံမှာ ဂျပ်ခုတ်ထည်အဖြူရောင်အင်္ကျီကိုဝတ်ဆင်ကြသည်။ ကိုယ်အောက်ပိုင်းတွင် အနက်ရောင်ဘောင်းဘီတိုကို ဝတ်ဆင်ကြသည်။ ဘောင်းဘီကိုဒူးဆစ်အထက်အထိထား၍ပြီး ရောင်စုံသိုးမွေးဖြင့် အမြိတ်ပြုလုပ်အလှဆင်ထားသည်။

ဒူးအောက်တွင် သစ်စေးဖြင့် သုတ်လိမ်းထားသည့် ချည်ကြိုးကွင်းကို တစ်ဖက်လျှင် လေးငါးကွင်းစီစွပ်ထားသည်။ ခြေကျင်းဝတ်နေရာတွင် ပုလဲပုတီးနှင့် လျှင် ပို၍လှသည်။ ယောကျ်ားပျို၏ စိတ်ဝင်စားမှုပို၍ သည်ဟူသော အယူအဆသည် ကယန်းအမျိုးသမီးများ၏ စိတ်တွင် ကိန်းအောင်းခဲ့သည်။ ထို့အတူ ကယန်းအမျိုးသားများကလည်း ကြေးခွေပတ်ရမည့်နေရာတွင် အပြည့်အစုံပတ်နိုင်သည့် အမျိုးသမီးကိုသာလှသည်၊ ယဉ်သည်၊ ကျက်သရေရှိသည်ဟု ယူဆဟန်တူသည်။

ရုပ်ရည်လှပသော်လည်း ကြေးခွေအပြည့်အစုံမပတ်နိုင်သည့် အပျိုများ၊ ဆင်းရဲနွမ်းပါး၍ လုံးဝကြေးခွေမပတ်နိုင်သည့်အပျိုများသည် လူရာမဝင်သောအပျိုများအဖြစ် သတ်မှတ်ပြီး ယောကျ်ားပျိုများလုံးဝ စိတ်မဝင်စားကြောင်း ရှေးလူကြီးများက ပြောဆိုကြသည်။ ထို့ကြောင့် အစတွင်မည်သည့်အကြောင်းကြောင့် ကြေးခွေပတ်ရသည်ဖြစ်စေ နောက်ပိုင်းတွင် အလှဆင်တန်ဆာအဖြစ်ကြေးခွေပတ်ခြင်းသာ ဖြစ်နိုင်သည်။

ကယန်းပဒေါင်အမျိုးသမီးငယ်များသည် အသက် ခုနစ်နှစ် ရှစ်နှစ်အရွယ်မှစ၍ ကြေးခွေစတင်ပတ်ကြသည်။ လည်ပင်းတွင် ငါးခွေနှင့်ဒူးအောက်တွင် လေးခွေစတင်ပတ်ကြသည်။ အသက်အရွယ်ရလာသည်နှင့်အမျှ ကိုယ်လုံးထွားကျိုင်းမှု၊ လည်ပင်းအနေအထားပြောင်းလဲလာမှုကိုကြည့်ပြီး ကြေးခွေများကို တစ်ရစ်ပြီး တစ်ရစ်ဆင့်၍ ပတ်ရသည်။ အသက် ၁၅ နှစ်၊ ၁၆ နှစ်အရွယ်တွင် ကြေးခွေပတ်ခြင်းအားလုံးပြီးသည်။

အရွယ်ရောက်ပြီး ကယန်းပဒေါင်အမျိုးသမီးတစ်ဦး၏လည်ပင်းတွင် ကြေးခွေအပြည့်အစုံပတ်ပါက ကြေးခွေသုံးဆင့်ပတ်ရသည်။ မေးရိုးအောက်လည်တိုင်တွင် အပတ်ပေါင်း ၂၀ ခန့်ရှိသည့်ကြေးခွေကို အထက်အနည်းငယ်ကား၊ အလယ်သိမ်ပုံ၊ ပုံသဏ္ဌာန်ဖြင့်ပတ်ရသည်။ လည်တိုင်အောက် ရင်ညွန့်အထက်တွင် အလုံးပိုကြီးသည့်ကြေးခွေဖြင့်အောက်တားပြီး အပတ်ပေါင်း ၇ ပတ်ပတ်ရသည်။ ကျန်ကြေးခွေငယ် တစ်ခွေသည် လည်ပင်းနောက်ကျောကြေးခွေအရစ်အပေါ်၌ သုံးလက်မအချင်းရှိသည့် ကြေးခွေငယ်လေးချောင်းပတ်ထားသည့် ဘို့တစ်ခု အရှင်တပ်ထားသည်။ ဒူးအောက်ခြေသလုံးအထက်ပိုင်းတွင် ခြေသလုံးအနေ အထားနှင့်ညီညွတ်စေရန် ကြေးခွေကို အောက်ဘက်သို့ အဖျားရှူးပြီး ၂၅ ပတ်ခန့်ရစ်ပတ်ရသည်။

တောင်ပိုင်းကယန်း(ကယန်းဂေခို)ဝတ်စားဆင်ယင်မှု

ကယန်းဂေခိုအမျိုးသားများ ဝတ်စားဆင်ယင်မှုသည် ရှေးအခါက မိမိကိုယ်တိုင်ရက်လုပ်သည့် ဂျပ်ခုတ်ထည် အဖြူရောင်ပေါ်တွင် အစိမ်းနှင့်အနီစင်းကလေးများထည့်၍ ရက်ထားသော ဘောင်းဘီတိုများကို ဝတ်ဆင်ကြသည်။ အင်္ကျီမှာ ဂျပ်ခုတ်ထည် အဖြူရောင်ဖြင့် ကော်လံမပါဘဲ ရင်ခွဲလက်တို အင်္ကျီဝတ်ဆင်သည်။ ဦးခေါင်းဆံပင်ကို အရှည်ထားပြီး သွေးငုံထုံး၍ ပိုးပဝါခေါင်းပေါင်းဖြင့် ပေါင်းထားသည်။

ယခုအခါ ဆံပင်အရှည်မထားတော့ဘဲ ဘိုကေပုံစံဖြင့် အခမ်းအနားများတွင် ပိုးပဝါဖြင့်ပေါင်းထားသည်။ အတွင်းအင်္ကျီကို အဖြူရောင်လက်ရှည်ဝတ်ထားပြီး အပြင်အင်္ကျီက ခေါင်းစွပ်သင်တိုင်းအင်္ကျီဝတ်ထားသည်။ သင်တိုင်းအင်္ကျီတွင် မတ်တတ်အနီစင်းများနှင့် အောက်အနားတွင် အမြိတ်များထည့်၍ ရက်လုပ်သည်။ အနက်ရောင်ဘောင်းဘီအရှည်ကို ဝတ်ဆင်ထားသည်။

ကယန်းဂေခိုအမျိုးသမီးများဝတ်စားဆင်ယင်မှုသည် ဦးခေါင်းတွင် ဆံပင်အရှည်ထားသော်လည်း ဆံထုံးခြင်း အလေ့အထနည်းသည်။ ဆံပင်ကိုစု၍ ချည်ထားပြီး ပိုးပဝါဖြင့် ပတ်ထားသည်။ ပိုးပဝါအစနှစ်ဖက်ကို ဘယ်ပခုံးနှင့်ညာပခုံးအောက်ရင်ဘတ်အောက်အထိ ချထားသည်။ အင်္ကျီသည် လက်တိုအဖြူရောင်ဂျပ်ခုပ်ထည်ပေါ်တွင် အနီစင်းများကို လက်မောင်းနှစ်ဖက်နှင့် အောက်အနားတွင် ချုပ်ထားသည်။ ရင်ခွဲအင်္ကျီဖြစ်ပြီး ရင်ခွဲချုပ်ရိုးကို အနီရောင်ဖြင့်အလှဆင်ချုပ်ထားသည်။ အမျိုးသမီးဝတ်လုံချည်တွင် အပေါ်ပိုင်းနှင့်အောက်ပိုင်းကို အနက်ရောင်ချည်ထည့်ထားပြီး အလယ်ပိုင်းတွင် အနီရောင်ချည်ကန့်လန့်အစင်းများထည့်၍ ရက်လုပ်ဝတ်ဆင်သည်။

သဓိုင်းထဲက ကယန်း

တိုင်းရင်းသား ကယန်းလူမျိုးသည် ယခုအခြေချနေထိုင်သည့်ဒေသအတွင်းသို့ မည်သည့်အချိန်ကဝင်ရောက်လာခဲ့ကြသည်ကို တိတိကျကျပြောဆိုရန် အထောက်အထားမရှိသော်လည်း သက်ကြီးစကားအရ

မျိုးဆက်တစ်ဆက်ချင်း၏ သက်တမ်းနှင့်နှိုင်းယှဉ်ပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၈၀၀ ခန့်က ဝင်ရောက်လာခဲ့ကြသည်ဟု ခန့်မှန်းကြသည်။

လွယ်လုံနယ်ခေါ် ပင်လောင်းနယ်အတွင်းသို့ ဝင်ရောက်ခဲ့သည့် မြောက်ပိုင်းကယန်း(ကယန်းလထာ)တို့သည် ထိုထက်စောဖွယ်ရှိသည်။ အခြားတိုင်းရင်းသားလူမျိုးနှင့် ရောထွေးနေထိုင်မှုအလွန်နည်းပြီး ဆက်သွယ်ရေးခက်ခဲသည့်တောင်ပေါ်ဒေသဖြစ်သောကြောင့် လူသိနည်းသည့်တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်သည်။ သို့ရာတွင် မြန်မာ့သမိုင်းတွင်လည်းကောင်း၊ ဒေသသမိုင်းတွင်လည်းကောင်းအစဉ်အလာရှိခဲ့သည့် လူမျိုးဖြစ်သည်။ တစ်ချိန်က လွယ်လုံနယ်တွင် အသင့်အတင့်အင်အားရှိသည့် ကယန်းလထာတို့သည် ပဒေသရာဇ်စနစ်ကြီးစိုးသည့် မိုးတြနယ်(စော်ဘွားခမ်းလှိုင်)နှင့် ၁၈၃၃ ခုနှစ်တွင် ယှဉ်ပြိုင်ပြီး မိုးတြပိုင် 'လွယ်မန်ဘန်' ဒေသကို ဝင်ရောက်သိမ်းပိုက်ခဲ့သည့်ပထမဦးဆုံးပဒေသရာဇ်ဆန့်ကျင်ရေးဖြစ်သည်။

ဒုတိယအင်းဝခေတ်တွင် လွယ်လုံနယ်မှ ကယန်းလထာ (ကရင်)တို့က ဆင်ဖြူတော် တစ်စီးဖမ်းဆီးရမိ၍ အင်းဝဘုရင်သို့ပေးအပ်ဆက်သနိုင်ခဲ့သည်။ အင်းဝဘုရင်က အရှေ့ခုနစ်တိုင် အနောက် ခုနစ်တိုင်စီ မိုးမြေတို့ကိုအပ်နှင်း၍ သနားတော်မူသည်။ "သစ်စည်မြေခြားကား အနောက်ကိုစမုံ ချောင်းကောက်လည်းကောက်ခြင်း၊ ကျစ်လည်းကျစ်ခြင်း၊ စမုံမတုံးမချင်း ရမည်းသင်းငါးမြို့ ကြေးနီကန် အပါအဝင် ရွှေမြင်တိုင်တောင် လဘက်ရေချောင်း၊ ပေါင်းလောင်း၊ ဝါးကိုး၊ ယုံဖားအင်း၊ ဆင်တောင်အပါအဝင် ကရင်မကွေး ကျော့သူကြီးကို ရွှေဝသခင်ပေးစားတော်မူသည်" ဟူသော ရှေးခေတ်ပုရပိုက်မှတ်တမ်းကိုတောင်ကြီးမြို့နေ သမိုင်း ပညာရှင် ဦးသိန်းသန်းထွန်းက ၂၀၀၀ ပြည့်နှစ်၊ မေလ ၇ ရက်တွင် ရှေးမူရင်းမှ ခေတ်ပြန်ရေးသားပြုစုခဲ့သည်။

ပင်လောင်းမြို့နယ် နန်းထာကျေးရွာ ဆရာတော် ဦးဝါယာမကလည်း ၁၃၁၄ ခုနှစ်တွင် ပအိုဝ်းစာပေဖြင့် မှတ်တမ်းတစ်မျိုးပြန်လည်ရေးသားခဲ့သည်။

မှတ်တမ်းမူရင်းသည် ယနေ့အထိရှိနေဆဲဖြစ်သည်။ မိုးတြနယ်(ဖယ်ခုံမြို့နယ်) မယ်စုံရွာဟောင်းတွင် နေထိုင်ကြသည့် ကယန်းလထာမျိုးနွယ်တို့က ကိုယ်ပွားမှတ်တမ်းအဖြစ် ကျောက်စာတိုင်ဖြင့် စိုက်ထူထားသည်။

ထို့အပြင် ကယန်းလထာ (ကရင်-တယန်) မျိုးနွယ်များကိုးကွယ်ရန် သစ်ကနက်သား ဒက္ခိဏာသာခါဘုရားဘုဉ်ဆောက်တော်အမြင့် ၁၂ လက်မ၊ ဆင်းတုတော် ၄ ဆူကိုပေးသနားလှူဒါန်းခဲ့သည်။ ဘုရားဆင်းတုတော်များလွယ်လုံနယ် (ယခု-ပင်လောင်းမြို့နယ်) ကယန်းလထာ (ကရင်-တယန်) လူမျိုးအကြီးအကဲနေထိုင်သည့် ဘန်းဖရာရွာတွင် ပင့်ဆောင်လာခဲ့သည်။ ဘန်းဖရာရွာမှ ကယန်းလထာ (ကရင်-တယန်) တို့သည် ရိုးရာနတ်အမျိုးမျိုးကိုးကွယ်ကြပြီး တောင်ယာခုတ်၊ အမဲလိုက်အလုပ်ဖြင့် အသက်မွေးကြသည်။ ဘုရားဆင်းတုတော်ဘန်းဖရာရွာသို့ ပင့်ဆောင်ရောက်ရှိလာသည့်နေ့မှစ၍ အမဲလိုက်ရွာတွင် အမဲကောင်လုံးဝမရရှိတော့ချေ။ ထို့ကြောင့် ဘုရားဆင်းတုတော်ကို ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်ကြသည့် လွယ်လုံနယ် (ယခု-ပင်လောင်းမြို့အနီးရှိ) ရှမ်းလူမျိုးတို့နေထိုင်ကြသည့် ပင်လောင်းကြီး (လောင်းပေ) ကျေးရွာတွင်တစ်ဆူ၊ စင်ဆင်းကျေးရွာတွင် နေထိုင်သည့် ကယန်းလထာ (ကရင်-တယန်) တစ်ဆူ၊ နန်းပန်းရွာတွင် နေထိုင်ကြသည့် ကယန်းလထာ (ကရင်-တယန်) တစ်ဆူ၊ တင်းထက်ကျေးရွာတွင် နေထိုင်ကြသည့် ပအိုဝ်းလူမျိုးထံတွင် တစ်ဆူလွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ ကယန်းလထာ (တယန်) အမည်ကို အစွဲပြု၍ ရှေးဟောင်းတယန်ဘုရားဟု ယနေ့အထိ အမည်သမုတ်ခေါ်ဆိုကြသည်။

တင်းထက်ရွာသည် ရှေးဟောင်းကယန်းလထာ (တယန်) ရွာဟောင်းဖြစ်သည်။ သထုံနယ် (ယခု) ဆိုင်မြို့နယ် မဲနယ်တောင်ဒေသမှ ပအိုဝ်းလူမျိုးများလွန်ခဲ့သည့် နှစ်ရာပေါင်းများစွာကဝင်ရောက်အခြေချ နေထိုင်ကြသည်။ ကျောက်ဆောင်ကျောက်ကမ်းပါးပေါ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်။ စားဝတ်နေရေးခက်ခဲသည်။ ဆင်းရဲနွမ်းပါးသည်။ တယန်ဘုရားဆင်းတုတော်ရောက်ရှိကိန်းဝပ်စံပယ်တော်မူသည့် နောက်ပိုင်းတွင် ရွာသူရွာသားများစားဝတ်နေရေး ချောင်လည်လာသည်။ စီးပွားရေးတစ်နေ့တခြား တိုးတက်လာသည်။ ရှေးဟောင်းတယန်ဘုရားဆင်းတုတော်ကို

ဘုရားရတနာအစစ်ကဲ့သို့ ယုံယုံကြည်ကြည်ဆည်းကပ်ကိုးကွယ်ခဲ့သောကြောင့် ယခုတင်းထက်ရှာသည် တိုက်တာအဆောက်အအုံများ အစီအရီ ချမ်းသာကြွယ်ဝလာသည့် ပင်လောင်းမြို့နယ်၏ စံပြကျေးရွာတစ်ရွာဖြစ်လာခဲ့သည်။

ဘန်းဖရာကျေးရွာအုပ်စုတွင် နေထိုင်ကြသည့် ကယန်းလထာ (တယန်) တို့ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲကိုးကွယ်လာသည့် နောက်ပိုင်းမှစ၍ တစ်နှစ်လျှင် တစ်ကြိမ် တပို့တွဲလပြည့်နေ့တွင် တင်းထက်ရွာမှ ဘန်းဖရာကျေးရွာသို့ ပင့်ဆောင်လာပြီး ပူဇော်ကြသည်။ ဤဓလေ့သည် ယနေ့အထိ အစဉ်အလာမပျက်ထိန်းသိမ်းလျက်ရှိသည်။

အင်းဝနေပြည်တော်မှ ပင့်ဆောင်ရောက်ရှိလာသည့် ရှေးဟောင်းတယန်ဘုရားတစ်ဆူဆည်းကပ်ကိုးကွယ်ခွင့်ရရှိခဲ့သောကြောင့် တင်းထက်ရွာဆရာတော် ဦးပဏ္ဍိတနှင့် ရွာသူရွာသားများဘန်းဖရာရွာမှ ကယန်းလထာ (တယန်) ရွာသူရွာသားတို့က ဂုဏ်ယူမဆုံးကြည်ညိုသဒ္ဓါအထပ်ထပ်ပွားလျက်ရှိကြသည်။

ကယန်းလထာမျိုးနွယ်စုနေထိုင်သည့် လွယ်လုံ (ယခု–ပင်လောင်း) နယ်သည် ရှေးယခင်က မိုးဗြစော်ဘွားအုပ်ချုပ်မှုအောက်တွင်ရှိသည့် နယ်မြေဖြစ်သည်။ မိုးဗြစော်ဘွား ခွန်ပြားလက်ထက်တွင် လွယ်လုံနယ်ကို သီးခြားအုပ်ချုပ်ခွင့်ပေးခဲ့သည်။ မိုးဗြစော်ဘွားအုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာသည့် လွယ်လုံနယ်အုပ်ချုပ်ရေးအတွက် ပထမဦးဆုံးစော်ဘွားသည် ဘန်းဖရာရွာ (ယခု–ပင်လောင်းမြို့နယ်တောင်ပိုင်းနန်းထာရွာအနောက်ဘက်နှစ်မိုင်အကွာတွင်ရှိသည့် ဘန်းဘာရွာ) သား ကယန်းလထာမျိုးနွယ် ခွန်းလဘန်၏သား စောလမု–ခွန်မုဖြစ်သည်။ စော်ဘွားခွန်မုသည် မိုးဗြစော်ဘွားကြီး ခွန်ယုံနှင့် ကြင်ယာတော် နန်းလုံ၏ သမီးနန်းလိင်နှင့် အကြောင်းပါ၍သားတော် ခွန်ခမ်းချပ်မွေးဖွားလာသည်။ စော်ဘွားခွန်မု ကွယ်လွန်ပြီးနောက် သားတော် ခွန်ခမ်းချပ်သည် လွယ်လုံစော်ဘွားဖြစ်လာသည်။ စော်ဘွား ခွန်ခမ်းချပ်သည် ဒေါ်လှမေ၊ ဒေါ်နန်းညွန့်၊ ဒေါ်ရွှေလေး၊ စဝ်မြစဝ်ဟူသော ကြင်ရာတော်လေးဦးရှိသည့်အနက် ကြင်ရာတော် ဒေါ်လှမေကို မဟာဒေဝီအဖြစ်မြှောက်စားပြီး ဒေါ်လှမေနှင့်မွေးဖွားလာသည့်သား စဝ်မိုးကျော်ကို ကျမိုင်း (အိမ်ရှေ့စံ) အဖြစ် လျာထားသည်။

ခွန်ခမ်းချပ်ကွယ်လွန်ပြီးနောက် စဝ်မိုးကျော်သည် လွယ်လုံနယ်စော်ဘွားဖြစ်လာသည်။ စဝ်မိုးကျော်သည် မိုးဗြစော်ဘွားစဝ်ပညာ၏မြေး စဝ်တုံခမ်းနှင့် စဝ်မြအိုး (စကားစော်ဘွားသမီး) တို့၏သမီး စဝ်ချစ်စုနှင့် အကြောင်းပါသည်။

စဝ်မိုးကျော်သည် ကယန်းလထာမျိုးနွယ်၏ နောက်ဆုံးစော်ဘွားဖြစ်ပြီး လွယ်လုံနယ် (ပင်လောင်းမြို့နယ်) ၏ နောက်ဆုံးစော်ဘွားလည်းဖြစ်သည်။ ၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် စော်ဘွားအာဏာစွန့်ခဲ့သည်။

ကရင်ပြည်နယ်မြောက်ပိုင်းနှင့် နေပြည်တော်တိုင်းဒေသကြီးအရှေ့ဘက်တွင် အခြေချနေထိုင်ကြသည့်ကယန်းဂေခိုမျိုးနွယ်တို့ကလည်း သမိုင်းအစဉ်အလာရှိကြသည်။ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပွဲကာလနယ်ချဲ့ဆန့်ကျင်ရေးတွင် အဲလယ်ချောင်းရွာမှ မင်းထင်မင်းလှပဗွတ သိုဟန်ဘွားဘွဲ့ခံစော်ဘွားကြီးအိုက်သထောင်သည် စော်ဘွားမဖြစ်ခင် တောင်စား ဘဝ ၁၂၄၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်တွင် ရွှေထီး ချီးမြှင့်ခံရပြီး ရွှေထီးဆောင်းခွင့်ရသည်။ ၁၂၄၈ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်နေ့တွင် အလယ်ချောင်း စော်ဘွားအဖြစ်ခန့်အပ်ခြင်းခံရသည်။ ၁၂၄၈ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်တွင် မင်းထင်မင်းလှပဗွတသိုဟန်ဘွားဘွဲ့ချီးမြှင့်ခြင်းခံရပြီး တိုင်းရင်းသား လူမျိုးများ၏ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းတွင် ထင်ရှားသော ကယန်းဂေခိုမျိုးနွယ်တစ်ဦးဖြစ်လာသည်။

မိုးဗြနယ်(ဖယ်ခုံမြို့နယ်) တွင် အခြေချနေထိုင်ကြသည့် ကယန်းပဒေါင်မျိုးနွယ်တွင်လည်း ခါးသီးလှသည့် ပဒေသရာဇ်စနစ်ဆန့်ကျင်ရေး၊ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့်လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပါဝင်ခဲ့သည်။ ထင်ရှားသည့်ခေါင်းဆောင်များမှာ ဦးသိုင်းဘဟန်နှင့် ဦးသိုင်းသန်းတင်တို့ဖြစ်သည်။ ဦးသိုင်းဘဟန်နှင့် ဦးသိုင်းသန်းတင်ညီအစ်ကိုနှစ်ဦးသည် ၁၉၃၆ ခုနှစ်တွင် မိုးဗြနယ်ကိုအုပ်ချုပ်သည့် ပဒေသရာဇ်စော်ဘွားကို စတင်ဆန့်ကျင်ခဲ့သည်။ ၁၉၄၅

ခုနှစ် ဂျပန်တော်လှန်ရေးတွင် ထူးချွန်ပြောင်မြောက်စွာ တော်လှန်တိုက်ခိုက်ခဲ့သောကြောင့် အင်္ဂလိပ်အစိုးရက ဦးသိုင်းဘဟန်ကို (O.B.E) (Order by British Emperor) ဘွဲ့ချီးမြှင့်ခဲ့သော်လည်း ဦးသိုင်းဘဟန်က ငြင်းပယ်လိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်း ချီးကျူးဂုဏ်ပြုသည့် စာကိုသာ ဝမ်းသာဂုဏ်ယူစွာလက်ခံခဲ့သည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်တွင် စတင်ကျင်းပခဲ့သည့် တိုင်းပြုပြည်ပြုလွှတ်တော်ပထမညီလာခံတွင် ရှမ်းပြည်နယ်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးတွင် မိုးဗြဲနယ် အမတ်အဖြစ် တက်ရောက်ခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့်ကော်မတီဝင် တစ်ရာကျော်တွင် တစ်ဦးအပါအဝင်အဖြစ် ပါဝင်ရေးဆွဲခဲ့သည်။ အလားတူ ဦးသိုင်း သန်းတင်ကလည်း ဖက်ဆစ်ဂျပန်ဆော်လှန်ရေးတွင်လည်းကောင်း၊ လွတ်လပ်ရေးရကာစပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးကာလတွင်လည်းကောင်း ထူးချွန်စွာဆောင်ရွက်ခဲ့သောကြောင့် ၁၉၅၁ ခုနှစ် ဧန်နဝါရီလ ၄ ရက်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခြင်း ခံရသည်။ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ နိုင်ငံတော်ကောင်စီဝင်အဖြစ်ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည့်သမိုင်းဝင် ကယန်းပဒေါင်မျိုးနွယ်ဝင်တစ်ဦးဖြစ်သည်။

ကယန်းဂေခိုအမျိုးသားတစ်ဦးဖြစ်သူ ဦးအေမြလေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရေးအတွက် ပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးရယူရန် ရန်ကုန်မြို့သို့ သွားရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးသည့်အဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဧန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရရှိသည့်အခါတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်ဖြစ်လာသည်။ လွှိုင်ကော်မြို့ကို ကေအင်ဒီအိုနှင့်တရုတ်ဖြူတပ်များ ကျူးကျော်ဝင်ရောက်လာသည့်အခါ ပြည်ထောင်စုအစိုးရတပ်နှင့်အတူ ခုခံတိုက်ခိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဧန်နဝါရီလ ၄ ရက်တွင် နိုင်ငံတော်အစိုးရက သီရိပျံချီဘွဲ့ ချီးမြှင့်ခဲ့သည်။ လွှိုင်ကော်မြို့ တောခိုကရင်စစ်ရဲတပ်နှင့်ကေအင်ဒီအိုတပ်တို့က ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်လာသောကြောင့် ပြည်ထောင်စုအစိုးရ၏ အမိန့်ဖြင့် ၁၉၄၉ ခုနှစ် ဇူလိုင်လ ၁၉ ရက် လွှိုင်ကော်မြို့မှ ယာယီစွန့်ခွာပြီး ကလောမြို့တွင် ရုံးစိုက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဧန်နဝါရီလ ၁၂ ရက်တွင် တပ်မတော်နှင့်အတူ လွှိုင်ကော်မြို့ကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး ကယားပြည်နယ်အရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီစသည့် နိုင်ငံများသို့ လေ့လာရေးခရီးထွက်ခဲ့သည်။ ထိုနှစ်တွင်ပင် ဒွါဒသမမြောက် ပုပ်ရဟန်းမင်းကြီးက ချီးမြှင့်သည့် Knight of the Commander of St.Sylvester ဘွဲ့ကို ရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အထူးတိုင်းမင်းကြီး အဖြစ် တိုးမြှင့်ခြင်းခံရသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကယားပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်) ချီးမြှင့်ခြင်းခံရသည်။

ကယန်းတံခွန်တိုင်ပွဲတော်

ကမ်းခွမ်(ခေါ) တံခွန်တိုင်စိုက်ထူခြင်းအစဉ်သည် ကမ္ဘာမြေကြီးပထမဦးဆုံး စတင်ဖြစ်ပေါ်လာသည့် မြေကြီးနေရာကို အထွတ်အမြတ်နေရာ၊ ကမ္ဘာပေါ်တွင် ပထမဦးဆုံးပေါက်သည့်သစ်ပင် (သပြေပင်) သည် အထွတ်အမြတ် သစ်ပင်ဟု ကယန်းတို့က ယုံကြည်ကြသည်။ အထွတ်အမြတ်မြေကြီးပေါ်တွင် အထွတ်အမြတ် သစ်ပင် (သပြေ) စိုက်ထူခြင်းသည် ကမ္ဘာမြေကြီး အေးချမ်းသာယာမည်၊ ဆန်စပါးပေါများမည်ဟူသော ယုံကြည်ချက်ဖြင့် စတင်စိုက်ထူလာခဲ့သည်။ ယနေ့အထိ သပြေပင်ဖြင့် တံခွန်တိုင်စိုက်ထူပြီး ရိုးရာဂီတ၊ ရိုးရာကပွဲတော်အဖြစ်ရွာအလိုက် နှစ်စဉ်တပေါင်းလတွင် ကျင်းပကြသည်။ ပွဲတော်နေ့တွင် ရွာလုံးကျွတ်ထမင်းဟင်းနှင့် ရိုးရာခေါင်ရည်များဖြင့် စည်ခံကြသည်။ ရပ်ဝေးရပ်နီးစည်သည်များလာလျှင် လာမည့်နှစ်အတွက် အေးချမ်းသာယာပြီး ဆန်စပါးပေါများမည်ဟု နိမိတ်ယူကြသည်။ အပျိုလူပျိုအတွက် ပူးစာရွေးပွဲ၊ ပျော်စရာကောင်းသောရိုးရာ ပွဲတော်ဖြစ်သည်။ ယခုအခါ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကယားပြည်နယ်ရှိ ကယန်းတိုင်းရင်းသား ကျေးရွာ များတွင်သာ ကျင်းပကြသည်။

ဦးကျော်သန်း (ဖယ်ခုံ)

အထူးစီးပွားရေးဇုန်

အောင်မြင်သော အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ကြီးစွာအထောက်အကူပြုကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကောင်းဆုံးသက်သေပြလျက်ရှိသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံသစ်ကြီးတည်ဆောက်ရာတွင် အရှိန်မြှင့်မြန်နှင့် ပန်းတိုင်သို့ ရောက်ရှိစေရန် အောင်မြင်သောအထူးစီးပွားရေးဇုန်များ မဖန်းမြန်စွာဝင်ထောင်ရမည်ဖြစ်သည်။ ယင်းသို့ အောင်မြင်စွာတည်ထောင်နိုင်ရန် ပို၍အသေးစိတ်ကျကျ အချက်အလက်များရရှိရေးအတွက် အတွေ့အကြုံရင့်ကျက်သည့် နိုင်ငံများသို့ ကော်မရှင်အဖွဲ့များစေလွှတ်၍ သွားရောက်လေ့လာရပေမည်။

ယနေ့ခေတ်တွင် ကမ္ဘာနိုင်ငံတကာကော်ပိုရေးရှင်းများသည် နိုင်ငံခြားသို့သွားရောက်ရင်းနှီးမြှုပ်နှံရန်အတွက် နီးသောဆိပ်ကမ်း (Near Shore) ကို ရွေးချယ်သွားရောက်၍ မူသစ်စနစ်သစ်ကို ကျင့်သုံးနေကြပြီးဖြစ်သည်။ ဤအခြေအနေ ဤစနစ်နှင့်အညီ မြန်မာနိုင်ငံသို့ အထူးစီးပွားရေးဇုန်တည်ထောင်၍ လာရောက်ရင်းနှီးမြှုပ်နှံမည့် သူများမှာလည်း အိမ်နီးချင်းတွင် အဆင်သင့်ရှိနေကြသည်။ မြန်မာပြည်သို့ လာရောက်ရန် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် အထူးစီးပွားရေးဇုန်များကို တည်ထောင်ဖော်ထုတ်ပေးခြင်းဖြင့် နိုင်ငံ၏စျေးကွက်စီးပွားရေးစနစ်ကို အခြေတိုးမြှင့်ရမည်ဖြစ်ပေသည်။

ပထမနှင့်ဒုတိယစက်မှုတော်လှန်ရေးခေတ်ကြီးများတွင် ဥရောပတိုက်ရှိအင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီစသော စက်မှုကဏ္ဍဖွံ့ဖြိုးလာသည့်နိုင်ငံများနှင့် အမေရိကန်ကဲ့သို့ လျင်မြန်စွာစက်မှုကဏ္ဍတိုးတက်လာသောနိုင်ငံများ၌ စက်ရုံအလုပ်ရုံများ အလွန်များပြားခဲ့သည်။

ထို့ကြောင့် လုပ်သားအင်အားအလွန်လိုအပ်ပြီး စက်ရုံတိုးပွားနှုန်းနှင့် လုပ်သားအင်အား လူ့စွမ်းအား အရေအတွက်ကာမိရန် အမျိုးသမီးများရော ကလေးသူငယ်များပါ စက်ရုံများသို့အလုပ်ဝင်လုပ်ဖြစ်ကြသည်။ ဤတွင် အလုပ်သမားအင်အားစုအရေအတွက် အဆမတန် ကြီးမားလာသည်။ လုပ်ငန်းချိန် သတ်မှတ်ရေး၊ လုပ်ခပိုမိုရရှိရေး စသည့်တောင်းဆိုချက်များ ထွက်ပေါ်လာသည်။ အလုပ်သမားတို့၏ လုပ်ငန်းခွင်ကျန်းမာရေး၊ လုပ်ငန်းခွင်လုံခြုံရေး၊ လုပ်ငန်းခွင်သာယာရေးစသော တောင်းဆိုချက်များလည်း ကျယ်ပြန့်ရှုပ်ထွေးလာသည်။ အလုပ်သမားလိုအပ်ချက်က ကြီးမားလျက်ရှိသောကြောင့် အလုပ်သမားရေးတို့ကို လိုက်လျောခဲ့ရပြီး ရှေးကကဲ့သို့ အလုပ်သမားများကို စိတ်ကြိုက်ခြယ်လှယ် ခေါင်းပုံဖြတ်၍မရတော့ချေ။ အလုပ်သမားများနှင့် ပတ်သက်သည့် အထွေထွေကုန်ကျစရိတ်များ ပိုမိုများပြားလာသည်။

တစ်ချိန်တည်းမှာပင် လန်ဒန်မြို့ကြီးကဲ့သို့ စက်ရုံအလွန်များသည့်မြို့များတွင် စက်ရုံမှထွက်သော မီးခိုးများက မိုးကောင်းကင်တွင်အုံ့ဆိုင်းစေခဲ့သည်။ မြို့လူထု၏ ကျန်းမာရေးထိခိုက်သည်ဆိုကာ အရေးဆိုချက်များပေါ်ထွက်ခဲ့သည်။ တစ်ဖက်တွင် စက်ရုံများက စွန့်ပစ်ပစ္စည်းအညစ်အကြေးနှင့် မာတုဗေဒပစ္စည်းများက လူ့ပတ်ဝန်းကျင်ကို ညစ်ညမ်းစေကြောင်း တွေ့ရှိကာ ကန့်ကွက်မှုများကြီးထွားလာသည်။

ဤတွင် စက်မှုထွန်းကားသောနိုင်ငံများမှ စက်မှုလုပ်ငန်းအရင်းရှင်ကြီးများသည် ၎င်းတို့၏ စက်ရုံအလုပ်ရုံများကို မဖွံ့ဖြိုးသေးသော မြေလွတ်ပေါများသည့်နိုင်ငံများသို့ စက်ရုံများ သွား၍တည်ဆောက်ရန် စဉ်းစားလာသည်။ လုပ်အားခလည်းသက်သာသည်။ အလုပ်သမားစီမံခန့်ခွဲရေးလည်း အဆင်ပြေသည်။ ကုန်ကြမ်းပစ္စည်းထွက်သည့်နိုင်ငံဖြစ်လျှင် ကုန်ကြမ်း

အတွက် သယ်ယူပို့ဆောင်ရေး စရိတ်လည်းသက်သာသည်။ ကုန်ကြမ်းရရှိရေးအတွက် အခက်အခဲမရှိတော့ပေ။ ထို့ပြင် ကုန်ချောများထွက်လာသောအခါ ဝယ်လိုအားရှိသည့်နိုင်ငံများသို့ တင်ပို့ရန်လည်း ဈေးကွက်နှင့် ဝိုနီးရာသို့ ရောက်အောင်သွားရောက် တည်ထောင်နိုင်သည်။ ဤအတွေးအမြင်များကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် စက်မှုထွန်းကားသောနိုင်ငံကြီးများက လုပ်ငန်းရှင်ကြီးများသည် စက်မှုမဖွံ့ဖြိုးသေးသော တတိယနိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စတင်သွားရောက်လုပ်ကိုင်ခဲ့ကြသည်။

အကြောင်းရင်းကို လေ့လာသော ၁၈၆၇ ခုနှစ်တွင် မေဂျီပြန်လည်တည်ထောင်ရေး (Meiji Restoration) ခေတ်ဆန်းသစ်ခဲ့သည်။ ဥရောပတိုက်မှ နိုင်ငံများ စက်မှုတော်လှန်ရေးနှစ်ကြိမ် ဆင်နွှဲ၍ စက်မှုထွန်းကားသောနိုင်ငံများဖြစ်လာပုံကို ဂျပန်တို့လွန်စွာအားကျသည်။ ဂျပန်ဧကရာဇ်က ဂျပန်ပညာတတ်ပေါင်းများစွာတို့ကို ဥရောပနှင့်အမေရိကန်နိုင်ငံများသို့ ပညာသင် စေလွှတ်၍ စက်မှုနှင့်သိပ္ပံအတတ်ပညာများကို သင်ကြားစေခဲ့သည်။ ထိုပညာသင်များဖြင့် ဂျပန်နိုင်ငံကို စက်မှုနိုင်ငံဖြစ်အောင် အစွမ်းကုန်တည်ထောင်ခဲ့သည်။ ဥရောပနိုင်ငံများ စက်မှုထွန်းကားအောင် နှစ်ပေါင်းရာနှင့်ချီ၍



နိုင်ငံတော်သမ္မတဦးသိန်းစိန်ဖြန်မာစက်မှုထုတ်ကုန်ပြပွဲ ၂၀၁၁ ခု အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုအားပေးစဉ်

အာရှတိုက်တွင်လည်း ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် ဂျပန်နိုင်ငံ၏သမိုင်းဖြစ်စဉ်ကို သုံးသပ်ပါက နှစ်ပေါင်း ၆၇၅ နှစ်ကြာအောင် ရှိုးဂွန်းစစ်ဘုရင်တို့ကြီးဒိုးခဲ့သော ဂျပန်လူမျိုးများသည် လက်နက်အင်အားဖြင့် အာရှတိုက်ကို နယ်ချဲ့ရန် ဆောင်ရွက်ခဲ့သည်။ ဂျပန်တို့နယ်ချဲ့လိုခြင်း၏ အဓိကကြောင်းစားခဲ့သည်ကို အတုမြင်အတတ်သင်လွယ်သော စိတ်ဓာတ် ပြင်းထန်သည့်ဂျပန်တို့က ဆယ်စုနှစ်အနည်းငယ်မျှဖြင့် စက်မှုထွန်းကားသောနိုင်ငံဖြစ်အောင် တည်ထောင်နိုင်ခဲ့သည်။

ဂျပန်နိုင်ငံသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် စက်ရုံအလုပ်ရုံများတိုးတက်များပြားလာသော

အခါ အလုပ်သမားလိုအပ်ချက်က အလျဉ်မမီနိုင်တော့ချေ။ ဤတွင် လူဦးရေတိုးပွားမှုများအောင်မြင်အောင်ကြိုးစားရာမှ ဂျပန်နိုင်ငံတွင် မေဂျီပြန်လည်တည်ထောင်ရေးခေတ်က လူဦးရေ ၃၃ သန်းမျှ ရှိရာမှ ၁၉၄၀ ပြည့်နှစ်တွင် လူဦးရေ ၇၁ သန်းကျော်လာသည်။ လူဦးရေသိပ်သည်းခြင်းမှာ ၂ ဆကျော် တစ်စတုရန်းကီလိုမီတာလျှင် ၁၉၁ အထိဖြစ်လာသည်။ ဂျပန်ကျွန်းလူကျပ်လာသည်ဟု နိုင်ငံခြေခြင်းဆောင်များအမြင်ရှိလာသည်။ ဤကြားထဲ စက်ရုံအလုပ်ရုံအတွက် လုံပ်သားအင်အားက မလုံလောက်နိုင်အောင် စက်မှုလုပ်ငန်းတိုးချဲ့မှုနှုန်းက ပို၍ မြင့်လာသည်။ ဤတွင် ဂျပန်တို့သည် အာရှတိုက်ရှိ အခြားနိုင်ငံများကို တိုက်ခိုက်ပြီး နယ်ချဲ့သိမ်းပိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ဥရောပတိုက်မှ နယ်ချဲ့အရင်းရှင်များနည်းတူနယ်ချဲ့ပြီး စီးပွားရေးလက်ဝါးကြီးအုပ်ရန် အကောင်အထည်ဖော်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ထဲသို့ ဝင်ရိုးတန်းသုံးနိုင်ငံအဖြစ်ပါဝင်ပြီး အာရှတိုက်ကို ကျူးကျော်တိုက်ခိုက်ရုံမက အမေရိကန်ကိုပါ စစ်မကြေညာဘဲဝင်တိုက်ခဲ့သည်။ လက်တွေ့စစ်ပွဲဆင်သောအခါ အမေရိကန်နိုင်ငံနှင့်ထိပ်တိုက်တွေ့ကာ စစ်ရှုံးအထိနာခဲ့သည်။

ဒုတိယကမ္ဘာစစ်တွင် စစ်ရှုံးခဲ့သောဂျပန်တို့ ကြီးစွာသောသင်ခန်းစာရခဲ့ပြီး စီးပွားရေးနှင့်စက်မှုလုပ်ငန်းတိုးချဲ့လိုပါက စစ်ရေးဖြင့်အာရှနိုင်ငံများသို့ ကျူးကျော်သိမ်းပိုက်မည့်အစား အိမ်နီးချင်းနိုင်ငံများကို မိတ်ဆွဖွဲ့ကာ စီးပွားဖက်များအဖြစ်ပူးပေါင်းဆောင်ရွက်ခြင်းကပို၍ ပို၍အဆင်ပြေကောင်းမွန်ကြောင်းသိမြင်လာသည်။ ဤတွင် ၁၉၅၅ ခုနှစ်မှစ၍ စက်မှုလုပ်ငန်းအရှိန်မြန်စွာပြန်လည်တိုးတက်လာသည့် ဂျပန်နိုင်ငံသည် ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူစသောနိုင်ငံများသို့ ဥရောပ၊ အမေရိကန်နိုင်ငံများနှင့် ရင်ပေါင်တန်း၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည်။ လူသုံးအိမ်သုံးလျှပ်စစ်ပစ္စည်းစက်ရုံများ၊ ဖလင်လိပ်များ၊ ဓာတ်ပုံစက္ကူများ၊ ကင်မရာများ၊ တယ်လီဖုန်းများ၊ လက်ပတ်နာရီနှင့် စားပွဲတင်နာရီများ၊ တယ်လီဗီးရှင်းစက် စသည်တို့ကို ကမ္ဘာအနှံ့ အများဆုံးတင်ပို့ရောင်းချသူဖြစ်ခဲ့သည်။ ဂျပန်နိုင်ငံ၏ ပထဝီဘောဂဗေဒအရကျွန်းမြေတွင် စက်ရုံတိုးချဲ့ဆောက်လုပ်ရန်နေရာ မလုံလောက်သဖြင့် အိမ်နီးချင်းနိုင်ငံများသို့ စက်ရုံခွဲများသွားရောက်တည်ထောင်ရသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥရောပနှင့် အမေရိကန်နိုင်ငံများကဲ့သို့ ဂျပန်နိုင်ငံသည်လည်း တတိယကမ္ဘာထံသွားရောက်ရင်းနှီးမြှုပ်နှံရသည်။

သို့သော် တတိယကမ္ဘာခေါ် ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေးနှင့်ပတ်သက်၍ ရှင်းလင်းတိကျသည့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းကမ်းစည်းမျဉ်းများမရှိကြချေ။ ရှုပ်ထွေးသောလုပ်ထုံးလုပ်နည်းများနှင့် ကြိုးနီစနစ်လွန်စွာများသည်။ စီးပွားရေးလုပ်ကိုင်ရေးနှင့်ကုန်သွယ်ရေးတွင် တားမြစ်ပိတ်ပင်မှုအလွန်များသည်။ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုကလည်း နေရာတကာတွင်ရှိသည်။ ထို့ကြောင့်နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်သူများအတွက် အခက်အခဲမျိုးစုံနှင့်ကြုံရသည်။ ဗီဇာနှင့်နေထိုင်ရေး၊ စက်ရုံမြေရရှိပိုင်ဆိုင်ရေး၊ တိုက်ခြံ၊ အိမ်ခန်းစသော ဝန်ထမ်းအိမ်ရာနေထိုင်ရေး၊ မော်တော်ယာဉ်၊ တယ်လီဖုန်းစသော သွားလာဆက်သွယ်ရေးဆိုင်ရာ ကိရိယာများပိုင်ဆိုင်ရေးမှအစ နိုင်ငံခြားသား မည်သည့်အရာမှ ပိုင်ဆိုင်ခွင့် မရှိ၍ အခက်အခဲများနှင့်ရင်ဆိုင်ရသည်။

တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများကို ဗဟိုအဆင့်မှပြင်ဆင်ပြောင်းလဲပေးရန်မှာ များစွာခက်ခဲကြန့်ကြာသည်။ ထိုအခါ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ၍ စက်ရုံကြီးများလာရောက်တည်ထောင်သူများ အစစအရာရာ မြန်ဆန်အဆင်ပြေစေရန်အတွက် "အထူးစီးပွားရေးဇုန်" (Special Economic Zones -SEZs) များ တည်ထောင်ခြင်းဖြင့် ဖြေရှင်းနိုင်ခဲ့ကြသည်။

"အထူးစီးပွားရေးဇုန်" ဆိုသည်မှာ စက်ရုံတည်ဆောက်၍ ကုန်ထုတ်လုပ်မှုလုပ်ကိုင်ရေးအပါအဝင်၊ ထွက်လာသောကုန်ချောများကို ပြည်ပသို့အလျင်မိအောင်တင်ပို့နိုင်ရေး၊ အကောက်ခွန်ပေးဆောင်ရေး၊ အမြတ်ခွန်ပေးဆောင်ရေး၊ ကုန်သွယ်ရေး၊ ငွေပေးချေရေး၊ ငွေလက်ခံရရှိရေး၊ ဘဏ်ကိစ္စ၊ ငွေကြေးကိစ္စများအပါအဝင် လိုအပ်သောကိစ္စမှန်သမျှအတွက် သက်ဆိုင်

ရာလက်ခံသည့်နိုင်ငံက "အထူးစီးပွားရေးဇုန်" အတွက် "အထူးဥပဒေ" တစ်ရပ်ထုတ်ပြန်လုပ်ကိုင်ရသော ကျွဲကူးရေပါလုပ်နည်းစနစ်သစ်တစ်မျိုးဖြစ်သည်။

အထူးစီးပွားရေးဇုန်အဖြစ် လက်ခံလုပ်ကိုင်ခွင့်ပြုမည့် အိမ်ရှင်နိုင်ငံသည် မိမိနိုင်ငံတွင် နိုင်ငံခြားသားများ စီးပွားရေးလုပ်ကိုင်ခွင့်အတွက်နှင့် လာရောက်ရာတွင် ဝိစာလျှောက်ခွင့်၊ လာရောက်နေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် စသည်များ မည်သို့သောတည်ဆဲဥပဒေများရှိခဲ့သည်ဖြစ်စေ၊ နိုင်ငံခြားမှ နိုင်ငံတကာဆိုင်ရာ ကော်ပိုရေးရှင်း (Trans-national Corporation) များက အထူးစီးပွားရေးဇုန်တွင် လာရောက်၍ စီးပွားရေးမျိုးစုံလုပ်ကိုင်လိုပါက တည်ဆဲဥပဒေများနှင့်မဆိုင်သော အထူးခြွင်းချက်များဖြင့် လွယ်လွယ်ကူကူ လုပ်ကိုင်နိုင်အောင် အထူးစီးပွားရေးဇုန်ဥပဒေတစ်ခုကို သီးသန့်ထုတ်ပြန်ပေးလိုက်ရုံနှင့် နှစ်ဖက်စလုံးအဆင်ပြေသွားသော နည်းစနစ်ကောင်းတစ်ခုဖြစ်သည်။

အထူးစီးပွားရေးဇုန်ဖန်တီးလိုက်သော စနစ်သစ်သည် တစ်ကမ္ဘာလုံးရှိ စီးပွားရေးနယ်ပယ်တွင် ဈေးကွက်လာခြင်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေးတိုးတက်အောင် အပြိုင်အဆိုင်မြှင့်တင်ကြိုးစားနေကြချိန်ဖြစ်သည်။ ပထမတွင် နိုင်ငံခြားမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို စလုပ်ရာ၌ မျိုးစုံရှုပ်ထွေးသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ (International Investment Agreements -IIAs)၊ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များ (Free Trade Agreements-FTAs) များအပြင် နှစ်ဦးနှစ်ဖက် ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်စာချုပ်များ (Bilateral Investment Treaties-BITs) ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

သို့ရာတွင်အထက်ပါစာချုပ်လုပ်ဆောင်ချက်များသည် နိုင်ငံခြားမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲကို ဖြေရှင်းရာ၌ အခက်အခဲများက ရှိမြဲရှိနေသေးသည်။ နောက်ဆုံးတွင် နယ်ပယ်တစ်ရပ်လုံး (Broad Spectrum) ကျယ်ပြန့်စွာဖြန့်ကြက်တိုက်စစ်ဆင်သည့်ဆေးဟု တင်စားခေါ်ဆိုရမည့် အထူးစီပွားရေးဇုန် (SEZs) များဖန်တီးသည့်နည်းကို ဖော်နည်းကား အကောင်းစားဆေးအဖြစ် ကျင့်သုံးလိုက်သောအခါမှ ဆင်းရဲသောနိုင်ငံများတွင် အမြစ်တွယ်ပြန့်ပွားနေသော အဂတိလိုက်စားမှု၊ မျက်နှာလိုက်မှု၊ ဝိတ်ပင်တားဆီးမှု၊ လာဘ်ပေးလာဘ်ယူလုပ်မှုစသော အခက်အခဲအားလုံးကို ကျော်ဖြတ်နိုင်ခဲ့သည်။

ထို့ကြောင့် အထူးစီးပွားရေးဇုန်ဖန်တီးပေးသော စနစ်သည် လာရောက်ရင်းနှီးမြှုပ်နှံသည့်နိုင်ငံခြားလုပ်ငန်းရှင်များအတွက်ရော၊ လက်ခံခွင့်ပြုပေးသည့်အိမ်ရှင်နိုင်ငံအတွက်ပါ စီးပွားရေးလုပ်ကွင်းလုပ်ကွက် အကျိုးရှိသည့်စနစ်ဖြစ်သည်။

အထူးစီပွားရေးဇုန်ဟူသော ခေါင်းစဉ်အောက်တွင် လုပ်ကိုင်ခွင့်ရှိသော စီးပွားရေးလုပ်ငန်းခေါင်းစဉ်ခွဲများစွာ မျိုးစုံအောင်လုပ်ဖြစ်ခဲ့ကြသည်။ ၎င်းတို့မှာ လွတ်လပ်စွာကုန်သွယ်မှုဇုန်များ၊ပြည်ပပို့ကုန် လုပ်ငန်းစဉ်ဇုန်များ၊ အကောက်ခွန်မဲ့ဇုန်များ၊ ပြည်ပပို့ကုန်လွတ်လပ်စွာတင်ပို့ခွင့်ဇုန်များ၊ လွတ်လပ်စွာရင်းနှီးမြှုပ်နှံမှုဇုန်များ၊ လွတ်လပ်သောစီးပွားရေးဇုန်များ၊ လွတ်လပ်သောလုပ်ငန်းလုပ်ကိုင်ဇုန်များ၊ လွတ်လပ်စွာကုန်ပစ္စည်းထုတ်လုပ်မှုဇုန်များ၊ စီးပွားရေးနှင့်နည်းပညာဖွံ့ဖြိုးရေးဇုန်များ၊ စက်မှုနယ်မြေများ၊ စက်မှု (သို့မဟုတ်) သိပ္ပံဆိုင်ရာ စခန်းကွင်းများ၊ အခွန်မပေးဆောင်မိ အကောက်ခွန်ဌာနကစာချုပ်ဖြင့်ဌားရမ်းထားသော ပြည်ပလုပ်ငန်းရှင်ပိုင်ကုန်ရုံများလွတ်လပ်စွာ အကောက်ခွန်မဲ့၊ ဆိပ်ကမ်းကြေးမဲ့ ဆိုက်ကပ်ခွင့်ပြုသော ဆိပ်ကမ်းများ၊ အကောက်ခွန်ကင်းလွတ်ခွင့်ပြုဆိုင်များ၊ ဘဏ်လုပ်ငန်းကို သီးခြားလွတ်လပ်စွာလုပ်ခွင့်ဇုန်များ၊ စီးပွားရေးဆိုင်ရာနှင့်ဆက်စပ်သမျှဝန်ဆောင်မှုလုပ်ငန်းများကို အဓိကထားလုပ်သည့်အာမခံကြေး ကင်းလွတ်ခွင့်ပြုသော ဇုန်များဖြစ်ကြသည်။

အထူးစီးပွားရေးဇုန်များကို မည်သို့ပင်အမည်သတ်မှတ်စေကာမူ အားလုံးတူညီသောအချက်မှာ ဤဇုန်များသည် တစ်နိုင်ငံလုံးရှိ အခြားနေရာများနှင့် ပထဝီအနေအထားအရ နယ်မြေသီးခြားသတ်မှတ်ပေးထားသည့်ဇုန်နယ်များဖြစ်သည်။ သီးသန့်မြေနေရာတစ်ခုတွင် အထူးတည်ထောင်သည့် အထူးစီးပွားရေးဇုန်တစ်ခု၏ မြေစရိယာအကျယ်အဝန်းသည်

ဟက်တာ ၁၀၀၀၀ (၂၄၇၁၀.၃ ဧက) အနည်းဆုံးရှိရမည်။ အထူးပြုသော စီးပွားရေးလုပ်ငန်းတစ်ခုခုနှင့် လျော်ကန်သင့်မြတ်သောနေရာဖြစ်ရမည်။ ဤဒေသတွင် သီးသန့်အစီအစဉ်ချ၍ လုပ်ဆောင်ပေးရမည့်ထူးခြားသော အခြေအနေများရှိရမည်။

ဥပမာအားဖြင့်မြန်မာနိုင်ငံတွင် ထားဝယ်အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းမျိုးသည် နာမည်နှင့်လိုက်ဖက်သော လုပ်ငန်းရပ်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်နေရာသည် နိုင်ငံတကာသယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးတို့လည်ပတ်မှုတွင် အဓိကကျသည့် နေရာဖြစ်သည်။ ဤနေရာ၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်းဖြင့် တောင်တရုတ်ပင်လယ်ဝန်းကျင်ရှိ အရှေ့တောင်အာရှ နှင့်အရှေ့အာရှနိုင်ငံများမှ ရေလမ်းခရီးသည် အိန္ဒိယသမုဒ္ဒရာဘက်ရှိ တောင်အာရှနှင့် အရှေ့အလယ်ပိုင်းမှ အနောက်နိုင်ငံအထိသွားရောက်ရာရေကြောင်းခရီးကို သိသိသာသာနီးသွားစေသော ဖြတ်လမ်းအဖြစ်ရရှိနိုင်သည်။

ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ပြီးပါက အရှေ့နှင့်အနောက်ကို ရေလမ်းခရီးဖြင့်သွားလာကြသောသဘော်ဝါများသည် မလေးကျွန်းဆွယ်ကြိုးကို ပတ်မနေရဘဲ အရှေ့ဘက်တွင် ထိုင်းနိုင်ငံဆိပ်ကမ်းနှင့် အနောက်ဘက်တွင် ထားဝယ်ဆိပ်ကမ်းနှစ်ခုဆက်၍ ဖြတ်ကျော်နိုင်သည့်ဖြတ်လမ်းကို ရရှိမည်ဖြစ်သည်။ ထိုဆိပ်ကမ်းနှစ်ခု၏ အကွာအဝေးမှာလည်း မိုင် ၅၀ မျှသာရှိသည်။ ထိုင်းနိုင်ငံက များစွာအကျိုးရှိမည်ဖြစ်၍ ဆိပ်ကမ်းဆက်လမ်းမကြီးကို ကားလမ်းနှင့်ရထားလမ်းပါဖောက်လုပ်ရေးအတွက် တာဝန်ယူရန် ကမ်းလှမ်းစာချုပ်ချုပ်ဆိုပြီးဖြစ်သည်။

ထို့ပြင်ထားဝယ်ရေနက်ဆိပ်ကမ်းအနီးရှိကမ်းလွန်ရေနံတွင်းများ၊ သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံမှ တစ်ဆင့်အရှေ့ဘက်နိုင်ငံများကို တင်ပို့ရန်အတွက် ပိုက်လိုင်းများလည်း တည်ဆောက်ရန်လိုသည်။ လမ်းတစ်လျှောက်လျှပ်စစ်ဓာတ်အား မဟာလိုင်းများလည်း သွယ်တန်းရန်လိုသည်။ ထိုနေရာသည်သဘာဝထွက်ကုန်များ ပေါကြွယ်သည့်အတွက် ထွက်ကုန်ကုန်ကြမ်းများမှ ကုန်ချောထုတ်လုပ်သည့် စက်ရုံများတည်ဆောက်နိုင်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်သည် အကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ ၂၅၀ (ဟက်တာ ၂၅၀၀၀) ရှိသဖြင့် အကျဉ်းဆုံးဟက်တာ ၁၀၀၀၀ ရှိရမည်ဟူသော အထူးစီးပွားရေးဇုန် အရွယ်သတ်မှတ်ချက်ဘောင်ကို ကျော်လွန်ကိုက်ညီသည်။

ထားဝယ်အထူးစီးပွားရေးဇုန်အဖြစ် ဤနေရာတွင် တည်ထောင်သင့်ကြောင်း ၁၉၉၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဂျပန်နိုင်ငံ Chiyoda Corporation နှင့် Engineering Consultion Firms Association တို့က ရန်ကုန်မြို့ရှိ စီးပွားရေးဗဟိုဌာနတွင် စာတမ်းဖတ်ရှုင်းလင်းတင်ပြခဲ့ဖူးသည်။ ၁၉၉၈ ခုနှစ် ဧန်နဝါရီလ ၁ ရက်နေ့ထုတ် ပုလဲမြို့ပြမြေယာမဂ္ဂဇင်းအထူးထုတ်တွင် "ဖွံ့ဖြိုးလာမည် မြန်မာပြည်" ဟူသော အထူးဆောင်းပါး၌ စာရေးဆရာအောင်ချိန်ဘွားက အထူးစီးပွားရေးဇုန်များအကြောင်း ရှင်းလင်းရေးသားရာ၌ ထားဝယ်အထူးစီးပွားရေးဇုန်ကို တည်ထောင်သင့်ကြောင်း အသေးစိတ် ရေးသားခဲ့ဖူးသည်။ ဤကိစ္စကို နိုင်ငံတော်က ထိုင်းနိုင်ငံနှင့် ဆွေးနွေးချက်အဆင့်ဆင့် ပြုလုပ်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်စဉ် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၁ ခုနှစ် ဧန်နဝါရီလ ၂၇ ရက် နေ့စွဲပါ ဥပဒေအမှတ် ၈/၂၀၁၁ ဖြင့် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းနေ့စွဲနှင့်ပင် အမှတ် ၁၇/၂၀၁၁ ဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

ဥပဒေပါပုဒ်မများကို လေ့လာပါက ထားဝယ်ဒေသနှင့် လျော်ကန်ကိုက်ညီသောလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံသူများအား အထူးအခွင့်အရေးပေး၍ လုပ်ခွင့်ပြုထားကြောင်းတွေ့ရှိနိုင်သည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဥပဒေအခန်း (၅) **ရင်းနှီးမြှုပ်နှံသူ၏ အထူးအခွင့်အရေးများ** ခေါင်းစဉ်

အောက်ရှိ ပုဒ်မ ၁၂ ပါအချက်များတွင် အောက်ပါအတိုင်းပါရှိသည်။

ရင်းနှီးမြှုပ်နှံသူသည်

(က) ထားဝယ်အထူးစီးပွားရေးဇုန်တွင် အောက်ပါ လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(၁) ကုန်ကြမ်းပစ္စည်းမှ ကုန်ချောပစ္စည်းထုတ်လုပ်ခြင်း၊ စက်ကိုအသုံးပြု၍ ကုန်ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်ခြင်း၊ ကုန်လှောင်ရုံလုပ်ငန်းလုပ်ကိုင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ၊ စက်ပစ္စည်း ကိရိယာတန်ဆာပလာများနှင့် စက်သုံးဆီများကို ပြည်တွင်းပြည်ပမှ ထားဝယ်အထူးစီးပွားရေးဇုန်အတွင်းသို့ သယ်ယူတင်သွင်းခြင်း၊

(၃) ကုန်းသန်းရောင်းဝယ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း၊

(၄) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ဆေးဝါးများနှင့် စားသောက်ကုန်ပစ္စည်းများမှအပ စံချိန်စံညွှန်းမမီသော်လည်း အသုံးပြု၍ရသော အခြားပစ္စည်းများအား စိမ်ခန့်ခွဲမှုကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ပြည်တွင်းဈေးကွက်၌ ရောင်းချခြင်း၊

(၅) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ပြည်ပမှ ဝန်ဆောင်မှုလုပ်ငန်းများ၏ ရုံးများကို ထားဝယ်အထူး စီးပွားရေးဇုန်အတွင်း စိမ်ခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် တည်ထောင်ဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(၆)ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ခြင်း၊

(၇)သံမဏိစက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ရေနံချက်စက်ရုံ၊ရေနံဓာတုစက်ရုံ၊ ကျောက်မီးသွေး သို့မဟုတ် သဘာဝဓာတ်ငွေ့စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စသည့်စက်မှုလုပ်ငန်းများ တည်ဆောက်ခြင်း၊

(၈) ထားဝယ်အထူးစီးပွားရေးဇုန်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၉) စီမံကိန်းအတွက် သတ်မှတ်ထားသော ဒေသမှ နယ်စပ်ဒေသအထိ ကားလမ်း၊ ရထားလမ်းများဖောက်လုပ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားပို့လွှတ်သည့် လိုင်းများ၊ ရေနံပိုက်လိုင်းများနှင့် ဓာတ်ငွေ့ပိုက်လိုင်းများသွယ်တန်းခြင်း၊

(၁၀)လူနေထိုင်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်သည့် အခြေခံအဆောက်အအုံများ၊ ခရီးသွားလုပ်ငန်း၊ အပန်းဖြေစခန်းများ ပါဝင်သည့်နေရာများတည်ထောင်ခြင်း၊

(၁၁)တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားခြင်းမရှိသောအခြားစီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(ခ)ပုဒ်မခွဲ(က)ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်ညီညွတ်မှုရှိစေရန် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

ပုဒ်မပါအချက်များကို အထူးလုပ်ကိုင်သည့်အခါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်စသောအခွန်ဆိုင်ရာများနှင့် လုပ်သားအင်အား ရှာဖွေခန့်ထားခွင့်ဆိုင်ရာ အထူးအခွင့်အရေးများကိုလည်း မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံသူများက ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ထုတ်ပြန်ခဲ့သော အထူးစီးပွားရေးဇုန်ဥပဒေများ(နှစ်ခု)သည် နိုင်ငံတကာမှ ထုတ်ပြန်သော အထူးစီးပွားရေးဇုန်ဥပဒေများကို လေ့လာ၍ ကိုးကားပြီးမှ မိမိနိုင်ငံအခြေအနေနှင့် သင့်လျော်စွာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများကို အထူးလုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်အထူးအခွင့်အရေးများကိုလည်း ပေးထားသည်။ တရုတ်၊ ထိုင်း၊ တောင်ကိုရီးယား စသောနိုင်ငံများကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားကုမ္ပဏီများကို သူ့အတိုင်းအတာနှင့်သူလျော်ကန်သည့်စက်ရုံမြေကို ဂရန်ဖြင့်ဝယ်ယူပိုင်ခွင့်၊ ဝန်ထမ်းအိမ်ရာနှင့်တိုက်ခန်းများကို ဝယ်ယူပိုင်ဆိုင်ခွင့်များမပါသေးသည်မှာ ယခုမှပထမဆုံးစတင်သည့် ကနဦးအထူးစီးပွားရေးဇုန်ဆိုင်ရာတည်ထောင်စေခြင်းအစပိုင်းဖြစ်၍ဟု နိုင်ငံတကာက သဘောပေါက်ကြပေသည်။

မြန်မာနိုင်ငံသည် အထူးစီးပွားရေးဇုန်တည်ဆောက်ခွင့်ပြုသည့်ဖွံ့ဖြိုးဆဲနိုင်ငံများအနက် အတော်ပင်နောက်ကျသောနိုင်ငံဖြစ်ခဲ့သည်။ ကမ္ဘာပေါ်၌ အထူး

စီးပွားရေးဇုန်စတင်ပေါ်ပေါက်လာခဲ့စဉ်က မြန်မာနိုင်ငံသည် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ် စီးပွားရေးစနစ်ကို စတင်အကောင်အထည်ဖော်ကျင့်သုံးနေချိန်နှင့် တိုက်ဆိုင်ခဲ့သဖြင့် ဤသို့လွတ်လပ်သောကုန်သွယ်မှုဇုန်များ အဓိကပါသည့် အထူးစီးပွားရေးဇုန်များ ခွင့်ပြုရန် စနစ်နှင့်အံဝင်ခွင်ကျ မဖြစ်ခဲ့ချေ။

ကမ္ဘာပေါ်တွင် ၁၉၆၀ ပြည့်လွန်နှစ်များကစ၍ အထူးစက်မှုဇုန် (Special Industrial Zone)၊ ပြည်ပပို့ကုန်လုပ်ငန်းစဉ်ဇုန် (Export Processing Zone) စသဖြင့် အထူးစီးပွားရေးဇုန်ပုံစံအောက်မှ လုပ်ငန်းစဉ်များကိုစတင်ခဲ့သည်။ အာရှတိုက်တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့်စင်ကာပူနိုင်ငံတို့တွင် စတင်ခဲ့ရာမကြာမီကအာရှ၏ကျားလေးကောင် သို့မဟုတ် နဂါးလေးကောင်ဟု နာမည်ကျော်လာခဲ့သည်။ အိန္ဒိယတွင်လည်း ၁၉၆၅ ခုနှစ်ကပင်စ၍ ကန်ဒလာဒေသတွင် ပြည်ပပို့ကုန်လုပ်ငန်းစဉ်ဇုန်ကို တည်ထောင်ခဲ့သည်။ ဟက်တာ ၁၀၀၀ အောက် အသေးစားစက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များ စတင်တည်ထောင်ခဲ့သည်။ ထို့ကြောင့် အာရှ၏ကျားလေးကောင်ဟုကျော်ကြားသော တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်နှင့် စင်ကာပူနိုင်ငံတို့ကို ထွန်းသစ်သောစက်မှုနိုင်ငံများ (Newly Industrialized Countries) အဖြစ် အသိအမှတ်ပြုခံရချိန်တွင် အိန္ဒိယနိုင်ငံလည်း ထွန်းသစ်သော စက်မှုနိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့သည်။

အထူးစီးပွားရေးဇုန်များ တည်ဆောက်ခြင်းဖြင့် နိုင်ငံစီးပွားရေးအရှိန်မြန်စွာ တိုးတက်လာကြောင်း သိရှိသွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၇၉ ခုနှစ်တွင် စီးပွားရေးတံခါးဖွင့်မူဝါဒ စတင်ကျင့်သုံးပြီးသည်နှင့် ဦးစားပေးဆောင်ရွက်သည်မှာ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများကို လှိုက်လဲစွာ ဖိတ်ခေါ်ခြင်းဖြစ်သည်။ ထို့နောက် တစ်ဆက်တည်းပင် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေပြေနှင့် မြန်ဆန်စွာ လုပ်ငန်းများတည်ထောင်နိုင်ရန် အတွက် အထူးစီးပွားရေးဇုန် ခြောက်ခုကို တစ်ပြိုင်တည်းတည်ထောင်ခဲ့သည်။ ကွမ်စီးအထူးစီးပွားရေးဇုန်နှင့် ရှင်ကျင်းအထူးစီးပွားရေးဇုန်တို့မှာ အထူးအောင်မြင်၍ ကမ္ဘာ့စံနမူနာအထူးစီးပွားရေးဇုန်ကြီးများဖြစ်ခဲ့သည်။ ရှင်ကျင်းအထူးစီးပွားရေးဇုန်သည် ဟက်တာ ၃၂၀၀၀ ရှိသော ဧရာမအထူးစီးပွားရေးဇုန်ကြီးဖြစ်သည်။ ကွမ်တုံပြည်နယ်နှင့် ဟောင်ကောင် နယ်စပ်တွင် နေရာရွေးထား၍ အချက်အချာကျသည်။ ဤသို့ ကျယ်ဝန်းလှသော မြေနေရာကို ရယူရာ၌ ပြဿနာဖြစ်စေသော မြေသိမ်းနည်းကို မပြုလုပ်ရန် အရေးကြီးသည်။ အသိမ်းခံရသည့်မြေပိုင်၊ လယ်ပိုင်ရှင်များကို ကာလပေါက်ဈေးနှင့် ထိုက်ထိုက်တန်တန် လျော်ကြေးပေးခြင်းဖြင့် စတင်သည်။

တရုတ်ပြည်သည် ကမ္ဘာပေါ်တွင် အထူးစီးပွားရေးဇုန်အများဆုံးနှင့် အထိရောက်ဆုံးတည်ထောင်နိုင်သည့် နိုင်ငံဖြစ်သည်။ အထူးစီးပွားရေးဇုန်များ၏ အားကိုရယူပြီး နိုင်ငံစီးပွားရေးကို အရှိန်ကြီးစွာနှင့် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယနေ့ဆိုလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကမ္ဘာ့ဒုတိယစီးပွားရေးအကြီးဆုံးနိုင်ငံကြီးဖြစ်လာသည်။

အိန္ဒိယက တရုတ်တို့၏ အထူးစီးပွားရေးဇုန်အောင်မြင်ဖြစ်ထွန်းပုံကို အလွန်အားကျကာ ၎င်းတို့လည်း အထူးစီးပွားရေးဇုန်များတိုးချဲ့ တည်ထောင်ရန် ကမ္ဘာပေါ်ရှိ အထူးစီးပွားရေးဇုန်များ အကြောင်းကို လေ့လာစစ်တမ်းထုတ်သည်။

၁၉၉၅ ခုနှစ်အရောက်တွင် ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၇၃ နိုင်ငံ၌ အထူးစီးပွားရေးဇုန် ၅၀၀ ရှိခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO) ဖွဲ့စည်းပြီး ၁၉၉၅ ခုနှစ်မှစ၍ ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှု (Global Free Trade) ကို အာမခံကြောင်း၊ နိုင်ငံတကာဖြတ်ကျော်ကုန်သွယ်ရေးတွင် အတား‌အဆီးအပိတ်အဆို့များ ဖယ်ရှားရေး၊ စီးပွားရေးမျက်နှာသာအပေးဆုံးနိုင်ငံ (Most Favoured Nation) များဖန်တီးရေးစသော သဘောတူညီချက်များစွာ၊ မူဝါဒများစွာကို ချမှတ်ပေးသဖြင့် အထူးစီးပွားရေးဇုန်ဆိုသည်မှာ မလိုအပ်တော့ပြီလားဟု အချို့က ယူဆကြသည်။ သို့သော် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက ချမှတ်ပေးထားသော အာမခံချက်များထက်အထူးစီးပွားရေးဇုန်တည်ထောင်ခြင်းမှရရှိသော အာမခံချက်အလား‌အလာများက သိသိ

သာသာပိုကောင်းကြောင်း လက်တွေ့သိမြင်လာကြသည်။

၁၉၉၈ ခုနှစ်တွင် ကမ္ဘာအလုပ်သမားသမဂ္ဂ၏ မှတ်ပုံတင်ချက်အရ အထူးစီးပွားရေးဇုန်အရေအတွက် ၈၅၀ ကျော်လာသည်။ အရှေ့ဥရောပတိုက်မှ နိုင်ငံများအနက် ပိုလန်နိုင်ငံက စံပြအဖြစ်လည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံက စံပြအဖြစ်လည်းကောင်း အထူးစီးပွားရေးဇုန်များ ဆက်လက် အောက်ပါအချက်များကြောင့် ဖြစ်ကြောင်းတွေ့ရှိနိုင်သည်။



ထားဝယ်အထူးစီးပွားရေးဇုန်တွင်တည်ဆောက်မည့် မြန်မာ–ထိုင်း စစ်ဆေးရေးစခရီယာပုံစံငယ်

တည်ထောင်အောင်မြင်ခဲ့ပုံကို ညွှန်းဆိုသည်။ အာဖရိကတိုက်နှင့် လက်တင်အမေရိကနိုင်ငံများလည်း အထူးစီးပွားရေးဇုန်များ အပြိုင်အဆိုင်တည်ထောင်ကြသည်။ ယခုအခါကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၂၀ မှ အထူးစီးပွားရေးဇုန်ပေါင်း ၃၀၀၀ ကျော် တည်ထောင်ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံက ၂၀၀၀ ပြည့်နှစ်တွင် အထူးစီးပွားရေးဇုန်မူဝါဒကို စတင်ထုတ်ပြန်ခဲ့သော်လည်း ထိထိရောက်ရောက်မဆောင်ရွက်နိုင်သေးပေ။ ၂၀၀၅ ခုနှစ်တွင် ဥပဒေထပ်မံထုတ်ပြန်၍ အထူးစက်မှုဇုန် ၄၆၂ ခုကို အတည်ပြုခဲ့သည်။ ၂၂၂ ခုကို လုပ်ဆောင်ရန် အသိပေးကြေညာပြီးဖြစ်သည်။ သို့သော် အိန္ဒိယနိုင်ငံတွင် အထူးစီးပွားရေးဇုန်များက နိုင်ငံတော်စီးပွားရေးကို အရှိန်မြင့်စွာတိုးတက်ရေး၌ ပေါက်မြောက်ထိရောက်သော အထောက်အကူကို တရုတ်ပြည်လောက် မပေးနိုင်ဘဲ ခြောက်နှစ်ကြာသည့်တိုင် ခပ်လေးလေးသွားနေသည်။

ဤတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးစီးပွားရေးဇုန်များဖြင့် အောင်မြင်ထိရောက်ပုံကို လေ့လာသုံးသပ်ချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အထူးစီးပွားရေးဇုန်များဖြစ်ထွန်း ထိရောက်ခြင်းမှာ

(၁)အခြေအနေအချိန်အခါကို တတ်သိနားလည်စွာချက်ချင်းလက်ငင်းလုပ်ဆောင်၍ ချက်ချင်းအကောင်အထည်ဖော်ခြင်း၊

(၂)စိတ်သွားတိုင်းကိုယ်ပါလုပ်စရာရှိသည်ကို ရဲရဲပြတ်ပြတ်မြန်မြန်လုပ်ခြင်း၊

(၃)ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် အောင်မြင်သောနိုင်ငံတကာလုပ်ငန်းရှင်ကြီးများ လာလုပ်ချင်အောင် ဆွဲဆောင်သိမ်းသွင်းရာ၌ အထူးလုပ်ပိုင်ခွင့်များ ကျယ်ကျယ်ပြန့်ပြန့်ပေးခြင်း၊

(၄)အထူးစီးပွားရေးဇုန် တည်ထောင်သည့်နေရာကို နေရာရွေးအလွန်တော်ခြင်း၊

(၅)အထူးစီးပွားရေးဇုန်အချင်းချင်း နီးကပ်ဆက်စပ်မှုရှိခြင်း၊

(၆)ထူးခြားသည့်ဆိပ်ကမ်းမြို့နှင့်အခြား ဆိုင်ရာ ထူးခြားချက်ရှိသည့်နေရာများတွင် သတ်မှတ်တည် ထောင်ခြင်း၊

(၇)အခြေခံအဆောက်အအုံအတွက် သင့်လျော် သည့်လိုအပ်ချက်များရှိပြီးနေရာများတွင် တည်ထောင် စေခြင်း၊

(၈)မြေ၊ ရေ၊ စွမ်းအင်၊ လျှပ်စစ်နှင့်သဘာဝ အရင်းအမြစ်နှင့်လူ့စွမ်းအားအရင်းအမြစ်ရရှိရန် လွယ်ကူ သည့်နေရာတွင် ထူထောင်ခြင်း၊

(၉)မြေကို နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူ များ ဝယ်ယူပိုင်ဆိုင်ခွင့်ပြုခြင်း၊

(၁၀)အထူးစီးပွားရေးဇုန်နှင့် ပတ်သက်သမျှ ဆောင်ရွက်ချက်အဆင့်ဆင့်တွင် ကြိုးနီစနစ်ကင်းရှင်း၍ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ခွင့်ပေးခြင်း၊

(၁၁)အဆိုပြုချက်၊ စီမံချက်၊ ပုံစံစသည်များ တင်သွင်းရာ၌ လိုအပ်မှုစာရွက်စာတမ်းအနည်းဆုံး ဖြစ်အောင် စီစဉ်ပေးထားခြင်း၊

(၁၂)တင်ပြချက်မှန်သမျှကို ဆုံးဖြတ်ချက်ပေးနိုင် သူများထံ အဆင့်အနည်းဆုံးနှင့် အမြန်ဆုံးရောက်ရှိစေ ရန် One Stop Service တစ်နေရာတည်းက ဆောင်ရွက် ပေးခြင်း၊

(၁၃)ဆုံးဖြတ်ချက်ပေးနိုင်သူများက လာဘ်ပေး လာဘ်ယူ၊ အဂတိလိုက်စားမှုစသော အကျင့်ပျက်မှု များကင်းအောင် အမြဲကြပ်မတ်စစ်ဆေးအရေးယူပေး ခြင်း၊

(၁၄)ကောင်းသောဂုဏ်သတင်းရရှိအောင် ဆောင်ရွက်နိုင်သဖြင့် နာမည်ရကာ ပိုမိုတိုးချဲ့နိုင်ခဲ့ခြင်း၊

(၁၅)အရေအတွက်ရော အရည်အချင်းပါကောင်း သည့်လုပ်သားဝန်ထမ်းရရှိနိုင်ခြင်း၊

(၁၆)လုပ်အားကောင်းသလောက် လုပ်ခသက် သာခြင်း၊ လုပ်သားများသလောက်လုပ်ငန်းခွင်တည်မြဲ ခြင်း၊ တည်ငြိမ်ခြင်း၊

(၁၇)ပြည်တွင်းပြည်ပတွင် ကုန်ချောဝယ်လိုအား ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရှိသလောက် ပြည်တွင်း၌ ကုန်ကြမ်းရရှိမှုလွယ်ကူခြင်း၊

(၁၈)ပြည်တွင်းငြိမ်းချမ်းမှုရှိခြင်းနှင့် နိုင်ငံရေး တည်ငြိမ်ခြင်း၊


အထက်ပါ ကောင်းကွက်များစွာရှိသောကြောင့် တရုတ်ပြည်၏ အထူးစီးပွားရေးဇုန်များ အောင်မြင်ကာ တိုင်းပြည်၏ အလုံးစုံသော စီးပွားရေးကို အရှိန်မြှင့်စွာ ဖြင့် ဖွံ့ဖြိုးတိုးတက်စေခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ယခုနှစ်တွင်မှ အထူးစီးပွားရေး ဇုန်ဥပဒေများပြဋ္ဌာန်းနိုင်ပြီး စတင်ဆောင်ရွက်ရန် တာစူ နိုင်ခဲ့သော်လည်း အထူးစီးပွားရေးဇုန် တည်ထောင်ရန် အတွက် အခြေခံအရင်းအမြစ်ကောင်း များစွာရှိသော နိုင်ငံဖြစ်သည်။

လှိုင်သာယာစက်မှုဇုန် မြင်ကွင်း



ယနေ့အထိလုပ်ကွင်းလုပ်ကွက်ကောင်းသည့် တတိယနိုင်ငံ သို့မဟုတ်ဖွံ့ဖြိုးဆဲနိုင်ငံများသို့ သွားရောက်ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းမျိုးစုံ၊ ကုန်ထုတ်လုပ်မှုစက်ရုံမျိုးစုံတည်ထောင်လိုသည့်နိုင်ငံတကာအဆင့်ရှိကော်ပိုရေးရှင်းများစွာရှိသေးသည်။ မြန်မာနိုင်ငံကဲ့သို့ အထူးစီးပွားရေးဇုန်အကောင်အထည်မဖော်ရသေးသည့်အသက် လာရောက်လုပ်ကိုင်လိုသည့် နိုင်ငံပေါင်းများစွာ ရှိသေးသည်။ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ယခုအခါ အထူးစီးပွားရေးဇုန်များ(Production Oriented SEZ)အဖြစ် (၁) ရုံကုန်သစ် (ရုံကုန်မြို့တောင်ဘက် ဒလ၊ တွံတေး၊ ကောမှူး၊ ကွမ်းခြံကုန်းမှ ပင်လယ်ဆိပ်ကမ်းသီလဝါ အပါအဝင်နယ်မြေ) (၂) မန္တလေး (မန္တလေးတောင်မှ တံတားဦး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်အထိ တောင်ဘက်နယ်မြေများ) (၃) ကျောက်ဖြူ (ရမ်းဗြဲကျွန်း တစ်ကျွန်းလုံး) (၄)ထားဝယ် (ယခုထားဝယ်အထူးစီးပွားရေးဇုန်) တို့ကို ရွေးချယ်လုပ်ကိုင်ရန်နှင့် လွတ်လပ်သော ကုန်သွယ်မှုဇုန် (Free Trade Zones) အဖြစ် (၁) မူဆယ် တရုတ်ပြည်



ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတစ်နေရာ

လုပ်ငန်းစဉ်မျိုးကို မိမိက အိမ်ရှင်နိုင်ငံအဖြစ်သာလက်ခံရုံသက်သက် မဟုတ်တော့ဘဲ သွားရောက်ရင်းနှီးမြှုပ်နှံမည့်သူအဖြစ်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။ ပါကစ္စတန်၊ လက်တင်အမေရိကနိုင်ငံများနှင့် အာဖရိကတိုက်မှ နိုင်ငံများကို ပစ်မှတ်ထား၍ သွားရောက်ရင်းနှီးမြှုပ်နှံရေးအတွက် ထိုနိုင်ငံများတွင် အိမ်ရှင်အဖြစ် အထူးစီးပွားရေးဇုန်များ ဖွင့်လှစ်ရန် ကမ်းလှမ်းလျက်ရှိသည်။

ဤအချိန်မျိုးတွင် မြန်မာနိုင်ငံက တရုတ်တို့၏ရင်းနှီးမြှုပ်နှံရေးတွင် အိမ်ရှင်နိုင်ငံအဖြစ် အထူးစီးပွားရေးဇုန်တည်ထောင်ပေးမည်ဆိုပါက ဝမ်းသာစွာလာရောက်ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်တည်ဆောက်ရန် အင်္ဂါရုပ်နှင့်ပြည့်စုံသော နယ်မြေဒေသများစွာရှိသည်။ ၁၉၉၇ ခုနှစ် ကတည်းက အဆိုပြုချက်များအရ ထုတ်လုပ်မှုကို ဦးတည်သောအထူးစီးပွားရေးဇုန် နယ်စပ်နှင့် (၂) တာချီလိတ်၊ ထိုင်းနယ်စပ်နေရာများတွင် တည်ထောင်၍ ကုန်သွယ်မှုကို ဦးတည်သော အထူးစီးပွားရေးဇုန် (Trade Oriented SEZs) အဖြစ် မွန်ပြည်နယ် မှ (၁) နှစ်ကရင်ကျေးရွာဒေသ၊ (၂) တနင်္သာရီတိုင်းဒေသကြီးမှဘုတ်ပြင်းဒေသနှင့် (၃)ကော့သောင်းနယ်စပ်ဆိပ်ကမ်းဒေသများကို အထူးစီးပွားရေးဇုန်များတည်ထောင်ရန် ထိုစဉ်က ဂျပန်နိုင်ငံချီယိုးဒါးကော်ပိုရေးရှင်းက အဆိုပြုခဲ့ခြင်းဖြစ်သည်။

ယခုအခါ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကို ထုတ်ပြန်ပြီးသည့်အပြင် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေကိုပါပြဋ္ဌာန်းထုတ်ပြန်ပြီးဖြစ်ရာ တိုးတက်မှုစတင်ပြီဖြစ်ကြောင်းတွေ့ရှိနိုင်သည်။ လက်ရှိလှိုင်သာယာနှင့်ရွှေပြည်သာစက်မှုဇုန်များကို ပေါင်းစပ်လိုက်ပြီး အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ အထူးအခွင့်အရေးပေးသောဇုန်များအဖြစ် ပြုပြင်ပြောင်းလဲနိုင်သည်။

ဆောင်ဖိုန်ဘွား

အာဆီယံပဋိညာဉ်စာတမ်း

အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများအသင်းကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းရှိ ကွန်မြူနစ်မဟုတ်သောနိုင်ငံများဖြင့် ဖွဲ့စည်းရန် အဓိကရည်ရွယ်ခဲ့သည်။ နောက်ပိုင်းတွင် ဘရူနိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ပါဝင်လာကာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအထိရှိလာခဲ့သည်။ အသင်းအဖွဲ့၏ မူလအခြေခံသဘောမှာ စုစည်းညီညွတ်ခြင်း၊ စုပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် နားလည်မှုရှိခြင်းတို့၏ သင်္ကေတဟုဆိုနိုင်သည်။ မျိုးနွယ်စုချင်း၊ ပတ်ဝန်းကျင်ချင်း၊ နိုင်ငံချင်း၊ အကျိုးတရားများစွာ စုစည်းဆောင် ရွက်နိုင်ရန်၊ အသင်းအဖွဲ့များဖွဲ့စည်းကာ စည်းလုံးမှုကို ဖော်ဆောင်ကြသည်။ ထိုစည်းလုံးမှု၊ ညီညွတ်မှု၊ နားလည်မှုများ တည်တံ့စေရန် ရည်မှန်းချက်များ ချမှတ်ဖော်ဆောင်နိုင်ရန် သဘောတူဆုံးဖြတ်ချက်များ ထွန်းဆောင်ရွက်ကြရသည်။ ကျစ်လျစ်ခိုင်မာသော အခြေခံမူများဖြင့် အချင်းချင်းကတိကဝတ်ကို သစ္စာရှိစွာ စောင့်ထိန်းလိုက်နာကြရသည်။ အာဆီယံပဋိညာဉ်စာတမ်းသည် အရှေ့တောင်အာရှနိုင်ငံများ၏ အဖွဲ့အစည်းဖွဲ့စည်းတည်ထောင်ရန်၊ အနှစ်သာရကို သမိုင်းတင်ခြင်းတစ်ရပ်ဟု ဆိုနိုင်သည်။

"ချာတာ" (Charter) ဟူသောစကားသည် အရှေးသမိုင်းတွင် မူလအရေးပါသော သမိုင်းသာဓက လက်တင်စကား "ကာတာ" မှ ဆင်းသက်လာသည်။ ပေပီရပ်စ်ခေါ် အရွက်မှပြုလုပ်ထားသော စက္ကူရွက်ကြီးဟု အဓိပ္ပာယ်ရသည်။ ရှေးဟောင်း အီဂျစ်ဓကရာဇ်ကြီးများ (ဖာရိုးဘုရင်များ) လက်ထက်က နိုင်းလ်မြစ်ဝှမ်းတစ်လျှောက် အလေ့ကျပေါက်သော ပေပီရပ်စ်ခေါ် ကျူပင်တို့၏ အရွက်၊ အရိုးများမှ ထုတ်ယူသော စက္ကူချပ်ကြီးများဖြစ်ပြီး ယင်းတို့အပေါ်တွင် ရှေးဟောင်း အီဂျစ်အရုပ်စာများကို ရေးခဲ့ကြသည်။

"ချာတာ" ဟူသောစကားလုံးကို ပဋိညာဉ်စာချုပ်ကြီးဟူသော အဓိပ္ပာယ်ဖြင့် သုံးခဲ့သည်ကို ဗြိတိသျှသမိုင်းတွင် မဂ္ဂနာကာတာ (Magna Carta) ဟု အစောဆုံး တွေ့ရသည်။ ဗြိတိသျှဘုရင်ဂျွန်သည် ရှန်နီမီဒ်အရပ်တွင် အေဒီ ၁၂၁၅ ခုနှစ် ဇွန်လ ၁၅ ရက်က မဂ္ဂနာကာတာပဋိညာဉ်စာချုပ်တွင် လက်မှတ်ရေးထိုးကာ တိုင်းသူပြည်သားတို့၏ အခြေခံလူ့အခွင့်အရေးများကို မထိပါးစေဘဲ ကာကွယ်စောင့်ရှောက်ပါမည်ဟု ကတိခံဝန်ချက်ပြုခဲ့သည်။ ယင်းမဂ္ဂနာကာတာသည်ပင် ဗြိတိသျှဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးဖြစ်လာသည်။ ဥပဒေအရပြုထားသော ပဋိညာဉ်စာတမ်းဖြစ်သည်။

ပထမနှင့်ဒုတိယကမ္ဘာစစ်ကြီးနှစ်ရပ် ကြားကာလ (၁၉၁၈–၁၉၃၈) တွင်ပေါ်လာသော နိုင်ငံပေါင်းချုပ်အသင်းကြီးသည် အသင်းကြီး (The League of Nations) ၏ ပဋိညာဉ်စာတမ်းအား ကိုဗီနန့်(Cove - nant)ဟုသုံးထားသည်။ ယင်းသည် အသင်းကြီး၏ အခြေခံမူကြီးဖြစ်သည်။ ကိုဗီနန့်ကို အဘိဓာန်အသီးသီးက အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လူလူချင်း၊ အဖွဲ့အစည်းချင်း၊ နိုင်ငံချင်းတို့အကြား သဘောတူညီမှုပြုထားသော ကတိခံဝန်ချက်၊ လက်မှတ်ရေးထိုး ချိတ်ပိတ်ထားသော ဥပဒေအရ ချုပ်ဆိုထားသော ကံထရိုက်စာချုပ်ဟူ၍ ဖော်ပြထားသည်။

ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်အဖွဲ့က စစ်မဖြစ်စေရေး၊ ငြိမ်းချမ်းရေးနည်းနှင့် ပြဿနာများဖြေရှင်းရေးစသော ပဋိညာဉ်စာချုပ်ကြီး ချုပ်ဆိုရာတွင် "ချာတာ" ဟူသောစကားကိုသုံးသည်။ ချာတာသည် ကာတာ၏ မူလအဓိပ္ပာယ်ဖြစ်သော (၁) အချုပ်အခြာ



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဂျကာတာမြို့၌ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံထိပ်သီး သံးသန့်အစည်းအဝေးသို့တက်ရောက်စဉ်

အာဏာပိုင် ဘုရင်၊ ကရာဇ် သို့မဟုတ် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ထုတ်ပြန်ထားသော ပဋိညာဉ်စာချုပ်၊ (၂) လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ပြည်သူလူထုအား ဥပဒေအရပေးထားသော လွှဲအပ်ထားသော အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များ၊ (၃) အသင်းအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်ဝတ္တရားများကို ဘောင်ခတ်ပေးသော အခြေခံစည်းမျဉ်းများ၊ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဟု အဘိဓာန်တို့က ဖွင့်ဆိုထားသည်။

အာဆီယံအသင်းကြီး၏ ပဋိညာဉ်စာတမ်းရေးဆွဲသူတို့သည် 'ကိုဗိနန့်' ဟူသော နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အသုံးကို မယူဘဲ ကုလသမဂ္ဂ၏ "ချာတာ" ကို သုံးထားသည်။

အာဆီယံပဋိညာဉ်စာတမ်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့ စင်ကာပူနိုင်ငံတွင် ကျင်းပသော (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံအသင်းဝင် ၁၀ နိုင်ငံမှ နိုင်ငံတော်အကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲတို့က လက်မှတ်ရေးထိုးကြသည်။ အာဆီယံပဋိညာဉ်စာတမ်းကို အင်္ဂလိပ်ဘာသာစကားတစ်ခုတည်းနှင့် ရေးသားထားသည်။ ပဋိညာဉ် စာတမ်းကြီးတွင် ဥပဒေနိဒါန်း၊ အခန်းပေါင်း ၁၃ ခန်းနှင့် အပိုဒ်ပေါင်း ၅၅ ပိုဒ်ပါဝင်သည်။

ဥပဒေနိဒါန်းတွင် အသင်းဝင် ၁၀ နိုင်ငံတို့၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများက မိမိတို့နိုင်ငံ၏ ပြည်သူလူထုကို ကိုယ်စားပြုပြီး (၁) အာဆီယံကြေညာစာတမ်းကို ဘန်ကောက်မြို့၌ ထုတ်ပြန်၍ အသင်းစတင်တည်ထောင်ပြီးကတည်းက အာဆီယံ၏ ထင်ရှားသော အောင်မြင်မှုများရရှိခဲ့မှုနှင့် တိုးချဲ့ဖွံ့စည်းနိုင်မှုကို ကျေနပ်အားရစွာ အသိအမှတ်ပြု၍လည်းကောင်း၊ (၂) ဒီယင်ကျန်းလုပ်ငန်းအစီအစဉ် အာဆီယံပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ကွာလာလမ်ပူကြေညာစာတမ်းနှင့် အာဆီယံပဋိညာဉ်စာတမ်း အခြေခံမူကြမ်းဆိုင်ရာ စီဘူးကြေညာ စာတမ်းတို့တွင် အာဆီယံပဋိညာဉ်စာတမ်းရေးဆွဲချမှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်များကို အမှတ်ရ၍လည်းကောင်း၊ (၃) ဆက်စပ်သော ပထဝီအနေအထား၊ တူညီသော ရည်ရွယ်ချက်များ၊ အတူတကွ မျှော်မှန်းသည့်ပန်းတိုင်ထားရှိကြသော

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းမှုနှင့် မိုခိုအား ထားမှုများ တည်ရှိနေသည်ကို အလေးဂရုပြု၍လည်းကောင်း၊ (၄) ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုကို ပိုမိုမြှင့်တင်လျက် အထူးသဖြင့် အာဆီယံကွန်ကော့ (ဒ) ဘာလီကြေညာချက်တွင် ဖော်ပြထားသည့် အတိုင်း အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဟူသည့် မဏ္ဍိုင် ၃ ရပ်ပါဝင်သော အာဆီယံ အသိုက်အဝန်းတည်ထောင်ခြင်းနှင့် အသိုက်အဝန်း တည်ထောင်မှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊ အာဆီယံ၏ ဥပဒေ ဆိုင်ရာနှင့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်ကို ဤပဋိညာဉ် စာတမ်းဖြင့် ထူထောင်ရန် ဆုံးဖြတ်ကြသည်။

ဤကိစ္စအလို့ငှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အကြီးအကဲများ သို့မဟုတ် အစိုးရအဖွဲ့အကြီး အကဲများသည် စင်ကာပူနိုင်ငံ၌ အာဆီယံတည်ထောင် သည့် နှစ် (၄၀) ပြည့်သမိုင်းဝင် အခမ်းအနားတွင် စုစည်း တွေ့ဆုံကြလျက် ဤပဋိညာဉ်စာတမ်းကို သဘောတူ ချမှတ်ကြသည်။

အခန်း (၁) ရည်ရွယ်ချက်များနှင့် အခြေခံမူများ

အဝိဒ် (၁) ရည်ရွယ်ချက်များ

(၁) ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊ ငြိမ်းချမ်းမှုကို လိုလား သည့် အလေ့အထများ ပိုမိုခိုင်မာစေရန်၊ (၂) နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ခြင်းအားဖြင့် ဒေသဆိုင်ရာ ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရန်၊ (၃) အရှေ့တောင်အာရှ ဒေသကို အဏုမြူလက်နက်ကင်းမဲ့ဇုန်အဖြစ်လည်း ကောင်း၊ ထို့အပြင် အဖျက်စွမ်းအားကြီးမားသော လက်နက်များကင်းမဲ့သော ဒေသအဖြစ်လည်းကောင်း ထိန်းသိမ်းထားရန်၊ (၄) အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအနေဖြင့် ကမ္ဘာတစ်ဝန်း တရားမျှတပြီး ဒီမိုကရေစီပြည့်ဝ၍ ညီညွတ်မျှတသည့် ပတ်ဝန်းကျင် တွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ကြစေရန်၊ (၅) ကုန်စည်များ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်း၍ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် များ၊ အတတ်ပညာရှင်များ၊ အလုပ်သမားများ အဆင် ပြေချောမွေ့စွာ ရွှေ့ပြောင်းနိုင်ပြီး မ,တည် အရင်းအနှီး များ ပိုမိုလွတ်လပ်စွာစီးဆင်းမှုရှိသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ထိရောက်စွာ အထောက်အကူပြု နိုင်သော တည်ငြိမ်၍ ကြွယ်ဝချမ်းသာပြီး အဆင့်မြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးပေါင်းစည်းမှု ဖြစ်ပေါ် စေမည့်တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု ဒေသထူထောင်ရန်၊ (၆) အပြန်အလှန် ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသအတွင်း ဆင်းရဲနွမ်းပါးမှုလျော့ပါးစေရန်နှင့် ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းစေရန်၊ (၇) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးနှင့် တာဝန်များကို အလေးထားပြီး ဒီမိုက ရေစီပိုမိုတောင့်တင်းခိုင်မာစေရန်၊ စီမံအုပ်ချုပ်မှုကောင်း မွန်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို တိုးတက်စေရန်နှင့် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာ ကွယ်မြှင့်တင်ရန်၊ (၈) ဘက်စုံလုံခြုံရေးအခြေခံမူနှင့် အညီ ခြိမ်းခြောက်မှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် နယ် နိမိတ်ဖြတ်ကျော် စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန် ရန်၊ (၉) ဒေသအတွင်း သဘာဝပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ခြင်း၊ သဘာဝအရင်းအမြစ်များ ရေရှည် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အာဆီယံပြည်သူများ၏ ဘဝအရည်အသွေးမြင့်မားမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို အာမခံချက်ရရှိစေ မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်၊ (၁၀) အာဆီယံပြည်သူများ၏ စွမ်းရည်မြင့်မားစေရေးနှင့် အာဆီယံအသိုက်အဝန်း ပိုမိုတောင့်တင်းခိုင်မာစေရေး အတွက် ပညာရေးနှင့် ဘဝတစ်သက်တာသင်ကြားရေး တွင် လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာရပ်တွင် လည်း ကောင်း၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့ စွမ်းအားအရင်းအမြစ်များကို ဖွံ့ဖြိုးတိုးတက်စေရန်၊ (၁၁) လူ့ဖွံ့ဖြိုးမှု၊ လူမှုဖူလုံမှုနှင့် တရားမျှတမှုအတွက် တန်းတူ အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် အာဆီယံ ပြည်သူများ၏ လူနေမှုဘဝနှင့် ကောင်းကျိုး ချမ်းသာတိုးတက်လာစေရန်၊ (၁၂) အာဆီယံပြည်သူများ

အဝိဒ် (၂) အခြေခံမူများ

(၁) အဝိဒ် (၁) တွင်ဖော်ပြထားသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ယင်း၏ အဖွဲ့ဝင်နိုင်ငံများသည် အာဆီယံ၏ ကြေညာစာတမ်းများ၊ သဘောတူစာချုပ်များ၊ ကွန်ဗင်းရှင်းများ၊ သဘောတူညီချက်များ၊ စာချုပ်များနှင့်အခြား စာချုပ်စာတမ်းများပါ အခြေခံမူများကို ထပ်လောင်းအတည်ပြု၍ လိုက်နာမည်။ (၂) အာဆီယံနှင့်ယင်း၏ အဖွဲ့ဝင်နိုင်ငံများသည် (က) အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊ (ခ) ဒေသဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးကို တိုးတက်စေရန် အတူတကွ သန့်ရှင်းစွာဆောင်ရွက်ခြင်းနှင့် စုပေါင်းတာဝန်ယူမှုရှိခြင်း၊ (ဂ) ကျူးကျော်ခြင်း၊ အင်အားသုံးခြင်း၊ သို့မဟုတ် အင်အားသုံးရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီမှုအတွက် လုံခြုံရှိစေးကင်းပြီး မှုးယစ်ဆေးဝါးကင်းစင်သည့် ပတ်ဝန်းကျင်ထူထောင်ရာတွင် ပူးပေါင်းဆောင်ရွက်မှု ဝိုမိုတောင့်တင်းခိုင်မာလာစေရန်၊ (၁၃) အာဆီယံ ပေါင်းစည်းရေးနှင့် အသိုက်အဝန်းထူထောင်ရေးလုပ်ငန်းစဉ်တွင် လူ့အဖွဲ့အစည်း၏ ကဏ္ဍအားလုံးအနေဖြင့် ပါဝင်ဆောင်ရွက်၍ အကျိုးခံစားမှုရရှိကြစေရန် အားပေးခြင်းဖြင့် ပြည်သူများကို အလေးထားသည့် အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်၊ (၁၄) အာဆီယံဒေသအတွင်း ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့်အမွေအနှစ်များကို ဝိုမိုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အာဆီယံ၏ အသွင်လက္ခဏာကို မြှင့်တင်ရန်၊ (၁၅) ပွင့်လင်းပြီး မြင်သာထင်သာရှိ၍ အများပါဝင်နိုင်သည့် ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုအတွင်း အာဆီယံအနေဖြင့် ပြင်ပမိတ်ဖက်များနှင့် ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးတွင် အာဆီယံ၏ပင်မတွန်းအားဖြစ်သည့် တက်ကြွသော အခန်းကဏ္ဍနှင့် ဗဟိုအချက်အချာကျမှုတို့ကို ထိန်းသိမ်းရန်စသည်တို့ ဖြစ်သည်။



အာဆီယံအစည်းအဝေးများတက်ရောက်ရန် ရောက်ရှိလာသော နိုင်ငံတော်သမ္မတဦးသိန်းစိန်အား အင်ဒိုနီးရှား သမ္မတနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ခွန်းဆက်စဉ်

မရှိသည့်အခြား လုပ်ဆောင်မှုမှန်သမျှကို စွန့်လွှတ်ခြင်း၊ (ဃ) အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ အဖြေရှာသည့် နည်းလမ်းအပေါ် အားထားခြင်း၊ (င) အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မရှိခြင်း၊ (စ) ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားခြင်း၊ (ဆ) အာဆီယံ၏ ဘုံအကျိုးစီးပွားကို ပြင်းထန်စွာ ထိခိုက်စေသည့်ကိစ္စရပ်များအပေါ် စိုင်ပင်ဆွေးနွေးမှုများကို ပိုမိုပြုလုပ်ခြင်း၊ (ဇ) တရားဥပဒေ စိုးမိုးရေး၊ စီမံအုပ်ချုပ်မှုကောင်းမွန်ရေး၊ ဒီမိုကရေစီအခြေခံမူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အစိုးရ ရှိမှုဟူသည့် အခြေခံသဘောတရားများကို လိုက်နာခြင်း၊ (စျ) အခြေခံလွတ်လပ်ခွင့်များ၊ လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ခြင်းနှင့် လူမှုရေးတရားမျှတမှု မြှင့်တင်ခြင်းတို့ကို လေးစားခြင်း၊ (ည) ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံမှ သဘောတူလက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊ (ဋ) အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာနယ်မြေတည်တံ့ခိုင်မြဲမှု၊ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်သည့် မိမိ၏နယ်မြေကို အသုံးချခြင်းအပါအဝင် မည်သည့်လုပ်ဆောင်မှုမျိုးသို့မဟုတ် မူဝါဒတွင်မဆို ပါဝင်ခြင်းကို ရှောင်ရှားခြင်း၊ (ဌ) ကွဲပြားမှုများရှိသော်လည်း စည်းလုံးညီညွတ်ခြင်းစိတ်ဓာတ်ဖြင့် ဘုံတန်ဖိုးထားမှုအပေါ် အလေးထား၍ အာဆီယံပြည်သူများ၏ ကွဲပြားခြားနားသည့် ယဉ်ကျေးမှုဘာသာစကား၊ ကိုးကွယ်သည့် ဘာသာတရားတို့ကို လေးစားခြင်း၊ (ဍ) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြင်ပဆက်ဆံရေးတွင် တက်ကြွစွာပါဝင်ထိတွေ့ခြင်း၊ ဓမ္မဓိဋ္ဌာန်ကျသော အမြော်အမြင်ကျယ်ခြင်း၊ အများပါဝင်နိုင်ခြင်းနှင့် ခွဲခြားမှုမရှိခြင်းတို့ကို ဆက်လက်ထိန်းသိမ်းပြီး အာဆီယံကို ဗဟို အချက်အချာကျစေခြင်း၊ (ဎ) စျေးကွက်ကို အခြေခံသည့် စီးပွားရေးတွင် စီးပွားရေးကတိကဝတ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ 'အဟန့်အတား'များကို အဆင့်ဆင့်လျှော့ချရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးသတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အာဆီယံက ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းစသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

အခန်း (၂) ဥပဒေအရ ဥပဓိဂုဏ်ရှိမှု

အပိုဒ် (၃) အာဆီယံ၏ ဥပဒေအရ ဥပဓိဂုဏ်ရှိမှု၊ အာဆီယံကို အစိုးရ အချင်းချင်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ဥပဒေကြောင်းအရ ဥပဓိဂုဏ်ရှိမှုကို ဤပဋိညာဉ်စာတမ်းဖြင့် အပ်နှံလိုက်သည်။

အခန်း (၃) အဖွဲ့ဝင်ဖြစ်ခြင်း

အပိုဒ် (၄) အဖွဲ့ဝင်နိုင်ငံများ

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဘရူနိုင်းဒါရုဿလမ်နိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ဖြစ်ကြသည်။

အပိုဒ် (၅) အခွင့်အရေးနှင့်တာဝန်များ

(၁) အဖွဲ့ဝင်နိုင်ငံများသည် ဤပဋိညာဉ်စာတမ်းအရ တူညီသည့်အခွင့်အရေးနှင့် တာဝန်များ ရှိမည်။ (၂) အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဤပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများအားလုံးကို လိုက်နာဆောင်ရွက်ရန် သင့်လျော်သည့်ပြည်တွင်း ဥပဒေများပြဋ္ဌာန်းခြင်း အပါအဝင် လိုအပ်သည့် အစီအမံအားလုံးကို ဆောင်ရွက်ရမည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးဇင်အောင်မြင့် (၃၂) ကြိမ်မြောက် အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ပထမအကြိမ် ဧည့်အစည်းအဝေးသို့ တက်ရောက်စဉ်

အပိုဒ် (၆) အဖွဲ့ဝင်သစ်များအား လက်ခံခြင်း

(၁) အာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းနှင့် ဝင်ခွင့်ပြုခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီက သတ်မှတ်ပေးရမည်။ (၂) အဖွဲ့ဝင်သစ်ဝင်ခွင့်ပြုခြင်းကို အောက်တွင် ဖော်ပြထားသည့် စံသတ်မှတ်ချက်များအပေါ် အခြေခံရမည်။ (က) အရှေ့တောင်အာရှဟု အသိအမှတ်ပြုထားသည့် ပထဝီဝင်ဒေသအတွင်း တည်ရှိသည့် နေရာဖြစ်ခြင်း၊ (ခ) အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးက အသိအမှတ်ပြုခြင်း၊ (ဂ) ဤပဋိညာဉ်စာတမ်းကို လိုက်နာရန်သဘောတူညီခြင်း၊ (ဃ) အဖွဲ့ဝင်၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်စွမ်းနှင့် ထိုသို့ဆောင်ရွက်ရန် ဆန္ဒရှိခြင်း၊ (၃) အာဆီယံအဖွဲ့ဝင်အဖြစ် ခွင့်ပြုခြင်းကို အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အာဆီယံထိပ်သီးအစည်းအဝေးက တူညီဆန္ဒဖြင့်ဆုံးဖြတ်ရမည်။ (၄) လျှောက်ထားသည့် နိုင်ငံက ဤပဋိညာဉ်စာတမ်းအား နောက်မှပါဝင်ချုပ်ဆိုကြောင်း စာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ခွင့်ပြုရမည်။

အခန်း (၄) အဖွဲ့အစည်းများ

အပိုဒ်ပေါင်း ၉ ပိုဒ်ပါသော ဤအခန်းတွင် အာဆီယံ၏အဖွဲ့အစည်းများ ဖွဲ့စည်းပုံကို ပြဋ္ဌာန်းပေးထားသည်။ ယင်းတို့မှာ (၁) အာဆီယံထိပ်သီးအစည်းအဝေးအတွက် အပိုဒ် (၇) ကလည်းကောင်း၊ (၂) အာဆီယံ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီအတွက် အပိုဒ် (၈) ကလည်းကောင်း၊ (၃) အာဆီယံအသိုက်အဝန်း ကောင်စီများအတွက် အပိုဒ် (၉) ကလည်းကောင်း၊ (၄) အာဆီယံဝန်ကြီးအဆင့်ကဏ္ဍအလိုက် အဖွဲ့အစည်းများအတွက် အပိုဒ် (၁၀) ကလည်းကောင်း၊ (၅) အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအတွက် အပိုဒ် (၁၁) ကလည်းကောင်း၊ (၆) အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီအတွက် အပိုဒ် (၁၂) ကလည်းကောင်း၊ (၇) အာဆီယံအမျိုးသားအဆင့်အတွင်းရေးမှူးများရုံးများအတွက် အပိုဒ် (၁၃) ကလည်းကောင်း၊ (၈) အာဆီယံလူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အတွက် အပိုဒ် (၁၄) ကလည်းကောင်း၊ (၉) အာဆီယံဖောင်ဒေးရှင်းအတွက် အပိုဒ် (၁၅) ကလည်းကောင်း ပြဋ္ဌာန်းထားသည်။

အခန်း (၅) အာဆီယံနှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများ

ဤအခန်းတွင် အပိုဒ် (၁၆) က အာဆီယံနှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများ၏ အာဏာ တာဝန် ဝတ္တရားများ ဆောင်ရွက်ရေးနှင့် ဥပဒေနှင့်နည်းဥပဒေများကို ပြဋ္ဌာန်းထားသည်။

အခန်း (၆) ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများ

အပိုဒ်ပေါင်း ၃ ခုပါသော ဤအခန်းတွင် (၁) အဖွဲ့ဝင်နိုင်ငံများ၏ ပိုင်နက်မြေအတွင်း ယင်း၏ရည်ရွယ်ချက်များပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် အတွက် လိုအပ်သည့် ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများကို ခံစားစေရန်၊ (၂) အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ၏ ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများ၊ (၃) အာဆီယံတာဝန်ကို ထမ်းဆောင်သော အမြဲတမ်းကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ ကင်းလွတ်ခွင့်များနှင့် အခွင့်အရေးများကို ပြဋ္ဌာန်းထားသည်။

အခန်း (၇) ဆုံးဖြတ်ချက်ချမှတ်ခြင်း

အပိုဒ် ၂ ခုပါသော ဤအခန်းတွင် (၁) တိုင်ပင်ဆွေးနွေးခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်း၊ (၂) အကောင်အထည်ဖော်ခြင်းနှင့် လုပ်ထုံးလုပ်နည်းကို ပြဋ္ဌာန်းထားသည်။

အခန်း (၈) အငြင်းပွားမှုများကို ဖြေရှင်းခြင်း

အပိုဒ် ၇ ခုပါသော ဤအခန်းတွင် (၁) အထွေထွေမူများ၊ (၂) ကြားဝင်ဆောင်ရွက်ပေးခြင်း၊ ကျေချမ်းအောင်ပြုခြင်း၊ ဖျန်ဖြေခြင်း၊ (၃) သီးခြားစာချုပ်စာတမ်းများပါ အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများ၊ (၄) အငြင်းပွားမှု ဖြေရှင်းရေးနည်းလမ်းများ တည်ထောင်ခြင်း၊ (၅) ဖြေရှင်းမရသော အငြင်းပွားမှုများ၊ (၆) လိုက် နာဆောင်ရွက်ခြင်း၊ (၇) ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အခြားသက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားသည်။

အခန်း (၉) ဘတ်ဂျက်နှင့်ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

ဤအခန်းတွင် အပိုဒ် ၂ ပိုဒ်ပါရှိရာ (၁) အထွေထွေမူများ၊ (၂) အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဘတ်ဂျက်နှင့် ဘဏ္ဍာရေးကို ပြဋ္ဌာန်းထားသည်။



အာဆီယံပါလီမန်များဆိုင်ရာ အထွေထွေညီလာခံ ၃၀ တိယအကြိမ်အစည်းအဝေးတွင် ဦးခင်အောင်မြင့်အား အမှတ်တရတံဆိပ်ဂုဏ်ပြုပေးအပ်စဉ်


အခန်း (၁၀) အုပ်ချုပ်မှုနှင့်လုပ်ထုံးလုပ်နည်း

ဤအခန်းတွင် အပိုဒ် ၄ ခုပါရှိရာ (၁) အာဆီယံဥက္ကဋ္ဌ၊ (၂) အာဆီယံဥက္ကဋ္ဌ၏ အခန်းကဏ္ဍ၊ (၃) သံတမန်ရေးရာ ထုံးတမ်းစဉ်လာနှင့် အလေ့အထများ၊ (၄) အာဆီယံ၏လုပ်ငန်းဆိုင်ရာ ဘာသာစကားတို့ကို ပြဋ္ဌာန်းထားသည်။

အခန်း (၁၁) သွင်ပြင်လက္ခဏာနှင့်သင်္ကေတများ

ဤအခန်းတွင် အပိုဒ် ၆ ခုပါရှိရာ (၁) အာဆီယံ၏သွင်ပြင် လက္ခဏာ၊ (၂) အာဆီယံဆောင်ပုဒ်၊

(၃) အာဆီယံအလံ၊ (၄) အာဆီယံအမှတ်တံဆိပ်၊ (၅) အာဆီယံနေ့၊ (၆) အာဆီယံသီချင်းတို့ကို ပြဋ္ဌာန်းထားသည်။



အာဆီယံပဋိညာဉ်စာတမ်း

အခန်း (၁၂) ပြင်ပဆက်ဆံရေး

ဤအခန်းတွင် အပိုဒ် ၅ ပိုဒ်ပါရှိရာ (၁) ပြင်ပဆက်ဆံရေးဆိုင်ရာ အပြုအမူများ၊ (၂) ဆွေးနွေးဖက်ဆက်ဆံရေးညှိနှိုင်းသူ၊ (၃) တတိယနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများရှိ အာဆီယံကော်မတီများ၊ (၄) ပြင်ပအဖွဲ့အစည်းများ၏ အဆင့်အတန်း၊ (၅) ကုလသမဂ္ဂစနစ်နှင့်အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနများနှင့် ဆက်ဆံရေးတို့ကို ပြဋ္ဌာန်းထားသည်။

အခန်း (၁၃) အထွေထွေနှင့် အပြီးသတ် ပြဋ္ဌာန်းချက်များ

ဤအခန်းတွင် အပိုဒ် ၉ ပိုဒ်ပါရှိရာ (၁) လက်မှတ်ရေးထိုးခြင်း၊ အပြီးသတ်အတည်ပြုခြင်း၊ ထိန်းသိမ်းထားရှိခြင်းနှင့် စာရွက်စာတမ်းများ၊ (၂) ပြင်ဆင်ချက်များ၊ (၃) လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများ၊ (၄) ပြန်လည်သုံးသပ်ခြင်း၊ (၅) ပဋိညာဉ်စာတမ်းအား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ (၆) ဥပဒေကြောင်းအရ ဆက်လက်တည်ရှိနေမှု၊ (၇) မူရင်းစာသား၊ (၈) အာဆီယံပဋိညာဉ်စာတမ်းအား မှတ်ပုံတင်ခြင်း၊ (၉) အာဆီယံ၏ ပိုင်ဆိုင်သည့်ပစ္စည်းများတို့ကို ပြဋ္ဌာန်းထားသည်။

အာဆီယံပဋိညာဉ်စာတမ်းကို အာဆီယံအသင်းဝင်နိုင်ငံ ၁၀ နိုင်ငံမှ နိုင်ငံတော်အကြီးအကဲ သုံးဦးနှင့် အစိုးရအဖွဲ့အကြီးအကဲ ခုနစ်ဦးတို့က လက်မှတ်ရေးထိုးကြသည်။

နောက်ဆက်တွဲလေးရပ

(၁) အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက်အဖွဲ့အစည်းများအောက်တွင် (က) အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ (ခ) အာဆီယံစီးပွားရေးအသိုက်အဝန်း၊ (ဂ) အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းတို့နှင့်ဆိုင်သော အဖွဲ့အစည်းများကို ပြဋ္ဌာန်းထားသည်။

(၂) အာဆီယံနှင့် ဆက်နွယ်သောအဖွဲ့အစည်းများအောက်တွင် (က) အာဆီယံပါလီမန်များညီလာခံ၊ (ခ) စီးပွားရေးအဖွဲ့အစည်းများ၊ (ဂ) အတွေးအခေါ်ပညာရှင်များအဖွဲ့နှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ (ဃ) အသိအမှတ်ပြုမြို့ပြ လူ့အဖွဲ့အစည်းဆိုင်ရာ အဖွဲ့အစည်းများ၊ (င) အခြားအာဆီယံနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများကို ပြဋ္ဌာန်းထားသည်။

(၃) အာဆီယံအလံ၊ အရွယ်အစားလေးမျိုးကို သရုပ်ပြပုံနှင့်အရောင်အသွေး၊ အတိုင်းအထွာများနှင့် ပြဋ္ဌာန်းထားသည်။


(၄) အာဆီယံအမှတ်တံဆိပ်၊ သရုပ်ပြပုံနှင့် အဓိပ္ပာယ်ဆောင်မှု၊ ကိုယ်စားပြုမှု၊ အရောင်အသွေးတို့ကို ပြဋ္ဌာန်းထားသည်။


မဟာသန္ဓမောတိကဓဇ
ဒေါက်တာဝင်းမောင်ညွန့်

အဝိုင်း

(၃)


ကျွန်အဝိုင်းတွင် ၂၀၁၁ ခုနှစ်အတွင်း သမိုင်းမှတ်တမ်းဝင် ဖြစ်ရပ် များမှ တချို့ကို အဓိကရေးသားထားပါသည်။ အတွဲ ၁ မှ ၁၅ အထိ ထုတ်ဝေ ပြီးခဲ့သော မြန်မာ့စွယ်စုံကျမ်းကြီးများနှင့် နှစ်စဉ်ထုတ်မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်တို့တွင် ဖော်ပြခဲ့သည့်အကြောင်းချင်းရာတို့၏ နောက်ဆက်တွဲ ဖြစ်ရပ်များ ဖြည့်စွက်ချက်များ၊ မြန်မာနှင့် နိုင်ငံတကာမှ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ သဘာဝဘေးအန္တရာယ်၊ တိထွင်ပန်တီးမှု၊ ဒေါင်မြင်မှု၊ နှစ်နာဆုံးရှုံးမှုစသည့်အကြောင်းအရာများ အပါအဝင် ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ၊ ထူးချွန်ထင်ရှားသောပုဂ္ဂိုလ်များ အကြောင်းကို က မှ အ အထိ အက္ခရာစဉ်အလိုက် စီစဉ်ရေးသား ဖော်ပြထားပါသည်။






(ccol) ဒီဇင်ဘာလေးရေးသားသူများ ဒုံးဟန့်ကြ











ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ။ ။ ကုလသမဂ္ဂအဖွဲ့ကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် အဖွဲ့ဝင် နိုင်ငံ ၅ နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါအဖွဲ့ဝင် ၁၉၃ နိုင်ငံရှိပြီဖြစ်သည်။

အဖွဲ့ကြီး၏ ကြီးမားကျယ်ပြန့်သော ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ပင်မအဖွဲ့ကြီး ၆ ခုဖွဲ့စည်းထားသည်။ ထိုအဖွဲ့ကြီး ၆ ခုတွင် စီးပွားရေးနှင့်လူမှုရေးကောင်စီ (ECOSOC-Economic and Social Council) လည်းပါဝင်သည်။ စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ဦးဆောင်မှုအောက်တွင် လုပ်ငန်းကော်မရှင်များ၊ ဒေသအလိုက်ကော်မရှင်များ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများလည်းရှိသည်။

စီးပွားရေးနှင့်လူမှုရေးကောင်စီသည် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် (UNCHR-United Nations Commission of Human Rights) ကို ဦးဆောင်မှုပေးနေသည်။ တစ်နည်းအားဖြင့် UNCHR သည် ECOSOC ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သည်။

အဖွဲ့ကြီးသည် လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့်ပြဿနာမျိုးစုံကို အတတ်နိုင်ဆုံးဆောင်ရွက်ရန် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်ကို ၁၉၄၆ ခုနှစ်တွင် စီးပွားရေးနှင့် လူမှုရေးကောင်စီလက်အောက်၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်။

လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးအရာများအတွက် အခန်းပေါင်း ၃၀ ပါဝင်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ရေးဆွဲခဲ့သည့်နည်းတူ ကမ္ဘာနိုင်ငံများတွင် လူ့အခွင့်အရေးများကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

သို့သော် အခြေအနေအမျိုးမျိုးကြောင့် လူ့အခွင့်အရေးကော်မရှင်ကို ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA-United Nations General Assembly) ၏ ၂၀၀၆ ခုနှစ် မတ်လ ၁၅ ရက်နေ့ဆုံးဖြတ်ချက်အမှတ် ၆၀/၂၅၁ ဖြင့် ဖျက်သိမ်းခဲ့ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (United Nations Human Rights Council) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီသည် စီးပွားရေးနှင့် လူမှုရေးကောင်စီ၏လက်အောက်တွင် မရှိတော့ဘဲ ကုလသမဂ္ဂအထွေထွေညီလာခံ၏ အထောက်အကူပြုအဖွဲ့ (Subsidiary Body) အဖြစ်ရပ်တည်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီတွင် အဖွဲ့ဝင် ၄၇ နိုင်ငံ ပါဝင်ပြီး သက်တမ်းအားဖြင့် သုံးနှစ်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံ ၄၇ နိုင်ငံသည် မဲပေးဆုံးဖြတ်နိုင်ခွင့်ရှိသည်။ ကျန်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် လေ့လာသည့်နိုင်ငံအဖြစ်သာ တက်ရောက်နိုင်သည်။

လူ့အခွင့်အရေးကောင်စီ၏ အထူးအစီအစဉ်တွင် "ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်လေ့လာသုံးသပ်သည့်လုပ်ငန်းစဉ်" (Universal Periodic Review-UPR) ပါဝင်သည်။ ယင်းလုပ်ငန်းစဉ်အရ ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို လေးနှစ်တစ်ကြိမ် ပုံမှန်သုံးသပ်ရသည်။

သုံးသပ်ခံရမည့် နိုင်ငံများအလိုက် အချိန်ဇယားများကို လုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သည်။ ထို့အပြင် သုံးသပ်ခံရမည့် နိုင်ငံများက ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့် သတ်မှတ်သည့်ရက်အတွင်း အစီရင်ခံစာကို သတ်မှတ်စာမျက်နှာအရေအတွက်အတွင်း ရေးသားခြင်း၊ ဆွေးနွေးချိန်နာရီ သတ်မှတ်ခြင်း၊ ပြန်လည်ဖြေကြားချိန် သတ်မှတ်ခြင်းစသည်တို့နှင့်ပတ်သက်၍ စည်းကမ်းများ၊ ပြဋ္ဌာန်းချက်များထားရှိသည်။

သုံးသပ်မှုကိုခံယူရမည့်အပေါ်ထောက်ခံသည့် မိတ်ဆွေနိုင်ငံများရှိသည့်နည်းတူ လူ့အခွင့်အရေးကို အခြေခံကာ ကန့်ကွက်ထောက်ပြသောနိုင်ငံများလည်းရှိသည်။ ဤလုပ်ရပ်သည် မိမိမလိုလားသည့်နိုင်ငံများအပေါ်သိက္ခာကျရန်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်လေ့လာသုံးသပ်သောလုပ်ငန်းစဉ်အစည်းအဝေးများတွင် သုံးသပ်ခံရသည့်နိုင်ငံများသည် မိမိတို့၏လူ့အခွင့်အရေး အလေးသာလာမှု၊ တိုးတက်လာမှုတို့ကို ထောက်ခံမည့်နိုင်ငံများ ပိုမိုများပြားလာအောင် ကြိုးပမ်းစည်းရုံးခြင်းများ ပြုလုပ်လာကြသည်။

ထို့နောက် UPR လုပ်ငန်းအဖွဲ့သည် လူ့အခွင့်အရေးကောင်စီ (UNHRC-United Nations Human Rights Council) ပုံမှန်အစည်းအဝေးသို့ မိမိပြုစုထားသည့်အစီရင်ခံစာကို တင်သွင်းသည်။

လူ့အခွင့်အရေးကောင်စီသည် (UPR) လုပ်ငန်းအဖွဲ့မှ ပြုစုအတည်ပြုထားသည့်အစီရင်ခံစာကို ဆွေးနွေးရာတွင်လည်း သုံးသပ်ခံရသည့်နိုင်ငံ၊ လူ့အခွင့်အရေးကောင်စီဝင်နိုင်ငံများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းတို့၏ ဆွေးနွေးခွင့်ရမည့် မိနစ်၊ နာရီ စသည်တို့ကိုလည်း စည်းမျဉ်းများချမှတ်ထားသည်။

ယခုလက်ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အကြီးအကဲသည် မစ္စဗာနီယမ်ပီလေဖြစ်ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ၎င်းတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။ ဌာနချုပ်မှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တည်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကမ္ဘာမိသားစုအဖွဲ့ကြီးဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏အဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာအဝဝတွင် ပါဝင်ဆောင်ရွက်လျက်ရှိနေသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့အစည်းများ၊ အထူးပြုအဖွဲ့အစည်းများ၊ ဒေသအလိုက်ကော်မရှင်များ၊ ဆက်စပ်အဖွဲ့အစည်းများ၊ လုပ်ငန်းအစီအစဉ်များနှင့် ရန်ပုံငွေအဖွဲ့များ၊ စာရင်းအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များလည်း ပါဝင်သည်။ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံရေးဩဇာလွှမ်းမိုးလိုမှု၊ နိုင်ငံရေးပယောဂများ ပတ်သက်နေမှု၊ ခွဲခြားသုံးသပ်ဆက်ဆံလိုမှု၊ တစ်ခါတစ်ရံ အယူအဆနှင့် သဘောထားများ အမျိုးမျိုးပြောင်းလဲဆက်ဆံနေမှုစသည့် မှုမမှန်မှုများရှိနေသည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ (UNHRC-United Nations Human Rights Council) ကို တည်ထောင်ထားသည်။

သို့ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် ပတ်သက်ဆက်နွယ်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

အမှန်စင်စစ် နိုင်ငံတော်အတွင်းရှိ တရားဝင်ဆန္ဒပြုခွင့်ရှိသည့် နိုင်ငံသားများ၏ (၉၂ ဒသမ ၄၈ ရာခိုင်နှုန်း) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (Constitution of Republic of the Union of Myanmar) တွင် နိုင်ငံသားများ၏ လူ့အခွင့်အရေးဆိုင်ရာများ ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း (၁)၊ နိုင်ငံတော် အခြေခံမူများအခန်းပုဒ်မ (၄) တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်" ဟူ၍လည်းကောင်း၊ ပုဒ်မ (၆) ပုဒ်မခွဲ (င) တွင် "နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်း တည်းဟူသော လောကပါလတရားများထွန်းကားရေး" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရာ ယင်းတို့သည် အခြေခံလူ့အခွင့်အရေး၏ မူလဘူတများဖြစ်ကြသည်။

ထို့အပြင် တရားစီရင်ရေးနှင့်စပ်လျဉ်း၍လည်း ပုဒ်မ (၁၉) ပုဒ်မခွဲ (က) တွင် "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး"၊ ပုဒ်မခွဲ (ခ) တွင် "ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး"၊ ပုဒ်မခွဲ (ဂ) "အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိရေး" တို့ပြဋ္ဌာန်းထားပြန်ရာ တရားစီရင်ရေးတွင်လည်း လူ့အခွင့်အရေးကို အခိုင်အမာအာမခံထားသည်။

ထို့အပြင် အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင်လည်း ပုဒ်မ (၃၄၇) မှ (၃၄၉) အထိ နိုင်ငံသားတိုင်း ဥပဒေအရ တန်းတူညီမျှမှု၊ ဆင်းရဲချမ်းသာ၊ ဘာသာ၊ ယဉ်ကျေးမှု၊ ရာထူး၊ အဆင့်အတန်းကို အကြောင်းပြု၍ ခွဲခြားခြင်းမရှိစေမှု၊ ရောင်းဝယ်မှု၊ တာဝန်ထမ်းဆောင်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ ပညာသင်ကြားနိုင်မှု စသည့်အခွင့်အရေးများ၌ ခွဲခြားခြင်းမရှိစေမှုတို့ကို ပြဋ္ဌာန်းထားသည်။

ပုဒ်မ (၃၅၄) တွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်ပါက လွတ်လပ်စွာ ထုတ်ဖော်

ပြောဆိုရေးသားခွင့်၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်တို့ကို ခွင့်ပြုထားသည်။ ပုဒ်မ (၃၅၅) အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ဤသို့ဖြင့် နိုင်ငံတော်၏ အသက်တမျှအဓိကကျလှသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတို့၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စအဝဝကို သတ်မှတ်ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၃၀-၃-၂၀၁၁) နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးမိန့်ခွန်း၌ "ကျွန်တော်တို့ကို တစ်ခဲနက်ထောက်ခံရွေးချယ်တာဝန်ပေးအပ်လိုက်တဲ့ ပြည်သူလူထုရဲ့အဆုံးအဖြတ်အပေါ် တန်ဖိုးထားလေးစားပြီး နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်များကို ဦးဆွေးဆံမြည့် ထမ်းရွက်သယ်ပိုးရင်း နိုင်ငံနဲ့ပြည်သူရဲ့အနာဂတ်ဘဝ သာယာလှပအောင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားထွန်းကားတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ရေရှည်တည်တံ့ရှင်သန်အောင် ကျွန်တော်တို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းမြှင့်တင် စွမ်းဆောင်သွားပါမယ်လို့ ကတိပြုပါတယ်" ဟူ၍ ပါရှိသည်။ ဤသည်ကလည်း နိုင်ငံတော်အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ထင်ရှားသော ဖော်ထုတ်ချက်ပင်ဖြစ်သည်။

လက်တွေ့တွင်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားသည်။ အဆင့်ဆင့်သော ကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းထားသည်။

လက်တွေ့လုပ်ငန်းများထိရောက်ထက်မြက်ပြီး တိတိကျကျ၊ ရေရေရာရာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် ၈ ခု ချမှတ်ထားသည်။ ယင်းလုပ်ငန်းစဉ် ၈ ရပ်အောင်မြင်မှုသည် ကျေးလက်နေပြည်သူများနှင့် ဆင်းရဲသည့်ပြည်သူများ၏ လူ့အခွင့်အရေးကို အာမခံခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် မြန်မာ့လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ် အိုဟေးကွင်တားနား မြန်မာနိုင်ငံတော်သို့ ရောက်ရှိလာသည်။ ၎င်းသည် နိုင်ငံတော်၌ ၂၁-၈-၂၀၁၁ ရက်မှ ၂၅-၈-၂၀၁၁ ရက်အထိရောက်ရှိနေစဉ်အတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

ထို့အပြင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်းတို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

မစ္စတာ သောမတ်အိုဟေးကွင်တားနားနှင့်အဖွဲ့သည် ၂၃-၈-၂၀၁၁ ရက်တွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးတိုးမြှင့်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သင်တန်း (၂၀၁၁) ကိုလည်းသွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ဤသို့လျှင် နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လူ့အခွင့်အရေးဆိုင်ရာများကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတော်တစ်ခုအနေဖြင့် ပွင့်ပွင့်လင်းလင်းထဲထဲဝင်ဝင်လက်တွဲဆောင်ရွက်လျက်ရှိနေသည်။

ဆက်လက်၍ နိုင်ငံတော်သည် လူ့အခွင့်အရေးဆိုင်ရာများနှင့်ပတ်သက်ပြီး နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်ကြီးများနှင့်မစ္စတာသောမတ်အိုဟေးကွင်တားနားတို့၏ ဆွေးနွေးချက်များကို ချက်ချင်းနိုင်ငံတော်ပိုင် ရုပ်မြင်သံကြား၊ နိုင်ငံတော်ပိုင် သတင်းစာများမှ ထုတ်လွှင့်ခြင်းများ၊ ဖော်ပြပေးခြင်းများ ပြုခဲ့သည်။ ဤသည်တို့က

လည်း နိုင်ငံတော်သည် လူ့အခွင့်အရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရိုးသားမှု၊ စေတနာထားမှု၊ အမှန်တရားကို မြတ်နိုးမှုများအပြည့်အဝရှိကြောင်း သက်သေထူလိုက်ခြင်းဖြစ်သည်။

ထိုမျှသာမက ၂-၉-၂၀၁၁ ရက်တွင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့၌ ကော်မတီတိုးချဲ့ဖွဲ့စည်းခြင်းကိုဆောင်ရွက်ခဲ့သည်။ စုစုပေါင်းကော်မတီ ၁၉ ခု ဖွဲ့စည်းပြီး ဖြစ်သည်။ ယင်းကော်မတီများတွင် ဟင်္သာတမဲဆန္ဒနယ်မှ ဦးဌေးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် "နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် ပတ်သက်၍ သီသာထင်ရှားလွန်းသည့် ဆောင်ရွက်မှုဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်သို့ရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr.Derek Mitchell တို့က ၁၃-၉-၂၀၁၁ နေ့တွင်လာရောက်တွေ့ဆုံ၍ နှစ်ဖက်အမြင်များ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး



ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့တက်ရောက်လာသော ဘန်ကီမွန်းနှင့်နိုင်ငံအကြီးအကဲများ

နှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ" လည်းပါဝင်သည်။ နိုင်ငံတော်၏ လူ့အခွင့်အရေးဆိုင်ရာ ထင်ရှားပေါ်လွင်သည့်ဆောင်ရွက်ချက်ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ကို ၅-၉-၂၀၁၁ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ အဆိုပါအမိန့်ကြော်ငြာစာဖြင့် ဦးဝင်းမြ သံအမတ်ကြီး (အငြိမ်းစား) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းခြင်းဖြစ်သည်။ ဤသည်ကလည်း နိုင်ငံတော်အစိုးရ၏ လူ့အခွင့်အရေးနှင့်ပတ်သက်၍ သီသာထင်ရှားလွန်းသည့် ဆောင်ရွက်မှုဖြစ်သည်။

Mr.Derek Mitchell နှင့်အဖွဲ့သည် ၉-၉-၂၀၁၁ မှ ၁၄-၉-၂၀၁၁ အထိ နိုင်ငံတော်၌ရောက်ရှိနေစဉ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ ဆွေးနွေးရာတွင် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများလည်း ပါဝင်သည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက "အချို့သော လူ့အခွင့်အရေးကိစ္စရပ်များကို လေ့လာသုံးသပ်ပါက Human Rights Aberses မဟုတ်ဘဲ Human Rights Disorder ဖြစ်ရပ်များဖြစ်သည်" ဟု သုံးသပ်ဆွေးနွေးခဲ့သည်။ ယင်းသို့ဆွေးနွေးချက်များကိုလည်း နိုင်ငံပိုင်ရပ်မြင်သံကြားနှင့် သတင်းစာများက စဉ်ဆက်မပြတ်ထုတ်လွှင့်ခြင်းများ၊ ဖော်ပြခြင်းများပြုခဲ့သည်။

Universal Periodic Review Working Group အစည်းအဝေး

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် လူ့အခွင့်အရေးကောင်စီ Universal Periodic Review Working Group ၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဧန်နဝါရီလ ၂၄ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ ကျင်းပသည်။ ထိုအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရွေ့နေချုပ်ဒေါက်တာထွန်းရှင် (ယခု ပြည်ထောင်စုရွေ့နေချုပ်) နှင့် ဒုတိယအဖွဲ့ခေါင်းဆောင် ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ အမြဲတမ်း ကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင် (ယခု ပြည်ထောင်စုဝန်ကြီး) တို့ ဦးဆောင်သောအဖွဲ့ တက်ရောက်သည်။

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအပေါ် ဆွေးနွေးသည့် အခန်းကဏ္ဍလည်းပါဝင်သည်။ ဆွေးနွေးပွဲတွင် ဒုတိယရွေ့နေချုပ်ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်ပြီး နိုင်ငံတကာက နားလည်မှုလွဲနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို ထောက်ခံသည့်နိုင်ငံကြီးများက သတင်းမှားများ၊ ပုံကြီးချဲ့သတင်းများ၊ မမှန်မကန် စွပ်စွဲချက်များကိုသာ တစ်ဖက်သတ်ဖြန့်ချိနေခြင်းဖြစ်ကြောင်း ရှင်းလင်းကာ ယနေ့နိုင်ငံတော်က ဆောင်ရွက်နေသောလုပ်ငန်းများ၊ ဥပဒေများ၊ လွတ်တော်များနှင့် ပတ်သက်၍ပကတိအခြေအနေများကို ဆက်လက်တင်ပြသည်။

ထို့အပြင် ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၏ မူဝါဒလမ်းစဉ် ၇ ရပ်၊ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခြေလှမ်း၊ လွတ်တော်အစည်းအဝေးကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့်ဌာနအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများက မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်ပယ်အလိုက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ အစည်းအဝေးသို့ တက်ရောက်သည့်နိုင်ငံများထဲမှ ၅၇ နိုင်ငံက မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ဖြစ်ပေါ်တိုးတက်မှုများကို အသိအမှတ်ပြုပြောကြားသည်။

Universal Periodic Review-UPR ဆွေးနွေးပွဲသည် လူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ကမ္ဘာနိုင်ငံပေါင်း ၁၉၃ နိုင်ငံလုံး၏ လူ့အခွင့်အရေးဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ၄ နှစ်တစ်ကြိမ်ဆွေးနွေးသုံးသပ်သည့်လုပ်ငန်းဖြစ်သည်။ ၎င်းသည် နိုင်ငံတစ်နိုင်ငံအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဝေဖန်တိုက်ခိုက်ခြင်းပြုလုပ်သည့်လုပ်ငန်းစဉ်မဟုတ်ဘဲ ကာယကံရှင်နိုင်ငံက မိမိနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စများကို တင်ပြပြီး အဖွဲ့ဝင်နိုင်ငံများက ပါဝင်ဆွေးနွေးခြင်း၊ အကြံပြုခြင်းတို့ကိုပြုလုပ်သည့်လုပ်ငန်းဖြစ်သည်။

လူ့အခွင့်အရေးကောင်စီ၏ Universal Periodic Review-UPR တွင် နိုင်ငံကြီးငယ်မရွေး၊ နိုင်ငံရေးစနစ်မရွေး၊ အလှည့်ကျပါဝင်ရပြီး တစ်နှစ်လျှင် နိုင်ငံ ၄၈ နိုင်ငံ၏ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် ကာကွယ်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးလေ့ရှိသည်။ ပြီးခဲ့သည့် (၉) ကြိမ်မြောက်အစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးခဲ့သည်။ ယခု (၁၀) ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံအပေါ် ဆွေးနွေး

နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် နှစ်ဘက်စလုံးက လက်ခံနိုင်သည့် ကတိကတ်များဌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် လမ်းညွှန်ချက်များ စသည်တို့ကို ပြောကြားခဲ့သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအပေါ် နိုင်ငံတော်၏ အမြင်ကို ဝန်ကြီးက "မိမိတို့ အနေဖြင့် ယူပိအာရ်သည် နိုင်ငံများအတွက် အချေအတင် အငြင်းပွားမှုမရှိနိုင်သည့် လူ့အခွင့်အရေးကို စောင့်ကြည့်သည့် စနစ်တစ်ခုဖြစ်ပါကြောင်းနှင့် နိုင်ငံများ၏ လူ့အခွင့်အရေးကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်နိုင်သည်ဟု ယူဆပါတယ်၊ ဒါ့ကြောင့် နိုင်ငံများအပေါ် သီးခြားချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် လုပ်ပိုင်ခွင့် အခွင့်အာဏာများ ပေးခြင်းစသည်တို့သည် လူ့အခွင့်အရေးကောင်စီတွင် မလိုအပ်တော့ဟု ယုံကြည်ပါတယ်" ဟူ၍ မိန့်ကြားခဲ့သည်။

ကံမြင့်

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ

ကြသည်။ အစည်းအဝေးတွင် ဆွေးနွေးခွင့်ရသည့် နိုင်ငံတိုင်းက ၎င်းတို့၏ အကြံပြုချက်များကို တင်ပြခွင့်ရှိသည်။ သို့သော် UPR အစီရင်ခံစာပါ အကြံပြုချက်များသည် တစ်နိုင်ငံချင်း၏ သဘောထားသာဖြစ်ပြီး လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် မဟုတ်ပေ။ ထိုအကြံပြုချက်များသည် ဥပဒေအရ မလိုက်နာမနေရ သဘော စည်းနှောင်မှုမရှိပေ။

လူ့အခွင့်အရေးကောင်စီအစည်းအဝေး

(၁၈) ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးက ဦးစွာ "ယခုကဲ့သို့ မိမိအနေဖြင့် လူ့အခွင့်အရေးကောင်စီသို့လာရောက် မိန့်ခွန်းပြောကြားရခြင်းမှာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မည်မျှအလေးပေးအရေးထားကြောင်းကို ပြသလိုသောကြောင့် ဖြစ်ပါတယ်" ဟု နိဒါန်းစခဲ့သည်။

ယင်းနောက် နိုင်ငံတော်အစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ ထင်သာမြင်သာသည့် အကောင်အထည်ဖော်မှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ် (၈) ရပ်အကောင်အထည် ဖော်မှုများ၊ အငြိမ်းစားဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးခဲ့မှုများ၊ သေဒဏ်ကျခံရသည့် အကျဉ်းသားများအား ထောင်ဒဏ် တစ်သက်တစ်ကျွန်းသို့ ပြစ်ဒဏ်လျော့ချပေးခြင်းများ၊ ပြစ်ဒဏ်ရက်လျော့ခြင်းကြောင့် ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ အကျဉ်းသားနှစ်သောင်းခန့် လွတ်မြောက်ခဲ့ခြင်းများကို ပြောကြားခဲ့သည်။

ထို့အပြင် အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပွဲ့ဖြိုးတိုးတက်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်မှုများ၊ အများသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ လွတ်တော်များ၏ ဆောင်ရွက်ချက်များ၊ အထူးသဖြင့် နိုင်ငံတော်သမ္မတ၏ မတူညီသည့် သဘောထားအမြင်များကို ဘေးဖယ်ကာ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး အများသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ။ ။ မြန်မာနိုင်ငံသည် မူလပထဝီဝင်အချက်အလက်များအရ ရေခဲမြေခဲကောင်း၍ ရာသီဥတုသမမျှတသော နိုင်ငံဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဖြင့် ခိုင်ခိုင်မာမာရပ်တည်လာခဲ့သည်။

လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြသူများမှာ တောင်သူလယ်သမားများဖြစ်သည်။ လယ်သမားဟု ဆိုလိုက်လျှင် ကျေးလက်ဟူသောစကားကလည်း ကပ်လျက်ယှဉ်တွဲတည်ရှိနေသည်။ တောင်သူလယ်သမားအများစုမှာ ကျေးလက်၌နေထိုင်ကြသူများဖြစ်သည်။

ယနေ့အချိန်အခါတွင် ကျေးလက်ဒေသများ၌ နေထိုင်သူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်မျှဖြစ်ပြီး ကျေးလက်ပြည်သူ တောင်သူလယ်သမားများသည် နိုင်ငံတော်၏အဓိကကျသည့် ကုန်ထုတ်စွမ်းအားစုကြီးပင်ဖြစ်သည်။


ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ

ကျေးရွာသည် နိုင်ငံ၏ပင်မ အခြေခံကျသော နေရာဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစွာပထမအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်သစ်ဖြစ်ပေါ်လာသောအခါ နိုင်ငံတစ်နိုင်ငံ၏ ဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစွာဆောင်ရွက်ရန် စတင်ပြင်ဆင်ခဲ့သည်။

ထိုပြင်ဆင်မှုမှ ပထမဆုံးထွက်ပေါ်လာသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။ ထိုဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ် မေလ ၂၀ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဒ္ဒ ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ သမ္မတက ဆွေးနွေးပွဲကို ဆွေးနွေးပွဲအဆင့်တွင်သာမဟုတ်ဘဲ မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအထိ တိုက်တွန်းအားပေးခဲ့သည်။ ထို့အပြင် ကမ္ဘာ့ငွေကြေးအကျပ်အတည်း၊ ရာသီဥတုပြောင်းလဲလာမှုနှင့် စားနပ်ရိက္ခာဖူလုံစိတ်ချရေး ပိုမိုလိုအပ်လာမှုတို့သည် ကမ္ဘာနိုင်ငံများနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ကြုံလာနေရပြီဖြစ်ကြောင်း အလေးအနက်ထားကာထည့်သွင်းပြောကြားခဲ့သည်။

စင်စစ် နိုင်ငံတော်အစိုးရသစ်သည် ကျမ်းသစ္စာကျိန်ဆိုပြီးသည့် ရက်အနည်းငယ်အတွင်းမှာပင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးဟူသည့် မျှော်မှန်းရည်ရွယ်ချက်များဖြင့် မိမိနိုင်ငံတော်အတွက် ကတိကဝတ်များ ပြုခဲ့ပြီးဖြစ်သည်။ ထိုကတိကဝတ်များပြုပြီး မကြာခင်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို စတင်လုပ်ဆောင်ရန် စီစဉ်လာခြင်း ပင်ဖြစ်သည်။

နိုင်ငံတော်သမ္မတက အဖွင့်မိန့်ခွန်းတွင် ကျေးလက်လယ်ယာလုပ်ငန်းခွင်မှ လယ်သမားများအတွက် အသေးစိတ် ဆွေးနွေးညှိနှိုင်းဖော်ထုတ်ရန် လုပ်ငန်းစဉ် ၁၀ ရပ်ကို ဖော်ညွှန်းပေးခဲ့သည်။ အကြမ်းအားဖြင့် (၁) စိုက်စကတိုးချဲ့ခြင်းနှင့် ထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ခြင်း လုပ်ငန်းနှစ်ရပ်အနက် တောင်သူလယ်သမား



အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များများ လက်တွေ့ကျကျလုပ်နိုင်မည့်နည်းက စိုက်စကတိုးချဲ့ခြင်းထက် ထွက်နှုန်းတိုးတက်အောင် ကျယ်ကျယ်ပြန့်ပြန့် မျိုးပြောင်းလဲပေးနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ (၂) တစ်စကတင်း ၅၀ ထွက်ရာမှ တင်း ၁၀၀ ထွက်ပါက တင်း ၅၀ ပိုထွက်တဲ့အတွက် ဝင်ငွေပိုရမည့်အပြင် ဈေးကွက်ဝင်အရည်အသွေးကောင်းဖြစ်ပါက ဈေးပိုရပြီး ဝင်ငွေပိုရနိုင်သည့်အတွက် ဈေးကွက်ဝင်မျိုးကောင်းများ တည်တည်ငြိမ်စိုက်ပျိုးရန် လိုအပ်ခြင်း၊ (၃) ထုတ်လုပ်စရိတ်မြင့်မားမှုကြောင့် ဝင်ငွေအကျိုးအမြတ်နည်းနေခြင်းအပေါ် ကုစားနိုင်ရန် ထုတ်လုပ်စရိတ် လျော့ချနိုင်အောင် နည်းလမ်းရှာဆောင်ရွက်ခြင်း၊ (၄) စပါးရိတ်ပြီး ကန်သင်းပေါ်ပုံ၍ ပဲမျိုးစုံ ထွန်ယက်စိုက်ပျိုးရန် လုံးပန်းနေရခြင်းကြောင့် စပါးအရည်အသွေးကျဆင်းကာ အလေအလွင့်ပိုမိုလာပြီး ဝင်ငွေကျဆင်းမှုဖြစ်ရသကဲ့သို့ ခြွေလှေ့ချိန်နှင့် ထွန်ယက်ချိန် အလျဉ် မမီခြင်းအပေါ် ကုစားနိုင်ရန် ရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်ယက်ကိရိယာများ အသုံးပြုရန်လိုအပ်ပြီး အစုအဖွဲ့စနစ်ဖြင့် စုပေါင်းဝယ်ယူ၊

အလှည့်ကျထွန်ယက်စနစ် ကျင့်သုံးနိုင်ရေး ဌာနဆိုင်ရာများနှင့် ကျေးရွာအစုအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ခြင်း၊ (၅) မျိုးစေ့၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ထွန်ယက်ကိရိယာ၊ စိုက်စရိတ်၊ သွင်းအားစုစသည်တို့နှင့် စပ်လျဉ်း၍ တစ်ဦးတစ်ယောက်ချင်းနှံ့စပ်စွာရရှိအောင် ဖြန့်ဖြူးမှုအားနည်းနေရာမှ ဖြန့်ဖြူးမှုကျယ်ပြန့်စေရန်နှင့် အရည်အသွေးမှန်ပြီး စရိတ်လျော့ကျစေရန် အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ (၆) အထက်ပါလုပ်ငန်းစဉ်များဆောင်ရွက်ရာ၌ အရင်းအနှီးလိုအပ်ချက်ကို အသေးစားငွေကြေးဝန်ဆောင်မှု လုပ်ငန်းကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်း၊ (၇) နည်းပညာလိုအပ်ချက်ကို တစ်ဦးချင်းပညာပေးမှုအစား အစုအဖွဲ့များဖွဲ့စည်းထားပါက ပညာပေးမှု ပိုမိုလွယ်ကူပျံ့နှံ့စေနိုင်ခြင်း၊ (၈) သားငါးကဏ္ဍတွင်လည်း ထုတ်လုပ်မှုစရိတ်လျော့နည်းကျဆင်းရေး အရည်အသွေးမြှင့်တင်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိစေခြင်း၊ ဈေးကွက်ဝင်ရောက်နိုင်ရေး အစုအဖွဲ့ဖြင့်ပူးပေါင်းဆောင်ရွက်မှုများ အားပေးမြှင့်တင်ခြင်း၊ ဆန်စပါး၊ ပဲ၊ နှမ်း၊ ရာသီသီးနှံများ အလှည့်ကျနှစ်သီးသုံးသီး စိုက်ပျိုးခြင်းဖြင့် ပင်မဝင်ငွေရရှိသော်လည်း လေးငါးလ အလှည့်ကျစောင့်၍ ရရှိမည့်ဝင်ငွေသာဖြစ်ရာ ဒုတိယဝင်ငွေ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူခြင်း၊ ဝက်မွေးမြူခြင်း၊ နွားမွေးမြူခြင်းတို့အပြင် ရေမြေအခြေအနေပေးပါက ပေါင်းစည်းလယ်ယာ တိုးချဲ့ဆောင်ရွက်ခြင်း၊ (၉) ဒုတိယဝင်ငွေရရှိရေး အခြားနည်းလမ်းမှာ ကျေးရွာများတွင် မိမိတို့အိမ်ခြံမြေအတွင်း၌ မိမိတို့ တစ်ဦးတစ်ယောက်ချင်းနှစ်သက်ရာ နှစ်လတ်၊ နှစ်ရှည်ပင်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ရောင်းချမှုမှ တစ်ရွာလုံးစိတ်တူကိုယ်တူ ဈေးကွက်ဝင် နှစ်လတ်၊ နှစ်ရှည်ပင်များအား တူတူညီညီ စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်မှုအဆင့်သို့ အစုအဖွဲ့အဆင့်ဖြင့် ကူးပြောင်းဆောင်ရွက်ခြင်း၊ ထိုမှတစ်ဆင့် တစ်ရွာထွက်ကုန် တစ်မျိုးဖြစ်အောင် ဆောင်ရွက်ခြင်း၊ (၁၀) ကျေးရွာတစ်ရွာ ထွက်ကုန်တစ်မျိုး ဆောင်ရွက်ရာတွင် နယ်မြေဒေသနှင့် ကျေးရွာများ အခြေအနေပေါ်မူတည်၍ လယ်ယာသီးနှံများသာမက အခြားလက်မှုပစ္စည်းများ၊ အနုပညာပစ္စည်းများ၊ လူသုံးအိမ်သုံးပစ္စည်းများ ဈေးကွက်ဝင် ထုတ်လုပ်နိုင်အောင်အားပေးခြင်း (ယွန်းထည်၊ စဉ့်ထည်၊ ပိုးလုပ်ငန်း၊ ငွေထည်ကြေးထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ စက်ချုပ်လက်ချုပ်လုပ်ငန်းစသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ အစုအဖွဲ့ဖြင့် စီးပွားရေးကုန်ထုတ်လုပ်ငန်းများ အားပေးမြှင့်တင်ခြင်း) တို့ဖြစ်သည်။

လုပ်ငန်းဆွေးနွေးပွဲတွင် သမ္မတက လုပ်ငန်းစဉ်များကို အနှစ်ချုပ်၍ ရရှိလာသော ခေါင်းစဉ်ငါးခုကို ဆွေးနွေး ညှိနှိုင်းရန် လမ်းညွှန်ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသကုန်ထုတ်လုပ်ငန်းများနှင့် ကျေးလက်အိမ်တွင်းစက်မှုလုပ်ငန်းများ ဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသသမဝါယမကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ဖြစ်သည်။

ထိုခေါင်းစဉ်များကိုအခြေပြုပြီး နယ်ပယ်အသီးသီး၏ ပညာရှင်များစွာတို့က ပွင့်လင်းထိရောက်သော၊ နောက်တွန့်ခြင်းကင်းသော၊ ရှေ့သို့ခြေလှမ်းပြင်သောစာတမ်းများဖတ်ကြားတင်သွင်းကြသည်။ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များ၊ အငြိမ်းစားသံအမတ်ကြီးများ၊ NGO အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူး၊ လက်ထောက်ကထိကများ၊ သမဝါယမအသင်းစုချုပ်မှ ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဒါရိုက်တာများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ဘက်စုံထောင့်စုံမှ ချဉ်းကပ်လေ့လာကာ စာတမ်းတင်သွင်းကြသည်။

မကြာမီက ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုး

တက်မှု ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုများ၏ စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှု စစ်တမ်း၊ (Integrated Household Living Condition Assessment-IHLCA Survey) အရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းသည် ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်ဆိုသည်။ သို့သော် ကုလသမဂ္ဂထောင်စု နှစ်ပန်းတိုင် (Millennium Development Goal) ရည်မှန်းချက် (၁) အရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုကို ထက်ဝက်လျော့ချရမည်ဖြစ်သည်။ သို့ဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျော့ချရမည်ဖြစ်သည်။ ထိုလုပ်ငန်းကို စတင်အကောင်အထည်ဖော်မည့်နေ့သည် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ဖြစ်သည်။

ဤသို့နှင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထို့အတူ သက်ဆိုင်ရာဌာနအလိုက်၊ နေရာအလိုက် ဆပ်ကော်မတီအသီးသီးကိုလည်း တစ်ဆက်တည်း ဖွဲ့စည်းခဲ့သည်။

၂၀၁၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ပညာရှင်များဆွေးနွေးခဲ့သော အကြောင်းအရာများစွာထဲမှ လုပ်ဆောင်သင့်သော၊ လုပ်ဆောင်ရမည်ဖြစ်သော၊ လုပ်ဆောင်နိုင်သည်ဖြစ်သော လုပ်ငန်း ၈ ခု ရရှိခဲ့ကြောင်း နိုင်ငံတော်သမ္မတကအစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။ ထိုလုပ်ငန်းများမှာ လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ဖြစ်သည်။

ထိုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့်ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ အသီးသီးတို့သည်လည်း ယခုအခါတွင် အဆင်သင့်အနေ အထားတွင် ရှိနေပြီဖြစ်သည်။ မကြာခင်အချိန်ကာလတွင် ဇူလိုင်လ ၁ ရက်နေ့ကို တာထွက်ထား၍ ထိုလုပ်ငန်း ကော်မတီအသီးသီးတို့က မြို့နယ်ပေါင်း ၃၃၀ နယ်နှင့် မြို့နယ်ခွဲ ၈၂ ခုတို့သို့ အောက်ခြေအထိကွင်းဆင်းကာ အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။

ထိုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မြို့နယ်များနှင့်ကျေးရွာများ၌ စိတ်တူကိုယ်တူများစုစည်း၍ အစုအဖွဲ့ဖြင့် အကျိုးတူလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကာ နောင်တွင် အစုအဖွဲ့အဆင့်မှ သမဝါယမ အသင်းများသို့ လူထုယုံကြည်မှုရရှိန်တွင် ပြောင်းလဲစီမံဆောင်ရွက်သွားမည်ဖြစ်သည်။

အစည်းအဝေးတွင် ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများက ပါဝင်ဆွေးနွေးကြသည်။ ဆွေးနွေးခဲ့ကြသည်များအနက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွေးနွေးခဲ့သည့်အတိုင်း နိုင်ငံတော်အစိုးရ၏အား၊ ဘဏ်များ၊ ငွေစုငွေချေးသမဝါယမများ၏ အား၊ ဖောင်ဒေးရှင်းများ၏အား၊ လုပ်ငန်းရှင်များ၏အား၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှအား၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အား၊ စေတနာရှင်များ၏ အား၊ လူမှုရေးအသင်းအဖွဲ့များ၏ အား၊ ဒေသခံပြည်သူများ၏အားဟူသည့် အား ၁၀ ပါးဖြင့် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၁၆ ရာခိုင်နှုန်းသို့ လျော့ကျသွားမည်မှာ အသေအချာပင်ဖြစ်သည်။

ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ (နိုင်ငံတကာ)။ ။ နိုင်ငံတကာတွင် စာပေယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့်နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ၂၀၁၁ ခုနှစ်အတွင်း၌ ကွယ်လွန်ခဲ့ကြသော ပုဂ္ဂိုလ်များရှိပါသည်။ ၎င်းတို့အနက် အချို့ပုဂ္ဂိုလ်များအကြောင်းကို ဖော်ပြအပ်ပါသည်။

ကဒါဖီ၊ မွမ်မာ။ ။ လစ်ဗျားနိုင်ငံ၏ အာဏာကို ၄၂ နှစ်ကြာဖက်တွယ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာပြစ်မှုများကြောင့် နိုင်ငံတကာရာဇဝတ်ခုံရုံးက ဖမ်းဝရမ်းထုတ်ခြင်းခံရသူလစ်ဗျားခေါင်းဆောင်မွမ်မာကဒါဖီကို အာဖရိကတိုက်မြောက်ပိုင်းသဲကန္တာရတွင် တည်ရှိသည့်



မွမ်မာ ကဒါဖီ

လစ်ဗျားနိုင်ငံ ဆာ့တ်မြို့တွင် ၁၉၄၂ ခုနှစ်၌ မွေးဖွားသည်။ ကဒါဖီသည် ဆင်းရဲသောမိသားစုမှ ပေါက်ဖွားလာပြီး ၎င်း၏မိသားစုနှင့်အတူ ဝေးလံခေါင်ဖျားသော သဲကန္တာရတွင် အသက် ၈ နှစ်အရွယ်အထိ နေထိုင်ခဲ့သည်။ အသက် ၉ နှစ်အရွယ်တွင် ဆီဘာမြို့ရှိ အလယ်တန်းကျောင်း၌ ပညာသင်ကြားနေစဉ် အီဂျစ်ခေါင်းဆောင်၊ အာရပ်အမျိုးသားရေးဝါဒီတစ်ဦးဖြစ်သူဂါမယ်လ် အဒ္ဒုနာဆာ၏မိန့်ခွန်းများက ကဒါဖီ၏ စိတ်ဓာတ်ကို လှုံ့ဆော်ခဲ့သောကြောင့် အာရပ်အမျိုးသားရေးဝါဒီတစ်ဦးဖြစ်လာသည်။

ထို့နောက်ဘွဲ့ရ ကျောင်းသားများကို စုစည်း၍ တော်လှန်ရေးအင်အားစု လေ့လာမှုအဖွဲ့ကို ဆီဘာမြို့တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အစွန်းရောက်ကျင့်ရေးဆန္ဒပြပွဲများ၌ ပါဝင်ဆင်နွှဲခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ထရီပိုလီရှိ လစ်ဗျားတက္ကသိုလ်မှ သမိုင်းအဓိကဖြင့်ဘွဲ့ရရှိသည်။ ကဒါဖီသည် ဘွဲ့ရပြီးနောက် ဘန်ဂါဇီရှိ လစ်ဗျားစစ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့ရာ ထိုသင်တန်းကျောင်းရှိ ဗိုလ်လောင်းအများစုမှာ အနောက်အုပ်စုဆန့်ကျင်ရေးအမျိုးသားရေးဝါဒကို လက်ကိုင်ထားကြောင်းတွေ့ရသည်။

၁၉၆၅ ခုနှစ်တွင် လစ်ဗျားစစ်တပ်တွင် တာဝန်ထမ်းဆောင်နေစဉ် လစ်ဗျားဘုရင် အဲဒရစ်ကို ဖြုတ်ချရန် အခြေခံလုပ်ငန်းများကို စတင်စီစဉ်ခဲ့သည်။ ၎င်းအဲဒရစ်စ်ဘုရင်ကို အနောက်ဥရောပနိုင်ငံများ၏ လက်ကိုင်တုတ်အဖြစ် ကဒါဖီက သတ်မှတ်ထားသည်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်၊ အသက် ၂၇ နှစ်အရွယ်တွင် ကဒါဖီသည် စစ်တပ်ကို ထိန်းချုပ်၍ ကြိုတင်ပြုလုပ်ထားသော အစီအစဉ်များဖြင့် သွေးမြေမကျစေဘဲ အာဏာသိမ်းယူခဲ့သည်။ ကဒါဖီသည် ဗိုလ်မှူးကြီးရာထူးဖြင့် လစ်ဗျားတပ်မတော် အင်အားစုများ၏ စစ်ဦးစီးချုပ်အဖြစ် မိမိကိုယ်ကိုယ် ကြေညာ၍ အစိုးရအဖွဲ့ကို ဖွဲ့စည်းသည်။ ထို့နောက် နိုင်ငံခြားဘဏ်များနှင့် လောင်စာဆီ ကုမ္ပဏီများကို နိုင်ငံပိုင်သိမ်းယူ၍ ဥရောပနိုင်ငံများ၏ စစ်အခြေစိုက်စခန်းများကို ပိတ်သိမ်းရန်အတင်းအကြပ် တောင်းဆိုခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် လစ်ဗျား၌ အခြေချနေထိုင်နေသော အီတလီနှင့် ဂျူးလူမျိုးတို့၏ ပိုင်ဆိုင်သော ပစ္စည်းများကို သိမ်းယူ၍ ၎င်းတို့ကို တိုင်းပြည်မှ မောင်းထုတ်ခဲ့သည်။ အာဏာရယူပြီးချိန်မှစ၍ ကဒါဖီသည် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ အပါအဝင် ကြီးမားသော အကြမ်းဖက်အုပ်စုများကို ထောက်ပံ့ပေးခဲ့သည်ဟု သတ်မှတ်ခံရသည်။

ထို့ပြင် ဆိုဗီယက်ပြည်ထောင်စု၏ ထောက်ပံ့မှုဖြင့် အီဂျစ်နိုင်ငံနှင့် မအောင်မြင်သောစစ်ပွဲကို ဆင်နွှဲခဲ့သည်။ ထို့ပြင်ချက်သမ္မတနိုင်ငံ၏ မြောက်ပိုင်းကို ထိန်းချုပ်နိုင်ရန် ချက်သမ္မတနိုင်ငံနှင့် ၎င်း၏မဟာမိတ်

ပြင်သစ်နိုင်ငံတို့ကိုတိုက်ခိုက်၍ ဘေးဒုက္ခများစွာကျရောက်စေခဲ့သော စစ်ပွဲကိုလည်း ဆင်နွှဲခဲ့သည်။ ကဒါဖီသည် အမေရိကန်ပြည်ထောင်စုနှင့်လည်း ရန်စသည့် သဘောဆောင်သည့် မတော်တဆမှုများဖြစ်ပွားစေခဲ့သည်။ ထိုဖြစ်ရပ်များထဲတွင် ကဒါဖီအစိုးရ၏ သူလျှိုများက ၁၉၈၈ ခုနှစ်တွင် စကော့တလန်ရိုင်ငံလော့ကာဘီမြို့ပေါ်မှနေ၍ ပန်အမ်ဖလိုက်လေယာဉ်ကို ဗုံးခွဲခဲ့ရာ ခရီးသည် ၂၀၀ ကျော် သေဆုံးခဲ့သည့်ဖြစ်ရပ်လည်း ပါဝင်သည်။ ထိုဖြစ်ရပ်ကြောင့် နှစ်နှစ်ဆယ်ခန့် အပယ်ခံနိုင်ငံဘဝဖြင့် ရပ်တည်ခဲ့ရသည်။ ၁၉၈၆ ခုနှစ် ဧပြီလ ၁၅ ရက်တွင် အမေရိကန်က ထရိုပိုလီရှိ ကဒါဖီ၏ ဌာနချုပ်ကို ရုတ်တရက်ဗုံးခွဲ၍ စီးနင်းတိုက်ခိုက်ခဲ့သည်။

ကဒါဖီအစိုးရသည် ၎င်းကို ဆန့်ကျင်သူများကို ထောင်သွင်းအကျဉ်းချခဲ့ပြီး အချို့ကို သေဒဏ်အထိ ချမှတ်ခဲ့သည်ဟုလည်း လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က တင်ပြခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ကဒါဖီသည် ၎င်း၏ နိုင်ငံရေးအတွေးအခေါ်များကို ဖော်ပြထားသော Green Book စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လတွင် ကဒါဖီကိုသစ္စာခံသူများ၊ ကဒါဖီ၏ စစ်တပ်များကတစ်ဖက်၊ ၎င်းကို ဆန့်ကျင်သူ လက်နက်ကိုင်သူပုန်များက တစ်ဖက်ကဒါဖီကို ဖယ်ရှားရန် ရည်ရွယ်သော အချိန် ၇ လကြာသည့်ကြီးမားသည့် ပြည်တွင်းစစ်ဖြစ်ပွားသည်။

ကဒါဖီသည် အောက်တိုဘာလ ၂၀ ရက်တွင် ၎င်း၏ ဇာတိဖြစ်သော ဆော့တ်မြို့တွင် ၎င်းကိုသစ္စာခံသူများနှင့် အတူထွက်ပြေးတိမ်းရှောင်စဉ် နေတိုးအဖွဲ့က လေကြောင်းမှ ကူညီပစ်ခတ်မှုများကို ရှောင်တိမ်းရင်း မြေပြင်မှ ကဒါဖီကို ဆန့်ကျင်တိုက်ခိုက်သည့် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းကိုခံရပြီး လက်နက်ကိုင်တပ်ဖွဲ့ဝင် တစ်ဦးပစ်လိုက်သော သေနတ်ဒဏ်ရာဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၎င်း၏ ဖနီးဆာဖီယာဖာ့စ် အက်ရှ်နှင့် မွေးဖွားသော သားသမီးကိုးဦးကျန်ရစ်ပြီး သားအငယ်ဆုံးဖြစ်သူ ဆာအိအယ် အာရပ်မှာ လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးသည်။

ကင်ဂျုံအီ။ ။ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအီကို ၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် တရုတ်နှင့်ကိုရီးယားပြည်နှင်ဒဏ်ခံရသူများဖြင့် ဖွဲ့စည်းထားသောဆိုဗီယက်တပ်ရင်းတွင် ၎င်း၏ဖခင် ကွပ်ကဲအုပ်ချုပ်ခဲ့ရစဉ်က နေခဲ့သော ဆိုဗီယက်ပြည်ထောင်စုရှိ ခါဘာရိဗက်စ်အနီး ဗတ်စကိုရိရွာ၌ မွေးဖွားခဲ့သည်ဟု ဆိုဗီယက်နိုင်ငံ၏မှတ်တမ်းများကဖော်ပြထားသည်။ ၎င်းကို မြောက်ကိုရီးယားနိုင်ငံ (DPRK)ကို စတင်တည်ထောင်သူ ဖခင်ကင်အီဆွန်းနှင့် ပထမဇနီးဖြစ်သူ ကင်ဂျုံဆူးတို့က မွေးဖွားသည်။ ၁၉၉၄ ခုနှစ်တွင် ဖခင်ကွယ်လွန်ပြီး ကင်ဂျုံအီသည် ဖခင်ထံမှ အုပ်ချုပ်မှုအာဏာကို ဆက်ခံသည်။ ယခင်ကကိုရီးယားအလုပ်သမားပါတီ၏ အထွေထွေအတွင်းရေးမှူး၊ မြောက်ကိုရီးယားနိုင်ငံ အမျိုးသားကာကွယ်ရေးကော်မရှင်၏အကြီးအကဲ၊ ကမ္ဘာတွင် စတုတ္ထအကြီးဆုံးကိုရီးယားပြည်သူများ၏ တပ်မတော် (Korean People's Army) ၏ တပ်ချုပ် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် ကင်ဂျုံအီအား မြောက်ကိုရီးယားနိုင်ငံ၏အကြီးအမှူး ခေါင်းဆောင်အဖြစ် ညွှန်းဆိုနိုင်ရန် မြောက်ကိုရီးယားအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီး ကိုရီးယားနိုင်ငံလွတ်လပ်ရေး ပြန်လည်ရရှိသောအခါ ကင်ဂျုံအီမိသားစုသည် ပြုံယမ်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ကြသည်။ ၁၉၄၉ ခုနှစ်တွင် မိခင်ကွယ်လွန်သည်။ ပြုံယမ်းတွင် အခြေခံပညာကို သင်ယူတတ်မြောက်ခဲ့သည်။ ကျောင်းနေစဉ်တွင် နိုင်ငံရေးကို လုပ်ဆောင်ခဲ့သည်။ လူငယ်ဒီမိုကရက်တစ်အဖွဲ့ (DYL – Democratic Youth League) တွင် တက်ကြွစွာပါဝင်ခဲ့သည်။ မာ့က်စ်ဝါဒနှင့် စာပေရေးရာများကို လေ့လာခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် အလယ်တန်းကျောင်း၏ DYL အဖွဲ့ခွဲတွင် ဒုတိယဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ခြောက်ကြိမ်မြောက်ပါတီညီလာခံ ကျင်းပပြီးသောအချိန်တွင် ပါတီ၏လုပ်ငန်းလည်ပတ်မှုကို ကင်ဂျုံအီကောင်းစွာထိန်းချုပ်ခဲ့သည်။ ပေါလစ်ဗျူရိုအဖွဲ့တွင် အကြီးတန်းရာထူး ချီးမြှင့်ခံခဲ့ရသည်။ ၁၉၈၂ ခုနှစ်၊

ပေဖော်ဝါရီလတွင်ကျင်းပသော ခုနှစ်ကြိမ်မြောက် ပြည်သူ့ညီလာခံတွင် အမွဲ့ဝင်ဖြစ်လာသောအခါ ကင်ဂျုံအီသည် မြောက်ကိုရီးယားနိုင်ငံ၏ အရိုက်အရာကို ဆက်ခံမည့်သူအဖြစ် နိုင်ငံတကာက စတင် သိမြင်ခဲ့သည်။ ၁၉၉၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မြောက်ကိုရီးယားစစ်တပ် များကို ကွပ်ကဲအုပ်ချုပ်သူ ဖြစ်လာခဲ့သည်။ စစ်တပ်သည် မြောက်ကိုရီးယားအတွက် အခြေခံကျသောကြောင့် တပ်ချုပ်အဖြစ် ခန့်အပ်ခံရခြင်းသည် ၎င်းအတွက် အရေးပါသောအဆင့်ဖြစ်သည်။



ကင်ဂျုံအီ

ကင်ဂျုံအီ အသက် ၅၀ ပြည့်မွေးနေ့ဖြစ်သော ၁၉၉၂ ခုနှစ်တွင် အာဏာလွှဲပြောင်းယူခဲ့သည်။ ကင်ဂျုံအီလက်ထက်တွင် ၎င်း၏ဖခင်လက်ထက်က ထက် သက်ဦးဆံပိုင်စနစ် ပိုဆန်သည်။ ကင်ဂျုံအီသည် ၎င်း၏အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပါတီဝင် များထဲမှ အကြွင်းမဲ့အမိန့်နာခံမှုနှင့် သဘောတူညီမှုကို သာလိုလားပြီး အကြံဉာဏ်နှင့် ညှိနှိုင်းမှု အလိုမရှိခဲ့ပေ။ ကင်ဂျုံအီသည် နိုင်ငံ၏အသေးစိတ်အချက်အလက် များကအစ ၎င်းကိုယ်တိုင် ညွှန်ကြားသည်။ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၈ ရက်တွင် ကင်အီဆွန်းကွယ်လွန်သည်။ ကင်ဂျုံအီသည် ၎င်း၏အာဏာစုစည်းမှုရရှိစေရန် သုံးနှစ်အချိန်ယူခဲ့ရသည်။ ၁၉၉၇ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ကိုရီးယားအလုပ်သမားပါတီ (Woker's Party of Korea) ၏ တရားဝင်အထွေထွေအတွင်းရေးမှူးဖြစ်လာသည်။ ၁၉၉၃ ခုနှစ် ဧပြီ ၉ ရက်တွင် အမျိုးသားကာကွယ်ရေးကော်မရှင်၏ အကြီးအကဲဖြစ်လာသည်။ ၁၉၉၈ ခုနှစ်တွင် ၎င်း၏ကာကွယ်ရေးကော်မရှင် အကြီးအကဲရာထူးကို နိုင်ငံ၏အမြင့်ဆုံးရာထူးဖြစ်ရန် ကြေညာခဲ့သောကြောင့် ၎င်းနေ့ရက်တွင်ပင် နိုင်ငံအကြီးအကဲအဖြစ် ကင်ဂျုံအီကို သတ်မှတ်နိုင်ခဲ့သည်။ ကင်ဂျုံအီသည် ဝန်ကြီးချုပ် ချိုယုံရွှမ်၊ ပါတီမန်ဥက္ကဋ္ဌကင်ယုံနန်တို့နှင့်အတူ ဖွဲ့စည်းထားသော မြောက်ကိုရီးယားအစိုးရနိုင်ငံတော်အုပ်ချုပ်မှုကဏ္ဍဟု အမည်ရှိသည့်သုံးဦးတွဲဖက်အုပ်ချုပ်ရေးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ကင်ဂျုံအီသည် စစ်တပ်ကိုအုပ်ချုပ်သည့် တပ်မှူးအဖြစ် လည်းကောင်း၊ ချိုယုံရွှမ်သည် အစိုးရအဖွဲ့ကိုလည်းကောင်း၊ ကင်ယုံနန်သည် နိုင်ငံခြားဆက်ဆံရေးကိုလည်းကောင်း အသီးသီးတာဝန်ယူထားကြသည်။ လက်တွေ့တွင် ကင်ဂျုံအီသည် နိုင်ငံနှင့်အစိုးရအဖွဲ့ကို အပြည့်အဝထိန်းချုပ်ထားသည်။ ၎င်း၏အစိုးရအဖွဲ့အတွက် လူအများလက်ခံသော ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံရန် မလိုအပ်သော်လည်း ၎င်းအနေဖြင့် ကိုရီးယားပြည်သူ့စစ်တပ်၏ တပ်ချုပ်အနေဖြင့်ရော မြောက်ကိုရီးယားအမျိုးသားကာကွယ်ရေးကော်မရှင်၏ အကြီးအကဲအနေဖြင့်ပါ ရာထူးနှစ်ခုကို တစ်ပြိုင်နက်တည်း တာဝန်ယူထားသောကြောင့် ပြည်သူ့ညီလာခံတွင် ငါးနှစ်ပြည့်တိုင်း တညီတညွတ်တည်း ရွေးချယ်ခြင်းခံရသည်။

၂၀၀၉ ခုနှစ် ဧပြီ ၉ ရက်တွင် အမျိုးသားကာကွယ်ရေးကော်မရှင်၏ အကြီးအကဲအဖြစ် ထပ်မံရွေးချယ်ခံရပြီး ပြည်သူ့ညီလာခံသို့ တက်ရောက်လာခဲ့သည်။ ထိုသို့တက်ရောက်ခြင်းသည် ၂၀၀၈ ခုနှစ် ဩဂုတ်လမှစ၍ ပထမဆုံးအကြိမ် ပြည်သူ့ရှေ့မှောက်ထွက်ပေါ်လာခြင်းဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် မေလတွင် တရုတ်နိုင်ငံသို့သွား ရောက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဩဂုတ်တွင် ၎င်း၏သားနှင့်အတူ တရုတ်နိုင်ငံသို့ ထပ်မံသွားရောက်ခဲ့သည်။ ၂၀၁၁ ခုနှစ် မေလတွင် တရုတ်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား နှစ် ၅၀ မြောက် ချစ်ကြည်ရေးနှင့်ပေါင်းစည်းရေး သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုးရန် ရောက်ရှိခဲ့သည်။ ၂၀၁၀ စက်တင်ဘာ ၂၈ ရက်တွင် ကိုရီးယားအလုပ်သမားပါတီ၏ အထွေထွေ

အတွင်းရေးမှူးအဖြစ် ထပ်မံရွေးချယ်ခံရသည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ရုရှားနိုင်ငံသို့သွားရောက်၍ သမ္မတဒီမီထရီမက်ဗီဒက်နှင့် တွေ့ဆုံခဲ့သည်။

ကင်ဂျုံအီသည် ကင်ရောင်ဆွတ်နှင့် လက်ထပ်ခဲ့ပြီး သမီးဖြစ်သူ ကင်ဆူဆောင်ကို ၁၉၇၄ ခုနှစ်တွင် မွေးဖွားသည်။ တရားမဝင်သည့်ပထမဆုံး ဇနီးဖြစ်သူ ဆောင်းဟေရင်သည် မြောက်ကိုရီးယားရုပ်ရှင် မင်းသမီးဖြစ်ပြီး ၎င်းနှင့် ၁၉၇၁ ခုနှစ်တွင် သားအကြီးဆုံး ကင်ဂျုံနန်ကိုမွေးဖွားသည်။ ဒုတိယဇနီး ကိုရောင်ဟီးနှင့် ၁၉၈၁ ခုနှစ်တွင် ကင်ဂျုံချူ၊ ၁၉၈၃ ခုနှစ်တွင် ကင်ဂျုံအန်ကို မွေးဖွားခဲ့သည်။ ကင်ဂျုံအီသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် ပြုံယမ်းမြို့ပြင်သို့ ရထားဖြင့် ခရီးသွားနေစဉ် နှလုံးထိခိုက်ခဲ့၍ သေဆုံးခဲ့ကြောင်း ကိုရီးယားဗဟိုသတင်း အေဂျင်စီက သတင်းထုတ်ပြန်သည်။

ဂရန်ဂျား၊ ဖာလီ။ ။ ဖာလီဂရန်ဂျားကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျိုးစ်မြို့၌ ၁၉၂၅ ခုနှစ်တွင် မွေးဖွားသည်။ အထက်တန်းကျောင်းမှ ထွက်ပြီး မကြာမီ ရုပ်ရှင်ထုတ်လုပ်သူ ဆင်မြူရယ် ဂေါ်ဒွင်က စိတ်ဝင်စားသောကြောင့် ၁၉၄၃ ခုနှစ်တွင် The Purple Heart ဇာတ်ကားတွင် စတင်၍ အရေးကြီးသော ကဏ္ဍာမှပါဝင်ခွင့်ရခဲ့သည်။ ၎င်းသရုပ်ဆောင်ခဲ့သော ဇာတ်ကားအချို့မှာ Strangers on a Train, Rope, Enchantment Full House,Senso ဖြစ်သည်။




ဖာလီဂရန်းဂျား

၁၉၈၀ ခုနှစ်တွင် ကျော်ကြားသော ပြဇာတ်ဖြစ်သည့် Deathtrap တွင် သရုပ်ဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် The Carefree Tree ပြဇာတ်တွင် သရုပ်ဆောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ၎င်း၏ Include Me Out: My Life From Goldwyn to Broadway အမည်ရှိသော ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို ရေးသားခဲ့သည်။ ဖာလီဂရန်ဂျားသည် မတ်လ ၂၇ ရက်တွင် နယူးယောက်မြို့၌ အသက် ၈၆ နှစ်တွင် ကွယ်လွန်သည်။

ဂျော့ဘ်၊ စတိဗ်။ ။ အဖိုးတန်စိတ်ကူးများကို အသုံးဝင်သော ထုတ်ကုန်များအဖြစ်ပြောင်းလဲဖြစ်ပေါ်စေခဲ့သည့် Apple ကွန်ပျူတာကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် စတိဗ်ဂျော့ဘ် (Steve Jobs) သည် သူ၏ ဆန်းသစ်သောစိတ်ကူးများဖြင့် လူသားတို့၏ လူနေမှုဘဝကို တစ်ဆင့်မြှင့်ပေးခဲ့သူဖြစ်သည်။

Apple ကွန်ပျူတာကုမ္ပဏီကို စတင်တည်ထောင်သူများအနက် တစ်ဦးဖြစ်သူ စတိဗ်ဂျော့ဘ်ကို ပညာတတ် မိဘနှစ်ပါးဖြစ်သူ Abdulfattah John Jandali နှင့် Joanne Carole Schieb တို့က အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့တွင် ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်က မွေးဖွားခဲ့သည်။ သို့သော် ဂျော့ဘ်ငယ်စဉ်ကတည်းက မိဘများကွဲကွာနေသောကြောင့် မွေးစားမိဘများဖြစ်ကြသော ပေါလ်ဂျော့ဘ်၊ ကလာရာဂျော့ဘ် တို့နှင့်အတူ နေထိုင်ခဲ့ရသည်။ နောင်တစ်ချိန်တွင် ကွန်ပျူတာဒီဇိုင်နာနှင့် Apple ကွန်ပျူတာကုမ္ပဏီကို တည်ထောင်သူဖြစ်လာမည့် ဂျော့ဘ်သည် အလယ်အလတ်တန်းစား မိသားစုတွင် ကြီးပြင်းခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဂျော့ဘ်မိသားစုသည် ကမ္ဘာ့ကွန်ပျူတာနည်းပညာဗဟို ဌာနဖြစ်သည့် ကယ်လီဖိုးနီးယား၏ 'ဆီလီကွန် တောင်ကြား'ဟု တင်စားခေါ်ဝေါ်သည့်အရပ်သို့ ပြောင်းရွှေ့ခဲ့သည်။ ဂျော့ဘ်ရိုက်ကူးခဲ့သည့် The North Star ဇာတ်ကားတွင် ဇာတ်ဝင်ခန်းအနည်းအကျဉ်း စတင်သရုပ်ဆောင်ခြင်းမှစ၍ ရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၄ ခုနှစ်



စတိဗ်ဂျော့ဘ်

အထက်တန်းကျောင်းသားဘဝတွင် Hewlett Packard စက်ရုံ၌ ပြုလုပ်သော ဟာပြောပို့ချမှုများကို တက်ရောက် နားထောင်လေ့ရှိသည်။ ဟာပြောပွဲတစ်ခုတွင် စက်ရုံအကြီးအကဲဖြစ်သူ Willion Hewlett ထံမှ ၎င်း၏ကျောင်းသင်ခန်းစာတစ်ခုအတွက် လိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်းကို တောင်းယူခဲ့ပူးသည်။ ဝိလျံက ဂျော့ဘ်ကို စိတ်ဝင်စားသွားပြီး ပစ္စည်းများ ပေးသည့်အပြင် နွေရာသီတွင် စက်ရုံသို့ လာရောက် ရန်ကမ်းလှမ်းခဲ့သောကြောင့် ၎င်းစက်ရုံတွင် အချိန်ပိုင်း အလုပ်ဝင်လုပ်ခဲ့သည်။

၁၉၇၂ ခုနှစ် အထက်တန်းအောင်ပြီးသောအခါ အော်ရီဂွန်ပြည်နယ် ပို့တ်လန်းရှိ Reed College သို့ မိဘရင်းများ အကူအညီဖြင့် တက်ရောက်ခဲ့သည်။ သို့သော် ပြီးဆုံးသည်အထိ မသင်ကြားဘဲ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်ခဲ့သည်။ နောက်ပိုင်းကာလများတွင် ဂျော့ဘ်သည် ဆယ်ကျော်သက်ဘဝကို မရေမရာနှင့် ဖြစ်သလို ဖြတ်သန်းခဲ့သည်။ အသက် ၁၉ နှစ်တွင် အိန္ဒိယသို့သွားရောက်၍ အရှေ့တိုင်း၏ ထူးခြားနက်နဲသော ဘာသာရေးကိုလည်း လေ့လာခဲ့ဖူးသည်။

၁၉၇၅ ခုနှစ် တွင် ဟုမ်းဘရူးကွန်ပျူတာကလပ်သို့ ဆက်သွယ်ခဲ့သည်။ ၎င်းကလပ်တွင် ငယ်စဉ်က Hewlett Packard ကုမ္ပဏီတွင် သိကျွမ်းခဲ့ရသော သူငယ်ချင်းဖြစ်သူ စတိဗ်ဝေါ်ဇ်နက်မှာ တစ်ကိုယ်ရေသုံး ကွန်ပျူတာတီထွင်ရန် လေ့လာကြိုးပမ်းနေသည်။ ထို့နောက် ၁၉၇၆ ခုနှစ်တွင် Apple ကွန်ပျူတာကုမ္ပဏီကို ဂျော့ဘ်နှင့် ဝေါ်ဇနက်တို့ နှစ်ဦးပိုင်ငွေများဖြင့် စတင်တည်ထောင်ခဲ့သည်။ ပထမဦးဆုံးအနေဖြင့် ကွန်ပျူတာဝါသနာရှင်များနှင့် အင်ဂျင်နီယာများအတွက် ဆားကစ်ဘုတ်ကို ဝေါ်ဇ်နက်က ဒီဇိုင်းထုတ်၍ ဂျော့ဘ်ကစျေးကွက်တင်ခြင်းကို တာဝန်ယူခဲ့သည်။

Apple ၏ ပထမနှစ်တွင် ဆားကစ်ဘုတ်များကိုသာ ရောင်းချနိုင်ခဲ့သော်လည်း ကွန်ပျူတာကိုယ်ထည်များ ပို၍သေးငယ်လာရန်နှင့် စွမ်းဆောင်ရည်ပိုမိုတိုးတက်လာစေရန် နှစ်ဦးသားကြိုးပမ်းခဲ့ကြသည်။ ၁၉၇၇ ခုနှစ်တွင် ထုတ်လုပ်ခဲ့သော Apple II ကွန်ပျူတာသည် ကမ္ဘာတစ်ဝန်းတွင် တစ်ကိုယ်ရေသုံး ကွန်ပျူတာများ၏ စျေးကွက်သစ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ သုံးနှစ်အတွင်း ရောင်းရငွေဒေါ်လာသန်း ၂၀၀ မြင့်တက်ခဲ့သည်။ ၎င်းတို့ နှစ်ဦးသည် သင့်တင့်သော ကွန်ပျူတာကိုယ်ထည်နှင့်အတူ လိုက်ဖက်၍ ကြိုးမားသော စွမ်းဆောင်မှုကို ပေးနိုင်သော ဆော့ဖ်ဝဲဖြင့် ပြိုင်ဘက်များကို အလဲထိုးနိုင်ခဲ့သည်။ လူပေါင်းများစွာက Apple II ကို ဝယ်ယူအသုံးပြုခဲ့ကြသည့်ရလဒ်အနေဖြင့် ကုမ္ပဏီတည်ဆောက်ပြီးလေးနှစ်အတွင်း လူထုကြားများစွာပျံနှံ့ရောက်ရှိခဲ့သောကြောင့် ၁၉၈၀ ခုနှစ် ဒီဇင်ဘာတွင် Apple ၏ အောင်မြင်မှု အထွတ်အထိပ်ရောက်ရှိခဲ့သည်။

သို့သော် ၁၉၈၁ ခုနှစ်တွင် ကြီးမားသော စက်မှုကုမ္ပဏီဖြစ်သည့် International Business Machines (IBM) ကုမ္ပဏီက တစ်ကိုယ်ရေသုံးကွန်ပျူတာစျေးကွက်ကို ဝင်ရောက်ထိုးဖောက်ရန် ကြံစည်မှုက Apple ၏ အောင်မြင်မှုကို စိန်ခေါ်ခဲ့သည်။ Apple III ကို စျေးကွက်တွင်သွင်းခဲ့သော်လည်း နည်းပညာနှင့်စျေးကွက်ပြဿနာများကို ရင်ဆိုင်ခဲ့ရသောကြောင့် ပြန်လည်

ရုပ်သိမ်းခဲ့ရသည်။ ၁၉၈၃ ခုနှစ်တွင် Lisa တံဆိပ်တင်သွင်းခဲ့သည်။ ၎င်းသည် လုပ်ငန်းသုံးကွန်ပျူတာအသုံးပြုသူများအတွက် ဂရပ်ဖစ် မျက်နှာပြင်၊ အမှတ်အသား icom များ၊ Window စနစ်၊ မောက်စ်နှင့်မြားများပါဝင်လာခဲ့သည့် ကွန်ပျူတာဖြစ်သည်။ သို့သော် ဈေးနှုန်းမြင့်မားသောကြောင့် မအောင်မြင်ခဲ့ပေ။ ၁၉၈၃ ခုနှစ်တွင် IBM သည် Apple ၏ ဈေးကွက်ဝေစုတစ်ဝက်ကျော်ကို ရယူသွားခဲ့သည်။

၁၉၈၁ ခုနှစ်နောက်ပိုင်းတွင် ကျော့ဘ်သည် ပါရမီရှိသော လူငယ်အင်ဂျင်နီယာများနှင့် ဖွဲ့စည်းထားသည့် Macintosh အသေးစား ပရောဂျက်ကို စမ်းသပ်သည်။ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီတွင် Macintosh ကို စတင်တင်သွင်းခဲ့သည်။ Lisa ကဲ့သို့ပင် ဂရပ်ဖစ် မျက်နှာပြင်နှင့်ဖြစ်ပြီး စားပွဲတင်ပုံနှိပ်ခြင်းအတွက် အသုံးဝင်သောကြောင့် လေဆာပရင်တာနှင့် တွဲဖက်အသုံးပြုရသည်။ သို့သော် ဈေးကွက်တွင် အောင်မြင်မှုမရခဲ့ပေ။ Mac ၏ ရှုံးနိမ့်မှုသည် Apple ကုမ္ပဏီကိုပါ ထိခိုက်လာသည်။ Apple သည် ကျော့ဘ်၏ဘဝဖြစ်သော်လည်း ကုမ္ပဏီမှ ဖယ်ထုတ်ခြင်းခံရသည်။ ၁၉၈၅ ခုနှစ်တွင် ၎င်း၏စွမ်းအင်ကို အသုံးချရန် နည်းလမ်းသစ်များကို စတင်ရှာဖွေခဲ့ရာ ဂရပ်ဖစ်ကျွမ်းကျင်သည့်အဖွဲ့တစ်ဖွဲ့နှင့် တွေ့ဆုံခဲ့သည်။ ထိုအဖွဲ့သည် ကျော့လူးကပ်စ်ရပ်ရှင် ကုမ္ပဏီတွင် အရုပ်များကို ပိုမိုလှုပ်ရှားသက်ဝင်စေရန် ကွန်ပျူတာဖြင့် ဖန်တီးသောအဖွဲ့ဖြစ်သည်။ ကျော့ဘ်သည် ထိုကွန်ပျူတာဌာနကို ဝယ်ယူခဲ့သည်။

ထိုသို့ ဝယ်ယူခဲ့သော်လည်း ကျော့ဘ်၏ အဓိကဆန္ဒမှာ အဆင့်မြင့်သော ကွန်ပျူတာများ ဖန်တီးခြင်းပင်ဖြစ်သည်။ ၁၉၈၅ ခုနှစ် စက်တင်ဘာလတွင် အဆင့်မြင့် ပညာရေးနှင့် သိပ္ပံသုတေသနပြုချက်များကို အထောက်အကူပြုမည့် NEXT ကွန်ပျူတာကုမ္ပဏီကို တည်ထောင်တော့မည်ဖြစ်ကြောင်း Apple ဘုတ်အဖွဲ့ထံ ကြေညာ အသိပေးသည်။ ထို သို့တည်ထောင်ရန် အတော်ဆုံး အင်ဂျင်နီယာများနှင့် အရောင်းစာရေးများကို ခေါ်ယူလိုကြောင်း ပြောကြားရာ Apple က သဘောမတူခဲ့ပေ။ ၁၉၈၆ ခုနှစ်တွင် Next ကွန်ပျူတာကို စတင်တီထွင် ထုတ်လုပ်သည်။ ဟာဒ်ဒဲပိုင်းနှင့် ဆော့ဖ်ဝဲပိုင်းနှစ်မျိုးလုံးကို အကောင်းဆုံးအရည်အသွေးရရှိရန် စွမ်းဆောင်ခဲ့သည်။ အဆင့်မြင့်နည်းပညာများနှင့် တီထွင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ရောင်းချခဲ့သော်လည်း ဈေးနှုန်းမြင့်မားခြင်းကြောင့် ဈေးကွက်တွင် ရှန်းကန်ခဲ့ရသည်။ Next ၏ ဦးတည်ချက်ကို ကျောင်းပညာရေးအတွက်သာမက စီးပွားရေးလုပ်ငန်းများအတွက် ရည်ရွယ်၍ ချဲ့ထွင်ခဲ့သည်။ ပို၍ ဈေးသက်သာသောကိုယ်ထည်ကို အသုံးပြုခဲ့သည်။ သို့သော်ကုမ္ပဏီမှာ အရှုံးပေါ်ခဲ့သောကြောင့် တွဲဖက်တည်ထောင်သူများမှာ ထွက်ခွာသွားကြသည်။

၁၉၉၅ ခုနှစ်တွင် ကျော့ဘ်ဝယ်ယူခဲ့သော Pixar ကုမ္ပဏီမှ Toy Story ကာတွန်းရုပ်ရှင်ကို ကွန်ပျူတာဖြင့် အစအဆုံးတည်းဖြတ်ရိုက်ကူးခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဝေါ့ဒစ္စနေရုပ်ရှင်ကုမ္ပဏီနှင့် ပူးပေါင်း၍ ကာတွန်းရုပ်ရှင်ကားများစွာကို ဖန်တီးခဲ့ရာ အောင်မြင်မှုရရှိခဲ့သောကြောင့် ကျော့ဘ်မှာ ကုမ္ပဏီ၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပိုင်ဆိုင်မှုရှိလာသည်။

၁၉၉၆ တွင် Apple ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်အသစ်ဖြစ်သူ Gil Amelio က ဆော့ဖ်ဝဲအသစ်များ အစားထိုးရန် Next ကွန်ပျူတာ နည်းပညာကိုရွေးချယ်၍ ဒေါ်လာသန်း ၄၀၀ ဖြင့်ဝယ်ယူခဲ့သည်။ ကျော့ဘ်ကိုလည်း Apple ၏ အကြံပေးအရာရှိအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် Apple ကုမ္ပဏီ၏ ဆုံးရှုံးမှုမှာ ဒေါ်လာသန်း ၇၀၀ ရှိခဲ့ပြီဖြစ်သောကြောင့် ကျော့ဘ်က ဘုတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၉၉၇ ခုနှစ် ဩဂုတ်လတွင် မိုက်ခရိုဆော့ဖ်ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာသည်။

၁၉၉၈ တွင် iMac ကွန်ပျူတာကို ထုတ်လုပ်သည်။ အင်တာနက်နှင့် အိမ်သုံး ကွန်ပျူတာ အသုံးပြုသူများကို ဖမ်းစားနိုင်ခဲ့သည့် iMac မှာ ဈေးကွက်တွင် အောင်မြင်မှုရရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ကျော့ဘ်သည် အမှုဆောင်အရာရှိချုပ်ဖြစ်လာသည်။ ၁၉၉၉ ခုနှစ်တွင် iMovie၊ ၂၀၀၃ ခုနှစ်တွင် iTunes Store ဖြင့် အွန်လိုင်း ဂီတဝန်ဆောင်မှုကို ဖန်တီးခဲ့သည်။ ၂၀၀၁ ခုနှစ် တွင် iDVD၊ ၂၀၀၂ ခုနှစ်တွင် iPhoto၊ ၂၀၀၆ ခုနှစ်တွင် iWeb တို့ကို တီထွင်သည်။

၂၀၀၁ ခုနှစ် အစတွင် အလွယ်တကူသယ်ဆောင်နိုင်သော အိုလက်ထရွန်းနစ်ပစ္စည်းဈေးကွက်ကို လှိုင်းထန်သွားစေခဲ့သည့် iPod ကို တီထွင်ခဲ့သောကြောင့် Apple ၏ အရှိန်အဟုန်ကြီးမားလာသည်။ iPod သည် ဒီဂျစ်တယ်ပစ္စည်းများ၏ စုဝေးရာဗဟိုချက် ဖြစ်ပေသည်။ လုပသောဒီဇိုင်း၊ လုပ်ဆောင်ချက်မျိုးစုံပါဝင်သောကြောင့် အရောင်းရဆုံးဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စမတ်ဖုန်းများကို သုံးစွဲရလွယ်ကူစေရန် ဦးဆောင်ခဲ့သော iPhone ထုတ်လုပ်သည်။ ၂၀၁၀ ခုနှစ်တွင် သင်ပုန်းကွန်ပျူတာ (Tablet) ဈေးကွက်ကို သီးခြားရပ်တည်နိုင်စေရန်ပုံဖော်ပေးခဲ့သော iPad ကိုထုတ်လုပ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက ပန်ကရိယကင်ဆာကို ခံစားခဲ့ရသော ကျွတ်သည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် အမှုဆောင်အရာရှိချုပ်ရာထူးမှ အနားယူ၍ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ မစွတာတင်ကွတ်ခ်ကို လွှဲအပ်ခဲ့သည်။ ရောဂါကြောင့် အသည်းအစားထိုးကုသမှု ခံယူခဲ့ရသောကျော့ဘ်သည် ကွယ်လွန်ကာနီးအချိန်မှာပင် iPhone4s ကို တီထွင်ခဲ့သည်။ ပညာရေးပိုင်းတွင် ဘွဲ့မရှိခဲ့သော်လည်း နည်းပညာခေတ်ကို ဦးဆောင်ခဲ့သည့် ကျော့ဘ်သေဆုံးကြောင်း သတင်းကိုကြားသိရသောအခါ အမေရိကန်သမ္မတအိုဘားမား၊ ဘီလ်ဂိတ်နှင့် ဖေ့ကာဘတ်တို့က ဂုဏ်ပြုချီးကျူးစကားကို ဝမ်းနည်းစွာ ပြောကြားခဲ့ကြသည်။ တီထွင်မှုစွမ်းရည်များစွာဖြင့် ကမ္ဘာ့နည်းပညာကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခဲ့သူ စတီဗ်ကျော့ဘ်သည် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၅ ရက်၊ အသက် ၅၆ နှစ်အရွယ်တွင် အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကွယ်လွန်သည်။

တေလာ၊ အဲလစ်စ်ဘက်သ်ရို့စ်မွန် ။ အမေရိကန်ရုပ်ရှင်လောက ဟောလိဝုဒ်၏ဂန္ဓဝင်မင်းသမီးကြီး အဲလစ်စ်ဘက်သ်ရို့စ်မွန်တေလာ (အဲလစ်စ်ဘက်သ်တေလာ) ကို ၁၉၃၂ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်တွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ ဟမ်းစတက်ဂါးဒင်းဠ် ဖခင်ဖရန့်စစ်လန်းတေလာနှင့် မိခင်ဆာရာဗွိုင်လာတို့က မွေးဖွားသည်။ ဖခင်နှင့်မိခင်မှာ အမေရိကန်နိုင်ငံသားများ ဖြစ်သော်လည်း အင်္ဂလန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။ ဖခင်သည် ပန်းချီပြခန်းပိုင်ရှင်ဖြစ်ပြီး မိခင်သည်ပြဇာတ်မင်းသမီးဟောင်းဖြစ်သည်။ လစ်ဇ်၏ အစ်ကိုမှာ ဟောင်းဝဒ်တေလာဖြစ်သည်။ ငယ်ရွယ်စဉ် ကလေးဘဝကတည်းက အများနှင့်မတူ အသွင်အပြင် ကွာခြား လှပသည့်လစ်ဇ်ကို ယူနီဗာဆယ်လ်ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီမှ ခုနစ်နှစ်အတွက် သဘောတူ စာချုပ်ချုပ်ဆို ခဲ့သောကြောင့် ၁၉၄၂ ခုနှစ်



အဲလစ်စ်ဘက်သ်ရို့စ်မွန်တေလာ

တွင် ပထမဆုံးအကြိမ်အဖြစ် There's one Born Every Minute ရုပ်ရှင်တွင် ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။ တစ်နှစ်အကြာတွင် ယူနီဗာဆယ်လ်နှင့် လမ်းခွဲခဲ့ပြီး MGM ကုမ္ပဏီမှ အင်္ဂလိပ်ကလေးသရုပ်ဆောင် ဇာတ်ရုပ်အတွက် လစ်ဇ်ကိုလက်ခံခဲ့၍ ၁၉၄၃ ခုနှစ်တွင် Lassie Come Home ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ လစ်ဇ်ကို ၎င်းအသက် ၁၂ အရွယ်တွင် ရိုက်ကူးခဲ့သော National Velvet ဇာတ်ကားမှစ၍ လူသိများခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ရိုက်ကူးခဲ့သော Little Women ရုပ်ရှင်တွင် ကလေးသရုပ်ဆောင်အဖြစ် နောက်ဆုံးရိုက်ကူးခဲ့ပြီး Conspirator ဇာတ်ကားမှစ၍ လူကြီးသရုပ်ဆောင်အဖြစ် စတင်ရိုက်ကူးခဲ့သည်။ ၁၉၅၇ ခုနှစ်မှ လေးနှစ်ဆက်တိုက် အော်စကာဆု ဆန်ခါတင်စာရင်းဝင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရိုက်ကူးသော Butterfield 8 ဇာတ်ကားတွင် အပျော်မယ်အဖြစ် သရုပ်

ဆောင်ထူးခွန်ခဲ့၍ အော်စကာဆုရရှိခဲ့သည်။ ထိုမှစ၍ ဟောလိဝုဒ်၏ အအောင်မြင်ဆုံးအနုပညာရှင်များစာရင်းတွင်ပါဝင်ခဲ့ပြီး အနုပညာကြေးအမြင့်ဆုံးမင်းသမီးအဖြစ် ရုပ်ရှင်တစ်ကားလျှင် ဒေါ်လာတစ်သန်းရရှိခဲ့သည်။ 20th Century Fox ရုပ်ရှင်ကုမ္ပဏီအတွက် မင်းသားရစ်ချက်ဘာတန်နှင့်တွဲဖက်၍ ကလီယိုပါထရာ ရုပ်ရှင်ကို ၁၉၆၀ ခုနှစ်တွင် ရိုက်ကူးခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် အပြီးသတ်ခဲ့သည်။ ၎င်းရုပ်ရှင်မှာ အထူးအောင်မြင်ခဲ့၍ အနုပညာကြေးအဖြစ် ဒေါ်လာ ၇ သန်းရရှိခဲ့သည်။ ၁၉၅၉ ခုနှစ် အသက် ၂၇ နှစ်တွင် ခရစ်ယာန်ဘာသာမှ ဂျူးဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မင်းသားရစ်ချက်ဘာတန်နှင့်ပင် Who's Afraid of Virginia Woolf? ရုပ်ရှင်ကိုရိုက်ကူးခဲ့ရာ ပညာတတ် ပါမောက္ခတစ်ဦး၏ ပေါ့သွမ်းသောဇနီးသည်အဖြစ် သရုပ်ဆောင်ထူးခွန်ခဲ့၍ အော်စကာဆုရရှိခဲ့ပြန်သည်။ လစ်ဇ်သည် ရုပ်ရှင်ကားများ၊ ပြဇာတ်များအပြင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကိုလည်းရိုက်ကူးခဲ့သည်။


၁၉၉၄ခုနှစ်တွင် ရံတင်ခဲ့သော The Flintstones ဇာတ်ကားမှာ လစ်ဇ်နောက်ဆုံးရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်ပြီး နောက်ပိုင်းတွင် ရုပ်ရှင်ကားများလက်ခံရိုက်ကူးခြင်းမရှိခဲ့ပေ။ လစ်ဇ်သည်အေအိုင်ဒီအက်စ်ရောဂါသုတေသနရန်ပုံငွေ ရှာဖွေရာတွင် ဒေါ်လာသန်း ၂၀၀ ကျော်ရရှိသည်အထိ ရှာဖွေနိုင်ခဲ့ပြီး လူမှုရေးလုပ်ငန်းများလုပ်ဆောင်ခဲ့ရာတွင် ထူးချွန်ခဲ့၍ ၁၉၉၂ ခုနှစ်တွင် Jean Herscholt Humanitarian ဆုနှင့် အမေရိကန်သမ္မတကချီးမြှင့်သော Presidential Citizens Medal ဆုတို့အပြင် အခြားဆုများစွာကိုလည်း ရရှိခဲ့သည်။

ကယ်လီဖိုးနီးယားမြို့တော်ဝန် ဟောင်းမင်းသားကြီးအာနိုးကလည်း ပြည်နယ်၏ ဂုဏ်ဆောင်သူအမျိုးသမီးအဖြစ် ဂုဏ်ပြုခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ပြင်သစ်ပြည်မှ ချီးမြှင့်သည့် Legion of Honour ဆုကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် တွင် အင်္ဂလန်ဘုရင်မကြီးကပေးအပ်သော Dame Commander of the Order of the British Empire ဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ လစ်ဇ်သည် လူမှုရေးလုပ်ငန်းများနှင့်အနုပညာ လုပ်ငန်းများတွင် ထူးချွန်၍ဆုများစွာရရှိခဲ့ရုံသာမက ခရမ်းပြာရောင်မျက်လုံးများနှင့် ထူးခြားသောလှပမှုကို ပိုင်ဆိုင်ခြင်း၊ အိမ်ထောင်ဖက်များခဲ့ခြင်းနှင့် အိမ်ထောင်ဖက်များကပေးခဲ့သောအဖိုးတန် လက်ဝတ်ရတနာများနှင့် လက်ဆောင်များ ပိုင်ဆိုင်ခဲ့ခြင်းတို့ကြောင့်လည်း လူသိများထင်ရှားခဲ့ခြင်းဖြစ်သည်။ လစ်ဇ်သည် အမျိုးသားခုနစ်ဦးနှင့် အိမ်ထောင်ရှစ်ကြိမ်ပြုခဲ့သည်။ ပဉ္စမနှင့် ဆဋ္ဌမမြောက် ခင်ပွန်းအဖြစ် မင်းသားရစ်ချက်ဘာတန်ကို ၁၉၆၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၅ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်လက်ထပ်ခဲ့သည်။

လစ်ဇ်သည် ခင်ပွန်းသည်များပေးသော ရှားပါးအဖိုးတန်သည့် လက်ဝတ်ရတနာများအပြင် လန်ဒန်၊ ဟာဝိုင်အီနှင့် Palm Springs တို့တွင် အိမ်ကြီးများကိုပိုင်ဆိုင်ခဲ့သည်။ ထို့ပြင်လစ်ဇ်သည် The Elizabeth Collection လက်ဝတ်ရတနာအရောင်းဆိုင်နှင့် နာမည်ကျော်ရေမွှေးတံဆိပ်များဖြစ်သည့် White Diamonds, Passion, Passion For Men တို့ကိုလည်း ဆုတ်လုပ်ရောင်းချဆဲဖြစ်သည်။ ကွယ်လွန်ချိန်တွင် ပိုင်ဆိုင်မှုစုစုပေါင်းမှာ သန်း ၆၀၀ မှ ၁၀၀၀ အထိဟု ခန့်မှန်းကြသည်။ အဲလစ်ဇဘက်သ်တေလာသည် အသက် ၇၉ နှစ်အရွယ်၊ မတ်လ ၂၃ ရက် နံနက် ၁နာရီ ၂၈ မိနစ်တွင် လော့စ်အိန်ဂျလိစ်မြို့ Cedars-Sinai ဆေးရုံတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီတွင် ဆေးရုံသို့အကြိမ်ပေါင်းများစွာတက်ခဲ့ရပြီး ခွဲစိတ်မှုပေါင်းမျိုးစုံပြုလုပ်ခဲ့ရသည်။ လစ်ဇ်ကိုမတ်လ ၂၄ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့ရှိ Forest Lawn သုသာန်တွင် ၂၀၁၀ ပြည့်နှစ်က ကွယ်လွန်ခဲ့သော မိုက်ကယ်ဂျက်ဆင်၏အုတ်ဂူနှင့်ကပ်လျက် မြှုပ်နှံခဲ့သည်။ အသုဘအခမ်းအနားသို့ အရင်းနှီးဆုံးမိတ်ဆွေ ၄၀ ခန့်သာတက်ရောက်ခွင့်ပြုခဲ့သည်။ ကွယ်လွန်ချိန်တွင် သား ၂ ဦး၊ သမီး ၂ ဦး၊ မြေး ၁၀ဦး နှင့် မြစ် ၄ ဦးကျန်ရစ်သည်။

ဖရေဇီယာ၊ ဂျို။ ။ကမ္ဘာဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံတစ်ဦးဖြစ်သူ ဂျိုဖရေဇီယာကို ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ ကာရိုလိုင်းနားပြည်နယ်တောင်ပိုင်းရှိ ဘူးဖိုမြို့၌ မွေးဖွား

သည်။ ဖရေဇီယာသည် ၁၉၇၀ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် နယူးယောက်စီးတီးဌ ပြုလုပ်သော လက်ဝှေ့ထိုးသတ်ပွဲတွင် ပြိုင်ဘက်ဖြစ်သူ ဂျင်မီအဲလစ်စ်ကို ငါးချီဖြင့် အလဲထိုးနိုင်ခဲ့ပြီး ၁၉၇၃ ခုနှစ် ဇန်နဝါရီ ၂၂ ရက်



တွင်ပြုလုပ်သော ပြိုင်ပွဲတွင်မူ ပြိုင်ဘက်ဂျော့ဖိုမန်ကို ရှုံးနိမ့်ခဲ့သည်။ ဖရေဇီယာသည် အပျော်တမ်းကစားခဲ့သော ပွဲစဉ်များတွင်ပင် အကောင်းဆုံးဟဲဗီးဝိတ်ကစားသမားဖြစ်ခဲ့သည်။ ဖရေဇီယာသည် ၁၉၆၅ ခုနှစ် ဩဂုတ်လမှစတင်၍ အပျော်တမ်းလက်ဝှေ့ ကစားသမားအဖြစ်မှ ကြေးစားလက်ဝှေ့ကစားသမားအဖြစ် ယှဉ်ပြိုင်ခဲ့သည်။ အရပ် ၅ ပေ ၁၁ လက်မ၊ ကိုယ်ခန္ဓာအလေးချိန် ၂၀၅ ပေါင်ရှိပြီး အမြဲတက်ကြွထက်သန်သောပုံစံနှင့် စွမ်းအားပြည့် ဘယ်ဝိုက်လက်သီးပိုင်ရှင် ဖရေဇီယာကို ဟဲဗီးဝိတ်ချန်ပီယံဟောင်း ရော်ကီမာစီရာနှင့် ခိုင်းနှိုင်းလေ့ရှိကြသည်။ ၁၉၆၈ ခုနှစ် မတ်လတွင် ၎င်း၏ပြိုင်ဘက်ဟောင်းဖြစ်သူ ဘူစတာမက်သစ်ကို ၁၁ ချီတွင် အလဲထိုးနိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ဟဲဗီးဝိတ်ချန်ပီယံနှစ်ဦးဖြစ်သူ မိုဟာမက်အလီအနိုင်ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မိုဟာမက်အလီနှင့် ဒုတိယအကြိမ် ဂျိုဖရေဇီယာတို့သည် မက်ဒီဆင်ဥယျာဉ်တွင်ပြုလုပ်သော လက်ဝှေ့ထိုးသတ်ပွဲတွင် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရာ ၁၅ ချီ ထိုးသတ်ခဲ့ပြီး ဖရေဇီယာအနိုင်ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မိုဟာမက်အလီနှင့် ဒုတိယအကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၁၂ ချီဖြင့် ရှုံးနိမ့်ခဲ့သည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာတွင် ဖိလစ်ပိုင်နိုင်ငံ၌ မိုဟာမက်အလီနှင့် တတိယအကြိမ် ထိုးသတ်ခဲ့သည်။ ထိုလက်ဝှေ့ပွဲကို မနီလာမြို့ကရင်သိမ့်တုန်ဖွယ်ရာ ယှဉ်ပြိုင်မှုဟု ကျော်ကြားလူသိများခဲ့သည်။ ထိုပွဲတွင် အလီသည် ၁၄ ချီခက်ခဲပင်ပန်းစွာ ထိုးသတ်ခဲ့ရပြီး ဖရေဇီယာကို အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲအနည်းငယ် ယှဉ်ပြိုင်ခဲ့ပြီးနောက် ၁၉၇၆ ခုနှစ်တွင် လက်ဝှေ့လောကမှ အနားယူခဲ့သည်။၁၉၈၁ ခုနှစ်တွင် ပြန်လည်ဝင်ရောက်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ထို့နောက်ပိုင်းတွင် ဖိလာဒဲ့ဖီးယားပြည်နယ်၌ အားကစားရုံ ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတကာ လက်ဝှေ့အကျော်အမော်များစာရင်းတွင် ပါဝင်ပြီး ရွှေခါးပတ်ဆုရသူဂျိုဖရေဇီယာသည် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် အသည်းကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

ဖယ်ရာရို၊ ဂျာရယ်လ်ဒင်းန်။ ။နိုင်ငံရေးနှင့် ရှေ့နေလုပ်ငန်းများလုပ်ဆောင်ခဲ့ပြီး စာပေများလည်းရေးသားခဲ့သူ ဂျာရယ်လ်ဒင်းန် ဖယ်ရာရိုကို ၁၉၃၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ မွေးဖွားသည်။ ဖယ်ရာရိုသည် ၁၉၈၄ ခုနှစ်တွင် နိုင်ငံရေးလှုပ်ရှားမှုများ စတင်ပြုလုပ် ခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် မေရီမောင့်မက်ဟတ်တန်ကောလိပ်သို့ ပညာသင်ဆုရရှိ၍ တက်ရောက်ပညာသင်ကြားခဲ့သည်။



၁၉၅၆ ခုနှစ်တွင် ဘွဲ့ရခဲ့ပြီး မကြာမီ နယူးယောက်မြို့ ပုဂ္ဂလိကကျောင်းတစ်ကျောင်းတွင် ဆရာမအဖြစ်လုပ်ကိုင်ခဲ့သည်။ ဥပဒေရေးရာများကို စိတ်ဝင်စားသောကြောင့် ဖို့ဒ်ဟမ်တက္ကသိုလ်တွင် ညကျောင်းတက်၍ ၁၉၆၀ ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့သည်။ ထိုနှစ်တွင် ဂျွန်ဇက်ကာရိနှင့် လက်ထပ်ပြီး သားသမီး ၃ ယောက်ရရှိသည်။ ၁၉၇၄ ခုနှစ်တွင် ခရိုင်လက်ထောက်အကျိုးတော်ဆောင်ရွေးနေဖြစ်ခဲ့သည်။ ၎င်း၏ရွေးနေလုပ်သက်တစ်လျှောက်တွင် မတရားဖိနှိပ်ခံရသူ ဒုက္ခသည်များအထူးစောင့်ရှောက်ရေးအဖွဲ့.ကိုဖွဲ့စည်း၍ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ပါဝင်ပတ်သက်နေသော ရာဇဝတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရမှုများနှင့် အိမ်တွင်းမတရားနှိပ်စက်ခံရသူများကို ဦးစားပေး၍ အကျိုးဆောင်ပေးခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် နယူးယောက်မြို့ခရိုင်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ဖယ်ရာရိ၏ တတိယသက်တမ်းတွင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေးရရှိရန်အတွက် တိုက်ပွဲဝင်ခဲ့သည်။ အမျိုးသမီးအနည်းစုသာရှိသော လွှတ်တော်တွင် ကျားမအခွင့်အရေးတန်းတူရယူလိုသည့် အမျိုးသမီးဝါဒရေးရာလှုပ်ရှားမှုများတွင် စွမ်းအားရှိသောသူတစ်ယောက်ဖြစ်ခဲ့သည်။ ဒုတိယသက်တမ်းတွင် ပါတီ၏အနာဂတ်ဦးတည်ချက်နှင့် မူဝါဒရေးရာများရေးဆွဲရာတွင် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ခဲ့သည်။ ဖယ်ရာရိရေးသားခဲ့သော စာအုပ် အချို့မှာ My Story,Changing History: Women, Power and Politics တို့ဖြစ်သည်။

ဘဲလ်စတာရိစ်၊ ဆီဗ်။　။ ဥရောပတိုက်၏ ဂေါ့ဖ်စတားဆီဗ်ဘဲလ်စတာရိစ်ကို ၁၉၅၇ ခုနှစ် ဧပြီလ ၉ ရက် နေ့တွင် စပိန်နိုင်ငံ ပတ်ဒရိနာမြို့၌ မွေးဖွားသည်။ ဆီဗ်သည် ဂေါက်သီးအားကစားကို ခုံမင်သောမိသားစုမှ ပေါက်ဖွားလာသူဖြစ်သည်။ ၎င်း၏ အစ်ကိုနှင့်ဦးလေးမှာ ကြေးစားဂေါက်သီး အားကစားသမားများဖြစ်ကြသည်။ ဆီဗ်၏ ကစားပွဲများတွင် ဖန်တီးနိုင်စွမ်းရှိခြင်း၊ စိတ်ကူးစိတ်သန်းကောင်းခြင်းနှင့် ပါရမီထူးခြင်းတို့သည် ထူးခြားသည့် ဝိသေသများဖြစ်ကြသည်။ ဆီဗ်သည် ၁၉၇၄ ခုနှစ်မှစ၍ ဂေါ့ဖ်အားကစားကို စတင် လေ့လာ



ဆီဗ်ဘဲလ်စတာရိစ်

လိုက်စားခဲ့သည်။ ထိုနှစ်မှာပင် အသက် ၁၆ နှစ်အရွယ်ဖြင့် စပိန်ကြေးစားတံခွန်စိုက်ဆုရရှိသည်။ ၁၉၇၆ ခုနှစ်၊ အသက် ၁၉ နှစ်အရွယ်တွင် British Open ဂေါ့ဖ်ပြိုင်ပွဲ၌ ရိုက်ချက်လေးချက်ဖြင့် အနိုင်ရခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ကျင်းပသော U.S.Opean မာစတာပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ယူရိပီယံ Ryder Cup အဖွဲ့တွင် U.S. PGA ပွဲစဉ်များ ကစားနိုင်ရန်အတွက် ဆန္ဒပြုခံရသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဆီဗ်သည် Ryder Cup အသင်းတွင် ကြီးမားသော အောင်မြင်မှုများဖြင့် ဥရောပပွဲစဉ်များကို လွှမ်းမိုးထားခဲ့သည်။ ၁၉၉၅ ခုနှစ် ဥရောပပွဲစဉ်သည် ၎င်း၏နောက်ဆုံးအနိုင်ရသည့် ပွဲစဉ်ဖြစ်သည်။

ဆီဗ်သည် ၂၀၀၀ ပြည့်နှစ်တွင် ဥရောပ ရာစုနှစ်ကစားသမားနှင့် စပိန်နိုင်ငံ၏ ရာစုနှစ်အားကစားသမားအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၇ ခုနှစ်တွင် ဥရောပ Ryder Cup အသင်း၏ ခေါင်းဆောင်ဖြစ်ပြီး World Golf Hall of Fame တွင်ပါဝင်သူဖြစ်သည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် ပြိုင်ပွဲဝင်ခြင်းကို တဖြည်းဖြည်းရပ်နားလာခဲ့ရာ ၂၀၀၇ ခုနှစ် Champions Tour ပြိုင်ပွဲကို နောက်ဆုံးပြိုင်ခဲ့သည်။

ဥရောပပွဲစဉ် ၅၀ ကျော်ကို ယှဉ်ပြိုင်ခဲ့သူ ဆီဗ်ဘဲလ်စတာရိစ်သည် ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် ဦးနောက်အကျိတ်ရောင်ရောဂါဖြစ်ပွားခဲ့ပြီး အကြိမ်များစွာ ခွဲစိတ်ကုသမှုခံယူခဲ့သော်လည်း ၂၀၁၁ ခုနှစ် မေလ ၇ ရက်၊ အသက် ၅၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ဘဲလ်၊ ဒယ်နီရယ်လ်။ ။ အမေရိကန်နိုင်ငံ နယူးယောက် စာတိမ္ဘားဖြစ်သူ ဒယ်နီရယ်လ်ဘဲလ်သည်



၂၀ ရာစုတွင် အလွှမ်းမိုးနိုင်ဆုံး စာအုပ်နှစ်အုပ်ကို ရေးသားခဲ့သည်။ ၎င်းစာအုပ်နှစ်အုပ်မှာ သတင်းအချက်အလက် နည်းပညာများ က စီးပွားရေးလောကကို ပြုပြင်ပြောင်းလဲနေပုံကို ဖော်ညွှန်းထားသော The Coming of Post-Industrial Society နှင့် ချမ်းသာ ကြွယ်ဝသော လူတန်းစားတစ်ရပ်၏ ကိုယ်ကျင့်တရားနှင့် လူ့ကျင့်ဝတ်အရေးပါမှုကို ဝေဖန်ဆန်းစစ်ထားသော The Cultural Contradictions of Capitalism စာအုပ်တို့ဖြစ်သည်။ စာအုပ်နှစ်အုပ်လုံးကို နှစ်သက်ဖွယ် အရေးအသားများဖြင့် ရေးသားထားပြီး ၎င်းစာအုပ်များကို ဖတ်ရှု၍ ဆွေးနွေးဖွယ်အကြောင်းအရာများစွာ ပေါ်ပေါက်ခဲ့၍လည်း ကျော်ကြားခဲ့ခြင်းဖြစ်သည်။ ဒယ်နီရယ်လ်ဘီလ်သည် ဧန်နဝါရီလ ၂၅ ရက်၊ အသက် ၉၁ နှစ် အရွယ်တွင် ကွယ်လွန်သည်။

ဘဲလ်၊ မွန်ရို။ ။ အများပြည်သူရပိုင်ခွင့်နှင့် ပတ်သက်၍ပြောင်မြောက်သော အယ်ဒီတာ့အာဘော်များကို ရေးသားခဲ့သူဘဲလ်သည် အမေရိကန် ဝါရင့်သတင်းစာ ဆရာတစ် ယောက်ဖြစ်သည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ ပြုလုပ်ခဲ့သော Meet the Press ရုပ်မြင်သံကြား အစီအစဉ်၏ အစီအစဉ် မှူးအဖြစ် ဆောင်ရွက် ခဲ့သူဘဲလ်သည် သတင်းဖြစ်စေသည့် မေးခွန်းများ မေးမြန်းပြောဆိုနိုင်ခဲ့သူအဖြစ် ထင်ရှားသည်။ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပရိယာယ်ကြွယ်ဝသော မေးခွန်းများကိုမေးမြန်းနိုင်သူလည်းဖြစ်သည်။ ဘဲလ်သည် နယ်ပယ်မျိုးစုံမှ ပုဂ္ဂိုလ်များစွာနှင့် တွေ့ဆုံသည့် ရုပ်မြင်သံကြားအစီအစဉ်များတွင် သတ်မှတ်ထားသော ပွဲချိန်အတွင်း စိတ်ဝင်စားဖွယ်ရာ လျှပ်တစ်ပြက် မေးခွန်းများကို မေးမြန်းနိုင်ခဲ့သည်။ ဘဲလ်၏ဘဝတွင် မမေ့နိုင်သောအင်တာဗျူးမှာ ၁၉၇၆ ခုနှစ်တွင် အလာဘားမားပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်သူ ဂျော့ဝေါလေ့စ်နှင့်မေးမြန်းခဲ့ခြင်းဖြစ်သည်ဟုဆို



သည်။ ဘာသာရေး၊ လူမျိုးရေး ခွဲခြားမှုနှင့်ပတ်သက်၍ ဝေါလေ့စ်၏ ရှုထောင့်ကို သုံးကြိမ်ဆက်တိုက် မေးမြန်းခဲ့သော်လည်း ကျေနပ်လောက်သော အဖြေမရရှိခဲ့သောကြောင့်ဖြစ်သည်။ အမေရိကန်နိုင်ငံ နယူးအော်လိန်းစ်မြို့၏ သတင်းစာဆရာ မွန်ရိဘဲလ်သည် ဖေဖော်ဝါရီလ ၁၇ ရက်၊ အသက် ၉၀ အရွယ်တွင် ကွယ်လွန်သည်။

ဘယ်ရီ၊ပွန်။ ။ပွန်ဘယ်ရီသည် ကမ္ဘာကျော်ဂျိမ်းစ်ဘွန်းစာတ်ကားများ၏ စာတ်ဝင်သီချင်းသံစဉ်များကို ဖန်တီးသူအဖြစ်ထင်ရှားသည်။ ရုပ်ရှင်စာတ်ကားတစ်ကားကို ပရိသတ်၏ရင်ထဲ၌ အချိန်ကြာမြင့်စွာ စွဲမြဲနေစေခြင်းတွင် ၎င်းရုပ်ရှင်၏ တေးဂီတဖန်တီးမှုလည်းအပါအဝင်ဖြစ်ရာ ဂျိမ်းစ်ဘွန်းစာတ်ကားများကို ပရိသတ်များစွဲလမ်းနှစ်ခြိုက်ရခြင်းမှာလည်း ပွန်ဘယ်ရီ



၏ ဂီတစွမ်းအား အထောက်အကူကြောင့်ဖြစ်ခဲ့သည်။ ဇာတ်လမ်း၊ ဇာတ်ထွက်၊ ဇာတ်ကွက်နှင့် လိုက်လျောညီညွတ်စွာ ကိုယ်ပိုင်အမြင်ဖြင့် သပ်ရပ်ကောင်းမွန်အောင် ဖန်တီးနိုင်မှုကို ဘွန်းရပ်ရှင်သီချင်းများဖြစ်သည့် Out of Africa, Dances with Wolves တွင် တွေ့နိုင်သည်။ The Quiller Memorandum,Born Free, Hammett,Zulu စသည့်တေးသီချင်းတို့မှာ ၎င်း၏အောင်မြင်သော သီချင်းများဖြစ်သည်။ Hammett သီချင်းကို ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းသော သံစဉ်များဖြင့် ဖန်တီးခဲ့ပြီး Zulu သီချင်းကို တိုတောင်းသောသံစဉ်နှင့်ပင် အားမာန်ရှိသော၊ ရဲရင့်သောသံစဉ်များအဖြစ် ဖွဲ့သီခဲ့ခြင်းဖြစ်သည်။ ဂျွန်ဘယ်ရီသည် ဇန်နဝါရီလ ၃၀ ရက်၊ အသက် ၇၇ နှစ် အရွယ်တွင် ကွယ်လွန်သည်။

မတ်ထိုင်း၊ ဝမ်ဂါရီ။ ။ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ၂၀၀၄ ခုနှစ်တွင် ရရှိခဲ့သော ပထမဆုံး အာဖရိက အမျိုးသမီးဖြစ်သူ ဝမ်ဂါရီမတ်ထိုင်းသည် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် Green Belt လှုပ်ရှားမှုများကို အဓိက ဦးဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် အခြေခံလူတန်းစားတစ်ယောက် ဘဝကတည်းကပင် ကင်ညာရှိ ကျေးလက်အမျိုးသမီးများကို သစ်ပင်စိုက်ပျိုး၍ သစ်တောပြုန်းတီးမှုကို ကာကွယ်ရန် အားပေးလှုံ့ဆော်ခဲ့သည်။ သစ်တောများကို ကာကွယ်ရမည့် တာဝန်သည် ကင်ညာအမျိုးသမီးများ၏ နိုင်ငံသားနှင့် သက်ဆိုင်သော တာဝန်ဖြစ်ကြောင်းကို Green Belt လှုပ်ရှားမှုများက နှိုးဆော်နိုင်ခဲ့သည်။ လှုပ်ရှားမှုများအတွက် သုံးစွဲရသော ကုန်ကျစရိတ်များ ကြီးမြင့်ခြင်း၊ အကျဉ်းကျခံရခြင်းနှင့် ရိုက်နှက်ခံရခြင်းတို့က ဝမ်ဂါရီကို ငြိုးငွေ့စေသော်လည်း စိုပြည်စိမ်းလန်းသော သဘာဝတရား၏အကျိုးအာနိသင်များအကြောင်း ပြောပြောခြင်းဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့သူ ဝမ်ဂါရီမတ်ထိုင်းသည် အသက် ၇၁ နှစ်အရွယ် စက်တင်ဘာလ ၂၅ ရက်တွင် ကွယ်လွန်သည်။

ဝါ၊ ဒီတို။ ။၁၉၈၉ ခုနှစ် ဘေကျင်းမြို့ တီရင်မင်ရင်ပြင်တွင် ဖြစ်ပွားခဲ့ပြီး လူရာပေါင်းများစွာ သေဆုံးခဲ့ရသော လူထုအုံကြွဆန္ဒပြမှုတွင် ပါဝင်ခဲ့သူ၊ ဟောင်ကောင် ဒီမိုကရေစီ အရေးလှုပ်ရှားသူ ဇီတိုဝါသည် ယခင်က မူလတန်းကျောင်းအုပ်ဆရာတစ်ဦးဖြစ်သည်။ ဇီတိုသည် ကျောင်းဆရာများကို စုစည်း၍ ဟောင်ကောင်၏ အင်အားအကြီး ဆုံးအဖွဲ့ဖြစ်သည့် ပညာရှင်ကျောင်းဆရာများအဖွဲ့ (Professional Teachers' Union) ကိုဖွဲ့စည်းခြင်းဖြင့် နိုင်ငံရေးလှုပ်ရှားမှုများကို စတင်လုပ်ဆောင်ခဲ့သည်။ ဇီတိုသည် တီရင်မင်ရင်ပြင်တွင် အသက်စတေးခဲ့ရသူများနှင့် တရုတ်အစိုးရက အကျဉ်းချထားသော အစိုးရနှင့် သဘောထားကွဲလွဲဆန့်ကျင်နေသူများအတွက် အဓိကထောက်ခံအားပေးအရေးဆိုသည့် ဟောင်ကောင်မဟာမိတ်အဖွဲ့ကိုလည်း ကွယ်လွန်ချိန်အထိ ဦးဆောင်ခဲ့သည်။ ထိုအဖွဲ့သည် ၁၉၉၇



ခုနှစ်တွင် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်ပူးပေါင်းသွားသည့်အချိန်အထိ တီရင်မင်ရင်ပြင် အရေးအခင်းကို ဝေဖန်ထောက်ပြနေဆဲဖြစ်သည်။ နှစ်စဉ် ဇွန်လ ၄ ရက်တွင် တီရင်မင်ရင်ပြင် အရေးအခင်းတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ကိုလည်း ထိုအဖွဲ့က ပြုလုပ်ခဲ့သည်။ ဒီတိုသည် တီရင်မင်ရင်ပြင် အရေးအခင်း၏ ကျောင်းသားခေါင်းဆောင်များနှင့် အခြားသော အဖွဲ့အစည်းများ၏ ချီးကျူးလေးစားခြင်းကို ခံရသူ ဖြစ်သည်။ ဒီတိုသည် ဒီမိုကရေစီစနစ်ကို လိုလားသော ဟောင်ကောင်ညီညွတ်ရေးအဖွဲ့ကို စတင်တည်ထောင် သူများတွင် ပါဝင်ပြီး ၎င်းအဖွဲ့သည် နောက်ပိုင်းတွင် အင်အားကြီးမားသော အတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီ (Democratic Party) ဖြစ်လာခဲ့သည်။ ဒီတိုသည် ၂၀၀၄ ခုနှစ်တွင် ဥပဒေပြုလွှတ်တော်မှ အနားယူခဲ့သည်။ ဟောင်ကောင် ဒီမိုကရေစီလှုပ်ရှားမှုတွင် တက်ကြွစွာ လှုပ်ရှားခဲ့သူ ဒီတိုဝါသည် ၂၀၁၁ ခုနှစ် ဧန်နဝါရီလ ၂ ရက် အသက် ၇၉ နှစ်အရွယ်တွင် အဆုတ်ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ဝိုက်၊ နန်စီ။ ။ နန်စီဝိုက်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဘွဲ့တံဆိပ်အများဆုံး ချီးမြှင့်ခြင်းခံရသော သူလျှိုတစ်ဦးဖြစ်သည်။ ဂျာမနီနိုင်ငံရှိ နာဇီပါတီ၏ လျှို့ဝှက်ရဲအဖွဲ့ (ဂက်စတာပို) က ဖမ်းဆီးသတ်ဖြတ်



ရန် ကြိုးစားခဲ့သော်လည်း အကြိမ်ကြိမ်လွတ်မြောက်ခဲ့သူ ဖြစ်သောကြောင့် ကြွက်ဖြူမလေးအဖြစ် ကျော်ကြားခဲ့သူလည်း ဖြစ်သည်။ ရဲရင့်သွက်လက်၍ ဆွဲဆောင်မှုရှိသော နန်စီဝိုက်သည် ပြောက်ကျားတပ်ဖွဲ့ကို ဦးဆောင် ခဲ့သူဖြစ်ပြီး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၇ ရက် အသက် ၉၈ နှစ် အရွယ်တွင် ကွယ်လွန်သည်။

ဝိုင်းဟောက်စ်၊ အေမီ။ ။ ဆွဲဆောင်မှုအားကောင်းသောအသံကို ပိုင်ဆိုင်သူ ဗြိတိန်တေးရေးဆရာ၊ ဂရမ်မီဆု အဆိုတော် အေမီဝိုင်းဟောက်စ်သည် လန်ဒန်မြို့တွင်မွေးဖွားကြီးပြင်းခဲ့သည်။ ငယ်စဉ်ကတည်းက ကိုယ်



တိုင်သီချင်းရေးစပ်ကာ ဂျပ်ဇ်ကလပ်များတွင် ဖျော်ဖြေခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် တေးထုတ်လုပ်ရေးများစွာနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ပွဲဦးထွက်ဖြန့်ချိသော Frank အယ်လ်ဘမ် မှာ ပရိသတ်၏ အသိ အမှတ်ပြုခြင်းခံခဲ့ရပြီး ဗြိတိန်တွင် ပလက်တီနမ် ဓာတ်ပြားဆုသုံးကြိမ်ရရှိ ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဒုတိယမြောက် အယ်လ် ဘမ်ဖြစ်သော Back to Black အယ်လ်ဘမ်ဖြင့် အောင်မြင်ခဲ့ပြီး ဂရမ်မီဂါဝါဒ ရရှိခဲ့သည်။ ယင်း အယ်လ်ဘမ်မှာ ကမ္ဘာတစ်ဝန်းချပ်ရေ ၁၀ သန်းနီးပါးရောင်းချခဲ့ရပြီး ဗြိတိန်အရောင်းရဆုံးစာရင်းတွင် နံပါတ် ၁ နှင့် အမေရိကန်တွင် နံပါတ် ၂ ချိတ်ခဲ့သည်။ ဗြိတိန်တွင် ပလက်တီနမ် ခြောက်ကြိမ်နှင့်အမေရိကန်တွင် နှစ်ကြိမ်ရရှိသည်အထိ အောင်မြင်ခဲ့သည်။ အေမီသည်

၂၀၀၇ ခုနှစ်တွင် ဘလိတ်ဖီလ်ဒါစီဗစ်နှင့် လက်ထပ်ခဲ့ပြီး အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် ၂၀၀၉ ခုနှစ်တွင် ကွာရှင်းခဲ့သည်။ အေမီသည် ၂၀၁၁ ခုနှစ် နွေဦးရာသီတွင် ဥရောပဖျော်ဖြေရေး အစီအစဉ်များရှိသော်လည်း ဇွန်လ ၁၈ ရက်တွင် ဆားဗီးယား၌ ဖျော်ဖြေပွဲပြုလုပ်ရာ အရက်အလွန်အကျွံ သောက်စားထားသဖြင့် အဆင်မပြေမှုဖြစ်ရာမှ ယင်းဖျော်ဖြေရေးအစီအစဉ်များကို ရပ်ဆိုင်းခဲ့ရသည်။ ပေါ့ပ်ဂီတလောကဓ၏ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သူ အေမီသည်လန်ဒန်မြောက်ပိုင်းကမ်ဒင်မြို့ရှိ နေအိမ်တွင် ဇူလိုင်လ ၂၃ ရက်၊ အသက် ၂၇ နှစ်အရွယ်တွင် လန်ဒန်မြို့၌ အရက်အလွန်အကျွံသောက်သုံးခဲ့သောကြောင့် ကွယ်လွန်သည်။ အေမီ ဝိုင်းဟောက်စ်ကို အသက် ၂၇ နှစ်အရွယ်တွင် သေဆုံးခဲ့သော ထင်ရှားသည့်ရော့ခ် အဆိုတော်များအတွက် ဖွဲ့စည်းထားသည့် 27 Club တွင် ထည့်သွင်းခဲ့သည်။

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၁၁)။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ထေရဝါဒဗုဒ္ဓဘာသာသာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသော ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ စာပေ၊ အနုပညာနှင့်နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားပြီး ကွယ်လွန်သွားကြသည့် ပုဂ္ဂိုလ်များရှိသည်။ ၎င်းတို့အနက်အချို့ကို ဖော်ပြအပ်ပါသည်။

ရဟန်းတော်များ

ကဝိန္ဒ၊ ဘဒ္ဒန္တ
သက်တော်(၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မော်လမြိုင်မြို့ မြေထဲကျောင်းတိုက်နှင့် ဘား‌အံမြို့နယ် ထုံးအိုင်ကျေးရွာရွာလယ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်တွင် ပျံလွန်တော်မူသည်။)

ကုမာရ၊ ဘဒ္ဒန္တ
သက်တော်(၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ အောင်မြေသာစံမြို့နယ်ဓမ္မစကြာပဋ္ဌိပတ် သာသနာပြုရိပ်သာနှင့် ဓမ္မစကြာရိပ်သာများ၏ မဟာနာယက
(၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

ကေဝလဓမ္မ၊ အရှင်၊ဒေါက်တာ
သက်တော်(၄၇) နှစ်၊ သိက္ခာတော် (၂၇) ဝါ
သာသနတက္ကသိလဓမ္မာစရိယ၊ B.A,M.A, Ph.D
ယင်းတော်မင်းကျောင်းစာချဆရာတော်
(၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်တွင် ပျံလွန်တော်မူသည်။)

ကေသရ၊ ဘဒ္ဒန္တ
သက်တော် (၆၈) နှစ်၊ သိက္ခာတော် (၄၈) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေဘိုမြို့ သုခကာရီကျောင်းတိုက် ပဓာနနာယက
(၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

ကေသဝသာမိ၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒိုက်ဦးမြို့ မဟာဝိဇိတာ ရာမအလံပြပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

ကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၆၆) နှစ်၊ သိက္ခာတော် (၄၆) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ ဝိနယပါရဂူ၊မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့အဖွဲ့ဝင်၊ ဒေဝသာဂရသိမ်ကုန်းဓမ္မိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက် စာချဆရာတော်
(၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်တွင် ပျံလွန်တော်မူသည်။)

ကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သီကျွာတော် (၆၈) ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ထေရဝါဒဗုဒ္ဓ
သာသနာပြုဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ၊ ကြည့်မြင်တိုင်
မြို့နယ် စလင်းကျောင်းတိုက် တိုက်အုပ်ဆရာတော်
(၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်တွင်
ပျံလွန်တော်မူသည်။)

ကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော်(၉၁)နှစ်၊ သီကျွာတော် (၇၂) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊
မဟာကမ္မဋ္ဌာနာစရိယ၊ မဟာစည်ဉီးသျှောင်နာယက၊
မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီမဟာစည်ရိပ်သာ
ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်တွင်
ပျံလွန်တော်မူသည်။)

ဓမ္မိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၁၀၇) နှစ်၊ သီကျွာတော် (၄၇) ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ စစ်တွေမြို့ ဘုရား
လေးဆူကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်တွင်
ပျံလွန်တော်မူသည်။)

ဓမ္မိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သီကျွာတော် (၆၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရိပဝရ
ဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကုတ်မြို့
သဒ္ဓမ္မရောင်ရှိန် စာသင်တိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်တွင်
ပျံလွန်တော်မူသည်။)

ဓမ္မိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သီကျွာတော် (၆၆) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဗျဟန်နိုင်ငံ
ဓိတကျူးရွာကျွန်း၊ မိုက်ကိုမြို့ ကမ္ဘာအေးစေတီ ဘုန်းတော်
ကြီးကျောင်း ကျောင်းထိုင်ဆရာတော်
(၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်တွင်
ပျံလွန်တော်မူသည်။)

ဂန္ဓမာ၊ ဘဒ္ဒန္တ
သက်တော် (၅၀)၊ သီကျွာတော် (၃၀)
မဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊
ညောင်လေးပင်မြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်)
အကျိုးတော်ဆောင်၊ မဒေါက်မြို့ ပန်းငွေရုံတောရ
ပရိယတ္တိစာသင်တိုက် တိုက်အုပ်စာချဆရာတော်
(၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်တွင်
ပျံလွန်တော်မူသည်။)

စရိယ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သီကျွာတော် (၆၀)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ စမ်းချောင်းမြို့နယ်
ဗားကရာတိုက် တိုက်အုပ်ချုပ်ရေး နာယကအဖွဲ့ဥက္ကဋ္ဌ၊
အောင်မင်္ဂလာ ကျားကျောင်းဆရာတော်
(၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်တွင်
ပျံလွန်တော်မူသည်။)

စန္ဒောဘာသ၊ ဘဒ္ဒန္တ
သက်တော် (၉၈) နှစ်၊ သီကျွာတော် (၇၈) ဝါ
ရေးမြို့နယ် အစင်စံပြကျေးရွာ၊ ကမ်းနားကျောင်းတိုက်
ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်တွင်
ပျံလွန်တော်မူသည်။)

ဇယန္တ၊ ဘဒ္ဒန္တ
သက်တော် (၁၀၅) နှစ်၊ သီကျွာတော် (၈၅) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်
မြို့ ရာဇဂြိုဟ်ကျောင်းတိုက်နှင့် ဒဂုံမြို့သစ် (ဆိပ်
ကမ်း) မြို့နယ် ရာဇဂြိုဟ်ကျောင်းတိုက် ပဓာန
နာယက
(၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်တွင်
ပျံလွန်တော်မူသည်။)

●ဝန၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကျုပ္ပော်မြို့နယ် ရေစခန်း ကျေးရွာ ပရဟိတကျောင်းတိုက် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်တွင် ပျံလွန်တော်မူသည်။)

●ဘဂရ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကျောက်တန်းမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်နှင့် ဒေယျာပူရပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

●ဇောတိက၊ ဘဒ္ဒန္တ
သက်တော် (၉၀)၊ သိက္ခာတော် (၇၀)
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အမရပူရမြို့ မိုးကုတ်ဝိပဿနာ မင်္ဂလာမဂ္ဂင်ရိပ်သာ သံဃနာယကဒုတိယဆရာတော်ကြီး ပဓာနနာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်တွင် ပျံလွန်တော်မူသည်။)

●ဇောတိပါလ၊ ဘဒ္ဒန္တ
သက်တော် (၉၀)၊ သိက္ခာတော် (၇၀)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥပဥဇ္ဈာ မဟာနာယကတွဲဖက် ရွှေကျင်သာသနာပိုင်၊ ကြခတ်ဝိုင်းဝံသာဓိပတိ အဂ္ဂမဟာဝိနာယက၊ ပဲခူးမြို့ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်တွင် ပျံလွန်တော်မူသည်။)

ဉာဏ၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မင်းပြားမြို့ ဇေယျသုခစာသင်တိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ပျံလွန်တော်မူသည်။)

တိလောက၊ ဘဒ္ဒန္တ
သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဘီအေ၊ ရန်ကုန်သာသနာ့တက္ကသိုလ် နာယကချုပ် (ယခင်)၊ တိပိဋကဓရရွှေးချယ်ရေးအဖွဲ့ အကျိုးတော်ဆောင် (ယခင်)၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ၊ မရမ်းကုန်းမြို့နယ် မဟာတိလောကာရုံကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်တွင် ပျံလွန်တော်မူသည်။)

တိသာသန၊ ဘဒ္ဒန္တ
သက်တော် (၇၇) နှစ်၊ သိက္ခာတော် (၅၇) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ ပဲခူးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ (ရွှေကျင်) အဖွဲ့ဝင်၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့၊ သာသနသောဘဏိကာရုံစာသင်တိုက် ပဓာနနာယက
(၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်တွင် ပျံလွန်တော်မူသည်။)

တေဇနိယ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် (ယခင်)၊ နေပြည်တော်ပျဉ်းမနားမြို့နယ် ဆုတောင်းပြည့်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

တေဇဝန္တ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ
ဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊

အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက်
တိုက်အုပ်ဆရာတော်
(၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်တွင်
ပျံလွန်တော်မူသည်။)

တောဝန်း၊ ဘဒ္ဒန္တ
သက်တော် (၆၂) နှစ်၊ သိက္ခာတော် (၄၂) ဝါ
သဒ္ဓမ္မဇောတိကဓဇ၊ မအူပင်မြို့နယ် မလက်တိုကျေးရွာ
အုပ်စု ပညာရံသီနှစ်ကျိပ်ရှစ်ဆူကျောင်း ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်တွင်
ပျံလွန်တော်မူသည်။)

တိသဿဝရ၊ ဘဒ္ဒန္တ
သက်တော် (၉၅) နှစ်၊ သိက္ခာတော် (၇၆) ဝါ
နိုင်ငံတော်ဩဝါဒါစရိယ၊ ပြည်မြို့ နဝင်းဝါဆို
ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်တွင်
ပျံလွန်တော်မူသည်။)

ထေရာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၅) နှစ်၊ သိက္ခာတော် (၅၅) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊
ချမ်းအေးသာစံမြို့နယ်၊ သီရိမင်္ဂလာ ငွေးချိုတိုက်၊
စည်သူဘုရင်အုဒ္ဒကျောင်း ဦးစီးပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်တွင်
ပျံလွန်တော်မူသည်။)

ဓမ္မရက္ခိတ၊ ဘဒ္ဒန္တ
သက်တော် (၆၉) နှစ်၊ သိက္ခာတော် (၄၉) ဝါ
မင်္ဂလာဒုံမြို့နယ်ဝိနည်းဓိရ်၊ ထောက်ကြန့်မြို့ ရွှေဟောင်း
တောရကျောင်းတိုက် ပဓာန နာယက၊ စာရေးဆရာ
ချောင်းဦးမောင်စန္ဒာ၊ ဆရာဓမ္မပါလ
(၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
တွင် ပျံလွန်တော်မူသည်။)

နရိန္ဒာဘိရာ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်
ဩဝါဒါစရိယ၊ ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိ
တက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်တွင်
ပျံလွန်တော်မူသည်။)

ပညာ၊ ဘဒ္ဒန္တ
သက်တော် (၁၀၆) နှစ်၊သိက္ခာတော် (၇၇) ဝါ
မွန်ပြည်နယ်ဩဝါဒါစရိယ၊ မုဒုမြို့ စာစင်ကျောင်းတိုက်
ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်တွင်
ပျံလွန်တော်မူသည်။)

ပညာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၆၇) နှစ်၊ သိက္ခာတော် (၄၇) ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊
သာသနဓဇ ဓမ္မာစရိယ၊ မုံရွာမြို့ ဓမ္မပါရဂူ ပါဠိ
တက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်
(၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်တွင် ပျံလွန်
တော်မူသည်။)

ပညာသာမိ၊ ဘဒ္ဒန္တ
သက်တော် (၇၆) နှစ်၊ သိက္ခာတော် (၅၆) ဝါ
ကမ္မဋ္ဌာနာစရိယ၊ ချောက်မြို့နယ်၊ စလေမြို့၊ မြို့နယ်
မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယ
(၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၄ ရက်တွင်
ပျံလွန်တော်မူသည်။)

ပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၁၀၃) နှစ်၊ သိက္ခာတော် (၈၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒိုက်ဦးမြို့နယ် သံဃ
နာယကအဖွဲ့. (ရွှေကျင်)ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယ

ရတ္တညူ မဟာနာယက၊ အရည္ဝါသီ ရွှေကျင်နိကာယ ကြွခတ်ဝိုင်းဝိနည်းပြန်ဌာနမဟာနာယက၊ ဒိုက်ဦးမြို့နယ် ဖောင်တော်သီမြို့၊ ရတနာဘုံကျော်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

ဝါရ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ဓဝါစကပဏ္ဍိတ၊ ဗဟန်းမြို့နယ် ရာမညဝေဟုလ္လတိုက်၊ သွေးဆေးကန်မွန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

ဝိစိတ္တ၊ ဘဒ္ဒန္တ
သက်တော် (၆၂) နှစ်၊ သိက္ခာတော် (၄၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ဓဝါစက ပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိရ်၊ လားရှိုးမြို့ ရန်အောင်မြင် ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်တွင် ပျံလွန်တော်မူသည်။)

ဝိနယ၊ ဘဒ္ဒန္တ
သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါ
မဟာဂန္ဓဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပဲခူးမြို့ ဉာဏဗဟုလပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

ဝိမလ၊ ဘဒ္ဒန္တ
သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ထားဝယ်မြို့နယ် ဇဟာကျေးရွာ ဇဟာကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

ဝိမလဗုဒ္ဓိ၊ ဘဒ္ဒန္တ
သက်တော် (၈၅) နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့ချုပ် နာယကချုပ်၊ သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

သာသန၊ ဘဒ္ဒန္တ
သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇ သိရိပဝရဓမ္မာစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိရ်၊ လပွတ္တာမြို့ သိရိလက္ခဏ ကျိုက်ထီးရိုး ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်တွင် ပျံလွန်တော်မူသည်။)

သိရိဓမ္မ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သာသနဓဇ သိရိပဝရဓမ္မာစရိယ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ သဃ်နန်းကျွန်းမြို့နယ် မဟာသိပ္ပံပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

သီလဝန္တ၊ ဘဒ္ဒန္တ
သက်တော် (၁၀၀)၊ သိက္ခာတော် (၈၀)
မဟာသဒ္ဓမ္မဇောတိကဓဇ၊ ရာမညနိကာယမဟာ

နာယက၊ ကမာရွတ်မြို့နယ် ဓာတ်ပေါင်းစုံကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူသည်။)

သီဟဗလ၊ ဘဒ္ဒန္တ
သက်တော် (၈၈) နှစ်၊ သီကျွာတော် (၆၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိပါရဂူ၊ ရမည်းသင်းမြို့နယ် ထီးလိုင်ကျောင်း ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်တွင် ပျံလွန်တော်မူသည်။)

သုဂန္ဓ၊ ဘဒ္ဒန္တ
သက်တော် (၆၂) နှစ်၊ သီကျွာတော် (၄၀)
မဟာသဒ္ဓမ္မဇောတိကဓဇ၊ တာမွေမြို့နယ် အေးချမ်းအောင်မြင်ငွေကျောင်း (အုတ်ခွက်ဘုရားကျောင်း) ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်တွင် ပျံလွန်တော်မူသည်။)

သုမနသာဂရ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သီကျွာတော် (၇၁) ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ ကန္ဒီမြန်မာကျောင်းတိုက်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်တွင် ပျံလွန်တော်မူသည်။)

သုမင်္ဂလ၊ ဘဒ္ဒန္တ
သက်တော် (၈၁) နှစ်၊ သီကျွာတော် (၆၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပခုက္ကူနိကာယ ဂဏမဟာဝိနာယက၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် မဟာနာယက
(၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

သောဘိတ၊ ဘဒ္ဒန္တ
သက်တော် (၁၀၆) နှစ်၊ သီကျွာတော် (၅၆) ဝါ
လှည်းကူးမြို့နယ်၊ ဖောင်ကြီးအရှေ့ကျေးရွာ၊ အောင်ဇေယျ၊ တောရကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်တွင် ပျံလွန်တော်မူသည်။)

သံဝရ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သီကျွာတော် (၃၄) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ၊ ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါ မုံလယ် တောရကျောင်း ဆရာတော်ကြီး
(၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်တွင် ပျံလွန်တော်မူသည်။)

သဒ္ဓမ္မ၊ ဘဒ္ဒန္တ
သက်တော် (၉၀)၊ သီကျွာတော် (၇၀)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြောက်ဥက္ကလာပမြို့နယ် ဩဝါဒါစရိယ၊ မယ်လမုစေတီတော် ဩဝါဒါစရိယ၊ ရန်အောင်ကျောင်းတိုက် သီဟဠိုင်းကျောင်း ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်တွင် ပျံလွန်တော်မူသည်။)

သုန္ဒရ၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သီကျွာတော် (၆၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ခရမ်းမြို့ ဓမ္မိကာရာမရွှေကျင်တိုက် ကျောင်းသစ်ကျောင်း ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်။)

အာစေယ၊ ဘဒ္ဒန္တ
သက်တော် (၆၅) နှစ်၊ သီကျွာတော် (၄၅) ဝါ

စူဠဂန္ဓ ဝါစကပဏ္ဍိတ၊ တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိ ကာရုံစာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

အာစာရာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မန္တလေးတိုင်းဒေသကြီး ညြဝါဒါစရိယ၊ ကျောက်ဆည်မြို့နယ် ထန်းဇင်တော် ကျေးရွာ ရွှေတင်းခြင်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်တွင် ပျံလွန်တော်မူသည်။)

အာလောက၊ ဘဒ္ဒန္တ
သက်တော် (၆၃) နှစ်၊ သိက္ခာတော် (၄၃) ဝါ
မဟာဂန္ဓ ဝါစကပဏ္ဍိတ၊ ဝေါမြို့နယ် သံဃနာယက အဖွဲ့. အဖွဲ့ဝင်၊ မြို့ဦးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်တွင် ပျံလွန်တော်မူသည်)။

ညြဘာသ၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၇) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ညြဝါဒါစရိယ၊ မော်လမြိုင်မြို့ ကော့လှာပရိယတ္တိ စာသင်တိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်တွင် ပျံလွန်တော်မူသည်။)

ညြသဓ၊ ဘဒ္ဒန္တ
သက်တော် (၇၃) နှစ်၊ သိက္ခာတော် (၅၃) ဝါ
ဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝန်းသိုမြို့ သာသနာ့အလင်းရောင်ကျောင်းတိုက်
(၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

အကိုရ၊ ဘဒ္ဒန္တ
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ တိုက်ကြီးမြို့.နယ် ဥက္ကံမြို့. ကန်ဦးကျောင်း ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်တွင် ပျံလွန်တော်မူသည်။)

ဥတ္တမ၊ ဘဒ္ဒန္တ
သက်တော် (၆၅) နှစ်၊ သိက္ခာတော် (၄၅) ဝါ
ဂန္ဓဝါစကပဏ္ဍိတ၊ မင်္ဂလာဒုံမြို့နယ် သံဃနာယကအဖွဲ့. ဥက္ကဋ္ဌ၊ စိတ္တသုခတပ်ဦးကျောင်းတိုက် ပဓာန နာယက
(၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်တွင် ပျံလွန်တော်မူသည်။)

ဣန္ဒြိယ၊ ဘဒ္ဒန္တ
သက်တော် (၁၀၂) နှစ်၊ သိက္ခာတော် (၈၃) ဝါ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ညြဝါဒါစရိယ၊ ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ပဓာန နာယက
(၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်တွင် ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး (ဦးမ်း)
အသက် (၈၀)
သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး (ဦးမ်း)
(၁၆-၁၀-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ကျော်အောင်၊ ဦး
အသက် (၇၉) နှစ်
ရုပ်ရှင်မင်းသား၊ ပန်းချီဆရာကျော်အောင်၊ ရုပ်ရှင်ဇာတ်ကား ၁၂ ကား ရိုက်ကူးသရုပ်ဆောင်ခဲ့သူ
(၁၈-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ကျင်လှိုင်၊ ဦး
အသက် (၈၉) နှစ်
ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)
(၇-၃-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စင်ထွေးကြည်၊ ဒေါ
အသက် (၅၈) နှစ်
စာရေးဆရာမ ခင်လေးမွန်၊ သီဟသုဓမ္မသီဂီ၊
B.A(law), LL.B
(၁-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စင်မောင်ဝင်း၊ ဒေါက်တာ (ဒဿနဗေဒ)
အသက် (၈၂) နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊ သံအမတ်ကြီး (ငြိမ်း)၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဒဿနိကဗေဒဌာန ပါမောက္ခ (ငြိမ်း)၊
B.A (Hons:), M.A (Yale), Ph.D (Yale)
(၉-၁-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စင်လှအောင်၊ ဦး
အသက် (၆၂) နှစ်
စာရေးဆရာ ကျော်နန္ဒအောင်
(၁၇-၇-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ချိုးဖြူစင်
အသက် (၇၃) နှစ်
စာရေးဆရာမ ချိုးဖြူခင် ၁၉၈၃ ခုနှစ် စာပေဗိမာန် စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုကို စိန်ဖြင့်ပြုလုပ်သော နှလုံးသားပိုင်ရှင်များ စာမူဖြင့်ရရှိသူ၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (ငြိမ်း)၊
Ph.D (Moscow)
(၂၄-၆-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ချစ်မောင်၊ စန္ဒရား
အသက် (၇၉) နှစ်
ဂီတစာဆို စန္ဒရားချစ်မောင်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဂီတတာဝန်ခံ (ငြိမ်း)၊ တေးဂီတစီစစ်ရေးဘုတ်အဖွဲ့ဝင်
(၂၂-၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ဒွေအောင်၊ ဦး
အသက် (၇၆)နှစ်
စာရေးဆရာဦးဒွေအောင်မွန်၊ မင်္ဂလာဗျူဟာနှင့်ပိဋကဗျူဟာအမှုဆောင်၊ အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ B.A,B.Ed
(၂၃-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စောမုံညင်း
အသက် (၉၂) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် စာရေးဆရာမ စောမုံညင်း(ဒေါ်ရင်ရင်) ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)၊ အမျိုးသားစာပေဆုနှင့်အမျိုးသားစာပေတစ်သက်တာဆုရှင်၊ အရှေ့တောင်အာရှစာပေဆုရှင်၊ ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုရှင်၊ ဆရာဝန်တင်ရွှေစာပေဆုရှင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်စာတ်သဘင်အကြံပေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ယဉ်ကျေးမှုအကြံပေး၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက၊
B.A,Dip: in Japanese
(၁၂-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စိုးမြင့်၊ ဦး
အသက် (၇၆) နှစ်
ဒူးရင်းသီး ဦးစိုးမြင့် (ခ) ဦးမောင်သိန်း၊ အဂ္ဂမဟာ

သီရိသုဓမ္မ မဏိဓောတဓရ၊ သီရိသုဓမ္မမဏိဓောတဓရ၊ သီဟသုဓမ္မမဏိဓောတဓရဘွဲ့တံဆိပ်တော်များနှင့် လူမှုထူးချွန်တံဆိပ်ရရှိသူ
(၂-၅-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စန်းမြင့်၊ ဦး
အသက် (၆၂) နှစ်
ရပ်ရွာသရဖ်ဆောင် မောင်လှကလေး
(၃၀-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စိန်ထွန်း၊ ဦး
အသက် (၈၅) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ သမဝါယမဝန်ကြီးဌာနနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)၊ ဗိုလ်မှူးကြီး (ငြိမ်း)
(၂၆-၇-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

စိန်ထွန်း၊ ဒေါက်တာ (ပါမောက္ခ)
အသက် (၇၁) နှစ်
ရန်ကုန်တက္ကသိုလ်၊ ရူပဗေဒဌာန၊ ပါမောက္ခဌာနမှူး (ငြိမ်း)၊ M.Sc (Sur), Ph.D(Sur), Csci C Phys Finstp (Lond)
(၂၄-၁-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ညွန့်စိန်၊ ဒေါ်
အသက် (၈၇) နှစ်
သီဟသုဓမ္မသီဂီ၊ သုဓမ္မသီဂီဘွဲ့တံဆိပ်များရရှိသူ
(၂၂-၆-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ညိမ်းမောင်၊ ဦး
အသက် (၉၂) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် ကျောက်ဆည် ညိမ်းမောင်၊ အလယ်တန်းပြဆရာ (ငြိမ်း)
(၂၇-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

တော်တော်၊ ဦး
အသက် (၇၉) နှစ်
သီရိသုဓမ္မမဏိဓောတဓရ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) နာယက၊ ပန်းတမော့ပညာရှင်
(၂၁-၉-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

တင်ငွေ၊ ဦး
အသက် (၆၆) နှစ်
ရပ်ရွာနှင့် ဗီဒီယိုသရဖ်ဆောင် ကေတုမတီမျိုးအောင်
(၃-၁-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ထီပိတင်ဝင်း၊ စန္ဒရား
အသက် (၅၉) နှစ်
တေးရေး၊ ဂီတမှူး
(၈-၈-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

နတ်နွယ်
အသက် (၇၉) နှစ်
စာရေးဆရာ နတ်နွယ် (ဦးလှမြင့်)၊ ဆောင်းပါး၊ ဝတ္ထု၊ ဝေဖန်စာ၊ ဘာသာပြန်ဆောင်းပါး၊ ပင်ကိုရေးလုံးချင်းဝတ္ထုများ၊ ဘာသာပြန်လုံးချင်းဝတ္ထုများ အမြောက်အမြားရေးသားခဲ့သူ
(၁၁-၅-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

နန္ဒာသိန်းဇံ၊ စာရေးဆရာ
အသက် (၆၅) နှစ်
စာရေးဆရာ နန္ဒာသိန်းဇံ (ဒေါက်တာသိန်းဇံ)၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ပါမောက္ခဌာနမှူး(ငြိမ်း)နှင့် အချိန်ပိုင်းပါမောက္ခ၊ နိုင်ငံတော် ပရိယတ္တိသာသနဒုတက္ကသိုလ် ဓည့်ပါမောက္ခ၊ ဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ)၊ မဟာဝိဇ္ဇာဘွဲ့ (ဒဿနိကဗေဒ)၊ ပါရဂူဘွဲ့
(၁၄-၈-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

နဲ့.နဲ့.မူ၊ အကယ်ဒမီ
အသက် (၆၁) နှစ်
အကယ်ဒမီနဲ့နဲ့မူ(ဒေါ်မြသန်းနဲ့.)၊ ရပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်၊ ၁၉၇၄ ခုနှစ်တွင် နော်ကူးမရုပ်ရှင် စာတ်ကားဖြင့် အမျိုးသမီးစာတ်ဆောင်ထူးဆွန်ဆု (အကယ်ဒမီ)ရရှိသူ
(၁၃-၆-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

နွယ်(စစ်တွေ)
အသက် (၈၀)
ကဗျာဆရာမကြီး နွယ်(စစ်တွေ)၊ (ဒေါ်အုံးခင်)
B.A (Ed), B.Ed, Dip;Ed (UK)
(၆-၅-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ပါရဂူ၊ စာရေးဆရာ
အသက် (၉၀)
ကန်တော့ခံသက်ကြီးစာပေပညာရှင် စာရေးဆရာ ပါရဂူ (ဦးလှကြိုင်)၊ ၁၉၆၃ ခုနှစ် အနုပညာစာပေဆု ဘာသာပြန်ပထမဆု၊ ၁၉၆၇ ခုနှစ် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း စာပေရွှေတံဆိပ်ဆု၊ ၁၉၈၅ ခုနှစ် အမျိုးသားစာပေဆု ဘာသာပြန် (ရသ) ဆု၊ ၂၀၀၁ ခုနှစ် အမျိုးသားစာပေတစ်သက်တာစာပေဆုနှင့် ပခုက္ကူဦးအုံးဖေစာပေတစ်သက်တာစာပေဆု၊ ၂၀၀၃ ခုနှစ် ဝိဇ္ဇာပညာထူးဆွန်တံဆိပ် (ပထမဆင့်) ရရှိသူ
(၉-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ပြည်ထောင်စုကျော်နိုင်၊ ရုပ်ရှင်သရုပ်ဆောင်
အသက် (၈၇) နှစ်
ရုပ်ရှင်သရုပ်ဆောင် ပြည်ထောင်စုကျော်နိုင် (ဦးအေးမြင့်)၊ ပြည်ထောင်စုသတင်းစာ သတင်းထောက် ဟောင်း
(၂၇-၆-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ဘကလေး၊ ဦး
အသက် (၉၂) နှစ်
နိုင်ငံဝုက်ရည်ဘွဲ့ (ဒုတိယဆင့်)၊ ပြည်သူရိုက္ခာထောက်ပံ့ရေးနှင့် ထွက်ကုန်မှုဖြုံးရေးမင်းကြီး (ဦးမိုး)
(၃-၅-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

မောင်မောင်သိုက်
အသက် (၆၆) နှစ်
ပန်းချီ မောင်မောင်သိုက်
(၅-၈-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

မောင်မောင်အေး၊ ဦး
အသက် (၈၆) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး (ဦးမိုး)၊ ဗိုလ်မှူးကြီး(ဦးမိုး)
(၁၀-၉-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

မောင်ဝဏ္ဏ၊ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ
အသက် (၆၅) နှစ်
စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ မောင်ဝဏ္ဏ၊ ၁၉၇၁ ခုနှစ်တွင် ကတ္တီပါဖိနပ်စီးရွှေထီးဆောင်း ရုပ်ရှင်စာတ်ကားနှင့် ၁၉၉၀ ပြည့်နှစ်တွင် ခုနှစ်စဉ်အလွမ်းရုပ်ရှင်စာတ်ကားတို့ဖြင့် မြန်မာ့ရုပ်ရှင်ထူးဆွန်ဆု (အကယ်ဒမီဆု) ဒါရိုက်တာဆု နှစ်ဆုရရှိသူ
(၁၁-၁-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

မောင်သစ်မင်း။၊ စာရေးဆရာ၊ တေးရေးဆရာ
အသက် (၅၈) နှစ်
တေးရေးဆရာ မောင်သစ်မင်း (ဦးဒေဝ)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူး (၂)
(၅-၆-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

မြင့်စိုး၊ ဦး၊ ရုပ်ရှင်သရုပ်ဆောင်
အသက် (၅၉) နှစ်
ရုပ်ရှင်ဒါရိုက်တာ မြင့်စိုး (ဝ/သ)
(၂၁-၇-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

မြင့်ထွန်း၊ သုတေသီ
အသက် (၇၆) နှစ်
စာရေးဆရာသုတေသီမြင့်ထွန်း (ဦးပွ)
(၂-၁၀-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ရဲမြင့်၊ ဦး
အသက် (၆၈) နှစ်
ကဗျာဆရာ၊ စာရေးဆရာ အောင်သာမိုး
(၂၀-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

လွင်၊ ဦး
အသက် (၈၈) နှစ်
ဒုတိယဝန်ကြီးချုပ် (ငြိမ်း)၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန ဝန်ကြီး (ငြိမ်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး
(၆-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

လှကြည်၊ သခင် (ခ) ရဲနီကျော်ဝင်း
အသက် (၉၀)
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ယခင် အလံနီကွန်မြူနစ်ပါတီ
(၂၅-၁၀-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

လှကွန်း၊ သခင်
အသက် (၉၀)
ကန်တော့ခံသက်ကြီးစာပေပညာရှင်နှင့် သတင်းစာဆရာကြီးမိုးညို
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)၊ ကြေးမုံသတင်းစာတိုက် အယ်ဒီတာချုပ် (ငြိမ်း)
(၄-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

လှစိန်၊ ဦး
အသက် (၆၆) နှစ်
စာရေးဆရာ ဖျာပုံလှမိုးနွယ်၊ ၁၉၉၇ ခုနှစ် အမျိုးသားစာပေဆုနှင့် ၁၉၇၂၊ ၁၉၇၃၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၇ ခုနှစ်များတွင် စာပေဗိမာန်စာမူဆုများဆွတ်ခူးရရှိသူ
(၂၄-၁၀-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ဝင်းထိန်၊ ဦး
အသက် (၈၉) နှစ်
သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ ဗိုလ်မှူးကြီး (ငြိမ်း)
(၂၆-၁၀-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ဝင်းနိုင်၊ ဦး
အသက် (၇၃) နှစ်
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ B.Com,B.L,R.A
(၁၈-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

သောင်းထွဋ်၊ ဦး
အသက် (၈၄) နှစ်
ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း)၊ မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဒုတိယဥက္ကဋ္ဌ၊ ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ B.A, B.Ed,M.S (Ed) (Indiana)
(၈-၈-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

သန်းအေး၊ ဦး
အသက် (၆၂) နှစ်
စာရေးဆရာ နိမိုး၊ သန်းငြိမ်းအေး
(၁၁-၃-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

သိန်းညွန့်၊ ဦး
အသက် (၈၈) နှစ်
ဇေယျကျော်ထင်ဘွဲ့၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊

လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ကုန်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)
(၉-၄-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

သိန်းညွန့်၊ ဒေါက်တာ (ပါမောက္ခ)
အသက် (၈၀)
စာရေးဆရာ၊ ကဗျာဆရာကြီး ညွှန့်ဝေ (ကသာ)၊ ၂၀၀၈ ခုနှစ် ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယဆင့်)၊ ၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆု၊ ၁၉၉၂ ခုနှစ် အမျိုးသားစာပေဆု (ကဗျာပေါင်းချုပ်ဆု) များ ရရှိသူ၊ အစားထိုးပြုပြင်ခွဲစိတ်မှုနှင့် မျက်နှာမေးရိုးခွဲစိတ်ကုဆရာဝန်ကြီး၊ M.B.,B.S, Ph.D
(၂၅-၁၂-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

သိန်းမြင့်၊ ဦး
အသက် (၈၅) နှစ်
အမှတ် (၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
(၁၁-၈-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

သိန်းလွင်၊ ဦး
အသက် (၆၆) နှစ်
ကာတွန်းသိန်းလွင်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို) အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးမြို့နယ် ဥက္ကဋ္ဌ
(၁၁-၅-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

ဟန်ထွန်း၊ ဦး
အသက် (၉၁) နှစ်
၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆုကို နရသုခိကျမ်းရင်းနှင့်စကားပြေကျမ်း စာအုပ်ဖြင့် ရရှိသူ၊ တိုင်းရင်းဆေးသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး (ငြိမ်း)၊ ဓမ္မာစရိယ၊ B.A,B.Ed
(၂၉-၆-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

အောင်ဒင်၊ ဦး (ဦးအောင်တင်)
အသက် (၈၄) နှစ်
သုဓမ္မမဏိဓောတဓရ၊ ရတနာစိမ်းကျောက်မျက်ကျောက်စိမ်းသမဝါယမအသင်းဥက္ကဋ္ဌ
(၃-၁၀-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

အောင်မြင့်၊ ဦး
အသက် (၆၅) နှစ်
ပန်းချီဆရာကြီး ရာဟုလာ
(၃၁-၇-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

အောင်ဝင်း၊ ဦး
အသက် (၈၈) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး (ငြိမ်း)၊ ဗိုလ်မှူးကြီး (ငြိမ်း)၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း)
(၂၀-၁၁-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

အုန်းမောင်၊ ဦး
အသက် (၉၅) နှစ်
စာရေးဆရာကြီး ရွှေတည်လျောင်၊ ပေါင်းတည် အုန်းမောင်၊ ကုန်းစောင့်နတ်ကလေး၊ ဖိုးသောကြာ၊ ပုလိပ်အရာရှိတစ်ဦးမဟုတ်သူ၊ မခင်မေစသည့် ကလောင်အမည်များဖြင့် ရေးသားသူ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်
(၇-၃-၂၀၁၁ ရက်တွင် ကွယ်လွန်သည်။)

နိုးအောင်

ကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၈၃-၁၃၇၃)။ ။ အဘိဓေမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာကမ္မ ဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ မဟာစည်ဦးသျှောင်နာယက၊ မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီမဟာစည်ရိပ်သာ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသကို ခမည်းတော် ဦးသာဖြူး၊ မယ်တော်ဒေါ်ပုတို့က ၁၂၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဝင်းကဒတ်ကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်သည် ၁၂၉၃ ခုနှစ်တွင် ဝေါမြို့နယ် ဣသိကန်ရွာကျောင်း ဆရာတော် ဘဒ္ဒန္တခေမာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၀၂ ခုနှစ်တွင် ဝေါမြို့နယ် ဖိုးစမ္ဘာယ်ကျေးရွာကန်ကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပိယကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ကန်ကြီးကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ဝေါမြို့နယ် ဖိုးစမ္ဘာယ်ကျေးရွာကန်ကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပိယ၊ ညောင်လေးပင်မြို့ တောရကြီးကျောင်းဆရာတော် ဘဒ္ဒန္တအာဠာရ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းဆရာတော်တို့ထံ၌ အခြေခံမှစ၍ ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူသည်။ ၁၃၁၅ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယစာမေးပွဲနှင့် ၁၃၁၆ ခုနှစ်တွင် စေတိယင်္ဂဏစာမေးပွဲတို့ကို အောင်မြင်တော်မူသည်။

ဆရာတော်သည် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူရင်း ဒုက္ခကင်းဝေးပေါင်းသင်းရေးနှင့် ဣန္ဒြေစွမ်းအင်ထက်မြက်ကြောင်းကိုးပါး၊ မင်းဆင်ပမာ သီဖွယ်ရာ၊ ယခုဘဝကောင်းမြတ်လှ၊ ဒုလ္လဘသီဖွယ် ဝိနည်းငယ်၊ သိကောင်းစရာဓမ္မပဒေသာ၊ ပုစ္ဆာဝိဿဇ္ဇနာ ဓမ္မပဒေသာ စသည့် ကျမ်းပေါင်း ၃၀ ကျော်တို့ကို ရေးသားပြုစုတော်မူသည်။



ကုဏ္ဍလာဘိဝံသ

ထို့အပြင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာနာယက၊ သဒ္ဓမ္မရံသီကျောင်းတိုက်နှင့် ကျောင်းတိုက်ခွဲများ ပဓာန နာယက၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် အဖြစ်လည်း ဆောင်ရွက်တော်မူသည်။ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ စသည့် ပြည်ပနိုင်ငံများ၌ တရားရိပ်သာများဖွင့်လှစ်၍ တရားဟောကြားခြင်း၊ တရားပြခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူခြင်း သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ပိဋကတ္တယဓရဂုဏ်၊ လဒ္ဓိပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရကလှူဒါန်းပူဇော်သော မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ၁၃၅၃ ခုနှစ်တွင်လည်းကောင်း၊ အဂ္ဂမဟာကမ္မဋ္ဌာနစရိယဘွဲ့တံဆိပ်တော်ကို ၁၃၅၉ ခုနှစ်တွင်လည်းကောင်း၊ အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ၁၃၆၉ ခုနှစ်တွင်လည်းကောင်း ရရှိတော်မူသည်။

ဆရာတော်သည် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း ၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

စိုးအောင်

ဓမ္မိန္ဒ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၈၈-၁၃၇၃)။ ။ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိဒ်ဒံတော်ဩဝါဒါစရိယ၊ တောင်ကုတ်မြို့. သဒ္ဓမ္မရောင်ရှိန်စာသင်တိုက်ပဓာန နာယကဆရာတော်ဘဒ္ဒန္တ ဓမ္မိန္ဒကို ခမည်းတော် ဦးရွှေဒင်ဦး၊ မယ်တော်ဒေါမိရွှေဦးတို့က ၁၂၈၈ ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့တွင် တောင်ကုတ်မြို့.နယ်၊ ဖောင်းခါးကျေးရွာ၌ ဖွားမြင်သည်။



ဘဒ္ဒန္တ ဓမ္မိန္ဒ

ဆရာတော်သည် ၁၃၀၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့တွင် တောင်ကုတ်မြို့.နယ်၊ အမော်ကျေးရွာ မဟာဝိဟာရတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ပန်းတင်ကျွန်း၊ ဖောင်းခါးကျေးရွာ၊ ဖောင်းခါးကျောင်းတိုက် ခဏ္ဍသီမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ဖောင်းခါးကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ အမ်းမြို့.နယ် မင်းတပ်ကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တ သောမ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ သန်လျင်မြို့. နံ့သာကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဇောတိက၊ တာမွေမြို့.နယ် ကျောက်မြောင်း မဂ်လသုခ ပါဠိတက္ကသိုလ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ကေသရ၊ ဘဒ္ဒန္တဝါသဝ၊ ဘဒ္ဒန္တ စန္ဒောဘာသ၊ ဘဒ္ဒန္တ ဂမ္ဘီရဗုဒ္ဓိ ဘိဝံသ၊ အဂ္ဂမဟာအက္ကော် ဘဒ္ဒန္တလ္ကန္ဒက၊ ဘဒ္ဒန္တသောဘန၊ မန္တလေးမြို့. လ္ကန်ဒိယာရာမ ပါဠိတက္ကသိုလ်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ လ္ကန်ဒိယ၊ ဝေယ်ဘုံသာကျောင်း ဆရာတော် ဘဒ္ဒန္တဝါသဝ၊ ဘဒ္ဒန္တ သာသန (သိရောမဏ္ဍိ ဆရာတော်)တို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့.ရရှိတော်မူခဲ့သည်။

၁၃၁၇ ခုနှစ်မှစ၍ တာမွေမြို့.နယ် ကျောက်မြောင်း မဂ်လသုခပါဠိတက္ကသိုလ်ကျောင်း၌ စာချကထိကနှင့် ကျောင်းတိုက်အုပ်ချုပ်ရေးနာယက တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဆဋ္ဌသင်္ဂီတိဘာဏကနှင့် ဆဋ္ဌသင်္ဂီတိကာရကအဖြစ် လည်း ဆောင်ရွက်တော်မူခဲ့သည်။ ၁၃၄၂ ခုနှစ်တွင် တောင်ကုတ်မြို့.၌ သဒ္ဓမ္မရောင်ရှိန် စာသင်တိုက်ကို တည်ထောင်၍ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခဲ့သည်။ ထို့ပြင် မဂ်လသုခယမကတ္ထဆောရိကျမ်း (ပ၊ ဒု)၊ ပဋိစ္စသမုပ္ပါဒ်အနုလောမ၊ ပဋိလောမ အဖွင့်ကျမ်း၊ ခေတ်မီယမကတ္ထကျမ်းတို့.ကို ရေးသားပြုစုတော်မူခဲ့သည်။ သံဃာ့အဖွဲ့.အစည်းအဆင့်ဆင့်၌ မြို့.နယ်သံဃာဝန်ဆောင်၊ မြို့.နယ်သံဃာ့နာယကအဖွဲ့. ဥက္ကဋ္ဌ၊ သံဃသမ္မတိယသံဃာ့ကိုယ်စားလှယ်နှင့် ၂၀၀၇ ခုနှစ်မှစ၍ နိဒ်ဒံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် နိဒ်ဒံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့. တံဆိပ်တော်ကို ၁၃၆၈ ခုနှစ်တွင် ရရှိတော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တဓမ္မိန္ဒသည် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နိုးအောင်

ဇာဂရ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ) (မြန်မာ ၁၂၈၈-၁၃၇၃) ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့. မင်းကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိဒ်ဒံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဇာဂရကို ခမည်းတော် ဦးမောင်ကြီး၊ မယ်တော်ဒေါငွေညွန့်တို့.က ၁၂၈၈ ခုနှစ်၊ နောင်းတန်ခူးလဆန်း ၁၁ ရက်တွင် ရန်ကုန်တောင်ပိုင်း

ခရိုင် ကျောက်တန်းမြို့နယ် ကမာကလုပ်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၂၉၆ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် အသက် ၈ နှစ်သားအရွယ်တွင် ကျောက်တန်းမြို့နယ်၊ ကမာကလုပ်ကျေးရွာ ကမာဆွဲတောင်ကျောင်း ဆရာတော် ဦးကွန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၉ ခုနှစ်၊ တပေါင်း လဆန်း ၁၂ ရက်တွင် ကမာကလုပ်ကျေးရွာ ကမာဆွဲတောင်ကျောင်း ဆရာတော် ဦးကွန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် ဦးရီးတော်သူ ဦးရိုး၊ ဒေါ်လှဒွန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ကမာဆွဲတောင်ကျောင်း ဆရာတော်နှင့် တိုက်အုပ်ဆရာတော် ဦးအာသဘ၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍည (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ အာစိဏ္ဏ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တအာဒိစ္စရံသီ (အဂ္ဂမဟာပဏ္ဍိတ) နှင့် ဂဏဝါစကဆရာတော်ကြီးများ၊ မကွေးတိုင်းဒေသကြီးပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တောင်ပြင် ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဉာဏ်သ၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိ ယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တနာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ၊ ဝေယံဘုံသာတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏာ (အဂ္ဂမဟာပဏ္ဍိတ) ဗန်းမော် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ ဝဠုံသကာ–သိရောမဏိ) နှင့် စာချအကျော်အမော်ဆရာတော်ကြီးထံတွင် ပခုက္ကူနည်း၊ မန္တလေးနည်းတို့ဖြင့် သင်ယူဆည်းပူးခဲ့ပြီး အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းနှင့် သံယုတ်၊ မဟာဝါ၊ ဝိဘင်း အဂုံတိုရ်စသော ဂုဏ်ထူးဆောင် ခြောက်ကျမ်းနှင့် ဓမ္မာစရိယ စာချတန်းကို ဖြေဆိုအောင်မြင်တော်မူသည်။ သာသနာ့ဓဇသိရိပဝရ ဓမ္မာစရိယဘွဲ့ကို ၁၃၁၉ ခုနှစ်တွင် ရရှိတော်မူသည်။

ဆရာတော်သည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပဏ္ဍိပေသလ္လ၊ သိင်္ဂကာကာမဝိနယဂရုကစသောဂုဏ်၊ ပရိယတ္တိဆေက ပရိယတ္တိဝိသာဒရ၊ ရတ္တညူမဟာနာယကစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ၁၃၅၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ အမရပူရမြို့တူးမောင်းတိုက်တို့တွင် ပရိယတ္တိစာဝါများကို ပို့ချတော်မူပြီး ၁၃၂၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်ကို တည်ထောင်ပြီး စာသင်တိုက်ပမာနနာယကအဖြစ် စာသင်သား ၆၀ ကျော်တို့အား စာပေပရိယတ္တိများကို ပို့ချတော်မူသည်။ ဆရာတော်သည် စာပေပရိယတ္တိများ ပို့ချတော်မူသည့် အပြင် စေတီယသန္တကဝိနိစ္ဆယ၊ သီမာသမ္ဗေဒ ဝိနိစ္ဆယ၊ ဝိသုဒ္ဓိမဂ္ဂဝိနိစ္ဆယ၊ သုတ္တန္တဒ္ဒေသဥပေါသထဝဂ္ဂါ ဝဂ္ဂဝိနိစ္ဆယ၊ အဋ္ဌသမောဓာနပရိဝါသဝိနိစ္ဆယ၊ ဒွိသန္တက ဝိနိစ္ဆယ (အဆုံးအဖြတ်) အစရှိသော ကျမ်းစာများကို ရေးသားပြုစုတော်မူသည်။

ဆရာတော်သည် သံဃာတော်များ ချမ်းသာစွာ စာပေသင်ယူနိုင်ရန် ရည်ရွယ်၍ ကျောက်တန်းမြို့၊ ဇေယျာပူရကျောင်းတိုက်ကို မင်းကျောင်းပရိယတ္တိ စာသင်တိုက်၏တိုက်ခွဲအဖြစ်တည်ထောင်ပြီး စာသင်သား သံဃာ ၁၀၀ ခန့်အား ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ စာချတန်းဆိုင်ရာ စာဝါများကို တပည့်များအား ပို့ချစေလျက် ပရိယတ္တိသာသနာတိုးတက်ကြီးပွားအောင် ဆောင်ရွက်တော်မူသည်။ မိမိကိုယ်တိုင်လည်း မဟာစည်ဆရာတော် ဘုရားကြီးထံ၌ ဝိပဿနာဘာဝနာတရားများကို နည်းခံအားထုတ်ခဲ့ပြီး ကျောင်းတိုက်ရှိယောဂီများကိုလည်း နေ့စဉ်နေ့တိုင်း တရားပြခြင်း၊ ဒုလ္လဘ တရားစခန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ပဋိပတ္တိသာသနာတော်တိုးတက်စည်ပင်အောင် အားပေးဆောင်ရွက်တော်မူသည်။

သံဃာ့အဖွဲ့.အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ဆရာတော်သည် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း သက် တော် ၈၅ နှစ်၊ သိက္ခာတော် ၆၄ ဝါအရ ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၇ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

မောင်ညီထွန်း (မြန်မာစာ)

စောတိပါလ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၈၃–၁၃၇၂)။ ။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥပဥဇ္ဈာ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စောတိပါလကို ခမည်းတော် ဦးဘိုးသုံ၊ မယ်တော် ဒေါ်အုန်းပွင့်တို့က ၁၂၈၃ ခုနှစ်၊ နယုန်လဆန်း ၂ ရက်တွင် ကဝမြို့နယ် နီဗွာန်ကျေးရွာ၌ ဖွားမြင်သည်။



ဘဒ္ဒန္တ စောတိပါလ

ဆရာတော်သည် ၁၂၉၄ ခုနှစ်တွင် နီဗွာန်ကျေးရွာ နီဗွာန်တောင်ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၀၂ ခုနှစ်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယာမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် သီလဝိသောဓနီသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ကဝမြို့.နယ် နီဗွာန်ကျေးရွာ နီဗွာန်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏဝံသ၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမေဓ၊ ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တဉာဏာဘိဝံ၊ ဘဒ္ဒန္တသုဇာတ၊ ညောင်တုန်းမြို့.ရွှေဟင်္သာတောရဆရာတော် ဘဒ္ဒန္တဝါယာမ၊ ဘဒ္ဒန္တကလျာဏ၊ ဘဒ္ဒန္တ စောဂရ၊ ဘဒ္ဒန္တဝိမလ၊ ဘဒ္ဒန္တဉာဏဝံသ၊ စစ်ကိုင်းမြို့ မဟာစေတီလှ စာချဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တ နာရဒ၊ ဘဒ္ဒန္တ ဣန္ဒာသဘ၊ ဆရာတော်ဦးကြွယ်၊ အမရပူရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏ်သ၊ မြင်းဝန်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏ်သ၊ ရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူပြီး ၁၃၁၅ ခုနှစ်တွင် သာသနဓဇသိရိပဝရဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူသည်။

ဆရာတော်သည် ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၌ စာသင်သားရှင်သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူသည်။ ပဲခူးမြို့.နယ် သံဃမဟာပဝါရဏာပွဲနှင့် ဝိနည်းစာပြန်ပွဲ ဝန်ဆောင်ချုပ်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဓိရ၊ နိုင်ငံတော် သီးခြားဝိနည်းဓိရ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရွှေကျင်နိကာယဥပဇ္ဈာ၊ မဟာနာယက၊ တွဲဖက်ရွှေကျင်သာသနာပိုင်စသော သာသနာရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူသည်။

ဆရာတော်သည် မဟာဝဂ္ဂါဒိဂန္ဓသတ္ထက ပါဠိပါရဂူကျမ်း၊ ပါဠိမဂ္ဂင်္ဒသကဝိဘာဝနီကျမ်း၊ ပါဠိပညာဗျာကရဏ ဝိဘာဝနီကျမ်း၊ ဘာဝနာရသ ဝိဘာဝနီကျမ်း၊ အမတရသ ဝိဘာဝနီကျမ်း၊ အရိယာမဂ္ဂင်္ဂဏ ဝိဘာဝနီကျမ်းစသော ကျမ်းပေါင်း ၄၂ ကျမ်းကို ပြုစုရေးသားတော်မူသည်။ ထို့ပြင် စာသင်တိုက်ခွဲပေါင်း ၄၅ တိုက်ဖွင့်လှစ်တည်ထောင်တော်မူသည်။

ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များကို ခံယူရရှိတော်မူသည်။

ဆရာတော် ဘဒ္ဒန္တဇောတိပါလသည် ၁၃၅၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

စိုးအောင်

ဉာဏ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၈၄–၁၃၅၃)။ ။ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မင်းပြားမြို့ ဇေယျသုခကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏကို ခမည်းတော် ဦးမွေးလှအောင်၊ မယ်တော် ဒေါ်ဂေါက်ကေတို့က ၁၂၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်တွင် မောင်တောမြို့နယ်၊ မြို့သစ်ကျေးရွာ၌ ဖွားမြင်သည်။

ဆရာတော်သည် ၁၇ နှစ်သား အရွယ်တွင် နခေါင်းချောင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ သက်တော် ၂၀ အရွယ်တွင် ကော့မှူးမြို့နယ်ရှိ အရိမဒ္ဒနာရာမကျောင်း ဆရာတော် ဘဒ္ဒန္တသြသဓကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ခဏ္ဍာသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ထို့နောက် ရန်ကုန်မြို့၊ ကော့မှူးမြို့၊ ဒေးဒရဲမြို့၊ ညောင်တုန်းမြို့၊ မန္တလေးမြို့များရှိ ပိဋကတ် အကျော် ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူ၍ အစိုးရဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ ၎င်းအပြင် မင်းပြားမြို့ ပဉ္စရက္ခိဘုရား၊ ကျိန်းတောင်ဘုရားနှင့် စစ်တွေမြို့ လောကမာရဇိန်ဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ ပြည်နယ်သံဃနာယက အဖွဲ့ (မဟာဒွါရ) အဖွဲ့ဝင်နှင့် ပြည်နယ်ဝိနည်းမိရိုးအဖြစ်လည်းကောင်း၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ မင်္ဂလသုခပါဠိတက္ကသိုလ်၊ မြောက်ဦးမြို့ ဘုရားပေါ်ကျောင်းတိုက်နှင့် မင်းပြားမြို့



ဘဒ္ဒန္တ ဉာဏ

ဇေယျသုခကျောင်းတိုက်တို့၌ စာပေများ ပို့ချတော်မူခဲ့သည်။ ၁၃၇၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၃၆၀ ပြည့်နှစ်တွင် ရရှိတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တဉာဏသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

စိုးအောင်

တိဿဝရ၊ ဘဒ္ဒန္တ(မြန်မာ ၁၂၇၈–၁၃၇၃)။ ။ နိုင်ငံတော်ဩဝါဒါစရိယ၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းဝါဆိုကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိဿဝရကို ခမည်းတော် ဦးဖိုးစိန်၊ မယ်တော် ဒေါ်အုန်းညွန့်တို့က ၁၂၇၈ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၊ ကိုင်းငယ်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် အသက် ၁၂ နှစ်အရွယ်တွင် ပြည်မြို့နယ် ကျခပ်ကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၇ ခုနှစ်တွင် ခွေးသေကျောင်းဆရာတော် ဘဒ္ဒန္တဉာဏကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ခွေးသေကျောင်း ခဏ္ဍာသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။



ဘဒ္ဒန္တ တိဿ

ဆရာတော်သည် ပြည်မြို့ ကျခပ်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမ၊ မင်းတုန်းမြို့နယ် ကိုင်းငယ်ကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တပုည၊ ဘဒ္ဒန္တနာဂ၊ ဘဒ္ဒန္တမုနိန္ဒ၊ မန္တလေးမြို့ ရှိ အသောကာရာမတိုက်ဧာတိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ဘုရားကြီးတိုက်ဆရာတော် ဦးကြယ်၊ ဦးနာရဒ၊ ရွှေရေးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တအာဒိစ္စရံသီ၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသ၊ အမရပူရမြို့ တူးမောင်းတိုက်ဆရာတော်တို့ထံ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများ သင်ယူဖြေဆိုအောင်မြင်တော်မူပြီး ပိဋကတ်စာပေများကို နိကာယ်ငါးရပ်အထိ သင်ယူဆည်းပူးတော်မူသည်။

ဆရာတော်သည် နဝင်းဝါဆိုကျောင်းတိုက်ရှိ စာသင်သား သံဃာတော်များအား အခြေခံမှစ၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာဝါများနှင့် ဝိနည်းတော်ငါးကျမ်းတို့ကို သက်တော် ၈၈ နှစ်အထိ ဝို့ချတော်မူသည်။ မင်းတုန်းမြို့နယ် ကိုင်းငယ်ကျေးရွာ၌ စေတီပုထိုးများ ပြုပြင်တည်ဆောက်တော်မူသည်။ ပြည်မြို့နယ်၊ ကျခပ်ကျေးရွာ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးတော်မူပြီး ဝတ်အသင်းများတည်ထောင်တော်မူကာ သာသနာတော်အကျိုးဆောင်ရွက်တော်မူသည်။ ထို့ပြင် ၂၀၀၄ ခုနှစ်မှစ၍ နိဗ္ဗာန်တော်ကြွတော်မူသည့် ဆရာတော်အဖြစ် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူသည်။

ဆရာတော်ဘဒ္ဒန္တတိဿဝရသည် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

နိုးဆောင်

နရိန္ဒာဘရ၊ဘဒ္ဒန္တ(မြန်မာ ၁၂၈၅-၁၃၇၃)။ ။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ပမာနနာယက ဆရာတော် ဘဒ္ဒန္တ နရိန္ဒာဘရကို ခမည်းတော် ဦးကောင်းကင်၊ မယ်တော် ဒေါ်အေးခင်တို့က ၁၂၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်တွင် သဲကုန်းမြို့နယ်၊ မယ်ဇလီတိုင်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၂၉၇ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်တွင် မယ်ဇလီတိုင်းကျောင်း ဆရာတော် ဘဒ္ဒန္တဉာနာဘရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၀၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်တွင် သဲကုန်းမြို့နယ်၊ ကြို့ပင်သာကြီးကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တဇိနကို ဥပဇ္ဈာယ်ပြု၍ မယ်ဇလီတိုင်း ကျောင်းတိုက် ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် မယ်ဇလီတိုင်းကျောင်းတိုက် ဆရာတော်၊ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တ၊ ဒုတိယဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောက၊ တတိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏာဘိဓဇ၊ စတုတ္ထဆရာတော် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကေလာသတို့ထံတော်၌ ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၂၅ ခုနှစ်မှစ၍ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးဆိုင်ရာ



ဘဒ္ဒန္တ နရိန္ဒာဘာရ

စာဝါများနှင့် ဓမ္မာစရိယ ဆိုင်ရာစာဝါများ ပို့ချပေးတော်မူခဲ့သည်။ ထို့အပြင် ကြို့ပင်ကောက်မြို့နယ် ရွှေကျောင်းပဝါရဏာဂိုဏ်း တွဲဖက်အကျိုးတော်ဆောင်၊ မြို့နယ်ဝိနည်းဓိရ်၊ မြို့နယ်ပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ်သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၅၂ ခုနှစ်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖြစ် တာဝန်ပေးသဖြင့် တတိယအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ၁၃၇၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိသည်။

ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၃၅၉ ခုနှစ်တွင်လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ၁၃၆၈ ခုနှစ်တွင်လည်းကောင်း ရရှိတော်မူသည်။

အဘိဓဇမဟာဂုရု ရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တနရိန္ဒာ

စာရသည် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ၁၃၇၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

စိုးအောင်

သီဟဗလ၊ ဘဒ္ဒန္တ (အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိပါရဂူ) (မြန်မာ ၁၂၈၄–၁၃၇၂) ။ ။ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ ထီးလှိုင်ရွာကျောင်းဆရာတော် ဘဒ္ဒန္တသီဟဗလကို ခမည်းတော်ဦးမြခိုင်၊ မယ်တော် ဒေါ်မိတို့က ၁၂၈၄ ခုနှစ် ပြာသိုလဆန်း ၅ ရက်တွင် ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၂၉၅ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်တွင် ထီးလှိုင်ကျောင်း၊ ဘုန်းတော်ကြီး ဦးကုသလကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်တွင် ထောက်ကြံခြင်းကျောင်းဆရာတော်ကြီး ဦးကလျာဏကို ဥပဇ္ဈာယ်ပြု၍ ထီးလှိုင်ကျောင်းခဏ္ဍာသိမ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ဘုန်းတော်ကြီး ညောင်လွန်ဆာရဆရာတော်ကြီး၏တပည့် ဦးကုသလ၊ နေပြည်တော်တပ်ကုန်းမြို့ ညောင်လွန်တောရဆရာတော် ဦးနာယက၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသ၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဦးစန္ဒာဘာသာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဦးဉာဏဝံသ၊ မဟာဝေယျဘုံသာတိုက် သံတော်ဆင့်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ (ဓမ္မာစရိယ၊ ဘီအေ၊ စာချ) ၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းဆရာတော် ဘဒ္ဒန္တဉာနိက (အဂ္ဂမဟာ

ပဏ္ဍိတ)၊ ပါဠိကာရိသုံးခွကျောင်းဆရာတော် ဘဒ္ဒန္တဝရသာမိဘိဝံသအစရှိသော ကျမ်းတတ်အကျော် ဆရာတော်များထံတွင် ပိဋကတ်ကျမ်းစာများကို သင်ယူဆည်းပူးတော်မူသည်။ ဆရာတော်သည် အဓိုးရစာချတန်းအောင်မြင်၍ စာချတန်းဂုဏ်ထူးဆောင်ကျမ်းများကိုမူ ပါဠိဘာသာဖြင့် အောင်မြင်ခဲ့သည်။

ဆရာတော်သည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ တောင်ခွင်မင်းကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဘော်လိုင်ရွှေဦးကျောင်းတိုက်နှင့် ရမည်းသင်းမြို့ ထီးလိုင်ရွာကျောင်းတိုက်များတွင် စာပေကျမ်းဂန်များကို ပို့ချတော်မူခဲ့ပြီး ဓာတုကထာဓယားပုံကျမ်း၊ ကျောင်းထိုင်ဘုန်းကြီးကိုးကွယ်နည်း၊ ပိဋကတ်လမ်းညွှန်ကျမ်းကြီး (ပ)တွဲ (ဒု)တွဲ၊ ကမ္မဿကထာဉာဏ်အလင်းပြကျမ်း၊ ညောင်လွန်.တောရတရားအားထုတ်နည်းနှင့် အရိယာစစ်တမ်းကျမ်း၊ မြင်းခြံမြို့နယ် ကျွတ်ပင်တောရသမိုင်းနှင့် ထီးလိုင်ဝတ်ရွတ်စဉ် အစရှိသောကျမ်းစာများကို ရေးသားပြုစုပုံနှိပ်၍ အခမဲ့လှူဒါန်းတော်မူခဲ့သည်။

ဆရာတော်သည် ကိုဏ်းပေါင်းစုံသံဃာအဖွဲ့အစည်းကြီးပေါ်ပေါက်လာပြီးနောက်တွင် နိုင်ငံတော်ဝိနည်းဓိရ (သဘာပတိ)တာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။

ဆရာတော်သည် ရမည်းသင်းမြို့နယ်၊ နေပြည်တော်တပ်ကုန်းမြို့နယ်များ၌ ဓမ္မကထိက တာဝန်ကို အမျှားဆုံးထမ်းဆောင်တော်မူခဲ့ပြီး ညောင်လွန်.တောရ၊ ရန်ကုန်၊ မော်လမြိုင်၊ မုဒုံ၊ မြင်းခြံ တရားပြဌာနများ၌ ညောင်လွန်.တောရတရားအားထုတ်နည်းကို လှည့်လည်ပြသခဲ့သည်။

ဆရာတော်သည် လဖွီပေသလ၊ သိင်္ဂီကာကာမဝိနယဂရုက၊ ပရိယတ္တိဝိသာရဒစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသဖြင့် ၁၃၅၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ ထီးလိုင်အုပ်စု၊ ထီးလိုင်ကျောင်းပဓာနနာယက၊ ပိဋကတ်လမ်းညွှန်ကျမ်းကြီးနှင့် နာနာဂုဏ်ကာရက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ ပါဠိပါရဂူ ဆရာတော် ဘဒ္ဒန္တ သီဟဇလသည် သာသနာတော်အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း သက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါအရ ၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

မောင်ညီထွန်း (မြန်မာစာ)

သုမနသာဂရ၊ ဘဒ္ဒန္တ (အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက) (မြန်မာ ၁၂၈၂-၁၃၇၂)။ ။

ဆရာတော်ဘဒ္ဒန္တသုမနသာဂရကို ဓမည်းတော် ဦးစံညွှန့်၊ မယ်တော် ဒေါ်ဟေတို့က ၁၂၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ကြဓတ်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၂ နှစ်သားအရွယ်တွင် ကြဓတ်ရွာကျောင်း ဆရာတော်ဦးသောဘနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်တွင် ဆည်တော်ကြီး တောရဆရာတော် ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ မုံရွာမြို့ ဦးကျော်၊ ဒေါ်တောကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ကြဓတ်ရွာ ဦးသောဘန၊ မုံရွာမြို့ မြို့မ ရွှေကူတိုက်ဆရာတော် ဦးကေသရ၊ ဦးသိရိန္ဒ၊ ဆိပ်ခွန်ရွာဆရာတော်ဦးစာဂရ၊ ဦးအရိန္ဒမ၊ မန္တလေးမြို့ဆီးဘန်နီကျောင်းတိုက်ဆရာတော် ဦးအာစာရာဘိဝံသ၊ ဘုရားကြီးတိုက်ဆရာတော် ဦးနာရဒ၊ မြန်အောင်မြို့ ရွှေကျောင်းဆရာတော် ဦးသုစရိတာဘိဝံသ၊ ရန်ကုန်မြို့ အရှင်အာဒိစ္စဝံသကျောင်းတိုက်ဆရာတော် ဦးအာဒိစ္စ (ဆရာကြီးဦးအောင်မြတ်ထွဋ်)၊ ဦးဣဿရိယ၊ ဦးနာဂသေန

မထေရ်မြတ်တို့ထံ၌ ၁၅ နှစ်ကြာ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ပိဋကတ်ကျမ်းစာများနှင့် အင်္ဂလိပ်စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

၁၉၅၅ ခုနှစ်၊ ဇူလိုင်လတွင် သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့သို့ ကြွရောက်၍ ကန္ဒီမြန်မာကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက် သာသနာပြုလုပ်ငန်းများကို ၄၅ နှစ်တိုင်တိုင် အားကြိုးမာန်တက်ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် သီရိလင်္ကာနိုင်ငံတွင် သီတင်းသုံးနေထိုင်စဉ် ဂျာမနီနိုင်ငံ ဟန်းဘတ်မြို့ရှိ ဒကာ ဒကာမတို့၏ ပင့်ဖိတ်မှုအရ ယင်းတို့၏ နေအိမ်၌ တစ်လကျော် သီတင်းသုံးလျက် ဗုဒ္ဓဘာသာကို လေ့လာလိုသော ဂျာမန်လူမျိုးများအား ဗုဒ္ဓဘာသာအခြေခံနှင့်အဆင့်မြင့် သဘောတရားများကို နေ့စဉ်သင်ကြားပေးကာ စစ်မှန်သော ဗုဒ္ဓဘာသာဝင်အဖြစ် သို့ ရောက်ရှိအောင်၊ သက်ဝင်ယုံကြည်လာအောင် ဟောပြောစည်းရုံးခြင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူ ကမ္မဋ္ဌာန်းဌာနမှ ပင့်ဖိတ်သဖြင့် ကြွရောက်၍ ဝိပဿနာကမ္မဋ္ဌာန်းတရားများ ဟောကြားပြသပေးခြင်း၊ အင်္ဂလန်၊ သြစတြေးလျ၊ အိန္ဒိယ၊ နီပေါ၊ ထိုင်း၊ စင်ကာပူ စသော ပြည်ပနိုင်ငံများသို့လည်း ကြွရောက်၍ ဗုဒ္ဓအယူဝါဒတရားတော်များကို ဟောပြောပြသကာ သာသနာပြုခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည့်အပြင် မြန်မာနိုင်ငံနိုင်ငံတော်သံဃမဟာနာယက အဖွဲ့၏ ပရဒေသိသံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းကိုလည်း ခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင် အမေရိကန်မာနိုင်ငံတော်သို့ ပြန်လည်ကြွရောက်လာပြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ အမှတ် ၉၄ ရပ်ကွက်၊ ယုဇန၊ ဥယျာဉ်မြို့တော်ရှိ မြန်မာကန္ဒီကျောင်းတိုက်ကြီးကို အလှူခံသီတင်းသုံးတော်မူသည်။

၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆရာတော်သည် သက်တော် ၉၁ နှစ်၊ သိက္ခာတော် ၇၁ ဝါအရ ၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

မောင်ညီထွန်း (မြန်မာစာ)

သုမင်္ဂလ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၉၂–၁၃၇၂)။ ။ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် မဟာနာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလကို ခမည်းတော် ဦးဖိုးအောင်၊ မယ်တော် ဒေါ်ဖွားကြီးတို့က ၁၂၉၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်တွင် တောင်သာမြို့နယ်၊ မြို့ဘကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၃၀၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် မြို့ဘကျေးရွာ မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၁၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်တွင် မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ ကို ဥပဇ္ဈာယ်ပြု၍ ဆရာတော်၏ပစ္စယာနုဂ္ဂဟဖြင့် မြို့ဘကျောင်း ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် မြို့ဘကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒ၊ ဘဒ္ဒန္တရေဝတစသော စာချဆရာတော်များထံ၌ လည်းကောင်း၊ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမနှင့် စာချဆရာတော်များထံ၌ လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရနှင့် စာချဆရာတော်များထံ၌ လည်းကောင်း၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ယူတော်မူခဲ့ပြီး မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရနိကာယ်ဂုဏ်ထူးသုံးကျမ်းနှင့်တကွ ဓမ္မာစရိယ စာချတန်းစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။ ၁၃၃၀ ပြည့်နှစ်မှစ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နှစ်ပေါင်း ၄၀ တိုင် ပို့ချတော်မူခဲ့ပြီး ပခုက္ကူမြို့နယ် ဝိနည်းရိုရ်အဖြစ်လည်းကောင်း၊



ဘဒ္ဒန္တ သုမင်္ဂလ

မကွေးတိုင်းဒေသကြီး ဝိနည်းမိုရ်အဖြစ်လည်းကောင်း၊ ပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပခုက္ကူမြို့ မဟာဝိသုတာရာမနိကာယတစ်ခုလုံး၏ မဟာဝိနာယကနှင့် နိဒ်ဒံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် နိဒ်ဒံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၃၅၆ ခုနှစ်တွင်လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၃၆၁ ခုနှစ်တွင်လည်းကောင်း ရရှိတော်မူခဲ့သည်။

ဆရာတော်ဘဒ္ဒန္တသုမင်္ဂလသည် ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်တွင် ပျံလွန်တော်မူသည်။

နိုးအောင်

သံဝရ၊ ဘဒ္ဒန္တ (မုံလယ်တောရ ဆရာတော်ကြီး) (မြန်မာ ၁၂၈၂-၁၃၇၂)။ ။အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရကို ခမည်းတော် ဦးငွေထွန်း၊ မယ်တော် ဒေါ်ဆေးရန်တို့က ၁၂၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်တွင် ဂန့်ဂေါမြို့နယ်၌ ဖွားမြင်တော်မူသည်။ ငယ်နာမည်မှာ မောင်ဝသိန်းဖြစ်သည်။

အသက် ၁၄ နှစ်အရွယ်တွင် မုခ်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တသောဘိတကို ဥပဇ္ဈာယ်ပြု၍ မိထွေး

ဒေါ်ဆေးသွယ်၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ရှင်သာမဏေတစ်ဝါအရတွင် လူဝတ်လဲသည်။ အသက် ၅၆ နှစ်အရွယ်တွင် ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါ၊ မုံလယ်တောရဆရာတော် ဘဒ္ဒန္တဇာဂရကို ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ်ရှင်သာမဏေအဖြစ်သို့ ရောက်ရှိသည်။ အသက် ၅၇ နှစ်အရွယ်တွင် အနောက်ဂန့်ဂေါကျေးရွာ၊ မာန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တသုစိတ္တာလင်္ကာရကို ဥပဇ္ဈာယ်ပြု၍ ကုန်သည်ကြီး ဦးအေးဖေ၊ ဒေါ်အုန်းကြည်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဒုတိယအကြိမ် ရှင်သာမဏေဘဝတွင် မုံလယ်တောရကျောင်း၏ တောင်ဘက်ရှိ ရေကန်နောက်၌ တဲထိုး၍ သီတင်းသုံးကာ တရားအားထုတ်တော်မူသည်။ ရဟန်းခြောက်ဝါအရတွင် မန္တလေးမြို့ မြို့ဟောင်းမင်္ဂလာတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မိဿရ၊ မြို့ဟောင်းတောင်ပြင်တိုက်ဆရာတော် ဘဒ္ဒန္တသုမနတို့ထံ၌ မိုးကုတ်ဆရာတော်ကြီး၏ ဝိပဿနာနည်းဖြင့် ကျင့်ကြံရှုမှတ်းတရားအားထုတ်တော်မူသည်။

ဆရာတော်သည် ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ကြွရောက်တော်မူပြီး တရားဟောကြားတော်မူသည်။ ၁၉၉၁ ခုနှစ်တွင် ရှမ်းပြည်နယ်၊ မဘိမ်းမြို့၌ တရားစခန်းဖွင့်လှစ်ပြီး မိုးကုတ်မြို့၊ မိုးမိတ်မြို့နှင့် မန္တလေးမြို့များ၌ တရားပွဲများချီးမြှင့်ဟောကြားတော်မူသည်။ ၁၉၉၂ ခုနှစ်တွင် ပဲခူးမြို့နယ်၊ ဆယ်မိုင်ကုန်း၌ မုံလယ်သာသနာ့ရိပ်သာကို ဖွင့်လှစ်၍ တရားဓမ္မများဟောကြားတော်မူသည်။ ထို့အပြင် အနယ်နယ်အရပ်ရပ်သို့လည်း ကြွရောက်တော်မူပြီး တရားစခန်းများဖွင့်လှစ်ကာ တရားတော်များ ဟောကြားတော်မူသည်။ ၁၉၉၇ ခုနှစ်မှစတင်၍ ပဲခူးမြို့နယ်၊ ဆယ်မိုင်ကုန်းရှိ မုံလယ်သာသနာ့ရိပ်သာ နယ်မြေ၌ တရားစခန်းများဖွင့်လှစ်၍ တရားဟောခြင်း၊ တရားပြခြင်းတို့ကို ဆောင်ရွက်တော်မူသည်။ အနောက်ဂန့်ဂေါမုံလယ်တောရကျောင်း မုံလယ်ဓမ္မရိပ်သာကျောင်းတိုက်အပြင် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်း၊ ဂန့်ဂေါမြို့နယ် မင်းကျေးရွာ၊ ကျိုင်းတုံမြို့နှင့် ပုသိမ်ကြီးမြို့နယ်



ဘဒ္ဒန္တ သံဝရ

ရေတံခွန်တောင်ခြေအနီးတို့၌ မုံလယ်ဓမ္မရိပ်သာကျောင်းတိုက်ခွဲများဖွင့်လှစ်ပြီး တရားဓမ္မများဟောကြားတော်မူသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ ကြွရောက်တော်မူ၍ တရားဟော၊ တရားပြရုံသာမက အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ ထိုင်း၊ ဇပ်ံလန်၊ စင်ကာပူ စသည့်နိုင်ငံများသို့ သာသနာပြုခရီးကြွရောက်တော်မူပြီး တရားစခန်းများ ဖွင့်လှစ်ဟောကြားတော်မူသည်။

၁၉၆၁ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆရာတော်အား အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မုံလယ်တောရဆရာတော်ဘဒ္ဒန္တသံဝရသည် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူရင်း ၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်တွင် မန္တလေးမြို့၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

ဩဘာသ၊ ဘဒ္ဒန္တ (အဘိဓဇမဟာရဋ္ဌဂုရု) (မြန်မာ ၁၂၈၆–၁၃၇၂) ။ ။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကော့လာပရိယတ္တိစာသင်တိုက် ပဓာနနာယက ရိုင်ငံတော်ဩဝါဒစရိယဆရာတော် ဘဒ္ဒန္တဩဘာသကို ခမည်းတော်ဦးသိန်းဖေ၊ မယ်တော် ဒေါ်မပုတို့က ၁၂၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက်တွင် သထုံခရိုင် ပေါင်မြို့နယ် ကော့ထော်ကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်သည် ၁၃၀၀ ပြည့်နှစ် ကဆုန်လဆန်း ၃ ရက်တွင် ကော့ထော်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူပြီး ၁၃၀၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် နံနက် ၈ နာရီ ၃၀ မိနစ် အချိန်တွင် ကော့ထော်ကျေးရွာကျောင်း ခဏ္ဍသိမ်တော်၌ ကော့ကရင်ကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် ပေါင်မြို့နယ် ကော့ထော်ကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ သထုံမြို့ညောင်လေးပင်ကျောင်း ဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ၊ မော်လမြိုင်မြို့အရှေ့ကုံကော်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝါယမ၊ မော်လမြိုင်မြို့ တောင်လေးလုံး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် တမွဝတီကျောင်းဆရာတော် ဘဒ္ဒန္တ အရိယတို့ထံ၌ အခြေခံမှစ၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူ၍ သာသနာ့ဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် မွန်ပြည်နယ်အတွင်းရှိ ရွာဟောင်းပုထိုးစေတီတော်များ၊ ဓမ္မာရုံများကို ဘက်စုံပြုပြင်ခြင်းနှင့် အသစ်တည်ထားခြင်းတို့၌ ပါဝင်ဆောင်ရွက်တော်မူခြင်း၊ မော်လမြိုင်မြို့ပေါ်ရှိ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသဖြင့် အများပြည်သူဒါယကာ ဒါယိကာမများ၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူသည်။

ဆရာတော်သည် မော်လမြိုင်မြို့ ကော့လာပရိယတ္တိစာသင်တိုက်နှင့် ဆင်ဖြူစာသင်တိုက်၊ ဝိသုဒ္ဓါ

ရာမစာသင်တိုက်၊ သာသနာ့ဓေယျုစာသင်တိုက်တို့၌ တပည့်ရဟန်းသာမဏေတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူရင်း စစ်ကိုင်းတောင်ရိုး နန္ဒမူချောင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကို အခြေခံ၍ ပြုစုသော "နန္ဒမူဝိပဿနာရှုနည်းကျမ်း" စသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဆရာတော်သည် ကော့လှာပရိယတ္တိ စာသင်တိုက် အတွင်း၌ ဓမ္မောဇာလယသင်တန်း နာယက ဆရာတော်၊ မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်း၊ သုသမာစာရအသင်း၊ ဝိနယာနုဂ္ဂဟအသင်းတို့နှင့် ကျိုက်သလွန်စေတီတော်၊ မဟာမြတ်မုနိဘုရား၊ ဦးခန္တီဘုရားဂေါပက အဖွဲ့တို့၏ ဩဝါဒစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူလျက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် (၁၀)နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော် ဩဝါဒစရိယ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

နိုင်ငံတော်အစိုးရက ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ၁၃၅၇ ခုနှစ် တွင်လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို ၁၃၆၉ ခုနှစ်တွင်လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဆရာတော်သည် သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါအရ ၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၇ ရက်တွင် ပျံလွန်တော်မူသည်။

မောင်ညီထွန်း (မြန်မာစာ)



ဒေါက်တာ ကုန်ဖြိုး

ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၂ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်တွင် ဘီးလင်းမြို့နယ်၊ ကရဝေးဆိပ်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သရက်ကုန်းကျောင်း ဥဒကုက္ခေပသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်သည် သရက်ကုန်းကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒ၊ သထုံမြို့နယ် နောင်ဘိုကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တရာဓိန္ဒ၊ ဘဒ္ဒန္တသာသန၊ ဝင်းစိန်ကျေးရွာ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မန္တလေးမြို့ ညောင်ကန်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒနှင့် ဆရာတော်ဦးကြွယ်၊ အသောကာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလတို့ထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်၍ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းစာသင်သံဃာ ၉၀ ကျော်တို့အား ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲပြီး စာပေသင်ကြားပို့ချတော်မူသည်။ ထို့ပြင် ကရင်-မြန်မာနှစ်ဘာသာဂါထာပဒေသာကျမ်း၊ ကရင်ဘာသာပြန် သီလကွန်ပါဠိတော်၊ ကရင်ဘာသာပြန်သဒ္ဒါ၊ သင်္ဂြိဟ်၊ ဝိနည်းငယ်လေးစောင်၊ ကရင်ဘာသာပြန် ဓမ္မစကြာအဖြေ

ကျမ်း၊ ကရင်ဘာသာပြန်ဓမ္မပဒကျမ်းတို့ကို တည်းဖြတ်တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၃၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်တည်ထောင်၍ တရားစခန်းဖွင့်လှစ်ကာ တရားပြတော်မူခဲ့သည်။ ၁၃၄၂ ခုနှစ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတွင် ဘားအံအခြေခံဒေသ မူလသံဃာ့ဝန်ဆောင် ၆၆ ပါး၌ ပါဝင်တော်မူခဲ့ပြီး ၁၃၄၂ ခုနှစ်၊ နယုန်လပြည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၃၄၇ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒစရိယအဖြစ် ပျံလွန်ချိန်အထိ ဆောင်ရွက်တော်မူသည်။ ထို.ပြင် ရန်ကုန်မြို. နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဝိဇ္ဇာလဟာကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကအဖြစ် ဦးစီးဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့.တံဆိပ်တော်၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့.တံဆိပ်တော်နှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့.တံဆိပ်တော်များကို ခံယူရရှိတော်မူသည်။

ဆရာတော် ဘဒ္ဒန္တကျွန်ုပ်ယသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။

စိုးအောင်

ခင်မောင်ဝင်း၊ ဒေါက်တာ(၁၉၂၉–၂၀၁၁)။ ။ဒေါက်တာခင်မောင်ဝင်းကို ဦးညိမ်း၊ ဒေါ်ကြင်တို့က ၁၉၂၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်တွင် မန္တလေးမြို့၌ မွေးဖွားသည်။

ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ) သည် မန္တလေးမြို့ရှိ တိုင်းချစ်အလွတ်ပညာသင်ကျောင်း၊ သံတဲကျောင်း၊ အစိုးရမူလတန်းလွန်ကျောင်း၊ ပရိယူနီဟာစီတီကျောင်း၊ မန္တလေးဥပစာကောလိပ်တို့၌ ပညာသင်ယူသည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဒဿနိကဗေဒပထမနှစ် (ဂုဏ်ထူးတန်း) သို့ တက်ရောက်ပညာသင်ယူသည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်



ဒေါက်တာခင်မောင်ဝင်း

တက္ကသိုလ်မှ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ရရှိသည်။၁၉၅၄ ခုနှစ်တွင် ယေးလ်တက္ကသိုလ်သို့ သွားရောက်ပညာသင်ယူသည်။ ယေးလ်တက္ကသိုလ်မှ ၁၉၅၆ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့နှင့် ၁၉၅၈ ခုနှစ်တွင် ပါရဂူဘွဲ့ကို ရရှိသည်။

ဒေါက်တာခင်မောင်ဝင်း(ဒဿနဗေဒ)သည် ၁၉၅၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်၌ နည်းပြနှင့်ကထိကတာဝန်များကို ထမ်းဆောင်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၌ ဒဿနိကဗေဒပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ပညာရေးတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၄ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၈၀ ပြည့်နှစ်အထိ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၈၀ ပြည့်နှစ်တွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၈၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ယူနက်စကိုဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်၊ ဆွစ်ဇာလန်နိုင်ငံ၊ စပိန်နိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတာဝန်များကို ပူးတွဲထမ်းဆောင်သည်။ ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အိန္ဒိယနိုင်ငံဆိုင်ရာ

မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် မောရစ်ရွပ်နိုင်ငံနှင့် အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတာဝန်များကို ပူးတွဲထမ်းဆောင်သည်။ ၁၉၈၉ ခုနှစ်တွင် သံအမတ်ကြီးအဖြစ်မှသက်ပြည့်အငြိမ်းစားယူသည်။ အငြိမ်းစားယူပြီးနောက် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၊ ဂုဏ်ထူးဆောင်ပါမောက္ခတာဝန်ကို ထမ်းဆောင်သည်။

ဒေါက်တာစင်မောင်ဝင်း(ဒဿနဗေဒ)သည် အခြေခံယုတ္တိဗေဒစာအုပ် (ဦးဆန်းလွင်နှင့်တွဲ၍) ဒဿနိကနှင့်စိတ်ပညာ ဆိုင်ရာစာတမ်းများ၊ အတွေးသစ်ကိုဖန်တီးသူများ၊ အနောက်တိုင်း ဒဿနအမြင်ကို မြန်မာမျက်စိဖြင့်ကြည့်ခြင်း၊ လူကိုယ်ကျင့်တရားနှင့် ဒဿနရွထောင့်၊ ဒဿနကို မြတ်နိုးခြင်းစသော စာအုပ်များကို ရေးသားပြုစုသည်။ ဒေါက်တာစင်မောင်ဝင်း (ဒဿနဗေဒ) သည် ၁၉၈၂ ခုနှစ်တွင် နိုင်ငံတော်ကချီးမြှင့်သည့် နိုင်ငံ့ဂုဏ်ရည် ဘွဲ့ (ပထမဆင့်) ကို ရရှိသည်။

ဒေါက်တာစင်မောင်ဝင်း (ဒဿနဗေဒ) သည် ၂၀၁၁ ခုနှစ်၊ ဧန်နဝါရီလ ၉ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားတစ်ဦး၊ သမီးတစ်ဦး၊ မြေးလေးဦးနှင့် မြစ်တစ်ဦးကျန်ရစ်သည်။

နိုးအောင်



ချိုးဖြူခေင်

ချိုးဖြူခေင် (၁၉၃၉–၂၀၁၁)။ ။ကလောင်အမည် ချိုးဖြူခေင်အမည်ခံ ဒေါက်တာမြင့်မြင့်သိန်းကို ဦးမြသိန်း၊ ဒေါ်အေးကြည်တို့က ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ညောင်ဦးမြို့၌ မွေးဖွားသည်။ မွေးချင်းမောင်နှမကိုးဦးအနက်အကြီးဆုံးဖြစ်သည်။

ညောင်ဦးမြို့ အထက်တန်းကျောင်းမှ အထက်တန်းအောင်မြင်ခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့၊ ၁၉၇၂ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုမှ မူလတန်းကြိုပညာရေး ကလေးစိတ်ပညာဘာသာရပ်ဆိုင်ရာပညာရေး ပါရဂူဘွဲ့ရရှိသည်။

ဒိုက်ဦးမြို့နယ်တွင် အလယ်တန်းပြဆရာမအဖြစ် စတင်အမှုထမ်းခဲ့သည်။ ထို့နောက် အထက်တန်းပြဆရာမအဖြစ် ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်းခံရသည်။ ထိုမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနသို့ ကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့သည်။ လူမှုဝန်ထမ်းဦးစီးဌာနတွင် ဒုတိယကျောင်းအုပ်၊ ကျောင်းအုပ်၊ အုပ်ချုပ်ရေးမှူး၊ ဦးစီးအရာရှိ၊ လက်ထောက်ညွှန်ကြားရေးမှူးတာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။

အငြိမ်းစားယူပြီးနောက် မူလတန်းကြိုသင်တန်းကျောင်းများတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပြီး ဒိုက်ဦးမြို့ အထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲတွင် ကန်တော့ခံ ဆရာမကြီးဖြစ်သည်။

အင်္ဂလိပ်ဘာသာနှင့် ရုရှားဘာသာတို့မှ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ပုံပြင်များကို ဘာသာပြန်ရေးသားခြင်းနှင့် ပင်ကိုရေးဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် "စိန်ဖြင့်ပြုလုပ်သော နှလုံးသားနှင့်အခြားဝတ္ထုတိုများ" စာမူဖြင့် ဝတ္ထုတိုပေါင်းချုပ်ဘာသာရပ်၌ စာပေဗိမာန်စာမူဆု ဒုတိယဆုရရှိခဲ့သည်။ စာပေလောကနှင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေများရေးသားခြင်းနှင့် သင်တန်းပို့ချခြင်းကို ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။ ချိုးဖြူခေင် ၏ ကလောင်ခွဲများမှာ ဒေါက်တာမြင့်မြင့်သိန်းနှင့် မမကြီးဖြစ်သည်။

ချိုးဖြူခေင်သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

စောမုံညင်း (၁၉၂၀–၂၀၁၁)။ ။ စောမုံညင်းကို အခွန်တော်မင်းကြီး ဦးစံတင်၊ ဒေါ်ဒေါ်မြို့တို့က ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်တွင် မိုးမိတ်မြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်ရင်ရင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ၊ ရာဇဝင်ဂုဏ်ထူး)နှင့် နိုင်ငံခြားဘာသာသင်သိပ္ပံမှ ဂျပန်ဘာသာဒီပလိုမာဘွဲ့ရရှိသည်။ အထက်တန်းကျောင်းသူဘဝမှစ၍ စာစတင်ရေးသားခဲ့သည်။ ဂျပ်ဆင်ကောလိပ်



စောမုံညင်း

မဂ္ဂဇင်းတွင် ဆောင်းပါး၊ ကဗျာရေးသားရာမှ စောမုံညင်း ကလောင်အမည်ခံယူခဲ့သည်။ အမျိုးသမီးကလောင်အဖွဲ့. ရန်ပုံငွေပြဇာတ်ဖြစ်သော 'ရတနာ့ဂုဏ်ရည်' ပြဇာတ်နှင့် 'ကိန္နရီမောင်နှံ' ပြဇာတ်တို့ကို ရေးသားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အင်ဒီပင်းဒင့် ဒေါ်စန်းကွယ်လွန်သည့် သုံးနှစ်မြောက်ကဗျာပြိုင်ပွဲတွင် ပထမရွေးတံဆိပ်ဆုရရှိသည်။ ၁၉၆၃ ခုနှစ်တွင် 'ရှေ့ဆောင်လူငယ် သောက်ရှူးကြယ်' စာအုပ်ဖြင့် အမျိုးသားစာပေဆု (ကလေးလူငယ်)တတိယဆုရရှိသည်။ ၁၉၆၅ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းက ချီးမြှင့်သော ယဉ်ကျေးမှုစာပေဒုတိယဆုကို 'မြန်မာမှုစုံ ပန်းရံ' စာအုပ်ဖြင့်ရရှိသည်။ မြတ်နိုးစရာ မြန်မာ့ရိုးရာများ၊ နော်ဇောကုံးနှင့် ပုလဲသွယ်၊ မြန်မာ့ဇာတ်သဘင် တစ်ခေတ်ပြောင်းလဲရေး၊ ကရင်ပြည်နယ် ဓာတ်ပုံမှတ်တမ်း၊ မြန်မာအမျိုးသမီးစသည့်စာအုပ်များအပါအဝင် ရိုးရာဓလေ့ထုံးစံ၊ တေးဂီတဆိုင်ရာ အနုပညာဆောင်းပါးများနှင့် ယဉ်ကျေးမှုရေးရာ ဆောင်းပါးများစွာ ရေးသားခဲ့သည်။

စောမုံညင်း၏ အခြားထူးခြားသည့်အရည်အချင်းအဖြစ် မဟာဂီတသီချင်းကြီးများကို ၁၄ နှစ်တိုင်သင်ယူခဲ့ပြီး ကိုယ်တိုင်သီဆိုအသံလွှင့်ခဲ့သည့်အပြင် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာ့အသံ ယဉ်ကျေးမှုရေးရာအဖြာဖြာ အခန်းကဏ္ဍတွင် တစ်လနှစ်ကြိမ် အသံလွှင့်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် 'မြန်မာအမျိုးသမီး ဆင်ယင်ထုံးဖွဲ့မှု' စာအုပ်ဖြင့် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ) ရရှိခဲ့သည်။ စောမုံညင်းသည် ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်တို့တွင် အကြံပေးပုဂ္ဂိုလ်၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့. နာယက၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့. ဗဟိုကော်မတီဝင် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှစာပေဆု (S.E.A Write Award) ကို ဆွတ်ခူးရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်အတွက် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)၊ ၂၀၀၄ ခုနှစ် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုနှင့် ၂၀၀၅ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် 'စောမုံညင်း၏ စောမုံညင်း' စာအုပ်ဖြင့် ဆရာဝန်တင်ရွေစာပေဆုရရှိသည်။

စောမုံညင်းသည် စာပေတာဝန်များကိုထမ်းဆောင်ရင်း ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် အမှတ် ၃၁၈၊ ဦးဝိစာရလမ်း ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်သည်။

စောရင်း၊ ဒေါ် (၁၉၀၆–၂၀၁၁) ။ ။ ဒေါ်စောရင်းကို ပန်းထိမ်ဆရာ ဦးဆန်း၊ ဒေါ်နှင်းဇင်တို့က ၁၉၀၆ ခုနှစ်၊ မတ်လ ၁၃ ရက်တွင် မြိတ်မြို့ ထားဝယ်စုရပ်၌ မွေးဖွားသည်။

မြိတ်မြို့. နေရှင်နယ်ကျောင်းတွင် နှစ်နှစ်ခန့်. တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်နေရှင်နယ်အမျိုးသမီး အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်း



ဒေါ်စောရင်

ဖြေဆိုအောင်မြင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိသည်။ ထို့နောက် မန္တလေး ဗုဒ္ဓဘာသာ အလယ်တန်းကျောင်းတွင် ကျောင်းအုပ် ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ဘီအီးဒီဘွဲ့ရရှိခဲ့သည်။ ရန်ကုန်နေရှင်နယ် အမျိုးသမီးကျောင်းတွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၁၉၄၁ ခုနှစ်တွင် ဦးသိန်းဟန် (ဇော်ဂျီ) (၁၉၀၇-၁၉၉၀)နှင့်လက်ထပ်၍ သမီးသုံးဦး မွေးဖွားသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ စာပေဗိမာန်တွင် လက်ထောက် စာတည်း အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ စာပေဗိမာန်၌ တာဝန်ထမ်းဆောင်နေစဉ် ကျောင်းသုံးစာအုပ်များကို ပြုစုရေးသားခဲ့ သည်။ ကျောင်းသုံးစာအုပ်အဖြစ် ရေးသားခဲ့သော စာအုပ်များမှာ ရွှေခေတ် ကမ္ဘာခရီးစဉ်၊ မြန်မာတစ်ခွင်ခရီးစဉ်၊ မြန်မာနိုင်ငံ သဘာဝအပိုင်းကြီး များ၊ မြန်မာနိုင်ငံပထဝီ၊ ကမ္ဘာ့သမိုင်း ပုံပြင်များ၊ အိမ်တွင်းမှသိပ္ပံ၊ အိမ်သူရွှဖွယ်တို့ဖြစ်သည်။

ကလေးများအတွက် သူရဲကောင်းပုံပြင်များ၊ စာနည်မယ်ပုံပြင် ပထမတွဲ နှင့် ဒုတိယတွဲ၊ မူလတန်း အတွက် ရာဇဝင်ပုံပြင်များ ရေးသားခဲ့သည်။ လုံမလေး မဂ္ဂဇင်းနှင့် မင်္ဂလာမောင်မယ်စာစောင်တို့တွင် ကလေး များအတွက် ပုံဝတ္ထုများရေးသားခဲ့သည်။ ကလောင် အမည် ဒေါ်စောရင်အပြင် ကြီးကြီးစောအမည်ကိုလည်း အသုံးပြုသည်။

နတ်နွယ်

ဒေါ်စောရင်သည် အသက် ၁၀၅ နှစ်အရွယ် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်တွင် အမှတ် ၁၀ (အေ)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ် လွန်သည်။

ရှင်စောဖြူ

နတ်နွယ်(၁၉၃၃-၂၀၁၁)။ ။ အမျိုးသားစာပေဆုရ စာရေးဆရာနတ်နွယ်ကို ဦးဘဝမ်း၊ ဒေါ်စောလုံတို့က ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှမြင့်ဖြစ်သည်။

မြစ်ကြီးနားမြို့ စောင်းဖန်းအထက်တန်း ကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းနှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ယူခဲ့သည်။

စာပေနယ်သို့ ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၂၈ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာမဂ္ဂဇင်းကဏ္ဍပါ 'ကျောင်းသူမ' ကဗျာဖြင့် စတင်ဝင်ရောက်ခဲ့သည်။ ထို့နောက် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထု၊ ဝေဖန်စာနှင့်ဘာသာပြန်များ ဆက်တိုက်ရေးသားခဲ့ရာ ပင်ကိုယ်ရေးလုံးချင်းဝတ္ထု ၁၀၀ ကျော်နှင့် ဘာသာပြန် လုံးချင်းဝတ္ထုပေါင်း ၂၀ ကျော် ဘာသာပြန်ဆို ရေးသား ခဲ့သည်။

၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလထုတ် 'မိုးထဲလေထဲ' မှစ၍ ရေးသားခဲ့သောလုံးချင်းဝတ္ထုများအနက် အပြာ (၁၉၅၆၊ ဖေဖော်ဝါရီ)၊ အဝါ (၁၉၆၀၊ စက်တင်ဘာ)၊ တစ်ကွေ့တော့တွေ့ကြဦးမည် (၁၉၆၃၊ အောက်တိုဘာ)၊ တံခွန်တိုင်မောင်နှမများ (၁၉၇၂၊ စက်တင်ဘာ)နှင့် မြန်မာပြည်မြောက်ပိုင်း (ပထမတွဲ) (၁၉၆၆၊ ဩဂုတ်) (ဒုတိယတွဲ) (၁၉၆၇၊ ဒီဇင်ဘာလ) တို့မှာ ဆရာ နတ်နွယ်၏ ထင်ရှားသော ပင်ကိုရေးဝတ္ထုများ ဖြစ် သည်။ ရောမက မိန်းမပျက် (၁၉၉၄၊ နိဝင်ဘာလ) နှင့်စိန်ခေါ်ပွဲ (၁၉၈၇၊ နိဝင်ဘာလ) တို့မှာ ထင်ရှားသည့် ဘာသာပြန်လက်ရာများ ဖြစ်သည်။

ရုရှားစာရေးဆရာ ဖျိုဒါဒေ့စတာ ယက်စကီ (Fyodor Dostoevsky) ၏ အကျော်ကြားဆုံးနှင့်



နတ်နွယ်

နောက်ဆုံးလက်ရာဖြစ်သော The Brothers Karamazov ကို 'ကာရာမာဇော့ညီအစ်ကိုများ' အမည်ဖြင့်ဘာသာပြန်ဆိုခဲ့ရာ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ ဘာသာပြန် (ရသ) ဆုကို ရရှိခဲ့သည်။

နတ်နွယ်သည် စာပေရေးသားခြင်းအပြင် စုံထောက်မဂ္ဂဇင်း၌ အယ်ဒီတာ၊ အယ်ဒီတာချုပ်အဖြစ် လည်းကောင်း၊ လှိုင်္ဂဝက်သည်းဖိုမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ၊ အမျိုးသားသတင်းစာတွင် ဘာသာပြန်အယ်ဒီတာ၊ မိုးဝေနှင့် နွယ်နီမဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

မိုးဇော်ဟိန်းအမည်ဖြင့်လည်း ဘာသာပြန်လုံးချင်း၀တ္ထုများရေးသားခဲ့ရာ မိုးအဆုံး၊ မြေအဆုံး၊ သေမင်းနှင့်လက်တစ်ကမ်း၊ အာဖရိကဧကရီတို့မှာထင်ရှားသည်။ နတ်နွယ်သည် မောင်မြင့်နောင်၊ ကလောင်သစ်၊ နီနီ၊ မောင်တင်အေး၊ စိန်အိုးစည်၊ မုန်ပြောင်းသစ်၊ ပျံလွှား၊ ကျောက်တိုင်၊ ဘွဲ့ဖြူ၊ ကောင်းမြတ်၊ ဇင်သောင်း၊ ရွှေစင်၊ မင်းရာကျော်၊ ကောလိယ စသည့်ကလောင်ခွဲများဖြင့်လည်း စာပေလက်ရာများစွာ ရေးသားခဲ့သည်။ စာရေးဆရာမင်းကျော်နှင့် တွဲဖက်၍ မလိခ ကလောင်အမည်ခံယူကာ မြန်မာ၀တ္ထု အညွှန်းကို ရေးသားခဲ့သည်။ ကမ္ဘာ၀တ္ထု အညွှန်း၊သမိုင်းအာဘိဓာန်ကိုလည်းရေးသားပြုစုခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ဒေါ်တင်တင်အေးနှင့် လက်ထပ်သည်။ နတ်နွယ်သည် အသက် ၇၉ နှစ် အရွယ် ၂၀၁၁ခုနှစ်၊ မေလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် နေအိမ်၌ကွယ်လွန်သည်။

နန္ဒာသိန်း၀ံ (၁၉၄၇–၂၀၁၁)။ ။ နန္ဒာသိန်း၀ံကို ဦးညီကွန်း၊ ဒေါ်ဟန်တင်တို့က ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်တွင် ပဲခူးတိုင်း ပေါင်းတည်မြို့၌ မွေးဖွားသည်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးသိန်း၀ံဖြစ်သည်။

ပေါင်းတည်မြို့ အထက်တန်းကျောင်းမှ ပဲခူးတိုင်းဒေသကြီးတစ်တိုင်းလုံး ပထမအဆင့်ဖြင့် ဆယ်တန်း အောင်မြင်ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးသည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဒဿနိကဗေဒဝိဇ္ဇာတန်းကို သင်ယူခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဒဿနိကဗေဒမဟာဝိဇ္ဇာတန်းကို ရန်ကုန်တက္ကသိုလ်မှ အောင်မြင်ခဲ့သည်။ ၂၆-၅-၁၉၇၀ ပြည့်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၅-၂-၁၉၇၉ ခုနှစ်မှ ၇-၂-၁၉၈၀ ပြည့်နှစ်အထိ ထားဝယ်ကောလိပ်တွင် ဌာနမှူးအဖြစ်လည်းကောင်း၊ ၁၁-၁၀-၁၉၈၀ ပြည့်နှစ်မှ ၂-၄-၁၉၈၆ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ ၃-၄-၁၉၈၆ ခုနှစ်မှ ၂၅-၆-၁၉၈၈ ခုနှစ်အထိ ပုသိမ်ဒီဂရီကောလိပ်တွင် ကထိက/ဌာနမှူးအဖြစ်လည်း ကောင်း၊ ၂၆-၆-၁၉၈၈ ခုနှစ်မှ ၃၁-၁-၁၉၉၆ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ကထိကအဖြစ် လည်းကောင်း၊ ၁-၂-၁၉၉၆ ခုနှစ်မှ ၁၆-၇-၁၉၉၇ ခုနှစ်အထိ မော်လမြိုင်တက္ကသိုလ်တွင် ကထိကအဖြစ်လည်းကောင်း၊ ၂၃- ၇-၁၉၉၇ ခုနှစ်မှ ၁-၇-၂၀၀၃ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် လည်းကောင်း၊ ၁၈-၄-၂၀၀၃ ခုနှစ်မှစ၍ ပါမောက္ခအဖြစ်လည်းကောင်း၊ ၂၆-၁၂-၂၀၀၅ ခုနှစ်မှစ၍ ပါမောက္ခ/ဌာနမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရင်း မဟာဝိဇ္ဇာပထမနှစ်နှင့် ဒုတိယနှစ်များကို ဂျပန်နှင့် တရုတ်ဒဿန



နန္ဒာသိန်းဇံ

ဘာသာရပ်၊ မဟာဝိဇ္ဇာနောက်ဆုံးနှစ်ကို မြန်မာ့အတွေး အခေါ်နှင့် မူရင်းကျမ်းများနှင့်ဆိုင်သော ပညာရပ်များ၊ ပါရဂူဘွဲ့ကြိုးတန်းကို Philosophy of Culture တွင်ပါဝင်သော အနုပညာနှင့် ယဉ်ကျေးမှုပညာရပ်များ၊ ပါရဂူဘွဲ့ယူကျမ်းများကို ကြီးကြပ်လမ်းညွှန်သင်ကြားပေးခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလတွင် သာသနာတော် ထွန်းကားပြန့်ပွားရေးဌာနမှ ဦးပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရင်း ထေရဝါဒဗုဒ္ဓဘာသာ ပထမနှစ်ကို ယုတ္တိဗေဒ၊ အိန္ဒိယဒဿနနှင့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးနှင့်ဆိုင်သော သာသနာပြုရေးဘာသာရပ်များ၊ မဟာဝိဇ္ဇာပထမနှစ်တွင် တရုတ်ဒဿန၊ မဟာယာနဗုဒ္ဓဘာသာ၏ စွပ်စွဲချက်များကို ထေရဝါဒဗုဒ္ဓဘာသာမှ ပြန်လည်ချေပချက်များနှင့် စိန်ခေါ်မှုကို တုံ့ပြန်သော ဘာသာရပ်များ၊ မဟာဝိဇ္ဇာဒုတိယနှစ်တွင် မျက်မှောက်ခေတ် အနောက်တိုင်းဒဿန၊ အဓိကအကြောင်းရပ်များဖြစ်သော ဒဿနပြဿနာ၊ ထေရဝါဒနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာတမ်းများစသည့်ဘာသာရပ်များကို အချိန်ပိုင်းကြီးကြပ် သင်ကြားခဲ့သည်။

၁၉၆၃ ခုနှစ်တွင် သိန်းဇံဟူသော ကလောင်အမည်ဖြင့် စာပေနယ်သို့ဝင်ရောက်ခဲ့သည်။ ပထမဦးဆုံးဆောင်းပါးအနေဖြင့် "မှတ်ဉာဏ်နှင့်အတွေးအခေါ်" ကို ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလထုတ် "သင့်ဘဝ" မဂ္ဂဇင်းတွင် စတင်ရေးသားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် "သိန်းဇံ" မှ နန္ဒာသိန်းဇံ ကလောင်အမည်သို့ ပြောင်းလဲရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဌာနထုတ် ဒဿနမဂ္ဂဇင်းနှင့် ရတနာမွန် အပါအဝင် အခြားစာနယ်ဇင်းများတွင် ဘာသာရေး၊ လူမှုရေး ဒဿနနှင့်ဆိုင်သော ဆောင်းပါးများကို ရေးသားခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ယူစဉ်က "ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာ" ဟူသည့် ကျမ်းတစ်စောင်ကို တင်သွင်းခဲ့ပြီး စာအုပ်အဖြစ်ထုတ်ဝေခဲ့သည်။ ၁၉-၈-၇၈ ရက်နေ့ လုပ်သားများကောလိပ် ဒဿနိကဌာနအသင်း "ဘဝခရီးအတွက် အတွေးအမြင်များ" ဟောပြောချက်မှ ၁၉၇၉ ခုနှစ်တွင် စာအုပ်အဖြစ်ထုတ်ဝေသော "ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း" စာအုပ်သည် စာပေဘဝခရီးမှတ်တိုင်တစ်ခုအဖြစ် ထင်ရှားသော လူကြိုက်များသည့် စာအုပ်ဖြစ်သည်။ 'နောင်တကင်းရာသို့' စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆု (၂၀၁၁) ကို ဆွတ်ခူးရရှိသည်။ ၂၀၀၈ ခုနှစ်တွင် ပါမောက္ခ/ဌာနမှူး အဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ချီးမြှင့်ခဲ့ပြီး ဓမ္မဗိမာန်စာပေဆုအဖွဲ့က တစ်သက်တာဓမ္မ စာပေဆုချီးမြှင့်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ပါရဂူဘွဲ့ ရရှိသည်။

ဆရာနန္ဒာသိန်းဇံသည် အသက် ၆၅ နှစ်အရွယ် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ကွယ်လွန်သည်။

နဲ့.နဲ့.မူ၊ အကယ်ဒမီ (၁၉၅၀–၂၀၁၁)။ ။ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီနဲ့.နဲ့.မူကို ဦးသော် (အငြိမ်းစား–ပညာရေးဌာန)၊ ဒေါ်သိန်းရှင် (အကယ်ဒမီဆုရရုပ်ရှင်သရုပ်ဆောင်) တို့က ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ဟသံတမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်မြသန်းနဲ့ဖြစ်သည်။ မွေးချင်း ငါးဦးရှိသည့်အနက် တတိယမြောက်သမီးဖြစ်သည်။

အကယ်ဒမီနဲ့နဲ့မူသည် ငယ်စဉ်က အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း (ယခင်–ကူရှင်ကျောင်း) ၌ အထက်တန်းအဆင့်အထိ

ပညာသင်ယူသည်။ ထို့ပြင် M.B.C Bible Correspondence Course လက်မှတ်ရရှိသည်။ Gideon Myanmar Bible College မှ Bachelor of Ministry နှင့် Myanmar Institute of Church Management မှ Master of Religious Education တို့ကို သင်ယူသည်။



အကယ်ဒမီနဲ့.နဲ့.မူ

အကယ်ဒမီနဲ့.နဲ့.မူသည် အသက် ၁၅ နှစ်အရွယ် ၁၉၆၅ ခုနှစ်တွင် ရွှေမြင့်မိုရ်ရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာဦးဝင်းဖေရိုက်ကူးသော 'မေတ္တာမိုးမြေ' ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ကာ ရုပ်ရှင်လောကသို့ စတင်ဝင်ရောက်သည်။ ထို့နောက် အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာသိန်းထွဋ်နှင့် သန်းထွဋ် ရိုက်ကူးသော 'သမန်းကျား' ရုပ်ရှင်ဇာတ်ကား၌ ခေါင်းဆောင်မင်းသမီးအဖြစ်ပါဝင်သရုပ်ဆောင်သည်။ ဆက်လက်၍ မေတ္တာစိမ်းစိမ်း၊ မေတ္တာအကျဉ်းသား၊ ပြင်ဦးလွင်မှ စိန်တစ်ပွင့်၊ ယောဆရာကြီး၊ စံရွှေမြင့်ရဲ့မာမာ၊ ဘဝသစ္စာ၊ သစ္စာရှင်မလေးနှင့်သူ၊ ကျွန်တော့်ချစ်သဲမာနခဲ၊ ငယ်ကျွမ်းဆွေ၊ အသည်းဖြူမလေး နော်မေဖော၊ မြတ်ဆုဝင်းရဲ့ချစ်စံအိမ်၊ ဒူးမထောက်လက်မမြှောက်၊ ပျဉ်းမငုတ်တို စသည့်ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်သည်။ ၁၉၇၄ ခုနှစ်တွင် ရွှေလမင်းရုပ်ရှင်မှ ဒါရိုက်တာ ကိုငြိမ်းငြိမ်းရိုက်ကူးသော 'နော်ကူးမ' ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရာ ၁၉၇၄ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) အမျိုးသမီးဇာတ်ဆောင်ဆုရရှိသည်။ ထို့ပြင် မြန်မာ့ရေခဲတောင်အလှအပများနှင့်မြန်မာ့တိုင်းရင်းသားယဉ်ကျေးမှုကို ဖော်ညွှန်းရိုက်ကူးထားသည့် 'နေခြည်ဖြာမှန်းသောကြောင့်' ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်သည်။ ရွှေဝါမြေစစ်ဆင်ရေး ဖျော်ဖြေပွဲ၊ ရွှေ့.တန်းရောက်စစ်သည်တော်များ ဖျော်ဖြေပွဲ၊ ပြည်ထောင်စုနေ့ဖျော်ဖြေပွဲများ၌လည်း ပါဝင်ဖျော်ဖြေသည်။ ဗီဒီယိုခေတ်၌ နော်ကူးမဗီဒီယိုထုတ်လုပ်ရေးဖြင့် အချစ်ဟောင်းကို လှည့်ကြည့်ပါ၊ လောဘမာန်ဟုန်၊ သိပါပြီ၊ ညကဝေ၊ သံယောဇဉ်နုနု၊ သားဖေတားစသည့် ဗီဒီယိုဇာတ်ကားများကို ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်အဖြစ် ရိုက်ကူးသည်။

အနုပညာသက်တမ်းတစ်လျှောက် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ ကျော်နှင့် ဗီဒီယိုဇာတ်ကားပေါင်းများစွာ၌ ပါဝင်သရုပ်ဆောင်ခဲ့သော အကယ်ဒမီနဲ့.နဲ့.မူသည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား၁စ်ဦး၊ သမီး၁စ်ဦးနှင့် မြေးသုံးဦးကျန်ရစ်သည်။

နိုးအောင်

နွယ် (စစ်တွေ) (၁၉၃၂–၂၀၁၁)။ ။ နွယ် (စစ်တွေ) ကို ဦးအောင်ထွန်းဦး၊ ဒေါ်စိန်ပုတို့က ၁၉၃၂ ခုနှစ်၊ မေလ ၂၄ ရက်တွင် စစ်တွေမြို့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်အုံးခင်ဖြစ်သည်။

ငယ်စဉ်က ဖခင်အလုပ်ပြောင်းရာမြို့များဖြစ်သည့် ပုသိမ်၊ မော်လမြိုင်၊ ပဲခူးမြို့များ၌ ပညာသင်ကြားခဲ့ရသည်။ ပဲခူးမြို့မှ အင်းစိန်မြို့သို့ ပြောင်းရွှေ့နေထိုင်စဉ် ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံအတွင်းသို့ ပျံ့နှံ့လာရာ မိတ္ထီလာမြို့အနီး နတ်ကြီးကုန်းကျေးရွာတွင် စစ်ဘေးစစ်ဒဏ်ကို ပုန်းရောင်နေခဲ့ရသည်။ စစ်ကြီးပြီးဆုံးပြီးနောက် ဖခင်အလုပ်ပြောင်းရွှေ့ရာမွေးရပ်မြေ စစ်တွေမြို့သို့ တစ်ဖန်ပြန်လည်ရောက်ရှိကာ ပညာသင်ကြားခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းပညာများကို စစ်တွေမြို့၌ သင်ကြားအောင်မြင်သည်။ ၁၉၅၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့ကို ရရှိခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဦးရွှေဇံအောင်နှင့် လက်ထပ်ခဲ့သည်။



ဦးအေးမျိုး (မဟာဝိန္ဒာ)

၁၉၄၈ ခုနှစ် အသက် ၁၆ နှစ်အရွယ်ကပင် ကဗျာများစတင်ရေးသားသည်။ ထိုစဉ်က ကလောင်အမည်ကို မာလာနွယ်ဟုသုံးသည်။ ရန်ကုန်တက္ကသိုလ် ရောက်စဉ် ကလောင်အမည်နွယ် (စစ်တွေ) အဖြစ် ယူခဲ့သည်။ ၁၉၅၃ ခုနှစ်ထုတ် အိုးဝေဂျာနယ်နှင့် ရွှမဝမဂ္ဂဇင်းတွင်ဖော်ပြခဲ့သော 'ချစ်မြေလွှာ' ကဗျာသည် စစ်၏အနိဋ္ဌာရုံများကို ဖော်ကျူးထားသည်။ ၁၉၅၃ ခုနှစ်တွင် 'စစ်မဲ့ကမ္ဘာ' ကဗျာကို ဒေါင်းနွယ်ဆွေက ပြိုင်ပွဲတွင်ထည့်သွင်းခဲ့ရာ 'သခင်ကိုယ်တော်မိုင်း' ဒုတိယဆုရရှိခဲ့သည်။

ဘွဲ့ရပြီးနောက် ပညာရေးဌာနတွင် ဝင်ရောက် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီဘွဲ့ကိုရရှိခဲ့သည်။

ထို့နောက် အင်္ဂလန်နိုင်ငံ တာမင်ဟန်တက္ကသိုလ် မှ ပညာရေးဒီပလိုမာဘွဲ့ရရှိခဲ့သည်။ ပညာရေးဌာနတွင် ဆက်လက်အမှုထမ်းဆောင်ခဲ့ရာ ကျောင်းသင်ခန်းစာ အသံလွှင့်စီစဉ်မှု၊ မြန်မာစာအဖွဲ့ကျောင်းသုံးစာအုပ် ကော်မတီအတွင်းရေးမှူး (အခြေခံပညာဦးစီးဌာန) တာဝန်များထမ်းဆောင်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ ဝါသနာအလျောက် တက္ကသိုလ် ကျောင်းသူဘဝကပင် ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း၊ ရခိုင် တန်ဆောင်မဂ္ဂဇင်း (၁၉၅၂-၅၄) တို့တွင် မြန်မာစာ တည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ အလုပ်ခွင်တွင်ရှိနေ စဉ်လည်း ရခိုင်တန်ဆောင် အတိုင်ပင်ခံစာတည်းအဖြစ် တာဝန်ယူခဲ့သည်။ ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်) ၏နာယက တစ်ဦး အဖြစ် တာဝန်ယူကာ မြတ်ပန်းသဇင် မဂ္ဂဇင်းအမှတ် (၁) တွင် မြန်မာစာ စာတည်းချုပ်အဖြစ် တာဝန်ယူခဲ့သည်။

ကဗျာစတင်ရေးစက ဒဂုန်တာရာ၊ ကြည်အေး၊ မင်းယုဝေ၊ ငွေတာရီ စသောကဗျာရှင်များ၏ ရေးဟန်ကို အတုယူ၍ရေးသားသည်။ နွယ်(စစ်တွေ)သည် ကဗျာအရေးများကာ စကားပြေကိုရေးသားမှု အလွန်နည်းသည်။ 'ကျွန်မကဗျာဆရာမ' သာဖြစ်ပါသည်ဟု ဝန်ခံခဲ့ဖူးသည်။

နွယ် (စစ်တွေ) သည် ကဗျာအပုဒ်ပေါင်း ၄၀၀ နီးပါးရေးသားခဲ့သည်။ စာအုပ်အဖြစ် 'လည်ဆွဲသန္တာ' (၁၉၇၄) နှင့် ကွယ်လွန်ပြီးချိန်မှထုတ်ဝေခဲ့သော 'ဆောင်းပန်းချီလက် နွေမိုးဆက် (၂၀၁၁)' နှစ်အုပ် ထုတ်ခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁ ရက်ထုတ်တော် ဝင်ပန်းဂျာနယ်တွင် ဖော်ပြထားသည့် 'မယုံရင်ပုံပြင်မှတ်' ကဗျာသည် ၎င်း၏နောက်ဆုံးလက်ရာဖြစ်သည်။ နွယ်(စစ်တွေ)သည် အသက် ၇၉ နှစ်အရွယ် ၂၀၁၁ ခုနှစ်၊ မေလ ၆ ရက်တွင် ကွယ်လွန်သည်။

ပါရဂူ (၁၉၂၁-၂၀၁၁)။ ။စာပေပညာရှင် ပါရဂူကို ဦးဘစော၊ ဒေါ်မေတုတ်တို့က ၁၉၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဟင်္သာတခရိုင် သန္ဓသနော့ကျေးရွာ၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးလှကြိုင်ဖြစ်သည်။

ငယ်စဉ်က သန္ဓသနော့ကျေးရွာ၌ မူလတန်းပညာကို စတုတ္ထတန်းအထိသင်ကြားခဲ့ပြီးနောက် ရွာဦးကျောင်းတွင် ရှင်သာမဏေဝတ်သည်။ ဘွဲ့အမည်မှာ ရှင်ပုဏ္ဏာရိက ဖြစ်သည်။ ၁၄ နှစ်သားအရွယ်တွင် ဟင်္သာတမြို့ မြစ်ကွေ့ပရိယတ္တိ စာသင်တိုက်တွင် စာဝါလိုက်ပြီး ဘွဲ့အမည်ကို ရှင်ပုဏ္ဏာရိကမှ ရှင်ပါရဂူဟူ၍ ပြောင်းသည်။ ၁၅ နှစ်သားအရွယ်တွင် သန်လျင်မြို့နယ် လဟာရက်ကျေးရွာ ပထမပြန်စာသင်တိုက်မှ အဓိဋ္ဌာန ပထမပြန်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ ပထမငယ်တန်း အောင်မြင်သည်။ ၎င်း၏ စာချဆရာမှာ အရှင်တေဇော

သာရဖြစ်ပြီး နောင်တွင် စာပေပညာရှင်ဒဂုန်ဦးထွန်းမြင့်ဟု ထင်ရှားသူဖြစ်သည်။ ၁၆ နှစ်သားအရွယ်တွင် ပထမလတ်တန်းကို လည်းကောင်း၊ ၁၇ နှစ်သားအရွယ်တွင် ပထမကြီးတန်းကိုလည်းကောင်းအောင်မြင်သည်။

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် မျိုးညွန့်.နွယ်အမည်ဖြင့် ဆောင်းပါးစတင်ရေးသားခဲ့ပြီး သာမဏေရှင်ပါရဂူကလောင်အမည်ဖြင့်လည်း ဒဂုန်မဂ္ဂဇင်းတွင် ရေးသားခဲ့သည်။ ပထမဆုံးဝတ္ထုအဖြစ် "ရင်သွေး" ဟူသောဝတ္ထုတိုကို ၁၉၄၀ ပြည့်နှစ်၊ သြဂုတ်လထုတ် တိုးတက်ရေးမဂ္ဂဇင်း၌ ဘုန်းကြီးကျောင်းသား ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ အစိုးရဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူး ၃ ကျမ်းဖြင့် အောင်မြင်သည်။

၁၉၄၁-၄၂ ခုနှစ်ဝန်းကျင် အသက် ၂၀ အရွယ်၌ ဟသ်ာတမြစ်ကွေ့ကျောင်းတွင် ရဟန်းခံသည်။ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် သန်လျင်မြို့ ဂျပန်စာသင်ကျောင်း၌ ဂျပန်စာ နှစ်နှစ်သင်ယူခဲ့ပြီး ပုံနှိပ်ထုတ်ဝေသော ဂျပန်သတင်းစာတွင် ရှင်ပါရဂူ ကလောင်အမည်ဖြင့် ဂျပန်ဘာသာဆောင်းပါးတစ်ပုဒ် ရေးသားခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အိန္ဒိယသူဌေးကြီး ဗီရလာ၏ အရိယမဂ္ဂပညာတော်သင်ဆုဖြင့် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဗာရာဏသီဟိန္ဒီတက္ကသိုလ် အရှေ့တိုင်းကောလိပ်၌ ဟိန္ဒူနှင့် သက္ကတဘာသာသင်ယူသည်။ မိဂဒါဝုန်မဟာဗောဓိအသင်းက ဟိန္ဒီဘာသာဖြင့် ထုတ်ဝေသည့်ဓမ္မဒူတစာအုပ်၌ ဆောင်းပါးများရေးသည့်အပြင် ရန်ကုန်ရှိ ဂျာနယ်ကျော်သို့လည်း စာမူများပေးပို့သည်။

၁၉၅၂ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပြန်ရောက်ပြီး ဝိဇ္ဇာဟူသော ကလောင်အမည်ဖြင့် ရာဟုလာသံကိစ္စည်း၏ "ဗော်လဂါမှ ဂင်္ဂါသို့" (ဒုတိယပိုင်း)ကို မြန်မာဘာသာ ပြန်ဆိုသည်။ ယင်းစာအုပ်ပထမပိုင်းကို ဆရာကြီး ဦးဆန်းထွန်းက ဘာသာပြန်ဆိုပြီးဖြစ်သည်။

၁၉၅၄ ခုနှစ်တွင် ပါရဂူဟူသောကလောင်အမည်ဖြင့် "ဗုဒ္ဓစကား"စာအုပ်ကိုရေးသည်။ ၁၉၅၅ ခုနှစ်တွင် လူဝတ်လဲသည်။ ၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသော အာရှစာရေးဆရာညီလာခံသို့ တက်ရောက်သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ တွင် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံး၌ ဘာသာပြန်အရာရှိအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် သုန္ဒရနန္ဒ (ခေါ်) ညီတော်မင်းနန်စာအုပ်ဖြင့် အနုပညာဆိုင်ရာ ဘာသာပြန်စာပေဆု ချီးမြှင့်ခြင်းခံရသည်။ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂအသင်းအမှူဆောင်၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအမှူဆောင်အဖြစ်ဆောင်ရွက်သည်။ ၁၉၆၇ ခုနှစ်တွင် "ဟိန္ဒီဆာဟိတျ ဆမ္မေလန်" ခေါ် မြန်မာနိုင်ငံဟိန္ဒူစာပေအသင်းမှ ချီးမြှင့်သောစာပေရွှေတံဆိပ်ဆုရသည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိကာလတွင် မြန်မာစာကော်မရှင်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်မှ ၁၅ ရက်အထိ အိန္ဒိယနိုင်ငံ၊ နာဂပူမြို့၌ကျင်းပသော ကမ္ဘာ့ဟိန္ဒီစာပေကွန်ဖရင့်သို့ မြန်မာကိုယ်စားလှယ်အဖြစ်တက်ရောက်သည်။ ၁၉၈၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ အီဂတ်ပူရီ နိုင်ငံတကာအကယ်ဒမီမှ ဖိတ်ကြား၍ တက်ရောက်ခဲ့ပြီး အိန္ဒိယဗဟိုအစိုးရ ပြည်ပရေးရာဝန်ကြီးဌာန ဟိန္ဒီဌာနခွဲကိုယ်စား အတွင်းဝန်ကကျင်းပသောဂုဏ်ပြုပွဲသို့ တက်ရောက်သည်။ အိန္ဒိယနိုင်ငံတွင်ရှိနေစဉ် ကာဒမ္ဗရီခေါ် ဟိန္ဒီမဂ္ဂဇင်း၏ တွေ့ဆုံမေးမြန်းခန်းအား ဖြေကြားခြင်း၊ All India Radio ၌ မြန်မာဘာသာဟောပြောချက်နှစ်ခု အသံလွှင့်ခြင်း၊ ဟိန္ဒီဘာသာဖြင့် အမေးအဖြေပြုလုပ်ခြင်း၊ ဗာရာဏ



ပါရဂူ

သီမြို့. သတင်းစာဆရာများတွေ့ဆုံဂုဏ်ပြုပွဲသို့. တက်ရောက်ခြင်း၊ ဗာရာဏသီမြို့. အဘိဓမ္မာစာကြည့်တိုက်မှ ပြုလုပ်သောဂုဏ်ပြုပွဲသို့. တက်ရောက်ခြင်းတို့. ကို ဆောင်ရွက်ခဲ့သည်။

၁၉၇၅ မှစ၍ ငါးနှစ်တိတိ ဗာရာဏသီမြို့. ဟိန္ဒီနေ့စဉ်သတင်းစာ (အာ့ချ်)၌ ဦးပါရဂူအမည်ဖြင့် "မြန်မာပြည်မှပေးစာ" သတင်းဆောင်းပါးများကို ဟိန္ဒီဘာသာဖြင့် ပုံမှန်ရေးခဲ့သည်။

၁၉၇၇ ခုနှစ်မှစ၍ ၄ နှစ်ခန့်ကြာသည်အထိ ကရာချီမြို့၌ အင်္ဂလိပ်ဘာသာဖြင့်ထုတ်သော ယူနက်စကို၏ လေးလတစ်ကြိမ်သတင်းလွှာတွင် အမည်ရင်းဦးလှကြိုင်အနေဖြင့် မြန်မာနိုင်ငံစာပေယဉ်ကျေးမှုသတင်းဆောင်းပါးများရေးသားခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် မြန်မာနိုင်ငံကောလိပ်နှင့် တက္ကသိုလ်များ၏ အရှေ့တိုင်းစာပေသင်ကြားရေးအဖွဲ့. အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် မြန်မာနိုင်ငံရာဘင်ဒြာနတ်တဂိုးအသင်းဥက္ကဋ္ဌ၊ ဟိန္ဒီအသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဂေါရီဝတ္ထုဖြင့် ၁၉၈၅ ခုနှစ်တွင် အမျိုးသားစာပေဆု(ဘာသာပြန်) ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပါရဂူကလောင်အမည်ဖြင့် ဟိန္ဒီဘာသာဖြင့်ပင်ကိုရေးဖြစ်သော ပိယဒဿီအသောကဝတ္ထုကို နယူးဒေလီမြို့. ရောဝတီစာအုပ်တိုက်မှ ပုံနှိပ်ထုတ်ဝေပြီး ဒေလီမြို့.ရှိ အထက်တန်းကျောင်းများအတွက် ရည်ညွှန်းစာအုပ်အဖြစ် ပြဋ္ဌာန်းခံရသည်။

၁၉၉၈ ခုနှစ်တွင် ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပညာရေးအဖွဲ့. အဖွဲ့.ဝင်၊ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့. (ဓမ္မဇောတိ)အမှုဆောင်၊ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့.ဥက္ကဋ္ဌ တာဝန်များထမ်းဆောင်သည်။

ထို့အပြင် ပါရဂူသည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရည်ညွှန်းကျမ်းစီစဉ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်စာအုပ်များ ထုတ်ဝေနိုင်ရေးကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုရရှိသည်။ ပါရဂူသည် လုံးချင်းစာအုပ်ပေါင်း ၁၅၀ ကျော် ရေးသားပြုစုထုတ်ဝေခဲ့ပြီး အပတ်စဉ်ထုတ်ဂျာနယ်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများတွင် သုတရသစာပေများကို နောက်ဆုံးအချိန်အထိ ရေးသားခဲ့သည်။ မျိုးညွှန့်နွယ်၊ ရှင်ပါရဂူ၊ ဘုန်းကြီးကျောင်းက ပုဏ္ဏရိုက၊ ဝိဇ္ဇာ၊ H.K၊ လှကြိုင်အစရှိသည့် ကလောင်ခွဲများကို အသုံးပြုခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုနှင့် ပခုက္ကူ။ ဦးအုံးဖေ တစ်သက်တာစာပေဆု ရရှိသည်။ ၂၀၀၃ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် သုတစွယ်စုံတစ်သက်တာစာပေဆု ရရှိခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် ပါရဂူရှန်တိနီကေတန် စာကြည့်တိုက် (Paragu Shantiniketan Library) ကို ဖွင့်လှစ်ခဲ့သည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ဗဟန်းမြို့.နယ် ငါးထပ်ကြီးဘုရားလမ်းမှ မြောက်ဥက္ကလာပမြို့.နယ် ရွှေပေါက်ကံမြို့.သစ် ၁၆ ရပ်ကွက် ဦးပုညလမ်း အမှတ် (၉၈၈/၉၉၀) သို့. ပြောင်းရွှေ့.နေထိုင်သည်။ ပါရဂူသည် အသက် ၉၀ အရွယ် ၂၀၁၁ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သည်။

ပြည်ထောင်စုကျော်နိုင် (၁၉၂၄-၂၀၁၁)။ ။

ပြည်ထောင်စုကျော်နိုင်ကို ဦးမောင်ကြီး၊ ဒေါစိန်ခိုင်တို့က ၁၉၂၄ ခုနှစ်၊ မေလ ၁၉ ရက်တွင် ဖျာပုံမြို့၌ မွေးဖွားသည်။ မွေးချင်းညီအစ်ကိုနှစ်ဦးရှိသည့်အနက် အငယ်ဖြစ်ပြီး အမည်ရင်းမှာ ဦးအေးမြင့်ဖြစ်သည်။

ပြည်ထောင်စုကျော်နိုင်သည် ဟာသသရုပ်ဆောင်အေးမြင့်အမည်ဖြင့် ရုပ်ရှင်နှင့်ပြဇာတ်များ၌ ဝင်ရောက်သရုပ်ဆောင်ခဲ့ပြီး ပြန်ကြားရေးဌာန၌ လက်ထောက်ပြည်သူ့ဆက်ဆံရေးအရာရှိ (APRO) အဖြစ် မြို့တိုမြို့၊ ထားဝယ်မြို့၊ ရန်ကုန်မြို့နှင့် ခန္ဓီးမြို့များ၌ တာဝန်ထမ်းဆောင်ခဲ့ကာ အငြိမ်းစားယူခဲ့သည်။

ပြည်ထောင်စုကျော်နိုင်အမည်ဖြင့် ၁၉၆၅ ခုနှစ် ခန့်မှစ၍ ပြည်ထောင်စုသတင်းစာတိုက်၌ ရုပ်ရှင်သတင်း၊ ဓာတ်သဘင်သတင်း၊ ဂီတသတင်းဆိုင်ရာ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗိုလ်တထောင်သတင်းစာတိုက်၌ တာဝန်ထမ်းဆောင်ရင်း ရုပ်ရှင်လောကသို့. ပြန်လည်ဝင်ရောက်ခဲ့သည်။ မေတ္တာပန်းဥယျာဉ်၊ တိမ်လွှာမို့.မို့.လွင်၊ ကျောက်မဲ



ပြည်ထောင်စုကျော်နိုင်

အကျဉ်းသားစသည့် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ ခန့်၌ ပါဝင်သရုပ်ဆောင်ခဲ့ပြီး 'မြမျိုးမြင့်မှန်' ဇာတ်ကားကို နောက်ဆုံးရိုက်ကူးခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

ပြည်ထောင်စုကျော်နိုင်သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြန်၊ သားတစ်ဦး၊ သမီးတစ်ဦးနှင့် မြေး ၁၁ ဦးကျန်ရစ်သည်။

နိုးအောင်

ဘိုသင်း၊ ဦး(၁၉၃၀–၂၀၁၁)။ ။ ဦးဘိုသင်းကို ဦးသန့်. (ခ) ဦးတာရဲ၊ ဒေါ်ကြင်တို့က ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် မန္တလေးမြို့ ချမ်းအေးသာဇံရပ်ကွက်၌ မွေးဖွားသည်။

ငယ်စဉ်က မန္တလေးမြို့ မစ်ရှင်ကျောင်း၊ စိန်မေရီ၊ ဗုဒ္ဓသာသနနုဂ္ဂဟကျောင်းတို့၌ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်တွင် တိုင်းချစ်သတင်းစာပိုင်ရှင် သခင်သိန်းဆွေနှင့် စာရေးဆရာမ ဒေါ်မြမြ (B.A.D.T) က အလွတ်ပညာသင်အဖြစ် သီးသန့်ခေါ်ယူကာ စာပေသင်ကြားပေးခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။

၁၉၄၉ ခုနှစ်၊ ဇွန်လတွင် မန္တလေးကောလိပ်၌ ပထမနှစ်တက်ရောက်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ မတ်လတွင် ဝိဇ္ဇာဘွဲ့.ကို ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန် ပညာရေးတက္ကသိုလ် မဟာပညာရေးဌာန၌ B.Ed သင်တန်း နှစ်နှစ်တက်ရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် B.Ed ဘွဲ့.ရရှိခဲ့သည်။

၁၉၆၃ ခုနှစ်တွင် မဟာဝိဇ္ဇာ (မြန်မာစာ)ဘွဲ့.ကို ရရှိခဲ့သည်။ ၎င်း၏ မဟာဝိဇ္ဇာဘွဲ့.ယူကျမ်းမှာ ရှေးခေတ် မြန်မာမင်းများ စည်းရုံးမှုနှင့် အရေးတော်ပုံဖြစ်သည်။

ဦးဘိုသင်းသည် ၁၉၅၃ ခုနှစ်၌ မန္တလေး ဒီဂရီကောလိပ်၊ သမိုင်းဌာန (ရာဇဝင်ဌာန)၌ နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်တွင် မကွေးဥပဇ္ဈာကောလိပ် မြန်မာစာဌာန၌ လက်ထောက်ကထိက (ဌာနမှူး) အဖြစ်လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ လက်ထောက်ကထိကအဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ ကထိကအဖြစ်လည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံကားလ်မာ့စ်တက္ကသိုလ်၌ ဧည့်ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် မန္တလေးတက္ကသိုလ် မြန်မာစာဌာန၌ ကထိကအဖြစ်လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် မကွေးကောလိပ် မြန်မာစာဌာန၌ ကထိက(ဌာနမှူး)အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် မြန်မာစာဌာန၌ ကထိက(ဌာနမှူး)အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၌ တွဲဖက်ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်၌ ဧည့်ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်



ဖေဖော်ဝါရီလတွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။ အငြိမ်းစားယူပြီးနောက် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အကြံပေးအရာရှိအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဘိုသင်းသည် မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ရင်း မဂ္ဂဇင်း၊ စာစောင်များ၌ ဆောင်းပါး ၅ ပုဒ်၊ သုတေသနစာတမ်း ၁ စောင်၊ မြန်မာစာရေးရာစာအုပ် ၂ အုပ်၊ မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများ၊ အခြေခံပညာအထက်တန်းအဆင့် မြန်မာကဗျာသင်ကြားရေးနှင့် ပိတောက်ရွှေဝါအခြေခံပညာအလယ်တန်းအဆင့် မြန်မာကဗျာသင်ကြားရေး စာအုပ်တို့ကို ရေးသားထုတ်ဝေခဲ့သည်။ ထို့အပြင် မြန်မာစာဌာန၏ မဟာဝိဇ္ဇာကျမ်း ၃၀ အတွက် သဘာပတိအဖြစ်လည်းကောင်း၊ ကျမ်းပေါင်း ၁၅ စောင်အတွက် ပြင်ပစာစစ်အဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။

ဦးဘိုသင်းသည် ကွယ်လွန်ချိန်အထိ မြန်မာစာပါရဂူတန်း၊ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့ပြီး မြန်မာစာ သက်ကြီးဆရာကြီးများ အပူတော်ခံပုဂ္ဂိုလ် အဖြစ်လည်း ကန်တော့ခံခဲ့သည်။

ဦးဘိုသင်းသည် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ယဉ်ဌေးနှင့် သမီး ၃ ယောက်၊ မြေးနှစ်ယောက်နှင့် မြစ်တစ်ယောက် ကျန်ရစ်သည်။

မောင်မောင်သိုက် (၁၉၄၆–၂၀၁၁)။ ။ စာနယ်ဇင်း သရုပ်ဖော် ပန်းချီလက်ရာများဖြင့်ထင်ရှားခဲ့သူ ပန်းချီ မောင်မောင်သိုက်ကို ဦးလွင်၊ ဒေါ်မြတ်ညွန့်တို့က ၁၉၄၆ ခုနှစ်၊ မေလ ၁၆ ရက်တွင် ပုဇွန်တောင်မြို့နယ်၌ မွေးဖွားသည်။ မွေးချင်း ၆ ယောက်ရှိသည်။

ငယ်စဉ်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ထန်းတောရပ်ကွက်မြူနီစီပါယ်ကျောင်းတွင် ပညာစတင်သင်ကြားသည်။ ယင်းအမကမှ ဗဟိုအမျိုးသား စံပြအထက်တန်းကျောင်း (စင်ထရယ်) သို့ ပြောင်းရွှေ့ကာ အလယ်တန်းနှင့်အထက်တန်းပညာများကို သင်ယူခဲ့သည်။ စင်ထရယ် (ယခု အထက–၁ လသာ) ကျောင်းမှ ပန်းချီဆရာ ဦးကြည်ထံမှ အခြေခံပန်းချီပညာရပ်များကို သင်ယူကာ ပန်းချီလောက၊ ကာတွန်းလောကထဲသို့ စတင်ဝင်ရောက်ခဲ့သည်။ မောင်မောင်သိုက်သည် ပန်းချီမဆွဲမီက ထိပ်တန်းမဂ္ဂဇင်း ၂ စောင်ဖြစ်သော ဌေးတာရီနှင့်မြဝတီမဂ္ဂဇင်းတို့တွင် ကာတွန်းနှင့်ရုပ်ပြရေးဆွဲခဲ့သည်။



အမျိုးသမီးများ၏ ကိုယ်နေဟန်ထား ကျန်ပြပြစ်လှပပုံရေးဆွဲရာတွင် နာမည်ကြီးခဲ့သူ မောင်မောင်သိုက်သည် မဂ္ဂဇင်းစာစောင်တို့တွင်သာ

ကျင်လည်ခဲ့သည်မဟုတ်ဘဲ ဆီဆေးပန်းချီ၊ ရေဆေးပန်းချီကားပေါင်းများစွာ ရေးဆွဲကာ ပန်းချီပြပွဲများစွာတွင် ထင်ရှားသူဖြစ်သည်။

ကမ္ဘာသိထင်ရှားသောလက်ရာများမှာ မလေးရှားနိုင်ငံပီနန်ကျွန်းရှိ ဓမ္မိကာရာမကျောင်း၌ ရေးဆွဲထားသော ဘိကွူနီသာသနာစတင်ပုံ ဖြစ်ပြီး ၁၉၉၆ ခုနှစ်၊ မေလတွင် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ၎င်းအပြင် ၂၀၀၇ ခုနှစ်က ရေးဆွဲခဲ့သည့်မင်္ဂလာဒုံလေဆိပ်သစ်ကြီး ပြည်ပထွက်ခွာခန်းမတွင်ချိတ်ဆွဲထားသော ရွှေတိဂုံစေတီတော်နှင့် ကရဝိက်တို့ပါရှိသော ကန်တော်ကြီးရှုမျှော်ခင်းပုံကို ပန်းချီဆရာ ကျော်သောင်းနှင့်ပူးတွဲ၍လည်းကောင်း၊ နေပြည်တော်ရှိ ဘုရင့်နောင်ခန်းမတွင် ချိတ်ဆွဲထားသော နိုင်ငံတော် ဖွဲ့ဖြိုးမှုအရပ်ရပ်မြင်ကွင်း (၁၈' × ၃၆')၊ ဧရယျာသီရိခန်းမရှိ အပြည်ပြည်ဆိုင်ရာစာချုပ်ခန်းမကြီးတွင် ရေးဆွဲထားသော ကျေးစေတမန်ပန်းချီကားကို ပန်းချီဆရာ ကျော်သောင်းနှင့်တွဲဖက်၍လည်းကောင်း ရေးဆွဲခဲ့သည်။ မောင်မောင်သိုက်သည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် ကွယ်လွန်သည်။

မောင်ဝဏ္ဏ၊ အကယ်ဒမီ(၁၉၄၇–၂၀၁၁)။ ။ စာရေးဆရာ ဒါရိုက်တာ အကယ်ဒမီမောင်ဝဏ္ဏကို စာရေးဆရာ ဒါရိုက်တာ ဦးသာစု၊ ဒေါ်ခင်ညိုတို့က ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ မွေးချင်းလေးယောက်ရှိသည့်အနက် ဒုတိယမြောက်ဖြစ်သည်။

ရန်ကုန်မြို့ရှိ စိန်ပေါလ်ကျောင်း၌ အထက်တန်းအထိပညာသင်ယူခဲ့ပြီး အထက်တန်းကို အလွတ်ဖြေအနေဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး ဒဿနိကဗေဒဘာသာရပ်အဓိကဖြင့် ဘွဲ့ရရှိခဲ့သည်။

အသက် ၁၅ နှစ်အရွယ်မှာပင် ရုပ်ရှင်အတတ်ပညာများစတင်လေ့လာခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် 'သိုင်းသမား' ဇာတ်ကားအတွက် ရုပ်ရှင်ဇာတ်ညွှန်းရေးခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် 'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' ဇာတ်ကားကို ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားသည် မောင်ဝဏ္ဏ၏ပထမဆုံးလက်ရာဖြစ်ပြီး ထိုဇာတ်ကားဖြင့်ပင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၇၁ ခုနှစ်၌ ရရှိခဲ့ကာ ပထမဆုံးရိုက်ကူးသော ဇာတ်ကားဖြင့် အကယ်ဒမီရရှိသော အနုပညာရှင်ဖြစ်သည်။

စာပေလှုပ်ရှားမှုအနေဖြင့် ၁၉၇၂ ခုနှစ်တွင် ရွှမဝမဂ္ဂဇင်း၌ ရေးသားခဲ့သော 'လေထဲကအိပ်မက်ကလေး' ဝတ္ထုဖြင့် စာပေလောကအတွင်းသို့ရောက်ရှိလာခဲ့သည်။

ဒါရိုက်တာ မောင်ဝဏ္ဏ၏ 'ဇာခန်းဆီးနောက်ကွယ်မှာ' (၁၉၇၂)၊ 'ခြေဖဝါးတော်နုနု' (၁၉၇၃) နှင့် 'နှောင်းတမြွေမြွေ' (၁၉၇၆) ဇာတ်ကားများမှာ ၎င်း၏အကျော်ကြားဆုံးလက်ရာများဖြစ်ကြသည်။ 'ပန်းတွေနဲ့ဝေ' ဇာတ်ကားကိုလည်း ရိုက်ကူးခဲ့သည်။ ထို့နောက် ၁၉၇၆ ခုနှစ်မှာပင် 'ချစ်တဲ့သူငယ်လေ' ဝတ္ထုကိုရေးသားခဲ့ကာ ရုပ်ရှင်အဖြစ် ဆက်လက်ရိုက်ကူးခဲ့သည်။

၁၉၇၇ ခုနှစ်တွင် 'ချစ်တဲ့သူငယ်လေ' စာအုပ်ထွက်ရှိခဲ့သည်။ ၁၉၇၉ ခုနှစ်အချိန်တွင် 'အိပ်မက်စိမ်း' လုံးချင်းဝတ္ထု၊ ၁၉၈၀ ပြည့်နှစ်တွင် 'တက္ကသိုလ်လွမ်းချင်း' ဝတ္ထုများထွက်ရှိခဲ့သည်။

၁၉၈၀ ပြည့်နှစ် အချိန်မှာပင် စာရေးဆရာငြိမ်းကျော်နှင့်တွဲဖက်ပြီး 'ကျေနပ်ဖို့အကြောင်း တောင်းပန်ချင်သည်' ဝတ္ထုရှည်ကို ရေးသားထုတ်ဝေခဲ့ပြီး 'မောင်စိန်သောင်းနှင့် မနှင်းရည်ဇာတ်ကောင်များဖြင့် ဇာတ်လမ်းများကိုလည်း မဂ္ဂဇင်းများ၌ စတင်ရေးသားခဲ့သည်။

၁၉၈၁ ခုနှစ်အချိန်တွင် 'မောင်'၊ 'အရွယ်လွန်' စသည့် ဝတ္ထုရှည်များထွက်ရှိခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် 'လှပါတယ်မသီတာ၊' 'ရည်းစားစကား၊' 'ချစ်ခင်စမှော်ရုံမှာလေ' အစရှိသောဝတ္ထုရှည်များထွက်ရှိခဲ့သည်။

၁၉၉၀ ပြည့်နှစ်အချိန်တွင်မူ 'ခုနစ်စဉ်အလွမ်း' ဇာတ်ကားဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(ဒါရိုက်တာဆု)ကို ဒုတိယအကြိမ် ထပ်မံရရှိခဲ့ကာ 'ရယ်စရာမောစရာ' နှင့် 'ရင်ထဲကဆောင်းရာသီ၊' 'ဓာတ်ခဲ' အစရှိသော ဇာတ်ကားများ ဆက်လက်ရိုက်ကူးခဲ့သည်။

၂၀၀၅ ခုနှစ် အချိန်တွင် 'အပျင်းပြေဖတ်ဖို့ဖီလောဆော်ဖိ' စာအုပ်ထွက်ရှိခဲ့ပြီး 'ရင်တွေခုန်နေတယ်'၊ 'ဒုက္ခကို မြိန်ရေရှက်ရေခံစားနေသော မောင်ဝဏ္ဏ'၊ 'မင်းကို

ချစ်တယ်' အစရှိသည့်စာအုပ်များအပြင် 'ကျွန်တော်အကြောင်းကျား'၊ 'သူလိုကိုယ်လို မောင်ဝဏ္ဏ' အစရှိသော စာအုပ်များ ထွက်ရှိခဲ့သည်။ 'ရင်ထဲမှာ ခွေနေသော မြွေပွေး' ဝတ္ထုသည် ၎င်းရေးသားခဲ့သော ဝတ္ထုများအနက် နောက်ဆုံး လက်ရာဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် 'လွမ်းအောင်ရယ်တတ်သူ' ဇာတ်ကားထွက်ရှိခဲ့ပြီး ၂၀၀၇ ခုနှစ်တွင်မူ 'ရင်နှင့်အောင်မွေး' ဇာတ်ကား ထွက်ရှိခဲ့သည်။ 'ရင်နှင့်အောင်မွေး' ဇာတ်ကားသည် မောင်ဝဏ္ဏ၏ နောက်ဆုံးလက်ရာတစ်ခုဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် အကြောင်းကျား-၂ စာအုပ်ဖြင့် ဆရာဝန်တင်ရွှေစာပေဆုကို ရရှိခဲ့သည်။



အကယ်ဒမီမောင်ဝဏ္ဏ

ဒါရိုက်တာမောင်ဝဏ္ဏသည် ၁၉၇၆ ခုနှစ်တွင် ဒေါ်ချိုချိုရီနှင့်လက်ထပ်ခဲ့ပြီး သားသမီးသုံးဦး ထွန်းကားခဲ့သည်။ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ မောင်ဝဏ္ဏသည် အသက် ၆၅ နှစ်အရွယ် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ် သာစုခြံအတွင်းရှိ နေအိမ်၌ ကင်ဆာဝေဒနာဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ချိုချိုရီ၊ သားသမီးသုံးဦးနှင့် မြေးတစ်ဦး ကျန်ရစ်သည်။

မောင်သစ်မင်း (၁၉၅၃-၂၀၁၁)။ ။ကဗျာဆရာ၊ စာရေးဆရာ၊ သီချင်းရေးဆရာ မောင်သစ်မင်းကို ဒုတိယဗိုလ်မှူးကြီးတင်စိုးနှင့် ဒေါ်မြသန်းတို့က ၁၉၅၃ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မွေးဖွားသည်။ မြန်မာဝတ္ထုလောကတွင် ထင်ရှားကျော်ကြားသောဂျိမ်းစ်လှကျော်သည် မောင်သစ်မင်း၏ အဘိုးဖြစ်သည်။ အမည်ရင်းမှာ ဦးဒေဝဖြစ်သည်။ မွေးချင်း နှစ်ဦးရှိပြီး အစ်ကိုဖြစ်သူမှာ ဒေါက်တာဝဏ္ဏာဖြစ်သည်။

၁၉၇၁ ခုနှစ်တွင် ကဗျာ၊ ဝတ္ထုများကို ရေးသားခဲ့ပြီး အနုပညာလောကသို့ စတင်ဝင်ရောက်သည်။ မောင်သစ်မင်းသည် ကလေးကဗျာများ၊ ဘာသာပြန်ကဗျာများနှင့် ပင်ကိုရေးကဗျာများကို ရေးသားခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် 'သုံးယောက်ကောင်းကင်' ဟုအမည်ရသော လုံးချင်းကဗျာစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းကဗျာစာအုပ်သည် မိရောဆလပ်ဟောလုဗ်၊ ဗါစကိုပိုပါနှင့် ဇဗစ်ဂညူးဟားဗတ်တို့၏ကဗျာများကို ဘာသာပြန်ရေးသားခဲ့သော စာအုပ်တစ်အုပ်ဖြစ်သကဲ့သို့ မောင်သစ်မင်း၏ ထင်ရှားသော ဘာသာပြန်လက်ရာလည်းဖြစ်သည်။

မောင်သစ်မင်းသည် တေးမြုံ့ငှက်အမည်ရှိ လုံးချင်းဝတ္ထုအပါအဝင် လုံးချင်းစာအုပ် ၅ အုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းတို့မှာ အရှေ့နေထွက်အနောက်နေဝင် (၁၉၇၅)၊ မပြောကောင်းတဲ့အကြောင်းလေးတစ်ခု(၁၉၇၅)၊ မနက်ဖြန်သည် အပြာရောင်၊ ငရဲ၌သစ်ငုတ်ဖြစ်စေနှင့် တေးမြုံ့ငှက် (၁၉၇၇) တို့ဖြစ်သည်။ ငရဲ၌သစ်ငုတ်ဖြစ်စေအမည်ရှိ လုံးချင်းဝတ္ထုသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်အတွင်းရှိ ဆရာဝန်များ၏ဘဝကို ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည်။

တေးမြုံ့ငှက်အမည်ရှိ လုံးချင်းဝတ္ထုကို အသက် ၂၄ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အနေဖြင့် ၁၉၇၇ ခုနှစ်တွင် ရေးသားခဲ့ခြင်းဖြစ်သည်။ တေးမြုံ့ငှက် လုံးချင်းဝတ္ထုသည် ဂီတလောကကို နောက်ခံပြုရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ယင်းလုံးချင်းဝတ္ထုသည် စတူဒီယိုခေတ်ဦးကာလအတွင်း ကြိုးစားလုပ်ရှားနေကြသည့် တေးရေးဆရာတို့၏ သရုပ်မှန်ဘဝနှင့် တေးမြုံ့ငှက်ရေးသားသူ ကိုယ်တိုင်၏ အနုပညာသမားဘဝဖြတ်သန်းရသည့် အခြေအနေများကို သရုပ်ဖော်ရေးသားထားခြင်းဖြစ်သည်။

၁၉၇၂ ခုနှစ်တွင် အဆိုတော် စိန်သစ်အတွက် တေးသီချင်းများကို စတင်ရေးသားပြီး တေးရေးဆရာ ဘဝကို စတင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အဆိုတော် စိန်သစ်နှင့် စိုးပိုင်တို့အတွက် တေးသီချင်းများကို ဆက်လက်ရေးသားပေးခဲ့သည်။ အဆိုတော် စိုးပိုင် သီဆိုခဲ့သည့် အချစ်ညရင်ခုန်သံ အမည်ရတေးသီချင်း သည် မောင်သစ်မင်း၏ အောင်မြင်ကျော်ကြားခဲ့သော လက်ရာတစ်ပုဒ်ဖြစ်သည်။



မောင်သစ်မင်း

ထို့အပြင် တေးမြုံ့ငှက်အမည်ရှိသည့် တေးသီချင်းကိုလည်း ရေးသားခဲ့ပြီး အဆိုတော် ခိုင်ထူးက သီဆိုခဲ့သည်။ တေးမြုံ့ငှက် လုံးချင်းဝတ္ထုနှင့် တေးသီချင်းသည် မောင်သစ်မင်း၏ အောင်မြင်ထင်ရှားသော အနုပညာလက်ရာတစ်ခုဖြစ်သည်။ ထို့ကြောင့် မောင်သစ်မင်းကို ဂီတနှင့်စာပေအသိုင်းအဝန်းတွင် တေးမြုံ့ငှက်ဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။

၁၉၈၂ ခုနှစ်တွင် အဆိုတော် စိုးပိုင်သီဆိုရန် ရေးသားပေးခဲ့သည့် အနီးဆုံးလူဟု အမည်ရသော တေးသီချင်းသည် မောင်သစ်မင်း၏ ပထမဦးဆုံးသော ကိုယ်ပိုင်သံစဉ်တေးသီချင်းတစ်ပုဒ်ဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် စင်ပေါ်ကတေးများဟု အမည်ရသော တေးစီးရီးကို ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် ကျော်ဟိန်းအတွက် ရေးသားခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အဓိပ္ပာယ်ရှိသော လူဟု အမည်ရသောတေးစီးရီးကို ကျော်ဟိန်းအတွက် ဆက်လက်ရေးသားခဲ့သည်။ ယင်းတေးစီးရီးနှစ်ခုသည် မောင်သစ်မင်းနှင့် ကျော်ဟိန်းတို့၏ အောင်မြင်ကျော်ကြားသော တေးသီချင်းများ ဖြစ်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် အသက် ၅၀ ပြည့် အမှတ်တရအနေဖြင့် မောင်သစ်မင်း၏ အောင်မြင်ကျော်ကြားခဲ့သော တေးသီချင်းများကို စုစည်း၍ တေးမြုံ့ငှက် နှစ်ငါးဆယ် (၁) နှင့် (၂) တေးစီးရီးနှစ်ခုကို ထုတ်ဝေခဲ့သည်။ ထို့အပြင် ခေတ်ပြိုင်ဂီတမှတ်တိုင်များ အမည်ဖြင့် ရုပ်မြင်သံကြားအစီအစဉ်ကို MRTV-4 နှင့် တွဲဖက်စီစဉ်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံဂီတအစည်းအရုံးတွင် တွဲဖက်အတွင်းရေးမှူး (၂) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မောင်သစ်မင်းသည် စိန်သစ်၊ စိုးပိုင်၊ မွန်းအောင်၊ ပလေးဘွိုင်းသန်းနိုင်၊ ခိုင်ထူး၊ ကျော်ဟိန်း၊ ဇော်ဝင်းရှိန်၊ တူးတူး၊ ချစ်ကောင်း၊ ထူးအိမ်သင်၊ လေးဖြူ၊ အင်၊ အယ်လ်ခွန်းရီ၊ နော်လီဇာ၊ ဟေမာနေဝင်း၊ မေဆွိနှင့် ထွန်းအိန္ဒြာပို အစရှိသည့် အဆိုတော်များအတွက် တေးသီချင်းပေါင်း ၆၀၀ ကျော်ကို ရေးသားပေးခဲ့သည်။

၁၉၈၂ ခုနှစ်တွင် မောင်သစ်မင်းသည် ဒေါက်တာအေးအေးစန်းနှင့် လက်ထပ်ခဲ့သည်။ ယင်းနောက် မောင်သိဒ္ဓိ၊ မောင်ဣန္ဒိနှင့် မောင်ကိုတို့ကို မွေးဖွားခဲ့သည်။ မောင်သစ်မင်းသည် တိုက်-၃၀၉၊ အခန်း-၂၊ ရန်အောင်လမ်းသွယ်-၃၊ ရန်ကင်းမြို့နယ်တွင် နေထိုင်ခဲ့သည်။ ဇနီးဖြစ်သူ ဒေါက်တာအေးအေးစန်းသည် ၂၀၀၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

မောင်သစ်မင်းသည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Samitivej Srinakarin ဆေးရုံ၌ ကွယ်လွန်သည်။

သောင်းထွဋ်၊ ဦး(၁၉၂၈-၂၀၁၁)။ ။ဦးသောင်းထွဋ်ကို ရွှေ့နေ ဦးကျော်ဖေ၊ ဒေါ်သန်းခင်တို့က ၁၉၂၈ ခုနှစ်၊ မေလ ၄ ရက်တွင် ဧရာဝတီတိုင်း (ယခု ဧရာဝတီတိုင်းဒေသကြီး) မြန်အောင်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း ၈ ဦးရှိသည့်အနက် ဦးသောင်းထွဋ်မှာ ဆဋ္ဌမမြောက်သားဖြစ်သည်။

၁၉၄၆ ခုနှစ်တွင် မြန်အောင် A.V.Govt.High School မှ အထက်တန်းအောင်မြင်ခဲ့သည်။ ၁၉၅၀

ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A ဘွဲ့.ရရှိခဲ့သည်။ အထူးပြုဘာသာများမှာ ဘောဂဗေဒ၊ သမိုင်းနှင့် အင်္ဂလိပ်စာတို့ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် B.Ed ဘွဲ့ကို ပညာရေးလမ်းညွှန်ဘာသာရပ်ဖြင့် အောင်မြင်ရရှိခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အင်ဒီယားနားတက္ကသိုလ်မှ မဟာပညာရေးသိပ္ပံဘွဲ့ (M.S.in Education) ရရှိခဲ့သည်။



ဦးသောင်းထွဋ်

၁၉၅၀ ပြည့်နှစ်တွင် မြန်အောင်မြို့အစိုးရ အထက်တန်းကျောင်း၌ အထက်တန်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ မြန်အောင်မြို့ နိုင်ငံတော်အထက်တန်းကျောင်းတွင် ကျောင်းအုပ်အဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၅၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ရန်ကုန်မြို့ ကန်တော်ကလေးကျောင်းတွင် ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၆၁ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ပညာမင်းကြီးရုံး၌ လက်ထောက်သုတေသနအရာရှိအဖြစ်လည်းကောင်း၊ ၁၉၆၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ပညာရေးဝန်ကြီးရုံးတွင် အတွင်းဝန်ကလေးအဖြစ်လည်းကောင်း၊ ၁၉၆၅ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ပညာရေးသုတေသနဗျူရို (ယခုမြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန) တွင် သုတေသနအရာရှိအဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ပညာညွှန်ကြားရေးဝန်ရုံးတွင် လက်ထောက်ညွှန်ကြားရေးဝန်အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ပညာရေးတက္ကသိုလ် (ရန်ကုန်)တွင် ပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပညာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နာယကအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် (သောင်းထွဋ်၊ရန်ကုန်တက္ကသိုလ်) ကလောင်အမည်ဖြင့် 'မျက်မှောက်သတင်းစာတွေ ဖတ်ရတာ' ဟူသောဆောင်းပါးဖြင့် စာပေနယ်ထဲသို့စတင်ဝင်ရောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ဂျာနယ်ကျော်၏ရန်ကုန်တက္ကသိုလ်သတင်းထောက်အဖြစ်ဆောင်ရွက်ခဲ့ပြီး ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ်ကာလများအတွင်း သတင်းစာများနှင့် မဂ္ဂဇင်းအချို့တို့တွင် ပညာရေးဆောင်းပါးများရေးသားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ ပညာတန်ဆောင်၏ ပင်တိုင်ဆောင်းပါးရှင်ဖြစ်ခဲ့သည်။ ၁၉၆၄-၆၅ ခုနှစ်တွင် တေဇစာစောင်နှင့် ဒို့ကျောင်းသားစာစောင်တို့တွင် စာတည်းအဖွဲ့ဝင်အဖြစ်နှင့် ပြည်မြန်မာစာစောင်၏ တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ပညာလောကစာစောင်တွင်လည်း ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၅ ခုနှစ်အထိ စာတည်းအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်တိုင်း(ယခု ရန်ကုန်တိုင်းဒေသကြီး) ဗဟန်းမြို့နယ် စာပေလုပ်သားအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကိုလည်း သက်တမ်းနှစ်ကြိမ်အထိ ထမ်းဆောင်ခဲ့သည်။ ဆရာဦးသောင်းထွဋ်၏ ထုတ်ဝေခဲ့ပြီးသော လုံးချင်းစာအုပ်များမှာ Literacy Movement in the Socialist Republic of the Union of Burma, UNESCO Regional Office,Bangkok-1978, Burmese Way to Literacy, UNESCO Paris-1984, မြန်မာ့ပညာရေးရွှေခင်း (၂၀၀၀ ပြည့်နှစ် ပညာတန်ဆောင်အထူးထုတ်)၊ Getting To Know Pyinnya Tazaung-2004 တို့ဖြစ်သည်။ ထို့အပြင် ဆရာဦးသောင်းထွဋ်သည် ဆောင်းပါးများနှင့် စာတမ်းပေါင်း ၃၀၀ ခန့် ရေးသားခဲ့ပြီးဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာ့ပညာရေးရွှေခင်းစာအုပ်ဖြင့် အမျိုးသား

စာပေဆု (သုတပဒေသာ–ဝိဇ္ဇာ) ကို ဆွတ်ခူးရရှိခဲ့သည်။ ၎င်း၏ ကလောင်အမည်များမှာ ဦးသောင်းထွဋ်၊ ဦးစေတနာ၊ ဦးပညာ၊ ထိပ်တန်းမောင်၊ တက္ကသိုလ်ရောင်နီ၊ သောင်းထွဋ်နှင့် အငြိမ်းစားအင်္ဂလိပ်စာဆရာတို့ဖြစ်သည်။

"ပညာတန်ဆောင်" တွင်လည်း အုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ် ၁၉၇၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ၁၉၈၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိနှင့် ၁၉၉၉ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ဆောင်ရွက်ခဲ့သည်။

ဆရာ ဦးသောင်းထွဋ်သည် ၂၀၀၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များ ရွေးချယ်ရေးအစီအစဉ်တွင် ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးအဖြစ် ဂုဏ်ပြုခံခဲ့ရသည်။ ထို့အပြင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ကန်တော့ခံပုဂ္ဂိုလ်လည်းဖြစ်သည်။

ဇနီး ဒေါ်ညွန့်ညွန့်နှင့် ၁၉၅၈ ခုနှစ်တွင် လက်ထပ်ခဲ့ပြီး သားသမီးထွန်းကားခြင်းမရှိပေ။ ဆရာ ဦးသောင်းထွဋ်သည် အသက် ၈၄ နှစ်အရွယ် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သည်။

အေး (ရန်ကုန်တက္ကသိုလ်)

သိန်းညွန့်၊ဒေါက်တာ(ပါမောက္ခ)(၁၉၃၂–၂၀၁၁)။ ။ပါမောက္ခဒေါက်တာသိန်းညွန့်ခေါ် ကဗျာဆရာညွန့်ဝေ(ကသာ)ကို တောအုပ်ကြီးဦးလေးမောင်၊ ဒေါ်အိမ်တို့က ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် တောင်တွင်းကြီးမြို့၌ မွေးဖွားသည်။ မွေးချင်းခြောက်ဦးအနက် တတိယမြောက်သားဖြစ်သည်။

ပါမောက္ခ ဒေါက်တာသိန်းညွန့်သည် တောင်တွင်းကြီးမြို့ဇာတိဖြစ်သော်လည်း ကသာမြို့၌ ပညာသင်ယူကြီးပြင်းခြင်းကြောင့် ကလောင်နာမည်ကို ညွန့်ဝေ(ကသာ)ဟု ခံယူသည်။ အသက် ၁၅ နှစ်သားအရွယ် အင်္ဂမတန်းကျောင်းသားဘဝတွင် သတင်းစုံဂျာနယ်၌ ပထမဆုံး ပုံနှိပ်ကဗျာဖော်ပြခံရသည်မှ အစပြု၍ ပဒေသာ၊ ရှမဝ၊ ငွေတာရီ၊ မြဝတီ၊ သွေးသောက်စသည့် မဂ္ဂဇင်းများ၌ ကဗျာများရေးသားပြီး စာပေလောကသို့ ဝင်ရောက်သည်။



ဒေါက်တာသိန်းညွန့်

ပါမောက္ခဒေါက်တာသိန်းညွန့်သည် ၁၉၆၇ ခုနှစ်တွင် 'သိမှတ်ဖွယ်ရာဆေးပညာ' စာအုပ်၊ ၁၉၉၂ ခုနှစ်တွင် 'ဇော' ဆေးပညာပေးဝတ္ထုရှည်စာအုပ်၊ 'စိတ်ပြတင်း' ကဗျာများစာအုပ်၊ ၁၉၉၈ ခုနှစ်တွင် 'ရင်မှဆင်းသောမြစ်တစ်စင်း' စာအုပ်နှင့် ၂၀၀၉ ခုနှစ်တွင် လည်ပြန်အငဲ့ စာအုပ်စသည့် လုံးချင်းစာအုပ် ငါးအုပ်နှင့် ကဗျာပုဒ်ရေ ၁၀၀ ကျော် ရေးသားသူဖြစ်သည်။ ၁၉၉၂ ခုနှစ် အမျိုးသားစာပေဆု (ကဗျာဆု) ကို 'စိတ်ပြတင်း' ကဗျာများ စာအုပ်ဖြင့် ဆွတ်ခူးရရှိသည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော ဝိဇ္ဇာပညာထူးချွန်ဆု (ဒုတိယဆင့်)ကို ရရှိသည်။ ၂၀၀၉ ခုနှစ်တွင် ပခုက္ကူ။ ဦးအုံးဖေတစ်သက်တာစာပေဆု ချီးမြှင့်ခြင်းခံရသည်။

ပါမောက္ခဒေါက်တာသိန်းညွန့်သည် ဆရာဝန်ဘွဲ့ (M.B.,B.S) ရရှိပြီးနောက် ၁၉၆၇ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ ရုရှားနိုင်ငံ မော်စကိုဆေးပညာတက္ကသိုလ်တက်ရောက်ပြီး Plastic Surgery ပါရဂူဘွဲ့ရရှိသည်။ ၁၉၉၂ ခုနှစ်တွင် အစားထိုးပြုပြင်ခွဲစိတ်မှုနှင့် မျက်နှာမေးရိုးခွဲစိတ်ကုဆရာဝန်ကြီးအဖြစ်မှ အငြိမ်းစားယူသည်။

ပါမောက္ခဒေါက်တာသိန်းညွန့်သည် သက်ပြည့်အငြိမ်းစားယူပြီးနောက် ၂၀၀၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပြီး

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် အဖြစ်လည်း ထမ်းဆောင်သည်။ အမျိုးသားစာပေဆု စီစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်နှင့် စာပေဗိမာန် စာမူဆု စီစစ်ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် ကွယ်လွန်ချိန်အထိဆောင်ရွက်သည်။

တရားရုံးချုပ်ရှေ့နေ ဒေါ်ဆေဆေလွင်နှင့် လက်ထပ်ခဲ့ပြီး သားနှစ်ဦးမွေးဖွားသည်။ ပါမောက္ခဒေါက်တာ သိန်းညွန့်ခေါ် ကဗျာဆရာ ညွန့်ဝေ(ကသာ)သည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

နိုးအောင်



ဦးဟန်ထွန်း

ဟန်ထွန်း၊ ဦး (၁၉၂၁–၂၀၁၁)။ ။ ဆရာဦးဟန်ထွန်းကို အရိုးအကြောဆရာကြီး ဦးဘိုးရှိန်၊ ဒေါ်ချစ်ယုတို့က ၁၉၂၁ ခုနှစ်တွင် ရေဦးမြို့နယ်၊ မြင်းပေါက်ကျေးရွာ၌ မွေးဖွားသည်။ မွေးချင်းခုနစ်ဦးအနက် အငယ်ဆုံးသားဖြစ်သည်။

ဆရာဦးဟန်ထွန်းသည် ပါဠိစာပေကို ဓမ္မာစရိယဘွဲ့ရသည်အထိ သင်ယူပြီး ဟိန္နုဘာသာ၊ သင်္ကရိတ်တို့ကိုလည်း သင်ယူသည်။ ဝိဇ္ဇာဘွဲ့နှင့် ပညာရေးဘွဲ့များ ရရှိသည်။ ၁၉၆၄ ခုနှစ်တွင် တိုင်းရင်းဆေးပညာစာမေးပွဲကို ဒေသနာနယ်၊ ဗေဒင္ဆနယဘာသာကုဏ်ထူးဖြင့် အောင်မြင်သည်။

ဆရာဦးဟန်ထွန်းသည် သာသနာရေးဌာန၊ ပဋ္ဌကတ်တော်မြန်မာပြန်ဌာနခွဲ၌ စာပြုအယ်ဒီတာ၊ ပဋ္ဌကတ်တိုက်အုပ်အဖြစ် ၁၀ နှစ်နှင့် ပညာရေးဌာနတွင် အထက်တန်းပြဆရာအဖြစ် ငါးနှစ်အမှုထမ်းသည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနခွဲ အုပ်ချုပ်ရေးအရာရှိ(စိမံကိန်း)၊ တိုင်းရင်းဆေးပညာမွမ်းမံသင်တန်းကျောင်းအုပ်၊ တိုင်းရင်းဆေးသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး၊ တိုင်းရင်းဆေးရုံ (မန္တလေး) ဆေးရုံအုပ်၊ တိုင်းရင်းဆေးပညာအကြံပေးတာဝန်များကို ထမ်းဆောင်သည်။

ဆရာဦးဟန်ထွန်းသည် တာဝန်ထမ်းဆောင်စဉ် ၁၉၇၆ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ကာ တရုတ်တိုင်းရင်းဆေးပညာကို လေ့လာသည်။ ထိုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် အာရှ–ပစိဖိတ်ဒေသရှိ ဆေးဖက်ဝင်အပင်များ အာနိသင်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ဆရာဦးဟန်ထွန်းသည် တာဝန်မှ အငြိမ်းစားယူပြီးနောက် တိုင်းရင်းဆေးကျမ်းများဖြစ်သည့် လက်တွေ့အသုံးချမြန်မာ့ကုထုံးဆေးပညာကျမ်း၊ ပထမနှင့် ဒုတိယလက်တွေ့အသုံးချမြန်မာ့ဆေးနည်းတိုကျမ်း၊ လက်တွေ့အသုံးချမြန်မာ့နက္ခတ်ဆေးပညာကျမ်း၊ ဗုဒ္ဓဓေတ်မှ ဆေးဝါးများစာအုပ်တို့ကို ရေးသားပြုစုထုတ်ဝေသည်။ ထို့ပြင် ဗုဒ္ဓဘာသာသီစရာ ကျင့်စရာဘာသာရေးစာအုပ်ကိုလည်း ရေးသားပြုစုထုတ်ဝေသည်။ ၂၀၁၀ ပြည့်နှစ်တွင် ရေးသားထုတ်ဝေသောနရသုခိကျမ်းရင်းနှင့် စကားပြေကျမ်းစာအုပ်ဖြင့် ၂၀၁၀ ပြည့်နှစ် အမျိုးသားစာပေဆု သုတပဒေသာ (ရိုးရိုးသိပ္ပံ) ဆု ရရှိသည်။

တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး (ငြိမ်း) ဆရာဦးဟန်ထွန်းသည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်ကြည်၊ သားသမီးငါးဦး၊ မြေး ၁၀ ဦးနှင့် မြစ်လေးဦး ကျန်ရစ်သည်။

နိုးအောင်

စာဆိုတော်နေ့ အထိမ်းအမှတ်နှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ။ ။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြိုးမှူးကျင်းပသည့် ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းတက်ရောက်အားပေး၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သက်ကြီးစာပေပညာရှင် ၁၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ လှူဒါန်းငွေကျပ် ၄,၅၆၀,၀၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လှူဒါန်းငွေကျပ် သုံးသိန်းတို့ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် သက်ကြီးစာပေပညာရှင် ၁၅၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ပြည်ထောင်စုကြွေခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၇၆ သိန်း၊ ပုံနှိပ်သူများက ငွေကျပ် ၈,၄၅၈,၃၅၀၊ ထုတ်ဝေသူများက ငွေကျပ် ၃,၁၁၂,၀၀၀ နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်သုံးသိန်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် တစ်သိန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) နှင့် ဦးကိုကိုလှိုင်တို့က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစုက ငွေကျပ် တစ်သိန်း၊ ဆရာတော်အရှင်ဇဝနန (မေတ္တာရှင်-ရွှေပြည်သာ) အားအမှူးထား၍ ဦးစိုးတင့် (ညီမေတ္တာ) မိသားစုနှင့် ဦးသန်းဝင်းမိသားစု (စွမ်းအားတံခွန်ပြည်ပအလုပ်အကိုင်ရှာဖွေရေး) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးမောင်မောင်အေး (မောင်ဟေမာ) မိသားစုက ငွေကျပ်ကိုးသိန်း၊ ရှိုင်းဟုတ်ကုမ္ပဏီလီမိတက်က ငွေကျပ် ၇၆၀,၀၀၀၊ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (စွယ်စုံမီဒီယာဂရု(ပ)) က ငွေကျပ် ခုနစ်သိန်း၊ PMG Co.,Ltd.၊ ပြေတီဦးဖောင်ဒေးရှင်းနှင့် ဦးခင်မောင်သက်-ဒေါ်တင်တင်မြမိသားစုတို့က ငွေကျပ်ငါးသိန်းစီ၊ ဗိုလ်မှူး သက်ထွန်း (ငြိမ်း)-ဒေါ်သီသီနွယ် (ဗိုလ်ချုပ်ဈေး) နှင့် အဂ္ဂမဟာသီရိသုဓမ္မသိရီဆရာမ ဒေါ်နန်းမွန်ဟိန်းတို့က ငွေကျပ်သုံးသိန်းစီ၊ စာရေးဆရာမ သီရိစံ၊ Street View Journal၊ ဦးဇော်မင်း (မင်္ဂလာကုမ္ပဏီလီမိတက်) နှင့် ဗိုလ်မှူးချုပ် စည်သူတင်ဖေနှင့်ဇနီး ဒေါ်သိန်းဆိုင် (မမြတ်လေး) မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးလှထွန်း (လှထွန်း-တွံတေး) နှင့် ဇနီး ဒေါ်ညွန့်ညွန့်သန်း မိသားစုနှင့် ဦးခင်ဆွေ(ရွှေစွန်ညို) မိသားစုတို့က ငွေကျပ် ၁၀၅၀၀၀ စီ၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၊ ဒုတိယဗိုလ်မှူးကြီး အုန်းမောင် (ငြိမ်း) (မြင်းမူ-မောင်နိုင်မိုး) နှင့် ဒေါ်ခင်အေးမူ မိသားစု၊ ဦးကျော်ဝင်း (ပုဏ္ဏာဝတီဘုန်းဆွေ) နှင့် ဒေါ်ဘေဘီမြင့်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးဦးကျော်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟို အမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းရုံးတို့မှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၃) ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်) က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြသည်ဟု မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့ သဝဏ်လွှာကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဖတ်ကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများအား မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်ခိုင် (မြတ်ခိုင်) က ပရိသတ်နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း (ငွေသော်တာ) က သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေနှင့် ကန်တော့ပစ္စည်း လှူဒါန်းသူများစာရင်းကို ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အခမ်းအနား (ရွှေဘိုသီရိမာလာ) မိသားစု၊ ဒေါ်နန်းစုစုစံ၊ ဒေါ်သိန်းယုမိသားစု၊ ဆရာဝန်တင်ရွှေအား၊ဦးစွာ်၍ ကျန်ရစ်သူမိသားစုနှင့် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ မင်းရွှေမင်း (အင်းစိန်)၊ နိုင်မျိုးသစ္စာ (နမ္မတူ)၊ ဦးဇော်မျိုးဟန် (ဇော်မျိုးဟန်-ငါးသိုင်းချောင်း)၊ ဦးမျိုးခိုင် (မျိုးခိုင်-မူဆယ်) နှင့် ပြည်သူ့ခေတ်ကွာနယ်တို့က ငွေကျပ်ငါးသောင်းစီ လှူဒါန်းကြသည်။

ဆက်လက်၍ ဦးလှတိုး (တိုးတက်) က ငွေကျပ် ၁၅၀,၀၀၀ တန်ဖိုးရှိ ပြောစမှတ်ဟာသများစာအုပ် ၁၅၀၊ ဦးဖြေ (ဒေဝယက္ခဆေးတိုက်) က ငွေကျပ် ၃၂၆,၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးမျိုးစုံသုံးသေတ္တာ၊ စေတနာလှိုင် (ရေစကြို) က ငွေကျပ် ၄၂၇,၅၀၀ တန်ဖိုးရှိ တိုင်းရင်းလုပ်ငန်းရှင်များ၏ ပုံရိပ်စာအုပ် ၁၃၅ အုပ်၊ မြန်မာနိုင်ငံဒေဝသုတေသနအဖွဲ့က ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ၂၀၁၂ ပြက္ခဒိန်စောင်ရေ ၂၀၀၊ ဒေါ်ကြည်ကြည်စိန်က ငွေကျပ် ၁၄၀,၀၀၀ တန်ဖိုးရှိ ၂၀၁၂ ပြက္ခဒိန်စောင်ရေ ၂၀၀ နှင့် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကိုယ်စား သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်အေး (မောင်ဟေမာ) က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြိုးမှူး၍ ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၇ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့တက်ရောက်၍ သက်ကြီးစာပေပညာရှင်ကြီးများအားကန်တော့ကာ လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်ကြသည်။

သို့ တက်ရောက်လာကြသူများက ကန်တော့်ခံသက်ကြီး စာပေပညာရှင်ကြီးများအား မြန်မာ့ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ကန်တော့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကန်တော့်ခံသက်ကြီးစာပေပညာရှင်များဖြစ်ကြသော ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (လင်းရောင်မင်းလှ)၊ ဦးချမ်းအေး (မောင်စူးစမ်း)၊ အငြိမ်းစား သံအမတ်ကြီး ဦးသက်ထွန်း (ဝဏ္ဏကျော်ထင် ဦးသက်ထွန်း)၊ ဦးကျော်ဆန်း (သုခိအောင်)၊ ဦးတင်မောင် (သိပ္ပံမှူးတင်)၊ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (မှူးသမိန်)၊ ဦးတင့်ဆွေ (တင့်ဆွေ-ဖျာပုံ)၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးချစ်ဆွေ (နောင်စစ်သည်)၊ ဦးမျိုးညွန့် (ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်-ငြိမ်း)၊ ဦးခင်မောင်သောင်း (မိုးမိုးတာရောစန်)၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ဒေါခင်ကြည် (တက္ကသိုလ်ကြည်မာ)၊ ဒေါတင်တင်ဝင်း (မေတင့်ဟန်)နှင့် ဒေါခင်သန်းရှိန် (ခင်သန့်စင်-ရေး)တို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ လှုံ့ဒါန်းငွေကျပ် သုံးသောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ လှုံ့ဒါန်းငွေကျပ် ၁၂၀,၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လှုံ့ဒါန်းငွေကျပ် ငါးသောင်း စုစုပေါင်းငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့်ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဦးသန်းဦး (ပြည်-စိုးမင်း)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးလှမြိုင် (ကိုဆောင်း)၊ ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း) (ခင်မောင်အေး-မန္တလေး)၊ ဦးတင့်အောင် (ဗိုလ်ကလေးတင့်အောင်)၊ ဦးမောင်ကလေး (သောကြာဦးမောင်ကလေး)၊ ဦးထိန်လင်း (အယ်ဒီတာချုပ်)၊ ဦးကျော်ဝင်း (ဝမ်းအိုဝမ်းကျော်ဝင်းမောင်)၊ ဦးချစ်လှိုင် (ကိုကိုမောင်ကြီး)၊ သခင်တင်ဦး (ဗိုလ်သခင်ဆရာ)၊ ဦးထွန်းရှိန် (မိုးတားထွန်းရှိန်)၊ ဦးအုန်းမောင် (ရာမဦးအုန်းမောင်)၊ ဦးအောင်သန့် (အငြိမ်းစားသံအမတ်ကြီး)၊ သခင်အောင်ကြီး (ပေါင်းတည်)၊ ဦးပိကျော်ဟန် (ပီကျော်ဟန်)၊ ဦးတင်မြ (သခင်တင်မြ)၊ ဦးဌေးမောင် (ဌေးမောင်)နှင့် ဦးဝင်းမောင် (မင်းယုဝေ)တို့အား ငွေကျပ် နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကန်တော့်ခံသက်ကြီးစာပေပညာရှင်ကြီးများအား လှုံ့ဒါန်းငွေနှင့် ကန်တော့်ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်ကြသည်။

ယင်းနောက် ကန်တော့်ခံ သက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား ဒေါက်တာခင်မောင်ညွန့်က ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွဲဖက်အတွင်းရေးမှူး (၃) ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်) က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ၁၃၇၃ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပရေး ဗဟိုကော်မတီကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

စာပေဗိမာန်ပြည်သူ့.စာကြည့်တိုက်။ ။ သတင်းနှင့်နည်းပညာခေတ်တွင် စာကြည့်တိုက်သည် စာအုပ်စုဆောင်းရာဌာနမှ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများကို အသုံးပြု၍ သတင်းအချက်အလက်များ ဝန်ဆောင်မှုပေးသည့် ဌာနအဖြစ် သို့ ပြောင်းလဲလာပြီဖြစ်သည်။

စာပေဗိမာန်ပြည်သူ့.စာကြည့်တိုက်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် အစောဆုံး ဖွင့်လှစ်နိုင်သော "ပြည်သူ့.စာကြည့်တိုက်" ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ကွပ်ကဲမှုအောက်တွင် ဖွင့်လှစ်ထားသည့် "အမှောင်ခွင်း၍ အလင်းဆောင်အံ့" (LIGHT WHERE DARKNESS WAS) ဟူသော ဆောင်ပုဒ်နှင့်အတူ သမိုင်းဝင်သော စာပေဗိမာန်ရုံးရှိ ဌာနခွဲ တစ်ခုဖြစ်သည်။ ၁၉၅၆ ခုနှစ် မတ်လ ၁၃ ရက်မှစတင်၍ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ စာပေဗိမာန်အဆောက်အအုံ၏ပထမထပ်တွင် ဖွင့်လှစ်ထားသည်။ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကလေးစာကြည့်တိုက်နှင့် အီလက်ထရွန်းနစ်စာကြည့်တိုက်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ စာပေဗိမာန်ရုံး စာတည်းဌာနမှ စာတည်းများသာ ရည်ညွှန်းကိုးကား ဖတ်ရှုနိုင်ရန် "စာပေဗိမာန်ရည်ညွှန်းစာကြည့်တိုက်" ဟူ၍လည်း ယခင်က ရှိခဲ့သည်။ ထိုစာကြည့်တိုက်သည် "အထူးစာကြည့်တိုက်အမျိုးအစား" ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် ထိုစာကြည့်တိုက်ကို ဖျက်သိမ်းခဲ့ပြီး စာအုပ်အချို့ကို ယခုစာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ငွေ့ထားရှိသည်။ စာကြည့်တိုက်၏ လက်ဝဲဘက်အခြမ်းတွင် နေ့စဉ်ထုတ်သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းများထားရှိသည်။ ပြည်သူ့အကျိုးပြုစာအုပ်များကို စာကြည့်တိုက်အသင်းဝင်သူများအား အခမဲ့ငှားရမ်းပေးသည်။ လက်ယာဘက်အခြမ်းတွင် ရည်ညွှန်းစာဖတ်ခန်းနှင့် အီလက်ထရွန်းနစ် စာကြည့်တိုက် e-Library ရှိသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် ရေရှည်တည်တံ့၍ လုပ်ငန်းအောင်မြင်စေရေးနှင့် ခေတ်မီအဆင့်တိုးမြှင့်ရေးအတွက် စာကြည့်တိုက်လုပ်ငန်းကော်မတီ (ကော်မတီဝင် ၁၂ ဦး) နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ (ကော်မတီဝင် ၁၀ ဦး) စသည်ဖြင့် ကော်မတီနှစ်ဖွဲ့.ဖွဲ့.၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ဌာနတွင် ဌာနစိတ် ၄ ခုဖြင့် ဖွဲ့စည်းထားသည်။ ပင်မစာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ e-Library နှင့် ကလေးစာကြည့်တိုက်ဟူ၍ ဖြစ်သည်။ ယခုအခါ စာကြည့်တိုက်မှူးအပါအဝင် ဝန်ထမ်း ၃၀ ဦးအပြင် နေ့စား ၄ ဦးဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အင်္ဂလိပ်၊ မြန်မာ ဂန္ထဝင်နှင့် ရှားပါးစာအုပ်စာတမ်းများ၊ ခေတ်မီစာအုပ်၊ စာစောင်များ၊ စီဒီချပ်များ၊ ဂျာနယ်မဂ္ဂဇင်းများ၊ သတင်းစာများ၊ တီဗီ၊ ဗီဒီယို၊ ဗီစီဒီ၊ ဒီဗီဒီ၊ ကွန်ပျူတာစသည်တို့.ကိုဝယ်ယူခြင်း၊ လှူဒါန်းသည်ကို လက်ခံခြင်းတို့ဖြင့် စုဆောင်းသည်။ ထို့ပြင် စာရေးဆရာများ၊ ထုတ်ဝေသူများက မိမိတို့ထုတ်ဝေသော စာအုပ်များကို e-Book အဖြစ်အများ ပြည်သူများ ဖတ်ရှုနိုင်ရန် စာအုပ်၏ Data (Soft Copy) များကို စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ လာရောက်လှူဒါန်းမှုကိုလက်ခံ၍ စုဆောင်းသည်။ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် ရန်ကုန်နှင့် မန္တလေးတို့အတွက် စာအုပ်စာစောင်များဝယ်ယူရန် မိခင်ဌာနဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက နှစ်စဉ်ကျပ် ၅ သိန်းစီခွင့်ပြုသည်။

ကလေးစာကြည့်တိုက်တွင် ပုံပြင်၊ အထွေထွေဗဟုသုတ၊ ရသစာအုပ်များ၊ စာစီစာကုံး၊ ကာတွန်းရုပ်စုံ၊ ကလေးဂျာနယ်၊ ကလေးမဂ္ဂဇင်း၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Children's Encyclopedia စာအုပ်များ၊ မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့်ရေးသားထားသောစာအုပ်များ၊ အခြေခံဘာသာစကားစာအုပ်များ၊ ပန်းချီပုံဆွဲစာအုပ်နှင့်ခဲတံ၊ ရောင်စုံခြယ်စာအုပ်နှင့်ရောင်စုံခဲတံ၊ တီထွင်ကြံဆတွေးခေါ်၍ကစားရသောကစားစရာများ၊ တီဗီ၊ ဂိမ်းစက်၊ ပညာပေးအခွေနှားထောင်ရန် ကက်ဆက်၊ ကာတွန်းကားများ၊ ပညာပေးအခွေများ ကြည့်ရှုနိုင်ရန် ဗီဒီယိုအောက်စက်၊ ဒီဗီဒီစက်များထားရှိပေးသည်။

ရည်ညွှန်းစာဖတ်ခန်းတွင် အမေရိကန်စွယ်စုံကျမ်း၊ ဗြိတိသျှစွယ်စုံကျမ်း၊ သြစတြေးလျှစွယ်စုံကျမ်း၊ သိပ္ပံနည်းပညာဆိုင်ရာ စွယ်စုံကျမ်း၊ မြန်မာ့စွယ်စုံကျမ်း၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ History of Yangon, Who's Who, Who's Who in Burma, ဂေဇက်တီးယား၊ အဘိဓာန်၊ လမ်းညွှန်စာအုပ်များ၊ ဘာသာရေးကျမ်းစာအုပ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစာအုပ်များ၊ ဘာသာစကားများ၊ ဥပဒေဆိုင်ရာစာအုပ်များ၊ ပထဝီ၊ သမိုင်း၊ အတ္ထုပ္ပတ္တိ စာအုပ်များထားရှိသည်။ သတင်းစာများကို ၁၉၉၅ ခုနှစ်မှစ၍ ယနေ့ထိ စုဆောင်းထားရှိသည်။ e-Library တွင် ဂျာနယ်၊ မဂ္ဂဇင်း၊ သုတ၊ ရသ e-Book ၁၀၀,၀၀ ကျော်ရှိသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တွင် ၁၉၅၆ ခုနှစ် မှ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိထားရှိသော စာပေပစ္စည်းအရေအတွက်မှာ မြန်မာစာအုပ် ၄၄၇၆၇ အုပ်၊

အင်္ဂလိပ်စာအုပ် ၂၁၅၁၀ အုပ်၊ မဂ္ဂဇင်း ၁၀၅၅၉ အုပ်၊ ဂျာနယ် ၂၀၃၆၈ အုပ်၊ သတင်းစာ ၅၉၈ အုပ်၊ စီဒီချပ်ရေ ၂၀၀၈ ချပ်၊ ကက်ဆက်ခွေ ၅၅ခွေ၊ e-Book ၁၀၀,၀၀ အုပ်ရှိသည်။

စာအုပ်တန်ဖိုးများကြီးမြင့်လာခြင်းကြောင့် ၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ လက်ရှိအခြေအနေနှင့် ကိုက်ညီစေရန်အတွက် အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးများကို တိုးမြှင့်ကောက်ခံခဲ့သည်။ အသင်းဝင်ကြေးသည် စပေါသဘောမျိုးဖြစ်ပြီး စာကြည့်တိုက် အသင်းဝင် အဖြစ်မှ နုတ်ထွက်လိုပါက စာကြည့်တိုက်မှူးထံလိပ်မူ၍ အသင်းဝင်ကြေးပြန်လည် ထုတ်ယူခွင့်ပြုပါရန် လျှောက်လွှာတစ်စောင်၊ ဝင်ကြေးပြေစာနှင့်အတူ စာငှားကတ်ပူးတွဲလျက် တင်ပြတောင်းခံလျှင် ပြန်လည်ထုတ်ပေးသည်။ ရည်ညွှန်းစာအုပ်များကို ပြင်ပသို့ ထုတ်မငှားဘဲ ရည်ညွှန်းစာဖတ်ခန်းတွင်သာ လေ့လာဖတ်ရှုနိုင်ပြီး ထိုစာအုပ် တစ်အုပ်လုံး မိတ္တူကူးခွင့်မပြုဘဲ အစိတ်အပိုင်းအလိုက်ကိုသာ မိတ္တူကူးခွင့်ရှိသည်။ မိတ္တူကူးစက်ဖြင့် ဝန်ဆောင်မှုပေးခြင်းကိုလည်း ပြင်ပထက်သက်သာစေရန် စီစဉ်ထားသည်။

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ အသင်းဝင်မည်ဆိုပါက အသင်းဝင်မည့်သူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ရန်ကုန်စည်ပင်သာယာရေးနယ်မြေအတွင်း နေထိုင်သူဖြစ်ရမည်။ အသင်းဝင်ပုံစံကို အခမဲ့ရယူနိုင်သည်။ လိုင်စင် ဓာတ်ပုံ ၂ ပုံ၊ သန်းခေါင်စာရင်းမိတ္တူတစ်စောင်၊ မှတ်ပုံတင်ကတ်ပြားမိတ္တူတစ်စောင်၊ အသင်းဝင်ပုံစံ ဖြည့်ပြီးပါက စာကြည့်တိုက်အသင်းဝင်ကောင်တာတွင် သတ်မှတ်ထားသော အသင်းဝင်အမျိုးအစားအလိုက် နှစ်စဉ်ကြေး/ဝင်ကြေးပေးဆောင်ပြီးပါက စာငှားကတ်ကို ထုတ်ပေးပြီး ချက်ချင်းစာအုပ်ငှားနိုင်သည်။ စာငှားကတ်ပါမှသာ စာအုပ်ငှားနိုင်ပြီး စာငှားကတ်ကို တစ်ဆင့် လွှဲပြောင်းကိုင်ဆောင်ခွင့်မပြုပေ။ စာငှားကတ်ပျောက်ဆုံးခြင်း၊ နေရပ်လိပ်စာပြောင်းခြင်းဖြစ်ပေါ်ပါက စာကြည့်တိုက်မှူးထံ အကြောင်းကြားရမည်။ အသင်းဝင်အမျိုးအစားနှစ်မျိုးရှိသည်။ ၎င်းတို့မှာ အထူးအသင်းဝင် (ဝင်ကြေး ၅၀၀၀/-၊ နှစ်စဉ်ကြေး ၃၀၀၀/-၊ အကျိုးခံစားခွင့် စာအုပ် နှစ်အုပ် အခမဲ့ ၁၀ ရက်ငှားခွင့်၊ ရက်လွန်ကြေး တစ်ရက် တစ်အုပ် ၁၀၀ ကျပ်) နှင့် သာမန်အသင်းဝင် (ဝင်ကြေး ၂၀၀၀/-၊ နှစ်စဉ်ကြေး ၁၅၀၀/-၊ စာအုပ် ၁ အုပ် အခမဲ့ သုံးရက်ငှားခွင့်၊ ရက်လွန်ကြေးတစ်ရက် တစ်အုပ် ၁၀၀ ကျပ်) တို့ဖြစ်သည်။ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်တွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ အထူးအသင်းဝင် ၁၁၅ ဦးနှင့် သာမန်အသင်းဝင် ၄ ဦးရှိသည်။

ခေတ်မီစာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ရှိ အီလက်ထရွန်းနစ် စာကြည့်တိုက် (e-library) ကို လုပ်ငန်း ၃ ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပထမအဆင့်အဖြစ် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အတွင်းရှိ သုတ/ ရသ စာအုပ်များ အား လုံးကို Manual Catalogue အသွင်မှ e-Catalogue အသွင် ပြောင်းခြင်း ၊ ဒုတိယအဆင့်အဖြစ် စာကြည့်တိုက်ရှိ သုတ/ရသ စာအုပ်များကို ပုံနှိပ်စာအုပ်အသွင်မှ e-Book အသွင်ပြောင်းခြင်း၊ တတိယအဆင့်အဖြစ် အဆင့်မီသော e-Library ဖြစ်ရန် အင်တာနက်ရရှိအသုံးပြုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းရုံးနှင့်ဆက်သွယ်၍ ADSL အင်တာနက် ဖုန်းလိုင်းတစ်ခု ရရှိရေး ဆောင်ရွက်ရန်တို့ဖြစ်သည်။

ပထမအဆင့်လုပ်ငန်းကို အကောင်အထည် ဖော်သည့်အနေဖြင့် စာကြည့်တိုက်ရှိစာအုပ်များကို မြေပြင်စာရင်းကောက်ခြင်းနှင့် တစ်ပြိုင်တည်းတွင် e-Catalogue Data များသွင်းနိုင်ရန် စာအုပ်တစ်အုပ်စီ၏ Main Catalogue Entry ကို လက်ရေးဖြင့် ရေးခြင်းကို စာကြည့်တိုက်မှူး ဦးစီး၍ စာကြည့်တိုက်ဝန်ထမ်းများနှင့်အတူ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၂ ရက်မှစ၍ စတင်ဆောင်ရွက်ခဲ့သည်။

၂၀၀၈ ခုနှစ် ဩဂုတ်လ ၆ ရက်နှင့် ၇ ရက်တွင် နေပြည်တော် ရုံးချုပ်၌ ကျင်းပပြုလုပ်ခဲ့သော လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် e-Library အတွက် e-Library ဆော့ဖ်ဝဲဖြည့်တင်းပေးရန် ဆွေးနွေးတင်ပြခဲ့သည်။ ဩဂုတ်လ ဒုတိယသီတင်းပတ်တွင် Forever Group ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး e-Library ဆော့ဖ်ဝဲနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ခေတ်မီစာကြည့်တိုက်အဖြစ် အဆင့်တိုးမြှင့်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များက Forever Group ကုမ္ပဏီမှ Library Management ဆော့ဖ်ဝဲအကြောင်းနှင့် ပတ်သက်သော တင်ပြမှုကို ကြည့်ရှုဆွေးနွေးပြီး ဝယ်ယူရန် ဆုံးဖြတ်ခဲ့သည်။

၂၀၀၈ ခုနှစ် သြဂုတ်လ ၁၅ ရက်တွင် တတိယအဆင့်လုပ်ငန်းအတွက် ADSL ဖုန်းလိုင်းရရှိရေးကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ရန် လိုအပ်သော အချက်အလက်များတောင်းခံခြင်း၊ ငွေပေးသွင်းခြင်းကိစ္စများ ဆွေးနွေးခဲ့သည်။

ထို့နောက် စာကြည့်တိုက်၌ တပ်ဆင်ထားသော ကွန်ပျူတာများ နက်ဝက်ခ်ချိတ်ဆက်ခြင်းဆောင်ရွက်ခဲ့ပြီး Forever Group ကုမ္ပဏီမှ စာပေဗိမာန်အတွက် လိုအပ်သော Library Management ဆော့ဖ်ဝဲကို စာကြည့်တိုက်ရှိ ကွန်ပျူတာများတွင် တပ်ဆင်မှုပြုလုပ်ခြင်း၊ လက်တွေ့စမ်းသပ်ခြင်းနှင့် ဝန်ထမ်း ၂၀ ဦးကို ဌာနတွင်း၌ ထိုဆော့ဖ်ဝဲအသုံးပြုတတ်စေရန် ကုမ္ပဏီမှ ၅ ရက် သင်ကြားခြင်းတို့ ပြုလုပ်ခဲ့သည်။ ထို့နောက် သြဂုတ်လတွင် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက ADSL ဖုန်းလိုင်းတစ်ခုကို စာပေဗိမာန်ရုံးတွင် လာရောက်ချိတ်ဆက်တပ်ဆင်ပေးခဲ့သည်။

ထို့နောက် Forever Group ကုမ္ပဏီမှ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် e-Library တွင် အသုံးပြုမည့် Library Management ဆော့ဖ်ဝဲကို ဝယ်ယူခဲ့သည်။


၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်တွင် မြန်မာစာအုပ်များကို e-Catalogue Data ရေးသွင်းခြင်း စတင်လုပ်ကိုင်ခဲ့သည်။ ဆက်လက်၍ အင်္ဂလိပ်စာအုပ်များကို e-Catalogue Data ရေးသွင်းခြင်း လုပ်ကိုင်ခဲ့သည်။

၂၀၀၉ ခုနှစ် အောက်တိုဘာလ ၃၀ ရက်တွင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ရှိ မြန်မာစာအုပ်၊ အင်္ဂလိပ်စာအုပ်အားလုံးကို e-Catalogue Data ရေးသွင်းပြီးခဲ့သည်။ ထို့ကြောင့် နိုဝင်ဘာလ ၁ ရက်မှ စတင်ပြီး စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်၌ စာဖတ်သူများ စာရွက်စာတမ်းများကို e-Catalogue ကို အသုံးပြု၍ စာရှာခြင်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

စာကြည့်တိုက်တွင် Library Management System ဆော့ဖ်ဝဲထား၍အသုံးပြုခြင်းဖြင့် စာနယ်ဇင်းများတိုက်ပိုင်စာရင်းသွင်းခြင်း၊ စာအုပ်၏ ကက်တလောက် Data ရေးသွင်းခြင်း၊ အသင်းဝင်လက်မှတ်ခြင်း၊ စာအုပ်ငှားခြင်း (ဘားကုတ်စနစ်ပါသည်)၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ လက်ရေးစာသားများ ထိန်းသိမ်းစီမံခန့်ခွဲခြင်း၊ စာအုပ်စာတမ်းများရှာပေးခြင်း၊ အသေးစိတ် အစီရင်ခံစာများ ထုတ်ခြင်း၊ ၎င်းအပြင် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ လုံခြုံမှု ထိန်းချုပ်ခြင်းလုပ်ငန်းများ အချိန်သက်သာ မြန်ဆန်တိကျပြီး အမှားမပါအောင် ဆောင်ရွက်နိုင်သည်။ ကွန်ပျူတာတစ်လုံးနှင့်တစ်လုံး နက်ဝက်ခ်ချိတ်ဆက်သုံးနိုင်သော Client Server အမျိုးအစားကို အသုံးပြုထားသည်။ Font မှာ M Myanmar I နှင့် M Myanmar II ဖြစ်သည်။ ယူနီကုတ်စနစ်ကို အသုံးပြုထားသည်။ စာရွက်စာတမ်း၊ စာအုပ်၏ အချက်အလက်အစုံကို Book Detail I, II, III တို့တွင် အချက်အလက်များကို အစီအစဉ်အတိုင်းထည့်ရသည်။ အချက်အလက် အမြောက်အမြားထည့်နိုင်ပြီး စာရှာရာတွင်လည်း ထိုအချက်အလက်များကို တစ်ပြိုင်တည်း ရှာနိုင်သည်။ အင်တာနက်မှတစ်ဆင့် အသုံးပြုရှာဖွေနိုင်သည့် အစီအမံ အပိုင်းတစ်ခုလည်းပါဝင်သည်။ စာအုပ်များ၊ ရုံးစာရွက်စာတမ်းများကို မြန်နှုန်းမြင့် စကန်နာနှင့် ချိတ်ဆက်၍ e-Book များအဖြစ် အချိန်တိုတွင်း ပြောင်းပေးနိုင်သည့် ပရိဂရမ်ထည့်သွင်းထားသည်။ အင်္ဂလိပ်စာအုပ်၊ မြန်မာစာအုပ်များကို Simple Search (Myanmar), Simple Search (English) ဖြင့်လည်းကောင်း၊ နောက်တစ်နည်း Advance Search (Myanmar), Advance Search (English) ဟူ၍ နည်းနှစ်နည်းဖြင့် ရှာနိုင်သည်။ စာရေးသူ၊ ဘာသာရပ်၊ စာအုပ်အမည်၊ ထုတ်ဝေနှစ်၊ ထုတ်ဝေတိုက်၊ ထုတ်ဝေနေရာ၊ မျိုးတူစုနံပါတ်၊ ဘာသာပြန်သူ၊ တည်းဖြတ်သူ၊ စိစဉ်သူ စသည်ဖြင့် ရှာနိုင်သည်။ ယင်းတို့ကို ရှာရလွယ်ကူစေရန် အကွက်စုံလိုက် စီစဉ်ထားသည်။ ထို ဆော့ဖ်ဝဲကို အသုံးပြုခြင်းကြောင့် စာကြည့်တိုက်တွင် ထောင်ပေါင်းများစွာသော စာအုပ်များအနက် မိမိလိုချင်သောစာအုပ်ကို အချိန်တိုအတွင်း ရှာနိုင်သည်။ စာအုပ်ထားရာနေရာကိုလည်း ဖော်ပြထားသည့်

အတွက် အချိန်တိုအတွင်း အလွယ်တကူရှာတွေ့နိုင်သည်။

ဒုတိယအဆင့်လုပ်ငန်းအဖြစ် စာပေဗိမာန်ရှိ စာအုပ်များကို e-Book အသွင်ပြောင်းရန်ဖြစ်သည်။ စာပေဗိမာန်စာကြည့်တိုက်မှ စာကြည့်တိုက်မှူး အပါအပါအဝင် ဝန်ထမ်း ၁၀ ဦးသည် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၃ ရက်အထိ e-Book ပြုလုပ်ပုံရက်တိုသင်တန်းကို ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ်ဝင်းရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၄ ရက်မှ ၈ ရက်အထိ အမျိုးသားစာကြည့်တိုက် ရန်ကင်းမြို့နယ်တွင်လည်းကောင်း သွားရောက်လေ့လာသင်ယူခဲ့



စာကြည့်တိုက်အတွင်းရှိ စာအုပ်စင်နှင့်စာအုပ်များ

သည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်တွင် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ရှိ စာအုပ်တချို့ကို e-Book စတင်ပြုလုပ်ခဲ့သည်။ နိဝင်ဘာလ ၂ ရက်တွင် နိုင်ငံတော်က e-Book ပြုလုပ်ရန် Book Drive Scan အကြီးတစ်လုံးကို ထပ်မံဝယ်ယူဖြည့်တင်းပေးခဲ့သည်။

တတိယအဆင့်လုပ်ငန်းအဖြစ် အဆင့်မီသော e-Library ဖြစ်ရန် အင်တာနက်ချိတ်ဆက်ရေးအတွက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ဆက်သွယ်၍ ADSL ဖုန်းလိုင်းတစ်ခုကို ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် ရရှိခဲ့သည်။

တတိယအဆင့်လုပ်ငန်း အကောင်အထည်ဖော်ရာတွင် စာပေဗိမာန်ရုံး ဝက်ဘ်ဆိုက်ကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လမှစတင်ပြီး AI Information System Group ဖြင့် ရေးဆွဲခဲ့သည်။ ၂၀၁၀ ပြည့်နှစ် မတ်လတွင် ဝက်ဘ်ဆိုက်ရေးပြီးဖြစ်သည်။ အင်တာနက်တွင် ဝက်ဘ်ဆိုက်လွှင့်တင်ခွင့်ကို အောက်တိုဘာလ ၂၁ ရက်တွင် ခွင့်ပြုသဖြင့် နိဝင်ဘာလ ၁၄ ရက်တွင် ရတနာပုံတယ်လီပို့ဒ် ကိုယ်ပိုင်ဆာဗာထားရှိမည်ဖြစ်ပြီး စာပေဗိမာန်ဝက်ဘ်ဆိုက်ကို လွှင့်တင်ထားပြီးဖြစ်သည်။ စာပေဗိမာန်ဝက်ဘ်ဆိုက်လိပ်စာမှာ www.sarpaybeikman-gov.mm ဖြစ်သည်။

စာပေဗိမာန်ရုံးဝက်ဘ်ဆိုက်အကြောင်း

ဝက်ဘ်ဆိုက်မှ စာပေဗိမာန်ရုံးသမိုင်းကြောင်း၊ စာပေဗိမာန်ရုံးမှပေးသော စာပေဆုများဖြစ်သည့် စာပေဗိမာန် စာမူဆုအကြောင်း၊ အမျိုးသားစာပေဆုအကြောင်း၊ တစ်သက်တာစာပေဆုအကြောင်း၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုအကြောင်း၊ စာပေဗိမာန်ရုံးတွင် ဖွဲ့စည်းထားသည့် စာတည်းမှူးချုပ်၊ စာတည်းမှူး၊ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ဌာန၊ လစဉ်ထုတ် သုတပဒေသာစာစောင်ဌာန၊ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်ဌာန၊ ပြည်သူ့လက်စွဲစာအုပ်ထုတ်ဌာန၊ စီမံရေးရာဌာန၊ စာကြည့်တိုက်ဌာနတွင် ပင်မစာဖတ်ခန်း၊ ရည်ညွှန်းစာဖတ်ခန်း၊ e-Library၊ ကလေးစာကြည့်တိုက်အကြောင်းနှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်အကြောင်းများ၊ လစဉ်ဆိုင်တင်ရောင်းချသည့် စာအုပ်များအကြောင်း၊ အွန်လိုင်းမှတစ်ဆင့် စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်မှ စာအုပ်များကို ဝယ်ယူနိုင်အောင်စီစဉ်ထားခြင်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်နှင့်ပတ်သက်၍ e-Catalogue, e-Book များကို 3 Types of Network သဘောဖြင့်ကြည့်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။

e-Library ဖြင့် ယခုနှင့် အနာဂတ်ဝန်ဆောင်မှုပေးနိုင်မည့်အခြေအနေ

စာကြည့်တိုက်နှင့် ပတ်သက်၍ စာပေဗိမာန်ဝက်ဘ်ဆိုက်လိပ်စာကို သိရှိပါကအချက်အလက်များကို 3 Types of Network သဘောဖြင့် ကြည့်နိုင်မည်။

3 Types of Network မှာ စာပေဗိမာန်ရုံးအဆောက်အအုံအတွင်းသာ ကြည့်နိုင်ခြင်း၊ ရန်ကုန်မြို့ တစ်မြို့တွင်းသာ ကြည့်နိုင်ခြင်း၊ အကွာအဝေးကန့်သတ်ချက်မရှိဘဲ မည်သည့်နေရာကမဆို လိပ်စာကိုသိပါက ကြည့်ရှုနိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။

နောင်တစ်ချိန်တွင် ပြည်သူအများကို ကွန်ပျူတာစက်ကိုင်တွယ်အသုံးပြု၍ e-Catalogue,e-Book နှင့် အင်တာနက်ကြည့်ရှုခြင်းကို အခမဲ့ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

မဂ္ဂ။

ဆဋ္ဌမအကြိမ်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ။ ။ ဆဋ္ဌမအကြိမ်မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသား၊စောချစ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆဋ္ဌမအကြိမ်ပညာရည်ချွန်ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ချိုချိုတင်(မစန္ဒာ)က ပညာရည်ချွန်ဆုချီးမြှင့်ရေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသား၊စောချစ်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)နှင့် ဒုတိယဥက္ကဋ္ဌ (၃) ဦးကိုကိုလှိုင်တို့က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများကို ဆုတံဆိပ်နှင့်ဆုငွေများပေးအပ်ချီးမြှင့်သည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များ၏ သား‌သမီးများမှာ ခြောက်ဘာသာဂုဏ်ထူးရှင် မရွှန်းလဲဦး၊ ငါးဘာသာဂုဏ်ထူးရှင် မအိမြတ်သွယ်၊ လေးဘာသာဂုဏ်ထူးရှင် မသဲစုစုဝင်း၊ မသဇင်ကို ကိုအောင်၊ မရတနာစုအောင်၊ မထက်ထက်လွင်သိန်း၊ မစုသရီအောင်သင်း၊ သုံးဘာသာဂုဏ်ထူးရှင်များ မောင်သူရစွမ်းပြည့်၊ မောင်ကောင်းဝေ၊ မောင်ဝီရမိုးနေ၊ မအေးချမ်းဆုတို့ဖြစ်ကြပြီး ယခုနှစ်ပညာရည်ချွန်



ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်

ဆုချီးမြှင့်ပွဲတွင် နှစ်ဘာသာဂုဏ်ထူးရှင် ၄ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၅ ဦးတို့ကိုလည်း ဆုချီးမြှင့်ခဲ့သည်။ ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအတွက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ငွေကျပ်တစ်သိန်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ဦးမောင်မောင်အေး(ကဗျာဆရာမောင်ဟေမာ) က ငွေကျပ် ၁၀ သိန်း၊ ဒေါ်နန်းကလျာဝင်း (ငွေသော်တာ) က ငွေကျပ် ၈ သိန်း၊ ဒေါ်နန်းအိအိဇော က ငွေကျပ် ၂ သိန်း၊ ဦးမောင်မျိုး (မောင်မျိုး-ကြောင်နှစ်ကောင်)က ငွေကျပ် ၅ သိန်း၊ ဒေါက်တာ သာထွန်းဦးက ငွေကျပ် ၃ သိန်း၊ ဒေါက်တာ တင်အောင်ခိုင်က ငွေကျပ် ၂ သိန်း၊ ဦးမျိုးအောင်က ငွေကျပ်တစ်သိန်း၊ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ဇနီးဒေါ်တင်မေငွေးနှင့်သမီး ခင်သဇင်ကိုတို့က ငွေကျပ် နှစ်သိန်း၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) က ငွေကျပ်ငါးသောင်း၊ ဦးဇေယျသူက ငွေကျပ်ငါးသောင်း၊ ဆရာမသီရိစံ (လျှပ်တစ်ပြက်သတင်းဂျာနယ်) က ငွေကျပ် နှစ်သိန်း၊

ဆရာဝန်တင်ရွှေမိသားစုက ငွေကျပ် ၃ သိန်း၊ စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူ၍ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ ဆက်လက်၍ ဦးမောင်မျိုး (မောင်မျိုး–ကြောင်နှစ်ကောင်) ကြောင်နှစ်ကောင်စာပေမိသားစုက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းသို့ငွေကျပ် ၇,၇၇,၇၇,၀၀၀တန်ဖိုးရှိ စာအုပ်ပေါင်း ၅၅,၅၅၅ အုပ်ကို မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ထံပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပညာရည်ချွန်ဆုရရှိကြသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မရွှန်းလဲ့ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဆာဖာရီဥယျာဉ် (နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ဥယျာဉ်အဝင်ဝပလာဇာ၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)သည် ရန်ကုန်–မန္တလေး မော်တော်ကားလမ်း မိုင်တိုင်အမှတ် ၂၅၇/၀ အနီး၌ တည်ရှိပြီး ၂၉၁ ဒသမ ၅၂ ဧက ကျယ်ဝန်းသည်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)၊ နက္ခတ်တာရာပြခန်း (နေပြည်တော်) တို့နှင့် တစ်ဆက်တစ်စပ်တည်းတည်ဆောက်ထားခြင်းဖြစ်၍ အပန်းဖြေအနားယူဗဟုသုတရှာမှီးသူများအတွက် သင့်လျော်ကောင်းမွန်သော ဥယျာဉ်တစ်ခုဖြစ်သည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)ကို ပြည်သူများအနားယူနိုင်ရန်နှင့် မြန်မာနိုင်ငံသာမက ကမ္ဘာနိုင်ငံအချို့ရှိ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက်နေထိုင်ကျက်စားမှုများကို တွေ့မြင်ဗဟုသုတရရှိစေရန်၊ ကမ္ဘာနှင့်မြန်မာနိုင်ငံတို့ရှိ ရှားပါး၍မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော တိရစ္ဆာန်အချို့ကို မျိုးဆက်ပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းမွေးမြူသွားရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောတရားများကို ပြည်သူများအကြားသိရှိနားလည်သဘောပေါက်လာစေရန်တို့ကို ရည်ရွယ်ပြီး တည်ဆောက်ခြင်းဖြစ်သည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)သည် Day Safari အမျိုးအစားဥယျာဉ်ဖြစ်ပြီး ဥယျာဉ်အတွင်း အာရှ၊ ဩစတြေးလျနှင့် အာဖရိကဆာဖာရီပြကွက်တို့ကို သုံးမျိုးခွဲခြားပြီး တိရစ္ဆာန်အမျိုးအစားပေါင်း ၁၆ မျိုး၊ ကောင်ရေ ၂၀၂ ကောင် ထည့်သွင်းပြသထားသည်။ အာရှဆာဖာရီပြကွက်၌ နွားနောက်၊ ဆတ်၊ ရွှေသမင်၊ ဒရယ်၊ သမင်နှင့် ဒေါင်း၊ ဩစတြေးလျ ဆာဖာရီပြကွက်၌ Kangaroo နှင့် Wallaby သားပိုက်ကောင်များ၊ အာဖရိကဆာဖာရီပြကွက်၌ ခြင်္သေ့၊ ကျား၊ ကုလားအုပ်၊ ဆိတ်သမင်၊ ကြံ့ဖြူ၊ သစ်ကုလားအုတ်၊ ဌက်ကုလားအုတ်တို့ကို ပြသထားသည်။



ဆာဖာရီဥယျာဉ် (နေပြည်တော်) အဝင်ဝ

ဆာဖာရီဥယျာဉ် (နေပြည်တော်)၌ တိရစ္ဆာန်များကို ပြသရာတွင် အခြားတိရစ္ဆာန်ဥယျာဉ်များကဲ့သို့ တိရစ္ဆာန်များကို လှောင်အိမ်ဖြင့် လွတ်ကင်းအတွင်း ပြသထားခြင်းမျိုးမဟုတ်ဘဲ ဆာဖာရီများ၏သဘာသဘာဝအတိုင်း တိရစ္ဆာန်အလိုက် နေထိုင်မှု နှစ်သက်သည့် ပတ်ဝန်းကျင်အနေအထားများ ဖန်တီးတည်ဆောက်ကာ သဘာဝအတိုင်း သွားလာလှုပ်ရှားနေထိုင်သောအနေအထားအတိုင်း စိတ်ဝင်စားဖွယ် ပြသထားသည်။ ပြသထားသည့် တိရစ္ဆာန်များအပြင် အာဖရိကမှ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ခြင်္သေ့ဖြူ၊ ကျားဖြူများအပါအဝင် ရှားပါးတိရစ္ဆာန် ၁၀ မျိုး၊ ၅၈ ကောင်တို့ကိုလည်း ထပ်မံဝယ်ယူထည့်သွင်းပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)သို့ လာရောက်လေ့လာဗဟုသုတရှာမှီးခြင်းဖြင့် သက်ရှိသတ္တဝါများနှင့်

ဝန်းကျင်သဘာဝတို့အကြား ဖြစ်တည်နေသည့် ဂေဟစနစ်ကို ကောင်းမွန်စွာသိရှိနိုင်ကြမည့်အပြင် တိရစ္ဆာန်များကို သဘာဝအတိုင်း တွေ့မြင်ကြရပြီး စိမ်းလန်းစိုပြည်အောင် စိုက်ပျိုးထားသော သစ်ပင်မျိုးစုံကိုလည်း တွေ့မြင်ကြရမည်ဖြစ်သည်။


ဆာဖာရီဥယျာဉ် (နေပြည်တော်)ကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဝိတ်ရက်မရှိ ဖွင့်လှစ်ပြသလျက်ရှိသည်။

စိုးအောင်

ဆန်ဒိုင်းငလျင်။ ။ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့ ဒေသစံတော်ချိန် ၂ နာရီ ၄၆ မိနစ် ၂၃ စက္ကန့်မှ စတင်၍ ဂျပန်နိုင်ငံအရှေ့မြောက်ကမ်းခြေတွင် ဗဟိုပြုလျက် ရစ်ချ်တာစကေး ၈ ဒသမ ၉ ရှိ အလွန်ပြင်းသော မြေငလျင်ကြီး လှုပ်ခတ်ခဲ့သည်။ ပင်လယ်ကြမ်းခင်း မြေအောက်အနက် ၁၅ ဒသမ ၂ မိုင်တွင် ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဟွန်ရူးကျွန်းကြီး၏ အရှေ့ဘက်ကမ်းခြေအနီး ဆန်ဒိုင်းမြို့မှ မိုင် ၈၀ အကွာ၊ ယာမာဂါတာမြို့နှင့် ဖူကူရီးမားမြို့အသီးသီးတို့မှ ၁၁၀ မိုင်အကွာ၊ တိုကျိုမြို့ကြီးမှ ၂၃၁ မိုင်အကွာတွင် ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ပင်လယ်သမုဒ္ဒရာရေနက်ကြမ်းခင်းအောက်တွင် ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ ၈ နှင့်အထက် ငလျင်ကြီးလှုပ်ပါက ဆူနာမီရေလှိုင်းမလွဲမသွေဖြစ်ပေါ်လေ့ရှိသည်။ ယခုငလျင်ကြီးကြောင့် အကြီးဆုံး ဆူနာမီရေလှိုင်းများဖြစ်ပေါ်ပြီး ဂျပန်ပြည်အရှေ့မြောက်ကမ်းရိုးတန်းရှိကုန်းပေါ်သို့ အမြင့် ၃၃ ပေကျော်အထိဝင်ရောက်ရိုက်ပုတ်ခဲ့သည်။ ထိုငလျင်ကြီး၏ဒဏ်နှင့်ဆူနာမီရေလှိုင်းဒဏ်တို့ကြောင့် ဂျပန်ပြည်အရှေ့မြောက်ကမ်းရိုးတန်းရှိ တိုင်းစီရင်စု (ပရီဖက်ချာ) ၆ ခုတွင် အဖျက်အစီးအသေအပျောက်အကြီးအကျယ်ဖြစ်ရသည်။

ဆူနာမီရေလှိုင်းကြီးများ ရိုက်ပုတ်ရာလမ်းကြောင်းရှိ လူနေအိမ်များ၊ ရေယာဉ်များ၊ မော်တော်ကားများသာမက ဆန်ဒိုင်းမြို့လေယာဉ်ကွင်းရှိ လေယာဉ်များပါ ကျွမ်းထိုးမောက်ခုံ လွှင့်မျောဖျက်စီးခဲ့သည်။ ငလျင်ဒဏ်ကြောင့် အရှေ့မြောက်ဒေသတွင် နေရာအတော်များများ၌ မီးလောင်မှုကြီးများလည်း ဖြစ်ပွားခဲ့သည်။ မိုင်ပေါင်းရာနှင့်ချီဝေးသော ချီးဘား၊ ယိုကိုဟားမားစသည့် တိုကျိုဆိပ်ကမ်းမြို့များတွင်လည်း အဆောက်အအုံများ မီးလောင်မှုဖြစ်ပွားသည်။ တိုကျိုမြို့တော်နှင့် အရှေ့မြောက်ဒေသို့နေ့စဉ် လူ ၁၀ သန်းကို သွားလာရေး ပို့ဆောင်ပေးနေသည့် ရထားပြေးဆွဲမှများလည်း ရပ်ဆိုင်းသွားသည်။ ခရီးသည်ပေါင်းများစွာ ဘူတာရုံများတွင် သောင်တင်နေရာမှမြို့လယ်လမ်းမများသို့ လျှံထွက်သွားလာနေကြရသည်။ ငလျင်ဘေးသင့်သော ဒေသနှင့် ဆူနာမီ



ဖူကူရီးမားဒိုင်အိုချိ နျူကလီးယားစက်အားပေး စက်ရုံ စာတ်ပေါင်းဖိုများ မီးလောင်နေစဉ်

ရေလှိုင်းသင့်သော ဒေသများတွင် ရထားများလည်း တိမ်းမှောက်လွှင့်စဉ်သွားကာ ခရီးသွားပြည်သူအများ သေကြပျောက်ကြသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ဖူကူရီးမားမြို့ရှိ ဖူကူရီးမား ဒိုင်အိချိ နျူကလီးယားစာတ်အားပေးစက်ရုံ၏ စာတ်ပေါင်းဖိုများ ထိခိုက်ပျက်စီးခဲ့သည်။ တိုကျိုလျှပ်စစ်ပါဝါကုမ္ပဏီ (တက်ပကို) ပိုင်အဆိုပါ နျူကလီးယားစာတ်အားပေးစက်ရုံတွင် အဏုမြူစာတ်ပေါင်းဖို ၆ ခုရှိသည့်အနက် ငလျင်နှင့်ဆူနာမီဒဏ်တို့ကြောင့် စာတ်ပေါင်းဖို ၄ ခုပျက်စီးခဲ့သည်။ ဂျပန်အစိုးရက ချက်ချင်းပင် နျူကလီးယားအရေးပေါ်အခြေအနေတစ်ရပ် ကြေညာခဲ့သည်။ ကပ်ဘေးဒဏ်ခံရသော ဒေသများသို့ ဂျပန်အစိုးရက ကယ်ဆယ်ရေးတပ်ဖွဲ့များကို အမြန်ဆုံးစေ

လွှတ်ခဲ့သလို ပြည်ပအကူအညီများတောင်းခံခဲ့သည်။ အမေရိကန်မရင်းတပ်သားများလည်း စောစီးစွာသွားရောက်ကူညီခဲ့သည်။ အမေရိကန်၊ ဗြိတိန်၊ တရုတ်နှင့် တောင်ကိုရီးယားစသော နိုင်ငံများက လတ်တလောလို အပ်သမျှအကူအညီများပေးမည်ဖြစ်ကြောင်းနှင့် နောင်ဖြစ်ပေါ်လာသည့် စီးပွားရေးနစ်နာမှုသက်သာစေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာကြသည်။

ငလျင်နှင့်ဆူနာမီကပ်ဘေးကြောင့် သေဆုံးသူ လူဦးရေမှာ နေ့စဉ်တိုးပွားကြောင်း ရှာဖွေတွေ့ရှိခဲ့ရာ၊ ဂျပန်အစိုးရ၏ ဧပြီလ ၁၁ ရက်နေ့ ထုတ်ပြန်ချက်အရ လူပေါင်း ၂၅၀၀၀ ကျော်သေဆုံးပြီးပျောက်ဆုံးနေသူများ စွာရှိနေသေးကြောင်း သိရှိရသည်။ ငလျင်နှင့် ဆူနာမီကပ်ဘေးအန္တရာယ်ကြောင့် ရရှိသော ဒုက္ခသည်များထက် နျူကလီးယားရေဒီယိုဓာတ်ကြွရောင်ခြည်၏ဘေးမှ လွတ်ကင်းအောင် ရှောင်တိမ်းရသော ဒုက္ခသည်များကလည်း အလွန်များခဲ့သည်။ ဓာတ်ပေါင်းဖိုများ၏ အအေးပေးစနစ်ပျက်စီးမှုကြောင့် မတ်လ ၁၂ ရက်နေ့တွင် အမှတ် (၁) ဓာတ်ပေါင်းဖိုဌ် ပေါက်ကွဲမှုဖြစ်ပွားသည်။ ဓာတ်ပေါင်းဖိုကို သံမဏိနံရံတစ်ထပ်၊ ကွန်ကရစ်နံရံတစ်ထပ်ကာရံထားရာ ပေါက်ကွဲမှုကြောင့် ကွန်ကရစ်နံရံပြိုကျသွားပြီး သံမဏိနံရံသာကျန်ရှိသည်။ ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် အဆိုပါနျူကလီးယားဓာတ်အားပေးစက်ရုံနှင့် ၁၂ မိုင်ဝန်းကျင်အတွင်းရှိနေထိုင်သူအားလုံးကို ဘေးလွတ်ရာ အဝေးသို့ပြောင်းရွှေ့ပေးရန် ဂျပန်နိုင်ငံအစိုးရက စီစဉ်ခဲ့သည်။ ဂျပန်နိုင်ငံရှိ နျူကလီးယားကျွမ်းကျင်ပညာရှင်များက ဓာတ်ပေါင်းဖိုပေါက်ကွဲရခြင်းအကြောင်းကို လေ့လာသုံးသပ်လျက်ရှိကြရာ အအေးဓာတ်ပေးသည့်စနစ်ပျက်ယွင်းသွားသဖြင့် ယူရေနီယမ်လောင်စာတောင့်များ အပူရှိန်မြင့်တက်ကာပေါက်ကွဲခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ ထိုလောင်စာတောင့်များ တစ်စိတ်တစ်ပိုင်းအရည်ပျော်မှုရှိနိုင်ကြောင်းလည်းသုံးသပ်သည်။ မတ်လ ၁၃ ရက်နေ့တွင် အမှတ် (၃) ဓာတ်ပေါင်းဖိုမှ အအေးဓာတ်ပေးစနစ်ပျက်ယွင်းမှုကြောင့် ဟိုက်ဒရိဂျင်ပေါက်ကွဲမှုဖြစ်ကာ ဓာတ်ပေါင်းဖိုအပြင်ဘက်နံရံများ ပျက်စီးခဲ့ပြန်သည်။ မတ်လ ၁၅ ရက်နေ့ နံနက်တွင် အမှတ် (၂) ဓာတ်ပေါင်းဖိုဌ် တတိယပေါက်ကွဲမှုဖြစ်ပွားသည်။ မတ်လ ၁၆ ရက်နေ့တွင် အမှတ် (၄) ဓာတ်ပေါင်းဖိုနျူကလီးယားလောင်စာ အအေးခံသည့် ကန်အတွင်းပေါက်ကွဲမှုဖြစ်ကာ မီးလောင်ခဲ့သည်။

နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်ပေါင်းဖိုများ ပေါက်ကွဲမှု၊ မီးလောင်မှုနှင့် ပျက်စီးမှုများကို တားဆီးကာကွယ်ပြုပြင်ရန် တိုက်ရိုက်လျှပ်စစ်ပါဝါကုမ္ပဏီမှ ကျွမ်းကျင်သူများ၊ ဝန်ထမ်းများ၊ လုပ်သားများက ကြိုးစားအားထုတ်သော်လည်း အအေးပေးစနစ်ပျက်စီးသွားမှုကို ရက်အတန်ကြာမပြုပြင်နိုင်ခဲ့ပေ။ နျူကလီးယားဓာတ်ပေါင်းဖို ဗဟိုအူတိုင် (reactor cores) များလည်း အပူလွန်ကဲ၍ ဟိုက်ဒရိဂျင်ပေါက်ကွဲမှုဖြစ်ကာ အရည်ပျော်ကုန်သည်။ လောင်စာအူတိုင် (fuel core) များဖြစ်သည့် ယူရေနီယမ်ချောင်းများက နျူကလီးယားပေါက်ကွဲမှု (nuclear fission) များဖြစ်ပွားလျက်ရှိရာ ရေဒီယိုသတ္တိကြွမှုများ ထွက်ရှိနေသည်။ လောင်စာချောင်းများအေးစေရန် ပင်လယ်ရေများဖြင့် အဆက်မပြတ်ပက်ဖျန်းပေးသောအခါ ရေနှင့်ထိသော အပူရှိန်ပြင်းသည့်လောင်စာချောင်းများမှ ထွက်လာသည့် ရေဒီယိုသတ္တိကြွများ ရေခိုးရေငွေ့နှင့်အတူ ကောင်းကင်သို့ လွင့်ပျံခဲ့သည်။ ရေတွင်စိမ့်ဝင်ခဲ့သော ဓာတ်ရောင်ခြည် ရေဒီယိုသတ္တိကြွပစ္စည်းများကရေထုကြီးနှင့်အတူ ပင်လယ်ထဲစီးဝင်ရောက်ရှိသည်။ ပင်လယ်ရေထုတွင်ပင် ရေဒီယိုသတ္တိကြွမှုတိုးပွားများပြားစေလျက်ရှိသည်။

ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံရှိ ဓာတ်ပေါင်းဖို ၄ ခုတို့၏ ပေါက်ကွဲပျက်စီးမှုကြောင့်ထွက်လာသော အဏုမြူဓာတ်ရောင်ခြည်နှင့် ရေဒီယိုသတ္တိကြွမှုများသည် လူတို့ကို အန္တရာယ်ဖြစ်စေသည့် ထိတွေ့မှုနှုန်းသည် တစ်နာရီလျှင် မိလီစီးဗက်များစွာမြင့်တက်နေသည်။ စောစောပိုင်းတွင် ၁၂ မိုင်အတွင်း နေထိုင်သူများဘေးအန္တရာယ်ဖြစ်စေသည်အထိ ဓာတ်ရောင်ခြည်ရိုက်ခတ်မှုရှိနိုင်သည့်အတွက် ချက်ချင်းဝေးရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ နျူကလီးယားအရေးပေါ်ကြေညာချက်အဖြစ် ဂျပန်ဝန်ကြီးချုပ်ကိုယ်တိုင်က ထုတ်ပြန်ခဲ့သည်။ ယင်းဓာတ်ပေါင်းဖိုများနှင့်အနီးတစ်

ဝိုက်တွင် နေထိုင်သူပေါင်း ၁၅၀,၀၀၀ ကို ဘေးကင်းရာ အရပ်များသို့ပြောင်းရွှေ့ပြီး ဒုက္ခသည်စခန်းများဖွင့်ကာ စောင့်ရှောက်ပေးလျက်ရှိသည်။ နောက်ပိုင်းတွင် ဖူကူရှီးမား ရှူကလီးယားကပ်ဘေး၏ အန္တရာယ်အဆင့်ကို အမြင့်ဆုံးဖြစ်သည့် အဆင့် ၇ အထိတိုးမြှင့်လိုက်ရလေသည်။ ဤတွင် ၁၉၈၆ ခုနှစ်က ရုရှားပြည်တွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့အဆိုးဝါးဆုံး ရှူကလီးယားကပ်ဘေးဘေးကျနိုင်ကိုလ်ရှူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲစဉ်က အန္တရာယ်အဆင့်နှင့်တူညီသွားသည်။

နိုင်ငံတကာအဏုမြူ ကျွမ်းကျင်ပညာရှင်များ၏ အဆိုအရ ယခုဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုမှ ဓာတ်



ငလျင်ဘေးဒုက္ခသည်များ သောက်သုံးရေရရှိရေး စောင့်ဆိုင်းနေစဉ်

ရောင်ခြည်ဖြာထွက်မှု အန္တရာယ်စက်ကွင်းသည် ချာနိုဘိုင်းလ် ဖြစ်ပွားစဉ်ကထက် ပိုကျယ်ကြောင်းတွေ့ရှိနိုင်သည်ဆို၏။ ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည် ဖြာထွက်မှု ပမာဏသည် တားမြစ်ဇုရီယာအဖြစ် ၃၇ မိုင်မှ ၄၄ မိုင်အထိ ကျယ်ဝန်းလာပြီဖြစ်သည်။ ငလျင်ဒဏ်နှင့် ဆူနာမီဒဏ်တို့ခံရပြီး ဖူကူရှီးမားဓာတ်ပေါင်းဖိုများ ပျက်စီးခဲ့သည်ကို လနှင့်ချိတ်၍ ထိန်းချုပ်မရဘဲဖြစ်ခဲ့သည်။ ဓာတ်ပေါင်းဖိုအတွင်း လူသူဝင်ရောက်ရန် အန္တရာယ်ရှိသောနေရာများ သို့ဝင်ရောက်စစ်ဆေးကြည့်ရှုရန်နှင့် ရှူကလီးယားဓာတ်ရောင်ခြည်သင့်နေသည့် အညစ်အကြေးများ သုတ်သင်ရှင်းလင်းရန်အတွက် ရိုဘော့စက်ရုပ်များကို အသုံးပြုရေးလိုအပ်လာသည်။ ထိုအခါ အမေရိကန်နိုင်ငံ အိုင်ရိုဘော့ကုမ္ပဏီက Warrior နှင့် Packbot အမည်ရှိ စက်ရုပ်နှစ်ရုပ်ကို ဖူကူရှီးမားသို့ စတင်ပေးပို့သည်။ ဂျာမနီနှင့် ပြင်သစ်နိုင်ငံများ ကလည်း ရိုဘော့စက်ရုပ်များ ပေးပို့ကူညီခဲ့ကြသည်။ ဖူကူရှီးမားရှိ ဒိုင်အိချိရှူကလီးယားစက်ရုံမှ ပျက်စီးချို့ယွင်းလျက်ရှိသော အစိတ်အပိုင်းများအား လုံးပြုပြင်၍ ရေဒီယိုဓာတ်ရောင်ခြည်လုံးဝကင်းရှင်းသည်အထိ ဆောင်ရွက်ရန်မှာ ၁၀ စုနှစ်အထိချိ၍ ကြာနိုင်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ်က ကပ်ဘေးဆိုက်ခံရပြီး ၄ လ ခန့်အကြာ ၇လိုင်လပထမပတ်တွင် ဝန်ခံထုတ်ဖော် ကြေညာခဲ့သည်။

မတ်လ ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ငလျင်ကြီးနှင့် ဆူနာမီကပ်ဘေး၊ ရှူကလီးယားကပ်ဘေးတို့ကို မကြုံစဖူးကြီးမားစွာ ခံစားခဲ့ရသော ဂျပန်နိုင်ငံသည် ဖြစ်ပေါ်ပြီး ၄ လကြာသည်အထိ ကပ်ဘေးဒုက္ခသည်ပေါင်းများစွာ နေရပ်သို့မပြန်နိုင်ဘဲ ဒုက္ခသည်စခန်းများတွင် နေထိုင်နေရသေးသည်။ ထိုကပ်ဘေးကြီးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၁၀ ခန့်ရှိကြောင်း ဂျပန်အစိုးရက ခန့်မှန်းသည်။

စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုကြောင့် ရေရှည်နစ်နာချက်များရှိခဲ့သည်။ ရေဒီယိုသတ္တိကြွရောင်ခြည်များထွက်ပေါ်နေသည့် ဖူကူရှီးမားဓာတ်အားပေးစက်ရုံ၏ ၁၂ မိုင်ပတ်လည်ဒေသကို မဖြတ်သန်းရဖုန် အဖြစ် ဧပြီလ တတိယပတ်တွင် ဂျပန်အစိုးရက ကြေညာခဲ့သည်။ တစ်ဖက်တွင် ဖူကူရှီးမားတိုင်းစီရင်စုရှိ စာသင်ကျောင်း ၇၀ ကျော်ကို ဧပြီလ ၆ ရက်နေ့က ပြန်လည်ဖွင့်လှစ်ခွင့်ပြုနိုင်ခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့တွင် ဆန်ဒိုင်းမြို့ရှိ လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ဆန်ဒိုင်းမှ တိုကျိုသို့ ထွက်ခွာသည့်ကျည်ဆန်ရထားကို ဧပြီလ ၂၅ ရက်နေ့တွင် စတင်ခုတ်မောင်းစေနိုင်ခဲ့သည်။ ဧပြီလ ၂၈ ရက်နေ့တွင် ဂျပန်နိုင်ငံက ပြည်ပသို့ တင်ပို့ရောင်းချသော ပင်လယ်အစားအစာများ ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းကြောင်း ကျန်းမာရေးသက်သေခံလက်မှတ်များ စတင်ထုတ်ပေးရန် ဂျပန်အစိုးရက စဉ်းစားခဲ့သည်။ ဤသို့ ထုတ်ပေးရာတွင် နေရာဒေသအကန့်အသတ်နှင့်ပြုလုပ်ရန် စီစဉ်ခြင်းဖြစ်သည်။ သို့မဟုတ်ပါက ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများက ဂျပန်နိုင်ငံမှ ပြည်ပပို့ကုန် အစားအသောက်မှန်သမျှ၊ အထူးသဖြင့် လယ်ယာထွက်ကုန်သီးနှံ၊

မွေးမြူရေးစားကုန်နှင့် ရေထွက်ကုန်ပစ္စည်း သားငါးများ အားလုံးကို ပိတ်ပင်လိုက်သဖြင့် အခက်အခဲကြုံသောကြောင့်ဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံအရှေ့မြောက်ကမ်းရိုးတန်းအလွန်၌ ဗဟိုပြု၍ လှုပ်သွားသောပြင်းအား ၈ ဒသမ ၉ မှ ၉ အထိရှိသည့် ၂၀၁၁ ဆန်ဒိုင်းငလျင်ဟု အမည်ပေးထားသည့်ငလျင်နှင့် ဆူနာမီဖြစ်ပွားမှု သဘာဝကပ်ဘေးကြီးသည် ဂျပန်နိုင်ငံသမိုင်းတွင် အပြင်းထန်ဆုံးနှင့် အကြီးမားဆုံးကပ်ဘေးကြီးဖြစ်သည်။ ကမ္ဘာငလျင်သမိုင်းမှတ်တမ်းအရမူ သတ္တမအပြင်းထန်ဆုံးငလျင်ကြီးဖြစ်သည်။ ထူးခြားချက်မှာမူ ငလျင်ဘေးနှင့်အတူ ဆူနာမီလိုင်းယားမာတ်ရောင်ခြည် ရေဒီယိုသတ္တိကြွဘေးအန္တရာယ်ကိုပါ အဆိုးရွားဆုံးခံစားခဲ့ရသော သဘာဝကပ်ဘေး တစ်ခုအဖြစ် ငလျင်သမိုင်းတွင် စံချိန်တင်ရသောဖြစ်ရပ်ကြီးဟု ဆိုစမှတ်ပြုရခြင်း ဖြစ်သည်။

အောင်ချိန်ဘွား

တောင်အာရှဒေသနိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့။ ။ယနေ့ကမ္ဘာပေါ်တွင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းများ ဖွဲ့စည်း၍ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်း ဒေသဆိုင်ရာအဖုအထစ်၊ တစ်ကမ္ဘာလုံးဆိုင်ရာအဖုအထစ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ထိုအဖွဲ့အစည်းများအနက် အဓိကအကျဆုံးနှင့် အထိရောက်ဆုံးသော အဖွဲ့ကြီးမှာ ကုလသမဂ္ဂအဖွဲ့ကြီး (UNO-United Nations Organization) ဖြစ်သည်။

ထိုအဖွဲ့ကြီးအပြင် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၊ စစ်ရေးဆိုင်ရာအဖွဲ့အစည်းများလည်း ရှိသည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများထဲတွင် တောင်အာရှဒေသနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SAARC- South Asian Association for Regional Cooperation) သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများမှာ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါ၊ မော်လဒိုက်နှင့်ဘူတန်နိုင်ငံတို့ဖြစ်ကြသည်။

SAARC အဖွဲ့မှာ ဖွဲ့စည်းစကာလတွင်ပင် အဖွဲ့ဝင်နိုင်ငံအချို့အချင်းချင်း ဆက်ဆံရေး အဆင်မပြေမှုများ၊ ပဋိပက္ခများရှိခဲ့သည်။ အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နိုင်ငံနှင့် ကက်ရှ်မီးယားအရေးအခင်းကြောင့် တစ်ခါတစ်ရံ ဆက်ဆံရေးတင်းမာမှုများရှိသည်။ ယခုလည်း တစ်ခါတစ်ရံ ဆက်ဆံရေးတင်းမာမှုများရှိနေဆဲဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည်လည်း မြစ်ရေခွဲဝေခြင်းပြဿနာ၊ နယ်စပ်ပြဿနာများကြောင့် အငြင်းပွားမှုများ၍ ဆက်ဆံရေးတွင် အဖုအထစ်များရှိခဲ့ကြသည်။ ယခုလည်း ရံဖန်ရံခါ ဆက်ဆံရေးအဆင်မပြေမှုများ ရှိနေသည်။

စတင်ဖွဲ့စည်းစ ၁၉၈၅ ခုနှစ် ကာလဝန်းကျင်တွင် သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံတို့သည် အိန္ဒိယနွယ်ဖွား ဟိန္ဒူဘာသာဝင် သီရိလင်္ကာနိုင်ငံ၌ ကာလရှည်ကြာစွာကပင် အခြေချနေထိုင်ခဲ့သည့် တမီလ်ခွဲထွက်ရေးသမားများကြောင့် ဆက်ဆံရေးမှာ တင်းမာမှုများရှိခဲ့သည်။

ဤသို့သော အချင်းချင်းဆက်ဆံရေးအဆင်မပြေမှုများ၊ အဖုအထစ်များ၊ တင်းမာမှုများကြားမှ တောင်အာရှဒေသနိုင်ငံများကိုခက်ခက်ခဲခဲပင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SAARC) ကို ၁၉၈၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

တောင်အာရှဒေသနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ထူးခြားမှုများရှိသည်။ အိန္ဒိယနိုင်ငံကြီးသည် လူဦးရေသန်းပေါင်း တစ်ထောင့်နှစ်ရာနီးပါးရှိပြီး ကမ္ဘာပေါ်တွင် ဒုတိယလူဦးရေ အများဆုံးနိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံ ရှစ်နိုင်ငံရှိသည့်အနက် အိန္ဒိယနိုင်ငံသည် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။

ထိုမျှသာမက ကမ္ဘာပေါ်တွင် လက်နက်ကိုင်အင်အား၊ တပ်ဖွဲ့အင်အား အများဆုံး ၁၀ နိုင်ငံတွင်

အိန္ဒိယနိုင်ငံမှာ တတိယအင်အားအကြီးမားဆုံးဖြစ်သည်။

၂၀၁၀ ပြည့်နှစ် စာရင်းဇယားများအရ အိန္ဒိယတွင် အမြဲတမ်းတပ်ဖွဲ့အင်အား ၁၃ သိန်းကျော်၊ အရန်တပ်ဖွဲ့ဝင်အင်အား ၁၁ သိန်းကျော်၊ ပင်မတိုက်ပွဲဝင်တင်ကားစီးရေ လေးသိန်းနီးပါး၊ စစ်သင်္ဘောကြီးအစင်း ၆၀ နီးပါးနှင့် လေယာဉ်တင်သင်္ဘောတစ်စင်း၊ ရေငုပ်သင်္ဘောအစင်း ၂၀ နီးပါး၊ တိုက်ပွဲဝင်လေယာဉ်အစင်း ၅၀ နီးပါးနှင့် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည်။ စစ်ရေးအသုံးစရိတ်မှာလည်း အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော်ဖြစ်သည်။ သိပ္ပံနှင့်နည်းပညာမှာ အလွန်အမင်းတိုးတက်လျက်ရှိပြီး နိုင်ငံရေးအရလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC- United Nations Security Council) တွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်ရန် အလားအလာကောင်းမွန်လျက်ရှိသည်။

သို့ဖြင့် SAARC တွင်ပါဝင်နေသဖြင့် အိန္ဒိယနိုင်ငံမှာ စစ်ရေးအင်အားအရလည်းကောင်း၊ လူဦးရေအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာအရလည်းကောင်း ကမ္ဘာပေါ်တွင် အရေးပါလျက်ရှိနေသည်။ ထို့ပြင် အိန္ဒိယနိုင်ငံကြီးသည် အာဆီယံ (အာဆီယံ ၁၀ နိုင်ငံနှင့် အိန္ဒိယ) အစုအဖွဲ့တွင် ပါဝင်နေပြန်သည်။

ထို့အတူ SAARC တွင် ပါဝင်သည့် ပါကစ္စတန်နိုင်ငံမှာလည်း ကမ္ဘာလူဦးရေအများဆုံး ၁၀ နိုင်ငံတွင် ဆဋ္ဌမမြောက်အများဆုံးနိုင်ငံဖြစ်သည်။ လူဦးရေမှာ သန်း ၁၇၀ နီးပါးရှိပြီး နျူကလီးယားလက်နက်ပိုင်ရှင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ထို့အပြင် ကမ္ဘာပေါ်ရှိလက်နက်ကိုင်တပ်ဖွဲ့ဝင် အင်အားအများဆုံး ၁၀ နိုင်ငံအနက် သတ္တမမြောက်နိုင်ငံလည်းဖြစ်သည်။

ဤသို့ SAARC အဖွဲ့ကြီးမှာ ထူးခြားမှုများရှိနေသည်။ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံရေးပြဿနာများ၊ စစ်ရေးပြဿနာများ၊ နယ်စပ်ပြဿနာများ၊ လူမျိုးရေးနှင့် ဘာသာရေးပြဿနာများ၊ အကြမ်းဖက်မှုစသည့်ပြဿနာများကြောင့် အချင်းချင်း အငြင်းပွားဖွယ်ရာများဖြင့် ပဋိပက္ခဖြစ်ပွားနေခြင်းများရှိနေကြသည်။

သို့သော် ယင်းပြဿနာများကို ဧရိယာညီနှိုင်းဖြေရှင်းပြပြီး ဖြေရှင်းနေဆဲကာလတွင် စီးပွားရေးနယ်ပယ်၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်၊ ဆက်သွယ်ရေးနယ်ပယ်၊ ပညာရေး၊ ကျန်းမာရေးတို့ပါဝင်သည့် လူမှုရေးနယ်ပယ် စသည့်နယ်ပယ် အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူထားကြသည်။ ပူးပေါင်းဆောင်ရွက်ခြင်းများလည်း ပြုလုပ်လျက်ရှိရာ တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှာ လွန်စွာအလေးထားစရာ ဖြစ်နေသည်။

မောင်သုတကြွယ်

တိုင်းကျိုးပြည်ဆောင်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ။ ။ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည့်အတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သက်ဝင်လှုပ်ရှားမှုများနှင့်အတူ အကောင်အထည်ဖော်နိုင်ခဲ့သည်။ သို့ဖြစ်၍ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်က နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သော သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသည် ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်မှစတင်၍ နိုင်ငံတော်အား ဆက်လက်ဦးဆောင်ခဲ့ပြီးနောက် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် မြန်မာနိုင်ငံရေး စနစ်သည်လည်း တစ်ခေတ်ပြောင်းလဲခဲ့သည်။

ထိုသို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသော ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်အတွက် နိုင်ငံတော်အစိုးရသည် စီစဉ်ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၁) ဖြင့် "**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စီစစ်ရေးအဖွဲ့**" အား ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ထိုစီစစ်ရေးအဖွဲ့တွင် ဒေါက်တာ စိုင်းမောက်ခမ်း (ဒုတိယသမ္မတ-၂၊ နာယက)၊ ဒုတိယ ဗိုလ်ချုပ်ကြီး ကိုကို (ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဥက္ကဋ္ဌ)၊ ဦးလှထွန်း (ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်)၊ သူရဦးမြင့်မောင် (သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်)၊ ဒေါက်တာထွန်းရှင် (ပြည်ထောင်စုရှေ့နေချုပ်ရုံး ပြည်ထောင်စုရှေ့နေချုပ်၊ အဖွဲ့ဝင်)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် (တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး၊ အဖွဲ့ဝင်)၊ တွဲဖက်စစ်ရေးချုပ် (စစ်ရေးချုပ်ရုံး၊ အဖွဲ့ဝင်)၊ ဒုတိယဝန်ကြီး (ပြည်ထဲရေးဝန်ကြီးဌာန၊ အတွင်းရေးမှူး)၊ ညွှန်ကြားရေးမှူးချုပ် (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တွဲဖက်အတွင်းရေးမှူး) တို့ပါဝင်သည်။

သို့ဖြစ်၍ အဆိုပါစိစစ်ရေးအဖွဲ့၏ ပထမအကြိမ်ညီနှိုင်းအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၃ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တက်ရောက်အမှာစကားပြောကြားခဲ့သည်။ နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိရေးအတွက် ငွေကြေးတံစိုးလက်ဆောင်များပေးကမ်းမှုအပါအဝင် မမှန်ကန်သော နည်းလမ်းများဖြင့် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် တိကျမှန်ကန်စွာ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့တံဆိပ်များကို သားစဉ်မြေးဆက် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်သော ပုဂ္ဂိုလ်မျိုးကို ချီးမြှင့်ပေးအပ်နိုင်စေရေး၊ သက်ဆိုင်ရာကဏ္ဍများအလိုက် စွမ်းရည်မြင့်မားသော ပုဂ္ဂိုလ်များရရှိရေးအတွက် စိစစ်ဆောင်ရွက်ကြရန် ကိုလည်း ဒုတိယသမ္မတက လုပ်ငန်းလမ်းညွှန်အဖြစ် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်၏ နိုင်ငံရေးစနစ်သစ်နှင့်အညီ ပေးအပ်ချီးမြှင့်မည့်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသည် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ပြဋ္ဌာန်းခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသည် ပြည်သူ့အကျိုးစီးပွားနှင့်အညီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပေသည်။ နိုင်ငံတော်၏ ပြောင်းလဲလာသောခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ဂုဏ်ထူးဆောင်တံဆိပ်များကို ပြင်ဆင်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာမင်းများလက်ထက်မှစ၍ နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိ၍ လုပ်ငန်းတာဝန်များကို ကျပွန်စွာ ထမ်းဆောင်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ နိုင်ငံတော်အား သက်စွန့်ကြိုးပမ်းကာကွယ်စောင့်ရှောက်သူများအားလည်းကောင်း၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာ ထူးချွန်သူများအားလည်းကောင်း၊ သာသနာရေးအားပေးဆောင်ရွက်သောပုဂ္ဂိုလ်များအားလည်းကောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သူများအားလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ညီညွတ်ရေးအတွက် ကောင်းမြတ်သော အစဉ်အလာလုပ်ငန်းရပ်ကြိုးပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ခေတ်အဆက်ဆက်ချီးမြှင့်အပ်နှင်းလျက်ရှိသော "ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်" များအား ယနေ့နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ဒီမိုကရေစီနှင့်ဆီလျော်မှုရှိစေရေးအတွက် ပြန်လည်သုံးသပ်စိစစ်ဆောင်ရွက်နိုင်ရန် **"ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ စိစစ်ရေးဗဟိုကော်မတီ"** ကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၀၈) ဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုစိစစ်ရေးဗဟိုကော်မတီတွင် ၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)၊ ဥက္ကဋ္ဌ ၂။ စစ်ရေးချုပ်ရုံး စစ်ရေးချုပ်၊ အဖွဲ့ဝင် ၃။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၄။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၅။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၆။ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၇။ ပညာရေးဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၈။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၉။ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၁၀။ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၊ အဖွဲ့ဝင် ၁၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ဝင် ၁၂။ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ဝင် ၁၃။ ပြည်သူ့လွှတ်တော်

ရုံး ညွှန်ကြားရေးမှူးချုပ်၊ အဖွဲ့ဝင် ၁၄။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၊ အဖွဲ့ဝင် ၁၅။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အဖွဲ့ဝင် ၁၆။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး (၁) ၁၇။ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂) တို့ပါဝင်သည်။

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသည် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို အသစ်တီထွင်ပြဋ္ဌာန်းခြင်းထက် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံတော်သမ္မတအိမ်တော်အထူးအမိန့် ပြန်တမ်းများဖြင့် ပြဋ္ဌာန်းချီးမြှင့်ပေးအပ်ခဲ့သော သင်္ဂဟအဖွဲ့၊ ဘွဲ့တံဆိပ်များ (မြန်မာ့စွယ်စုံကျမ်း အတွဲ-၈ ရှ) ကို ယနေ့ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်၍ ဘွဲ့တံဆိပ်ပုံသဏ္ဌာန်များအား မူလအနှစ်သာရကို အခြေခံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ချီးမြှင့်ရန်အတွက် ပြဋ္ဌာန်းပေးရန် ထောက်ခံခဲ့သည်။ ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များကို သုံးမျိုးခွဲခြား၍ သင်္ဂဟဘွဲ့ဂုဏ်ထူး၊ ဘွဲ့နှင့်တံဆိပ်များဟူ၍ ချီးမြှင့်ရန်ဖြစ်သည်။

၂၀၀၁ ခုနှစ်၊ ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ပြဋ္ဌာန်းချက်အရ ချီးမြှင့်အပ်နှင်းခဲ့သော သိပ္ပံပညာထူးချွန်တံဆိပ်၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ်၊ ဆေးပညာထူးချွန်တံဆိပ်နှင့် နည်းပညာထူးချွန်တံဆိပ်များ ချီးမြှင့်ပေးအပ်မည့်အစား၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့်အခြားသောပညာရပ်တစ်ခုခုတွင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်သူများအတွက် "သိပ္ပံကျော်စွာဘွဲ့" ကို ချီးမြှင့်ရန်ထောက်ခံခဲ့သည်။ ထို့ပြင် ၁၉၇၈ ခုနှစ်၊ ပြဋ္ဌာန်းချက် (မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်-၁၉၇၉ ရှ) အရ ချီးမြှင့်လျက်ရှိသော လယ်ယာစီးပွားထူးချွန်တံဆိပ်၊ စက်မှုစီးပွားထူးချွန်တံဆိပ်၊ စီမံထူးချွန်တံဆိပ်နှင့် လူမှုထူးချွန်တံဆိပ် ၄ ခုကို ပေါင်းစည်းပြီး နိုင်ငံတော်၏ ကောင်းကျိုးဖြစ်ထွန်းအောင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်သူများကို "သီရိပျံချီဘွဲ့" အဖြစ် ပေးအပ်ချီးမြှင့်ရန် ထောက်ခံခဲ့သည်။ ထို့အတူ စစ်ဘက်ဆိုင်ရာအမှုထမ်းကောင်းခြင်းအတွက် "ဇေယျကျော်ထင်ဘွဲ့" နှင့် နယ်ဘက်ဆိုင်ရာအမှုထမ်းကောင်းခြင်းအတွက် "ဝဏ္ဏကျော်ထင်ဘွဲ့" ချီးမြှင့်ပေးအပ်ရန်နှင့် စာပေ၊ အနုပညာဆိုင်ရာကဏ္ဍအတွက် ထူးခြားကောင်းမွန်စွာတတ်မြောက်သူများကို "အလင်္ကာကျော်စွာဘွဲ့" ကို ချီးမြှင့်ရန် ထောက်ခံခဲ့သည်။

သို့ဖြစ်၍ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၀၉ ဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်" အား ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ပြဋ္ဌာန်းချက်တွင် အခန်းပေါင်း (၁၉) ခန်းနှင့် အပိုဒ်ပေါင်း (၇၇) အထိပါရှိခဲ့ရာ ထူးခြားသည့်ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအတွက် ဘွဲ့တံဆိပ်ဆိုင်ရာ ထူးခြားချက်

နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်အကြီးအကဲအဖြစ်ဖြင့် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရာထူးအလျောက် သုဓမ္မသင်္ဂဟနှင့်ပြည်ထောင်စု စည်သူသင်္ဂဟများ၏ အကြီးအမှူးဖြစ်သည့်အပြင် သုဓမ္မသင်္ဂဟတွင် "အဂ္ဂမဟာသီရိသုဓမ္မ" ဖြစ်၍ ပြည်ထောင်စုစည်သူသင်္ဂဟတွင် "အဂ္ဂမဟာသရေ စည်သူ" လည်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲသည် တာဝန်ပြီးဆုံးသည့်အခါတွင် သုဓမ္မသင်္ဂဟတွင် "အဂ္ဂမဟာသီရိသုဓမ္မ" အဖြစ်လည်းကောင်း၊ ပြည်ထောင်စုစည်သူသင်္ဂဟတွင် "အဂ္ဂမဟာသရေ စည်သူ" အဖြစ်လည်းကောင်း ဆက်လက်တည်မြဲကြောင်း နိုင်ငံတော်အကြီးအကဲအတွက် ထူးခြားစွာ ပြဋ္ဌာန်းထားရှိသည်။

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံထိုက်သည့်ပုဂ္ဂိုလ်များ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံထိုက်သည့်ပုဂ္ဂိုလ်များမှာ-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင်

စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ခ) နိုင်ငံတော်နှင့်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက်၊ ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ဆေးဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊

(စ) စာပေနှင့်အနုသုခုမပညာများတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များဖြစ်သည်။

ချီးမြှင့်အပ်နှင်းရန် သတ်မှတ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များ

ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များကို သုံးမျိုးခွဲခြား၍ ထိုက်တန်စွာ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းမည်ဖြစ်သည်။ သင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့များ၊ ဘွဲ့များ၊ တံဆိပ်များဟူ၍ ဂုဏ်ထူးဆောင်ဘွဲ့ ၁၆ မျိုးနှင့် ဂုဏ်ထူးဆောင်တံဆိပ် ၂၂ မျိုးကို ချီးမြှင့်အပ်နှင်းမည်ဖြစ်သည်။

၁။ သင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့နှင့်အဆင့်

သုဓမ္မသင်္ဂဟဘွဲ့များ

သုဓမ္မသင်္ဂဟဘွဲ့များတွင် အခြားဘွဲ့များထက် ထူးခြားချက်မှာ အဆောင်အယောင်တံဆိပ်များအပြင် ရွှေစလွယ်များပါ ချီးမြှင့်အပ်နှင်းခြင်းဖြစ်သည်။ ရွှေစလွယ်မှာ ဂုဏ်ထူးဆောင်အထိမ်းအမှတ်အဖြစ် လက်ဝဲပခုံးစွန်းမှ လက်ယာနံပါးသို့ သွယ်ချဆင်မြန်းရသော အဆောင်အယောင်ဖြစ်သည်။ စလွယ်တင်ခြင်းသည် မြင့်မြတ်ခြင်း၊ စင်ကြယ်ခြင်း၊ တင့်တယ်ခြင်း၊ ဘုန်းကံကြီးခြင်းဟူသော အဓိပ္ပာယ်များကို ဖော်ဆောင်ပေသည်။ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့တွင် ၁၂ ကြိုးရှိသော ရွှေစလွယ်၊ သတိုးသီရိသုဓမ္မဘွဲ့တွင် ၉ ကြိုးရှိသော ရွှေစလွယ်၊ မဟာသီရိသုဓမ္မဘွဲ့တွင် ၆ ကြိုးရှိသော ရွှေစလွယ်တို့ကို ချီးမြှင့်အပ်နှင်းသည်။

ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များမှာ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့တို့ဖြစ်သည်။

၂။ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များနှင့် အဆင့်

တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များမှာ အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့နှင့် သူရဘွဲ့တို့ဖြစ်သည်။

၃။ စွမ်းဆောင်မှုဆိုင်ရာဘွဲ့များနှင့်အဆင့်

စွမ်းဆောင်မှုဆိုင်ရာဘွဲ့များမှာ သီရိပျံချီဘွဲ့၊ ဧရယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည်တို့ဖြစ်သည်။

သုဓမ္မသင်္ဂဟဘွဲ့များ၊ ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ၊ စွမ်းရည်သတ္တိဆိုင်ရာဘွဲ့များနှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့များ စုစုပေါင်း ၁၆ မျိုးသည် ဂုဏ်ထူးဆောင်ဘွဲ့ရ ပုဂ္ဂိုလ်များ၏ အမည်နှင့်တွဲ၍ သုံးစွဲခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

၄။ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှု ဂုဏ်ထူးဆောင်တံဆိပ်များနှင့်အဆင့်

စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်များမှာ အောင်ဆန်းတံဆိပ်၊ သီဟဗလတံဆိပ်၊ သူရဲ

ကောင်းမှတ်တမ်းဝင်တံဆိပ်တို့ဖြစ်သည်။

စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များမှာ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ကာတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့သားကောင်းတံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်တို့ဖြစ်သည်။

၅။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်

စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များမှာ ရဲသီဟတံဆိပ်၊ ရဲသူရဲတံဆိပ်နှင့် ရဲဗလတံဆိပ်တို့ဖြစ်သည်။

စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များမှာ ရဲသူရဲနှန်တံဆိပ်၊ ရဲကျော်စွာတံဆိပ်၊ ရဲကျော်သူတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်နှင့် မြန်မာနိုင်ငံရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ်တို့ဖြစ်သည်။

၆။ ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များနှင့်အဆင့်

ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များနှင့်အဆင့်မှာ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်တို့ဖြစ်သည်။

ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရသူသည် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိမည်ဖြစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များဆိုင်ရာအရည်အချင်းများ

နိုင်ငံတော်က ချီးမြှင့်ပေးအပ်မည့် ဂုဏ်ထူးဆောင်ဘွဲ့ ၁၆ မျိုး၏ အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) သုဓမ္မသင်္ကာဘွဲ့

သုဓမ္မသင်္ကာဘွဲ့များအတွက် အရည်အချင်း သတ်မှတ်ချက်များမှာ နိုင်ငံတော်အတွက် ထူးကဲစွာအမှုထမ်းသူများ၊ အကျိုးဆောင်သူများဖြစ်ရမည်။ ယင်းသုဓမ္မသင်္ကာသုံးမျိုးကို အဆင့်အလိုက်ချီးမြှင့်ရာတွင် စွမ်းဆောင်မှုအတိုင်းအတာဃါမှတည်၍ သတ်မှတ်ထားရှိသည်။

(ခ) ပြည်ထောင်စုစည်သူသင်္ကာဘွဲ့

ပြည်ထောင်စုစည်သူသင်္ကာဘွဲ့များအတွက် အရည်အချင်းသတ်မှတ်ချက်မှာ နိုင်ငံတော်အတွက် ထူးကဲစွာအမှုထမ်းသူများ ဖြစ်ရမည်။ ယင်းပြည်ထောင်စုစည်သူသင်္ကာဘွဲ့များကို အဆင့်လိုက်ချီးမြှင့်ရာတွင် စွမ်းဆောင်မှုအတိုင်းအတာပေါ်မူတည်၍ သတ်မှတ်ထားရှိသည်။

(ဂ) အောင်ဆန်းသူရိယဘွဲ့

အောင်ဆန်းသူရိယဘွဲ့အတွက် ပြည့်စုံရမည့် အရည်အချင်းတွင် ထူးခြားချက်တစ်ရပ်မှာ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ တပ်အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်နိုင်သည်။

(၁) လတ်တလောဖြစ်ပေါ်နေသော ကြီးမားသည့် စစ်ရေးအခက်အခဲ အကျဉ်းအကျပ်ကြောင့် အထူးနစ်နာဆုံးရှုံးရမည့်ထူးကဲသော အန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရသော အခြေအနေမျိုးသို့ ဆိုက်ရောက်နေစဉ် တပ်အဖွဲ့အစည်း၏ စစ်ရေးအကျိုးငှာ မိမိအသက်ကို ပဓာနမထားဘဲ စံတင်ထိုက်သည့် ရဲစွမ်းသတ္တိ၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးတို့ဖြင့် တာဝန်ကိုရဲဝံ့စွာ တစ်ဦးတည်းဆောင်ရွက်ခြင်း၊

(၂) ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်ရာတွင် မိမိအသက်ဘေးအန္တရာယ်ကို အလျဉ်းမငဲ့ကွက်ဘဲ မိမိထမ်းဆောင်ရမည့် တာဝန်ကိုခိုင်မြဲသောစိတ်ဓာတ်၊ မဆုတ်မနစ်သောရဲစွမ်းသတ္တိတို့ဖြင့် ဂုဏ်ယူထိုက်သည့် တာဝန်ထမ်းဆောင်မှုဖြစ်ခြင်း၊

(၃) မိမိအသက်ဘေးအန္တရာယ်နှင့်တကွ အခြားသောကျရောက်နိုင်သည့် ဘေးရန်အန္တရာယ်များကို လျစ်လျူရှု၍ နိုင်ငံတော်၏စစ်ရေးအကျိုးငှာ ရဲဝံ့စွန့်စားစွာ သက်စွန့်ကြိုးပမ်း ချီးမွမ်းဂုဏ်ပြုထိုက်သည့် တာဝန်ထမ်းဆောင်မှုဖြစ်ခြင်း၊

(၄) ရန်သူနှင့်ရင်ဆိုင်တိုက်ခိုက်စဉ်အတွင်း တပ်အဖွဲ့အစည်းအလိုက် ကြီးမားသောထိခိုက်ဆုံးရှုံးမှုအန္တရာယ်နှင့် တွေ့ကြုံလာမည့် စစ်ရေးအခြေအနေမျိုးသို့ ဆိုက်ရောက်နေစဉ် တပ်အဖွဲ့အစည်းအလိုက် သက်ဆိုင်ရာတပ်မတော်သားများက

မိမိအသက်အန္တရာယ်ကို ဥပေက္ခာပြု၍ ထူးကဲမြင့်မားသောစိတ်ဓာတ်တို့ဖြင့် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ကြခြင်း၊

(၅) တပ်အဖွဲ့အစည်းအနေဖြင့် မိမိတို့၏ အသက်ဘေးအန္တရာယ်ကို လုံးဝမငဲ့ကွက်ဘဲ ပေးအပ်သည့် တာဝန်ကို ထူးကဲမြင့်မားသော ရဲစွမ်းသတ္တိကြံ့ခိုင်သော စိတ်ဓာတ်တို့ဖြင့် ချီးမွမ်းဂုဏ်ပြုထိုက်သည့် တာဝန်ထမ်းဆောင်မှုဖြစ်ခြင်းတို့ကိုသုံးသပ်၍ ပေးအပ်ချီးမြှင့်နိုင်သည်။

(ဃ) သီဟသူရဘွဲ့

အောင်ဆန်းသူရိယဘွဲ့ချီးမြှင့်အပ်နှင်းခံထိုက်သည့် အရည်အချင်းကို ရာနှုန်းမပြည့်မီသော်လည်း ယင်းအရည်အချင်းနီးပါးမျှ ပြည့်စုံသောတပ်မတော်သားများအား သီဟသူရဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

(င) သူရဘွဲ့

သီဟသူရဘွဲ့ချီးမြှင့်အပ်နှင်းခံထိုက်သည့် အရည်အချင်းကို ရာနှုန်းပြည့် မမီသော်လည်း ယင်းအရည်အချင်းနီးပါးမျှ ပြည့်စုံသောတပ်မတော်သားများအား သူရဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။ ထို့အပြင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးအတွက် တပ်မတော်နှင့် တွဲဖက်ပေးထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများကိုလည်း စွမ်းရည်သတ္တိအတွက် သတ်မှတ်ထားသော အရည်အချင်းများ ပြည့်မီသည်အထိ သက်စွန့်ကြိုးပမ်းဆောင်ရွက်ပါက အောင်ဆန်းသူရိယဘွဲ့. သို့မဟုတ် သီဟသူရဘွဲ့ သို့မဟုတ် သူရဘွဲ့တစ်ခုခုကို ချီးမြှင့်အပ်နှင်းနိုင်ခွင့်ရှိသည်။

(စ) သီရိပျံချီဘွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို ဖြစ်ထွန်းအောင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်နေသူများအား သီရိပျံချီဘွဲ့ကို ချီးမြှင့်နိုင်သည်။

(ဆ) ဓေယျကျော်ထင်ဘွဲ့

စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များအား ချီးမြှင့်နိုင်ရန် ပြဋ္ဌာန်းထားရှိသည်။ သို့ဖြစ်၍ စစ်ဘက်ဆိုင်ရာ အမှုထမ်းကောင်းခြင်းအတွက် ဓေယျကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

(ဇ) ဝဏ္ဏကျော်ထင်ဘွဲ့

မြို့ပြဘက်ဆိုင်ရာ အမှုထမ်းကောင်းခြင်းအတွက် ဝဏ္ဏကျော်ထင်ဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

(ဈ) အလင်္ကာကျော်စွာဘွဲ့

စာပေနှင့်အနုသုခမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများအား အလင်္ကာကျော်စွာဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

(ည) သိပ္ပကျော်စွာဘွဲ့

သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ် တစ်ခုခုတွင် ထူးကဲကောင်းမွန်စွာ ဆောင်ရွက်သည့်သူများအား သိပ္ပကျော်စွာဘွဲ့ကို ချီးမြှင့်အပ်နှင်းနိုင်သည်။

နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့ ၁၆ မျိုးနှင့် ဂုဏ်ထူးဆောင်တံဆိပ် ၂၂ မျိုးကို ပေးအပ်ချီးမြှင့်ရာတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်၏ အဆောင်အယောင်တံဆိပ်၊ ပုံတူတံဆိပ်နှင့် ဂုဏ်ပြုစာလွှာတို့အပြင် ချီးမြှင့်ထောက်ပံ့ငွေများကိုလည်း ခံစားရရှိစေမည်ဖြစ်သည်။ သားစဉ်မြေးဆက်၊ ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိမည်ဖြစ်သည်။ ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်များမှာ တစ်ဖက်ပါဇယားအတိုင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်ပြောင်းလဲလာသည်နှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ အသစ်ပေးအပ်ချီးမြှင့်သည့် နည်းစနစ်များလည်း ပြောင်းလဲ၍ ချီးမြှင့်ပေးအပ်သည်ကို လေ့လာတွေ့ရှိနိုင်သည်။ ထိုသို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ဆောင်ရွက်ခြင်းသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်သည်။ စံပြုထိုက်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကြိုးပမ်းဆောင်ရွက်ချက်အား နိုင်ငံတော်ကချီးမြှောက်အသိအမှတ်ပြုခြင်းဖြင့် ယင်းပုဂ္ဂိုလ်အတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာဖြစ်သည့်အပြင် နိုင်ငံသူနိုင်ငံသား၊ လူငယ်လူရွယ်များအတွက်လည်း စံနမူနာပြဖြစ်စေ၍ အတုယူအားကျမြှင့်နိုင်းလာစေမည်ဖြစ်သည်။ အစိုးရအမှုထမ်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ စွမ်းဆောင်မှုစိတ်ဓာတ်များကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

တိုင်းကျိုးပြည်ဆောင်ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ

ဂုဏ်ထူးဆောင်ဘွဲ့၏ အဆောင်အယောင်များ

စဉ်	ဘွဲ့အမည်	ချီးမြှင့်အပ်နှင်းမည့်အဆောင်အယောင်များ			တံဆိပ်တွင်ပါဝင်သည့်ရတနာပစ္စည်း
		ဘွဲ့တံဆိပ်တွင်ပါဝင်သည့်ရွှေ	ရွှေစလွယ်	ဂုဏ်ပြုစာလွှာအရောင်	
၁	အဂ္ဂမဟာသီရိသုဓမ္မဘွဲ့	ရွှေ ၁၀ ကျပ်သား (၁၄ ရည်)	ရွှေ ၃၅ ကျပ်သား (၁၄ ရည်)	ရွှေရောင်	ပတ္တမြား ကြိုး ၁+၄ယ် ၈
၂	သတိုးသီရိသုဓမ္မဘွဲ့	ရွှေ ၉ ကျပ်သား (၁၄ ရည်)	ရွှေ ၃၁ ကျပ်သား (၁၄ ရည်)	ရွှေရောင်	ပတ္တမြား ကြိုး ၁+၄ယ် ၈
၃	မဟာသီရိသုဓမ္မဘွဲ့	ရွှေ ၈ ကျပ်သား (၁၄ ရည်)	ရွှေ ၂၇ ကျပ်သား (၁၄ ရည်)	ရွှေရောင်	ပတ္တမြား ကြိုး ၁+ ၄ယ် ၈
၄	အဂ္ဂမဟာသရေစည်သူဘွဲ့.	ရွှေ ၈ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	ကျောက်စိမ်း ကြိုး ၁+ ၄ယ် ၈
၅	သတိုးမဟာသရေစည်သူဘွဲ့.	ရွှေ ၇.၅ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	ကျောက်စိမ်း ကြိုး ၁+ ၄ယ် ၈
၆	မဟာသရေစည်သူဘွဲ့	ရွှေ ၇ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	ကျောက်စိမ်း ကြိုး ၁+ ၄ယ် ၈
၇	သရေစည်သူဘွဲ့.	ရွှေ ၆.၅ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	ကျောက်စိမ်း ကြိုး ၁+ ၄ယ် ၈
၈	စည်သူဘွဲ့	ရွှေ ၆ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	ကျောက်စိမ်း ကြိုး ၁+ ၄ယ် ၈
၉	ဆောင်ဆန်းသူရိယဘွဲ့.	ရွှေ ၉ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	-
၁၀	သီဟသူရဘွဲ့	ရွှေ ၇ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	-
၁၁	သူရဘွဲ့	ရွှေ ၆ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	-
၁၂	သီရိမဂ္ဂဘွဲ့.	ရွှေ ၆ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	နီလာ ကြိုး ၁+ ၄ယ် ၈
၁၃	ဧယျကျော်ထင်ဘွဲ့.	ရွှေ ၅ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	နီလာ ကြိုး ၁+ ၄ယ် ၈
၁၄	ဝဏ္ဏကျော်ထင်ဘွဲ့.	ရွှေ ၅ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	နီလာ ကြိုး ၁+ ၄ယ် ၈
၁၅	အလင်္ကာကျော်စွာဘွဲ့.	ရွှေ ၅ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	နီလာ ကြိုး ၁+ ၄ယ် ၈
၁၆	သီပွကျော်စွာဘွဲ့.	ရွှေ ၅ ကျပ်သား (၁၄ ရည်)	-	ရွှေရောင်	နီလာ ကြိုး ၁+ ၄ယ် ၈

သန်းထွန်း(မော်လမြိုင်)

(၁၀၅) နှစ်ပြည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း။ ။ ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA or Young Mens' Buddhist Association) ကို ၁၉၀၆ ခုနှစ်၊ မေလ ၁၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၁ ခုနှစ်၊ မေလ ၁၀ ရက်တွင် နှစ်ပေါင်း ၁၀၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းကြီးကို ဦးဘဘော၊ ဆာမောင်ကြီးနှင့် ဒေါက်တာဘရင်တို့က ရန်ကုန်မြို့အမှတ် ၈၆၊ ၂၈ လမ်းရှိ ဦးမောင်ကြီး (ဆာမော်ငကြီး) ၏နေအိမ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ မြန်မာလွတ်လပ်ရေးသမိုင်းတွင် မော်ကွန်းတင်နိုင်သည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်လာခဲ့သည်။ ဝိုင်အမ်ဘီအေကို ကိုလိုနီနယ်ချဲ့လက်သို့ သီပေါဘုရင်ပါတော်မူပြီးနောက် ၂၁ နှစ်ကြာမြင့်ချိန်တွင် 'အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ' တိုးတက်ပြန့်ပွားရေးရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး 'အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါ' ဟူသော ကြွေးကြော်သံဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလွတ်မြောက်ရေးအတွက် မြန်မာတိုင်းရင်းသားတို့၏စိတ်ကို ဦးဆောင်လှုံ့ဆော်လမ်းပြပေးခဲ့သည့် ဝံသာနုအသင်းကြီးလည်းဖြစ်ပေသည်။ ထို့ကြောင့်ပင် ဝံသာနုရက္ခိတအစ ဝိုင်အမ်ဘီအေက၊ မြန်မာ့လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေကဟု မြန်မာ့သမိုင်းတွင် ပြောစမှတ်တွင်ရစ်ခဲ့သည်အထိဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်မှု၊ ဖိနှိပ်ညှဉ်းပမ်းမှုနှင့်အတူ မြန်မာနိုင်ငံတွင် မည်သည့်နိုင်ငံရေးအဖွဲ့အစည်းမျှ မဖွဲ့စည်းတည်ထောင်ရဟူသော တင်းကြပ်စွာတားမြစ်မှုများကြားမှ အမျိုးသားနိုင်ငံရေးဦးတည်ရည်မှန်းချက်ဖြင့် ပေါ်ထွန်းလာခဲ့သော ဝိုင်အမ်ဘီအေအသင်းကြီးသည် ဂျီစီဘီအေ၊ ဝံသာနု၊ ကုမ္ဘာရီစသည့်အသင်းအဖွဲ့များကိုပါ ဆင့်ပွားပေါ်ထွက်လာစေခဲ့သည်။ လက်နက်နှင့်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည့်မျိုးချစ်မြန်မာတိုင်းရင်းသားတို့ ခြေကုန်လက်ပန်းကျ၍ တွေဝေမိန်းမောနေသောအမျိုးသားစိတ်ဓာတ်ကို ဝိုင်အမ်ဘီအေက တပ်လှန့်နှိုးဆော်နိုင်ခဲ့သည်။ အသင်းကြီးသည် ၁၉၁၁ ခုနှစ်စ၍ ၁၉၂၀ ပြည့်နှစ်အထိ ရန်ကုန်၊ မန္တလေး၊ ဟင်္သာတ၊ ပျဉ်းမနား၊ မော်လမြိုင်၊ ပုသိမ်၊ ပြည် စသည့်မြို့ကြီးများ၌ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးများကို ကျင်းပခဲ့ခြင်းဖြင့် မြန်မာနိုင်ငံသူနိုင်ငံသားများ အမျိုးသားစည်းလုံးညီညွတ်မှုကို နိုးကြားတက်ကြွလာစေခဲ့သည်။

၎င်းအပြင် ဝံသာနုလူပ်ရှားမှုကို ဦးဆောင်မှုပေးခဲ့သော ဝိုင်အမ်ဘီအေအသင်းမှ ပြောင်းလဲဖွဲ့စည်းခဲ့သည့် ဂျီစီဘီအေအသင်းကြီးသည် ၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ကျင်းပသော နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီး၌ ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော ပထမကျောင်းသားသပိတ်စတင်သည့်နေ့ကို အမျိုးသားနေ့သတ်မှတ်ရေးဆွေးနွေးနိုင်ခဲ့သည်။

ဝိုင်အမ်ဘီအေအသင်းကြီးသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည့် အချိန်မှစ၍ နိုင်ငံရေးလုပ်ဆောင်ခြင်းမရှိတော့ဘဲ မြန်မာ့လွတ်လပ်ရေးအောင်ပွဲကို မျိုးဆက်သစ်လူငယ်များအား ၃၈ ဖြာမင်္ဂလာစာမေးပွဲများကျင်းပပေးခြင်းဖြင့် မင်္ဂလာရှိစွာကြုံဆိုခဲ့သည်မှာ ယခုဆိုလျှင် ၆၁ နှစ်၊ (၆၁) ကြိမ်တိုင်ခဲ့ပြီးဖြစ်သည်။ အခြေခံအဘိဓမ္မာသင်တန်းများကိုပို့ချပေးနိုင်ခဲ့သည်မှာလည်း (၄၁) ကြိမ် ရှိခဲ့ပေပြီ။

မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်၍စည်းကမ်းကျနသော ဒီမိုကရေစီနိုင်ငံကြီးကို တည်ဆောက်ရာတွင် ဝိုင်အမ်ဘီအေအသင်းကြီးအနေဖြင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်လျက်ရှိရာ တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တစ်မျိုးသား လုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော ဦးတည်ချက်များဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ အမျိုးကိုချစ်တတ်သည့် စိတ်ဓာတ်၊ မိမိဘာသာကို ရိုသေလေးစားတတ်သည့်စိတ်ဓာတ်၊ မိမိတို့၏သာသနာကို တန်ဖိုးထားတတ်သည့်စိတ်ဓာတ်၊ ၂၁ ရာစုနှင့်အညီ ခေတ်မီပညာရပ်များကိုကျွမ်းကျင်စွာ

လေ့လာလိုက်စားသင်ယူလို ကြသည့်စိတ်ဓာတ်များကို ကိုယ်စီကိုယ်စီတွင် ကိန်းအောင်စေလျက် လူရွှန်၊ လူကောင်းများ ဖြစ်လာစေရန်ဆောင်ရွက်ခြင်းဖြင့် ရပ်တည်လျက်ရှိပေသည်။

ဝိုင်အမ်ဘီအေအသင်းသည် နိုင်ငံတော်၏ လမ်းညွှန်ချက်အရ တစ်ခုတည်းသော ဘာသာရေး အသင်းကြီးဖြစ်ပေါ်လာအောင် ကြိုးပမ်းလျက်ရှိပြီး အသင်းအနေဖြင့် မဂ်လာစာဖြေဌာနပေါင်း ၁၀၀၀ ကျော်ထိရှိနေပြီဖြစ်သည်။ ၎င်းအပြင်မဂ်လာစာအောင် ဆုပေးပွဲများ အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဂုဏ်ထူးဆောင်ဦးကာကျော်သင်တန်းနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများလည်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယခုနှစ်တွင် စာဖြေဌာနပေါင်း ၁၀၇၉ ခု ရှိလာ၍ စာဖြေကျောင်းပေါင်း ၂၀၀၀ ကျော်မှာ စာဖြေကျောင်းသားပေါင်း ၆၀၀၀၀ ကျော်ဝင်ရောက် ဖြေဆိုခဲ့ရာ ကျောင်းသားပေါင်း ၅၀၀၀၀ ခန့် အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့သည်။

ဝိုင်အမ်ဘီအေမှ ရတနာမွန်မဂ္ဂဇင်း၊ ရပ်စုံဗုဒ္ဓဝင်စာအုပ်၊ (၃၈) ဖြာ မဂ်လာစာအုပ်နှင့် အဘိဓမ္မာဆိုင်ရာ ရပ်ပိုင်း၊ စေတသိက်ပိုင်း စာအုပ်များ၊ ဦးကာကျော်စာအုပ်နှင့်ဝိသုဒ္ဓိမဂ်စာအုပ်များ၊ ဝိုင်အမ်ဘီအေ နှစ်(၅၀)၊ နှစ်(၆၀)၊ နှစ်(၇၀) စာစောင်များ ဝိုင်အမ်ဘီအေ (၇၅)နှစ် ပြည့်၊ (၈၅)နှစ် မော်ကွန်း၊ နှစ် (၉၀) ပြည့်မော်ကွန်း၊ နှစ်(၁၀၀) ပြည့်မော်ကွန်း၊ မဂ်လာနှစ်(၆၀) ပြည့် မော်ကွန်း စသည့် စာအုပ်စာစောင်များကို ဖြတ်သန်းလာသော ခေတ်အလိုက်၊ ကာလစဉ်အလိုက်ထုတ်ဝေခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းကြီး နှစ် ၁၀၀ ပြည့်တွင် ချမှတ်ခဲ့သောရွေး လုပ်ငန်းစဉ်ကြီး (၁၀) ရပ်ဖြစ်သည့်

၁။ ဗုဒ္ဓဘာသာသာသနာတော်အတွက် အစဉ်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရန်၊

၂။ ဗုဒ္ဓဘာသာစာပေ၊ ပရိယတ္တိကို နိုင်ငံနှင့်အဝန်းတိုးတက်ပျံ့နှံ့ထွန်းကားလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

၃။ ဗုဒ္ဓဘာသာတရားတော်များကို နည်းလမ်းတကျသင်ကြားလေ့လာ အားထုတ်ဆည်းပူးခြင်းများဖြစ်မြောက်တိုးတက်လာစေရေးအတွက် ချီးမြှင့်အားပေးဆောင်ရွက်ရန်၊

၄။ ဗုဒ္ဓဘာသာဝင်အချင်းချင်း ကူညီရိုင်းပင်း၍ ညီညွတ်စွာ ဆက်ဆံဆောင်ရွက်သည့်စိတ်ဓာတ်များ၊ အဆင့်အတန်း တိုးတက်လာစေမည့် အကြောင်းများကို အားပေးကူညီရန်၊

၅။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရပ်များ၏ အကျိုးစီးပွားကို ကြိုးစားဆောင်ရွက်ရန်၊

၆။ အသင်းဝင်များနှင့် ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလကို တိုးတက်မြင့်မားလာစေရေးအတွက် ဆောင်ရွက်ရန်၊

၇။ အသင်းဝင်အပေါင်းတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ ချစ်ခင်လေးစားကြည်ဖြူစွာ ပေါင်းသင်းဆက်ဆံမှုများ ဖြစ်လာကြစေရန် အတွက် ဆောင်ရွက်ရန်၊

၈။ မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ရန်၊

၉။ မြန်မာ့ပြည်တွင်းသာမက ပြည်ပနိုင်ငံများတွင်ပါ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အသင်းခွဲများ ဖွဲ့စည်း၍ ပြည်ပသာသနာပြုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်၊

၁၀။ အနာဂတ်တွင် မြန်မာနိုင်ငံ၌ စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ဗုဒ္ဓဘာသာအသင်းကြီးပေါ်ထွန်းလာစေရေးအတွက် မွန်မြတ်သော ရည်မှန်းချက်များထားရှိကာ ကောင်းမြတ်သည့် မူများ ချမှတ်ဆောင်ရွက်ရန် ဟူသောအချက်များအတိုင်း အသင်းကြီးကို တစ်တိုင်းပြည်လုံးအနေဖြင့်တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ၁၆ ဌာနအဖြစ် အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။ ထို့ကြောင့်ဝိုင်အမ်ဘီအေ အသင်းသူအသင်းသားပေါင်း ၁၃၀၀ ကျော် တိုးတက်လာပြီး မဂ်လာရန်ပုံငွေ သိန်း ၁၀၀ ကျော်လည်း တိုးတက်လာခဲ့သည်။

ဤကဲ့သို့အောင်မြင်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သော သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် အမှုဆောင် လူကြီးများကိုလည်း ဘွဲ့ရွေးချယ်ရေးမူနှင့်အညီ စိစစ်ရွေးချယ် ချီးမြှင့်နိုင်ခဲ့သဖြင့် ၃၈ ဖြာ မင်္ဂလာတိုးတက်ပြန့်ပွားရေး စည်းရုံးဆောင်ရွက်မှုများ ဆတက်ထမ်းပိုးအောင်မြင်မှုရရှိခဲ့သည်။

ဝိုင်အမ်ဘီအေအသင်းကြီးသည် အသင်းအမှုဆောင်အဖြစ် စေတနာ ဝါသနာ အနစ်နာခံကာ ၈ နှစ်အထက်၊ ၁၀ နှစ်အထက်၊ ၁၅ နှစ်အထက် တစ်ဆက်တစ်စပ်တည်း ထူးချွန်ထက်မြက်စွာ ဆောင်ရွက်ခဲ့ကြသည့် အမှုဆောင်များအား စိစစ်၍ ဘွဲတံဆိပ်များချီးမြှင့်ခဲ့ရာလူပုဂ္ဂိုလ်များ မင်္ဂလာမှ ဧာတိကဓဇဘွဲ့၊ မဟာမင်္ဂလာမှ ဧာတိကဓဇဘွဲ့၊ အဂ္ဂမဟာမင်္ဂလာမှ ဧာတိကဓဇဘွဲ့ဟူ၍ ဘွဲ့အသီးသီးချီးမြှင့်နိုင်ခဲ့သည်။

ဤသို့ဖြင့် ဝိုင်အမ်ဘီအေခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးသည်နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း အသင်း၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်း၏ဦးတည်ချက်များဖြစ်သည့် "အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါ" ဟူသည့် အတိုင်း အမျိုးဘာသာ သာသနာအတွက် စေတနာသဒ္ဓါလုံ့လအင်အားများဖြင့် ဆောင်ရွက်လျက် မြန်မာနိုင်ငံ၏တစ်ခုတည်းသော ဘာသာရေးအသင်းကြီးအနေဖြင့် ဂုဏ်ယူစွာတည်ရှိနေသည်။

ဒေသတွင်းထိပ်သီးအစည်းအဝေးများ(၂၀၁၁)။

။(၁၈) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးကို မေလ ၇ ရက်မှ ၈ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌လည်းကောင်း၊ အဋ္ဌမအကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလ ၂၁ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှိုးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌လည်းကောင်း၊ (၁၉) ကြိမ်မြောက်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကို နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌

လည်းကောင်း၊ စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို ဒီဇင်ဘာလ ၂၀ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌လည်းကောင်း အသီးသီးကျင်းပသည်။

(၁၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို မေလ ၇ ရက်နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) Assembly Hall ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်ထွန်းဟာဂျီအဗ္ဒဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမစ္စတာဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းကိုယ်စား ဝါရင့်ဝန်ကြီးပါမောက္ခ အက်စ်ဂျယာကူးမား၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲ့ချာချိုဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနိုက အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၁၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ပတ်သက်သည့် ဗီဒီယိုကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၈) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေးကို မေလ ၇ ရက်နံနက် ၉ နာရီ ၄၅ မိနစ်တွင် JCC Cendrawasih ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် စားနပ်ရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံရေးကဏ္ဍများ၌ စားနပ်ရိက္ခာဖူလုံရေးအတွက် သုတေသနဌာနများ တိုးချဲ့သွားရန်နှင့် စားနပ်ရိက္ခာဖြန့်ဝေမှုတွင်လည်း ညှိနှိုင်းဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ အာဆီယံ+၃ နိုင်ငံများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန် ကိစ္စရပ်များ၊ စွမ်းအင်လုံခြုံရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့အပြင် renewable energy ကို အသုံးပြုကြရန်နှင့် လျှပ်စစ်စွမ်းအင်လုံခြုံရေးအတွက် ASEAN Power Grid များ အကောင်အထည်ဖော်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ၂၀၁၁ ခုနှစ်အတွင်း ဘာလီ၌ ASEAN Fair တစ်ခုကို ကျင်းပပြုလုပ်သွားရန်ကိစ္စနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ပေးရန် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြသည်။

(၁၈) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို မေလ ၈ ရက် နံနက် ၉ နာရီတွင် JCC Cendrawasih II ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း

အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အာဆီယံပြင်ပဆက်ဆံရေး၊ ကမ္ဘာနိုင်ငံများ၏ အသိုက်အဝန်းအတွင်းတွင် အာဆီယံအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းနှင့် နိုင်ငံတကာဖြစ်စဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(၁၈) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားကို မေလ ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် JCC Assembly Hall ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံအမြဲတမ်း ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက အစည်းအဝေး၌

ဆွေးနွေးသည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဋ္ဌမအကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၁ ရက် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ လိယွမ် International Conference Centre ပထမထပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစွတာဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစွတာဆမ်ဒက်ဟွန်ဆင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဇျစ်ဘင်ထွန်းဟာဂျီအဗ္ဒဒူရာဇတ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Somsavat Lengsavad၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Kittiratt Na Raong၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Nguyen Xuan Phuc၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

(၁၉) ကြိမ်မြောက်အာဆီယံအစည်းအဝေးဖွင့်ပွဲ ကို နိုဝင်ဘာလ ၁၇ ရက်နံနက် ၉ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC)၊ Nusa Dua 5 ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။

အဆိုပါထိပ်သီးအစည်းအဝေးဖွင့်ပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာသွန်ဆင်းသမာဇောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဇျစ်ဘင်ထွန်းဟာဂျီအဗ္ဒဒူရာဇတ်၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစွစ်ရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ ငုယင်တန်ဇွန်း၊ ဖိလစ်ပိုင်သမ္မတ၏ အထူးကိုယ်စားလှယ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိပ်သီးအစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်ကြသည့်နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတက အဖွင့်မိန့်ခွန်းပြောကြားရာ၌ ဘာလီကျွန်းတွင် အာဆီယံ၏အထင်ကရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်မှု၊ အာဆီယံအနေဖြင့် မဏ္ဍိုင်ကြီးသုံးရပ်အား ခိုင်မာစေရန် ဆောင်ရွက်ရေး၊ ဒေသ၏စီးပွားရေးတိုးတက်မှုရရှိစေရေး၊ ဒေသဆိုင်ရာ အနာဂတ်လူ့အဖွဲ့အစည်းပုံစံ ပြောင်းလဲတိုးတက်မှုတွင် ဦးဆောင်မှုအခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်းသွားရေး၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှတွင် တည်ငြိမ်လုံခြုံမှုကို ထိန်းသိမ်းရေးနှင့် ကမ္ဘာပေါ်တွင် အာဆီယံ၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေရေး ရည်မှန်းချက်ငါးရပ်တို့ကို ထည့်သွင်းပြောကြားသည်။

(၁၉) ကြိမ်မြောက် အာဆီယံထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို နိုဝင်ဘာလ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဘာလီမြို့ရှိ BNDCC Nusa Dua 4 ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာ

နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဖိလစ်ပိုင်သမ္မတ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါထိပ်သီး မျက်နှာစုံညီအစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတ နိုင်ငံသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံအသိုက်အဝန်းကောင်စီသုံးရပ်၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေး၊ အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံပြင်ပဆက်ဆံရေးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(၁၉) ကြိမ်မြောက် အာဆီယံထိပ်သီး သီးသန့်အစည်းအဝေးကို နိုဝင်ဘာလ ၁၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ဘာလီမြို့ရှိ BNDCC Nusa Dua 3 ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဖိလစ်ပိုင်သမ္မတ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါထိပ်သီး သီးသန့်အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတ နိုင်ငံသမ္မတက အဖွင့်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက နိုင်ငံတကာနှင့်ဒေသဆိုင်ရာကိစ္စရပ်များဖြစ်သော ကမ္ဘာစီးပွားရေး၊ အရှေ့အလယ်ပိုင်းနှင့်မြောက်အာဖရိက၊ ကိုရီးယားကျွန်းဆွယ်၊ သဘာဝဘေးအန္တရာယ်၊ ထောင်စုနှစ်ရည်မှန်းချက်၊ ရှေ့ပြောင်းလုပ်သားစောင့်ရှောက်ရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးစသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ထိပ်သီးသီးသန့်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အာဆီယံခေါင်းဆောင်များကလည်း မြန်မာနိုင်ငံ၏အရေးကြီးသိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြု ပြောကြားကြပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌရာထူးထမ်းဆောင်ခြင်းကိုထောက်ခံကြောင်း ထည့်သွင်းပြောကြားသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၇ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ဘာလီမြို့ရှိ BNDCC Nusa Dua 3 ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီဝင်များတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏လုပ်ဆောင်ချက်များနှင့် အကြံပြုတင်ပြချက်များကို ရှင်းလင်းတင်ပြရာတွင် ကောင်စီအနေဖြင့် အာဆီယံ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုစစ်တမ်းကို နှစ်စဉ်ပြုလုပ်နေမှု၊ ယင်းစစ်တမ်းအရ အာဆီယံနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံသူများ၏စိတ်ဝင်စားမှုမှာ ဆက်လက်ခိုင်မာလျက်ရှိနေမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံစီးပွားရေးအကြံပေးကောင်စီ အကြံပေးကလပ်များထူထောင်ရေးနှင့်အာဆီယံစီးပွားရေးအကြံပေးကောင်စီ၏ လုပ်ငန်းများသည် အာဆီယံနိုင်ငံ အစိုးရ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာမူဝါဒရေးဆွဲမှုနှင့် မူဝါဒဆိုင်ရာ ကြီးကြပ်မှုများတွင် များစွာအရေးပါကြောင်း၊ ကုန်သွယ်မှုနှင့်



(၁၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပွဲသို့ တက်ရောက်လာကြသော အာဆီယံနိုင်ငံအကြီးအကဲများ

ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးတိုးတက်မှုအတွက် အဓိကတွန်းအားဖြစ်ပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှုသည် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် များစွာအရေးပါကြောင်းတို့ကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးကြသည်။

အာဆီယံဝန်ကြီးများ၏ လက်မှတ်ရေးထိုးပွဲနှင့် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ဘာလီကြေညာစာတမ်းလက်မှတ်ရေးထိုးပွဲများကို နိုဝင်ဘာလ ၁၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ဘာလီမြို့ရှိ BNDCC Nusa Dua 5 ခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲများတွင် အာဆီယံနိုင်ငံအကြီးအကဲများရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အပါအဝင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး အာဆီယံညှိနှိုင်းရေးဗဟိုဌာန တည်ထောင်ရေးသဘောတူညီချက်ကို အတူတကွ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအပါအဝင် အာဆီယံယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများက ကွဲပြားသောယဉ်ကျေးမှုများနှင့် စုစည်းသော အာဆီယံကြေညာစာတမ်း (ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အာဆီယံအသိုက်အဝန်းမြှင့်တင်ရေးဆီသို့) ကို အတူတကွ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲအစိုးရအဖွဲ့အကြီးအကဲများဖြစ်ကြသည့်ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုဟာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ မလေးရှား နိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဇစ် ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာဘိနင်နိုအကွိုနို့၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စစ် ရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဖွန်းတို့က ကမ္ဘာနိုင်ငံများ အသိုက်အဝန်းအတွင်းမှ အာဆီယံအသိုက်အဝန်းဆိုင်ရာ ဘာလီကြေညာစာတမ်းကို အတူတကွ လက်မှတ်ရေးထိုး ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းအား နိုဝင်ဘာလ ၁၇ ရက် ညနေ ၅ နာရီခွဲတွင် ဘာလီမြို့ရှိ BNDCC Kintamani 5 B ခန်းမ၌ လက်ခံတွေ့ဆုံပြီး နိုင်ငံတော်သမ္မတနှင့် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အာဆီယံ-တရုတ်အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ဘာလီမြို့ရှိ BNDCC Nusa Dua 3 ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးဈုပ်တို့သည် အာဆီယံ-တရုတ် ဆက်ဆံရေးအပေါ်ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ဆက်လက်၍ တရုတ်နိုင်ငံက အာဆီယံ ဆက်သွယ်ပေါင်းစည်းမှု စီမံကိန်းနှင့်ပတ်သက်၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုအတွက် အတိုးနှုန်းသက်သာသည့်ချေးငွေ အမေရိကန်ဒေါ်လာ ၄ ဘီလီယံ အပါအဝင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ထည့်ဝင်မည်ဖြစ်ကြောင်းကြေညာသည်။ ထို့ပြင် ပင်လယ်ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တရုတ်နိုင်ငံက အဆိုပြုတင်ပြသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆွေးနွေးရာတွင် တရုတ်နိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုများကို ကြိုဆိုကြောင်း ထည့်သွင်းပြောကြားသည်။ ထို့နောက် အာဆီယံနှင့် တရုတ်ခေါင်းဆောင်များသည် အာဆီယံ-တရုတ် ဆွေးနွေးဘက်ဆက်ဆံရေးနှစ် (၂၀) ပြည့် အထိမ်းအမှတ် ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။

ဆက်လက်၍ အာဆီယံ-တရုတ်ဗဟိုဌာနဖွင့်ပွဲ ကို နံနက် ၉ နာရီခွဲတွင် အဆိုပါခန်းမ၌ ကျင်းပရာ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ ခေါင်းဆောင်များတက်ရောက်ကြပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်တို့က အာဆီယံ-တရုတ် ဗဟိုဌာန ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် (၁၄) ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို နံနက် ၁၀ နာရီတွင် အဆိုပါခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယိုရိုဟိကို နိဒါနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် အာဆီယံ-ဂျပန်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများကို ကြိုဆိုပါကြောင်း၊ အာဆီယံဆက်သွယ်ပေါင်းစည်းရေးနှင့်ဆက်စပ်လျက် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များတွင် ကွင်းဆင်း

လေ့လာမှုများပြုလုပ်ပြီး အကူအညီများပေးစေလိုပါက ကူညီလိုပါကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် မြှင့်တင်ဆောင်ရွက်စေလိုပါကြောင်း၊ အာဆီယံ၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံက ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ထည့်သွင်းပြောကြားသည်။ ထို့ပြင် နိုင်ငံခေါင်းဆောင်များသည် အာဆီယံ-ဂျပန်ဗျူဟာမြောက်မိတ်ဖက်ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ပူးတွဲကြေညာချက်နှင့် အာဆီယံ-ဂျပန်ဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးလုပ်ငန်းအစီအစဉ် (၂၀၁၁-၂၀၁၅) ပူးတွဲကြေညာချက်တို့ကို အတည်ပြုကြသည်။

အာဆီယံ-ကိုရီးယားသမ္မတနိုင်ငံ ထိပ်သီးအစည်းအဝေးကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် အဆိုပါ ခန်းမ၌ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတမစ္စတာလီမြောင်ဘတ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့တက်ရောက်ကြပြီး အာဆီယံ-ကိုရီးယားဆက်ဆံရေးအပေါ်ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာလီမြောင်ဘတ်အား မွန်းလွဲ ၁၂ နာရီခွဲတွင် ဘာလီမြို့ရှိ BNDCC Nusa Dua 1 ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(၁၄) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံ+၃ ဆက်ဆံရေး၏ နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှခေါင်းဆောင်များ တက်ရောက်ကြပြီး အာဆီယံ+၃ ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်အလားအလာများကို ဆွေးနွေးကြသည့်အပြင် ဒေသတွင်းနှင့်နိုင်ငံတကာ ကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်မှုအောက်တွင် (၁၀) ကြိမ်မြောက် အရှေ့အာရှဖိုရမ်အစည်းအဝေးကို အိမ်ရှင်အဖြစ် ၂၀၁၂ ခုနှစ်အတွင်း လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

တတိယအကြိမ် အာဆီယံ-အမေရိကန်ခေါင်းဆောင်များအစည်းအဝေးကို ညနေ ၄ နာရီ မိနစ် ၄၀ တွင် BNDCC Nusa Dua 3 ခန်းမ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အမေရိကန်ပြည်ထောင်စုနိုင်ငံသမ္မတမစ္စတာဘာရက်အိုဘားမား၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံသမ္မတတို့က အာဆီယံ-အမေရိကန်ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများအပေါ် ဆွေးနွေးခဲ့ကြသည်။

အမေရိကန်သမ္မတက ဆွေးနွေးရာ၌ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို ကြိုဆိုပါကြောင်းနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်အား မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း စေလွှတ်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

နိုင်ငံတော်သမ္မတက အဆိုပါပြောကြားချက်နှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးလာရောက်မည့်ကိစ္စကိုကြိုဆိုပါကြောင်း၊ သမ္မတအိုဘားမား၏မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်ပေါ်နေမှုများကိုလည်း လျော့နည်းပြေပျောက်သွားအောင် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ပူးတွဲကြေညာချက်တစ်ရပ်ကိုထုတ်ပြန်ခဲ့ရာ ကြေညာချက်၌ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးကို အထောက်အကူပြုမည့်နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲ

မှုကို ကြိုဆိုကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှု၊ ဒီမိုကရေစီနည်းလမ်းကျပြီး ပွင့်လင်းသော နိုင်ငံရေးစနစ်နှင့် စီးပွားရေးစနစ်တို့ ဆက်လက်၍ တိုးတက်လာမှုများအတွက် အားပေးကြောင်းနှင့် အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်ဆက်လက်ထိတွေ့မှုနှင့် အမေရိကန်ပြည်ထောင်စု၏ မူဝါဒဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် အထူးကိုယ်စားလှယ်အား မကြာမီက ခန့်ထားမှုများကို ကြိုဆိုပါကြောင်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်မစ္စတာယိုရှိဟိကိုနိဒါအား ညနေ ၆ နာရီတွင် BNDCC Uluwatu 4 ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံအကြား နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ၊ ဂျပန်နိုင်ငံက မြန်မာနိုင်ငံတွင် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်ကိစ္စနှင့် ဂျပန်ပွဲဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများပေးအပ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကို ည ၇ နာရီတွင် ဘာလီမြို့ရှိ Ayodya Hotel Samudra ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယိုရှိဟိကို နိဒါ၊ မဲခေါင်ဒေသနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံနှင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဂျပန်နိုင်ငံနှင့်မဟာမဲခေါင်ဒေသတွင်းနိုင်ငံများမှ ခေါင်းဆောင်များသည် မဲခေါင်ဒေသတွင်းမဲခေါင်မြစ်တစ်လျှောက်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား နိုဝင်ဘာလ ၁၉ ရက် နံနက် ၇ နာရီတွင် ဘာလီမြို့ရှိ Nikko Bali Hotel & Resort ၌ လက်ခံတွေ့ဆုံပြီး ကုလသမဂ္ဂ-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ပင်ထားရှိမှုများ လျှော့ချမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

စတုတ္ထအကြိမ် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးကို နံနက် ၉ နာရီတွင် ဘာလီမြို့ရှိ Bali International Convention Centre (BICC) Nusantara 3 ခန်းမ၌ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီး အကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် အာဆီယံ-ကုလသမဂ္ဂ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများအပေါ် ဆွေးနွေးကြပြီး အာဆီယံနှင့်ကုလသမဂ္ဂအကြား အလုံးစုံ မိတ်ဖက်ဆက်ဆံရေး ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။ ထို့ပြင် ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

နဝမအကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အဆိုပါခန်းမ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အိန္ဒိယ သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် အာဆီယံ-အိန္ဒိယဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆဋ္ဌမအကြိမ်မြောက် အရှေ့အာရှထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်

တွင် ကျင်းပရာ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစွတာဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစွတာ ယိုရှိဟီကိုနိုဒါ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတမစွတာ လီမြောင်ဘတ်၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံ သမ္မတ မစွတာဘားရက်အိုဘားမား၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် H.E.Ms.Julia Gillard ၊ နယူးဇီလန်နိုင်ငံနှင့် ရုရှား ဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၏ အထူးကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အဆိုပါ ထိပ်သီးမျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် အရှေ့အာရှထိပ်သီးအစည်းအဝေး ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်ဦးတည်ချက်များကို ပြန်လည်သုံးသပ်ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထိပ်သီးမျက်နှာစုံညီအစည်းအဝေးက နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် ဆက်ဆံရေးမူဝါဒဆိုင်ရာ အရှေ့အာရှထိပ်သီးအစည်းအဝေးကြေညာချက်နှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံပေါင်းစည်းဆက်သွယ်ရေး ကြေညာချက်တို့ကို အတည်ပြုကြသည်။

ဆဋ္ဌမအကြိမ်မြောက် အရှေ့အာရှထိပ်သီးသန့်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ်ညှိနှိုင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

(၁၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးပိတ်ပွဲကို ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဘာလီမြို့ရှိ BNDCC Nusa Dua 5 ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌအိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုက မိန့်ခွန်းပြောကြားသည်။

ထို့နောက် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်အား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက ၂၀၁၂ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲကို ဒီဇင်ဘာလ ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Meeting Hall ၌ကျင်းပရာ ဖွင့်ပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မဟာမဲခေါင်ဒေသခွဲ (GMS) နိုင်ငံများမှ အကြီးအကဲများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်မစွတာတိုက်ပင်းကော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာသွန်ဆင်းသမာဇောင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစွရင်လပ် ရှင်နာဝပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစွတာ ငုယင်တန်ဇွန်း၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဂျီအမ်အက်စ်ဝန်ကြီးများနှင့် အခြားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်နိုင်ငံခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Touch Screen ဖြင့် ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ထိပ်သီးအစည်းအဝေး သဘာပတိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ၏ ကျိအမ်အက်စ်အစီအစဉ်ဆောင်ရွက်မှုများ ဗီဒီယိုပြကွက်ကို ပြသသည်။ ထို့နောက် ကျိအမ်အက်စ်နိုင်ငံများ၏ မဲခေါင်ဒေသခွဲခရိုးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၌ လုပ်ငန်းဆောင်ရွက်မှုအသစ်များပြကွက်နှင့် '၂၀၁၂ ခုနှစ်အလွန် မဲခေါင်ဒေသခွဲပွဲ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူးပေါင်းဆောင်ရွက်ရေးဆယ်စုနှစ်သစ်ဆီသို့' ဗီဒီယိုပြကွက်တို့ကို ပြသသည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်
အမေရိကန်ပြည်ထောင်စုသမ္မတဆိုဘားမား

ဆက်လက်၍ ပြန်လည်စူးစိုက်ဆောင်ရွက်သည့် ကျိအမ်အက်စ်ခရိုးသွားလုပ်ငန်းမဟာဗျူဟာစာတမ်း' ကို ကျိအမ်အက်စ်ခေါင်းဆောင်များကိုယ်စား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းတို့ထံ ထိုင်းနိုင်ငံ ကျိအမ်အက်စ်ဝန်ကြီးနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး H.E.Mr.Surawit Khonsomboon က ပေးအပ်သည်။

ထို့နောက် 'ပင်မ လယ်ယာစိုက်ပျိုးရေး အထောက်အကူပြုအစီအစဉ် အဆင့် ၂ စာတမ်း' ကို ကျိအမ်အက်စ်ခေါင်းဆောင်များကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်တို့ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျိအမ်အက်စ်ဝန်ကြီး H.E. Mr.Xie Xuren ကလည်းကောင်း၊ 'ပင်မပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်မှုစကြံ့ ကနဦးအစီအစဉ်မူဘောင် 'စာတမ်းကို ကျိအမ်အက်စ်ခေါင်းဆောင်များကိုယ်စား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာ တိုက်ပင်းကော်တို့ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကျိအမ်အက်စ်ဝန်ကြီး H.E.Mr.Nulinh Sinbandhit ကလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ 'ကျိအမ်အက်စ်မဟာဗျူဟာမူဘောင်စာတမ်း' ကို ကျိအမ်အက်စ်ခေါင်းဆောင်များကိုယ်စား စတုတ္ထအကြိမ် ကျိအမ်အက်စ်ထိပ်သီးအစည်းအဝေး သဘာပတိ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ကမ္ဘောဒီးယားနိုင်ငံ ကျိအမ်အက်စ်ဝန်ကြီး H.E.Mr.Cham Prasidh က ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်မည့် ကျိအမ်အက်စ်မဟာဗျူဟာမူဘောင်ကို စတုတ္ထအကြိမ် ကျိအမ်အက်စ်ထိပ်သီးအစည်းအဝေး၌ တရားဝင်အတည်ပြုကြောင်း ကျိအမ်အက်စ်ခေါင်းဆောင်များကိုယ်စား ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က စတုတ္ထအကြိမ် ကျိအမ်အက်စ်စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုအစည်းအဝေး၏ စီးပွားရေးဆိုင်ရာ အဓိက အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျိအမ်အက်စ်စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ Mr.Sun Anmin က ကျိအမ်အက်စ်စီးပွားရေးဖိုရမ်၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လက်ရှိကျိအမ်အက်စ်စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ Mr.Sun Anmin က ကျိအမ်အက်စ်စီးပွားရေး ဖိုရမ်ဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်

များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ လွှဲပြောင်းပေးအပ်ပြီး စတုတ္ထအကြိမ် ကျိုအမ်အက်စ်ထိပ်သီးအစည်းအဝေးဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

စတုတ္ထအကြိမ် ကျိုအမ်အက်စ်ထိပ်သီးသီးသန့် အစည်းအဝေးကို ဒီဇင်ဘာလ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ MICC Summit Room ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr.Haruhiko Kuroda တို့ တက်ရောက်ကြသည်။

ထိပ်သီးသီးသန့်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက ကျိုအမ်အက်စ်မဟာဗျူဟာမူဘောင်အသစ်အပါအဝင် ပြီးခဲ့သည့် ကာလအတွင်း ဖြစ်ပေါ်တိုးတက်အောင်မြင်မှုများကို ကျိုအမ်အက်စ်နိုင်ငံခေါင်းဆောင်များထံသို့ အစီရင်ခံတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး၏ အဓိကခေါင်းစဉ်ဖြစ်သည့် 'မဲခေါင်ဒေသခွဲမဟာဗျူဟာမူဘောင်အသစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝအခြေအနေပေးမှု အတိုင်းအတာအရ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ ဆောင်ရွက်နိုင်မည့် ကတိကဝတ်နှင့်ပုံပိုးမှုများ' အပေါ် ကျိုအမ်အက်စ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးကြသည်။

ကို့ပြင် မဲခေါင်ဒေသခွဲ ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (ကျိုအမ်အက်စ်) အစီအစဉ်၏ လက်ရှိနှင့်အနာဂတ်ကာလ ဦးတည်ချက်များ၊ မျှော်မှန်းချက်များ၊ ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ကျိုအမ်အက်စ်နိုင်ငံခေါင်းဆောင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် စတုတ္ထအကြိမ် ကျိုအမ်အက်စ်ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်အား နေပြည်တော်ကြေညာချက်အဖြစ် အတည်ပြုကြောင်း ကြေညာသည်။

ကျိုအမ်အက်စ်ခေါင်းဆောင်များ၏ ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာများရေးထိုးခြင်း အခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ MICC Banquet Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ ကျိုအမ်အက်စ်ဝန်ကြီးများနှင့် အခြားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကျိုအမ်အက်စ် စီးပွားရေးဖိုရမ်မှ စီးပွားရေးလုပ်ငန်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များရှေ့မှောက်၌ မြန်မာနိုင်ငံအပါအဝင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ်များက ကျိုအမ်အက်စ်နိုင်ငံများအကြား အရေးပါသည့် သဘောတူညီချက် သုံးခုကို လက်မှတ်ရေးထိုးကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ်ဝန်ကြီးများက လူများရွှေ့ပြောင်းသွားလာမှုကြောင့် ဖြစ်ပေါ်ရသည့် အိပ်ချိအိုင်ဗီကူးစက်မှုလျော့ချရေးပူးတွဲလုပ်ငန်းစဉ်ဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းနှင့်မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ်ဝန်ကြီးများက မဟာမဲခေါင်ဒေသခွဲသတင်းအချက်အလက် အမြန်ဆက်ကြောင်း ကွန်ရက်အဆင့် ၃ တည် ဆောက်မှုနှင့် အသုံးချမှု လျင်မြန်စွာ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကိုယ်စားလှယ်များက ကျိုအမ်အက်စ်သယ်ယူပို့ဆောင်သူများအသင်းဖွဲ့စည်းခြင်း သဘောတူညီချက်ကိုလည်းကောင်း အသီးသီးလက်မှတ်ရေးထိုးကြပြီး စတုတ္ထအကြိမ် ကျိုအမ်အက်စ်ထိပ်သီးအစည်းအဝေး ကျင်းပပြီးစီးသည်။

ဇီးအောင်

နိဗယ်ဆု (၂၀၁၁)။ ။၂၀၁၁ ခုနှစ်အတွက် နိဗယ်ဆုရပွဲရှိလ်များကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိဗယ်ဆုများကိုဆေးပညာနှင့် ဇီဝကမ္မပညာရပ်အတွက် ပညာရှင်သုံးဦး၊ ရူပဗေဒပညာရပ်အတွက် ပညာရှင်သုံးဦး၊ ဓာတုဗေဒပညာရပ်အတွက် ပညာရှင် တစ်ဦး၊ စာပေဆိုင်ရာနိဗယ်ဆုအတွက် စာပေပညာရှင် တစ်ဦး၊ စီးပွားရေးပညာရပ်အတွက် ပညာရှင်နှစ်ဦး၊ ငြိမ်းချမ်းရေးနိဗယ်ဆုအတွက် အမျိုးသမီးခေါင်းဆောင်သုံးဦး စုစုပေါင်းပညာရပ်ခြောက်မျိုးအတွက် ပညာရှင် ၁၃ ဦးအား ချီးမြှင့်ခဲ့သည်။

ငြိမ်းချမ်းရေးနိဗယ်ဆု

လိုက်ဘေးရီးယန်းလူမျိုး ငြိမ်းချမ်းရေးစွမ်းဆောင်ရှင် လေမာဂဘိဝီကို ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်တွင် မွေးဖွားသည်။ ၁၉၈၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိဖြစ်ပွားခဲ့သော လိုက်ဘေးရီးယားပြည်တွင်းစစ်ကို အမျိုးသမီးများဦးဆောင်ပါဝင်သည့် ငြိမ်းချမ်းရေးလှုပ်ရှားမှုဖြင့် ရပ်တန့်စေခဲ့သူဖြစ်သည်။




အီလန်ဂျွန်ဆင်ဆာလိဖ် လေမာဂဘိဝီ တဝါကယ်ကာမန်

ဂဘိဝီသည် အမျိုးသမီးထုလုံခြုံရေးအတွက် အကြမ်းမဖက်သည့်နည်းလမ်းများဖြင့် လှုံ့ဆော်ခြင်း၊ နိုင်ငံ၏ငြိမ်းချမ်းမှု တည်ဆောက်ရာလမ်းကြောင်းတွင် အမျိုးသမီးထုအပြည့်အဝပါဝင်နိုင်စေမည့်အခွင့်အရေးများတောင်းဆိုခြင်း စသည့်လှုပ်ရှားမှုတို့ကြောင့် လိုက်ဘေးရီးယားနိုင်ငံ၏ ပထမဆုံးသောအမျိုးသမီးသမ္မတ အီလန်ဂျွန်ဆင်ဆာလိဖ်နှင့်အတူ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးနိဗယ်ဆုပူးတွဲချီးမြှင့်ခြင်းခံရသည်။

၁၉၃၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် မွေးဖွားသည့် အီလန်ဂျွန်ဆင်ဆာလိဖ်မှာ လိုက်ဘေးရီးယားနိုင်ငံ၏ ၂၄ ယောက်မြောက် လက်ရှိသမ္မတဖြစ်သည်။ လိုက်ဘေးရီးယားသမ္မတဟောင်း ဝီလီယံ တောလ်ဘတ်လက်ထက်က ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်ရွေးကောက်ပွဲတွင် သမ္မတအဖြစ်ရွေးချယ်ခံရပြီး ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲတွင် ဒုတိယအကြိမ် ထပ်မံရွေးချယ်ခံရသည်။ အာဖရိကနိုင်ငံများ၏ ပထမဆုံးနှင့်တစ်ဦးတည်းသော ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အမျိုးသမီးနိုင်ငံခေါင်းဆောင်ဖြစ်သည်။

ဆာလိဖ်သည် အမျိုးသမီးထုလုံခြုံရေးအတွက် အကြမ်းမဖက်သည့်နည်းလမ်းများဖြင့် လှုံ့ဆော်ခြင်း၊ နိုင်ငံ၏ငြိမ်းချမ်းမှု တည်ဆောက်ရာလမ်းကြောင်းတွင် အမျိုးသမီးထု အပြည့်အဝပါဝင်နိုင်စေမည့်အခွင့်အရေးများတောင်းဆိုခြင်းစသည်တို့ကြောင့် ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးနိဗယ်ဆုကို ကျန်အမျိုးသမီးခေါင်းဆောင်နှစ်ဦးနှင့်အတူ ပူးတွဲချီးမြှင့်ခြင်းခံရသည်။

၂၀၁၁ ခုနှစ် ယိမင်နိုင်ငံ အုံကြွမှုကြီးတွင် ရှေ့တန်းရောက်လာသည့် တဝါကယ်ကာမန်ကို ၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် မွေးဖွားသည်။ တင်းမာသည့်အာဏာရှင်အစိုးရကို အံတုခဲ့သည့် ကာမန်မှာ စာပေလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်သည့် ဂျာနယ်လစ်တစ်ဦးဖြစ်ပြီး 'သံမဏိ အမျိုးသမီး၊ တော်လှန်ရေးမိခင်ကြီး' ဟုထင်ရှားသည်။ ၂၀၁၁ ခုနှစ် ငြိမ်းချမ်းရေးနိဗယ်ဆုပူးတွဲချီးမြှင့်ခံရသည့် အခါ နိဗယ်ဆုရသည့် ပထမဆုံးသော ယိမင်လူမျိုး အာရပ်အမျိုးသမီးဖြစ်လာသည်။ နိဗယ်ဆုရသည့် ဒုတိယမြောက်မွတ်ဆလင်အမျိုးသမီးဖြစ်သည့်အပြင် သမိုင်းတွင် အသက်အငယ်ဆုံးသော နိဗယ်ဆုရှင်ဖြစ်သည်။ နှစ်ပေါင်း ၁၁၀ ကြာမြင့်ပြီးဖြစ်သည့် နိဗယ်ဆုချီးမြှင့်သည့် သမိုင်းတွင် ၁၅ ဦးသာရှိသေးသည့် အမျိုးသမီးနိဗယ်ဆုရှင်တစ်ဦးဖြစ်သည့် ကာမန်မှာ ယိမင်နိုင်ငံ၏ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး၊ အမျိုးသမီးထုအခွင့်အရေးဆိုင်ရာများအတွက် အကြမ်းမဖက်သောနည်းဖြင့် ရှေ့တန်းမှ တိုက်ပွဲဝင်သူတစ်ဦးဖြစ်သည်။



စာပေဆိုင်ရာနိုဗယ်ဆုရှင် တောမတ်ထရန်စ်ထရွန်မာ

စာပေဆိုင်ရာနိုဗယ်ဆု

၁၉၃၁ ခုနှစ်၊ ဧပြီလ ၁၅ရက်တွင် မွေးဖွားသည့် စာရေးဆရာ၊ဘာသာပြန်ဆရာနှင့် ကဗျာဆရာကြီး တောမတ်ထရန်စ်ထရွန်မာကို ၂၀၁၁ ခုနှစ်အတွက် စာပေနိုဗယ်ဆုချီးမြှင့်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီး အရေးပါသည့် စကန်ဒီနေးဗီးယန်း စာရေးဆရာများအုပ်စုတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ဆွီဒင်လူမျိုးဖြစ်ပြီး ၎င်း၏ကဗျာများကိုဘာသာပေါင်း ၆၀ ကျော် ပြန်ဆိုခြင်းခံရသည်။

၎င်း၏ကဗျာများမှာ ဘာသာပြန်ဆိုရလွယ်ကူပြီး သဘာဝအလှတရားကို ကဗျာနရီ စည်းချက်ကျကျ၊ ကာရန်မိမိဖော်ထုတ်နိုင်သဖြင့် ဆွီဒင်စာရေးဆရာအများစု၏ အားကျလေးစားအတုယူခြင်းကို ခံရသည်။ ၁၉၅၄ ခုနှစ်တွင် ကဗျာ ၁၇ ပုဒ်ပါဝင်သည့် ပထမဆုံးသောလုံးချင်းကဗျာစာအုပ် ထုတ်ဝေခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် စတော့ဟုမ်းတက္ကသိုလ်မှ စိတ်ပညာအထူးပြုဖြင့်ဘွဲ့ရရှိခဲ့သည်။ စကန်ဒီနေးဗီးယန်း ကဗျာဆရာတစ်ဦးအဖြစ် ကျော်ကြားသူ တောမတ်သည် ၁၀၈ ယောက်မြောက် စာပေနိုဗယ်ဆုရှင်ဖြစ်လာသည်။

ဓာတုဗေဒပညာရပ်ဆိုင်ရာနိုဗယ်ဆု

၂၀၁၁ ခုနှစ်အတွက် ဓာတုဗေဒပညာရပ်ဆိုင်ရာနိုဗယ်ဆုရရှိခဲ့သည့် ဒန်ရှတ်မန်းကို ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်တွင် အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့၌ မွေးဖွားသည်။ အစ္စရေးနည်းပညာတက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စု အိုင်အိုဝါတက္ကသိုလ် ရုပ်ပစ္စည်းသိပ္ပံပညာဌာန ပါမောက္ခအဖြစ်ဆောင်ရွက်လျက်ရှိသည်။ ၁၉၆၆ ခုနှစ်တွင် အစ္စရေးနည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့၊ ၁၉၆၈ ခုနှစ်တွင် မဟာအင်ဂျင်နီယာဘွဲ့နှင့် ၁၉၇၂ခုနှစ်တွင် ပါရဂူဘွဲ့များရရှိသည်။

ကွာစီအမှုန် (quasicrystals) များနှင့်ပတ်သက်သည့် သူ၏တွေ့ရှိချက်မှာ သိပ္ပံပညာရှင်အများစု၏ မူလသတ်မှတ်ထားချက်နှင့် များစွာအငြင်းပွားဖွယ်ဖြစ်သော်ငြား သဘာဝရုပ်ပစ္စည်းများနှင့်ပတ်သက်ပြီး ပညာရှင်များလက်ခံထားမှုကို ပြန်လည်စစ်ကြောနိုင်ရန် လမ်းဖွင့်ပေးခဲ့နိုင်သည်ဟု ဆွီဒင်နိုင်ငံတော်ဝင်သိပ္ပံအသင်းကြီး၏ နိုဗယ်ဆုရွေးချယ်ရေးကော်မတီမှ သုံးသပ်ခဲ့သည်။



ဓာတုဗေဒပညာရပ်ဆိုင်ရာနိုဗယ်ဆုရှင်ဒန်ရှတ်မန်း

ကွာစီအမှုန်များမှာ စတီးနှင့်ပြုလုပ်ထားသည့် အရာများကို ပိုမိုခိုင်ခန့်လာစေရန် အသုံးပြုနိုင်သကဲ့သို့ လျှပ်စစ်ဝါယာကြိုးများနှင့် ဟင်းချက်အိုးများတွင် အပူဒဏ်ခံပစ္စည်းများအဖြစ်လည်း အသုံးပြုနိုင်သည်။

ဆေးပညာနှင့်ဇီဝကမ္မပညာရပ်ဆိုင်ရာနိုဗယ်ဆု

အမေရိကန်ကိုယ်ခံစွမ်းအားဗေဒနှင့် မျိုးဗီဇပညာရှင် ဘရစ်ဘုတလာကို ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်တွင် မွေးဖွားသည်။ အနောက်တောင်ပိုင်းတက္ကဆပ်ပြည်နယ် ဆေးတက္ကသိုလ်၊ လူ့ခန္ဓာကာကွယ်ရေးမျိုးဗီဇပညာရပ်ဆိုင်ရာဌာန ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၈၁ ခုနှစ် အသက် ၂၃ နှစ်အရွယ်တွင် ဆရာဝန်ဘွဲ့ရပြီး ၁၉၈၆ ခုနှစ်တွင် ၎င်းဆေး

ဆေးပညာနှင့်ဇီဝကမ္မပညာရပ်ဆိုင်ရာနိဗယ်ဆုရှင်များ



ဘရုစ်ဘုတလာ စတိန်းမန်း ဂျူလီဟော့ဖ်မန်း

တက္ကသိုလ်၌ပင် ဆေးပညာဌာနလက်ထောက်ပါမောက္ခ ဖြစ်လာသည်။ ၁၉၉၆ ခုနှစ်တွင် ဟောင်းဝပ်ဒ်ဟူးဂက်စ် (Howard Hughes) ဆေးကျောင်း၌ ပါမောက္ခဖြစ်လာသည်။ လူ့ကိုယ်ခံစွမ်းအားဗေဒနှင့်ပတ်သက်သည့် ရှာဖွေတွေ့ရှိချက်များကြောင့် ဂျူလီဟော့ဖ်မန်းနှင့်အတူ ၂၀၁၁ ခုနှစ် ဆေးပညာနှင့် ဇီဝကမ္မပညာရပ်ဆိုင်ရာ နိဗယ်ဆုချီးမြှင့် ခြင်းခံရသည်။ ဆေးပညာနှင့် ဇီဝကမ္မပညာရပ်ဆိုင်ရာ နိဗယ်ဆုတစ်ဝက်ကိုမူ ကျန်ပညာရှင် တစ်ဦးဖြစ်သည့် စတိန်းမန်းအား ချီးမြှင့်ခဲ့သည်။

ပြင်သစ်လူမျိုးဇီဝဗေဒပညာရှင် ဂျူလီဟော့ဖ်မန်းကို ၁၉၄၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်တွင် မွေးဖွားသည်။ ပြင်သစ်အမျိုးသားသိပ္ပံပညာ သုတေသနဌာန သုတေသနညွှန်ကြားရေးမှူးနှင့်အုပ်ချုပ်မှုအဖွဲ့ဝင် တစ်ဦးဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ပြင်သစ်သိပ္ပံအကယ်ဒမီ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ပြင်သစ်နိုင်ငံ၊ (Strasbourg) တက္ကသိုလ်မှ ဇီဝဗေဒနှင့် ဓာတုဗေဒဘွဲ့များရရှိသည်။ ၁၉၆၉ ခုနှစ်တွင် ၎င်းတက္ကသိုလ်မှပင် ပါရဂူဘွဲ့ရသည်။

၁၉၆၄ ခုနှစ်မှစတင်၍ ပြင်သစ်အမျိုးသားသိပ္ပံပညာ သုတေသနဌာနတွင် သုတေသနပညာရှင်အဖြစ်စတင်လုပ်ကိုင်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် သုတေသနညွှန်ကြားရေးမှူးဖြစ်လာသည်။ အင်းဆက်ပိုးမွှားများ၏ ကိုယ်ခံစွမ်းအားဗေဒသုတေသနလုပ်ငန်းများကို အဓိကလုပ်ဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ပြင်သစ်အမျိုးသားသိပ္ပံပညာ သုတေသနဌာန၏ မော်လီကျူးနှင့်ဆဲလ်များဆိုင်ရာဇီဝဗေဒဌာနခွဲတွင် ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်သည်။ ၎င်း၏ ကိုယ်ခံစွမ်းအားဗေဒဆိုင်ရာ တွေ့ရှိချက်များအတွက် ဆေးပညာနှင့် ဇီဝကမ္မပညာရပ်ဆိုင်ရာနိဗယ်ဆု တစ်ဝက်အား မျိုးဗီဇပညာရှင် ဘရစ်ဘုတလာနှင့်အတူ ခွဲဝေချီးမြှင့်ခြင်းခံရသည်။

ကနေဒါနိုင်ငံသား ကိုယ်ခံစွမ်းအားဗေဒနှင့် ဆဲလ်ဇီဝဗေဒပညာရှင် စတိန်းမန်းကို ၁၉၄၃ ခုနှစ်၊ ဧနှစ်ဝါရီလ ၁၄ ရက်တွင် ကနေဒါနိုင်ငံ ကွီဘတ်နယ် မွန်ထရီရယ်မြို့၌ မွေးဖွားသည်။ မက်ဂေးလ် (Mcgill) တက္ကသိုလ်မှ သိပ္ပံဘွဲ့နှင့် ဟားဗတ်တက္ကသိုလ်မှ ဆေးပညာဘွဲ့ကို ၁၉၆၈ ခုနှစ် တွင်ရရှိသည်။ မန်ဆာချူးဆက် အထွေထွေ ဆေးရုံကြီးတွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ရင်း ဘွဲ့လွန်ပညာများဆည်းပူးခဲ့သည်။

မုန့်ချိုအိတ် (Pancrease) ကင်ဆာဖြင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ပြီးသုံးရက်အကြာ အောက်တိုဘာလ ၃ ရက်တွင် ၄င်းသုတေသနပြုခဲ့သည့် လူ့ကိုယ်ခံစွမ်းအားဆိုင်ရာ သုတေသနများအတွက် ဆေးပညာနှင့်ဇီဝကမ္မပညာရပ်ဆိုင်ရာ နိဗယ်ဆုတစ်ဝက် ချီးမြှင့်ခြင်းခံရသည်။ ကိုယ်ခံစွမ်းအားဆဲလ်များ (dendritic cells) နှင့် ပတ်သက်၍ ဂုဏ်ပြုချီးမြှင့်ဆု များစွာရရှိခဲ့သည်။ အစဉ်အလာအားဖြင့် နိဗယ်ဆုမှာ ကွယ်လွန်ပြီးသူကို ချီးမြှင့်လေ့မရှိသော်လည်း စတိန်းမန်းအား ချီးမြှင့်သည့် နိဗယ်ဆုနှင့်ပတ်သက်၍မူ တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိချေ။

ရူပဗေဒပညာရပ်ဆိုင်ရာနိဗယ်ဆု

ဩစတြေးလျသုတေသနကောင်စီ အဖွဲ့ဝင် တစ်ဦးလည်းဖြစ်၊ အာကာသရူပဗေဒဆိုင်ရာ ပါမောက္ခ တစ်ဦးလည်းဖြစ်သည့် ဘရိုင်ရန်ရှမစ်ကို ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် မွေးဖွားသည်။ ၁၉၈၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အရှိုးနားတက္ကသိုလ်မှ ရူပဗေဒနှင့်အာကာသသိပ္ပံဘွဲ့များရရှိသည်။ ၁၉၉၂ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့နှင့်၁၉၉၄ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပါရဂူဘွဲ့များရရှိသည်။ ၁၉၉၄ ခုနှစ်တွင် ဩစတြေးလျသို့ပြန်လာသည်။

စကြဝဠာသည် အရှိန်အဟုန်နှင့် ကျယ်ပြန့်လျက်ရှိနေကြောင်း သက်သေပြနိုင်ခဲ့သည့်အတွက်

ရူပဗေဒပညာရပ်ဆိုင်ရာနိဗ္ဗယ်ဆုရှင်များ



အက်ဒမ်ရိစ် ဘရိုင်ရန်ရှမစ် ဆော်လ်ပါမြူတာ

အခြားရူပဗေဒပညာရှင်နှစ်ဦးနှင့်အတူ ရူပဗေဒဆိုင်ရာ နိဗ္ဗယ်ဆု ချီးမြှင့်ခြင်းခံရ သည်။

အမေရိကန်နိုင်ငံသား ရူပဗေဒပညာရှင် ဆော်လ်ပါမြူတာကို ၁၉၅၉ ခုနှစ်တွင် မွေးဖွားသည်။ ဂျူးအနွယ်ဝင်မိသားစုမှဆင်းသက်လာသည့် ဆော်လ်ပါမြူတာ၏ မိဘနှစ်ပါးစလုံးမှာ ပညာတတ် ပါမောက္ခကြီးများဖြစ်ကြသည်။ ၁၉၈၆ ခုနှစ်တွင် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသည်။ အာကာသစကြဝဠာနှင့် ရူပဗေဒဆိုင်ရာ သုတေသနများအတွက် ဆုပေါင်းများစွာချီးမြှင့်ခြင်းခံရသည်။ လီဘာကလေမြို့ရှိ ကယ်လီဖိုးနီးယားတက္ကသိုလ်တွင် ရူပဗေဒပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသည်။ စကြဝဠာသည် အရှိန်အဟုန်နှင့်ကျယ်ပြန့်လျက်ရှိနေကြောင်း သက်သေပြနိုင်ခဲ့သည့်အတွက် အခြားရူပဗေဒ ပညာရှင်နှစ်ဦးနှင့်အတူ ရူပဗေဒဆိုင်ရာ နိဗ္ဗယ်ဆု ချီးမြှင့်ခြင်းခံရသည်။

အမေရိကန်နိုင်ငံသား အာကာသရူပဗေဒပညာရှင်တစ်ဦးဖြစ်သည့် အက်ဒမ်ရိစ်ကို ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝါရှင်တန်ဒီစီမြို့၌ မွေးဖွားသည်။ ပြိန်ဟော့ကင်းတက္ကသိုလ်နှင့် အာကာသတယ်လီစကုပ်သိပ္ပံကျောင်းတို့တွင် ထင်ရှားသည့် အာကာသရူပဗေဒပညာရှင်တစ်ဦးဖြစ်သည်။


ဂျူးမိသားစုမှဆင်းသက်လာပြီး ဖခင်မှာရေကြောင်းအင်ဂျင်နီယာတစ်ဦးဖြစ်သည်။ မိခင်မှာ စိတ်ရောဂါကုဆရာဝန်တစ်ဦးဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် မန်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ ဘွဲ့ရပြီး ၁၉၉၆ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရသည်။ စကြဝဠာသည် အရှိန်အဟုန်နှင့်ကျယ်ပြန့်လျက်ရှိနေကြောင်း သက်သေပြနိုင်ခဲ့သည့်အတွက် ဆော်လ်ပါမြူတာ၊ ဘရိုင်ရန်ရှမစ်တို့နှင့်အတူ ရူပဗေဒဆိုင်ရာနိဗ္ဗယ်ဆု ချီးမြှင့်ခြင်းခံရသည်။

စီးပွားရေးပညာရပ်ဆိုင်ရာနိဗ္ဗယ်ဆု

အမေရိကန်စီးပွားရေးပညာရှင်တစ်ဦးဖြစ်သည့် သောမတ်ဆာဂျန့်ကို ၁၉၄၃ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် မွေးဖွားသည်။ စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံငွေကြေးစနစ်များတွင် ကျွမ်းကျင်သူအဖြစ် ထင်ရှားသည်။ ၁၉၆၄ ခုနှစ်တွင် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဘီအေဘွဲ့ရသည်။ ၁၉၆၈ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ပါရဂူဘွဲ့ရသည်။ ပန်ဆိုင်လ်ဗန်းနီးယား၊ မင်နီဆိုးတား၊ ချီကာဂို၊ စတန်းဖို့ဒ်နှင့် ပရင်စတန်တက္ကသိုလ်များတွင် သင်ကြားရေးတာဝန်များ ထမ်းဆောင်ခဲ့ သည်။ နယူးယောက်တက္ကသိုလ် စီးပွားရေးပညာဌာန ပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၈၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဝန်ကြီးဌာနနှင့်သိပ္ပံပညာရှင်များအစည်းအရုံးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံရသည်။ စီးပွားရေးလုပ်ငန်းကြီးများ

စီးပွားရေးပညာရပ်ဆိုင်ရာနိဗ္ဗယ်ဆုရှင်များ



သောမတ်ဆာဂျန့် ခရစ်စတိုဖာစင်း

၏အကြောင်းနှင့်အကျိုးသက်ရောက်မှုလေ့လာခြင်းများအတွက် စီးပွားရေးပညာဆိုင်ရာ နိဗ္ဗယ်ဆုကို

ခရစ်စတိုဖာစင်းနှင့်အတူ ချီးမြှင့်ခြင်းခံရသည်။

စီးပွားရေးသချိုပညာရှင်နှင့် စီးပွားရေးလုပ်ငန်းကြီးများဆိုင်ရာ ကျွမ်းကျင်သူပညာရှင် ခရစ်စတိုဖာစင်းကို ၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်တွင် မွေးဖွားသည်။ ပရင်စတန်တက္ကသိုလ်၌ စီးပွားရေးပညာနှင့် ဘဏ်လုပ်ငန်းပညာဌာန ပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၆၃ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို သခင်္ချာအဓိကဖြင့်ရရှိသည်။ ၁၉၆၈ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ စီးပွားရေးပညာပါရဂူဘွဲ့ရရှိသည်။ ၁၉၈၈ ခုနှစ်မှစတင်၍ အမေရိကန်ပြည်ထောင်စု ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ အစည်းအရုံးအဖွဲ့ဝင်ဖြစ်လာသည်။ အမေရိကန်စီးပွားရေးပညာရှင်များအစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးလုပ်ငန်းကြီးများ၏ အကြောင်းနှင့် အကျိုးသက်ရောက်မှုလေ့လာခြင်းများ အတွက် စီးပွားရေးပညာဆိုင်ရာ နိဗယ်ဆုကို သောမတ်ဆာကျန့်နှင့် အတူ ချီးမြှင့်ခြင်းခံရသည်။

ဒေါက်တာလွှမ်းမိုးဟန်

နိုင်ငံတကာ ချူကလီးယားအသုံးပြုမှုများ။ ။

ယနေ့လူသားတစ်ရပ်လုံးသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်းအပေါ် အာရုံစိုက်လျက်ရှိပြီး ရင်ဆိုင်နေရသည့် သဘာဝဘေးအန္တရာယ်များကို နည်းမျိုးစုံဖြင့် ဖြေရှင်းနိုင်ရန်လည်း စွမ်းစွမ်းတမံကြိုးပမ်းနေကြသည်။ ထို့ပြင် လူသားတို့ကို အနီးကပ်ခြိမ်းခြောက်နေသော ချူကလီးယားလက်နက် အန္တရာယ်လည်းရှိနေသည်။ ထိုလက်နက်ပိုင်ဆိုင်သူများသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကြိမ်ဝါးခြင်းဟူသော ကောင်းမှု၊ မကောင်းမှု ရောထွေးနေသည့် သဘောထားများကြောင့် စိတ်နှလုံးမသာယာဖွယ်ဖြစ်လာကြရသည်။ ဤသို့ဖြင့် ချူကလီးယားပိုင်ဆိုင်သည့် နိုင်ငံများ၏အကြောင်းကို တစေ့တစောင်းလေ့လာလျှင် အောက်ပါအတိုင်းတွေ့ရှိရသည်။

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် မတိုင်မီ ချူကလီးယားဗုံးကို ထုတ်လုပ်နိုင်စွမ်းရှိမည်မဟုတ်ဟု အနားယူပြီးဖြစ်သည့်အစွဖရေးထောက်လှမ်းရေးအကြီးအကဲက ယူဆကြောင်း အစွရေးမီဒီယာများက ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလပထမပတ်ထဲတွင် အဆိုရှိထားသည်။ အစွရေးအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက ၎င်းအဆိုကို မည်သည့်သဘောထားမှတ်ချက်မျှ ထုတ်ပြန်ခြင်းမပြုပေ။

အီရန်နိုင်ငံ၏ ချူကလီးယားကိစ္စရပ်နှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန် တူရကီနိုင်ငံ အစွတန်ဘူလ်မြို့၌ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၁ ရက်အထိ လက်ခံကျင်းပမည်ဖြစ်ကြောင်း တူရကီမီဒီယာများက ဇန်နဝါရီလ ၉ ရက်တွင် သတင်းဖော်ပြခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် အီရန်နှင့် တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့အပြင် ဂျာမနီနိုင်ငံလည်း တက်ရောက်မည်ဟုဆိုသည်။ ယင်း တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရန် တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒါဗူတိုဂလူက အဓိကဆက်သွယ် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

အစွရေးထောက်လှမ်းရေးအဖွဲ့ မော့ဆက်သည် အီရန်ချူကလီးယားသိပ္ပံပညာရှင်အား လုပ်ကြံသတ်ဖြတ်သူများကို လေ့ကျင့်သင်ကြားပေးခဲ့သည်ဟု အီရန် ဥပဒေပြုအမတ် အီစမေးလ်ကိုစာရိက ပြောကြားကြောင်း သတင်းထုတ်ပြန်သည်။

အလိမိုဟမ်မာဒီအား လုပ်ကြံသတ်ဖြတ်သူများ၏ ဝန်ခံထွက်ဆိုချက်များအရ အီရန်နိုင်ငံ၏ တရားစီရင်ရေးစနစ်က ၎င်းတို့ကို မကြာမီပြစ်ဒဏ်ချမှတ်လိမ့်မည်ဖြစ်ကြောင်းကို စာရိကပြောကြားသည်။ ယင်း လုပ်ကြံခံရသူ တီဟီရန်တက္ကသိုလ်မှ ချူကလီးယား သိပ္ပံပညာရှင်အလိမိုဟမ်မာဒီသည် ၎င်းနေအိမ်အနီးရှိ မော်တော်ဆိုင်ကယ်တစ်စီးပေါ်တွင် ထောင်ထားသည့် အဝေးထိန်းဗုံးပေါက်ကွဲထိမှန်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။

ထို့နောက် အမေရိကန်၏စွပ်စွဲပြောဆိုမှုကို အီရန်နိုင်ငံ၏ ထိပ်တန်းချူကလီးယားစေ့စပ်ညှိနှိုင်းရေးမှူးဖြစ်သူ ဆာအိဒ်ဂျာလီလီသည် ဆိုက်ဘာတိုက်ခိုက်မှုတစ်ခုအတွက် အမေရိကန်တို့အား ပြစ်တင်ဝေဖန်ခဲ့သည်။ မိမိတို့သည် ချူကလီးယားကို စွမ်းအင်တစ်ခုအဖြစ် သုံးစွဲနေခြင်းဖြစ်ပြီး လက်နက်အဖြစ် သုံးစွဲနေ

ခြင်းမဟုတ်ကြောင်း တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ဂျာလီလီကပြောဆိုသည်။

အီရန်အစိုးရက မကြာမီကာလအတွင်း၎င်း၏ ခွန်ဒတ်ချူကလီးယားအဆောက်အအုံများအနီးတွင် မြေပြင်မှ ဝေဟင်ပစ်ခဲုးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း အိုင်အာအန်အေသတင်းဌာနက ထုတ်ပြန်ကြေညာသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရန်နှင့် နိုင်ငံအတွင်း အလွန်အရေးပါသည့် နေရာများကို ကာကွယ်ရန်အတွက် အဆိုပါဝေဟင်ပစ်တာလတ်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်ကြောင်း အီရန်စစ်ဘက်ဆိုင်ရာ တပ်မှူးကဆိုသည်။

ထို့နောက် အီရန်ချူကလီးယား အစီအစဉ်များကိုမကြာသေးမီက တိုက်ခိုက်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုသည် လွန်ခဲ့သော ၂၅ နှစ်က ချာနိုဘိုင်း ပေါက်ကွဲမှုကဲ့သို့ သဘာဝဘေးအန္တရာယ်ကြီးတစ်ခု ဖြစ်ရန် တွန်းပို့ပေးနိုင်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ နေတိုးကိုယ်စားလှယ်ဖြစ်သူက ဧန်နဝါရီလ ၂၆ ရက်တွင် ပြောဆိုသည်။

၎င်းချာနိုဘိုင်းချူကလီးယားဓာတ်ပေါင်းဖိုအမှတ် (၄) သည် ၁၉၈၆ ခုနှစ်တွင် ပေါက်ကွဲခဲ့ပြီး ဥရောပမြောက်ပိုင်း တစ်ခွင်တစ်ပြင်သို့ ရေဒီယိုသတ္တိကြွရောင်ခြည်များ ဖြာထွက်စေခဲ့သည်။ ထောင်ပေါင်းများစွာသော ပြည်သူတို့ကို အဆိပ်အတောက်ဖြစ်စေသော ဓရိယာမှ ဓာတ်ရောင်ခြည်လွှတ်ကင်းသောနေရာများသို့ ပြန်လည်နေရာချထားပေးခဲ့ရပြီး ဆက်စပ်နေသည့် ကျန်းမာရေး ပြဿနာများ ယခုတိုင်ရှိနေဆဲဖြစ်သည်။

အီရန်နိုင်ငံ၏ အငြင်းပွားဖွယ်ချူကလီးယားအစီအစဉ်ကို စီးပွားရေးပိတ်ဆို့မှု ဟန့်တားနိုင်ခြင်း မရှိပါက စစ်ရေးအရတားဆီးမှုကို အီရန်နိုင်ငံတွေ့ကြုံရလိမ့်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မတ်လ ၆ ရက်တွင် ပြောကြားသည်။

ထိုသို့နိုင်ငံတကာ၏ ပိတ်ဆို့မှုများ ရှိနေသော်လည်း အီရန်နိုင်ငံသည် ၎င်း၏ချူကလီးယားရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော်နေဆဲဖြစ်ပြီး ချူကလီးယားလက်နက်များ ပိုင်ဆိုင်မည့် အခြေအနေသို့ နီးလာပြီဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားသည်။

အီရန်နိုင်ငံအား အစ္စရေးနိုင်ငံက တိုက်ခိုက်မည့်အရေးကို ဆန့်ကျင်သည့် သဘောရှိသူ မော့ဆက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲဟောင်း မီယာဒါဂင်၏ သတိပေးချက်များသည် အဓိကအားဖြင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရတ်တို့ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း စစ်ရေးလေ့လာသူအများစုက မှတ်ယူထားကြသည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ဇွန်လ ၁၄ ရက်တွင် ဒုတိယအကြိမ်မြောက် ချူကလီးယား လက်နက်ဖျက်သိမ်းရေးနှင့် မပြန့်ပွားရေးညီလာခံကို ကျင်းပခဲ့သည်။ ယင်းနိုင်ငံသို့ ကမ္ဘာအနှံ့အပြားမှ နိုင်ငံပေါင်း ၄၀ ခန့်မှ ကိုယ်စားလှယ်များသာမက ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကမ္ဘာပေါ်တွင် ချူကလီးယားစွမ်းအင်ကို အသုံးပြုသည့်နိုင်ငံများရှိပြီး အီရန်နိုင်ငံအနေဖြင့်လည်း ချူကလီးယားစွမ်းအင်ကို အသုံးပြုခွင့်ရှိကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီဆိုင်ရာ အီရန်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် အလီအက်စ်ဂါဆိုလ်တာနီးယားက ၎င်းညီလာခံတွင် ပြောကြားသည်။

အကယ်၍ အီရန်နိုင်ငံက ချူကလီးယားလက်နက်များ တည်ဆောက်မည်ဆိုပါက ဆော်ဒီအာရေဗျနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်းဒေသတွင်း နိုင်ငံများကလည်း အလားတူလုပ်ဆောင်လာနိုင်ကြောင်း ဆော်ဒီဘုရင် အဗ္ဒူလာက အမေရိကန်အစိုးရကို တရားဝင်အသိပေးခဲ့သည်။


ထို့နောက်ပိုင်း ဇူလိုင်လ ၂၃ ရက် ညနေပိုင်းက အီရန်နိုင်ငံ တီဟီရန်မြို့ အရှေ့ပိုင်းတွင် အီရန်ချူကလီးယားပညာရှင်တစ်ဦးဖြစ်သူ မိုဟတ်အာဒီဘီလီတက္ကသိုလ်မှ ချူကလီးယားသိပ္ပံပညာရှင် ပါမောက္ခဒေါက်တာ ဒါရွတ်စ်ရာဇိုင်းကို နေအိမ်၌ မော်တော်ဆိုင်ကယ်စီး လက်နက်ကိုင်များက အိမ်ရှေ့မှပစ်ခတ်လုပ်ကြံမှုကြောင့် ဓနိုးဖြစ်သူမှာ အသက်ရှင်ကျန်ရစ်ခဲ့သော်လည်း ဒဏ်ရာရရှိသဖြင့် ဆေးရုံတင်ထားရသည်။

အမေရိကန်နှင့် ပါကစ္စတန်အကြား နှစ်နိုင်ငံဆက်ဆံရေးဆိုးရွားစွာ ကျဆင်းလာရခြင်းတွင် အမေရိကန်ပြည်ထောင်စုက ၎င်း၏ နျူကလီးယား မူဝါဒကို အိန္ဒိယနှင့် ပါကစ္စတန်အကြား တစ်ဖက်ကိုတစ်မျိုးစီဖြင့် မူမမှန်သော ဆက်ဆံရေးများ ကျင့်သုံးနေကြောင်း ပါကစ္စတန်ဗိုလ်ချုပ်ကြီးဟောင်း ပါဗက်ဇ်မူရာရက်ဖ်၏ အဆိုအရ ဒွန်လ ၉ ရက်က သတင်းထုတ်ပြန်ကြောင်း သိရသည်။

အမေရိကန်နှင့် ပါကစ္စတန်အကြား နှစ်နိုင်ငံဆက်ဆံရေးဆိုးရွားစွာ ကျဆင်းလာရခြင်းတွင် အမေရိကန်ပြည်ထောင်စုက ၎င်း၏ နျူကလီးယား မူဝါဒကို အိန္ဒိယနှင့် ပါကစ္စတန်အကြား တစ်ဖက်ကိုတစ်မျိုးစီဖြင့် မူမမှန်သော ဆက်ဆံရေးများ ကျင့်သုံးနေကြောင်း ပါကစ္စတန်ဗိုလ်ချုပ်ကြီးဟောင်း ပါဗက်ဇ်မူရာရက်ဖ်၏ အဆိုအရ ဒွန်လ ၉ ရက်က သတင်းထုတ်ပြန်ကြောင်း သိရသည်။

ထို့နောက် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဟီရိရိုးမားနှင့် နာဂါဆာကီမြို့များရှိ အဏုမြူဗုံးဒဏ်သင့် အသက်ရှင်ကျန်ရစ်သူများက လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်၊ တင်ခန့်မှန်းချက်အဆင့်မျှသာလော၊ အစီအစဉ်ရှိနေပြီလောဆိုသည်ကိုမူ စောင့်ကြည့်ရန်သာရှိသည်။ ပါကစ္စတန် စစ်ဘက်ကလည်း အဆိုးဆုံးထိမျှော်လင့်ထားကြောင်း သိရသည်။

ထို့နောက် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဟီရိရိုးမားနှင့် နာဂါဆာကီမြို့များရှိ အဏုမြူဗုံးဒဏ်သင့် အသက်ရှင်ကျန်ရစ်သူများက လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလနှင့် ယခု ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလများ



နျူကလီးယားဓာတ်အားသုံးစွဲမှုကို ဆန့်ကျင်ကန့်ကွက်သော အမှတ်အသား

အမေရိကန်နိုင်ငံ၏ ထောင်ပေါင်းများစွာသော နျူကလီးယားလက်နက်များသည် ကမ္ဘာလုံးခြိုရေးကို ခြိမ်းခြောက်လျက်ရှိကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီး-အေ) ဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်ရှဂါဆိုတန်နိုက ဝေဖန်သည်။

ဤသို့ဝေဖန်စကားကို ဘာလင်မြို့၌ (၅၉) ကြိမ်မြောက် နျူကလီးယားလက်နက်ဖျက်သိမ်းရေး ညီလာခံတက်ရောက်ပြီး ရပ်နားချိန်တွင် အီရန်သံအမတ်ကြီးဆိုတန်နိုက ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁ ရက်၌ အထက်ပါအတိုင်းပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုသည် ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်ထားရှိရာ နေရာများကို တိုက်ခိုက်ရန်အတွက် ခန့်မှန်းချက်ကို အကွက်ချစီစဉ်နေသည်ဟုဆိုသည်။ ဤသည်မှာ အမေရိကန်အုပ်ချုပ်ရေးပိုင်းမှ ပါကစ္စတန်အား မလိုလားကြသူတို့၏ ကြိုတင်ခန့်မှန်းချက်အဆင့်မျှသာလော၊ အစီအစဉ်ရှိနေပြီလောဆိုသည်ကိုမူ စောင့်ကြည့်ရန်သာရှိသည်။ ပါကစ္စတန် စစ်ဘက်ကလည်း အဆိုးဆုံးထိမျှော်လင့်ထားကြောင်း သိရသည်။

ထို့နောက် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ဟီရိရိုးမားနှင့် နာဂါဆာကီမြို့များရှိ အဏုမြူဗုံးဒဏ်သင့် အသက်ရှင်ကျန်ရစ်သူများက လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလနှင့် ယခု ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလများ အတွင်းက ပြုလုပ်ခဲ့သော အမေရိကန်တို့၏ နျူကလီးယားစမ်းသပ်မှုများကို ဇူလိုင်လ ၂၀ ရက်က အပြင်းအထန်ကန့်ကွက်လိုက်ကြသည်။

မတ်လ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သော ရစ်ချ်စတာစကေး ၉ ဒသမ ၀ ရှိ မြေငလျင်ကြီးနှင့် ဆူနာမီရေလှိုင်းကြီးများကြောင့် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်ရှိမြို့ကြီး၊ မြို့ငယ် အများအပြား ပျက်စီးဆုံးရှုံးခဲ့ရသည်။ အဆိုးရွားဆုံးမှာ ငလျင်နှင့် ဆူနာမီကြောင့် ဂျပန်နိုင်ငံအတွက် အရေးကြီးသော နျူကလီးယားစက်ရုံများ ပျက်စီးသွားခြင်းပင်ဖြစ်သည်။ ပျက်စီးသွားသောစက်ရုံများမှ ယိုစိမ့်လာသော ရေဒီယိုအက်တစ်ပျံ့လွင့်မှုများသည် ဂျပန်နိုင်ငံအတွက် သာမက တစ်ကမ္ဘာလုံးကပင် စိုးရိမ်နေရသော အခြေအနေသို့ ရောက်ရှိနေသည်။ ဂျပန် နျူကလီးယားလုံခြုံရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ

ပျက်စီးသွားသော နျူကလီးယားစက်ရုံကို ထိန်းချုပ်နိုင်ရန် လပေါင်းများစွာ အချိန်ယူရမည်ဟုဆိုသည်။ ယခုအခါတွင် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ရေဒီယိုအက်တစ်ပါဝင်သောရေများစီးဝင်နေခြင်းကို ရပ်တန့်ရန် ကြိုးပမ်းလျက်ရှိသည်။

နျူကလီးယားစွမ်းအင်သည် ဂျပန်နိုင်ငံတွင်များစွာခိုင်မာလျက်အခြေကျနေပြီဖြစ်သည်။ အုပ်ချုပ်မှုအာဏာနှင့် ဘဏ္ဍာရေးခိုင်မာတောင့်တင်းသော စီးပွားရေးအဖွဲ့ အစည်းကြီးများက ကြိုးကိုင်ထားသော လုပ်ငန်းလည်းဖြစ်သည်။ မီဒီယာကိုလည်း သြဇာသက်ရောက်သူများဖြစ်သည်ဟု ဂျပန်မှ ထင်ရှားသော နျူကလီးယား ဆန့်ကျင်ရေးလှုပ်ရှားသူ မစွတာ ယုတာ နာကာကဆိုသည်။

ဂျပန်အဏုမြူစက်ရုံကြောင့် တစ်ကမ္ဘာလုံး အစားအသောက် စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး အမေရိကန်၊ ဟောင်ကောင်၊ သြစတြေးလျ၊ ကနေဒါ၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ အီးယူ အစရှိသော နိုင်ငံအများအပြားတို့က ဂျပန်အစားအသောက်များကို ပိတ်ပင်ထားကြသည်။ ဂျပန်နိုင်ငံ၌ နျူကလီးယားယိုစိမ့်မှုဖြစ်ပွားလျက်ရှိသဖြင့် ရေဒီယိုသတ္တိကြွမှုဖြစ်နိုင်ဖွယ်ရှိသော ဂျပန်နိုင်ငံမှ သွင်းကုန်များကို ရုရှားကလည်း အနီးကပ်စောင့်ကြည့်လျက်ရှိသည်။

ဖူကူရှီးမား နျူကလီးယား စက်ရုံဝန်းကျင် ၁၈ မိုင်အတွင်း နေထိုင်သူများကို မိမိတို့၏နေထိုင်ရာ ရပ်ဝန်းများအား စွန့်ခွာထွက်သွားရန် တိုက်တွန်းထားရသည်။ ဂျပန်နိုင်ငံ၏ နျူကလီးယား ပြဿနာသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ နျူကလီးယားဓာတ်အားပေးစက်ရုံများ၏ လုံခြုံရေးကို ကမ္ဘာနိုင်ငံများက ပြန်လည်သုံးသပ်လာကြသည်။

ရုရှားနိုင်ငံသည် ၎င်း၏ ပထမဆုံးနျူကလီးယားစွမ်းအင်သုံးလေယာဉ်တင်သင်္ဘောကို ၂၀၂၃ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဟု ရုရှားနိုင်ငံ၏ ယူနိုက်တက် သင်္ဘောတည်ဆောက်ရေးကော်ပိုရေးရှင်းအကြီးအကဲက ဒွန်လ ၃၀ ရက်တွင် ပြောကြားသည်။

အဆိုပါ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော၏ပုံစံကို ၂၀၁၆ ခုနှစ်တွင် ရေးဆွဲမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် တည်ဆောက်မည်ဖြစ်သည်။ ယင်းလေယာဉ်တင်သင်္ဘောသည် ၅ နှစ်ကြာမြင့်သည့် အခါ အပြီးသတ်ပြီး ၂၀၂၃ ခုနှစ်တွင် စစ်ရေးတာဝန် ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ထို့နောက် တိုင်ဖုန်းအတန်းအစား မဟာဗျူဟာမြောက်ရေငုပ်သင်္ဘောများကို စစ်ရေးတာဝန်များမှ အနားပေးတော့မည်ဟူသော သတင်းများအား ရုရှားစစ်ဘက်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ငြင်းဆိုခဲ့သည်။

ရုရှားစစ်ဘက်သည် ကမ္ဘာအကြီးဆုံးနျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအမျိုးအစားဖြစ်သည့် တိုင်ဖုန်းအတန်းအစား ရေငုပ်သင်္ဘောများကို ၂၀၁၄ ခုနှစ်တွင် စစ်ရေးတာဝန်မှ အနားပေးရန်ဆုံးဖြတ်ခဲ့သည်ဟူသောသတင်း ပျံ့နှံ့နေသည်မှာ မဟုတ်မှန်ကြောင်း အစိုးရက ပြောသည်။

ဒီမစ်ထရီဒွန်စကွိုင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ၎င်း၏ ရှိရင်းစွဲ စစ်ရေးစွမ်းရည်များကို ကာလရှည်ဆက်လက်ထိန်းသိမ်း၍ ရေတပ်တာဝန်များ ထမ်းဆောင်သွားမည်ဖြစ်သည်။ ၎င်းသင်္ဘောသည် အက်စ်အက်စအင်န် ၂၀ အမျိုးအစား တာတိုပစ်ဒုံးကျည်အစင်း ၂၀ တင်ဆောင် အသုံးပြုနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည်။

အိန္ဒိယနိုင်ငံတွင် သမားရိုးကျထိပ်ဖူးနှင့် နျူကလီးယား ထိပ်ဖူးနှစ်မျိုးကို သယ်ဆောင်နိုင်သည့် ရေတပ်မတော်သုံး တာတိုပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း မတ်လ ၁၁ ရက်နေ့တွင် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါဒုံးကျည်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိသပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ဘင်္ဂလားပင်လယ်အော်ရေပြင်အတွင်း ရေတပ်စစ်သင်္ဘောတစ်စင်းပေါ်မှ ပစ်ခတ်စမ်းသပ်ခြင်းဖြစ်သည်။

ထိုနျူကလီးယား ထိပ်ဖူးသယ်ဆောင်နိုင်သောဒုံးကျည်ကို ပြည်တွင်း၌ပင် တည်ဆောက်၍ ဒါးညှ(လေး)ဟု အမည်ပေးထားသော အဆိုပါတာတိုပစ်ဒုံးကျည်ဖြင့် မိုင် ၂၂၀ ကျော်ကွာဝေးသောနေရာရှိ ပစ်မှတ်ကို အောင်မြင်စွာပစ်ခတ်နိုင်ခဲ့သည်။

အိမ်နီးချင်း ပါကစ္စတန်နိုင်ငံနှင့် နှစ်နိုင်ငံအကြား ထိပ်တိုက်ရင်ဆိုင်မှုများအတွက် ပြင်ဆင်သည့်အနေဖြင့် အိန္ဒိယနိုင်ငံသည် ဒုံးကျည်များကို တည်ဆောက်ကာ စမ်းသပ်ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် ချူကလီးယားစွမ်းအင် ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ရန် ရုရှား၊ အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ထံမှ ရေပေါ်စာတ်ပေါင်းဖိုများ ဝယ်ယူတင်သွင်းရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်ထက် နောက်မကျစေဘဲ လျှပ်စစ်စာတ်အား ထုတ်လုပ်မှုစွမ်းအား မဂ္ဂါဝပ် ၅၀,၀၀၀ မှ ၆,၀၀,၀၀ အထိ ရှိလာစေရန် စာတ်ပေါင်းဖိုများကို ဝယ်ယူတင်သွင်းမည်ဖြစ်ကြောင်း ချူကလီးယားသိပ္ပံပညာရှင်ဆရိနီဗာဆန်က ဆို၏။

အိန္ဒိယနိုင်ငံသည် ယခုနှစ် ရာစုနှစ်လယ်ကာလတွင် လျှပ်စစ်စာတ်အားလိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းကို ကျောက်မီးသွေးအခြေပြုစက်ရုံများမှ လည်းကောင်း၊ ၄၀ ရာခိုင်နှုန်းကို ချူကလီးယားစက်ရုံများမှလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို နေစွမ်းအင်နှင့် လေစွမ်းအင်ကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လည်းကောင်း ထုတ်ယူရန် ရည်မှန်းထားသည်။

ပါကစ္စတန်နိုင်ငံသည် အကာမြူလက်နက်များ ထုတ်လုပ်ရေးအတွက်လိုအပ်သော ပလူတိုနီယမ်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စတုတ္ထမြောက် စစ်ဘက်ဆိုင်ရာချူကလီးယားစာတ်ပေါင်းဖိုတစ်ခု တည်ဆောက်ဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု အခြေစိုက်ပညာရှင် အဖွဲ့တစ်ဖွဲ့ကဆိုသည်။ ပညာရှင်အဖွဲ့ သုံးသပ်ချက်များပါရှိသော အစီရင်ခံစာပေါ်ထွက်လာရခြင်းသည် မွမ်ဘိုင်းမြို့တိုက်ခိုက်ခံရပြီးနောက် အိန္ဒိယနှင့်ပါကစ္စတန် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည် စတင်ရန် သဘောတူညီမှုရရှိပြီးနောက် ယင်းသဘောတူညီချက်ကို အိန္ဒိယနိုင်ငံကချိုးဖောက်လိုက်ခြင်းကြောင့်ဖြစ်သည်။

ချူကလီးယားလက်နက်ပိုင်ဆိုင်သော အိန္ဒိယနှင့် ပါကစ္စတန်တို့သည် နှစ်နိုင်ငံအကြားတင်းမာမှုလျော့နည်းကျဆင်းရေးအတွက် အမေရိကန်၏ ဖိအားပေးမှုခံရသည်။ အကြောင်းမှာ အိန္ဒိယနှင့် ပါကစ္စတန်တို့အား ပြိုင်မှုမှာ အာဖဂန်နစ္စတန်နိုင်ငံအထိ ရောက်ရှိသွားသဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်ကို အဟန့်အတားဖြစ်စေခြင်းကြောင့်ဟုဆိုသည်။

ချူကလီးယားပျံ့နှံ့ရောက်ရှိရေးကိစ္စနှင့်ပတ်သက်ပြီး အထူးလေ့လာထားသော အမေရိကန်အခြေစိုက် သိပ္ပံနှင့် အပြည်ပြည်ဆိုင်ရာလုံခြုံရေးတက္ကသိုလ်မှ ပညာရှင်အဖွဲ့က ဓနိုဝါရီလလယ်ကစပြီး ဂြိုဟ်တုပုံရိပ်များကို ရရှိကြောင်း၊ ယင်းဂြိုဟ်တုပုံရိပ်များအရ ပါကစ္စတန်နိုင်ငံသည် ခရုပ်ချူကလီးယားထုတ်လုပ်ရေးဌာန စတုတ္ထမြောက်စာတ်ပေါင်းဖိုတစ်ခု တည်ဆောက်နေသည်ကို ဃ့်လာသိရှိရကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ချူကလီးယားလက်နက်များအတွက် ပလူတိုနီယမ် ပိုမိုထုတ်လုပ်ရန် လိုအပ်သဖြင့် ယင်းစာတ်ပေါင်းဖိုကို တည်ဆောက်နေခြင်းဖြစ်ကြောင်းဆိုသည်။ ပါကစ္စတန်နိုင်ငံကမူ ၎င်း၏လက်ရှိ ပလူတိုနီယမ်များမှာ အိန္ဒိယနိုင်ငံ၏ အားသာချက်များကို အမီလိုက်ရန်ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုသည်။

ပါကစ္စတန်နိုင်ငံသည် ချူကလီးယားထိပ်ပွဲသယ်ဆောင်နိုင်စွမ်းရှိသည့် တာတိုပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်းသိရသည်။ အဆိုပါ Hatat-2 ဒုံးကျည်မှာ ၁၁၁ မိုင် (၁၈၀ ကီလိုမီတာ) အကွာအဝေးအထိပစ်ခတ်နိုင်သည့် မြေပြင်ပစ်ဒုံးကျည်အမျိုးအစားဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် ချူကလီးယားလက်နက် ပိုင်ဆိုင်ထားသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ၁၉၄၇ ခုနှစ်မှစ၍ အိမ်နီးချင်းအိန္ဒိယနိုင်ငံနှင့် စစ်မက်သုံးကြိမ် ဖြစ်ပွားခဲ့ဖူးသောကြောင့် ၎င်း၏ ချူကလီးယားအစီအစဉ်ကို စောင့်ကြည့်ခံနေရခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံတွင် ချူကလီးယားစာတ်အားပေးရုံအား လုံးကို ၂၀၂၂ ခုနှစ် နောက်ဆုံးထား၍ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ချူကလီးယား စာတ်အားပေးရုံတစ်ရုံ လုပ်ငန်းရပ်နားလိုက်သည့်တိုင် ၎င်း၏ ဘေးထွက်ဆိုးကျိုးများကို ကုန်စင်အောင်ရှင်းလင်းရန်မှာ နောက်ထပ် ၁၅ နှစ်ကျော်အချိန်ထပ်ယူရသည်ဆို၏။ ဂျာမနီနိုင်ငံကမ်းခြေတွင်တည်ရှိသော "လူဘာမင်" ချူကလီးယားစာတ်အားပေးရုံသည် ယခင်အရှေ့ဂျာမနီ

ဘက်ခြမ်းတွင်တည်ရှိပြီး ဆိုဗီယက်ခေတ်တွင် ရာရှား နည်းပညာဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဘာလင်တံတိုင်းပြိုကျပြီးနောက်ပိုင်း၎ င်း ဓာတ်အားပေးရုံသည်လည်း ချို့ယွင်းချက်များပေါ်ပေါက် လာခဲ့သဖြင့် ၁၉၉၅ ခုနှစ်တွင် လုံးဝရပ်နားပစ်ခဲ့ရသည်။ ထိုအချိန်မှစ၍ ၎ င်းနျူကလီးယားဓာတ်အားပေးရုံကို တစ်ဆင့်ချင်းဖျက်သိမ်းမှုများပြုလုပ်ခဲ့ရာ ယခုဆိုလျှင် ၁၅ နှစ်ခန့်ကြာပြီဖြစ်သည့်တိုင် ဖျက်သိမ်းသည့်လုပ်ငန်း များမပြီးဆုံးနိုင်သေးပေ။ ထို ၁၅ နှစ်တွင် အသုံးပြုရ သည့်ငွေပေါင်းမှာဒေါ်လာ ၅ ဒသမ ၈ ဘီလီယံဖြစ် သည်။

မတ်လ ၁၁ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ငလျင်နှင့်ဆူနာမီကြောင့် ဂျပန်နိုင်ငံတွင် ဖူကူရှိးမား နျူကလီးယားဓာတ်အားပေးရုံ ပြဿနာဖြစ်ပွားပြီး နောက် ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကဲလ်သည် နိုင်ငံတွင်း၌ နျူကလီးယားဓာတ်အားပေးရုံ ၁၇ ရုံကို လာမည့် ၁၁ နှစ်အတွင်း ပိတ်သိမ်းသွားမည်ဟု ကတိပေးထားသည်။

တရုတ်နိုင်ငံသည် လက်ရှိအခြေအနေတွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၃ လုံးရှိပြီး ထပ်မံ၍ ၃၄ လုံးတည်ဆောက်ရေးအစီအစဉ်အတွက် ခွင့်ပြုထားပြီး ဖြစ်ရာ ယင်းအနက် ၂၆ လုံးမှာ တည်ဆောက်နေဆဲ ဖြစ်သည်။

စမ်းသပ်ဓာတ်ပေါင်းဖိုတစ်ခုတွင် အသုံးပြုပြီး သည့် နျူကလီးယားလောင်စာကို ပြန်လည်သန့်စင်ထုတ် လုပ်သောလုပ်ငန်းအောင်မြင်ခြင်းဖြင့် တရုတ်နိုင်ငံသည် ၎ င်း၏ ရေရှည်စွမ်းအင်ဖူလုံစေရေးကို သေချာစေမည့် အရေးပါသော နည်းပညာဆိုင်ရာ ခြေလှမ်းတစ်ရပ်တက် လာသည်ဟု ကျွမ်းကျင်သူများက ပြောဆိုကြသည်။

တရုတ်နိုင်ငံ၏ "အဓိကတိုးတက်မှု" ဟုခေါ် ဆိုသော အကြောင်းရပ်နှင့်စပ်လျဉ်း၍ အသေးစိတ်ကို အစီရင်ခံစာတွင် အနည်းငယ်သာဖော်ပြခဲ့သည်။ သို့ရာ တွင် လက်ရှိခန့်မှန်းချက်အရ နှစ်ပေါင်း ၅၀ မှ ၇၀ အထိသာ သက်တမ်းရှိသော တရုတ်နိုင်ငံ၏ အခိုင်အမာ တွေ့ရှိပြီး ယူရေနီယံသိုက်များ သက်တမ်းရှည်ရေးကို အထောက်အကူပြုမည်ဟုဆိုသည်။

လက်ရှိအခြေအနေတွင် တရုတ်နိုင်ငံသည် တစ်နှစ်လျှင် ယူရေနီယံတန်ချိန် ၇၅၀ ဝန်းကျင်ထုတ် လုပ်လျက်ရှိသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်အရောက် တွင် တစ်နှစ်လိုအပ်ချက်ပမာဏမှာ တန်ချိန် ၂၀,၀၀၀ အထိ တိုးတက်မြင့်မားလာနိုင်သည်ဟု နိုင်ငံပိုင်မီဒီယာတို့ ကဆိုသည်။

ဂျပန်နိုင်ငံ ဖူကူရှိးမားအဏုမြူစက်ရုံပေါက်ကွဲ မှုဖြစ်ပြီးနောက်တွင် တရုတ်နိုင်ငံသည် ၎ င်း၏ နောက် ထပ်အကောင်အထည်ဖော်မည့် အဏုမြူဓာတ်အားပေး စက်ရုံ စီမံကိန်းများကို ခေတ္တရပ်ဆိုင်းထားလိုက်ရသည်။ လက်ရှိဓာတ်ပေါင်းဖိုများနှင့် ဆောက်လုပ်ဆဲဓာတ် ပေါင်းဖိုများကိုလည်း စစ်ဆေးမှုများပြုလုပ်မည်ဖြစ် သည်။ ဂျပန်နိုင်ငံတွင် ဓာတ်ပေါင်းဖို မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားသည့်နောက်တွင် တရုတ်နိုင်ငံသည် စိုးရိမ်မကင်းမှုများ တိုးပွားလာရသည်။

တရုတ်နိုင်ငံက ယင်းဂျပန်နိုင်ငံ ဖူကူရှိးမား နျူကလီးယားစက်ရုံ သဘာဝကပ်ဘေးဆိုက်ရောက် နေစဉ်အတွင်း ရပ်နားခဲ့ရသည့် ၎ င်း၏နျူစွမ်းအင်စီမံ ကိန်းသစ်များကို လာမည့် ၂၀၁၂ ခုနှစ်တွင် စတင် အကောင်အထည်ဖော်လိမ့်မည်ဖြစ်ကြောင်း စက်တင် ဘာလ ၂၁ ရက်တွင် တရုတ်မီဒီယာများက ပြောကြား ကြောင်းသိရသည်။ တရုတ်နိုင်ငံတွင် နျူကလီးယား ဓာတ်ပေါင်းဖို ၁၄ ခုရှိပြီး အခြားနှစ်ဒါဇင်ကျော်မှာ ဆောက်လုပ်နေဆဲဖြစ်ကာ ကမ္ဘာတစ်ဝန်းလုံးတွင် တည်ဆောက်ပြီးနျူကလီးယားဓာတ်ပေါင်းဖိုခန့်မှန်း ခြေ ၄၀ ရာခိုင်နှုန်းရှိသည်။

အီဂျစ်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက် များလက်ဝယ်ထားရှိရန် ကြိုးပမ်းခဲ့ခြင်းမရှိသည့်အပြင် နျူကလီးယားလက်နက်ကင်းမဲ့ရေးကိုသာ လိုလားပါ ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်ဂျီအစ်က ထုတ်ဖော်ပြောကြားသည်။ အီဂျစ်နိုင်ငံသည် နျူကလီးယား လက်နက်များ အသုံးပြုမည်မဟုတ်သဖြင့် ထိုလက်နက် များ ထုတ်လုပ်မည်မဟုတ်ပေ။ အကြောင်းမှာ ယင်း နျူကလီးယား လက်နက်ထုတ်လုပ်ရေးမှာ ကုန်ကျစရိတ် ကြီးမားကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက် ဂျီအစ်က ညီလာခံတစ်ခုတွင် ဖွင့်ဟပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း ချူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် ဗီယက်နမ်ချူကလီးယား စွမ်းအင်ဌာနနှင့် နိုင်ငံတကာအကျွမ်းတဝင်စီတို့ မေလ ၁၆ ရက်က ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ချူကလီးယား စက်ရုံ တည်ဆောက်ရေးအတွက် လိုအပ်ချက်များရရှိစေရန် ကြိုတင်ပြင်ဆင်မှုများနှင့် လေ့လာရန်အချက် အလက်များ၊ ချူကလီးယားဆိုင်ရာ အခြေခံဥပဒေစည်း မျဉ်းများနှင့် ချူကလီးယား နည်းပညာဆိုင်ရာ လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးများအပေါ် ဆွေးနွေးခဲ့ကြသည်။

ဗီယက်နမ်သည် နင်သူတင်ပြည်နယ်တွင် ပထမဆုံး ချူကလီးယားစက်ရုံတည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်အတွင်း ယင်းချူကလီးယားစက်ရုံမှ ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ထားသည်။

ချူကလီးယားပူးပေါင်းဆောင်ရွက်မှု

တောင်ကိုရီးယားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ချူကလီးယားဓာတ်အားပေးစက်များတင်ပို့ရောင်းချရေး တောင်ကိုရီးယားနိုင်ငံ၏ ကြိုးစားအားထုတ်မှုများအတွက် အခြေခံမူတစ်ရပ်ချမှတ်ထားသည့် ချူကလီးယားပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ချူကလီးယားဓာတ်အားပေးစက်ရုံခြောက်ခုတည်ဆောက်လျက်ရှိပြီး ၂၀၃၂ ခုနှစ် အရောက်တွင် ချူကလီးယားစက်ရုံ ၄၀ ကျော်တည်ဆောက်ရန် စီစဉ်လျက်ရှိရာ တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ ပြည်တွင်းထုတ်ချူကလီးယားဓာတ်အားပေးစက် အဓိကတင်ပို့ရောင်းချသည့်နိုင်ငံဖြစ်လာရန် ကြိုးစားအားထုတ်နေခြင်းဖြစ်သည်။

ထို့နောက် ကျော်ဒန်နိုင်ငံနှင့်တူရကီနိုင်ငံတို့သည် ချူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာ အသုံးပြုရေးနှင့် ချူကလီးယားလုံခြုံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။ ဤသို့သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းမှာ ကျော်ဒန်နိုင်ငံနှင့် တူရကီနိုင်ငံဆက်ဆံရေးတွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူလိုက်ခြင်းဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ချူကလီးယားဓာတ်ပေါင်းဖိုသုံးခုမှလေးခုအထိတည် ဆောက်ရန်စီစဉ်နေသည့် ကျော်ဒန်နိုင်ငံသည် ပြင်သစ်၊ တောင်ကိုရီးယား၊ တရုတ်၊ ကနေဒါ၊ ရုရှား၊ ဖြိုတိန်၊ စပိန်၊ အာဂျင်တီးနား၊ ဂျပန်၊ ရိမေးနိုးယားနှင့် အီတလီ စသည့်နိုင်ငံများနှင့် ချူကလီးယားပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်များရေးထိုးခဲ့သည်။

ယနေ့လက်ရှိကာလ၌ ဥရောပတိုက် ငါးနေရာ၌ နည်းဗျူဟာမြောက် ချူကလီးယားလက်နက် (စီအင်နဒဗလျူ) ၁၅၀ မှ ၂၀၀ အထိ အမေရိကန်ပြည်ထောင်စုက ဖြန့်ကြက်ထားကြောင်း လေ့လာသူများက ယုံကြည်ထားကြသည်။ စစ်အေးတိုက်ပွဲကာလ အနောက်ဥရောပ၌ ချူကလီးယားလက်နက်များ ထောင်ချီ၍ ဖြန့်ကြက်ထားရာ အစီအစဉ်အရ နည်းဗျူဟာမြောက် ချူကလီးယားလက်နက်များကို အမေရိကန်ပြည်ထောင်စုက ပထမဆုံး ဖြန့်ကြက်ချထားခဲ့သည်။ ယင်း လက်နက်များ၏ အဓိကတာဝန်မှာ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော ဝါဆောစစ်စာချုပ်အဖွဲ့၏ စစ်ရေးအင်အားကို ထိန်းညှိထားနိုင်ရန်နှင့် အနောက်ဥရောပကို ဆိုဗီယက်တပ်ဖွဲ့များဝင်ရောက် တိုက်ခိုက်လာချိန်၌ အသုံးပြုသွားရန်တို့ဖြစ်သည်။

နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပမဟာမိတ်များအကြား ချူကလီးယားလက်နက်များ ဖြန့်ဝေအသုံးပြုရေးစနစ်သည် စစ်အေးတိုက်ပွဲပြီးဆုံးခဲ့သော်လည်း ကျန်ရစ်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုးရွားဆုံးအထုပြုအန္တရာယ်များ

၁၉၇၉ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် "သုံးမိုင်ကျွန်း" မတော်တဆမှုအပြီးတွင် လူပေါင်း ၁၄၀,၀၀၀ ကို ကယ်ထုတ်ခဲ့ရခြင်း၊ ဓာတ်ပေါင်းဖို၏ဗဟိုတိုင် အပိုင်းအချို့အရည်ပျော်သွားပြီး စက်ရုံအတွင်း အဆိပ်သင့်မှုဖြစ်ပွားခဲ့သည်။ ၁၉၇၉ ခုနှစ်၊ ဩဂုတ်လတွင် အမေရိကန်ပြည်ထောင်စု တင်နက်ဆီပြည်နယ်ရှိ

အာဝင်ဒေသအနီး လျှို့ဝှက်ချူကလီးယားလုပ်ငန်းခွင်တွင် ယူရေနီယံယိုစိမ့်မှုကြောင့် လူ ၁၀၀၀ ခန့် အဆိပ်သင့်ခဲ့ရသည်။

၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလနှင့် မတ်လတို့တွင် ဂျပန်နိုင်ငံ ဆူရူဂါချူကလီးယားစက်ရုံတွင် ရေဒီယိုသတ္တိကြွပစ္စည်းများ ယိုစိမ့်မှုလေးကြိမ်ဖြစ်ပွားပြီး လူ ၂၇၈ ဦး အဆိပ်သင့်ခဲ့သည်။

၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် ကမ္ဘာ့အဆိုးဆုံးချူကလီးယားမတော်တဆမှု ဟုဆိုရပေမည်။ ယခင် ဆိုဗီယက်ပြည်ထောင်စု ယူကရိန်းပြည်နယ် ချာနိုဘိုင်းစက်ရုံတွင် ဖြစ်ပွားရာ လူ ၂၀၀ ခန့် အဆိပ်သင့်ရာသုံးလအတွင်း ၃၂ ဦး သေဆုံးခဲ့ရ၏။ ယင်းဖြစ်ရပ်ကြောင့် ဥရောပမြောက်ပိုင်းတွင် ရေဒီယိုသတ္တိကြွတိမ်တိုက်ကြီးတစ်ခုကို တွေ့ရှိရသည်အထိ ဖြစ်ခဲ့သည်။ ဟီရိရှီးမားကို အဏုမြူဗုံးကြဲစဉ်ကထက် လေးဆပြင်းထန်သော အဆိပ်ပျံ့နှံ့မှုဖြစ်သည်။ အဆင့်သတ်မှတ်ချက်အရ အမြင့်ဆုံးအဆင့် ၇ ရှိသည်။

၁၉၉၃ ခုနှစ်၊ ဧပြီလတွင် ဆိုက်ဗေးရီးယားရိုတွမ်စ်-၇ စက်ရုံပေါက်ကွဲမှုကြောင့် ယူရေနီယံ ၂၃၅၊ ပလူတိုနီယမ် ၂၃၇ အပါအဝင် ရေဒီယိုသတ္တိကြွဓာတ်ငွေ့များပါသည့် တိမ်တိုက်ကြီး ဖြစ်ပေါ်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ နိဝင်ဘာလတွင် ချာနိုဘိုင်း၌ ဓာတ်ပေါင်းဖိုတစ်ခုမှ လောင်စာများဖယ်ထုတ်စဉ် ပြင်းထန်သောအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည်။

၁၉၉၇ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဂျပန်နိုင်ငံတိုကျိုမြို့အရှေ့မြောက်ဘက် တိုကာအီမူရာစက်ရုံတွင် မီးလောင်မှုကြောင့် ပေါက်ကွဲမှုဖြစ်ရာ လူ ၃၇ ဦး ဓာတ်ရောင်ခြည်သင့်ခံရသည်။

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် တိုကာအီမူရာမှာပင် ယူရေနီယံသန့်စင်စက်ရုံတစ်ရုံ၌ မတော်တဆမှုတစ်ခုကြောင့် အလုပ်သမား ၂ ဦးသေဆုံးသည်။ အဆင့်သတ်မှတ်ချက် ၄ ရှိသည်။ လူ ၆၀၀ ကျော် ဓာတ်ရောင်ခြည်သင့်ပြီး လူ ၃၂၀,၀၀၀ ခန့်ကို တစ်ရက်တာအိမ်ထဲမှ အိမ်ပြင်မထွက်ရန်တားမြစ်ခဲ့ရသည်။

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် တိုကျိုမြို့အနောက်ဘက် မီဟာမာရှိ ချူကလီးယားစက်ရုံတစ်ရုံတွင် ရေဒီယိုသတ္တိကြွမဟုတ်သည့် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူလေးဦးသေဆုံးပြီး ခုနစ်ဦးအပြင်းအထန်မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ယခုနှစ် မတ်လ ၁၁ ရက်က ဖြစ်ပွားခဲ့သော ငလျင်နှင့်ဆူနာမီဒဏ်ကလည်း မနည်းလှသော ချူဒုက္ခဘေးကို ခံစားရသည်။

ချူကလီးယားနှင့် ရာသီဥတု

ဒေသတွင်းချူကလီးယားစစ်ပွဲတစ်ပွဲဖြစ်ပွားခဲ့လျှင်ပင် မမျှော်လင့်သည့် အကျိုးဆက်အနေဖြင့် တစ်ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံအေးမြမှုနှင့် နှစ်ပေါင်းများစွာ မိုးရေချိန်လျော့ကျမှုဖြစ်စေနိုင်ပြီး ယင်းအပြင် ဒုဗ္ဘိက္ခန္တရကပ်နှင့် ရောဂန္တရကပ်များပါ ဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သုပညာရှင်များက မှန်းဆကြသည်။ ချူကလီးယားလက်နက်များ ပေါက်ကွဲမှုကြောင့် အန္တရာယ်ကြီးသော ဓာတ်ရောင်ခြည်များပေါ်ထွက်နေချိန်တွင် မီးခိုးများ၊ ဖုန်မှုန့်များနှင့် ပြာမှုန့်များသည် နေကို ရက်သတ္တပတ်ပေါင်းများစွာ ဖုံးလွှမ်းထားမည်ဖြစ်ရာ ချူကလီးယားဆောင်းရာသီကပ်ဆိုးကြီး ဖြစ်ပေါ်ပေလိမ့်မည်။

ယင်းလက်နက်တစ်ခုစီလျှင် တီအင်န်တီ ယမ်းဘီလူးတန်ချိန် ၁၅,၀၀၀ ပေါက်ကွဲမှုနှင့် ညီမျှသော ချူကလီးယားလက်နက်များပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် မီးတောက်မီးလျှံများကြောင့် ကမ္ဘာလေထု၏ အောက်ဆုံးအလွှာဖြစ်သော ထရိုပိုစဖီးယားလေထုထဲတွင် အကြမ်းဖျင်းအားဖြင့် မီးခိုးငွေ့တန်ချိန် ငါးသန်း ရောက်ရှိသွားနိုင်မည်ဖြစ်သည်။ နာဆာအဖွဲ့၏ တွက်ချက်မှုများအရ ထရိုပိုစဖီးယားလေထုအလွှာအတွင်း ရောက်ရှိသွားသော မီးခိုးတိမ်တိုက်ကြီးသည် နေ၏အပူရှိန်ကို စုပ်ယူ၍ မိုးပျံပူဖောင်းကြီးတစ်လုံးသဖွယ် အထက်သို့ ပိုမိုလျင်မြန်စွာ လွှင့်တက်သွားမည်ဖြစ်သည်။

ကမ္ဘာကြီးသည် လက်ရှိကာလ၌ ကာလရှည် ပူနွေးမှုဒဏ်နှင့် ရင်ဆိုင်နေရချိန်ဖြစ်သည်။ သို့ရာတွင် ဒေသတွင်း ချူကလီးယားစစ်ပွဲဖြစ်ခဲ့မည်ဆိုလျှင် စစ်ပွဲဖြစ်ပွားပြီး သုံးနှစ်အကြာတွင် တစ်ကမ္ဘာလုံးဆိုင်ရာပျမ်းမျှအပူချိန်သည် ၂ ဒသမ ၂၅ ဒီဂရီဖာရင်ဟိုက်အထိ ကျဆင်းသွားနိုင်သည်။

ထို့ပြင် ချူကလီးယား မီးခိုးတိမ်တိုက်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးပြီး ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ရပုံကို ၁၈၁၅ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ မောင့်တမ်ဘိုရာမီးတောင် ပေါက်ကွဲပြီးနောက် ဖြစ်ပွားခဲ့သော အခြေအနေနှင့် နှိုင်းယှဉ်ပြီး သုတေသနပညာရှင်များက လျှပ်ပြင်သုံးသပ်ထားသည်။ ၎င်းမီးတောင်ပေါက်ကွဲမှု၏ ဆိုးကျိုးဆက်မှာ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးသည် နှစ်လုံးပေါက် နွေရာသီဖျောက်ခဲ့ရပြီး ဒုက္ခပင်လယ်ဆေးလိမ့်မည်ဟုဆိုသည်။

ချူကလီးယား ကင်းမဲ့ရန်

ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသည့်နိုင်ငံတကာ ချူကလီးယားဖျက်သိမ်းရေးညီလာခံတွင် လက်တင်အမေရိကနှင့် ကာရစ်ဘီယံချူကလီးယားလက်နက် ပိတ်ပင်ရေးအေဂျင်စီ (Opanal) အတွင်းရေးမှူးချုပ် ဂျိုအို ကွန်ဒါယူဘီဒါက ကမ္ဘာလုံးဆိုင်ရာ ချူကလီးယားလက်နက်ဖျက်သိမ်းရေးကြိုးပမ်းအားထုတ်မှုအတွက် အဆင်ပြေစေရန် ကမ္ဘာတစ်ဝန်း၌ ချူကလီးယားကင်းမဲ့ဇုန်များ တည်ထောင်ရန်တိုက်တွန်းပြောကြားသည်။

၎င်းချူကလီးယားလက်နက်ကင်းမဲ့ဇုန်များ၏အရေးပါမှုကို ကုလသမဂ္ဂ၌ အခါခါ အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းလက်နက်ဖျက်သိမ်းမှု အပြည့်အဝမလုပ်ဆောင်နိုင်ပါက ထိုကင်းမဲ့ဇုန်အတွင်းနေထိုင်သူများအတွက် လုံခြုံမှုအပြည့်အဝမရှိနိုင်ဟု ယူဘီဒါက အဆိုပြုထားသည်။

သိန်းဝင်းဇော်

နိုင်ငံတကာအဂတိလိုက်စားမှုများ။ ။လူသားတို့သည် အသိဉာဏ်ဟုဆိုအပ်သော သိတတ်မှု၊ ခံစားတတ်မှုနှင့် ပြုပြင်စီစဉ်တတ်မှု အစရှိသည့်စိတ်ပိုင်းဆိုင်ရာများ ကိန်းအောင်းလျက်ရှိကြသည်။ ၎င်းတို့၏ သဘောသဘာဝမှာ မွေးစကပင် အတ္တစိတ်ကို အခြေခံလာတတ်သည်။

၎င်းလူသားတို့သည် တစ်ဦးတစ်ယောက်တည်းဆက်လက်ရှင်သန်နေခြင်းမျိုးမဟုတ်ပေ။ အခြားသော သက်ရှိသက်မဲ့ပတ်ဝန်းကျင်တို့နှင့် ဆက်နွယ်ပြီး လူ့ဘောင်ကို တည်ထောင်ဖြစ်ပေါ်နေကြရသည်။ ထိုအခါမျိုးတွင် မူလအစအတ္တစိတ် သဘောပါသော လူသားများသည် သတိသမ္ပဇဉ်ဉာဏ်အမြော်အမြင် အားနည်းလာသောအခါ မိမိတစ်ဦးတည်း အတွက်သော်လည်းကောင်း၊ မိသားစုအတွက်သော်လည်းကောင်း၊ လူအများစုအတွက်သော်လည်းကောင်း အဂတိတရားကို ရှောင်တန်းတင်ကာ မသမာသော လောဘစိတ်စွမ်းအားက လွှမ်းမိုးလာသည်။

ထိုသို့သော အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးတို့တွင်မဆို ရှိနိုင်ကြောင်း တွေ့ရပေလိမ့်မည်။

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမကာပါဂဲလ် အာရိယိုကိုလည်း ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ကြေးနန်းဆက်သွယ်ရေး စာချုပ်ကိစ္စတစ်ခုတွင် လာဘ်စားမှုကြောင့် အထက်လွှတ်တော်၏ စုံစမ်းစစ်ဆေးမှုကို အကြောင်းပြု၍ မကျေနပ်ဖြစ်ကာ ဆန္ဒပြကြသည်။ ထိုဆန္ဒပြသူများထဲတွင် လက်ဝဲတက်ကြွလှုပ်ရှားသူများ၊ လူငယ်များနှင့် ဘာသာရေးအုပ်စုဝင်များ ပါဝင်သည်။ပြည်သူတို့က စုရုံးဆန္ဒပြကြခြင်းဖြစ်သည်။

ထို့ပြင် အာရိယိုကို ဇက်တီအီးကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၃၂၉ သန်းတန်ဖိုးရှိသော စာချုပ်ချုပ်ဆိုခြင်းအပေါ်တွင်လည်း ရိုးသားစွာလုပ်ကိုင်ခြင်းမရှိဟု စွပ်စွဲချက်ဖြင့် မနီလာမြို့တော်ပန်းခြံ၌ မတ်လ ၁၄ ရက်တွင် ဆန္ဒပြကြသည်။

တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီဥက္ကဋ္ဌဟောင်း လီကွန်းဟီးအား ငွေကြေးဆုံးရှုံးမှုများ၊ အခွန်တိမ်းရှောင်မှုများဖြင့် အရေးယူထားရာမှ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလဆန်းတွင် အထူးလွှတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ကို ၂၀၀၆ ခုနှစ်တွင် စစ်ဘက်က အာဏာသိမ်းပြီး ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံရသည့်နောက် သက်ဆင်အား အဂတိလိုက်စားမှုဖြင့်တရားစွဲဆိုကာ ၎င်းပိုင်ဆိုင်သောဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၏ ၆၀ ရာခိုင်နှုန်းကို ပြည်သူပိုင်သိမ်းရန် တရားရုံးက ဆုံးဖြတ်ခဲ့သည်။

အရှေ့တိမော အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်'ဧာနာနာရစ်မာအို'ကို အဂတိလိုက်စားမှုဖြင့် ရာထူးမှ နုတ်ထွက်ရန် ဝန်ကြီးချုပ်ဟောင်းနှင့်လက်ရှိအာဏာရ ပါတီအတွင်းရေးမှူးချုပ်က ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် တောင်းဆိုလိုက်သည်။

ယင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အစိုးရအဖွဲ့ဝင်နှစ်ဦးကို စစ်ဆေး မေးမြန်းခဲ့ပြီးနောက် အမှုတွဲခြောက်ခုကို နိုင်ငံတော်ရှေ့နေချုပ်ရုံးသို့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်တွင် လွှဲပြောင်းပေးခဲ့သည်။

၎င်းကျွန်းနိုင်ငံအရှေ့တိမောတွင် ဘဏ္ဍာရေး ဝန်ကြီး အီမီလာပိုင်းစ်နှင့် တရားရေးဝန်ကြီး လူစီကာလိုဘိုတိုတို့ကိုလည်း အစိုးရရှေ့နေများက စစ်ဆေးမေးမြန်းခဲ့ကြသည်။ သို့သော်အစိုးရ အဖွဲ့ဝင်အများအပြားမှာ ခြစားမှုတွင် ပါဝင်နေမည်ဖြစ်ကြောင်းအတိုက်အခံများက ပြောကြားခဲ့သည်။

အီဂျစ်သမ္မတဟောင်း ဟို့စနီမူဘာရက် လက်ထက်တွင် အီဂျစ်ပြန်ကြားရေးဝန်ကြီးဟောင်းသည် အကျင့်ပျက် အဂတိလိုက်စားမှုစွဲချက်ဖြင့် ထောင်ဒဏ် ၇ နှစ် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရသည်။

'အန်းနတ်စ်အယ်လ်ဖက်ကီ' ကို နိုင်ငံပိုင် ရေဒီယို အသံလွှင့်ဌာနနှင့် ရုပ်မြင်သံကြားအဖွဲ့အစည်း ယူနီယံအတွက် ပြည်သူ့ရန်ပုံငွေများဖြုန်းတီးခဲ့ခြင်းဖြင့် ကိုင်ရိုမြို့တရားရုံးက ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပြစ်ဒဏ်ချမှတ်ခြင်းခံရသည်။ ၎င်းနှင့်အတူ ယူနီယံ ၉၀၀ ဖြစ်သူ 'အိုမာအယ်လ်ရှိတ်'လည်း တရားစွဲဆိုခြင်းခံရသည်။ ၎င်းတို့နှစ်ဦးသည် ရုပ်မြင်သံကြားဇာတ်လမ်းတွဲများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကို ငွေကြေးမတန်တဆပေးကာ အလွဲသုံးစားပြုလုပ်ခဲ့ကြသည်။

၎င်းနောက် မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားနည်းပညာရရှိရေးအတွက် ပါကစ္စတန် စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိကြီးများကို ဒေါ်လာသုံးသန်းလာဘ်ထိုးသည်ဟု ပါကစ္စတန်နျူကလီးယားပညာရှင်က ပြောကြားသည်။ ပါကစ္စတန်နျူကလီးယားဖခင်ကြီး အဗ္ဒုလ်ကာဒါခန်သည် မြောက်ကိုရီးယားနိုင်ငံမှ ရရှိသည့် ၁၉၉၈ ရက်စွဲပါ စာတစ်စောင်၏ မိတ္တူကို ထုတ်ပြန်ခဲ့ကြောင်း၊ အဆိုပါစာထဲတွင် သဘောတူညီမှု အသေးစိတ်အချက်အလက်များ ဖော်ပြပါရှိသည်။ ပါကစ္စတန်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးကို ဒေါ်လာသုံးသန်းပေးအပ်ခဲ့ပြီး ကျန်အရာရှိ တစ်ဦးကို ဒေါ်လာ ငါးသိန်းနှင့် လက်ဝတ်ရတနာများပေးအပ်ခဲ့သည်ဟု အဆိုပါစာထဲတွင် ဖော်ပြထားသည်။

သို့သော်ပါကစ္စတန်က ခန်တစ်ဦးတည်းကသာ မြောက်ကိုရီးယားအား နျူကလီးယားလျှို့ဝှက်ချက်များကို ပေးအပ်ခဲ့သည်ဟု စွပ်စွဲပြောကြားသည်။ ခန်ထုတ်ပြန်ခဲ့သည့်စာမှာ အတုဖြစ်သည်ဟု ပါကစ္စတန်အရာရှိများက ပြောကြားသော်လည်း အနောက်နိုင်ငံထောက်လှမ်းရေးအရာရှိများက အစစ်အမှန်ဖြစ်သည်ဟု ယုံကြည်သည်။

ကျပန်နိုင်ငံတွင် နိုင်ငံရေးအာဏာခွဲဝေလျာထားရာ၌ စီမံခန့်ခွဲမှုဆောင်ရွက်သူ၊ ညြာအရိုန်အဝါကြီးမားသော နိုင်ငံရေးသမားကြီး အီချီရိအိုဇာဝါအား အစိုးရရှေ့နေများက နိုင်ငံရေးရန်ပုံငွေ ဥပဒေချိုးဖောက်မှုဖြင့် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်တွင် တိုက်မှုခရိုင်တရားရုံး၌ တရားစွဲဆိုလိုက်သည်။ ၎င်း၏ ဝန်ထမ်းများရန်ပုံငွေ ကိုင်တွယ်တွက်ချက်မှု အမှားအယွင်းများအပေါ် အဂတိလိုက်စားသော အကြံဖြင့် စီမံကြံကြပ်ခဲ့သည်ဟူသော စွပ်စွဲချက်နှင့်လည်း ရင်ဆိုင်နေရသည်။

အိုဇာဝါ၏ လက်ထောက်ဟောင်း သုံးဦးကိုလည်း ၂၀၀၄ ခုနှစ်က ပေါ်ပေါက်ခဲ့သော မြေအရောင်းအဝယ်တစ်ခုနှင့်ဆက်စပ်သည့် အဂတိလိုက်စားခြင်းအရှုပ်တော်ပုံတွင် ပါဝင်ပတ်သက်ငြိစွန်းမှုဖြင့် တရားရုံးက စွဲချက်တင်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ တယ်လီကွန်ပြဿနာကြောင့် ယခင်က ဝန်ကြီးတစ်ဦးနှင့်ညြာအရိုန်အဝါ ကြီးမားသော ကွန်ဂရက်ပါတီပုဂ္ဂိုလ်တစ်ဦးတို့သည် ထောင်ထဲမှ နေ၍ တရားစီရင် စစ်ဆေးခံရန် စောင့်ဆိုင်းလျက်ရှိနေခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် သီးခြားအဂတိလိုက်စားမှုသတင်းနှစ်ခုအရ ချုပ်နှောင်ခံနေရခြင်းဖြစ်ပြီး တစ်ဦးမှာ တယ်လီကွန်လိုင်စင်ကိစ္စနှင့်

ပတ်သက်နေ၍ အခြားတစ်ဦးမှာ ဓနသဟာယအားကစား ပွဲတော်ပြင်ဆင်မှုတွင် ပတ်သက်နေခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ထိုပြဿနာတွင် နောက်ထပ်ဝန်ကြီး တစ်ဦးပါဝင်ပတ်သက်မှုရှိနေသည်ဟု အခိုင်အမာပြော ကြားလျက်ရှိသည်။

မလေးရှားနိုင်ငံ၏ Maxis ကုမ္ပဏီသည် အိန္ဒိယ နိုင်ငံ၏ တယ်လီကွန်ဈေးကွက်အတွင်း ဝင်ရောက်ခွင့် ရရန်အတွက် တမီးလ်နာဒူအခြေစိုက်ပါတီ DMK ၏ ကက်ဘိနက်ဝန်ကြီးဒါယာနီဒီမာရန်၏ အရိုန်အဝါဖြင့် ဝင်ရောက်လာခြင်းဖြစ်သည်ဟု စွပ်စွဲခံနေရသည်။ ဝန်ကြီးမစွတာမာရန်မှာ ယင်းစွပ်စွဲချက်များနှင့် တာက အိန္ဒိယပြည်သူတွေရဲ့ တစ်ကိုယ်ရေယုံကြည်စိတ် ကို အားနည်းသွားစေပါတယ်' ဟု ဝန်ကြီးချုပ်မစွတာ ဆင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

ထိုသတင်းစာရှင်းလင်းပွဲကို ကျင်းပပေးခဲ့ခြင်း သည် ဝန်ကြီးချုပ်ဆင်းက ပါတီနှင့် အစိုးရအဖွဲ့၏ ရုပ်သွင်နှင့်သိက္ခာကို ပြန်လည်မြှင့်တင်ပေးရန် ကျင်းပခဲ့ ခြင်းဖြစ်ကြောင်း သတင်းသမားများက ဆိုကြသည်။

အိန္ဒိယအစိုးရ၏ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက် ရေးကြိုးပမ်းချက်များသည် လက်တွေ့ဆောင်ရွက် နေခြင်းမဟုတ်ကြောင်း ကမ္ဘာဘဏ်က ၂၀၁၁ ခုနှစ်၊ မေလတွင် အစီရင်ခံတင်ပြခဲ့သည်။ အကူအညီပေးရေး



တရုတ်တွင် ကျင်းပသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ဆွေးနွေးပွဲ

ကင်းရှင်းကြောင်း သက်သေပြနိုင်သည့်အချိန်အထိ ၎င်း၏ ရာထူးရပ်ဆိုင်းခံထားရဖွယ်ရှိသည်။

ထို့နောက် တယ်လီဖုန်းလိုင်စင်များကို အောက် ဈေးနှင့် ရောင်းချခြင်းကြောင့် ဒေါ်လာဘီလီယံပေါင်း များစွာကို ဆုံးရှုံးစေသည်ဟု ကွန်ဂရက်ပါတီ ဦးဆောင် သော အစိုးရအဖွဲ့မှာ အစွပ်စွဲခံခဲ့ရသည်။ ထို့ပြင် လွန်ခဲ့သောနှစ်က လက်ခံကျင်းပပေးခဲ့သော ဓနသဟာယ အားကစားပွဲတော်အတွက် ပြင်ဆင်ရေးတွင်လည်း အဂတိ လိုက်စားမှုများ ရှိခဲ့သည်ဟု စွပ်စွဲမှုများပေါ်ပေါက်ခဲ့ သဖြင့် 'မတရားငွေရှာမှုနှင့် အသက်ဆက်နေတဲ့ နိုင်ငံ အဖြစ် သိက္ခာကျဆင်းနေတာကတော့ ကျွန်တော်တို့နိုင်ငံ အတွက် ကောင်းတဲ့အချက်မဟုတ်ပါဘူး၊ ဒီလိုဖြစ်ခဲ့ အစိုအစဉ်များသည် လာဘ်ပေး၊ လာဘ်ယူမှု ဆိုးရွား သော စီမံခန့်ခွဲပုံများနှင့် ငွေပေးချေပြီးရယူနေရမှုများက ဝန်းရံနေကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ထို့ပြင် ပင်လယ်ရပ်ခြားရှိ နိုင်ငံခြားဘဏ်စာရင်း များတွင် အပ်နှံထားသည့်နိုင်ငံတော်သို့ အခွန်မပေး ဆောင်သော ပုဂ္ဂလိကနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိ သောငွေများနှင့်စပ်လျဉ်း၍ အသေးစိတ် လူသိရှင်ကြား ထုတ်ပြန်ရန် အစိုးရအဖွဲ့က ဝန်လေးနေကြောင်း အိန္ဒိယ တရားလွှတ်တော်ချုပ်က စွပ်စွဲလိုက်သည်။ ငွေမည်းဟု ခေါ်ကြသည့်အဆိုပါ ပြဿနာသည် ကွန်ဂရက် ပါတီ ဦးဆောင်သည့် အစိုးရအဖွဲ့ကို နောက်ဆုံးထိုးနှက်သည့်

အဂတိလိုက်စားမှုဖြစ်သည်။ ထို့နောက် ကြေကွဲဖွယ်ဖြစ်ရပ်မှာ အိန္ဒိယနိုင်ငံသား ၁၁ ဦးသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း လာဘ်ယူခြစားမှုများကို ဖော်ထုတ်ခဲ့သည့်အတွက် အသတ်ခံခဲ့ရသည်။ လျှို့ဝှက်သတင်းပေးနေသူများကို တိုက်ခိုက်သတ်ဖြတ်မှုများ တစ်နေ့တခြားများလာခြင်းကြောင့် လာဘ်ပေးလာဘ်ယူဆန့်ကျင်ရေးတိုက်ပွဲများကို ထိခိုက်ခဲ့ကြောင်း ပြည်သူ့အခွင့်အရေးတိုက်ပွဲဝင်များကဆိုသည်။

သိန်းဝင်းဇော်

နိုင်ငံတော်၏ သစ်တောထိန်းသိမ်းရေး လုပ်ငန်းများ။ ။ သစ်ပင်သစ်တောများသည် လယ်ယာ၊ သားငါး၊ သတ္တုစသည့် နယ်ပယ်များနည်းတူ နိုင်ငံတော်အတွက် နိုင်ငံခြားငွေမြောက်များစွာ ရှာဖွေပေးလျက်ရှိကာ မိုးလေဝသမှန်ကန်မှုတည်ညွတ်ပြီး စိုက်ပျိုးရေးကို ရာနှုန်းပြည့်နီးပါး အကျိုးပြုနေသည်။

သစ်ပင်သစ်တောများကြောင့် မိုးလေဝသမှန်ကန်ပြီး မြစ်ကြီး မြစ်ငယ်များ ရေစီးရေလာကောင်းမွန်စေကာ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးကိုများစွာ အထောက်အကူပြုသည်။

သစ်ပင်သစ်တောများကို အကြမ်းအားဖြင့် နိုင်ငံတော်က ကျွန်းစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲသစ်တောစိုက်ခင်းများဟူ၍ ခွဲခြားသတ်မှတ်ကာ အလေးထားပြီး စိုက်ပျိုးခြင်းများ၊ ထိန်းသိမ်းခြင်းများ တိုးချဲ့ခြင်းများ ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေးတွင် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ကြရာမှာ သစ်ပင်သစ်တောထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုလျော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးစသည့်လုပ်ငန်းများကို ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ကြောင်း" သစ်ပင်သစ်တော အရေးပါမှုကို ထည့်သွင်းမိန့်ကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရမည်" ဟု ပြဋ္ဌာန်းထားသည့်နည်းတူ နိုင်ငံသား၏ မူလအခွင့်အရေးနှင့် တာဝန်များခေါင်းစဉ်အောက်တွင်လည်း "နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ခြင်း ကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်" ဟု တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသည်။


နိုင်ငံတော်အနေဖြင့်လည်း သစ်ပင်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ရှေးယခင်ကာလများကပင် ဆောင်ရွက်ခဲ့သည်။

သို့သော် လူဦးရေတိုးပွားလာခြင်း၊ အိုးအိမ်တိုက်တာ၊ လမ်းတံတား၊ စက်ရုံ၊ အလုပ်ရုံများ တိုးပွားလာခြင်း၊ ရွှေ့ပြောင်းတောင်ယာများ ပြုလုပ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့လာခြင်း၊ ဆားကွင်းများ၊ သားငါး၊ ပုစွန်ကန်များ တိုးပွားလာခြင်း၊ မီးသွေးဖုတ်ခြင်းစသည်များမှသည် ကျေးရွာမြို့ပြများ တိုးပွားလာခြင်းတို့ကြောင့် သစ်တောဧရိယာလျော့ပါးလာရသည်အထူးအားဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် ပင်လယ်ကမ်းခြေ ဒေရေတောများ ပျက်စီးခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်သည် သစ်ပင်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ (၁) မကွေးတိုင်းဒေသကြီး (၂) မင်းဘူးခရိုင် (၃) သရက်ခရိုင် (၄) ပခုက္ကူခရိုင် (၅) မြင်းခြံခရိုင် (၆) မိတ္ထီလာခရိုင် (၇) ရမည်းသင်းခရိုင် (၈) စစ်ကိုင်းတိုင်းဒေသကြီး (၉) မုံရွာခရိုင်တည်းဟူသော ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးကို စတင်ခဲ့ပြီးနောက် (၁) ကျောက်ဆည်ခရိုင် (၂) ပုဂံညောင်ဦးခရိုင် (၃) ဂန့်ဂေါခရိုင် (၄) ရွှေဘိုခရိုင်တို့ကို ထပ်မံတိုးချဲ့ကာ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေး တစ်နည်းအားဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ တစ်ချိန်တည်းတွင် ကုလသမဂ္ဂသစ်တောဆိုင်ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်သည်။

သို့သော် သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် လက်တွေ့ကျကျ အကောင်အထည်ဖော်လျက်ရှိနေသည်။ နိုင်ငံတော်အစိုးရသည်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ် ချမှတ်ထားသည်။ ယင်းလုပ်ငန်းစဉ် ၈ ရပ်၏ အမှတ်စဉ်(၈) တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူ၍ တိကျစွာ ချမှတ်ထားသည်။



မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ပြောင်းလဲခြင်းပြဂရပ်

သစ်ပင်သစ်တောထိန်းသိမ်းရေးနှင့် တိုက်ရိုက်ဆက်နွယ်နေသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် (၈၃/ ၂၀၁၁)ကို စက်တင်ဘာလ ၆ ရက်နေ့ရက်စွဲဖြင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Forestry) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (Ministry of Environmental Conservation and Forestry) အဖြစ် အမည် ပြောင်းလဲသတ်မှတ်ခဲ့သည်။

ယခုအခါ နိုင်ငံတော်၌ သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ သဘာဝနယ်မြေများတည်ထောင်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အပူပိုင်း ကမ္ဘာစာနပ်ရိက္ခာအဖွဲ့ (FAO-Food and Agriculture Organization)၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP-United Nations Environmental Programme)၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ် (UNDP-United Nations Development Programme စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သစ်ပင်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်သည် မဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဖွဲ့နှင့် လက်တွဲဆောင်ရွက်လျက်ရှိနေသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောများနှင့် ပတ်သက်သည့်ဥပဒေများကို အခါအားလျော်စွာ ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေ၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒဥပဒေများ ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

ယင်းသို့ဆောင်ရွက်နေသော်လည်း သစ်တောများပြုန်းတီးခြင်း၊ လျော့နည်းလာခြင်းများရှိနေသည်။ နိုင်ငံတော်တွင် ၁၉၇၅ ခုနှစ်၌ သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံတော်ဧရိယာ၏ ၆၁ ရာခိုင်နှုန်းရှိသော်လည်း ၂၀၁၀ ပြည့်နှစ်တွင် ၄၇ ရာခိုင်နှုန်းဖြစ်လာသည်။

ဒေသများနှင့် ကမ်းရိုးတန်းဒေသများ၏ သစ်တောများ ပြန်လည်တည်ထောင်ရေးနှင့်ပတ်သက်သည့် နှစ် (၃၀) အမျိုးသားသစ်တောစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိနေသည်။ သို့ဖြင့် နိုင်ငံတော်၌ သစ်တောစိုက်ခင်းဟက်တာငါးသိန်းကျော်တည်ထောင်ခဲ့ပြီးဖြစ်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်တွင် ဆုံးဖြတ်ချက်အမှတ် (၆၁/၁၉၃) ဖြင့် ၂၀၁၁ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်" (International Year of Forests) အဖြစ်သတ်မှတ်ကြေညာခဲ့သည်။

နှစ်စဉ်ဇွန်လ ၅ ရက်ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားသည်။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၅ ရက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ "သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေး သစ်တောများကို ထိန်းသိမ်းပေး" (Forest: Nature at Your Service) ဖြစ်သည်။ ဤသည်မှာ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်က သစ်တောများအရေးပါမှုကို မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

နိုင်ငံတော်သည် ၂၀၁၁ ခုနှစ် "အပြည်ပြည်ဆိုင်ရာ" သစ်တောများနှစ်တွင် လူထုလှုပ်ရှားမှုဖြင့် စိုက်ပျိုးမည့် သစ်ပင်ပေါင်းသန်း ၃၀ အပါအဝင် တစ်နိုင်ငံလုံး၌ စုစုပေါင်း သစ်ပင် ၇၈ သန်း စိုက်ပျိုးမည်ဖြစ်သည်။

အထူးအားဖြင့် ပင်လယ်ကမ်းစပ်၌ ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဒီရေတောပျိုးဥယျာဉ် တည်ထောင်ခြင်း၊ ဒီရေတောသုတေသနစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောထိန်းသိမ်းကာကွယ်ခြင်းစသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောဦးစီးဌာနသည် ကျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ သစ်တော သယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း စသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုမျှသာမက ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ တည်ထောင်ခွင့်များပေးထားသည်။ ထို့အတူ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ စိုက်ပျိုးခြင်းများလုပ်ဆောင်ရန်လည်း အားပေးကူညီလျက်ရှိသည်။ အထူးအားဖြင့် ကျေးရွာသုံး ထင်းစိုက်ခင်းများ တိုးချဲ့အကောင်အထည်ဖော်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ကံမြင့်

နိုင်ငံများ။ ။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် မိမိတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသော ကိုယ်ပိုင်ရပ်တည်ချက်များနှင့်အတူ နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ကုလသမဂ္ဂအဖွဲ့ကြီးအရိပ်အောက်၌ ငြိမ်းချမ်းသာယာရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ ၎င်းတို့အနက် ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံအချို့၏ ထင်ရှားကျော်ကြားသည့် အကြောင်းချင်းရာများကို အောက်ပါအတိုင်း အကျဉ်းစုံစနစ်ဖြင့် ဖော်ပြအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံ။ ။ကမ္ဘောဒီးယားနိုင်ငံ၏ လူဦးရေမှာ ၂၀၁၀ ပြည့်နှစ်စာရင်းအရ ၁၅ သန်းရှိပြီး အဓိကဘာသာစကားမှာ ခမာဘာသာစကားဖြစ်သည်။ နိုင်ငံသုံးငွေကြေးမှာ ရီရယ်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာအရ တစ်ဦးချင်းဝင်ငွေမှာ တစ်နှစ် အမေရိကန်ဒေါ်လာ၂၄၇၀ ရှိသည်။ နိုင်ငံအကြီးအကဲမှာ ဘုရင်နရိုဒွန်ဆီဟာမိုနီဖြစ်ပြီး ဝန်ကြီးချုပ်မှာ ဟွန်ဆင်ဖြစ်သည်။

စီးပွားရေး–၂၀၁၁ ခုနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းသည်။ ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းတို့ဖြင့် စီးပွားရေးရှင်သန်နေခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ်အတွင်း ငွေဖောင်းပွမှုနှုန်းသည် သုညရာခိုင်နှုန်းဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် ငွေဖောင်းပွမှုနှုန်းဆက်လက်နိမ့်ကျခဲ့သည်။ ၁၉၉၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း နှစ်စဉ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၁၀ ရာခိုင်နှုန်းရှိသည်။ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ရပ်တန့်

ခဲ့သည်။ သို့ရာတွင် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ပြန်လည်ဦးမော့ခဲ့သည်။ အရှိန်ကောင်းကောင်းဖြင့် လျင်မြန်စွာမဲ့ဖြိုးတိုးတက်လာသော စီးပွားရေးကြောင့် အလုပ်အကိုင်များစွာကို ဖန်တီးနိုင်ခဲ့ပြီး တစ်ဦးချင်းဆင်းရဲမှုနှုန်းမှာ ၁၉၉၃ ခုနှစ်တွင် ၄၅-၅၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့သည်။ ဆင်းရဲနွမ်းပါးမှုမှာ နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းနေထိုင်ရာ ကျေးလက်ဒေသ၌ အဓိကတည်ရှိနေသည်။ လွန်ခဲ့သောဆယ်စုနှစ်ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏စီးပွားရေးသည် အသင့်အတင့်တိုးတက်ခဲ့သော်လည်း ဖွံ့ဖြိုးမှုသည် မြို့ပြတွင်သာ အဓိကအခြေပြုခဲ့သည်။ ကျေးလက်နှင့်မြို့ပြကြား ဝင်ငွေကွာဟမှုကြီးမားနေဆဲဖြစ်သည်။ ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှုတိုးတက်ရေး၊ ဝင်ငွေတိုးမြင့်လာရေးနှင့် အလုပ်အကိုင်ရရှိရေးသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးပန်းတိုင်များဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် နိုင်ငံတကာမှ စီးပွားရေးကူညီထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၉၃၄ သန်းရရှိသည်။ ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံ၏အရန်ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံရှိသည်။ ၂၀၁၀ ပြည့်နှစ်စာရင်းအရ နိုင်ငံ၏ပို့ကုန်များကို အမေရိကန်နိုင်ငံသို့ ၅၄ ဒသမ ၅ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံသို့ ၇ ဒသမ ၇ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံသို့ ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံသို့ ၅ ဒသမ ၅ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့ ၄ ဒသမ ၅ ရာခိုင်နှုန်း တင်ပို့သည်။ သွင်းကုန်များကို တရုတ်နိုင်ငံမှ ၂၂ ဒသမ ၆ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံမှ ၁၂ ဒသမ ၇ ရာခိုင်နှုန်း၊ ဟောင်ကောင်မှ ၁၂ ဒသမ ၄ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံမှ ၁၁ ဒသမ ၉ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံမှ ၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် စင်ကာပူနိုင်ငံမှ ၅ ဒသမ ၄ ရာခိုင်နှုန်း တင်သွင်းသည်။

နိုင်ငံရေး–၁၉၉၃ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကြီးမှူးကျင်းပပေးခဲ့သော အထွေထွေရွေးကောက်ပွဲအပြီးတွင် ဗဟိုအစိုးရက ပြည်နယ်အုပ်ချုပ်ရေးမှူးများ ယခင်က လွတ်လွတ်လပ်လပ် ကိုင်စွဲကျင့်သုံးခဲ့ကြသော လုပ်ပိုင်ခွင့်အာဏာများကို ပြန်လည်ရယူလိုက်ပြီး ပို၍ခိုင်မာအားကောင်းသော အစိုးရစနစ်တစ်ရပ်ကိုတည်ထောင်ခဲ့သည်။ ၂၀၁၀ – ၂၀၁၁ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံရေးလောကကို လက်ရှိကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီ (Cambodian People's Party-CPP) က ဆက်လက်လွှမ်းမိုးထားဆဲဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် နောက်ဆုံးကျင်းပပြုလုပ်ခဲ့သော အထွေထွေရွေး



ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ကို
ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ကြိုဆိုစဉ်

ကောက်ပွဲ၌ CPP ပါတီသည် ကမ္ဘောဒီးယားပါလီမန်၏ အောက်လွှတ်တော်ဖြစ်သော အမျိုးသားလွှတ်တော် (National Assembly) ရှိ လွှတ်တော်အမတ်နေရာ ၈၈ ပေါင်း၏ သုံးပုံနှစ်ပုံကို အနိုင်ရချုပ်ကိုင်နိုင်ခဲ့သည်။

လူမှုရေး–၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလတွင် ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုရေးနှင့် နိုင်ငံရေးဘဝသည် ပြန်လည်တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အရေးတကြီး လိုအပ်ရလောက်အောင်ပင် ပြိုကွဲပျက်စီးနေခဲ့သည်။ နိုင်ငံ၏လူသားအရင်းအမြစ်များနှင့် ကျေးလက်လူမှုအဖွဲ့အစည်းများပျက်စီးခဲ့ရသည်။ သို့ဖြစ်၍ ယနေ့အချိန်အခါတွင် ကျေးလက်ဒေသတွင် လူမှုဘဝဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသအုပ်ချုပ်ရေးစနစ်ကောင်းများ

ဖြစ်ပေါ်ရေးတို့ကို မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် လူမျိုးသုဉ်းသတ်ဖြတ်ခဲ့သည့် ခမာနီအစိုးရလက်ထက်က "First Lady" ဟူ၍ပင် အမည်တွင်ခဲ့သည့် ခမာနီအစိုးရအဖွဲ့၏ လူမှုရေးရာဝန်ကြီး အီယန်သီရစ်သ်သည် အခြားခမာနီခေါင်းဆောင်များနှင့်အတူ ရုံးတင်စစ်ဆေးခြင်းမခံရဘဲ ကျန်းမာရေး အခြေအနေများကြောင့် လွတ်ပေးထားရသော်လည်း ယခုအချိန်တွင် ပြန်လည်ကောင်းမွန်လာသဖြင့် ဖမ်းဆီးထိန်းသိမ်းခံရမည်ဖြစ်ကြောင်း ကုလသမဂ္ဂမှ ကျောထောက်နောက်ခံပြုပေးထားသည့်



ခမာနီခေါင်းဆောင် နျူးအွန်ချာ

ခမာနီလူမျိုးသုဉ်းသတ်ဖြတ်မှုကို စစ်ဆေးသည့်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

ခမာနီအစိုးရ လက်ထက်ပြီးနောက် အသက်ရှင်ကျန်ရစ်သည့် ခမာနီခေါင်းဆောင်သုံးဦးမှာ အီယန်သီရစ်သ်၏ ခင်ပွန်းဖြစ်သည့် ခမာနီနိုင်ငံခြားရေးဝန်ကြီးဟောင်း အီယန်ဆာရီ၊ ခမာနီခေါင်းဆောင် အာဏာရှင်ပိုလ်ပေါ့၏ လက်ထောက် နျူးအွန်ချာ၊ ခနာနီအစိုးရအဖွဲ့၏ အကြီးအကဲဟောင်း ခိုင်အူဆမ်ဖန်တို့ဖြစ်ပြီး ၎င်းတို့သုံးဦးမှာ လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ရာဇဝတ်မှုများဖြင့် တရားစစ်ဆေးခံလျက်ရှိသည်။

ခမာနီအစိုးရသည် ကမ္ဘောဒီးယားနိုင်ငံကို ၁၉၇၅ ခုနှစ်မှ ၁၉၇၉ ခုနှစ်အထိ အုပ်ချုပ်ခဲ့ပြီး ထိုအချိန်အတွင်း လူပေါင်း ၂ ဒသမ ၂ သန်းကျော်ကို သတ်ဖြတ်ခဲ့ကြောင်းသိရသည်။ အာဏာရှင်ပိုလ်ပေါ့၏ ခမာနီအစိုးရအဖွဲ့သည် မော်ဝါဒီထူထောင်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းတို့အား ခြိမ်းခြောက်သူမည်သူကိုမဆိုသတ်ဖြတ်ချေမှုန်းရန် ကြိုးပမ်းလာသော၊ ယုံမှားသံသယလွန်ကဲသော၊ လူမျိုးသုဉ်းသတ်ဖြတ်သော အစိုးရအဖြစ်သို့ ဦးတည်ရောက်ရှိသွားခဲ့သည်။

တရားရုံးတွင် အစစ်ဆေးခံနေသော ခမာနီခေါင်းဆောင်သုံးဦးအနက် နံပါတ် (၂) အဆင့်ရှိ ခေါင်းဆောင်ဖြစ်သည့် ဝါဒရေးရာ ပါရဂူနျူးအွန်ချာက ခမာနီများဘက်မှ အပြည့်အဝကာကွယ်ပြောဆိုသွားကြောင်း သိရသည်။ ၎င်းက အစစ်ခံရာတွင် ခမာနီများသည် လူဆိုးများမဟုတ်ကြကြောင်း၊ လာမည့်အနာဂတ်မျိုးဆက်အနေဖြင့် သမိုင်းကိုနားလည်မှုမလွဲမှားစေသင့်ကြောင်း ပြည်သူများ သေဆုံးရခြင်းမှာ ဗီယက်နမ်နိုင်ငံကြောင့်သာဖြစ်ကြောင်း ထွက်ဆိုသွားသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ ညီမဖြစ်သူ ဝန်ကြီးချုပ် ရင်လပ်သည် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆင်နှင့်တွေ့ဆုံခဲ့ပြီး နှစ်ရက်အကြာ စက်တင်ဘာလ ၁၇ ရက်တွင် သက်ဆင်သည် ဟွန်ဆင်ကို ဖနွမ်ပင်တွင် တွေ့ဆုံခဲ့သည်။ သက်ဆင်နှင့်ဟွန်ဆင်တို့သည် ပွေ့ဖက်နှုတ်ဆက်ခဲ့ပြီး မြို့တော်ဖနွမ်ပင်ရှိ ငြိမ်းချမ်းရေးအထိမ်းအမှတ်အဆောက်အဦးတွင် ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် နိုင်ငံရေးအကြောင်း မပါဝင်ကြောင်း ဟွန်ဆင်၏ ပြောခွင့်ရပုဂ္ဂိုလ်က အေအက်ဖ်ပီသို့ပြောကြားသည်။

ဣာမနီနိုင်ငံ။ ။**နိုင်ငံရေး**–အနောက်ဣာမနီနိုင်ငံ၏ "ဘီအန်ဒီ" စာရွက်စာတမ်းများတွင် "လိုင်ယွန်မြို့မှ သား၊သတ်သမား" ဟုစစ်အတွင်းက နာမည်ဆိုးရထားသူ ကလော့စ်ဘာဘီက ၎င်းခိုလှုံနေသည့် တောင်အမေရိကနိုင်ငံ၏ သတင်းများကို အနောက်ဣာမနီ ထောက်လှမ်းရေးကိုပေးခဲ့သည်ဟုရေးသားထားကြောင်း သတင်းမဂ္ဂဇင်းများက ဆိုသည်။

ကလော့စ်ဘာဘီသည် ဣူးလူမျိုးများနှင့် အခြားသူတို့ကို ပြည်နှင်ဒဏ်ကျခံစေခြင်းနှင့် မရဏစခန်းများသို့ပို့ဆောင်ခြင်း စသောပြစ်မှုများကို ဦးစီးဆောင်ရွက်ခဲ့သည်။ ၎င်းအပြင် မိဘမဲ့ဂေဟာမှ ကလေးများကိုလည်း ပြည်နှင်ဒဏ်ပေးခဲ့သည်။

ဌင်းကို နောက်ဆုံးတွင် ဖမ်းဆီးမိပြီး ပြင်သစ်နိုင်ငံတွင် တရားရင်ဆိုင်စေခဲ့သည်။ ထိုသို့ တရားဥပဒေအရ စီရင်ခြင်းမခံရမီ "ဘီအန်ဒီ" အဖွဲ့အစည်းထဲ ဘိုလီးဗီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို သတင်းပို့နေခဲ့သည်။ ထိုနိုင်ငံတွင် ကလော်စ်အောလ်တမန်ဆိုသော အမည်ဖြင့် လူ့အဖွဲ့အစည်းတွင် အရေးပါသောပုဂ္ဂိုလ်တစ်ဦးအဖြစ် နေထိုင်ခဲ့သည်။ ထို့နောက် ၁၉၈၇ ခုနှစ် မေလတွင် တရားရုံးသို့ အမှုရင်ဆိုင်ရန် ဘာဘီခေါ် ရှင်များကိုပင် ဆိုဗီယက်ပြည်ထောင်စုလက်အောက်သို့



ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကဲလ်

အောလ်တမန်ကို ဖမ်းဆီးခေါ်ဆောင်နိုင်ခဲ့သည်။ "ဘီအန်ဒီ" က သူ၏အတိတ်ဇာတ်ကြောင်းကို သိလျက်နှင့် ၁၉၆၀ ပြည့်နှစ်တွင် တာဝန်များပေးခဲ့သည်။

စစ်ပြီးခေတ်ဂျာမနီနိုင်ငံအစိုးရအဖွဲ့တွင် နာဇီများပါဝင်သည်။ ဂျာမနီအစိုးရ၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ၎င်း၏တရားဝင် စုံစမ်းစစ်ဆေးချက်များကို ထုတ်ပြန်ခဲ့ရာတွင် အချို့သောသံတမန်များသည် ၁၉၄၅ ခုနှစ်မတိုင်မီကာလက သွေးစွန်းသော အတိတ်ဖြစ်ရပ်များကို သိလာရပြန်သည်။ ဒုတိယကမ္ဘာစစ်တွင် ဂျာမနီနိုင်ငံသည် အနှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုသည် ဒီမိုကရေစီကို ခြိမ်းခြောက်လာသော အင်အားစုအသစ် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ၎င်းခြိမ်းခြောက်မှုကို တိုက်ခိုက်ရန်အသုံးတည့်မည့်သူကို အသုံးချခဲ့ရာ ထိုထဲတွင် ဘာဘီလည်း ပါဝင်ခဲ့သည်။

အမေရိကန်ထောက်လှမ်းရေးအဖွဲ့အစည်းကလည်း ဂျာမနီမှ သိပ္ပံပညာရှင်များ အရှေ့ဘက်သို့ ထွက်မသွားရန် စည်းရုံးခဲ့သည်ကိုတွေ့ရသည်။ ဥပမာ V2 ဒုံးပျံကို ပုံစံရေးဆွဲတီထွင်ခဲ့သူ ဝါနာဗွန်ဘရောင်းကို အမေရိကန်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး ပညာယူခဲ့သည်။ နာဇီဒုံးပျံနည်းပညာကိုသုံးပြီး အာကာသအစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ နာဇီတေးဂီတပညာရှင်များကိုပင် ဆိုဗီယက်ပြည်ထောင်စုလက်အောက်သို့ မရောက်အောင်ထိန်းသိမ်းအသုံးချခဲ့သည်။

ဂျာမနီနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၇၀ က အဖြစ်အပျက်များကိုသံသယစိတ်ဖြင့် ပြန်လည်စစ်ဆေးကြည့်ဆဲဖြစ်သည်။ ဘာလင်တံတိုင်းကြီးပြိုလဲသွားပြီးနောက် မှတ်တမ်းမှတ်ရာများ ထွက်ပေါ်လာခဲ့သည်။ "စတာစီ" ဖိုင်တွဲများကလည်း ထင်ရှားသူပုဂ္ဂိုလ်များ၏အတိတ်ဆိုးကို အတိအကျဖော်ပြနေသည်။

ထို့နောက် နေတိုးစစ်ဆင်ရေးတွင် ပါဝင်ခဲ့သည့် ဂျာမနီတပ်ဖွဲ့ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ၂၀၁၁ ခုနှစ်၊ မတ်လ တတိယပတ်ထဲတွင် ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ဂျာမနီ စစ်ဘက်ဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူက ဂျာမနီအနေဖြင့် ၎င်း၏ တပ်ဖွဲ့ဝင်အင်အား ၅၅၀၇ ဖရိုးကိတ်သဘော်ဒနစ်စင်းနှင့် အခြားစစ်ဘော်ဒနစ်စင်းကို မြေထဲပင်လယ်ရှိ နေတိုးစစ်ဆင်ရေးမှ ပြန်လည်ဆင့်

ခေါ်လိုက်ပြီဖြစ်ကြောင်း ယင်းတပ်ဖွဲ့ဝင်အင်အား ၅၅၀ ထဲတွင် နေတိုးလေကြောင်းထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အင်အား ၆၀ မှ ၇၀ အထိ ပါရှိကြောင်း ပြောကြားသည်။

ထိုသို့ ဂျာမနီတပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်းသည် နောက်ထပ်မံဖြစ်ပေါ်နိုင်သည့်စစ်ပွဲကို ရှောင်တိမ်းရန်ဖြစ်သည်။ လက်နက်ကိန်းသတ်ထိန်းချုပ်ရေးဥပဒေတွင် လိုအပ်မှသာ အင်အားသုံးခွင့်ရှိပြီး ဖော်ပြပါ စစ်သဘော်ဘာများနှင့် တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုဆန့်ကျင်ရေးအပါအဝင် မြေထဲပင်လယ်ရှိ နေတိုးတပ်ဖွဲ့စစ်ဆင်ရေးသုံးခုတွင် ပါဝင်သော စစ်အင်အားများဖြစ်သည်။

ဂျာမနီနိုင်ငံသည် ၂၀၁၀ ပြည့်နှစ် နှစ်ပတ်လည် လုံခြုံရေးဆိုင်ရာ အစီရင်ခံစာကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်တွင် ထုတ်ပြန်လိုက်သည်။ ဂျာမနီနိုင်ငံ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများ၊ လက်ဝဲယိမ်းအစွန်းရောက်အုပ်စုလှုပ်ရှားလာမှုနှင့် အွန်လိုင်းမှတစ်ဆင့် အဖျက်အမှောင့်ပြုလုပ်မှုများ တိုးပွားလာနေကြောင်း အဆိုပါအစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည်။ လုံခြုံရေးဆိုင်ရာအာဏာပိုင်များအတွက် ခေါင်းခဲရသည့်ပြဿနာမှာ အကြမ်းဖက်မှုပြဿနာဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဟန်းပီတာက အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင်သေဆုံးသွားခဲ့ပြီးသော်လည်း အကြမ်းဖက်မှုပြဿနာမှာ ချုပ်ငြိမ်းသွားမည်မဟုတ်ဟု အဆိုပါအစီရင်ခံစာတွင် ထည့်သွင်းပြောကြားသည်။

ဂျာမနီနိုင်ငံ၌ အကြမ်းဖက်အဖွဲ့အစည်း ၂၉ ခု ရှိပြီး အကြမ်းဖက်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နှင့် ထောက်ခံသူဦးရေ ၃၇,၃၇၀ ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

စီးပွားရေး – အသေးစားလုပ်ငန်းများနှင့် မိသားစုပိုင်လုပ်ငန်းများက ဂျာမနီနိုင်ငံ၏ ထွက်ကုန်ကျောရိုးအဖြစ် ရပ်တည်ပေးနေသည်။ ပစ္စည်းအရည်အသွေးကောင်းသော်လည်း ဆွဲဆောင်မှုမရှိသော အသုံးတည့်မည့်ပစ္စည်းများကိုသာ ဂျာမနီနိုင်ငံက ထုတ်လုပ်သည်။ မကြာမီက အစိုးရ၏အားပေးမှုဖြင့် ဆွဲဆောင်မှုကောင်းသော ပစ္စည်းများထုတ်လုပ်လာသည်ကိုလည်း တွေ့လာရသည်။ ၂၀၁၀ ပြည့်နှစ်အတွင်းတွင် ထုတ်ကုန် ၁၈ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ ထိုမြင့် တက်မှုက အခြားအဓိကစက်မှုနိုင်ငံများထက် စီးပွားရေး ကျဆင်းမှုကြီးမှ ရုန်းထွက်လာနိုင်ခဲ့သည်။

ဂျာမနီနိုင်ငံ၏ကမ္ဘာ့စီးပွားရေးအဆင့်တွင် အဘက်ဘက်၌ တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုအဆင့်နှင့်တူနေသည်။ နှစ်နိုင်ငံစလုံးသည် မဟာထုတ်လုပ်သူများဖြစ်လာကြပြီး ကမ္ဘာ့နိုင်ငံများ၏ တည်ငြိမ်မှုနှင့်အကျိုးအမြတ်များကို လှုပ်ခါစေသည်။ ဂျာမနီနိုင်ငံသည် တရုတ်နိုင်ငံကဲ့သို့ပင် ထုတ်ကုန်အင်အားနှင့်ပို့ကုန်အင်အားပမာဏမြင့်မားလာသဖြင့် နေ့စဉ်ငွေစာရင်းတွင်လည်း ပိုငွေပြနေသည်။

ဥရောပတိုက်မှ နိုင်ငံအတော်များများက ဒေသဆိုင်ရာ စီးပွားရေးဒုက္ခကျရောက်ရခြင်းများသည် ဂျာမနီ၏ပို့ကုန် အဓိကစီးပွားရေးစနစ်ကြောင့် ဖြစ်လာရခြင်းဟု ဆိုကြသည်။

အမေရိကန်နိုင်ငံက ၎င်းတို့၏စီးပွားရေးတိုးတက်မှုကို တရုတ်နိုင်ငံက ဟန့်တားနေသည်ဟုဆိုသကဲ့သို့ ဂျာမနီနိုင်ငံ၏ ဥရောပစီးပွားရေးလုပ်ဖော်ကိုင်ဘက်များကလည်း ဂျာမနီနိုင်ငံက ဒေသတွင်းနိုင်ငံများ စီးပွားရေးတိုးတက်လာရေးအတွက် စီးပွားရေးပုံစံကိုပြောင်းရမည်ဟုဆိုလာကြသည်။ ဥရောပသမဂ္ဂ၏စီးပွားရေးတစ်ခုလုံးကို ကူညီပံ့ပိုးရန် ဂျာမနီနိုင်ငံက ပြည်တွင်းစားသုံးသူများပို၍ငွေကြေးသုံးစွဲကြအောင် စည်းရုံးပေးသင့်သည်ဟုလည်း ဥရောပကော်မရှင်က ပြောဆိုသည်။

ထို့ပြင် ဂျာမနီနိုင်ငံအနေဖြင့် ဘုံဦးတည်ချက်ကို ချမှတ်ပြီး ဥရောပတစ်တိုက်လုံး ကောင်းစားရေးအတွက် ဂျာမနီ၏စီးပွားရေးကို ပြန်လည်ပြင်ဆင်ရမည်ဟု ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးက အကြံပေးသည်။ သို့သော် ဂျာမနီနိုင်ငံ၏ ပို့ကုန်များကြောင့် ဂျာမနီတစ်နိုင်ငံတည်းသာ အကျိုးရှိသည်မဟုတ်။ ဥရောပတစ်တိုက်လုံးအတွက်လည်း အကျိုးများသည်ဟု ဂျာမနီအစိုးရက ယုံကြည်ထားသည်။ အာရှတိုက်ရှိ တရုတ်နိုင်ငံကဲ့သို့ပင် ဂျာမနီနိုင်ငံသည် ဒေသဆိုင်ရာ ကုန်စည်ဖြည့်ဆည်း

သူများ၏ ကွန်ရက်အလယ်ဗဟိုတွင် ရပ်တည်နေသည်ဟုဆိုသည်။

ကျာမနီနိုင်ငံသည် ဥရောပနိုင်ငံများအတွက် အရေးပါလှသည်။ ကျာမနီနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ဥရောပတိုက်တွင် အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေသည်။

မိသားစုပိုင် ကျာမန်ကုမ္ပဏီသည် ကျာမနီတောင်ပိုင်း စတတ်ဂတ်မြို့တွင် အခြေစိုက်ထားသော်လည်း ထုတ်လုပ်မှုကို ပို၍စရိတ်နည်းသော တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ခဲ့သည်။ သို့သော် စီမံခန့်ခွဲမှုအပိုင်းက ပို၍အဆင့်မြင့်သော ထုတ်ကုန်များကို ကျာမနီပြည်တွင်း၌သာ ထုတ်လုပ်စေခဲ့သည်။ အမေရိကန်နိုင်ငံ၏ အလေ့အထသည် ပြည်ပမှအစိတ်အပိုင်းများနှင့် ဝန်ဆောင်မှုကို မှာယူသုံးတတ်ခြင်းဖြစ်သဖြင့် ကျာမနီ၏ လုပ်ထုံးလုပ်နည်းနှင့်ကွာဟမှုရှိနေသည်။ ကျာမနီနိုင်ငံလုပ် ချိန်းကြိုး၊ လွှများ၏ အစိတ်အပိုင်း ၅၀ ရာခိုင်နှုန်းကို ပြည်တွင်း၌သာ ထုတ်လုပ်သည်။

ထို့အပြင် စီးပွားရေးကျဆင်းမှုကြီးနှင့် ကြုံတွေ့ရချိန်တွင် Stihl စက်ရုံအလုပ်သမားများဦးရေကို မလျှော့ဘဲထားခဲ့သည်။ အဆင့်မြင့်မြင့် လေ့ကျင့်ပေးထားသည့် စွမ်းဆောင်ရည်ကို ပြည်ပသို့မရောက်စေဘဲ အလုပ်အတွက်အာမခံချက်ကို ၂၀၁၅ ခုနှစ်အထိ ပေးခဲ့ပြန်သည်။ အမေရိကန်စက်ရုံများကမူ လုပ်သားအင်အားကိုလျှော့ချခဲ့ကြသည်။ Stihl က ထုတ်ကုန်ဖွံ့ဖြိုးရေးအဖွဲ့သို့ ကျွမ်းကျင်သူများကိုပင် တိုးချဲ့ခန့်ထားပေးခဲ့သည်။ ထို့ကြောင့် ထုတ်ကုန်အဆင့်မြင့်လာပြီး ဈေးကောင်းလည်းရလာခဲ့သည်။

ကျာမနီနိုင်ငံသည် သက်ဦးဆံပိုင်စနစ်ကျင့်သုံးသော နိုင်ငံများသို့ လက်နက်များရောင်းချခြင်းမပြုရန် မူဝါဒချမှတ်ထားသော်လည်း ဆော်ဒီအာရေဗျနိုင်ငံသို့ တင့်ကားအစီး ၂၀၀ ရောင်းချရန် လှုံ့ဝှက်ကြံစည်ခဲ့ရာ ယင်းကိစ္စနှင့်ပတ်သက်၍ ကျာမန်လွှတ်တော်၌ အချေအတင် ဆွေးနွေးခဲ့ရသည်။

ဆော်ဒီအာရေဗျနိုင်ငံသို့ ကျာမနီနိုင်ငံက လီယိုပတ်-၂ အမျိုးအစား တင့်ကားများရောင်းချမည့် သတင်းကို ကျာမန်ထုတ် စပီဂျယ်လ်မဂ္ဂဇင်းက ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်တွင် ရေးသားဖော်ထုတ်ခဲ့သည်။ ၎င်းလီယိုပတ် တင့်ကားများကို ဆော်ဒီအာရေဗျနိုင်ငံသို့ လှုံ့ဝှက်ရောင်းချမည့် ကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပေးရန် ကျာမန်ကာကွယ်ရေးဝန်ကြီးက ငြင်းဆိုခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် လီယိုပတ်-၂ အမျိုးအစား တိုက်ပွဲဝင်တင့်ကားအစီး ၂၀၀ ကို ကျာမနီနိုင်ငံမှ ဝယ်ယူလိုသော အချက်သည် ယုံကြည်နိုင်ဖွယ်ရှိသည်။ လီယိုပတ်-၂ တင့်ကားများကို ကျာမနီနှင့်အခြားသော မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) နိုင်ငံများက သုံးစွဲလျက်ရှိပြီး ကိုဆိုဗိုစစ်ပွဲနှင့် အာဖဂန်စစ်ပွဲများ၌ ယင်းတင့်ကားများကို အသုံးချခဲ့ကြသည်။

အမေရိကန်နှင့်ပြင်သစ်နိုင်ငံများက ထုတ်လုပ်သော တိုက်ပွဲဝင်တင့်ကားစီးရေ ၁၀၀၀ ခန့်ကို ဆော်ဒီက လက်ရှိတွင် ပိုင်ဆိုင်ထားသည်။ ၎င်းက ကျာမနီလုပ်တင့်ကားများကို လွန်ခဲ့သည့်နှစ် ၃၀ မှစ၍ဝယ်ယူလိုခဲ့ခြင်းဖြစ်သည်။

ဆော်ဒီသို့ လီယိုပတ်တင့်ကားများရောင်းချရန် သဘောတူညီခဲ့ခြင်းမရှိမီ ကျာမနီနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနိုင်ငံများနှင့် တိုင်ပင်နှီးနှောမှုပြုလုပ်ခဲ့သည်။

ထို့နောက် ယူရိုဖွိုင်တာ ဒဿမ ၆ ဘီလီယံ အကုန်အကျခံတည်ဆောက်ထားသော ကျာမန်ထောက်လှမ်းရေးအေဂျင်စီအဆောက်အအုံသစ်၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ စာရွက်စာတမ်းများ ထူးဆန်းစွာ ပျောက်ဆုံးနေခြင်းကြောင့် ယခင်အဆောက်အအုံ၏ လုံခြုံရေးအတွက် ကျာမန်အစိုးရက စိုးရိမ်ပူပန်နေသည်။

ထောက်လှမ်းရေးအေဂျင်စီ အဆောက်အအုံသစ်၏ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ မှတ်တမ်းမှတ်ရာများ ပျောက်ဆုံးမှုကို ဗိုးကပ်စ်အမည်ရှိ မဂ္ဂဇင်းတစ်စောင်က ဖော်ပြခဲ့ပြီးနောက် ယင်းပြဿနာအား အမြန်ဆုံးအဖြေရှာရန် အစိုးရအဖွဲ့က ဆန္ဒရှိနေသည်။

လုံခြုံရေးတင်းကျပ်စွာ ချထားသည့်ကြားမှ ယင်းမှတ်တမ်းမှတ်ရာများ မည်သို့ပျောက်ဆုံးခဲ့ရသည်ကို စုံစမ်းစစ်ဆေးရန် ကျာမန်အစိုးရက စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီးဖြစ်သည်။

ဂျာမန်ထောက်လှမ်းရေးအေဂျင်စီဌာနချုပ်အဆောက်အအုံသစ်ကို ယခင်က ဘာလင်တံတိုင်းတည်ရှိခဲ့ဖူးရာနေရာအနီး အစိုးရရုံးဌာနများတည်ရှိရာ အဝန်းအဝိုင်းအတွင်း ဆောက်လုပ်ထားခြင်းဖြစ်ပြီး အပြီးသတ်လုနီးနီးအခြေအနေတွင် ရှိသည်။ ယင်းအဆောက်အအုံကိုပြန်လည်ပုံစံထုတ်ရန် (သို့မဟုတ်) ပြန်လည်တည်ဆောက်ရန် လို၊ မလိုကို ဂျာမန်တာဝန်ရှိသူများက ပြောကြားခြင်း မရှိခဲ့ပေ။

ထိုအရေးကြီးသော စာရွက်စာတမ်းများ·ပျောက်ဆုံးမှုကြောင့် အဆိုပါအဆောက်အအုံသစ်၌ ရုံးစိုက်မည့် ဂျာမန်ပြည်ပထောက်လှမ်းရေး အေဂျင်စီ (ဘီအင်နဒီ) အတွက် မျက်နှာပျက်ဖွယ်ဖြစ်သည်။

စစ်အေးတိုက်ပွဲကာလကလည်း အနောက်ဂျာမန်၏ ပြည်တွင်းနှင့်ပြည်ပ ထောက်လှမ်းရေးအဖွဲ့များအတွင်းစည်းသို့ အရှေ့ဂျာမနီထောက်လှမ်းရေးအဖွဲ့ (Stasi) မှဝန်ထမ်းများက ထိုးဖောက်လှုပ်ရှားသည့် သာဓကများရှိခဲ့သည်။

သိန်းဝင်းဇော်

စင်ကာပူနိုင်ငံ ။ ။ နိုင်ငံရေး- စင်ကာပူနိုင်ငံကို နှစ်ပေါင်း ငါးဆယ်ကျော်ဦးဆောင်ခဲ့သည့် ခေါင်းဆောင် လီကွမ်ယူး ၂၀၂၄ ခုနှစ်က တည်ထောင်ခဲ့သော နိုင်ငံရေးပါတီမှာ အားနည်းလာသည်။ ပါတီ၏ အခြေအနေလျှောကျလာမှုကို နိုင်ငံရေးအမြင် မကွယ်ဝှက်တတ်သည့် လူငယ်များနှင့် ဖြည့်ဆည်းပုံပိုးရန် ကြိုးစားလာသည်။ ထိုအခါ နိုင်ငံ၏ ဖခင်ကြီးပမာဖြစ်သည့် လီကွမ်ယူးသည်၊ ၎င်းတာဝန်ယူနေသည့် ဝန်ကြီးအဖွဲ့မှ နှတ်ထွက်ခဲ့သည်။ ထိုနည်းတူပင် ၁၉၉၀ ပြည့်နှစ်က ၎င်း၏ ဝန်ကြီးချုပ်ရာထူးကိုဆက်ခံခဲ့သူ ဂိုချောက်တောင်ကလည်း အကြီးတန်းဝန်ကြီးရာထူးကို စွန့်လွှတ်ခဲ့သည်။

၂၀၁၁ ခုနှစ်၊ မေလ ၁၄ ရက်တွင် တင်သွင်းခဲ့သည့် ပူးတွဲနှတ်ထွက်စာတွင် လီကွမ်ယူးနှင့်ဂိုချောက်ထောင်တို့က "နိုင်ငံ၏ပိုမိုခက်ခဲရှုပ်ထွေးသည့်အခြေအနေတွင် နိုင်ငံရှေ့တန်းရောက်ရန် မျိုးဆက်သစ်လူငယ်များ ဆောင်ရွက်ရမည့် အချိန်ရောက်လာပါပြီ" ဟုဖော်ပြခဲ့သည်။ စင်ကာပူနိုင်ငံ၏ "ပိုမိုရှုပ်ထွေးသည့် အခြေအနေ" ဆိုသည်မှာ မေလ ၇ ရက်က ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲရလဒ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲတွင် လီကွမ်ယူးတည်ထောင်ခဲ့သည့် ပီအေပီပါတီမှာ မဲဆန္ဒရှင်အား‌လုံး၏ ၆၀ ဒသမ ၁ ရာခိုင်နှုန်းကိုသာ ရရှိခဲ့သည်။ ဤပမာဏသည် ပါတီ၏ သက်တမ်းတွင် အနည်းဆုံးပင်ဖြစ်သည်။

၁၉၅၉ ခုနှစ်မှစ၍ ပီအေပီပါတီကသာ အဓိကနေရာယူ၍ နိုင်ငံကို အုပ်ချုပ်ခဲ့သော်လည်း ယင်း၏ နောက်ဆုံးရွေးကောက်ပွဲတွင် အတိုက်အခံအလုပ်သမားပါတီ (ဒဗလျူပီ) က နေရာခြောက်နေရာတွင် အနိုင်ရခဲ့သည်။ ပါလီမန်အမတ်နေရာ ၈၇ နေရာရှိသည့်အနက် ခြောက်နေရာပေးလိုက်ရခြင်းဖြင့် ရွေးကောက်ပွဲအပြီးတွင် နိုင်ငံ၏ဝန်ကြီးအဖွဲ့ကို ကြီးမားသော ပြင်ဆင်ဖွဲ့စည်းမှု ပြုလုပ်ခဲ့သည်။ ဝန်ကြီးဌာန စုစုပေါင်း ၁၄ ခုရှိသည့် အနက် ဝန်ကြီးသစ် ၁၁ ဦး ခန့်ရမည်ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ယိုး၏မဲဆန္ဒနယ်ဖြစ်သည့် အယ်လ်ဂျန်းနိုကဲ့သို့သော အဓိကမဲဆန္ဒနယ်များမှာပင် အလုပ်သမားပါတီက အနိုင်ရရှိသွားခြင်းသည် စင်ကာပူနိုင်ငံအတွင်း ရေရှည်တွင် အာဏာရနှင့် အတိုက်အခံဟူ၍ နှစ်ပါတီစနစ်ပေါ်ပေါက်လာမည့် ပထမခြေလှမ်းဖြစ်နိုင်ကြောင်း စီးတီးဂရု(ပ်)မှ စီးပွားရေးပညာရှင်ကစ်ဝေကျင်းက ရွေးကောက်ပွဲအပြီး သုံးသပ်ဝေဖန်ခဲ့သည်။

လီကွမ်ယူးသည် အစိုးရဝန်ကြီးအဖွဲ့မှ နှတ်ထွက်ခဲ့သော်လည်း ပါလီမန်အမတ်နေရာတွင်မြဲနေသည်။ ယင်းနေရာကို ၁၉၅၉ ခုနှစ်မှ ယခုအချိန်ထိ ရယူထားနိုင်ခြင်းဖြစ်သည်။ ထိုစဉ်က နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ပထမဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည်။ နိုင်ငံခေါင်းဆောင်နေရာယူကာ ထူးခြားပြောင်မြောက်သည့် ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးတွင် ဝင်ဆံ့နိုင်ရေးနှင့်အသေးစိတ်ကိစ္စများ၌ လီကွမ်ယူး အာရုံစိုက်ဆောင်ရွက်ခဲ့သဖြင့် ကျွန်းနိုင်ငံကလေးဘဝမှ အောင်မြင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ဆောင်ကြဉ်းပေးခဲ့သည်ဟု ဆိုနိုင်သည်။ ထိုအချိန်က

"ထူးခြားတဲ့အောင်မြင်မှုတိုင်းဟာ ပန်းတိုင်မရောက်ခင် တော့ ရည်မှန်းချက် (အိပ်မက်) အဆင့်ပါပဲ။ လီကွမ်ယူး ရဲ့ ရည်မှန်းချက်ဟာလဲ နိုင်ငံအဖြစ်ရပ်တည်နိုင်ရုံမကဘဲ သူတကာထက်သာလွန်ပြီး အောင်မြင်တဲ့ နိုင်ငံဖြစ် မှာပါ"ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ် ဆင်းဂျားက မှတ်ချက်ပေးခဲ့သည်။

၁၉၅၉ ခုနှစ် လီကွမ်ယူးအာဏာရချိန်က အ ခြေအနေများနှင့် နှိုင်းယှဉ်ကြည့်ပါက ယနေ့စင်ကာပူ နိုင်ငံသည် ပိုမိုကြွယ်ဝချမ်းသာပြီး ပိုမိုတည်ငြိမ်မှုရှိသဖြင့် လီကွမ်ယူးအုပ်ချုပ်ခဲ့သည့် ပုံစံထက်ကောင်းမွန်သည့် ပုံစံမျိုးဆီသို့ ဦးတည်ရန်အသင့်အနေအထားမျိုးဖြစ်နေ သည်ဟု ရွေးကောက်ပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ လီကွမ်ယူး၏သားအကြီးဆုံးဝန်ကြီးချုပ် လီဆင်လွန်းက မဲဆန္ဒရှင်များသည် အစိုးရအနေဖြင့် ကွဲပြားသောပုံစံ၊ ကွဲပြားသည့်ချဉ်းကပ်မှုချမှတ်ရန် လိုလားနေကြကြောင်းကို အသိအမှတ်ပြုပြောကြားသွားသည်။

၁၉၆၅ ခုနှစ်ကစပြီး ရွေးကောက်ပွဲတိုင်းတွင် လီကွမ်ယူးခေါင်းဆောင်သည့် ပြည်သူ့လွှတ်ရှားမှုပါတီ (People Action Party-PAP) ကသာ အပြတ်အသတ် အနိုင်ရခဲ့သည်။

ယခုရွေးကောက်ပွဲတွင် အတိုက်အခံပါတီ အနေဖြင့် အမတ်နေရာခြောက်နေရာ အနိုင်ရရှိခဲ့ခြင်း သည် စင်ကာပူလွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အများ ဆုံးအနိုင်ရရှိခဲ့ခြင်းဖြစ်သည့်အပြင် နောက်ဆုံးရွေးကောက် ပွဲတွင် အနိုင်ရရှိမှုထက် သုံးဆပိုပြီး အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။ ယခုရွေးကောက်ပွဲတွင် ပီအေပီရရှိသည့် ထောက်ခံမှုရာခိုင်နှုန်းမှာ သမိုင်းတစ်လျှောက်တွင် အနည်းဆုံးဖြစ်သည်။

ရွေးကောက်ပွဲစနစ်ကိုကြည့်လျှင် စင်ကာပူနိုင်ငံ တွင် အာဏာရပါတီ (ပီအေပီ) က ရွေးကောက်ပွဲစနစ် ကို ၎င်းအခွင့်အရေးပိုရစေရန်အတွက် နည်းမျိုးစုံဖြင့် ချုပ် ကိုင်ထားသည်။ လွတ်တော်တစ်ရပ်သာရှိပြီး လွတ် တော်အမတ်ဦးရေ ၉၉ ဦးရှိသည့်အနက် ၈၇ နေရာကို ရွေးကောက်ပွဲဖြင့် ရွေးချယ်ပြီး ကျန်နေရာများမှာ ရွေး ကောက်ခြင်းမပြုဘဲ ခန့်ထားသည့်စနစ်အရ ရွေးချယ် ထားသူများဖြစ်သည်။

ရွေးချယ်တင်မြှောက်သည့်အမတ်နေရာ ၈၇ နေရာအတွက် မဲဆန္ဒနယ် ၂၇ ခုခွဲခြားထားခဲ့သည်။ ထို ထဲမှ ၁၂ နေရာမှာ မဲဆန္ဒနယ်တစ်ခုလျှင် အမတ်တစ်ဦး သာရွေးချယ်သည့် မဲဆန္ဒနယ်များဖြစ်ပြီး ကျန် ၁၅ နေရာ မှာ လွတ်တော်ကိုယ်စားလှယ်အစုလိုက် ရွေးချယ်ရ သည့် အစုအဖွဲ့မဲဆန္ဒနယ် (Group Representation Constituency-GRC) များဖြစ်သည်။ ထို GRC မဲဆန္ဒ နယ်စနစ်သည် လက်ရှိအာဏာရပါတီ (ပီအေပီ) က ရွေးကောက်ပွဲတွင် အသာရအောင် တီထွင်ဖန်တီးထား သော စနစ်ဖြစ်ပြီး ဤမဲဆန္ဒနယ်ပုံစံမျိုးကို စင်ကာပူ တွင်သာ တွေ့နိုင်သည်။

မီဒီယာသစ်ဖြစ်ပေါ်လာမှုက အတိုက်အခံ ပါတီများအတွက် အားသာချက်ရရှိခဲ့သည်။ ယခင် ပုံစံအတိုင်း စင်ကာပူနိုင်ငံရွေးကောက်ပွဲသည် မဲဆွယ် ကာလကို ကိုးရက်သာခွင့်ပြုထားသည့်အပြင် ရွေးကောက် ပွဲ မဲဆွယ်မှုများကို ပုံနှိပ်မီဒီယာများ၊ ရုပ်မြင်သံကြား မီဒီယာများမှ ထုတ်လွှင့်ရာတွင်လည်းကောင်း၊ ရွေး ကောက်ပွဲ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် လည်းကောင်း ကန့်သတ်ချက်အများအပြား ပြုလုပ်ထား သည်ကို တွေ့ရှိရသည်။

သို့သော် ယခုရွေးကောက်ပွဲတွင်မူ အတိုက် အခံပါတီများက သမားရိုးကျမီဒီယာနည်းလမ်းများအ ပြင် အင်တာနက်ပေါ်မှာ ဘလော့ဂ်များ၊ ဖေ့စ်ဘုတ်များ၊ တွစ်တာများ၊ မိုဘိုင်းဖုန်းများမှ မက်ဆေ့ချ်များကို မီဒီ ယာသစ်အဖြစ် အသုံးပြုပြီး မဲဆွယ်စည်းရုံးခဲ့သဖြင့် ရုပ်မြင်သံကြားဌာနများ၊ အသံလွှင့်ဌာနများက ထုတ်လွှင့် ခြင်းမပြုသည့်အတိုက်အခံပါတီများ၏ စည်းရုံးဟောပြော မှုများသည် မိနစ်ပိုင်းအတွင်း အင်တာနက်ပေါ်မှတစ်ဆင့် လည်းကောင်း၊ မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့်လည်း ကောင်း ပျံ့နှံ့သွားခဲ့ပေသည်။ ထို့ကြောင့် စင်ကာပူမဲဆန္ဒ ရှင်များ အထူးသဖြင့် လူငယ်များအတွင်းတွင် နိုင်ငံရေး စိတ်ပါဝင်စားမှု ပိုမိုမြင့်မားလာခဲ့သည်။

စင်ကာပူနိုင်ငံလူဦးရေ ငါးသန်း၏ ၂၅ ရာခိုင် နှုန်းမှာ အသက် ၃၅ နှစ်အောက်လူငယ်များဖြစ်ပြီး လူငယ်များအနေဖြင့် လီကွမ်ယူးမိသားစုက တင်းတင်း ကျပ်ကျပ်ဆုပ်ကိုင်ထားသည့် နိုင်ငံရေးလောကအား ပိုမို

ပွင့်လင်းလာခြင်းကို မြင်လိုကြပြီး လက်ရှိဖြစ်ပေါ်နေသည့် ဆင်းရဲချမ်းသာကွာဟချက်ကြီးမား‌မှု၊ အလုပ်အကိုင်အခွင့်အလမ်းများကို နိုင်ငံခြားအလုပ်သမားများ ပိုမိုနေရာယူမှု၊ ကမ္ဘာပေါ်တွင် အများဆုံးဖြစ်သည့် စင်ကာပူအစိုးရဝန်ကြီးများ၏ လစာနှုန်းထားတို့နှင့်ပတ်သက်ပြီး ထိုပြဿနာများကို ရွေးကောက်ပွဲမတိုင်မီ အင်တာနက်မီဒီယာပေါ်တွင် တက်ကြွစွာ ဆွေးနွေးခဲ့ကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်များ အထူးသဖြင့် လူငယ်များအတွင်း ပေါ်ပေါက်နေသည့် ပြောင်းလဲမှုကို လိုလားနေသည့်ဆန္ဒများအပေါ် အာဏာရပါတီ ပီအေပီကလည်း အသိအမှတ်ပြုခဲ့သည်။ ဝါရင့်ဝန်ကြီး ဂိုချောက်တောင်ကလည်း စင်ကာပူနိုင်ငံရေးအခင်းအကျင်းတွင် ပြောင်းလဲမှု လိုင်းလုံးကြီး ရိုက်ခတ်ခဲ့ပြီဟု ဝန်ခံသွားခဲ့သည်။ အလုပ်သမားပါတီခေါင်းဆောင် Low Thia Kliang ကမူ ပြည်သူများက ပိုမိုပွင့်လင်းသော၊ တာဝန်ခံသော၊ အားလုံးပါဝင်နိုင်ခွင့်ရှိသော ပြည်သူ့ဆန္ဒကို ပိုမိုအလေးထားသည့် အစိုးရတစ်ရပ်ကို လိုလားကြောင်း ပြခဲ့ပြီဟုဆိုသည်။

ထို့ကြောင့်လည်း ရွေးကောက်ပွဲအပြီးတွင် ပီအေပီပါတီ၏ဝါရင့်ခေါင်းဆောင်ကြီးနှစ်ဦးဖြစ်သည့် လီကွမ်ယူး (အသက် ၈၇ နှစ်ရှိသူ) နှင့် ဂိုချောက်တောင်တို့သည် စင်ကာပူနိုင်ငံ၏ ကံကြမ္မာကို ဖန်တီးမည့် လူငယ်များနှင့်ထိတွေ့စေခြင်းငှာ လူငယ်ဝန်ကြီးများကို နေရာပေးရန် အချိန်တန်ပြီဟု ပြောဆိုကာ အစိုးရအဖွဲ့အတွင်းရှိ ဝါရင့်ဝန်ကြီးနေရာများမှ အနားယူသွားခဲ့သည်။

စင်ကာပူနိုင်ငံ၌ ၂၀၁၁ ခုနှစ် သမ္မတရွေးကောက်ပွဲအတွက် နိုင်ငံရေးတွင် တက်ကြွသူများ ရွေးကောက်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်နေကြပုံများမှာ ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ အပြိုင်အဆိုင်များရှိနေသည်ကို တွေ့ရှိရသည်။ ထိုရွေးကောက်ပွဲကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးအမည်စာရင်းတင်သွင်းရမည့် Nomination Day အဖြစ် ဩဂုတ်လ ၁၇ ရက်ကို သတ်မှတ်ထား၏။ စည်းရုံးရေးအတွက် ကိုးရက်အချိန်ပေးခွင့်ပြုထားသည်။ မဲပေးခွင့်ရှိသူပေါင်း ၂ ဒသမ ၃၅ သန်းရှိသည်။ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက်ဖြစ်သော ဩဂုတ်လ ၂၆ ရက်ကိုမူ ရွေးကောက်ပွဲနှင့်ပတ်သက်သော မည်သည့်စည်းရုံးလှုံ့ဆော်ခြင်းကိုမျှ ခွင့်မပြုဘဲ Cool-off Day ဟု သတ်မှတ်ထားမည်။ အမည်စာရင်းတင်သွင်းသူအားလုံးပါဝင် ယှဉ်ပြိုင်ခွင့်ရှိ၊ မရှိကို သမ္မတရွေးကောက်ပွဲများကော်မတီ (Presidential Elections Committee-PEC) က အဆုံးအဖြတ်ပေးလိမ့်မည်ဟုဆိုသည်။ ထိုကော်မတီတွင် အဖွဲ့ဝင်သုံးဦးပါဝင်ပြီး ယှဉ်ပြိုင်ခွင့်ရသူများကို ဩဂုတ်လ ၁၆ ရက်နေ့တွင် ကြေညာမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ၏ သမ္မတရွေးကောက်ပွဲသမိုင်းတွင် လက်ရှိသမ္မတအက်စ်နေသန် (SR Nathan) သည် နှစ်ကြိမ်တိုင်တိုင် ပြိုင်ဘက်မရှိရွေးချယ်ခံခဲ့ရသည်။ Mr.Kuan ပါဝင်ယှဉ်ပြိုင်ရန် ကြိုးပမ်းခဲ့သော်လည်း သက်ဆိုင်ရာက ခွင့်ပြုချက်မရခဲ့ပေ။

ယခု သမ္မတရွေးကောက်ပွဲမှာမူ စိတ်ဝင်စားစရာဖြစ်နေသည်။ သုံးဖက်သုံးတန်ပြိုင်ဆိုင်ရမည့်ပွဲဟု အများက သုံးသပ်ကြသည်။ ဒေါက်တာ တိုနီတန် (Dr. Tony Tan) သည် ယခင်က ဒုတိယဝန်ကြီးချုပ်ဟောင်းဖြစ်ပြီး လောလောဆယ် Singapore Press Holding Company ၏ ဥက္ကဋ္ဌဖြစ်သည်။ ဒေါက်တာ တန်ချင်ဘက်ခ် (Dr. Tan Cheng Back) သည် Chuan Hup Investment ကုမ္ပဏီ၏ အချိန်ပိုင်းဥက္ကဋ္ဌဖြစ်သည်။ Mr. Tan Kin Lian သည် ၎င်းအလုပ်လုပ်နေသော NTUC အဖွဲ့အစည်း၏ အနေအထားကို PEC ကလက်ခံပါက ပါဝင်ယှဉ်ပြိုင်ခွင့် ရနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ Mr. Tan Jee Say နှင့် Mr. Kuan တို့နှင့်ပတ်သက်၍ သေချာအောင်မတွက်ချက်နိုင်ကြပေ။ ယခင်သမ္မတရွေးကောက်ပွဲများတွင် အာဏာရပါတီ၏ ဩဇာသက်ရောက်မှုများရှိခဲ့သည်။

စင်ကာပူသမ္မတအနေဖြင့် နိုင်ငံတကာရေးရာတွင် ပါဝင်ပတ်သက်သော ရှုပ်ထွေးမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အတွေ့အကြုံနှင့် သုံးသပ်နိုင်စွမ်းရှိရလိမ့်မည်ဟု ဒေါက်တာတိုနီတန်ကဆိုသည်။

လက်ရှိအခြေအနေတွင် စင်ကာပူအစိုးရအနေဖြင့် မည်သည့်ကိုယ်စားလှယ်လောင်းကိုမျှ ပေါ်ပေါ်တင်

တင်ထောက်ခံပြောဆိုခြင်းမရှိသေးသော်လည်း ဝန်ကြီးချုပ် လီရှန်လွန်း (Lee Hsien Loong) ကသာအကယ်၍ အရွေးချယ်ခံရပါက ဒေါက်တာတိုနီတန်သည် နိုင်ငံသားအားလုံးအတွက် စည်းလုံးညီညွတ်မှုကို ဖော်ကျူးနိုင်သော ပုဂ္ဂိုလ်ဖြစ်လိမ့်မည်ဟုဆိုသည်။ လက်ရှိသမ္မတနေတန်ကလည်း ဒေါက်တာတိုနီတန်ကို အောင်မြင်စေကြောင်း ဆုတောင်းခဲ့ပြီး ထူးခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ယခု ၂၀၁၁ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ယှဉ်ပြိုင်သူတိုးတက်များပြားလာသည့်အပြင် သမ္မတ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍လည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများကို တွေ့ရှိရသဖြင့် မည်သို့အဖြေထွက်လာမည်ကို စိတ်ဝင်စားမှုရှိနေကြသည်။

များမကြာမီ သတ်မှတ်ရက်သို့ရောက်သော် ရွေးကောက်ပွဲကျင်းပရာ စင်ကာပူဒုတိယဝန်ကြီးချုပ်ဟောင်း တိုနီတန်သည် စင်ကာပူသမ္မတရွေးချယ်တင်မြှောက်ပွဲတွင် ပြိုင်ဘက်မစ္စတာ တန်ချင်ဘက်ခ်ကို အနိုင်ရရှိသွားသည်။

ယခုရွေးချယ်ပွဲမျိုးသည် စင်ကာပူသမိုင်းတွင် ၁၈ နှစ်အတွင်း ပထမဦးဆုံးအကြိမ်ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ မစ္စတာ တိုနီတန်သည် မဲ ၂ သန်းအပေါ် ၇၂၆၉ မဲအသာဖြင့် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၎င်း၏ သမ္မတရွေးချယ်ပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်လေ့ရှိပြီး သမ္မတရာထူးသည်လည်း စင်ကာပူအတွက် အဓိကကျသောရာထူးဖြစ်သည်။

စီးပွားရေး- စင်ကာပူနိုင်ငံ၏ဆိပ်ကမ်းကို အာရှ၏အကောင်းဆုံးဆိပ်ကမ်းအဖြစ်ရွေးချယ်ခံရကြောင်း ၂၀၁၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယခုဆိပ်ကမ်းဆုရရှိခြင်းမှာ ၂၃ ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။ စင်ကာပူဆိပ်ကမ်းသည် ကွန်တိန်နာရင်ပြင်များတည်ဆောက်ထားမှုအနေအထား၊ ကုန်ပစ္စည်းများထားရှိမှု၊ နိုင်ငံတကာမှ ကုန်တင်သင်္ဘောများဝင်ထွက်ဆိုက်ကပ်ပြီး ကုန်ပစ္စည်းများတင်ချရာတွင် လုံခြုံချောမွေ့မြန်ဆန်မှုစသည်တို့တွင် ပိုမိုအားသာချက်များရှိခြင်းကြောင့် အဆိုပါဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့သော ဆိပ်ကမ်းမျိုးရှိခြင်းကြောင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်စည်စီးဆင်းမှုမြန်ဆန်သွက်လက်မှုရှိသောကောင်းကျိုးများခံစားရသည်။

ထို့ပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် စင်ကာပူနိုင်ငံ၊ ရုရှားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့သည် နာနိုနည်းပညာဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာသည် အာရှနာနိုနည်းပညာရန်ပုံငွေအဖွဲ့၌ ရင်းနှီးမြှုပ်နှံမှုကျယ်ပြန့်လာရေးအတွက် ရုရှားနိုင်ငံတွင် ကျင်းပသည့် ၂၀၁၁ စိန့်ပီတာစဘတ်စ် နိုင်ငံတကာစီးပွားရေးဆွေးနွေးပွဲတွင် ဇွန်လ ၁၆ ရက်က သီးသန့်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အာရှနာနိုနည်းပညာရန်ပုံငွေအဖွဲ့ကို ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ရုရှားနာနိုနည်းပညာကုမ္ပဏီ (RUSSIA NANO)၊ စင်ကာပူစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ (EDB) နှင့် စင်ကာပူအခြေစိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ၃၆၀ အိုင်ပီတို့က တည်ထောင်ဖွဲ့စည်းခဲ့သည်။

နာနိုနည်းပညာရန်ပုံငွေအဖွဲ့သည် နာနိုနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်းသည့် စီမံကိန်းများအတွက် ကြိုတင်လျာထားသည့် ရန်ပုံငွေများဖြင့် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။ အဆိုပါရန်ပုံငွေသည် ရုရှားနှင့်တကွ အာရှဒေသတွင် နည်းပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ရုရှားနာနိုနည်းပညာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အနာတိုလီချူဘေးစ်က ပြောကြောင်းသိရသည်။

ယင်းနောက် စင်ကာပူနိုင်ငံတွင် ကမ္ဘာအကြီးဆုံး ဒီဇယ်စက်ရုံကြီးကို ဖင်လန်ကုမ္ပဏီက ၂၀၁၁ ခုနှစ် နှစ်ဦးကာလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

စားအုန်းဆီနှင့် တိရစ္ဆာန်ဆီများကဲ့သို့သော ကုန်ကြမ်းများကို အသုံးပြုကာထုတ်လုပ်မည့် ယူရိုငွေ ၅၅၀ သန်း(အမေရိကန်ဒေါ်လာ ၇၆၉ သန်း)တန်စက်ရုံကြီးသည် စားအုန်းဆီထုတ်လုပ်မှု အားကောင်းသည့်မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများမှ ကုန်ကြမ်းယူ

ကာ ဥရောပ၊ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုသို့ ဈေးကွက်တင်ရောင်းချသွားမည်ဖြစ်သည်။ ယင်းနိုင်ငံကြီးများတွင် ဇီဝလောင်စာတင်သွင်းခွင့်ရှိပြီးလည်း ဖြစ်သည်။

အာရှဈေးကွက်တွင် လာမည့်ငါးနှစ်အတွင်းတွင် ဈေးကွက်ကြီးကြီးမားမားဖြစ်မလာနိုင်သေးကြောင်း ဖင်လန်ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ မက်တီလီနင်က ၎င်းစက်ရုံဖွင့်ပွဲတွင် ပြောဆိုသည်။ နှစ်စဉ်ထုတ်လုပ်မှုမက်ထရစ်တန်ချိန် ရှစ်သိန်းရှိသော စင်ကာပူနိုင်ငံရှိ စက်ရုံသစ်ကြီးသည် ပြန်လည်အသုံးပြုနိုင်သော ကုန်ကြမ်းမှထုတ်လုပ်သည့် ကမ္ဘာ့အကြီးမားဆုံး ဒီဇယ်စက်ရုံတစ်ခုဖြစ်သည်။

NE × BTL ဟုအမည်ရသည့် Neste Oil စက်ရုံသစ်မှ ထွက်ရှိသောဒီဇယ်သည် သမားရိုးကျဒီဇယ်များထက် ဈေးနှုန်းကြီးမြင့်သော်လည်း ကမ္ဘာပေါ်တွင် အသန့်စင်ဆုံးဒီဇယ်ဖြစ်သည်။ ၎င်းဒီဇယ်ကို ဒီဇယ်အင်ဂျင်အားလုံးတွင် အသုံးပြုနိုင်ပြီး အခြားသာမန်ဒီဇယ်များနှင့်စာလျှင် သိသိသာသာပင် မီးခိုးထွက်ရှိမှုနည်းပါးသည်။ ထိုစက်ရုံအတွက် ဂျာမနီနိုင်ငံမှချီးမြှင့်သည့် နိုင်ငံတကာ ကာဗွန်ထိန်းသိမ်းမှုလက်မှတ်ရရှိခဲ့ပြီး နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီမှုရှိသည်။

စင်ကာပူနိုင်ငံ၏ အရန်စုဆောင်းငွေများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပြီး အစိုးရက ယင်းအရန်ငွေများကို ကောင်းစွာ အသုံးချခဲ့ကြောင်း၊ အချို့အခြေအနေမျိုးတွင် အဆိုပါအရန်ငွေများသည် စင်ကာပူဒေါ်လာတန်ဖိုးတည်ငြိမ်အောင် ပြုလုပ်ပေးခဲ့ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက မေလ ၉ ရက်တွင် ပြောကြားသည်။

စင်ကာပူအစိုးရ ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းနှစ် (၃၀) ပြည့်နှစ်ပတ်လည်အခမ်းအနား၌ ဆက်လက် မိန့်ခွန်းပြောကြားရာတွင် လီက အရန်ငွေများသည် စင်ကာပူဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးစနစ်၏ လုံခြုံစိတ်ချမှုကို ထိန်းသိမ်းပေးခဲ့ပြီး နိုင်ငံအား ဘဏ္ဍာရေးအကျပ်အတည်းမှ ကယ်တင်ပေးခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

စင်ကာပူပြည်သူများ၏ ဘဝအဆင့်အတန်းမြှင့်တင်ပေးရာတွင် အဓိကအသုံးပြုသည့် အရန်ငွေများကို ပုံမှန်ဆက်လက်စုဆောင်းရန် လိုအပ်သည်။ ဤအမြော်အမြင်ကြီးမားသော မူဝါဒများကို မြဲမြံစွာဆက်လက်စွဲကိုင်လျက် အရန်စုဆောင်းငွေပမာဏ တဖြည်းဖြည်းတိုးပွားလာရန် လိုအပ်ပေသည်။

အစိုးရသည် စင်ကာပူပြည်သူများ အလုပ်အကိုင်ရရှိရေး အစီအစဉ်များအတွက် စင်ကာပူဒေါ်လာ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၅ ဘီလီယံ) ထုတ်ယူသုံးစွဲခဲ့သည်။ ရေရှည်တွင် အရန်ငွေဆက်လက်စုဆောင်းရန်လိုအပ်ပြီး ကောင်းမွန်သော စီမံခန့်ခွဲမှုဖြင့် လာမည့် ၁၀ နှစ်ကျော်အထိ စင်ကာပူနိုင်ငံ၌ တိုးတက်နေဦးမည့် အလားအလာကောင်းများ ရှိနေပေသည်။

စင်ကာပူနိုင်ငံသည် မလေးရှားနိုင်ငံထဲမှ ခွဲထွက်ကာစကာလတွင် လူဦးရေ၊ စီးပွားရေး၊ သယ်ဇာတ အစစအရာရာအားနည်းခဲ့သည်။ စင်ကာပူသည် ၎င်းနိုင်ငံသို့ နိုင်ငံခြားသားများလာရောက်အလုပ်လုပ်ကိုင်မှုကို တင်းကြပ်သော စည်းမျဉ်းဖြင့် တားမြစ်ထားခြင်းမပြုပေ။ နိုင်ငံခြားအလုပ်သမားများကို ခွဲခြမ်းစိတ်ဖြာခြင်း (Analysis) လုပ်ရာ၌ မည်သည့်နိုင်ငံမဆို ရွေးချယ်ဦးစားပေးခြင်းမျိုးမပြုလုပ်ဘဲ လုပ်သား၏အရည်အချင်းကို ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်သည်။

ကုန်ပစ္စည်းတစ်ခု သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ကို ရောင်းချ၊ ပေးအပ်ပြီးနောက် စားသုံးသူသည် မည်သည့်အရာတစ်ခုကိုရမည်၊ မရမည်အပေါ်မျှော်လင့်ချက်အရ အားရကျေနပ်မှု ဖြစ်ပေါ်စေ၏။ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည့်လျှင် စားသုံးသူလည်း ကျေနပ်မှုနည်းမည်။ သို့တစေ စားသုံးသူမမျှော်လင့်ထားသည်ထက်ပို၍ အရည်အသွေးကောင်းမွန်ပါက ပိုမို ကျေနပ်ဝမ်းမြောက်မှုရှိမည်ဖြစ်သည်။

ဤသို့ဖြင့် အောင်မြင်သော ကုမ္ပဏီအများစုသည် စားသုံးသူ၏ ကျေနပ်မှုကို တိုင်းတာခြင်းဖြင့် ကျေနပ်စေသောအကြောင်းရင်းတို့ကို လေ့လာကြ၏။ IBM သည် စားသုံးသူ၏ကျေနပ်မှုဖြစ်ပေါ်စေခြင်းကို တိုင်းတာရာတွင် အရောင်းဝန်ထမ်း၏ ပြောဆိုဆက်ဆံမှုကြောင့်လား၊ မည်သည့်အတွက်ကြောင့်ဖြစ်သနည်း

စသည်ဖြင့် ဖော်ထုတ်ကြသည်။ စားသုံးသူ၏ စိတ်အာရုံအား မိမိ၏ ကုန်ပစ္စည်းတွင်သာ ဆက်လက်ရှိနေစေရေး ထိန်းသိမ်းထားနိုင်ရန် လေ့လာတိုင်းတာရခြင်းဖြစ်သည်။ ယင်းမှတစ်ဆင့် သစ္စာရှိသော ဖောက်သည် (Loyal Customer) အဖြစ် တက်လှမ်းနိုင်ပြီး မိမိကုန်ပစ္စည်းအသစ်ထွက်တိုင်းနှင့် လက်ရှိကုန်ပစ္စည်းအား အဆင့်မြှင့်တိုင်းဝယ်ယူအားပေးဖြစ်လိမ့်မည်။

ထို့အပြင် မိမိကုမ္ပဏီနှင့် ပစ္စည်းအကြောင်းကောင်းသတင်းဆောင်ခြင်း၊ အခြားပြိုင်ဘက်တံဆိပ်များအပေါ် စိတ်ဝင်စားမှုနည်းခြင်း၊ မိမိကုန်ပစ္စည်း၏ ဈေးနှုန်းကို မငြင်းဆန်ခြင်း၊ စားသုံးသူကိုယ်တိုင် အကြံဉာဏ်ပေးလာခြင်း၊ အခြားသောမိတ်သစ်များကိုပါ ခေါ်လာတတ်သဖြင့် မိမိအတွက် အကျိုးအမြတ်ပေါ်ထွက်လာလိမ့်မည်။ ဤသို့ဖြင့် စင်ကာပူစီးပွားရေးနည်းဗျူဟာများ ကျယ်ပြန့်သွားသည်။

ထို့နောက် စင်ကာပူနိုင်ငံမှ ချမ်းသာကြွယ်ဝမှုအရှိဆုံးပုဂ္ဂိုလ် ၄၀ တို့၏ ငွေကြေးပိုင်ဆိုင်မှု စုစုပေါင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၄ ဘီလီယံခန့်ရှိရာ ၂၀၁၀ ပြည့်နှစ်ကထက် ငွေကြေးပိုင်ဆိုင်မှု ၁၉ ရာခိုင်နှုန်းပိုမိုမြင့်တက်လာကြောင်း ၎င်းနိုင်ငံ၏ ဂူလိုင်လ ၂၉ ရက် သတင်းတွင် ဖော်ပြသည်။

စင်ကာပူနိုင်ငံမှ တန်ဖောင်မိသားစုမှာ ယခုနှစ်၌ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံအထိ ပိုင်ဆိုင်လာသဖြင့် ၂၀၁၀ ပြည့်နှစ်ကထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ တိုးမြင့်ချမ်းသာလာခဲ့ပြီး ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။ ၎င်းမိသားစုသည် အိမ်ရာမြေအဆောက်အအုံဆိုင်ရာ အရှေ့ဖျားစီးပွားရေးလုပ်ငန်းနှင့် ဟောင်ကောင်ရှိ အိမ်ရာမြေလုပ်ငန်းများကို ပိုင်ဆိုင်သူဖြစ်သည်။

ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ်မှာ ခိုတက်ပက်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံအထိ ပိုင်ဆိုင်သည်။ တတိယအချမ်းသာဆုံးပုဂ္ဂိုလ်မှာ ဘဏ်လုပ်ငန်းပိုင်ရှင် စီချိုယောဖြစ်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံပိုင်ဆိုင်သည်။ ၂၀၁၀ ပြည့်နှစ်ကထက် ကြွယ်ဝချမ်းသာသူပိုများလာသည်။ အသစ်တိုးလာသည့် ဘီလျံနာသူဌေးကြီးနှစ်ဦးမှာ လိန်းမိသားစုနှင့် အစားအစာများ ထုတ်လုပ်ရောင်းချသည့် သူဌေးကြီး ဆမ်ရိအီမိသားစုတို့ဖြစ်ကြသည်။

သိန်းဝင်းဇော်

တောင်ကိုရီးယားနိုင်ငံ။ ။ တောင်ကိုရီးယားနိုင်ငံသည် ယနေ့အခါတစ်ကမ္ဘာလုံးက စိတ်ဝင်စားရသည့် နိုင်ငံဖြစ်သည်။ အဓိကအကြောင်းရင်းမှာ တောင်ကိုရီးယား၊ မြောက်ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်ဆက်နွယ်နေသော နိုင်ငံရေး၊ စစ်ရေး စသည်များကြောင့်ဖြစ်သည်။

၁၉၄၈ ခုနှစ်၊ မတ်လ ၈ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည့် တောင်ကိုရီးယားနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

ကမ္ဘာပေါ်တွင် လက်နက်ကိုင်တပ်ဖွဲ့ဝင်အင်အားအများဆုံး ၁၄ နိုင်ငံ သတ်မှတ်ထားရာ တောင်ကိုရီးယားနိုင်ငံသည် ဆဋ္ဌမမြောက်အဆင့်တွင်ရပ်တည်နေသည်။ ယင်းနှင့်ပဋိပက္ခပြင်းထန်နေသည့်မြောက်ကိုရီးယားနိုင်ငံသည် စတုတ္ထအဆင့်တွင် ရပ်တည်နေသည်။ သို့သော်ကမ္ဘာထိပ်တန်းစာရင်းဝင်နိုင်ငံများ၏ ထိပ်တန်းအဆင့်တွင် ပါဝင်နေသော ရုရှားသမ္မတနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံအထက် ပဉ္စမအဆင့်တွင် ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ (UNO-United Nations Organization) တွင် တက်ကြွစွာပါဝင်လျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့၏ လက်အောက်ခံအဖွဲ့များ၊ အထူးအေဂျင်စီများ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့မိသားစုအဖွဲ့ကြီးဖြစ်သည့် ကုလသမဂ္ဂအဖွဲ့၏ အဋ္ဌမမြောက်အထွေထွေအတွင်းရေးမှူးချုပ်မစွတာ ဘန်ကီမွန်းကို သက်တမ်း ငါးနှစ်ပြီးဆုံးပါက ဒုတိယ ငါးနှစ်သက်တမ်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA-United Nations General Assembly) ကြီးက ထောက်ခံရွေးချယ်ခဲ့ပြီးဖြစ်သည်။

သို့သော် ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ရင်ဆိုင်ဖြေရှင်းစရာများကို ဆက်လက်ဖြေရှင်းနေဆဲဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်စစ်သည်များ၊ အမေရိကန်စစ်စခန်းများရှိနေခြင်းအတွက် တောင်ကိုရီးယားအစိုးရကို ပြည်သူများက မကြာခဏ ဆန္ဒပြခြင်းများ၊ သပိတ်မှောက်ခြင်းများ ပြုနေသည်။

ဤသို့ အမေရိကန်စစ်စခန်းနှင့်အမေရိကန်စစ်သည်များ တောင်ကိုရီးယားတွင်ရှိနေခြင်းကြောင့် မြောက်ကိုရီးယားနှင့်ဆက်ဆံရေးမှာ ပိုမိုတင်းမာခြင်း



ကင်ဂျုံအီကွယ်လွန်သွားပြီးနောက် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားနေသော တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်

ရှိသည့်နည်းတူ စနစ်ခြင်းဆန့်ကျင်ဘက်အိမ်နီးနားချင်းနိုင်ငံ၏လှုပ်ရှားမှုကိုလည်း သတိပြုနေရသည်။

အထူးအားဖြင့် ယခု ၂၀၁၁ ခုနှစ်တွင်လည်း ၂၀၀၉ ခုနှစ်က ရပ်နားထားသည့်တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ရုရှားနှင့်အမေရိကန် ပြည်ထောင်စုတို့ပါဝင်သည့် ၆ နိုင်ငံဆွေးနွေးပွဲကို ရပ်နားထားရဆဲပင်ဖြစ်သည်။

သို့သော် တောင်ကိုရီးယားအစိုးရက ၆ နိုင်ငံဆွေးနွေးပွဲပြုလုပ်ရန်အတွက် အလျှော့ပေးမှုတစ်ခု ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပြုလုပ်ခဲ့သည်။ ယင်းမှာ ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယားသဘော်ဒနစ်မြုပ်မှု၊ ယုံပြွန်းကျွန်းကို လက်နက်ကြီးများဖြင့် ပစ်ခတ်မှုအတွက် မြောက်ကိုရီးယားမှ တောင်းပန်ရမည်ဟူသည့် တောင်းဆိုချက်အား ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်း တောင်ကိုရီးယားတာဝန်ရှိသူတို့က မြောက်ကိုရီးယားသည် နျူကလီးယားဖျက်သိမ်းရေးအစီအစဉ်များတွင် ရိုးသားမှုရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ်၊ ဒွန်လအထိ ၆ နိုင်ငံဆွေးနွေးပွဲမှာ စတင်နိုင်ခြင်းမရှိသေးပေ။

ယင်းသို့ပြောဆိုနေသော်လည်း တောင်ကိုရီးယားနိုင်ငံသည် စစ်ရေးပို့ဆောင်မှုများကို တိုးချဲ့လျက်ရှိသည်။ တောင်ကိုရီးယားအစိုးရသည် မြောက်ကိုရီးယားနှင့် အချင်းများနေသည့်နယ်စပ်အနီးရှိ ကျွန်း ငါးကျွန်း လုံခြုံရေးအတွက် ကမ်းတက်တပ်သား ၁၂၀၀ မှ ၂၀၀၀ အထိ တိုးမြှင့်မည်ဟု ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမပတ်တွင် ကိုရီးယားအာဏာပိုင်များက ပြောကြားခဲ့သည်။ ထို့အပြင် တောင်ကိုရီးယားနိုင်ငံသည် တီမောလ်စတီနိုင်ငံအား ၂၀၁၁ ခုနှစ်၊ ဒွန်လနှင့်ဂူလိုင်လများတွင် စစ်သင်္ဘောနှစ်စင်းထောက်ပံ့ပေးပို့ကူညီမည်ဟု ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်တွင် ထုတ်ဖော်ပြောဆိုသည်။

ဤသို့ နိုင်ငံရေးပြဿနာများ၊ စစ်ရေးပြဿနာများရှိနေစဉ် တောင်ကိုရီးယားအစိုးရသည် နိုင်ငံတကာနှင့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၌ ၎င်း၏ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ KIA ၏ လုပ်ငန်းခွဲ PTKIA မိုဘိုင်းလ်အင်ဒိုနီးရှား (KMI) ဖွင့်လှစ်ထားသည်။ ၎င်းလုပ်ငန်းခွဲက ၂၀၁၀ ပြည့်နှစ်တွင် မော်တော်ယာဉ်စီးရေ ၇၀၀၀ နီးပါးရောင်းချခဲ့ရပြီး ယခု ၂၀၁၁ ခုနှစ်တွင် စီးရေတစ်သောင်းကျော်ခန့်ရောင်းရမည်ဟု ခန့်မှန်းထားသည်ဟု မေလ ၁၁ ရက်တွင် သက်ဆိုင်သူတို့က ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ တောင်ကိုရီးယားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ ဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိသည့် အသံထက်မြန်သောလေ့ကျင့်ရေး T-50 လေယာဉ်များ ရောင်းချရန်စာချုပ်ရေးထိုးခဲ့သည်ဟု မေလတတိယပတ်တွင် တောင်ကိုရီးယား၏ နိုင်ငံပိုင်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Korea Aerospace Industry (KAI) တာဝန်ရှိ

သူများက ပြောကြားသည်။ ရောင်းချမည့် လေယာဉ် ၁၆ စင်းဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း လေးရာခန့်ရှိမည်ဖြစ်သည်။

ဆိုးလ်မြို့တော်တွင် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်နှင့်အိန္ဒိယသမ္မတ ပါရာတီဘာဒေဗီဆင်း ပတေးလ်တို့ ထိပ်သီးဆွေးနွေးပွဲပြုလုပ်ပြီးနောက် နျူကလီးယား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူ စာချုပ်တစ်ရပ်ကို ဩဂုတ်လ ပထမပတ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဇူလိုင်လ တတိယပတ်အတွင်း တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ အငြင်းပွားနေသော ကျွန်းများနှင့်ပတ်သက်ပြီး သတိပေးမှုများရှိလာခဲ့သည်။ အရှေ့ပင်လယ်တွင် တောင်ကိုရီးယားက ထိန်းချုပ်ထားသည့် ဒေါ်ဒိုကျွန်းများအနီးတွင် နှစ်ပေါင်းများစွာကပင် ပိုင်နက်အငြင်းပွားမှုများရှိခဲ့ကြသည်။

ယင်းအခြေအနေတွင် ဂျပန်အတိုက်အခံပါတီမှ ပါလီမန်အမတ်လေးဦးသည် ဒေါ်ဒိုကျွန်းနှင့်နီးကပ်နေသည့် အုလန်းကျွန်းသို့ သွားရောက်လည်ပတ်ရန် စီစဉ်ခဲ့သည်။ တောင်ကိုရီးယားအစိုးရနှင့် ပြည်သူများက လွန်စွာ မကျေမနပ်ဖြစ်ခဲ့သည်။ တောင်ကိုရီးယားအစိုးရက လုံခြုံရေးတာဝန်မယူနိုင်ကြောင်းဖြင့် ပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့ရသည်။

ဤသို့နိုင်ငံရေးပြဿနာများရှိနေစဉ် တောင်ကိုရီးယားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုမှာလည်း ကျဆင်းလာကြောင်း ဩဂုတ်လ နောက်ဆုံးပတ်တွင် ကိုရီးယားကျေးလက်သိပ္ပံက ထုတ်ဖော်ပြောကြားခဲ့သည်။

လယ်ယာမြေလျော့ပါးလာခြင်း၊ စပါးအထွက်နှုန်းနိမ့်ကျလာခြင်းတို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် ၁၀ နှစ်အတွင်း ဆန်ထုတ်လုပ်မှုအနိမ့်ဆုံးသို့ ရောက်ရှိသွားနိုင်ကြောင်း ဆက်လက်ထုတ်ပြန်ခဲ့သည်။

ယခုနှစ်တွင် ဆန်တန် ၄ ဒသမ ၁၂ သန်းမှ ၄ ဒသမ ၂၄ သန်းထိသာထွက်ရှိနိုင်ရာ ယမန်တစ်နှစ်ကထက် ၁ ဒသမ ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ကြောင်း ပြောကြားခဲ့သည်။ ရာသီဥတုယိုယွင်းခြင်းကြောင့်လည်း ဆန်အထွက်လျော့ရကြောင်း နှင့်ဆန်ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း အဆိုပါ သိပ္ပံက ဆက်လက်ပြောကြားသည်။ ထို့ကြောင့်ပင် ကိုရီးယားစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ဆန်တန်ချိန်သုံးသိန်းလေးသောင်းဝယ်ယူရန် စီမံချက်ပြုထားရသည်။

၂၀၁၁ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ စစ်ရေးပြဿနာများ၊ ကာကွယ်ရေးပြဿနာများ ကြုံခဲ့ရသည်။ တောင်ကိုရီးယားနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ပထမဦးဆုံးအကြိမ် ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာဆွေးနွေးပွဲကို ဇူလိုင်လနောက်ဆုံးပတ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲ၏ အဓိကအချက်မှာ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဆက်လက်ထိန်းသိမ်းရေးတို့ကို အတူတကွလုပ်ဆောင်ကြရန်တို့ဖြစ်သည်။

ဆွေးနွေးပွဲသို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒုတိယစစ်ဦးစီးချုပ် မားရှီယောက်ကျန်နှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လီယောင်ဂူလ်တို့က ကိုယ်စားပြုကာ တက်ရောက်ကြခြင်းဖြစ်သည်။ တောင်ကိုရီးယားသည် တရုတ်တစ်နိုင်ငံတည်းမှကို အစဉ်အမြဲနှင့်ဆက်လက်ထောက်ခံကြောင်း တောင်ကိုရီးယားအဖွဲ့ခေါင်းဆောင် ဒုတိယကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားအစိုးရသည် တောင်ကိုရီးယားနိုင်ငံအား စစ်ရေးအရ ရန်စမှုပြုပါက စစ်ရေးအရတုံ့ပြန်မည်ဟုတောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောဆိုခဲ့သည်။ ယင်းသို့ပြောဆိုခြင်းအတွက် မြောက်ကိုရီးယားအစိုးရက တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးအား လုပ်ကြံရန် သူလျှိုတပ်ဖွဲ့တစ်ခုကို တာဝန်ပေးစေလွှတ်ထားကြောင်းဖြင့် ဒေသတွင်းသတင်းရပ်ကွက်က ဩဂုတ်လ ၁၀ ရက်တွင် ဖော်ပြသည်။

ယင်းအတွက် တောင်ကိုရီးယားအစိုးရသည် ယင်းတို့၏ ကာကွယ်ရေးဝန်ကြီး ကင်ရွှန်ဂျင်အတွက် လုံခြုံရေးအထူးစောင့်ကြပ်ထားရကြောင်းဖြင့် Joong Ang Llbo သတင်းစာတွင် ဖော်ပြထားသည်။

ဤသို့သော အခြေအနေတွင် အမေရိကန်ပြည်ထောင်စုသမ္မတအိုဘားမားက တောင်ကိုရီးယားနိုင်ငံသို့ Block 30 အမျိုးအစားမောင်းသူမဲ့ထောက်လှမ်းရေးလေယာဉ်များရောင်းချရန် ကွန်ဂရက်လွှတ်တော်နှင့်ညှိနှိုင်းနေသည်ဟု စက်တင်ဘာလ ၁ ရက် ရိုက်တာ သတင်းတစ်ရပ်က ဖော်ပြသည်။

စက်တင်ဘာလ ပထမပတ်အထိ တောင်ကိုရီးယားအစိုးရက ဆွဲကိုင်ထားသည့်မူမှာ မြောက်ကိုရီးယားနိုင်ငံသည် ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည့်စတင်လိုပါက ယင်း၏နျူကလီးယားစမ်းသပ်မှုလုပ်ငန်းအဝဝကို ပြတ်ပြတ်သားသားခိုင်ခိုင်မာမာ ရပ်ဆိုင်းထားခြင်းပြုရမည်ဆိုခြင်းပင်ဖြစ်သည်။

တောင်ကိုရီးယားအစိုးရသည် အစ္စရေးနိုင်ငံမှ အဆင့်မြင့်ဒုံးလက်နက်များ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော်ဖိုး ဝယ်ယူရန် အစ္စရေးကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း စက်တင်ဘာလ ၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ တောင်ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် တရုတ်နိုင်ငံအနောက်ပိုင်း ချုံချင်း၌ စက်မှုဥယျာဉ်တည်ဆောက်ရန် စက်တင်ဘာလ ၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံသည် ပြဿနာမျိုးစုံအထူးသဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် ဆက်ဆံမှုတင်းမာခြင်းများအစဉ်အမြဲနီးပါးရှိနေသည်။

ယင်းသို့ရှိနေစဉ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအီကွယ်လွန်ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ ကြေညာချက်အရ တောင်ကိုရီးယားနိုင်ငံက သိရှိခဲ့ရသည်။

ယင်းသို့သိရှိရသည်နှင့် တောင်ကိုရီးယားအာဏာပိုင်များက ၎င်း၏တပ်ကို အသင့်ရှိစေရန် တပ်လှန့်ထားခဲ့ပြီး အမျိုးသားလုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးလည်း ခေါ်ယူထားကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ယွန်ဟပ်သတင်းဌာနက ထုတ်ဖော်ကြေညာခဲ့သည်။

ထိုင်းနိုင်ငံ ။ ။ ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှ တပ်ဖွဲ့များသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်က နယ်စပ်ဒေသ၌ နှစ်နာရီကြာတိုက်ပွဲဖြစ်ရာ နှစ်ဦးသေဆုံးသည်။ ကမ္ဘောဒီးယားနှင့် ထိုင်းတို့သည် နှစ်ပေါင်းအတန်ကြာကာလအတွင်း အပြင်းထန်ဆုံးတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၁၁ ရာစုက တည်ဆောက်ခဲ့သော ပရီဗီးဟားဘုရားကျောင်းတည်ရာနယ်မြေကို အစိုးရက မိမိ၏နိုင်ငံပိုင်နက်မြေအဖြစ် ပြန်လည်တောင်းဆိုရန် ထိုင်းအမျိုးသားရေးဝါဒီများက တိုက်တွန်းခဲ့ကြပြီးနောက် တိုက်ပွဲဖြစ်ပွားလာခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနွမ်းပင်မြောက်ဘက် ၁၅၂ မိုင်ကွာ ပရီဗီးဟားပြည်နယ်တွင် ဟိန္နုပရီဗီးဟားဘုရားကျောင်းတည်ရှိပြီး ယင်းဘုရားကျောင်းကို ကုလသမဂ္ဂက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၎င်းတို့၏ရှေးဟောင်းပရီဗီးဟားဘုရားကျောင်းနှင့်ပတ်သက်သည့် အငြင်းပွားမှုကို ရပ်ဆိုင်းကြရန် တိုက်တွန်းခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ထိုင်း၊ ကမ္ဘောဒီးယားနှစ်နိုင်ငံမှ ကိုယ်စားလှယ်များပါဝင်သော တံခါးပိတ်အစည်းအဝေးကျင်းပပြီး အငြင်းပွားနေသည့်ပြဿနာကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်ဟု လုံခြုံရေးကောင်စီက ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် "အငြင်းပွားနေသည့်နှစ်နိုင်ငံက ဖြစ်ဆဲအခြေအနေကို ပိုမိုဆိုးရွားမသွားစေရန်နှင့်အတတ်နိုင်ဆုံး ထိန်းချုပ်ကြရန် လုံခြုံရေးကောင်စီအဖွဲဝင်နိုင်ငံများက တောင်းဆိုလိုက်သည်" ဟုဖော်ပြထားသည်။ ဧပြီလ ၂၃ ရက်နေ့ နောင်းပိုင်းတွင် ကမ္ဘောဒီးယားစစ်သား ခုနစ်ဦးနှင့်ထိုင်းစစ်သား ငါးဦးတို့ကျဆုံးခဲ့ကြသည်။ ထိုင်းနယ်စပ်တွင် အရပ်သား ၂၀၀၀၀ ခန့်သည် တည်းခိုရေးစခန်း ၁၆ ခုတွင် ခိုလှုံလျက်ရှိကြပြီး ကမ္ဘောဒီးယားနယ်စပ် ကျေးရွာများမှလည်း အရပ်သား ၁၇,၀၀၀ အား ရွှေ့ပြောင်းနေရာချထားခဲ့ရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ကြရန် တောင်းဆိုလိုက်

ကံမြင့်

ပြီး အိမ်နီးချင်းနိုင်ငံများကိုလည်း အငြင်းပွားမှု ပြေလည်စေရေးအတွက် လေးနက်သောအပြန်အလှန်ပြောဆိုဆွေးနွေးမှုများလုပ်ဆောင်ကြရန် ပြောကြားလိုက်သည်။

အဆိုပါအိမ်နီးချင်းနှစ်နိုင်ငံသည် လွန်ခဲ့သောနှစ်အနည်းငယ်မှ စတင်၍ ပြင်းထန်သောအပြန်အလှန်ပစ်ခတ်မှုများလုပ်ဆောင်ခဲ့ကြသော်လည်း ယင်းပစ်ခတ်မှုများသည် ယခုနောက်ဆုံးတိုက်ခိုက်မှုများလောက် အသေအပျောက်မများခဲ့ပေ။

၎င်းနယ်စပ်ဒေသ တစ်စိတ်တစ်ပိုင်းတွင် ကမ္ဘောဒီးယား၏ ၁၀ နှစ်ကြာ စစ်ပွဲမှ ကြွင်းကျန်သော မြေမြှုပ်ဗုံးများဖြင့် ပြန့်ကျဲနေသောကြောင့် နည်းမှန်လမ်းမှန် နယ်နိမိတ်တိုင်းတာ သတ်မှတ်မှုများ မလုပ်ဆောင်နိုင်သေးပေ။

ကမ္ဘောဒီးယားနိုင်ငံတွင် အန်ကောဝပ်ပြီးလျှင် ကမ္ဘာကချီးကျူးသြဘာအပြုခံရဆုံးဖြစ်သော ရှေးခမာဗိသုကာလက်ရာဖြစ်သည့် ပရီဗီးဟားဘုရားကျောင်းအား ၂၀၀၈ ခုနှစ် ဇူလိုင်လက ကမ္ဘာ့အမွေအနှစ်အဆင့် သတ်မှတ်ချက်ဖြင့် ကုလသမဂ္ဂက အသိအမှတ်ပြုလိုက်သည့်အချိန်မှစတင်၍ အဆိုပါနှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ကြခြင်းဖြစ်သည်။

ဤသို့ဖြစ်ရခြင်းမှာ နှစ်နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်ချစ်မြတ်နိုးစိတ်များ ပြင်းပြခြင်းကြောင့်ဟု ဆိုနိုင်သည်။

ထိုင်းရွေးကောက်ပွဲအကြို – ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပမည့်ထိုင်းရွေးကောက်ပွဲသည် စိတ်ဝင်စားဖွယ်ကောင်းသော ရွေးကောက်ပွဲဟု ဆိုနိုင်သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲမှ ယခုရွေးကောက်ပွဲအကြား လေးနှစ်တာကာလအတွင်း မတည်ငြိမ်မှုများ၊ ပဋိပက္ခများဖြင့် ယင်းလေးနှစ်အတွင်းဝန်ကြီးချုပ် သုံးဦးပြောင်းလဲခဲ့ရသည့်ထူးခြားသောဖြစ်အင်ကို တွေ့မြင်ခဲ့ရပေသည်။

ထိုင်းနိုင်ငံတွင် လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်၊ မေလ၌ ဆန္ဒပြပဋိပက္ခမှုများတွင် လုံခြုံရေးတပ်ဖွဲ့များ၏ အင်အားသုံးဝင်ရောက် ရှင်းလင်းချေမှုန်းရာ၌ သေဆုံးခဲ့ရသော လူပေါင်း ၉၀ ကို အမှတ်ရစေရန် အထိမ်းအမှတ်ကျင်းပစေလိုသော စုရုံးမှုများက ထိုင်းနိုင်ငံ၏ နိုင်ငံရေးတင်းမာမှုများ ထင်သာမြင်သာရှိလာခဲ့ပြီး ၂၀၁၁ ခုနှစ် မေလ ၁၉ ရက်နေ့ ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မှုများလည်း အရှိန်မြင့်လာခဲ့သည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျင်းပမည့် ဤရွေးကောက်ပွဲသည်ဝန်ကြီးချုပ် အဘီဆစ်၏ အစိုးရအဖွဲ့ထောက်ခံသော ဒီမိုကရက်တစ်ပါတီနှင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ မဟာမိတ်ပါတီများကြား အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် အလားအလာရှိနေသည်။

လက်ရှိဝန်ကြီးချုပ် အဘီဆစ်၏ပါတီဖြစ်သော ဒီမိုကရက်သည် ထိုင်းနိုင်ငံအတွက် သက်တမ်းအကြာဆုံးပါတီဖြစ်ပြီး ဘန်ကောက်မြို့နှင့် အခြားထိုင်းနိုင်ငံတောင်ပိုင်းဒေသများမှ ထောက်ခံမှု မဲအများဆုံးရနိုင်သည်ဟုလည်းဆိုသည်။ ၎င်းပါတီနှင့် ယှဉ်ပြိုင်မည့်အဓိကပြိုင်ဘက်မှာ အောက်လွတ်တော်ရွေးကောက်ပွဲ ယှဉ်ပြိုင်မှုတွင် သက်ဆင်ရှင်နာဝပ်၏ အငယ်ဆုံးညီမ ရင်လပ်ဖြစ်သည်။ ၎င်းသည် ဖြူထိုင်း (Puea Thai) ပါတီမှနေ၍ ဝန်ကြီးချုပ်အဖြစ်ကိုယ်စားလှယ် အရွေးခံမည်ဖြစ်သည်။

ဖြူထိုင်းပါတီသည် ဆန္ဒမဲပေးလွှာပေါ်တွင် နေရာချထားရန်မဲနှိုက်ရာ ထိပ်ဆုံးနေရာရခဲ့ပြီး ဝန်ကြီးချုပ် အဘီဆစ်၏ ဒီမိုကရက်တစ်ပါတီကမူ နံပါတ် ၁၀ နေရာ၌ ကျခဲ့သည်။ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီပေါင်း ၂၆ ပါတီရှိသည်။ မေလ ၁၉ ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဖြူထိုင်းပါတီမှာ မဲယှဉ်ပြိုင်ခွင့်အတွက် အဆင့်ခွဲရာတွင် ၂၆ ပါတီအနက် နံပါတ် ၁ ရရှိခဲ့သဖြင့် ရင်လပ်ရှင်နာဝပ်သည်စိတ်ဓာတ်ရေးရာအရ အထူးတက်ကြွသွားခဲ့သည်။


ရွေးကောက်ပွဲရလဒ် – ထိုင်းနိုင်ငံ၌ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အမတ် ၅၀၀ ရှိသည့်အနက် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်၏ ညီမအငယ်ဆုံး ရင်လပ်ရှင်နာဝပ်ထရာ (အသက်-၄၄ နှစ်) ၏ ဖြူထိုင်းပါတီက အမတ်ဦးရေ ၂၆၅ နေရာ၊

အဘိဆစ်၏ ဒီမိုကရေစီပါတီက ၁၅၉ နေရာရရှိခဲ့သည်။ ကျန်အမတ်အရေအတွက်များကို ပါတီငယ်များက အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်က အနိုင်ရသူ ၄၉၆ ဦးအား အမတ်များအဖြစ် တရားဝင်အတည်ပြုပေးလိုက်ပြီဖြစ်ရာ ဥပဒေအရ တရားဝင် လွှတ်တော်ခေါ်နိုင်ရန် ၉၅ ရာခိုင်နှုန်းပြည့်သွားပြီဖြစ်၍ ဩဂုတ်လ ၁ ရက်နေ့က ပါလီမန် လွှတ်တော်ခေါ်ယူကျင်းပခဲ့သည်။

လွှတ်တော်ဖွင့်ပွဲကို ဘန်ကောက်မြို့၌ ကျင်းပရာ ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသားမဟာဝီဇိုယ လွန်ကွန်က သဘာပတိအဖြစ် ဖွင့်ပေးလိုက်သည်။ ဩဂုတ်လ ၂ ရက်တွင် လွှတ်တော်အစည်းအဝေးကျင်းပပြီး လွှတ်တော် ဥက္ကဋ္ဌဟောင်း ဝါရင့်လွှတ်တော်အမတ် ချိုင်ချီဒီဟော့ဖ်က ယာယီသဘာပတိအဖြစ် ဆောင်ရွက်ကာ လွှတ်တော် ဥက္ကဋ္ဌသစ်နှင့် ဒုတိယဥက္ကဋ္ဌသစ်နှစ်ဦးကို ရွေးကောက်တင်မြှောက်ကြသည်။ လွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆွမ်ဆက်ကီရက်ဆူရာနွမ် (Somsak Kiartsuranon) အား ပြိုင်ဘက်မရှိ တညီတညွတ်တည်းဆုံးဖြတ်ရွေးကောက်သည်။ ဒုတိယဥက္ကဋ္ဌအဖြစ် ချိုင်ယာပွန်ချာရွန် (Chaiyaphum Charoen) နှင့် လက်ထောက် ဒုတိယဥက္ကဋ္ဌအဖြစ် ဝီဆုသ်ချိုင်နာရွန်တို့ကိုလည်းကန့်ကွက်သူမရှိ တညီတညွတ်တည်းရွေးကောက်တင်မြှောက်လိုက်ကြသည်။

ထိုင်းအစိုးရသစ် – ရင်လပ်ရှင်နာဝပ်ထရာ ခေါင်းဆောင်သောအစိုးရအဖွဲ့အမည်စာရင်းကို ဝန်ကြီးချုပ်ရင်လပ်က ၂၀၁၁ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ခန့်အပ်ပြီးနောက် ဩဂုတ်လ ၉ ရက်နေ့ညတွင် ထိုင်းဘုရင်က အတည်ပြုလိုက်သည်။ ယင်းအစိုးရအဖွဲ့၌ ဖြူထိုင်းပါတီဥက္ကဋ္ဌယောင်ယုဝီချိုင်ဒစ်သည် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးအဖြစ်ဆောင်ရွက်ပြီး ဝါရင့်နိုင်ငံရေးသမား ချာလန်ယူဘမ်ရန်ကလည်း ဒုတိယဝန်ကြီးချုပ်တစ်ဦးအဖြစ် တာဝန်ယူသည်။ ဗိုလ်ချုပ်ကြီး ယူသာဆက်ဆာဆီပရာဖာက ကာကွယ်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဆူပရာပွန်တိဗီချက်ချိုင်ကူးက နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ယူထားသည်။

လွန်ခဲ့သည့်နှစ်က ဘန်ကောက်မြို့တွင် ဖြစ်ပွားခဲ့သည့်ဒီမိုကရေစီရေးလှုပ်ရှားဆန္ဒပြမှုများတွင် ဦးဆောင်ခဲ့သော ရှပ်နီအုပ်စုခေါင်းဆောင်များသည် အစိုးရအဖွဲ့ဝင် စာရင်း၌ ပါဝင်လာခြင်းမရှိသည်ကို တွေ့မြင်ရသည်။ ရင်လပ်ရှင်နာဝပ်ထရာက အစိုးရအဖွဲ့အမည်စာရင်းကိုရွေးချယ်ရာ၌ ၎င်း၏အစ်ကိုဖြစ်သူ၏ သြဇာလုံးဝပါဝင်ခြင်းမရှိဟုဆိုသည်။ သက်ဆင်သည် ၂၀၀၆ ခုနှစ်တွင် စစ်တပ်မှ အာဏာသိမ်းယူမှုကြောင့် ဝန်ကြီးချုပ်အဖြစ်မှ ပြုတ်ကျခဲ့ပြီး ယခုအခါ ဒုဘိုင်း၌ နေထိုင်သည်။ သက်ဆင်သည် ပြည်ပ၌ နေထိုင်ရသော်လည်း သြဇာရှိနေဆဲဖြစ်ပြီး ပါတီကို နောက်ကွယ်



အဂတိလိုက်စားမှုကြောင့် ဝန်ကြီးချုပ်ရာထူးမှ ဖြုတ်ချခံရသော သက်ဆင်ရှင်နာဝပ်အား ၎င်း၏နိုင်ငံကူးလက်မှတ်ပြန်လည်ရရှိစဉ်ကတွေ့ရစဉ်

မှ ကြိုးကိုင်နေသူဖြစ်သည်ဟု ယူဆကြသည်။ ယင်းအစိုးရအဖွဲ့သစ်ကို ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သော ရင်လပ်ရှင်နာဝပ်ထရာသည် ထိုင်းနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာပြီး ဩဂုတ်လ ၁၀ ရက်နေ့တွင် သီရိရက်ဆေးရုံရှိ ထိုင်းဘုရင်မင်းမြတ်၏ ရှေ့မှောက်တွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုမှုပြုလုပ်ပြီးနောက် လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်နေပြီဖြစ်သည်။ ထိုင်းဘုရင်မင်းမြတ်က ရင်လပ်နှင့်၎င်း၏အစိုးရအဖွဲ့အား တိုင်းပြည်အတွက် စဉ်းစားချင့်ချိန်၍ ရိုးသားစွာ အလုပ်လုပ်စေလိုကြောင်းနှင့် အစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံတော်

ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ပြောကြားသည်။

အထွေထွေရွေးကောက်ပွဲတွင် သူမ၏ဖြူထိုင်းပါတီ အနိုင်ရရှိခဲ့ပြီးနောက် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သည်။ ထိုင်းဝန်ကြီးချုပ်သစ် ရင်လပ်သည် လွန်ခဲ့သောနှစ်များအတွင်းက ဖြစ်ပေါ် ခဲ့သော နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပြီးနောက် ပြိုကွဲနေသော အမျိုးသားစည်းလုံးညီညွတ်ရေးကို ပြန်လည် တည်ဆောက်မည်ဖြစ်ကြောင်း၊ စီးပွားရေးကို ပြန်လည် ထူထောင်ပြီး နိုင်ငံမြောက်ပိုင်းရှိ ကျေးလက်နေ လူထုနှင့် နိုင်ငံအလယ်ပိုင်းရှိ မြို့နေလူထုအကြား ဝင်ငွေကွာဟမှုကို ကျဉ်းမြောင်းအောင်လုပ်ဆောင်မည်ဖြစ်ကြောင်း ထိုင်းဘုရင့်ထံတွင် ကတိပြုပြောကြားခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာသည် သူမ၏ ပထမဆုံးတရားဝင်ခရီးစဉ်အဖြစ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ဘရူနိုင်းနိုင်ငံသို့ စက်တင်ဘာလ ဒုတိယပတ်တွင် ထွက်ခွာသွားသည်။ ၎င်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဆူပရာမွန်တိဗီချက်ချိုင်ကူးအပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်လျက် ဘရူနိုင်းဘုရင်မက်စနယ်ဘိုခက်တည်ခင်းသော နိုင်ငံတော်ဧည့်ခံပွဲသို့ တက်ရောက်မည်ဖြစ်သည်။ ထိုခရီးစဉ်မှာလည်း အာဆီယံနိုင်ငံများအတွင်း ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရေး အစီအစဉ်တစ်ရပ်လည်းပါဝင်သည်။ မထွက်ခွာမီ သတင်းထောက်များကို ပြောကြားခဲ့သည်မှာ ဘရူနိုင်းဘုရင်နှင့် တွေ့ဆုံဂါရဝပြုပြီး လယ်ယာစိုက်ပျိုးရေးဆိုင်ရာကိစ္စအတွေ့အကြုံဖလှယ်ရေး၊ မူဆလင်နိုင်ငံများသို့ အစွန်လာမ်ထုံးတမ်းစဉ်လာနှင့်ညီသော အသားများတင်ပို့ရေးကိစ္စများအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးနည်းလမ်းများ ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့အပြင် ချစ်ကြည်ရေးမိတ်ဆက်ခရီးစဉ်များအပြင် အင်ဒိုနီးရှားနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအိုအစရှိသော နိုင်ငံများသို့ပါ ဆက်လက်ထွက်ခွာသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပိုင်းတွင် ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်ထရာသည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်နှင့် ပထမဆုံး တရားဝင်ဆွေးနွေးပွဲကို စက်တင်ဘာလ ၁၅ ရက်တွင် ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်ရင်လပ်နှင့်ဝန်ကြီးချုပ် ဟွန်ဆင်တို့သည် နှစ်နိုင်ငံနယ်စပ်တွင်ရှိသော ရှေးဟောင်းဘုရားကျောင်းတစ်ခုအနီး အငြင်းပွားနေသည့်ဧရိယာမှ ဝေးကွာသောနေရာတွင် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ ပြင်ဆင်ထားရန် သဘောတူခဲ့ကြသည်ဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဟော်နမ်ဟွန်ကပြောသည်။

ဤနယ်စပ်တွင် သွေးထွက်သံယို ပဋိပက္ခများ ရံဖန်ရံခါဆိုသကဲ့သို့ ဖြစ်ပွားခဲ့ကြသည်။ သို့သော်တင်းမာမှုများသည် ရင်လပ်၏ ဂူလိုင်လ ရွေးကောက်ပွဲအနိုင်ရပြီးချိန်မှစ၍ ပြေလျော့ခဲ့သည်။ ယင်းခရီးစဉ်သည် နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးပြန်လည်ကောင်းမွန်လာမည့် ခရီးဖြစ်သည်ဟု ကမ္ဘောဒီးယားနိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အစည်းအဝေးမစတင်မီ အေအက်ဖ်ပီသတင်းဌာနသို့ ပြောဆိုသည်။ လက်ရှိမှာလည်း နှစ်နိုင်ငံဆက်ဆံရေးသည် ပုံမှန်ပြန်ဖြစ်နေကြောင်းလည်း ဆက်လက်ပြောကြားသည်။ ဘုရားကျောင်းဝန်းကျင်မှ နှစ်နိုင်ငံတပ်ဖွဲ့များကို ရုပ်သိမ်းရန် အပြည်ပြည်ဆိုင်ရာ တရားရုံးက ဂူလိုင်လတွင် ပြောကြားခဲ့ရာ လက်ရှိအခြေအနေမှာ ရုပ်သိမ်းခြင်းမရှိသေးသော်လည်း နယ်စပ်ဒေသမှာ တည်ငြိမ်အေးချမ်းလျက်ရှိသည်ဟုဆို၏။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်က ယခင် ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်သည် ထာဝရမိတ်ဆွေကောင်းတစ်ဦးဖြစ်သည်ဟု ပြီးခဲ့သည့်လက ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုင်းနိုင်ငံနှင့် ဆက်ဆံရေးတွင် အိပ်မက်ဆိုးများ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ နယ်စပ်ရေးရာပြဿနာများကို ဖြေရှင်းရန် ထိုင်းအစိုးရနှင့် အတူတကွ ဆောင်ရွက်မည်ဟူသော သန္နိဋ္ဌာန်ချထားကြောင်းလည်းပြောကြားသည်။ ၎င်းနောက် နယ်စပ်မှ နှစ်နိုင်ငံအငြင်းပွားနေသော စတုရန်းမိုင် ၁ ဒသမ ၇ မိုင်ရှိသော ရှေးဘုရားဟောင်းအနီး ပဋိပက္ခဖြစ်သည့် နှစ်နိုင်ငံတပ်ဖွဲ့များ လုံးဝရုပ်သိမ်းရန်လည်းသဘောတူညီမှု ရရှိခဲ့ကြသည်။

ထိုင်းဝန်ကြီးချုပ်၏ မြန်မာပြည်ခရီးစဉ် – ထိုင်းဝန်ကြီးချုပ် မစ္စရင်လပ်ရှင်နာဝပ်သည် ဩဂုတ်လတွင် ထိုင်းနိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ်အဖြစ် တာဝန်အပ်နှင်းခြင်းခံရသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာလ ၅ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် အထူး လေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်အဖွဲ့က နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို နေ့ည နေ ၄ နာရီ မိနစ် ၂၀ တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော် သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံဆက်ဆံရေး၊ ဒေါနတောင်ခြေ (သင်္ကန်းညီနောင်) မှ ကော့ကရိတ်အထိ လမ်းဖောက်ရန်ကိစ္စ၊ အိန္ဒိယ–မြန်မာ–ထိုင်း ၃ နိုင်ငံအဝေးပြေးလမ်းမကြီး စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ကိစ္စ၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ (အက်ခ်မက်စ်) အဖွဲ့ကြီး၏ လုပ်ငန်းစဉ်များကို ယခုထပ်ပိုမိုသွက်လက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စ၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံဆက်လက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတိုးမြှင့်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထိုင်းဝန်ကြီးချုပ်ကလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ရေးရာ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များနှင့် သင်္ကန်းညီနောင်မှ ကော့ကရိတ်အထိ ကားလမ်းဖောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့သော ဆွေးနွေးမှုများသည် မြန်မာနှင့်ထိုင်းနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်နိုင်ပြီး ချစ်ကြည်ရင်းနှီးမှုပိုမိုနိုင်မာနေမည်ဖြစ်သည်။

ၔင်းနောက် ထိုင်းနိုင်ငံအစိုးရမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရထံသို့ မိုးလေဝသနှင့် ဓလေ့ဗေဒဆိုင်ရာ ကိရိယာများ လွှဲပြောင်းပေးအပ်မှုအထိမ်းအမှတ်ဆိုင်းဘုတ်ကို ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံလွှဲပြောင်းပေးအပ်သည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကြည့်ရှုလေ့လာကြပြီး ည ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ နိုင်ငံကူးလက်မှတ်ကို ၎င်း၏ညီမအငယ်ဆုံးဖြစ်သူ ရင်လပ်ရှင်နာဝပ်ထရာဦးဆောင်သည့် ထိုင်းအစိုးရအဖွဲ့က ပြန်လည်ပေးအပ်ခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး Surapong Towichu-kchaikul က ပြောကြားသည်။ ထိုင်းဝန်ကြီးဟောင်းသက်ဆင်သည် ၎င်း၏နိုင်ငံကူးလက်မှတ်ပြန်လည်လျှောက်ထားခြင်းကို အောက်တိုဘာလ ၂၅ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) နိုင်ငံရှိ အဘူဒါဘီမြို့အခြေစိုက် ထိုင်းနိုင်ငံသံရုံးမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မစ္စတာသက်ဆင်၏ ပတ်စ်ပို့ကို ၂၀၀၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်တွင် ထိုစဉ်က ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲချာချီဝက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ရှပ်နီတပ်ဖွဲ့ဝင်များ၏ ဆန္ဒပြပွဲများအပြီးတွင် မစ္စတာသက်ဆင်

၏ နိုင်ငံကူးလက်မှတ်ကို အစိုးရအဖွဲ့က ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ မစ္စတာသက်ဆင်အား နိုင်ငံကူးလက်မှတ်ပြန်လည်ပေးအပ်ခြင်းသည် ထိုင်းနိုင်ငံအတွက် အန္တရာယ်မရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သော်လည်း အဘီဆစ်ဦးဆောင်သည့် အဓိကအတိုက်အခံကမူ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ရုပ်သိမ်းရန် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ထိုင်းဝန်ကြီးချုပ်အစာအဆိပ်သင့် – ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်တွင် ထိုင်းဝန်ကြီးချုပ် ရင်လပ်ရှင်နာဝပ်သည် ပင်လယ်စာများစားသုံးပြီးနောက် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သဖြင့် ဆေးရုံတက်ရောက်ကာ ကုသမှုခံယူခဲ့ရသည်။ ဆေးရုံ၌ကုသမှုခံယူခဲ့ရသည့်နေ့တွင် သူမ၏ တစ်နေ့တာ အစီအစဉ်အားလုံးကို ပယ်ဖျက်ခဲ့ရသည်။ ဝန်ကြီးချုပ်ရင်လပ်သည် နိုဝင်ဘာလ ၃၀ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားခြင်းခရီးစဉ်ကို ပယ်ဖျက်ခဲ့ရသည်။

ထို့နောက်ပိုင်း ထိုင်းဝန်ကြီးချုပ်သည် ကျန်းမာလာသဖြင့် မြန်မာနိုင်ငံတွင် ကျင်းပသည့် စတုတ္ထအကြိမ်ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ၎င်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ ၂၅ မိနစ်တွင် နေပြည်တော်သို့အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြသည်။ ၎င်းအဖွဲ့ကို ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်နှင့်အဖွဲ့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ ယင်းအစည်းအဝေးမှာ ဒီဇင်ဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာလ ၂၀ ရက်မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC) Call Room ၌ လက်ခံတွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ မြဝတီ–ကော့ကရိတ် လမ်းဖောက်လုပ်ရေး၊ ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး၊ နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍနှင့် ရေအားလျှပ်စစ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ညပိုင်းတွင်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက်ထိုင်းဘုရင်ဘူမိဘောဓ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ်လွတ်ငြိမ်းချမ်းသာခွင့်ပေးလေ့ရှိရာ ထိုင်းဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဒီဂရီအရ ထိုင်းနိုင်ငံတစ်ဝန်းအကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား ၉၂၃၄ ဦးတို့သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်က လွတ်မြောက်လာခဲ့ကြသည်။ အဆိုပါအကျဉ်းသား လွတ်ငြိမ်းသာခွင့်ပြုသည့်အခမ်းအနားကို ဘန်ကောက်မြို့ရှိ 'ခလုံပရမ်' ဗဟိုအကျဉ်းထောင်တွင် ကျင်းပရာ လွတ်ငြိမ်းချမ်းသာခွင့်ရသူအကျဉ်းသား ၂၇၆၆ ဦး ပါဝင်ပြီး ဝန်ကြီးချုပ်ရင်လပ်တက်ရောက်ခဲ့သည်။

ဝန်ကြီးချုပ်က အကျဉ်းသားများအနေဖြင့် ဘုရင်မင်းမြတ်၏ကျေးဇူးသစ္စာကို စောင့်သိကြရန်နှင့် စိတ်သစ် လူသစ်ဖြင့် ဘဝသစ်ထူထောင်ကာ နိုင်ငံတော်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက်ဖြင့် ပါဝင်ကြရန်တိုက်တွန်းခဲ့သည်။ ထိုင်းဗုဒ္ဓဘာသာဩဝါဒိစရိယ ဆရာတော်ကြီးများကလည်း ဘုရင်မင်းမြတ်၏လွတ်ငြိမ်းချမ်းသားခွင့်အမိန့်ကို ကြိုဆိုပြီး အကျဉ်းသားများအား နိုင်ငံတော်တိုးတက်ရေးနှင့်ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်ကို ဝိုင်းဝန်းထူထောင်ကြရန် ဩဝါဒပေးခဲ့သည်။

ထို သို့လွတ်ငြိမ်းချမ်းသာခွင့် စာရင်းတွင် ဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝပ်ထရာ မပါရှိကြောင်း ထိုင်းတရားရေးဝန်ကြီးက ပြောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထောင်ဒဏ်မကျခံလို၍ ပြည်ပသို့ တိမ်းရှောင်နေသည့် သက်ဆင်မပါရှိကြောင်း ထိုင်းဝန်ကြီးချုပ် ရင်လပ်ကလည်းနိုဝင်ဘာလ ၂၃ ရက်တွင် အတည်ပြုပြောကြားသည်။ နှစ်စဉ်ပြုလုပ်

သည့် လွတ်ငြိမ်းချမ်းသာခွင့်မှာ မူးယစ်ဆေးဝါးမှု၊ အကျင့်ပျက်ခြစားမှုနှင့် ထောင်ဒဏ်မကျခံဘဲ ထွက်ပြေးတိမ်းရှောင်နေသူများလည်း ခံစားခွင့်မရှိခဲ့ခြင်းများကြောင့် ထိုကဲ့သို့ သက်ဆင်မပါဝင်ဘဲ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။


ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ကလည်း ၎င်းအနေဖြင့် ထိုင်းနိုင်ငံသို့ပြန်ရန် အစီအစဉ်မရှိသေးကြောင်း၊ ထိုင်းနိုင်ငံအတွင်းပြန်လည်ညီညွတ်ရေး ရရှိမှသာ ထိုင်းနိုင်ငံသို့ပြန်မည်ဖြစ်ကြောင်း ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်က တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့ရှိ ကွန်ဖရင့်တစ်ခုတွင် သတင်းထောက်များအား ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ၌ ရုပ်နှိမ်အဖွဲ့များဆန္ဒပြခဲ့ခြင်းအပေါ်အစိုးရဟောင်း၏ ကိုင်တွယ်ဖြေရှင်းမှုနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း အဘီဆစ်အား ထိုင်းရဲဌာနက တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

ယမန်နှစ် (၂၀၁၀) က ရုပ်နှိမ်များဆန္ဒပြမှုအပေါ် အစိုးရဟောင်းအနေဖြင့် စိတ်ရှည်သည်းခံစွာဖြင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို အခြေခံ၍ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်း ရဲဌာနနှင့်တာဝန်ရှိသူများနှင့် မတွေ့မီ အဘီဆစ်ကသတင်းထောက်များကို ပြောကြား၏။

တရားရေးဌာန၏အမိန့်အရ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းပြောသည်။ အစိုးရအနေဖြင့်ဥပဒေစိုးမိုးရေးအတွက် ထိန်းသိမ်းရမည့်တာဝန်ရှိကြောင်း၊ ၎င်းအနေဖြင့် အမှန်များကိုသာပြောဆိုသဖြင့် မိမိကိုယ်ကိုယ် မစိုးရိမ်ကြောင်းလည်း ပြောသည်။ ရုပ်နှိမ်အဖွဲ့ဆန္ဒပြခဲ့စဉ်က အဘီဆစ်သည် အခြေအနေအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရသူတာဝန်ခံဖြစ်ပြီး ဒုတိယဝန်ကြီးချုပ်ဟောင်း သောင်ဆုဘန်းမှာမူ အမျိုးသားလုံခြုံရေးဌာန၏ တာဝန်ခံဖြစ်ကာ ဆုံးဖြတ်ရေးဗဟို၏ ဒါရိုက်တာလည်းဖြစ်ခဲ့သည်။

ရုပ်နှိမ်များဆန္ဒပြခဲ့စဉ်က နှိမ်နင်းရာ၌ ၉၂ ဦးသေဆုံးပြီး ၁၀၀၀ ဦးထက်မနည်းဒဏ်ရာရခဲ့သည်။ ယမန်နှစ် (၂၀၁၀) စက်တင်ဘာနှင့်မေလများတွင် သေဆုံးသူ ၉၂ ဦးနှင့်ပတ်သက်သော စုံးစမ်းစစ်ဆေးမှုပြုလုပ်နေ



ရေဘေးကြောင့် လေယာဉ်ကွင်းအတွင်း ရေများဖုံးလွှမ်းနေသော ထိုင်းနိုင်ငံဒွန်မောင်းလေဆိပ်

မြို့ရှိ ကွန်ဖရင့်တစ်ခုတွင် သတင်းထောက်များအားပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ၌ ရုပ်နှိမ်အဖွဲ့များဆန္ဒပြခဲ့ခြင်းအပေါ်အစိုးရဟောင်း၏ ကိုင်တွယ်ဖြေရှင်းမှုနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း အဘီဆစ်အား ထိုင်းရဲဌာနက တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။

ယမန်နှစ် (၂၀၁၀) က ရုပ်နှိမ်များဆန္ဒပြမှုအပေါ် အစိုးရဟောင်းအနေဖြင့် စိတ်ရှည်သည်းခံစွာဖြင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို အခြေခံ၍ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်း ရဲဌာနနှင့်တာဝန်ရှိသူများနှင့် မတွေ့မီ အဘီဆစ်ကသတင်းထောက်များကို ပြောကြား၏။

တရားရေးဌာန၏အမိန့်အရ ကိုင်တွယ်ဖြေရှင်းခဲ့ကြောင်းပြောသည်။ အစိုးရအနေဖြင့်ဥပဒေစိုးမိုးရေးအတွက် ထိန်းသိမ်းရမည့်တာဝန်ရှိကြောင်း၊ ၎င်းအနေဖြင့် အမှန်များကိုသာပြောဆိုသဖြင့် မိမိကိုယ်ကိုယ် မစိုးရိမ်ကြောင်းလည်း ပြောသည်။ ရုပ်နှိမ်အဖွဲ့ဆန္ဒပြခဲ့စဉ်က အဘီဆစ်သည် အခြေအနေအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရသူတာဝန်ခံဖြစ်ပြီး ဒုတိယဝန်ကြီးချုပ်ဟောင်း သောင်ဆုဘန်းမှာမူ အမျိုးသားလုံခြုံရေးဌာန၏ တာဝန်ခံဖြစ်ကာ ဆုံးဖြတ်ရေးဗဟို၏ ဒါရိုက်တာလည်းဖြစ်ခဲ့သည်။

ရုပ်နှိမ်များဆန္ဒပြခဲ့စဉ်က နှိမ်နင်းရာ၌ ၉၂ ဦးသေဆုံးပြီး ၁၀၀၀ ဦးထက်မနည်းဒဏ်ရာရခဲ့သည်။ ယမန်နှစ် (၂၀၁၀) စက်တင်ဘာနှင့်မေလများတွင် သေဆုံးသူ ၉၂ ဦးနှင့်ပတ်သက်သော စုံးစမ်းစစ်ဆေးမှုပြုလုပ်နေခြင်းဖြစ်ကြောင်းသိရသည်။

သို့ရာတွင် လက်ရှိအစိုးရအဖွဲ့အနေဖြင့် ရဲဘက်ဆိုင်ရာစုံစမ်းစစ်ဆေးမှုများကို ဝင်ရောက်စွက်ဖက်ရန် မသင့်ကြောင်း အဘီဆစ်က ပြောသည်။ ၎င်းသည် ထိုနေ့စောစောပိုင်းတွင်ပင် လက်ရှိ ဒု-ဝန်ကြီးချုပ် မစ္စတာချလမ်ယူဘမ်ရွန်းထံဆက်သွယ်၍ ထင်မြင်ချက်ပေးနေသူများကို ရုပ်တန့်ရန်နှင့် ရဲအလုပ်ရဲလုပ်စေရန် တောင်းဆိုခဲ့သေးသည်။

ထို့ပြင် "ကျွန်တော့်အစိုးရအဖွဲ့က ဆန္ဒပြတာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းခဲ့တယ်ဆိုတဲ့ အထောက်အထားတွေကို ရှင်းလင်းပြသဖို့ ပြင်ဆင်ထားပါတယ်" ဟု ဝန်ကြီးချုပ်ဟောင်းအဘီဆစ်က ပြောကြားသည်။ ဤကဲ့သို့စစ်ဆေးမေးမြန်းမှုများကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

သိန်းဝင်းဇော်

ပါကစ္စတန်နိုင်ငံ။ ။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သည် မေလ ၂ ရက် တွင်ပြုလုပ်သော အမေရိကန်တပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ရပ်တွင် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အိုစမာဘင်လာဒင် သေဆုံးသတင်းထွက်ပေါ်လာပြီး ပါကစ္စတန်သမ္မတအဆစ်ဖ်အလီဇာဒါရီက အရေးပေါ်အစည်းအဝေးခေါ်ယူပြီးနောက် ထုတ်ပြန်ခဲ့သောကြေညာချက်၌ အဆိုပါစစ်ဆင်ရေးတွင် ပါကစ္စတန်စစ်တပ်ပါဝင်ပတ်သက်မှု မရှိကြောင်း အတည်ပြုပြောကြားသည်။

မေလ ၂ ရက်နေ့ နံနက်တွင် အမေရိကန် နေဗီဆီးလ် (Navy Seal) အထူးတပ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ မြောက်ဘက်ကီလိုမီတာ ၆၀ ခန့် အကွာရှိ တောင်တန်းများအကြား စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း၊ စစ်ဆင်ရေးမှာ နှစ်နာရီကြာမျှ ပြုလုပ်ခဲ့ရပြီး အမေရိကန်အထူးတပ်ဖွဲ့၏ စစ်ဆင်မှုကြောင့် အိုစမာဘင်လာဒင်နှင့်အတူ ၎င်း၏ သားတစ်ဦးနှင့်နောက် လိုက်သုံးဦးသေဆုံးခဲ့ကြောင်း၊ ဘင်လာဒင်၏ ကလေးခြောက်ဦး၊ ဇနီးနှစ်ဦးနှင့် ၎င်း၏ မိတ်ဆွေလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ အဆိုပါစစ်ဆင်ရေးတွင် အမေရိကန် စစ်ဘက်ရဟတ်ယာဉ် တစ်စီးပျက်ကျခဲ့ပြီး လေယာဉ်မှူးသေဆုံးခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ၎င်းနေရာသို့ အမေရိကန် စစ်ဘက်ရဟတ်ယာဉ်နှစ်စင်း ရောက်ရှိလာပြီး အိုစမာဘင်လာဒင်၏ ရုပ်အလောင်းကို သယ်ဆောင်သွားခဲ့သည်။ ထို့နောက် မေလ ၂ ရက်တွင်ပင် ရုပ် အလောင်းကို ပင်လယ်အတွင်းမျှောကာ သင်္ဂြိုဟ်လိုက်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အိုစမာဘင်လာဒင်ကို ဆော်ဒီအာရေဗျနိုင်ငံ ရီယတ်မြို့ တွင် ၁၉၅၇ ခုနှစ် မတ်လ ၁၀ ရက်နေ့၌ မွေးဖွားသည်။ ဖခင်မိုဟာမတ်သည် ဘင်လာဒင် ၁၁ နှစ်သားအရွယ်၌ ကွယ်လွန်ခဲ့ပြီး ဘင်လာဒင်သည် မိခင်၊ ပထွေးတို့နှင့် နေထိုင်ခဲ့ရသည်။ ဘင်လာဒင်သည် ဂျက်ဒါမြို့ရှိ အယ်သာဂါ မော်ဒယ် ဗိသုကာကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၇၉ ခုနှစ်၌ ဂျီဒါမြို့တွင် မြို့ပြအင်ဂျင်နီယာဘွဲ့ရရှိသည်။ ၁၉၇၉ ခုနှစ် ဒီဇင်ဘာလတွင် ဆိုဗီယက်ယူနီယံတပ်များက အာဖဂန်နစ္စတန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သောအခါ ဘင်လာဒင်သည် မူဂျာဟစ်ဒင်အမည်ရှိ အာဖဂန်တော်လှန်ရေးအဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ အဆိုပါအဖွဲ့၌ ခြောက်နှစ်ကြာတိုက်ပွဲဝင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ပြောက်ကျားစစ်ဆင်ရေးမှူးဖြစ်လာသည်။ ၁၉၈၈ ခုနှစ်တွင် အယ်လ်ခိုင်ဒါအဖွဲ့ကို ထူထောင်ခဲ့သည်။ အယ်လ်ခိုင်ဒါဟူသည် အာရေဗျစကားအရ အခြေစိုက်စခန်းဟု အဓိပ္ပာယ်ရပြီး မူဂျာဟစ်ဒင်တော်လှန်ရေးအဖွဲ့သို့ ငွေကြေးနှင့်လူများ စုဆောင်းပေးရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဘင်လာဒင်သည် မိသားစုပိုင်ငွေများကို အသုံးပြုကာ အယ်လ်ခိုင်ဒါအဖွဲ့ကို နိုင်ငံတကာကွန်ရက်ရှိ စစ်သွေးကြွအဖွဲ့တစ်ဖွဲ့အသွင်ကူးပြောင်းခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသို့ ပြန်သွားခဲ့သော်လည်း အမေရိကန်၏ မဟာမိတ်ဆော်ဒီအစိုးရကို ဆန့်ကျင်သောကြောင့် ဆူဒန်နိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခံရသည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အမေရိကန်ကို ပစ်မှတ်ထားကာ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။ ယင်းတို့အနက် ၁၉၉၈ ခုနှစ် အာဖရိကတိုက်ရှိ အမေရိကန်သံရုံးနှစ်ခုကို ဗုံးခွဲတိုက်ခိုက်ခြင်းနှင့် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်သင်္ဘော USS COLE ကို တိုက်ခိုက်ခြင်းတို့ပါဝင်သည်။ ယင်းနောက် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် လေယာဉ်များကို ပြန်ပေးဆွဲကာ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံကို တိုက်ခိုက်ခဲ့ရာ မြေပြင်မှ လူပေါင်း ၂၉၇၄ ဦး နှင့် လေယာဉ်ပေါ်တွင် ပြန်ပေးဆွဲရာ၌ ပါလာသည့် ခရီးသည် ၁၉၀ ဦးတို့ သေဆုံးခဲ့သည်။ ၉/၁၁ တိုက်ခိုက်မှုကို ဦးဆောင်ညွှန်ကြားခဲ့သူမှာ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ဖြစ်ကြောင်း စုံစမ်းဖော်ထုတ်ခဲ့ပြီးနောက် ၎င်းသည် အမေရိကန်ပြည်ထောင်စု၏ အခါးသီးဆုံး၊ အလိုရှိဆုံး တရားခံဖြစ်လာခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ကရာချီမြို့အတွင်း အကြမ်းဖက်သမားများကို ပိုက်စိပ်တိုက်ရာဖွေစဉ် မေလ ၁၆ ရက်က ထိပ်တန်းအယ်လ်ခိုင်ဒါခေါင်းဆောင်

တစ်ဦးကို ဖမ်းမိခဲ့ကြောင်း ပါကစ္စတန် တပ်မတော်က ကြေညာသည်။ ပါကစ္စတန် တပ်မတော်က မေလ ၁၇ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာ၌ ကရာချီမြို့မှ မိုဟာမက်အဂီကာတင် ယာကွတ်ဆိုသူ အယ်လ်ခိုင်ဒါထိပ်တန်းဖောက်ခွဲ ရေးသမားအား ဖမ်းဆီးမိခဲ့ကြောင်း ဖော်ပြထား သည်။ ပဏာမစစ်ဆေးသိရှိချက်အရ ၎င်းသည် ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်တစ်လျှောက်တွင် အယ်လ်ခိုင်ဒါခေါင်းဆောင်များ၏ တိုက်ရိုက်ညွှန်ကြားချက်အရ လှုပ်ရှားနေသူဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြသည်။

အယ်လ်ခိုင်ဒါအဖွဲ့၏ အဆင့် (၂) ခေါင်းဆောင်တစ်ဦးဖြစ်သူ အတီယာအက်ဒါရာမန်သည် ပါကစ္စတန်နိုင်ငံတွင် သေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ဩဂုတ်လ ၂၇ ရက်၌ ပြောကြားသည်။ ယင်းနေ့က ပါကစ္စတန်တာလီဘန်လက်နက်ကိုင်များ လှုပ်ရှားရာ ဝါဇီရစ္စတန်ပြည်နယ်၌ မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ပါကစ္စတန်နိုင်ငံ၌ ပြန်ပေးဆွဲခံခဲ့ရသည့် အမေရိကန်နိုင်ငံသားတစ်ဦးကို ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက ဩဂုတ် ၂၅ ရက်နံနက်က ကယ်ဆယ်နိုင်ခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ ပန်ချပ်ပြည်နယ်အရှေ့ပိုင်း ကူချက်ခရိုင်ရှိ နေအိမ်တစ်အိမ်ကို ထိုနေ့နံနက်ပိုင်းက စီးနင်းဝင်ရောက်ပြီး အမေရိကန်နိုင်ငံသားအား ကယ်ဆယ်ကာပြန်ပေးဆွဲသမားအချို့ကို ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်က ဖော်ပြသည်။

အိန္ဒိယပိုင် ကတ်ရ်မီးယားနှင့် ပါကစ္စတန်ပိုင် ကတ်ရ်မီးယားကို ပိုင်းခြားထားသည့် နီလပ်လွင်ပြင်ရှိ ထိန်းချုပ်ရေးမျဉ်း (LOC) တစ်လျှောက်တွင် မိမိတို့ဘက်မှ တစ်စုံတစ်ရာ ရန်စလှုံ့ဆော်ခြင်းမရှိဘဲ အိန္ဒိယစစ်သားများက ပစ်ခတ်သဖြင့် မိမိတို့ဘက်မှ စစ်သည် သုံးဦးကျဆုံးခဲ့သည်ဟု ပါကစ္စတန်က စက်တင်ဘာလ တစ်ရက်နေ့က စွပ်စွဲပြောဆိုခဲ့သည်။ အိန္ဒိယဘက်က ထိုစွပ်စွဲချက်ကိုပယ်ချပြီး ပါကစ္စတန်ဘက်က ပထမဆုံး ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ ကတ်ရ်မီးယား ဒေသတွင် ထိုသို့သော အဖြစ်မျိုးမကြာခဏ ဖြစ်ပွားလေ့ရှိသော်လည်း မကြာသေးမီကာလများအတွင်း အကြိမ်ကျဲသွားခဲ့သည်။ ဇွန်တိသျှ လက်အောက်မှ အိန္ဒိယနိုင်ငံလွတ်လပ်ရေးရရှိခဲ့သော ၁၉၄၇ ခုနှစ် နောက်ပိုင်း အိန္ဒိယနှင့် ပါကစ္စတန်အကြား စစ်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ရာ နှစ်ကြိမ်မှာ ကတ်ရ်မီးယားအရေးနှင့် ပတ်သက်၍ဖြစ်သည်။ ချူကလီးယားပိုင်ရှင်များဖြစ်ကြသော အိန္ဒိယနှင့်ပါကစ္စတန်တို့သည် ၂၀၀၃ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးသဘော တူစာချုပ်တစ်ခုချုပ်ဆိုနိုင်ခဲ့သည်။ ထိုမတိုင်မီက (LOC) မျဉ်းတစ်လျှောက်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်မှုများ ရှိခဲ့သော်လည်း ပြီးခဲ့သောသုံးနှစ်အတွင်း ပစ်ခတ်မှုအနည်းငယ်သာရှိခဲ့သည်။ အိန္ဒိယပိုင်ကတ်ရ်မီးယား ပြည်နယ်၏မြို့တော် ဆရီနဂါမှ စစ်အရာရှိတစ်ဦးက စစ်သွေးကြွများ နီလမ်လွင်ပြင်ကိုဖြတ်ပြီး မိမိတို့နယ်မြေပိုင်နက်အတွင်းသို့ဝင်ရောက်ရန် ကြိုးစားခဲ့သော ဩဂုတ်လ ၃၀ ရက်ညတွင် တင်းမာမှုစတင်ခဲ့ခြင်းဖြစ်ကြောင်း အပြန်အလှန်ပစ်ခတ်မှုတွင် မိမိတို့ဘက်မှ စစ်သည်တစ်ဦး ကျဆုံးခဲ့ကြောင်း မိမိတို့၏ နယ်ခြားစောင့်ကင်းစခန်းတစ်ခုအား ပါကစ္စတန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ကြောင်း ပြောဆိုခဲ့သည်။ ပါကစ္စတန် စစ်ဘက်ပြောခွင့်ရပုဂ္ဂိုလ်ဗိုလ်ချုပ်အက်သာ အဘတ်စ်ကမူ (LOC) တွင် တာဝန်ကျနေသော မိမိတို့၏ ကင်းတပ်ဖွဲ့ဝင် တပ်စုစခန်းတစ်ခုမှ တစ်ခုသို့ပြောင်းရွှေ့နေစဉ် အိန္ဒိယဘက်က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုလုပ်ရပ်မှာ ဒေသဆိုင်ရာ အိန္ဒိယတပ်မှူးများ၏ ပြဿနာရှာသော လုပ်ရပ်ဖြစ်ကြောင်း၊ ထိုဖြစ်စဉ်အတွင်း မိမိတို့ဘက်မှ တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ကြောင်း ပြောဆိုခဲ့သည်။ ပါကစ္စတန်အခြေစိုက်စစ်သွေးကြွများ၏ လက်ချက်ဟု အိန္ဒိယက စွပ်စွဲခဲ့သော လူ ၁၆၅ ဦးသေဆုံးခဲ့သည့် မွမ်ဘိုင်းကိုက် ခိုက်မှုပြီးကတည်းက ရပ်ဆိုင်းထားခဲ့သော နှစ်နိုင်ငံကြားဆွေးနွေးပွဲများကို ဖေဖော်ဝါရီလတွင် ပြန်လည်စတင်ခဲ့ပြီး ဇူလိုင်လတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဒေလီမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၁၃ ရက်က အာဖဂန်နစ္စတန်ရှိ အမေရိကန်သံရုံးနှင့် နေတိုးတပ်ဖွဲ့ဝင်များတပ်စွဲထားသည့် ဌာနချုပ်ကို တာလီဘန်လက်နက်ကိုင်တစ်စုက ပုခုံးထမ်းလောင်ချာအပါအဝင် စက်သေနတ်ကြီးများဖြင့် နာရီ ၂၀ ကြာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ တာလီဘန်လက်နက်ကိုင်များသည် အမေရိကန်သံရုံးနှင့် အာဖဂန်အခြေပြုနေတိုးဌာနချုပ်နှင့် မိတာ ၈၀၀ ခန့်အကွာရှိ အဆောက်အအုံတစ်ခုကို သိမ်းပိုက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ နေတိုးတိုက်ခိုက်ရေးရဟတ်ယာဉ်များကလည်း တာလီဘန်တို့အား ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများသေဆုံးခဲ့ကြသည်။ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများအတွင်း သံရုံးဝင်း လုံခြုံရေးရဲများ၊ ဗီဇာလျှောက်ရန်စောင့်ဆိုင်းနေသူများ၊ လမ်းသွားလမ်းလာများအပါအဝင် လူ ၂၀ ကျော် သေဆုံးခဲ့သော်လည်း သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ တစ်စုံတစ်ရာမထိခိုက်ခဲ့ပေ။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပစ်မှတ်ရွေးချယ်ပြီး ဟက်ကာနီအကြမ်းဖက် ကွန်ရက်များနှင့် ချိတ်ဆက်ပေးခဲ့သည့် အထောက်အထားများရရှိထားသည်ဟု ပြောကြားလျက်ရှိရာ ဖြစ်ပေါ်လာမည့် အကျိုးဆက်များအတွက် ပါကစ္စတန်တွင်တာဝန်ရှိလာနိုင်ကြောင်း အမေရိကန်က သတိပေးပြောကြားထားသည်ဟု စီအင်န်အင်န်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်နိုင်ငံအကြား တင်းမာမှုများဖြစ်ပေါ်နေစဉ် ပါကစ္စတန်စစ်ဦးစီးချုပ်နှင့် စေ့စပ်ဆွေးနွေးမှုများပြုလုပ်ရန် အမေရိကန်စစ်တပ်စစ်ဗိုလ်ချုပ် ဂျိမ်းမတ္တစ်သည် ပါကစ္စတန်၌ရောက်ရှိနေစဉ် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပါကစ္စတန်အတွင်းရှိ အာဖဂန်စစ်ဆေးကြအဖွဲ့ကို တိုက်ခိုက်ရန် အမေရိကန်တပ်ဖွဲ့ဝင်များကို နိုင်ငံအတွင်းသို့ စေလွှတ်ခြင်းမပြုရန် သတိပေးပြောကြားခဲ့သည်။ အာဖဂန်ရှိစစ်ဆေးကြများကို ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့ (အိုင်အက်စ်အိုင်) က အကူအညီပေးနေကြောင်း



ဝါရှင်တန် အမြွာမျှော်စင်တိုက်ခိုက်ခံရမှု ပုံရိပ်နှင့် အိုစမာဘင်လာဒင်

အမေရိကန်ထောက်လှမ်းရေးဌာန (စီအိုင်အေ) က အမေရိကန်အရာရှိများက စွပ်စွဲပြောဆိုခဲ့သဖြင့် အမေရိကန်နှင့်ပါကစ္စတန်နိုင်ငံဆက်ဆံရေးပြတ်တောက်လုနီးပါးဖြစ်ခဲ့သည်ဟု အေပီသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်အတိုက်အခံနိုင်ငံရေးခေါင်းဆောင် အမွှန်ခန်းက ပါကစ္စတန်သို့ အကူအညီပေးမှုများကို ဖြတ်တောက်ရန် ဗြိတိန်နိုင်ငံအား တောင်းဆိုထားသည်။ ဗြိတိန်၏ အကူအညီပေးမှုများသည် ပြည်သူများထံ မရောက်ဘဲ အကျင့်ပျက်ခြစားမှုတို့ကိုသာ တွန်းအားပေးရာရောက်နေသဖြင့် ၎င်းကတောင်းဆိုထားခြင်းဖြစ်

သည်။ ဗြိတိန်သည် လာမည့်နှစ်များတွင် ၎င်း၏ကူညီထောက်ပံ့မှုကို ပေါင်သန်း ၁၄၀ မှ ၃၅၀ အထိ တိုးချဲ့ရန် စီစဉ်ထားသည်။

အာဖဂန်ရှိ အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသော တာလီဘန်တို့အား ပါကစ္စတန် ထောက်လှမ်းရေးအဖွဲ့ (ISI) က လက်နက်နှင့် လေ့ကျင့်မှုများ ပံ့ပိုးပေးခဲ့ကြောင်း တာလီဘန်များက ပြောကြားသည်။ ယင်းပြောကြားချက်များကို တာဝန်ရှိသူများက ငြင်းဆို ခဲ့သော်လည်း ယင်းပြောကြားချက်များကြောင့် ပါကစ္စတန် နှင့်အမေရိကန်အကြား တင်းမာမှုပိုမိုမြင့်တက်စေခဲ့သည်။ အဘော့တာဘတ်မြို့နှင့် ၁၂ မိုင်ကွာဝေးသော မန်ဆက်ဟ်ရာမြို့တွင် ဘင်လာဒင်ပုန်းအောင်းနေကြောင်း ၂၀၀၆ ခုနှစ်က သတင်းပေးခဲ့သော်လည်း ယင်းသတင်းအပေါ် တုံ့ပြန်လုပ်ဆောင်ခြင်းမရှိခဲ့ကြောင်း ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အာဖဂန်ထောက်လှမ်းရေးအကြီးအကဲ တာဝန်ယူခဲ့သည့် အမ်ရှလာဆာလက်ဖ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို ၂၀၀၇ ခုနှစ်၌ လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ပါကစ္စတန်ရှိ အကြမ်းဖက်မှုဆန့်ကျင်ရေးတရားရုံးက အထက်တန်းရဲအရာရှိ နှစ်ဦးနှင့် တာလီဘန်အစွန်းရောက်ငါးဦးတို့ကို တရားစွဲဆိုထားသည်။ ရဲအရာရှိနှစ်ဦးသည် ဝန်ကြီးချုပ်ဘူတိုကို ကာကွယ်စောင့်ရောက်ရန် ပျက်ကွက်ခြင်းနှင့် လုံခြုံရေးကျိုးပေါက်မှုတို့ဖြင့် တရားစွဲဆိုခံရခြင်းဖြစ်သည်။ တာလီဘန် အစွန်းရောက်ငါးဦးသည် ဘူတိုသေဆုံးမှုအပေါ် ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲခံရခြင်းဖြစ်သည်ဟု အစိုးရရှေ့နေက ထုတ်ဖော်ပြောကြားသည်။ ဝန်ကြီးချုပ်ဘူတိုသည် ရွေးကောက်ပွဲ မဲဆွယ်တရားဟောနေစဉ် သေနတ်ဖြင့်ပစ်ခတ်မှုနှင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ တရားစွဲ ဆိုခြင်းခံရသည့်ရဲအရာရှိတစ်ဦးဖြစ်သူ Saud Aziz သည်ဝန်ကြီးချုပ်လုပ်ကြံခံရသည့် ရာဝါပင်ဒီဌိ ရဲတပ်ဖွဲ့ အကြီးအကဲဖြစ်ပြီး ၎င်းနှင့်အတူ အခြားအရာရှိတို့သည် လွန်ခဲ့သည့်တစ်နှစ်က ဖမ်းဆီးခံရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းကြောင်း လုံခြုံရေးအစီအစဉ်ကို ပြောင်းလဲခဲ့ကြသူများဖြစ်သည်ဟု တရားလိုရှေ့နေ မိုဟာမက်အေဇာက ပြောကြားသည်။ ထိုစဉ်က သမ္မတပါဗက်မူရှာရက်သည် ဝန်ကြီးချုပ် လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ ဝန်ကြီးချုပ်ဘူတိုအတွက် လုံခြုံသော အစီအမံများဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းအပေါ် ဖေဖော်ဝါရီလအတွင်းက



ပါကစ္စတန်သမ္မတဟောင်း ပါဗက်မူရှာရက်

တရားရုံးက ဖမ်းဝရမ်းထုတ်၍ မူရှာရက်အား ဖမ်းဆီးမိန့်ထုတ်ခဲ့သည်။ ဖေဖော်ဝါရီလက တရားရုံးတော်သို့ လာရောက်အစစ်အဆေးခံရန် ပျက်ကွက်ခဲ့ပြီးနောက် တရားရုံးက ၎င်းကို ဝရမ်းပြေးတစ်ဦးအဖြစ် ကြေညာခဲ့သည်။ မူရှာရက်ကမူ စွပ်စွဲမှုများကို ငြင်းဆိုခဲ့သည်။

ပါကစ္စတန်အတိုက်အခံပါတီကို ထောက်ခံအား ပေးသူသုံးသောင်းကျော်တို့သည် လာဟိုးမြို့၌ ချီတက်ဆန္ဒပြကာ လက်ရှိသမ္မတ အဆစ်အလီဇာဒါရီကို ရာထူးမှ ဆင်းပေးရန်တောင်းဆိုခဲ့သည်။ ထိုဆန္ဒပြမှုကို ပါကစ္စတန် မူဆလင်ပါတီက ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲကို ၎င်းတို့ကြိုးစိုးရာ ပန်ဂျပ်ပြည်နယ်တွင် စောစီးစွာ ပြုလုပ်ပေးရန် ရည်ရွယ်သည်။ ၎င်းပါတီသည် လက်ရှိသမ္မတ၏ ဆောင်ရွက်မှုများကို ပြင်းထန်စွာ ဝေဖန်ထားပြီး ရာထူးမှဆင်းပေးရန် တောင်းဆိုထားသည်။

အနောက်အုပ်စုနှင့် စစ်ပွဲဆင်နွှဲလျက်ရှိသော အစွန်လာမွစ်စစ်သွေးကြွများက ပါကစ္စတန်၏ နျူကလီးယား လက်နက်တိုက်ကို ထိုးဖောက်ဝင်ရောက်၍ လက်နက်များ ကြားဖြတ်ယူမည့် အန္တရာယ်ကို အမေ

ရိကန်ပြည်ထောင်စုက စိုးရိမ်လျက်ရှိသည်။ စုံစမ်းထောက်လှမ်းမှုများမှ လွတ်ကင်းရန်အတွက် ပါကစ္စတန်နိုင်ငံသည် နျူကလီးယားလက်နက် အစိတ်အပိုင်းများကို လုံခြုံရေးအစီအမံအနည်းငယ်ဖြင့် ကုန်တင်ယာဉ်များသုံးကာ လျှို့ဝှက်ရွှေ့ပြောင်းခဲ့ကြောင်း အမေရိကန်ထုတ်မဂ္ဂဇင်းများက ရေးသားဖော်ပြခဲ့ခြင်းကြောင့် ပါကစ္စတန်၏ လက်နက်များလုံခြုံရေးနှင့်ပတ်သက်၍ ပိုမိုစိုးရိမ်ဖွယ်ရာဖြစ်ခဲ့ရသည်ဟု သတင်းများတွင်ဖော်ပြသည်။

ပါကစ္စတန်သည် ၎င်း၏နျူကလီးယားလက်နက်များဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ယင်းလက်နက်များ၏ လုံခြုံရေးနှင့်ပတ်သက်သော အချက်အလက်များအား လူသိရှင်ကြားထုတ်ပြန်ခဲ့သည်။ နျူကလီးယားလက်နက်တိုက်ကိုကာကွယ်ရန် လူအင်အား ၈၀၀၀ ထပ်မံဖြည့်တင်း၍ လေ့ကျင့်ပေးလျက်ရှိကြောင်း ပါကစ္စတန်စစ်ဘက်ကထုတ်ပြန်ကြေညာခဲ့ခြင်းသည် အမေရိကန်မဂ္ဂဇင်းများ၌ ဖော်ပြခဲ့သည့် သတင်းဆောင်းပါးအား တုံ့ပြန်ချက်အဖြစ် ယူဆနိုင်သည်။ နျူကလီးယားလက်နက်များအား လုံခြုံရေးအနည်းငယ်ဖြင့် လျှို့ဝှက်ရွှေ့ပြောင်းနေသည်ဟု အမေရိကန်ထုတ်မဂ္ဂဇင်းပါ သတင်းမှာ မဟုတ်မှန်ကြောင်း ပါကစ္စတန်နိုင်ငံက ငြင်းဆန်ထားသည်။

ဗီယက်နမ်နိုင်ငံ။ ။ နိုင်ငံရေး – တောင်တရုတ်ပင်လယ်ပြင်၌ ရေပိုင်နက်ဆိုင်ရာအငြင်းပွားမှု ဖြစ်ပွားနေစဉ် ဗီယက်နမ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံရေတပ်များအကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ရန် စီစဉ်ထားသည်။ ဗီယက်နမ်နှင့်အမေရိကန်ရေတပ်များလုပ်ဆောင်မည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုတစ်ရပ်ဖြစ်သည်။

ဗီယက်နမ်နှင့်အမေရိကန်တို့သည် ၁၉၉၅ ခုနှစ်တွင် နှစ်နိုင်ငံကြားဆက်ဆံရေးကို ပုံမှန်အနေအထားရောက်အောင် လုပ်ဆောင်ခဲ့ပြီးနောက်ပိုင်း၌ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ တင်းမာမှုဖြစ်ပွားသောအခါတွင် ဗီယက်နမ်နှင့် အမေရိကန်တို့၏ ဆက်ဆံရေးမှာ နယ်ပယ်များစွာ၌ မြှင့်တင်ခဲ့ကြသည်။

တောင်တရုတ်ပင်လယ်အနီးတွင် မဟာဗျူဟာအရ အရေးပါသောရေပိုင်နက်နှင့် ပတ်သက်ပြီး တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံအချို့အငြင်းပွားလျက်ရှိနေချိန်တွင် ဗီယက်နမ်က တရုတ်နိုင်ငံသည် ၎င်း၏ ရေမိုင် ၂၀၀ နှင့် ကင်းလွတ်လျက်ရှိသော စီးပွားရေးဇုန်အတွင်း ချိုးဖောက်မှုပြုလုပ်ကာ ရေနံရှာဖွေရေးသင်္ဘောများဖြင့် အနှောင့်အယှက်ပြုနေကြောင်း နှစ်ကြိမ်တိုင်အောင် စွပ်စွဲပြောဆိုခဲ့သည်။

ထို့နောက် တစ်ဖန် ၂၀၁၁ ခုနှစ် ဇွန်လထဲတွင်ပင် ဗီယက်နမ်နှင့်တရုတ်တို့သည် တုန်ကင်ပင်လယ်ကွေ့၌ နှစ်ရက်တာပူးတွဲကင်းလှည့်နေကြကြောင်း၊ တောင်တရုတ်ပင်လယ်ပြင်၌ ရေပိုင်နက်ဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပွားနေစဉ် ဤကဲ့သို့ ပူးတွဲကင်းလှည့်နေခြင်းဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ကြေညာသည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တရုတ်နှင့် ဗီယက်နမ်ရေတပ်သင်္ဘောများသည် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှု အစီအစဉ်တစ်ရပ်အဖြစ် ဖော်ပြပါပင်လယ်ကွေ့၌ တနင်္ဂနွေနေ့နှင့် တနင်္လာနေ့တို့တွင် ပူးတွဲကင်းလှည့်နေကြခြင်းဖြစ်ပြီး ယခုအခါ ဗီယက်နမ်ရေတပ်မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံကွမ်ဒုံးပြည်နယ်တောင်ပိုင်းရှိ ရှင်ကျင့်ကမ်းခြေမြို့သို့ လေးရက်တာသွားရောက်လည်ပတ်ကြသည်။

အငြင်းပွားနယ်နိမိတ်အတွင်း တရုတ်နိုင်ငံအင်အားပြလာမှုကို ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့က စိုးရိမ်မကင်းဖြစ်လာခဲ့သော်လည်း တရုတ်နိုင်ငံကမူ ယင်းပြဿနာကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်းရန် လုပ်ဆောင်နေခြင်းဟုဆိုသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံကို ရင်ဆိုင်ဝံ့ရေးအတွက် အမေရိကန်အနေဖြင့် အာဆီယံနိုင်ငံများကို စစ်ရေးနှင့်နိုင်ငံရေးအရ ပိုမိုပံ့ပိုးပေးရန် အထက်လွတ်တော်အမတ် ဂျွန်မက်ကိန်းက တိုက်တွန်းလိုက်သည်။ ထိုအခါ တရုတ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျူတိယံဘိုင်ကမူ ဗီယက်နမ်အပါအဝင် အိမ်နီးချင်းနိုင်ငံများမှာ အငြင်းပွားရေပိုင်နက်အတွင်းဖြစ်ပွားခဲ့သောကိစ္စနှင့် ပတ်သက်ပြီး တာဝန်ရှိကြောင်းပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ၏ ၂၀၁၁ ခုနှစ် အတွက် ကာကွယ်ရေးအသုံးစရိတ်အဖြစ် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံသုံးစွဲရန် (၁၁) ကြိမ်မြောက် ပါတီညီလာခံ၌ အတည်ပြုလိုက်သည်။ ယင်းမှာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။

နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်နိုင်ရန် လက်နက်ကိုင်တပ်ဖွဲ့များ၏ စွမ်းအားကို မြှင့်တင်ရန် လိုအပ်လျက်ရှိပြီး ဗီယက်နမ်ရေတပ်၊ လေတပ်၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့၊ အီလက်ထရွန်းနစ်ထောက်လှမ်းရေးတပ်ဖွဲ့တို့ကို အဆင့်မြှင့်တင်ရန် အတွက် ဦးစားပေးဆောင်ရွက်ရန်ရှိသည်။ ဗီယက်နမ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကို စွမ်းပကားမြှင့်တင်နိုင်ရန်အတွက် ကွန်မြူနစ်ပါတီနှင့် အစိုးရအဖွဲ့တို့က အစီအစဉ်များရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ၏ သမ္မတသစ်အဖြစ် အသက် ၆၂ နှစ်အရွယ်ရှိ ထရန်တန်ဆန်း (Truong Tan Sang)အား အမျိုးသားလွတ်တော်က ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာက ဇူလိုင်လ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ထရန်တန်ဆန်းအား တစ်ဦးတည်းသော သမ္မတလောင်းအဖြစ် တရားဝင်အမည်စာရင်းတင်သွင်းခဲ့ပြီးနောက် အမျိုးသားလွတ်တော်က ဇူလိုင်လ ၂၅ ရက်တွင် မဲခွဲဆုံးဖြတ်ရာ၌ မဲပေးသူ ၄၉၆ ဦးအနက် ၉၇ ရာခိုင်နှုန်းကျော်က ၎င်းအားသမ္မတအဖြစ် တင်မြှောက်ရန် ထောက်ခံမဲပေးခဲ့ကြောင်း အမျိုးသားလွတ်တော်ပြန်ကြားရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

သမ္မတထရန်တန်ဆန်းသည် ဗီယက်နမ်နိုင်ငံ၏ နဝမမြောက်သမ္မတအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော သမ္မတမှာ နိုင်ငံထူထောင်သူ ဟိုချီမင်းဖြစ်သည်။ ထရန်တန်ဆန်းသည် အာဏာရ ကွန်မြူနစ်ပါတီ၏ ဒုတိယရာထူးအမြင့်ဆုံး ခေါင်းဆောင်တစ်ဦးအဖြစ် ၂၀၀၆ ခုနှစ်မှစ၍ တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ပြင် ဟိုချီမင်းမြို့တော်ဝန်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဗီယက်နမ်အမျိုးသားလွတ်တော်သည် လက်ရှိဝန်ကြီးချုပ် ငုယင်တန်ဒွန်းအား ဒုတိယရာထူး သက်တမ်းအတွက် ထပ်မံရွေးချယ်တင်မြှောက်ခဲ့သည်။ အသက် ၆၂ နှစ်ရှိငုယင်တန်ဒွန်းသည် ၂၀၀၆ ခုနှစ်မှစ၍ ဝန်ကြီးချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လာခဲ့သည်။ ၎င်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

စီးပွားရေး – (၁၂) ကြိမ်မြောက်အရွေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများအကြားမော်တော်ကားစက်မှုလုပ်ငန်းဖိုရမ်ကို ၂၀၁၁ ခုနှစ် ဧန်နဝါရီလ ၂၄ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။

ယင်းဖိုရမ်သို့တက်ရောက်လာကြသော ကိုယ်စားလှယ်များက အာဆီယံလွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်အတွင်း မော်တော်ကား စက်မှုလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းမွန်သည့်အာဆီယံကားများ စံပြထုတ်လုပ်သွားရေးနှင့် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား ဇီဝလောင်စာဆီ အသုံးပြုသောကားများ တိုးမြှင့်ထုတ်လုပ်ရေးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံနှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများ အလွန်ကောင်းမွန်ပြီး ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်၊ ပညာရေး၊ အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးစသည့်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ကြမည်ဖြစ်သည်။

၎င်းနှစ်နိုင်ငံတို့သည် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများဖြစ်လာချိန်နှင့် ပူးပေါင်းဆောင်ရွက်မှုများအားသစ်လောင်းချိန်၌ ဗီယက်နမ်နိုင်ငံဆိုင်ရာတောင်ကိုရီးယားသံအမတ်သစ်ကိုကြိုဆိုပါကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒွန်းကဆိုသည်။ ဗီယက်နမ်နိုင်ငံ၌ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုပိုမိုအားကောင်းလာစေရန် လုပ်ဆောင်သင့်သည်ဟူသော ဆန္ဒလည်းရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၌ တတိယအကြီးမားဆုံး ရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ပြီး



ဗီယက်နမ်သမ္မတ ထရန်တန်ဆန်း

တောင်ကိုရီးယားစီမံကိန်းအများစုသည်လည်း ထိရောက်သော ကုန်ထုတ်လုပ်မှုရလဒ်များရှိခဲ့သည်။

ထို့ပြင် ဗီယက်နမ်အစိုးရသည် နှစ်အတော်ကြာကာလအတွင်း အကြီးမားဆုံးနှုန်းဖြင့် ဒေါင်ငွေတန်ဖိုးကို လျှော့ချလိုက်သည်။ ကုန်သွယ်မှုလိုငွေပမာဏအလွန်များနေခြင်းနှင့် ငွေကြေးဖောင်းပွမှု ကြီးမားနေခြင်းအပါအဝင် ရောထွေးယှက်နွယ်နေသော ပြဿနာများကိုပါ ကိုင်တွယ်ဖြေရှင်းသွားနိုင်ရန် အစိုးရအနေဖြင့် ပိုမိုအားစိုက်ဆောင်ရွက်သွားမှာဖြစ်မည်ဟု ဝေဖန်ဆန်းစစ်သူများကဆိုသည်။

ဘဏ်အချင်းချင်းငွေဖလှယ်နှုန်းမှာ ယခင်က တစ်ဒေါ်လာလျှင် ဗီယက်နမ်ဒေါင်ငွေ ၁၈,၉၃၂ ရှိခဲ့ရာမှ ယခုအခါ ၉ ဒသမ ၉ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားပြီး တစ်ဒေါ်လာလျှင် ဒေါင်ငွေ ၂၀,၆၉၃ ရှိနေကြောင်း ဗီယက်နမ်အစိုးရ ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

ရည်ရွယ်ချက်မှာ ဈေးကွက်အတွင်း ငွေကြေးလည်ပတ်မှု မှန်ကန်တည်ငြိမ်ရေး၊ ကုန်သွယ်ရေး လိုငွေပြမှုကို ရပ်ဆိုင်းရေးနှင့် ပိုမိုသွက်လက်ပြီး လိုအပ်သလို ပြုပြင်လုပ်ကိုင်ရန် လွယ်ကူသော ငွေကြေးဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးပင် ဖြစ်သည်။ ဗီယက်နမ်အစိုးရတွင် အခြားနိုင်ငံသုံးငွေပမာဏလည်းလျော့နည်းလာသည့်အလျောက် လိုငွေပြမှုကြီးမားသည့်ပြဿနာနှင့်ရင်ဆိုင်နေရသည်။

နိုင်ငံ၏သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက်ပိုနေသောကြောင့် ကုန်သွယ်ရေးလိုငွေပြမှုမှာ ခန့်မှန်းခြေဒေါ်လာ ၁၂ ဒသမ ၄ ဘီလီယံရှိသည်။ အလွန်များပြားသော ကုန်သွယ်ရေးလိုငွေပမာဏနှင့် လျင်မြန်စွာလျော့နည်းလာသော ထိန်းသိမ်းထားသည့် အခြားနိုင်ငံသုံးငွေပမာဏများကြောင့် ဗီယက်နမ်၏ငွေကြေးတန်ဖိုးလျှော့ချနိုင်ရန်နှင့် အခြားဆောင်ရွက်ဖွယ်များကို လုပ်ကိုင်ကြရတော့မည်ဟု ဟန်ဂျင်းစီးပွားရေးကောလိပ်မှ လီဒန်ဒုန်ကဆိုသည်။

ငွေတန်ဖိုးလျှော့ချလိုက်သောကြောင့် သွင်းကုန်များကို ယာယီလျှော့နည်းသွားစေနိုင်သော်လည်း တင်သွင်းသည့် လောင်စာဆီဈေးနှုန်း ပိုများလာမည်ဖြစ်၍ ငွေကြေးဖောင်းပွမှုနှုန်းလည်း ပိုမြင့်လာနိုင်သည်။

ဗီယက်နမ်ဒေါင်ငွေတန်ဖိုးသည် ယခင်နှစ် ဩဂုတ်လမှစ၍ ဖောင်းပွလာခဲ့ရာ ယခုနှစ် ၂၀၁၁ ခု ဧန်နဝါရီလ၌ ၁၂ ဒသမ ၁၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့သည်။ အိမ်နီးချင်းနိုင်ငံများ၏ ငွေဖောင်းပွနှုန်းထက်ပင် မြင့်နေသည်။

ထို့နောက် စွမ်းအင်အလွန်လိုအပ်နေသော ဗီယက်နမ်နိုင်ငံတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံသစ်များ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများရရှိရန် လျှပ်စစ်ဓာတ်အားခများကို ၁၅ ရာခိုင်နှုန်းအထိတိုးမြှင့်မည်ဖြစ်သဖြင့် ၂၀၁၁ ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားဈေးနှုန်း ၁၅ ဒသမ ၂၈ ရာခိုင်နှုန်းတိုးမြှင့်မည့်အစီအစဉ်ကို ဝန်ကြီးချုပ် ငုယင်တန်ဇွန်းက ခွင့်ပြုပြီးသော်လည်း တရိပ်ရိပ်တက်နေသော ကုန်ပစ္စည်းဈေးနှုန်းများကို ထိန်းချုပ်ရန်လည်း လိုအပ်လျက်ရှိသည်။ဖေဖော်ဝါရီလအတွင်း ဗီယက်နမ် ငွေတန်ဖိုးချခဲ့ပြီးနောက် လျှပ်စစ်ဓာတ်အား ဈေးနှုန်းအပြင် ဓာတ်ဆီဈေးနှုန်းလည်း မြင့်တက်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားခဈေးနှုန်းကို အနည်းဆုံး ၁၆ ရာခိုင်နှုန်းအထိ မြှင့်တင်ထားနိုင်လင့်ကစား ဗီယက်နမ်၏ လျှပ်စစ်ဓာတ်အားခ

နှုန်းများမှာ ဒေသတွင်းနိုင်ငံများ၏ ဓာတ်အားခနှုန်းထက် လျော့နည်းနေသည်။

ထိုကဲ့သို့ တိုးထားသည့်လျှပ်စစ်ဓာတ်အားခနှုန်းထားများကြောင့် ကြုံတွေ့နေရသော အကျပ်အတည်းများ လျော့ပါးရန်အတွက် ဝင်ငွေနည်းသောနိုင်ငံသားများအား ထောက်ပံ့ငွေ ကူညီမည်ဟု သက်ဆိုင်ရာက ကြေညာထားသည်။ ကုန်ဈေးနှုန်းများကို ထိန်းချုပ်ရန် အစိုးရအသုံးစရိတ်ထဲမှ ၁၀ ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်သည်။

သိန်းဝင်းဇော်

မြောက်ကိုရီးယားနိုင်ငံ။ ။ ယနေ့ကမ္ဘာပေါ်တွင် စစ်ရေးပြဿနာ၊ နိုင်ငံရေးပြဿနာ၊ နယ်စပ်ပြဿနာ၊ အကြမ်းဖက်မှုပြဿနာ စသည်တို့ဖြင့် နိုင်ငံတကာက စောင့်ကြည့်ခံနေရသည့် နိုင်ငံအချို့ရှိရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (Democratic Peoples' Republic of Korea) သည်ထိပ်ဆုံးက ပါဝင်နေသည်။

ယနေ့ကမ္ဘာပေါ်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံများမှာ ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ တရုတ်၊ ရုရှားသမ္မတနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ဖြစ်ကြသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံ ၈ နိုင်ငံတွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင်သည်။ ထို့အတူ ယနေ့ကမ္ဘာပေါ်တွင် လက်နက်ကိုင်တပ်ဖွဲ့ဝင် အင်အားအကြီးဆုံး ၅ နိုင်ငံတွင်လည်း မြောက်ကိုရီးယားနိုင်ငံပါဝင်ရပ်တည်နေသည်။

ကမ္ဘာပြဿနာပေါင်းစုံတွင် အရေးပါလှသော နိုင်ငံလည်းဖြစ်ပြီး စက်မှုထိပ်သီး ၈ နိုင်ငံတွင်ပါဝင်သည့်သမိုင်းအစဉ်အလာကြီးမားသည့် ရုရှားနိုင်ငံထက်ပင် အင်အားများနေပြီး အဆင့် ၄ တွင် ရပ်တည်နေသည်။

မြောက်ကိုရီးယား၏ ၂၀၁၀ ပြည့်နှစ် စာရင်းဇယားအရ အမြဲတမ်းတပ်ဖွဲ့ဝင်အင်အား ၁,၁၀၆,၀၀၀၊ အရန်တပ်ဖွဲ့ဝင်အင်အား ၄,၇၀၀,၀၀၀၊ စစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ ပင်မတိုက်ပွဲဝင်တင့်ကား ၃,၅၀၀ စီး၊ စစ်သင်္ဘော ၈ စင်း၊ ရေငုပ်သင်္ဘော ၆၃ စင်း၊ တိုက်ပွဲဝင်လေယာဉ် ၅၉၀ စင်းနှင့်မဟာဗျူဟာမြောက်နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။

မြောက်ကိုရီးယားတို့က အလေးထားစောင့်ကြည့်နေရသည့်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည်လည်း ကမ္ဘာ့အင်အားအကြီးမားဆုံးလက်နက်များနှင့် တပ်ဖွဲ့ဝင်များပိုင်ဆိုင်ထားသည့် ၁၀ နိုင်ငံတွင် DPRK ၏ နောက်နားကပ်လျက် အဆင့် ၅ ဖြစ်သော ရုရှားနိုင်ငံပြီးပါက အဆင့် ၆ တွင်ရပ်တည်နေသည်။

ယနေ့အချိန်အထိ မြောက်ကိုရီးယား၏ အဓိကရန်ဘက်သည် အမေရိကန်ပြည်ထောင်စု ဦးဆောင်သည့် မဟာမိတ်အုပ်စု ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ တပ်ဖွဲ့ဝင်များ တောင်ကိုရီးယားတွင် ရှိသည်။ ထို့အတူ အမေရိကန်ပြည်ထောင်စု တပ်ဖွဲ့ဝင်အင်အားများ ဂျပန်နိုင်ငံတွင် ရှိနေသည်။ မြောက်ကိုရီးယားနှင့်နယ်စပ်ကိစ္စ၊ ကျွန်းကိစ္စအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဆက်ဆံရေးစဉ်ဆက်မပြတ်တင်းမာနေသည့် တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် အမေရိကန်စစ်သည်များ၊ စစ်စခန်းများရှိနေခြင်းအပေါ် မြောက်ကိုရီးယားနိုင်ငံအနေဖြင့်လည်း တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့အပေါ် များစွာဘဝင်မကျမှုရှိသည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် တရုတ်နိုင်ငံသည် အစဉ်အမြဲ ထောက်ခံမှုပေးသည်။ ရုရှားသမ္မတနိုင်ငံကလည်း ထောက်ခံမှုပေးသည်။ သို့ဖြင့် မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၁ ခုနှစ်အထိ တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့၏ ကျောထောက်နောက်ခံပြုမှုရရှိထားလေသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအရေးနှင့်ပတ်သက်သည့် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့ပါဝင်သည့် ခြောက်နိုင်ငံဆွေးနွေးပွဲမှာ အခိုက်အတန့်ရပ်ဆိုင်းထားသည်။

၂၀၁၀ ပြည့်နှစ်တွင် တောင်ကိုရီးယားသင်္ဘော ဖောက်ခွဲနှစ်မြှုပ်ခံရမှု၊ တောင်ကိုရီးယားပိုင်ယုံပြွန်းကျွန်း

အမြောက်နှင့်ပစ်ခတ်ခံရမှုတို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ အထူးတင်းမာခဲ့သည်။

ဤသို့သော အခြေအနေတွင် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်း၌ မြောက်ကိုရီးယားနိုင်ငံက ယင်း၏ကာကွယ်ရေးတောင့်တင်းရန်အတွက် လုပ်ဆောင်မှုတစ်ခုကို ထုတ်ဖော်ခဲ့သည်။ တိုက်ခိုက်ရေးရှုပ်ပြေးယာဉ်တပ်ဖွဲ့တည်ထောင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခြင်းဖြစ်သည်။ ရှုပ်ပြေးယာဉ်အစင်းပေါင်း ၇၀ ရှိမည်ဖြစ်ပြီး ၀နှင်ဟဲပြည်နယ် ကိုအမ်ပိုမြို့၌ တပ်စွဲထားမည်ဟုဆိုသည်။ ထို ရှုပ်ပြေးယာဉ်များ၌ အမြောက်ငယ်များလည်းထား ရှိကြောင်း သတင်းများက ဖော်ပြထားသည်။

ဤသို့မြောက်ကိုရီးယားနိုင်ငံသည် တပ်အင်အားများကို ပုံစံအမျိုးမျိုးဖြည့်ဆည်းနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်သည့် "ပိတ်တူ" မီးတောင်၏ လှုပ်ရှားမှုများ၊ အခြေအနေများကို တောင်ကိုရီးယား နိုင်ငံနှင့်ပူးတွဲ၍ သုတေသနပြုရန် ကမ်းလှမ်းလိုက်သည်။

မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့သည် နျူကလီးယားအရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ၏ အရေးယူမှုကို ခံနေကြရသည်။ သို့ရာတွင် မတ်လအတွင်း အီရန်နှင့်မြောက်ကိုရီးယားတို့သည် ပဲ့ထိန်းဒုံးကျည်များ၊ အစိတ်အပိုင်းများနှင့်ပတ်သက်၍ အပြန်အလှန်ပုံမှန်လဲလှယ်နေသည်ဟု ကုလသမဂ္ဂ ကျွမ်းကျင်သူများက အစီရင်ခံခဲ့သည်။ အီရန်နိုင်ငံက ၎င်းတို့သည် မြောက်ကိုရီးယားထံမှ ဒုံးကျည်နည်းပညာ လုံးဝမလိုအပ်ကြောင်း ချက်ချင်းအကြောင်းပြန်ခဲ့သည်။

မြောက်ကိုရီးယားသည် တရုတ်နိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လျက်ရှိနေသည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း၌ မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသည့် 'ဟောင်ဂွမ်ပြု' နှင့် 'ဝီဟွာ' ကျွန်းနှစ်ကျွန်းပေါ်တွင် စီးပွားရေးဇုန်ထူထောင်ရန် ဆုံးဖြတ်လိုက်သည်။ တရုတ်နိုင်ငံက ယင်း၏တံခါးဖွင့်စီးပွားရေးပုံစံအတိုင်း ကျင့်သုံးရေးအတွက် မြောက်ကိုရီးယားကို တိုက်တွန်းအကြံပြုမှုများရှိနေသည်။ ဤသည်ကို မြောက်ကိုရီးယားက အလေးပေးဆောင်ရွက်ခြင်းဟု သတင်းများကဆိုသည်။

ယင်းသို့သော အခြေအနေများတွင် မြောက်ကိုရီးယားနိုင်ငံသည် အာဆီယံဆိုင်ရာ သံအမတ်ခန့်အပ်မည်ဖြစ်ကြောင်း ဇူလိုင်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အာဆီယံဒေသဆိုင်ရာ ဖိုရမ် (ARF) တွင် ၂၀၀၀ ပြည့်နှစ်၌ ပါဝင်ဆောင်ရွက်ခဲ့ပြီး အရှေ့တောင်အာရှ ချစ်ကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်အဖွဲ့ဝင်လည်း ဖြစ်လာခဲ့သည်။ ယခုတဖန် အာဆီယံဆိုင်ရာ သံအမတ်ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



မြောက်ကိုရီးယားကို ဆက်လက်အုပ်ချုပ်မည့် ကင်ဂျုံအီ၏အငယ်ဆုံးသား ကင်ဂျုံအန်

ဇူလိုင်လ ၂၇ ရက်နေ့တွင်လည်း မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်ချုပ်ခဲ့သည်။ ထိုစာချုပ်အရ မြောက်ကိုရီးယားနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံသို့ စိုက်ပျိုးရေးသုံး စက်ယန္တရားများ တင်ပို့ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများ၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်းများတွင် မြောက်ကိုရီးယားတို့က လာရောက်ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံကလည်း မြောက်ကိုရီးယားနိုင်ငံသို့ ဆန်၊ ဂျုံ၊ ပီလောပီနံ၊ ပဲ စသည်တို့ တင်ပို့ရန် ဖြစ်သည်။ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မည့် သဘောတူစာချုပ်ဖြစ်သော်လည်း ယဉ်ကျေးမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုအပြင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များလည်း ပါဝင်သည်။

ထူးခြားသည့် သဘောတူညီချက်တစ်ခုမှာ မြောက်ကိုရီးယားနိုင်ငံသည် ၁၉၅၀-၅၃ ခုနှစ် ကိုရီးယားစစ်ပွဲကာလအတွင်း အသက်ဆုံးရှုံးခဲ့သည့် အမေရိကန်စစ်သည်များ၏ ရုပ်ကလာပ်များ ရှာဖွေရေးနှင့်အမိနိုင်ငံသို့ ပြန်ပို့ရေးတို့ကို သဘောတူညီခြင်းဖြစ်သည်။ ယင်းသို့သဘောတူညီချက်ရရှိကြောင်းကို ဩဂုတ်လ ၉ ရက်နေ့တွင် အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။ ကိုရီးယားစစ်ပွဲကာလအတွင်း အမေရိကန်စစ်သည် ၈၀၀၀ နီးပါး အသက်ဆုံးခဲ့သည်။ ယင်းတို့အနက် ထက်ဝက်ခန့်မှာ မြောက်ကိုရီးယားတွင် မြေမြှုပ်ထားသည်ဟု ခန့်မှန်းထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ အထူးခြားဆုံးကိစ္စတစ်ရပ်မှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီသည် ရုရှားသမ္မတမက်ဗီဒက်၏ ဖိတ်ကြားချက်အရ ကျည်ကာရထားဖြင့် ရုရှားနိုင်ငံသို့ ဩဂုတ်လ ၂၀ ရက်နေ့တွင် သွားရောက်ခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကိုတွေ့မြင်ရသည်မှာကျေနပ်မိသည်ဟု ကင်ဂျုံအီက ထုတ်ဖော်ပြောကြားခဲ့သည်။

ယခု ကင်ဂျုံအီ၏ ရုရှားခရီးစဉ်သည် ၁၀ စုနှစ်အတွင်း တတိယမြောက်ခရီးစဉ်ဖြစ်ပြီး နောက်ဆုံးခရီးစဉ်မှာ ၂၀၀၂ ခုနှစ်တွင် သွားရောက်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် မော်စကိုမြို့အရှေ့ဘက် ၃၄၅၀ မိုင်အကွာအဝေးတွင်ရှိသည့် အူလန်အူဒေဗစ်အပြင် အရင်ခံတပ်မြို့တွင် သမ္မတနှစ်ဦးတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတ မက်ဗီဒက်က ဆွေးနွေးပွဲရလာဒ်များကို အားရကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ရုရှားသမ္မတ မက်ဗီဒက်က ဆက်လက်၍ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီသည် နျူကလီးယားစမ်းသပ်မှုအစီအစဉ်များ စွန့်လွှတ်ရန်နှင့် အဓိကကျသည့် ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းကို ခွင့်ပြုရန် ပြင်ဆင်နေကြောင်းတို့ကို ၎င်းအားကတိပေးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် နျူကလီးယားအရေးဆိုင်ရာ ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည်စတင်လိုပြီး ပြန်လည်စတင်သည်နှင့် နျူကလီးယားစမ်းသပ်မှုအစီအစဉ်များကို တရားဝင်ဆိုင်းငံ့ရန်နှင့် ကြိုတင်သတ်မှတ်ချက်စည်းကမ်းမရှိဘဲ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရန်ဆန္ဒရှိနေကြောင်း သတင်းများက ဆိုသည်။

တောင်ကိုရီးယားအစိုးရကမူ မြောက်ကိုရီးယားနိုင်ငံသည် ခြောက်နိုင်ငံဆွေးနွေးပွဲပြန်လည်ကျင်းပလိုပါက ဦးစွာနျူကလီးယားစမ်းသပ်မှုလုပ်ငန်းများကို ရပ်ဆိုင်းရန်အခိုင်အမာတောင်းဆိုသည်။

ထို့အပြင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီနှင့် ရုရှားသမ္မတမက်ဗီဒက်တို့သည် မြောက်ကိုရီးယားက ပေးဆပ်ရန်ရှိသည့် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကိစ္စကိုလည်း ဆွေးနွေးကြသည်ဟု ရုရှားနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနက ပြောဆိုသည်။

ခရီးစဉ်အတွင်း မြောက်ကိုရီးယားခေါင်းဆောင်သည် နွေဥတုတွင်ပင် ရေခဲတမျှအေးလှသည့် ဘိုက်ကယ်ရေကယ်ရေကန်ကြီးသို့ သွားရောက်လည်ပတ်ခဲ့သည့်နည်းတူ အူလန်အူဒေရှိဆူနွိုင်းတိုက်လေယာဉ်များထုတ်လုပ်သည့်စက်ရုံသို့လည်း သွားရောက်လည်ပတ်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးရာတွင် အဓိကအားဖြင့် ရုရှား၊ မြောက်ကိုရီးယား၊ တောင်ကိုရီး

ယား သုံးနိုင်ငံ စီးပွားရေးစီမံကိန်းကိစ္စရပ်များနှင့် တောင်ကိုရီးယားနိုင်ငံသို့ ရုရှားနိုင်ငံမှ ဓာတ်ငွေ့များပို့ဆောင်ရာတွင် မြောက်ကိုရီးယားနိုင်ငံကို ဖြတ်ကျော်ပြီး ပို့ဆောင်ရေးကိစ္စရပ်များ ပါဝင်သည်ဟု ဆိုကြသည်။

မြောက်ကိုရီးယားမှ ပါမောက္ခ ၆ ဦးသည် ကနေဒါနိုင်ငံ British Columbia တက္ကသိုလ်တွင် စီးပွားရေးဘာသာရပ်များ၊ ဘဏ္ဍာရေးဘာသာရပ်၊ ကုန်သွယ်ရေးဘာသာရပ်များနှင့် အင်္ဂလိပ်စာ ဘာသာရပ်များကို အရေးပေါ်တက်ရောက်နေကြောင်း တောင်ကိုရီးယားသတင်းဌာနက ဩဂုတ်လပထမပတ်တွင် ထုတ်ဖော်ခဲ့သည်။

စက်တင်ဘာလ ပထမပတ်အတွင်း ဒေသဆိုင်ရာသတင်းများအဆို အရ လောလောဆယ် မြောက်ကိုရီးယားပြည်သူ ၆ သန်းခန့် ရိက္ခာပြဿနာ ပေါ်ပေါက်နေကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ကူညီထောက်ပံ့ရန်စီစဉ်နေကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံများကမူ အရေးပေါ်အခြေအနေရောက်မှသာ ရိက္ခာထောက်ပံ့လေ့ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကွန်မြူနစ်နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ရေးရာများတွင် ရပ်တည်နေစဉ် နိုင်ငံတကာ၏ အာရုံစူးစိုက်ခြင်းလည်း အထူးခံရသည်။

ဤသို့သောအခြေအနေတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီသည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၃၀ ၌ ကွယ်လွန်သွားကြောင်း မြောက်ကိုရီးယားသတင်းဌာနက သတင်းထုတ်ပြန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၆၉ နှစ်ဖြစ်ပြီး နှလုံးသွေးကြောပိတ်ရောဂါကြောင့် ကွယ်လွန်ရခြင်းဖြစ်ကြောင်း ဆက်လက်သတင်းထုတ်ပြန်သည်။

ကင်ဂျုံအီသည် ၁၉၉၄ ခုနှစ်တွင် ၎င်း၏ဖခင် ကိုအိုဆွန်း ကွယ်လွန်ချိန်မှစတင်ပြီး မြောက်ကိုရီးယားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် ကွယ်လွန်ချိန်အထိ တာဝန်ယူခဲ့သည်။ ၎င်းနေရာကို ဆက်ခံသူအဖြစ် ၎င်း၏တတိယသား အသက် ၂၈ နှစ်ကျော် ကင်ဂျုံအန်အား ရွေးချယ်လျာထားခဲ့ကြောင်း သတင်းများက ဖော်ပြကြသည်။

ရုရှားနိုင်ငံ။ ။၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၄ ရက်က ရုရှားနိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ၂၀၀၂ ခုနှစ်၊ မတ်လ သမ္မတရွေးကောက်ပွဲဝင်မည့် ဝန်ကြီးချုပ် ပူတင်၏ (United Russia Party) ညီညွတ်ရေးရုရှားပါတီမှာ အမတ်နေရာ ၅၀ ရာခိုင်နှုန်းကျော်သာပြန်လည်အနိုင်ရရှိခဲ့သည်။ ရုရှားသမ္မတရာထူးနှစ်ကြိမ်ဆက်သက်တမ်းထမ်းဆောင်ခဲ့သော လက်ရှိဝန်ကြီးချုပ် ပူတင်၏ ညီညွတ်ရေးပါတီသည် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် ၆၀ ရာခိုင်နှုန်းကျော် အထိအနိုင်ရရှိခဲ့ခြင်းဖြစ်ရာ ယခုတစ်ကြိမ်တွင် ယခင်မဲရွေးပွဲနှင့်နှိုင်းစာလျှင် မဲရရှိခြင်းအားနည်းမှုရှိခဲ့ပေသည်။ ထို့အပြင် ရွေးကောက်ပွဲမသမာမှုများ၊ မဲလိမ်မှုများရှိသည့်အတွက် မြို့တော်မော်စကိုနှင့် ဒုတိယမြို့တော်စိန့်ပီတာစဘတ်မြို့တို့တွင် လူပေါင်းများစွာဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

ယင်းဒူးမားလွတ်တော်၏ရလဒ်က စိတ်ပျက်စရာတစ်ခုဖြစ်သည်။ အဲ့အား သင့်စရာကောင်းသည်မှာ 'ပူတင်မရှိတဲ့ရုရှား' ဆိုပြီး မြို့ပေါင်းသုံး၊လေးမြို့မှ ဆန္ဒပြသူများ အော်ဟစ်ကြွေးကြော်ခဲ့ကြခြင်းဖြစ်သည်။ သဘောထားစစ်တမ်းများ ကောက်ယူချက်အရ အစိုးရတာဝန်ရှိသူများ၏လာဘ်စားမှုများ၊ ပလွှားမှုများကို ရုရှားပြည်သူများက ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြ၏။ ၎င်းပြင် ရုရှားအစိုးရနှင့်ရုရှားရဲများ အာဏာအလွဲသုံးစားပြုမှုများကိုလည်း ပြည်သူအများက ပြစ်တင်ပြောဆိုကြသည်။

ယခင်က ရုရှားပြည်သူများသည် ဤကဲ့သို့အလွဲမှုိုးများနှင့်ပတ်သက်လာလျှင် ပြောင်းလဲပေးရန် တောင်းဆိုခြင်းထက် အခြေအနေနှင့်လိုက်လျော ညီထွေဖြစ်အောင်ညှိပြီးနေလိုက်ကြသည်။ ယခုအချိန်တွင် ရုရှားများ၏ယခင်အမှုအကျင့်များပြောင်းသွားပြီဟု မဆိုသာသော်လည်း ယခင်ကကဲ့သို့ ရုရှားအစိုးရ၏ အလွဲများကို လက်မခံကြပါ။ အထူးသဖြင့် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးများမှာ ခေတ်မီမြို့ကြီးများ၌ ရှိသည့် ပြည်သူလူထုများသည် ယခင်ကထက် ပိုမိုတက်ကြွမှုရှိသည်ကို တွေ့ကြရသည်။ရုရှားအစိုးရ၏ လုပ်ရပ်များကို သဘောမတူကြောင်းနှင့် ဗလာဒီမာ


ပူတင်၏ ညီညွတ်သောရုရှားပါတီကို အားနည်းသွားအောင် ကြိုးပမ်းနေကြသည်ဆို၏။

ယခုရွေးကောက်ပွဲရလဒ်မှာ ပူတင်အစိုးရ အမတ်နေရာ ၅၀ ရာခိုင်နှုန်းကျော်နိုင်သည်မှာ အများစုအနိုင်ရထားသည်ဟုဆိုနိုင်သော်လည်း ရုရှားနိုင်ငံရေးစနစ်အားနည်းလာပြီဟုဆိုရပေမည်။ ပူတင်၏နိုင်ငံရေးမတ်လတွင် ပြုလုပ်မည့်ရုရှားသမ္မတရွေးကောက်ပွဲ၌ ပူတင်အနိုင်ရခဲ့ပြီး သမ္မတခြောက်နှစ်သက်တမ်းအထိ ဆက်လက်ရှိနေလျှင်လည်း သူ့အခြေအနေများမှာ နိမ့်လျော်လာပြီဟု ဆိုနိုင်သည်။

ရုရှားနိုင်ငံမှာ လက်ရှိသမ္မတမက်ဗီဒက်က ဝန်ကြီးချုပ်လုပ်ပြီး ဝန်ကြီးချုပ်ပူတင်ကို သမ္မတရွေးကောက်ပွဲဝင်ခွင့်ပေးမည်ဆိုသော သမ္မတမက်ဗီဒက်၏ ကြေညာချက်ထွက်လာသည့်အချိန်မှစ၍ ရုရှားအစိုးရအပေါ် ပြည်သူ၏ယုံကြည်မှုအားနည်းသွားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ပူတင်၏သမ္မတ သက်တမ်းနှစ်ကြိမ်အရွေးခံပြီးသည့်နောက် ဝန်ကြီးချုပ်အဖြစ်နှင့် ဆက်လက်ပြီး တာဝန်ထမ်းဆောင်ခဲ့သည်။ ဒီမိုထရီမက်ဗီဒက်သမ္မတဖြစ်လာသည်။ ထိုသမ္မတသည် ပူတင်တင်ပေးထားသည့် ရပ်သေးရပ်ပမာဖြစ်နေသည်ကို တွေ့ကြရသည်။ ပူတင်နှင့်မက်ဗီဒက်တို့ ဝန်ကြီးချုပ်နှင့်သမ္မတရာထူးများကို တစ်လှည့်စီ အာဏာယူနေခြင်းအပေါ် ပြည်သူ၏အမြင်မကြည်လင်ခြင်းဖြစ်နေပေသည်။

ဗလာဒီမာပူတင်နှင့်သမ္မတယှဉ်ပြိုင်အရွေးခံခြင်း-

ကမ္ဘာ့အချမ်းသာဆုံးလူများစာရင်းတွင် တစ်ဦးပါဝင်သော ရုရှားဘီလျံနာသူဌေးကြီး မစ်ခေးပရိုခိုရော့သည် ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲကို ရုရှားဝန်ကြီးချုပ် ပူတင်နှင့်ယှဉ်ပြိုင်၍ ဝင်ရောက်အရွေးခံမည့်သတင်းရရှိသည်။



မော်စကိုတွင်ကျင်းပသော အစည်းအဝေးတစ်ခု၌ တွေ့ရသည့် ရုရှားသမ္မတမက်ဗီဒက်

အနေအထားမှာ အားလျော့လာပြီဆိုသော အချက်ကို သတိထားမိကြလေသည်။ အကယ်၍ ၂၀၁၂ ခုနှစ်၊ မတ်လတွင် ပြုလုပ်မည့်ရုရှားသမ္မတရွေးကောက်ပွဲ၌ ပူတင်အနိုင်ရခဲ့ပြီး သမ္မတခြောက်နှစ်သက်တမ်းအထိ ဆက်လက်ရှိနေလျှင်လည်း သူ့အခြေအနေများမှာ နိမ့်လျော်လာပြီဟု ဆိုနိုင်သည်။

ရုရှားနိုင်ငံမှာ လက်ရှိသမ္မတမက်ဗီဒက်က ဝန်ကြီးချုပ်လုပ်ပြီး ဝန်ကြီးချုပ်ပူတင်ကို သမ္မတရွေးကောက်ပွဲဝင်ခွင့်ပေးမည်ဆိုသော သမ္မတမက်ဗီဒက်၏ ကြေညာချက်ထွက်လာသည့်အချိန်မှစ၍ ရုရှားအစိုးရအပေါ် ပြည်သူ၏ယုံကြည်မှုအားနည်းသွားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ပူတင်၏သမ္မတ သက်တမ်းနှစ်ကြိမ်အရွေးခံပြီးသည့်နောက် ဝန်ကြီးချုပ်အဖြစ်နှင့် ဆက်လက်ပြီး တာဝန်ထမ်းဆောင်ခဲ့သည်။ ဒီမိုထရီမက်ဗီဒက်သမ္မတဖြစ်လာသည်။ ထိုသမ္မတသည် ပူတင်တင်ပေးထားသည့် ရပ်သေးရပ်ပမာဖြစ်နေသည်ကို တွေ့ကြရသည်။ ပူတင်နှင့်မက်ဗီဒက်တို့ ဝန်ကြီးချုပ်နှင့်သမ္မတရာထူးများကို တစ်လှည့်စီ အာဏာယူနေခြင်းအပေါ် ပြည်သူ၏အမြင်မကြည်လင်ခြင်းဖြစ်နေပေသည်။

အမေရိကရှိ New Jersey Nets ဘတ်စကက်ဘောအသင်းပိုင်ရှင်ဖြစ်သည့်ရုရှားဘီလျံနာသူဌေးကြီး မစ်ခေးပရိုခိုနော့က ရုရှားသမ္မတနှစ်ကြိမ်ဆက်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီးလက်ရှိလည်းဝန်ကြီးချုပ်ဖြစ်သော ပူတင်ကိုယှဉ်ပြိုင်အရွေးခံခြင်းကြောင့်ဖြစ်လာနိုင်သော စွန့်စားရမှုများကို ၎င်းသိရှိကြောင်းလည်းပြောကြားသည်။

ရုရှားသမ္မတရွေးကောက်ပွဲသည် ဟန်ပြမဟုတ်ဘဲစစ်မှန်သော ရွေးကောက်ပွဲဖြစ်သည်ဟု ချပြသောကြောင့် ရုရှားအစိုးရက ၎င်းကို ကျောထောက်နောက်ခံပေး၍ သမ္မတရွေးကောက်ပွဲဝင်ခိုင်းခြင်းဖြစ်သည်ဟု ခန့်မှန်းသုံးသပ်မှုများထွက်ပေါ်နေသော်လည်း ၎င်းသည် ရုရှားဝန်ကြီးချုပ်ပူတင်နှင့်သော်လည်းကောင်း၊ သမ္မတမက်ဗီဒက်နှင့်သော်လည်းကောင်း တွေ့ဆုံခဲ့ခြင်းမရှိပါဟု ရုရှားပိုင်မီဒီယာ RIA Novosti သို့ မစ်ခေးက ပြောကြားသည်။

သို့သော် ၎င်း၏ ကိုယ်ပိုင်အင်တာနက်ဘလော့တွင်မူ ရုရှားနိုင်ငံကို စီမံခန့်ခွဲနိုင်သူမှာ ပူတင်သာရှိကြောင်းကိုလည်း မကြာသေးမီက ရေးသားထားသည်။ ထို့ကြောင့် သမ္မတရွေးကောက် ပွဲယှဉ်ပြိုင်မည့် မစ်ခေးအပေါ် ဝေဖန်စရာဖြစ်နေသည်။

ရုရှား-အမေရိကန်ဆက်ဆံရေးနှင့် ပူတင်-ရုရှားဝန်ကြီးချုပ်ဗလာဒီမာပူတင်သည် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်တင်မြှောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံမှာဖြစ်သည်ဟု သတင်းထွက်ပေါ်လာပြီးနောက် အနောက်တိုင်းဝေဖန်သူများအကြား လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့သည်။ ပူတင်သည်ယခင်က သမ္မတသက်တမ်းနှစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းကို အနောက်နိုင်ငံများတွင် အချို့သောသူများက သဘောထားတင်းမာသူဟု ရှုမြင်ထားကြသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုကို တင်းမာသောဆက်ဆံသူဟု နားလည်မှုများရှိနေသည်။

ထို့ကြောင့် ရုရှားမှာပူတင်သမ္မတပြန်ဖြစ်လာပါက လက်ရှိအမေရိကန်နှင့်ရုရှားဆက်ဆံရေးအနေအထားပြောင်းလဲသွားမည်လား သို့မဟုတ်မည်သို့သောထူးခြားမှုများရှိလာမည်နည်းစသည့်ဆင်ခြင်သုံးသပ်မှုများရှိနေသည်။ အမေရိကန်သမ္မတအိုဘားမားနှင့်ရုရှားသမ္မတမက်ဗီဒက်တို့လက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးကိုရုရှားသမ္မတပူတင်ဖြစ်လာသည့်အခါ နိမ့်ကျလျော့နည်းသွားမည်ကို အချို့က စိုးရိမ်မကင်းဖြစ်နေကြသည်။

အမှန်မှာ ရုရှား-အမေရိကန်ဆက်ဆံရေးပုံစံကို မက်ဗီဒက်သို့မဟုတ်ပူတင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏သဘောထားသက်သက်ဖြင့် ပုံဖော်ပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ပေ။ အမေရိကန်နိုင်ငံခြားရေးမူဝါဒနှင့်နိုင်ငံတကာအခြေအနေတို့အရ ဖြစ်ထွန်းလာခဲ့ခြင်းကိုခွဲခြမ်းစိတ်ဖြာလေ့လာလျှင် တွေ့နိုင်မည်ဖြစ်သည်။

လက်ရှိရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်သည် ပူတင်၏လက်အောက်တပည့်တစ်ယောက်ဖြစ်ခဲ့သည်ကို အများသိထားကြသည်။ ပူတင်၏ စီစဉ်ပုံပိုးမှုဖြင့် မက်ဗီဒက်သမ္မတဖြစ်လာခဲ့ခြင်းကိုလည်း အားလုံးလက်ခံနိုင်ကြပေ။ သို့အတွက် ရုရှားသမ္မတမက်ဗီဒက်အနေဖြင့် အဓိကကျသော ဆုံးဖြတ်ချက်များချမှတ်ဖော်ဆောင်ရာတွင် ပူတင်၏သဘောထားအတည်ပြုချက်မပါဘဲ ဖြစ်နိုင်ဖွယ်မရှိဟု ယူဆနိုင်သည်။

သာမန်ရုရှားနိုင်ငံသားများစွာတို့က ပူတင်ကို ထောက်ခံမှုရှိနေကြသည်။ တည်ငြိမ်မှုနှင့်ရုရှားနိုင်ငံ၏သိက္ခာကို ဆက်လက်ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်မှုများရှိသောကြောင့် ပူတင်ကိုအချို့ထောက်ခံမှုရှိနေကြခြင်းဖြစ်သည်။ ထို့အပြင် ရုရှားနှင့်အနောက်နိုင်ငံများ (အမေရိကန်အပါအဝင်) ဆက်ဆံရေးအခြေအနေများ ကိုလည်းရုရှားပြည်သူများက လိုလားလျက်ရှိကြသည်။ ဤသို့သောအခြေအနေကို ပူတင်အနေဖြင့် သိထားပြီး ဖြစ်ပေလိမ့်မည်။ သို့အတွက်ကြောင့် ရုရှားနှင့်အမေရိကန် (အနောက်နိုင်ငံများ) တို့၏ ဆက်ဆံရေးမှာ အဆိုးဘက်ကို ဦးတည်မည်ဟု မမျှော်မှန်းနိုင်ကြပေ။

ရုရှားနှင့်တရုတ်ဆက်ဆံရေး- ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့၏နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်လိုကြောင်းအဆိုပြုသဝဏ်လွှာများကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်က ကျင်းပခဲ့သောအဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံပွဲအခမ်းအနားတွင် ဖတ်ကြားခဲ့ကြသည်။

တရုတ်-ရုရှားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းကော်မတီ (CRFCPD) ၏ (၉) ကြိမ်မြောက်မျက်နှာစုံညီအစည်းအဝေးသို့ တရုတ် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးရှောင်ကွန်ရှန်နှင့် တရုတ်နိုင်ငံဆိုင်ရာရုရှားသံအမတ်ကြီးဆာဂျီရာဇော့ဗ်တို့အပါအဝင် နှစ်နိုင်ငံအဆင့်မြင့်အရာရှိများနှင့် အထူးကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

တရုတ်သမ္မတဟူကျင်ထောင်း၏သဝဏ်လွှာတွင် ကော်မတီအနေဖြင့်ဆန်းသစ်သည့်ပြုပြင်ပြောင်းလဲမှုများ၊ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်များနှင့် ဒေသတွင်းအသိုင်းအဝိုင်း၌ အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရာတွင် အဓိကအခန်းကဏ္ဍမှ စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်းဖော်ပြထားသည်။

၂၀၁၁ ခုနှစ် ဇွန်လအတွင်းက ဟူကျင်ထောင်း၏ရုရှားခရီးစဉ်၌ညီမျှမှု၊ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်ထောက်ခံမှု၊ ဘုံအကျိုးစီးပွားနှင့် ထာဝရဆက်ဆံရေးကို အခြေခံလျက်ဖွံ့ဖြိုး တိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံ များအဖြစ် ရပ်တည်သွားရန် သဘောတူခဲ့ကြသည်။

ရုရှားသမ္မတမက်ဗီဒက်၏ သဝဏ်လွှာတွင် မျက်နှာစုံညီအစည်းအဝေးအနေဖြင့် တရုတ်–ရုရှား ဆက်ဆံမှု ခိုင်မာရေးနှင့် အပြန်အလှန်အကျိုးသက်ရောက်မှုအတွက် အခွင့်အလမ်းသစ်များဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် လွန်ခဲ့သည့် ၁၀ နှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့သည့် အိမ်နီးချင်းကောင်းများပီသရေး၊ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး တရုတ်–ရုရှားသဘောတူစာချုပ်သည် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်–ရုရှား ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းကော်မတီကို ၁၉၉၇ ခုနှစ်တွင် နှစ်နိုင်ငံသမ္မတများ၏ အဆိုပြုချက်ဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့်အပြန်အလှန်လေးနက်စွာ နားလည်ယုံကြည်ရေးရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးနှင့် စစ်ရေးအခြေအနေ– ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနှစ် ၂၀ အကြာ၌ ကမ္ဘာ့နိုင်ငံရေးနယ်ပယ်တွင် သြဇာအာဏာပြန်လည်တည်ဆောက်ရေးအတွက် ကုန်သွယ်ရေးနှင့် သံတမန်နည်းလမ်းများအသုံးပြုကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ခြင်းကြောင့် ရုရှားနိုင်ငံအနေဖြင့် စစ်အေးတိုက်ပွဲကာလကကဲ့သို့ပင် စစ်အင်အားတည်ဆောက်ကာ ၎င်း၏သြဇာကိုပြန်လည်တည်ဆောက်ရမည့်အနေအထားသို့ ရောက်ရှိခဲ့သည်။

တစ်ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေးပြဿနာနှင့်ကြုံတွေ့နေရသည့်အလျောက် အနောက်အုပ်စုနိုင်ငံများက စစ်ရေးအသုံးစရိတ်များဖြတ်တောက်လာချိန်၌ ရုရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ရေးအသုံးစရိတ်အား ၂၀၂၀ ခုနှစ်တွင် ရှဘယ်ငွေ ၂၀ ထရီလီယံ (ပေါင်စတာလင် ၄၀၅ ဒသမ ၆ ဘီလီယံ) အထိ တိုးမြှင့်သွားရန် စီမံလျက်ရှိသည်။ ထိုမျှများပြားသော ကာကွယ်ရေးအသုံးစရိတ်ပမာဏသည် ရုရှားဝန်ကြီးချုပ် ပူတင်ပင်လျှင် နှုတ်စကားမထွက်ရဲခဲ့သည့် ငွေကြေးပမာဏာအဖြစ်လေ့လာသူများကဆိုသည်။

ရုရှားနိုင်ငံက စစ်ရေးအသုံးစရိတ်မြင့်တင်သုံးစွဲရန်စီမံလာခြင်း၏ ရည်ရွယ်ချက်မှာ ခေတ်နောက်ကျန်ခဲ့သော ရုရှားလက်နက်ကိုင်တပ်ဖွဲ့များ၏ အရည်အသွေးကို ပြန်လည်တိုးမြှင့်ပေးရန်ဖြစ်သည်။ ၎င်းပြင် တရုတ်နှင့်အနောက်အုပ်စုနိုင်ငံများက သြဇာလွှမ်းမိုးရန် အပြိုင်အဆိုင်ကြိုးစားနေကြသော ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဟောင်းများအပေါ် နိုင်ငံရေးအရ သြဇာလွှမ်းမိုးရန်လည်းဖြစ်သည်။

အနုနည်းအားဖြင့် သြဇာလွှမ်းမိုးရေးမူဝါဒသည် ရုရှားနိုင်ငံအတွက် မဖြစ်နိုင်ကြောင်း၊ မိမိတို့အား အခြားနိုင်ငံများက ရိုသေခံညားလာစေရန် ခိုင်မာသော စစ်အင်အားလိုအပ်ကြောင်း မော်စကိုအခြေစိုက်စစ်ဘက်ဆိုင်ရာသုခမိန်အဖွဲ့မှ ညွှန်ကြားရေးမှူးကဆိုသည်။

နျူကလီးယားလက်နက်မူဝါဒအစား ရုရှားနိုင်ငံသည် ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့များ အသုံးပြုဆဲဖြစ်သည့် လက်နက် ၇၀ ရာခိုင်နှုန်းကို ယခုဆယ်စုနှစ်ကုန်ပိုင်း၌ လက်နက်သစ်များဖြင့် အစားထိုးလဲလှယ်၍ ရှာဖွေထောက်လှမ်းရန် မလွယ်ကူသော ရန်သူများကို တိုက်ခိုက်ရန်၊ ၎င်းတို့ရန်မှ ကာကွယ်ရန်၊ အရွေ့အပြောင်း မြန်ဆန်ပေါ့ပါးသည့်တပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားသောကျစ်လျစ်ခိုင်မာသည့်တပ်မတော်တစ်ရပ်တည်ထောင်ရန်ဆန္ဒရှိနေပေသည်။

နျူကလီးယားအင်အားသုံး ယူရီဒိုကိုရုကီရေငုပ်သင်္ဘောက ပင်လယ်ဖြူအတွင်း၌ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်၌ ဘူလာဗာတိုက်ချင်းပစ်ဒုံးပျံနှစ်စင်းကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူဗိုလ်မှူးကြီး အိုင်ဂေါ်ကွန်နာရှင်ကော့ဗ်က ပြောကြားသည်။ ၎င်းဘူလာဗာတိုက်ချင်းပစ်ဒုံးပျံသည် အကွာအဝေးကီလိုမီတာ ၈၀၀၀ အထိ ပစ်နိုင်ပြီး ထိပ်ဖူး ၁၀ ခုကို သယ်ဆောင်နိုင်သည်။

သမ္မတဟောင်း ဂေါ်ဘာချက်ဗ်နှင့်ရုရှား – တစ်ချိန်က ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုဟု နာမည်ထင်ရှားခဲ့သော ယနေ့လက်ရှိရုရှားနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ က ဆိုဗီယက်ရပ်မြင်သံကြားမှတစ်ဆင့်

ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ (USSR) ၏ သမ္မတအဖြစ်မှ နုတ်ထွက်ခဲ့ကြောင်း ကြေညာခဲ့သည့် သမ္မတဟောင်း ဂေါ်ဘာချက်ဗ်သည် ဗလာဒီမာပူတင်အား ၎င်း၏လမ်းစဉ်လိုက်ရန် မေတ္တာရပ်ခံလိုက်သည်။

ရရှားနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးစနစ်များ ဟန်ချက်ညီမှ နိုင်ငံရေးအရ တည်ငြိမ်ပြီး တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှု ကောင်းမွန်မည်ဖြစ်သဖြင့် ပြုပြင်ပြောင်းလဲရန် ကြိုးစားခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့သည်ကို ဝန်ချတောင်းပန်ကာ သမ္မတဂေါ်ဘာချက်ဗ်သည် ၎င်း၏ဆန္ဒအရ သမ္မတရာထူးမှ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်တွင် နုတ်ထွက်ခဲ့သည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်က ပူတင်၏ ရရှားနိုင်ငံအပေါ် လွှမ်းမိုးထားသည့်လုပ်ရပ်ကို မကျေလည်သူများ ဆန္ဒပြမှုတစ်ခုဖြစ်ခဲ့ရာ ပူတင်အား ရာထူးမှစွန့်ရန်ပြောခဲ့သည့် ဂေါ်ဘာချက်ဗ်သည် အကျော်ကြားဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။

ဂေါ်ဘာချက်ဗ်သည် ရရှားနိုင်ငံ၏ အဓိကအတိုက်အခံသတင်းစာ Novaya Gageta ၏ တွဲဖက်ပိုင်ရှင်ဖြစ်သော်လည်း သူသည်ယေဘုယျအားဖြင့် ၂၀၀၈ ခုနှစ် အထိ ပူတင်၏သမ္မတ သက်တမ်းနှစ်ကြိမ်နှင့် လက်ရှိဝန်ကြီးချုပ်အား ထောက်ခံမှုရှိခဲ့သည်။

သို့သော်လည်း ယခုကျင်းပခဲ့သည့်ဒီဇင်ဘာအတွင်းက ပါလီမန်ရွေးကောက်ပွဲ နောက်ပိုင်း ဂေါ်ဘာချက်ဗ်သည် ပူတင်အား သိသိသာသာဆန့်ကျင်ခဲ့သည်။ ၎င်းရွေးကောက်ပွဲမှာ ရိုးသားမှုမရှိကြောင်း၊ အတိုက်အခံဘက်က ပြောကြားသည်။ ကျန်းမာရေးအခြေအနေကြောင့် ဒီဇင်ဘာ ၂၄ ရက်က လူထုစုရုံးပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်ခဲ့သော်လည်း ဂေါ်ဘာချက်ဗ်သည်ဆန္ဒပြသူများထံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ ဤဆန္ဒပြလှုပ်ရှားမှုအသစ်ကို သူအသက်ရှင်နေစဉ်တွေ့ရသဖြင့် စိတ်အားတက်ကြွမိကြောင်း အသက် ၈၀ အရွယ်ရှိ ဂေါ်ဘာချက်ဗ်ကဆိုသည်။

သိန်းဝင်းဇော်

လက်တင်အမေရိကနိုင်ငံများ။ ။**မက္ကဆီကိုနိုင်ငံ**– မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုဝါဟွီလာပြည်နယ်ရှိ ကျောက်မီးသွေးထုတ်လုပ်သောသတ္တုတွင်းတစ်တွင်း၌ ပိတ်မိနေသည့်မိုင်းလုပ်သား ၁၁ ဦးကို ကယ်တင်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း သမ္မတဖီးလစ်ကယ်ဒရွန်းက မေလ ၄ ရက်နေ့တွင် ပြောကြားသည်။ စပိန်နိုင်ငံမှ ဘင်ဆာအမည်ရှိကုမ္ပဏီက လုပ်ကိုင်လျက်ရှိသော ကျောက်မီးသွေးတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး မြေအောက်ကြမ်းခင်းတစ်ခု ပြိုကျခဲ့ရာမှ မိုင်းလုပ်သား ၁၁ ဦးမှာ မိတာ ၆၀ အနက်ရှိ မြေအောက်တွင် ပိတ်မိလျက်ရှိသည်။

မူးယစ်ဆေးဝါးမှောင်ခိုသမားများ အသုံးပြုသည့် ၇၅ မိတာအရှည်ရှိသော ခေတ်မီဥမင်လိုဏ်ခေါင်းတစ်ခုကို အမေရိကန်နယ်စပ်ကင်းလှည့်အဖွဲ့က မေလ ၉ ရက်နေ့တွင် ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါဥမင်လိုဏ်ခေါင်းသည် မက္ကဆီကိုနိုင်ငံနှင့်ဂါလက်စ်ဒေသမှ အမေရိကန်နိုင်ငံ အရှိုးနားပြည်နယ်အထိရှည်လျားသည်။ ယင်းခေတ်မီ ဥမင်လိုဏ်ခေါင်းသည် မြေအောက်လေးမိတာ အနက်တွင်ရှိပြီး မူးယစ်ဆေးဝါးမှောင်ခိုသမားများသည် ကျောက်စိုင် ကျောက်သားများကို ထွင်းထု၍ လျှပ်စစ်မီးချောင်းများ၊ ရေပိုက်များ၊ လေဝင်လေထွက်စနစ်ကို တပ်ဆင်ခဲ့ကြောင်း နယ်စပ်ကင်းလှည့်အဖွဲ့အကြီးအကဲရန်ဒီဟေးလ်က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ ချီယာပတ်စ်ပြည်နယ်ရဲတပ်ဖွဲ့သည် တရားမဝင်ရွှေ့ပြောင်းလာသူ ၅၁၇ ဦး ကို အပြည့်အကျပ်ထည့်သွင်းထားသော နောက်တွဲယာဉ်ကြီးနှစ်စင်းအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း အမျိုးသားလူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက မေလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ချီယာပတ်စ်ပြည်နယ် မြို့တော်တပ်စ်တလာဂူတီ ရာရက်စ်မြို့ အနီးရှိ စစ်ဆေးရေးစခန်း၌ ခရီးသွားယာဉ်များကို ဓာတ်မှန်ရိုက်စစ်ဆေးစဉ် ဤကဲ့သို့တွေ့ရှိရခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံတောင်ပိုင်း နယ်စပ်ပြည်နယ်တစ်ခုမှ အစိုးရတပ်ဖွဲ့များက မူးယစ်ဆေးဝါးကိုဏ်းများ အချင်းချင်းတိုက်ခိုက်ကြရာတွင် အသုံးပြုသည့် သံချပ်ကာထရပ်ကားနှစ်စီးကို သိမ်းဆည်းရမိကြောင်း

အာဏာပိုင်များက ဇွန်လ ၆ ရက်နေ့တွင် ထုတ်ဖော်ကြေညာခဲ့သည်။ ယင်းကားများမှာ ကားတစ်စီးလုံးကို တစ်လက်မထူသည့်သံမဏိပြားများဖြင့် ဂဟေဆော်ထားပြီးကား ပေါ်၌ စက်သေနတ်တင်ဆုံလည်များ၊ သေနတ်ပစ်ရန်ချောင်းကြည့်ပေါက်များလည်းပါရှိသည်။

မက္ကဆီကိုနိုင်ငံတောင်ပိုင်း နယ်စပ်ဒေသအနီး၌ အမေရိကတိုက်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့မှ တရားမဝင်ရွှေ့ပြောင်းအခြေစိုက်နေထိုင်မည့်သူ ၂၁၀ ဦး တင်ဆောင်လာသောထရပ်ကားတစ်စီးကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း ဇွန်လ ၁၃ ရက်နေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။ ၎င်းတို့မှာ ဘရာဇီး၊ ဂွာတီမာလာ၊ အယ်လ်ဆာဗေဒိုနှင့် နီကာရာဂွာနိုင်ငံတို့မှ ဖြစ်ကြပြီး မက္ကဆီကိုနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ခိုးဝင်လေ့ရှိကြသည်။

မက္ကဆီကို မူးယစ်ဆေးဝါးကိုဏ်းသားများအသုံးပြုနေသော သေနတ်များသည် အမေရိကန်နိုင်ငံနှင့် ဆက်နွယ်မှုရှိနေသဖြင့် လက်နက်ငယ်ထိန်းချုပ်ရေးဥပဒေများကို ပိုမိုတင်းကျပ်သွားရန် အမေရိကန်ဥပဒေပြုအမတ်များက တောင်းဆိုလျက်ရှိကြကြောင်း အမေရိကန်သတင်းဌာနများက ဇွန်လ ၁၆ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။

ကိုလံဘီယာနိုင်ငံ – ကိုလံဘီယာနိုင်ငံ ဘူကာရာမန်ဂါမြို့အရှေ့မြောက်ပိုင်းရှိ အကျဉ်းထောင်အတွင်းသို့ အလေးချိန် ၄၅ ဂရမ်ခန့်ရှိသော ဆေးခြောက်နှင့် ကိုကင်းများကို ကျောဘက်တွင် သိုဝှက်ချည်နှောင်သယ်ဆောင်လာသော ခိုင်္ဂက်တစ်ကောင်ကို ဖမ်းဆီးရမိလိုက်ကြောင်း ရဲတပ်ဖွဲ့က ဧန်နဝါရီလ ၁၉ ရက်နေ့တွင် ပြောကြားသည်။ ယင်းကိစ္စသည် ပြစ်မှုဆိုင်ရာနှင့်မှုခင်းအသစ်ဖြစ်ပြီး အကျဉ်းထောင်ထဲသို့ ဆေးခြောက်များသယ်ယူနိုင်ရန် ခိုင်္ဂက်များကို အထူးလေ့ကျင့်သင်ကြားပေးထားခြင်းဖြစ်ကြောင်း ရဲအရာရှိဂျိုအိန်ဂျယ်လ်ဖန်ဒိုကာက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများမှောင်ခိုတင်သွင်းရန် တည်ဆောက်ထားသည်ဟု ယူဆရသော အရှည်ပေ ၁၀၀ ရှိ ရေငုပ်သင်္ဘောတစ်စင်းကို ကိုလံဘီယာရေတပ်က ဖမ်းဆီးလိုက်ကြောင်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့က အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ ရေငုပ်သင်္ဘောသည် မူးယစ်ဆေးဝါးရှစ်တန်ကို သယ်ဆောင်ခုတ်မောင်းနိုင်မည်ဟု ခန့်မှန်းရကြောင်း သတင်းတွင်ဖော်ပြသည်။ ယင်းရေငုပ်သင်္ဘောကို ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့တော် အနောက်တောင်ဘက် ၂၅၅ မိုင်အကွာ ကော်ကာပြည်နယ်ရှိ မြစ်တစ်စင်းအတွင်း၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

မြောက်အမေရိကဒေသသို့ ပို့ဆောင်မည်ဟုယူဆရသော ကိုကင်း ၂ ဒသမ ၇ တန်ကို ကိုလံဘီယာ၊ ပြင်သစ်၊ ဟွန်ဒူးရပ်၊ နီကာရာဂွါနှင့် အမေရိကန်နိုင်ငံတို့မှ ရေတပ် တပ်ဖွဲ့ဝင်များက နိုင်ငံတကာရေပိုင်နက်တွင် ဖမ်းဆီးရမိကြောင်း တာဝန်ရှိသူများက မတ်လ ၂၅ ရက်နေ့တွင် ပြောကြားသည်။ ငါးနိုင်ငံရေတပ်ပူးပေါင်းစစ်ဆင်ရေးကို မတ်လ ၁၇ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြသည်။



ဆည်တည်ဆောက်ခြင်းအား ဆန့်ပြနေသော ဘရာဇီးနိုင်ငံသားများ

ချီလီနိုင်ငံ – တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပြည်သူငါးသိန်းသည် ဆင်းရဲမွဲတေသူများဘဝသို့ ကျရောက်သွားခဲ့ရကြောင်း အစိုးရအဖွဲ့အထက်တန်း တာဝန်ရှိသူတစ်ဦးက ဧန်နဝါရီလ ၂၇ ရက်နေ့တွင် ပြောကြားသည်။ ချီလီနိုင်ငံ၌ ပြည်သူ ၁၇ ဒသမ ၃ ရာခိုင်နှုန်းမှာ မြေငလျင်ဒဏ်ကို ဆိုးရွားစွာ တွေ့ကြုံခံစားခဲ့ကြရသူများဖြစ်ပြီး လူနေအိမ်များပျက်စီးခဲ့ရကြောင်း အစိုးရ၏ လေ့လာချက်စစ်တမ်းအရသိရသည်။

ဘရာဇီးနိုင်ငံ – ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်း၌ ၄၄ နှစ်တာကာလအတွင်း အဆိုးရွားဆုံးသော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ ရီယိုဒီဂျနေးရိုးပြည်နယ်နှင့် ဆော်ပေါလို ပြည်နယ်များ၌ အနည်းဆုံးလူ ၃၇၉ ဦး သေဆုံး၍ ၄၆၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း ဇန်နဝါရီလ ၁၃ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသည်။

ဘရာဇီးနိုင်ငံ၏ အရေးကြီးဆုံးနှစ်စဉ်ပွဲတော်တစ်ခုဖြစ်သည့် ဘရင်ဂျီခရစ်ယာန်ဝါဝင်ပွဲတော် ကာလအတွင်း လမ်းမတော်တဆမှုများကြောင့် အနည်းဆုံးလူ ၉၅ ဦး သေဆုံး၍ ၉၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဘရာဇီး ရဲတပ်ဖွဲ့က မတ်လ ၆ ရက်နေ့တွင် ပြောကြားသည်။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ နှစ်စဉ်ကျင်းပသော ဘရင်ဂျီခရစ်ယာန်ပွဲတော်သည် ကမ္ဘာပေါ်၌ အထင်ရှား ဆုံးပွဲတော်များတွင် ပါဝင်သည်။

ဥရောပသို့ မူးယစ်ဆေးဝါးများ တရားမဝင် တင်သွင်းနေသည်ဟု စွပ်စွဲထားသော ဆာဗီးယားလူမျိုး ၁၆ ဦးပါ ဂိုဏ်းကိုဖမ်းဆီးခဲ့ကြောင်းဘရာဇီးရဲတပ်ဖွဲ့က မေလ ၆ ရက်နေ့တွင် ပြောကြားသည်။ အဆိုပါ မူးယစ်ဆေးဝါး တရားမဝင်မှောင်ခိုသယ်ပို့သူများဟု သံသယရှိသည့် ဆာဗီးယားလူမျိုး မူးယစ်ဆေးဝါးဂိုဏ်းကို ဘရာဇီး၊ ပီရူး၊ ဘိုလီးဗီးယား၊ ပါရာဂွေးနှင့် အာဂျင်တီးနား နယ်စပ်တစ်လျှောက်၌ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

အမေဇုန်မိုးသစ်တောပြုန်းတီးလာနေမှုကို တားဆီးနိုင်ရန် သစ်တောပြုန်းတီးမှုပြဿနာကိုင်တွယ်ဖြေရှင်းရေးကော်မတီတစ်ရပ်ကို ထူထောင်လိုက်ကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက မေလ ၂၀ ရက်နေ့တွင် ပြောကြားသည်။ အမေဇုန်သစ်တောသည် လွန်ခဲ့သည့်နှစ်လတာကာလအတွင်း ဂြိုဟ်တုသတင်းဓာတ်ပုံများအရ သစ်တောပြုန်းတီးမှုဖြစ်ပေါ်ခဲ့ရသည်ဟု သိရကြောင်း၊ ဘရာဇီးနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် နှစ်ပေါင်း ၂၀ ကျော်အတွင်း လွန်ခဲ့သည့်နှစ်က အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့ကြောင်း ဘရာဇီးသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးတိုင်ဇီရာက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု။ ။၂၀၁၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ထူးခြားဖြစ်စဉ်များ အနက် အမေရိကန်ရေတပ်အထူးတပ်ဖွဲ့ နေဗီဆီးလ် (Navy SEAL) က အယ်လ်ခိုင်ဒါ အဖွဲ့ခေါင်းဆောင် အိုစမာ ဘင်လာဒင်အား ပါကစ္စတန်နိုင်ငံ အဘော့တာဘက်မြို့ ရှိ ၎င်း၏ခြံဝင်း၌ မေလ ၁ ရက်တွင် လျှို့ဝှက်စွာ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်ပြီးနောက် အမေရိကန်တပ်ဖွဲ့တို့က အယ်လ်ခိုင်ဒါ ၏ အမှတ် ၂ ခေါင်းဆောင်ဟု ယူဆရသည့်အေမန်အယ်လ်ဇဝါဟီရီအား ခြေရာခံရန် သဲလွန်စများအဖြစ် ကွန်ပြူတာ hard drives များ၊ DVD များနှင့် အခြားစီအိုင်အေက ရှာဖွေလျက်ရှိသည့် အထောက်အထားများကို ယူဆောင်၍ထွက်ခွာကြသည်။

"ကမ္ဘာကြီး ပိုမိုလုံခြုံမှုရှိသွားကြောင်း၊ အိုစမာ ဘင်လာဒင်သေဆုံးမှုကြောင့် ပိုမိုကောင်းမွန်သည့် နေရာဖြစ်လာကြောင်း" အမေရိကန်သမ္မတဘားရက် အိုဘားမားက ဘင်လာဒင်စီးနင်းမှုအပြီး မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။


ကနေဒီ မိသားစုများနှင့် ကလင်တန်မိသားစုများ အပါအဝင် အမေရိကန်ဒီမိုကရက်တစ်တို့၏ အားလပ်ရက်နားခိုခဲ့သည့်နေရာတွင် အိုဘားမားမိသားစုက နွေရာသီအားလပ်ရက်အနားယူရန် ရွေးချယ်ခဲ့သည်။ ထိုအချိန်သည် သမ္မတကို လူထုကြိုက်နှစ်သက်မှုနှုန်းကျဆင်းချိန်၊ နိုင်ငံ၏စီးပွားရေးကျဆင်းချိန်ဖြစ်ကာ ဈေးကွက် လှုပ်ရှားလျက်ရှိပြီး အလုပ်လက်မဲ့ ရာခိုင်နှုန်းက ၉ ဒသမ ၁ ရာခိုင်နှုန်း မြင့်မားနေချိန်ဖြစ်သည်။

ရီပတ်ဘလီကင်ပါတီမှ တင်မ်ပေါ်လင်တီက အိုဘားမားသည် ၎င်း၏ခရီးစဉ်ကို ဖျက်သိမ်း၍ ကွန်ဂရက်လွှတ်တော်အစည်းအဝေးကို ခေါ်ယူပြီး အလုပ်လုပ်ရန် တိုက်တွန်းပြောကြားခဲ့သည်။ ဝါရှင်တန်ပို့စ် သတင်းစာမှ ဤအချိန်မှာ သမ္မတ တစ်ဦးအတွက် ချမ်းသာကြွယ်ဝ၍ ကျော်ကြားသူတို့၏ ခမ်းနားသောနားခိုရာနေရာတွင် နေထိုင်ရမည့်အချိန် မဟုတ်ကြောင်း ရေးသားခဲ့သည်။

၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်တွင် အီလီနွိုက်ပြည်နယ်အက်ကင်ဆန်မြို့၌ အိုဘားမားက

CBS အသံလွှင့်ဌာနသို့ ပြီးခဲ့သည့် နှစ်နှစ်ခွဲအတွင်း ကျွန်တို့ပြည်သူလူထုအား အလုပ်အကိုင်များ ပြန်လည်ရရှိစေ၍ စီးပွားရေးဖြစ်ထွန်းလာရန် စဉ်းစားခဲ့ကြသည်။ တိုးတက်မှုအချို့ကို ရရှိခဲ့သည်။ ပြီးခဲ့သည့် ၁၇ လအတွင်း အလုပ်အကိုင် နှစ်သန်းကျော်ကို ဖန်တီးခဲ့သည်။ သို့သော် လွန်ခဲ့သည့် ၆ လ အတွင်း စီးပွားရေးအခက်အခဲများ ကြုံခဲ့ရ၍ အလုပ်လက်မဲ့နှုန်းကျဆင်းရေးကို လျင်မြန်စွာ မလုပ်ဆောင်နိုင်ခဲ့ပါဟူ၍ ဖြေကြားခဲ့သည်။

ဩဂုတ်လ ၃၁ ရက်တွင် ဝါရှင်တန် ဒီစီရှိ အိမ်ဖြူတော်၌ အိုဘားမားက အလုပ်အကိုင် တစ်သန်းအား ကာကွယ်မှုပေးမည့် ပြည်ထောင်စုလမ်းမကြီးတိုးချဲ့မှုဥပဒေအား အတည်ပြုရန် ကွန်ဂရက်လွှတ်တော်သို့ တိုက်တွန်းခဲ့သည်။ ယင်းနေ့တွင်ပင် အမေရိကန် အလုပ်သမားဝန်ကြီး ဟီလ်ဒါဆိုလစ်စ်က သမ္မတအိုဘားမား၏ အလုပ်အကိုင်များ ဖန်တီးမှုကို အလုပ်သမားသမဂ္ဂ၏ဝေဖန်မှုကို ပယ်ချ၍ အစိုးရအဖွဲ့၏ အလုပ်အကိုင်ဖန်တီးရေးအပေါ် စူးစိုက်လုပ်ကိုင်မှုကို ကာကွယ်ပြောကြားခဲ့သည်။



အမေရိကန်တို့ ပျော်ဆုံးသွားသော မောင်းသူမဲ့လေယာဉ်

အဆိုပြုထားသော Keystone XL ရေနံပိုက်လိုင်းမှ ကနေဒါနိုင်ငံအနောက်ပိုင်းရှိ ကတ္တရာသဲရေနံစိမ်းများကို တက္ကဆပ်စ်ပင်လယ်ကွေ့ကမ်းခြေရှိ ရေနံချက်စက်ရုံများတွင် ချက်လုပ်ရန်ပို့ဆောင်မည်ဖြစ်ရာ ကန့်ကွက်ဆန္ဒပြသူများရှိခဲ့၍ ဖမ်းဆီးခဲ့သူ ၆၀၀ နီးပါးရှိခဲ့သည်။ ဩဂုတ်လ ၂၀ ရက်နေ့မှ စ၍ စက်တင်ဘာလ ၃ ရက်အထိ စီစဉ်ထားသည့် ကန့်ကွက်ဆန္ဒပြမှုမှာ ရာသီဥတုထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုသမိုင်းတွင် အကြီးမားဆုံးသော ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဖြစ်ခဲ့သည်။ ကန့်ကွက်ဆန္ဒပြသူတို့က သမ္မတအိုဘားမားအား ၎င်း၏အာဏာကို အသုံးပြု၍ ပိုက်လိုင်းစီမံကိန်းကို ပယ်ချရန် တောင်းဆိုလျက်ရှိကြရာ ၎င်းက ဆုံးဖြတ်ချက်ကို ယခုနှစ်မကုန်မီ ပြုလုပ်မည်ဟု မျှော်မှန်းထားသည်။

ကတ္တရာသဲများကို ရေနံသဲများဟုလည်း ခေါ်ကြ၍ ၎င်းတို့မှာ ဘစ်ကျူမင်ခေါ် စေးကပ်ပြစ်ခဲသောအရည်များ ပုံစံဖြင့်စုဝေးနေခြင်းဖြစ်သည်။ ၎င်းတို့ကို ထုတ်ယူခြင်းဖြင့် ကနေဒါ နိုင်ငံသားတို့၏ ပတ်ဝန်းကျင်ကို ပျက်စီးစေခြင်း၊ သန့်စင်ချက်လုပ်ရာတွင် အဆိပ်သင့်သည့်ညစ်ညမ်းမှုများကို တက္ကဆပ်စ်ပြည်နယ်ရှိ ဟူစတန်နှင့် ပို့အာသာမြို့များတွင် နေထိုင်သည့်ပြည်သူတို့ခံစားရမည့်အပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတို့က စိုးရိမ်ခဲ့ကြသည်။

အဆိုပြုထားသော Keystone XL ရေနံပိုက်လိုင်းမှ ကနေဒါနိုင်ငံအနောက်ပိုင်းရှိ ကတ္တရာသဲရေနံစိမ်းများကို တက္ကဆပ်စ်ပင်လယ်ကွေ့ကမ်းခြေရှိ ရေနံချက်စက်ရုံများတွင် ချက်လုပ်ရန်ပို့ဆောင်မည်ဖြစ်ရာ ဖြစ်လာနိုင်သည့် ပိုက်လိုင်းယိုစိမ့်မှုမှာလည်း အမေရိကန်ပြည်ထောင်စု၏ ရေအရင်းအမြစ်တို့ကို အန္တရာယ်ပေးနိုင်သည်။ ၎င်းပိုက်လိုင်းက Guat Plaius ဒေသ၏ စိုက်ပျိုးရေးနှင့် သောက်ရေတို့၏ အဓိက

အရင်းအမြစ်ဖြစ်သော Ogallala Aquifer ရေတိမ်ကန်ကြီးကို ဖြတ်သန်းရမည်ဖြစ်သည်။ ကတ္တရာသဲများမှ လောင်စာအရည် ရရှိရန် ချက်လုပ်ရာတွင် သာမန်ရေနံစိမ်းတို့ကို ချက်လုပ်ခြင်းထက် မှန်လုံအိမ်မာတ်ငွေ ၂ ဆမှ ၄ ဆအထိပို၍ ထွက်နိုင်သည်ကို ရာသီဥတုအပေါ် အကျိုးသက်ရောက်မှုအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတို့က အထူးပူပင်ကြခြင်းဖြစ်သည်။ ဤကိစ္စက သမ္မတအိုဘားမားအနေဖြင့် ၎င်းသည်ရာသီဥတုပြောင်းလဲမှုအပေါ်မည်မျှ အလေးထားသည်ကို နိုင်ငံနှင့်ကမ္ဘာ လူနေမှုအဖွဲ့အစည်းတို့အား ပြသရန်စမ်းသပ်မှုဖြစ်ကြောင်း၊ ကန့်ကွက်ဆန္ဒပြမှုတို့ကို ဦးဆောင်ကူညီလျက်ရှိသော ထင်ရှားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား၊ လှုံ့ဆော်သူနှင့် သတင်းသမားလည်းဖြစ်သူ ဘီလ်မက်ကစ်ဘင်က ပြောကြားသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်တွင် သမ္မတဘားရက်အိုဘားမားက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်အား အစိုးရအဖွဲ့တွင်းအပြောင်းအလဲလက္ခဏာများရှိမှုအပေါ်တွင် မူတည်၍ မြန်မာနိုင်ငံသို့စေလွှတ်ရန် ဆုံးဖြတ်ခဲ့သည့် သတင်းကို အာဆီယံက ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန်မောင်းသူမဲ့ ကိုယ်ပျောက် လေယာဉ်အား ၎င်း၏နယ်မြေအတွင်းသို့ ရောက်ခဲ့စဉ် ပစ်ချခဲ့ကြောင်းအီရန်နိုင်ငံက ဒီဇင်ဘာလ ၇ ရက်တွင် ကြေညာခဲ့သည်။ အမေရိကန်ပြည်ထောင်စုကလည်း ၎င်း၏ မောင်းသူမဲ့ဒရုန်းလေယာဉ်မှာ အာဖဂန်နစ္စတန်ပေါ်တွင် ပျံသန်းလျက်ရှိစဉ် ပျောက်ဆုံးခဲ့ကြောင်း ကြေညာခဲ့သည်။ ဤကြေညာချက်နှစ်ခုလုံးမှာ လုံးဝတိကျ ခြင်းမရှိကြဘဲ အမှန်အဖြစ်အပျက်အချို့ကို ထိန်းချုပ်ထားခြင်းဖြစ်ရာ နှစ်နိုင်ငံတို့အကြားတွင် လျှို့ဝှက်မှုများရှိနေသည်ကို ပြသလျက်ရှိကြသည်။

အီရန်ရေဒီယိုက ဒရုန်းလေယာဉ်မှာ အာဖဂန်နစ္စတန်နယ်စပ်မှ မိုင် ၁၄၀ ကွာသော အရှေ့ပိုင်းကက်ရှ်မာမြို့အနီးတွင် ပျက်ကျခဲ့သည်ဟုဆိုသည်။ ဤအကြိမ်မှာ အီရန်တို့က အမေရိကန်မောင်းသူမဲ့ဒရုန်းလေယာဉ်တို့ကို လေးကြိမ်မြောက်ပစ်ချခြင်းဖြစ်ကြောင်း ပြောဆိုသော်လည်း သက်သေအထောက်အထားတစ်စုံတစ်ရာကို ပြသခြင်းမရှိပေ။ သို့သော်၎င်းတို့က လေယာဉ်အမျိုးအစား၊ မှာ RQ-170 Sentinel ဖြစ်ကြောင်း ပထမဆုံးဖော်ပြခဲ့ခြင်းဖြစ်သည်။ အမေရိကန်တို့ကမူ ၎င်းတို့ပျောက်ဆုံးသော လေယာဉ်ဖြစ်ကြောင်း အတည်ပြုခြင်းမရှိပေ။ RQ-170 သည် ပေ ၃၀,၀၀၀ အထက်တွင် ပျံသန်းတာဝန်ထမ်းဆောင်ခြင်းဖြစ်ရာ အာဖဂန်နစ္စတန်ရှိ တာလီဘန်တို့တွင် ထိုအမြင့်အထိ ပစ်ခတ်နိုင်စွမ်းရှိသည့်ဒုံးပျံများ မရှိပေ။

သောင်းထိုက်ဦး

အရှေ့.အလယ်ပိုင်းဒေသ။ ။ယီမင်နိုင်ငံ– ဆာနား မြို့တော်အနောက်ဘက် ကျေးရွာတစ်ရွာအတွင်း၌ ချက်သမ္မတနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည် လေးဦးကို အယ်ဟိုင်မာအယ်ခါရီဂျာခရိုင်အတွင်းတွင် ပြန်ပေးသမားများက ပြန်ပေးဆွဲသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၁၇ ရက်တွင် ကြေညာသည်။

ယီမင်သမ္မတ အလီအဗ္ဒူလာဆာလတ်က အတိုက်အခံလူမျိုးစုခေါင်းဆောင်ကို ဖမ်းဆီးရန် အမိန့်ထုတ်ပြန်လိုက်ချိန်တွင် မြို့တော်ဆာနား၌ လက်နက်အများအပြားသိုလှောင်ထားသော လက်နက်သိုလှောင်ရုံပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ၂၈ ဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက မေလ ၂၆ ရက်တွင် ပြောကြားသည်။ အဆိုပါလက်နက် သိုလှောင်ရုံမှာ လူမျိုးစုခေါင်းဆောင်ဆာဒစ်အယ်လ် အာမာပိုင်ဆိုင်သော လက်နက်သိုလှောင်ရုံဖြစ်ပြီး ၎င်းရုံတွင် အလုပ်လုပ်နေသူ ၂၈ ဦးမှာ ပေါက်ကွဲမှုဖြစ်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသနိုင်ငံတစ်ခုဖြစ်သော ယီမင်နိုင်ငံတွင်လည်း စက်တင်ဘာ ၁၈ ရက်နေ့ကစပြီး လက်ရှိအာဏာရအစိုးရကို ဆူပူဆန္ဒပြမှုပြင်းထန်လာသည့်အတွက် ယီမင်အစိုးရက ဆူပူဆန္ဒပြအကြမ်းဖက်သမားများကို အင်အားသုံးပစ်ခတ်ဖြိုခွဲမှုကြောင့် လူ ၂၀

ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့သည်။ ဆန္ဒပြသူများ ရပ်တန့်မသွားဘဲ အစိုးရနှုတ်ထွက်ရေး တောင်းဆိုလျက်ရှိသဖြင့် အစိုးရနှင့် ဆန္ဒပြသူများ အကြား ထိပ်တိုက်ရင်ဆိုင်တွေ့လျက်ရှိနေသည်။ ယီမင်နိုင်ငံတောင်ပိုင်းတွင်လည်း စစ်သွေးကြွများနှင့် အစိုးရတပ်များအကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားနေသည်။

အသက် ၆၉ နှစ်ရှိပြီဖြစ်သည့် ယီမင်သမ္မတ ဆာလတ် (Saleh) သည် ဆော်ဒီအာရေဗျနိုင်ငံတွင့် ဆေးဝါးကုသမှုခံယူနေရာမှ စက်တင်ဘာလ ၂၃ ရက်တွင် ပြန်လည်ရောက်ရှိသည်။ ယီမင်သမ္မတနိုင်ငံပြန်ရောက်ပြီး နာရီပိုင်းအတွင်းမှာပင် ဆန္ဒပြသူထောင်ပေါင်းများစွာသည် မြို့တော်ဆာနား၏ လမ်းမများပေါ်တွင် စုဝေးဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများကို ရဲများက သံချပ်ကာကားများဖြင့် ဝင်တိုး၍ လူအုပ်ခွဲခဲ့သလို သေနတ်များဖြင့်လည်း ပစ်ခတ်ခဲ့သည်။ အမေရိကန်အစိုးရသည် ယီမင်သမ္မတအာဏာလွှဲပြောင်းပေးရေးအတွက် စေ့စပ်ဆွေးနွေးမှုများကို လုပ်ဆောင်လျက်ရှိရာ ယခုကဲ့သို့ ရုတ်တရက်ပြန်သွားခြင်းကြောင့် အမေရိကန် အစိုးရနှင့် စေ့စပ်ဆွေးနွေးရေးများကို များစွာထိခိုက်ဖွယ်ရှိသည်။ ယီမင်သမ္မတသည် တာဝန်ထမ်းဆောင်လျက်ရှိသည်မှာ ၃၃ နှစ်ရှိပြီဖြစ်သည်။ ၎င်းအား မကြိုက်သူများရှိသလို ကြိုက်သူများလည်း များစွာရှိလေသည်။ ယီမင်တွင် ဇန်နဝါရီလမှစ၍ သမ္မတဆာလတ်ရာထူးဆင်းပေးရေးဆူပူဆန္ဒပြတောင်းဆိုမှုများမြင့်မားခဲ့ပြီး ဇွန်လ ၄ ရက်က ၎င်း၏အိမ်ခြံဝင်းကို အတင်းဝင်ရောက်ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိကာ အိမ်နီးချင်းဆော်ဒီအာရေဗျနိုင်ငံ၊ ရိယဒ်မြို့တွင် ဆေးဝါးကုသခံနေရခြင်းဖြစ်သည်။

စက်တင်ဘာလ ၁၈ ရက်မှ စ၍ ယီမင်တွင် သမ္မတက အင်အားသုံးဖြိုခွဲခဲ့၍ စက်တင်ဘာလ ၂၄ ရက်အထိ လူ ၁၀၀ ခန့်သေဆုံးခဲ့ရသည်။ ယီမင်အစိုးရနိုင်ငံခြားရေးဝန်ကြီးက သမ္မတသည် (၆၆) ကြိမ်မြောက်ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ယီမင်နိုင်ငံ၏ နိုင်ငံရေးပြဿနာများနှင့် ပတ်သက်ပြီး ပင်လယ်ကွေ့ဒေသပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Co-operation Council) နှင့်အမြင်သဘောထား ကွဲလွဲနေမှုများကို စက်တင်ဘာလ ၂၅ ရက်တွင် ပင်လယ်ကွေ့ဒေသနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂသို့ ရောက်ရှိနေသည့် ဒေသတွင်းအခြားနိုင်ငံများမှ သံတမန်ကြီးများ၊ ကိုယ်စားလှယ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်းပြောကြားသည်ဟု ဘန်ကောက်ပို့စ်သတင်းစာကဖော်ပြသည်။

ယီမင်နိုင်ငံရေးပြဿနာကို အဖြေရှာရန်ရောက်ရှိနေသော ကုလသမဂ္ဂအထူးသံတမန် ဂျမေးလ်ဘင်အိုမာသည် အဖြေထုတ်မပေးနိုင်ဘဲ နိုင်ငံမှပြန်လည်ထွက်ခွာခဲ့ရသည်။ ၎င်း၏တာဝန်မှာ တာရှည်စိုးစံနေခဲ့သော ယီမင်သမ္မတ အလီအဗ္ဒူလာဆာလတ်ကို ပင်လယ်ကွေ့ပူးပေါင်း ဆောင်ရွက်ရေးကောင်စီ ဂျီစီစီ၏ အဆိုအပေါ် အခြေခံလျက် ညှိသာစွာ အာဏာစွန့်စေရေးဖြစ်သည်။ သတင်းနှစ်ပတ်အကြာအတွင်း ၎င်း၏ရည်မှန်းချက်မအောင်မြင်ခဲ့ချေ။

အစ္စရေး-ပါလက်စတိုင်း-အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က အစ္စရေးနှင့် ပါလက်စတိုင်းနယ်စပ်တွင် အခြေချနေထိုင်သူများ၏ အဆောက်အအုံများအား ၄၅ ရက် အတွင်းဖျက်ပစ်ရန် ၎င်း၏တပ်များအား အမိန့်ထုတ်ပြန်သည်။ အစ္စရေးက အနောက်ဘက်ကမ်းခြေဒေသ မြောက်ပိုင်းတွင် ဝင်ရောက်အခြေချသူများကို ဖယ်ရှားပစ်ရန်ရည်ရွယ်သော ဆုံးဖြတ်ချက်ဖြစ်သော်လည်း နေအိမ်များသည် ပါလက်စတိုင်းတို့၏မြေပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း ဟာရတ်ဇ်နေ့စဉ်သတင်းတွင် ဖော်ပြ၍ ကာကွယ်ရေးဝန်ကြီးရုံးကလည်း အတည်ပြုခဲ့သည်။

သို့သော် ကာကွယ်ရေးဝန်ကြီးက ပါလက်စတိုင်းမြေပေါ်တွင် ဖြစ်သော်လည်း တရားမဝင်ဆောက်လုပ်ထားသော နေအိမ်များကို တားဆီးရမည်၊ ဖျက်ပစ်ရမည်၊ နိုင်ငံတကာအသိုင်းအဝိုင်းမှ အများစုသည်လည်း အနောက်ဘက်ကမ်းခြေဒေသတွင် အခြေချနေထိုင်သူများသည်တရားမဝင်ကြောင်း ယူဆထားပြီးဖြစ်သည်ဟုဆိုသည်။ အစ္စရေးက အနောက်ဘက်ကမ်းခြေဒေသရှိ နေအိမ်များ ဖြိုဖျက်မှုကို ၎င်း၏ ပိုင်နက်(သို့မဟုတ်)

ပါလက်စတိုင်း ပိုင်နက်တွင်ရှိသည်ဆိုသည်ကို ပိုင်းခြားဆန်းစစ်ပြီး ပြုလုပ်သွားမည်ဟုဆိုသည်။ ပါလက်စတိုင်း ဘက်မှလည်း အနောက်ဘက်ကမ်းခြေဒေသရှိ အစွန်းရောက်တို့ ဆောက်လုပ်သမျှသည် နိုင်ငံတကာ ဥပဒေချိုးဖောက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးအတွက် တက်ကြွလှုပ်ရှားသူ အုပ်စုများက ဝေဖန်ကန့်ကွက်နေကြသည့်ကြားမှ အစွန်းရောက်အစိုးရက သိမ်းပိုက်ထားသော ဂျေရုဆလင်မြို့အရှေ့ဘက်အခြမ်း ဟာဟိုးမားနယ်မြေအတွင်း အိမ်သစ် ၉၀၀ ဆောက်လုပ်မည့် အစီအစဉ်ကို နောက်ဆုံးအတည်ပြုချက်ပေးလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ ဟာဟိုးမားနယ်မြေမှာ အရှေ့ဂျေရုဆလင်တွင် အကြီးဆုံးနှင့်အငြင်းပွားမှုအများဆုံး ဂျူးအခြေချအိမ်ရာစခန်းတစ်ခုဖြစ်ပြီး ယင်းနယ်မြေမှာ နိုင်ငံတကာဥပဒေအရ ပါလက်စတိုင်းတို့ထံမှ အစွန်းရောက် သိမ်းပိုက်ထားသောနယ်မြေဖြစ်သော်လည်း အစွန်းရောက်မိမိ၏ ပိုင်နက်နယ်မြေဖြစ်သည်ဟု တစ်လျှောက်လုံးပြောဆိုနေခဲ့သည်။

ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးရရှိရန် လိုလားသောအုပ်စုများက အပြင်းအထန်ကန့်ကွက်နေကြသည့်ကြားမှ အစွန်းရောက်ပြည်ထဲရေးဝန်ကြီးဌာနကလက်ရှိတွင် လူ ၉၀၀၀ ကျော် နေထိုင်နေကြ ပြီးဖြစ်သည့် ဟာဟိုးမားနယ်မြေတွင် အိမ်သစ် ၉၃၀ ဆောက်လုပ်မည့် အစီအစဉ်ကို နောက်ဆုံးအတည်ပြုပေးလိုက်ခြင်းဖြစ်သည်။ ပြည်ထဲရေးဝန်ကြီး အီလီယီရှိုင်းကယင်းစီမံချက်ထဲတွင် သေးငယ်သော ငွေကုန်ကြေးကျသက်သာသော အိမ်များပါဝင်သောကြောင့် အရေးကြီးကြောင်း ပြောဆိုခဲ့သည်။ သို့သော် ငြိမ်းချမ်းရေး လှုပ်ရှားသူများကမူ ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်ကို အစွန်းရောက်၏ အိမ်ရာလိုအပ်ချက်အပေါ် နိုင်ငံရေးအရ အမြတ်ထုတ်မှုတစ်ခုသာဖြစ်သည်ဟုပြောဆိုခဲ့ကြသည်။

ဟာဟိုးမားကို ချဲ့ထွင်မှုက လက်တွေ့အားဖြင့် ပါလက်စတိုင်းမြို့တစ်မြို့ဖြစ်သော ဘက်သလေဟမ်ကို အရှေ့ဂျေရုဆလင်မှ အခြားနယ်မြေများနှင့် အဆက်ပြတ်သွားစေလိမ့်မည်ဟု ဝေဖန်သူများက ပြောဆိုခဲ့ကြသည်။ အရှေ့ဂျေရုဆလင်နှင့် သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသတွင် ဂျူးအခြေချအိမ်ရာစခန်းများ ဆက်လက်ဆောက်လုပ်နေခြင်းကို အစွန်းရောနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေးအတွက် အဓိကအတားအဆီးအဖြစ် အများကရှုမြင်နေကြသည်။

အစွန်းရောက်စစ်တပ်များနှင့် ပါလက်စတိုင်းစစ်သွေးကြွများကြား မကြာသေးမီကာလများ၌ အပြန်အလှန် ပစ်ခတ်မှုများရှိနေသဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းက စိုးရိမ်ပူပန်နေကြောင်း သိရသည်။ အစွန်းရောက်သည် ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းမှ ထိုးစစ်ဆင်နွှဲနေပြီး ပါလက်စတိုင်းစစ်သွေးကြွများကလည်း အစွန်းရောက်နိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်နေခဲ့သည်။ အစွန်းရောက်နိုင်ငံအတွင်း၌ ဩဂုတ် ၁၈ ရက်တွင် တိုက်ခိုက်မှုများရှိခဲ့သဖြင့် အရပ်သား ၈ ဦးသေဆုံးခဲ့ပြီး သေနတ်သမားတစ်ဦးနောက်သို့ အစွန်းရောက်အဖွဲ့ဝင်များ လိုက်လံပစ်ခတ်ခဲ့ရာ အီဂျစ်ရဲတပ်ဖွဲ့ဝင် ၅ ဦးသေဆုံးခဲ့သည်။ ဩဂုတ်လ ၁၈ ရက်တိုက်ခိုက်မှုများမှစ၍ ပါလက်စတိုင်းစစ်သွေးကြွများသည် အစွန်းရောက်နိုင်ငံအတွင်းသို့ ဒုံးကျည်များ မော်တာများဖြင့် ပစ်ခတ်နေခဲ့သည်။

အိုဖာကမ်မြို့သို့ ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခဲ့သောကြောင့် ကလေးငယ်နှစ်ဦး ဒဏ်ရာရရှိကြောင်း အစွန်းရောက်ဘက်မှ ပြောကြားသည်။ အီဂျစ်ကလည်း ၎င်း၏နယ်မြေထဲသို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုများရှိခဲ့သည်ဟု ဖော်ပြခဲ့သည်။ ဟာမာ့စ်အဖွဲ့ကို သစ္စာခံသော်လည်း သီးခြားစီလှုပ်ရှားနေသည့် ပြည်သူ့ကာကွယ်ရေးကော်မတီ (PRC) က ဘီဘာရှီအား တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ကြောင်း ဝန်ခံခဲ့ပြီး ဟာမာ့စ်အဖွဲ့၏ အဖွဲ့ခွဲတစ်ခုကလည်း အိုဖာကမ်မြို့ကို ကရက်ဒုံးကျည်လေးခုဖြင့် ပစ်ခတ်ခဲ့ကြောင်း ပြောဆိုခဲ့သည်။ ဟာမာ့စ်သည် လေးလကြာစစ်ပြေငြိမ်းရေး သဘောတူညီချက်ကို ချိုးဖောက်ပြီး ဂါဇာရှိစစ်သွေးကြွအဖွဲ့များနှင့် ပူးပေါင်းကာ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အစွန်းရောက်စစ်တပ်ကလည်း အနောက်ဘက်ကမ်းခြေဒေသ၌ ဟာမာ့စ်နှင့်ပတ်သက်သော ပါလက်စတိုင်းသားများကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ယင်းဖြစ်ရပ်များကြောင့် အစွန်းရောနှင့် အီဂျစ်ကြားတွင် သံတမန်ရေးတင်းမာမှုများ

ရှိနေခဲ့ကာ အီဂျစ်သည် ၎င်း၏ အစွန်ရေးနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးကို ပြန်ခေါ်ရန်စီစဉ်နေကြောင်း ပြောဆိုခဲ့သည်။

ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်တစ်ခု၏ အစီရင်ခံစာတွင် ယမန်နှစ် မေလက အစွန်ရေး၏ပိတ်ဆို့ထားမှုကိုဖောက်ထွင်းပြီး ဂါဇာရှိ ပါလက်စတိုင်းပြည်သူများကိုထောက်ပံ့ကူညီရန် ဂါဇာသို့ဦးတည်မောင်းနှင်လာသည့် 'ဂါဇာကို လွှတ်ပေး' သင်္ဘောအုပ်စု တစ်စုစီးနင်းတိုက်ခိုက်ခံခဲ့ရပြီး တူရကီနိုင်ငံသား ကိုးဦးသေဆုံးခဲ့သောဖြစ်စဉ်ကို နိုင်ငံတကာဥပဒေအရ ကန့်ကွက်ရန်မရှိသော်လည်း အစွန်ရေးစစ်တပ်သည် လိုသည်ထက်ပို၍ အင်အားအလွန်အကျွံသုံး စွဲခဲ့သောကြောင့် တာဝန်မဲ့ရာရောက်ကြောင်း၊ သို့သော် အစွန်ရေးနှင့် အီဂျစ်တို့က ဂါဇာကမ်းမြောင်ဒေသကို ဝိုင်းရံပိတ်ဆို့ထားမှုမှာမူ တရားဝင်ကြောင်း ဖော်ပြထားသည်။ ၎င်းသင်္ဘောအုပ်စုမှ သင်္ဘောတစ်စင်းပေါ်သို့ အစွန်ရေး ရေတပ်ကွန်မန်ဒိုများက တက်ရောက်စီးနင်းခဲ့သော နေရာမှ အလွန်ဝေးကွာသောနေရာတွင် ရှိနေသည့် သင်္ဘောများပေါ်သို့နောက်ဆုံးသတိပေးမှုမပြုလုပ်ဘဲ ကြိုးမားသော အင်အားဖြင့် တက်ရောက်စီးနင်းရန် အစွန်ရေးက ဆုံးဖြတ်ခဲ့ခြင်းမှာ လွန်ကဲလွန်းပြီး ကျိုးကြောင်းဆီလျော်မှုမရှိပါဟု အစီရင်ခံစာတွင် ရေးသားထားသည်။

ယခုအခါ ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်နေသော ဟားမာစ်အဖွဲ့က ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်၏ တွေ့ရှိချက်များမှာ တရားမျှတမှုလည်းမရှိ ဟန်ချက်ညီမှုလည်းမရှိဟု ပြောကြားခဲ့သည်။ ဒီအစီရင်ခံစာက ကျူးကျော်သိမ်းပိုက်သူက သူ့ရဲ့တာဝန်ရှိမှုကို ရှောင်ရှားဖို့ ခွင့်ပြုထားတာဖြစ်တယ်ဟု ဟားမာစ်အဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ထိုဖြစ်ရပ်အပြီးတွင် အစွန်ရေးနှင့် တူရကီနိုင်ငံအကြား တင်းမာမှုပေါ်ပေါက်ခဲ့ရာ ယင်းတင်းမာမှုလျော့ပါးရေးတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် နယူးဇီလန်၏ဝန်ကြီးချုပ်ဟောင်း ဂျော်စရီပါလ်မား ဦးဆောင်သော စုံစမ်းရေးကော်မရှင်ကို ကုလသမဂ္ဂအဖွဲ့က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ အစွန်ရေးအစိုးရကလည်း သီးခြားစစ်ဆေးမှုတစ်ခုပြုလုပ်ခဲ့သည်။ အစွန်ရေးကော်မရှင်က သင်္ဘောကိုတက်ရောက်စီးနင်းသည့် လုပ်ရပ်မှာ တရားဝင်သည်ဟု ကောက်ချက်ချခဲ့ပြီး ထိုကောက်ချက်ကို တူရကီအစိုးရက ပယ်ချခဲ့သည်။

အစွန်ရေးနိုင်ငံက နိုင်ငံမြောက်ပိုင်းကမ်းရိုးတန်းရှိ သဘာဝဓာတ်ငွေ့လုပ်ကွက်များပေါ်တွင် ဟားမာ့စ်နှင့် လက်ဘနွန်တို့ဘက်မှ တိုက်ခိုက်လာမည့် ဘေးအန္တရာယ်ကို ကာကွယ်ရန်အတွက် မောင်းသူမဲ့ စောင့်ကြည့်လေ့လာရေးလေယာဉ်များ ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း သြဂုတ်လ ၁၀ ရက်က ကြေရာဆလင်ပို့စ်သတင်းစာတွင် ဖော်ပြသည်။ မြေထဲပင်လယ် အစိတ်အပိုင်းတွင်တည်ရှိသော အဆိုပါသဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် အစွန်ရေးနိုင်ငံက ဓာတ်ငွေ့များ ရှာဖွေထုတ်လုပ်လျက်ရှိသည်။ သို့သော် ထိုဓာတ်ငွေ့လုပ်ငန်းများသည် အငြင်းပွားလျက်ရှိသော ရေပိုင်နက်အတွင်းရှိကြောင်း လက်ဘနွန်တို့က ပြောကြားသည်။ အစွန်ရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့မြောက်ဘက်တွင် တာမာနှင့် လီဗိယာသန်းဟုအမည်ရသော ကမ်းလွန်သဘာဝဓာတ်ငွေ့လုပ်ကွက်နှစ်ခုရှိသည်။ တာမာလုပ်ကွက်သည် ဓာတ်ငွေ့ကုဗပေ ၈ ဒသမ ၄ ဘီလီယံနှင့် လီဗိယာသန်းလုပ်ကွက်မှာ ဓာတ်ငွေ့ကုဗပေ ၁၆ သန်းထွက်ရှိနိုင်သည်ဟု အစွန်ရေးတို့က ယုံကြည်ထားသည်။

စက်တင်ဘာလ ၂ ရက်နေ့က တူရကီနိုင်ငံသည် အစွန်ရေးသံအမတ်ကြီးနှင့် အခြားအဆင့်မြင့် သံအရာရှိကြီးများအား စက်တင်ဘာလ ၇ ရက်ကို နောက်ဆုံးထား၍ မိခင်နိုင်ငံသို့ ပြန်သွားရန်နှင့် တူရကီတွင် ဒုတိယအတွင်းဝန်အဆင့်ရှိ သံအရာရှိကိုသာထားရှိရန် တရားဝင်ကြေညာထားသည်။ ဤသို့ဖြစ်ရသည်မှာ လွန်ခဲ့သည့်နှစ်က ဂါဇာကမ်းမြောင်ဒေသအတွင်း ကင်းလှည့်နေသည့် တူရကီရေတပ်မှ လူသားချင်းအကူအညီပေးရေးဆောင်ရွက်နေသည့် သင်္ဘောကို အစွန်ရေးရေယာဉ်အုပ်စုက စီးနင်းတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ကြောင့် ဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ တူရကီနိုင်ငံခြားရေးဝန်ကြီး အာမက်ဒဗူတိုလူ (Ahmet Davutoglu) က အစွန်ရေးနိုင်ငံအနေဖြင့် တူရကီနိုင်ငံကို တရားဝင် ဝန်ချတောင်း

ပန်ရန် ပြောကြားသည်။ အစ္စရေးနိုင်ငံကလည်း မတောင်းပန်နိုင်ကြောင်း၊ ကုလသမဂ္ဂ၏ အစီရင်ခံစာတွင် ဖော်ပြသည့်အတိုင်း အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ကို ပိတ်ဆို့ထားခြင်းသည် ဥပဒေနှင့်ညီကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထို့အပြင် အာမတ်ဒဗူတိုလူက ယခင်ချုပ်ဆိုထားသည့် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချုပ်စာတမ်းများကိုလည်း ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားမည်။ အစ္စရေးသို့ စစ်ရေးစီးပွားရေးဆိုင်ရာ အကူအညီပေးနေမှုများကို ဖြတ်တောက်လျှော့ချသွားမည်ဟု ပြောကြားသည်။ ယခုအချိန်သည် အစ္စရေးနိုင်ငံအနေဖြင့် နိုင်ငံတကာဥပဒေနှင့် လူသားချင်း စာနာထောက်ထားသည့် အပြုအမူများကို လုပ်ဆောင်သင့်ပြီဟုလည်း ပြောကြားသွားသည်။

အကယ်၍ အစ္စရေးတို့အနေဖြင့် ထိုသို့ပြုမူဆောင်ရွက်ခြင်း မပြုပါက နှစ်နိုင်ငံအကြား ဆက်ဆံရေးများ ပြန်လည်ဦးမော့လာရန် မလွယ်ကြောင်းနှင့် ဂါဇာကမ်းမြောင်အား အစ္စရေးတို့ ထိန်းချုပ်မှုကိုလည်း လက်ခံနိုင်ဖွယ်မရှိကြောင်း တင်းတင်းမာမာပြောကြားထားသည်။ ကုလသမဂ္ဂကမူ ယခုကိစ္စနှင့်ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးအတွက် "သံတမန်ဆက်ဆံရေးများ အပြည့်အဝ ပြန်လည်ထူထောင်ကြရန်" တိုက်တွန်းထားသည်။ ဟားမာ့စ်တို့ကမူ တူရကီ၏ အစ္စရေးအပေါ် တုံ့ပြန်ချက်မှာ တရားမျှတကြောင်း ပြောကြားသည်။ ဤသို့ဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေး၏ အဓိကမဟာမိတ်နိုင်ငံတစ်ခုဖြစ်သော တူရကီနှင့် ဆက်ဆံရေးကွာဟလျက်ရှိသည်။

အစ္စရေးတို့သည် အရှေ့အလယ်ပိုင်းဒေသရှိ မူဆလင်နိုင်ငံများအနက် အီဂျစ်နိုင်ငံနှင့် ထူးထူးခြားခြား ဆက်ဆံရေးကောင်းမွန်ခဲ့သည်။ သို့သော် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း အီဂျစ်တွင်ဖြစ်ပွားခဲ့သည့် ဆူပူအုံကြွမှုများကြောင့် အီဂျစ်သမ္မတ ဟုစနီမူဘာရက် အာဏာလက်လွတ်ဖြစ်ခဲ့ရပြီး ဆေးဝါးကုသမှုခံယူနေရသည့်အပြင် ရုံးတင်စစ်ဆေးမှုခံနေရသည်။ အီဂျစ်သမ္မတရာထူးမှဆင်းပေးရပြီးနောက်ပိုင်း အီဂျစ်–အစ္စရေးဆက်ဆံရေးမှာ တဖြည်းဖြည်းယိမ်းယိုင်လျက်ရှိသည်။ ထိုအတွင်း ဩဂုတ်လ ၁၈ ရက်နေ့က အီဂျစ်နိုင်ငံနယ်စပ်အစ္စရေးနိုင်ငံအတွင်းရှိ အဝေးပြေးကားလမ်းမတစ်ခုတွင် ဖြစ်ပွားသော ပါလက်စတိုင်း စစ်သွေးကြွများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ချုံ့ရိုတိုက်ခိုက်မှုတစ်ရပ်ကြောင့် အီဂျစ်ရဲတပ်ဖွဲ့ဝင် ၅ ဦး သေဆုံးခဲ့ခြင်းလည်း ပါဝင်သည်။ အဖွဲ့ဝင် ၂၂ နိုင်ငံပါဝင်သော အာရပ်အသင်းကလည်း ဩဂုတ်လ ၂၁ ရက်နေ့တွင် အရေးပေါ် အစည်းအဝေးခေါ်ယူကာ တင်းမာမှုများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကာ အစ္စရေးကို ရှုတ်ချပြောဆိုခဲ့သည်။ အီဂျစ်နိုင်ငံသည် အစ္စရေးနိုင်ငံကို ပထမဆုံးအသိအမှတ်ပြုသော မိတ်ဆွေနိုင်ငံဖြစ်ပြီး အီဂျစ်–အစ္စရေးငြိမ်းချမ်းရေးစာချုပ်ကို နှစ်ပေါင်းရှည်ကြာစွာ ချုပ်ဆိုထားသော နိုင်ငံဖြစ်သည်။ သမ္မတမူဘာရက်သည် အစ္စရေးပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် အိမ်ရှင်နိုင်ငံအဖြစ် တက်ကြွစွာပါဝင်ကူညီခဲ့သည်။ သို့သော် မူဘာရက်အစိုးရပြုတ်ကျခဲ့ပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံဆက်ဆံရေးယိုယွင်းလာပြီး သံသယနှင့် ဆက်ဆံနေခဲ့ကြသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ အီဂျစ်တို့က မကျေနပ်ဘဲ စက်တင်ဘာ ၁၀ ရက်နေ့တွင် ကိုင်ရိုရှိ အစ္စရေးသံရုံးကို လူစုလူဝေးနှင့် ဝင်ရောက်ဖျက်ဆီးခဲ့ကြသောကြောင့် အစ္စရေးသံအမတ်အပါအဝင် သံရုံးဝန်ထမ်းများထွက်ပြေးခဲ့ရသည်။ သံရုံးဝန်ထမ်း ၆ ဦးကိုလည်း အီဂျစ်ကွန်မန်ဒိုများက ကယ်ထုတ်ခဲ့ရသည်။ အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အစ္စရေးသံရုံးကို ဝင်ရောက်ဖျက်ဆီးဆန္ဒပြသည့် လူစုအားပစ်ခတ် လူစုခွဲခဲ့ရသောကြောင့် ၅ ဦး သေဆုံးပြီး အမြောက်အမြားဒဏ်ရာရရှိကြောင်း သိရသည်။ အစ္စရေးတို့ကလည်း ကိုင်ရိုရှိ သံရုံးဝန်ထမ်းများကို အစ္စရေးသို့ ပြန်ခေါ်သွားရာ အီဂျစ်–အစ္စရေးဆက်ဆံရေးတစ်ဖန်တင်းမာလာနေခဲ့သည်။

အခြေအနေဆိုးဆိုးရွားရွားမဖြစ်စေရန်အတွက် အစ္စရေးကာကွယ်ရေးဝန်ကြီးက မကြာမီကဖြစ်ခဲ့သည့် ဖြစ်ရပ်များအတွင်း အီဂျစ်တပ်ဖွဲ့ဝင်များသေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ စိတ်မကောင်းဖြစ်ရကြောင်း၊ ယခင်က အလားတူကိစ္စရပ်များ ဖြစ်ခဲ့မှုမရှိကြောင်း၊ သေဆုံးခဲ့ရသည့် အီဂျစ်တပ်ဖွဲ့ဝင်များ အရေးနှင့်ပတ်သက်၍ လိုအပ်သည့်

စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့.စည်းဆောင်ရွက်နေကြောင်း၊ မိမိတို့.အနေဖြင့် စစ်သွေးကြွများကိုသာ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း ပြောကြားမှုများရှိသည်။



ယီမင်နိုင်ငံ၏မြို့.တော်ဆာနားတွင် သမ္မတဆာလတ်ကို ဆန့်.ကျင်ဆန္ဒပြနေစဉ်

ဤအတောအတွင်း ဂါဇာကမ်းမြောင်ဒေသတွင်လည်း ဟားမာ့စ်တို့က ဒုံးကျည်ဖြင့်ပစ်ခတ်ခြင်း၊ အစ္စရေးတို့.ကလည်း လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်။ ထို့.အပြင် အီရန်နိုင်ငံကလည်း စီးပွားရေးအင်အား၊ စစ်အင်အား၊ ဓနအင်အား မြင့်မားလာသည်နှင့်အမျှ စစ်ရေးဆိုင်ရာအဆင့်မြင့်နည်းပညာများလည်း တစ်ရှိန်ထိုးတိုးတက်လာပြီး တိုက်ချင်းပစ်ဒုံးကျည်များ တစ်လုံးပြီးတစ်လုံး စမ်းသပ်လျက်ရှိသည့်အပြင် အဆင့်မြင့်တိုက်လေယာဉ်များလည်း အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်သည်။ စီးပွားရေးနှင့်နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း အီရန်သည် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့.နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့.များတင်ပို့.နိုင်ရန်အတွက် ကုန်သွယ်မှုမြှင့်တင်ခြင်း၊ ပိုက်လိုင်းများ သွယ်တန်းခြင်းဖြင့် ဒေသတွင်းဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်လျက်ရှိပြီး အစ္စရေးအားအင်အားပြလျက်ရှိသည်။

စက်တင်ဘာလ ၁၆ ရက်တွင်ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါလက်စတိုင်းနယ်မြေအား အချုပ်အခြာပိုင်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုရေး ပါလက်စတိုင်းတို့.အား သွန်ကြိုးပမ်းလျက်ရှိသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပါလက်စတိုင်းသည် အမေရိကန်၊ အစ္စရေးတို့.နှင့်အကြီးအကျယ် သဘောကွဲလွဲမှုများဖြစ်လျက်ရှိသည်။ စက်တင်ဘာလ ၁၈ ရက်နေ့က ပါလက်စတိုင်းခေါင်းဆောင် မာမွတ် အာဗတ်စ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် တွေ့.ဆုံရာတွင် ကျင်းပဆဲဖြစ်သည့် ကုလသမဂ္ဂညီလာခံကြီးက ယခုကိစ္စကို ကမ္ဘာ့ထိပ်တန်းပြဿနာ (The Top of The World Agenda) တစ်ခုအဖြစ် ထည့်သွင်းဆွေးနွေးရန်လည်း တောင်းဆိုခဲ့သည်။ ၎င်းပြဿနာ ပြေလည်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်မှာ ၁၉၆၇ ခုနှစ် ဇွန်ရက်ကြာစစ်ပွဲအပြီးမှစ၍ ၄၅ နှစ်နီးပါးရှိပြီဖြစ်သည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ပြုလုပ်မည့် ကုလသမဂ္ဂညီလာခံတွင်လည်း ပါလက်စတိုင်းဒေသအား အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုရန်နှင့် ပါလက်စတိုင်းနိုင်ငံကို ကုလသမဂ္ဂ၏ တင်းပြည့် အဖွဲ့.ဝင်နိုင်ငံတစ်ခုဖြစ်ရန် အဆိုတင်သွင်းသွားသည်။ ၎င်းအဆိုကို အတည်ပြုရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့.ဝင် ၁၉၃ နိုင်ငံတွင် မဲ ၃ ပုံ ၂ ပုံရရှိရမည်ဖြစ်ပြီး ကုလသမဂ္ဂအမြဲတမ်း အဖွဲ့.ဝင် ၁၅ နိုင်ငံအနက် ၉ နိုင်ငံက ထောက်ခံရမည်ဖြစ်သည်။ ထို့.အပြင် ဗီတိုအာဏာ သုံးစွဲခွင့်ရသည့်နိုင်ငံများ၏ ထောက်ခံအတည်ပြု ချက်ရရှိရမည်ဖြစ်သည်။ ပါလက်စတိုင်းတို့.ဘက်ကမူ ကုလသမဂ္ဂတွင် အဖွဲ့.ဝင်နိုင်ငံ ၁၂၀ ကျော် ၏ ထောက်ခံချက်များရရှိရန် အလားအလာ ရှိနေပြီဖြစ်ကြောင်း ပြောကြားသည်။

ကုလသမဂ္ဂတွင် ပါလက်စတိုင်းခေါင်းဆောင်အဘာတ်စ်၏ အဆိုပြုချက်ကို အစ္စရေးကလုံးဝကန့်.ကွက်လျက်ရှိသည်။ အမေရိကန်အရာရှိတို့.က ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့.အား ၁၉၉၃ ခုနှစ် အော်စလို သဘောတူညီချက်ပါအတိုင်း အစ္စရေးပါလက်စတိုင်းပြဿနာကို အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ၊ ရုရှားနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့.လေးပွင့်ဆိုင် ထပ်မံဆွေးနွေးကြရန်လည်း တိုက်တွန်း

ထားသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်က ပါလက်စတိုင်းခေါင်းဆောင်နှင့် အစ္စရေး ဝန်ကြီးချုပ်တို့ အကြေအလည်ဆွေးနွေးရန် တိုက်တွန်း ထားသည်။

စက်တင်ဘာလ ၂၁ ရက်က ပြုလုပ်သည့် ကုလ သမဂ္ဂညီလာခံတွင် သမ္မတဘာရက်အိုဘားမားမိန့်ခွန်း ပြောကြားရာ၌ "ကမ္ဘာ့ကုလသမဂ္ဂက အဆိုပြုချက်တွေ၊ ကြေညာချက်တွေထုတ်ပြန်ရုံမျှဖြင့် ငြိမ်းချမ်းရေးဆိုတာ တကယ်ဖြစ်လာမယ် မဟုတ်ပါဘူး။ ဒီလောက်သာလွယ်မယ်ဆိုရင် ဒီပြဿနာဟာဒီအထိ ရောက်ရှိလာစရာ အကြောင်းမရှိပါဘူး။ ပြေလည်သွားတာကြာပါပြီ၊ တကယ်ဆိုရင် ဒါဟာအစ္စရေးနဲ့ ပါလက်စတိုင်းတို့ရဲ့ ပြဿနာပါ။ ကျွန်တော်တို့ ပြဿနာမဟုတ်ပါဘူး။ တကယ်တော့ ဂါဇာကမ်းမြောင်မှာ အစ္စရေးနဲ့ ပါလက်စတိုင်းတို့ ဟိုဘက်ဒီဘက်အတူနေနေကြတာပါ။ ငြိမ်းချမ်းရေး သဘောတူညီမှုကို သူတို့လုပ်နိုင်သလို၊ ကွဲအောင်ပြဲ အောင်လည်း သူတို့တွေပဲလုပ်နိုင်မှာပါ" ဟု ပြောကြား သွားပြီး အစ္စရေးတို့အား အမေရိကန်တို့က မယိမ်းမယိုင် ထောက်ခံသွားမည် (Unshakable Support for Israel) ဟု ပြောကြားသွားသည်။ အဆိုပါမိန့်ခွန်းနှင့်ပတ်သက်၍ ပါလက်စတိုင်းဒေသတွင် သမ္မတအိုဘားမားအား ဆန့်ကျင်ဆန္ဒပြပွဲများ အကြီးအကျယ်ပြုလုပ်လျက်ရှိ ကြောင်းလည်းသိရသည်။

၁၉၄၈ ခုနှစ် မေလ ၁၄ ရက်တွင် လွတ်လပ်ရေး ကြေညာခဲ့သော အစ္စရေးနိုင်ငံကို အာရပ်နိုင်ငံများက လုံးဝအသိအမှတ်မပြုဘဲ အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ လက်ဘနွန်၊ အီရတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများက အစ္စရေးကိုဝိုင်း၍ တိုက်ခိုက်ခဲ့သော်လည်း မအောင်မြင်ခဲ့ ချေ။ အစ္စရေးက နယ်မြေများကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ သည်။ လူသားချင်း စာနာထောက်ထားသည့် အမြင်ရှိ သူများ၊ လူ့အခွင့်အရေး တန်းတူညီမျှ ရစေချင်သူများ အားလုံးက နိုင်ငံမဲ့ဘဝတွင် နှစ်ပေါင်းကြာရှည်နေသော ပါလက်စတိုင်းပြည်သူများအတွက် လွတ်လပ်သော ပါ လက်စတိုင်းနိုင်ငံပေါ်ထွန်းရေးကို ကြိုဆိုကြသည်။

ပြင်သစ်သမ္မတ ဆာကိုဇီကမှ အစ္စရေး-ပါလက် စတိုင်းငြိမ်းချမ်းရေးအတွက် လေးပွင့်ဆိုင်ဆွေးနွေးကြ ရန် တိုက်တွန်းထားပြီး မာမွတ်အာဗတ်စ်၏ အဆိုကို နောက်ထပ် တစ်နှစ်ဆိုင်းငံ့ပေးပါရန် တောင်းဆိုသွား ကြောင်း သိရသည်။

ပါလက်စတိုင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန် လည် စတင်ရန်အတွက် လေးပွင့်ဆိုင် စေ့စပ်ဆွေးနွေး ရေးအဖွဲ့၏ တိုက်တွန်းချက်ကို အစ္စရေးက အောက်တို ဘာ ၂ ရက်တွင် လက်ခံခဲ့သည်။ ပါလက်စတိုင်းတို့ကမူ အစ္စရေးတို့၏ အိမ်ရာတိုးချဲ့မှု မရပ်တန့်သေးသ၍ ငြိမ်း ချမ်းရေးဆွေးနွေးပွဲပြုလုပ်မည်မဟုတ်ဟု ငြင်းဆိုထားဆဲ ဖြစ်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့က ဂါဇာကမ်း မြောင်ဒေသတွင် ဂီလက်ရှာလစ် (Gilad Shalit) ဆိုသူ အစ္စရေးစစ်သည်တစ်ဦးကို ဟားမာ့စ်တို့က ဖမ်း ဆီးရမိခဲ့သည်။ ၎င်းသည် ဟားမာ့စ်တို့၏ ၅ နှစ်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက် အောက်တိုဘာလ ၁၈ ရက်တွင် ပြန်လည်လွတ်မြောက်လာသည်။ ဂီလက်ရှာလစ်အားပြန်လည်လွတ်မြောက်ရေးအတွက် အီဂျစ်နိုင်ငံက ကြားဝင်ဆောင်ရွက်ပေးခဲ့သည်။

ရှာလစ်အား လွှတ်ပေးနိုင်ရန်အတွက် ဟားမာ့စ် တို့က အစ္စရေးတို့ ထိန်းသိမ်းထားသည့် ဟားမာ့စ် အားလုံးကို လွှတ်ပေးရမည်ဟု တောင်းဆိုခဲ့သည်။ နောက်ဆုံး အစ္စရေးတို့က ဟားမာ့စ် ၁၀၂၇ ဦးလွှတ် ပေးမည်ဟု ညှိနှိုင်းသဘော တူရရှိခဲ့သည်။ အဆိုပါ သဘောတူညီချက်အရ ဟားမာ့စ် ၅၀၀ ခန့်သာ အောက်တိုဘာ ၁၈ ရက်က လွှတ်မြောက်လာပြီး အကျဉ်းသား ၅၀၀ ကျော် ကျန်ရှိကြောင်း သိရသည်။

ရှာလစ် လွှတ်မြောက်ရေးအတွက် ထိုစဉ်က ဝန် ကြီးချုပ် အီဟွတ်အိုမာ့နှင့် အစ္စရေး အာဏာပိုင်များက မာမွတ်အာဗတ်စ်အပါအဝင် ပါလက်စတိုင်းခေါင်းဆောင် များနှင့်လည်းကောင်း၊ စစ်ဘက် ခေါင်းဆောင်များဖြင့် လည်းကောင်း၊ သံတမန်နည်းများဖြင့် အကြိမ်များစွာ ဆွေးနွေးခဲ့ကြသော်လည်း လွှတ်မြောက်ရေးကြိုးပမ်းမှု များမအောင်မြင်ခဲ့ပေ။ နိုင်ငံတကာ ဥပဒေအရ ရှာလစ် အားလွှတ်ပေးရန် ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ အမေ ရိကန်၊ ဂျာမနီတို့ကလည်း ပါလက်စတိုင်း အာဏာပိုင် များအား ဖိအားပေး ပြောဆိုခဲ့ကြသည်။ နောက်ဆုံး ဝန်ကြီးချုပ်

နေတန်ယာဟုက ရှာလစ်အတွက် ကြီးမားသည့်တန်ဖိုးကို ပေးလျော်ရန်အသင့်ရှိကြောင်း ပြောကြားပြီး အီဂျစ်၏ကမကထပြုမှုဖြင့် ရှာလစ်လွတ်မြောက်ရေးဆွေးနွေးပွဲများကို ၂၀၁၁ ခုနှစ် ဆန်းပိုင်းမှစ၍ ပြုလုပ်ခဲ့ရာမှ ဖမ်းဆီးခံ ပါလက်စတိုင်း ၁၀၂၇ ဦးအား အစ္စရေးတို့က လွတ်ပေးရန် သဘောတူညီမှုရရှိပြီး လွတ်မြောက်လာခြင်းဖြစ်သည်။



သမ္မတဆာလတ်ကို ဆန္ဒပြနေကြသော ဘက်ပြောင်းစစ်သားများ

ယူနက်စကိုအဖွဲ့က ပါလက်စတိုင်းနိုင်ငံကို အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုလိုက်ခြင်းကြောင့် နှစ်စဉ်ထောက်ပံ့နေသော အမေရိကန်ဒေါ်လာ သန်း ၆၀ ကို ဖြတ်တောက်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ·ပြောခွင့်ရ အမျိုးသမီး ဗစ်တိုးရီးယားနူလန်က ပြောကြားသည်။ ပါလက်စတိုင်းကို ယူနက်စကိုအဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံခြင်း ရှိမရှိ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၀၇ မဲ၊ ကန့်ကွက်မဲ ၁၄ မဲ ရရှိခဲ့သည်။ ၅၂ မဲမှာ မဲမပေးဘဲနေခဲ့ကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်သော အမေရိကန်သည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဗီတိုအာဏာသုံး၍ ဆုံးဖြတ်ချက်များကို ပယ်ချနိုင်သော်လည်း အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံအနက် သုံးပုံနှစ်ပုံက ထောက်ခံမဲပေးပါက ဆုံးဖြတ်ချက်အတည်ဖြစ်သည့် ယူနက်စကိုအထွေထွေညီလာခံတွင်မူ ဗီတိုအာဏာသုံးစွဲခွင့်မရပေ။ သို့ရာတွင် ပါလက်စတိုင်းအား တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံသည့် မည်သည့်ကုလသမဂ္ဂအဖွဲ့အစည်းမျိုးကိုမဆို ငွေကြေးအရထောက်ပံ့မှုရပ်ဆိုင်းနိုင်သည့် ဥပဒေနှစ်ရပ်အား အမေရိကန်က ၁၉၉၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

ဟားမာ့စ်အစ္စရေးအကျဉ်းသားလဲလှယ်မှုအပြီး အစ္စရေးထောင်များတွင်ရှိနေသည့် အီဂျစ်အကျဉ်းသား ၂၅ ဦးနှင့် စွပ်စွဲခံရသည့် အစ္စရေးသူလျှိုတစ်ဦးလဲလှယ်ရန် နောက်ဆုံးသဘောတူညီချက် ရရှိပြီဖြစ်ကြောင်း အီဂျစ်နှင့် အစ္စရေးတို့က အောက်တိုဘာလ ၂၄ ရက်တွင် ကြေညာသည်။ အစ္စရေးသူလျှို အီလန်ဂရေပယ်နှင့် အီဂျစ်အကျဉ်းသား ၂၅ ဦး လဲလှယ်ရန် နောက်ဆုံးသဘောတူညီချက်ရရှိပြီဖြစ်ကြောင်း အီဂျစ်နိုင်ငံပိုင်ရုပ်သံကထုတ်လွှင့်ခဲ့သည်။ ဖေဖော်ဝါရီလက မှဘာရက်ကို ပြုတ်ကျစေခဲ့သည့် အုံကြွမှုတွင် ဂိုဏ်းဂဏကွဲတိုက်ခိုက်မှုများဖြစ်အောင် လုပ်ဆောင်မှုနှင့် အစ္စရေးထောက်လှန်းရေးမော့ဆက်၏ အေးဂျင့်တစ်ဦးအဖြစ် စွပ်စွဲခံရမှုဖြင့် အမေရိကန်နှင့် အစ္စရေးနှစ်နိုင်ငံစလုံး၏ နိုင်ငံသားခံယူထားသူ ဂရေပယ်သည် လွန်ခဲ့သည့် ဇွန်လက အီဂျစ်တွင် ဖမ်းဆီးခံထားရသည်။

ပါလက်စတိုင်းနိုင်ငံ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်ရေးအတွက် လုံခြုံရေးကောင်စီ၏ ကော်မတီက နိုဝင်ဘာ ၁၁ ရက်တွင် ဆုံးဖြတ်ရာ ကော်မတီဝင်နိုင်ငံ ၁၅ နိုင်ငံလုံးက ထောက်ခံခဲ့ခြင်းမရှိပေ။



ပြန်လည်လွတ်မြောက်လာသော အစွန်ရေးစစ်သည် ဂီလက်ရာလစ်နှင့် အစွန်ရေးဝန်ကြီးချုပ်

တူနီးရှား သမ္မတဟောင်း၏ မိသားစု လာဘ်ပေး လာဘ်ယူမှုကို ဖြေရှင်းသည့်အစိတ်အပိုင်းတစ်ခုအနေဖြင့် ပါလက်စတိုင်းခေါင်းဆောင်ဟောင်း ရာဆာအာရာဖတ်၏ဇနီးဖြစ်သူ မဆူဟာအာရာဖတ်အား တူနီရှား အာဏာပိုင်များက အပြည်ပြည်ဆိုင်ရာ ဖမ်းဝရမ်း ထုတ်ပြန်လိုက်ကြောင်း တရားရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

အစွန်ရေးနိုင်ငံသမ္မတဟောင်း မိုရိုကတ်ဆေဗ်အား မုဒိမ်းမှုနှစ်မှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများဖြင့် တရားရုံးက ဒီဇင်ဘာလ ၇ ရက်တွင် ထောင်ဒဏ် ၇ နှစ်ချမှတ်သည်။ သမ္မတဟောင်းအား အထက်ပါအမှုများဖြင့် စွဲချက်တင်ကာ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ကတည်းက တရားရုံးက စစ်ဆေးခဲ့သည်။ ၎င်းသည် ရုံးဝန်ထမ်းတစ်ဦးအား လည်း မဖွယ်မရာပြုမူခဲ့ပြီး လိင်ပိုင်းဆိုင်ရာ စည်းမစောင့်သူအဖြစ် အားလုံးက သတ်မှတ်ကြသည်။

ပါလက်စတိုင်းတို့နှင့်ပြုလုပ်မည့် စေ့စပ်ဆွေးနွေးရန်အစည်းအဝေးပွဲဆီသို့ အစွန်ရေးပြန်လာရန်အတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး လီအွန်ပန်နက်တာက ဒီဇင်ဘာလ ၂ ရက်က ပြောကြားခဲ့သည်။

ဝါရှင်တန်တွင် ကျင်းပသောအစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် အစွန်ရေး၏ လုံခြုံရေးကို အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသတည်ငြိမ်ရေးနှင့် အီရန်အား ချုပ်ကိုင်ထားလက်နက်များ ရရှိမသွားရေးကိုလည်း ကြိုတင်ကာကွယ်မှုများ ပြုသွားမည်ဟု ပြောကြားခဲ့ကြောင်းသိရသည်။

ဆီးရီးယား–ဆီးရီးယားနိုင်ငံတွင် ဖေဖော်ဝါရီလက စတင်ခဲ့သောနိုင်ငံရေးဆူပူအုံကြွမှုများကို အဆုံးမသတ်နိုင်သေးဘဲ သမ္မတဘာရာအာဆတ်ရာထူးကဆင်းပေးရန် အကြိုးအကျယ်ဖိအားပေးတောင်းဆိုဆန္ဒပြလျက်ရှိသည်။ ဆီးရီးယားစစ်တပ်က ဆန္ဒပြသမားများကို ပြင်းပြင်းထန်ထန်အင်အားသုံး ဖြိုခွဲလျက်ရှိသောကြောင့် အရပ်သား သုံးထောင်ကျော် သေဆုံးခဲ့သည်။ ဒဏ်ရာရသူများမှာလည်းထောင်သောင်းချီခဲ့သည်။ ဆန္ဒပြမှုများသည် ခြောက်လကျော် သွားပြီဖြစ်သည်။ စက်တင်ဘာလ ၁၈ ရက်နေ့ကစ၍ အစိုးရနုတ်ထွက်ပေးရေးတောင်းဆိုမှုများ ပြင်းထန်လာသောကြောင့် ဆီးရီးယားစစ်တပ်က နှိမ်နင်းခဲ့ရာ လူသုံးဆယ်ကျော်ထပ်မံသေဆုံးခဲ့သည်။ သမ္မတအာဆတ်ကလည်း ဆန္ဒပြသမားများကို ပြင်းထန်စွာနှိပ်ကွပ်မည်ဟု ကြေညာထားသောကြောင့် ဆီးရီးယားနိုင်ငံ၏အခြေအနေသည် စိုးရိမ်ဖွယ်ဖြစ်သည်။ အစိုးရဆန့်ကျင်ဆန္ဒပြသူများကို ၎င်းအစိုးရ၏ ကိုင်တွယ်နေမှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမည့်အရေးကိစ္စတွင် တရုတ်နှင့်ရုရှားနှစ်နိုင်ငံတို့က ဗီတိုအာဏာသုံး၍ ပယ်ချလိုက်သဖြင့် အမေရိကန် ဦးဆောင်သည့် အနောက်အုပ်စုနိုင်ငံများက ပြင်းထန်စွာ ရှုတ်ချလိုက်ကြောင်း စီအန်အန်သတင်းက ဖော်ပြသည်။

တရုတ်နှင့်ရှေးတို့၏ နှစ်ထပ်ကွမ်းဗီတိုအာဏာဖြင့် ပယ်ချလိုက်သည့် အဆိုပါမူကြမ်းတွင် ဆီးရီးယားအစိုးရအနေဖြင့် အရပ်သားများအပေါ် ကြမ်းတမ်းစွာနှိပ်ကွပ်နေခြင်းကို ချက်ချင်းမရပ်တန့်လျှင် အရေးယူဒဏ်ခတ်ခံရမည်ဟု အတိအလင်း ဖိအားပေးခြိမ်းခြောက်ထားသည်။ ၎င်းမူကြမ်းကို ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနှင့် ပေါ်တူဂီနိုင်ငံတို့က တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဆီးရီးယားပြည်တွင်းရေးတွင် အနောက်နိုင်ငံများက စွက်ဖက်မည်ဆိုပါက ဒေသတွင်းတစ်ခုလုံးလောင်ကျွမ်းပျက်စီးသွားမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတ ဘာရာအာဆတ်က အောက်တိုဘာလ ၃၀ ရက်တွင် ဗြိတိန်နိုင်ငံ၏ ဆန်းဒေးတယ်လီဂရပ်နှင့်အင်တာဗျူးခဲ့သတိပေးခဲ့သည်။ ဆီးရီးယားသည် ဒေသတစ်ခုလုံး၏ အချက်အချာဖြစ်ကြောင်း၊ ငလျင်ကြောတစ်ခုဖြစ်ကြောင်း၊ ဆီးရီးယားတွင် ပြဿနာဖြစ်ပါက ဒေသတွင်းတစ်ခုလုံးလောင်ကျွမ်းပျက်စီးသွားမည်ဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံထက်ခြမ်းကွဲအောင် လုပ်ဆောင်နေပါက ဒေသတွင်းကို နှစ်ခြမ်းကွဲသွားစေမည်ဖြစ်ကြောင်း၊ နောက်ထပ် အာဖဂန်နိုင်ငံ (သို့) အာဖဂန်နိုင်ငံများစွာကို မြင်တွေ့ချင်သလားဟု မေးခွန်းထုတ်ခဲ့သည်။ ဆီးရီးယားသည် အီဂျစ်၊ တူနီးရှား၊ ယီမင်နိုင်ငံတို့နှင့် သမိုင်းကြောင်းအရ၊ နိုင်ငံရေးအရ ကွဲပြားကြောင်း ၎င်းက ပြောကြားသည်။

အတိုက်အခံများနှင့်ဆွေးနွေးရန် ဆုံးဖြတ်ထားသော ဆီးရီးယားသမ္မတ အာဆတ်ကို ဆန့်ကျင်မှုများပိုမိုပြင်းထန်လာပြီး ဆီးရီးယားနိုင်ငံကို အာရပ်နိုင်ငံများအဖွဲ့ချုပ်မှ ထုတ်ပယ်ရန် အတိုက်အခံများက တောင်းဆိုလိုက်သည်။

သမ္မတ အာဆတ်ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများဆီးရီးယားနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့ပြီးနောက် အဆိုပါနိုင်ငံအား အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းရန် အာရပ်အဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သည်။

သမ္မတအာဆတ်ပြုတ်ကျရန် ဆန္ဒပြကန့်ကွက်သူများလက်နက်ချလျှင်လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟူသည့် ဆီးရီးယားအစိုးရ၏ ကမ်းလှမ်းချက်ကို လက်မခံရန် အမေရိကန်အစိုးရက ထပ်မံအကြံပေးခဲ့သည်။

အိန္ဒိယနိုင်ငံ။ ။ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြားမဖြေရှင်းနိုင်သေးသော နယ်စပ်ပြဿနာသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်ရေးအတွက် အဓိကအဟန့်အတားတစ်ခုဖြစ်သည်ဟု ရှရှားကိုယ်စားလှယ်တစ်ဦးကဆိုသည်။ နယ်စပ်ပြဿနာသည် အဖွဲ့ဝင် ဖြစ်ရေးတွင် လုံးဝအဟန့်အတားတစ်ခုဖြစ်ကြောင်း၊ အက်စ်စီအိုတွင် လေ့လာသူအဖြစ်ပါဝင်ပြီး တင်းပြည့်အဖွဲ့ဝင်ဖြစ်လိုသည့် အိန္ဒိယနှင့် ပါကစ္စတန်တို့အနေဖြင့် ၎င်းအဖွဲ့တွင် ပါဝင်နိုင်ရေးမှာ နယ်စပ်ပြဿနာနှင့် လုံးဝပတ်သက်ကြောင်း ရှရှားကိုယ်စားလှယ်ကဝေဖန်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းနှစ်နိုင်ငံအနေဖြင့် နောက်ပိုင်းနယ်စပ်ပြဿနာကို ဖြေရှင်းရန်ဆန္ဒပြင်းပြလာကြသည်။ ထိုကဲ့သို့သော ထင်ရှားသည့် ပြဿနာ အားလုံးရှင်းနိုင်ရန်မှာ တိုက်ရိုက်တွေ့ဆုံ ဖြေရှင်းဆွေးနွေးမှုပြုလုပ်ရန် လိုအပ်ကြောင်း ရှရှားကိုယ်စားလှယ်က ထပ်မံတိုက်တွန်းသည်။

ကက်ရ်မီးယား ဒေသနှင့်ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား နယ်စပ်ပြဿနာမှာ ဆယ်စုနှစ်ပေါင်းများစွာကြာသည့်တိုင် မဖြေရှင်းနိုင်ခြင်းမှာ နှစ်နိုင်ငံဆက်ဆံ ရေးတင်းမာစေသည့်အကြောင်းတစ်ရပ်ဟုဆိုနိုင်သည်။

ထို့အပြင် အိန္ဒိယနိုင်ငံအလယ်ပိုင်း ချာတစ္စက္ပါပြည်နယ်ရှိ တောအုပ်ကြီးတစ်နေရာတွင် မော်ဝါဒီသူပုန်များက ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၉ ရက်က ကွန်ဂရက်ပါတီ ယာဉ်တန်းအား ချုံခိုတိုက်ခိုက်ခဲ့ရာ ကွန်ဂရက်ပါတီဝင် ခုနစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

အဆိုပါမော်ဝါဒီသူပုန်များ၏ တိုက်ပွဲဆင်နွှဲမှုတွင် နှစ်စဉ်နှစ်တိုင်းလူရာနှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ရသည်။ ချာတစ္စက္ပါပြည်နယ်သည် စစ်သွေးကြွများလှုပ်ရှားရာ ပြည်နယ်တစ်ခုဖြစ်သည်။ ၎င်းစစ်သွေးကြွများသည် ယင်းပြည်နယ်ရှိ ရဲစခန်းများ၊ အစိုးရအဆောက်အအုံများနှင့် အရပ်သားများကို မကြာခဏတိုက်ခိုက်လျက်ရှိသည်။ အခြားသော ပြည်နယ်များတွင်လည်း ထိုနည်းတူတိုက်ခိုက်ခဲ့သည်။

အိန္ဒိယထောက်လှမ်းရေးဗျူရိုမှ အကြီးအကဲဟောင်း အဂျစ်ဒိုဗယ်လ်ကလည်း အိန္ဒိယမူဂျာဟီဒင်အဖွဲ့မပျက်သုဉ်းသေးကြောင်း သတိပေးခဲ့ပြီး "၎င်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းနေပြန်ပြီ" ဟု ပြောကြားခဲ့သည်။ ယခုဖောက်ခွဲမှုများသည် စောစောပိုင်းဗုံးခွဲမှုများနှင့် ဆင်တူသော်လည်း အီးမေးလ်ဖြင့် ဝန်ခံပြောကြားခဲ့ခြင်းမရှိသေးပေ။ အီးမေးလ်မှ ဝန်ခံပြောကြား သတင်းပို့ခြင်းကို မူဂျာဟီဒင်တို့ကလုပ်လေ့ရှိခဲ့သည်ဟု မွန်ဘိုင်းရဲအရာရှိ ဘာရတီက သုံးသပ်ပြသည်။

အဖမ်းအဆီးများ ပြုလုပ်ခဲ့သော်လည်း "အိန္ဒိယမူဂျာဟီဒင်တို့၏ လက်ချက်ဟု ရာနှုန်းပြည့် မပြောနိုင်သေးပါ" ဟု ဘာရတီက ဆက်လက်ပြောခဲ့သေးသည်။ အိန္ဒိယမူဂျာဟီဒင်အဖွဲ့သည် ပိတ်ပင်ထားသော အစွလာမွစ်လှုပ်ရှားမှုမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံဟိန္ဒူလူများစု၏ တရားမမျှတမှုများကို တုံ့ပြန်ရန် အစွလာမွစ်အစွန်းရောက် ဝါဒီတို့ကဖွဲ့စည်းသောအဖွဲ့အစည်းတစ်ရပ်ဟုဆိုသည်။

ထို့နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ဗုံးသုံးလုံးဆက်တိုက်ပေါက်ကွဲပြီးနောက် ဒေသတွင်းလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် တိုးမြှင့်သွားရန်အတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် အိန္ဒိယခေါင်းဆောင်များနှင့်ဇူလိုင်လ ၁၉ ရက်တွင် ဆွေးနွေးခဲ့သည်။

နယူးဒေလီမြို့၌ ကျင်းပမည့် အမေရိကန်-အိန္ဒိယဆွေးနွေးပွဲတွင်လည်း ဟီလာရီကလင်တန်အနေဖြင့် အိန္ဒိယ အစိုးရက စိုးရိမ်ပူပန်လျက်ရှိသည့်အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအပါအဝင် ပါကစ္စတန်အစိုးရနှင့် ပြန်လည်စေ့စပ်ဆွေးနွေးမည့် အမေရိကန်တို့၏ အစီအစဉ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဆွေးနွေးသွားမည်ဖြစ်သည်။

ထို့အပြင် ဟီလာရီကလင်တန်သည် အိန္ဒိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးရှစ်ဗ်ရှန်ကာမီနွန်နှင့် ဝန်ကြီးချုပ်မန်မိုဟန်ဆင်းတို့နှင့်လည်း တစ်ဦးချင်းတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ အမေရိကန်အစိုးရသည် အာဖဂန်နစ္စတန်နှင့် ပတ်ဝန်းကျင်ဒေသကို အယ်လ်ခိုင်ဒါကင်းမဲ့ဇုန်အဖြစ်တည်ဆောက်ရန် ရည်ရွယ်ထား

ထို့နောက် မွန်ဘိုင်းဗုံးခွဲတိုက်ခိုက်ခံရမှုအတွက် အဓိကသံသယရှိသူကို အိန္ဒိယမူဂျာဟီဒင်အဖွဲ့ဟု သတ်မှတ်လိုက်သည်။ ထိုအကြမ်းဖက်သမားတို့၏ မူဂျာဟီဒင်အဖွဲ့အစည်းကို အပြတ်ချေမှုန်းနိုင်ခဲ့ပြီဟု အိန္ဒိယအစိုးရက ယုံကြည်ထားသော်လည်း ယခု သုံးနှစ်အကြာတွင် ပြန်လည်၍ အသက်ဝင်လာသည်ကို တွေ့လာခဲ့ရပြန်သည်။ လွန်ခဲ့သော သုံးနှစ်ကြာက ထိုအကြမ်းဖက်အဖွဲ့အစည်းခေါင်းဆောင်များကို သုတ်သင်နိုင်ခဲ့သည်။ ထောင်ဒဏ်ကျခံစေခဲ့သည်။ အချို့လည်း နိုင်ငံခြားတွင် ပုန်းခိုနေခဲ့ကြသည်။ ထို့ကြောင့် ထိုမူဂျာဟီဒင်အဖွဲ့ပျက်သုဉ်းသွားပြီဟု မှတ်ယူခဲ့ပြီးဖြစ်သည်။

သို့သော် ပါကစ္စတန်အစွန်းရောက်ဝါဒီများနှင့် အဆက်အသွယ်ရှိသည်ဟု အိန္ဒိယအရာရှိတို့ကယုံကြည်ထားသည့် ထိုအစွန်းရောက်ကွန်ရက် ပြန်လည်အသက်ဝင်လာနိုင်သည့် အထောက်အထားများကို တွေ့ရပြန်သည်။ သုံးနှစ်ကြာငြိမ်သက်နေရာမှ အိန္ဒိယနိုင်ငံအနှံ့တွင် အကြမ်းဖက်တိုက်ခိုက်မှု လှိုင်းဂယက်များထလာပြန်သည်။ ထိုဂယက်ကပြန်လည်ဖန်တီးထားသောပါကစ္စတန်နှင့် ငြိမ်းချမ်းရေးသစ်များကို ခြိမ်းခြောက်နေပြန်သည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ၁၃ ရက်က မွန်ဘိုင်းမြို့တော်၏ ရပ်ကွက်ကြီးသုံးခု၌ ဗုံးများပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့သူ ၂၀ သေဆုံးခဲ့ကြရသည်။ ထိုအဖြစ်ဆိုးက ၂၀၀၈ ခုနှစ် အတိတ်ဖြစ်ရပ်၏ ကြေကွဲဖွယ်ရာများကို ပြန်လည်အမှတ်ရစေခဲ့သည်။

၎င်းမွန်ဘိုင်းတွင် ဖောက်ခွဲခဲ့သော ဗုံးကို အမိုးနိုးယမ်းနိုက်ထရိတ်ဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိရသဖြင့် ယခင်က မူဂျာဟီဒင်၏ လက်ရာအတိုင်းဖြစ်ကြောင်းသိခဲ့ရသည်။ ထို့ကြောင့် အကြမ်းဖက်အဖွဲ့အစည်းဟောင်းကို ပြန်၍သတိထားကြည့်ရန်လိုအပ်လာခဲ့ခြင်းဖြစ်သည်။


လွန်ခဲ့သော ၁၀ လတာကာလအတွင်း အသေးစားတိုက်ခိုက်မှုသုံးခုဖြစ်ခဲ့ပြီးနောက် ယခုပူးပေါင်းဗုံးဖောက်ခွဲမှုကြီးများဖြင့် တိုက်ခိုက်လာခြင်းဖြစ်သည်။ အသေးစားတိုက်ခိုက်မှုသုံးခုမှ နှစ်ခုကို မူဂျာဟီဒင်အဖွဲ့က မိမိတို့လက်ချက်ဟု တာဝန်ယူပြောဆိုသည်။

သော်လည်း အာဖဂန်မှ အမေရိကန်တပ်များ ရုပ်သိမ်းခြင်းကို အခွင့်ကောင်းယူ၍ ပါကစ္စတန်နိုင်ငံအတွင်းရှိ အကြမ်းဖက်သမားများက အာဖဂန်နစ္စတန်နိုင်ငံအတွင်း သို့ဝင်ရောက်မည်ကို အိန္ဒိယအစိုးရအနေဖြင့် စိုးရိမ်လျက်ရှိသည်။

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့သည် နိဝင်ဘာလ ၁၀ ရက်နေ့တွင် သံတမန်ဆက်ဆံရေးတိုးတက်မှုရရှိခဲ့ပြီး လာမည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြားယိုယွင်းခဲ့သောဆက်ဆံရေးအတွက် စာမျက်နှာသစ် ဖွင့်လှစ်သွားမည်ကတိပြုခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လက်လီရောင်းဝယ်ရေးလုပ်ငန်းများ၊ အာမခံလုပ်ငန်းနှင့် အိမ်ခြံမြေလုပ်ငန်းများကို နိုင်ငံခြားငွေကြေးဖြင့် ပိုမိုလုပ်ကိုင်ခွင့်ပြုရန် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများက အစိုးရအား ဆက်တိုက်တောင်းဆိုခဲ့ကြသည်။ သို့သော် ယခင်နှစ်နှစ်က ပြန်လည်အရွေးခံခဲ့ရသော လက်ဝဲယိမ်းကွန်ဂရက်ပါတီ ဦးဆောင်သည့်အစိုးရအဖွဲ့က စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ခွင့်များကို ထိထိရောက်ရောက် ဖွင့်ပေးခဲ့ခြင်းမရှိပေ။

၎င်းနိုင်ငံတွင် များစွာရှိနေသေးသော ဆင်းရဲမွဲတေမှုလျှော့ချရေးတွင် လိုအပ်နေသည့် စီးပွားရေး



အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၊ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း၊ ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီ၊ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး

စီးပွားရေး – ၂၀၁၁ ခုနှစ် ဇန်နဝါရီလ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ယခင်နှစ် ဇန်နဝါရီလပမာဏ၏ ထက်ဝက်နီးပါးလျော့နည်းသွားသည်ကို တွေ့ရှိရသည်။ အိန္ဒိယ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ကိုးရာခိုင်နှုန်းနီးပါးအထိ တိုးတက်လာခဲ့သော်လည်း ယခုနှစ်ဇန်နဝါရီလ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၄၈ ရာခိုင်နှုန်း (ဒေါ်လာ ၁ ဒသမ ဝ၄ ဘီလီယံ) ကျသွားသည်။ ယခင်နှစ်က ဒေါ်လာ ၂ ဒသမ ဝ၄ ဘီလီယံရှိခဲ့သည်ဆို၏။

နိုင်ငံတစ်ဝန်းတွင် အကျင့်ပျက် မသမာမှုများ၊ ဗျူရိုကရက်အရာရှိများ၏ ကြိုးနီစနစ်အပေါ် ရင်းနှီးမြှုပ်နှံသူများမယုံကြည်မှု၊ ငွေကြေးဖောင်းပွမှုများလာခြင်းနှင့် စီးပွားရေးလုပ်ကိုင်ခွင့်ဖွင့်ပေးရန် အစိုးရကခွင့်မပြုခြင်းများ ဖြစ်ပေါ်နေချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလျော့ကျသွားခြင်းဖြစ်သည်။

ဖွံ့ဖြိုးမှုကို ၁၀ ရာခိုင်နှုန်းနှင့်အထက် တိုးလာအောင် ဆောင်ရွက်ကြရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမြန်ဆုံးတိုးမြှင့်ပေးရန် လွန်စွာလိုအပ်နေပြီဟု အိန္ဒိယဗဟိုဘဏ်က သုံးသပ်သည်။

၎င်းဗဟိုဘဏ်သည် ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးလျော့နည်းသွားသောကြောင့် ဆောက်လုပ်ရေး အိမ်ခြံမြေ၊ သတ္တုတူးဖော်ရေး၊ အခြားစီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိခိုက်နစ်နာခဲ့ရသည်ဟုလည်းတင်ပြခဲ့သည်။

ထိုသို့ ရင်းနှီးမြှုပ်နှံမှု လျော့နည်းသွားရသည့် အကြောင်းများတွင် ဒေသတွင်းပြိုင်ဘက်နိုင်ငံများကယင်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ယခင်ကထက်ပိုမို၍ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းလည်းပါဝင်နေသည်။

ထိုကဲ့သို့သော အခြေအနေများမှ ပြောင်းလဲဖြစ်ပေါ်စေရန် အိန္ဒိယအစိုးရသည် ဈေးကွက်များသို့ ပစ္စည်းမျိုးစုံ ပိုမိုတင်ပို့ခြင်းဖြင့် နိုင်ငံ၏ ပြည်ပပို့ကုန်ကို သုံးနှစ်အတွင်း နှစ်ဆကျော်တိုးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ခိုင်မာသည့် ကြိုးပမ်းဆောင်ရွက်မှုဖြင့် ဤရည်မှန်းချက်အောင်မြင်လာမည်ဖြစ်သည်ဟုလည်း ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး အနန်ရှားမားကဆိုသည်။ ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် စီးပွားရေးကျဆင်းခဲ့ပြီးနောက် အိန္ဒိယနိုင်ငံလုပ်ကုန်ပစ္စည်းများ ဝယ်လိုအားပိုကောင်းလာသောကြောင့် နောက်ပိုင်းပို့ကုန်တန်ဖိုးဒေါ်လာ ၂၄၅ ဒသမ ၉ ဘီလီယံအထိ စံချိန်တင်တိုးလာခဲ့သည်။

ယင်းစံချိန်မှာ အစိုးရ၏ မူလရည်မှန်းချက်ဒေါ်လာ ၂၂၅ ဘီလီယံကို ကျော်လွန်ခဲ့သည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ ဥရောပအနောက်ပိုင်းနိုင်ငံအချို့နှင့် လက်တင်အမေရိက၊ အာဖရိကရှိ ဈေးကွက်သစ်အချို့မှ အိန္ဒိယနိုင်ငံလုပ် ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူလာသောကြောင့်ဖြစ်သည်။

အိန္ဒိယအစိုးရသည် ၂၀၁၄ ခုနှစ် မေလတွင် ကုန်ဆုံးမည့်ဘဏ္ဍာရေးနှစ်တွင် ပြည်ပပို့ကုန်ဝင်ငွေ ဒေါ်လာ ၅၀၀ ဘီလီယံအထိ ရှိစေရန် မျှော်မှန်းထားရာ ယခုနှစ်မှစ၍ နှစ်စဉ်ပို့ကုန် တိုးနှုန်း ၂၆ ဒသမ ၇ ရာခိုင်နှုန်းရှိသွားရမည်ဖြစ်သည်။

ရောင်းဝယ်ရေးနည်းဗျူဟာအရ အိန္ဒိယနိုင်ငံအနေဖြင့် အာရှဒေသနိုင်ငံများ၊ တောင်အမေရိက ဒေသနိုင်ငံများ၊ ပစိဖိတ်ဒေသနိုင်ငံများတွင် ဈေးကွက်သစ်များရှာဖွေရန်နှင့် ကမ္ဘာ့အနောက်ဘက်ခြမ်းမှ မရေရာသေးသည့် ဈေးကွက်များကိုလည်း ဆွဲဆောင်နိုင်ရန် လိုအပ်နေသေးသည်ဟုဆိုရပေမည်။

ထို့နောက် အိန္ဒိယနိုင်ငံ၏ ပင်လယ်အစားအစာတင်ပို့ရောင်းချမှုသည် ၂၀၁၀–၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ယခင်ဘဏ္ဍာရေးနှစ်ကထက် ပိုမိုတိုးတက်လာသည်။ အိန္ဒိယနိုင်ငံက ထုတ်လုပ်သောပင်လယ်အစားအစာများကို ဥရောပသို့ အဓိကတင်ပို့ရောင်းချရသည်။ အိန္ဒိယနိုင်ငံ၏ ပင်လယ်အစားအစာ ပို့ကုန်များအနက်ပုစွန်ပို့ကုန်သည် အဓိကအရေးပါပြီး လွန်ခဲ့သောဘဏ္ဍာရေးနှစ်က ပင်လယ်အစားအစာပို့ကုန် ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံဖိုးရှိခဲ့ကာ ၂၀၁၀–၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံဖိုးတင်ပို့ ရောင်းချခဲ့ရသည်။

ကြက်သွန်နီဈေးနှုန်းသည် အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံလုံးတွင် ကြီးမြင့်လာသည်။ နှစ်နိုင်ငံ အစိုးရများကယင်းပြဿနာကို ဖြေရှင်းရန်ကြိုးပမ်း လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံတွင် ပုံမှန်ကြက်သွန်တူးဖော်ပြီးအချိန်ကာလထက်ဈေးကြီးလာရာ နှစ်ဆကျော်နေပြီဟုဆိုသည်။ ထို့ကြောင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းကို တားမြစ်ကြောင်းအမိန့်ထုတ်ပြန်လိုက်ရာ အိန္ဒိယနယ်စပ်၌ ကုန်တင်ကား ရာပေါင်းများစွာ ရပ်တန့်လျက်ရှိသည်။

နယူးဒေလီက ပါကစ္စတန်၏ ဆုံးဖြတ်ချက်ပြောင်းလဲစေရန် ကြိုးစားလျက်ရှိသည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ဟင်းသီးဟင်းရွက်ကုန်သည်များက လက်တုံ့ပြန်သည့်အနေဖြင့် ၎င်းတို့ကလည်း ပါကစ္စတန်ဘက်သို့တင်ပို့ရောင်းချခြင်းကို ရပ်ဆိုင်းမည်ဟု ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ပုံမှန်အားဖြင့် ကြက်သွန်နီတစ်ကီလိုဈေးနှုန်းမှာ ရူပီး ၂၀ မှ ၂၅ အထိသာရှိရမည်ဖြစ်သော်လည်း ယခုအခါ ရူပီး ၈၀ မှ ၈၅ အထိရောက်ရှိနေသည်။

ယင်းနောက် ကုန်သွယ်မှုပြဿနာမှာ အိန္ဒိယနိုင်ငံသည် အီရန်နိုင်ငံသို့ ပေးရန်ရှိနေသည့်ငွေကြေးများကို ပေးချေနိုင်ခြင်းမရှိပါက အိန္ဒိယနိုင်ငံသို့ ရေနံစိမ်းတင်ပို့မှုကို ၂၀၁၁ ခုနှစ် ဩဂုတ်လမှစတင်၍ ရပ်တန့်နိုင်ဖွယ်ရှိသည်ဟု အီရန်စွမ်းအင်ဝန်ကြီးဌာနကဆိုသည်။

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ရေနံချက်စက်ရုံများသို့ ရေနံစိမ်းတင်ပို့မှုဆိုင်ရာခွင့်ပြုချက်များကို အီရန်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပေးမည်မဟုတ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အီရန်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ရေနံစိမ်းတင်ပို့မှုကို ရပ်တန့်မည်ဆိုပါက အိန္ဒိယရှိ ရေနံချက်စက်ရုံများသည် ၎င်းတို့နေ့စဉ် လိုအပ်နေသော ရေနံစိမ်းပမာဏကို ရရှိရန် အတွက် အခြားသောတိုင်းပြည်များမှ ရေနံကုမ္ပဏီများနှင့်ဆက်သွယ်၍ ဝယ်ယူရတော့မည်ဖြစ်သည်။

ဤသို့သော အခြေအနေများဖြစ်ပေါ်ရခြင်းမှာ အိန္ဒိယနိုင်ငံသည် အီရန်နိုင်ငံမှ တင်သွင်းခဲ့သော ရေနံစိမ်းတန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဘီလီယံကို ပေးရန် ကျန်ရှိနေပြီး ပေးအပ်ရန် ပျက်ကွက်ခဲ့သည်မှာ ခုနစ်လတာမျှ ကြာမြင့်ခဲ့သောကြောင့် ဖြစ်သည်။ လွန်ခဲ့သောနှစ်ဒီဇင်ဘာလမှစ၍ တစ်နေ့လျှင် ရေနံစည်ပေါင်း ၄၀၀,၀၀၀ ကို အိန္ဒိယနိုင်ငံသို့ အကြွေးစနစ်ဖြင့်တင်ပို့ပေးခဲ့ရကြောင်း၊ ဒေသတွင်းသတင်းဌာနများက ထုတ်ဖော်ပြောကြားသည်။



အိန္ဒိယဘာသာရေးခေါင်းဆောင် ဆိုင်းဘာဘာ

ဆိုင်းဘာဘာ– အိန္ဒိယနိုင်ငံ၏ ကမ္ဘာကျော် ဘာသာရေးခေါင်းဆောင်ဆိုင်းဘာဘာဖြစ်မည့် ဆပ်သ်ယန်နရယာနရာဂျူးကို ၁၉၂၆ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အန်ဒရာပရာဒေ့ရှ်ပြည် အစွန်အဖျားရှိ ပုတ္တာပါသီ ရွာငယ်ကလေးဌ်၌ မွေးဖွားခဲ့သည်။

ဆိုင်းဘာဘာသည် ဆယ်ကျော်သက်အရွယ် ရောက်ရှိလာသောအခါ နောက်တော်ပါတပည့်များကို စုစည်းဆွဲဆောင်လာနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် သူနေထိုင်ရာ ရွာကလေးအနီးတွင် "ငြိမ်းချမ်းသောဂေဟာ" ခေါ် ပရာစန်သီနီလရမ်းစခန်းကို တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ ပုတ္တာပါသီရွာငယ်ကလေးသည် ဆိုင်းဘာဘာ၏ ဓာတ်စခန်းအဖြစ် ၁၀ စတုရန်းကီလိုမီတာကျယ်ဝန်းသော ခြံဝင်းကြီးဖြစ်လာသည်။

ထိုခြံဝန်းကြီးအတွင်းတွင် ကျယ်ဝန်းသော ဟိုတယ်များ၊ အနားယူစခန်းများ၊ တက္ကသိုလ်အဆောက်အအုံများ၊ အထူးကုဆေးရုံနှင့်လေဆိပ်တို့ ပေါ်ထွက်လာခဲ့သည်အထိ ဖြစ်လာပြီး၊ ထိုကျယ်ဝန်းသော ဓာတ်စခန်းကြီးသို့ ယုံကြည်ကိုးကွယ်သူမျိုးစုံလာရောက်ကြသည်။

အခြားဂိုဏ်းများ၊ အဖွဲ့များနှင့်မတူသော အချက်မှာ ၎င်း၏တပည့်များအား မူရင်းဘာသာကို မစွန့်လွှတ်စေခြင်းဖြစ်သည်။ မိမိတို့ကိုးကွယ်ရင်း ဘာသာများကို ဆက်လက်ကိုးကွယ်ခွင့်ပေးကာ ဘာသာပေါင်းစုံ၏ နောက်တွင် ဘုရားသခင်တစ်ဦးတည်းသာရှိသည်ဟုလည်း၊ ၎င်းကပြောဆိုလေ့ရှိသည်။ ဆိုင်းဘာဘာက မေတ္တာတရားကို ဦးစားပေးဟောပြောလေ့ရှိသည်ဟုလည်းဆိုသည်။

ဤသို့ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အသက် ၈၅ နှစ်ရှိပြီဖြစ်သော ဆိုင်းဘာဘာသည် လူကြီးရောဂါဖြင့် ဆေးရုံတွင် သိတင်းသုံးပတ်ကြာနေခဲ့ပြီး ကွယ်လွန်သွားသည်။

ဆိုင်းဘာဘာ၏ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို နိုင်ငံရေးသမားများ၊ ဘောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင်များ၊ အားကစားကြယ်ပွင့်များအပါအဝင် လေးစားကြည်ညိုသူ ထောင်ပေါင်းများစွာတို့က နောက်ဆုံးလာရောက်ဂါရဝပြုကြသည်။

သိန်းဝင်းဇော်

ပရိုက္ခူစာပေဆုနှင့်ပညာရည်ချွန်ဆု။ ။ မူလက ပရိုက္ခူဦးဆုံးဖေစာပေဆုဟု အမည်ရှိခဲ့ပြီး ယခုပရိုက္ခူစာပေဆုဟူ၍ ပြောင်းလဲသတ်မှတ်လိုက်သည့် ၂၀၁၀ ပြည့်နှစ်အတွက် ပရိုက္ခူစာပေဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ပရိုက္ခူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။ ယခုဆုချီးမြှင့်ပွဲသည် (၁၈) ကြိမ်မြောက်အဖြစ် ၁၈ နှစ်တိုင်အောင် ဆက်လက်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ မကွေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မင်း၊

တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့်ဗဟို အလုပ်အမှုဆောင်အဖွဲဝင်များ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆုရရှိကြသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးကိုကိုလှိုင်တို့က ပခုက္ကူစာပေဆုရရှိသူများအား ဆက်လက်ချီးမြှင့်သည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသန့်က ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆု၊ ၂၀၁၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု၊ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု (မြန်မာစာ)



ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်က ပခုက္ကူစာပေဆု ရရှိသူစာရေးဆရာ ကျွန်းစဉ်မြေစောခက်အား ဆုချီးမြှင့်စဉ်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေတစ်သက်တာစာပေဆုရ စာရေးဆရာကြီးဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)နှင့် ပခုက္ကူစာပေဆုရရှိသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၃) ဦးကိုကိုလှိုင်တို့က ပခုက္ကူစာပေဆုရရှိသူများအား ဆက်လက်ချီးမြှင့်သည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသန့်က ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆု၊ ၂၀၁၀ ပြည့်နှစ် ပခုက္ကူဦးအုံးဖေ မြန်မာစာထူးချွန်ဆု၊ ပခုက္ကူဦးအုံးဖေပညာရည်ချွန်ဆု (မြန်မာစာ) ပထမ၊ ဒုတိယ၊ တတိယဆု၊ တတိယ၊ (အင်္ဂလိပ်စာ) ပထမ၊ ဒုတိယ၊ တတိယဆု၊ (သချိုင်္ဂ) ပထမ၊ ဒုတိယ၊ ဓာတုဗေဒ ဘာသာရပ် ပထမဆု၊ ရူပဗေဒဘာသာရပ် ပထမဆု၊ ဇီဝဗေဒဘာသာရပ် ပထမဆု၊ ဘောဂဗေဒ ဘာသာရပ် ပထမဆု၊ ပထဝီဝင်ဘာသာရပ် ပထမဆုနှင့် သမိုင်းဘာသာရပ် ပထမဆုများကို အသီးသီး ချီးမြှင့်သည်။

၂၀၁၀ ပြည့်နှစ်အတွက် ပခုက္ကူစာပေတစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆုရရှိကြသူများကို ယင်းစာကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီး



ပရုက္ကျူစာပေဆု ဆုပေးပွဲအထိမ်းအမှတ်
စာအုပ်ဈေးရောင်းပွဲတော်

ဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အဖွဲ့ဝင်များသည် ဆုရရှိကြသူများ၊ ပရုက္ကျူဦးအုံးဖေစာကြည့်တိုက်ကော်မတီဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ပရုက္ကျူစာပေဆု ချီးမြှင့်ပွဲကာလတွင် ၂၀၁၀ ပြည့်နှစ် မေလ ၁၅ ရက်နေ့ညက ပရုက္ကျူမြို့လယ်ရှိ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း၌ မောင်မြင့်ကြွယ်၊ ညွန့်ဟံ (ကြူတော) နှင့် ပုသိမ် အောင်သန်းဦးတို့ ပါဝင်သော စာပေဟောပြောပွဲကို လည်းကောင်း၊ ထိုနေ့ နေ့လယ်တွင် ပရုက္ကျူခရိုင် ရေစကြိုမြို့၌ လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုးနှင့် မောင်ခိုင်ခန့်တို့ပါဝင်သော စာပေဟောပြောပွဲကို လည်းကောင်း၊ ထိုနေ့များ၌ ဆုချီးမြှင့်ရာ ပြည်သာယာခန်းမရှေ့၌ စာအုပ်ဈေးရောင်းပွဲတော်ကို လည်းကောင်း ကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ်အတွက် ပရုက္ကျူတစ်သက်တာစာပေဆု၊ ပရုက္ကျူစာပေဆု

စဉ်	ဘာသာရပ်	စာရေးသူ	စာမူအမည်	ဆုအမျိုးအစား
၁	ပရုက္ကျူတစ်သက်တာစာပေဆု	ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)		
၂	ဝတ္ထုတိုပေါင်းချုပ်	ရဲမြတ်တင်	အိမုဆိုးနှင့်အခြားဝတ္ထုတိုများ	ပထမ
၃	〃	ကျွမ်းစဉ်မြေစောခက်	ကျားပါးစပ်ထဲက အာဟာရနှင့်အခြားဝတ္ထုတိုများ	ဒုတိယ
၄	〃	မောင်စိုမ်	ထီးမပါကြသူများနှင့်အခြားဝတ္ထုတိုများ	တတိယ
၅	ကဗျာပေါင်းချုပ်	မောင်ဟန်တင့် (ပင်လည်ဘူး)	အမေ့လမင်း လမင်းသံစဉ်ကဗျာများ	ပထမ
၆	〃	မြေလတ်မင်းလွင်	မေတ္တာဆမ်းတဲ့ပန်းလက်ဆောင်ကဗျာများ	ဒုတိယ
၇	〃	ပြေအေးသက်	ငယ်ကျွမ်းချစ်ကဗျာများ	တတိယ
၈	ဝတ္ထုရှည်	ရွှေညာသားမြတ်မင်း	ပြက္ခဒိန်တောင်တန်းပန်းလောင်မြစ်ကမ်းမှအလှသစ္စာ	ပထမ
၉	〃	ဝိုက်လှိုင်းသစ်	နာကြည်းချက်၏အလှသဏ္ဌာန်များ	ဒုတိယ
၁၀	〃	ပုသိမ်အောင်သန်းဦး	အလင်းတံခါးပွင့်သူများ၏ ဘူမိနက်သန်	တတိယ
၁၁	ကျမ်းစာပေဆု	ဇင်မင်း (သမိန်ထော)	မြန်မာပြဇာတ်ရေစီးနှင့်ရှေ့ခရီး	ပထမ
၁၂	〃	ဒေါက်တာတင်သိန်း(ဘူမိဗေဒ)	မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှု	ဒုတိယ
၁၃	သုတေသနစာပေ	သန်းထွန်း (မော်လမြိုင်)	မြန်မာနိုင်ငံသာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များမော်ကွန်း	ပထမ
၁၄	〃	မောင်ရင့်ကျူး (မြောင်းမြ)	မြန်မာနိုင်ငံဗဒ္ဓယဉ်ကျေးမှုအနုပညာ	ဒုတိယ
၁၅	〃	မေမြို့ချစ်ဆွေ	မြန်မာ့အလှသစ်တောသံယံစာတ	တတိယ

ပရုက္ကူ။ ပညာရည်ရွယ်ဆုဘာသာရပ်အလိုက် ထူးရွှန်ဆုရရှိကြသူများ

စဉ်	ဘာသာရပ်	ဆုရရှိသူ	ဆုအမျိုးအစား
၁	မြန်မာစာ	မစင်နွယ်ဦး	ပထမ
၂	〃	မပြုံးပြုံးကြည်	ဒုတိယ
၃	〃	မနှင်းထက်ထက်အောင်	တတိယ
၄	အင်္ဂလိပ်စာ	မကျေဒေစီခါးပန်	ပထမ
၅	〃	မောင်ဒဂင်နန်ဖုန်ဆန်း	ဒုတိယ
၆	〃	မဆုမြတ်အေး	တတိယ
၇	သချာ	အိမ့်မြင့်မိုရ်	ပထမ
၈	〃	မောင်ရဲဝင်းသူ	ဒုတိယ
၉	〃	မောင်နိုင်လင်းကျော်	တတိယ
၁၀	ဓာတုဗေဒ	မောင်ချွန်လင်း	ပထမ
၁၁	ရူပဗေဒ	မောင်ဝေယံကျော်ညွန့်သင်း	ပထမ
၁၂	ဇီဝဗေဒ	မခိုင်ခိုင်လွင်ကျော်	ပထမ
၁၃	ဘောဂဗေဒ	မနီနီဝင်း	ပထမ
၁၄	ပထဝီဝင်	မထူးဒါလီဦး	ပထမ
၁၅	သမိုင်း	မသူဇာလင်း	ပထမ

ပရုက္ကူ။ မြန်မာစာထူးရွှန်ဆုရရှိကြသူများ

စဉ်	အမည်	တက္ကသိုလ်/ကောလိပ်
၁	မအေမိခိုင်	ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
၂	မအေးသီတာလွင်	ရတနာပုံတက္ကသိုလ်
၃	မနွယ်စင်ထက်	ဟသံတာတက္ကသိုလ်
၄	မဖြိုးဖြိုးသူ	ရတနာပုံတက္ကသိုလ်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ သတင်းအချက်အလက်နှင့်ဆက်သွယ်မှုနည်းပညာကွန်ရက်။ ။ယနေ့ မြန်မာနိုင်ငံတွင် ခေတ်နှင့်အညီ တိုးတက်ထွန်းကားလာသည့် သတင်းအချက်အလက် ဆက်သွယ်မှုနည်းပညာကို အသုံးပြုပြီး e.Government စနစ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်လျက်ရှိသည်။ အစိုးရဌာနအချင်းချင်းကြား၊ အစိုးရဌာနများနှင့် သက်ဆိုင်ရာ ကုမ္ပဏီကြီးများ၊ ကော်ပိုရေးရှင်းကြီးများအကြား သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာ ချိတ်ဆက်အသုံးပြုနိုင်သည့် Electronic Document Management System (EDMS) ကဲ့သို့ e-Government လုပ်ငန်းသုံးပရိုဂရမ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတွင် လက်ရှိအသုံးပြုနေကြပြီဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပို့ကုန်သွင်းကုန်လိုင်စင်ကို အွန်လိုင်းမှ လျှောက်ထားနိုင်သည့် ပရိုဂရမ်များအပါအဝင် အခြားဝန်ကြီးဌာနများ၏ e-DForm၊ အခွန်လုပ်ငန်း၏ National Single Windows စနစ်စသော လုပ်ငန်းစဉ်များမှာလည်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ အစိုးရဌာနများ၏ e-Government လုပ်ငန်းများဖြစ်သည်။

ထို့အတူ e-Government လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးအတွက် လိုအပ်သည့် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ သတ်မှတ်နိုင်ရန် ဇွန်လ ၁၄ ရက်နှင့် ၁၅ ရက်တို့က နေပြည်တော်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမတွင်ဆွေးနွေးပွဲ ကျင်းပခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က e-Government လုပ်ငန်းကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်အောင် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်အောင် ဆောင်ရွက်ရာတွင် သင့်တော်ခေတ်မီသည့်လုပ်ငန်းဖြစ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်၊ ရုံးလုပ်ငန်း လျင်မြန်သွက်လက်မှုသည် နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်။

ထို့ကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကလည်း ရုံးလုပ်ငန်းများ လျင်မြန်သွက်လက်စေရန် သတင်းအချက်အလက်ဆက်သွယ်မှု နည်းပညာကွန်ရက်ချိတ်ဆက်ကာ e-Government လုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရန်ကုန်ရုံးချုပ်နှင့် နယ်ဌာနခွဲများတွင် အင်တာနက်၊ FTP, Local Mail အသုံးပြုနိုင်ရန်အတွက် ရန်ကုန်ရုံးချုပ်တွင် အင်တာနက်ဆာဗာထား‌ရှိ၍ လည်းကောင်း၊ ရန်ကုန်ရုံးနှင့် နေပြည်တော်ရုံး ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် နေပြည်တော်ရုံးတွင် FTP ဆာဗာထား‌ရှိ၍ လည်းကောင်း၊ ရန်ကုန်ရုံးချုပ်တွင် ဖက်စ်ဆာဗာတည် ဆောက်၍လည်းကောင်း ကွန်ရက်ချိတ်ဆက် အသုံးပြုလျက်ရှိသည်။ လက်ရှိ ICT Infrastructure ဆောင်ရွက်ထား‌ရှိမှု အခြေအနေမှာ Client Computer Set ၁၁၂ လုံး၊ Server Set (Dell Rack Server) တစ်လုံး၊ Server

Set (Clone Server) ၂ လုံး၊ Internet Asset စာရင်းမှာ ADSL ၁၂ လိုင်း၊ ဝိုင်မက်ခ်စ် ၃ လိုင်း၊ IP Star တစ်လိုင်း၊ Dial-up(MPT) တစ်လိုင်း၊ နက်ဝက်ခ်စနစ်တွင် Router ၁၁ လုံး၊ Switch ၂၄ လုံး၊ နက်ဝက်ခ်ကေဘယ်လ် ၁၇၅၀ မီတာ၊ Domain Name နှစ်ခု ဖြစ်သည်။

ကွန်ပျူတာစနစ်သုံးရုံးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ (e- Office Status)

Electronic Document Management System (EDMS) Software အသုံးပြုခြင်း။ ။ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ အခြားဌာနများသို့လည်းကောင်း၊ ဌာနတွင်း ကိစ္စရပ်များအတွက်လည်းကောင်း Electronic Document Management System (EDMS) ဆော့ဖ်ဝဲအသုံးပြုဆောင်ရွက်ရန်အတွက် User Account ၅၂ ခု ဖွင့်လှစ်၍ ရုံးချုပ်နှင့် နယ်ဌာနခွဲများဆက်သွယ်အသုံးပြုသည့်အပြင် ဝန်ကြီးရုံးသို့ အချိန်နှင့်တစ်ပြေးညီပေးပို့ တင်ပြနိုင်ရန် အသင့်ဆောင်ရွက်ပြီးဖြစ်သည်။

ပြည်တွင်းသတင်းအချက်အလက် ပေးပို့မှုစနစ် ဆော့ဖ်ဝဲအသုံးပြုခြင်း။ ။ ဌာနတွင်း စာပေးစာယူကိစ္စရပ်များကို ပြည်တွင်းသတင်းအချက် အလက်ပေးပို့မှု စနစ်ဆော့ဖ်ဝဲအသုံးပြုဆောင်ရွက်ရန် အတွက် User Account ၁၀၅ ခု ဖွင့်လှစ်၍ နေပြည်တော်ရုံး၊ ရန်ကုန်ရုံးချုပ်နှင့် နယ်ဌာနခွဲများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသုံးပြုနေပြီး သယ်ယူပို့ဆောင်ရေးဌာနတွင် အသုံးပြုနေသည့် သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုစနစ်အတွက် လိုအပ်သည့် ရေယာဉ်ဝင်ငွေစာရင်းများ၊ စက်သုံးဆီသုံးစွဲမှုစာရင်းများကို IIS အသုံးပြု၍ ပေးပို့/လက်ခံဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပို့ဆောင်ရေးဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ အခြားဌာနများသို့လည်း စာပေးစာယူကိစ္စရပ်များကို IIS အသုံးပြု၍ ပေးပို့/လက်ခံနိုင်ရန် အသင့်ဆောင်ရွက်ထားရှိသည်။

e-File Management System ဖြင့် မှတ်တမ်းတင် သိမ်းဆည်းခြင်း။ ။ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ပို့ဆောင်ရေးဝန်ကြီးရုံးသို့လည်းကောင်း၊ ဝန်ကြီးဌာနအောက်ရှိအခြားဌာနများသို့လည်းကောင်း၊ တင်ပြသည့်ရုံးလုပ်ငန်း စာရွက် စာတမ်းများ၊ ဌာနတွင်း အသုံးပြုလျက် ရှိသည့် စာရွက်စာတမ်းများကို e-File (PDF Format) ဖြင့် ဌာနအလိုက် မှတ်တမ်းတင် သိမ်းဆည်းလျက်ရှိသည်။

ကွန်ပျူတာစနစ်သုံးရုံးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ (e- Office Status)

Electronic Document Management System (EDMS) Software အသုံးပြုခြင်း။ ။ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ အခြားဌာနများသို့လည်းကောင်း၊ ဌာနတွင်း ကိစ္စရပ်များအတွက်လည်းကောင်း Electronic Document Management System (EDMS) ဆော့ဖ်ဝဲအသုံးပြုဆောင်ရွက်ရန်အတွက် User Account ၅၂ ခု ဖွင့်လှစ်၍ ရုံးချုပ်နှင့် နယ်ဌာနခွဲများဆက်သွယ်အသုံးပြုသည့်အပြင် ဝန်ကြီးရုံးသို့ အချိန်နှင့်တစ်ပြေးညီပေးပို့ တင်ပြနိုင်ရန် အသင့်ဆောင်ရွက်ပြီးဖြစ်သည်။

ပြည်တွင်းသတင်းအချက်အလက် ပေးပို့မှုစနစ် ဆော့ဖ်ဝဲအသုံးပြုခြင်း။ ။ ဌာနတွင်း စာပေးစာယူကိစ္စရပ်များကို ပြည်တွင်းသတင်းအချက် အလက်ပေးပို့မှု စနစ်ဆော့ဖ်ဝဲအသုံးပြုဆောင်ရွက်ရန် အတွက် User Account ၁၀၅ ခု ဖွင့်လှစ်၍ နေပြည်တော်ရုံး၊ ရန်ကုန်ရုံးချုပ်နှင့် နယ်ဌာနခွဲများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အသုံးပြုနေပြီး သယ်ယူပို့ဆောင်ရေးဌာနတွင် အသုံးပြုနေသည့် သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုစနစ်အတွက် လိုအပ်သည့် ရေယာဉ်ဝင်ငွေစာရင်းများ၊ စက်သုံးဆီသုံးစွဲမှုစာရင်းများကို IIS အသုံးပြု၍ ပေးပို့/လက်ခံဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပို့ဆောင်ရေးဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ အခြားဌာနများသို့လည်း စာပေးစာယူကိစ္စရပ်များကို IIS အသုံးပြု၍ ပေးပို့/လက်ခံနိုင်ရန် အသင့်ဆောင်ရွက်ထားရှိသည်။

e-File Management System ဖြင့် မှတ်တမ်းတင် သိမ်းဆည်းခြင်း။ ။ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ပို့ဆောင်ရေးဝန်ကြီးရုံးသို့လည်းကောင်း၊ ဝန်ကြီးဌာနအောက်ရှိအခြားဌာနများသို့လည်းကောင်း၊ တင်ပြသည့်ရုံးလုပ်ငန်း စာရွက် စာတမ်းများ၊ ဌာနတွင်း အသုံးပြုလျက် ရှိသည့် စာရွက်စာတမ်းများကို e-File (PDF Format) ဖြင့် ဌာနအလိုက် မှတ်တမ်းတင် သိမ်းဆည်းလျက်ရှိသည်။

FTP,Local Mail Net Meeting, ဖက်စ်ဆာဗာ အသုံးပြုခြင်း။ ။နေပြည်တော်ရုံးနှင့် ရန်ကုန်ရုံးချုပ်တို့တွင် FTP, Local Mail, Net Meeting စနစ်များ တည်ဆောက်၍ ဌာနအချင်းချင်း အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ခြင်း၊ ဖိုင်အပြောင်းအလဲပြုလုပ်ခြင်း၊ ဒေတာစင်တာတွင် ကျောထောက်နောက်ခံပြုလုပ်ခြင်းနှင့် ဖက်စ်ဆာဗာများ အသုံးပြု၍ ဖက်စ်ပေးပို့၊ လက်ခံခြင်းများ နေ့စဉ်အဆင်ပြေချောမွေ့စွာဆောင်ရွက်လျက်ရှိသည်။

ဆော့ဖ်ဝဲများရေးဆွဲအသုံးပြုခြင်း

သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုစနစ်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (Transport Management Software) ကို သယ်ယူပို့ဆောင်ရေးဌာန (ရုံးချုပ်)နှင့် သယ်ယူပို့ဆောင်ရေးဌာနခွဲများတွင် အသုံးပြုလျက်ရှိသည်။ ဆော့ဖ်ဝဲအတွက် အချက်အလက်များကို IIS အသုံးပြု၍ ရုံးချုပ်နှင့် နယ်ဌာနခွဲများ အပြန်အလှန်ပေးပို့စေပြီး ရုံးချုပ်ရှိ ဆာဗာတွင် ထိန်းသိမ်းထားရှိကာ လိုအပ်သည့် အစီရင်ခံစာများကို အောင်မြင်စွာ ထုတ်ယူအသုံးပြုလျက်ရှိသည်။

IWT e-Admin ဆော့ဖ်ဝဲ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုစနစ် e-Admin ဆော့ဖ်ဝဲကို ရုံးချုပ်နှင့် နယ်ဌာနခွဲများတွင် အသုံးပြုလျက်ရှိသည်။ ဆော့ဖ်ဝဲအတွက်လိုအပ်သည့်အချက်အလက်များကို IIS အသုံးပြု၍ ရုံးချုပ်နှင့်နယ်ဌာနခွဲများ အပြန်အလှန်ပေးပို့စေပြီး ရုံးချုပ်ရှိ ဆာဗာတွင် ထိန်းသိမ်းထားရှိကာ လိုအပ်သည့် အစီရင်ခံစာများကို ထုတ်ယူအသုံးပြုလျက်ရှိသည်။

IWT e-Finance Plus Payroll ဆော့ဖ်ဝဲ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ငွေစာရင်းဌာနတွင် လစာတွက်ချက်ခြင်းနှင့် ငွေစာရင်းဆိုင်ရာ e-Finance Plus Payroll ဆော့ဖ်ဝဲကို ရုံးချုပ်တွင် ဆာဗာထားရှိပြီး အသုံးပြုလျက်ရှိသည်။

IWT e-Store ဆော့ဖ်ဝဲ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ပစ္စည်းထိန်းသိမ်းမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ် e-Store ဆော့ဖ်ဝဲကို ထောက်ပံ့ရေးဌာနခွဲ၊ ရေကြောင်းဌာနနှင့် သဘော်ကျင်းများတွင် အသုံးပြုနိုင်ရန်အတွက် ရေးဆွဲဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာဌာနအလိုက် ဆော့ဖ်ဝဲတပ်ဆင်ခြင်း၊ အသုံးပြုမည့်ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ပြီးဖြစ်သည်။ e-Store ဆော့ဖ်ဝဲဆာဗာကို ရုံးချုပ်တွင် ထားရှိပြီး ထောက်ပံ့ရေးရာဌာနခွဲတွင် အသုံးပြုနေပြီဖြစ်သည်။ နယ်ဌာနခွဲများနှင့်လည်းချိတ်ဆက် အသုံးပြုသွားမည်ဖြစ်သည်။

IWT Dynamic ဝက်ဘ်ဆိုက်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကို ပြည်သူများ အလွယ်တကူ သိရှိနိုင်စေရန်အတွက် IWT အင်တာနက်ဝက်ဘ်ဆိုက်ကို ၂၀၀၉ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ စတင်လွှင့်တင်ခဲ့ပြီး ဌာန လုပ်ငန်းများကို တင်ပြခြင်း၊ ဌာနခွဲအလိုက် ခရီးစဉ်များ ဆိပ်ကမ်းများ၏ ရေယာဉ်များ ထွက်ချိန်/ဝင်ချိန်များ ဖော်ပြပေးထားသည်။ ဆက်လက်၍ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အွန်လိုင်းအသုံးပြုဆောင်ရွက်နိုင်မည့် IWT DEMS ပါရှိသည်။ အွန်လိုင်းမှတစ်ဆင့် ခရီးသွားလက်မှတ်ကို ကြိုတင်ဝယ်ယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား‌ပင့်ဆောင်ပူဇော်ခြင်း။

။တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ကွမ်ရှိုးစု ဘုရားကျောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲဘက်မြတ်စွယ်တော်အား စတုတ္ထအကြိမ် ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ စတင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့ဖူးမြော်ကြည်ညိုကြသည်။ ဗုဒ္ဓမြတ်စွယ်တော်၏ပုံသဏ္ဌာန်မှာ သာမန်လူများ၏အံသွားနှင့်ဆင်တူပြီး အမြစ်မှာ သုံးခွဖြစ်သည်။ ထိပ်ဝပြား၍ တစ်လက်မပတ်လည်ခန့်ရှိသည်။ အရှည်နှင့်လုံးပတ်မှာ နှစ်လက်မခန့်စီရှိသည်။ ယခင်က စွယ်တော်မြတ်ကို ဝါဂျရပလ္လင်ပေါ်ရှိ ရတနာခုနစ်ပါး စီခြယ်ထားသော ရွှေသားစွယ်တော်ကြုတ်အတွင်းရှိ ရွှေကြာပွင့်ပေါ်တွင် ပူဇော်ထားရှိသည်။ ယခုအခါ သေနတ်ကျည်ဆန်မပေါက်သောဖန် အုပ်ဆောင်းအတွင်း၌ ရတနာမျိုးစုံဖြင့် စီခြယ်ထားသော ရွှေသားစွယ်တော်ကြုတ်အတွင်းရှိ ပဒုမ္မာရွှေကြာပွင့်ပေါ်၌ ပူဇော်ထားရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို မြန်မာနိုင်ငံသို့ ၁၉၅၅ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တတိယအကြိမ် ပင့်ဆောင်ခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်လာရာ အထူးလေယာဉ်တံခါးဖွင့်သည်နှင့် ပရိသတ်များက ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြိုဆိုပူဇော်ကြသည်။ ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝန်ချီစက်ဖြင့် မင်္ဂလာဝေါယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်ပြီး ရတနာရထားယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။ ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် နေပြည်တော်လေဆိပ်မှ ရာဇသင်္ဂီဟလမ်းအတိုင်း ဟိုတယ်ဇုန်၊ သပြေကုန်းအဝိုင်းနှင့် ကုမုဒြာကြာပန်း အဝိုင်းတို့မှတစ်ဆင့် ရာဇဌာနီလမ်းအတိုင်းဥပ္ပါတသန္တိ စေတီတော်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပူဇော်ခြင်း



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှကမ္ဘာအေးကုန်းမြေသို့ ဗုဒ္ဓမြတ်စွယ်တော်ကြွချီလာရာ လမ်းတစ်လျှောက်တွင် ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကန်တော့ကြစဉ်

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဥပ္ပါတသန္တိစေတီတော်အဝင်မုခ်ဦးသို့ ရောက်ရှိသည်။ ဆက်လက်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက် သာသနာ့မဟာဗိမာန်တော်မုခ်ဦးထံသို့ ရောက်ရှိသောအခါ ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ်ကို ဆင်ဖြူတော်နန္ဒဝတီဖြင့် ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကာ အရှေ့ဘက်မုခ်သို့ ပင့်ဆောင်ကြသည်။ အရှေ့ဘက်မုခ်သို့ရောက်ရှိသောအခါ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။ ထို့နောက်နတ်မင်းကြီး ၁၆ ပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ အပူဇော်ခံထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ခြင်းအခမ်းအနား မစတင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့်ပန်းမန်နံ့သာပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များအမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဗန်းမော်ကျောင်းတိုက်ပမာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ဖွားသရဏဂုံတော်မူသော သမန္တာမုစ္စ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌနှင့်တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော်ပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော် Ven. Chuan Yin တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီးဒေါ်ခင်စောနှင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏော

သနန့်တရုတ်ဆရာတော်တို့ထံလည်းကောင်း၊ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမှုန်တို့က နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကဝိသာရနှင့်တရုတ်ဆရာတော်တို့ထံလည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒနှင့် တရုတ် ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာကာဘိဝံသနှင့်တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏောသနထံမှ ပရိသတ်များက အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေကြကာ မဟာမင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော်ဥပဝါတသန္တိစေတီတော်လိုဏ်အတွင်း၌ နိုဝင်ဘာလ ၇ ရက်မှ ၂၁ ရက်အထိ ယာယီကိန်းဝပ်စံပယ်တော်မူရာ နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီ အထိ ရဟန်းရှင်လူ ပြည်သူအပေါင်းလာရောက်၍ ဖူးမြော်ကြည်ညိုပူဇော်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော် စတင်အပူဇော်ခံသည့်နိုဝင်ဘာလ ၆ ရက် ညနေပိုင်းမှ ၂၂ ရက် နံနက်ပိုင်းအထိ အလှူခံဌာနများ၏ အလှူခံရရှိမှု စုစုပေါင်းမှာ အလှူတော်ငွေ ၄၅,၈၄,၉၄,၅၃၂ ကျပ်၊ အက်ဖ်အီးစီ ၁၀၇ ယူနစ်၊ အမေရိကန်ဒေါ်လာ ၁၀,၂၉၀၊ ရီမင်ဘီ ၄,၇၉၈ ယွမ်၊ ထိုင်းဘတ် ၆,၅၅၃ ဘတ်၊ ဖိလစ်ပိုင်ပီဆို ၅၂၀၊ မလေးရှားရင်းဂစ် ၃၅၁ ရင်းဂစ်၊ အင်ဒိုနီးရှားရူပီး ယား ၄,၉၄,၅၀၀၊ အိန္ဒိယရူပီး ၃,၂၈၄ ရူပီး၊ ဗီယက်နမ် ဒေါင် ၁,၄၈,၂၀၀၊ ကမ္ဘောဒီးယားရီယယ် ၇,၆၀၀၊ စင်ကာပူဒေါ်လာ ၁၄၉ ဒေါ်လာ၊ ကိုရီးယားဝမ် ၁၆,၈၇၀၊ စတာလင်ပေါင် ငါးပေါင်၊ ဂျပန်ယန်း ၅,၀၀၀၊ သီရိလင်္ကာရူပီး ၃၂၀၊ နီပေါရူပီး ၂၀၊ ဘူတန်နူထရန်ခြောက်နူထရန်၊ လာအိုကစ် ၁,၀၀၀၊ အိုမန်ဘိုင်းစာ ၁၀၀၊ တောင်အာဖရိက ရမ် ၄၀၊ ဗင်နီဇွဲလားဗိုလီဗား ၆,၀၀၀၊ ဟောင်ကောင်ဒေါ်လာ ၂၀၊ ယူရို ၃၀၊ ဖရန့် ၁၀ နှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ ၁,၆၃၅ ခု (ခန့်မှန်းတန်ဖိုးကျပ် ၁၂,၂၆,၉၉,၄၆၀) တို့ဖြစ်သည်။

နိုဝင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းမိသားစုက ရွှေဆွဲကြိုးသုံးကုံး၊ ရွှေလက်စွပ်တစ်ကွင်း၊ ငါးမူးသားရွှေဒင်္ဂါးတစ်ပြားနှင့် အဖြူရောင်တာ ၁၆ ပွင့်ပါ ရွှေနားကပ်တစ်ရန် စုစုပေါင်း ကျောက်မျက်ရတနာခြောက်ခု (ခန့်မှန်းတန်ဖိုးကျပ် ၆၁,၆၀,၀၀၀) လှူဒါန်းသည်။

နေပြည်တော်ဥပဝါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်တော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဥပဝါတသန္တိစေတီတော်၌ကျင်းပသည်။ မင်္ဂလာအခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့က ဗုဒ္ဓမြတ်စွယ်တော်အား မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသီရိ အမှူးပြုသော

ဆရာတော်သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသီရိထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များရွတ်ဖွားသရဇ္ဈယ်တော်မူသော သမန္တာမုစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်တို့ကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသီရိနှင့်တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော်ပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော် Ven. Chuan Yin တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဝေးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်များနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌဗုဒ္ဓမြတ်စွယ်တော်ပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသာသနာရေးဗျူရိုအဖွဲ့တို့အတွက် ဥပဓါတသန္တိစေတီတော်ပုံတော် ကျောက်စိပန်းချီကားများကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသာသနာရေးဗျူရိုအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လက်ခံပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ကျင်းပရာ နတ်မင်းကြီး ၁၆ ပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါဟာရတော်ဖြင့် စေတီတော်လိုဏ်တော်အတွင်းမှ ရင်ပြင်တော် အရှေ့ဘက်မုခ်ဦးရှိ ရတနာရထားယာဉ်ပေါ်သို့ ပို့ဆောင်ကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ပို့ဆောင်ရေးယာဉ်တန်းသည် ဥပဓါတသန္တိစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးမှ တောင်ဘက်မုခ်သတ်မှတ်နေရာအထိ ဆင်ဖြူတော်နန္ဒဝတီဖြင့် ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်၍ ပြန်လည်ပင့်ဆောင်ပူဇော်ပြီး ဥပဓါတသန္တိစေတီတော်မှ နေပြည်တော်လေဆိပ်သို့ အစီအစဉ်အတိုင်း ထွက်ခွာကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ရတနာ ရထားယာဉ်သည် နေပြည်တော်လေဆိပ်သို့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင်ဆိုက်ရောက်ရာ ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ လေယာဉ်အနီးရှိ မင်္ဂလာဝန်ချီစက်ပေါ်သို့ ပင့်ဆောင်ပူဇော်ကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား နတ်မင်းကြီးများက မင်္ဂလာဝန်ချီစက်မှတစ်ဆင့် အထူးလေယာဉ်ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်သည့်အထူးလေယာဉ်သည် နံနက် ၁၁ နာရီတွင် နေပြည်တော်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စတင်ထွက်ခွာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သတ်မှတ်နေရာသို့ ဆိုက်ရောက်လာရာ နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား‌မင်္ဂလာဝန်ချီစက်ဖြင့် မင်္ဂလာဝေါဟာရတော်ပေါ်သို့ ပင့်ဆောင်ကြပြီးနောက် ရတနာရထားယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါ

ဘိသေကအနေကဇာတင်တော်မူကြသည်။ ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်းအတိုင်း ပင့်ဆောင်ပူဇော်ကြရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသို့ရောက်ရှိသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ပင့်ရထားယာဉ်ကို သိဂီမာလာရတနာဆင်ဖြူတော်က ဦးခိုက်ပူဇော်၍ ရှေ့မှပင့်ဆောင်ကာ မဟာပါသာဏလိုဏ်ဂူအား လက်ယာရစ်လှည့်လည် ပူဇော်ပြီး လိုဏ်ဂူအတွင်းသို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်ပြီး နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မဂ်လာဝေါယာဉ်သို့ပင့်ဆောင်ကြကာ မဟာပါသာဏလိုဏ်ဂူအတွင်း၌ အပူဇော်ခံထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားမစတင်မီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့် ပန်းမန်နံ့သာပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ဆက်လက်၍ တရုတ်နိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ဆက်လက်၍ တရုတ်နိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးဥက္ကဋ္ဌ ဆရာတော်တို့ထံ သက်နှံးပရိက္ခရာများဆက်ကပ်လှူဒါန်းသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများက ဆရာတော်၊ သံဃာတော်များနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရား‌နာကြား‌ကြပြီး ရေစက်သွန်းချအမျှပေး‌ဝေကြပြီး မဟာမင်္ဂလာအခမ်းအနား‌ကို ရပ်သိမ်း‌လိုက်သည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၇ ရက်အထိ ယာယီသီတင်းသုံးအပူဇော်ခံရာ ရဟန်းရှင်လူပြည်သူအပေါင်းလာရောက်၍ ဖူးမြော်ကြည်ညိုပူဇော်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်စတင်အပူဇော်ခံသည့်နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၇ ရက်အထိ အလှူခံဌာနများ၏ အလှူခံရရှိမှုစုစုပေါင်းမှာ အလှူတော်ငွေ ၁,၅၀,၈၁,၆၈,၉၈၆ကျပ်၊ အမေရိကန်ဒေါ်လာ ၇၃,၇၉၉ ဒေါ်လာ၊ အက်ဖ်အီးစီ ၃,၇၈၉ ယူနစ်၊ ယူရို ၁၅၇ ယူရို၊ စင်ကာပူဒေါ်လာ ၄,၄၁၂ ဒသမ ၇၅ ဒေါ်လာ၊ ဩစတြေးလျဒေါ်လာ ၁၈၀၊ ဟောင်ကောင်ဒေါ်လာ ၆၈၁ ဒေါ်လာ၊ တရုတ်ယွမ် ၁၇,၆၆၈ ယွမ်၊ တရုတ် ကျောင် ၅၉၀၊ ထိုင်းဘတ် ၅၃,၃၉၀၊ ဗီယက်နမ်ဒေါင် ၁၈,၅၇,၇၀၂ ဒေါင်၊ ကိုရီးယား‌ဝမ် ၃,၀၆,၀၀၀၊ ဂျပန်‌ယန်း ၉၆,၆၀၀၊ ဂျပန်ရူပီး ၅၅၊ တူရကီငွေ ၁၂,၅၀,၀၄၀၊ ကမ္ဘောဒီးယား‌ရီယယ် ၄၈,၁၅၀၊ ဖီလစ်ပိုင် ပီဆို ၅,၈၅၀ ပီဆို၊ အင်ဒိုနီးရှား‌ရူပီး‌ယား ၁၁,၅၇,၇၀၀၊ အိန္ဒိယရူပီး ၉,၈၀၄ ရူပီး၊ မလေးရှား‌ရင်းဂစ် ၅,၀၈၀၊ လာအိုကစ် ၂,၉၈,၀၀၀၊ သီရိလင်္ကာရူပီး ၂,၁၉၁ ရူပီး၊ နီပေါရူပီး ၃၄၁ ရူပီး၊ ဘရူနိုင်းဒေါ်လာ ၇၉ ဒေါ်လာ၊ ထိုင်ဝမ်ငွေ ၅,၀၀၀၊ ကင်ညာငွေ ၃၄၀၊ မက္ကဆီကိုငွေ ၅,၂၁၀၊ အိုမန်ငွေ ၈၀၀၊ နိုင်ဂျီးရီးယားငွေ ၃၉၅၊ အန်ဂိုလာငွေ ၇,၀၈,၀၀၀၊ ယူဂန်ဒါငွေ ၅,၀၀၀၊ အီဂျစ်ငွေ ၁၃၅၊ အာဂျင်တီးနားငွေ ၆၈၊ ဆော်ဒီငွေ ၂၅၊ ထရီနီဒတ်ငွေ ၁၁၊ တောင်

အာဖရိကငွေ ၃၀၊ ချီလီငွေ ၃,၀၀၀၊ ဒိန်းမတ်ငွေ ၁၂၀၊ လစ်သူရေးနီးယားငွေ ၂၊ ပါကစ္စတန်ငွေ ၅၀၊ ကနေဒါငွေ ၂၀၊ ကာတာငွေ ၂၈၊ ဘင်္ဂလားဒေ့ရှ်ငွေ ၄၄၁၊ အာရပ်ငွေ ၁၈၅၊ ဂစ်ဘီယာငွေ ၁၀၀၊ ဥရောပငွေ ၆၂၀၊ မော်လ်ဒိုက်ငွေ ၅၊ ဘရာဇီးငွေ ၁,၀၅၂၊ ဂါနာငွေ ၇,၀၀၅၊ ဗင်နီဇွဲလားငွေ ၂,၆၈၅၊ လစ်ဘီးယားငွေ ၁၂၀၊ ဘာရိန်းငွေ တစ်၊ အီရန်ငွေ ၁,၀၀၀၊ ရိမေးနီးယားငွေ ၂,၀၀၀၊ စကော့တလန်ငွေ ၂၀၊ စပိန်ငွေ ၂,၀၀၀၊ တိုဂိုငွေ ၂,၅၀၀၊ ဆူဒန်ငွေ ၁၀၀၊ ဆီးရီးယား့ငွေ ၁၅,၀၀၀၊ ဆာဘီးယားငွေ ၁၀၀၊ စတာလင်ပေါင် ၁၀၅ ပေါင်နှင့် ရွှေငွေလက်ဝတ် ရတနာ မျိုးစုံ ၈,၃၇၇ ခု (ခန့်မှန်းတန်ဖိုး ကျပ် ၁,၀၄,၉၆,၀၀, ၆၀၀) တို့ ဖြစ်သည်။

ထို့ပြင် နိဝင်ဘာလ ၂၂ ရက် ညနေပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (အငြိမ်းစား)၊ ဒေါ်ကြိုင်ကြိုင်မိသားစုက အမေရိကန်ဒေါ်လာ ၁,၃၀၀၊ ပတ္တမြားတာ ၁၁ ပွင့်၊ မြိတ်ပုလဲတစ်ပွင့်၊ ၁၅ ပဲရည်အဖြူရောင် ၆၁ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း လှူဒါန်းသည်။

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိုဏ်ဂူတော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်ပူဇော်ခြင်းမဟာမင်္ဂလာအခမ်းအနားကို ဒီဇင်ဘာလ ၈ ရက် နံနက် ၆ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဆရာတော်များနှင့် တရုတ်ဆရာတော်တို့ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးဥက္ကဋ္ဌ ဆရာတော်နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသာသနာရေးဗျူရိုတို့အတွက် ရွှေတိဂုံပုံတော်ကျောက်စိပန်းချီကားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓမြတ်စွယ်တော်စောင့်ရှောက်ရေးဗဟိုအဖွဲ့ ခေါင်းဆောင်ညွှန်ကြားရေးမှူးချုပ်ထံသို့လည်းကောင်း၊ မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်၊ ဓာတ်ပုံစီဒီနှင့် ဗီဒီယိုမှတ်တမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးကြီးထံသို့လည်းကောင်း ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။ ထို့နောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား မဟာပါသာဏလိုဏ်ဂူတော်အတွင်းမှ မင်္ဂလာဝေါဟာရဉာဏ်တော်ဖြင့် လိုဏ်ဂူတော်တောင်ဘက်မုခ်ရှိရတနာရထားယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။ ထိုသို့ပင့်ဆောင်စဉ် ရတနာရထားယာဉ်ကို သီဂီမာလာရတနာဆင်ဖြူတော်က ဦးခိုက်ပူဇော်၍ ရှေ့မှပင့်ဆောင်ကာ မဟာပါသာဏလိုဏ်ဂူကို လက်ယာရစ်လှည့်လည်ပူဇော်ပြီး လိုဏ်ဂူတော်အရှေ့မုခ်မှ ကမ္ဘာအေးစေတီလမ်းမုခ်ဦးမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အစီအစဉ်အတိုင်းထွက်ခွာကြသည်။ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသော ရတနာရထားယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည့်အခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။ ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်တော်ပေါ်မှ လေယာဉ်အနီးရှိ မင်္ဂလာဝန်ချိစက်ဖြင့် ပင့်ဆောင်ကာ အထူးလေယာဉ်ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။ အထူးလေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေးတိုင်းဒေသကြီးသို့ နံနက် ၉ နာရီ ၅၅ မိနစ်တွင် ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက ဗုဒ္ဓမြတ်စွယ်တော်အား ရှိခိုးကော်ရော်ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် နံနက် ၁၁ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ ဗုဒ္ဓမြတ်စွယ်တော်အား အထူးလေယာဉ်ပေါ်မှ ပင့်ဆောင်ပူဇော်ကြသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူ

ကြသည်။ ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးအတိုင်း စကားအင်းအဝိုင်းနှင့် တံခွန်တိုင်အဝိုင်းတို့မှတစ်ဆင့် မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးသို့ ပင့်ဆောင်ပူဇော်ကြရာ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်များမှ ကြိုဆိုပူဇော်ရေးမဏ္ဍပ်တစ်လျှောက် ရဟန်းရှင်လူပြည်သူအပေါင်းက ဖူးမြော်ကြည်ညိုကြသည်။ တိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမုခ်ဦးသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းရောက်ရှိသောအခါ ဗုဒ္ဓမြတ်စွယ်တော်ပင့် ရတနာရထားယာဉ်ကို မင်္ဂလာရတနာဆင်တော်ဖြင့် ပင့်ဆောင်၍ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး အရှေ့ဘက်အဝင်မုခ်သို့ ပင့်ဆောင်ကြသည်။ ထို့နောက် နတ်မင်းကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်ပေါ်မှ မင်္ဂလာဝေါယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြပြီး မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ထက်၌ အပူဇော်ခံထားရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်း အခမ်းအနားမစတင်မီ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်နှင့်ဇနီးဒေါ်မြတ်ငွေတို့က ဗုဒ္ဓမြတ်စွယ်တော်အား သောက်တော်ရေချမ်းနှင့်ပန်းမန်နံ့သာပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။ ထို့နောက် အခမ်းအနားစတင်ရာ နိုင်ငံတော်သြဝါဒစရိယဆရာတော်များအမှူးပြုသည့်ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များနှင့် တရုတ်ဘုန်းတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် အောင်မြေသာစံမြို့နယ် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး အတွင်း၌ ဒီဇင်ဘာလ ၈ ရက်မှ ၂၃ ရက်အထိ ယာယီကိန်းဝပ်စံပယ်တော်မူရာ နေ့စဉ် နံနက် ၆ နာရီမှ ည ၉ နာရီအထိ ရဟန်းရှင်လူပြည်သူအပေါင်း လာရောက်၍ ဖူးမြော်ကြည်ညိုပူဇော်ကြသည်။

မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ ဒီဇင် ဘာလ ၈ ရက်မှ ၂၃ ရက်အထိ ယာယီကိန်းဝပ်အပူဇော်ခံခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ၊ ပြည်ပဗုဒ္ဓဘာသာဘုရားဖူးအဖွဲ့များက လာရောက်ဖူးမြော်ကြည်ညိုကြရာ အပူဇော်ခံကာလအတွင်း ၁၆,၁၃,၉၉၂ ဦးဖူးမြော်ကြည်ညိုခဲ့ကြသည်။ မန္တလေးမြို့၌ အပူဇော်ခံစဉ် လှူဒါန်းမှုစုစုပေါင်း အလှူတော်ငွေ ကျပ် ၁၇,၈၃,၉၉၂,၁၂၀၊ အမေရိကန်ဒေါ်လာ ၁၂,၆၀၁ ဒေါ်လာ၊ ထိုင်းဘတ် ၁၈,၄၀၀၊ အိန္ဒိယရူပီး ၂,၅၂၅ ရူပီး၊ စင်ကာပူဒေါ်လာ ၁၆,၆၄၉ ဒေါ်လာ၊ မလေးရှားရင်းဂစ် ၁,၁၆၁ ရင်းဂစ်၊ ကိုရီးယားဝမ် ၁၄၉,၁၀၀၊ တရုတ်ယွမ်ငွေ ၁၄,၇၂၈ ဒသမ ၈၅ ယွမ်၊ ဗီယက်နမ်ဒေါင်း ၉,၅၀,၉၀၀၊ အက်ဖ်အီးစီ ၈၀၃ ယူနစ်၊ အင်္ဂလန်ပေါင်ငွေ ငါးပေါင်၊ ကမ္ဘောဒီးယားရီးရဲလ်ငွေ ၂၄,၇၀၀၊ အင်ဒိုနီးရှားရူပီး ၂,၉၃,၆၀၀၊ ဂျပန်ယန်းငွေ ၆,၀၀၀၊ အီဂျစ်ပေါင်ငွေ ၆၀၊ ယူရိုငွေ ၃၂၅ ယူရို၊ ဖိလစ်ပိုင်ပီဆို ၂၂၀၊ လာအို၊ ရုရှား၊ ကာတာ၊ ဘရာဇီး စသည့်ပြည်ပ ၂၁ နိုင်ငံသုံးငွေကြေးအချို့၊ မန္တလေးမြို့ အဲဗားဝင်းနားကျောက်စိမ်းကုမ္ပဏီကလှူဒါန်းသည့် ယူရိုငွေသုံးသန်းနှင့်ယူရိုငွေနှစ်သိန်းတန် ကျောက်စိမ်းတုံးနှစ်တုံး၊ အများပြည်သူလှူဒါန်းသည့် ရွှေငွေလက်ဝတ်ကျောက်မျက်ရတနာမျိုးစုံ ၉,၀၃၀ (ခန့်မှန်းတန်ဖိုးကျပ် ၁,၅၄,၅၈,၇၄,၃၉၀) တို့ကို လက်ခံရရှိခဲ့သည်။ ထို့ပြင် ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်နှင့် ကျောက်စိမ်းပလ္လင်တော် ထုလုပ်မှု ကုန်ကျစရိတ်များ၊ ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်ကိန်းဝပ်စံပယ်

မည့် ကျောင်းဆောင်တော် ဆောက်လုပ်မှုကုန်ကျစရိတ်များကို အဲဗားဝင်းနားကျောက်စိမ်းကုမ္ပဏီက လှူဒါန်းသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား လှူဒါန်းထားသော အလှူငွေများနှင့် လက်ဝတ်ရတနာများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွယ်တော်တိုက်ဆရာတော်ထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က လှူဒါန်းရခြင်းအကြောင်းရင်းအား လျှောက်ထားတင်ပြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသာသနာရေး ဗျူရို ဒုတိယဝန်ကြီး Mr.Jiang Yang က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွယ်တော်တိုက်ဆရာတော်အား လွှဲပြောင်းပေးအပ်သည့် လှူဒါန်းမှုအစုစုမှာ အမေရိကန်ဒေါ်လာ ၃၉,၂၂,၂၄၄ ဒေါ်လာ၊ နိုင်ငံတကာသုံးငွေကြေး ၆၂ မျိုး၊ ခန့်မှန်းတန်ဖိုးကျပ် ၉၅,၈၂,၆၁,၆၂၀ ရှိရွှေထည်၊ စိန်ထည်၊ ပတ္တမြားထည်နှင့်အဖိုးတန်ရတနာများ၊ ခန့်မှန်းတန်ဖိုးကျပ် ၁,၂၆,၉၅,၉၂,၉၈၀ ရှိ မိုးကုတ်ရောင်စုံကျောက်ထည် ပစ္စည်းနှင့်ရောင်စုံကျောက်များ၊ ရွှေထည်၊ စိန်ထည်၊ ပုလဲထည်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ခန့်မှန်းတန်ဖိုးကျပ် ၁၃,၅၀,၀၀၀ ရှိ စကျင်ကျောက်ဘုရားဆင်းတုတော်၊ ကျောက်စက်ပန်းချီပုံ၊ ရတနာပန်းပင်၊ ရတနာပန်းအိုး၊ သလင်းစိန်ဖူးတော်နှင့် အခြားဘုရားပုံတော်များအပါအဝင် တန်ဖိုး ယူရိသုံးသန်း၊ အလေးချိန် ၈၄၅ ကီလိုရှိကျောက်စိမ်းတုံး၊ တန်ဖိုးယူရိနှစ်သိန်း၊ အလေးချိန်ကီလို ၂,၇၀၀ ရှိကျောက်စိမ်းတစ်တုံးနှင့် ကျောက်စိမ်းဆင်းတုတော်ထုလုပ်မှုနှင့် ကျောင်းဆောင်ဆောက်လုပ်မှုကုန်ကျစရိတ်ငွေများကို လွှဲပြောင်းပေးအပ်လှူဒါန်းသည်။ အဆိုပါလွှဲပြောင်းပေးအပ်လှူဒါန်းမှုအစုစုမှာ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့၌ ဗုဒ္ဓမြတ်စွယ်တော် ယာယီကိန်းဝပ်စံပယ်အပူဇော်ခံစဉ် ဒီဇင်ဘာလ ၂၀ ရက်အထိ လှူဒါန်းမှုများဖြစ်ပြီး ကျန်ရှိလှူဒါန်းငွေနှင့်ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းများအား ဆက်လက်လွှဲပြောင်းပေးအပ်လှူဒါန်းသွားမည်ဖြစ်သည်။

စိုးအောင်

ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ (၂၀၁၁)

။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ စစ်မှုထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ ရဲမှုထမ်းများကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂီဟတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များ၏အမည်နှင့် ဘွဲ့အမည်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်၊ မြန်မာနိုင်ငံ စစ်မှုထမ်းသင်္ဂီဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး

တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဧန်နဝါရီလ ၄ ရက်၊ (၆၃) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးသုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ခြောက်ပါး၊ သီရိလင်္ကာနိုင်ငံမှတစ်ပါး၊ အိန္ဒိယနိုင်ငံမှ တစ်ပါး၊ ဗီယက်နမ်နိုင်ငံမှ တစ်ပါး၊ အင်္ဂလန်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၀ ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၇ ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၄ ပါး၊ သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၂၈ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ သုံးပါး၊ အိန္ဒိယနိုင်ငံမှ တစ်ပါး စုစုပေါင်းလေးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ အပါး ၂၀၊ ဗီယက်နမ်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၂၁ ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ကိုးပါး၊ ဗီယက်နမ်နိုင်ငံမှ တစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီး တစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၁၃ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၃ ပါး၊ နီပေါနိုင်ငံမှ တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၅ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ တစ်ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး စုစုပေါင်း နှစ်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်လေးဦး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်လေးဦး၊ သီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ချီးမြှင့် အပ်နှင်း ခြင်းခံရသော လူပုဂ္ဂိုလ်တစ်ဦး၊ သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ခြောက်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ် ၁၀ ဦး စုစုပေါင်း ပြည်တွင်းပြည်ပ ဆရာတော်ကြီး ၁၁၃ ပါး၊ သီလရှင်ဆရာကြီး ငါးပါးနှင့် လူပုဂ္ဂိုလ် ၂၆ ဦး ပါဝင်သည်။

နိုးအောင်

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၂၀၁၁)။ ။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ – ပထမအကြိမ်သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး၊ ဂိုဏ်ပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ၁၉၈၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အချိန်မှ စတင်၍ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ယခုအခါ ဆဋ္ဌအကြိမ်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ အဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဦးဆောင်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် ဆရာဒကာလက်တွဲညီစွာဆောင်ရွက်ခဲ့ကြသည်။ သာသနာတော်ကြီး၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် နိမ့်ကျဆုတ်ယုတ်သွားစေနိုင်သည့် ထေရဝါဒသာသနာတော်လာ ဓမ္မဝိနယများကို ဆန့်ကျင်ဘက်ပြု၍ ရေးသားချက်များ၊ ဟောပြောပြသမှုအဓမ္မဝါဒများကို နိုင်ငံတော်သီးခြား ဝိနည်းဓိရိအဖွဲ့ ၁၆ ဖွဲ့ဖြင့် ဆုံးဖြတ်ခဲ့ပြီး နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ ညွှန်ကြားလွှာများဖြင့် အဓမ္မဝါဒမပြန့်ပွားရေး

အတွက် ညွှန်ကြားဆောင်ရွက်ခဲ့သည်။ ဆုံးဖြတ်ပြီးသော အဓမ္မဝါဒများမှာ (၁) ကျောက်သင်္ဘောဝါဒ၊ (၂) လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနနှင့် ရွှေအာဘိဓမ္မာဝါဒ၊ (၃) ကြောင်ပန်းတောရဝါဒ၊ (၄) ကျောက်ပုံတောရဝါဒ၊ (၅) ဦးမာလာဝရဝါဒ၊ (၆) ဓမ္မနီတိဝါဒ၊ (၇) မိုးညိုဝါဒ၊ (၈)ထွန်တုံးလက်ကျန်ဝါဒ၊ (၉) တွံတေးဦးပုညာစာရ၏ သိမ်သမုတ်ခြင်းဆိုင်ရာဝါဒ၊ (၁၀) မော်လမြိုင်မြို့ ရွှေဝါမြိုင်ကျောင်း နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာဝါဒ၊ (၁၁) စမ်းကလေးဝါဒ၊ (၁၂) မိုးကုတ်ဝိနိစ္ဆယ၊ (၁၃) ဘိကွနိဘာဝဝါဒ၊ (၁၄) ပဋိစ္စသမုပ္ပာဒ်ဖြတ်လဲမ်း (၁၀) ရက်စခန်း အထူးသင်တန်းကျောင်း၌ပါသော အမှားကြီး (၂)ရပ်၊ (၁၅) မိုးညှင်းမြို့ ဦးခေမိန္ဒနှင့် ဦးဝိစိတ္တာသာရာ ဘိဝံသတို့၏ဝါဒ၊ (၁၆) မြစ်ကြီးနား ဝိစိတ္တာသာရဝါဒ ဝိနိစ္ဆယ၊ (၁၇) ဉာဏစာဂိဆရာတော်၏ အဓမ္မဝါဒ၊ (၁၈) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံဝါဒ၊ (၁၉) ဦးမြတ်သိန်းထွန်းဝါဒတို့ ဖြစ်ကြသည်။

၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်တွင် နိုင်ငံတော်သီးခြား ဝိနည်းဓိရ်အဖွဲ့၊ အမှတ် (၁၇/၂၀၁၁) က ပုသိမ်ကြီး မြို့နယ် ရှင်ဉာဏဦးဆောင်သော ပစ္စုပ္ပန်ကမ္မ ဝါဒမိုးပြာဂိဏ်းအား အဓမ္မဝါဒအဖြစ် ဆုံးဖြတ်နိုင်ခဲ့ကာ သာသနာ့အန္တရာယ်အား ဖယ်ရှားနိုင်ခဲ့သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ (၄၇) ပါးစုံညီ တေရဿမအစည်းအဝေးကို ၂၀၁၁ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၈ ရက်တွင်လည်းကောင်း၊ ပန္နရသမအစည်းအဝေး ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင်လည်းကောင်း ကျင်းပခဲ့သည်။ အဖွဲ့ကြီးသည် ဝိနိစ္ဆယရေးရာ (သာသနာတော်သန့်ရှင်းရေး)၊ သာသနာရေးရာ (သာသနာတော်တည်တံ့ရေး)၊ ပညာရေးရာ (သာသနာတော်ပြန့်ပွားရေး) များကို ဆောင်ရွက်တော်မူသည်။ အစည်းအဝေးများသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်က တက်ရောက်၍ သာသနာရေးရာများကို လျှောက်ထားသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပခြင်း

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အစည်းအဝေးကို သာသနာနှစ် ၂၅၅၄၊ ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၉ ရက် (၁၃-၃-၂၀၁၁)မှ တပေါင်းလဆန်း ၁၁ ရက်(၁၅-၃-၂၀၁၁)အထိ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော် အတွင်းတွင် ကျင်းပခဲ့ရာ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ စုံညီစွာတက်ရောက်တော်မူကြသည်။

၂၀၁၁ ခုနှစ် မတ်လ ၁၃ ရက် အစည်းအဝေးပထမနေ့တွင် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သဘာပတိအဖြစ် ဥက္ကဋ္ဌအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ကသာရဏီယသြဝါဒါကထာကို ချီးမြှင့်ပေးတော်မူသည်။ ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာ အကျဉ်းကို အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဆရာတော်ဘဒ္ဒန္တ ခေမိန္ဒသာမိက တင်သွင်းလျှောက်ထားတော်မူသည်။

၂၀၁၁ ခုနှစ် မတ်လ ၁၄ ရက် အစည်းအဝေးဒုတိယနေ့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူသည်။

၂၀၁၁ ခုနှစ် မတ်လ ၁၅ ရက် အစည်းအဝေးတတိယနေ့တွင် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တမာနိတသီရိဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)က ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်

ရယူခြင်း ၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များ ၊ နိုင်ငံတော်သီးခြား ဝိနည်းဓိရ်ဆရာတော်များအား လက်မှတ်များ ဆက်ကပ်ခြင်းနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဋ္ဌမအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ ၊ ဆုံးဖြတ်ချက်များ ၊ အတည်ပြုချက်များ ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ သြဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး ၊ ဥက္ကဋ္ဌဆရာတော် ၊ အကျိုးတော်ဆောင်ဆရာတော် ၊ ဂိုဏ်းအသီးသီးနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတို့မှ ကိုယ်စားလှယ် (၁)ပါးစီ လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် အစီအစဉ်အရ သဘာပတိ ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက နိဂမနသြဝါဒကထာ ချီးမြှင့်ပေးတော်မူသည်။

တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက(၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဓ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၁၂-၁၂-၂၀၁၀) မှ ၁၃၇၂ ခုနှစ် ပြာသိုလဆန်း ၉ ရက် (၁၃-၁-၂၀၁၁) အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေမဟာပါသာဏလိဏ်ဂုတော်ကြီး၌ ကျင်းပခဲ့သည်။ ထိုစာမေးပွဲကြီးတွင် ဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

	အာဂုံ		ရေးဖြေ	
စာရင်းသွင်းသူ	၁၈၈	ပါး	၁၅၆	ပါး
ဖြေဆိုသူ	၁၄၄	ပါး	၁၃၅	ပါး
အောင်မြင်သူ	**၆၆**	**ပါး**	**၁၈**	**ပါး**
အာဂုံအောင်	**၆၆**	**ပါး**		

အဘိဓမ္မာ ပထမပိုင်းငါးကျမ်းအာဂုံအောင်
(မူလအာဘိဓမ္မိကဘွဲ့) ၄ ပါး

ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်
(ဒီဃဘာဏကဘွဲ့) ၂ ပါး

ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်
(ဝိနယဓရဘွဲ့) ၁၉ ပါး

ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင်
(ဥဘတောဝိဘင်္ဂဘွဲ့) ၄၁ ပါး

စုစုပေါင်း **၆၆ ပါး**

ရေးဖြေအောင် (၁၈) ပါး

အဘိဓမ္မာ (ပထမပိုင်း) ငါးကျမ်းရေးဖြေအောင်
(မူလအာဘိဓမ္မကောဝိဒဘွဲ့) ၁ ပါး

ဒီဃနိကာယ်သုံးကျမ်းရေးဖြေအောင် ၂ ပါး
(ဒီဃနိကာယကောဝိဒဘွဲ့)

ဝိနည်းဒုတိယပိုင်း သုံးကျမ်းရေးဖြေအောင်
(ဝိနယကောဝိဒဘွဲ့) ၆ ပါး

ဝိနည်း ပထမပိုင်း နှစ်ကျမ်းရေးဖြေအောင်
(ဥဘတောဝိဘင်္ဂဘွဲ့) ၉ ပါး

စုစုပေါင်း **၁၈ ပါး**

ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သည့် သာသနာ့အာဇာနည် မထေရ်အရှင်မြတ်များ စဉ်ဆက်မပြတ်ပေါ်ထွက်နိုင်စေရန် တိပိဋကရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူသော သံဃာတော်အရှင်မြတ်များအား အောင်မြင်တော်မူသောဘွဲ့ အဆင့်အတန်းတစ်ခုချင်း အလိုက် နိုင်ငံတော်သမ္မတက သတ်မှတ်ထားသော နှုန်းထားအတိုင်း ဆွမ်းဆန်တော်၊ အလှူတော်နှင့် လစဉ်ဆွမ်းဆန် အလှူတော်များကို ရွေးချယ်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

သို့ဖြစ်၍ (၆၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ၊ မဟာမင်္ဂလာအခမ်းအနားကို ၂၀၁၁ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကုန်းမြေရှိ မဟာပါသာဏလိဏ်ဂုသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါနန်းရွှေမှုန်တို့တက်ရောက်ကြည်ညိုလျက် သာသနာရေးအားပေးဆောင်ရွက်ခဲ့သည်။

အစိုးရ ဓမ္မာစရိယစာမေးပွဲ

အစိုးရ ဓမ္မာစရိယ စာမေးပွဲကို ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက် (၃၀-၃-၂၀၁၁) နေ့မှ တန်ခူးလဆန်း ၅ ရက် (၈-၄-၂၀၁၁)နေ့အထိ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

ဖြေဆိုသည့်ဌာနပေါင်း	၄၉	ဌာန
စာရင်းသွင်းသူပေါင်း	၂၉၇၆၁	ပါး
ဖြေဆိုသူပေါင်း	၂၅၇၁၅	ပါး
ကျမ်းရင်းသုံးကျမ်းအောင်	၅၅၃	ပါး
ကျမ်းရင်းနှစ်ကျမ်းအောင်	၈၉၃	ပါး
ကျမ်းရင်းတစ်ကျမ်းအောင်	၁၅၅၇	ပါး
ပါဠိဂုဏ်ထူးအောင်	၂	ပါး

ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပထမပြန်စာမေးပွဲများကျင်းပခြင်း

၂၀၁၁ ခုနှစ် ပထမပြန်စာမေးပွဲများကို ၁၃၇၂ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက် (၂၁-၃-၂၀၁၁) ရက်နေ့မှ ၁၃၇၂ ခုနှစ် တန်ခူးလဆန်း ၃ ရက်(၆-၄-၂၀၁၁) နေ့အထိ တစ်ပြည်လုံးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာဖြေဌာနပေါင်း ၂၃၈ ဌာန၌ ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

အဆင့်း	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
ပထမငယ်	၂၇၀၇၇	၂၄၀၈၈	၁၁၁၁
ပထမလတ်	၁၉၆၀၅	၁၇၈၀၂	၇၈၀၀
ပထမကြီး	၂၁၁၃၇	၁၈၇၈၅	၅၆၈၄

ပထမကြီးတန်း (ပထမကျော်) တွင် တစ်ပြည်လုံး ပထမဆုကိုစစ်ကိုင်းတိုင်းဒေသကြီး မြစကြားကျောင်းတိုက်မှအရှင်ဣန္ဒာဝုဓာလင်္ကာရက လည်းကောင်း၊ သီလရှင်ပထမကြီးတန်း (ပထမကျော်) တွင် တစ်ပြည်လုံး ပထမဆုကိုရန်ကုန်တိုင်းဒေသကြီး ပဏ္ဍိတာရာမရွှေတောင်ကုန်းကျောင်းမှ မဝရဉာဏီကလည်းကောင်းရရှိသည်။

(၁၉) ကြိမ်မြောက် နိကာယ်စာမေးပွဲ

၂၀၁၁ ခုနှစ် (၁၉) ကြိမ်မြောက် နိကာယ် စာမေးပွဲကို ၁၃၇၃ ခုနှစ် နယုန်လဆန်း ၆ ရက် (၇-၆-၂၀၁၁) နေ့မှ နယုန်လဆန်း ၁၀ ရက် (၁၁-၆-၂၀၁၁) နေ့ထိ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

စာဖြေဌာနပေါင်း	၇၁	ဌာန
စာရင်းသွင်းသူပေါင်း	၃၀၃၀၇	ပါး
ဖြေဆိုသူပေါင်း	၂၃၀၆၉	ပါး
အောင်မြင်သူပေါင်း	၁၄၄၂	ပါး

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၀ ပြည့်နှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို ၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၁၁ ရက် (၁၇-၁၂-၂၀၁၀) မှ ၁၃၇၂ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် (၁၉-၁-၂၀၁၀) နေ့အထိ တစ်ပြည်လုံးတွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

စာဖြေဌာန	၁၂၄	ဌာန
စာရင်းသွင်းသူပေါင်း	၃၂၉၃၅	ပါး
ဖြေဆိုသူပေါင်း	၂၅၂၀၂	ပါး
အောင်မြင်သူပေါင်း	**၁၃၇၉၉**	**ပါး**

အဘိဓမ္မာနှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူများအနက် အမှတ်အများဆုံးနှင့် တစ်နိုင်ငံလုံး ပထမဆုကို ဒဂုံဆိပ်ကမ်းမြို့နယ်မှ မောင်မီးရယ်ချို၊ ဒုတိယဆုကို ဒဂုံဆိပ်ကမ်းမြို့နယ်မှ မောင်အိုက်ဝိုင်၊ တတိယဆုကို ဒဂုံဆိပ်ကမ်းမြို့နယ်မှ မောင်သန်းထွန်း လေးကလည်းကောင်းရရှိခဲ့ကြသည်။

အဘိဓမ္မာဂုဏ်ထူးဆောင် နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူများအနက် အမှတ်အများဆုံးနှင့် တစ်နိုင်ငံလုံး ပထမဆုကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ တင်ဇာဖြိုးကလည်းကောင်း၊ ဒုတိယဆုကို အမရပူရမြို့နယ်မှမောင်ခိုင်လင်းအောင်ကလည်းကောင်း၊ တတိယဆုကို ပြင်ဦးလွင်မြို့နယ်မှ ဒေါ်ဖြိုးသူဇာလင်းကလည်းကောင်း ရရှိခဲ့ကြသည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်၍ တစ်နိုင်ငံလုံးပထမဆုကို ဧရာဝတီ

တိုင်းဒေသကြီး မအုပ်မြို့နယ်မှ မမေစိုးဌေးက လည်းကောင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှ ဦးမျိုးသွင်ကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်မှ ဒေါ်ညိုညိုကလည်းကောင်း ရရှိခဲ့ကြသည်။

နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးတွင် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များ၌ သာသနာပြုလုပ်ငန်းများကို စီမံချက်များချမှတ်လျက် ဆောင်ရွက်ခဲ့သည်။ ပြည်တွင်းသာသနာပြုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ကို ဖွဲ့စည်းလျက် စည်းမျဉ်းကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည်။ သာသနာပြုလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့.ဖွဲ့.စည်းဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် သာသနာပြုလုပ်ငန်းများ၏ အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

သာသနာပြုဌာန	၅၃၇	ဌာန
သာသနာပြုရဟန်းတော်	၅၇၈	ပါး
သာသနာပြုသီလရှင်	၄၂	ပါး
သာသနာပြု လူပုဂ္ဂိုလ်	၄၅၈	ဦး

သာသနာပြုလူပုဂ္ဂိုလ်များ အရည်အချင်းပြည့်မီရေး၊ အသိအမြင် ဗဟုသုတကြွယ်ဝရေး။ သာသနာပြုလုပ်ငန်းရှင်သန်ထက်မြက် နိုးကြားစေရေး၊ သာသနာပြုသင်တန်းတက်ရောက်ပြီးသော သာသနာပြုပုဂ္ဂိုလ်များကို နယ်စပ်နှင့် တောင်တန်းဒေသများ၌ လိုအပ်သည့် မည်သည့်ဒေသများသို့မဆို စဉ်ဆက်မပြတ် ရရှိစေလွှတ်နိုင်ရေး စသည့်တို့အတွက် သာသနာပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၁၉၉၁ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်သင်တန်း ၂၀ ကြိမ်နှင့် သီလရှင်သင်တန်း ၂ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

သာသနာပြု လူပုဂ္ဂိုလ်သင်တန်းများကိုလည်း ဒေသအလိုက် လိုအပ်ချက်များအရ ဖွင့်လှစ်ပို့ချခဲ့ရာ ၂၀၁၁ ခုနှစ်အထိ ၄၇ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ သင်တန်းများပိုမို၍ အရည်အသွေးမြင့်မားတိုးတက်စေရန် ရည်ရွယ်လျက် သာသနာပြုမွမ်းမံသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ၂၀၁၁ ခုနှစ်အထိ ၁၃ ကြိမ် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် သာသနာပြုပုဂ္ဂိုလ်များ ကျန်းမာရေး အသိအမြင်တိုးမြင့်စေရန်အတွက် တိုင်းရင်းဆေးပညာ အခြေခံနှင့် တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုသင်တန်းကိုလည်း အခါအားလျော်စွာ ၂၀၁၁ ခုနှစ်အထိ သင်တန်းပေါင်း ၂၀ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့သည် နယ်စပ်နှင့် တောင်တန်းဒေသများရှိ တိုင်းရင်းသားကလေးသူငယ်များ၊ မိဘမဲ့ကလေးသူငယ်များ၊ ဆင်းရဲချို့တဲ့သည့်ကလေးငယ်များ ပညာသင်ကြားနိုင်ရန် အသိအလိမ္မာအတတ်ပညာတိုးတက်မြင့်မားစေရန်၊ ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖွင့်လှစ်လျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် အောက်ဖော်ပြပါအတိုင်းရှိသည်။

မြို့နယ်ပေါင်း	၂၅၂	မြို့နယ်
မူလတန်းအဆင့်	၁၀၇၁	ပါး
မူလတန်းလွန်အဆင့်	၂၄၆	ပါး
အလယ်တန်းအဆင့်	၁၁၂	ကျောင်း
အထက်တန်းအဆင့်	၂	ကျောင်း

စုစုပေါင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၁၄၃၁ ကျောင်းရှိသည်။ အလားတူပင် သီလရှင်ကျောင်းများကိုလည်း ဖွင့်လှစ်လျက်ရှိရာ မူလတန်းကျောင်း ၅၀ ကျောင်းရှိသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အခမ်းအနားကျင်းပခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁) ဖြင့်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာနှယ်ဝင် သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း အပ်နှင်းပွဲ မဂ်လာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မဂ်လာအခမ်းအနားကို ၁၃၇၃ ခုနှစ် တပေါင်းလပြည့်နေ့ (၁၉-၃-၂၀၁၁) တွင် နေပြည်တော် ဥပုသ်တသန္တိကုန်းမြေ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြသည်။

၂၀၁၁ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရဆရာတော်	၃ ပါး
အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး	၄ ပါး
အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော်	၁၀ ပါး
သာသနာပြု ဘွဲ့တံဆိပ်တော်ရဆရာတော်	၄၇ ပါး
ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရဆရာတော်	၁ ပါး
ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော်	၅ ပါး
စာချဘွဲ့တံဆိပ်တော်ရဆရာတော်	၄၃ ပါး
စာချ ဘွဲ့တံဆိပ်တော်ရသီလရှင်	၄ ပါး
သာသနာပြု ဘွဲ့တံဆိပ်တော်ရသီလရှင်	၁ ပါး
သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား	၁ ဦး
စုစုပေါင်း	**၁၁၉ ဦး**

ယင်းဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ်များအနက် ပြည်တွင်း မှ ၁၀၉ ဦးပါရှိပြီး ပြည်ပနိုင်ငံများမှ ၁၀ ဦး ပါရှိသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ မဂ်လာအခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ သာသနာနှယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပသည်။

ထို့အပြင် ၂၀၁၁ ခုနှစ် မတ်လ ၁၈ ရက် နေ့တွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူကျက်သရေလမ်းရှိ ဓာတုစယဓာတ်ပေါင်းစုံစေတီတော် ပရိဝုဏ်တော်အတွင်း မဟာအဘိသန္ဒဗိမာန်တော်တွင် ကိန်းဝပ်စံနေတော်မူသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အထွတ်တင် ဌာပနာတော်သွင်း၊ ရတနာမကိုဋ္ဌတော်တင်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမဂ်လာအခမ်းအနား ကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့တက်ရောက်ကြည်ညိုရှိ၍ ဌာပနာတော်များကို သွင်းလှူပူဇော်ခဲ့သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) ၂၅ နှစ်ပြည့် အထိမ်းအမှတ် ငွေရတုသဘင်ကျင်းပခြင်း

သာသနာတော်နှစ် ၂၅၂၄ ခုနှစ်၊ မြန်မာနှစ် ၁၃၄၂ ခုနှစ်၊ ခရစ်နှစ် ၁၉၈၀ ပြည့်နှစ်တွင် ကျင်းပသော ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ပရိယတ္တိပညာရေးမူ ငါးချက်ကို ချမှတ်ခဲ့သည်။ ၄င်းတို့မှာ ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်ရေး၊ ပိဋကတ်ကျမ်းဂန်နှံ့စပ်ရေး၊ပါဠိဘာသာတတ်မြောက် ကျွမ်းကျင်ရေး၊ မြန်မာစာပေအရေးအသားကောင်းမွန်ရေးတို့အပြင် ပြည်တွင်းပြည်ပသာသနာပြုနိုင်စွမ်းသော ရဟန်းများပေါ်ပေါက်လာစေရန်နှင့် သင်တန်းသား ရဟန်းသံဃာတော်များအား ဆင်းရဲချမ်းသာမရွေး၊ ကျေးလက်ဒေသပါမကျန် သီတင်းသုံးနေထိုင်၍ သာသနာပြုနိုင်သည့် စိတ်ဓာတ်မျိုး၊ အလေ့အကျင့်မျိုးရရှိအောင် ဆောင်ရွက်နိုင်ရေးတို့ဖြစ်သည်။

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ချမှတ်ခဲ့သော မူငါးချက်နှင့်အညီ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ကို ၁၉၈၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ၁၉၈၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သည်။ ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့၏ ၂၅ နှစ်ပြည့် ငွေရတုပူဇော သဘင်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၁၁ ခုနှစ် ဇွန်လ ၂၆ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသ ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က တက်ရောက်၍ ကြည်ညိုသည်။

သန်းထွန်း (မော်လမြိုင်)

မဟာမဲခေါင်ဒေသရှိနိုင်ငံများအဖွဲ့ (GMS;Great Mekong Subregion)။ ။ ယနေ့ကမ္ဘာပေါ်တွင် အဖွဲ့အစည်းများရှိကြသည်။ ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများလည်းရှိကြသည်။ ဥပမာအားဖြင့် အာရှတိုက်၌ အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN;Association of South East Asian Nations) နှင့် ကဏ္ဍစုံနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဘင်္ဂလားပင်လယ်အော် ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (BIMSTEC; Bay of Bangal Initiation for Multi Sectoral Technical and Economic Co-operation) စသည်များ ဖြစ်ကြသည်။

ထို့အပြင် အာရှတိုက်အတွင်း၌ အခြားဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခု ရှိပြန်သည်။ ယင်းမှာ မဟာမဲခေါင်ဒေသရှိ နိုင်ငံများအဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် မဲခေါင်မြစ်ကြီးနှင့် ထိစပ်ရာ၊ ဖြတ်သန်းစီးဆင်းရာ နိုင်ငံများ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။

မဟာမဲခေါင်ဒေသရှိ နိုင်ငံများအဖွဲ့ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြသည်။ ထိုနိုင်ငံအများစုမှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် လွတ်လပ်လာသော နိုင်ငံများ၊ လွတ်မြောက်လာသောနိုင်ငံများ ဖြစ်ကြသည်။

ထိုနိုင်ငံများသည် တရုတ်နိုင်ငံမှလွဲလျှင် အရှေ့တောင်အာရှအသင်းဝင်နိုင်ငံများ ဖြစ်ကြသည်။ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် ငါးနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ၁၀ နိုင်ငံတွင် ပါဝင်သည်။

တရုတ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ မဟုတ်သော်လည်း အာဆီယံ+၃ အစုအဖွဲ့တွင် ပါဝင်သည်။ အာဆီယံ+၃တွင် အာဆီယံ ၁၀ နိုင်ငံနှင့် တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ ပါဝင်သည်။ ထို့ကြောင့် မဟာမဲခေါင်ဒေသရှိ နိုင်ငံများအဖွဲ့ အဖွဲ့ဝင်နိုင်ငံများသည် ယခုအခါ မိတ်ဖက်နိုင်ငံများ၊ နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံများဟူ၍ မှတ်ချက်ပြုနိုင်သည်။ ထိုနိုင်ငံများသည် ယခုအခါ စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများဖြစ်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေကြသည့် နိုင်ငံများလည်း ဖြစ်ကြသည်။

ယင်းနိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ လူဦးရေသန်းပေါင်း ၁၃၄၀ နီးပါးရှိပြီး ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံကြီးဖြစ်သည်။ ကွန်မြူနစ်စနစ်၊ တစ်ပါတီစနစ်ကို ကျင့်သုံးသော်လည်း စီးပွားရေးတွင် တံခါးဖွင့်စီးပွားရေးဝါဒနှင့် ဈေးကွက်စီးပွားရေးစနစ်ကို လိမ္မာပါးနပ်စွာ ကျင့်သုံးခြင်းပြုနေသည်။ ထို့အပြင် နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံ ရှစ်နိုင်ငံတွင်လည်းပါဝင်သည်။ ထိုမျှသာမက ကမ္ဘာပေါ်တွင် လက်နက်ကိုင် တပ်ဖွဲ့ဝင် အင်အားအများ

ဆုံး ၁၀ နိုင်ငံတွင် တရုတ်နိုင်ငံမှာ အမှတ်စဉ် (၁) တွင် ရပ်တည်နေသည်။

၂၀၁၀ ပြည့်နှစ် စာရင်းဇယားများအရ တရုတ်နိုင်ငံတွင် အမြဲတမ်း တပ်ဖွဲ့ဝင်အင်အား ၂၃ သိန်းနီးပါး၊ အရန်တပ်ဖွဲ့ဝင်အင်အား ရှစ်သိန်းကျော်၊ ပင်မတိုက်ပွဲဝင် တင့်ကားစင်းရေ ၇၆၀၀ နီးပါး၊ စစ်သင်္ဘောကြီးစင်းရေ ၈၀ နီးပါး၊ ရေငုပ်သင်္ဘောစင်းရေ ၆၀ နီးပါး၊ တိုက်ပွဲဝင် လေယာဉ်စင်းရေ ၂၇၀၀ နီးပါးနှင့် နျူကလီးယားလက်နက်များလည်း ပိုင်ဆိုင်ထားသည်။ စစ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံကျော်ဖြစ်သည်။

ထိုသို့ကမ္ဘာတွင် လက်နက်ကိုင် တပ်ဖွဲ့ဝင်အင်အားအများဆုံး ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်နေသော GMS အဖွဲ့ဝင် တရုတ်နိုင်ငံသည် ကမ္ဘာ့မိသားစုအဖွဲ့ကြီးဖြစ်သည့် ကုလသမဂ္ဂအဖွဲ့ (United Nations Organization) တွင်လည်း အရေးပါနေသည်။

ကုလသမဂ္ဂအဖွဲ့တွင် ပင်မအဖွဲ့ကြီး ခြောက်ဖွဲ့ရှိသည့်အနက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (United Nations Security Council) မှာ လွန်စွာအရေးပါသည်။ လုံခြုံရေးကောင်စီဝင် နိုင်ငံပေါင်းမှာ ၁၅ နိုင်ငံမျှဖြစ်သော်လည်း အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှာ အရှိန်အဝါအကြီးမားဆုံးနှင့် ဘဏ္ဍာရေးရာများတွင် အရာရောက်ဆုံးဖြစ်သည်။

ယင်းလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတွင် တရုတ်နိုင်ငံသည်လည်း ပါဝင်နေရာ မဟာမဲခေါင်ဒေသရှိနိုင်ငံများအဖွဲ့ အဖွဲ့ဝင်တရုတ်နိုင်ငံမှာ နိုင်ငံရေးအရလည်း အထင်ကရဖြစ်နေသည်။

ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံများမှာ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည်။ ကုန်ကြမ်းပစ္စည်းများပြားသည်။ လုပ်သားအင်အား ပေါကြွယ်ဝသည်။ ယင်းသို့သော အခြေအနေတွင် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာပါက တစ်ကမ္ဘာလုံးက နိုင်ငံရေးရော စီးပွားရေးအရပါ စောင့်ကြည့်နေရမည့်ဘဝသို့ ရောက်ရှိလာမည်ဖြစ်သည်။

ယခုအခါ မဟာမဲခေါင်ဒေသရှိ နိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများသည် ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းများ၊ လယ်ယာကဏ္ဍ၊ စက်မှုနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသတွင်းဖွံ့ဖြိုးရေးအစီအစဉ်များ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြသည်။

သို့သော် မဟာမဲခေါင်ဒေသရှိနိုင်ငံများအဖွဲ့အဖွဲ့ဝင်နိုင်ငံများကြား နယ်စပ်ရေးရာများ၊ ရေပြင်ပိုင်နက်များ စသည်တို့၌ တစ်ခါတစ်ရံ အငြင်းပွားခြင်းများရှိနေသည်။

ယင်းသို့ ရှိနေလင့်ကစား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းကြကာ အခြားတစ်ဖက်တွင် အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မဟာမဲခေါင်ဒေသရှိနိုင်ငံများအဖွဲ့၏ အနာဂတ်သည် ထွန်းလင်းတောက်ပနေမည်ဟု မှတ်ချက်ပြုနိုင်သည်။

စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေး– စတုတ္ထအကြိမ်ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်မှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်အထိ ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့က စတုတ္ထအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဂျီအမ်အက်စ်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက် ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနခွဲ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဆမ်ဒက်ဟွန်ဆင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစွတာ တိုက်ပင်းကော်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတ

နိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ရင်လပ်ရှင်နာဝပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင်တန်ဒွန်းနှင့် မဟာမဲခေါင်ဒေသနိုင်ငံများမှ ကျိအမ်အက်စ်ဝန်ကြီးများနှင့် အခြားဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် ကျိအမ်အက်စ်ထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်း ဒုတိယမျိုးဆက်ခြေလှမ်းသို့ ဦးတည်အလေးထားဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါတယ်" ဟူ၍ လည်းကောင်း၊ "ကျွန်ုပ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအကူအညီများပေးနေသော မိတ်ဖက်နိုင်ငံများကိုလည်း မည်သည့်အဖွဲ့ဝင်နိုင်ငံကိုမျှ ခွဲခြားမှုမပြုဘဲ ကျိအမ်အက်စ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အဆင့်သစ်တစ်ခုသို့ တိုးချဲ့ကူညီသွားရန် တိုက်တွန်းပြောကြားလိုပါတယ်" ဟူ၍ လည်းကောင်း မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြော



ကျိအမ်အက်စ်ထိပ်သီးအစည်းအဝေးတွင်တွေ့ရသော နိုင်ငံခေါင်းဆောင်များ

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဌ် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုများဖြစ်ပေါ်နေသော်လည်း မဟာမဲခေါင်ဒေသခွဲဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ကျိအမ်အက်စ်အစီအစဉ်)မှာ တိုးတက်မှုများ ရရှိခဲ့ပါတယ်" ဟူ၍ လည်းကောင်း၊ "ကျိအမ်အက်စ်အစီအစဉ်ဟာ အောင်မြင်ရင့်ကျက်လာသည်နှင့်အတူ ကြားခဲ့သည်။ အဆိုပါ ဖွင့်ပွဲခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ အကြီးအကဲများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ကျိအမ်အက်စ် ဝန်ကြီးများ၊ အခြားဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ပြန်လည်စူးစိုက်ဆောင်ရွက်သည့် "ကျိအမ်အက်စ်ခရီးသွားလုပ်ငန်း မဟာဗျူဟာစာတမ်း" ကို GMS ခေါင်းဆောင်များကိုယ်စား နိုင်ငံတော်

သမ္မတဦးသိန်းစိန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်တို့ထံ ထိုင်းနိုင်ငံ GMS ဝန်ကြီးနှင့် ဝန်ကြီးချုပ်ရုံး ဝန်ကြီးက ပေးအပ်သည်။

"ပင်မလယ်ယာစိုက်ပျိုးရေးအထောက်အကူပြု အစီအစဉ်အဆင့် (၂)စာတမ်း"ကို GMS ခေါင်းဆောင်များကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ GMS ဝန်ကြီးကလည်းကောင်း၊ ပင်မပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ကနဦးအစီအစဉ်မူဘောင်စာတမ်း"ကို GMS ခေါင်းဆောင်များကိုယ်စား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကောင်စီဝင်တို့ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ GMS ဝန်ကြီးက ပေးအပ်သည်။

"GMS မဟာဗျူဟာမူဘောင်စာတမ်း"ကို GMS ခေါင်းဆောင်များကိုယ်စား စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေး သဘာပတိနိုင်ငံတော်သမ္မတဦးသိန်းစိန်ထံ ကမ္ဘောဒီးယားနိုင်ငံ GMS ဝန်ကြီးက ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ် ကာလအထိ ဆောင်ရွက်မည့် အဆိုပါစာတမ်းကို နေပြည်တော်၌ကျင်းပသည့် စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေး၌ တရားဝင်အတည်ပြုကြောင်း GMS ခေါင်းဆောင်များ ကိုယ်စား ကြေညာသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က စတုတ္ထအကြိမ် GMS စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဓိကအကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် GMS စီးပွားရေးဖိုရမ်ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌက GMS စီးပွားရေးဖိုရမ် တိုးတက်မှုကိုတင်ပြပြီး GMS စီးပွားရေးဖိုရမ်ဥက္ကဋ္ဌတာဝန်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ထံ လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ် GMS ထိပ်သီးသီးသန့်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနဦး နံနက် ၁၀ ခွဲတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် GMS နိုင်ငံများမှ အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Hareihiko Kuerola တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက GMS မဟာဗျူဟာမူဘောင်သစ်အပါအဝင် ပြီးခဲ့သည့် ကာလများအတွင်း တိုးတက်အောင်မြင်မှုများကို GMS ခေါင်းဆောင်များထံ အစီရင်ခံစာတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး၏ အဓိကခေါင်းစဉ်ဖြစ်သည့် "မဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင်သစ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝအခြေအနေပေးမှု အတိုင်းအတာအရ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ ဆောင်ရွက်နိုင်မည့် ကတိကဝတ်နှင့် ပံ့ပိုးမှုများ" အပေါ် GMS ခေါင်းဆောင်များက ဆွေးနွေးကြသည်။

ထို့ပြင် "မဟာဗျူဟာမူဘောင်သစ်အရ GMS အစီအစဉ်တွင် စက်လွန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထူးတလည်စူးစိုက်ဆောင်ရွက်ရေး" စသည်တို့ကိုလည်း GMS နိုင်ငံခေါင်းဆောင်များက ဆွေးနွေးကြပြီး စတုတ္ထအကြိမ် GMS အစည်းအဝေး ပူးတွဲကြေညာချက်အား နေပြည်တော်ကြေညာချက်အဖြစ် အတည်ပြုကြောင်း ကြေညာခဲ့သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနဦး နားလည်မှုစာလွှာများလက်မှတ်ရေးထိုးခြင်းအခမ်းအနားကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ GMS နိုင်ငံများမှ အကြီးအကဲများ တက်ရောက်ကြသည်။

ယင်းတို့၏ရှေ့မှောက်၌ GMSနိုင်ငံများ၏ကိုယ်စားလှယ်များက GMSနိုင်ငံများအကြား အရေးပါသည့် သဘောတူညီချက် သုံးခုကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက် သုံးခုမှာ (၁) လူများ ရွှေ့ပြောင်းသွားလာမှုကြောင့် ဖြစ်ပေါ်ရသည့် အိပ်ချ်အိုင်ဗွီကူးစက်မှုလျော့ချရေး ပူးတွဲလုပ်ငန်းစဉ် ဆိုင်ရာ နားလည်မှုစာလွှာ၊(၂) မဲခေါင်ဒေသခွဲ သတင်းအချက်အလက် အမြန်ဆက်ကြောင်းကွန်ရက် (အဆင့်-၃) တည်ဆောက်မှုနှင့် အသုံးချမှု လျင်မြန်စွာ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာလွှာနှင့် (၃) ကျိအမ်အက်စ်သယ်ယူ ပို့ဆောင်သူများအသင်းဖွဲ့စည်းခြင်းသဘောတူညီချက်တို့ဖြစ်ကြသည်။

လက်မှတ်ရေးထိုးပွဲအပြီးတွင် "၂၀၁၂ ခုနှစ် အလွန် မဲခေါင်ဒေသ၌ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး ဆယ်စုနှစ်သစ်စီသို့" (Beyond 2012: Towards a New Recade of GMS Strategic Development Partnership) ဟူသည့် ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကျိအမ်အက်စ်ထိပ်သီးအစည်းအဝေးကြီးမှာ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ စတုတ္ထအကြိမ် ကျိအမ်အက်စ်ထိပ်သီးအစည်းအဝေးနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပမီဒီယာများမှ သတင်းထောက်များအား တွေ့ဆုံပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပမီဒီယာများမှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

မောင်သုတကြွယ်

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ)(၂၀၁၁)။ ။မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူနှင့် လူမှုပတ်ဝန်းကျင်ကိုပါ ဆက်စပ်နှိုးနွှယ်ထိခိုက်စေပြီး စိုးပွားရေး၊ လူမှုရေးများ ဆုံးရှုံးနစ်နာစေရုံသာမက ဂုဏ်သိက္ခာပါ ညှိုးနွမ်းကျဆင်းစေမည်ဖြစ်သည်။ မူးယစ်ဆေးဝါးများကို တရားမဝင်ရောင်းဝယ်ဖောက်ကားနေသူများသည်လည်း မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်းကို ဦးတည်၍ နိုင်ငံအတွင်းသယ်ဆောင် ဖြန့်ဖြူးမှုများသာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံတကာဈေးကွက်များသို့ပါ တင်ပို့ရောင်းချလျက်ရှိသဖြင့် ထိရောက်သောတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါးများသည် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် လူငယ်ထုအတွင်း ရောက်ရှိသုံးစွဲနေကြရာ မျိုးဆက်သစ်လူငယ်များအတွက် အလွန်အန္တရာယ်ကြီးမားလှသည်။ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် သည် တတိယငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ ဘိန်းဖြူ၊ ဘိန်း၊ ဘိန်းဆီ၊ အဆင့်နိမ့်ဘိန်း၊ ဆေးခြောက်၊ စိတ်ကြွရှူးသွပ်ဆေးပြားနှင့် ဓာတုဗေဒပစ္စည်းမျိုးစုံ ဖမ်းဆီးရမိ အမှုပေါင်း ၂,၆၃၀ နှင့် ပြစ်မှုကျူးလွန်သူ တရားခံ ၃,၄၆၅ ဦးတို့ကို အရေးယူခဲ့ပြီး ဖြစ်သည်။

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့ ဦးတည်ချက်ဆောင်ပုဒ်အဖြစ် "ကျန်းမာ ပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆို ရှောင်ကြစို့ (THINK HEALTH, not drugs) ဟူသော ဆောင်ပုဒ်ကို ချမှတ်ထားသည်။ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ 'မူးယစ်ဆေးဝါးသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝတိုးတက်ရေးနှင့်အသိဉာဏ် ဗဟုသုတတို့ကို ပျက်စီးစေရုံမကဆင်းရဲမှုအပေါင်းကိုဖြစ်စေ၍ လူထုအင်အားဖြင့် ရှောင်ရှားတိုက်ဖျက်ကြရန်' ဟု ဖော်ညွှန်းထားခြင်းဖြစ်သည်။ အဆိုပါ ဦးတည်ချက်ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး

နေ့အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့) ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အမှာစကားပြောကြား သည်။ ဆက်လက်၍ ကုလသမဂ္ဂခေတ္တဌာနေကိုယ်စားလှယ် Mr.Jason Eligh က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှပေးပို့သော သဝဏ်လွှာကို ဖတ်ကြား သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား ချီးမြှင့်ရန်အတွက် အလှူငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ကျော်ကျော်ထွန်းထံ အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း ၇၈ သိန်းခွဲ ပေးအပ်လှူဒါန်းကြသည်။

ကချင်ပြည်နယ်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မြစ်ကြီးနားမြို့မြို့တော်ခန်းမ၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြား သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ ဖြစ်သည့် ဘိန်းဖြူ ၃၉ ဒသမ ၆၃၁၈ ကီလိုဂရမ်၊ ဘိန်းမြူန့် သုည ဒသမ ဝ၄၇၄ ကီလိုဂရမ်၊ ဘိန်းမည်း ၉၂၇ ဒသမ ဝ၅၅ ကီလိုဂရမ်၊ ဘိန်းဆီခဲ ၂၇ ဒသမ ၉၈၃၆ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁၇၄ ဒသမ ဝ၈၁ ကီလိုဂရမ်၊ ဘိန်းရည် ၁၂၇ ဒသမ ၁၅၃ လစ်တာ၊ ဆေးခြောက် ၁၃ ဒသမ ၁၃၄၈ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ ဒသမ ၁၈၉၁ ကီလိုဂရမ်၊ စိတ်ပြောင်းဆေးပြား ၅၄၆ ဒသမ ၉၈၈၅ ကီလိုဂရမ်၊ အက်ဖီဒရင်း ၁၃၄ ဒသမ ၉၉၁ ကီလိုဂရမ်၊ ဆူဒိုအက်ဖီဒရင်း ၈၃ ဒသမ ၉၂ ကီလိုဂရမ်၊ ဓာဝုဆေးမှုန့် ၁၀ ဒသမ ၄၆၈ ကီလိုဂရမ်၊ ဇိုလန်ဆေးပြား ၁၁ ဒသမ ၆၃၇၅ ကီလိုဂရမ်၊ အဖက်တမင်းထိုးဆေးပုလင်း ၁,၁၈၀ (စုစုပေါင်းကာလပေါက်ဈေး ခန့်မှန်းတန်ဖိုးကျပ် ၈,၆၀၄ သန်း) တို့ကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

ရှမ်းပြည်နယ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို တောင်ကြီးမြို့မြို့တော်ခန်းမ၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစစ်အောင်မြတ် တက်ရောက်အမှာစကားပြောကြား သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ (စုစုပေါင်းကာလပေါက်ဈေးခန့်မှန်းတန်ဖိုးကျပ် ၁၅,၆၈၄သန်း) တို့ကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို လားရှိုးမြို့ မြို့တော်ခန်းမ၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ တက်ရောက်အမှာစကားပြောကြား သည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် ဘိန်းဖြူ ၃၅ ဒသမ ၈၆ ကီလိုဂရမ်၊ ဘိန်းစိမ်း ၈၀၁ ဒသမ ၃၉ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅ ဒသမ ၄၄ ကီလိုဂရမ်၊ ဘိန်းဆီခဲ ၂၀ ဒသမ ၈၂ ကီလိုဂရမ်၊ အက်ဖီဒရင်းမှုန့် ၁၂၄ ဒသမ ၄၅ ကီလိုဂရမ်၊ ဆူဒိုအက်ဖီဒရင်းမှုန့် ၄၈၂ ဒသမ ၈၂ ကီလိုဂရမ်၊ ကဖင်း ၂၃၇ ဒသမ ၉၄ ကီလိုဂရမ်၊ ဆေးခြောက် ၉ ဒသမ ၅၂ ကီလိုဂရမ်၊ ဓာတုဆေးရည် ၇၉၃ လစ်တာ၊ ဓာတုဆေးမှုန့် ၃ ဒသမ ၂၅ ကီလိုဂရမ်၊ ဆက်စပ်ပစ္စည်း ၁၈ မျိုးအပါအဝင် စုစုပေါင်းအမျိုး ၄၀ (စုစုပေါင်းကာလပေါက်ဈေးခန့်မှန်းတန်ဖိုးကျပ် ၇,၉၈၃ သန်း) တို့ကို မီးရှို့ဖျက်ဆီးကြသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို

ကျိုင်းတုံမြို့၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပရာ အခမ်းအနားတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ (စုစုပေါင်း ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုးကျပ် ၈,၃၅၁ သန်း)ကို မီးရှို့ဖျက်ဆီးကြသည်။

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးကြရာ စုစုပေါင်း ကာလပေါက်ဈေးခန့်မှန်းတန်ဖိုး ကျပ် ၄၀,၆၂၂ သန်းဖြစ်သည်။

စိုးအောင်

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုသမ္မတ။ ။

လမ်း၊ တံတားများ- ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၄၂ မိုင်၊ ၇ ဖာလုံရှိ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ပထမလမ်းဖြစ်သော တိုက်ကြီး-ဖောင်ကြီး-ပဲခူး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧန်နဝါရီလ ၈ ရက်တွင် အဆိုပါလမ်း မိုင်တိုင်အမှတ် (၀/၂) ရှိ မဂ်လာမဏ္ဍပ်နှင့် (၄၂/၄) နှင့် (၄၂/၅) ကြား၌ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။ ၎င်းလမ်းသည် မိုင်တိုင်အမှတ် (၀/၀) ရန်ကုန်-ပြည်လမ်း တိုက်ကြီးမြို့မှ စတင်ရာ ရိုးမတောင်ကုန်းငယ်များကို ဖြတ်ကျော်၍ မိုင်တိုင်အမှတ် (၁၈/၀) မှ မိုင်တိုင်အမှတ် (၂၂/၃) အထိ လှည်းကူး- ဖောင်ကြီးလမ်းအဝိုင်းနှင့် တစ်ထပ်တည်းကျလျက် မိုင်တိုင်အမှတ် (၄၂/၇) ရန်ကုန်-ပဲခူးလမ်းနှင့် ဆက်စပ်သွားမည်ဖြစ်သည်။

ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၁၁ ရက်တွင် ကျောင်းကုန်းမြို့နယ် ကံကလေးလမ်းဆုံအနီးရှိ မဂ်လာမဏ္ဍပ်၊ ပြည်ခရိုင်ဥသျစ်ပင်လမ်းဆုံ မဂ်လာမဏ္ဍပ်၊ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းလမ်းဆုံနှင့် အဆိုပါလမ်းမိုင်တိုင်အမှတ် (၄၃၀/၅) ရှိ မဂ်လာမဏ္ဍပ်တို့၌ ကျင်းပသည်။ ၎င်းလမ်းမကြီးမှာ လမ်းအရှည်မိုင် ၄၅၀၊ ၅ ဖာလုံရှိပြီး ယာဉ်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၄၀ ဖြစ်သည်။

နေပြည်တော်-တောင်ညို-ချောင်းနက်-တောင်တွင်းကြီးလမ်း (ငန်းစပ်-ကျဲရှင်းအပိုင်း) လေးလမ်းသွားကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၁၅ ရက်တွင် အဆိုပါလမ်း မိုင်တိုင်အမှတ် (၁၇/၂) ရှိ မဂ်လာမုခ်ဦးရှေ့၌ ကျင်းပသည်။ ၎င်းလမ်းသည် အကျယ် ၄၈ ပေရှိပြီး ၅ မိုင် ၄ ဖာလုံရှည်သည်။

ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း မင်းဘူး-ပွင့်ဖြူရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၂၂ ရက်တွင် မင်းဘူးမြို့နယ်ရှိ မင်းဘူးဘူတာယာဒ်ဝင်း မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။ ၎င်းရထားလမ်းသည် အရှည်မိုင် ၂၀၊ တံတားကြီးငယ် စုစုပေါင်း ၁၂၂ စင်း၊ ဘူတာလေးဘူတာ၊ အများဆုံးကွေ့ဒီဂရီ ၆ ဒီဂရီ၊ ကွေ့ပေါင်း ၂၇ ကွေ့ရှိပြီး အများဆုံးဆင်ခြေလျှော (၁:၁၀၀) ဖြစ်သည်။

ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို ထားဝယ်ဘူတာ၌ ဇွန်လ ၄ ရက်တွင် ကျင်းပသည်။ ၎င်းရထားလမ်းပိုင်းသည် ၁၉ ဒသမ ၃၁ မိုင် ရှည်လျားသည်။ ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက်တံတား ၆၃ စင်းပါရှိကာ ဘလောက် ဘူတာများအဖြစ် ဆိပ်ကမ်းဘူတာ၊ ညောင်ဧင်ဘူတာ နှင့် သရက်ချောင်းဘူတာတို့ဖြစ်ပြီး ရပ်စခန်းဘူတာများ ဖြစ်သည့် ရှင်မုတ္ထီးဘူတာနှင့် သရက်နှစ်ခွဘူတာတို့ ပါရှိသည်။


ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဆက်စပ်လမ်းပိုင်းတစ်ခုဖြစ်သော စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင် အဝိုင်းအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။ လမ်းပိုင်း၏ လမ်းနယ်အကျယ် ပေ ၄၀၀၊ လမ်းတာပေါင်ထိပ်ဝအကျယ်ပေ ၂၀၀၊ လမ်းလယ်ကျွန်းအကျယ် ပေ ၃၀၊ လမ်းပခုံးတစ်ဖက်လျှင် ၃၅ ပေ၊ ကွန်ကရစ်အောက်လွှာထု ခြောက်လက်မ၊ ကွန်ကရစ်

မျက်နှာပြင်လွှာ ၁၂ လက်မ၊ လမ်းခံနိုင်ဝန် တန် ၈၀၊ တံတားခံနိုင်ဝန်တန် ၈၀၊ နေ့စဉ်ဖြတ်သန်းသွားလာနိုင်သည်။ ယာဉ်စီးရေ ၅,၀၀၀ ဖြစ်သည်။

ကျွဲရှင်းတံတားဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၁၅ ရက်တွင် မိုင်တိုင်အမှတ် (၁၇/၄) ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်ရက်မ ကွန်ကရစ်ကြမ်းခင်းတို့ဖြစ်ပြီး အောက်ထည် သံကူကွန်ကရစ် လွန်တူးဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားသည်။ စုစုပေါင်းတံတားအရှည်ပေ ၁၈၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၅ ပေစီပါရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ပုသိမ်မြို့နယ် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ ကျောက်ချောင်းကြီးတံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၇ ရက်တွင် ၎င်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်နှင့် အောက်ထည်ကို သံကူကွန်ကရစ် လွန်တူးပိုင် အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားကာ စုစုပေါင်းတံတားအရှည်ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

သီပေါတံတားဖွင့်ပွဲအခမ်းအနားကို မတ်လ ၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရှိ



နတ်မောက်မြို့နယ်ရှိ ကျားထူးချောင်းတံတား

မကွေးမြို့နယ် ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်းပေါ်ရှိ ၂၅၅ စင်းမြောက် ဒေါင်းနေချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၅ ရက်တွင် ၎င်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။ တံတားအမျိုးအစားမှာ အပေါ်ထည်ကြိုတင်အားဖြည့် သံကူကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့်တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည် ၁၇၈၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွား၊ လူသွားလမ်း တစ်ဖက်လျှင်နှစ်ပေ၊ ငါးလက်မစီရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ၎င်းတံတားသည် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၁၃၀/၃) နှင့် (၁၃၀/၄) အကြား၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် သံမဏ်သံပေါင် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၅၆၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် ၅ ပေစီပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ဟသ်ာတ-ဆုံကုန်း-မြန်အောင်လမ်းပေါ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် ပထမဦးဆုံး ဖွင့်လှစ်သောတံတား

အမှတ်စဉ် (၁) မမြချောင်းတံတားဖွင့်ပွဲအခမ်းအနားကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၂၈ ရက်တွင် ကျင်းပသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁၉၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

ကချင်ပြည်နယ် ဟိုပင်မြို့နယ်အတွင်း ရွှေဘို-မြစ်ကြီးနားလမ်းမကြီးပေါ်၌ တည်ရှိသည့် နန်းခွင်တံတားဖွင့်ပွဲအခမ်းအနားကို မေလ ၂၁ ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါတံတားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ဒုတိယမြောက်ဖွင့်လှစ်သောတံတားဖြစ်သည်။ အချင်း ၉ ပေရှိ ရေတွင်းခွေအုတ်မြစ်၊ အောက်ထည်သံကူကွန်ကရစ်တိုင်၊အပေါ်ထည်ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့်သံကူကွန်ကရစ်ကြမ်းခင်းဖြင့် တည်ဆောက်ထားသည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ မြစ်ကြီးနား၊ မိုးကောင်း၊ ဖားကန့်စသည့် ကချင်ပြည်နယ်အတွင်းရှိမြို့များသို့သွားလာသည့် ကုန်တင်ယာဉ်ကြီးများပါ တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် တတိယမြောက်ဖွင့်လှစ်သော အောက်နတ်ချောင်းတံတားမှာ ဧရာဝတီတိုင်းဒေသကြီးရှိ လမ်းကွန်ရက်အမှတ် (၆) ဖြစ်သည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ် ဘိုကလေးမြို့နယ်အတွင်း၌တည်ရှိသည်။ အောက်ထည် သံကူကွန်ကရစ်၊ အပေါ်ထည်ဘေလီ သံပေါင်တံတားကြီးဖြစ်သည်။ အကျယ် ၁၃ ပေခွဲရှိပြီး ခွင့်ပြုအလေးချိန်မှာ ၁၃ တန်ဖြစ်သည်။

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်လမ်းပေါ်၌ တည်ရှိသည့် မြို့ချောင်းတံတားဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၃ ရက်တွင် ကျင်းပသည်။ အဆိုပါတံတားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် စတုတ္ထမြောက်ဖွင့်လှစ်သည့် တံတားဖြစ်သည်။ သံကူကွန်ကရစ်လွန် တူးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်သံပေါင်ရက်မများဖြင့် တည်ဆောက်ထားသည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။


ပဲခူးခရိုင် ဝေါမြို့နယ်အတွင်း ဒိုက်ဦး-စစ်တောင်းလမ်းပေါ်၌တည်ရှိသည့် နဂါးပေါက်တံတားဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၇ ရက်တွင် ကျင်းပသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။ ယခင်က ဒိုက်ဦးမှ စစ်တောင်းသို့ ၄၆ မိုင်ခရီးသွားလာရသော်လည်း ယခုအခါ ၂၁ မိုင်၊ ၆ ဖာလုံသာသွားလာရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် ခြောက်စင်းမြောက်ဖွင့်လှစ်သော စစ်တောင်းတူးမြောင်းတံတားဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၅ ရက်တွင် ကျင်းပသည်။ ၎င်းတံတားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဒိုက်ဦး-စစ်တောင်းလမ်းမိုင်တိုင်အမှတ် (၅/၄)တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေခွဲစီပါရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း မိုင်တိုင်အမှတ် (၄၇/၀) တွင် တည်ရှိသည့် ကျားထူးချောင်းတံတားဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ ၎င်းတံတားသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် (၇) စင်းမြောက် ဖွင့်လှစ်သည့် တံတားဖြစ်ပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ စုစုပေါင်း တံတားအရှည်ပေ ၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၃ ပေစီပါရှိသည်။

ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) တန် ၆၀ ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းအဖွဲ့ (၅) က တာဝန်ယူတည်ဆောက်ခဲ့သည့် ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(ညောင်တုန်း)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၇ ရက်တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။ ဟသ်ာတ၊ ဇလွန်မြို့တို့မှ ရှည်သည်။ ချဉ်းကပ်တံတား (ရထားလမ်း) အနေဖြင့် ဗိုလ်မြတ်ထွန်းတံတား၏ အထက်ဘက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်ထားသည်။ ပင်မတံတား အုတ်မြစ်မှာ ဘိုးပိုင်သံကူကွန်ကရစ် အမျိုးအစား၊ တံတားတိုင်များမှာ သံကူကွန်ကရစ်အမျိုးအစားနှင့် တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။ ပင်မတံတားမှာ ၇၄၀၂ ပေရှည်သည်။ ချဉ်းကပ်တံတား (ကားလမ်း) အနေဖြင့် ပုသိမ်ဘက်ကမ်း ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၁၅၇၅ ပေ စုစုပေါင်း ၃၄၁၂ ပေ ရှည်သည်။ ချဉ်းကပ်တံတား (ရထားလမ်း) အနေဖြင့်



●ဧရာဝတီတံတား (ပခုက္ကူ) ဖွင့်ပွဲနေ့က တံတားဆိုင်ရာအချက်အလက်များကို လေ့လာမှတ်သားနေသော ပြည်သူ့ရဲဝန်ထမ်းတစ်ဦး

မှတစ်ဆင့် ၎င်းတံတားကြီးကို ဖြတ်သန်းပြီး ပုသိမ်မြို့နှင့် ရန်ကုန်(လှိုင်သာယာ)မြို့တို့ကို မီးရထားဖြင့် သွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် ကလေး၊ ပခုက္ကူ၊ ကြံခင်း၊ ဟသ်ာတရထားလမ်းပိုင်းနှင့်ဆက်ပြီး ပုသိမ်မြို့နှင့် လှိုင်သာယာမြို့တို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အထိ မိုင် ၇၀၀ ခန့် ခရီးကို မီးရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။ ဧရာဝတီတံတား (ညောင်တုန်း) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ရှစ်စင်းမြောက်ဖွင့်လှစ်သည့် ပေ ၁၈၀ နှင့်အထက် တံတားဖြစ်သည်။ နှစ်လမ်းမောင်းကားလမ်းနှင့် ရထားလမ်းယှဉ်တွဲပါရှိသည့် သံမဏိသံပေါင်တံတားကြီးဖြစ်ပြီး ပုသိမ်ဘက်ကမ်း ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း ၆၆၁၄ ပေ စုစုပေါင်း ၁၃၁၄၃ ပေ ရှည်သည်။ တံတားတစ်စင်းလုံးအနေဖြင့် ပင်မတံတား+ချဉ်းကပ် ကားလမ်းတံတား အရှည် ၁၀၈၁၄ ပေ၊ ပင်မတံတား+ချဉ်းကပ် ရထားလမ်းတံတားအရှည် ၂၀၅၄၅ ပေရှည်သည်။ ကားလမ်းအကျယ် ၂၈ ပေနှင့် ရထားလမ်းအကျယ် ၁၄ ပေရှိပြီး လူသွားလမ်းတစ်ဘက်လျှင် ၃ ပေစီပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၅၇ ပေရှိသည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ကျေးရွာနှင့်မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့

တို့ကို ဆက်သွယ်ထားသော မြန်မာနိုင်ငံ၏ အရှည်ဆုံး တံတားဖြစ်သည့် ဧရာဝတီတံတား (ပခုက္ကူ) ဖွင့်ပွဲအခမ်းအနားကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင်ကျင်းပသည်။ ၎င်းတံတားကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့သည်။ ကားလမ်းနှင့် မီးရထားလမ်းပါ ပူးတွဲတည်ဆောက်ထားသည့် တံတားတစ်စင်း ဖြစ်ပြီး တံတား၏ ပင်မတံတားအရှည် ၁၁၄၃၁ ပေ (၂ ဒသမ ၁၆ မိုင်)၊ ကားလမ်းတံတား အရှည် စုစုပေါင်း ၁၃၅၃၇ ပေ (၂ ဒသမ ၁၆ မိုင်)၊ မီးရထားလမ်းတံတား အရှည် စုစုပေါင်း ၂၀၅၉၇ ပေ (၃ ဒသမ ၉၀ မိုင်) ရှိသည်။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့်တိုင်ကိုယ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး ခွင့်ပြုယာဉ်တစ်စီးချင်း အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ ရထားလမ်းချဉ်းကပ် တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ပေ ၅၄၂၀ နှင့် လက်ပန်ခြေပေါဘက်ကမ်းတွင် ၃၇၄၆ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၉၁၆၆ ပေရှိသည်။ ကားလမ်းချဉ်းကပ်တံတားမှာ ပခုက္ကူဘက်ကမ်းတွင် ၁၃၇၈ ပေနှင့် လက်ပန်ခြေပေါဘက်ကမ်းတွင် ၇၂၈ ပေ စုစုပေါင်း ချဉ်းကပ်တံတားအရှည် ၂၁၀၆ ပေရှိသည်။ ရေလမ်း ကင်းလွတ်အကျယ် ၂၆၂ ပေ (မီတာ ၈၀) ရှိပြီး ရေလမ်း ကင်းလွတ်အမြင့်မှာ ၅၂ ပေ (၁၆ မီတာ) ရှိသည်။

စက်ရုံများ– စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် (၅) ဓာတ်မြေဩဇာစက်ရုံ (ပုသိမ်) ဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၁၁ ရက်တွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ရှိ အဆိုပါစက်ရုံအဝင်မုခ်ဦး၌ ကျင်းပသည်။ စက်ရုံဧရိယာမှာ ဧက ၂၀၀ ရှိသည်။ စက်ရုံ၏ စက်စွမ်းအားမှာ တစ်နေ့လျှင် အမိုးနီးယား ၃၂၅ တန်နှင့် ယူရီးယားတန်ချိန် ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

တာပိန် (၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဧန်နဝါရီလ ၂၃ ရက်တွင် အဆိုပါရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။ ၎င်းစက်ရုံသည် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ မိုးမောက်မြို့နယ် ကလုံခကျေးရွာဟောင်းအနီး တာပိန်မြစ်ပေါ်၌တည်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တမံအမျိုးအစားမှာ ကွန်ကရစ်မြေထိန်းတမံအမျိုးအစားဖြစ်သည်။ တမံအလျား ၆၇၂ ပေ၊ တမံအမြင့် ၁၅၁ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၈၁၆ ကေပေ၊ တပ်ဆင်စက်အင်အား ၆၀ မဂ္ဂါဝပ် လေးလုံး ၂၄၀ မဂ္ဂါဝပ်၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ၁၀၆၅ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်ပြီး ဓာတ်အားပေးကွန်ရက်စနစ်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၄) တည်ဆောက်ရေးမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၏ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ၆ မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီးရှိ ရွှေကျင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။ ၎င်းစက်ရုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် ပထမဦးဆုံး ဆောင်ရွက်ပြီးစီးဖွင့်လှစ်သည့် စက်ရုံတစ်ခုဖြစ်သည်။ လျှပ်စစ်စက်တပ်ဆင်အင်အားအနေဖြင့် စက်တစ်လုံး လျှင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်ရှိ (Francis-Vertical Shaft) တာဘိုင်အမျိုးအစား စက်လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်တပ်ဆင်ထားပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၆၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ပခုက္ကူခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်လှူဒါန်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည်

အောက်တိုဘာလ ၂၃ ရက်တွင် ပခုက္ကူမြို့တိလောကရာမကျောင်းတိုက်၌ ကျင်းပသည့် ပခုက္ကူခရိုင်ရေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရေဘေးသင့်အိမ်ထောင်စုများကို အမှာ စကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆောက်လုပ်ရေးပစ္စည်းနှင့်စားသောက်ကုန်အတွက် လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွေက လက်ခံသည်။

ထို့နောက် ဒုတိယသမ္မတက ရေကြီးနစ်မြုပ်၍ သေဆုံးသူ ၁၀၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၉၂ သိန်း ငါးသောင်းနှင့် ပခုက္ကူခရိုင်အတွင်းရှိ ရေမျောအိမ်ထောင်စု အိမ်ခြေ ၂၀၂၃ အိမ်အတွက် ထောက်ပံ့ငွေ ၁၀၁၁ ဒသမ ၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးက ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ကျောင်းဝတ်စုံ ၁၅၀၀၊ ဗလာစာအုပ် ဒါဇင် ၅၀၀၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ၊ တန်ဖိုးသင့်ငွေကျပ် သိန်း ၁၀၀ နှင့် ငွေသားအလှူငွေကျပ် သိန်း ၁၀၀၊ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အိမ်ထောင်စု ၂၀၂၃ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုး တန်ဖိုးသင့်ငွေကျပ် ၂၄,၀၂၃,၁၂၅ နှင့် သွပ်အချပ်ရေနှစ်သောင်း တန်ဖိုးသင့်ငွေကျပ်သိန်း ၂၂၀၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ကျန်းမာရေးဆေးပုံး ၁၀ ပုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ငွေကျပ် ၂၅ သိန်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဆန်အိတ် ၅၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဆီပိသာ ၅၀၀၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ငွေကျပ် ၂၅ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက တန်ဖိုးငွေကျပ် ၂၈၄၆၀၀ ရှိ အဝတ်အထည်မျိုးစုံ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ငွေကျပ် ၁၃ ဒသမ ၂ သိန်း တန်ဖိုးရှိ ဗလာစာအုပ် ဒါဇင် ၆၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ပခုက္ကူစောင်အထည် ၁၀၀၀၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးက ထောက်ပံ့လှူဒါန်းငွေကျပ် ၃၉ သိန်း၊ ငါးသောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ ထောက်ပံ့လှူဒါန်းငွေကျပ် ၂၂ သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ငွေကျပ် ၂၅ သိန်း၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ စားဖိုဆောင် သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ငွေကျပ် သိန်း ၄၀၊ ကြက်သွန်နီပြည်ပ တင်ပို့သူများနှင့် ဘုရင့်နောင်ပွဲရုံ ကြက်သွန်ကုန်သည်များမှ ငွေကျပ် ၆,၅၁၅,၀၀၀၊ အေးရှားအိတ်(စ်)ပရက်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးမောင်မောင်က ငွေကျပ် သိန်း ၁၀၀၊ ဖော်ကျွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမြဟန်က ငွေကျပ် သိန်း ၁၀၀ နှင့် နန်းပြည်တံခွန် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမျိုးသီဟက ငွေကျပ် သိန်း ၁၀၀၊ ပရိမိယာကော်ဖီမစ်ကုမ္ပဏီမှ ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ကော်ဖီမစ်ထုပ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် အောက်တိုဘာလ ၂၅ ရက်တွင် ပခုက္ကူမြို့တိလောကရာမကျောင်း တိုက်တွင်ကျင်းပသည့် ပခုက္ကူမြို့နယ် ရေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး

ရေဘေးသင့်ပြည်သူများအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပခုက္ကူမြို့နယ်အတွင်းရှိ ရေဘေးသင့်သေဆုံးသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် ရေကြီးနစ်မြုပ်ပြိုကျပျက်စီးသည့် အိမ်ထောင်စု ၃၈၄ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်း လျှဒါန်းငွေကျပ် ၄ ဒသမ ၅၁ သန်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ အဝတ်အထည်နှင့် အိမ်ထောင်စုသုံးပစ္စည်းများ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ငွေကျပ် သိန်း ၁၅၀ တန်ဖိုးရှိ ဆန်အိတ် ၁၀၀၀၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းငွေးက နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ပူးပေါင်း၍ ဆန် ၂၂၅ တန်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNICEF တို့ပူးပေါင်း၍ ရေသန့်၊ ဆေးဝါးပစ္စည်းများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်များ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဆန်ဖိုးထောက်ပံ့ငွေ ၅,၉၈၄,၅၅၄ ကျပ်၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက စီဒီအမ်အေ မိုဘိုင်းလ်တယ်လီဖုန်း ၅ လုံး၊ ဒုတိယဝန်ကြီး ဦးအေးကြူက ဗလာစာအုပ် ဒါဇင် ၃၀၀၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၄၅ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ နှင့်ပဲစသည့် စားသောက်ကုန်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆီ၊ အဝတ်အထည်မျိုးစုံနှင့် ငွေကျပ် ၂၅ သိန်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်သက်သက်ဇင်က ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ ဆန်နှင့်အဝတ်အထည်များ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၅ သိန်း၊ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေကျပ် သိန်း ၂၀ နှင့် ငွေကျပ် ၅,၅၆၃,၈၀၀ တန်ဖိုးရှိ ဆေးရည်စိမ်ခြင်ထောင် ၂၀၂၃ လုံး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၃၃၈ သိန်း တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ၊ မြို့မိမြို့ဖများက အိမ်တစ်လုံးလျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၅၀၊ ပခုက္ကူမြို့နယ် ကုန်သည်ကြီးများအသင်းက အိမ်တစ်လုံးလျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် အိမ် ၅၅ လုံးအတွက် ငွေကျပ်သိန်း ၁၁၀၊ မက်စ်မြန်မာကုမ္ပဏီနှင့် ဧရာဝတီမိသားစုတို့က ငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အခြားပစ္စည်းများ၊ ထူးထရေးဒင်းက ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲနှင့်အခြားပစ္စည်းများ၊ ရန်ကုန်ကရောင်းကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၊ မင်းတုန်းကုမ္ပဏီလီမိတက်က အိမ်တစ်လုံးလျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် အိမ်အလုံး ၅၀ အတွက် ငွေကျပ်သိန်း ၅၀၊ ဥရောပအာရှကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၀၊ ဦးခင်မောင်လေး-ဒေါ်မာမာဦးမိသားစုက အိမ်တစ်လုံးလျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် အိမ် ၂၅ လုံးအတွက် ငွေကျပ်သိန်း ၅၀၊ စီဘီဘဏ်၊ ရွှေသံလွင်ကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီ၊ အိုင်ဘီတီစီကုမ္ပဏီ၊ ထူးကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများ ကလက်ခံကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တိလောကရာမကျောင်းတိုက်ဆရာတော် မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇာဒ္ဒန်ဆရာတော်ပညာဝံသအား သွားရောက်ဖူးမြော်ပြီး ရေဘေးသင့်ပြည်သူများအား ကျောင်းတိုက်၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးထားမှုနှင့် ချောင်းရေကြီးရေလျှံမှုကြောင့် အေးငြိမ်းချမ်းသာဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမျှပါပျက်စီးဆုံးရှုံးမှုအတွက် ကျောင်းအသစ် ပြန်လည်တည်ဆောက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် နိုင်ငံတော်

သမ္မတနှင့်အဖွဲ့ဝင်များသည် မြိုင်မြို့နယ်ရှိ မြို့နယ်ခန်းမ၌ ရေဘေးသင့်ပြည်သူများကိုတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတက မြိုင်မြို့နယ်အတွင်းရှိ ရေဘေးသင့်သေဆုံးသူများအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရေကြီးနစ်မြုပ်ပြိုကျပျက်စီးသည့် အိမ်ထောင်စု ၆၉ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀,၀၀၀ နှုန်းဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် ၇၆၀,၀၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနက ဆန်အိတ် ၄၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP, UNICEF တို့ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများမှ ထောက်ပံ့လှူဒါန်းသည့် ဆန်၊ ဆီ၊ အဝတ်အထည်၊ ရေသန့်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၅၀၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မိသားစုနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ၊ လုပ်ဖော်ကိုင်ဖက်များက ဆန်အိတ် ၅၄၁ နှင့် စီဒီအမ်အေ မိုဘိုင်းတယ်လီဖုန်း ၅ လုံး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနက အဝတ်အထည်နှင့်အိမ်သုံးပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးပစ္စည်း ၆ မျိုးနှင့် ဆန်ဖိုးထောက်ပံ့ငွေများ၊ သွပ်၊ အိမ်ရိုက်သံ၊ သွပ်ရိုက်သံများ၊ ပညာရေးဝန်ကြီးဌာနက ဗလာစာအုပ် ဒါဇင် ၁၀၀၊ စီဘီဘဏ်၊ ရွှေသံလွင်ကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီ၊ အိုင်ဘီတီစီကုမ္ပဏီ၊ ထူးကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီနှင့် ကောင်းဇော်ဟိန်းကုမ္ပဏီတို့က ငွေကျပ် သိန်း ၂၀ စီ၊ ချမ်းမြေ့သာကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ ဆူးဝင်းဒေသနှင့် ဝယ်တောင်ဒေသတို့မှ အလှူရှင်များနှင့် မြိုင်မြို့နယ်အသင်း (ရန်ကုန်) တို့က ငွေကျပ် ၁၀ သိန်းစီ၊ မြိုင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေသခံစေတနာရှင်ပြည်သူများက ငွေကျပ် သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြိုင်မြို့နယ်နှင့် ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပေါက်မြို့နယ် ရေပြာအခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသည့် ပေါက်မြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ ထို့နောက် ပေါက်မြို့နယ်အတွင်းရှိ ရေဘေးသင့်သေဆုံးသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် ရေကြီးနစ်မြုပ်ပြိုကျပျက်စီးသည့် အိမ်ထောင်စု ၃၈၀ အတွက် တစ်အိမ်ထောင်လျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် ၄ ဒသမ ၀၁ သန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အမှတ် (၁) နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်နှင့် အိမ်ထောင်စုသုံးပစ္စည်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်အိတ် ၁၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ဆန်၊ ဆီနှင့် ခေါက်ဆွဲထုပ်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရေဘေးသင့်အိမ်ထောင်စု ၃၈၀၊ ရေဘေးသင့်ပြည်သူ ၂၃၈၁ ဦးအတွက် ဆန်အိတ် ၇၄၅ အိတ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ရေသန့်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၄၇၉၄ တန်ဖိုးရှိ ဆန်အိတ်များ၊ သွပ်အချပ် ၇၆၀၀ နှင့် သံမျိုးစုံ ၁၅၃ ပိဿာ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက စီဒီအမ်အေမိုဘိုင်းတယ်လီဖုန်း ၅ လုံး၊ ပညာရေးဝန်ကြီးဌာနက ဗလာစာအုပ် ဒါဇင် ၁၀၀၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ငွေကျပ် ၄၄ သိန်း၊

စိဘီဘဏ်၊ ရွှေသံလွင်ကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီ၊ အိုင်ဘီတီစီကုမ္ပဏီ၊ ထူးကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ် သိန်း ၅၀ စီနှင့် ရန်ကုန်ကရောင်းကုမ္ပဏီက အိမ်တစ်လုံးလျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် အိမ်ခြေ ၅၀ အတွက် ငွေကျပ် သိန်း ၁၀၀တို့ကို ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြ သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ် တောင်ရွာမ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ကျင်းပသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်သေဆုံးသူများအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရေကြီးနစ်မြုပ် ပြိုကျပျက်စီးသည့် အိမ်ထောင်စု ၁၁၉၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၂ ဒသမ ၀၁ သန်းအား တိုင်းဒေသကြီး၀န်ကြီးချုပ်ထံပေးအပ်လှူဒါန်းသည်။ ယင်းနောက် အမှတ် (၁) နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနက ငွေကျပ် ၁၈,၅၆၃,၅၀၀ တန်ဖိုးရှိ အ၀တ်အထည်နှင့် အိမ်ထောင်စုသုံးပစ္စည်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဆန်အိတ် ၆၀၀၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ၁၅,၃၇၂,၀၀၀ တန်ဖိုးရှိ ငွေကြေးနှင့်ထောက်ပံ့ပစ္စည်းများ၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၄,၂၄၈,၃၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၆ မျိုး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၄,၄၆၃,၂၃၅ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကုလားပဲနှင့် ဆား၊ ပညာရေးဝန်ကြီးဌာနက ဗလာစာအုပ် ဒါဇင် ၁၀၀၊ ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ၀င် ဒေါ်၀င်းမော်ထွန်းက ငွေကျပ် သိန်း ၁၅၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ နှင်းသဇင်ဆောက်လုပ်ရေးနှင့် ရွှေမြင့်မိုရ်ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးက ငွေကျပ် ၁၀ သိန်းစီ၊ စိဘီဘဏ်၊ ရွှေသံလွင်ကုမ္ပဏီ၊ အိုင်ဂျီအီးကုမ္ပဏီ၊ အိုင်ဘီတီစီကုမ္ပဏီ၊ ထူးကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ် သိန်း ၁၀၀ စီနှင့် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်၀င်းက Sky Net ရပ်သံဖမ်းစက် ၁၀ စုံတို့ကို ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံသည်။

၂၀၁၁ ခုနှစ်အတွင်း ထပ်မံတွေ့ရှိသည့် ရတနာဆင်ဖြူတော်များ

ဆဋ္ဌမ ရတနာဆင်ဖြူတော် ငွေဆဒ္ဒန်

ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော 'အထိး' ဖြစ်သည့် ဆဋ္ဌမရတနာဆင်ဖြူတော် ငွေဆဒ္ဒန်သည် ၂၀၁၁ ခုနှစ်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းကျေးရွာ အရှေ့ဘက်၌ ပေါ်ထွန်းခဲ့သည်။ ကြန်အင်လက္ခဏာများမှာ အသားရောင်-ညြာခွဲ (ပန်းနုရောင်)၊ အစွယ်-သစ်ခွဲထိုး၊ မျက်လုံး-ပုလဲရောင်၊ အမွေးအမှင်-အဖြူရောင်၊ ခွာအရောင်-အဖြူ၊ အမြီး-တံခါးစောင်း (အဖြူရောင်၊ မြီးဆံကောင်း)၊ နား၊ရွက်-နားလတ် (ကြေးစည်ပုံ)၊ ကျော- ငှက်ပျောကိုင်း၊ အရပ်အမြင့်-၅ ပေ ၁ လက်မဖြစ်ပြီး အသက်မှာ ငါးနှစ် (ခန့်မှန်း) ဖြစ်သည်။

သတ္တမ ရတနာဆင်ဖြူတော် ဟေမဝတီ

ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော 'အမ' ဖြစ်သည့် သတ္တမရတနာဆင်ဖြူတော် ဟေမဝတီသည် ၂၀၁၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့နယ်ခွဲ အလယ်ကျေးရွာအုပ်စုအနီး၌ ပေါ်ထွန်းခဲ့သည်။ ကြန်အင်လက္ခဏာများမှာ အသားရောင်-ပန်းနုရောင်၊ အစွယ်-သစ်ခွဲထိုး၊ မျက်လုံး-ပုလဲရောင်၊ အမွေးအမှင်- အဖြူရောင်၊ ခွာအရောင်-အဖြူ၊ အမြီး-တံခါးပိတ် (အဖြူရောင်၊ မြီးဆံကောင်း)၊ နား၊ရွက်-နားလတ်၊ ကျော-ငါးဖယ်ကုန်း၊ အရပ်အမြင့် ၆ ပေ ၁၀ လက်မဖြစ်ပြီး အသက်မှာ ၁၅ နှစ် (ခန့်မှန်း) ဖြစ်သည်။

ဆင်ဖြူတော်ရတနာ ဘဒ္ဒ၀တီမှ မွေးဖွားသည့် အဋ္ဌမမြောက်ဆင်ဖြူတော်ရတနာငယ်

နေပြည်တော် ဥပုါတသန္တီစေတီတော် ဝတ္ထုကုံမြေရတနာဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်ရတနာ ဘဒ္ဒ

ဝတီသည် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ဆင်ဖြူတော်ဥယျာဉ်၌ အဋ္ဌမမြောက် ဆင်ဖြူတော်ရတနာငယ်တစ်စီး မွေးဖွားသည်။ မွေးဖွားခဲ့သည့် ဆင်ဖြူတော်ရတနာသည် အမဖြစ်ပြီး ကြန်အင်လက္ခဏာများမှာ အသားရောင်-ညြောခွံ (ပန်း ရောင်)၊ မျက်လုံး-ပုလဲရောင်၊ အမွေးအမှင်-အဖြူရောင်၊ အမြီး-တံခါးပိတ် (မြီးဆံသင့်)၊ နားရွက်-နားလတ် (ကြေးစည် ပုံ)၊ ကျော-ငှက်ပျောကိုင်းတို့ဖြစ်သည့်အပြင် အရပ်အမြင့် ၃ ပေ ၁ လက်မနှင့် လုံးပတ် ၄ ပေ ၁ လက်မရှိသည်။

နိုင်ငံခြားဆက်ဆံရေး- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတဒေါက်တာဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ မေလ ၅ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာဟူကျင်ထောင်း၏ဖိတ်ကြားချက်အရ မေလ ၂၆ ရက် မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စတာပရတီဘာဒေဗီဆင်း ပတေးလ်၏ဖိတ်ကြားချက်အရ အောက်တိုဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။



နိုင်ငံတော်သမ္မတဦးသိန်းစိန် မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိလာသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ဟီလာရီကလင်တန်အား တွေ့ဆုံနှုတ်ဆက်စဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံ သမ္မတမစ္စတာပရတီဘာဒေဗီဆင်း ပတေးလ်၏ဖိတ်ကြားချက်အရ အောက်တိုဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌမစ္စတာကျာချင့်လင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၄ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မေလ ၁၃ ရက်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songkitti Jaggabatara ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၈ ရက်တွင်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်

လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယဝန်ကြီးချုပ် H.E.Mr. Hoang Trung Hai ခေါင်း ဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၉ ရက်တွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင်လ ၁ ရက်တွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစွတာ သွန်ဆင်းသမာဟောင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင်လ ၁၁ ရက်တွင် လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်၏ စစ်ဦးစီးချုပ်များကော်မတီ ဥက္ကဋ္ဌနှင့်ရေတပ်ဦးစီး ချုပ် Chairman, Chiefs of Staff Committee and Chief of Naval Staff Admiral Nirmal Verma, PVSM, AVSM, ADC ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၂၆ ရက်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစွစ်ရင်လပ်ရှင်နာဝပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၅ ရက်တွင် လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.R.M.Marty M.Natalegawa ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၂၉ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟို ကော်မတီနှင့် ပေါလစ်ဗျူရိုအဖွဲ့ဝင် ပေကျင်းမြူနီစီပယ် ကော်မတီ အတွင်းရေးမှူး H.E.Mr. Liu Qi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁၁ ရက်တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစွစ်ဟီလာရီကလင်တန် ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၁ ရက်တွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမိခေးလ်ဗွီမိယာ စညီကိုဗစ်ချ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား ဒီဇင်ဘာလ ၂ ရက်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၆ ရက်တွင်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. K. Shanmugam ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၁၃ ရက်တွင်လည်းကောင်း၊ ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစွတာဆမ်ဒက်ဟွန်ဆင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစွတာတိုက်ပင်းကော်ဦး ဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား ဒီဇင်ဘာလ ၁၉ ရက်တွင် သီးခြားစီလည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစွစ်ရင်လပ်ရှင်နာဝပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစွတာ သွန်ဆင်းသမာဟောင် ဦးဆောင်သောကိုယ်စားလှယ် အဖွဲ့တို့အား ဒီဇင်ဘာလ ၂၀ ရက်တွင် သီးခြားစီလည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာငုယင်တန်ဇွန်းဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၂၁ ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစွတာခိုအီချိရိုဂင်းဘဦးဆောင်သောကိုယ်စားလှယ် အဖွဲ့အား ဒီဇင်ဘာလ ၂၆ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ အသီးသီးလက်ခံတွေ့ဆုံသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယ သမ္မတသီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာလ ၂၀ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့သွားရောက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားကူးသန်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Chen Jian ခေါင်းဆောင်သည့် အဖွဲ့အား ဧပြီလ ၃ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation ဥက္ကဋ္ဌ Mr.Li Chang Jin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၇ ရက်တွင်

လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ဇွန်လ ၁ ရက်နှင့် ၂ ရက်များတွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation (CREC) ဥက္ကဋ္ဌ Mr.Zhao Deyi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၁၆ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဘဏ် (ICBC) ဥက္ကဋ္ဌ Mr.Yang Kaisheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၁၉ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Railway Engineering Corporation (CREC) ဥက္ကဋ္ဌ Mr.Zhao Deyi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၁၆ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဘဏ် (ICBC) ဥက္ကဋ္ဌ Mr.Yang Kaisheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာလ ၁၉ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၁ ရက်တွင်လည်းကောင်း၊ ဖြိုတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန ဝန်ကြီး H.E.Mr. Andrew John Bower Mitchell အား နိုဝင်ဘာလ ၁၅ ရက်တွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အားကစားအထွေထွေ ဗျူရိုဝန်ကြီး H.E.Mr. Liu Peng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာလ ၂၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား ဇွန်လ ၂ ရက်တွင်လည်းကောင်း၊ ဂျာမန်လူ့အခွင့်အရေးမူဝါဒနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကော်မရှင်နာ H.E.Mr.Markus Loning အား ဇွန်လ ၆ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေ ကိုယ်စားလှယ် Dr.Ramesh M.Shrestha အား ဇူလိုင်လ ၂၁ ရက်တွင်လည်းကောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး ပါဝင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ စက်တင်ဘာလ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသော (၃၂) ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့ တက်ရောက်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မေလ ၁၃ ရက်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်နိုင်ငံခြားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ Hon.Mr. Zheng Silin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Kozo Yamamoto ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အား စက်တင်ဘာလ ၂၃ ရက်တွင်လည်းကောင်း၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာရောတတခဲဒ ခေါင်းဆောင်သောကိုယ်စားလှယ် အဖွဲ့အား အောက်တိုဘာလ ၃ ရက်တွင်လည်းကောင်း၊ နော်ဝေနိုင်ငံ ပတ်ဝန်းကျင်နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုဝန်ကြီး H.E.Mr.Erik Solhe နှင့်အဖွဲ့အား နိုဝင်ဘာလ ၁ ရက် တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးမစ္စစ် ဟီလာရီကလင်တန်ဦး ဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၁ ရက်တွင်လည်းကောင်း၊ ဘယ်လာရုစ် သမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမီခေးလ်ဗို မီယာစည်ကိုဗစ်ချ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၂ ရက်တွင်

လည်းကောင်း နေပြည်တော်ရှိလွတ်တော်အဆောက်အအုံ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

အမျိုးသားလွတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံအောက်လွတ်တော်အမတ်မစ္စတာရောတတခဲဒ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၄ ရက်တွင် နေပြည်တော်ရှိလွတ်တော်အဆောက်အအုံ အမျိုးသားလွတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၂၅၅၀ ကျော်ကာလအထိ ဘုရားရှင်၏ ဗုဒ္ဓသာသနာတော်ဆက်လက်ရှင်သန်ရပ်တည်နေသည်မှာ ဗုဒ္ဓသာသနာတော်ကြီးကို ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် သံဃာတော်များ၊ မင်းအဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်အပေါင်း၏ ကောင်းမြတ်သောသဒ္ဓါတရားဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့စောင့်ရှောက်ခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတစ်နံတစ်လျားထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ခွင့်ရစေရန် ဦးစီးဆောင်ရွက်ခဲ့သည့်ရဟန်းတော်မှာ (ရှင်ဓမ္မဒဿဒီ) ရှင်အရဟံဖြစ်ပြီး လူပုဂ္ဂိုလ်မှာ ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်သူအနော်ရထာမင်းကြီးဖြစ်သည်။အနော်ရထာမင်းလက်ထက်တွင် ပုဂံပြည်သို့ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ပိဋကတ်တော်များရောက်ရှိလာပြီး အထက်မြန်မာနိုင်ငံတွင် သာသနာတော်ထွန်းကားပြန့်ပွားရန် ဆောင်ရွက်ခဲ့သည်။ ၁၈၈၅ ခုနှစ် နောက်ပိုင်း အင်္ဂလိပ်လက်အောက်ကျရောက်သွားသည့်အချိန်မှစ၍ ဗုဒ္ဓဘာသာသည်အနည်းငယ်မှေးမှိန်ခဲ့သည်။ တောင်တန်းဒေသများတွင် သာသနာအရှိန်အဝါရောက်ရှိရုံသာရောက်ခဲ့ပြီး စာပေမရောက်ခြင်း၊ ပရိယတ္တိသင်ကြားမှုမရှိခြင်းတို့ကြောင့် သာသနာတော်သည် ထွန်းပေါက်တည်တံ့သင့်သလောက် မတည်တံ့နိုင်ခဲ့ပေ။ မြန်မာမင်းအဆက်ဆက်တို့သည် တောင်တန်းသာသနာပြုလုပ်ငန်းများကို ချီးမြှောက်အားပေးခဲ့သော်လည်း နယ်ချဲ့အင်္ဂလိပ်လက်ထက်တွင် တောင်တန်းဒေသများတွင် သံဃာတော်များသွားရောက်သာသနာမပြုနိုင်ရန် နယ်စပ်ဖြတ်ကျော်မှုဥပဒေထုတ်ပြန်၍ တားမြစ်ပိတ်ပင်ခဲ့သည်။ တောင်တန်းဒေသများသို့ သွားရောက်၍ သာသနာပြုရာတွင် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း၊ သဘာဝရာသီဥတုဆိုးရွားခြင်း၊ ရိက္ခာရှားပါးခြင်း၊ ရောဂါဘယထူပြောခြင်းစသည့်အခက်အခဲများကိုလည်းတွေ့ကြုံကြရသည်။ ထိုသို့သောအခက်အခဲများကြားကပင် အမျိုးဘာသာသာသနာတော်ကို စောင့်ရှောက် ထိန်းသိမ်းလိုစိတ်ပြင်းထန်သည့်ဆရာတော်များပေါ်ထွက်ခဲ့သည်။ ၎င်းတို့မှာဦးဇာဂရိယ၊ ပုသိမ်ဆရာတော်ဦးဝိမလ၊ ဦးစိန္နမဏိ၊ ဦးဥတ္တမသာရ၊ ဦးဉာဏာ၊ ပန်းဘွဲ့ဆရာတော်ဦးဝိလာသတို့ဖြစ်ကြသည်။ သာသနာပြုရာတွင် နောက်ပိုင်းမှ ထောက်ပံ့ပေးသည့် ကျောထောက်နောက်ခံအဖွဲ့အစည်းရှိသင့်သည်ဟူသော ပုသိမ်ဆရာတော်ဦးဝိမလ၏ ဆွေးနွေးတင်ပြချက်ကို မူတည်၍ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးကျောင်းတိုက်တွင် ပဏာမဆွေးနွေးညှိနှိုင်းကြပြီး ရန်ကုန်မြို့လုံးကျွတ်အစည်အဝေးကို “သွင်” ရုပ်ရှင်ရုံတွင် ကျင်းပကာ ပထမဆုံးတောင်တန်းသာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၎င်းအဖွဲ့တွင် ဆာဦးသွင်၊ ဦးဖိုးဗျော့၊ ဦးသိမ်းမောင် (ဝတ်လုံတော်ရ)၊ ဦးညွန့် (ဗြိတိသျှဘားမားရုပ်ရှင်ရုံ) ဦးဗိုလ်ဘ (အောင်ဇေယျတုဆေးတိုက်ပိုင်ရှင်)၊ ပါဠိဆရာကြီးဦးစတို့ဖြစ်သည်။ ထိုအဖွဲ့ကြီးသည်ဆရာတော်၊ သံဃာတော်များ၏ ဩဝါဒကိုခံယူပြီး တောင်တန်းဒေသသို့ စွန့်စွန့်စားစားသွားရောက်သာသနာပြုကြမည့် အာဇာနည်ရဟန်းသံဃာများကို စုစည်းရှာဖွေ၍ သာသနာပြုသံဃာများကို ပို့လွှတ်ခဲ့သည်။ ယခုအခါတွင် မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းအခြေခံစည်းမျဉ်းနှင့် လုပ်ငန်းစီမံချက်ကို သာသနာရေးဝန်ကြီးဌာနက ရေးဆွဲပြီးဝန်ကြီးများအဖွဲ့သို့တင်ပြခဲ့ရာ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၃ ရက်တွင် အတည်ပြုပေးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာနာနုဂ္ဂဟအသင်းကြီး ပြန်လည်ပေါ်ထွန်းလာပြီဖြစ်ရာ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ

ထွန်းကားပြန့်ပွားရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အသင်း၏ရည်ရွယ်ချက်မှာ

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နယ်စပ်နှင့် တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများ ဗုဒ္ဓဘာသာတရားတော်နှင့် အညီကောင်းသော အသက်မွေးဝမ်းကျောင်းမှုတို့ဖြင့် စီးပွားရေး၊ လူမှုရေးဘဝမြှင့်မားလာစေရန်၊

(ခ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နယ်စပ်နှင့် တောင်တန်းဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများအား ဗုဒ္ဓမြတ်စွာ၏ အဆုံးအမကို ခံယူနိုင်စေရန်နှင့် ရတနာသုံးပါးကို မှီခိုအားထားဆည်းကပ်ပူဇော်ခွင့် ရရှိနိုင်ကြစေရန်၊

(ဂ) စိတ်ထားဖြူစင်၍ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်လာစေရန်၊

(ဃ) ပါဠိနှင့် မြန်မာဘာသာစာပေများကို တတ်မြောက်ပြီး ဗုဒ္ဓတရားတော်ဆိုင်ရာ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝသော သာသနာပြုပုဂ္ဂိုလ်အများအပြား ပေါ်ထွန်းလာစေရန်၊

(င) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်ပေါ်နှင့် မြေပြန့်တိုင်းရင်းသားအချင်းချင်း ယုံကြည်ချစ်ခင်လေးစားမှု ပိုမိုတိုးပွားလာစေရန်၊

(စ) သာသနာပြုရဟန်း၊ သံဃာနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် မပင်မပန်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အထောက်အပံ့များ၊ အကူအညီများ လှူဒါန်းပေးနိုင်ရန်၊

(ဆ) သာသနာပြုလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရာတွင် အဆင့်ဆင့်သော သာသနာနုဂ္ဂဟအသင်း အချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်ရန်

မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်း၏ဌာနချုပ်ကို ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီဝင်းအနီး ယခင်တောင်တန်းသာသနာပြုမြေနေရာရှိ အဆောက်အအုံတွင် ဖွင့်လှစ်ထားရှိသည်။ ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာသာသနာနုဂ္ဂဟအသင်းများတည်နေရာကို သာသနာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် သတ်မှတ်ထားရှိရသည်။

အသင်း၏အလံသည် ဗုဒ္ဓသာသနာတော်အလံ၏ အလယ်တည့်တည့်၌ ၂၄ ပစ္စည်း ပဋ္ဌာန်းတရားတော်ပုံကို အညိုရောင်နောက်ခံဖြင့်လည်းကောင်း၊ ၂၄ ပစ္စည်းပဋ္ဌာန်းတရားတော်ပုံ အလယ်တည့်တည့်၌ စေတီပုံကိုလည်းကောင်း ဖော်ပြထားသည်။ အသင်းအလံပါ ဗုဒ္ဓသာသနာတော်အလံ၏ အရောင်မှာ မြတ်စွာဘုရားရှင်၏ ရောင်ခြည်တော်ခြောက်သွယ်ကို ရည်ညွှန်းသည်။ နောက်ခံအစိမ်းရောင်မှာ တောင်တန်းကိုရည်ညွှန်းသည်။ ၂၄ ပစ္စည်းပဋ္ဌာန်းတရားတော်ပုံမှာ ဘေးအန္တရာယ်ကင်းရှင်းရေးကို ရည်ညွှန်းသည်။ နောက်ခံအစိမ်းရောင်ပေါ်ရှိ စေတီပုံမှာ တောင်တန်းဒေသ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးကို ရည်ညွှန်းသည်။ အလံ၏အရွယ်အစားမှာ ပုံမှန်အားဖြင့် အလျား ၅ ပေ၊ အနံ ၃ ပေ ဖြစ်သည်။

အသင်း၏ အထိမ်းအမှတ်တံဆိပ်သည် ဘဲဥပုံသဏ္ဌာန်ဖြစ်ပြီး အောက်ခြေဝဲဘက်၌ ကျောင်းအဆောက်အအုံ၊ အောက်ခြေအလယ်၌ ရဟန်းတော်ပုံ၊ နောက်ခံ တောင်းသုံးလုံးထိပ်ပေါ်၌ စေတီတစ်ဆူစီပါရှိမည်ဖြစ်ပြီး အပေါ်ထိပ်စီး၌ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" စာသားကို လည်းကောင်း၊ ယင်း၏အောက်တွင် "စရထဘိက္ခဝေစာရိကံ" ဟူသော စာသားကို လည်းကောင်း သီးခြားစာကြောင်းများဖြင့် ဖော်ပြထားမည်။

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ဗဟိုသာသနာနုဂ္ဂဟအသင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ဩဝါဒကိုခံယူပြီး သာသနာရေးဝန်ကြီးဌာနက ရွေးချယ်သည့်တောင်တန်းသာသနာပြုဆရာတော် ၇ ပါး၊ သာသနာရေးဝန်ကြီးဌာနက

ရွေးချယ်သည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကိုယ်စားလှယ်ဆရာတော်များပါဝင်သည့်ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့ကို ဖွဲ့စည်းထားသည်။

ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့တွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုတက္ကသိုလ်အုပ်ချုပ်ရေးဩဝါဒါစရိယဆရာတော်များကိုလည်း ပါဝင်ဖွဲ့စည်းနိုင်သည်။

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနဂ္ဂဟအသင်း၊ ဗဟို နာယကအဖွဲ့ကို သာသနာရေးဝန်ကြီးဌာနဝန်ကြီး၊



အသင်းအထိမ်းအမှတ်တံဆိပ်

နယ်စပ်ဒေသ နှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားလှယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားလှယ်၊ တရားရုံးချုပ် ကိုယ်စားလှယ်၊ ရှေ့နေချုပ်ရုံးကိုယ်စားလှယ်၊ စာရင်းစစ်ချုပ် ရုံးကိုယ်စားလှယ်၊ ဘာသာရေးဆိုင်ရာ အကျိုးဆောင်ကိုယ်စားလှယ် ၉ ဦး ဖြင့်ဖွဲ့စည်းထားသည်။

နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနဂ္ဂဟအသင်း အဆင့်ဆင့်ကို မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ဗဟိုသာသနာနဂ္ဂဟအသင်း၊ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာပြည်နယ်သာသနာနဂ္ဂဟအသင်း၊နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ တိုင်းသာသနာနဂ္ဂဟအသင်း၊ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ခရိုင်သာသနာနဂ္ဂဟအသင်း၊ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ရပ်ကွက်သာသနာနဂ္ဂဟအသင်း၊ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ကျေးရွာသာသနာနဂ္ဂဟအသင်း၊ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ကျေးရွာသာသနာနဂ္ဂဟအသင်းဟူ၍ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနဂ္ဂဟအသင်းတွင် ဗဟို နာယကအဖွဲ့နှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ကို ဖွဲ့စည်းထားရှိသည်။

ဗဟိုနာယကအဖွဲ့နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ကို သာသနာရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးရသည်။

နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ ပြည်နယ်နှင့်တိုင်း သာသနာနဂ္ဂဟအသင်းများတွင် ပြည်နယ်နှင့်တိုင်း အလုပ်အမှုဆောင်ကော်မတီများကို အသီးသီးဖွဲ့စည်းထားရှိရသည်။

မြန်မာနိုင်ငံ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနဂ္ဂဟအသင်း၊ ဗဟို နာယကအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ သာသနာရေးဝန်ကြီးဌာနမှ နယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်အခါဆရာတော်ကြီးများထံ ဩဝါဒခံယူခြင်း၊ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာပြုကိစ္စရပ်များ ခိုင်မာကျယ်ပြန့်စွာ ဆောင်ရွက်ရန်အတွက် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြခြင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၏ ဩဝါဒမိန့်ကြားမှု၊ အစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့် မိမိတို့ ဗဟိုနာယကအဖွဲ့၏ လုပ်ငန်းလမ်းညွှန်မှုများကို အဆင့်ဆင့်သော အသင်းများအား ထပ်ဆင့်ညွှန်ကြားလမ်းညွှန်မှုပြု၍ သာသနာပြုလုပ်ငန်းများတိုးတက်ပြန့်ပွားစေရန် ခိုင်မာအောင် ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပရှိ ဗုဒ္ဓဘာသာအသင်း အဖွဲ့များနှင့် ဆက်သွယ်ညှိနှိုင်းပြီး နယ်စပ်နှင့် တောင်တန်းသာသနာပြု

လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စေရန် စီမံခြင်း၊ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်း အဆင့်ဆင့်တည်ထောင်နိုင်ရေးအတွက် ဒေသအလိုက်နေရာသတ်မှတ်မှုများကို သာသနာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရွေးချယ်သတ်မှတ်ခြင်း၊ ပြည်တွင်းပြည်ပမှ ဘဏ္ဍာငွေနှင့် သာသနာပြုရန် အထောက်အကူပြုလှူဖွယ်ပစ္စည်းများ၊ ရရှိသောငွေကြေးပစ္စည်းများကို ဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအသင်းများသို့ မျှဝေလှူဒါန်းခြင်း၊ ဒေသအလိုက် သာသနာပြုသင်တန်းကျောင်းများနှင့် ကမ္မဋ္ဌာန်းရိပ်သာများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ နယ်စပ်နှင့်တောင်တန်းဒေသများသို့ တရားဟောခမ်းကထိကဆရာတော်များ၊ နယ်စပ်နှင့်တောင်တန်းသာသနာပြု သံဃာတော်များ စေလွှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ နယ်စပ်နှင့်တောင်တန်းဒေသသာသနာပြု သံဃာတော်များကို လိုအပ်သောပစ္စည်းလေးပါးလှူဒါန်းထောက်ပံ့ခြင်းတို့ဖြစ်သည်။

မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနို၏ ဖိတ်ကြားချက်အရ မေလ ၅ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးနှင့် (၁၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်ရန် သွားရောက် သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂျကာတာမြို့ရှိ Istana Merdeka နန်းတော် Reception Hall ၌ မေလ ၅ ရက်တွင် ကျင်းပသည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် ရှေးဦးစွာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန် အခွင့်အလမ်းများ ရရှိစေပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပ နိုင်ခဲ့ပြီး အဆွေတော်ဦးဆောင်သည့် အစိုးရအဖွဲ့သစ်သည် နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် ပိုမိုဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိအနေဖြင့် နိုင်ငံတော်သမ္မတတာဝန်ယူပြီးနောက် ပထမအကြိမ် နိုင်ငံခြားတရားဝင်ခရီးစဉ်အဖြစ် အာဆီယံဥက္ကဋ္ဌဖြစ်သော ချစ်ကြည်ရင်းနှီးသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယခုမိမိ၏ ခရီးစဉ်သည် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အကျိုးဖြစ်ထွန်းရန် ယုံကြည်စိတ်ဖြင့်လာရောက်ခြင်းဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတက နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းရန် နိုင်ငံတော်အကြီးအကဲအဆင့်၊ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အဆင့်ခရီးစဉ်များ နှစ်နိုင်ငံအကြား အပြန်အလှန်သွားရောက်ရေးကို ဆက်လက်ဆောင်ရွက်သွားစေလိုပါကြောင်း၊ နိုင်ငံရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများအပေါ် မိမိအနေဖြင့် အလေးအနက်ထောက်ခံပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်မှာ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နယ်မြေတည်တံ့ရေးတို့အတွက် ဆောင်ရွက်ချက်များကို ထောက်ခံပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြားကုန်သွယ်မှုပမာဏကို ၂၀၁၅ ခုနှစ်မတိုင်မီ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ တိုးမြှင့်နိုင်ရန် ရည်မှန်းချက်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးအလားအလာကောင်း

များစွာရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်များတွင် အင်ဒိုနီးရှားနိုင်ငံက ပါဝင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လို ပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ ပုဂ္ဂလိက ကုမ္ပဏီများက လည်း မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများပြုလုပ် ရန် စိတ်အားထက်သန်နေပြီး မြန်မာနိုင်ငံ၏ သတ္တုတူး ဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အခြေခံ အဆောက်အအုံနှင့်အခြားကဏ္ဍများတွင်လည်း ရင်းနှီး မြှုပ်နှံမှုများကို ဆောင်ရွက်လိုကြပါကြောင်း၊ မိမိအနေ ဖြင့် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လည်း ပူးပေါင်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း၊ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စပါးစိုက်ပျိုးမှု တိုးချဲ့ပြီး ဆန်ပိုမိုထွက်ရှိတင်ပို့နိုင်မည်ဆိုပါက မိမိတို့ နှစ်နိုင်ငံအတွက်သာမက အာဆီယံနိုင်ငံများအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်းဆက်ဆံမှုများ ကိုလည်း တိုးမြှင့်ဆောင်ရွက်လိုပါကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြန်လည်ဆွေးနွေးရာတွင် မြန်မာနှင့် အင်ဒိုနီးရှားတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ် နိုင်ငံအကျိုးအတွက်သာမက ဒေသတွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုစေမည်ဟု ယုံ ကြည်ပါကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် အတွင်း မိမိတို့နှစ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုများကို မှန်မှန်တိုးတက်အောင် ဆောင်ရွက်ရင်း နှစ်နိုင်ငံအကြားတည်ရှိသော ချစ်ကြည် ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလအထိ စာရင်းဇယားများအရ မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အင်ဒိုနီးရှား နိုင်ငံကုမ္ပဏီ ၁၂ ခုက လာရောက်ရင်းနှီးမြှုပ်နှံမှုပမာဏ မှာ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် အဆင့် ၁၀ နေရာ၌ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု ပိုမို တိုးတက်လာစေရန် နည်းလမ်းများ ရှာဖွေသွားပြီး အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍပါ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းပူး ပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် အင် ဒိုနီးရှားနိုင်ငံတို့သည် သမိုင်းဝင်ယဉ်ကျေးမှု အဆောက် အအုံများ၊ သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေများရှိ သည့် နိုင်ငံများဖြစ်၍ ခရီးသွားလုပ်ငန်းတွင် ပူးပေါင်း ဆောင်ရွက်မှု ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်သွားနိုင် မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား လေယာဉ် ခရီးစဉ် ပျံသန်းရေးအတွက် ရန်ကုန်–စင်ကာပူ–အင်ဒိုနီးရှား ခရီးစဉ်ပျံသန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေ ပါကြောင်း၊ နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင် ရွက်မှုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ကို ယခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးသွား နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့စနစ်ပြောင်းလဲ သွား၍ စီးပွားရေးစနစ်တွင် ပိုမိုပွင့်လင်းစွာ ပြောင်းလဲမှု များပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်းများစွာရှိသည့်အတွက် လယ်ယာ၊ သတ္တု၊ စက်မှု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စသည့် ကဏ္ဍများစွာ၌ အင်ဒိုနီးရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါ ကြောင်း ဆွေးနွေးပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှု အခြေအနေများ၊ စီးပွားရေးမူဝါဒ၊ လူ့အခွင့် အရေးတို့နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် အခြေခံမူများနှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်မည့်အခြေအနေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် နိုင်ငံခြားရေး မူဝါဒဆိုင်ရာများကို ရှင်းလင်းပြောကြား သည်။


အင်ဒိုနီးရှားနိုင်ငံသမ္မတက ပြန်လည်ဆွေးနွေး ရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်၍ အဆွေတော် ၏အကြံဉာဏ်နှင့် စိတ်ဂူးစိတ်သန်းများကို ကြိုဆို ထောက်ခံပါကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီ ညွတ်ရေးကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ထောက်ခံ ပါကြောင်း၊ လာမည့်နိုဝင်ဘာလတွင် ဘာလီမြို့၌ပြုလုပ် မည့် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း

အာဆီယံမိသားစုများ အားလုံးပါဝင်သည့် အာဆီယံပြပွဲတစ်ရပ်ကို ကျင်းပရန် အာဆီယံခေါင်းဆောင်များအား အဆိုပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကလည်း အဆိုပါ ပြပွဲ၌ ပါဝင်ပြသစေလိုပါကြောင်း၊ အာဆီယံအနေဖြင့် ဒေသ၏ နိုင်ငံရေး၊ လုံခြုံရေးများကိုသာမက ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးများကိုပါ ဆောင်ရွက်နေကြောင်းနှင့် အာဆီယံမိသားစုအသိုက်အဝန်းဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်နေကြောင်းကို ပြပွဲ၌ ပါဝင်ခြင်းဖြင့် ပြည်သူများသို့ ပြသလိုပါကြောင်း၊ ရှေ့ဆက်လက်၍ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်သည် ဂျကာတာမြို့ရှိ Ritz Carlton Hotel ဧည့်ခန်းမ၌ မေလ ၆ ရက်တွင် လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးဆုံးဖြတ်ချက်လုပ်ငန်းများ အကောင်အထည်ဖော်ရေး၊ မဲခေါင်မြစ်အတွင်းရေကြောင်း သွားလာရေးလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်ရေးနှင့်လုံခြုံရေး၊ ကူးသန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဗဲချာချိဝသည် ဂျကာတာမြို့ရှိ Jakarta Convention Centre (JCC) ဧည့်ခန်းမ၌ မေလ ၇ ရက်တွင် လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေးနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဌယင်တန်ဇွန်းသည် ဂျကာတာမြို့ရှိ JCC ဧည့်ခန်းမ၌ မေလ ၈ ရက်တွင် လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုးမြှင့်



နိုင်ငံတော်သမ္မတဦးသိန်းစိန်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr.Hoang Trung Hai အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသည့် သဘောတူစာချုပ်များအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် နှစ်ဖက်အစိုးရဌာနများကို တာဝန်ပေးအပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်းသည့် နည်းပညာ ပူးပေါင်းဖလှယ်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ မေလ ၂၆ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်းတို့သည် တရုတ်နိုင်ငံပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်၌ မေလ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးကြရာ ရှေးဦးစွာ တရုတ်နိုင်ငံ သမ္မတက



နိုင်ငံတော်သမ္မတဦးသိန်းစိန်အား
တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတဟူကျင်ထောင်းက
ကြိုဆိုနှုတ်ဆက်စဉ်

အဆွေတော်သမ္မတကြီး၏ ယခုခရီးစဉ်မှာ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံး လာရောက်ခြင်းဖြစ်ပြီး နိုင်ငံတော်သမ္မတအဖြစ် နှစ်ဦးနှစ်ဖက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် ၂၁ ရာစုတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍဖွင့်လှစ်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာ၌ မိမိဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ပေကျင်းမြို့သို့ရောက်ရှိစဉ် နွေးထွေးစွာကြိုဆိုခဲ့ပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိ၏ ယခုခရီးစဉ်၏ အဓိကရည်ရွယ်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ဖွဲ့စည်းပေါ်ပေါက်လာပြီးနောက်ပိုင်း နှစ်နိုင်ငံအကြား တည်ရှိခဲ့ပြီး ဖြစ်သည့် အပြန်အလှန်နားလည်မှု၊ ခင်မင်ရင်းနှီးသည့် အိမ်နီးချင်းဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းမှုများ အရှိန်အဟုန်ဆက်လက်မြှင့်တင်သွားရေးအတွက် ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် နှစ်နိုင်ငံဆွေးနွေးပွဲသည် အိမ်နီးချင်းဆွေမျိုးပေါက်ဖော်ညီအစ်ကို ဆက်ဆံရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်တွင် အခြေခံကာ နှစ်နိုင်ငံအကြား ဆက်ဆံရေးသမိုင်း၌ မှတ်တမ်းတင်ရမည့် ပူးပေါင်းဆောင်ရွက်မှုများဖြစ်ထွန်းရေးအတွက် ဆွေးနွေးမည်ဖြစ်သည့်အတွက် အကျိုးရလဒ်ကောင်းများပေါ်ထွက်လာပြီး အောင်မြင်သည့် ဆွေးနွေးပွဲဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့စဉ်မှစပြီး နှစ်ပေါင်း ၆၀ ကျော်အတွင်း နှစ်နိုင်ငံအကြား၌ တန်းတူညီတူရှိမှု၊ စာနာထောက်ထားမှု၊ နားလည်မှုများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုဖြစ်သော ခေါင်းဆောင်ကြီးများ အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားလာကြသည့်အစဉ်အလာကို ထိန်းသိမ်းသွားရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးအဆင့်သစ်တစ်ရပ်သို့ တက်လှမ်းရောက်ရှိနိုင်ရေးတို့အတွက် အဆွေတော်သမ္မတကြီးအနေဖြင့် အဆင်ပြေအားလပ်မှုရှိသည့်အခါတွင် မိမိတို့မြန်မာနိုင်ငံသို့ ကြွရောက်ပါရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားပြည်သူများနှင့် အစိုးရကိုယ်စားဖိတ်ကြားအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်နိုင်ငံများဆက်ဆံရေးအဖြစ် သတ်မှတ်နိုင်ခြင်းသည် တရုတ်နှင့်အခြားနိုင်ငံများအကြားဆက်ဆံရေး၌ အဆင့်အမြင့်ဆုံးဆက်ဆံရေးဖြစ်သည့်အပြင် မြန်မာ–တရုတ် ဆက်ဆံရေးသမိုင်းကြောင်းတွင်လည်း သမိုင်းစာမျက်နှာသစ်အဖြစ် မှတ်ယူနိုင်ပါကြောင်း၊ ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဆက်ဆံရေးအဖြစ် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရေးအတွက် မိမိတို့နှစ်ဖက်စလုံးက အဆင့်အသီးသီး၌ လက်တွဲကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံဆက်ဆံရေး၌ နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်ရေးနှင့်အေးချမ်းရေးသည် များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံနယ်စပ်ဒေသများ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများအနေဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော နယ်စပ်ဒေသရှိ စီမံကိန်းလုပ်ငန်းများချောမွေ့စွာ အကောင်အထည် ဖော်နိုင်ရေးနှင့် လုံခြုံစွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးချုပ်မစွတာ ဝမ်ကြားပေါင်နှင့်တွေ့စဉ်က အသေးစိတ်ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တရုတ်နိုင်ငံက ပူးပေါင်းကူညီဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများရရှိလာစေရန် များစွာအထောက်အကူဖြစ်စေခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် အတွင်းက မြန်မာနိုင်ငံရထား ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်မီးရထားလမ်း အင်ဂျင်နီယာကော်ပိုရေးရှင်းတို့အကြား မူဆယ်–ကျောက်ဖြူ ရထားပို့ဆောင်ရေးစနစ်စီမံကိန်းနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ငါးနှစ်အတွင်းပြီးစီးရန် လျာထားသည့်အတွက် မြန်မာနိုင်ငံကလည်း လိုအပ်သည်များကိုကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျောက်ဖြူစီးပွားရေးနှင့်နည်းပညာဖွံ့ဖြိုးတိုး တက်မှုဇုန်၊ ရေနက်ဆိပ်ကမ်း၊ ရထားလမ်းစီမံချက်များ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစွတာဟူကျင်ထောင်းတို့ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံဆွေးနွေးစဉ်

မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒုတိယသမ္မတ မစွတာ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ်မစွတာ ဝမ်ကြားပေါင်နှင့် နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ဥက္ကဋ္ဌ မစွတာကျာချင့်လင်တို့ လာရောက်ခဲ့စဉ်က သဘောတူစာချုပ် စုစုပေါင်း ၃၆ ခုကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ နှစ်ဖက်အကြား ပူးပေါင်းအကောင်အထည်ဖော်ရမည့်စီမံကိန်းများ မြန်မာနိုင်ငံဘက်က အဆိုပြုထားပြီးဖြစ်ရာ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေ၊ ချေးငွေများနှင့် ကျန်ရှိသည့် လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်း အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်တွင် ထောက်ပံ့ငွေ၊ အတိုးမဲ့ ချေးငွေ၊ စီးပွားရေးချေးငွေများနှင့်ပတ်သက်ပြီး စာချုပ်များထပ်မံချုပ်ဆိုနိုင်မည်ဖြစ်သည့်အတွက် ဝမ်းသာကျေးဇူးတင်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ပေကျင်းအိုလံပစ်ပွဲတော်နှင့် ယမန်နှစ်က ကွမ်ကျိုးအာရှအားကစားပွဲတော်တို့ကို အောင်မြင်စွာလက်ခံကျင်းပခဲ့သည့်အတွေ့အကြုံနှင့် အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကြီးများကို လက်ခံကျင်းပခဲ့သည့် အတွေ့အကြုံများစွာရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၁၄

ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန်ရှိသည့်အတွက် တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာခြောက်ဘီလီယံအထိ တိုးတက်ရောက်ရှိလာမည်ဟု မျှော်မှန်းထားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံများအနက် အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ပါကြောင်း၊ စုစုပေါင်း စီမံကိန်း ၇၂ ခု၌ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ ဘီလီယံ ရင်းနှီးမြှုပ်နှံလျက်ရှိပါကြောင်း၊ မိမိနိုင်ငံတွင် အထူးစီးပွားရေးဇုန် ဥပဒေဘောင်အတွင်း သီးခြားဇုန်အလိုက် ဥပဒေများထုတ်ပြန်သွားရန် ရှိပါကြောင်း၊ ယခုအခါတွင် ထားဝယ်အထူးစီးပွားရေးဇုန်ဥပဒေပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် တရုတ်နိုင်ငံမှ ငွေကြေးအင်အားခိုင်မာတောင့်တင်းသည့် ကုမ္ပဏီအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံသူများကို လာရောက်ရင်းနှီးမြှုပ်နှံစေရန်အတွက် ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့သစ်၏ နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြိုးငါးချက်နှင့်အညီ ကမ္ဘာနိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၌ တက်ကြွစွာဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးဟူသည့်အချက်မှာ ပဓာနကျပြီး အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည်နှင့်အညီ အိမ်နီးချင်းနိုင်ငံများနှင့်လည်း ခင်မင်ရင်းနှီးစွာဆက်လက်ဆက်ဆံသွားမည်ဖြစ်ပါကြောင်း၊ သမိုင်းအစဉ်အလာရှိသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ထွန်းခဲ့ပြီး မဟာဗျူဟာမြောက်ဆက်ဆံရေးအဆင့်သို့ ရောက်ရှိပြီဖြစ်သည့်မြန်မာနှင့်တရုတ်ဆက်ဆံရေးကိုလည်း ဆတက်ထမ်းပိုးဖြစ်ထွန်းသွားစေရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့သစ်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူများနှင့်အတူ ဆက်လက်လက်တွဲအကောင်အထည်ဖော်ရာ၌ ရရှိပြီးဖြစ်သည့်အခြေခံကောင်းများမှတစ်ဆင့် ဒီမိုကရေစီကို ခိုင်ခိုင်မာမာအနှစ်သာရရှိရှိ မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန် အနာဂတ်ကာလ၌ လုပ်ဆောင်မည့် ဆောင်ရွက်ချက်များအတွက် အရေးကြီးပြီး အခြေခံကျသည့် လုပ်ငန်းစဉ်များ ချမှတ်ထားပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီး၏ လုပ်ငန်းစဉ်များသည် ပွင့်လင်းပြီး တာဝန်ခံမှုရှိကာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းတွင် ပြည်သူလူထုဆန္ဒသဘောထားကို အလေးထားပြီး အစိုးရအဖွဲ့၏ လုပ်ငန်းများသွက်လက်ထိရောက်မှုရှိရေးကိုလည်း ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုးပိုမိုတိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ အဆွေတော်နှင့်တကွ ပြည်သူများကိုယ်စိတ်နှစ်ဖြာကျန်းမာရှင်လန်းစေရန်အတွက်လည်းကောင်း၊ တရုတ်နိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင်သာယာဝပြောရန်အတွက်လည်းကောင်း ဆန္ဒပြုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံသမ္မတက ပြန်လည်ပြောကြားရာတွင် အဆွေတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို အသိအမှတ်ပြုပြောကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြိုးငါးချက်နှင့်အညီ ဆက်ဆံနိုင်ခဲ့ပါကြောင်း၊ အဆိုပါမူကြိုးငါးချက်၏ လမ်းညွှန်မှုအောက်တွင် နှစ်နိုင်ငံဆက်ဆံရေး

ဖွံ့ဖြိုးကာ အောင်မြင်ခဲ့ပါကြောင်း၊ မြန်မာဘက်က တရုတ်တစ်နိုင်ငံတည်း မူဝါဒကို စွဲမြဲစွာကျင့်သုံးခဲ့ပြီး ထိုင်ဝမ်၊ တိဗက်နှင့် ရှင်းကျန့်ဝေဂါကဲ့သို့သောကိစ္စများတွင် တန်ဖိုးကြီးမားသည့် ထောက်ခံမှုများပေးခဲ့၍ ကျေးဇူးတင်ချီးကျူးပါကြောင်း၊ အဆွေတော်သမ္မတကြီး ဆွေးနွေးခဲ့သည့် အချက်များအပေါ်မူတည်၍ အကြံပြုချက်များပြောကြားလိုပါကြောင်း၊ ပထမအချက်အနေဖြင့် အနာဂတ်ကို ရှေးရှုပြီး နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားရန်ဖြစ်ပါကြောင်း၊ အဆွေတော်ပြောကြားခဲ့သည့်အတိုင်း နှစ်နိုင်ငံဆက်ဆံရေးမှာ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်ဆက်ဆံရေးသို့ ရောက်ရှိကြောင်းကို လက်ခံပါကြောင်း၊ ယခုဆိုလျှင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်ဆက်ဆံရေးသို့ ရောက်ရှိပြီးဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ အပြန်အလှန်ပူးပေါင်းကာ မဟာဗျူဟာမြောက် ထောက်ခံမှုများ ပြုလုပ်သွားကြရန် ဖြစ်ပါကြောင်း၊ မြန်မာနှင့်တရုတ်နိုင်ငံတို့မှာ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပြီး နိုင်ငံတကာနှင့်ဒေသတွင်း တူညီသည့်ကိစ္စရပ်များရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တရားမျှတသည့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် အရှေ့တောင်အာရှအားကစားပွဲနှင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ရှိသည်များကို ကြိုဆိုပါကြောင်း၊ လိုအပ်ပါက သမ္မတကြီးပြောကြားခဲ့သည့်အတိုင်း ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် GMS အစည်းအဝေး မြန်မာနိုင်ငံတွင် ကျင်းပရေးကိုလည်း ထောက်ခံပါကြောင်း၊ တတိယအချက်မှာ လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေးဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပို့ကုန်များပိုမိုဝယ်ယူရန် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ကုန်သွယ်ရေးတည်ငြိမ်၍ ရေရှည်ဖွံ့ဖြိုးရန် တွန်းအားပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် နှစ်ဖက်ကုန်သွယ်ရေးပမာဏ ခြောက်ဘီလီယံသို့ရောက်ရှိရေးကို ဆောင်ရွက်သွားလိုပါကြောင်း၊ စတုတ္ထအချက်မှာ နှစ်ဖက်အကြား စွမ်းအင်၊ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးဖြစ်ပါကြောင်း၊ ယခုအခါ ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အထွေထွေကုန်ထုတ်လုပ်ရေးစီမံကိန်းများ၌ မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ–တရုတ် ကားလမ်းဖောက်လုပ်ရေးအတွက် များစွာအလေးထားပြီး တရုတ်ဘက်၏ ထောက်ပံ့မှုကိုသုံးကာ မူဆယ်–လားရှိုး ရထားလမ်းအပါအဝင် ဆက်သွယ်ရေးလမ်းကြောင်းများ ဆောင်ရွက်ရန်အတွက် အကြံပြုလိုပါကြောင်း၊ နောက်တစ်ခု ဆွေးနွေးလိုသည်မှာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်မှာ ကီလိုမီတာ ၂,၀၀၀ ကျော်ရှည်လျားပြီး နှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးမှာ များစွာအရေးကြီးပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အချုပ်အခြာအာဏာနှင့်ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို များစွာအလေးထားပါကြောင်း၊ မြန်မာပြည်သူများနှင့် အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ အရေးကြီးသည့်အလျောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို နားလည်ထောက်ခံပါကြောင်း၊ ပြီးခဲ့သည့်မတ်လအတွင်းက နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်၏ နောက်ဆုံးအဆင့်ကို အောင်မြင်စွာအကောင်အထည်ဖော်ကာ အစိုးရသစ်ဖွဲ့စည်းနိုင်ခဲ့၍ မြန်မာနိုင်ငံသမိုင်းတွင် အခန်းကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အိမ်နီးချင်းကောင်းမိတ်ဆွေကောင်းအနေဖြင့် မြန်မာပြည်သူများ မိမိတို့နှင့် ကိုက်ညီသည့်လမ်းကြောင်းနှင့် နိုင်ငံရေးစနစ်ရွေးချယ်မှုကို လေးစားထောက်ခံပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင် အောင်မြင်မှုရရှိစေရန် ဆုတောင်းပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ သဘောထားရပ်တည်ချက်များ သိရှိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဘက်ဘက်မှ ကူညီပူးပေါင်းဆောင်ရွက်ပေးသည်ကို ကျေးဇူးတင်ရှိ

ပါကြောင်း၊ ကုလသမဂ္ဂပြန်လည်ဖွဲ့စည်းရေး၊ တောင်တရုတ်ပင်လယ်ကိစ္စရပ်များနှင့်ပတ်သက်၍ တရုတ်ဘက်မှ အပြည့်အဝရပ်တည်ကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် စဉ်းစားထားသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ထပ်မံဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့်နားလည်မှုစာလွှာများလက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံသမ္မတ မစွတာ ဟူကျင်ထောင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အဆိုပါလက်မှတ်ရေးထိုးပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူများက နှစ်နိုင်ငံသမ္မတ နှစ်ဦးရှေ့မှောက်၌ သဘောတူစာချုပ်နှင့် စာလွှာကိုးခု လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အိန္ဒိယသမ္မတနိုင်ငံသမ္မတမစွစ်ပရာတီဘာဒေဗီဆင်းပတေးလ်၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့သည် နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ အောက်တိုဘာလ ၁၄ ရက်နေ့တွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကြားတူညီသည့် သမိုင်းကြောင်းနှင့် လူမှုရေးနယ်ပယ်တွင် အပြန်အလှန်ထိတွေ့ဆက်ဆံမှု၊ ဘာသာရေး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုနှီးကပ်ဆက်နွယ်မှုတို့အပေါ်မူတည်၍ နှစ်နိုင်ငံအကြား ကဏ္ဍစုံဆက်ဆံရေးတိုးတက်ခိုင်မြဲစေရေး၊ အဆိုပါဆက်ဆံရေးကို ကဏ္ဍသစ်တစ်ရပ်သို့ တိုးမြှင့်သွားရေး၊ ဘက်စုံလူမှုစီးပွားရေးတိုးတက်ဖြစ်ထွန်းစေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေး၊ အကြမ်းဖက်လုပ်ရပ်များအား မည်သည့်ပုံစံမျိုးဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်ခြင်းအပေါ် ဆန့်ကျင်ရေး၊ လက်နက်ကိုင်သောင်းကျန်းမှုနှင့် အကြမ်းဖက်လုပ်ရပ်များ၏ ကြီးမားသည့်အန္တရာယ်ကို နှိမ်နင်းရာတွင် နှစ်ဖက်လုံခြုံရေးတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို ထိရောက်စွာတိုးမြှင့်သွားရေး၊ နယ်နိမိတ်မှတ်တိုင်များ ထိန်းသိမ်းခြင်းနှင့်စစ်ဆေးခြင်း လုပ်ငန်းကို ပူးတွဲဆောင်ရွက်ရေး၊ အိန္ဒိယဒေသအာဏာပိုင်များက ကယ်ဆယ်စောင့်ရှောက်ထားရှိသည့် မြန်မာရေလုပ်သားများအား မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အပြီးသတ်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၌ ဆည်မြောင်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းစီမံကိန်းများ အပါအဝင် သီးခြားစီမံကိန်းများအတွက် သက်သာသောချေးငွေကူညီပေးရေး၊ ကုလားတန်မြစ်ကြောင်းပို့ဆောင်ရေးဘက်စုံစီမံကိန်းအောက်ရှိ ကားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အမြန်ဆုံး စတင်ရေး၊ အိန္ဒိယ-မြန်မာနယ်စပ်၌ အကောက်ခွန်စခန်းသစ်၊ နယ်စပ်ကုန်သွယ်ရေးစခန်းသစ်တစ်ခုဖွင့်လှစ်ရေး၊ အိန္ဒိယနိုင်ငံ၏ ထောက်ပံ့မှုဖြင့် ရိခ်-တီးတိန်ကားလမ်းဖောက်လုပ်ရေး စီမံကိန်းများကို ဆောလျင်စွာအကောင်အထည်ဖော်သွားရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရေး၊ နှစ်နိုင်ငံအစိုးရများပူးပေါင်း၍ မန္တလေးမြို့၌ Information Technology Institute တစ်ခုထူထောင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်သွားရေး၊ စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပရန်၊ နယ်စပ်ကုန်သွယ်မှုနှင့် ငွေပေးချေမှုအစီအမံများ ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ရန်ကုန်မြို့၌ Enterprise India ပြပွဲကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့မှ ၁၄ ရက်အထိ ကျင်းပရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသပြည်သူများ၏ စီးပွားရေးမြှင့်တင်နိုင်ရန်အတွက် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နှစ်ဖက်အဆင်ပြေမည့်

နေရာများ၌ နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များဖွင့်လှစ်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၌ အဓိကအရေးပါသည့် ချင်းတွင်းမြစ်ဝှမ်းဒေသရှိ ထမံသီနှင့် ရွှေစာရေးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ပူးပေါင်းဆောင်ရွက်သွားရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နေနှင့်လတို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ နှစ်ဖက်ပြည်သူများအကြား ပိုမိုနီးကပ်စွာဆက်ဆံရေး၊ နှစ်နိုင်ငံအကြားလေကြောင်းအဆက်အသွယ်တိုးချဲ့ရန်၊ လေကြောင်းခရီးစဉ်များနှင့် ခရီးလမ်းဆုံးတိုးချဲ့နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေး၊ ဘတ်စကားလိုင်းအဆက်အသွယ်များ ထူထောင်နိုင်ရေးဖြစ်နိုင်ခြေအလားအလာများကို လေ့လာဖော်ထုတ်သွားရေး၊ နှစ်နိုင်ငံအကြား သမိုင်းဘာသာရပ်၊ ရှေးဟောင်းသုတေသန၊ ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ၏ ပူးတွဲသုတေသနစီမံကိန်းများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ အနုပညာရှေးဟောင်းသုတေသန၊ တေးဂီတ၊ အားကစားနှင့်သတင်းမီဒီယာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေး၊ ပုဂံမြို့ရှိ အာနန္ဒာဘုရားပြုပြင်မွမ်းမံထိန်းသိမ်းရေးနှင့် ပတ်သက်၍ လုပ်ငန်းများကို ဆောလျင်စွာစတင်ရေး၊ နှစ်နိုင်ငံအကြား သံတမန်နှင့်ကောင်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ ဗုဒ္ဓဂယာ၌ မြန်မာဘုရားဖူးများ တည်းခိုနေထိုင်ရန်နှင့် ဘုန်းတော်ကြီးများသီတင်းသုံးရန်အတွက် ဘုန်းကြီးကျောင်းတစ်ကျောင်းတည်ဆောက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အနာဂတ်ကုလသမဂ္ဂလုံခြုံရေးကောင်စီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ အဆင်ပြေချောမွေ့ချိန်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်တစ်နေရာ ရရှိရေးအတွက် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုကို အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၌ နီးကပ်စွာညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို နှစ်ဖက်အလေးထားဆွေးနွေးကြပြီး အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံစိုက်ပျိုးရေးကဏ္ဍအပါအဝင် အခြားစီမံကိန်းများဆောင်ရွက်နိုင်ရန် သက်သာသောချေးငွေအမေရိကန်ဒေါ်လာသန်း ၅၀၀ ပေးမည်ဖြစ်ကြောင်း၊ လာမည့်ဘင်္ဂလားစတက်ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် အဆိုပြုခဲ့ခြင်းအပါအဝင် ဘင်္ဂလားစတက်အဖွဲ့၏ သဘာပတိသက်တမ်းကို အောင်မြင်စွာထမ်းဆောင်နိုင်စေရန် ဆန္ဒပြုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအောက်မှ မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ သဘာဝအနေအထားအရ အာဆီယံအဖွဲ့နှင့်အိန္ဒိယနိုင်ငံတို့အကြား နိုးစပ်ဆက်နွယ်မှုများနှင့်ပေါင်းစည်းအားအပေါ်အခြေခံ၍ မိမိတို့၏ အရှေ့မျှော်ဝါဒ အောင်မြင်တိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားလိုသည့် ရည်ရွယ်ချက်ကို ထပ်လောင်းအသိပေးလိုပါကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယနိုင်ငံချစ်ကြည်ရေးခရီးစဉ်တစ်လျှောက်လုံးတွင် လှိုက်လဲနွေးထွေးစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် အိန္ဒိယသမ္မတနိုင်ငံ သမ္မတအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့အား နှစ်ဖက်အဆင်ပြေမည့်အချိန်တွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားလိုပါကြောင်း ပြောကြားသည်။ နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်ကို အိန္ဒိယသမ္မတနိုင်ငံသမ္မတနှင့် ဝန်ကြီးချုပ်တို့က လက်ခံကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး Shri Vilasrao Deshmukh တို့က နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ် (၂၀၁၂-၂၀၁၅) ကိုလည်းကောင်း၊

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံမှ Foreign Secretary Shri Ranjan Mathai တို့က ရန်ကုန်ကလေးဆေးရုံကြီးနှင့် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးများ အဆင့်တိုးမြှင့်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြသည်။ လက်မှတ်ရေးထိုးပွဲအပြီးတွင် မြန်မာ–အိန္ဒိယနှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစွစ်ပရာတီဘာဒေဗီဆင်းပတေးလ်က နယူးဒေလီမြို့ရှိ သမ္မတနန်းတော်၌ အောက်တိုဘာလ ၁၄ ရက်နေ့ ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတက မိန့်ခွန်းပြောကြားရာ၌ အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် အချိန်ကာလ၏စမ်းသပ်မှုများကို ကြံ့ကြံ့ခံနိုင်ခဲ့ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်သည်။ ကောင်း၊ ယဉ်ကျေးမှု၊ ဘာသာရေးနှင့် လူမှုရေးဆိုင်ရာ အရသော်လည်းကောင်း နက်ရှိုင်းခိုင်မာသည့် ဆက်နွယ်မှုများရှိနေပါကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် မိမိတို့၏ ပထမဆုံးဝန်ကြီးချုပ်ဖြစ်သည့် ပန်ဒစ်ဂျဝါဟာလာလ်နေရူးက 'အာရှတစ်ခုလုံးအတွက် ထူးခြားမှုရှိသည့် ဖြစ်စဉ်တစ်ရပ်' အဖြစ်ပီပြင်စွာ ဖော်ညွှန်းခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအစိုးရများသည် လွတ်လပ်ရေးရချိန်မှစတင်၍ နောက်ပိုင်း ၁၀ စုနှစ်များအတွင်း ဘက်မလိုက်သောလွတ်လပ်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ရင်းနှီးဆက်နွယ်မှုများကို ပြန်လည်ဆန်းသစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရှေ့ကို မျှော်ကြည့်ရာတွင် မြန်မာနိုင်ငံသည် ပထမဆုံးတွေ့မြင်ရပြီး မိမိတို့ မျှော်မှန်းကြိုးပမ်းမှု၏ အဓိကနေရာ၌ ရှိနေပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံသည် ခေတ်သစ်သမိုင်းသစ်ကို ပါလီမန်ဒီမိုကရေစီသရုပ်သကန်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အစိုးရအဖွဲ့ကို စတင်ခြင်းအားဖြင့် ထူးခြားသည့် နိုင်ငံရေးစနစ်အပြောင်းအလဲများကို ဖော်ဆောင်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ချီးကျူးဂုဏ်ပြုပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ သက်တမ်းအစောပိုင်းကာလများအတွင်း တရားဥပဒေစိုးမိုးရေးနှင့်ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့ကို အလေးထားပြောကြားခဲ့သည့်အပြင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်သည့် တစ်ချိန်တည်းမှာပင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်ကို ဖော်ပြခဲ့ပါကြောင်း၊ ချစ်ခင်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံအနေဖြင့် အဆိုပါရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် မည်သည့်အကူအညီကိုမဆိုပေးအပ်ရန်အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးအခြေခံများပြန်လည်မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းများတည်ထောင်ရေးနှင့် ပညာရေးစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အဆွေတော်၏ ရည်မှန်းချက်များကို ထောက်ခံပြီး မိမိတို့ပါဝင်ကူညီသွားမည်ဖြစ်ပါကြောင်း၊ ယနေ့မိမိတို့ တွေ့ဆုံဆွေးနွေးမှုများသည် များစွာ အောင်မြင်ခဲ့ပါကြောင်း၊ နှစ်ဖက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဆောင်ရွက်ချက်အသစ်များကိုလည်း စတင်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို အဆင့်သစ်သို့ တိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းသွားကြရမည်ဖြစ်ပြီး ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရှိန်အဟုန်ကြီးမားသည့် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ သမ္မတကြီးဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ကျန်းမာ၊ ချမ်းသာစေရန်အတွက်လည်းကောင်း၊ မိတ်ဆွေမြန်မာပြည်သူအပေါင်းတိုးတက်သာယာဝပြောစေရန်အတွက်လည်းကောင်း၊ အိန္ဒိယ–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးတက်စေရန်အတွက်လည်းကောင်း မိမိနှင့်အတူ ဆုမွန်ကောင်းတောင်းကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားပြီး နှုတ်ဆက်ဆုမွန်ကောင်းများ တောင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ မိမိတို့နှစ်နိုင်ငံသည် ရေမြေနယ်

နိမိတ်ချင်းထိစပ်နေပြီး လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လာခဲ့ကြသည့် အိမ်နီးချင်းကောင်းများဖြစ်ကြပါကြောင်း၊ ရေမြေနယ်နိမိတ်ချင်းထိစပ်နေမှု၊ တူညီသည့်သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့်ဘာသာရေးထုံးတမ်းစဉ်လာတို့အပေါ်အခြေခံပြီး နှစ်နိုင်ငံပြည်သူများသည်လည်း နီးကပ်စွာ ကူးလူးဆက်ဆံလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းအိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်ရေးမူဝါဒကို အထူးအလေးထားသကဲ့သို့ အိန္ဒိယနိုင်ငံ၏ 'အရှေ့မျှော်ဝါဒ' ကိုလည်း အထူးလေးစားတန်ဖိုးထားပါကြောင်း၊ အဆိုပါမူဝါဒနှစ်ရပ်ကြောင့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ယခုကဲ့သို့ တိုးတက်ခိုင်မာလာခြင်းဖြစ်သည်ဟု အလေးအနက်ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံချင်းသာမက ဘင်းမ်စတက်အဖွဲ့၊ ဂင်္ဂါမဲခေါင်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်အဖွဲ့၊ အရှေ့အာရှထိပ်သီးအစည်းအဝေးလုပ်ငန်းဘောင်စသည့် ဒေသတွင်းနယ်ပယ်များအပြင် ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့စသည့် နိုင်ငံတကာ နယ်ပယ်များ၌လည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ အိန္ဒိယအစိုးရ၏ မြန်မာနိုင်ငံနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နေမှုများ၊ နည်းပညာဆင့်ပွားဖြန့်ဝေမှု အပါအဝင် အစစအရာရာ ကူညီထောက်ပံ့နေမှုများ၊ ဒေသတွင်းနှင့်နိုင်ငံတကာ နယ်ပယ်များ၌ ထောက်ခံအားပေးမှုများသည် မိမိတို့အစိုးရသစ်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်ချက်များကို အဓိကအထောက်အကူပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းကောင်းအိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံအဆင့်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရင်း ဒေသအဆင့်၊ နိုင်ငံတကာအဆင့်များ၌ ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဆိုသည်ကို အလေးအနက်ပြောကြားလိုပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ဆတက်ထမ်းပိုးရရှိခံစားရသကဲ့သို့ မိမိတို့နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆက်လက်တိုးတက်ဖွံ့ဖြိုးသာယာဝပြောစေရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ ချစ်ကြည်ရေးတည်တံ့ခိုင်မြဲတိုးတက်စေရေးအတွက်လည်းကောင်း၊ အဆွေတော်သမ္မတမစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်နှင့်ခင်ပွန်းတို့ကျန်းမာ၊ ချမ်းသာစေရေးအတွက်လည်းကောင်း၊ ကြွရောက်လာကြသော ဧည့်သည်တော်များနှင့် မိတ်ဆွေများကျန်းမာ၊ ချမ်းသာစေရေးအတွက်လည်းကောင်း မိမိနှင့်အတူ ဆုမွန်ကောင်းများတောင်းပေးကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်း ပြောကြားပြီး နှုတ်ဆက်ဆုမွန်ကောင်းများ တောင်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတမစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်နှင့်အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ဂုဏ်ပြုညစာစားပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်နှုတ်ဆက်ကြပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

စိုးအောင်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ။ ။(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာလ ၁၅ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သစ်တောသုတေသနဌာန၊ သစ်တောတက္ကသိုလ်တို့၌ ကျင်းပသည်။

(၁၈) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC) ၌ ကျင်းပသည်။

ထိုအခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေးကော်မတီနာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီလုပ်ငန်းဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဗဟိုအကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၏ ရင်ပြင်၌ ကျင်းပခဲ့သည်။ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနား၏ ဒုတိယပိုင်းကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ညီလာခံခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနား၌ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းဖြင့် အနုပညာရှင်များက သီဆိုတင်ဆက်ကပြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်တွင် နေပြည်တော်မြို့တော်ခန်းမ၌ကျင်းပရာ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုအကဲဖြတ်ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကဏ္ဍအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အင်အားစာရင်းမှာ ကချင်ပြည်နယ်မှ အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၃၃ ဦး စုစုပေါင်း ၈၅ ဦး၊ ကယားပြည်နယ်မှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၁ ဦး၊ ကရင်ပြည်နယ်မှ အမျိုးသား ၅၀ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၇၇ ဦး၊ ချင်းပြည်နယ်မှ အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၃၇ ဦး၊ မွန်ပြည်နယ်မှ အမျိုးသား ၇၀ ဦး၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၁၁၂ ဦး၊ ရခိုင်ပြည်နယ်မှ အမျိုးသား ၃၆ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၅၅ ဦး၊ ရှမ်းပြည်နယ်မှ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၂၀ ဦး စုစုပေါင်း ၆၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အမျိုးသား ၁၉၃ ဦး၊ အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၂၄၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၄၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ အမျိုးသား ၁၀၉ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၁၄၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၉၅ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၁၂၉ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ၃၇၁ ဦး၊ အမျိုးသမီး ၁၃၆ ဦး စုစုပေါင်း ၅၀၇ ဦး၊

ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား ၄၂၀ ဦး၊ အမျိုးသမီး ၂၂၇ ဦး စုစုပေါင်း ၆၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ အမျိုးသား ၁၄၅ ဦး၊ အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၂၀၀ ဦးဖြစ်သည်။ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုပေးပွဲအခမ်းအနား၌ ပြိုင်ပွဲ ကျင်းပ ရေဦးစီးကော်မတီနာယကဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်သန်းထွဋ်တို့.ကလည်းကောင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးမြင့်သိန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါစန္ဒာခင်၊ ဦးကျော်ကျော်ဝင်း၊ ဦးခင်မောင်အေး၊ ဦးအေးမြင့်ကြူ၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့်တို့.ကလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ဆုရရှိသူများကလည်း ဘာသာရပ်အလိုက် ဆုရကဏ္ဍများကို ပြန်လည်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသည့်ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်လူဦးရေ၊ ပြိုင်ပွဲဝင်အရေအတွက်နှင့်(ရွေး၊ ငွေ၊ ကြေး) ဆုရရှိမှုစာရင်း

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	ပြိုင်ပွဲဝင် လူဦးရေ	ပြိုင်ပွဲဝင် အရေအတွက်	ရွေး	ငွေ	ကြေး	အထူးဆု	နှစ်သိမ့်ဆု	ဂုဏ်ပြုဆု	စုစုပေါင်း
၁	ရန်ကုန်	၄၂၀	၆၄၇	၈၁	၆၄	၆၄	-	၄	-	၂၁၃
၂	မန္တလေး	၃၇၈	၅၀၇	၃၅	၄၃	၃၈	-	၄	-	၁၂၀
၃	စစ်ကိုင်း	၁၇၇	၂၄၁	၁၆	၁၂	၁၄	-	-	၁	၄၃
၄	ပဲခူး	၁၁၁	၁၄၅	၁၀	၈	၄	-	-	-	၂၂
၅	ဧရာဝတီ	၁၂၇	၂၀၀	၈	၇	၁၃	၁	၂	-	၃၁
၆	ကချင်	၇၅	၈၉	၄	၈	၈	-	-	၁	၂၁
၇	မွန်	၈၃	၁၁၂	၃	၇	၄	-	-	-	၁၄
၈	ရှမ်း	၅၁	၆၁	၃	၂	၂	-	၁	၃	၁၁
၉	ကရင်	၆၆	၇၇	၃	၂	၂	-	၁	၁	၉
၁၀	မကွေး	၁၀၆	၁၂၉	၂	၇	၄	-	-	-	၁၃
၁၁	ရခိုင်	၄၅	၅၅	၂	၄	၄	-	-	-	၁၀
၁၂	ချင်း	၃၁	၃၇	၂	၁	၃	-	၁	၂	၉
၁၃	တနင်္သာရီ	၃၃	၄၉	၁	၆	၃	-	-	၁	၁၁
၁၄	ကယား	၂၉	၃၁	၁	-	-	-	၂	၄	၇
စုစုပေါင်း		၁၇၃၂	၂၃၇၆	၁၇၁	၁၇၁	၁၆၃	၁	၁၅	၁၃	၅၂၄

ကြိုးပင်ကောက်တင်မောင်ဦး



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက မိန့်ခွန်းမြွက်ကြားစဉ်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းကကြီးမှူး၍ ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ၂၀၁၁ ခုနှစ် ဧန်နဝါရီလ ၂၃ ရက်နေ့တွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဧနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်မောင်မောင်အေးနှင့်ဧနီး၊ အစိုးရအဖွဲ့အဖွဲဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသူများ

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁။	အကောင်းဆုံးရုပ်ရှင်အသံဆု	ဆန်းဦးနှင့်အဖွဲ့	အတိတ်ရဲ့အရိပ်
၂။	အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု	ကိုကိုဌေးနှင့်အဖွဲ့	အတိတ်ရဲ့အရိပ်
၃။	အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု	စိုးပြည့်သဇင်	မိုးညအိပ်မက်မြူ
၄။	အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု	မြင့်ဦးဦးမြင့်	ကြိုးကြာတောင်ပံခတ်သံ
၅။	အကောင်းဆုံးရုပ်ရှင်တေးဂီတဆု	ဓိရာမိုရ်	ဇော်က ကနေသည်
၆။	အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု	နေတိုး	မိုးညအိပ်မက်မြူ
၇။	အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု	ဇော်မင်း (ဟံသာမြေ)	ကျောက်စက်ရေ
၈။	အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု	စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေး	ကြိုးကြာတောင်ပံခတ်သံ
၉။	အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု	မီးပွား	ဇော်က ကနေသည်

ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့်ဗီဒီယိုဆင်ဆာအဖွဲ့မှ တာဝန်ရှိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီရွေစင်ရုပ်ဆု)များကို ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ လူမှုရေးအသင်းအဖွဲများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့်ရုပ်ရှင်ချစ်ပရိသတ်များတက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရသည် ၁၉၅၂ ခုနှစ်မှစ၍ နှစ်စဉ် ချီးမြှင့်ခဲ့ရာတွင် အမျိုးအစား ၇ မျိုးမှ ၁၁ မျိုးအထိ တိုးမြှင့်သတ်မှတ်ပြီး ချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်က ရုပ်ရှင်လောကသားများ၏ အရည်အသွေးမြင့်မားလာစေရန် ပြည်ပရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ပညာနှိုးနှောဖလှယ်ပွဲများသို့ သွားရောက်လေ့လာနိုင်စေရန် ရုပ်ရှင်ဆိုင်ရာနည်းပညာရရှိလာပြီး ပူးပေါင်းရိုက်ကူးထုတ်လုပ်နိုင်ရန်၊ မြန်မာ့ရုပ်ရှင်ဇာတ်ကားများ



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းက ဆန်းဦးနှင့်အဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးအား ဆုချီးမြှင့်စဉ်

ပြည်ပကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ ထို့ကြောင့် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်မှုအရေအတွက်နှင့် အရည်အသွေးများမှာ တိုးတက်မြင့်မားလာပြီဖြစ်သည်။

၂၀၀၉ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၁၆ ကားအနက် အရည်အသွေး ပြည့်မီသူ၊ ထိုက်တန်သူများကို သက်ဆိုင်ရာဆုအလိုက် တာဝန်ရှိသူများက စိစစ်ရွေးချယ်ခဲ့သည်။

ရန်ကုန်ပညာရေးတက္ကသိုလ်။ ။ပညာရေးတက္ကသိုလ်သည် ဗြိတိသျှအစိုးရလက်ထက် ၁၉၃၁ ခုနှစ်တွင် ဆရာဖြစ်သင်ကောလိပ်အဖြစ်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ဆရာဖြစ်သင်ကောလိပ်၏ ကျောင်းအုပ်ကြီးမှာ ဒေါက်တာ ဂျီအက်ဖ်ကလက်ခ် (Dr.G.F.Clark) ဖြစ်သည်။ ပညာရေးကောလိပ်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ "အင်္ဂလိပ်နှင့် အင်္ဂလိပ်တိုင်းရင်းသား ဘာသာသင်ကျောင်းများ၏ အလယ်တန်းအဆင့်တွင်လည်းကောင်း၊ အထက်တန်းအဆင့်တွင်လည်းကောင်း ပြဋ္ဌာန်းထားသော ဘာသာရပ်များကို သင်ကြားတတ်သော အရည်အချင်းပြည့်ဝသည့်ဆရာ၊ ဆရာမများ လေ့ကျင့်မွေးထုတ်ပေးရန်" ဖြစ်သည်။ ပညာရေးကောလိပ်သည် ဘွဲ့ရရှိပြီးသူများအတွက် လက်ခံသင်ကြားပေးသော သင်တန်းဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများအတွက် နှစ်နှစ်သင်အလယ်တန်းဆရာဖြစ်သင်တန်း (ယူတီတီစီ) ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ "သူငယ်တန်း ဆရာဖြစ် သင်တန်း" ကို ၁၉၃၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဆရာ၊ ဆရာမများကိုသာ လက်ခံခဲ့သည်။ သင်တန်း ကာလမှာလည်း နှစ်နှစ်ပင်ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် ကာယပညာအထူးဆရာဖြစ်သင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းကာလမှာ သုံးနှစ်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည့် ၁၉၄၁ ခုနှစ်တွင် ကောလိပ်ကျောင်းကို ပိတ်ခဲ့ရသည်။ ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဂျပန်ခေတ်ဆရာဖြစ်သင်ကောလိပ်ကို ရန်ကုန်ပဒွန်တောင်မြို့နီစီပါယ်ကျောင်း၌ ဖွင့်လှစ်ခဲ့သည်။ ကျောင်းအုပ်ကြီးမှာ ဆရာကြီး ဦးဘဖြစ်သည်။ ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်မှာ "နိုင်ငံ၌ လိုအပ်သော ပြည်ကျိုးဆောင်ဆရာများကို လေ့ကျင့်ပေးရန်" ဟူ၍ဖြစ်သည်။ ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ချင်းချောင်းနန်းတော်သို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းနှစ် ဇွန်လ ၂၂ ရက်နေ့တွင် စိန်ဂျွန်းကွန်ဗင်ကျောင်း (ယခု လသာ အထက-၂) သို့ပြောင်းရွှေ့ခဲ့ရပြန်သည်။

၁၉၄၄ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ဘီအီးဒီနှင့် ယူတီတီစီသင်တန်းများကို ထပ်မံဖွင့်လှစ်ခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ခေတ်တစ်လျှောက်လုံးတွင် ဆရာကြီးဦးဘသည် ဆရာဖြစ်သင်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၄၄ ခုနှစ် မှ ၁၉၄၅ ခုနှစ်အထိ ပညာရေးပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးချိန် ၁၉၄၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကို ပြန်လည်ဖွဲ့စည်းရာတွင် အားလုံးသော ကောလိပ်များကို မဟာဌာနများအဖြစ် ပြောင်းလဲပေးခဲ့

သည်။ ထို့ကြောင့် ယခင်ဆရာဖြစ်သင်ကောလိပ် (တီတီစီ) သည် ပညာရေးမဟာဌာန (Fauclty of Education) ဖြစ်လာခဲ့သည်။ ဆရာကြီး ဦးဘသည် ပညာရေးပါမောက္ခနှင့် မဟာဌာနမှူး ဖြစ်လာသည်။ ပညာရေးမဟာဌာန၏ ရည်ရွယ်ချက်မှာ "အထက်တန်းအဆင့် ဘာသာရပ်များကို သင်ကြားတတ်ရုံမျှမက ပညာရေးပြဿနာများကို ဖြေရှင်းပေးနိုင်သူများ ဖြစ်ရမည်။ သုတေသနပြုနိုင်ရမည်" ဟူ၍ဖြစ်သည်။

ပညာရေးတက္ကသိုလ်ပေါ်ပေါက်လာခြင်း

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် စနစ်သစ်တက္ကသိုလ်ပညာရေးကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ပညာရေး၊ အင်ဂျင်နီယာနှင့် ဆေးပညာတို့သည် သီးခြားတက္ကသိုလ်များ ဖြစ်လာသည်။ စီးပွားရေး၊ စိုက်ပျိုးရေး၊ သွားကောလိပ်၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးတို့ကိုလည်း သီးခြားတက္ကသိုလ်များအဖြစ် တည်ထောင်ခဲ့သည်။ ထို့ကြောင့် ယခင်ပညာရေး မဟာဌာနသည် ပညာရေးတက္ကသိုလ်ဖြစ်လာခဲ့သည်။

တည်နေရာမှာ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီအဝိုင်းအနီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းနှင့် မျက်နှာချင်းဆိုင်တွင် ဖွင့်လှစ်ထားရှိသည်။ ပညာရေးတက္ကသိုလ်တွင် ရည်ရွယ်ချက် ၃ ရပ်ထားရှိရာ (၁) နိုင်ငံတော်အစိုးရအထက်တန်းကျောင်း၌ အောင်မြင်စွာ သင်ကြားပို့ချနိုင်ရေးအတွက် သင်ခြေပညာ (Academic Qualification)၊ သင်ဝေပညာ (Professional Qualification) နှင့် သဘောစေတနာ (Attitudinal Qualification) တို့နှင့် ပြည့်စုံသည့် အထက်တန်းပြဆရာများ ပြုစုပျိုးထောင်ပေးရန်၊ (၂) ပညာရေးကို သိကျွမ်းနားလည်သည့် ပညာရေးသမားများ လိုအပ်နေသဖြင့် ယင်းသို့သော ပညာရှင်များကို မွေးထုတ်ပေးမည့် အဆင့်မြင့်ပညာရေး သင်တန်းများ ဖွင့်လှစ်ပို့ချရာ ဗဟိုဌာန (A Centre of Advanced Study in Education) အဖြစ် ဆောင်ရွက်ရန်၊ (၃) ကျောင်းနှင့်မြို့နယ်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ဗဟိုအဆင့်တို့၌ ဦးဆောင်မှု ပေးနေကြသည့် ပညာရေးအရာရှိကြီး/ငယ်တို့အား တိုးငှက်သောစီမံခန့်ခွဲမှု နည်းနိသယများကို ခေတ်နှင့်အညီ ရရှိကျင့်သုံးတတ်စေရန်အလို့ငှာ လုပ်ငန်းခွင်သင်တန်း၊ နှိုးနှောဆွေးနွေးပွဲ၊ ဆွေးနွေးပွဲအလုပ်စခန်းစသည်တို့ကို ကျင်းပပေးရာ၌ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ (၄) အင်္ဂလိပ်စာကို အထူးအသုံးပြုရသည့် အစိုးရဌာနများ၊ စာပေလုပ်ငန်းဌာနများ၊ နိုင်ငံခြားရေးရာဌာနနှင့် ပညာရေးဌာန စသည်တို့၌ အင်္ဂလိပ်စာကို အသုံးပြုဆောင်ရွက်နိုင်သည့် အင်္ဂလိပ်စာအထူးတတ်ကျွမ်းသည့် ပညာရှင်များ ပြုစုပျိုးထောင်ပေးရန် ဟူ၍ဖြစ်သည်။

ပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်ပေးသော သင်တန်းများမှာ ဘီအီးဒီသင်တန်း၊ ပညာရေးဒီပလိုမာ သင်တန်း၊ အင်္ဂလိပ်စာသင်တန်းများ၊ မဟာပညာရေးဘွဲ့သင်တန်းများဖြစ်သည်။ ယခုအချိန်တွင် ပညာရေးပါရဂူသင်တန်းကို ဖွင့်လှစ်လျက်ရှိသည်။ ပညာရေးတက္ကသိုလ်သည် အခြေခံအားဖြင့် အစဉ်အလာကြီးမားသော တက္ကသိုလ်ကြီးဖြစ်ပေသည်။

ပညာရေးတက္ကသိုလ် သည် မဟာပညာရေးဘွဲ့ (M.Ed) ကို သင်ကြားအပ် နှင်းပေးနိုင်ခဲ့ပြီး ယခုအချိန်တွင် (၂၀၀၁-၂၀၀၂) ခုနှစ် မှစ၍ ပါရဂူဘွဲ့ကိုပါ ပေးနိုင်သည့် ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကြီးဖြစ်နေပြီဖြစ်သည်။ ပညာရေးတက္ကသိုလ် သက်တမ်းမှာလည်း နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီဖြစ်သည်။ ရွှေရတုကာလသို့ရောက်ရန် နီးကပ်လာပြီဖြစ်သည်။ ပညာရေးတက္ကသိုလ်၏ တီတီစီကျောင်းဖွင့်ချိန်မှစ၍ ပညာရေးတက္ကသိုလ် ယနေ့ကာလအထိ မဟာဌာနမှူးများ၊ ပါမောက္ခချုပ်များမှာ ဖော်ပြပါဇယားအတိုင်းဖြစ်သည်။

ပညာရေးတက္ကသိုလ်၏ ပထမဆုံးအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် စတင်ကျင်းပနိုင်ခဲ့သည်။ ပညာရေးတက္ကသိုလ်ကပေးအပ်သည့် ဘီအီးဒီဘွဲ့၊ မဟာပညာရေးဘွဲ့၊ ပညာရေးပါရဂူဘွဲ့များအတွက် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ (၄၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပေးခဲ့ပြီးဖြစ်သည်။ ပညာရေးတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမြဲဖြစ်သည်။

တိုတိုစကျောင်းအုပ်ကြီးများနှင့် မဟာဌာနမှူးများ

စဉ်	အမည်	ရာထူး	နှစ်ကာလ
၁။	ဒေါက်တာကျိုအက်ဖ်ကလပ် M.A,Ph.D, (Jena) I.E.S	ကျောင်းအုပ်ကြီး (ဆရာဖြစ်သင်ကောလိပ်)	၁၉၃၁-၃၇
၂။	ဒေါက်တာဦးဘ B.A (Hons), D.T (London), B.Ed (Edinburough)	မဟာဌာနမှူး (ပညာရေးမဟာဌာန) ဆရာအတတ်သင် ညွှန်ကြားရေးဝန် ပညာရေးပါမောက္ခ (ကျပန်ဆရာအတတ်သင် ကောလိပ်)-စစ်ပြီးစ အထူးပါမောက္ခ(ပညာရေး မဟာဌာန) စည်သူဘွဲ့. မဟာသရေစည်သူ	၁၉၄၆-၅၂ ၁၉၅၂-၅၇ ၁၉၅၂-၅၇ ၁၉၅၅ ၁၉၅၈
၃။	ဦးကွန်း B.A, B.Ed	မဟာဌာနမှူးနှင့်ကထိက (ပညာရေး မဟာဌာန)	၁၉၅၂-၅၇
၄။	ဒေါက်တာ ကေမြရီ . B.A (Hons), B.Ed,M.Sc (Cornell), Ph.D (Chicago)	ပါမောက္ခ (ပညာရေးတက္ကသိုလ်)	၁၉၆၄-၇၉
၅။	ဦးဘမြင့် B.A,B.Ed,M.A (London)	ပညာရေးမဟာဌာနမှူး	၁၉၅၉-၆၀
၆။	ဦးဘဘွား B.A,M.Ed (Leeds)	ပညာရေးမဟာဌာနမှူး	၁၉၆၀-၆၂

စဉ်	အမည်	ရာထူး	နှစ်ကာလ
၁။	ဒု-ဗိုလ်မှူးကြီးစံမြင့် B.A,B.Ed	ပါမောက္ခချုပ် (ပညာရေးတက္ကသိုလ်)	၁၉၆၄-၇၂
၂။	ဒေါက်တာခင်မောင်ဝင်း M.A (Yale), Ph.D (Yale)	ပါမောက္ခချုပ်	၁၉၇၂-၇၄
၃။	ဦးကျော် M.A	ပါမောက္ခချုပ်	၁၉၇၄-၇၈
၄။	ဦးသောင်းထွဋ် B.A,B.Ed,M.S (Indiana)	ပါမောက္ခချုပ်	၁၉၇၈-၈၅
၅။	ဒေါက်တာရဲအောင် B.A (Ed),B.Ed.Ph.D(Moscow)	ပါမောက္ခချုပ်	၁၉၈၆-၈၇
၆။	ဦးခင်မောင်တင့်(တက္ကသိုလ်ဘုန်းနိုင်) B.A(Hons)(Rgn), M.A(Columbia)	ပါမောက္ခချုပ်	၁၉၈၈-၈၉
၇။	ဦးဦးသာကျော် B.A,B.Ed,M.Ed	ပါမောက္ခချုပ်	၁၉၈၉-၉၀
၈။	ဦးမျိုးညွန့်. M.Sc	ပါမောက္ခချုပ်	၁၉၉၀-၉၂
၉။	ဦးဟန်တင် B.A Honours, M.A (Manchester U.K)	ပါမောက္ခချုပ်	၁၉၉၂-၂၀၀၁
၁၀။	ဒေါက်တာခင်ဇော်	ပါမောက္ခချုပ်	၂၀၀၂-၂၀၀၆
၁၁။	ဂုဏ်ထူးဆောင် ဒေါက်တာ ဒေါထူးထူးအောင်	တာဝန်ခံပါမောက္ခချုပ်	၂၀၀၆-၂၀၀၇
၁၂။	ဒေါက်တာဒေါလွင်လွင်စိုး	တာဝန်ခံပါမောက္ခချုပ်	၂၀၀၇-၂၀၁၁
၁၃။	ဒေါက်တာအောင်မင်း	ပါမောက္ခချုပ်	၂၀၁၁-ယနေ့အထိ

ပညာရေးတက္ကသိုလ်မှ မွေးထုတ်ခဲ့သည့် ဘွဲ့ရ ကျောင်းသူကျောင်းသားများသည် ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများဖြစ်ကြမည့်သူများ ဖြစ်ပေရာ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့ရ ဆရာ၊ ဆရာမ အပေါင်းတို့သည် သိအပ်၊ လိုက်နာအပ်၊ ကျင့်ကြံအားထုတ်အပ်သော သစ္စာဓိဋ္ဌာန် (၄) ချက်ကိုလည်း ရွတ်ဆိုကြသည်။

၎င်းသစ္စာဓိဋ္ဌာန် (၄) ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) အကျွန်ုပ်သည် မြန်မာ့လူ့ဘောင် တည်ဆောက်ထိန်းသိမ်းရာတွင် ပါဝင်မည့် ကျွမ်းကျင်လိမ္မာသော ပညာရှင်များကို လည်းကောင်း၊ မြန်မာ့စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် လူမှုရေးလုပ်ငန်းအရပ်ရပ်တွင် တိုးတက်မှုရှိအောင် စွမ်းဆောင်မည့် ပညာရှင်များကိုလည်းကောင်း၊ မွေးထုတ်ပေးရန် အစွမ်းကုန်ကြိုးစားပါမည်။

(၂) အကျွန်ုပ်သည် တပည့်များအား မြန်မာ့အတွေးအခေါ်နှင့်လျော်ညီသည့် စိတ်နေသဘောထား၊ ကျင့်ဝတ်သိက္ခာများနှင့် ပြည့်စုံအောင်အစွမ်းကုန်လေ့ကျင့်သင်ကြားပေးပါမည်။

(၃) အကျွန်ုပ်သည် မြန်မာ့လူ့ဘောင်တည်ဆောက်ရာတွင် ပါဝင်နေကြသော ပြည်သူပြည်သားတို့၏ အသိဉာဏ်အမြော်အမြင်တိုးတက်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးအတွက်လည်းကောင်း အစွမ်းကုန် ကူညီပါမည်။

(၄) အကျွန်ုပ်သည် အကျင့်စာရိတ္တပျက်ပြားခြင်းမရှိအောင် မြဲမြံစွာထိန်းသိမ်းလျက် ဆရာတို့၏ ဂုဏ်သိက္ခာကို အစွမ်းကုန်မြှင့်တင်ပါမည်။

နိုင်ငံတစ်နိုင်ငံ၏ ပညာရည်မြှင့်တင်မှုလုပ်ငန်းတွင် ဆရာများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ ဆရာများ၏ စွမ်းရည်မြင့်မားမှသာလျှင် ပညာရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်

ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဆရာများ အရည်အသွေးမြင့်မားမှုသည် ဆရာအတတ်ပညာရေးဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပေါ်တွင်လည်း မူတည်ပေသည်။ မြန်မာနိုင်ငံတွင် ဆရာအတတ်ပညာ သင်ကြားပို့ချပေးနေသော ပညာရေးတက္ကသိုလ်နှစ်ခုနှင့် ပညာရေးကောလိပ် ၂၀ ရှိသည်။ ဖော်ပြပါ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များ၏ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အရေ့တောင်အာရှနှင့် အခြားနိုင်ငံတကာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများနှင့် နှိုင်းယှဉ်၍ သင်ကြားပို့ချပေးလျက်ရှိပြီး ပညာရေးဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

ပညာရေးတက္ကသိုလ်တွင် ပညာရေးဌာနကြီး ၃ ဌာန၊ ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် ၉ ဌာန၊ ကာယနှင့် ကျောင်းကျန်းမာရေးဌာန ၁ ဌာနတို့ရှိပြီး စုစုပေါင်း ဘာသာရပ်ဌာန ၁၃ ဌာနရှိသည်။ ယင်းတို့မှာ ပညာရေးသဘောတရားဌာန၊ ပညာရေးစိတ်ပညာဌာန၊ သင်ပြနည်းဌာန၊ အင်္ဂလိပ်စာဌာန၊ မြန်မာစာဌာန၊ သချိုင်္ဂဌာန၊ ရူပဗေဒဌာန၊ ဓာတုဗေဒဌာန၊ ဇီဝဗေဒဌာန၊ သမိုင်းဌာန၊ ပထဝီဝင်ဌာန၊ စီးပွားရေးပညာဌာန၊ ကာယနှင့်ကျောင်းကျန်းမာရေးပညာဌာနတို့ဖြစ်ကြသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်စာကြည့်တိုက်

ရန်ကုန်ပညာရေးတက္ကသိုလ်စာကြည့်တိုက်နောက်ခံသမိုင်းမှာ ၁၉၄၆ ခုနှစ်မှစ၍ ပညာရေးမဟာဌာနအဖြစ် ဖွင့်စဉ်ကပင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် စနစ်သစ်ပညာရေးအရ တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်သောအခါ ပညာရေးတက္ကသိုလ်ဖြစ်လာပြီး စာကြည့်တိုက်သည်လည်း ပညာရေးတက္ကသိုလ်စာကြည့်တိုက်ဖြစ်လာသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်စာကြည့်တိုက်အနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကာလ၏ အဆင့်မြင့်ပညာရေးကဏ္ဍတစ်ခုအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် သင်ကြားရေးကဏ္ဍများအတွက် အထောက်အကူပြုသည့် စာအုပ်၊ စာတမ်းများ၊ e-Library၊ Internet၊ e-Book များဖြင့် စာကြည့်တိုက်တို့အား အသုံးပြုသည့် ကျောင်းသူ၊ ကျောင်းသားများ ဆရာ၊ ဆရာမများ၊ သုတေသီများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ထားရှိသည်။

ယခုအချိန်တွင် ခေတ်မီအီလက်ထရွန်းနစ် စာကြည့်တိုက်တစ်ခုအဖြစ် ပေါ်ထွန်းလာစေရန် လိုအပ်သည့် (Accessory) များ ဖြည့်ဆည်းပေးခဲ့သောကြောင့် ၂၀၀၇ ခုနှစ်မှစ၍ e-Library ရေ့.ပြေးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

စာကြည့်တိုက်ရှိ စာအုပ်စာတမ်းများကို မှတ်ပုံတင် (Accession) ရေးသွင်းကာ (Anglo American Cataloguing Rules 2nd Revision) နည်းဖြင့် ကတ်တလောက်များ ပြုစုထားပြီး (Dewey Decimal Classification, 19th Edition) နည်းဖြင့် ပညာရပ်အမျိုးအစားခွဲကာ စင်တင်ထားရှိသည်။ စာဖတ်သူများအတွက် စင်ပိတ်စနစ်ကို အသုံးပြုသည်။ ဝန်ဆောင်မှုပေးရာတွင် အထွေထွေစာဖတ်ခန်း (General Reading Room)၊ စာငှားဌာနစိတ် ၂ နှင့် ရည်ညွှန်းစာဖတ်ခန်း (Reference Room) စာငှားဌာနစိတ် ၁ ဟူ၍ နှစ်ခုခွဲပြီး ထားရှိသည်။ ယခုအခါတွင် e-Library Website ကို အသုံးပြုနိုင်ရန်နှင့် e-Book ဖတ်ရှုနိုင်ရန် သီးသန့်ခန်းတစ်ခုကိုလည်း ဖြည့်ဆည်းထားရှိပေးသည်။ ၂၀၀၇ ခုနှစ် မတ်လ ၁၁ ရက်မှစ၍ ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းလုပ်ဆောင်သည့် (e-Library Website) ကို အင်တာနက်တွင် တင်ထားနိုင်ခဲ့ရာ စာဖတ်သူများ အင်တာနက်သုံးခွင့် ရရှိလာပြီဖြစ်သည်။ စာကြည့်တိုက်အနေဖြင့် အသုံးပြုသူ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ စာကြည့်တိုက်အသုံးပြုမှု အခြေအနေကို စာတမ်းပြုစု၍ မှတ်တမ်းတင်ထားရှိသည်။ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းအတွက်လည်း သီးခြားစာကြည့်တိုက်ခွဲထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပညာရေးတက္ကသိုလ် အထိမ်းအမှတ်တံဆိပ်တွင် "အားလုံးဆောင်ရွက်၊ အားလုံးတွက်တည့်" ဟု ဖော်ပြပါရှိသည်။ လူသားအားလုံးအကျိုးအတွက် ဆောင်ရွက်ရာတွင် ပညာရေးတက္ကသိုလ်၏ အကျိုးပြုနိုင်မှု

သည် အလွန်ပင်နက်ရှိုင်းသိမ်မွေ့ပြီး အရေးပါလျက်ရှိပေသည်။

ယနေ့အချိန်အခါသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အားကြိုးမာန်တက် ဆောင်ရွက်နေချိန် ဖြစ်သည်။ ပညာရေးကဏ္ဍတွင်လည်း ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရန် အနှစ်သုံးဆယ် နှစ်ရှည်စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်လည်း ဖြစ်သည်။

နေသောလုပ်ခွင်ရှိ ဆရာ၊ ဆရာမများ၏ ပညာရည်ပိုမိုမြင့်မားလာရေးအတွက် ဆောင်ရွက်ရန်၊ ဆရာဟူသော ဂုဏ်ပုဒ်နှင့် လိုက်လျောညီထွေသည့် ဆရာ၊ ဆရာမများ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊ မြန်မာနိုင်ငံပညာရေးကို အထောက်အကူပြုစေမည့် ခေတ်မီသင်နည်းများ၊ သုတေသနလုပ်ငန်းကြံဆတီထွင်မှုများ ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားရှိခြင်းဖြစ်သည်။ ပညာရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးအသိအမြင် ကျယ်ပြန့်ရေး၊ ခေတ်မီသင်ကြား



ရန်ကုန်ပညာရေးတက္ကသိုလ်

ရန်ကုန်ပညာရေးတက္ကသိုလ်ကို နိုင်ငံတော်ကချမှတ်သော ပညာရေးမူဝါဒကို နားလည်သဘောပေါက်၍ တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်မည့် ပညာရှင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ ဖြစ်လာစေရေးအတွက် ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံပညာရေးကို အထောက်အကူပြုစေနိုင်မည့် သက်ဆိုင်ရာပညာရှင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးရန်၊ မြန်မာနိုင်ငံပညာရေးတွင် ဆောင်ရွက်မှု၊ သင်ယူမှုနည်းစနစ်များ သုတေသနပြု တီထွင်အသုံးပြုရေး၊ ဆရာအတတ်ပညာနှင့် ပညာရေးနည်းပညာများ ပြန့်ပွားရေးအတွက် ပုံမှန်သင်တန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများကို တီထွင်ဖွင့်လှစ်ကာ ပညာရေးစွမ်းအင်သစ်များကို နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည့် တက္ကသိုလ်ကြီးပင်ဖြစ်ပေသည်။

အေး (ရန်ကုန်တက္ကသိုလ်)

ရွေးဟောင်းမင်စာ။ ။ မြန်မာ့ရွေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သောပေစာ၊ ပုရပိုက်စာ၊ ခေါင်းလောင်းကမွည်းစာ၊ ကျောက်စာ စသည်တို့ကို လူတိုင်းသိရှိ နားလည်တွေ့ဖူး၊ ကြားဖူးကြသော်လည်း ပလွင်စာ၊ သိမ်စာ၊ သပိတ်စာ၊ သစ်ထွင်းစာ၊ အုတ်ချပ်စာ၊ သဲချိုင်းစာ၊ မင်စာများကိုမူ သိသူနည်းပါးလှပေသည်။ ထိုသို့ လူသိနည်းသောနိုင်ငံတစ်ဝန်းရှိ မင်စာများအကြောင်းကို နိုင်ငံတော်၏ရွေးဟောင်းစာပေ အမွေအနှစ်ဖြစ်သော မင်စာအကြောင်း သိရှိရန်လိုအပ်ပေသည်။ ပါရဂူဘွဲ့ကျမ်းများ၊ မဟာဝိဇ္ဇာဘွဲ့ကျမ်းများ၊ ဒီပလိုမာဘွဲ့ကျမ်းများရေးသားမည့် သုတေသီများ၊ ကျောင်းသား၊ ကျောင်းသူများအား မင်စာနှင့်ပတ်သက်သောကျမ်းများ ရေးသားရာတွင် အထောက်အကူဖြစ်စေရန် သမိုင်းသုတေသနဦးစီးဌာနရှိ မင်စာမှတ်တမ်းစာရင်းများအရ အကြမ်းအားဖြင့် တင်ပြလိုသည်။

'မင်စာ'ဆိုသည်မှာ ဆေးမင်ဖြင့်ရေးသားထားသောစာကို ခေါ်ခြင်းဖြစ်သည်။ ရွေးဟောင်းဗုဒ္ဓဘာသာဂူဘုရားများ၏ အဝင်မုခ်၊ စကြံ၊ အာရုံခံ၊ ဂန္ဓကုဋိ အစရှိသည်တို့၏နံရံများပေါ်တွင် မင်ဖြင့်ရေးထားသောစာများဖြစ်သည်။ စာချည်းရေးသားထားသော မင်စာများရှိသကဲ့သို့ ဆေးရေးပန်းချီပုံများ၏အောက်မှ ယင်းဆေးရေးပန်းချီပုံ၏ အဓိပ္ပာယ်ကို ဖော်ဆောင်ကာ အတန်းလိုက်ရေးထားသော မင်စာများလည်းရှိသည်။ ယင်းကဲ့သို့မင်ဖြင့်ရေးသားခဲ့ကြသည့် မှတ်စုမှတ်ရာစာပေအဖြာဖြာတို့ကို ဖတ်ရှုရေးမှတ်ပြောဆိုသုံးနှုန်းရာတွင် လွယ်ကူတွင်ကျယ်စိမ့်သောငှာ နှောင်းခေတ် (မျက်မှောက်ခေတ်) သုတေသီတို့က မင်စာ (INK INSCRIPTION) ဟူ၍လည်းကောင်း၊ (INK WRITING) ဟူ၍လည်းကောင်း မှည့်ခေါ်ထားခြင်းဖြစ်သည်။

မင်စာများမှာ များသောအားဖြင့် ဘာသာရေးအကြောင်းရေးသားထားသောစာများဖြစ်သည်။ မူလသာသနိက အဆောက်အအုံများအတွင်း၌ နိယတဗျာဒိတ်ခံတော်မူပုံ၊ နှစ်ကျိပ်ရှစ်ဆူပုံ၊ ငါးရာ့ငါးဆယ်ဇာတ်တော်ပုံ၊ ဇာတ်ကြီးဆယ်ဘွဲ့ပုံ၊ ဗုဒ္ဓဝင်ပုံ၊ နိပါတ်တော်လာဇာတ်ကောက်နုတ်ချက် ဆေးရေးပန်းချီများ၊ ယင်းဆေးရေးပန်းချီပုံများအောက်တွင် မင်ဖြင့်ရေးသားခဲ့သော သက်ဆိုင်ရာစာတမ်းများ၊ ကုသိုလ်တော်မှတ်တမ်းများကို တွေ့ရသည်။ ဇာတာခွင်ပုံ၊ ရက်ချုပ်ဇာတာ မှတ်မင်စာများနှင့် ရတု၊ ကဗျာ၊ ဝတ္ထုမင်စာ စသည်ဖြင့် တွေ့ရှိနိုင်သည်။ မင်စာများကို ရွေးဟောင်းမြန်မာဘာသာ၊ ရွေးပါဠိဘာသာ၊ ရွေးမွန်ဘာသာများဖြင့် ရေးသားထားခဲ့ကြသည်။ ဆယ်စု၊ ရာစုနှစ်များ ပြောင်းလဲလာသည်နှင့်အညီ ရေးသားထားသောစာလုံးပုံသဏ္ဌာန်၊ ဝါကျဖွဲ့စည်းပုံ၊ စကားလုံးဝေါဟာရ စသည်တို့မှာ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာခဲ့သဖြင့် ယခုခေတ်မြန်မာစာ၊ ပါဠိစာ၊ မွန်စာတတ်ပုဂ္ဂိုလ်များသည် ယင်းရွေးဟောင်း မြန်မာဘာသာ၊ မွန်ဘာသာ၊ ပါဠိဘာသာများဖြင့် ရေးသားထားခဲ့သောမင်စာများကို အများအားဖြင့် ဖတ်ရှုနားလည်နိုင်ကြတော့မည်မဟုတ်ချေ။

မင်စာတွင် ရွေးရေးမင်စာနှင့် နောက်ရေးမင်စာဟူ၍ နှစ်မျိုးရှိသည်။ ဂူဘုရားတည်စဉ်ကတည်းက အတွင်းနံရံ၊ အဝင်မုခ်၊ စကြံ၊ ဂန္ဓကုဋိအစရှိသော နံရံများအပေါ်တွင် ရေးဆွဲခဲ့သော ပန်းချီကားများအောက်ရှိ ဂူ၊ ဘုရားနှင့်ခေတ်ပြိုင်ဖြစ်သည့် မင်စာများကို ရွေးရေးမင်စာဟုခေါ်သည်။ နောက်ကာလများမှ ဘုရားပြုပြင်သူတို့ရေးခဲ့သော ပြုပြင်မွန်းမံသည့်အကြောင်းအရာစာများ၊ ဂူဘုရားအနီးနေပုဂ္ဂိုလ်များ၏ မွေးနေ့၊ ရက်ချုပ်ဇာတာခွင်၊ ဆေးကျမ်း၊ ဂါထာမန္တန်များ၊ သမိုင်းဝင်မှတ်တမ်းစာများကို နောက်ရေးမင်စာဟုခေါ်ဆိုကြသည်။ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့တွင် မင်စာများရေးခဲ့ကြသည်။ လေးထောင့်အက္ခရာပုံ၊ မန်းကျည်းစေ့ပုံအက္ခရာအရေးအသားမင်စာများသည် ပုဂံခေတ်တစ်လျှောက်ရေးသားခဲ့သော မင်စာများဖြစ်၍ မဆိုစလောက်သော မင်စာတို့သာအက္ခရာဝိုင်းသယောင်တွေ့ရှိခဲ့ကြသည်။ ကုန်းဘောင်ခေတ် မင်စာတို့တွင်ကား ဝိုင်းစက်သောအက္ခရာ၊ ရှည်လျားသောအသတ်၊ ချောင်းငင်တို့နှင့်ရှိနေကြသည်ကို တွေ့ရသည်။

ရွေးဟောင်းမင်စာမှတ်တမ်းများကို သမိုင်းသုတေသနဦးစီးဌာန၏ မော်ကွန်းဌာနစိတ်တွင်ထားရှိသည်။ ယင်းမှတ်တမ်းစာရင်းများမှာ သမိုင်းကော်မရှင်

လက်ထက်မှဆရာကြီးများ၊ ဆရာမကြီးများ၊ သုတေသီဝန်ထမ်းများစုဆောင်းပေးခဲ့သည့်မင်စာမှတ်တမ်းများပင်ဖြစ်သည်။ သမိုင်းကော်မရှင်မှ မင်စာစုသုတေသနအဖွဲ့ဝင်များသည် မင်စာများတည့်ရှိရာဒေသများသို့သွားရောက်၍ ကွင်းဆင်းလေ့လာခြင်း၊ လက်ရေးစာမူရေးကူးစုဆောင်းခြင်း၊ မူလမင်စာနှင့်ရေးကူးထားသောလက်ရေးစာမူများအား တိုက်ဆိုင်စစ်ဆေးခြင်း၊ စာရင်းပြုစုခြင်း၊ ဓာတ်ပုံရိုက်ယူစုဆောင်းခြင်း၊ ကူးယူစုဆောင်းထားသောမင်စာများအား နောင်လာနောင်သားများမှတ်မိနားလည်စေရန် ဒေသအမည်ပေးခြင်း၊ အရပ်အမည်ပေးခြင်း၊ မင်စာရှိဂူအမည်၊ မင်စာရှိဘုရားဘွဲ့အမည်များအား စာရင်းများ ပြုစုကာ ထိန်းသိမ်းစုဆောင်းခဲ့သည့်တစ်ချိန်က အနှစ်သာရများပင်ဖြစ်ပေသည်။

ပုဂံဒေသရှိ မင်စာရှိသောဘုရားများ၊ ဂူများအား နီးစပ်ရာစုစည်းကာ ပုဂံမင်စာစုဒေသ ၂၁ ဒေသဟူ၍ လည်းကောင်း၊ စလေဒေသရှိမင်စာများအား နီးစပ်ရာဘုရား၊ ဂူများကို စုစည်းကာ စလေမင်စာစုဒေသ ၇ ဒေသကိုလည်းကောင်း၊ မုံရွာဝန်းကျင်ရှိ မင်စာများအား မုံရွေးမင်စာစုဒေသ၊ ခင်ပွန်မင်စာစုဒေသဟုလည်းကောင်း၊ ပခုက္ကူမင်စာစုဒေသကို လည်းကောင်း၊ အဝ (အင်းဝ) မင်စာစုဒေသ၊ စစ်ကိုင်းမင်စာစုဒေသ၊ အနိမ့်အမြင့်တောကျောင်းမင်စာစုဒေသနှင့် ပုသိမ်ကြီးမြို့နယ် ရွှေစာရံမင်စာစုဒေသဟူ၍ မင်စာစုနယ်များသတ်မှတ်ကာ မင်စာများကူးယူစုဆောင်းထားခဲ့သည်။ ဒေသတစ်ခုအတွင်း ပါဝင်သောဘုရားဘွဲ့၊ ဂူအမည်စာရင်းများကိုလည်း အသေးစိတ်ရေးမှတ်ထားခဲ့ပြန်သည်။ ယင်းအသေးစိတ်စာရင်းမှတ်တမ်းများကို တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန၊ မော်ကွန်းဌာနစိတ်တွင် လာရောက်လေ့လာကြည့်ရှုနိုင်သည်။ အထက် ဖော်ပြပါမင်စာစုဒေသများ အသီးသီးအနက် ပုဂံမင်စာ စုဒေသ ၂၂ ဒေသမှ ဒေသ ၂ ခုကို ဖော်ပြရသော်

အမှတ် ၁ (ဝက်ကြီးအင်းဂူပြောက်ကြီး)ဒေသ

၁။ ဂူပြောက်ကြီး
၂။ ဂူပြောက်ငယ်
၃။ တန်ဆောင်းမိဖုရားကျောင်း
၄။ လေးမျက်နှာဂူ (ဂူပြောက်ငယ်တောင်ဘက်အရှေ့ယွန်း)

အမှတ် ၂ (ရွှေဘုံသာ)ဒေသ

၁။ ရွှေဘုံသာဘုရား၊ ဂူ ၂၀၂
၂။ ဂူ ၂၀၄၊ ၃၂၀ (အရှေ့လှည့်ဂူ)
၃။ စာသင်ဂူ
၄။ တိုက်ခံဘုရားတစ်ဆူ (စာသင်ဂူမြောက် ၄ ဖာလုံခန့်အကွာ)
၅။ ငါးမျက်နှာဘုရား
၆။ ပြိုနေသောဘုရားတစ်ဆူ (တိုက်ခံဘုရားမြောက်ဘက်အနီး)

ခေတ်မီပြည့်စုံသော မြန်မာသမိုင်းကျမ်းများရေးသားရာတွင် ရှေးဟောင်းကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများသည် မူလအထောက်အထားများဖြစ်သည့်နည်းတူ မူလရေး ရှေးဟောင်းမင်စာများမှ ရရှိနိုင်သောအထောက်အထားအကြောင်းအရာများသည်လည်းလွန်စွာအဖိုးတန်ပေသည်။ မင်စာအထောက်အထားကိုအသုံးမပြုဘဲရေးသားသောသမိုင်းကျမ်းသည် ပြီးပြည့်စုံသည့်ကျစ်လျစ်ခိုင်မာသောကျမ်းတစ်စောင် ဖြစ်နိုင်မည်မဟုတ်ချေ။ အင်းဝခေတ်ကျမ်းစာစောင်များရေးသားသူများအတွက် အင်းဝခေတ်ထိုးမင်စာသည် မူရင်းအထောက်အထားတစ်ခုပင်ဖြစ်ပေသည်။ ရက်ချုပ်ဇာတာများအကြောင်း၊ နာရီ၊ နေ့၊ လ၊ နှစ်များအကြောင်း၊ ပဟိုရ်စည်အကြောင်း၊ ကြက်တွန်သံများအကြောင်း၊ နကွတ်များအကြောင်း၊ နရည်းတော်(မြန်မာ ထီးသုံးနန်းသုံးတူရိယာအဖွဲ့ငယ်) အကြောင်းများကို ရှေးဟောင်းမင်စာများက ပုံဖော်ပေးလျက်ရှိပေသည်။

စင်မောင်ဆွေ

လက်ရေးစာများ။ ။ လူမျိုး၊ ဘာသာ၊ စာပေသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်။ စာပေနယ်တွင် စာအုပ်၊ စာတမ်း၊ ဆောင်းပါး၊ ကျမ်းများရေးသားရာတွင် အထောက်အထားကျမ်းကိုးများ ပါရှိရန် လိုအပ်သည်။ အထောက်အထား ကျမ်းကိုးများတွင် မူရင်းအထောက်အထားနှင့် တစ်ဆင့်အထောက်အထား ဟူ၍ နှစ်မျိုးရှိသည်။ မူရင်း အထောက်အထား ဖြစ်သော သမိုင်းဝင်လက်ရေးစာများကို ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရမည်ဖြစ်သည်။

၁။ ကျောက်စာ

ကျောက်စာဆိုသည်မှာ ကျောက်တုံး (သို့မဟုတ်) ကျောက်ပြားများပေါ်တွင် အခိုင်အလုံဆုံး ရာဇဝင်၊ သမိုင်း၊ အထောက်အထားများ၊ အလှူမြတ်တမ်းအကြောင်းအရာများ၊ မုချဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခုခုကို နောင်လာနောက်သားများ အမှတ်ရစေရန် ရည်စူး၍ ရေးထွင်းစိုက်ထူထားသော ကမ္ဘည်းစာတမ်းပင်ဖြစ်သည်။

ရေးထိုးဘာသာ

မြန်မာ၊ ပျူ၊ ပါဠိ၊ မွန်၊ ရှမ်း၊ အင်္ဂလိပ်၊ တရုတ်၊ နာဂရီ၊ ဂျူး စသည့်ဘာသာများဖြင့် ရေးထိုးကြသည်။

ကျောက်စာအမျိုးအစား

ကျောက်စာအမျိုးအစား ၃ မျိုးရှိသည်။

(က) မူလထိုးကျောက်စာ။ ။ခိုင်လုံသော အထောက်အထား၊ ဖြစ်ပျက်ခဲ့သောအကြောင်းအရာ၊ လှုဒါန်းခဲ့သော အလှူဒါနများကို ဦးစွာရေးထိုးခဲ့သောစာကို မူလထိုးကျောက်စာဟုခေါ်သည်။

(ခ)စပ်ထိုးကျောက်စာ။ ။ မူလရေးထိုးခဲ့သောအကြောင်းအရာများအပြင် နောက်ထပ်အကြောင်းအရာများနှင့် ထပ်မံပေါင်းစပ် ရေးထိုးထားသောစာကို စပ်ထိုးကျောက်စာဟုခေါ်သည်။

(ဂ)ဆင့်ထိုးကျောက်စာ။ ။မူလရေးထွင်းစိုက်ထူခဲ့သောကျောက်မှာ ပျက်စီးအက်ကွဲနေသဖြင့် ယင်းမူလကျောက်စာပါ အကြောင်းအရာများကိုပင် တစ်ဆင့် ထပ်မံ ရေးထိုးပေးသောစာကို ဆင့်ထိုးကျောက်စာဟု ခေါ်သည်။

ကျောက်စာ၏ ဆင့်ပွား (သို့မဟုတ်) အသွင်ကွဲစာများ

ပလ္လင်စာ။ ။ဘုရားဆင်းတုပလ္လင်တွင် ရေးထိုးထားသောစာ ဖြစ်သည်။

သိမ်စာ။ ။ကျောက်ပြားပေါ်၌ပင် သိမ်အကြောင်းရေးထိုးထားသောစာဖြစ်သည်။

သပိတ်စာ။ ။ကျောက်အား သပိတ်ပုံထွင်းကာယင်းသပိတ်ပတ်လည်၌ ရေးထိုးထားသောစာဖြစ်သည်။

ကျောက်ဆစ်ပန်းစာ။ ။ပန်းဆစ် ပန်းခက်ထွင်းထားသော ကျောက်အောက်၌ ရေးထိုးထားသော စာဖြစ်သည်။

သရိုင်းစာ။ ။အုတ်ဂူကျောက်ပြားပေါ်၌ ရေးထိုးသောစာဖြစ်သည်။

အင်္ကီတေစာ။ ။ဘိလပ်မြေ၊ သဲ၊ ထုံး ရောစပ်ဖော်ထားသော အနှစ်ကို ကျောက်ပြား (သို့) အုတ်ခဲပေါ်လောင်းကာ မခြောက်ခင် စာလုံးထွင်း ပြုလုပ်ထားသော စာဖြစ်သည်။

အုတ်ခွက်စာ။ ။အုတ်ခွက်တွင် ရေးထိုးထားသောစာဖြစ်သည်။

စဉ့်ကွင်းစာ။ ။ပုဂံခေတ် ကုသိုလ်ရှင်များသည် မိမိတို့၏ကောင်းမှုကို စေတီပုထိုးပတ်လည်တွင် ဓာတ်ကွက်၊ သရုပ်ဖော်ပုံ၊ ရုပ်ကြွများပြုလုပ်၍ စဉ့်ရည်လောင်း၏။ ယင်းပုံများ၏ အမည်၊ အမှတ်စဉ်၊ ဓာတ်ကွက်များကို ကမ္ဘည်းအက္ခရာ ရေးထိုးကြသည်။ ယင်းရုပ်ကြွများကို စဉ့်ကွင်းဟုခေါ်၍ စဉ့်ကွင်းပေါ် ရေးထားသောစာကို စဉ့်ကွင်းစာဟုခေါ်သည်။

ဆီမီးတိုင်စာ။ ။ဘုရားစေတီများတွင် ရှေးက မီးပူဇော်ရန်အတွက် ကျောက်ဖြင့် ဆီမီးတိုင်များ ပြုလုပ်ကြသည်။ ယင်းတိုင်အောက်ခြေတွင် ပြုလုပ်သူ အလှူရှင်မှတ်တမ်းရေးထိုးကြသည်။ ယင်းစာကို ဆီမီးတိုင်စာဟုခေါ်သည်။

၂။ ပေစာ

ထန်းရွက်၊ ပေရွက်ပေါ်တွင် လက်ရေးဖြင့် အကွရာစာလုံးများရေးသားထားသောစာပင်ဖြစ်သည်။ ပိဋကတ်သုံးပုံစာ၊ ဆေးကျမ်း၊ သမိုင်းအကြောင်း၊ ဘုရားစာများအကြောင်း ရေးသားထားသည်။ ပေစာအမျိုးအစားပေ ၅ မျိုးရှိသည်။

ရွှေပိန်းချပေ (ခေါ်) ရွှေမျဉ်းပေ။ ။ပေစာထုပ်၏ အနားလေးဖက်ကို ရွှေအပြည့်ချထားသော ပေဖြစ်သည်။

ကြံဆစ်ပေ။ ။ပေထုပ်၏ အနားလေးဖက်ကို ဟသ်ပြဒါးသုတ်ပြီး အလယ်တွင် ၂ လက်မခန့်၌ ရွှေချထားသောပေဖြစ်သည်။

မျဉ်းနီပေ။ ။ပေထုပ်၏ လေးဘက်လုံးတွင် ဟသ်ပြဒါးသုတ်ထားသောပေဖြစ်သည်။

မျဉ်းနက်ပေ။ ။ပေထုပ်၏ လေးဘက်ကို သစ်စေးသုတ်ထားသောပေ ဖြစ်သည်။

မျဉ်းဖြူပေ။ ။မူလအတိုင်း ဖြစ်သောပေဖြစ်သည်။

အင်္ဂါစုံပေစာထုပ်

စာထုပ်ကြိုး၊ စာထုပ်ပဝါ၊ စာပလွေ၊ စာစည်းကြိုး၊ ကမွည်းတံ၊ ရှေ့ကျမ်းဖုံး၊ ရှေ့ပလွင်ခံ၊ ရှေ့ပလွင်ချပ်၊ ကျမ်းစာကိုယ်၊ နောက်ပလွင်ချပ်၊ နောက်ပလွင်ခံ၊ နောက်ကျမ်းဖုံးဟူသည့် လက္ခဏာ ၁၂ ချက် ရှိသော ပေစာကို အင်္ဂါစုံပေစာထုပ်ဟုခေါ်သည်။

၃။ စာရွှန်တော်

ထန်းဖူးတွင် ကညစ်ဖြင့် ရေးထားသောစာကို စာရွှန်တော်ဟုခေါ်သည်။

(က) တစ်ကြောင်းစာရွှန်တော်။ ။ထန်းဖူးတွင် စာတစ်ကြောင်းတည်း ရေးသောစာရွှန်

(ခ) နှစ်ကြောင်းစာရွှန်တော်။ ။ထန်းဖူးတွင် နှစ်ကြောင်း ရေးထားသောစာရွှန်

(ဂ) စာခွေ။ ။ထန်းဖူးစာကို ခွေထားသော အခွေဖြစ်သည်။

၄။ ပုရပိုက်

ရှေးခေတ်မြန်မာများစာရေးရန် အသုံးပြုသည့် ဘယ်ပြန်၊ ညာပြန် ခေါက်ထားသောကတ်စက္ကူခေါက်ကြီးပင် ဖြစ်သည်။

စက္ကူပုရပိုက်၊ ရွှေပုရပိုက်၊ ငွေပုရပိုက်၊ ကြေးနီပုရပိုက်၊ သားရေပုရပိုက်ဟူ၍ ရှိသည်။ စက္ကူပုရပိုက်တွင် ပုရပိုက်ဖြူ၊ ပုရပိုက်နက်ဟူ၍ နှစ်မျိုးရှိသည်။

ပုရပိုက်အခေါ်အဝေါ်များ

လွှာချင်း(သို့) တစ်ရေစီး၊ နှစ်ရေစီး၊ လွှာထပ်ကလေး (၃ ရေစီးမှ ၅ ရေစီးထိပါသော ပုရပိုက်)၊ လွှာထပ်ကြီး (၆ ရေးစီးမှ ၁၁ ရေစီးအထိ)၊ ဆူဝက် (၁၂ ရေစီးမှ ၁၆ ရေစီးအထိ)၊ တစ်ဆူ (၃၂ ရေစီး) တို့ဖြစ်ကြသည်။

ပုရပိုက်စာ

ပုရပိုက်ပေါ်တွင်ရေးထားသော စာဖြစ်သည်။ ပုရပိုက်တွင် စစ်တမ်းများအကြောင်း၊ ချေးငွေများအကြောင်း၊ အပေါင်စာရင်းများအကြောင်း၊ ဆေးကျမ်းများအကြောင်း၊ သမိုင်းများ၊ သမိုင်းများအကြောင်း ရေးသားထားလေ့ရှိသည်။

၅။ မင်စာ

ဆေးမင်ဖြင့်ရေးသားထားသောစာကို မင်စာဟုခေါ်သည်။ ဘာသာရေးဆိုင်ရာအကြောင်းအရာများ၊

နက္ခတ်၊ ဇာတာ၊ ကြက်တွန်သံ၊ ပဟိုရ် စည်၊ နရည်းတော်၊ သမိုင်းဆိုင်ရာအကြောင်းအရာများ ပါဝင်ရေးသားလေ့ရှိသည်။ မြန်မာဘာသာ၊ ရှေးဟောင်းမွန်ဘာသာ၊ ပါဠိဘာသာဖြင့် ရေးထိုးကြသည်။ ခရစ်နှစ် ၁၁ ရာစုနှစ်မှ ၁၉ ရာစုနှစ်အထိ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် မင်စာများရှိသည်။ ပုဂံ၊ ညောင်ဦး၊ မင်းနန်သူ၊ တောင်ဘီ၊ ဖွားစော၊ မြင်းကပါ၊ သီရိပစ္စယာ၊ ကြာအို၊ စလေ၊ ချောက်၊ ပခန်း၊ ကျောက်ဆည်၊ အင်းဝ၊ စစ်ကိုင်း၊ မုံရွာ၊ မုံရွေး၊ ရွှေဘို၊ ပခုက္ကူ၊ မန္တလေး (ရွှေစာရံဘုရား) စသော ဒေသရှိ ဂူ၊ စေတီ၊ ပုထိုးများတွင် မင်စာများ တွေ့မြင်နိုင်သည်။

၆။ ခေါင်းလောင်းစာ၊ ဆည်းလည်းစာ

ခေါင်းလောင်းဆိုသည်မှာ ချိတ်ဆွဲကိုင်းတပ်ထားသည့် အခေါင်းပေါက်ပါ ကြေးဖြင့် သွန်းထားသော ပစ္စည်းကို ခေါ်သည်။ ယင်းကိုထိုးတံဖြင့် ထိုးကာ တီးခတ်ရသည်။ ထိုးခတ်ရသောကြေးခေါင်းလောင်းကြီးနှင့် ချိတ်ဆွဲသော ဆည်းလည်းဟူ၍ နှစ်မျိုးရှိသည်။

ခေါင်းလောင်းကိုယ်ထည်၌ စာအပြည့်သော်လည်းကောင်း၊ ခေါင်းလောင်း ကိုယ်ထည်၌ ပထမဖောင်းရစ်၊ ဒုတိယဖောင်းရစ်ဟူ၍ နှစ်ပိုင်းခွဲကာ စာများရေးထိုး၍လည်းကောင်းတွေ့ရသည်။ ယင်းစာများကို ခေါင်းလောင်းစာ ဟုခေါ်သည်။ ချိတ်ဆွဲသော ဆည်းလည်း၌လည်း ရေးထိုးသောစာကို ဆည်းလည်းစာဟုခေါ်သည်။

ခေါင်းလောင်းစာကို ပုံစံအမျိုးမျိုးဖြင့် ရေးထိုးလေ့ရှိကြသည်။ လေးလုံးထပ် တစ်ပါဒ ကဗျာပုံစံ၊ ရတုပုံစံ၊ စကားပြေပုံစံ၊ လင်္ကာပုံစံ၊ လင်္ကာနှင့်စကားပြေရောပုံစံများ တွေ့ရသည်။ လောကီရေးရာ အစီအရင်များ၊ အလှူဒါနများ၊ သမိုင်းကြောင်းများ၊ ကုသိုလ်ရှင်အမည်စာရင်း၊ ဆွေမျိုးစဉ်ဆက်ဇယား၊ မင်းပေးဘွဲ့အမည်၊ ရာထူးများ၊ ဇာတာခွင်များ၊ ဆုတောင်းများနှင့် အမျှဝေမှုများ စသည့်အကြောင်းအရာများ ခေါင်းလောင်းစာတွင် တွေ့ရသည်။


ဖော်ပြပါ ကျောက်စာ၊ ပေစာ၊ စာချွန်၊ ပုရပိုက်စာ၊ မင်စာ၊ ခေါင်းလောင်းစာများသည် လက်ရေးစာများဖြစ်ပြီး မူလအထောက်အထားအကြောင်းအရာများပါရှိသည်။ သမိုင်းဝင်သောမူရင်းအထောက်အထားများကို သိရှိစေရန်အတွက် အကျဉ်းချုံးဖော်ပြထားခြင်းဖြစ်သည်။ ယင်းစာများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်၊ အမျိုးသားစာကြည့်တိုက်၊ သမိုင်းသုတေသနဦးစီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း အချို့တို့တွင် လေ့လာဖတ်ရှုနိုင်သည်။

စာပေသုတေသီများအနေဖြင့် စာကောင်းများထွက်ပေါ်လာစေရန်အတွက် စာတမ်းများ၊ ကျမ်းများ၊ ဆောင်းပါးများ ရေးသားရာတွင် သမိုင်းဝင် မူရင်းအမှတ်အသားများကို ကိုးကားတတ်ရန်လိုအပ်လှပေသည်။

ကိုဆွေ (သမိုင်းသု)

လောင်းကြက်နတ်တောင်ကျောက်စာ။ ။လောင်းကြက်နတ်တောင်ကျောက်စာသည် ရန်ကုန်- စစ်တွေကားလမ်း၏ဘေး၊ မြောက်ဦးမြို့နှင့် ၅ မိုင်ခန့်အကွာတွင် တည်ရှိသည်။ လောင်းကြက်တောင်မော်ကျေးရွာ၏ အရှေ့မြောက်ဘက်၊ ခေါင်းလောင်းမှောက်တောင်တန်းရှိ သဘာဝကျောက်တောင်ကြီးပေါ်တွင် ရေးထိုးထားသည့်ကျောက်စာဖြစ်သည်။

ကျောက်စာရှိသည့်တောင်တန်းသည် လေးမြို့မြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး တောင်နှင့်



ကျောက်တုံးအကြီး အမြင့် (၁၀) ပေ၊ အလျား (၇) ပေ၊ (၄) တွင်ပြသည့် ကျောက်တုံးနှင့်ဆက်စပ်နေသော်လည်း ကွဲအက်နေပြီး အလှူစာရင်းပါ ကျောက်ချပ်

မြောက်သွယ်တန်းနေသည်။ စာထွင်းကျောက်ချပ်မှာ မြောက်ဘက်တောင်စွန်းတွင် တည်ရှိသည်။ ကျောက်စာ၏ စာတွေ့.မျက်နှာပြင်သည် အနောက်ဘက်သို့ မျက်နှာမူလျက် တည်ရှိသည်။ လောင်းကြက်နတ်တောင်ထိပ်တွင် ရေးထိုးခဲ့သည့် ဤကျောက်ချပ်ကြီး၏ အမြင့်မှာ ၁၇ ပေနှင့် အလျားမှာ ပေ ၃၀ ခန့်ရှိသည်။ ရာသီဥတုရရစ်ကို အပြည့်မရစ်သေးဘဲ တစ်ဝက်တစ်ပျက်သာရစ်သည်။ အသတ်မှာ လုံးတင်သတ်မှ ရွေ့.လျောခဲ့ပြီးဖြစ်သော 'ကွေ့သတ်' အပိုင်းရောက်လုသောအချိန်ဖြစ်သည်။

ဤလောင်းကြက်နတ်တောင် ကျောက်စာသည် 'ကောလိယ' မင်း၏အလှူတော်ကြီးကို မှတ်တမ်းပြု



မူရင်းကျောက်ချပ်မှ ကွာထွက်၍ နောက်ဘက်အခြမ်းတွင် မြေသက်နေသည့် စာပါကျောက်တုံး (အလျား ၄.၅ ပေ၊ အမြင့် ၂.၅ ပေ)

နေ၊ မိုး၊ လေဒဏ်ကို နှစ်ပေါင်းများစွာခံခဲ့ရပြီဖြစ်၍ ယခုအခါ မူရင်းကျောက်ချပ်ကြီးမှ ပဲ့ကွာထွက်ပြီး မြေပေါ်သို့ သက်ရောက်နေကြပြီဖြစ်သည်။

မြေပေါ်သို့ရောက်ရှိနေသည့် ကျောက်တုံးများအနက်မှ အကြီးဆုံးကျောက်တုံး၏အရွယ်မှာ အမြင့် ၁၀ ပေ၊ အလျား ၂၀ ပေရှိသည်။ စာကြောင်းများကို အလျားလိုက်ရေးထိုးထားသည်။ ကျောက်စာချပ်ကြီး၏ ရှေ့.ဘက်ခြမ်းနှင့် နောက်ဘက်ခြမ်းများတွင် မူလကျောက်ချပ်မှ ပဲ့ကွာထွက်လာသည့်ကျောက်တုံးများရှိနေသည်။ ယင်းကျောက်တုံးငယ်များတွင်လည်း ရေးထိုးထားသည့် စာကြောင်းများပါရှိသည်။

မူလစာရေးထိုးခဲ့စဉ်အခါက ကျောက်သားမျက်နှာပြင်ကို ပြင်ညီညိုကာ ရေးထိုးခဲ့မည်သာဖြစ်သည်။ ရေးထိုးခဲ့သည့်အကွက်ပုံသဏ္ဌာန်မှာ လေးထောင့်ပုံသဏ္ဌာန်ဖြစ်သည်။ ယခုခေတ်သုံး အကွက်၏ ရှေ့.ပြေးဗြာဟို့ပွားအကွက် (ရက္ခဝဏ္ဏ) ဖြင့် ရေးထိုးထားသည်ဟု သမိုင်းသုတေသီများက အဆိုပြုကြသည်။ ရေးထိုးခဲ့သော ကျောက်စာချပ်ကြီးဖြစ်သည်။ 'ကောလိယ' မင်းသည် ရခိုင်မြို့.တော်ဟောင်းများတွင် ပထမပရိန်မြို့.၌ နောက်ဆုံးစိုးစံခဲ့သောမင်းဖြစ်သည်။ အေဒီ ၁၁၂၃ ခု 'ကောလိယ' မင်းနတ်ရွာစံခါနီးတွင် ကြီးစွာသော အလှူတော်ကြီးကို ပေးလှူခဲ့၍ ဤသို့ကျောက်ထက်အက္ခရာတင်ပြီး မှတ်တမ်းပြုခဲ့ခြင်းဖြစ်သည်။

ဤသို့ ကြီးမားလှသည့် သဘာဝကျောက်စိုင်ကျောက်သားပေါ်တွင် ပေးလှူခဲ့သည့် အလှူဒါနများကို ဖော်ပြရေးထိုး၍ အလှူဒါနတစ်ခုကို ဖော်ပြရေးထိုး၍ အလှူဒါနတစ်ခုကိုဖော်ပြရေးထိုးပြီးတိုင်း 'ငါနှင့်တူလူတွင်မဟိ' ဟု ရေးထိုးပါရှိသည်။ 'လောင်းကြက်တောင်မော်ကျောက်စာ' ကောလိယကျောက်စာဟူ၍ လည်းခေါ်ဆိုကြသည်။

လောင်းကြက်နတ်တောင်ကျောက်စာနှင့် ပတ်သက်၍ ဒေသခံတို့.ယုံကြည်ရင်းစွဲရှိကြသည့်အယူ၊ ပါးစပ်ရာဇဝင်များအရ စာထွင်းကျောက်ချပ်များကွာ

ထွက်သွားပါက စာများအသစ်တဖန်ပြန်ပေါ်လာတတ်သည်ဟု ယုံကြည်ကြသည်။ ရှေးယခင်အခါက ရပ်ရွာပွဲလမ်းသဘင်တွင် ဝတ်စားဆင်ယင်ရန် ရွှေငွေလက်ဝတ်လက်စားများကို တောင်ပေါ်ရှိ ကျောက်စာချပ်ရှေ့၌ ပူဇော်ပသ၍ ငှားရမ်းနိုင်ခဲ့ကြောင်း၊ နောက်ပိုင်းလူများမှန်ကန်သောသစ္စာကတိမရှိသဖြင့် ငှားရမ်း၍မရတော့ကြောင်း ပြောဆိုလေ့ရှိကြသည်။

မောင်မောင်သိမ်း

လွတ်ငြိမ်းချမ်းသာခွင့်။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ်သို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့ရသည်။ သို့ရာတွင် ပြစ်ဒဏ်ကျ အကျဉ်းသားများအား နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်လည်း စိမ်ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်၍ အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (ခ)အရ နိုင်ငံတော်သမ္မတသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၀၁၁ ခုနှစ်၊ မေလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သောပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ ကျခံနေရသောပြစ်ဒဏ်အသီးသီးကို သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ်သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့ရရှိစေရန်လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၂၈/၂၀၁၁ ကို ၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက်)တွင် ထုတ်ပြန်ကြေညာပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ အကျဉ်းဦးစီးဌာနအောက်ရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများမှ မေလ ၁၇ ရက်နေ့တွင် လွတ်မြောက်သည့်အကျဉ်းသား၊ အကျဉ်းသူအရေအတွက် စုစုပေါင်း ၁၄,၇၅၈ ဦးဖြစ်သည်။ အလားတူ လက်ရှိလွတ်မြောက်ခြင်းမရှိသေးသော အကျဉ်းသား၊ အကျဉ်းသူအားလုံးအနေဖြင့်လည်းယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသောလျှော့ပေါ့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့သည့်အခွင့်အရေးကို မေလ ၁၇ ရက်က လွတ်မြောက်သွားကြသူများနှင့် တန်းတူခံစားခွင့်ရရှိကြမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင်



လွတ်ငြိမ်းချမ်းသာခွင့်ပေးရာမှ
လွတ်မြောက်လာကြသူများ

ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသော အစိုးရ ဖြစ်ပေါ်ရေး၊ ဒီမိုကရေစီ ကျင့်စဉ်များထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်သည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်ခဲ့သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များစီရင်ချမှတ်ခဲ့ရသည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသည့်အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူများအပါအဝင် အကျဉ်းသားများအား လုံးအနက် ထိုက်သင့်သောပြစ်ဒဏ်များကိုကျခံပြီး စည်းကမ်းနှင့်အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့်နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်ရန် အစီအမံများ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလိုရာ ထိုက်သင့်သော ပြစ်ဒဏ်များကိုကျခံပြီး ဖြစ်သည့်စည်းကမ်းနှင့်အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် သနားချစ်ခင်မှုတို့ကို အလေးထားသည့် အနေဖြင့်လည်းကောင်း၊ ယင်းတို့၏မိသားစုများအားငဲ့ညှာသောအနေဖြင့်လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် အတွက်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၆,၃၅၉ ဦးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄(ခ)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် အောက်တိုဘာလ ၁၂ ရက်မှစ၍ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၄၉/၂၀၁၁ ဖြင့် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)တွင် ထုတ်ပြန်ကြေညာသည်။

စိုးအောင်

သက်ကြီးဂီတပညာရှင်များအားပူဇော်ကန်တော့ပွဲ။ ။မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ ဒုတိယအကြိမ်မြောက် အသက် (၈၀) နှင့်အထက် ဂီတပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲအခမ်း အနားကို ရန်ကုန်မြို့တော်ခန်းမ၌ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ ယင်းအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊



ပြည်ထောင်စုဝန်ကြီးက သက်ကြီးဂီတပညာရှင်တစ်ဦးအား ကန်တော့ပစ္စည်းပေးအပ်စဉ်

ဒုတိယမြို့တော်ဝန် ဦးမောင်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးတို့မှ တာဝန်

ရှိသူများ၊ မြို့နယ်ဂီတအစည်းအရုံးများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ အလွှာအသီးသီးမှ ဂီတပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ရုံးအဖွဲ့မှူး ဗဟိုအမှုဆောင် ဦးမျိုးတင့်က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားသည်။ အခမ်းအနားကို မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ် (နောင်) က သက်ကြီးဂီတပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ကျေးဇူးတင်စကားပြောကြားခြင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော အသက် (၈၀) နှစ် အထက် သက်ကြီးဂီတပညာရှင်ကြီးများအား ပရိသတ်နှင့် မိတ်ဆက်ပေးခြင်း၊ အတွင်းရေးမှူး ဒေါက်တာကိုကိုလွင်က သက်ကြီးဂီတပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းကြသည့်အလှူရှင်များစာရင်းကို ဖတ်ကြားတင်ပြခြင်း၊ ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးဂီတပညာရှင် ကြီးများအား ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရှိခိုးကန်တော့ခြင်း၊ ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ကန်တော့ခံသက်ကြီးဂီတပညာရှင်များဖြစ်ကြသည့် ဦးမောင်မောင် (ဘင်ဂျိုမောင်မောင်)၊ ဦးတင့်အောင် (ဗိုလ်ကလေးတင့်အောင်)၊ဦးကျော်ဆန်း(သုခိအောင်)၊ ဒေါ်ကြည်ကြည် (ဟင်္သာကြည်)၊ ဦးလှအောင်(တယောဦးလှအောင်)၊ ဦးမောင်သွင်(တယောဦးသွင်)နှင့် ဦးလှစိန်တို့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ လှူဒါန်းငွေကျပ် ငါးသောင်းစီနှင့်မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၏ လှူဒါန်းငွေများအပါအဝင် စုစုပေါင်း လှူဒါန်းငွေကျပ်နှစ်သိန်းစီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်ခြင်း အစီအစဉ်များဖြင့် ကျင်းပသည်။

ဆက်လက်၍ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန် ပြန်ကြားရေးဝန်ကြီးဌာန ဌာနဆိုင်ရာ အကြီးအကဲ များနှင့် တာဝန်ရှိသူများက ပူဇော်ကန်တော့ခံ သက်ကြီးဂီတပညာရှင်များအား လှူဒါန်းငွေနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြုလက်ရောက်ပေးအပ်ကြသည်။

ထို့နောက် ပူဇော်ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများကိုယ်စား စာရေးဆရာ၊ ဒါရိုက်တာ ဂီတပညာရှင် ဗိုလ်ကလေးတင့်အောင်က ကျေးဇူးတင်စကားပြောကြားသည်။ ယခုနှစ်တွင် အသက် (၈၀)နှင့် အထက် ပူဇော်ကန်တော့ခံသက်ကြီးဂီတပညာရှင်ကြီးများ ၄၆ ဦးရှိပြီး အခမ်းအနားသို့ ၃၆ ဦးတက်ရောက်သည်။ အခမ်းအနားသို့ မတက်ရောက်နိုင်ကြသည့် ဂီတပညာရှင်ကြီးများအား မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) မှ ဗဟိုအမှုဆောင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့ခဲ့သည်။

အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ

။ ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို ဒီဇင်ဘာလ ၂၅ ရက်မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်အားကစားကွင်းများ၌ ကျင်းပသည်။

အဆိုပါအခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၅ ရက်တွင် နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ နေပြည်တော် FC ဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားပညာရေးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစု များ၊ နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှအုပ်ချုပ်သူ၊ နည်းပြနှင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူအားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာပြိုင်ပွဲဝင် အားကစားသမားများက ကွင်းအတွင်းနေရာယူကြပြီး ပြိုင်ပွဲ

ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူအား အလေးပြုကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးကြူက အမှာစကားပြောကြားပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ ဂူရှူး၊ ကရာတေးဒို၊ ရေကူး၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက်အားကစားနည်းများပါဝင်ပြီး နေပြည်တော်နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူ အားကစားသမားပေါင်း ၃,၀၆၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁ ရက်တွင် နေပြည်တော်ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးကြူနှင့် ဦးဘရွှေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီအတွင်းရေးမှူးနှင့်ဌာန ဆိုင်ရာအကြီးအကဲများကဆုရ အမျိုးသမီး၊ အမျိုးသားအသင်းများအား လည်းကောင်း တံခွန်စိုက်ဆုဖလားနှင့်ဆုတံဆိပ်များ ပေးအပ်ကြသည်။

စိုးအောင်

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ။

။ ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမဆောင်၌ ၂၀၁၁ ပြည့်နှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့က ကျင်းပသည်။

ဆုချီးမြှင့်ပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားစာပေတစ်သက်တာစာပေဆုရ ဒေါက်တာသော်ကောင်းနှင့် အမျိုးသားစာပေဆုရသူများအား ဆုချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရ ပုဂ္ဂိုလ်များအား ဆုချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် အမျိုးသားစာပေတစ်သက်တာဆုရ၊ အမျိုးသားစာပေဆုရနှင့် စာပေဗိမာန်စာမူဆုရ ပုဂ္ဂိုလ်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

၂၀၁၀ ပြည့်နှစ်အတွက် စာပေဆုများချီးမြှင့်ရာတွင် ယခုနှစ်မှစ၍ ဆုကြေးချီးမြှင့်ငွေများကို တိုးမြှင့်ခဲ့သည်။ အမျိုးသားစာပေတစ်သက်တာဆုအတွက် ယခင်နှစ်များက ခြောက်သိန်းပေးခဲ့ရာမှ ယခု ၁၀ သိန်းသို့လည်းကောင်း၊ အမျိုးသားစာပေဆု တစ်ဆုအတွက် ယခင်နှစ်များက သုံးသိန်းပေးခဲ့ရာမှ ယခု ငါးသိန်းသို့လည်းကောင်း၊ စာပေဗိမာန်စာမူဆု၌ ယခင်နှစ်များက ပထမဆုကို တစ်သိန်းပေးခဲ့ရာမှ ယခု နှစ်သိန်းသို့လည်းကောင်း၊ ဒုတိယဆုကို ခုနစ်သောင်းခွဲပေးခဲ့ရာမှ ယခု တစ်သိန်းခွဲသို့လည်းကောင်း၊ တတိယဆုကို ငါးသောင်းပေးခဲ့ရာမှ ယခု တစ်သိန်းသို့လည်းကောင်း ချီးမြှင့်ခဲ့သည်။ ထို့ပြင် အမျိုးသားစာပေဆုဘာသာရပ်၌ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်ကို ဘာသာရပ်အသစ်တစ်ခုအနေနှင့် ချဲ့ထွင်ချီးမြှင့်ခဲ့သည်။

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုရှင်များ

၂၀၁၀ ပြည့်နှစ်အထိ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု


စဉ်	ဆုအမည်	စာရေးသူ	စာအုပ်အမည်
၁	တစ်သက်တာဆု	ဒေါက်တာသော်ကောင်း	
၂	ဝတ္ထုတိုပေါင်းချုပ်	ရဲသျှမ်း	ဘူတာရုံကလေးဝတ္ထုတိုစုစည်းမှု
၃	ကဗျာပေါင်းချုပ်	မြင့်မှမောင်နိုင်မိုး	အလွမ်းသတင်း ပန်းတစ်ခင်း
၄	စာတမ်းဒေသာ	တင့်ဆွေ (ဗျာပုံ)	ကျောပိုးအိတ်လေးကို ချိကာလွယ်
၅	လူငယ်စာပေ	ဂျင်မြင့်	ရှင်မတောင်မှ ဧရာဝတီသို့
၆	ဘာသာပြန်(သုတ)	ကိုးလွိုင်	အိန္ဒိယကို တွေ့ရှိခြင်း
၇	ဘာသာပြန် (ရသ)	နေဝင်းမြင့်	ရေကန်သာ ကြာတိုင်းအေး
၈	သုတပဒေသာ(စိစ္စာ)	ဒေါက်တာအောင်မြင့်ဦး	ဘာသာစကား သုတေသန
၉	သုတပဒေသာ(ရိုးရိုးသီပွဲ)	ဆရာကြီးဦးဟန်ထွန်း	နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း
၁၀	သုတပဒေသာ	ဒေါင်္ဂဝါ (ဖျဉ်းမနား)	အိုင်အမ်ဖီဝန်ဆောင်မှုပညာအသုံးပြု (အသုံးချသီပွဲ) စိုက်ပျိုးရေး
၁၁	နိုင်ငံရေးစာပေ	ကိုသန်း(ကြည့်မြင်တိုင်)	မြန်မာလူငယ်တစ်စု၏ ဗီယက်နမ်အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ စစ်မျက်နှာသို့ လှုံ့ဝှက်ခရီး
၁၂	အင်္ဂလိပ်ဘာသာ	ကျော်လတ်	Art and Architecture of Bagan and Historical Background

၂၀၁၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆု

	ဆာသာရပ်	စာရေးသူ	စာမူအမည်	ဆုအမျိုးအစား
၁	ဝတ္ထုရှည်	[illegible]	နမာန်းရဲလော	ဒုတိယ
၂	"	[illegible]	နေမင်းနှင့်စီးချင်းထိုးကြသူများ	တတိယ
၃	ဝတ္ထုတိုပေါင်းချုပ်	ဒဂြိုလ်မင်းလွင်	မိန်းမလှကျွန်းက လွမ်းသစ္စာရှင်နှင့် အခြားဝတ္ထုတိုများ	ပထမ
၄	"	အောင်ဇေယျမိုးအောင်	ခွေးသေခေါက်နှင့် အခြားဝတ္ထုတိုများ	ဒုတိယ
၅	"	ကိုနိုင် (ချင်းကောင်)	တောင်တန်းရင်ခွင်ဝတ္ထုများ	တတိယ
၆	ကဗျာပေါင်းချုပ်	[illegible] (သံတွဲ)	အဖြူရောင်အလင်းတန်းကဗျာစု	ပထမ
၇	"	မင်းသွေးနွယ် (ဇီးကုန်း)	ရင်ထဲကပန်းပျိုးအိမ်ကဗျာများ	ဒုတိယ
၈	"	အောင်ဟန်တင့် (ပင်လည်ဘူး)	ပီတိချိုမြိန်အမေ့အိမ်ကဗျာများ	တတိယ
၉	သုတပဒေသာ	ဦးဇေသင်းငွေ	မှုကြိုပညာရေး ကကြီးခင်ခွေး	ပထမ
၁၀	(ဝိစာသာဘာသာ)	မင်းကွန်းအောက်ကြိုင်	မြန်မာနိုင်ငံ ပုဂံခေတ်မှသည် ယနေ့တိုင်ခေါ်ဝေါ်ဆဲဖြစ်သည့်မြို့ရွာအမည်များ	ဒုတိယ
၁၁	သုတပဒေသာ	ဒေါက်တာမြင့်သန်း(ညောင်လေးပင်)	သတိပြုကာကွယ်ထား လမ်းပေါ်မှအန္တရာယ်များ	ပထမ
၁၂	(သိပ္ပံနှင့်အသုံးချ သိပ္ပံပညာရပ်)	အောင်စိုး (စိုက်ပျိုး/၁၀၇)	အရေးကြီးသီးနှံအချို့တွင် တွေ့ရှိရသော အာဟာရချို့တဲ့မှုနှင့် ယင်းတို့အား ကုစားခြင်း	ဒုတိယ
၁၃	စာပဒေသာ	လှမြင့် (ရန်ကုန်တက္ကသိုလ်)	ရွှေနိုင်ငံတော်နှင့်ရွှေပုံရိပ်များ	ဒုတိယ
၁၄	မြန်မာ[illegible]နှင့်အနုပညာဆိုင်ရာစာပေ	[illegible] (ပညာရေးတက္ကသိုလ်)	မြန်ပြည်မြောက်ဖျားက ရဝမ်သွေးချင်းများ	ပထမ
၁၅	ကလေးစာ[illegible]	[illegible]	ခေါင်းလောင်းချိုလွင် တေးသံစဉ် ကလေးကဗျာများ	ပထမ
၁၆	"	[illegible] (ငါးသိုင်းချောင်း)	အလိမ္မာလက်ဆောင် ကလေးကဗျာများ	ဒုတိယ
၁၇	"	[illegible]	ဆည်းလည်းသံချိုကလေးကဗျာများ	တတိယ
၁၈	[illegible]စာပေ	ဆင်ပင် သန်းဌေးအောင်	ကျွန်မ	ပထမ
၁၉	[illegible]	သိန်းစော် (ရွှေလီဦး)	ကျီးစာငှက်စာနှင့် ကျေးလက်စကားသံဝတ္ထုတိုများ	ဒုတိယ
၂၀	"	ကျွန်းစဉ်မြေစောခက်	သားယောကျ်ား အားဖြစ်စေသတည်းနှင့်အခြားဝတ္ထုတိုများ	တတိယ
၂၁	ပြဇာတ်စာပေ	မောင်ဆန္ဒ (လယ်ဝေး)	အရပ်ထဲစာတ်ပွဲကရာ	ပထမ
၂၂	"	မောင်စိုးထိုက် (သုံးဆယ်)	သူပုန်တဲ့လား သူကအာစာနည်	ဒုတိယ
၂၃	ဘာသာပြန်စာပေ	ဒေါက်တာဉာဏ်ဟိန်းလတ်	အဝေးသင်ပညာရေး	ပထမ

အရွေ့တောင်အာရှအားကစားပြိုင်ပွဲ။ ။ (၂၆) ကြိမ်မြောက်အရွေ့တောင်အာရှအားကစားပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့တို့၌ ကျင်းပရာ အရွေ့တောင်အာရှဒေသရှိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တီမောလက်စတေနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် အားကစားနည်း ၄၂ မျိုးယှဉ်ပြိုင်ရာ ပြိုင်ပွဲသို့ အားကစားသမားပေါင်း ၁၂,၀၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၁ ရက်ညနေ ၄ နာရီတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဆူမားတြားကျွန်းတောင်ပိုင်းရှိ ပါလမ်ဘန်မြို့ ကြီလိုရာဆရီဝိဇယအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ အင်ဒိုနီးရှားသမ္မတ နိုင်ငံဖျော်ဖြေရေးအဖွဲဝင်များ၏ ရိုးရာတေးဂီတသံစဉ်များနှင့်အတူ အကသမား ၃,၅၀၀ ကျော်တို့က ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ အိုင်တီနည်းပညာ၊ ဒစ်ဂျစ်တယ်နည်းပညာများအသုံးပြုကာ ရောင်စုံမီးဆလိုက်များ၊ မီးမောင်းများဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ တည်ထောင်ခဲ့ပုံ၊ အင်ဒိုနီးရှားပြည်သူများ၏ စုစည်း ကြိုးစားမှုတို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာပုံ၊ အားကစားအဆင့်အတန်းမြင့်မားပြီး အောင်မြင်မှုများရရှိလာပုံနှင့် အရွေ့တောင်အာရှ



အရွေ့တောင်အာရှအားကစားအလံကို ၂၀၁၃ ခုနှစ်တွင် အရွေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံအား လွှဲပြောင်းပေးအပ်စဉ်

အားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ပုံတို့ကို ဖျော်ဖြေတင်ဆက်ကြသည်။ ထို့ပြင် အင်ဒိုနီးရှားနာမည် ကျော်အဆိုတော် အန်းဂတ်စ် မိုနီကာ၊ ဖိလစ်ပိုင်တီးဝိုင်း KC Conception နှင့် မလေးရှားအဆိုတော် ဂျက်ကလင်းဗစ်တာတို့က Sriwizaya Golden Penninsula နှင့် Reach for Your Dreams သီချင်းများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် ပြိုင်ပွဲဝင်နိုင်ငံများမှ နိုင်ငံအလိုက် အထိမ်းအမှတ်ပုံစံငယ်များ တင်ဆောင်ထားသည့် လှေငယ်များက ကွင်းအတွင်းသို့ ဝင်ရောက်ကြသည်။ ဆက်လက်၍ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများက နိုင်ငံအလံငယ်များကိုင်ဆောင်ကာ တစ်ဖွဲချင်းအလိုက် ကွင်းအတွင်းဝင်ရောက် ပြီးချိတက်အလေးပြုကြသည်။ ထို့နောက် ၁၉၉၂ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲ ကြက်တောင်

ချန်ပီယံ အင်ဒိုနီးရှားသူ ဆူဆီဆူဆန်တီက ပြိုင်ပွဲမီးရှူးတိုင်အား မီးထွန်းညှိပေးသည်။ ဆက်လက်၍ အင်ဒိုနီးရှားသမ္မတ နိုင်ငံသမ္မတ ဒေါက်တာ ဆူစီလို ဘန်ဘန်းယူဒိုရိုနိုက အဖွင့်မိန့်ခွန်းပြောကြားပြီး (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို



မြန်မာအားကစားအဖွဲ့ကွင်းအတွင်းဝင်ရောက်နေရာယူစဉ်

ဖွင့်လှစ်ပေးလိုက်ရာ ရောင်စုံမီးရှူးမီးပန်းများ ပစ်လွှတ်ကြသည်။ ဖွင့်ပွဲကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတရေးစပ်သည့် Together We Can Give သီချင်းဖြင့် ပိတ်သိမ်းလိုက်သည်။

(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အားကစားနည်း ၂၇ မျိုးပါဝင်ယှဉ်ပြိုင်သည်။ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်သော အားကစားနည်း ၂၇ မျိုးမှာ ရေကူး/ဒိုင်ဗင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ လှေလှော်၊ စစ်တုရင်၊ စက်ဘီး၊ မြင်းစီး၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေးဒို၊ ပန်ကြုပ်ဆီလတ်၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ နပန်း၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူးတို့ဖြစ်ကြသည်။

မြန်မာအားကစားအဖွဲ့သည် ဖွင့်ပွဲကျင်းပသည့် နိဝင်ဘာလ ၁၁ ရက်နေ့တွင် လှေလှော်ပြိုင်ပွဲ ကန်းလှေတစ်ယောက်လှော်မီတာ ၁,၀၀၀-C1 ပြိုင်ပွဲ၌ ဝင်းထိုက်က ငွေတံဆိပ်တစ်ခုနှင့် ကန်းလှေ နှစ်ယောက်လှော်မီတာ ၂,၀၀၀-C2 ပြိုင်ပွဲ၌ ဝင်းထိုက်နှင့် ရဲအောင်စိုးအတွဲက ငွေတံဆိပ်တစ်ခုရရှိသည်။ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပသည့်ပြိုင်ပွဲများတွင် ငွေတံဆိပ်များနှင့် ကြေးတံဆိပ်များထပ်မံရရှိသည်။ ၁၆ ရက်နေ့တွင် ကျင်းပသည့်အမျိုးသမီးတစ်ဦးချင်းမြားပစ် Individual Compound ပြိုင်ပွဲ၌ အောင်ငိမ်းက မြန်မာနိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ်တစ်ခု ဆွတ်ခူးပေးသည်။ ၁၇ ရက်နေ့တွင် သန်းသန်းနွယ်နှင့်ရွှေဇင်လတ်အတွဲက အမျိုးသမီးနှစ်ယောက်တွဲ ရိုးရာလှေ Rowing LW2X ပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ အောင်ငိမ်း၊ လှလှစံ၊ ရောစိမ်းယအတွဲက အမျိုးသမီးအသင်းအလိုက်မြားပစ် Compound ပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ ၁၈ ရက်နေ့တွင် ရဲမင်းဆွေနှင့်အောင်ငိမ်းအတွဲက အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲမြားပစ် Mix Team Compound ပြိုင်ပွဲမှရွှေတံဆိပ်တစ်ခု၊ ၁၉ ရက်နေ့တွင် မြန်မာအဖွဲ့က ရိုးရာလှေမီတာ ၁,၀၀၀ အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲ၊ ရိုးရာလှေမီတာ ၁,၀၀၀ အမျိုးသား ၁၀ တက်လှော် ပြိုင်ပွဲ၊ ရိုးရာလှေမီတာ ၁,၀၀၀ အမျိုးသမီးတက် ၂၀ လှော်ပြိုင်ပွဲ၊ ရိုးရာလှေမီတာ ၁,၀၀၀ အမျိုးသားတက် ၂၀ လှော်ပြိုင်ပွဲများမှ ရွှေတံဆိပ်တစ်ခုစီ၊ ၂၀ ရက်နေ့တွင် မြန်မာအဖွဲ့က ရိုးရာလှေမီတာ ၅၀၀ အမျိုးသမီး ၁၀ တက်လှော်ပြိုင်ပွဲ၊ ရိုးရာလှေမီတာ ၅၀၀ အမျိုးသား ၁၀ တက်လှော်ပြိုင်ပွဲ၊ ရိုးရာလှေမီတာ ၅၀၀ အမျိုးသမီး တက် ၂၀ လှော်ပြိုင်ပွဲများမှ ရွှေတံဆိပ်တစ်ခုစီ၊ ၂၀ ရက်နေ့တွင် အေးအေးအောင်က အမျိုးသမီး (-၇၈) ကီလိုတန်း ဂျူဒိုပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု၊ ၂၁ ရက်နေ့တွင် မြန်မာအဖွဲ့က ရိုးရာလှေမီတာ ၂,၀၀၀ အမျိုးသမီး တက် ၂၀ လှော်ပြိုင်ပွဲ၊ ရိုးရာလှေမီတာ ၂,၀၀၀ အမျိုးသား တက် ၂၀ လှော်ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲများမှ ရွှေတံဆိပ်တစ်ခုစီ၊ ကျော်ဇင်သက်နှင့် ဝေဖြိုးအောင်အတွဲက ဝူရှူးအမျိုးသားနှစ်ယောက်တွဲ အတိုက်သရုပ်ပြပြိုင်ပွဲမှ ရွှေတံဆိပ်တစ်ခု စုစုပေါင်းရွှေတံဆိပ် ၁၆ ခု ဆွတ်ခူးပြီးငွေတံဆိပ် ၂၇ ခုနှင့် ကြေးတံဆိပ် ၃၇ ခုရရှိသည်။

ထို့ပြင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် Tarung Derajat မိတ်ဆက်သရုပ်ပြပြိုင်ပွဲကို ကျင်းပရာ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်းနှင့်

မလေးရှားနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသမီး ၅၄-၅၈ ကီလိုတန်းပြိုင်ပွဲ၌ လှယဉ်မေက ရွှေတံဆိပ်ဆွတ်ခူးသည်။

(၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှု

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး
၁	အင်ဒိုနီးရှား	၁၈၂	၁၅၁	၁၄၃
၂	ထိုင်း	၁၀၉	၁၀၀	၁၂၀
၃	ဗီယက်နမ်	၉၆	၉၂	၁၀၀
၄	မလေးရှား	၅၉	၅၀	၈၁
၅	စင်ကာပူ	၄၂	၄၅	၇၃
၆	ဖိလစ်ပိုင်	၃၆	၅၆	၇၇
၇	မြန်မာ	၁၆	၂၇	၃၇
၈	လာအို	၉	၁၂	၃၆
၉	ကမ္ဘောဒီးယား	၄	၁၁	၂၄
၁၀	တီမောလက်စတေ	၁	၁	၆
၁၁	ဘရူနိုင်း	၀	၄	၇
	စုစုပေါင်း	၅၁၄	၅၄၉	၇၀၄

(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဘောလုံးပြိုင်ပွဲသို့ မြန်မာ ယူ-၂၃ အမျိုးသားဘောလုံးအသင်းဝင်ရောက်ယှဉ်ပြိုင်ရာ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ ဘရူနိုင်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဖိလစ်ပိုင်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ တီမောလက်စတေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း လေးပွဲနိုင်ပြီး ဗီယက်နမ်အသင်းနှင့် ဂိုးမရှိသရေတစ်ပွဲဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အကြိုဗိုလ်လုပွဲတွင် မလေးရှားအသင်းက မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိအနိုင်ရသွားခြင်းကြောင့် မြန်မာအသင်းနှင့်ဗီယက်နမ်အသင်းတို့ တတိယနေရာလုကြရာ မြန်မာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ တတိယရရှိသည်။

(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပါလမ်ဘန်မြို့ ကျိလိုရာဆရိဝိဇယ အားကစားကွင်းဦးကျင်းပရာ ကပြသူဦးရေ ၁,၀၀၀ ခန့်နှင့် အင်ဒိုနီးရှားအဆိုတော်များက သီဆိုဖျော်ဖြေတင်ဆက်ကြသည်။ အဆိုအကဖျော်ဖြေမှုများကို အထူးပြုလုပ်ချက်များပါဝင်သည့်ရောင်စုံမီးများဖြင့် တင်ဆက်ခြင်းဖြစ်သည်။ အခမ်းအနားတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံဒုတိယသမ္မတဘိဒီရိုနိုက (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပိတ်သိမ်းပေးသည်။

စိုးအောင်

အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သည့်ယာဉ် (RPV) များ၏ ထိန်းချုပ်လမ်းညွှန်မှုစနစ်များ။

။ ဒရုန်း သို့မဟုတ် RPV တို့၏ပုံစံကို စဉ်းစားရာတွင် လုံးဝ လက်နက်စနစ်တစ်ခုဟူသော အမြင်ရှုထောင့်မှ ကြည့်ရပေမည်။ ထိုကဲ့သို့သော စနစ်တွင် လေယာဉ်ကိုယ်ထည်၊ လွှတ်တင်ရေးစနစ်၊ ဝန်သယ်ဆောင်မှု၊ တွန်းအားစနစ်၊ အမိန့်ပေးခြင်းနှင့် ထိန်းချုပ်မှုစနစ်၊ လေယာဉ်ကို ပြန်လည်ရယူရေးစနစ်တို့ အဓိကပါဝင်သည်။

လေယာဉ်ကိုယ်ထည်သည် စနစ်တစ်ခုလုံး၏ပေါင်းစည်းရာဖြစ်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အတွက် သီးခြားသင့်တော်မည့်စနစ်တို့ကို ပေါင်းစပ်ထည့်သွင်းရမည်ဖြစ်သည်။ ၎င်းတို့တွင် လမ်းညွှန်ပြမှုနည်းလမ်းများ၊ အတွင်းလမ်းညွှန်မှု၊ ပျံသန်းမှုထိန်းချုပ်ရေး၊ လေယာဉ်၏အလေးချိန်ညီမျှစွာ ရှိနေစေမည့် လောင်စာဆီထား ရှိမှုစသည်တို့အား လုံးကို အလိုအလျောက်နှင့် အဝေးထိန်းချုပ်မှုဖြင့် လုပ်ဆောင်နိုင်ရန် ပုံစံထုတ်ရမည်။

ပုံစံထုတ်ရာတွင် တွန်းအားပေးစနစ်၊ အင်ဂျင်အားလုပ်ငန်းတာဝန်နှင့်ကိုက်ညီစွာ တပ်ဆင်ရမည်။ ကြာရှည်အမြင့်ပျံသန်းခြင်း၊ အနိမ့်ပျံသန်းခြင်း၊ သဘော်ကုန်းပတ်ပေါ်မှ ပျံသန်းခြင်း၊ အမြန်နှုန်းအသစ်အောက်တွင် ရှိမည့် အမြန်ပျံသန်းမှုတို့အတွက် အင်ဂျင်တပ်ဆင်မှုမှာ များစွာခြားနားနိုင်သည်။

ထိန်းချုပ်လမ်းညွှန်မှု

RPV အများအပြားကို နည်းဗျူဟာ စစ်ဆင်ရေး

များတွင် အသုံးပြုရာ၌ အရေးအကြီးဆုံးပြဿနာမှာ ထိန်းချုပ်မှုနှင့် အချက်အလက်များ ပြန်လည်ရယူရေးတို့ ဖြစ်သည်။ ၎င်းတွင် ဒေသတစ်ခုအတွင်း လုပ်ဆောင်နေကြသည့်ယာဉ်များကို တစ်ပြိုင်တည်း ထိန်းချုပ်ရေးတို့ပါဝင်သည်။ ရန်သူက RPV တို့၏ စွမ်းရည်ကို ပျက်ပြယ်စေရန် ပိတ်ဆို့ရေးနည်းပရိယာယ်များကို သုံးစွဲနိုင်သည့်အတွက် ကျယ်ပြန့်သည့် ရေဒီယိုလှိုင်း ဆက်သွယ်ရေးများကို အီလက်ထရို အော့ပ်တီကယ်နှင့် ရေဒါကဲ့သို့သော အာရုံခံကိရိယာများဖြင့် ပေါင်းစပ်လုပ်ဆောင်ရေးကို အထူးစဉ်းစားမှုအဖြစ် ဖန်တီးဆောင်ရွက်ရန် လိုအပ်သည်။

ထိန်းချုပ်လမ်းညွှန်မှုတွင် ပါဝင်ရမည့်အစိတ်အပိုင်းများ

RPV ကိုယ်တိုင်သည်ပင် ထိန်းချုပ်လမ်းညွှန်မှုစနစ်၏အဓိက အစိတ်အပိုင်းဖြစ်သည်။ အခြားပါဝင်မှုအစိတ်အပိုင်းအားလုံးတို့က ဤနေရာသို့သာ ဦးတည်ကြသည်။ အဓိကလိုအပ်ချက်မှာ RPV ကို ထိန်းချုပ်သည့် အဝေးထိန်းစခန်းဖြစ်ရာ ၎င်းသည် မြေပြင်ပုံသန်းရေးထိန်းချုပ်မှုဌာနနှင့် လေဟုန်စီးလက်ဆင့်ကမ်းစခန်း သို့မဟုတ် လမ်းညွှန်မှုစခန်းဖြစ်နိုင်သည်။ ၎င်းမှာ RPV တို့ကို လွှတ်တင်မှုပြုသည့် DC-130 လေယာဉ်ကြီးဖြစ်လေ့ရှိသည်။ ထို့ပြင် RPV ပေါ်တွင် လုပ်ငန်းတာဝန်၏အချို့သောအစိတ်အပိုင်းများအတွက် အလိုအလျောက်လုပ်ဆောင်နိုင်ရန် အစီအစဉ်ထည့်သွင်းမှုတပ်ဆင်ပါရှိသည်။ ၎င်းကို လေယာဉ်နှင့် အဝေးထိန်းမောင်းနှင်သူတို့ အဆက်ပြတ်သွားသည့်အခါ အသုံးပြုနိုင်သည်။

အဆက်အသွယ်ပြတ်တောက်သွားသည့် RPV တို့ကို ခြေရာခံရန်အခြားနည်းလမ်းအဖြစ် မြေပြင်ထိန်းချုပ်မှု ကြားဖြတ်ရေးရေဒါရှိသေးရာ ၎င်းကို ထိန်းချုပ်ရေးစနစ်၏ အရံအဖြစ် သုံးနိုင်သည်။

RPV တို့၏ သဘောတရားသည် လူတို့မောင်းနှင်သည့် လေယာဉ်တို့ကို အစားထိုးရန် မဟုတ်ဘဲ လူလိုက်ပါဆောင်ရွက်သည့် နည်းဗျူဟာတိုက်ခိုက်ရေးလုပ်ငန်းများတွင် ပိုမိုကောင်းမွန်စေရန် ဖြည့်ဆည်းပေးရေးသာဖြစ်သည်။

ယနေ့ RPV/RPA လေယာဉ်များဖြစ်ကြသည့် ပရီဒေတာ (Predators) နှင့် ရီပါ (Reapers) လေယာဉ်များသည် သတင်းနှင့် ကင်းလှည့်ထောက်လှမ်းခြင်း (ISR) လုပ်ငန်းများကိုသာမက ပစ်မှတ်များကိုလည်း ဒုံးပျံများဖြင့် တိုက်ခိုက်ခြင်း၊ ရီပါလေယာဉ်ဆိုပါက ဗုံးများကြဲချခြင်းကိုပင် လုပ်ဆောင်နိုင်ရာ လေတပ်၏ စီမံထားမှုအတိုင်း RPA လေယာဉ်စင်းရေ ၂,၀၀၀ ထက်မပိုဘဲ ထားရှိလျှင် လုံလောက်မှုရှိမည်ဟု အမေရိကန်လေတပ်၏ RPA လုပ်ငန်းတပ်ဖွဲ့ ဒါရိုက်တာ ဗိုလ်မှူးကြီး ဒေးလ်ဖရစ်ဒ်လေက ပြောကြားသည်။ ထို့ပြင် လေတပ်က အမြင့်ပျံ RPA ဖြစ်သော RQ-4 Global Hawk လေယာဉ် ၇၇ စင်းထားရှိရန်လည်း စီမံထားရာ ၎င်းတို့မှာမူ ISR လုပ်ငန်းဆောင်ရွက်ရေးအတွက်သာ သုံးစွဲနိုင်သည်။

လာမည့် ၁၀ စုနှစ်စောစောပိုင်းတွင် လေတပ်က MQ-X ခေါ်ကိုယ်ပျောက် RPA အသစ်တစ်မျိုးကို ရန်သူ၏ကာကွယ်မှုထူထပ်များပြားသည့်လေကြောင်းပိုင်နက်တွင် ရှင်သန်ကျန်ရှိ၍ ကျယ်ပြန့်သော ISR လုပ်ငန်းနှင့် တိုက်ခိုက်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်. ကြက်ချထားမည်ဖြစ်သည်။ ၎င်းသည် ယခင်အခါက ဗုံးကြဲလေယာဉ်ဟု သိရှိကြသည့် တာဝေး ISR နှင့် တိုက်ခိုက်ရေးတာဝန်များကို ဖြည့်စွက်ဆောင်ရွက်မည်ဖြစ်ရာ ရွေးချယ်မှုအရ လူလိုက်ပါခြင်းလည်း ပြုလုပ်နိုင်သည်။

RPA တို့ကို အသုံးပြုရာတွင် အချိန်အခါအရ ၎င်း၏ အလိုအလျောက် ဆောင်ရွက်နိုင်မှုနည်းပညာ၏ လုပ်ဆောင်နိုင်မှုနှင့် လူသားတို့က ၎င်းအားသေစေနိုင်သည့် ဆုံးဖြတ်ချက်အား ၎င်းကိုယ်တိုင်ပြုလုပ်ရန် ခွင့်ပြုရေးကို မည်မျှလိုလားသနည်းဟူသည့် အချက်များအပေါ်တွင် တည်လိမ့်မည်ဖြစ်သည်။

ရီပါလေယာဉ်သည် အတောင်ပံ အကျယ် ၆၆ ပေရှိ၍ လက်နက်သယ်ဆောင်နိုင်မှုမှာ F-16 ကျက်တိုက်လေယာဉ်နှင့်ယှဉ်ပြိုင်နိုင်သည်။ ပရီဒေတာ မောင်းသူမဲ့လေယာဉ်မှ ဆင့်ပွားလာသည့် လေယာဉ်ဖြစ်သော်လည်း လတ်တလောအားဖြင့် ပရီဒေတာလေယာဉ်အား ဖယ်ရှားအစားထိုးနိုင်ဦးမည် မဟုတ်ပေ။

ရီပါလေယာဉ်သည် ပရီဒေတာလေယာဉ်၏ တာဆေးနှင့်အမြန်နှုန်းနှစ်ဆကျော်မျှရှိ၍ ဝန်အလေးချိန် သယ်ဆောင်နိုင်မှုမှာ ၁၀ ဆနီးပါးမျှရှိရာ အမေရိကန်လေတပ်အနေဖြင့် စွမ်းဆောင်ရည်ပိုမိုကြီးမားသည့် ရီပါလေယာဉ်အပေါ် အာရုံစိုက်လုပ်ဆောင်ရန်ဆုံးဖြတ်ခဲ့သည်။

ဥပမာအားဖြင့် ရီပါလေယာဉ်ကို ဂေါ်ဂွန်စတဲယား (Gorgon Stare) ဟုခေါ်သောကိရိယာ တပ်ဆင်ပေးခြင်းဖြင့် ညွှန့်ပေါင်းမဟာမိတ်တပ်ဖွဲ့များသို့ ပေးပို့ရမည့် ဗီဒီယိုရိုက်ချက်များကို လျှို့ဝှက်စွာလွှင့်ထုတ်၍ ၁၀ ဆမျှခွဲ၍ ပေးပို့နိုင်ပြီး အနာဂတ်တွင် အဆ ၃၀ မျှပေးပို့နိုင်မည်ဖြစ်သည်။

လေတပ်က ဗော်တက်စ် Vortex ခေါ်ကိရိယာကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ထိုကိရိယာအစုံကို တပ်ဆင်ပြီးပါက ရီပါလေယာဉ်၏ မြေပြင်ပေါ်တွင် ရွှေ့လျားလျက်ရှိသော ပစ်မှတ်များကို ထောက်လှမ်းခြေရာခံနိုင်မှုစွမ်းရည်ကို ကျယ်ပြန့်စွာ တိုးချဲ့ပြုလုပ်စေနိုင်မည်ဖြစ်သည်။ အခြားသော ကိရိယာတပ်ဆင်မှုများက အချက်ပြမှုများနှင့် အခြားသော ထောက်လှမ်းရေးပုံစံတို့ကို စုဆောင်းနိုင်မည်ဖြစ်ရာ ပရီဒေတာလေယာဉ်က ထိုကဲ့သို့ ဝန်အလေးချိန်များပြားမှုကို သယ်ဆောင်နိုင်ခြင်းမရှိပေ။

ရီပါလေယာဉ်က ဟဲဖိုင်းယား (Hellfire) ဒုံးပျံများနှင့် လေဆာရောင်ခြည်လမ်းညွှန်မှုပါသော ဗုံးများကို သယ်ဆောင်နိုင်ပြီး အချင်းငယ်သည့်ဗုံးနှင့် "ပူးပေါင်းတိုက်ရိုက်တိုက်ခိုက်ရေးလက်နက်" (JDAM) တို့ကို တပ်ဆင်နိုင်သည်။ သို့သော် အမေရိကန်လေတပ် USAF က MQ-9 Reaper လေယာဉ်ကို လေထုမှလေထုတွင်းတိုက်ခိုက်ရေးအတွက် ပြင်ဆင်ပြုလုပ်မည်မဟုတ်ပေ။ ရီပါလေယာဉ်က ရာသီဥတုဆိုးဝါး၍ ယှဉ်ပြိုင်တိုက်ခိုက်မှုများရှိသည့် လေကြောင်းပိုင်နက်တွင် ပျံသန်းနိုင်ကြောင်း လေတပ်က ပြောဆိုခြင်းမရှိပေ။ ထိုကန့်သတ်ချက်များကို အမေရိကန်လေတပ်က MQ-X လေယာဉ်ဖြင့် ကျော်လွှားရန် မျှော်လင့်ထားသည်။

MQ-X သည် MQ-9 မှ ဆင့်ပွားလာခြင်းမဟုတ်

ရီပါ (Reaper) လေယာဉ်သည် ပရီဒေတာ (Predator) လေယာဉ်မှ ပိုမိုကြီးမား၍ လျင်မြန်သော ဆင့်ပွားအဖြစ် ထွက်ပေါ်လာခြင်းဖြစ်သော်လည်း MQ-X မှာ MQ-9 ကိုမှီ၍ ထွက်ပေါ်လာခြင်းမဟုတ်ကြောင်း ဒက်ပ်တူလာက ပြောကြားသည်။

MQ-X ၏ အဓိကအရည်အသွေးသည် သီးခြားတည်ရှိမှုဖြစ်၍ ကျယ်ပြန့်စွာ အမျိုးကွဲပြားများပြားသည့် လုပ်ငန်းတာဝန်များအတွက် လျင်မြန်စွာ ပြုပြင်နိုင်မှုရှိရာ ယခင်အတွေ့အကြုံများထက်များစွာ ခြားနားလျက်ရှိသည်။ ထိုကဲ့သို့သော လေယာဉ်တို့မှာ အမြန်နှုန်းမြင့်မားစွာ ပျံသန်းခြင်းများ သို့မဟုတ် လောင်စာဆီစုပ်ယူဖြည့်တင်းရန် ပျံသန်းခြင်းများ လုပ်ငန်းတာဝန်အပေါ်လိုက်၍ အတောင်ပံများ၊ ကိုယ်ထည်များကိုပြန်လည်ပြုပြင်တပ်ဆင်နိုင်ကြောင်းနှင့် ရန်သူနယ်မြေပေါ်တွင် ပျံသန်းစဉ် မမြင်တွေ့ရလုနီးပါး အနေအထားရှိနေနိုင်ကြောင်း စက်မှုပိုင်းဆိုင်ရာ သတင်းများက ဖော်ပြသည်။ ရှင်သန်ကျန်ရစ်နိုင်စွမ်းရှိမှုသည် ကိုယ်ပျောက်ခြင်းနှင့် တူညီသည့် အဓိပ္ပာယ်မပေါက်ပေ။ ၎င်းသည် MQ-X ၏ ဒုတိယအဓိက အရည်အသွေးဖြစ်ကြောင်း ဒက်ပ်တူလာက ပြောကြားသည်။

MQ-X ၏ တတိယအဓိကအရည်အသွေးမှာ အလိုအလျောက် လုပ်ဆောင်နိုင်မှုဖြစ်သည်။ ရန်သူက ထိန်းချုပ်မောင်းနှင်သူနှင့် လေယာဉ်တို့အကြား မှ ဆက်သွယ်ရေးကို ဖြတ်တောက်နိုင်ဖွယ်ရှိရာ ယနေ့ RPA တို့က ထိန်းချုပ်မောင်းနှင်သူများနှင့် ဆက်သွယ်ရေးပြတ်တောက်မှုသိကြသည်နှင့် အချို့သော RPA တို့က အခြေစိုက်စခန်းသို့ ပြန်လည်ရောက်ရှိလာနိုင်ကြသည်။ MQ-X နှင့် ပတ်သက်၍ ထိန်းချုပ်မှုဆက်သွယ်ရေးများပြတ်တောက်သွားခဲ့ပါက ၎င်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်နိုင်စွမ်းရှိရန် လေတပ်က လိုလားသည်။ MQ-9 Reaper ၏ အစောဆုံးပေါ်ထွက်ခဲ့သည့်ပုံစံများကို ၂၀၂၀-၂၂ ခုနှစ် အချိန်အတွင်းတွင် အစားထိုးလဲလှယ်ရန် လိုအပ်ကြောင်း ဖရစ်ဒ်လေကပြောကြားခဲ့ရာ ၎င်းမှာ MQ-X လေယာဉ်တို့တင်သွင်းလာမည့် ရည်မှန်းချက်ကာလဖြစ်သည်။

ရေတပ်မှ လေယာဉ်တင်သင်္ဘောအခြေပြု ကိုယ်ပျောက်တိုက်လေယာဉ်အရွယ်အစား၌ RPA ကို လုပ်ဆောင်လျက်ရှိရာ ဝန်သယ်ဆောင်နိုင်မှုနှင့် စွမ်းရည်မှာ

F-35 တိုက်လေယာဉ်နှင့်အတူရှိမည်ဖြစ်သည်။ ၎င်း လေယာဉ်မှာ ရေတပ်၏မောင်းသူမဲ့တိုက်ခိုက်ရေးစနစ် UCAS ၏ X-47 လေယာဉ်မှ ဆင်းသက်လာမှုဖြစ်နိုင်သည်။ ယင်းစီမံကိန်းသည်လည်း လေတပ်နှင့်ရေတပ် ပူးပေါင်းလုပ်ဆောင်ခဲ့မှုမှ ဆင်းသက်လာခြင်းဖြစ်၍ နောက်ပိုင်းတွင် လေတပ်က မျိုးဆက်သစ် ISR တိုက်ခိုက်ရေးစီမံကိန်းမှ နုတ်ထွက်သွားခဲ့သည်။

Reaper လေယာဉ်တို့က ပုံမှန်အားဖြင့်ပေ ၁၅,၀၀၀ မှ ၃၀,၀၀၀ အတွင်း လုပ်ငန်းဆောင်ရွက်၍ Global Hawk လေယာဉ်တို့က ပေ ၆၅,၀၀၀ အထိ ပျံတက်၍ တာဝန်ကျရာနေရာတွင် ၃၅ နာရီမျှ နေနိုင်သည်။ ၎င်း၏ ISR လုပ်ငန်းတာဝန်မှပို၍ ဆောင်ရွက်နိုင်မှုအဖြစ် ထုတ်လုပ်မှုအသစ်မှ ပုံစံတို့မှာ ဆက်သွယ်ရေးလက်ဆင့်ကမ်းဌာနအဖြစ်လည်း အသုံးပြုမည်ဖြစ်သည်။ အာဖဂန်နစ္စတန်ကဲ့သို့ တောင်မြင့်ကြီးများ ဝိုင်းရံလျက်ရှိသည့် စစ်ဆန်းများအတွက် ထိုကဲ့သို့သော ဆက်သွယ်ရေးပိုမိုကောင်းမွန်မှုများ ဆောင်ရွက်ရန် လိုအပ်သည်။

လတ်တလောအားဖြင့် လက်ရှိ RPV နည်းပညာမှာ ထူးခြားသည့်အောင်မြင်မှုများ လိုအပ်မှုမရှိဘဲ အသုံးပြုနိုင်သည်။ ဖန်တီးတီထွင်မှုကမူ ပုံစံထုတ်လုပ်မှုသဘောတရားတွင် လိုအပ်နေ၍ စရိတ်ကုန်ကျမှုတို့ကို ကျိုးကြောင်းဆီလျော်စွာ ချိန်ဆလုပ်ဆောင်ရပေမည်။ ဥိုင်းတွင် တွေ့ဆုံရမည့် အခက်အခဲများမှာ ဒီဇိုင်းပုံစံနှင့် အမျိုးအစား၊ တွန်းအားပေးစနစ်၊ ပျံသန်းမှုဆိုင်ရာ အီလက်ထရွန်းနစ်နည်းပညာ၊ ထိန်းချုပ်မှုများနှင့် ပုံဖော်ကြည့်ရှုရေးကိရိယာများ၏ လုပ်ဆောင်မှုများတွင် ဖြစ်မည်။ RPV တို့၏ အရေးပါဆုံးကဏ္ဍမှာ လုပ်ငန်းဆိုင်ရာ သဘောတရားနှင့် နည်းဗျူဟာအသုံးပြုမှုများ စူးစမ်းလေ့လာရန် အသေအချာလိုအပ်ချက်ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ လူသားတို့သည်သာ လက်နက်စနစ်များတွင် အထိရောက်ဆုံးပါဝင်မှု အစိတ်အပိုင်းဖြစ်နေဆဲရှိသည်။

သောင်းထိုက်ဦး

အာရပ်နွေဦး။ ။ အာရပ်နွေဦးကို အာရပ်တို့နိုးကြားလာခြင်းဟုလည်း ခေါ်ဆိုကြပြီး အာရပ်ဒေသတွင် ဖြစ်ပွားခဲ့သော ပြည်သူများက အစိုးရကိုဆန့ကျင်ခြင်း၊ သပိတ်မှောက်ခြင်း၊ ပုန်ကန်ထကြွခြင်းဖြစ်စဉ်များကို ခြုံငုံသတ်မှတ်ခြင်းဖြစ်သည်။ အာရပ်နွေဦးဖြစ်ပွားခဲ့သော ဒေသများမှာ တူနီးရှား၊ အီဂျစ်၊ လစ်ဗျား၊ဘာရိန်း၊ ဆီးရီးယား၊ ယီမင်တို့တွင် အဓိကဖြစ်ပွားခဲ့ပြီး အယ်လ်ဂျီးရီးယား၊ အီရတ်၊ အီရန်၊ ဂျော်ဒန်၊ မော်ရိုကို၊ အိုမန်၊ ကူဝိတ်၊ လက်ဘနွန်၊ မော်ရစ်သျှ၊ ဆော်ဒီအာရေဗျတို့ကိုပါ ပျံ့နှံ့ခဲ့သည်။ အာရပ်နွေဦးကြောင့် အာရပ်ဒေသရှိ နိုင်ငံအသီးသီးတွင် ပြည်သူကိုမျက်ကွယ်ပြုခဲ့သည့် နှစ်ပေါင်းကြာရှည်စွာ အုပ်စိုးခဲ့သော အာဏာရှင်အချို့ အာဏာလွှဲပြောင်းခဲ့ရသည်။

အာရပ်နွေဦးအစ

၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းက သန္ဓေတည်ခဲ့သော အာရပ်နွေဦးကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများစွာရှိသည်။ အာရပ်ဒေသတွင် အုပ်စိုးခဲ့ကြသော အစိုးရတို့၏ အုပ်ချုပ်ရေးယိုယွင်းလာသောကြောင့်ဖြစ်သည်။ အာရပ်ဒေသတွင် အာဏာရှင်အကြွင်းမဲ့ဘုရင်စနစ်တို့၏ လူ့အခွင့်အရေး ချိုးဖောက်မှု၊ အစိုးရဝန်ထမ်းများ ခြစားမှုနှင့် အာဏာရှင်အချို့မှ ယင်းတို့၏အကျိုးစီးပွားအတွက် ဆောင်ရွက်နေမှုကြောင့် အာရပ်ပြည်သူတို့ဘဝမှာ ဆင်းရဲတွင်းနက်သည်ထက်နက်လာခဲ့သည်။ စီးပွားရေးကျဆင်းလျက်ရှိပြီး ပညာတတ်လူငယ်များမှာ အလုပ်ကိုင် အခွင့်အလမ်းများ နည်းပါးလျက်ရှိသဖြင့် အစိုးရအပေါ် မကျေနပ်မှုများမှာ တဖြည်းဖြည်းတိုးပွားလျက်ရှိသည်။ ထို့အပြင် ကုန်ဈေးနှုန်းများ အဆမတန်မြင့်မားနေသဖြင့် ဝတ်မှတ်ခေါင်းပါးလာသည်အထိ အခြေအနေဆိုးရွားလာသည်။ ထိုအချိန်တွင် ခေတ်ပညာ တတ်လူငယ်များက ပိုမိုတိုးတက်ရန် တောင့်တမျှော်လင့် နေပြီး အစိုးရအနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပြုပြင်ပြောင်းလဲမှုကို အချိန်မီ ဆောင်ရွက်ရန် ပျက်ကွက်နေခဲ့သည်။ ထိုအချိန်တွင် အစိုးရအား ကန့်ကွက်ဆန္ဒပြရန် စည်းရုံးလှုံ့ဆော်ခဲ့သူ များမှာ ယင်းဒေသတွင် နှစ်ကာလရှည်ကြာ ရပ်တည်ခဲ့ကြသော နိုင်ငံရေးသမားများဖြစ်ကြသည်။ ယင်းတို့

၏ဦးဆောင်မှုဖြင့် အာရပ်လူငယ်အများစုက အစိုးရ ဆန့်ကျင်ရေး လူထုအုံကြွမှုကို လုပ်ဆောင်ခဲ့ကြသည်။

တူနီးရှား

ပညာတတ်တူနီးရှားလူမျိုး မိုဟာမက်ဘိုယူအာဇီဇီသည် ပညာတတ်သော်လည်း အသက်ရှင်ရပ်တည်ရန် အလုပ်အကိုင် ရှားပါးလှသဖြင့် မိမိဘဝဆိုးရွားနေခြင်းမှာ အစိုးရက ပြုပြင်ပြောင်းလဲလုပ်ကိုင်ရန် ပျက်ကွက်မှုကြောင့်ဟု ယူဆကာ အစိုးရကို ဆန့်ကျင်သည့်အနေဖြင့် မိမိကိုယ်ကိုယ်မီးရှို့သည့် ဆန္ဒပြမှုသည် တူနီးရှားနိုင်ငံ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ကျန်တူနီးရှားပညာတတ်လူငယ်များကိုလည်း ယင်းကဲ့သို့ လုပ်ဆောင်ရန် တွန်းအားပေးလိုက်သည်။ ထောင်ပေါင်းများစွာသော တူနီးရှားလူငယ်များသည် လမ်းပေါ်သို့ ထွက်လာကြပြီး အစိုးရ ဆန့်ကျင်ရေးကို လုပ်ဆောင်ကြသည်။ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်း၊ အလုပ်လက်မဲ့နှုန်းမြင့်မားနေခြင်း၊ အစိုးရဝန်ထမ်းများ ခြစားမှုကြီးမားနေခြင်းတို့ကြောင့် ဆန္ဒပြမှုများ အရှိန်အဟုန်ပြင်းထန်လာပြီး အစိုးရက အကြမ်းဖက်နှိမ်နင်းသည်။ ရဲနှင့်စစ်တပ်က အကြမ်းဖက်နှိမ်နင်းသော်လည်း ဆန္ဒပြမှုများမှာ ပိုမိုအားကောင်းလာပြီး နှစ်သုံးဆယ်အတွင်း အကြီးမားဆုံးဆန္ဒပြမှုဖြစ်ပေါ်လာကာ တူနီးရှားသမ္မတဘင်အလီသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးသွားရသဖြင့် တူနီးရှားကို ၂၃ နှစ် ကြာအုပ်စိုးခဲ့သော ၎င်းအုပ်ချုပ်မှုမှာ အဆုံးသတ်သွားသည်။

ဘင်အလီအုပ်ချုပ်ရေး အဆုံးသတ်သွားပြီးနောက် အရေးပေါ်အုပ်ချုပ်ရေးကို ကြေညာလိုက်သည်။ ထို့နောက် ဘင်အလီ၏ပါတီဝင်များ၊ အခြေခံဥပဒေတွင် ဆက်လက်ကျန်ရှိနေပြီး ဆန္ဒပြမှုများမှာလည်း လျော့မသွားသောကြောင့် ဝန်ကြီးချုပ်နှင့်အတူ ယင်း ဝန်ကြီးချုပ်အဖွဲ့ပါ ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖျက်သိမ်းလိုက်ကာ ဆက်ဘ်ဆီက ဝန်ကြီးချုပ်ဖြစ်လာသည်။

အီဂျစ်

တူနီးရှားတွင် ဆန္ဒပြမှုများကြောင့် သမ္မတဘင်အလီ အာဏာလက်လွှတ်လိုက်ရပြီး အီဂျစ်သမ္မတဖြစ်လာရန် ရေပန်းစားနေသူ အိုင်အေအီးအေ အကဲဟောင်းမိုဟာမက်အယ်လ်ဘာရာဒေးက တူနီးရှားပုံစံပေါက်ကွဲမှု အီဂျစ်တွင် ပေါ်ပေါက်လာနိုင်သည်ဟု



အီဂျစ်သမ္မတကို ဆန့်ကျင်ကန့်ကွက်နေသူတစ်ဦး

ဟောကိန်းထုတ်ခဲ့သည်။ ဧန်နဝါရီလ ၂၅ ရက်တွင် အီဂျစ်တွင် ဆန္ဒပြမှုများပေါ်ပေါက်လာခဲ့ပြီး ၁၈ ရက်ကြာမြင့်ခဲ့သည်။ ပထမပိုင်းတွင် အစိုးရအနေဖြင့် ဆန္ဒပြသူများက အင်တာနက်မှတစ်ဆင့်စည်းရုံးနေခြင်းကို ဖြတ်တောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် လူသောင်းပေါင်းများစွာ လမ်းပေါ်တွင် ဆန္ဒပြလာသော အခါ အီဂျစ်သမ္မတမှာဘာရက်သည် ယင်းအစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်သည်။ အစိုးရအဖွဲ့သစ်ကို မှာဘာရက်က


ဖွဲ့စည်းခဲ့သော်လည်း ဆန္ဒပြမှုများမှာ အားကောင်းနေဆဲဖြစ်သဖြင့် သမ္မတအခွင့်အာဏာများကို ဒုတိယသမ္မတအိုမာစူလေမန်ကို လွှဲအပ်ကြောင်း ကြေညာခဲ့သည်။ ဆန္ဒပြမှုများမှာ လျော့မသွားသောကြောင့် သမ္မတသစ်စူလေမန်က မူဘာရက်သည် သမ္မတအဖြစ်မှ တရားဝင်နုတ်ထွက်ကြောင်းနှင့် အုပ်ချုပ်ရေးအာဏာကို အဂျစ် စစ်တပ်သို့ လွှဲအပ်ကြောင်း ကြေညာသည်။

ထို့နောက် အီဂျစ်စစ်တပ်က အီဂျစ်ပါလီမန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသာမက မူဘာရက်လက်ထက်ထားရှိသော နှစ်သုံးဆယ်ကြာ အရေးပေါ်အခြေအနေကိုပါ ဖျက်သိမ်းလိုက်သည်။ လာမည့်ခြောက်လအတွင်း (သို့မဟုတ်) ၂၀၁၁ နှစ်ကုန်ပိုင်းတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပမည်ဟု ကတိပြုသည်။ အရပ်သားဖြစ်သော အီဆန်ရှာအက်ဖ်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။ သို့သော် ရှာအက်ဖ်နှင့် အီဂျစ်စစ်တပ်ကောင်စီချုပ်သည် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် နှေးကွေးသည်ဟု ယူဆသဖြင့် ဆန္ဒပြမှုများမှာ ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ ဖြစ်ပွားခဲ့သည်။

အားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ရရှိခဲ့သည်။ သို့ရာတွင် အစွန်လာမ်အစွန်းရောက် နိုယူပါတီမှာလည်း ဒုတိယဆန္ဒမဲအများဆုံးရရှိနေသဖြင့် မူဘာရက်အလွန်အီဂျစ်သည် အစွန်လာမ်အစွန်းရောက်တိုင်းပြည် ဖြစ်သွားမည်ကို အမေရိကန်နှင့် အစွန်ရေးတို့က စိုးရိမ်နေကြသည်။

လစ်ဗျာ

တူနီးရှားတွင် ဆန္ဒပြမှုများ အောင်မြင်မှုကြောင့် လစ်ဗျားနိုင်ငံ ဘေဒါတွင် ဇန်နဝါရီလ ၁၄ ရက်မှစ၍ ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အစိုးရကလည်း ရဲနှင့်စစ်တပ်ကို အသုံးပြုပြီး အကြမ်းဖက်နှိမ်နင်းသည်။ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဆန္ဒပြသူများက လစ်ဗျားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ဘန်ဂါဇီကို သိမ်းပိုက်လိုက်ကြပြီး လစ်ဗျားအစိုးရက စေလွှတ်လိုက်သော စစ်တပ်မှာ ဘန်ဂါဇီတွင် ကျဆုံးခဲ့သည်။ ထို့နောက် လစ်ဗျားမြို့တော်ထရီပိုလီသို့ ဆန္ဒပြသူများက ချီတက်လာရာ လစ်ဗျားခေါင်းဆောင်ကဒါဖီက ပြည်တွင်းစစ် ဖြစ်ပွားနိုင်သည်ဟု သတိပေးလိုက်ပြီး



ကဒါဖီကိုထောက်ခံသူများအား တွေ့ရစဉ်

ပါလီမန်ရွေးကောက်ပွဲအတွက် အဆင့်သုံးဆင့် ပါဝင်သော အစီအစဉ်ကို အီဂျစ်စစ်တပ်က ထုတ်ပြန်ခဲ့ပြီးနောက် နိုဝင်ဘာလတွင် ပထမအဆင့်ရွေးကောက်ပွဲများကို ကျင်းပခဲ့ရာ အီဂျစ်၌ နှစ်ပေါင်းများစွာ လူမှုရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သော မွတ်ဆလင်ညီနောင်များ၏ လွတ်လပ်ရေးနှင့် တရားမျှတမှုပါတီမှာ ဆန္ဒမဲ အကြမ်းဖက် နှိမ်နင်းမှုကြောင့် လူပေါင်းထောင်ကျော်သေဆုံးလာ သဖြင့် နိုင်ငံတကာမှ ကဒါဖီအစိုးရအပေါ် ရွံတ်ချမှုများ ပိုမိုပြင်းထန်လာခဲ့သည်။ ထရီပိုလီမြို့တော်ကို သိမ်းပိုက်နိုင်ရန် ကြိုးစားနေစဉ် ကဒါဖီအစိုးရအား ဖြုတ်ချရန် ဘန်ဂါဇီမြို့တော်တွင် ကြားဖြတ်အစိုးရဖွဲ့စည်းခဲ့ကြသည်။

မတ်လ ၁၇ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက လစ်ဗျားနိုင်ငံပေါ်တွင် လေယာဉ်မပျံသန်းရန်အဖြစ်သတ်မှတ်ပြီး လစ်ဗျားအရပ်သားများအားမည်သည့်နည်းနှင့်မဆို ကာကွယ်ရန်အတွက် ဆုံးဖြတ်ချက် အမှတ် ၁၉၇၃ ကိုချမှတ်ခဲ့သည်။ နှစ်ရက်ကြာသောအခါ အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်တို့က ကဒါဖီ စစ်တပ်အား ဗုံးစတင်ကြဲခဲ့ပြီး ဥရောပတိုက်မှ ၂၇ နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံအချို့ပါဝင်းစစ်ဆင်ရေးတွင် ပါဝင်လာခဲ့ကြသည်။ ရှစ်လကြာစစ်ဆင်မှုကြောင့် ကဒါဖီ၏ စစ်တပ်နှင့်အစိုးရအဖွဲ့သည် ဆာ့တ်မြို့သို့ ရွှေ့ပြောင်းခဲ့ရသည်။ အောက်တိုဘာလ ၂၀ ရက်တွင် ဆာ့တ်မြို့ကိုပါ သိမ်းပိုက်နိုင်ပြီး ကဒါဖီဆန့်ကျင်သူများမှာ ယင်းမြို့တွင်ပင် ပုန်းအောင်းနေသည်ကို တွေ့ရှိပြီး ကဒါဖီမှာ ၎င်းကို ဆန့်ကျင်သူများ၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့သည်။

ဆီးရီးယား

တူနီးရှားကဲ့သို့ပင် အစိုးရကို မကျေနပ်သဖြင့် ဧန်နဝါရီလ ၂၆ ရက်တွင် ဆီးရီးယားနိုင်ငံသားတစ်ဦး မိမိကိုယ်ကိုယ်မီးရှို့ပြခဲ့သည်မှစတင်၍ ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများအနေဖြင့် လူ့အခွင့်အရေးများရရှိရေးကို တောင်းဆိုခဲ့ပြီး ၁၉၆၃ ခုနှစ်ကတည်းက ထားရှိထားသော အရေးပေါ်အခြေအနေကိုလည်း ဖျက်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ အစိုးရဆန့်ကျင်ရေးကိုလုပ်ဆောင်သော ကလေးငယ် ၁၅ ယောက်ကို ရက်ရက်စက်စက် ညှဉ်းပမ်းခဲ့သဖြင့် လူထောင်ပေါင်းများစွာသည် ဆီးရီးယားမြို့များတွင် ဆန္ဒပြခဲ့ကြသည်။ မကြာမီ လူသုံးထောင်ခန့် အဖမ်းခံရသည်။ ထို့နောက် ဆန္ဒပြသူများက ဆီးရီးယားသမ္မတအာဆတ်အား ရာထူးမှနုတ်ထွက်ရန် တောင်းဆိုသည်။ ဇူလိုင်လတွင် ဆန္ဒပြမှုများကို နှိမ်နင်းရန် တင့်ကားများကို အသုံးချလာသဖြင့် ဗြိတိန်၊ ပြင်သစ်နှင့် အမေရိကန်ခေါင်းဆောင်များက ကန့်ကွက်လိုက်ပြီး သမ္မတအာဆတ်အနေဖြင့် နိုင်ငံအား အုပ်ချုပ်ရန် ဥပဒေအရ တရားမဝင်တော့ကြောင်း ရှုတ်ချခဲ့ကြသည်။ ဆီးရီးယားအာလစ်ဗျားကဲ့သို့ အရေးယူရန် ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်နှင့်ပေါ်တူဂီတို့က ကြိုးပမ်းခဲ့သော်လည်း ရုရှားနှင့် တရုတ်တို့က ဗီတိုအာဏာဖြင့် ပယ်ချခဲ့သဖြင့် အရာမထင်ခဲ့ချေ။ ဆီးရီးယားကမ်းရိုးတန်းတွင် ရုရှားနိုင်ငံလုပ်လေကြောင်းရန်ကာကွယ်ရေးစနစ်များတပ်ဆင်ထားသည်။ ထို့ပြင် ရုရှားနိုင်ငံမှ ဖျက်သင်္ဘောများနှင့်တိုက်လေယာဉ်များသည် မြေထဲပင်လယ်တွင် စစ်ရေးလေ့ကျင့်ရန်အတွက်ဟုဆိုကာ တပ်စွဲထားပြီး အမေရိကန်ကလည်း ကျော့ချ်ဒဗလျူဘုရ်အမည်ရှိ လေယာဉ်တင်သင်္ဘောကို မြေထဲပင်လယ်သို့ စေလွှတ်ထားသည်။ သမ္မတအာဆတ်ကမူ ၎င်းအနေဖြင့် ဆန္ဒပြသူများကို သတ်ဖြတ်ရန် အမိန့်မပေးကြောင်း အင်တာဗျူးတစ်ခုတွင် ငြင်းဆိုထားသည်။

ယီမင်

ယီမင်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများသည် ဧန်နဝါရီလလယ်တွင် စတင်ဖြစ်ပွားခဲ့ပြီး ယီမင်၏ အခြေခံဥပဒေအား ပြင်ဆင်ရန် အလုပ်လက်မဲ့နှုန်းနှင့် စီးပွားရေးအခြေအနေအား ဖြေရှင်းရန်သာ အစပိုင်းကတောင်းဆိုခဲ့ကြသော်လည်း နောက်ပိုင်းတွင် အကြံပေးများကပင် ဆန့်ကျင်လာသော ယီမင်သမ္မတအလီ အဗ္ဒူလာဆာလတ်ကို ရာထူးမှ နုတ်ထွက်ပေးရန်အထိ တောင်းဆိုလာကြသည်။ လူပေါင်းတစ်သောင်း ခြောက်ထောင်ကျော် လမ်းပေါ်တက်ဆန္ဒပြခဲ့ကြပြီး သမ္မတဆာလတ်က ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ကျန်ရှိသော သမ္မတသက်တမ်းကို ထပ်မံမယှဉ်ပြိုင်တော့ပါဟု ကတိပေးခဲ့သည်။ လူသောင်းပေါင်းများစွာ ပါဝင်သော လူထုအုံကြွမှုကြီးသည် အစိုးရကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ခဲ့ကြသည်။ ဆန္ဒပြမှုအရှိန်အဟုန်မှာ လျော့မသွားဘဲ အင်အားကောင်းလာရာ ယီမင်စစ်တပ်မှ ထွက်ပြေးသူများသည် ဆန္ဒပြသူများနှင့် ပူးပေါင်းကာ ယီမင်၏ အဓိကမြို့သုံးမြို့ ထိန်းချုပ်ရေးတွင် ပါဝင်လာကြသည်။ ယီမင်သမ္မတအိမ်တော်တွင်းရှိ အစွယ်လာမ်ဘုရားရှိခိုးကျောင်းကို ဆန္ဒပြသူများ အသေခံဗုံးခွဲခဲ့သဖြင့် သမ္မတဆာလတ်ပင် ဒဏ်ရာရခဲ့သည်။ ဆာလတ်အား ဆော်ဒီအာရေဗျသို့ ကယ်ထုတ်သွားခဲ့ပြီး ဒုတိယ

သမ္မတမန်ဆူးလ်အယ်လ်ဟာဒီအား အုပ်ချုပ်ရေးအာဏာလွှဲပြောင်းခဲ့ကာ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်သော ယီမင်နိုင်ငံသားများအား ဖမ်းဆီးရန် အမိန့်ပေးခဲ့သည်။ ဆန္ဒပြမှုများမှာလည်း ပိုမိုပြင်းထန်လာခဲ့ရာ ဆာလတ်သည် ယင်း၏လုံခြုံရေးအတွက် သမ္မတရာထူးကို စွန့်လွှတ်ကြောင်း သဘောတူစာချုပ်ကို ဆော်ဒီအာရေဗျနိုင်ငံ၌ပင် လိုလိုလားလား လက်မှတ်ရေးထိုးပေးခဲ့သည်။

ဘာရိန်း

ဘာရိန်းရှိဆန္ဒပြမှုများသည် အစပိုင်းက နိုင်ငံရေးအရ လွတ်လပ်ခွင့်ရရေးနှင့် လူ့အခွင့်အရေးကို ပိုမိုလေးစားသမှုပြုရေးဖြစ်ပြီး ဘာရိန်းရှိဘုရင်စနစ်ကို ခြိမ်းခြောက်ရန် မရည်ရွယ်ပေ။ သို့သော် ရှီးဟိုက်ပြည်သူအများစုအကြား ဆွန်နီအများစုအုပ်စိုးနေသော အစိုးရကြောင့် ဆန္ဒပြမှုများကို မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်သွားသည်။ ဆန္ဒပြမှုများသည် ဘာရိန်းရဲများက ဆန္ဒပြသူသုံးဦးအား မသတ်မီထိ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် ဘာရိန်းလူဦးရေ ငါးပုံတစ်ပုံဖြစ်သော လူဦးရေတစ်သိန်းအထိ ဆန္ဒပြခဲ့ကြသဖြင့် ဘာရိန်းအိမ်ရှေ့မင်းသား၏ အကူအညီတောင်းခံမှုကြောင့် ဆော်ဒီမြေပြင်တပ်ဖွဲ့များ ဘာရိန်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ထိုအချိန်တွင် အီရတ်ရှီးဟိုက်များကပါ ဘာရိန်းဘုရင်အား ဆန့်ကျင်လာသဖြင့် ဘာရိန်းဘုရင် ကာလီဖာက သုံးလကြာ အရေးပေါ်အခြေအနေကို ကြေညာလိုက်ပြီး စစ်တပ်ကိုလည်း တိုင်းပြည်တည်ငြိမ်စေရန် တာဝန်ပေးလိုက်သည်။ ဒွန်လတွင် အရေးပေါ်အခြေအနေကို ရုပ်သိမ်းလိုက်သော်လည်း ဆန္ဒပြသူများ၏စခန်းများကို မြေတူးစက်များသုံး၍ ဖျက်ဆီးခဲ့သည်။

အယ်လ်ဂျီးရီးယား

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာကတည်းက နေစရာအိုးအိမ်မရှိသဖြင့် ဆူပူဆန္ဒပြလာခဲ့သော အယ်လ်ဂျီးရီးယားတွင် မိုဟာမက်က မိမိကိုယ်ကိုယ် မီးရှို့ပြီး အစိုးရအား ဆန္ဒပြလိုက်သောအချိန်မှစ၍ ဆန္ဒပြမှုများ ပိုမိုအားကောင်းလာခဲ့သည်။ ထို့နောက် အိမ်ယာများချထားပေးရန် မြို့တော်ဝန်အား တောင်းဆိုခဲ့ကြသည်။ မြို့တော်ဝန်အား ပြည်နယ်ဝန်ကြီးက ရာထူးမှဖယ်ရှားလိုက်သည့်အချိန်တွင် အယ်လ်ဂျီးရီးယားလူငယ် ၁၀ ဦး မိမိကိုယ်ကိုယ် မီးရှို့ခဲ့ကြသည်။ ရဲများက အကြမ်းဖက်နှိမ်နင်းခဲ့သော်လည်း လူပေါင်းတစ်သောင်းက မြောက်ပိုင်းမြို့တော်ဘေဂျားယာတွင် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုများကို ထိန်းချုပ်နိုင်ရန် အယ်လ်ဂျီးရီးယားသမ္မတ ဘူတယ်ဖလီကာက ၁၉ နှစ်ကြာထားရှိခဲ့သော အရေးပေါ်အခြေအနေကို ရုပ်သိမ်းခဲ့ပြီး ဒီမိုကရေစီနည်းကျပြုပြင် ပြောင်းလဲမှုများဆောင်ရွက်ရန် အယ်လ်ဂျီးရီးယား အခြေခံဥပဒေကို ပြုပြင်နိုင်မည့်နည်းလမ်း ရှာဖွေမည်ဟုကတိပေးခဲ့သည်။



ယီမင်အစိုးရကို ကန့်ကွက်ဆန္ဒပြနေသူများကို ထောက်ခံနေသူများ

အီရတ်

အီရတ်ရှိ ဆန္ဒပြမှုများကို နှိမ်နင်းရန် အီရတ်ဝန်ကြီးချုပ် နိုရီအယ်လ်မာလိကီက ၎င်းအနေဖြင့် ၂၀၁၄

ကူဝိတ်

အရှေ့လယ်ပိုင်းဒေသရှိ အာရပ်နိုင်ငံများနှင့် အပြိုင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများသည် လူရာပေါင်းများစွာသာ ပါဝင်ခဲ့သော်လည်း စက်တင်ဘာလတွင် ရေနံတွင်းအလုပ်သမားထောင်ပေါင်းများစွာ ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမှုများ အားကောင်းလာသဖြင့် ကူဝိတ်ဝန်ကြီးချုပ်နာဆာမိုဟာမက်က ဆန္ဒပြမှုများသည် အမျိုးသားလုံခြုံရေးကိုပင် ထိခိုက်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ နိုဝင်ဘာလတွင် ကူဝိတ်ပါလီမန်ကို ဆန္ဒပြသူများက သိမ်းပိုက်လာပြီး ဝန်ကြီးချုပ်နာဆာမိုဟာမက်က မင်းမဲ့စရိုက်အခြေအနေသို့ ဆိုက်ရောက်သွားပြီဟု ဆိုသည်။ နိုဝင်ဘာလ ၂၈ ရက်တွင် ဝန်ကြီးချုပ်အား နုတ်ထွက်ရန် တောင်းဆိုမှုများ အင်အားကောင်းလာ၍ ဝန်ကြီးချုပ်နှင့် ၄င်း၏ ဝန်ကြီးများသည် ကူဝိတ်စော်ဘွားအား နုတ်ထွက်လွှာကို တင်သွင်းခဲ့ကြသည်။

မော်ရိုကို

အီဂျစ်နှင့်အပြိုင် ဖေဖော်ဝါရီလတွင် လူပ်ရှားဆန္ဒပြမှုများသည် မော်ရိုကိုအခြေခံဥပဒေကို ပြုပြင်ရေးနှင့် လူမှုရေးအရ အခွင့်အလမ်းတူညီစွာ ရရှိရေးတို့ကို ရည်ရွယ်သည်။ လူပေါင်းသုံးသောင်းခုနစ်ထောင်ကျော်ပါဝင်ခဲ့သော ဆန္ဒပြမှုဖြစ်စဉ်တွင် လူငါးဦးသေဆုံးခဲ့သည်။ မတ်လတွင် မော်ရိုကိုဘုရင် မိုဟာမက်က ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးမှုကို ရရှိလာစေရန်နှင့်အခြေခံဥပဒေကို ပြည့်ပြည့်ဝဝပြောင်းလဲနိုင်ရန် ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးလိုက်သည်။ မတ်လတွင် ပြန်လည်စတင်လာခဲ့သော ဆန္ဒပြမှုများသည် ဝန်ကြီးချုပ်အပါအဝင် အဆင့်မြင့်နိုင်ငံရေးသမားများ နုတ်ထွက်ပေးရေးကို တောင်းဆိုခဲ့သည်။ ဇူလိုင်လတွင် အခြေခံဥပဒေပြင်ဆင်ခြင်းကို အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ညီလာခံကို ကျင်းပခဲ့ပြီး စက်တင်ဘာလတွင် အတည်ပြုခဲ့ကြသည်။ နိုဝင်ဘာလတွင် ရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ဝန်ကြီးချုပ်ရာထူးကို ဘုရင်ကသာ ခန့်အပ်သောစနစ် ချုပ်ငြိမ်းခဲ့ပြီး ရွေး

ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ကြေညာသည်။ သို့သော် ဆန္ဒပြသူများက အီရတ်အမျိုးသားလုံခြုံရေးကို ပိုမိုထိရောက်စွာ ကိုင်တွယ်ရေးနှင့် ပြည်ထောင်စုအဆင့်တရားရုံးမှ ခြစားနေမှုများကို အရေးယူပေးရန် တောင်းဆိုခဲ့ကြသည်။ စစ်ပြီးကာစ အီရတ်၌ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးနေသည်ကို မကျေနပ်သော လူငယ်တစ်ဦးက မူဆိုးလ်မြို့တွင် မိမိကိုယ်ကိုယ် မီးရှို့ပြီး ဆန္ဒပြခဲ့သည်။ ဖေဖော်ဝါရီတွင် လူနှစ်သောင်းသည် ကွတ်မြို့ကောင်စီကို သိမ်းပိုက်လိုက်ပြီး အခြေခံဝန်ဆောင်မှုများဖြစ်သော လျှပ်စစ်နှင့်ရေရရှိရေးကို တောင်းဆိုခဲ့ကြပြီး မြို့တော်ဘဂ္ဂဒက်တွင်လည်း ဆန္ဒပြမှုများ ပိုမိုပြင်းထန်နေဆဲဖြစ်သည်။

ဂျော်ဒန်

ဇန်နဝါရီလလယ်တွင် စတင်ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများကို အလုပ်သမားသမဂ္ဂနှင့် လက်ဝဲလက်သစ်များက ဦးဆောင်ခဲ့ကြသည်။ အစိုးရ၏စီးပွားရေးမူဝါဒကို ဆန့်ကျင်သော ဆန္ဒပြမှုများကို မွတ်ဆလင်ညီနောင်များနှင့် အလုပ်သမားသမဂ္ဂ ၁၄ ခုတို့က စီစဉ်ခဲ့ခြင်းဖြစ်ပြီး ဂျော်ဒန်ပါလီမန် အပြင်ဘက်တွင် ထိုင်လျက် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။ အစိုးရက လောင်စာဆီ ဈေးနှုန်းမြင့်တက်နေခြင်းကို ပြင်ဆင်ပေးခဲ့သော်လည်း ဆန္ဒပြသူများက အစိုးရ၏စီးပွားရေးကျဆင်းနေခြင်းကို တိုက်ဖျက်ရန် တိုက်တွန်းခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် ဂျော်ဒန်ဘုရင် အဗ္ဒူလာက အစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး စစ်ဗိုလ်ချုပ်ဟောင်း တစ်ဦးအား အစိုးရအသစ်ဖွဲ့ရန် အမိန့်ပေးသည်။ ဂျော်ဒန်ဘုရင်အနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေသည်ဟုဆိုသော်လည်း ဆန္ဒပြမှုများမှာ ရပ်တန့်မသွားဘဲ ပိုမိုအားကောင်းလာပြီး ၎င်းခန့်အပ်ထားခဲ့သော စစ်ဗိုလ် ချုပ်ဟောင်းအစိုးရကို ဖြုတ်ချခဲ့ပြီး အောက်တိုဘာလတွင် ခါဆော်နီအား အစိုးရသစ်ဖွဲ့ရန် တာဝန်ပေးခဲ့သည်။

ကောက်ပွဲတွင် မဲအများဆုံးရသူသာလျှင် ဝန်ကြီးချုပ်ဖြစ်လာသည့် စနစ်သစ်မော်ရိုကိုတွင် ပေါ်ထွန်းလာခဲ့သည်။

အိုမန်

အိုမန်နိုင်ငံ၌ ဇန်နဝါရီလ ၁၇ ရက်တွင် စတင်ပေါ်ပေါက်လာခဲ့သော ဆန္ဒပြမှုများက လုပ်ခလစာများ တိုးမြှင့်ရေးနှင့် လူနေမှုစရိတ်လျှော့ပေါ့ရေးကို တောင်းဆိုခဲ့ကြသည်။ ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သော ဆန္ဒပြမှုများသည် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးရေးကို တောင်းဆိုခဲ့ကြသည်။ ဆန္ဒပြသူများ အနေဖြင့် အိုမန်စော်ဘွား အုပ်စိုးမှုကို ထိခိုက်စေရန် မရည်ရွယ်ဘဲ အလုပ်အကိုင်နှင့် ပြုပြင်ပြောင်းလဲမှုများကိုသာ တောင်းဆိုခဲ့ကြသည်။ အိုမန်စော်ဘွားသည် အိုမန်အမျိုးသား စီးပွားရေးဝန်ကြီးဌာနကို ဖျက်သိမ်းလိုက်ပြီး ကျောင်းသားများနှင့် အလုပ်လက်မဲ့များအား အခွင့်အရေးများပေးအပ်ခဲ့သည်။ ထို့ပြင် ဝန်ကြီးအဖွဲ့ကိုလည်း သုံးကြိမ်မျှ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အလုပ်အကိုင်ပေါင်းများစွာကိုလည်း ဖန်တီးပေးခဲ့ပြီးနောက် မေလမှစပြီး ဆန္ဒပြမှုများ လျော့ပါးခဲ့သည်။

ဆော်ဒီအာရေဗျ


ဆော်ဒီအာရေဗျတွင်မူ ရေကြီးမှုဖြစ်ပေါ်စေသော အခြေခံအဆောက်အအုံများညံ့ဖျင်းမှုကို မကျေနပ်၍ ဆန္ဒပြမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့နောက် ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ဖမ်းဆီးထားသော အကျဉ်းသားများကို စေလွှတ်ရန် အမျိုးသမီးများက စတင်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ဇွန်လတွင် အမျိုးသမီးများ မော်တော်ယာဉ်မောင်းနှင်ခွင့်ရရှိရေးကို တောင်းဆိုခဲ့ကြသည်။ ထိုအချိန်တွင် အမေရိကန်က အမျိုးသမီးထုကလည်း ဆော်ဒီအမျိုးသမီးများ ကားမောင်းခွင့်ရရေးကို ထောက်ခံသည့်လူထု ဆန္ဒပြပွဲများ လုပ်ဆောင်ခဲ့ကြသည်။

အော်စကာဆု။ ။ ၁၉၂၉ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပခဲ့သော အော်စကာဆုဟူသည့်ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ၁၉၆၆ ခုနှစ်တွင် ရောင်စုံရုပ်သံအဖြစ် စတင်ထုတ်လွှင့်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် မိုးပြင်းထန်စွာရွာသွန်းသောကြောင့် ဆုပေးပွဲမကျင်းပဖြစ်ခဲ့ပေ။ ၁၉၆၈ ခုနှစ်တွင် လူမည်းခေါင်းဆောင် မာတင်လူသာကင်းဂျူနီယာ လုပ်ကြံခံရသော အချိန်အခါနှင့်တိုက်ဆိုင်နေသောကြောင့် ဆုပေးပွဲရက်ရွှေ့ခဲ့ရသကဲ့သို့ ၁၉၈၁ ခုနှစ်တွင်လည်း အမေရိကန်ပြည်ထောင်စု၏ သမ္မတရော်နယ်ရီဂင်လုပ်ကြံခံခဲ့ရသော ဖြစ်ရပ်နှင့်တိုက်ဆိုင်နေသဖြင့် ပွဲကို ရက်ရွှေ့ခဲ့ရပြန်သည်။

ကမ္ဘာ့ရုပ်ရှင်လောကတွင် ထင်ရှားကျော်ကြားသည့် ဟောလိဝုဒ် အနုပညာသမားတိုင်း ဂုဏ်ယူဝင့်ကြွားစွာဖြင့် ကိုင်ဆောင်တတ်သည့် အော်စကာရုပ်ကို ၁၉၂၈ ခုနှစ်တွင် MGM ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီအကြီးအကဲဖြစ်သူ အနုပညာညွှန်ကြားရေးမှူး စီးဒရစ်ဂစ်ဘွန်းစ်က ဒီဇိုင်းရေးဆွဲပေးခဲ့ပြီး အမေရိကန်ပန်းပုဆရာ ဂျော့ချ်စတန်လေက ထုလုပ်ခဲ့သည်။ မူရင်းရုပ်တုကို ရွှေအလေးချိန် ၂၄ ကရက်နှင့် သွန်းလုပ်ခဲ့သော်လည်း ယခုရုပ်တုများမှာ ဘရစ်တေနီယမ် (Britanium) သတ္တုစပ်တစ်မျိုးနှင့် သွန်းလုပ်ထားသည်။ အမြင့်မှာ ၃၄ ဒသမ ၃ စင်တီမီတာ (၁၃ လက်မခွဲ) ရှိပြီး အလေးချိန်မှာ ၃ ဒသမ ၈၅ ကီလိုဂရမ်(၈ပေါင်ခွဲ) ရှိသည်။ အော်စကာဆုပေးပွဲသမိုင်းတွင် ၁၉၃၀ ပြည့်နှစ်တွင် တစ်နှစ်တည်း နှစ်ကြိမ်ပေးခဲ့သောနှစ်ရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ဧပြီလ ၃ ရက်နေ့တွင် ဒုတိယအကြိမ် ဆုပေးပွဲကျင်းပပြီးနောက် ၁၉၃၀ ပြည့်နှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် တတိယအကြိမ်ဆုပေးပွဲကျင်းပခဲ့သည်။

၂၀၁၀ ပြည့်နှစ်အတွက် ချီးမြှင့်သည့်(၈၃)ကြိမ်မြောက်အော်စကာဆုပေးပွဲအခမ်းအနားကို ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်နေ့ညက အမေရိကန်ပြည်ထောင်စုလော့စ်အိန်ဂျလိစ်မြို့ ဟောလိဝုဒ်ရှိ ကိုဒက်ကဇာတ်ရုံ (Kodak Theatre)တွင် ကျင်းပခဲ့သည်။ ကမ္ဘာတစ်လွှားမှ ရုပ်ရှင်အနုပညာမြတ်နိုးသူ ပရိသတ်များ စိတ်ဝင်စားသော ဆုပေးပွဲဖြစ်သောကြောင့် ABC ရုပ်သံမှတိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးခဲ့ပြီး ရုပ်သံမှ စောင့်ကြည့်သူပေါင်း ၃၇ ဒသမ ၉၇ သန်းရှိခဲ့သည်ဟု စစ်တမ်းများက ဖော်ပြသည်။

အော်စကာဆုပေးပွဲ အစီအစဉ်တင်ဆက်ရာ၌ အစဉ်အလာအရ အာဝဇ္ဇန်းကောင်းသော ဟာသသရုပ်ဆောင်များနှင့် တင်ဆက်ခဲ့သော်လည်း (၈၃) ကြိမ်မြောက်ဆုပေးပွဲတွင် ဟာသသရုပ်ဆောင်များ



အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆုရရှိသူ ကောလင်းဖာ့သ်

အစား မင်းသားဂျိမ်းစ်ဖရန်ကို (James Franco) နှင့် မင်းသမီးအန်းန်ဟိတ်သ်ဝေး (Anne Hathaway) တို့က ပရိသတ်ရယ်မောပျော်ရွှင်စေရန် ကြိုးစားတင်ဆက်ခဲ့သည်။

ဆုအများဆုံး သိမ်းပိုက်ရရှိခဲ့သည့် ဇာတ်ကားမှာ ဗြိတိသျှနိုင်ငံ၏ ဆဋ္ဌမမြောက်ဂျော့ဘုရင်အကြောင်း ရိုက်ကူးထားသော The King's Speech ဟူသည့်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ ၎င်းဇာတ်ကားသည် အော်စကာဆုအတွက် ကဏ္ဍ ၁၂ ခုတွင် အဆိုတင်သွင်းခံခဲ့ရပြီး ၄ ဆု ရရှိသွားခြင်းဖြစ်သည်။ The King's Speech ဇာတ်ကားသည် အကောင်းဆုံးဇာတ်ကား၊ ဟုရေပန်းစားနေသော Black Swan, The Fighter, Inception, The Social Network, Toy Story 3, True Grit စသောဇာတ်ကားများကို ကျော်ဖြတ်၍ အကောင်းဆုံးဇာတ်ကားဆုရရှိခဲ့ပြီး ဂျော့ဘုရင်အဖြစ် သရုပ်ဆောင်သူ ဗြိတိသျှမင်းသား ကောလင်းဖာ့သ် (Colin Firth) က အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကိုရရှိခဲ့သည်။ The King's Speech ဇာတ်ကားရိုက်ကူးသူ ဗြိတိသျှဒါရိုက်တာတွမ်ဟော့ပါ (Tom Hopper) က အကောင်းဆုံးဒါရိုက်တာဆုရရှိပြီး အကောင်းဆုံးမူရင်း ဇာတ်ညွှန်းဆု ကိုလည်း ၎င်းဇာတ်ကားမှဒေးဗစ်ဆီဒလာ (David Seidler) က ရရှိခဲ့သည်။ ဒါရိုက်တာတွမ်ဟော့ပါး (Tom Hopper) သည် ရုပ်သံဇာတ်လမ်းများကို ရိုက်ကူးရာတွင် နာမည်ကျော်ခဲ့ပြီး ၎င်း၏ ပထမဆုံးရုပ်ရှင်ဇာတ်ကားတွင်ပင် ဆုရရှိခဲ့ခြင်းဖြစ်သည်။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို Black Swan ဇာတ်ကားမှ ဘဲလေးကချေသည်အဖြစ် သရုပ်ဆောင်သူ မင်းသမီးနာတာလီပေါ့တ်မန်း (Natalie Portman) က ရရှိခဲ့ပြီး အကောင်းဆုံးကာတွန်းရုပ်ရှင်ကားအရှည်ဆုကို ဒါရိုက်တာလီအန်ကရစ်ချ် (Lee Unkrich) ရိုက်ကူးသည့် Toy Story 3 က ရရှိခဲ့သည်။ အကောင်းဆုံးနိုင်ငံခြားဘာသာစကား ပြောရုပ်ရှင်ဆုကို ဒိန်းမတ်နှင့်ဆွီဒင်စကားပြောရုပ်ရှင်ဖြစ်သည့် In a Better World က ရရှိခဲ့ပြီး အကောင်းဆုံးအမျိုးသားနှင့် အမျိုးသမီးဇာတ်ပို့သရုပ်ဆောင်ဆုကို The Fighter ဇာတ်ကားမှ ခရစ်စတီယံဘေးလ် (Christian Bale) နှင့် မီလစ်ဆာလီယို (Melissa Leo) တို့က ရရှိခဲ့သည်။ (၈၃) ကြိမ်မြောက်အော်စကာဆုပေးပွဲတွင် နည်းပညာပိုင်းဆိုင်ရာ ဆုများအပါအဝင် ဆုအမျိုးအစား ၂၄ မျိုး ချီးမြှင့်ခဲ့သည်။

ကျန်ရှိသည့်ဆုများမှာ အကောင်းဆုံး မှတ်တမ်းတင် ကားတိုဆု (Strangers No More)၊ အကောင်းဆုံးမှတ်တမ်းတင်ကားရှည်ဆု (Inside Job) အကောင်းဆုံးသက်ရှိလှုပ်ရှားကားတိုဆု (God of Love)။ အကောင်းဆုံးကာတွန်းရုပ်ရှင်ကားတိုဆု (The Lost Thing)။ အကောင်းဆုံးမူရင်း တေးဂီတဆု (The Social Network)။ အကောင်းဆုံးမူရင်း သီချင်းဆု(Toy Story 3,We Belong Together)။ အကောင်းဆုံး အသံတည်းဖြတ်ဆု (Inception)။ အကောင်း ဆုံးအသံပေါင်းစပ်မှုဆု (Inception)။ အကောင်းဆုံးအနု ပညာညွှန်ကြားမှုဆု (Alice in Wonderland)။ အကောင်းဆုံး ရိုက်ကူးမှုဆု (Inception)။ မိတ်ကပ်ဆု (The Wolfman)။ အဝတ်အစားဆု (Alice in Wonderland)။ ဖလင်တည်း ဖြတ်ဆု (The Social Network)။ မြင်ကွင်းအထူး ဖန်တီးမှု ဆု (Inception)။ အကောင်းဆုံးမိုင်ဩမ်းဇာတ်ညွှန်းဆု (The Social Network) စသည်တို့ဖြစ်သည်။

အကွဲရာစဉ်အညွှန်း
မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၁၂)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်းဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အကွဲရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ်အကြောင်းရပ်၏ အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့်ယှဉ်တွဲဖော်ပြထားပါသည်။

(က)

ကဒါဖီ၊ မွမ်မာ ၂၁၆–၂၁၇
ကယော ၁၈၂
ကယန်းကမ်းငံ ၁၈၂၊ ၁၈၃
ကယန်းဂေခို ၁၈၃၊ ၁၈၅
ကယန်းပဒေါင် ၁၇၈၊ ၁၇၉၊ ၁၈၁၊ ၁၈၂၊ ၁၈၅
ကယန်းလထာ ၁၇၇၊ ၁၇၈၊ ၁၇၉၊ ၁၈၄၊ ၁၈၅
ကယန်းလဟို ၁၇၉၊ ၁၈၁
ကလင်တန်၊ ဟီလာရီ ၃၆၀၊ ၃၆၆၊ ၃၇၀၊ ၄၀၈၊ ၄၀၉
ကလသမဂ္ဂပဋိညာဉ် ၁၅၇၊ ၁၅၈
ကလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် ၁၆၁၊ ၁၆၂၊ ၂၀၇
ကလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ၂၀၇–၂၁၂
ကလသမဂ္ဂအထွေထွေညီလာခံ ၂၀၇
ကိုကို၊ဒုတိယဗိုလ်ချုပ်ကြီး ၂၀၉၊ ၂၈၅၊ ၃၆၇၊ ၃၉၇
ကိုဗိနန့် ၁၉၇၊ ၁၉၈
ကိုလံဘိုတက္ကသိုလ် ၁၇၅
ကင်ဂျုံအီ ၄၈၊ ၂၁၇ – ၂၁၉၊ ၃၃၅၊ ၃၅၁၊ ၃၅၂
ကင်ဂျုံအန် ၃၅၀
ကင်ညာနိုင်ငံ ၁၂၃
ကဏ္ဍလာဘိဝံသ၊ဘဒ္ဒန္တ ၂၄၁
ကန်ဒီယန်တောင်ကြား ၁၂၉
ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ၁၉၃
ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ၃၂၂
ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး ၁၅၇
ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ပြည့်နှစ် ၁၅၁
ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ၁၅၈၊ ၁၆၁
ကမ္ဘောဒီးယားနိုင်ငံ ၃၂၁–၃၂၃
ကမ်းခွမ်(ခေါ်)တံခွန်တိုင်စိုက်ထူခြင်း ၁၈၆
ကမ်းယံလူမျိုး ၁၇၇
ကျိုင်း ၁၈၅
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအဖျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ၁၆၊ ၂၁၂ – ၂၁၅
ကျော်ဆန်း၊ ဦး ၁၅၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၃၇၃၊ ၄၄၀၊ ၄၄၁
ကြားဖြတ်ရွေးကောက်ပွဲ ၄၈
ကွာလာလမ်ပူကြေညာစာတမ်း ၁၉၈
ကွင်တား၊နား၊ သောမတ်အိုဟေး ၂၇၊ ၂၈၊ ၂၀၉
ကွမ်စီးအထူးစီးပွားရေးဇုန် ၁၉၃
ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ(၂၀၁၁) ၂၂၉–၂၄၀

(ခ)

ခိုယန်း ၁၇၇
ခေမိန္ဒ၊ ဘဒ္ဒန္တ ၂၄၂
ခိုနော့၊ မစ်ခေးပရိ ၃၅၃
ခင်မောင်ဝင်း၊ ဒေါက်တာ ၂၁၃–၂၁၄

ခင်အောင်မြင့်၊ ဦး ၁၈၊ ၂၃၊ ၃၃၊ ၄၇၊ ၂၀၉၊ ၄၀၉၊ ၄၁၀
ခန့်၊ ဦး ၁၄၃၊ ၁၄၆
ချိုယိုးဒါးကော်ပိုရေးရှင်း ၁၉၆
ချိုးဖြူခင် ၂၅၄
ချန်ဒရိဆန်၊ နီမားလ် ၁၃၆
(၆၆) ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ ၃၄
ခြောက်နိုင်ငံဆွေးနွေးပွဲ ၃၃၃၊ ၃၅၁
ခွန်ခမ်းချပ် ၁၈၅

(ဂ)

ဂရန်ဂျား၊ ဖာလီ ၂၁၉
ဂါဒီးယန်းမဂ္ဂဇင်း ၁၃၇
ဂီတဥလိကဗျာစု ၁၃၉
ဂေါ်တာချက်မ် ၃၅၆
ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင် ၁၇၃
ဂျပန်ခရီးသွားမှတ်တမ်း ၁၃၈
ဂျပန်ငလျင်၊ ဆူနာမီ ၆၊ ၈၊ ၉၊ ၁၀၊ ၁၁
ဂျပန်နိုင်ငံ ၂၈၁၊ ၃၁၃၊ ၃၁၅၊ ၃၁၉
ဂျာမနီနိုင်ငံ ၃၂၃-၃၂၇
ဂျီတန်ဂင် ၁၃၄
ဂျီနီဗာမြို့ ၂၁၁၊ ၂၁၂
ဂျူလီခန်းမ ၁၃၆
ဂျော့ဘ်၊ စတိဗ် ၂၁၉-၂၂၂
ဂျော့မစ်ချယ် ၂၉၄
ဂျော်ဒန်အစိုးရ ၂၉၆
ဂျွန်မက်ကိန်း ၃၄၆၊ ၄၀၈၊ ၄၀၉

(c)

ငယင်တန်ဖွန်း ၁၄၊ ၃၀၁၊ ၃၀၂၊ ၃၄၇၊ ၃၄၈၊ ၃၉၄၊ ၄၁၅

(စ)

စတုတ္ထအကြိမ် ဂျီအမ်အက်စ်
ထိပ်သီးအစည်းအဝေး ၄၇
စထရင်းဟိုတယ် ၁၃၅
စာဆိုတော်နေ့အထိမ်းအမှတ်နှင့်သက်ကြီး
စာပေပညာရှင်များအားပူဇော်ကန်တော့ပွဲ ၂၇၁-၂၇၃
စာပေဆိုင်ရာနိဗ္ဗယ်ဆု ၁၃၃
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် ၂၇၃-၂၇၈
စီတူးကြေညာစာတမ်း ၁၉၈
စောမုံညင်း ၂၅၅
စောရင်၊ ဒေါ် ၂၅၅-၂၅၆
စော်တွားကြီးအိုက်သထောင် ၁၈၅
စိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ၄၅၊၄၇
စင်ကာပူနိုင်ငံ ၃၂၇-၃၃၂
စိုင်းမောက်ခမ်း၊ ဒေါက်တာ ၂၈၅၊ ၃၇၈၊ ၃၈၀၊ ၃၈၁၊ ၄၀၂၊ ၄၂၄၊ ၄၂၅၊ ၄၄၀၊ ၄၄၁
စစ်တောင်းတူးမြောင်းတံတား ၃၄
စစ်မိုးကျော် ၁၈၅

(ဆ)

ဆဋ္ဌမအကြိမ်မြန်မာနိုင်ငံစာပေနှင့်
စာနယ်ဇင်းအဖွဲ့ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ၂၇၈-၂၇၉
ဆရိကာအပူပိုင်းမုန်တိုင်း ၁၂၇
ဆာကိုဇီ ၃၆၆
ဆာဖာရီဥယျာဉ်(နေပြည်တော်) ၂၇၉-၂၈၀
ဆာလဖာဒိုင်အောက်ဆိုဒ် ၁၂၂
ဆာလတ်၊အလီအဗ္ဗဒူလာ ၃၆၀၊ ၃၆၁
ဆာအဒူရမ်ကာဂျာမား‌လ် ၁၃၆
ဆူရက်ထာနီပြည်နယ် ၁၂၅
ဆေးလန်းခြားဘုရင်မင်းဆက် ၁၄၁
ဆေးသုတေသနဦးစီးဌာန ၁၆၉၊ ၁၇၂၊ ၁၇၄၊ ၁၇၅
ဆောင်းထန့်အရပ်ဒေသ ၁၇၈
ဆိုင်းဘာဘာ ၃၇၃
ဆန်ဒိုင်းငလျင် ၂၈၀-၂၈၃
ဆန်းစသော်တာကဗျာစု ၁၄၂
ဆပ်တာလတ္တာ ၁၇

ဆိပ်ကမ်းဆက်လမ်းမကြီး ၁၉၁
ဆမ်ချုတ် ၁၂၄
ဆွန်နိုယန်ခန်းမ ၁၄၀

(ဇ)

ဇာဂရ၊ ဘဒ္ဒန္တ ၂၄၂-၂၄၄
ဇကာဘတ် ၂၂၂
ဇေတိပါလ၊ ဘဒ္ဒန္တ ၂၄၄-၂၄၅
ဇော်ကို ၁၄၂
ဇော်ဝင်း၊ ရဲမှူးချုပ်၊ ဒုတိယရဲချုပ် ၂၀၉
ဇီဂူးပြည်နယ် ၁၂၈

(ည)

ညကာ၊ ဘဒ္ဒန္တ ၂၄၅

(တ)

တခဲဒ၊ ရောတ ၄၁၀
တာပိန်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂
တာလေမြေငလျင် ၇
တေလာ၊ အဲလစ်ဇ်ဘက်သ်ရိ.စ်မွန် ၂၂၂-၂၂၃
တိုက်စိုး ၁၄၂
တိုက်ပင်းကော် ၃၀၁၊ ၃၉၃
တင်အေး၊ ဦး ၄၆၊၂၀၉
တင်အောင်မြင့်ဦး၊ ဦး၊ သီဟသူရ ၁၊ ၃၊ ၅၊ ၆၊ ၇၊ ၉၊ ၁၁၊ ၁၂၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၅၊ ၂၆၊ ၂၉၊ ၃၁၊ ၃၂၊ ၃၇၊ ၃၉၊ ၄၁၊ ၄၂၊ ၄၇၊ ၄၈၊ ၂၉၅၊ ၃၇၉၊ ၃၈၁၊ ၄၂၆
တင်းထက်ရွ ၁ ၁၈၄၊ ၁၈၅
တောင်ကိုရီးယားနိုင်ငံ ၃၃၂-၃၃၅
တောင်ထုံ ၁၇၈
တောင်ဝှ ၁၇၈
တောင်အာရှဒေသနိုင်ငံများ
ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ၂၈၃-၂၈၄
တိုင်းကျိုးပြည်ဆောင်ဂုဏ်ထူးဆောင်ဘွဲ့၊
ဂုဏ်ထူးဆောင်တံဆိပ်များ ၂၈၄-၂၉၀
(၁၉) ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး ၄၃
(၁၁) ကြိမ်မြောက်ဖီဖာကွန်ဂရက် ၁၇
(၁၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး
သမားတော်များညီလာခံ ၄၅
(၁၈) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ
ထိပ်သီးအစည်းအဝေး ၁၄
(၁၀၅)နှစ်ပြည့်ဗုဒ္ဓဘာသာ
ကလျာဏယုဝအသင်း ၂၉၁-၂၉၃
တိသဝဏ္ဏဘဒ္ဒန္တ ၂၄၅-၂၄၆

(ထ)

ထရန်တန်ဆန်း ၃၄၇၊ ၃၄၈
ထားဝယ်ရေနက်ဆိပ်ကမ်း ၁၉၁
ထားဝယ်အထူးစီးပွားရေးဇုန် ၁၉၁
ထိုင်းနိုင်ငံ ၃၃၅-၃၄၁
ထွန်းထွန်းဦး၊ ဦး ၂၀၉
ထွန်းဖောင်ဒေးရှင်းစာပေဆု ၅
ထွန်းရှင်၊ ဒေါက်တာ ၂၀၉၊ ၂၁၁၊ ၂၈၅
ထွန်းသစ်သောစက်မှုနိုင်ငံများ ၁၉၃

(ဒ)

ဒဂုန်တာရာ ၁၄၄
ဒေဗီဆင်းပတေးလ်၊ ပါရာတီဘာ ၃၃၄၊ ၄၂၁၊ ၄၂၂
ဒေသတွင်းထိပ်သီးအစည်းအဝေးများ(၂၀၁၁) ၂၉၃-၃၀၃
ဒုံလန်း ၁၇၈

(န)

နယူးဆောက်ဝေး(လ်) တက္ကသိုလ် ၁၇၄
နာရိန္ဒာစာရ၊ ဘဒ္ဒန္တ ၂၄၆-၂၄၇
နာဆာအာကာသသိပ္ပံပညာရှင်အဖွဲ့ ၂၁

နေတန်ယာဟု၊ ဘင်ဂျမင် ၃၆၇
နော့်တင်းအပူပိုင်းမုန်တိုင်း ၁၂၈၊ ၁၃၀
နိဗယ်ဆု(၂၀၁၁) ၃၀၄-၃၀၈
နောင်ဘရားမြို့နယ် ၁၇၈
နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ၃၀
နိုင်ငံတကာနျူကလီးယားအသုံးပြုမှုများ ၃၀၈-၃၁၆
နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်များ ၁၉၀
နိုင်ငံတကာအဂတိလိုက်စားမှုများ ၃၁၆-၃၁၉
နိုင်ငံတော်၏သစ်တောထိန်းသိမ်းရေး
လုပ်ငန်းများ ၃၁၉-၃၂၁
နိုင်ငံပေါင်းချုပ်အသင်းကြီး ၁၉၇
နတ်နွယ် ၂၅၆-၂၅၇
နန္ဒကျော်စွာ၊ ဦး ၁၅
နန္ဒာသိန်းဇံ ၂၅၇-၂၅၈
နန်းတဲ့ ၁၇၈
နာလန်မုန်တိုင်း ၁၃၁
နျူအွန်ချာ ၃၂၅
နွဲ့နဲ့မူ၊ အကယ်ဒမီ ၂၅၈-၂၅၉
နွယ်(စစ်တွေ) ၂၅၉-၂၆၀
နှစ် ၉၀ ပြည့်ရန်ကုန်တက္ကသိုလ် ၃၂၁-၃၂၇

(ပ)

ပဓုက္ကူစာပေဆုနှင့် ပညာရည်ချွန်ဆု ၃၇၃-၃၇၆
ပထမအကြိမ်ပြည်သူ့လွှတ်တော် ၃
ပထမအကြိမ်အမျိုးသားလွှတ်တော် ၃
ပထဝီဘောဂဗေဒ ၁၈၉
ပနားမားတူးမြောင်း ၉
ပါကစ္စတန်နိုင်ငံ ၃၁၄၊ ၃၄၂-၃၄၆
ပါရဂူ ၁၄၄၊ ၂၆၀-၂၆၂
ပါရီအခြေခံမူများ ၁၅၈၊ ၁၅၉၊ ၁၆၄
ပူတင်၊ ဗလာဒီမာ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၅၊ ၃၅၆
ပေပီရပ်စ် ၁၉၇

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏
သတင်းအချက်အလက်နှင့်
ဆက်သွယ်မှုနည်းပညာကွန်ရက် ၃၇၆-၃၇၈
ပြည်ထောင်စုကျော်နိုင် ၂၆၂-၂၆၃
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့ ၂၁၀
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ
အခြေခံဥပဒေ ၂၀၈
ပြည်ပပို့ကုန်လုပ်ငန်းစဉ်ဇုန် ၁၉၃
ပွိုင့်လေးကမ်းရိုးတန်း ၁၂၉

(ဖ)

ဖရေဇီယာ၊ ဂျို ၂၂၃-၂၂၄
ဖွကူရှီးမားဒိုင်အိုချီနျူကလီးယား
ဓာတ်အားပေးစက်ရုံ ၆၁၁၊ ၂၈၀၊ ၂၈၁
ဖုန်မုန်တိုင်း ၁၂၈
ဖယ်ရာရိုလ်၊ ဂျာရယ်လ်ဒင်းန် ၂၂၄-၂၂၅
ဖယ်လ်ကွန်မုန်တိုင်း ၁၂၇
ဖွန်းနစ်ဒေသ ၁၂၈

(ဗ)

ဗကျိအောင်စိုး ၁၄၆
ဗဟိုဇီဝဆေးပညာစာကြည့်တိုက် ၁၆၉
ဗားမောင့်ဒေသ ၁၂၅
ဗီယက်နမ်နိုင်ငံ ၃၄၆-၃၄၉
ဗီယင်ကျန်းလုပ်ငန်းအစီအစဉ် ၁၉၈
ဗုဒ္ဓမြတ်စွယ်တော် ၄၃
ဗုဒ္ဓမြတ်စွယ်တော်အားပင့်ဆောင်ပူဇော်ခြင်း ၃၇၈-၃၈၅
ဗုဒ္ဓသာသနာတော်ဆိုင်ရာ
ဘွဲ့တံဆိပ်တော်များ(၂၀၁၁) ၃၈၅-၃၈၆
ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွား
ရေးဆောက်ရွက်ချက်များ(၂၀၁၁) ၃၈၆-၃၉၂

(ဘ)

ဘရစ်စဘိန်း ၁၂၃
ဘီးယား၊ ဗီဂျေနမ် ၄၀၉
ဘိုသင်း၊ ဦး ၂၆၃-၂၆၄
ဘဂ်္ဂါလီစာပေ ၁၃၄
ဘဂ်္ဂါလီစာပေညီလာခံ ၁၄၀
ဘင်ဂီဇာ ၁၂၄
ဘင်လာဒင်၊ အိုစမာ ၃၄၂၊ ၃၄၅၊ ၃၅၈
ဘန်ကီမွန်း ၃၊ ၃၂၊ ၃၇၊ ၄၅၊ ၂၁၀၊ ၃၃၅၊ ၃၆၅
ဘန်းဖရာရွာ ၁၇၈၊ ၁၈၄၊ ၁၈၅
ဘယ်ရိ၊ ပွန် ၂၂၆-၂၂၇
ဘီလ်ဂိတ် ၂၂၂
ဘဲလ်စတာရိစ်၊ ဆီဗ် ၂၂၅
ဘဲလ်၊ ဒယ်နီရယ်လ် ၂၂၆
ဘဲလ်၊ မွန်ရီ ၂၂၆

(မ)

မဟာပါသာဏာလိုဏ်ဂူ ၆
မဟာဗျူဟာဆွေးနွေးပွဲ ၃၃၄
မဟာမဲခေါင်ဒေသရှိနိုင်ငံများအဖွဲ့ ၃၈၂-၃၈၆
မာဒက်ဂတ်စကား ၁၂၄
မာမွတ်အဘတ်စ် ၃၆၅၊ ၃၆၆
မူဖားဆိုင်ကလုန်း ၁၂၈
မူဘာရက်၊ ဟူစနီ ၃၊ ၃၆၄၊ ၃၆၇
မူရာရက်၊ ပါဗက် ၃၄၅
မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော
ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး
(မြန်မာနိုင်ငံ)(၂၀၁၁) ၃၈၆-၃၈၈
မေရိုးမရင်းကလပ် ၁၄၆
မက်ဗီဒက်၊ ဒီမီထရီ ၃၅၁၊ ၃၅၃၊ ၃၅၄
မဂ္ဂနာကာတာ ၁၈၇
မင်းယုဝေ ၁၄၄
မင်းသုဝဏ် ၁၄၂
မင်းအောင်လှိုင်၊ ဗိုလ်ချုပ်ကြီး ၇၊ ၁၄၊ ၃၁၊ ၄၅၊ ၃၈၀၊ ၃၈၁
မောင်ဖြူး၊ ဒေါက်တာ ၁၄၃၊ ၁၄၅
မောင်မောင်သိုက် ၂၆၄-၂၆၅
မောင်ဝဏ္ဏ၊ အကယ်ဒမီ ၂၆၅-၂၆၆
မောင်သစ်မင်း ၂၆၆-၂၆၇
မောင်အေး၊ ဒုတိယဗိုလ်ချုပ်မှူးကြီး ၃၊ ၄
မတ်ထိုင်း၊ ဝမ်ဂါရီ ၂၂၇
မန်ချက်စတာဂါဒီးယန်းသတင်းစာ ၁၃၇
မန်မိုဟန်ဆင်း၊ ဒေါက်တာ ၄၂၀
မန်းဝင်းမောင် ၁၄၆
မြဲသန်းတင့် ၁၄၄
မြောက်ကိုရီးယားနိုင်ငံ ၃၄၉-၃၅၂
မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုသမ္မတ ၃၉၈-၄၁၀
မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသထေရဝါဒဗုဒ္ဓ
ဘာသာ သာသနာနုဂ္ဂဟအသင်း ၄၁၀-၄၁၃
မြန်မာနိုင်ငံနှင့် နိုင်ငံတကာဆက်ဆံရေး ၄၁၃-၄၂၃
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး
ကော်မရှင် ၂၉၊ ၂၁၀
မြန်မာအပြည်ပြည်ဆိုင်ရာ ၂၊ ၁၂၊ ၁၄၊ ၁၆၊
ကွန်ဗင်းရှင်းဗဟိုဌာန ၁၈၊ ၂၀၊ ၂၂၊ ၄၇၊ ၂၁၃
မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊
အရေး၊အတီးပြိုင်ပွဲ ၄၂၃-၄၂၅
မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ၄၂၆-၄၂၇
မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ ၁၉၁

(ယ)

ယာကွတ်၊ မိုဟာမက်အဂီကာတင် ၃၄၃
ယာစီ ၁၂၄
ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ၂၈၄-၂၈၆
ယူရေနီယံသန့်စင်ရေး ၂၉၇၊ ၃၁၂

လွတ်တော်အစည်းအဝေးများနှင့်
နိုင်ငံတော်အစိုးရသစ်ဖွဲ့စည်းခြင်း ၄၉-၁၀၂

(ဝ)

ဝါ ဒီတို ၂၂၇-၂၂၈
ဝိတိုရိယခန်းမ ၁၃၇
ဝီကီလီမီဒီယာအဖွဲ့အစည်း ၃၉၁
ဝဲချာချီဝ၊ အဘီဆစ် ၃၃၆၊ ၃၃၉၊ ၄၄၁၊ ၄၁၅
ဝိုက်၊ နန်စီ ၂၂၈
ဝင်ရိုးတန်းသုံးနိုင်ငံ ၁၈၉
ဝိုင်းဟောက်စ်၊ အေမီ ၂၂၈-၂၂၉
ဝဏ္ဏမောင်လွင်၊ ဦး ၂၀၉၊ ၂၁၀၊ ၂၁၂
ဝမ်ကြားပေါင် ၁၇၊ ၂၉၅

(သ)

သမာဇောင်၊ သွန်ဆင်း ၂၂၊ ၃၉၄၊ ၄၀၈၊ ၄၁၅
သီဟဗလ၊ ဘဒ္ဒန္တ ၂၄၇-၂၄၈
သီဟာန ၃၉
သုဇာတာဒေဝီ ၁၄၂
သုတေသနဓာတ်ခွဲခန်းမ ၁၇၆
သုတေသနနှီးနှောပွဲ ၁၇၁
သုမနသာဂရ၊ ဘဒ္ဒန္တ ၂၄၈-၂၄၉
သုမင်္ဂလ၊ ဘဒ္ဒန္တ ၂၄၉-၂၅၀
သော်ဇင်၊ ဦး ၁၄၄
သံဃရ၊ ဘဒ္ဒန္တ ၂၅၀-၂၅၁
သက်ကြီးဂီတပညာရှင်များအား
ပူဇော်ကန်တော့ပွဲ ၄၃၉-၄၄၀
သောင်းထွဋ်၊ ဦး ၂၆၇-၂၆၉
သိုင်းဘဟန်၊ ဦး ၁၈၅၊ ၁၈၆
သိုင်းသန်းတင်၊ ဦး ၁၈၅၊ ၁၈၆

ယော၊ ဦး ၁၄၀
ယုံပြွန်းကျွန်း ၃၃၁၊ ၃၄၉

(ရ)

ရုရှားနိုင်ငံ ၃၁၃၊ ၃၅၂-၃၅၆
ရန်ကုန်ပညာရေးတက္ကသိုလ် ၄၂၆-၄၃၁
ရန်ကုန်မေးလ်နေ့စဉ်သတင်းစာ ၁၄၀
ရွှေကောက်ပွဲရလဒ် ၃၃၆
ရွှေဟောင်းမင်စာ ၄၃၂-၄၃၃
ရှင်နာဝပ်ထရာ၊ ရင်လပ် ၂၁၊ ၂၉၅၊ ၃၃၆၊ ၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၅၄၊ ၄၀၈
ရှင်နာဝပ်ထရာ၊ သက်ဆင် ၃၁၈၊ ၃၂၀၊ ၃၃၆၊ ၃၃၈၊ ၃၃၉၊ ၃၄၀
ရှန်တိနိကေတန်ကျောင်း ၁၄၂၊ ၁၄၄
ရွှေဇံအောင်၊ ဦး ၁၄၁
ရွှေမန်း၊ ဦး ၂၈၊ ၃၀၊ ၄၇၊ ၂၀၉၊ ၄၀၉
ရွှေပြောင်းသွားလာလှုပ်ရှား ၁၅၁

(လ)

လာနီညာ ၁၂၃၊ ၁၂၄
လီမြောင်ဘတ် ၃၀၀၊ ၃၀၁၊ ၃၃၄
ဂျီဂျုန်လွန်း ၃၃၁
(၄၄)နှစ်မြောက်အာဆီယံနေ့ ၂၆
လက်တင်အမေရိကနိုင်ငံများ ၃၅၆-၃၅၈
လက်ရေးစာများ ၄၃၄-၄၃၆
လောင်းကြေးနတ်တောင်ကျောက်စာ ၄၃၆-၄၃၈
လန်းတော ၁၇၈
လွတ်ငြိမ်းချမ်းသာခွင့် ၁၅၊ ၃၆၊ ၄၄၊ ၄၃၈-၄၃၉
လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များ ၁၉၀
လွယ်လုံဒေသ ၁၇၈၊ ၁၇၉၊ ၁၈၄

အကွရာစဉ်အညွှန်း

အမေရိကန်ပြည်ထောင်စု ၃၁၂၊ ၃၁၆၊ ၃၂၇၊ ၃၅၈–၃၆၀
အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု
နှင့်စာပေဗီမာန်စာမူဆု ၄၈၊ ၄၄၁–၄၄၂
အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ၄၄၃–၄၄၅
အရှေ့အလယ်ပိုင်းဒေသ ၃၆၀–၃၆၉
အဝေးထိန်းစနစ်ဖြင့်မောင်းနှင်သည့်ယာဉ်
(RPV)များ၏ထိန်းချုပ်လမ်းညွှန်မှုစနစ်များ ၄၄၅–၄၄၈
အာဆီယံကွန်ကော့ ၁၉၉
အာဆတ်၊ ဘာရာ ၃၆၈၊ ၃၆၉
အာမာ၊ဆာဒစ်အယ်လ် ၃၆၀
အာရပ်နွေဦး ၄၄၈–၄၅၄
အီရန်အဏုမြူဓာတ်စွမ်းအင်အဖွဲ့ ၃
အီလက်ထရောနစ်သတင်းလွှာ ၁၇၃
ဥရောပသမဂ္ဂ ၁၀
အေမြလေး၊ ဦး ၁၈၆
ရောဝတီတံတား (ညောင်တုန်း) ၄၀၁
ရောဝတီတံတား (ပခုက္ကူ) ၄၈၊ ၄၀၂
ရောဝတီမြစ်ဆုံစီမံကိန်း ၃၄
အေရီဆိုင်ကလုန် ၁၂၆
အဲ့ပဲလ်ကွန်ပျူတာကုမ္ပဏီ ၂၁၀၊၂၂၀၊၂၂၁
ဩဘာသ၊ ဘဒ္ဒန္တ ၂၅၁–၂၅၂
အော်စကာဆု ၄၅၄–၄၅၅
အိုကာဆန်ဂါမြစ် ၁၂၅
အိုဘားမား၊ ဘားရက် ၁၊ ၂၂၂၊ ၃၀၃၊ ၃၃၅၊
၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၆
အက်ဘ်ဒီ၊ မိုဟာမက် ၁၅၃
အုက်ကလန့်မြို့တော် ၁၂၉
အောင်ဆန်းစုကြည်၊ ဒေါ် ၂၈
အိန္ဒိယနိုင်ငံ ၃၁၃၊ ၃၁၄၊ ၃၁၆၊ ၃၁၉၊ ၃၆၉–၃၇၃
ကျွန်ုပ်၊ ဘဒ္ဒန္တ ၂၅၂–၂၅၃
ညွှပါတသန္တိစေတီတော် ၄၁

သန်းခေါင်စာရင်းနှစ် ၁၄၈
သန်းရွှေ၊ ဗိုလ်ချုပ်မှူးကြီး (ဦးမင်း) ၁၊ ၃၊ ၈၊ ၃၈၃
သိန်းစိန်၊ ဦး ၁၊ ၂၊ ၅–၇၊ ၉၊ ၁၁၊ ၁၃၊ ၁၅–၁၇၊
၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊
၃၄၊ ၃၅၊ ၃၉၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊
၄၈၊ ၃၇၃၊ ၃၉၅၊ ၄၀၉၊ ၄၈၄၊ ၄၉၃၊ ၄၉၄၊ ၄၉၅၊ ၄၉၆၊
၄၉၇၊ ၄၉၉၊ ၅၀၀၊ ၅၀၁၊ ၅၃၉၊ ၅၄၀၊ ၅၇၉၊ ၅၈၀၊
၅၈၁၊ ၅၉၃၊ ၅၉၄၊ ၅၉၅၊ ၅၉၆၊ ၆၀၃၊ ၆၀၄၊
၆၀၅၊ ၆၀၆၊ ၆၀၇၊ ၆၁၃၊ ၆၁၄၊ ၆၁၅၊ ၆၁၆၊
၆၂၀၊ ၆၂၁၊ ၆၂၂၊ ၆၂၃
သိန်းညွန့်၊ ဒေါက်တာ ၂၆၉–၂၇၀
သိန်းဌေး၊ ဒုတိယဗိုလ်ချုပ်ကြီး ၂၁၀၊ ၂၁၁

(ဟ)

ဟာဗနာမြို့တော် ၁၂၆
ဟာမတ်စုမြို့ ၁၃၀
ဟူကျင်ထောင်း ၁၆၊ ၁၈၊ ၃၅၄၊ ၄၁၅၊ ၄၁၈၊ ၄၁၉
ဟန်ဆီဟန်ခတောင်ပေါ်ဒေသ ၁၇၈
ဟန်ထွန်း၊ ဦး ၂၇၀
ဟမ်းဘော့ရေအေးစီးကြောင်း ၁၂၈
ဟွန်ဆင်၊ ဆမ်ဒက် ၂၉၅၊ ၃၃၈၊ ၃၉၃၊ ၄၀၈

(အ)

အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ၄၄၀–၄၄၁
အဆစ်ဖ်အလီဇာဒါရီ ၃၄၂၊ ၃၄၅
အဏုမြူလက်နက်ကင်းမဲ့ဇုန် ၁၉၉
အထူးစက်မှုဇုန် ၁၉၃၊ ၁၉၄
အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ၃၁
အပြည်ပြည်ဆိုင်ရာမြန်မာလေ့ကြောင်း ၄
အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှု
သမာဓိအဖွဲ့ ၁၂၃